


# အိပ်မက်ကမ္ဘာ

CARL T. ROWAN

ကားလ် တီ ရိုဝင်

မာတိကာသို့

# အိပ်မက်ကမ္ဘာ

20/12/99

# DREAM MAKERS, DREAM BREAKERS

*The World of Thurgood Marshall*


CARL T. ROWAN

ကားလ် တီ ရိုဝင်

ကျော်ဘီလူး တင်မောင်ဆွေ

ဘာသာပြန်သည်။



အမေရိကန်ပြန်ကြားရေးဌာန



မာတိကာသို့



ပထမအကြိမ်
၁၉၉၉ ခုနှစ်
အုပ်ရေ ၃,၅၀၀

ပုံနှိပ်သူနှင့်ထုတ်ဝေသူ
ဂျဲန်အက်ဒ်မင်ဆင်
ပုံနှိပ်သူမှတ်ပုံတင်အမှတ်–၀၂၈၇၂
ထုတ်ဝေသူမှတ်ပုံတင်အမှတ်–၀၃၀၇၄
အမေရိကန်ပြန်ကြားရေးဌာန
အမေရိကန်သံရုံး
၅၈၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Copyright © 1993 by CTR Productions

မာတိကာသို့ ▶▶

# မာတိကာ


အမှာစာ ၁

အခန်း (၁)
အမေရိကန်တို့၏ လူမှုရေးဘဝကို ပြောင်းလဲခြင်း ၉

အခန်း (၂)
လူသားတစ်ဦး၏ ဘဝကို ဆောက်တည်ခြင်း ၃၉

အခန်း(၃)
စောစောပိုင်းနှစ်များ ၆၃

အခန်း (၄)
ကလေးစားချေပြီးတော့ အမျိုးသားရေးကယ်ဆယ်မှု ၈၅

အခန်း (၅)
အဲန်အေအေစီပီအတွင်း လူမည်းချင်း တိုက်ပွဲများ ၁၀၁

အခန်း (၆)
လူမည်းတို့၏ အစီအစဉ် တိုးတက်လာခြင်း ၁၁၃

အခန်း (၇)
သုံးလောင်းပြိုင် လူသတ်မှု ၁၂၇

အခန်း (၈)
လူမျိုးရေးတိုက်ပွဲများ ၁၄၇

အခန်း (၉)
မဲဆန္ဒပေးခွင့် အောင်ပွဲ ၁၈၁

အခန်း (၁၀)
မေတ္တာကရုဏာရှင် အမျိုးသမီး ၂၀၃

အခန်း (၁၁)
လူမည်းများကို အသိဉာဏ်ပညာလက်နက် တပ်ဆင်ပေးခြင်း ၂၁၉

အခန်း (၁၂)
ဒုက္ခရောက်စစ်သည်များ ၂၄၃

အခန်း (၁၃)
ကောင်းကျိုးမပြုတဲ့ အိမ်ထောင်ရေး ၂၆၇

အခန်း (၁၄)
လူမည်းဆန့်ကျင်ရေးဝါဒီတို့၏ နောက်ဆုံးရပ်တည်ချက် ၂၇၉

အခန်း (၁၅)
ရုတ်ခြည်းအရှုံးအနိုင် ၃၁၃

အခန်း (၁၆)
အိပ်မက်ဖျက်ဆီးသူ ဂျော့ချ် ဝေါလေ့စ် ၃၃၅

အခန်း (၁၇)
ဥပဒေပါရဂူ မာရှယ်လ်နှင့် ဝင့်လိုက်မှု ၃၆၉

အခန်း (၁၈)
တရားရုံးချုပ်နှင့် အကြမ်းမဖက်သောတော်လှန်ရေး ၃၉၅

အခန်း (၁၉)
တရားသူကြီးမာရှယ်လ်၏အခန်းကဏ္ဍ ၄၁၃

အခန်း (၂၀)
ဥပဒေမကြီးစိုးဘဲ လူများအုပ်ချုပ်သောနိုင်ငံ ၄၂၉

အခန်း (၂၁)
မာရှယ်လ်၏ တစ်ကိုယ်တော်အတွေးများ ၄၆၁

အခန်း (၂၂)
စိတ်ပျက်လို့ နှုတ်ထွက်တာလား ၄၈၁

အခန်း (၂၃)
ကလဲရင့်စ် သောမတ်စ်၏ အမယ်ဘုတ်ကဲ့သို့ ချည်ခင် ၅၂၁

အခန်း (၂၄)
မာရှယ်လ်ကို ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်ခြင်း ၅၄၁

# အမှာစာ

ကျွန်တော်အသက် ခုနစ်နှစ်အရွယ် ဒုတိယတန်းကျောင်းသားလေးဘဝ တုန်းက ဖြစ်ပါတယ်။ တဲန်နက်ဆီးပြည်က မက်မင်းဖီးလ်မြို့ရှိ ဘားနတ်ကျောင်းမှာ နေခဲ့တုန်းကပေါ့။ ကျောင်းသားတိုင်း မတက်မနေရ စုပေါင်းဝတ်ပြုမှုကို ကျွန်တော်တက်ခဲ့ရတယ်။ ကျွန်တော်တို့ဟာ တစ်ခါတစ်ရံမှာ ဓမ္မ တေးတစ်ပုဒ်ကို စုပေါင်းပြီး သီဆိုခဲ့ကြရပါတယ်။

Go down, Moses

Way down in Egypt land,

Tell old Pharoah,

Let my people go.

သွားလော့၊ မိုးဇက်

အီဂျစ်မြေပေါ်ကိုသွား

ဘုရင်အိုကြီး ဖဲရိုးကိုပြော

ငါ့လူတွေကို သွားလိုရာ သွားကြပါစေလို့။



မာတိကာသို့ ▶▶

မိုးဇက်ဆိုတာ ဘယ်သူလဲ။ ဒီနာမည်ကို တနင်္ဂနွေ မက်သဒစ် ဝတ်ပြုကျောင်းမှာ ကျွန်တော် မကြားခဲ့ဖူးသေးဘူး။ ဖဲရိုးဆိုတာ ဘယ်သူမှန်း လည်း ကျွန်တော် နားမလည်ခဲ့သေးဘူး။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ နားလည်ခဲ့တာ တစ်ခုတော့ရှိခဲ့တယ်။ လူတချို့ကို အနှောင်အဖွဲ့က လွှတ် ပေးရေးအတွက် ကျွန်တော် သီချင်းဆိုခဲ့ရတယ်လို့ တွေးမိတယ်။ လူမည်း တွေအတွက်ပဲလို့ ကျွန်တော် ထင်ခဲ့မိပါတယ်။

နောက်တော့ ဒီဓမ္မတေးဟာ အစ္စရေးနိုင်ငံသားတွေကို ရည်ညွှန်း ခဲ့တာကို ကျွန်တော် သိလာရတယ်။ လွတ်မြောက်မှုအတွက် ရင်ဖွင့်တေးသံ ဖြစ်တယ်။ ရက်စက်ကြမ်းကြုတ်တဲ့ ဘုရင်ဖာရောဓ် တချို့နဲ့ ကျွန်ပိုင်ရှင်ကြီး များရဲ့ အောက်မှာ ရောက်နေကြသူတိုင်း အချိန်တိုင်းမှာ သီဆိုရမယ့် တေး ဖြစ်ခဲ့ပါတယ်။

အထက်တန်းကျောင်းသားဖြစ်လာတော့ ကျွန်တော် နားလည်လာ ခဲ့တာရှိတယ်။ စောစောပိုင်း ရာစုနှစ်ပေါင်းများစွာအတွင်းက အင်္ဂလန် နိုင်ငံနဲ့ ဥရောပတချို့ဒေသတွေမှာ ရည်မှန်းချက်တွေအတွက် အိပ်မက် တည်ဆောက်ပေးကြသူများအချို့ ရှိခဲ့တယ်။ သူတို့က သူတို့လူမျိုးတွေဟာ "ကမ္ဘာဟောင်း"ကို စွန့်ခွာပြီး အမေရိကန်နိုင်ငံက "ကမ္ဘာသစ်" ရှိရာသို့ ထွက်ခွာသွား နိုင်ကြတယ်လို့ ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြတယ်။ သာမန် လူတစ်ယောက်ကို ဘုရင်တစ်ဆူနဲ့ တန်းတူထည့်တွက်တဲ့ လူ့အသိုင်းအဝိုင်း ရှိရာသို့ သွားရောက်ရေးအတွက် ပြုစုပျိုးထောင်ပေးတဲ့ အမြင်သစ်များ ဖြစ် တယ်။ နိုင်ငံတော်ရဲ့ အခွန်အကောက် စည်းကြပ်သူတွေရဲ့ ပစ္စည်းကို မသိမ်း ပိုက်နိုင်တဲ့ နယ်မြေ (သို့မဟုတ်) ပြည်သူတွေကို အခွန်စည်းကျပ်သူတို့ ထင်တိုင်း ထောင်မချနိုင်တဲ့ နယ်မြေတစ်ခုသို့ သွားရောက်ရေးအတွက် စိတ် ကူးပြီး အိပ်မက်တွေ တည်ဆောက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် နယ်မြေ သစ်ကို ရှာဖွေရေးဟာ အခွန်အကောက်ပေးရတာ လွတ်မြောက်ရေးထက် အများကြီး ပိုလေးနက်ခဲ့တယ်။



မာတိကာသို့ ▸▸

သူတို့ရဲ့ဆန္ဒအိပ်မက်တွေက ဆာ သောမတ်စ် မောရဲ့ အတွေး အခေါ်တွေထက် ပိုပြီး ကြီးမားခဲ့တယ်။ ဆာ သောမတ်စ် မောက ကျွန်တော် တို့ရဲ့အလုပ်သမားတွေဟာ မှန်ပြတင်းပေါက်တွေပါတဲ့ အိမ်တွေမှာ မနေ ထိုက်ဘူးလား။ တစ်ပတ်မှာ တစ်ကြိမ် အသားစားနိုင်သူတွေ ဖြစ်မလာသင့် ကြဘူးလားလို့ ရေးသားခဲ့ပါတယ်။

အမေရိကန် တော်လှန်ရေးခေါင်းဆောင်နဲ့ တရားဟောဆရာ ပက်ထရစ် ဟဲင်နရီ ရေးခဲ့တာလည်းရှိတယ်။ အညာအတာကင်းမဲ့တဲ့ ဘုရင်တစ်ဦးဖြစ်တဲ့ တတိယမြောက် ဂျော့ဘုရင်ရဲ့ ဖိနှိပ်မှုတွေကို ဆန့်ကျင်တိုက်ခိုက်ရေးအတွက် တိုက်တွန်းခဲ့ရာမှာ --

**"လက်ထိတ်သံကြိုးများ နှင့် ကျွန်စနစ်တို့ဖြင့် ရင်းနှီးပြီး ဝယ်ယူ ရလောက်အောင် လူ့ဘဝကပဲ ဈေးပေါလွန်းသလား။ ထိုနည်းဖြင့် ဝယ်ယူ ရလောက်အောင် ငြိမ်းချမ်းရေး အရသာတန်ဖိုးကပဲ ကြီးမားချိုမြသလား နိမိတ်ပြတော်မူပေးပါ---အို တန်ခိုးတော်ကြီးမား လှသော ဘုရားသခင်။ အခြားသူများ မည်သည့်နည်းလမ်းကို လိုက်ကြမည်ဆိုသည်ကို ကျွန်ုပ် မသိ ပါ။ ကျွန်ုပ်အတွက်မူ လွတ်လပ်ခြင်းကို ပေးသနားတော်မူပါ။ သို့တည်း မဟုတ် သေခြင်းတရားကိုသာ ပေးပါလော့"** ဟု ပြောခဲ့ပါတယ်။

လွတ်လပ်မှုကို တောင့်တခြင်းဟာ ကမ္ဘာပေါ်မှာ လူရယ်လို့ ဖြစ်လာခဲ့တဲ့ လူ့သက်တမ်းနဲ့အမျှ ကြာရှည်နေပြီဖြစ်ပါတယ်။ အစားထိုး ဖော်ပြရန် စကားလုံးသစ်များ မရှိပါ။ ပက်ထရစ် ဟဲန်နရီဟာ ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၅၀၀ နီးပါးလောက်က ဂရိကဗျာဆရာ အက်စ်ကလက်စ် ရေးခဲ့တဲ့ စကားတွေကို ရိုးရိုးလေး ဆန်းသစ် မွမ်းမံပြော ဆိုမှုဖြစ်ခဲ့ပါတယ်။ အက်စ်ကလက်စ်က ဒီလို ရေးခဲ့ပါတယ်။

**"သေခြင်းတရားသည် ရက်စက်ကြမ်းကြုတ်မှုနှင့် နှိုင်းစာလိုက် သော် ပိုမိုကောင်းမွန်ပြီး ပိုမိုနူးညံ့သော ကံကြမ္မာတစ်ခု ဖြစ်ပေသည်"**

အမေရိကန် ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်တွေက လွတ်လပ်မှုကို ချစ်မြတ်နိုးသူတွေ၊ အရင်က မလုပ်နိုင်ခဲ့တာတွေကို သူတို့ လုပ်ပြနိုင်ကြ



မာတိကာသို့ ▸▸

လိမ့်မယ်လို့ ယုံကြည်ခဲ့ကြတယ်။ အစိုးရရဲ့အာဏာကို ချည်နှောင်ပေးတဲ့ ကန့်သတ်ချက်တချို့ကို စာနဲ့ ရေးပြနိုင်လိမ့်မယ်။ လူတစ်ဦးချင်းရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်အတွက် ကျယ်ပြန့်တဲ့ အတိုင်းအတာတွေကို သတ်မှတ်ဖော်ပြပေးနိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့ကြတယ်။ အဲဒါကြောင့် လူရဲ့ လွတ်လပ်ခွင့်ကို "မဂ္ဂနာ ကာတာ"ထက်ပိုပြီး အကာအကွယ်ပေးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ရေးဆွဲရေးအတွက် အမိန့်ချထားသူတွေဟာ ဖီလာဒဲလ်ဖီးယားမြို့မှာ ညီလာခံတစ်ရပ်ကို ခေါ်ဆိုခဲ့ကြတယ်။ ( **Magna Charta** ခေါ် **Magna Carta** မှာ အင်္ဂလိပ်လူမျိုးတို့၏ နိုင်ငံရေးနှင့် ပြည်သူ့ လွတ်လပ်မှုအခွင့်အရေးများကို အာမခံရန် ၁၂၁၅ ခုနှစ်တွင် ရေးဆွဲခဲ့သည့်စာချုပ်ဖြစ်သည်။)

ပက်ထရစ် ဟဲန်နရီဟာ ဖီလာဒဲလ်ဖီးယားညီလာခံကို သံသယရှိခဲ့တယ်။ အဲဒါကြောင့် ညီလာခံကို တက်ရောက်ဖို့ ငြင်းပယ်ခဲ့တယ်။ ညီလာခံကိုယ်စားလှယ်အချို့ရဲ့ လွတ်လပ်မှုအတွက် ခံစားချက်စိတ်ဓါတ်တွေကို ပက်ထရစ်က လျှော့တွက်ခဲ့တယ်။ အထင်မကြီးခဲ့ဘူး။ ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်က ၁၇၈၇ ခုနှစ်က သဘောတူညီခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုဖို့ကြိုးစားခဲ့တာကို ပက်ထရစ်က တွေ့ခဲ့ရတယ်။ သဘောတူ ညီခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လက်နက်များကိုင်ဆောင်ခွင့်စတဲ့ ပြည်သူ့အခွင့်အရေးတွေကို အာမခံချက်တွေ မပါဘူးလို့ ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်က ကိုယ်စားလှယ်အချို့က ကန့်ကွက်ခဲ့ကြတယ်။ အရိုးသားဆုံးပြည်သူတစ်ယောက်ကို နိုင်ငံတော်ရဲ့ လွန်ကဲပြင်းထန်တဲ့ အာဏာစက်က အကာအကွယ်ပေးနိုင်မယ့် အထောက်အထားတစ်ခုကို ရေးဖို့လိုကြောင်း တင်ပြခဲ့ကြတယ်။ သူတို့ရဲ့ဆန္ဒ တွေကို အထောက်အကူပြုရေးအတွက် တိုက်တွန်းခဲ့ကြတယ်။

ညီလာခံမှာ ကိုယ်စားလှယ်ဦးရေ ကိုရမ်ပြည့်ရေးအတွက် ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်က ကန့်ကွက်မယ့် ပုဂ္ဂိုလ်နှစ်ဦးကို သူတို့အိမ်တွေကနေ ထမ်းပြီးခေါ်ယူသွားရတဲ့အထိ ဖြစ်ခဲ့တယ်။ ဒါကြောင့် ဖွဲ့စည်းပုံ



မာတိကာသို့ ▶▶

အခြေခံဥပဒေကို အတည်ပြုရေးအတွက် ပဲန်ဆယ်လ်ဗေးနီးယားရဲ့ ကြိုးပမ်းမှုဟာ ၄၆ မဲ၊ ၂၃ မဲနဲ့ အသာရခဲ့တော့တယ်။ ပဲန်ဆယ်လ်ဗေးနီးယားနဲ့ တခြားပြည်နယ်တွေက ကန့်ကွက်ခဲ့သူတွေကတော့ သူတို့ဆန္ဒတွေကို ဖွဲ့မလျှော့ဘဲ ဆက်ပြီး ကြိုးစားခဲ့ကြတယ်။ နောက်ထပ် နှစ်နှစ်ခွဲအကြာမှာတော့ သူတို့ဆန္ဒတွေ အောင်မြင်ခဲ့တယ်။ ဒီကနေ့ "ပြည်သူ့အခွင့်အရေးဥပဒေ" လို့ သိထားနေကြတဲ့ "ပြင်ဆင်ချက် ၁၀ ခု"ဟာ အတည်ပြုခြင်းခံခဲ့ရပါတော့တယ်။

ဒါပေမယ့် ပြည်သူ့အခွင့်အရေးမူကြမ်းကို ဘောင်ချရေးဆွဲခဲ့သူတွေ အတည်ပြုပြဋ္ဌာန်းချက်ရအောင် တွန်းအားပေးခဲ့သူတွေက ကျွန်များအကြောင်းကို တစ်ခါမှ ထည့်သွင်းဖော်ပြမှု မရှိခဲ့ဘူး။ သူတို့ဟာ လူမည်းတွေကို လွတ်လပ်ခွင့် ဖြန့်ဝေပေးရေးကိုလည်း ရှင်းရှင်းလင်းလင်း တစ်ခါမှ မစဉ်းစားခဲ့ကြဘူး။ အက်စ်ကလက်စ်နဲ့ ပက်ထရစ် ဟဲန်နရီတို့က သူတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေက အကာအကွယ်ပေးရေးကို ကြေညာပေးပါလို့ အန္တရာယ်ဖြစ်စေနိုင်တဲ့ စွန့်စွန့်စားစားတောင်းဆိုမှုမျိုးတွေ လုပ်ခဲ့ကြတယ်။ နောက်ထပ် နှစ်ပေါင်း ၁၃၀ ကြာမှ အမေရိကန်လူမည်းတွေဟာ သူတို့အတိုင်း လွတ်လပ်ခွင့်အတွက် အော်ဟစ်တောင်းဆိုနိုင်ခဲ့ကြတယ်။

သားဂွဒ်မာရှယ်လ်ဟာ ကျွန်တော်တို့ခေတ်ရဲ့ အက်စ်ကလက်စ် ဖြစ်ပါတယ်။

"တရားသူကြီး သားဂွဒ်မာရှယ်လ်ရဲ့ ကမ္ဘာ"ကို စာအုပ်တစ်အုပ် ရေးဖို့ကြိုးပမ်းရခြင်းဟာ ၂၀ ရာစုနှစ်ရဲ့ ကာလအတော်များများမှာ ကြုံခဲ့ရတဲ့ အမေရိကန်နိုင်ငံရဲ့ လူမှုရေး၊ တရားစီရင်ရေး၊ တရားရေး၊ စီးပွားရေး၊ နိုင်ငံရေးနဲ့ ကိုယ်ကျင့်တရားသမိုင်းတို့ကို ရေးသားဖို့ ကြိုးစားရခြင်းသဘော သက်ရောက်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ မာရှယ်လ်ရဲ့ ဘဝဟာ အမေရိကန်ပြည်တွင်းစစ်အပြီးမှာ တောင်ပိုင်းက လူမည်းတွေ အကြီးအကျယ်ထွက်ခွာ ရွှေ့ပြောင်းလာကြတဲ့ ခက်ထန်သောနှစ်တွေမှာ ဝန်းရံခဲ့လို့ဖြစ်တယ်။ လူမည်းမုန်းတီးရေး ကူး ကလပ်စ် ကလဲန်အစွန်းရောက်အဖွဲ့နဲ့ နောက်တော့ လူဖြူနိုင်ငံသားများကောင်စီများတို့ရဲ့ ကြောက်လန့်ဖွယ်ရာ အင်



မာတိကာသို့

အားကောင်းတဲ့နှစ်တွေနဲ့ ကြုံခဲ့ရတယ်။ စီးပွားရေးကပ်ဆိုက်မှုကာလ၊ စီးပွားရေးနာလန်ပြန်ထူအောင် သမ္မတ ဖရဲန်ကလင် ဒီ ရုစဗဲ့လ်ထ် (၃၂ ယောက်မြောက် အမေရိကန်သမ္မတ ၁၈၃၃–၁၈၄၅) ရဲ့ ဆောင်ရွက်ခဲ့မှုကာလနဲ့ ဒုတိယကမ္ဘာစစ်ကြီးကို ဖြတ်သန်းခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလ တရားရုံးတွေထဲမှာ၊ အမေရိကတစ်ဝန်း လမ်းမပေါ်တွေမှာ ဆင်နွှဲခဲ့ကြတဲ့ လူမည်း တော်လှန်ရေး စတင်ခဲ့တဲ့နှစ်တွေလည်း ပါဝင်ခဲ့တယ်။ မာရှယ်ဟာ သူနဲ့ အမေရိကန်လူမည်းတွေရဲ့ ရင်ခွင်မှာ တယုတယ ထားခဲ့ကြတဲ့ လွတ်လပ်မှုအတွက် အိပ်မက်ဆန္ဒမှန်သမျှကို ချိုးဖျက်ဖို့ သန္နိဋ္ဌာန်ချထားသူ နိုင်ငံရေးသမားတွေ ဦးဆောင်တဲ့ တန်ပြန်တော်လှန်ရေးကိုလည်း ရင်ဆိုင်ခဲ့ကြရတယ်။

မာရှယ်လ်ဟာ အနှစ် ၆၀ ကာလတစ်လျှောက်လုံးအတွင်းမှာ လွတ်လပ်မှုကိုတောင်းဆိုတဲ့ ဝိညာဉ်တစ်ခုဖြစ်ခဲ့တယ်။ သူဟာ အာဖရိက အနွယ်ဖွား အမေရိကန်များ (လူမည်းများ) ကို တစ်ခါက စော်ကားမော်ကား လုပ်ခဲ့ရာမှာ အပြစ်ပေး အရေးယူမှု မရှိဘဲ ထင်တိုင်း စော်ကားခြင်းခံခဲ့ရတဲ့ "ဂျင်မ် ကရိုးကျောင်းများ"ခေါ် အသားအရောင်ပေါ် မူတည်ပြီး ခွဲခြားတဲ့ လူမည်းကျောင်းများ၊ ဘတ်စ်ကား၊ ဓါတ်ရထား၊ ကပွဲရုံနဲ့ စားသောက်ဆိုင် စတဲ့ နေရာတွေမှာ (လူဖြူများအတွက်) အရိပ်တစ္ဆေကြီးပမာ ဖြစ်ခဲ့တယ်။ မာရှယ်လ်ရဲ့ တရားရေးဆောင်တဲ့မျက်နှာက တောင်ကယ်ရိုလိုင်းနား ပြည်နယ်၊ တက္ကဆတ်စ်ပြည်နယ်တို့က မဲရုံတွေနဲ့ တခြားသောနယ်မြေ ထောင်ပေါင်းများစွာမှာ လှည့်လည်စောင့်ကြပ်ပေးခဲ့တယ်။ လူဖြူတက္ကသိုလ်များက အုပ်ချုပ်ရေးမှူးတွေဟာ သူတို့ဆီကို မာရှယ်လ် လာလိမ့်မတဲ့ဆိုတဲ့ ကောလာဟလကြားရုံနဲ့ တုန်လှုပ်ခဲ့ကြတယ်။

နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးတစ်ဦးအနေနဲ့တော့ သားဂွဒ် မာရှယ်လ်အပေါ်မှာ အမြင်ခြားနား အငြင်းပွားစရာတွေ ရှိခဲ့တယ်ဆိုတာကိုလည်း ချိုချိုသာသာပြောပြရပါလိမ့်မယ်။ ဒါပေမယ့် ဒီစာအုပ်ကို ဖတ်ရှုသူတွေဟာ မာရှယ်လ်အပေါ်မှာ ဆုံးဖြတ်ကြည့်ကြပါလိမ့်မယ်။ မာရှယ်လ်ဟာ ဂျိမ်းစ် မဲ့ဒဆင် (**James Madison** - ၁၇၅၁–၁၈၃၆၊ စတုတ္ထမြောက်



မာတိကာသို့ ▸▸

အမေရိကန်သမ္မတ ၁၈၀၉– ၁၈၇၁) ရဲ့ ပြည်ထောင်စုစာတမ်း အမှတ် ၅၁ ထဲက အောက်ပါစာသားတွေနဲ့ ဘယ်တုန်းက သွေဖည်ခဲ့သလဲ၊ ဘယ်လောက်အထိ သွေဖည်သလဲဆိုတာကို စာရှုသူတို့ အဆုံးအဖြတ်ပေးရမှာ ဖြစ်ပါတယ်။

*"တရားဥပဒေနှင့်ညီညွတ်ခြင်းသည် အစိုးရအဖွဲ့၏ အဆုံးစွန်ပန်းတိုင်ဖြစ်သည်။ ပြည်သူလူထု၏ အဆုံးစွန်ပန်းတိုင်ဖြစ်သည်။ တရားဥပဒေနှင့်ညီညွတ်ခြင်းကို ယခင်ကတည်းက ထာဝစဉ်လိုက်နာကျင့်သုံးလျက်ရှိကြသည်။ နောင်တွင်လည်း ထာဝစဉ်လိုက်နာကျင့်သုံးရမည်ဖြစ်သည်။ တရားဥပဒေနှင့် ညီညွတ်မှု မရမချင်း လိုက်နာကျင့်သုံးသွားရမည်။ လိုက်နာရင်း လွတ်လပ်မှု ဆုံးရှုံးသွားစေသည့်တိုင်အောင်လည်း လိုက်နာကျင့်သုံးရမည်။ လူ့အဖွဲ့အစည်းတစ်ရပ်တွင် အင်အားပိုကောင်းသော အုပ်စုတစ်စုက အလွယ်တကူပူးပေါင်းပြီး အင်အားပိုနည်းသူများကို ဖိနှိပ်နိုင်သောပုံစံများ ရှိနေလျှင် မင်းမဲ့ဝါဒက ကြီးစိုးအုပ်ချုပ်နိုင်သည်ဟု အမှန်အတိုင်း ဆိုရမည်ဖြစ်သည်။ ပိုမိုအားနည်းသူတစ်ဦးသည် ပိုမိုအားကောင်းသူတို့၏ အကြမ်းဖက်မှုကို အာမခံချက် မပေးနိုင်သည့်အခြေအနေသို့ ရောက်ရှိသွားနိုင်သည်ဟု ဆိုနိုင်သည်။"*

**ကားလ် တီ ရိုဝင်**

**ဝေါ်ရှင်တင် ဒီစီ**

**၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်**

# အခန်း (၁)

# အမေရိကန်တို့၏ လူမှုရေးဘဝကို ပြောင်းလဲခြင်း

၁၉၉၁ ခုနှစ်၊ ဇွန်လရဲ့ နံနက်ခင်းတစ်ခုမှာ ဖြစ်ပါတယ်။

သူထိုင်နေပုံကို ကြည့်ရတာ အလွန်ကြီးမားလှတဲ့ အမေရိကန်ရုပ်ပွားတော် တစ်ခု ငေးငိုင်ကြည့်နေပုံနဲ့ တူလှပါဘိတော့။ မှန်တစ်ခြမ်းတပ် မျက်မှန် အစုံက ရှည်လှတဲ့ သူ့နှာခေါင်းနဲ့ ဖောင်းနေတဲ့ ပါးတွေရဲ့ အပေါ်မှာ အသား တကျ ကပ်နေတယ်။ မေးနှစ်ထပ်ကလည်း အထင်းသား ပေါ်နေတယ်။ သူ့ရဲ့ဘယ်ဘက်နားထဲမှာလည်း နားကြပ်တစ်ခုတပ်လို့။ အများရဲ့ မျက်လုံး တွေကတော့ သူ့ရဲ့တုတ်ကောက်ကြီးပေါ်ကို ရောက်နေကြတယ်။ သူထော့နင်းထော့နင်းဖြစ်ခဲ့ချိန်ကစပြီး အသုံးပြုခဲ့တဲ့ တုတ်ကောက်ကြီးပေါ့။

ခရမ်းရောင်စင်း နက်တိုင်က ကြယ်သီးတွေ စေ့မထားတဲ့ သူ့



မာတိကာသို့ ▶▶

အကျီအပေါ်မှာ တွဲလောင်းကျနေတယ်။ သပ်သပ်ရပ်ရပ် ကြော့နေအောင် ဝတ်စားဆင်ယင်မှုအပေါ် ဂုဏ်သတင်းကျော်ကြားမှုထက် သက်သောင့် သက်သာရှိတာကို သူပိုပြီး သဘောကျတယ်ဆိုတာကို ပြောပြနေတယ်။

ဒေါသမာန်အခိုးတွေ ညှိုးကျသွားပြီဖြစ်တဲ့ သူ့ရဲ့မျက်လုံးတွေဟာ သူ့ခြေထောက်တွေလိုပဲ နွမ်းလျနေပုံပေါက်ခဲ့တယ်။

သူ့ခေါင်းပေါ်က ဆံပင်တွေကလည်း မလိမ်၊ မကောက်ဘဲ ဖြောင့်တန်းနေတယ်။ ပိုးလို နုနယ်ပြီး အကုန်လုံးလိုလို ဖြူဖွေးနေတယ်။ နီမြန်းတဲ့ သူ့ရဲ့ပါးပြင်တွေက လူနီ ရက်ဒ် အင်းဒရင်းတစ်ဦးရဲ့ အသား အရောင် ပေါက်နေတယ်။ သူ့ရဲ့အသားအရေ အသွင်အပြင်တွေကိုကြည့်ပြီး သူ့ကို "တောင်ပိုင်းသားတွေရဲ့ နေထိုင်မှုဘဝပုံစံ"ကို ဖျက်ဆီးပစ်ရေး အတွက် ယိမ်းညွတ်ခဲ့တဲ့ "အဲဒီ ငမည်းကပြားကောင်ကြီး" လို့ မစ္စစ္စပီး ပြည်နယ်က အယ်ဒီတာ တစ်ဦးက သူ့ကို တွယ်ထည့်ခဲ့ဖူးတယ်။

"ခင်ဗျားကို ကြည့်ရတာ ဘယ်လိုဖြစ်နေသလဲ"

သတင်းထောက်တစ်အုပ်ကြီးထဲက တစ်ယောက်က ကောက်မေး လိုက်တယ်။ သတင်းထောက်တချို့ကတော့ သူ မရှိတော့တာဟာ အမျိုး သားရေး ဆုံးရှုံးမှုကြီးတစ်ခုပဲလို့ သဘောပိုက်ပြီးလာကြသူတွေဖြစ်ကြပါ တယ်။ တချို့သတင်းထောက်တွေကျတော့ သူ့ရဲ့အမြင်တွေကို ကာလရှည် လျားစွာ ပြစ်တင်ရှုတ်ချခဲ့ကြတဲ့သူတွေဖြစ်ပြီး သူထွက်သွားတာကို ကောင်း တယ် ဆိုတဲ့အမြင်နဲ့ အောင်ပွဲခံဖို့ လာရောက်ခဲ့ကြသူတွေဖြစ်တယ်။

"ကျုပ်မှာ ဘာဖြစ်သလဲ ဟုတ်လား။ ကျုပ်အသက်ကြီးပြီလေ၊ ပြိုလာပြီ"

သူက အဲဒီလို ပြန်ဖြေခဲ့တယ်။

အဲဒီ စိတ်ဆိုးမာန်ဆိုးနဲ့ ပြန်ဖြေလိုက်တဲ့အသံဟာ အမေရိကန် ဂန္ထဝင်ပုဂ္ဂိုလ်တစ်ဦးရဲ့ အသံဖြစ်ပါတယ်။ သားဂွဒ် မာရှယ်လ်ရဲ့ အသံဟာ ရုံဖန်ရုံခါ စူးရှတက်သွားတယ်။ သူဟာ အမေရိကန်ပြည်ထောင်စု တရား



မာတိကာသို့

ရုံးချုပ်ရဲ့ တရားသူကြီးအဖြစ်မှ အနားယူလိုက်ကြောင်း ထုတ်ဖော် ကြေညာတဲ့ အခမ်းအနားဖြစ်တယ်။ မာရှယ်လ်ဟာ အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်မှာ နှစ်ပေါင်း ၂၄ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ သြဇာအာဏာအရှိဆုံး ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။

အခုအခါမှာ အသက် ၈၂ နှစ်အရွယ်ရှိတဲ့ သားဂွဒ် မာရှယ်လ်ကို သတင်းထောက်တစ်စုက မေးခွန်းတွေ ထုတ်နေကြတယ်။ သူဟာ အမေရိကန်နိုင်ငံရဲ့ အမြင့်ဆုံး တရားရေးအဖွဲ့ဝင်တစ်ဦးအဖြစ် ပထမဆုံး ရွေးချယ်ခြင်း ခံခဲ့ရတဲ့ အမေရိကန်လူမည်းအဖြစ် သတင်းထောက်တွေက အဓိကကျကျ သိထားခဲ့တယ်။ အမေရိကန်တရားရုံးချုပ်အဖွဲ့ဝင် တရားသူကြီး ကိုးဦးတို့ရဲ့ပညာအရည်အချင်း ဉာဏ်အမြော်အမြင်၊ ဂုဏ်သိက္ခာနဲ့ နိုင်ငံရေးဆွဲဆောင်မှုစွမ်းရည်တို့ဟာ အမေရိကန်ပြည်သူတိုင်းရဲ့ ဘဝကို တစ်နည်းနည်းအားဖြင့် သြဇာသက်ရောက်စေခဲ့ပါတယ်။ မာရှယ်လ်ဟာ ၁၉၅၄ ခုနှစ်က *ဘရောင်းနှင့် ပညာရေးဘုတ်အဖွဲ့အမှု* မှာ အနိုင်ရအောင် လိုက်နိုင်ခဲ့တဲ့ ပြည်သူ့အခွင့်အရေးရှေ့နေတစ်ဦးအဖြစ်လည်း သတင်းထောက်တွေက ကောင်းကောင်းသိထားခဲ့ကြတယ်။ အဲဒီအမှုမှာ "ပြည်သူအများနဲ့ဆိုင်တဲ့ကျောင်းတွေမှာ လူဖြူလူမည်းအသားအရောင်ခွဲခြားခြင်းဟာ အမေရိကန်ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း" တရားရုံးချုပ်က ဆုံးဖြတ်ကြေညာပေးခဲ့တယ်။ အဲဒီအမှုမှာ အနိုင်ရခဲ့တာကြောင့် မာရှယ်လ်ဟာ မျိုးဆက်ခေတ်နှစ်ခေတ်အတွက် တရားစွဲဆိုမှုနဲ့ နိုင်ငံရေးသေနင်္ဂဗျူဟာလမ်းသစ်တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့တယ်။ လမ်းပေါ်က အကြမ်းဖက်မှုတွေအစား ကျောင်းတွေက လူမည်းကလေးသူငယ်တွေ အတွက် လုပ်သင့်လုပ်ထိုက်တဲ့ အရေးနဲ့ အစားထိုးပေးခဲ့တယ်။ ယေဘုယျအားဖြင့်တော့ လူမည်းတို့ရဲ့ဘဝကို အမေရိကန်တို့ရဲ့ဘဝ ရှုထောင့် သမ္ဘရန်ပေါင်းအတွင်းသို့ ရောက်ရှိလာအောင် ပို့ဆောင်ပေးခဲ့တယ်။

ဒါပေမဲ့ မာရှယ်လ်ရဲ့ အငြိမ်းစားယူခြင်း သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြတဲ့ သတင်းထောက်တွေထဲက သူ့အကြောင်းကို



မာတိကာသို့ ▶▶

သိသူ၊ နားလည်သူ အနည်းစုသာ ပါဝင်ခဲ့တယ်။ သူ့ရဲ့စောစောပိုင်းဘဝက ရရှိခဲ့တဲ့ ထူးခြားပြောင်မြောက်တဲ့ အောင်မြင်မှုတွေကို တစ်ချို့လောက်သာ သိခဲ့ကြတယ်။ ၁၉၅၃ ခုနှစ်က တရားရုံးချုပ်မှာ မာရှယ်လ်ပြောခဲ့တဲ့ စကားတွေကို မှတ်မိကြသူတွေလည်း နည်းတယ်။

"ပွင့်ပွင့်လင်းလင်းပြောဆိုမှုကို အသိအမှတ်ပြုရန် လိုအပ်ပါတယ်။ ခွဲခြားတဲ့ ပညာရေးစနစ်ရဲ့ ရည်ရွယ်ချက်နဲ့ အကျိုးသက်ရောက်မှုဟာ ရိုးရိုးရှင်းရှင်းလေးပါ။ နီးဂရိုးလူမျိုးတွေရဲ့ အောက်တန်းကျတဲ့ ဘဝအနေအထားကို မပျောက်ပျက်ဘဲ အမြဲတည်ရှိနေအောင် လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ဒါဟာ အမေရိကန်နိုင်ငံမှာ ရှိခဲ့တဲ့ ကျွန်စနစ်ရဲ့ ဝမ်းနည်းဖွယ်ရာ အမွေဆိုးတစ်ခုဖြစ်ပါတယ်" လို့ မာရှယ်လ်က ပြောဆိုခဲ့တာဖြစ်ပါတယ်။

သူ "ထွက်သွားတာ ကောင်းပါတယ်" လို့ သတင်းထောက်တစ်ဦးက သူ့ရဲ့ အငြိမ်းစားယူ သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုခဲ့တယ်။ ဒါ့အပြင် စိတ်ဆိုးမာန်ဆိုးနဲ့ ဝေဖန်ရာမှာ "၁၉၆၀ ပြည့်လွန်နှစ်တွေက အမေရိကန် တရားရုံးချုပ်ဟာ တရားသူကြီးမာရှယ်လ်ရဲ့ စူးရှကျယ်လောင်တဲ့ တရားရေးအတွေးအခေါ်နဲ့ ဆက်ဆံမှုအသစ် လွတ်လပ်မှုဝါဒကို အလွယ်တကူ လက်ခံခဲ့တယ်" လို့လည်း ထပ်ပြီး ဖြည့်စွက်ပြောလိုက်သေးတယ်။

၁၉၆၉ ခုနှစ်ဟာ ဆူပူအုံကြွမှုတွေ ပြင်းထန်ခဲ့တဲ့နှစ်ဖြစ်တယ်။ ကွယ်လွန်သူ သမားရိုးကျကလောင်ရှင် ဒေးဗစ် လောရင့်စ်က အဲဒီအချိန်တုန်းက သားဂွဒ် မာရှယ်လ်ကို ဝေဖန်ရေးသားခဲ့ပုံကို သတင်းထောက်တချို့လောက်ပဲ မှတ်မိကြလိမ့်မယ်။ ဝေဖန်ခဲ့ပုံကတော့ "တရားသူကြီးမာရှယ်လ်က လူမျိုးရေးပဋိပက္ခဖြစ်မှုသည် ထိုးစစ်ဆင်တိုက်ခိုက်လိုသူများကြောင့် ပိုမိုကြီးထွားခဲ့သည်၊ မည်သည့်အသိုင်းအဝိုင်းတစ်ခုတွင်မဆို သဟဇာတဖြစ်မှုသည် မရှိမဖြစ် လိုအပ်သည်၊ အသားအရောင် မတူလင့်ကစား လူတိုင်းသည် မိမိ၏ တစ်ဦးချင်းတာဝန်ကို သိသည့် တရားဥပဒေကို လိုက်နာသော နိုင်ငံသားတစ်ဦးဖြစ်ရန် လိုအပ်သည်ဟု ထောက်ပြပြောဆိုခဲ့သည်။ တရားသူကြီးမာရှယ်လ်က ဤသို့ ပွင့်လင်းစွာ ပြောဆိုခဲ့ခြင်းမှာ



မာတိကာသို့ ▶▶

ပြည်သူ့တာဝန်တစ်ရပ်ကို ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်” လို့ ဖြစ်တယ်။

တကယ်တော့ တရားသူကြီးမာရှယ်လ်ဟာ ဥပဒေချိုးဖောက်သူများရဲ့ လက်တွင်းမှာ သူ့အသက် ပါသွားခဲ့မတတ် ဖြစ်ခဲ့ပေမယ့် ဥပဒေကို ဘယ်လို မြတ်မြတ်နိုးနိုး ဆက်လက်လိုက်နာခဲ့သလဲဆိုတာကို သိသူတချို့လောက်သာ ရှိပါလိမ့်မယ်။

တဲန်နက်ဆီးပြည်နယ်၊ ကိုလမ်းဘီးယားမြို့အနီးရှိ ဒပ်ခ်ရေးဗား မြစ်ကမ်းပါးမှာ မာရှယ်လ်ဟာ လည်ပင်းကို ကြိုးကွင်းစွပ်ပြီး တွဲလောင်းချ အသတ်ခံရဖို့က ကပ်လွတ်ခဲ့ဖူးတယ်။ ဒါကို အခုခေတ် သတင်းထောက် ပေါက်စ အတော်များများ မသိခဲ့ကြဘူး။ အဲဒီတုန်းက ရုန်းရင်းဆန်ခတ်ဖြစ်မှုတွေ အပြီးမှာ လူမည်းများကို မီးရထားနဲ့ အကျဉ်းထောင်တွေဆီ မသယ်ဆောင်ဖို့ မာရှယ်လ်က တားမြစ် ခဲ့လို့ဖြစ်တယ်။ လူဝီစီရဲနားပြည်နယ်မှာ လည်း မာရှယ်လ်ဟာ လူဖြူလူမည်းခွဲခြားရေးကို တိုက်ပွဲ ဝင်ခဲ့တယ်။ အဲဒီတုန်းကလည်း “ဒီ အာကျယ်တဲ့ ကပ္ပလီကို သတ်ပစ်ဖို့” ဆိုပြီး အာဏာရှိတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ဦးက လူသတ်သမားကို စာချုပ်နဲ့ ငှားရမ်းခဲ့တယ်။ အဲဒီလိုကြားက မာရှယ်လ်ဟာ တိုက်ပွဲ ဝင်ခဲ့တယ်။ ဒါကိုလည်း သတင်းထောက်ပေါက်စတွေ သိခဲ့ကြမှာ မဟုတ်ပါ ဘူး။ အဲဒီတုန်းက မာရှယ်လ်ဟာ မကြောက်ရွံ့တဲ့ပုံ ဟန်ဆောင်ပြီး “ကျုပ်က အာကျယ်တဲ့လူမှ မဟုတ်တာ” လို့ လူဝီစီရဲနားက သတင်းထောက်တွေ ကို ပြောခဲ့သေးတယ်။

ပြည်သူ့အခွင့်အရေးခေါင်းဆောင်ကြီးလို့ သူ့ကို သတင်းထောက်တွေက နာမည်တပ်ပြီး နှုတ်ဆက်ပွဲလုပ်နေကြတယ်လေ။ ဒါပေမယ့် မာရှယ့်လ်ဘဝဟာ အကျော်ကြားဆုံး ပြည်သူ့အခွင့်အရေးဘက်တော်သားရှေ့နေ ကြီးအနေနဲ့ကော တရားရုံးချုပ်တရားသူကြီးတစ်ဦးအနေနဲ့ကော လူဖြူတွေအတွက် ဘယ်လောက်အထိ အရေးပါခဲ့တယ်ဆိုတာကို သူတို့မသိခဲ့ကြပါဘူး။ အမျိုးသမီးတွေဟာ အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ဝန်ဖျက်ချပိုင်ခွင့်ရှိတယ်ဆိုတာကို မာရှယ်လ်က တစ်ချက်မှ မလျှော့ဘဲ ထောက်ခံခဲ့ တယ်။ ဒါ့ကြောင့် သူဟာ သန်းပေါင်းများစွာသော မျက်နှာဖြူ အမျိုးသမီး တွေအတွက် သူရဲကောင်းတစ်ဦးဖြစ်ခဲ့တယ်။ သူက ပြောခဲ့တယ်။



မာတိကာသို့

အမျိုးသမီးတွေ ကိုယ်ဝန် ဖျက်ချဖို့အတွက် သူ့အနေနဲ့ ဆရာဝန်တစ်ယောက်ရဲ့ သဘောထားကို မေးနေစရာ မလိုဘူး။ ကလေးယူချင်သလား၊ မယူချင်ဘူးလား၊ ဘယ်အချိန်မှာ ကလေးယူမလဲဆိုတဲ့ကိစ္စဟာ လွတ်လပ်တဲ့အမျိုးသမီးတစ်ဦးရဲ့ ဆုံးဖြတ်ချက်တစ်ခုတည်းအပေါ်မှာသာ တည်တယ်လို့ သူက ရပ်တည်ခဲ့ပါတယ်။

ရာဇဝတ်ပြစ်မှုကျူးလွန်လို့ တရားစွဲခံခဲ့ရတဲ့ မရှိဆင်းရဲသားတွေ ရှိခဲ့တယ်။ သူတို့အတွက် ရှေ့နေကောင်းတစ်ယောက် ငှားရမ်းပေးဖို့ အခွင့်အရေးကိုလည်း ဘယ်အမေရိကန်တရားသူကြီး တစ်ယောက်မှ မာရှယ်လ်ထက်ပိုပြီး အင်တိုက်အားတိုက် တောင်းဆိုမပေးခဲ့ကြဘူး။ မာရှယ်လ်ရဲ့ ရှေ့ဆောင်လမ်းပြဆောင်ရွက်မှုကို သန်းပေါင်းများစွာသော မျက်နှာဖြူမိသားစုတွေနဲ့ တခြားလူတွေပါ အကျိုးခံစားခဲ့ကြရတယ်။ တရားရုံးမှာ ဒုက္ခရောက်နေတဲ့ အမေရိကန်ပြည်သူပြည်သားတွေအတွက် တရားခွင်မှာ တရားမျှတမှု ရရှိရေးအတွက် မာရှယ်လ်ဟာ ရှေ့ဆောင်ဦးရွက်ပြုခဲ့တယ်။

သားဂွဒ် မာရှယ်လ်ဟာ အမေရိကန်နိုင်ငံရဲ့ ရာဇဝတ်ပြစ်မှုတရားစီရင်ရေးစနစ်ကို ထိထိရောက်ရောက် ပြောင်းလဲအောင် လုပ်ဆောင်ပေးခဲ့တယ်။ ဒါပေမဲ့ သူဟာ တရားရုံးချုပ်ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်လာပြီးမှ အပြောင်းအလဲဖြစ်အောင် စပြီးလုပ်ပေးခဲ့တာ မဟုတ်ဘူး။ သူ့ရဲ့ တော်လှန်တဲ့ လုပ်ရပ်ကို ၁၉၃၄ ခုနှစ်မှာ ပထမဆုံး စတင်လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီလုပ်ရပ်ကတော့ မယ်ရီလဲန်းပြည်နယ်တက္ကသိုလ် ဥပဒေကျောင်းမှာ သူ့ရဲ့ ဥပဒေသင်ကြားခွင့် အခွင့်အရေး ငြင်းပယ်ခဲ့တာကို ပြန်ပြီး ကလဲ့စားချေတုံ့ပြန်ခဲ့တဲ့ လုပ်ရပ်ဖြစ်တယ်။

ဒီပုဂ္ဂိုလ်ကြီးရဲ့အကြောင်းကို စပြီးပြောပြဖို့ ရိုးရိုးလွယ်လွယ်နေရာတစ်ခုခု မရှိပါဘူး။ ဒါပေမဲ့ သူ့ဘဝကို ၁၉၅၁ ခုနှစ်အတွင်းက ရက်တွေမှာ စတင်ပီပြင်စေခဲ့တယ်လို့ စာရေးသူထင်မိတယ်။ အဲဒီတုန်းက မာရှယ်လ်နဲ့အတူ အံ့သြဖွယ်ကောင်းတဲ့ တရားရေးနဲ့ လူမှုရေးကျွမ်းကျင်သူ



မာတိကာသို့ ▶▶

လူဖြူ၊ လူမည်းတွေပါတဲ့အဖွဲ့တစ်ဖွဲ့ဟာ တောင်ကယ်ရိုလိုင်းနားပြည်နယ်ကို သွားရောက်ခဲ့တဲ့ အချိန်ဖြစ်တယ်။ တောင်ကယ်ရိုလိုင်းနားပြည်နယ်က ကျောင်းတွေမှာ ကျင့်သုံးနေတဲ့ လူဖြူလူမည်းခွဲခြားရေးဝါဒကို စိန်ခေါ်ဖို့ ဖြစ်ခဲ့တယ်။ အမှန်တော့ အမေရိကန်နိုင်ငံမှာ ရှိနေတဲ့ လူမျိုးရေး တရားမမျှတမှု စနစ်ကြီး တစ်ခုလုံးကို တိုက်စစ်ဆင်ဖို့ သွားခဲ့ကြတာဖြစ်ပါတယ်။

၁၉၅၁ ခုနှစ်၊ မေလ ၂၄ ရက်နေ့။

အဲဒီတုန်းက အသက် ၄၃ နှစ်သာ ရှိသေးတဲ့ မာရှယ်လ်ဟာ အဲန်အေအေစီပီ (NAACP-National Association for the Advancement of Colored People) လို့ခေါ်တဲ့ လူမည်းများတိုးတက်ရေး အမျိုးသားအသင်းရဲ့ အထူး အကြံပေးဖြစ်ခဲ့ပါတယ်။

အဲဒီနေ့က မာရှယ်လ်ဟာ ဗာဂျီးနီးယားပြည်နယ်၊ ရစ်ချ်မင်မြို့က စပေါ့စ်ဝုဒ် ရော်ဘင်ဆင်ကို ဖုန်းလှမ်းဆက်ခဲ့တယ်။

"ကိုယ့်လူကို ချာလ်စ်တင်မြို့ကို ခေါ်သွားမလို့ ထည့်တွက်ထားတယ်။ ကျောင်းတွင်း လူဖြူလူမည်းခွဲခြားတဲ့ *ဘရစ္စအမှု* ကို သွားပြီး လျှောက်လဲမလို့။ ကိုယ့်လူကို တို့အဖွဲ့က အလိုရှိတယ်လေ။ ဒါပေမဲ့ကွာ ဒီအမှုမှာ တို့ရှုံးမှာကိုတော့ ကိုယ်အသေအလဲ လန့်နေမိတယ်"

မာရှယ်လ်နှင့် ရော်ဘင်ဆင်တို့မှာ ရင်းနှီးတဲ့လုပ်ဖော်ကိုင်ဖက်များဖြစ်ခဲ့ကြတယ်။ မာရှယ်လ်က ရော်ဘင်ဆင်ကို တစ်နှစ် ၄,၆၀၀ ဒေါ်လာ ပေးပြီး ၁၉၄၇ ခုနှစ်က ငှားရမ်းခဲ့ဖူးတယ်။ ရော်ဘင်ဆင်ကို ဗာဂျီးနီးယားပြည်နယ်မှာ အဲန်အေအေစီပီ ရဲ့ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခိုင်းခဲ့တယ်။ တစ်နေရာကတစ်နေရာကို လျှောက်သွားပြီး ပညာသင်ကျောင်းတွေမှာ လူဖြူလူမည်းခွဲခြားမှုပြဿနာတွေကို စုံစမ်းခိုင်းတယ်။ တရားစွဲသင့်တဲ့ ကိစ္စတွေအတွက် ဖိုင်တွဲမှတ်တမ်းတွေကို ပြုစုခိုင်းခဲ့တယ်။ ရော်ဘင်



မာတိကာသို့ ▶▶

ဆင်က လည်း တာဝန်ကျေကျေ ကောင်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

ဟယ်ရီ ဘရစ္စဟာ တောင်ကယ်ရိုလိုင်းနားပြည်နယ် ကိုလမ်းဘီးယားမြို့က လူမည်းတစ်ဦးဖြစ်ပါတယ်။ သူဟာ ရှေ့နေဟဲရားလ် ဘူလ် ဝဲနဲ့ သားဂွဒ် မာရှယ်လ်တို့ရဲ့ တိုက်တွန်းချက်အရ တောင်ကယ်ရိုလိုင်းနားပြည်နယ် ခရိုင်အမှတ် ၂၂ မှာရှိတဲ့ ပြည်သူ့ကျောင်းများဘုတ်အဖွဲ့ ဥက္ကဋ္ဌဖြစ်သူ အာရ် ဒဗလျူ အဲလီးရစ်ကို တရားစွဲဆိုခဲ့တယ်။ အဲလီးရစ်က တောင်ကယ်ရိုလိုင်းနားက လူမည်းကလေးသူငယ်တွေကို လူဖြူတွေနဲ့ ခွဲခြားထားတဲ့ ကျောင်းတွေမှာ ပြည်နယ်ရဲ့အမိန့်နဲ့ အတင်းအကျပ် ခွဲ တက်ခိုင်းခဲ့တယ်။ အဲလီးရစ်ရဲ့လုပ်ဆောင်ချက်ဟာ အမေရိကန်ပြည် ထောင်စုရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်တယ်ဆိုပြီး ဘရစ္စက တရားစွဲဆိုခဲ့ပါတယ်။ ဒီအမှုမှာ ရော်ဘင်ဆင်ထက်ပိုပြီး စိတ်ဝင်စားတဲ့လူဆိုလို့ မာရှယ်လ်ကလွဲပြီး တခြားရှေ့နေ တစ်ဦးမှ အမေရိကမှာ မရှိခဲ့ဘူး။ ရော်ဘင်ဆင်လည်း ဗာဂျီးနီးယားပြည်နယ် ပရင့်စ် အက်ဒွပ် ခရိုင်မှာ လူမည်းလေးများအတွက် သီးခြားခွဲထားတဲ့ ပြည်သူ့ကျောင်းများ (လူဖြူလူမည်းခွဲခြားမှု ပညာရေးစနစ်)ကို အလားတူ တရားစွဲဆိုခဲ့သူ ဖြစ်နေတယ်။

"သားဂွဒ်က ရှင့်ကို ဘာဖြစ်လို့ အလိုရှိရတာလဲ။ ရှင်သွားရမှာက တောင်ကယ်ရိုလိုင်းနားနော်။ ရှင့်နောက်ကျောကို တစ်ယောက်ယောက်က သေနတ်နဲ့ ပစ်ထည့်မှာကို ကာကွယ်ဖို့ နည်းလမ်းမရှိတဲ့အရပ်၊ ရှင်နဲ့ သားဂွဒ်တို့ အသတ်ခံချင်ခံရနိုင်တယ်။ ရှင်တို့က တစ်ယူသန်မျက်နှာဖြူတွေကို ဆန့်ကျင်ကြမှာ၊ သူတို့ထဲက တစ်ယောက်ယောက်က ရှင်တို့ကို သတ်ပစ်လိမ့်မယ်"ဟု ရော်ဘင်ဆင်၏ဇနီး မာရီယန်က ပြောလိုက်တယ်။

"မိန်းမရေ၊ ဘယ်လူကများ ငါ့နောက်ကျောကို သေနတ်နဲ့ ပစ်လိုက် နိုင်မလဲဆိုတာ ကြည့်နေရင် အမှုတစ်မှုကို ငါလျှောက်လဲလို့ ရတော့မှာ မဟုတ်ဘူး။ သားဂွဒ်က ငါ့ကို အလိုရှိတယ်ပြောတယ်။ သူကငါ့ကို အလိုရှိ တယ်ဆိုရင် ငါသွားရမှာပဲ။ ငါအသတ်ခံရလည်း ခံရပေါ့။



မာတိကာသို့

ချာလ်စ်တင်ကို သွားတဲ့ ရထားပေါ်မှာ ငါပါသွားမှ ဖြစ်မယ်ကွ”ဟု ရော်ဘင်ဆင်က ပြန်ဖြေလိုက်တယ်။

အဲဒီကာလ မေလနဲ့ ဇွန်လရဲ့ ရက်တွေဟာ အမေရိကန် လူမျိုးရေးဆက်ဆံမှုတွေအတွက် စပ်ကူးမပ်ကူးကာလဖြစ်လိမ့်မယ် ဆိုတာကို အဲန်အေအေစီပီအဖွဲ့ဝင်တိုင်း သိခဲ့ကြတယ်။ သူတို့အဖွဲ့အစည်းဟာ တောင်ပိုင်းလူနေမှုပုံစံကို တိုက်စစ်ဆင်ခဲ့ကြပြီ။ တောင်ပိုင်းလူနေမှုပုံစံ ဆိုတာက လူမည်းတွေကို ကျွန်ဘဝနဲ့ နီးနိုင်သမျှအနီးဆုံး ဆက်လက်ထားရှိရေးပဲဖြစ်တယ်။ မာရှယ်လ်ဟာ ပီပြင်တဲ့ စစ်ပွဲတစ်ပွဲကို ဆင်နွှဲဖို့ ရွေးချယ်ခဲ့တယ်။ သူရွေးခဲ့တဲ့နေရာကလည်း ကြည့်ဦး၊ အမေရိကန်ပြည်တွင်းစစ်တုန်းက ပထမဆုံး အမြောက်သံ စထွက်ပေါ်ခဲ့တဲ့နေရာနဲ့ မဝေးတဲ့နေရာ။ သေသေချာချာ တွက်ချက်ပြီးမှ နွှဲခဲ့ရတဲ့ အလောင်းအစားပွဲတစ်ပွဲ ဖြစ်ခဲ့တယ်။

“နီးဂရိုးတွေ မဲပေးခွင့်ကို ဆန့်ကျင်တဲ့လူတစ်ယောက်က ဒီအမှုမှာ တရားသူကြီးချုပ်လုပ်မှာဆိုတော့ ဒီအမှုကို တို့ဘယ်လိုလုပ်ပြီး အနိုင်ရနိုင်ပါ့မလဲ”

မာရှယ့်လ်ရဲ့အဖွဲ့ထဲက တစ်ယောက်ရဲ့ပြောသံကို ရော်ဘင်ဆင် ကြားလိုက်ရတယ်။

“နောက်ထပ် ဂျက်ဒင်နီယဲလ် ဝီစကီတစ်ခွက်လောက်သောက်ပြီး ကျုပ်စဉ်းစားလိုက်ဦးမယ်”

နောက်နားက တစ်ယောက်က အဖြေပေးလိုက်တယ်။

မာရှယ်လ်၊ ရော်ဘင်ဆင်တို့ရှေ့နေများအဖွဲ့နဲ့ သက်သေများဟာ ပြည်နယ်တရားသူကြီးပါတဲ့ ခုံသမာဓိအဖွဲ့ရှေ့မှာ အမှုအတွက် ရင်ဆိုင်ကြရမည်။ သဘာပတိအဖြစ် ဝျှန် ဂျေ ပတ်ကားက ဆောင်ရွက်မယ်။ သူက မြောက်ကယ်ရိုလိုင်းနားပြည်နယ်ကဖြစ်တယ်။ ပတ်လည် အယူခံတရားရုံးများ စတုတ္ထအဖွဲ့ရဲ့ တရားသူကြီးချုပ်ဖြစ်တယ်။ ၁၉၃၀ ခုနှစ်က အမေရိကန်



မာတိကာသို့ ▶▶

သမ္မတ ဟားဗတ် ဟူးဗါးက ပတ်ကားကို အမေရိကန်တရားရုံးချုပ်အဖွဲ့ဝင် တစ်ဦးအဖြစ် ရွေးချယ်ခဲ့ဖူးတယ်။ ဒါပေမဲ့ ပတ်ကားက သူဟာ နီးဂရိုးတွေ မဲပေးခွင့်ကို ဆန့်ကျင်တဲ့အကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့လို့ သူ့ကို ဆီးနိတ်လွှတ်တော်ရဲ့ ကန့်ကွက်ပယ်ချခြင်းကို ခံခဲ့ရတယ်။ အမေ ရိကန်နိုင်ငံရဲ့ အမြင့်ဆုံးတရားရေးအဖွဲ့မှာ နှစ်ပေါင်း ၆၅ နှစ်အတွင်း ပထမဆုံးအကြိမ် ငြင်းဆိုပယ်ချခြင်းခံခဲ့ရတဲ့ တရားသူကြီးလောင်းတစ်ဦး ဖြစ်ခဲ့ပါတယ်။ အဲဒီလို သမိုင်းကြောင်းရှိခဲ့လို့လည်း *ဘရုန္နနှင့် အဲလီးရစ် အမှု* အတွက် မာရှယ်လ်ဟာ စိတ်လှုပ်ရှားနေမိတာဖြစ်တယ်။ သူ့အဖွဲ့ဝင် တွေကလည်း အမှုမဆိုင်ရမီမှာ ပတ်ကားကို ဒေါသနဲ့ ပုတ်ခတ်ဆဲဆိုနေကြ တာဖြစ်တယ်။

ကျန်တဲ့ ခုံသမာဓိအဖွဲ့ဝင် နှစ်ဦးကတော့ ဂျွန် ဘဲလ် တင်း မားမဲန်းနဲ့ ဂျေ ဝတ်တီးစ် ဝေါရင်းတို့ဖြစ်ကြတယ်။ တင်းမားမဲန်းက တောင် ကယ်ရိုလိုင်းနားပြည်နယ် အနောက်ပိုင်းခရိုင် တရားသူကြီးဖြစ်တယ်။ လူမျိုး ရေးစိတ် ခါးသီးတဲ့ ဘိတ်စ်ဘတ်ခ်မြို့မှာတော့ တင်းမားမဲန်းဟာ အရောင် ခွဲခြားရေးသမားတစ်ဦးအဖြစ် လူသိများသူတစ်ဦးဖြစ်တယ်။

ဝေါရင်းက အရှေ့ပိုင်းခရိုင် တရားသူကြီးတစ်ဦး။ သူကတော့ ချားလ်စ်တင်မြို့မှာ မျက်နှာဖြူများအခြေခံမဲပေးရေးစနစ်ကို တားမြစ်ပိတ်ပင် ခဲ့သူမို့ သူ့ရဲ့အသိုင်းအဝိုင်းတွေကို တုန်လှုပ်ဒေါသဖြစ်စေခဲ့သူဖြစ်တယ်။ မျက်နှာဖြူများရဲ့ အခြေခံမဲပေးရေးစနစ်ဆိုတာက အင်အားကောင်းတဲ့ ဒီမို ကရက် တစ်ပါတီအတွင်းမှာ လူမည်းတွေ မဲပေးခွင့်ကို ငြင်းဆန်ပြီး လူမည်း တွေ ဩဇာသက်ရောက်မှု နည်းနည်းမှ မရှိအောင် ဆန့်ကျင်တဲ့စနစ် ဖြစ်ပါတယ်။

* * *

ချားလ်စ်တင်မြို့ကို ရောက်လာတဲ့အခါမှာတော့ အဲန်အေအေစီပီ အဖွဲ့ဝင်တစ်စုဟာ ယိမ်းတိယိမ်းယိုင်နဲ့ ရထားပေါ်က ဆင်းလာကြတယ်။



မာတိကာသို့

မေလရဲ့ အဲဒီနေ့မနက်ခင်းဟာ ပူအိုက်ခြောက်သွေ့နေတယ်။ အဲလီးရစ်ကိုတရားစွဲဆိုခဲ့သူ မယုံနိုင်လောက်အောင် သတ္တိကောင်းတဲ့ ဒေသခံရှေ့နေဘူလ်ဝဲကိုလည်း ဘူတာရုံမှာ တွေ့ရတယ်။ သူဟာ လူမည်းကလေးများ နဲ့ မိဘတွေကို သင်ပေးသူ၊ ဦးဆောင်သူ၊ ငွေကြေးပါ ထောက်ပံ့မှုပေးခဲ့သူလည်းဖြစ်တယ်။ လူမည်းတွေရဲ့ သမိုင်းမှာ ဂုဏ်ထူးဆောင်နာမည်တစ်လုံးတွင်ကျန်နေရစ်မယ့် ဘရစ္စကိုလည်း တွေ့ရတယ်။ မာရှယ်လ်ကို ချီးကျူးလေးစားမှု ပြသလိုတဲ့ လူမည်းမိဘများနဲ့အတူ ကျောင်းဆရာများ၊ လယ်သမားများ၊ သာမန်လူတစ်စုလည်း ဘူတာရုံ မှာ လာကြိုနေကြတယ်။ အထုပ်အပိုးပစ္စည်းတွေ သယ်ဆောင်ပေးကြမဲ့ ဦးထုပ်နီလေးတွေ ဆောင်းထားကြသူတွေလည်း ပါကြတယ်။

မာရှယ်လ်အပေါ်မှာ ခင်မင်မှုမေတ္တာနဲ့ အော်ဟစ်ကြိုဆိုသံတွေကြားရတော့ ရော်ဘင်ဆင်ရဲ့ စိတ်ထဲမှာ လှုပ်ရှားသွားခဲ့တယ်။ အပေါ်က အပေခံ ဝတ်ရုံကြီးမှာ ရွှံ့ချပ်တွေ၊ နွားချေး၊ မြင်းချေးခြောက်တွေ ကပ်နေပြီး ရွှေညိုရောင်ပေါက်နေတဲ့ အရပ်မြင့်မြင့် လယ်သမားကြီးတစ်ဦးက မာရှယ့်လ်ကို ပွေ့ဖက်ပြီး သူ့ပါးကို နမ်းလိုက် တယ်။ အထူးရယ်စရာကောင်းလှတဲ့ မြင်ကွင်းပဲ။ ဘာ့ကြောင့်လဲဆိုတော့ ၁၉၅၁ ခုနှစ်က အမေရိကန်လူမည်းတွေရဲ့လောကမှာ ယောကျ်ားရင့်မကြီး တစ်ယောက်က တခြားတစ်ယောက်ကို ဖက်နမ်းတာမျိုး မလုပ်ကြလို့ ဖြစ်ပါတယ်။

ဦးထုပ်နီဆောင်းအဖွဲ့ကလည်း အဲန်အေအေစီပီအဖွဲ့ယူလာတဲ့ တောင်ပုံယာပုံပစ္စည်းတွေကို ချနေကြတယ်။

"ရထားမထွက်စေနဲ့ဦး။ ကျုပ်အရုပ်ကလေးတွေ မေ့ကျန်နေတယ်" ဟု အော်ကြီးဟစ်ကျယ်ပြောလိုက်တဲ့ အသံတစ်သံကို ရော်ဘင်ဆင်ကြားလိုက်ရတယ်။

"သားဂွဒ်၊ အဲဒီအလကားအရုပ်တွေကို အပိုယူလာတာ ဘယ်ကြောင့်လဲဗျ"

ရော်ဘင်ဆင်က မာရှယ်လ်ဘက်ကိုလှည့်ပြီး မေးလိုက်တယ်။



မာတိကာသို့ ▶▶

"အသားရေပျက်မှု ဆရာကြီးလေ၊ နယူးယောက်မြို့တော် ကောလိပ်က ထင်ရှားတဲ့ စိတ်ပညာရှင်ကြီး ကဲနက် ကလပ်ပေါ့။ သူက အမှုနိုင်ဖို့အတွက် အဲဒီအရုပ်ကလေးတွေကို အသုံးချမယ်တဲ့"

မာရှယ်လ်က ပြန်ဖြေပြီး နောက်ထပ်အလေးအနက်လည်း ထပ်ပြောလိုက်သေးတယ်။

"ဒီမယ်၊ ဒီအမှုမှာ တို့နိုင်ဖို့ဆိုရင် ခွဲခြားမှုရှိပေမယ့် တန်းတူညီမျှမှုပေးရေးဆိုတဲ့ ဝါဒကို တရားရုံးချုပ်က တရားမဝင်ဘူးလို့ ကြေညာပေးအောင်လုပ်ရလိမ့်မယ်။ အဲဒီအတွက် အသရေ ထိခိုက်ပျက်စီးမှု သဘောတရားကို တို့က သက်သေပြဖို့ လိုလိမ့်မယ်"

"ဘာ အသရေပျက်မှုလဲဗျာ"

ရော်ဘင်ဆင်က ထပ်မေးလိုက်ပြန်တော့ မာရှယ်လ်က ရယ်ပြီး ထပ်ရှင်းပြနေပြန်တယ်။

"ကျောင်းတွေ ခွဲခြားထားတယ်။ ဒါပေမဲ့ တန်းတူညီမျှတဲ့ အခွင့်အရေးတွေ ဘယ်တုန်းကမှ မရှိခဲ့ဘူး။ အခုလည်း မရှိဘူး။ နောင်လည်း တန်းတူညီမျှမှု ဘယ်တော့မှ ရမှာ မဟုတ်ဘူး။ ဒါကို တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာထက်ပိုပြီး ထင်ရှားတဲ့သက်သေ အထောက်အထားမျိုးတွေ တခြား ဘယ်ပြည်နယ်မှာမှ မရှိဘူး။ လက်ထဲမှာ ငွေကိုင်နိုင်တဲ့လူမျိုးနွယ်က သူတို့ကလေးတွေအတွက် အမြဲမျက်နှာသာပေးကြမှာပဲ။ အဲဒီတော့ ခွဲခြားပြီး တန်းတူညီမျှရေးစနစ်ဘက်ကလိုက်ပြီး ငြင်းပေးနေလို့တော့ တို့တစ်သက်လုံး အနိုင်ရမှာ မဟုတ်ဘူး"

မာရှယ်လ်က ဆက်ပြောခဲ့သေးတယ်။ ပြည်နယ်က ပြဋ္ဌာန်းတဲ့ လူဖြူလူမည်းခွဲခြားရေးရှိတဲ့နေရာတွေမှာ လူမည်းကလေးသူငယ်တွေဟာ စိတ်ညှိုးငယ် အသရေထိခိုက်မှုဒဏ်ကို ခံနေကြရတယ်။ သူတို့ရဲ့စိတ်နှလုံးနဲ့အသိဉာဏ်ကို တစ်သက်လုံး ထိခိုက်ပျက်စီးစေတဲ့ ဒဏ်ရာဒဏ်ချက်ကို အကြီးအကျယ် ရရှိသွားကြတယ်လို့ ရှင်းပြလိုက်တယ်။



မာတိကာသို့ ▶▶

“အဲဒီတော့ တို့အနေနဲ့ တရားသူကြီး ပတ်ကားနဲ့ အဖွဲ့ကို စိန်ခေါ်ပြီး သူယုံကြည်သဘောပေါက်လာအောင် ဘာလုပ်ရမလဲ၊ နောက်ဆုံး တရားရုံးချုပ်ကပါ လက်ခံအောင် လုပ်ရမှာက စိတ်ဒဏ်ရာရတဲ့ အသရေပျက်မှုဆိုတာ တကယ့်အစစ်အမှန်ဖြစ်တယ်။ ရက်စက်ကြမ်းကြုတ်တယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက တားမြစ်ထားတဲ့ အချက်ဖြစ်တယ်ဆိုတာကို လက်ခံလာအောင် စိန်ခေါ်ရမှာက တို့အလုပ်ပဲ”

မာရှယ်လ်နဲ့အတူ ပါလာတဲ့ တခြား အဲန်အေအေစီပီ အဖွဲ့ဝင်တွေဟာ သူတို့အနေနဲ့ ဖြစ်နိုင်ပုံမရတဲ့ အလုပ်တာဝန်တစ်ခုကို ဆောင်ရွက်ကြရမယ်ဆိုတာကိုလည်း သိခဲ့ကြတယ်။ တောင်ကယ်ရိုလိုင်းနားက မျက်နှာဖြူတွေရဲ့ လူမျိုးရေးအမြင်သဘောထားဟာ ၁၈၆၁ တုန်းကထက် နည်းနည်းလေးမှ ပြောင်းလဲလာပုံ မရှိခဲ့ဘူး။ ၁၈၆၁ ခုနှစ်တုန်းက တောင်ကယ်ရိုလိုင်းနားရဲ့ ဆီးနိတ်အမတ် ဂျိမ်းစ် ဟဲန်နရီ ဟဲမင်က ပြောခဲ့ဖူးတယ်။

“လူ့အဖွဲ့အစည်းအားလုံးမှာ အိမ်မှုအစေခံအလုပ်တွေလုပ်ဖို့၊ ဘဝရဲ့ ပင်ပင်ပန်းပန်း အလုပ်တွေကိုလုပ်ဖို့ လူတန်းစားတစ်ရပ် ရှိကိုရှိနေရမယ်။ အသိဉာဏ်နည်းနည်းလောက်နဲ့ စွမ်းရည်နည်းနည်းလောက်ပဲ ရှိဖို့ လိုအပ်တဲ့ လူတန်းစားတစ်ရပ် ဖြစ်ပါတယ်။ သူတို့မှာ ခွန်အားရှိဖို့၊ အမိန့်နာခံတတ်ဖို့နဲ့ ခိုင်းတာကို တိတိကျကျ လိုက်နာတတ်ဖို့ပဲ လိုအပ်ပါတယ်။ အဲဒီလို လူတန်းစားတစ်ရပ် ရှိရမယ်။ သူတို့မရှိရင် တိုးတက်မှု၊ ယဉ်ကျေးမှုနဲ့ သိမ်မွေ့ရည်မွန်မှုဆိုတာတွေကို ဦးဆောင်ပေးမယ့် တခြားလူတန်းစားတစ်ခု ရှိလာနိုင်မှာ မဟုတ်ဘူး။ အဲဒီဦးဆောင်တဲ့ လူတန်းစားဟာ လူ့အသိုင်းအဝိုင်း လူ့ဘောင်နဲ့ နိုင်ငံရေးအစိုးရတို့အတွက် အမာခံလူတန်းစားဖြစ်တယ်။ ကံကောင်းထောက်မစွာနဲ့ တောင်ပိုင်းဒေသအတွက်တော့ ရည်ရွယ်ချက်နဲ့ ကိုက်ညီတဲ့ လူမျိုးတစ်မျိုးကို လက်ထဲမှာ ရှိနေတာကို တွေ့ရတယ်။ သူ့ဟာသူ ညံ့ဖျင်းနိမ့်ကျတဲ့ လူမျိုးတစ်မျိုးပေါ့။ ဒါပေမဲ့ လိုအပ်မှုအားလုံးကို ဖြည့်ဆည်းပေးနိုင်ဖို့ ရာသီဥတုကို ခံနိုင်ပြီး စိတ်ဓာတ်ခွန်အားနဲ့ အမိန့်နာခံတတ်တဲ့ အရည်အချင်းတွေနဲ့ ထင်ထင်ရှားရှား ပြည့်စုံတဲ့လူမျိုးပေါ့။ ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေအတွက် သူတို့ကို



မာတိကာသို့ ▶▶

ကျွန်တော်တို့ အသုံးပြုကြတယ်။ သူတို့ကို ကျွန်များလို့တောင် ကျွန်တော်တို့ ခေါ်ဆိုကြပါတယ်"

မာရှယ်လ်၊ ရော်ဘင်ဆင်နဲ့ ကလပ်တို့ဟာ လူဖြူလူမည်းပူးပေါင်းပြီး ပညာသင်နိုင်တဲ့ကျောင်းတွေ ဖြစ်ပေါ်လာရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်နေခဲ့ကြပါတယ်။ ဒီပြဿနာဟာ အဲန်အေအေစီပီ အဖွဲ့အတွင်းမှာရော၊ ယေဘုယျ အမေရိကန်လူမည်းထုအတွင်းမှာရော သဘောထားကွဲလွဲမှု ဖြစ်စေခဲ့တာလည်း ကြာခဲ့ပါပြီ။ တောင်ကယ်ရိုလိုင်းနားပြည်နယ်က ဒဗလျူ ရက် ဒေါ်နယ်လ်ဆင်က *ချာလ်စ်တင် နယူးစ်* သတင်းစာထဲမှာ ရေးခဲ့ပုံမျိုးကိုလည်း အငြင်းပွားခဲ့ကြတယ်။ ဒေါ်နယ်လ်ဆင်က ဒီလိုရေးသားခဲ့တယ်။

"လူဖြူလူမည်းခွဲခြားမှုကြောင့် ကျွန်တော်တို့တွင် မကောင်းမှုများရှိနေသည်ဆိုသည်မှာ မှန်သည်။ သို့သော်လည်း လူမျိုးတစ်မျိုး၏ တိုးတက်မှုအတွက် မလိုလားအပ်သော မကောင်းမှုအချို့ကို လိုအပ်သည်။ ကျွန်တော်တို့ သိရှိထားသည့် လူဖြူလူမည်းခွဲခြားမှုသည် တောင်ပိုင်းသားနီးဂရိုးများအတွက် အဟန့်အတားဖြစ်စေခြင်းထက် ကြီးမားသော အထောက်အကူတစ်ခုကို ပေးလျက်ရှိသည်။ နီးဂရိုးတို့သည် လူဖြူများအတွက် အမြဲတမ်းပြဿနာတစ်ခုဖြစ်သည်။ သူ့လူမျိုးအတွက်လည်း အမြဲတမ်းပြဿနာတစ်ခုဖြစ်သည်။ နီးဂရိုးတို့သည် အခြားလူမျိုးများနှင့် ရောစပ်နေထိုင်ရန် ဆန္ဒမပြုမီတွင် သူ့လူမျိုးများအတွင်းမှာပင် သဟဇာတရှိစွာ နေထိုင်တတ်ရန် သင်ယူကြရဦးမည်ဖြစ်သည်"

ဒါဟာ ကျွန်စနစ်နဲ့နီးဂရိုးလူမျိုးတို့ကို ဦးနှောက်ဆေးထားသည့် မျက်နှာဖြူဆရာများ၏ အတိုင်းအတာကို သက်သေပြမှုတစ်ခုဖြစ်ပါတယ်။ ဒီပြဿနာကို အဲန်အေအေစီပီ ခေါင်းဆောင်များက နှစ်ပေါင်းများစွာ တိုက်ပွဲဝင်လာခဲ့ကြတယ်။ မာရှယ်လ်နဲ့အဖွဲ့ ချာလ်စ်တင်ကိုမထွက်ခွာခင် ကျယ်ကျယ်ပြန့်ပြန့်တိုက်ပွဲဝင်သွားရေးအတွက် အဲန်အေအေစီပီရဲ့ ဆုံးဖြတ်ချက်ကို *ခရိုင်းစစ်* (Crisis) မဂ္ဂဇင်းထဲမှာ ဆောင်းပါးတစ်ပုဒ်နဲ့ ဖော်ပြခဲ့တယ်။



မာတိကာသို့ ▶▶

"ကျွန်ုပ်တို့မှာ ရှုံးစရာ ဘာရှိသလဲ။ ဘာမှ မရှိဘူး။ နီးဂရိုးတွေဟာ တန်းတူညီမျှမှု အထောက်အပံ့တွေ ရရှိခွင့်ရှိသည်ကို ဥပဒေက ပြတ်ပြတ်သားသား ဆိုထားပေသည်။ တန်းတူညီမျှမှုအတွက် တရားရုံးများ၏ ကျင့်သုံးမှုစံများသည် ယခင်ကထက် ပိုမိုတင်းကျပ်လာဖွယ်ရာ လက္ခဏာ ရှိနေသည်။ လူဖြူလူမည်းခွဲခြားမှုကို ကျွန်ုပ်တို့ တိုက်စစ် မဆင်ဘဲ ရှောင်လွှဲနေခဲ့လျှင် *ပလက်စီနှင့် ဖာဂူဆင်အမှု* ဖော်မြူလာအတိုင်း (ရထားနဲ့ အခြားပို့ဆောင်ရေးယာဉ်များပေါ်တွင် လူမည်းများအား ခွဲခြားပြီး ညီမျှသည့် နေရာထိုင်ခင်းများ ရသင့်သည်ဟူသော ၁၈၉၆ ခုနှစ် တရားရုံးချုပ် စီရင်ချက်)ဆုံးဖြတ်ချက်များ ချမည်ကိုသာ မျှော်လင့်နိုင်မည်ဖြစ်သည်။ ခွဲခြားပြီး ညီမျှမှုပေးရေးဝါဒလမ်းစဉ်ကိုသာ အသားပေးမည်ဖြစ်သည်။"

ဤသည်မှာ တရားရုံးတစ်ခုတွင် ကျွန်ုပ်တို့ မျှော်လင့်နိုင်သော အဆိုးဝါးဆုံးအခြေအနေဖြစ်သည်။ တရားရေးပေါ်လစီလမ်းကြောင်းအတိုင်း မည်မျှပင်လိုက်စေကာမူ ရှေ့တန်းထွက် တိုက်စစ်ဆင်မှုသည် နီးဂရိုးတို့၏ ပညာသင်ကြားမှုအခွင့်အရေးများ ပိုမိုကောင်းမွန်ရေးအတွက် တိုက်ပွဲကို ပျက်စီးစေနိုင်သည်ဆိုသော အယူအဆသည် ယုတ္တိမရှိချေ။

အရဲစွန့်မှုသည် ကြီးမားလာသည်။ သို့သော်လည်း အတားအဆီးများသည် လွန်ခဲ့သော ၁၀ နှစ်ခန့်ကနှင့်စာလျှင် အတော်လျော့နည်းသွားပြီဖြစ်သည်။

မီးရထားပေါ်တွင် ပါလာသော အဖွဲ့သား အများစုနဲ့ ကားတစ်တန်၊ ရထားတစ်တန်၊ လေယာဉ်တစ်တန်နဲ့ လာရောက်သက်သေခံကြမဲ့ ကျွမ်းကျင်သူတွေဟာ မာရှယ်လ် တင်ပြမဲ့ စိတ်ဒဏ်ရာရမှု အယူ အဆကို အခိုင်အမာ ထောက်ခံကြမည့်သူများ ဖြစ်ကြသည်ကို နာရီပိုင်း အတွင်းမှာ ရော်ဘင်ဆင် သိရတော့မှာဖြစ်တယ်။ ၁၈၉၆ ခုနှစ်က *ပလက်စီ နှင့် ဖာဂူဆင်အမှု*မှာ "ခွဲခြားရန် သတ်မှတ်ခြင်းခံရသူများအား တန်းတူညီမျှသော အထောက်အပံ့များပေးလျှင် လူမျိုးရေးခွဲခြားမှုကို တရားဝင်ခွင့်ပြုနိုင်သည်" ဆိုတဲ့ ကြေညာချက်တစ်ခု ပါရှိခဲ့တယ်။ ထိုကြေညာချက်ကို တရားရုံးချုပ်မှ ပယ်ဖျက်ပေးရေးအတွက် သူတို့အဖွဲ့ဟာ စိတ်ဒဏ်ရာရမှုကို တင်ပြတောင်း



မာတိကာသို့ ▶▶

ဆိုကြမှာဖြစ်တယ်။ ဒါပေမဲ့ မာရှယ်လ် ဖွဲ့စည်းထားတဲ့ သူတို့အဖွဲ့မှာ စိတ်ဒဏ်ရာရမှုကို တရားရုံးချုပ်ကို တင်ပြနိုင်တဲ့ အရည်အချင်းရှိသူတွေ ပါဝင်နေတယ်။ ဒီအချက်ဟာ အားကောင်းတဲ့ သူတို့အဖွဲ့ရဲ့ နက်နဲတဲ့ လျှို့ဝှက်ချက်တစ်ခု ဖြစ်ခဲ့ပါတယ်။

ဘယ်လောက်အားကောင်းတဲ့ အဖွဲ့ဖြစ်ခဲ့သလဲ။

မာရှယ်လ်ရဲ့လက်ထောက် ရောဘတ် ကာတာဟာ နောင်အခါမှာ နယူးယောက်မြို့မှာ ထင်ရှားတဲ့ ပြည်ထောင်စုတရားသူကြီးတစ်ဦး ဖြစ်လာမယ့်သူဖြစ်တယ်။ စပေါ့စ်ဝုဒ် ရော်ဘင်ဆင်ဟာ ကိုလမ်ဘီးယားဒိစတြိတ်မှာ အယူခံတရားရုံးရဲ့ တရားသူကြီးချုပ်ဖြစ်လာမယ့်သူဖြစ်တယ်။ သူတို့အဖွဲ့မှာ ပါခဲ့တဲ့ ရှေ့နေလေး ဝီလျံ ဂျေ ကိုးလ်မဲန်းဟာ သမ္မတ ဂျယ်ရာလ်ဒ် ဖော့ဒ် ရဲ့အစိုးရလက်ထက်မှာ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဖြစ်လာခဲ့တယ်။ ကောန်စတဲန်စ် ဘေကာ မော့တ်လေဟာ ကမ္ဘာမှာ ကျော်ကြားပြီး ဩဇာရှိတဲ့ ပြည်ထောင်စု တရားသူကြီးတစ်ဦးအဖြစ် အောင်မြင်မှု ရလာခဲ့တယ်။ ဂျိမ်းစ် အင်မ် နဲဘရစ်ဆိုသူဟာ ဟောင်းဝပ်တက္ကသိုလ်ရဲ့ အုပ်ချုပ်ရေးမှူးဖြစ်လာခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂကို တက်ရောက်တဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့မှာ ပါဝင်လာခဲ့ တယ်။

အဲဒီနေ့မနက်က ဘူတာရုံမှာ ဘူလ်ဝဲက မာရှယ်လ်နဲ့ ရော်ဘင်ဆင်တို့ကို မျက်စပစ်ပြပြီး ယူနီဖောင်းဝတ်မျက်နှာဖြူတွေရဲ့ဘက်ကို ခေါင်းလှည့်ပြခဲ့တယ်။ မျက်နှာဖြူရဲတွေက မှုန်တေတေရှုးသိုးသိုးနဲ့ သူတို့ကို စောင့်ကြည့်နေကြတယ်။ ရဲတွေကတော့ အဖြူအမည်း လူစုံပါတဲ့ ဒီအဖွဲ့ဟာ မြောက်ပိုင်းက နောက်ဆုံးရောက်လာကြတဲ့ ခြေသလုံးအိမ်တိုင် ကျူးကျော်ရေးသမားတွေလို့ မြင်မှာ သေချာတယ်။ တခြား အရပ်ဝတ် အရပ်စားနဲ့ လူတချို့ဟာလည်း တောင်ကယ်ရိုလိုင်းနားရဲ့ဘက်က လူတွေ ဖြစ်မှာပဲလို့ ရော်ဘင်ဆင်က ယူဆခဲ့တယ်။

မာရှယ်လ်တို့လူစုထဲက သူတို့ကို တောင်ကယ်ရိုလိုင်းနားမှာ ဘယ်သူမှ ကြိုဆိုလိမ့်မယ်လို့ တစ်ယောက်မှ မထင်ခဲ့ကြဘူး။ ဘာကြောင့်



မာတိကာသို့

လဲဆိုတော့ မေလ ၂၁ ရက်နေ့ထုတ် *ချာလ်စ်တင်နယူးစ်အဲန် ကူးရီးယား* သတင်းစာရဲ့ ခေါင်းကြီးပိုင်းကို ဖတ်ပြီးခဲ့ကြလို့ ဖြစ်ပါတယ်။

"ဥပဒေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြည်ထောင်စု တရားရုံးများက မည်သည့်ဆုံးဖြတ်ချက်များ ချပေးစေကာမူ တောင်ကယ်ရိုလိုင်းနားပြည်နယ်ကျောင်းများ၌ မျက်နှာဖြူများနှင့်လူမည်းအမျိုးအနွယ်များစုပေါင်းသင်ကြားမှုသည် ရှိစေလိမ့်မည် မဟုတ်။ တောင်ကယ်ရိုလိုင်းနားပြည်နယ်ရှိ ပြည်သူ့ကျောင်းများတွင် လူမျိုးများ တစ်စုတစ်ပေါင်းတည်း ပညာသင်ကြားရေးဟု ပြောဆိုနေခြင်းမှာ ရှုပ်ထွေးသောစကားများသာဖြစ်သည်။ စိတ်အားပျော့ညံ့သူများ၏ အဓိပ္ပာယ် မရှိသော စကားများသာ ဖြစ်ပေသည်"

တောင်ကယ်ရိုလိုင်းနားပြည်နယ်က ကျောင်းတွေမှာ လူမျိုးခွဲခြားပညာသင်ကြားခဲ့တဲ့စနစ်ကို တရားရုံးတွေက ပယ်ဖျက်ပစ်လိုက်ရင် ပြည်နယ်တွင်း၌ ပြည်သူ့ကျောင်းများ(အစိုးရကျောင်း) ဖွင့်လှစ်ပေးထားတဲ့စနစ်ကို ပယ်ဖျက် ပစ်မည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျိမ်းစ် အက်ဖ်ဘန်းစ်က ပြောခဲ့တယ်။ ပြည်နယ်လွှတ်တော်ရဲ့ ကျောထောက်နောက်ခံပေးမှုနဲ့ ပြောခဲ့တယ်ဆိုတာကို မာရှယ်လ်နဲ့ အဖွဲ့က သေချာသိထားခဲ့တယ်။

အမှုကို စတင်ကြားနာမယ့် မနက်က ခရိုင်အမှတ် (၂၂) ချာလ်စ်တင်မြို့ရဲ့ ကိုယ်စားလှယ်အဖြစ် ရောဘတ် ဖစ်ခ်၊ ဆမ်းမားတင်မြို့ရဲ့ကိုယ်စားလှယ်အဖြစ် အက်စ် အီး ရောဂျားစ်၊ တောင်ကယ်ရိုလိုင်းနားပြည်နယ် ရှေ့နေချုပ် တီစီ ကော်လီဆင်တို့လာကြတယ်။ ဗာဂျီးနီးယားပြည်နယ်ရှေ့နေချုပ်လည်း လာရောက်ခဲ့တယ်။ သူကတော့ သူ့ပြည်နယ်မှာ လူမည်းကျောင်းကိစ္စတွေကို ကြိုတင်လေ့လာပြင်ဆင်မှုတစ်ခုအနေနဲ့ ထောက်လှမ်းဖို့ လာရောက်ခဲ့တာဖြစ်တယ်။

ခရိုင်အမှတ် (၂၂) က ကလယ်ရင်ဒင် ခရိုင်မှာ လူဖြူကျောင်းတွေနဲ့ နှိုင်းယှဉ်လိုက်ရင် လူမည်းကျောင်းတွေမှာ မျှတမှုမရှိတဲ့ သက်သေအထောက်အထား အချက်အလက်တွေကို အဲန်အေအေစီပီအဖွဲ့က



မာတိကာသို့

လပေါင်းများစွာ အချိန်ယူပြီး စုဆောင်းပြင်ဆင်ခဲ့တယ်။ ဒါကိုလည်း ဖစ်ခ်နဲ့ တောင်ကယ်ရိုလိုင်းနားက တာဝန်ခံတွေက သိထားခဲ့တယ်။ တရားရုံးတော်မှာ ဒီအကြောင်းကို စလိုက်ရင် စောစောစီးစီး ဖုံးစဖောက် ပေးလိုက်သလို ဖြစ်သွားနိုင်ပုံကိုလည်း သူတို့ သတိထားခဲ့ကြတယ်။ ဒီအကြောင်းကို ဖစ်ခ်က ရုံးတော်မှာ စပြီး ဖွင့်လိုက်တယ်။ ကလယ်ရင်ဒင်မှာ မျက်နှာဖြူနဲ့ လူမည်းကျောင်းတွေ အကြား မညီမျှမှုတွေ ရှိနေတာကို ကလယ်ရင်ဒင် ဝေါပက အဖွဲ့က ဝန်ခံပါတယ်လို့ ဖစ်ခ်က စပြောခဲ့တယ်။ ဒါပေမဲ့ အဲဒီ မညီမျှမှုတွေကို ကုစားပေးနိုင်ဖို့အတွက် အခွန်တော်ငွေ ဒေါ်လာ ၇၅ သန်း ဝင်လာမယ့် အရောင်းခွန်ဥပဒေတစ်ရပ်ကို ပြည်နယ်က ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ပြည်နယ်နဲ့ သူတို့ရဲ့ဆန္ဒကတော့ လူမျိုး ရေးခွဲခြားပြီး တကယ်အစစ်အမှန် တန်းတူညီမျှမှုကို ပေးမယ့်စနစ်တစ်ခု အတွက် အချိန်ယူရမှာဖြစ် ကြောင်း ဖစ်ခ်က တင်ပြလိုက်တယ်။

မာရှယ်လ်ကလည်း တရားရုံးမှာ ပြန်ပြီးတင်ပြရာမှာ မညီမျှမှု ရှိနေတဲ့ ဝန်ခံချက်ကို လက်ခံကြောင်း၊ သို့သော် မညီမျှမှုများကို အသေးစိတ် မှတ်တမ်းတင်ပေးရန် တိုက်တွန်းပါကြောင်း တင်ပြခဲ့တယ်။ မာရှယ်လ်က စာရင်းဇယားများနဲ့ ဆက်လက်တင်ပြခဲ့ပြန်တယ်။ ကလယ်ရင်ဒင်မှာ လွန် ခဲ့တဲ့နှစ်က မျက်နှာဖြူကျောင်းသား ၂၇၆ ဦးအတွက် ၃၉၅,၃၂၉ ဒေါ်လာ အသုံးပြုခဲ့သော်လည်း လူမည်းကျောင်းသားလေး ၈၀၈ ဦးအတွက် ၂၀၂,၉၆၀ ဒေါ်လာသာ အသုံးပြုခဲ့ပုံကို အတည်ပြုပေးဖို့ ပြောခဲ့တယ်။ ခရိုင်အမှတ် (၂၂) က နီးဂရိုးကျောင်း သုံးကျောင်းမှာ ကျောင်းသား ၈၀၈ ဦးအတွက် ဆရာ၊ ဆရာမ ၁၂ ဦးသာ ရှိခဲ့ပြီး ကျောင်းသား ၂၇၆ ဦးရှိတဲ့ မျက်နှာ ဖြူကျောင်း နှစ်ခုမှာ ဆရာ၊ ဆရာမ ၁၂ ဦးရှိခဲ့ပုံ မာရှယ်လ်တင်ပြ တာကို ဝန်ခံခဲ့ကြရတယ်။

ကဲနက် ကလပ်ကလည်း အဆင့်အတန်းခွဲခြားမှု၊ ဘက်လိုက်မှု နဲ့ လူဖြူလူမည်းခွဲခြားမှုဟာ နီးဂရိုးကလေးတွေရဲ့ ကိုယ်ရည်ကိုယ်သွေး တိုးတက်မှုမှာ အကြီးအကျယ် ထိခိုက်နစ်နာ ဆုံးရှုံးမှုတွေ မုချဖြစ်စေခဲ့ပုံကို တင်ပြခဲ့တယ်။ သူ့ရဲ့ လက်တွေ့စမ်းသပ်ပုံကို တင်ပြတယ်။ အသား



မာတိကာသို့ ▶▶

အရောင် အဖြူနဲ့အမည်း ကွဲပြားမှုကလွဲရင် တခြား အားလုံးတူတဲ့ အရုပ် ကလေးနှစ်ရုပ်ကို နီးဂရိုးကလေးတွေကို ယှဉ်ပြပြီး ဘယ်အရုပ်ကလှသလဲ၊ ဘယ်အရုပ်က အရုပ်ဆိုးသလဲ၊ ဘယ်အရုပ်ကို ကြိုက်သလဲလို့ မေးခဲ့ရာမှာ လူဖြူရုပ်က ပိုကောင်းတယ်လို့ ဖြေခဲ့ကြတယ်။ ကလေးတွေဟာ အတွေ့ အကြုံ နုနယ်ကြသေးတယ်။ ဒါပေမဲ့ လူဖြူဖြစ်ရတာဟာ တစ်ပန်းသာ မှုတွေ အများကြီးရမှန်း သူတို့ သိနေကြပြီ။

ဒီအမှုကို တစ်နိုင်ငံလုံးက စောင့်ကြည့်နေခဲ့ကြတယ်။ ဒါပေမဲ့ တောင်ကယ်ရိုလိုင်းနားပြည်နယ်က လူဖြူတွေလောက်တော့ ဘယ်သူတွေမှ ပြင်းပြင်းထန်ထန် အာရုံမစူးစိုက်ခဲ့ကြဘူး။ သူတို့ဟာ နေရာတိုင်းမှာရှိတဲ့ လူဖြူတွေရဲ့ ထောက်ခံမှုကို လိုလားကြတယ်။ နောက်တစ်နေ့မှာ သတင်း စာဖတ်လိုက်ရတော့ မျက်နှာဖြူတချို့ရဲ့ အာဃာတစိတ် ကြီးမားမှု၊ ပြင်း ထန်မှုတွေကို မာရယ်လ်တွေးပြီး သဘောပေါက်ခဲ့မိတယ်။

*နယူးစ်အဲန်ကူးရီးယား* သတင်းစာခေါင်းကြီးပိုင်းမှာ "တောင်ပိုင်း ခုံရုံး အတင်ခံနေရခြင်း" လို့ ခေါင်းစဉ်တပ်ပြီး ရေးထားတယ်။

"တောင်ကယ်ရိုလိုင်းနားပြည်နယ်ရှိ လူမည်းကျောင်းများသည် လူဖြူများနှင့် တန်းတူညီမျှမှု မရှိပုံကို ယုံကြည်လက်ခံနိုင်လောက်သည်။ ကြေညာ ချက်ကောင်းတစ်ခုကို ဖော်ပြနိုင်ပါသည်။ မကြာမီ အနာဂတ်ကာလ အတွင်း၌ ညီမျှမှု ဖြစ်စေရေးအတွက် တောင်ကယ်ရိုလိုင်းနားပြည်နယ်သည် ဒေါ်လာ သန်းပေါင်းများစွာကို သုံးစွဲလျက်ရှိပါသည်။

"သို့သော်လည်း လူမည်းများ တိုးတက်ရေး အမျိုးသားရေး အသင်းသည် သာတူညီမျှမှုထက်ပို၍ လိုလားနေသည်။ ၎င်းအဖွဲ့သည် နီးဂရိုးများအား မျက်နှာဖြူများနှင့် ဖွတ်အတင်း ရောစေလိုသည်။ ထိုကဲ့သို့ လူဖြူလူမည်း ရောယှက်မှု မရှိခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီ ညွတ်ကြောင်း တရားရုံးချုပ်အနေဖြင့် အမိန့်ထုတ်ပြန်နေစေလိုသည်။

"ဤအမှုသည် တရားရုံးချုပ်သို့ အလိုအလျောက် ရောက်ရှိသွား မည်ဖြစ်သည်။ အမှုကို မိုးဦးကျတွင် ရုံးတော်၌ တင်ပြီး စစ်ဆေးကောင်း



မာတိကာသို့

စစ်ဆေးနိုင်သည်။ တစ်နည်းအားဖြင့် တောင်ပိုင်းပြည်သူ့ကျောင်းစနစ်ကို သာ ရုံးတင်ခြင်းမဟုတ်။ တောင်ပိုင်းသားများနှင့် တောင်ပိုင်းအပြင်ဘက်ရှိ ဒေသများမှ ပြည်သူများကိုပါ ခုံရုံးတင်ခြင်းဖြစ်ပေသည်။ တရားရုံးတော်၏ အဆုံးအဖြတ်၏ အရေးပါမှုသည် ၁၈၅၇ ခုနှစ်က *ဒရက်စကော့အမှု* ဆုံးဖြတ်ချက်နှင့် တန်းတူဖြစ်နိုင်စရာ ရှိပါသည်။"

မာရှယ်လ်က တရားရုံးတွင် နောက်ဆုံးလျှောက်ထားရာမှာ ကျိုးနွံစွာနှင့် တရားသူကြီးများအပေါ်တွင် ရိုသေကိုင်းရှိုင်းမှုပြကာ တင်ပြလိုက်တယ်။ တကယ်တော့ တရားရုံးချုပ်ရဲ့ စိတ်ဝင်စားမှုကိုပါ မှုချဆွဲဆောင်နိုင်အောင် လျှောက်ထားခဲ့ကြတာဖြစ်တယ်။

"နီးဂရိုးကျောင်းသားလေးတွေရဲ့ပညာသင်ကြားမှုနဲ့ပတ်သက်လို့ အထူးသဖြင့် တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာ အကြီးအကျယ်တိုးတက်အောင်လုပ်ခဲ့ပုံကို အတော်ပဲ အပြန်အလှန် တင်ပြဆွေးနွေးသွားခဲ့ကြပါတယ်။ အကြီးအကျယ်လည်း အလေးထားပြီး ပြောသွားခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အသိအမှတ်ပြုရမယ့် အချက်တစ်ချက် ရှိမယ်လို့ ကျွန်တော် ယူဆမိတာ ရှိပါတယ်။ အဲဒီအချက်ကတော့ ဒီပြည်နယ်မှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ညီမျှမှု ရရှိလာအောင် တရားရုံးတော်က ဒီဂရီအမိန့်တစ်ခု ချပေးမလား မပေးဘူးလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

"တစ်ဖက်က တင်ပြချက်တွေထဲမှာ တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာ နီးဂရိုးကျောင်းတွေ ဖွင့်လာခဲ့တာ နှစ်ပေါင်း ၈၀ ရှိပြီလို့ ဝန်ခံထားတာ တွေ့ရပါတယ်။ အဲဒီလို နှစ်ပေါင်း ၈၀ ကျော် ကြာလာပြီးတဲ့နောက်မှာ ဒီကနေ့ တရားရုံးတော်မှာ သဘောရိုးနဲ့ တင်ပြနိုင်တာ၊ ဒါမှမဟုတ် တောင်ကယ်ရိုလိုင်းနားပြည်နယ်ရဲ့ သဘောထားအမှန်တစ်ခုကို အကောင်းဆုံးပြသခဲ့နိုင်စရာတစ်ခုရှိပါတယ်။ အဲဒါကတော့ ဒီကနေ့ လက်ရှိအနေအထားအရ နီးဂရိုးကျောင်းတွေဟာ မျက်နှာဖြူတွေရဲ့နောက်မှာ ဒေါ်လာသန်း ၄၀ ပြတ်ပြီး နောက်ကျနေခဲ့တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။

"ဒီအချိန်မှာ ကျွန်တော့်အယူအဆအရ နှစ်ဖက်စလုံးက သဘော



မာတိကာသို့ ▶▶

တူညီခဲ့တာ ရှိပါတယ်။ ဒီအမှုရဲ့ တစ်ခုတည်းသော ပြဿနာအဖြစ် တရားလိုများဟာ ကျောင်းအထောက်အကူပစ္စည်းများ တန်းတူညီစွာ ရပိုင်ခွင့် ရှိကြသည် ဆိုတာကို သဘောတူညီခဲ့ကြပါတယ်။ ဒါပေမဲ့ တစ်ခုတည်းသော အငြင်းပွားစရာ အကြောင်းတစ်ခုကလည်း ရှိနေပါတယ်။ 'တန်းတူညီမျှမှု'ဆိုတာကို ကျွန်တော်တို့ ဘယ်လိုအဓိပ္ပာယ်ဖွင့်မလဲ။ တူညီတဲ့ကျောင်းအဆောက်အဦ နှစ်ခု ရှိနေတယ်ဆိုရုံနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြင်ဆင်ချက်အမှတ် (၁၄) က ရည်မှန်းထားတဲ့ ညီမျှမှု ရှိပြီလို့ မဆိုနိုင်ပါဘူး။

"ဒါကြောင့် တန်းတူညီမျှမှုဆိုသည်မှာ ဒီပြည်နယ်ကပေးတဲ့ ပညာရေးဆိုင်ရာ အလုံးစုံနဲ့ အကျုံးဝင်တယ်လို့ ကျွန်တော်တို့ ခံယူကြရမှာ ဖြစ်ပါတယ်။

"နီးဂရိုးတွေကို ဒီနားမှာ ထိုးထည့်ရေး၊ ဟိုနားမှာ ထိုးထည့်ရေးဟာ ဒီအမှုရဲ့ အဓိကပြဿနာ မဟုတ်ပါဘူး။ ဒီအမှုမှာ ပါဝင်ခဲ့တဲ့ အင်အားစုဟာ တောင်ကယ်ရိုလိုင်းနားပြည်နယ် ဖြစ်ပါတယ်။ သူတို့ဟာ နီးဂရိုးတွေကို ကျောင်းတချို့က ထုတ်၊ တခြားကျောင်းကိုပြောင်းတာကို အတင်းအကျပ်လုပ်ခဲ့ကြပါတယ်။ ဒီလိုအလုပ်မျိုးကို ပြည်နယ်တစ်ခုက မလုပ်ရဘူးလို့ ပြင်ဆင်ချက် အမှတ် (၁၄) လို့ ဖွင့်ဆိုထားပါတယ်။ အဲဒါကြောင့် ဒီပြည်နယ်ဟာ တခြားလူတစ်စုရဲ့အပေါ်မှာ မလုပ်တဲ့အလုပ်တစ်ခုကို ကျန်တဲ့လူတစ်စုအပေါ်မှာ မပြဋ္ဌာန်းသင့်ပါဘူး" လို့ လျှောက်လဲတင်ပြပါတယ်။

အဲဒီနေ့က မာရှယ်လ်ဟာ သူ့ရဲ့လျှောက်လဲချက်ကို အလွန်ကောင်းတယ်လို့ပဲ စဉ်းစားကြည့်မိတယ်။ အဲဒီညက ကောင်းကောင်းလည်း အိပ်ပျော်ခဲ့တယ်။ ဒါပေမဲ့ နောက်တစ်နေ့မနက်မှာ *နယူးစ်အဲန်ကူးရီးယား* သတင်းစာထဲက နောက်ထပ်ခေါင်းကြီးတစ်ခုကို ဖတ်လိုက်ရတော့ သူနဲ့ အဲန်အေအေစီပီအဖွဲ့အပေါ်မှာ ဆန့်ကျင်မှု ပြင်းထန်နက်နဲပုံကို အသစ်ပြန်တွေ့လိုက်ရပြန်တယ်။

"တောင်ကယ်ရိုလိုင်းနားပြည်နယ်မှမျက်နှာဖြူတို့သည် မိမိတို့၏ဆန္ဒဖြင့် မိမိတို့၏ ကလေးများကို လူဖြူလူမည်း စုပေါင်းကျောင်းများတွင်



မာတိကာသို့ ▶▶

မထားလိုကြသည်မှာ အမှန်တရားတစ်ခုဖြစ်သည်။ တရားရုံးများက တောင်ကယ်ရိုလိုင်းနားမှ လူဖြူများအား မိမိတို့သားသမီးများကို လူဖြူလူမည်း ကျောင်းများတွင် ထားအောင်လုပ်၍ ရနိုင်မည် မဟုတ်ပေ။ ကလယ်ရင်ဒင် တရားစွဲဆိုမှုတွင် လူမည်းများ တိုးတက်ရေး အမျိုးသားအသင်းသည် ရှုပ်ထွေးမှုမှအပ မည်သည့်မျှော်လင့်ချက်များ ထားရှိသည်ကို သိရှိရန် ခက်ခဲလှပေသည်။"

နောက်တစ်နေ့တွင်လည်း *ချာလ်စ်တင်အီးဗီးနင်းပို့စ်* သတင်းစာတွင် ဝေဖန်ချက်တစ်ခု ပါလာခဲ့တယ်။

"ဤအမှုကို တရားရုံးချုပ်တွင် အဲန်အေအေစီပီအဖွဲ့မှ အနိုင်ရခဲ့လျှင် တောင်ကယ်ရိုလိုင်းနားပြည်နယ်မှ နီးဂရိုးလူမျိုးများသည် 'ရှုံးသူများ' ဖြစ်ကြပေလိမ့်မည်။"

မာရှယ်လ် နယူးယောက်ကို ပြန်ရောက်လာပြီးတဲ့နောက် ပြည်နယ်တရားရုံးရဲ့ အဆုံးအဖြတ်ကို စောင့်စားနေရတာကိုလည်း စိတ်မောရပါတယ်။ သူ့အတွက် စိတ်ငြိမ်ဆေးအဖြစ် နယူးယောက်မြို့မှာ ဘော်ဘင်ဝီစကီ အလုံအလောက် မရှိသလို တွေ့ခဲ့ရတယ်။ ဘူလ်ဝဲကလည်း နေ့စဉ်ထုတ် တောင်ကယ်ရိုလိုင်းနားပြည်နယ်က သတင်းစာခေါင်းကြီးတွေကို ပို့ပေးခဲ့တာကလည်း သူ့အတွက် အထောက်အကူ မဖြစ်ခဲ့ဘူး။ ဇွန်လ ၆ ရက်နေ့ထုတ် *နယူးစ်အဲန်ကူးရီးယား* သတင်းစာခေါင်းကြီးမှာ ထပ်ရေးထားတာတစ်ခုကို ထပ်ဖတ်ခဲ့ရပြန်တယ်။ ခေါင်းစဉ်က---

"ယဉ်ကျေးမှုအတွက် လူမျိုးရေးခွဲခြားခြင်း" တဲ့။

"တောင်ပိုင်းမှ နီးဂရိုးများကို အာဖရိကတိုက်၏ လူရိုင်းများဘဝနှင့် ကျေးကျွန်စနစ်မှ မြောက်အမေရိကတိုက်သို့ ခေါ်ဆောင်လာခဲ့ချိန်ကတည်းက ၄င်းတို့အား ကောင်းမွန်ရက်ရောစွာ ဆက်ဆံပြုစုခဲ့ပေသည်။"

"လွန်ခဲ့သော အနှစ် ၅,၀၀၀ အတွင်း၌ ယဉ်ကျေးမှု၊ စာပေ၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများတွင် မည်မည်ရရ တိုးတက်မှု ရရှိခဲ့သော



မာတိကာသို့

အာဖရိကတိုက်အနွယ် လူမျိုးအုပ်စုတစ်ခုမှာ အာဖရိကတိုက်သားများ ဖြစ်ကြသည်။ ၎င်းတို့ကို အမေရိကန်တောင်ပိုင်းပြည်နယ်များသို့ ခေါ်ဆောင်လာခဲ့ပြီး 'ခွဲခြား' ထားခဲ့သည်။"

ဒီလိုနဲ့ နောက်ထပ် ၁၅ ရက် ကြာသွားခဲ့တယ်။

ဇွန်လ ၂၁ ရက်နေ့မှာတော့ မာရှယ်လ်ဟာ ဘူလ်ဝဲထံမှ သတင်းဆိုးကို ရရှိခဲ့တယ်။ တရားသူကြီး ပတ်ကားနဲ့ တင်းမားမဲန်းတို့က လည်း လူမည်းတရားလိုများရဲ့ စွပ်စွဲချက်အားလုံးကို ဆန့်ကျင်ပြီး ဆုံးဖြတ်မဲ ပေးခဲ့တဲ့အကြောင်း သိရတော့တယ်။ ပတ်ကားနဲ့ တင်းမားမဲန်းတို့ဟာ စိတ်ပညာရှင် ကလပ်ရဲ့ အရုပ်ကလေးများနဲ့ တင်ပြတဲ့ အထောက်အထားကို ပယ်ချခဲ့ကြတယ်။ တခြားလူမှုရေးစိတ်ဝေဒနာနဲ့ ပညာရေးရှုထောင့်က တင်ပြခဲ့တဲ့ အထောက်အထားတွေအားလုံးကိုလည်း ပယ်ချခဲ့တယ်။

တရားသူကြီးရဲ့ ဆုံးဖြတ်ချက်ထဲမှာ---

"ထို့ကြောင့် တန်းတူညီမျှတဲ့ အထောက်အပံ့များကို ပေးနိုင်မယ်ဆိုလျှင် တောင်ကယ်ရိုလိုင်းနား၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများနှင့်အညီ ပြည်သူ့ကျောင်းများတွင် လူဖြူ လူမည်းခွဲခြားခြင်းသည် ပြင်ဆင်ချက် အမှတ်(၁၄) ကို ချိုးဖောက်ရာ မရောက်ဟု ကျွန်ုပ်တို့ နိဂုံးချုပ်မှတ်ချက်ချနိုင်သည်" လို့ ဖော်ပြခဲ့တယ်။

သို့သော်လည်း မာရှယ်လ်သည် တရားသူကြီး ဝေါရင်း၏ သဘော ထားကွဲလွဲသော မှတ်ချက်ကိုဖတ်ပြီး နည်းနည်းပါးပါး စိတ်သက်သာနှစ်သိမ့်မှုကို ရရှိခဲ့ရဲ့။

"လူမျိုးနှင့် ဆွေမျိုးဆက်များအကြောင်း ဆွေးနွေးချက် တစ်ခုလုံးသည် ထင်ယောင်ထင်မှားစကားများနှင့် အစွဲတို့ဖြင့် ရောထွေးနေပေသည်။ ကျွန်ုပ်တို့ ပြောဆိုခေါ်ဝေါ်နေကြသည့် မျက်နှာဖြူလူမျိုး၊ နီးဂရိုး လူမျိုးသို့မဟုတ် အခြားလူမျိုးများစသည့် အမည်များအတွက် ဖြစ်နိုင်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တွေ့ရှိနိုင်မည်လော။ မည်သူက အဆုံးအဖြတ်ပေး



မာတိကာသို့ ▶▶

မည်နည်း။ လက်တွေ့စမ်းသပ်ကြည့်ရှုလျှင် မည်သို့ရှိမည်နည်း။ သွေးအကြောင်းနှင့် သွေးရောနှောပျက်စီးမှုအကြောင်းတို့ကို ပြောလာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။

"သိပ္ပံပညာက သွေးအမျိုးအစား လေးမျိုးသာရှိကြောင်း အေ၊ ဘီ၊ အေဘီနှင့် အိုသွေးအမျိုးအစားတို့ဖြစ်ကြောင်း၊ ထိုသွေးအမျိုးအစားလေးမျိုးကို ဥရောပတိုက်သားများ၊ အာရှတိုက်သားများ၊ အာဖရိကတိုက်သားများနှင့် အမေရိကတိုက်သားများတို့တွင် တွေ့ရှိရလိမ့်မည်ဖြစ်၏။

"ထို့ကြောင့် ကျွန်ုပ်တို့သည် ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ တာဝန်မရှိသော၊ အခြေအမြစ်မဲ့သော 'လူဖြူသွေး' ကို ထိန်းသိမ်းရေးစသည့် ရည်ညွှန်းချက်များကို ဆက်လက် စဉ်းစားနေရန် မလိုအပ်တော့ပေ။ သို့ဖြစ်လျှင် ကျောင်းများတွင် မျက်နှာဖြူများအတွက် သို့မဟုတ် လူမည်းများအတွက်ဟု စာတန်းထိုးရန်အတွက် မည်သည့်လက်တွေ့စမ်းသပ်မှုဖြင့် စစ်ဆေးပါမည်နည်း။ တောင်ကယ်ရိုလိုင်းနားပြည်နယ်ဥပဒေက လူတစ်ဦးတွင် အာဖရိကမျိုးဆက်သွေး ရှစ်ပုံတစ်ပုံ (တစ်မူးဖိုး) ပါလျှင် နီးဂရိုးဟု ယူဆသည်။ အဘယ့်ကြောင့် ၁၆ ပုံ တစ်ပုံ (တစ်ပဲဖိုး) ဟု မသတ်မှတ်သနည်း။

"တရားရေးလမ်းညွှန်ချက်များ၊ ကျွမ်းကျင်သူတို့၏ တင်ပြချက်အထောက်အထားများနှင့် သာမန်ဆင်ခြင်တုံတရားတို့၏ ရှုမြင်သုံးသပ်ချက်များအရဆိုလျှင် တောင်ကာရိုလိုင်းနားပြည်နယ်တွင် သတ်မှတ်ကျင့်သုံးလျက်ရှိသည့် လူဖြူလူမည်းခွဲခြားမှု ပညာရေးစနစ်သည် ပပျောက်စေရမည်။ ယခုချက်ချင်း ပပျောက်စေရမည်ဖြစ်သည်။

"အဘယ့်ကြောင့်ဆိုသော် လူဖြူလူမည်း ခွဲခြားမှုသည် ပင်ကိုသဘာဝအခြေခံအလျောက်အားဖြင့် တန်းတူမညီမျှမှု ဖြစ်သောကြောင့်တည်း။"

မာရှယ်လ်နဲ့ လုပ်ဖော်ကိုင်ဖက်များဟာ *ဘရစ္စအမှု* အကြောင်းကို ပြန်ပြီး စဉ်းစားကြည့်လေ၊ တရားသူကြီးဝေါရင်းရဲ့ စကားလုံးများက ပိုထိ



မာတိကာသို့ ▶▶

ရောက်မှု အရေးပါလေဖြစ်ပုံကို မြင်ခဲ့မိကြတယ်။ ဝေါရင်းဟာ ချာလ်စ်တင်မြို့ရဲ့ အထက်တန်းလွှာမျိုးဆက် ငါးခုလောက်က ဆင်းသက်လာတဲ့သူဖြစ်တဲ့အတွက် သူ့ရဲ့စကားတွေဟာ ပိုအရေးကြီးတယ်။ ပြီးတော့ လူမျိုးရေးခွဲခြားရေးသမားများရဲ့ ဟန်ဆောင်မှုမျက်နှာဖုံးကိုလည်း ချွတ်ပြခဲ့တာလည်း ဖြစ်တယ်။ ခွဲခြားရေးဝါဒီတွေက သူတို့ပြည်နယ်က ပြဋ္ဌာန်းထားတဲ့ လူမည်းသီးခြားခွဲခြားရေးကိစ္စဟာ ဆရာနဲ့ ကျွန်ဆက်ဆံရေးနဲ့ ဘာမှ မဆိုင်ဘူး။ လူမည်းတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဘုရားသခင်က လူဖြူတွေအပေါ်မှာ မြင့်မားတဲ့ တစ်ပန်းသာမှု ပေးခဲ့တယ်လို့ သူတို့ ကြွေးကြော်နေကြပုံလည်း မဟုတ်ဘူးဆိုတာတွေကို တရားသူကြီး ဝေါရင်းက ဖွင့်ပြခဲ့တယ်။ သူက ကော့ကေးဆပ်(လူဖြူ)သွေးနဲ့ နီးဂရိုးသွေးဆိုတဲ့စကားတွေကို ဖြောင်ဝေဖန်ပြခဲ့တယ်။ တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာ ပြဋ္ဌာန်းထားတဲ့ လူမျိုးရေးခွဲခြား သတ်မှတ်မှုတွေဟာ အန္တရာယ်မရှိဘူး၊ အာဃာတ မရှိဘူးလို့ ကြွေးကြော်နေတဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူး ဘန်းစ်နဲ့ တခြားလူတွေရဲ့ မှားယွင်းတဲ့ အယူအဆ ကိုလည်း တိုက်ခိုက်ဝေဖန်ပြောဆိုခဲ့တယ်။

*နယူးစ်အဲန်ကူးရီးယား* သတင်းစာကတော့ ဝမ်းသာအားရနဲ့ ရေးသား ဖော်ပြခဲ့တယ်။

"ပြည်နယ်များအနေဖြင့် မိမိတို့၏ ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ထိန်းသိမ်းရေးအတွက် တရားသူကြီး သုံးဦးပါဝင်သော ပြည်ထောင်စု တရားရုံးတစ်ခု၏ အဖွဲ့သည် အများစု၏ မဲဆန္ဒဖြင့် အမေရိကန်ဒီမိုကရေစီ အခြေခံသဘောတရားများကို ထိန်းမတ်နိုင်ခဲ့သည်"

၁၉၅၁ ခုနှစ်က အရှုံးကြီးရှုံးခဲ့ရတာနဲ့ ပတ်သက်ပြီး နှစ်ပေါင်း ၃၀ ကျော်အကြာမှာ မာရှယ်လ်က ပြန်ပြောခဲ့တယ်။

"အမှုရှုံးတဲ့အကြောင်း ဘူလ်ဝဲဆီက တယ်လီဖုန်းသတင်း ရခဲ့တဲ့နေ့ကဆိုရင် ကျုပ်ရဲ့ရင်ထဲမှာ ဘယ်လောက်ခံစားခဲ့ရသလဲသိလား။ ကျုပ်ရဲ့ အရိုက်ကို ဂျာမန်လက်ဝှေ့သမား မက်စ် ရှမဲလင်း (ကမ္ဘာ့ချန်ပီယံ) ရဲ့ လက်သီးတစ်ချက် အထိုးခံလိုက်ရသလားလို့ ထင်ခဲ့မိတယ်။



မာတိကာသို့ ▶▶

"ချာလ်စ်တင် တရားခွင်မှာ ကျုပ်တို့အခွင့်အရေးကို မရခဲ့ကြဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်က တရားရေးစနစ်တစ်ခုလုံးကို လူအများရဲ့ နိမ့်ကျတဲ့ အတွေးအခေါ်တွေက လွှမ်းမိုးနေခဲ့တယ်။ လူအများရဲ့အမြင်ကိုလည်း သတင်းစာခေါင်းကြီးအယ်ဒီတာတွေရဲ့ အရေးအသားတွေက သွေးထိုးဆွပေးခဲ့တယ်။

"လွှတ်လွှတ်လပ်လပ်ရေးကြတဲ့ သတင်းစာတွေက ကျုပ်တို့ဘက်က ပါလိမ့်မယ်အထင်နဲ့ ကျုပ်တို့အမှုကို အနိုင်ရမှာပဲလို့ ကျုပ်အစက ထင်ခဲ့မိတယ်။ ဘယ်ဟုတ်ခဲ့မလဲဗျာ။ ဒီသတင်းစာတွေက လူမည်းကလေးတချို့ကို လည်ပင်း ကြိုးကွင်းစွပ်သတ်ခဲ့ကြတယ်။ *နယူးစ် အဲန်ကူးရီးယား* သတင်းစာခေါင်းကြီးကို ကျုပ်ကြမ်းပြင်ပေါ် ပစ်ချပြီး မွနေအောင် ခြေထောက်နဲ့ နင်းပစ်ခဲ့မိတယ်။ 'ပွဲမပြီးသေးဘူးကွ' လို့လည်း ကျုပ်ပါးစပ်က အော်ဟစ်ပြီး သတင်းစာကို ပြန်ပြီး ရန်တွေ့မိခဲ့တဲ့အထိ ဖြစ်ရတယ်။

"နောက်တော့ မျက်နှာဖြူအားလုံးဟာ အစွန်းရောက် ရက်စက်တဲ့လူတွေ မဟုတ်ဘူးလို့ ကျုပ်သဘောပေါက်လာခဲ့တယ်။ တောင်ကယ်ရိုလိုင်းနား ပြည်နယ်လိုနေရာမှာတောင် မယုံနိုင်စရာကောင်းလောက်အောင် အရေးကြီးတဲ့ တရားသူကြီး ဝေါရင်းလို မဟာမိတ်တစ်ဦးကို ကျုပ်တို့ တွေ့ခဲ့ကြရတယ်။ အဲဒီလို သဘောပေါက်နားလည်လာအောင် ကျုပ်တို့အတွက် အချိန်တွေ အတော်အကြာကြီး လိုအပ်ခဲ့တယ်။ ဝေါရင်းဟာ တရားရုံးတွေမှာ အခြေအနေတွေ ကောင်းသည်ထက်ကောင်းမယ့်အချိန်တွေ ရောက်လာလိမ့်မယ်ဆိုတာကို ရှေ့ပြေး သရုပ်ပြခဲ့သူတစ်ဦး ဖြစ်ခဲ့တယ်။

"တရားသူကြီး ပတ်ကားနဲ့ တင်းမားမဲန်းတို့အပေါ်မှာ စက်ဆုပ်မိတဲ့စိတ် ကျုပ်ရင်ထဲမှာ နာကြည်းတဲ့ဒဏ်ရာတွေ အနယ်ထိုင်သွားတော့ ကျုပ် သိလာတာတစ်ခုလည်း ရှိခဲ့တယ်။ ကျုပ်နဲ့ အဲန်အေအေစီပီအဖွဲ့အတွက် စိန်ခေါ်မှုတစ်ခုကတော့ တရားသူကြီး ဝေါရင်းလိုလူစားတွေ ပိုပြီးများများတွေ့အောင် ရှာကြရမယ်။ ပြီးတော့ သူတို့ဟာ ကျုပ်တို့ရဲ့ လူမျိုးရေးတရားမျှတမှု ရရှိရေးအတွက် အနစ်နာခံ ဆောင်ရွက်ပေးသူတွေ



မာတိကာသို့ ▶▶

ဖြစ်အောင် ကြိုးပမ်းရလိမ့်မယ်ဆိုတဲ့ အချက်ကို ကျုပ်သိလာတယ်။

"*ဘာရစ္စအမှု* က ကျုပ်ကို ပညာတစ်ခု သင်ပေးခဲ့တာလည်း ရှိခဲ့သေးတယ်။ ကျုပ်တို့ အဲန်အေအေစီပီအဖွဲ့ဝင်တွေဟာ ထိပ်တိုက်ရင်ဆိုင်မှုတွေကို တရားရုံးရဲ့ပြင်ပမှာ ပိုပြီးရင်ဆိုင်ဖို့ ဖြစ်လာလိမ့်မယ်။ အဲဒီ ထိပ်တိုက် ရင်ဆိုင်ရမှုတွေဟာ ၁၉၅၁ ခုနှစ်က ရုံးခဲ့တာထက်ပိုပြီး ကြေကွဲမှု၊ ပြင်းထန်မှုတွေ ဖြစ်နိုင်စရာလည်းရှိတယ်။ အဲဒါကြောင့် လူဖြူလူမည်းခွဲခြားမှု ပြဿနာကို ဖွဲ့စည်းပုံအခြေခံဥပဒေကို အသုံးပြုပြီး အေးချမ်းစွာ ဖြေရှင်းမယ်လို့ မျှော်လင့်ထားရင် ကျုပ်တို့ရဲ့ တရားရေးမဟာဗျူဟာကိုတော့ ပိုပြီး ညက်အောင်လုပ်ရလိမ့်မယ်လို့ ကျုပ်သိလာခဲ့တယ်"

အမှုကို တရားရုံးမှာ ရင်ဆိုင်ခဲ့တဲ့ ကာလတစ်လျှောက်လုံးဟာ လူသိရင်ကြား မဖြစ်ခဲ့တဲ့ ကြေကွဲမှုဇာတ်လမ်းတွေလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ တရားရုံးတော်မှာ မာရှယ်လ်က ကျွမ်းကျင်ပါးနပ်တဲ့ လျှောက်လဲမှုတွေကို တင်ပြခဲ့တယ်။ ဆမ်းမားတင်မြို့က ရှေ့နေ ရောဂျားစ်ကတော့ မာရှယ်လ် ဘယ်လိုဆက်မလဲဆိုတဲ့ လမ်းကို ကြိုးစားခန့်မှန်းရင်းနဲ့ အိုးနင်းခွက်နင်းဖြစ်နေတယ်။ မာရှယ်လ်ရဲ့ လျှောက်လဲချက်ကို ချီးကျူးနားထောင်ပြီး ရော်ဂျားစ် အိုးနင်းခွက်နင်းဖြစ်တာကို ပြုံးပြီးကြည့်ခဲ့ကြသူနှစ်ဦးကတော့ အသက် ၃၉ နှစ်အရွယ်ရှိ တရားလို ဟယ်ရီ ဘာရစ္စနဲ့ ၄၃ နှစ်အရွယ်ရှိ ဇနီးသည် အယ်လီဇာ ဘာရစ္စတို့ ဖြစ်ခဲ့ကြပါတယ်။

ဘာရစ္စတို့ဇနီးမောင်နှံဟာ တုန်လှုပ်စရာခြောက်ခြားဖွယ် ကောင်းလှတဲ့ စိတ်ဖိစီးမှုတွေကြားက တရားရုံးတော်ကိုလာပြီး အမှုကို နားထောင်ခဲ့ကြရတယ်။ ဒီအဖြစ်ကို ပြည်ထောင်စု တရားသူကြီး သုံးဦးနဲ့ တခြားသူတွေ ဘယ်သူမှ မသိခဲ့ကြဘူး။

"ခွဲခြားပြီး တန်းတူညီမျှမှု ပေးရေးစနစ်" ကို တရားစွဲဆိုခဲ့တဲ့ လူမည်းဇနီးမောင်နှံကို အမှုရုပ်သိမ်းပေးဖို့ ကလယ်ရင်ဒင်က မျက်နှာဖြူ ခေါင်းဆောင်တွေက တောင်းဆိုခဲ့ကြတယ်။ ဘာရစ္စတို့ဇနီးမောင်နှံက အမှုကို ရုပ်သိမ်းမပေးခဲ့ဘူး။ ငြင်းဆန်ခဲ့ကြတယ်။ စိုးတော့ စိုးရိမ်စရာပဲ။



မာတိကာသို့ ▸▸

သူတို့ဇနီးမောင်နှံဟာ ဆမ်းမားတင်မြို့ကလေးကို ပြန်ရောက်သွားတဲ့အခါမှာ သူတို့ စိုးရိမ်မိသလို ဖြစ်ခဲ့တော့တယ်။ ဟယ်ရီ ဘရစ္စဟာ ခါတ်ဆီဆိုင်တစ်ခုမှာ ခါတ်ဆီထည့်တဲ့အလုပ်ကနေ အဖြုတ်ခံခဲ့ရတယ်။ အယ်လီဇာ ဘရစ္စကိုလည်း သူမအလုပ်လုပ်နေတဲ့ မိုတယ်တစ်ခုက အလုပ်ထုတ်ပစ်ဖို့ မျက်နှာဖြူမျိုးကောင်စီက တောင်းဆိုခဲ့တယ်။ သူတို့တောင်းဆိုချက်ကို အဲဒီမိုတယ်က ငြင်းဆန်ခဲ့တယ်။ အဲဒီနောက်မှာတော့ အဲဒီမိုတယ်ကို အစားအသောက်တွေ ပို့ပေးတဲ့အလုပ်၊ ပင်မင်းလုပ်ပေးတဲ့အလုပ်တွေကို မျက်နှာဖြူမျိုးကောင်စီက ဝင်ပြီး ရပ်တည်တားဆီးလိုက်တယ်။ မိုတယ်ဟာ ဘယ်သူမှ မတည်းနိုင်အောင် ဘွိုင်းကောက် အလုပ်ခံရတော့မယ့်ဘေးနဲ့ ကြုံခဲ့ရတော့လည်း မစ္စက် ဘရစ္စကို အလုပ်က ဖယ်ရှားလိုက်ရတော့တယ်။

ဟယ်ရီ ဘရစ္စဟာ အထက်တန်းကျောင်း ပညာတောင် ဆုံးအောင် မသင်ကြားနိုင်ခဲ့ဘူး။ သူက လယ်ယာအလုပ်ကို ကြိုးစားလုပ်ကြည့်တယ်။ ဒါပေမယ့် သူ့ကို ဘယ်အလုပ်ရှင်ကမှ အလုပ်မပေးခဲ့ကြဘူး။ မျက်နှာဖြူတွေပိုင်တဲ့ ဝါဂွမ်းစက်တွေက သူ့ဆီက ဝါဂွမ်းထုပ်တွေကို မဝယ်ကြဘူး။ အဲဒါနဲ့ ဟယ်ရီ ဘရစ္စဟာ ဖလော်ရီဒါပြည်နယ်ကိုသွားပြီး တစ်ပတ် ၄၅ ဒေါ်လာရတဲ့ အလုပ်တစ်ခုကို သွားလုပ်ခဲ့ရတယ်။ ပညာရေး ဆယ်တန်းအထိ သင်ကြားခဲ့တဲ့ အယ်လီဇာ ဘရစ္စကတော့ ကလယ်ရင်ဒင်မှာပဲ စီးပွားရေးအဆင်မပြေမှုကို လေး နှစ် ရင်ဆိုင်ခဲ့ရတယ်။ ခင်ပွန်းသည် ဖလော်ရီဒါက ပို့ပေးတဲ့ငွေလေးနဲ့ ကလေး ငါးယောက်ကို စောင့်ရှောက်ကျွေးမွေးခဲ့ရတယ်။ အယ်လီဇာဟာ ဖလော်ရီဒါကို တစ်နှစ်လောက် လိုက်သွားခဲ့သေးတယ်။ ဒါပေမယ့် ကလေးတွေရဲ့ တောင်းပန်ချက်ကြောင့် ကလယ်ရင်ဒင်ကအိမ်ကို ပြန်လာခဲ့ ရတယ်။

ဟယ်ရီ ဘရစ္စတစ်ယောက်ကတော့ ဖလော်ရီဒါနဲ့ နယူးယောက်တို့မှာ အနှစ် ၂၀ ကြာ အချိန်ကုန်ခဲ့ရတယ်။ နောက်ဆုံးမှ သူတို့ဇာတိမြေကို ပြန်လာခဲ့တယ်။ အခုအခါမှာတော့ သူ့ရဲ့ အုတ်ဂူဟာ ကလယ်ရင်ဒင်ကောင်တီအရပ်မှာပဲ ရှိပါတယ်။



မာတိကာသို့

မစ္စက် ဘာရစ္စဟာ အခုအချိန်မှာ အသက် ၇၅ နှစ်အရွယ်ရှိ မုဆိုးမ ဖြစ်ပါတယ်။ သူမဟာ အာခံရဲတဲ့ အသိုင်းအဝိုင်းတစ်ခုရဲ့ အများကြီး အလေး စားခံနေရသူတစ်ဦး ဖြစ်နေပါပြီ။ သူမနဲ့ မိသားစုအပေါ်မှာ လူမျိုးရေး ခွဲခြားရေးသမားများရဲ့ ရန်လိုမှုနဲ့တုံ့ပြန်မှုတွေကို ပြန်ပြောခဲ့တယ်။

"ကျွန်မယောက်ျား ဟယ်ရီဟာ တရားမျှတမှုအတွက် ရပ်တည် ခဲ့တာကို ကျွန်မ အခုအထိ ဂုဏ်ယူနေမိတုန်းပဲ။ ပြန်စဉ်းစားကြည့်မိတဲ့အခါ တစ်ခါတလေ ကျွန်မ အိပ်လို့တောင် မပျော်ဘူး။ ကျွန်မတို့ ခံခဲ့ရပုံတွေနဲ့ ကျွန်မတို့ကလေးတွေ ပညာကောင်းကောင်း မသင်ကြားခဲ့ရတာတွေ ဝမ်း နည်းမိလို့၊ ကျွန်မသားသမီးတွေ တစ်ယောက်မှ ကောလိပ် မတက်ခဲ့ကြရ ဘူး"

ဆမ်းမားတင် ပြည်သူ့ကျောင်းတွေမှာ အကြွင်းအကျန်ရှိနေသေး တဲ့ လူမျိုးရေးခွဲခြားမှုစနစ်ကို တရားရုံးက လုံးဝရှင်းလင်းပယ်ဖျက်ပေးရေး အတွက် နောက်ထပ် လျှောက်လွှာတစ်စောင် လက်မှတ်ထိုးပေးဖို့ သားဂွဒ် မာရှယ်လ်က အခုရောက်လာပြီး မေတ္တာရပ်ခံရင် ဘယ်လို သဘောထားရ မလဲမေးတော့ မစ္စက်ဘာရစ္စက ---

"ကျွန်မ လက်မှတ်ထိုးမယ်။ အရင်တစ်ခါလိုပဲ ပြန်ပြီးလုပ်မှာပဲ" လို့ ချက်ချင်း ပြန်ဖြေခဲ့တယ်။

* * *

၁၉၄၀ ပြည့်လွန်နှစ်များနှင့် ၁၉၅၀ ပြည့်လွန်နှစ်များဆီက လူမည်းများအပေါ်မှာ လူဖြူတို့ရဲ့ ပြင်းထန်တဲ့ ခုခံတုံ့ပြန်မှုတွေ၊ သားဂွဒ် မာရှယ်လ်ရဲ့ တရားရေးရှေ့ဆောင်လမ်းပြ ဦးဆောင်ခဲ့မှုရဲ့ အန္တရာယ်ရှိမှု တွေကို စာရေးသူကဲ့သို့ တောင်ပိုင်းပြည်နယ်မှာသာ မွေးဖွားကြီးပြင်းခဲ့တဲ့ သူတွေသာ နားလည်နိုင်ကြပါလိမ့်မယ်။ ၄၃ နှစ်အရွယ်ရှိတဲ့ ရှေ့နေတစ်ဦးက အကြမ်းဖက်လူစုလူဝေးတွေနဲ့ ဆက်နွယ်မှုရှိနေတဲ့ တရားဥပဒေသမားများ



မာတိကာသို့

ကို စိန်ခေါ်ပြီး အမေရိကန် ရာဇဝတ်ပြစ်မှု တရားစီရင်ရေးစနစ်ရဲ့အပေါ် မိုးရပ်ပြီး မားမားမတ်မတ်နဲ့ ဩဇာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာပုံကို တောင် ပိုင်းသားလူမည်းတွေလောက် ဘယ်မျက်နှာဖြူတစ်ယောက်မှ ပိုပြီး သဘော ပေါက်ခဲ့မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ သားဂွဒ် မာရှယ်လ်ရဲ့ လက်ထဲမှာ "ဖွဲ့စည်းပုံအခြေခံ ဥပဒေ" ဆိုတဲ့ စာရွက်စာလက်နက်တစ်ခုကိုသာ ကိုင်တွယ်ခဲ့ပါတယ်။



မာတိကာသို့ ▶▶

# အခန်း (၂)

## လူသားတစ်ဦး၏ဘဝကို ဆောက်တည်ခြင်း

သာမန်အခြေအနေတွေကြားမှာ မွေးဖွားခဲ့တဲ့ လူတစ်ယောက်ကို နာမည်ကြီးကျော်ကြားသူ၊ သတ္တိရဲရင့်သူ၊ အလျှော့မပေးသူ ခေါင်းဆောင် တစ်ဦးဖြစ်လာအောင် ဘာတွေက ပြောင်းလဲပေးသလဲ။ "အခက်အခဲ အကျပ် အတည်းများကို ရင်ဆိုင်ရခြင်းသည် အဓိကသော့ချက်ဖြစ်သည်" လို့ ပညာရှိ နဲ့ ကဗျာဆရာထောင်ပေါင်းများစွာတို့က ရေးသားခဲ့ကြတယ်။

ယေရှုခရစ်တော် မပေါ်မီ နှစ်ပေါင်း ၁၈၀ လောက်က အက်ကလီ ဆီယပ်စ်တစ်ကပ်စ် (အခန်းကြီး ၂၊ အခန်းငယ် ၅) က ရေးခဲ့တယ်။

"ရွှေကို မီးနဲ့ စမ်းရတယ်။

"လက်ခံဖွယ်ရာလူကို အခက်အခဲ၊ အကျပ်အတည်းမီးဖိုထဲမှာ ထည့်ပြီး စမ်းသပ်ရတယ်" တဲ့။



မာတိကာသို့

ကျွန်တော့် (စာရေးသူ) အမေကလည်း လူတစ်ယောက်ပြောဖူးတဲ့ စကားတစ်ခွန်းကို ကိုးကားပြောခဲ့ဖူးတယ်။ ဘယ်သူဆိုတာတော့ မမှတ်မိတော့ပါဘူး။ သူ့စကားက ...

"ဘုရားသခင်က လူတို့ကို ရေနက်ထဲသို့ ခေါ်ဆောင်သွားသည်။ သူတို့ကို ရေထဲဆွဲနှစ်ရန်မဟုတ်၊ ဆေးကြောသန့်စင်ပေးရန်အတွက် ဖြစ်သည်" တဲ့။

မာရှယ်လ် ထင်ပေါ်ကျော်ကြားလာခဲ့ခြင်းနဲ့ ပတ်သက်လို့ သူ့ရဲ့ ဆွေမျိုးတချို့ရဲ့ ထင်မြင်ယူဆမှု ရှင်းလင်းချက်တချို့ ရှိခဲ့ပါတယ်။ သားရားဂွဒ် မာရှယ်လ်ကို ၁၉၀၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှာ ဘော်လ်တီမောမြို့က ဝက်သတ်ခြံကလေးတစ်ခုနဲ့ မျက်နှာချင်းဆိုင်မှာ ဝမ်းဆွဲလက်သည် တစ်ဦးက မွေးဖွားပေးခဲ့ရပါတယ်။ အဲဒီတုန်းကတည်းက ထွန်းပေါက်မယ့် လူတစ်ယောက် မွေးဖွားခဲ့ပြီလို့ တစ်ချို့က ကြိုတင်ဟောကိန်းထုတ်ခဲ့ကြ တယ်လို့ ပြောပါတယ်။ (ဒါပေမယ့် နောင်နှစ်ပေါင်း ၅၀ ကြာမှ အဲဒီလို ပြောခဲ့ကြတာလေ။) ဒါပေမယ့် ဆင်းဆင်းရဲရဲနဲ့ မွေးလာခဲ့တဲ့ ဒီ အမေရိကန် လူမည်းလေးနဲ့ ပတ်သက်လို့ဖြစ်စေ၊ သူ့ကို မွေးဖွားခဲ့တဲ့ ပတ်ဝန်းကျင်နဲ့ ပတ်သက်လို့ဖြစ်စေ သူ့အတွက် ဘာမှ ထူးထူးခြားခြား မရှိခဲ့ပါဘူး။ မာရှယ်လ်ရဲ့ မွေးစအရွယ်၊ ကလေးအရွယ်၊ လူပျိုပေါက်အရွယ် တွေမှာလည်း ဘာမှ ထူးခြားမှု မတွေ့ခဲ့ရပါဘူး။ သူဟာ အုပ်ချုပ်သူများ၊ ရှေ့နေချုပ်များ၊ တရားသူကြီးများ၊ တောင်ကယ်ရိုလိုင်းနား သို့မဟုတ် တခြား ပြည်နယ်တွေက တရားစီရင်သူတွေရဲ့ နှလုံးသားတွေထဲမှာ ကြောက်လန့်မှု ဖြစ်သွားအောင် ရိုက်သွင်းပေးဖို့ ကြီးပြင်းလာလိမ့်မယ်လို့ အကျိုးသင့် အကြောင်းသင့် တွေးတောယူစရာ တစ်ခုမှ မတွေ့ခဲ့ရပါဘူး။ တကယ်တော့ နော်မာ မာရှယ်လ်နဲ့ ဝီလျံ မာရှယ်လ်တို့မောင်နှံအတွက် သားဂွဒ် မာရှယ်လ်ကို မွေးဖွားခဲ့ခြင်းဟာ မင်္ဂလာအပေါင်းနဲ့ မခ,ညောင်းခဲ့ပါဘူး။ အမေရိကန်နိုင်ငံရဲ့ ဘယ်မြို့မှာပဲဖြစ်ဖြစ် လူမည်းကလေးတစ်ယောက် မွေးဖွားလာခြင်းဟာ နိမိတ်ကောင်းတစ်ခု မဟုတ်ခဲ့ပါဘူး။



မာတိကာသို့ ▶▶

သား၇ွဒ်ကို မွေးဖွားခဲ့တဲ့အချိန်ကလည်း အမေရိကန်နိုင်ငံမှာ ကျွန်စနစ် ချုပ်ငြိမ်းပြီး ပြန်လည်ထူထောင်ရေးခေတ် စခဲ့ပြီးတဲ့နောက်ပိုင်းမှာ လူမည်းတွေကို ဆန့်ကျင်တဲ့ဝါဒဖြန့်မှုတွေနဲ့ အကြမ်းဖက်မှုတွေ အကြီးကျယ်ဆုံး ပြင်းထန်ခဲ့တဲ့ ခေတ်ကာလ ဖြစ်ပါတယ်။

၁၉၀၆ ခုနှစ်က အတ္တလန္တာမှာ ကြောက်မက်ဖွယ်ရာကောင်းလှတဲ့ ဆူပူမှုအဓိကရုဏ်း ဖြစ်ပွားခဲ့ပါတယ်။ မျက်နှာဖြူတွေ သဘောကျတဲ့ လူမည်းခေါင်းဆောင် ဘွတ်ကာ တီ ဝေါ်ရှင်တင်ဟာ လူဖြူတွေ ပူပင်ခဲ့တဲ့ စီးပွားရေး စိုးရိမ်မှုတွေကို အလျှော့ပေးခဲ့တယ်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းခွင်တွေမှာ အမေရိကန်လူမည်းတွေ လုပ်ကိုင်ဖို့ ဆန္ဒပြင်းပြမှုတွေကို ကန့်သတ်ပေးဖို့လည်း သဘောတူခဲ့တယ်။ အဲဒီလိုအခြေအနေမှာ ရှိခဲ့တဲ့ကြားက အတ္တလန္တာအဓိကရုဏ်း ဖြစ်ပေါ်ခဲ့ပြီး မျက်လုံးပြာလေးများနဲ့ အသားအရေလည်း မမည်းလှတဲ့ နီးဂရိုးလူငယ်လေး ဝေါ်လ်တာ ဝှိုက်ရဲ့ မိသားစုဟာ အဓိကရုဏ်းကာလမှာ အသတ်ခံခဲ့ရတယ်။

၁၉၀၆ ခုနှစ်မှာ လူမျိုးရေးပြင်းထန်မှုဟာ နေရာအနှံ့အပြားမှာ ပေါက်ကွဲခဲ့တယ်။ နယူးယောက်မြို့တော် မန်ဟက်တင်မှာဆိုရင် တစ်ယူသန်ဝါဒီတွေနဲ့ လူမျိုးရေး အာဃာတထားမှုကို လက်ဖျားနဲ့တောင် အထိမခံနိုင်ကြသူတွေဟာ "ဇာတ်တူလူသား" လို့ခေါ်တဲ့ ပြဇာတ်တစ်ခုကို ကြိတ်ကြိတ်တိုး ကြည့်ရှုခဲ့ကြတယ်။ ဒီပြဇာတ်ဟာ သောမတ်စ် ဒစ်ခ်ဆင်က လူထုအကြိုက်ဆွပြီး နိုင်ငံရေးသွေးထိုးပေးတဲ့ ပြဇာတ်ဖြစ်ပါတယ်။ ပြဇာတ်ထဲမှာ သူက နီးဂရိုးတို့အတွက် တန်းတူညီမျှမှုကို စတင်ခြင်းဟာ နိုင်ငံရဲ့ အသက်သွေးကြောဘဝနိဂုံးကို စတင်ခြင်းဖြစ်တယ် လို့ လှုံ့ဆော်သတိပေးခဲ့ပါတယ်။

"ဇာတ်တူလူသား" ပြဇာတ်ဟာ ၁၉၈၈ ခုနှစ် သမ္မတ ရွေးကောက်ပွဲမှာ လူမည်းရာဇဝတ်သား ဝီလီ ဟော်တင်ကို အဓိက သားကောင်အဖြစ် အသုံးပြု မဲဆွယ်မှုရဲ့ရှေ့ပြေးဖြစ်ခဲ့တယ်။ အဲဒီ ပြဇာတ်ဟာ လူမည်းအမျိုးသားတွေက လူဖြူမိန်းမတွေကို မုဒိမ်းကျင့်ကြံမှုကို စိုးရိမ်တဲ့



မာတိကာသို့ ▶▶

ကြောက်လန့်မှုတွေကို အသားပေးဖော်ပြခဲ့လို့ဖြစ်ပါတယ်။ ဒစ်ခ်ဆင်ရဲ့ မီးထိုးပေးတဲ့ ပြဇာတ်ကို တင်ဆက်အပြီး ဆယ်နှစ်တောင် မကြာခင်မှာ အဲဒီပြဇာတ်ဟာ "နိုင်ငံတစ်ခုပေါက်ဖွားခြင်း" ဆိုတဲ့ ရုပ်ရှင်ကား တစ်ကား အဖြစ် ထွက်လာခဲ့တယ်။ အဲဒီရုပ်ရှင်မှာ လူမည်းတွေရဲ့ တဏှာရာဂစိတ်၊ မုဒိမ်းကျင့်မှုနဲ့ ကြမ်းတမ်းမှုဒေါသတွေကို ပြသတဲ့ အကွက်တွေ ပါဝင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးရဲ့ အသိအာရုံတွေကို ညစ်ညမ်းဖို့ ဖြစ်စေခဲ့ပါတယ်။ အဲဒီကာလဖြစ်တဲ့ ၁၉၀၆ ခုနှစ်အတွင်းက "ဇာတ်တူလူသား"ဟာ နယူးယောက်မြို့မှာ အလွန်လူကြိုက်များခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ နယူးယောက်မြို့မှာ ၂၀ ရာစုနှစ်မစမီ ဆယ်နှစ်အတွင်း လူမည်း ဦးရေ ၅၀ ရာခိုင်နှုန်း တိုးလာခဲ့တယ်။ ၄၂,၈၁၆ ဦးကနေ ၆၅,၈၉၄ ဦးအထိ တိုးလာတာကို နယူးယောက်မြို့သူမြို့သားတွေက အထိတ်တလန့် ဖြစ်ခဲ့ကြလို့ပါပဲ။

သားဂွဒ် မာရှယ်လ်ကို ပဋိသန္ဓေတည်ခဲ့တဲ့ ၁၉၀၇ ခုနှစ်မှာ အမေရိကန်နိုင်ငံက လူမည်းတွေရဲ့ အခြေအနေများဟာ ပိုပြီး ဆိုးဝါးလာခဲ့တယ်။ တောင်ပိုင်းမှာ လူမည်းတွေ မဲပေးခွင့် မရအောင် စနစ်တကျ ဝိုင်းလုပ်ခဲ့ကြတယ်။ တချို့သော ပြည်နယ်တွေနဲ့ လူ့အသိုင်းအဝိုင်းမှာ လူမည်းတွေကို ရေးတတ်၊ ဖတ်တတ်အောင် စာသင်ပေးခြင်းကို တရားဥပဒေအရ ခွင့်မပြုအောင် လုပ်ခဲ့ကြတယ်။ မြောက်ပိုင်းမြို့ကြီးတွေမှာ လူမည်းတွေကို ပထမဆုံး စမြင်ခဲ့ကြတာနဲ့ လူမည်းတွေကို ခွဲခြားဖို့ လုပ်ခဲ့ကြတယ်။ လူမည်းတွေကို ကျောင်းတွေမှာ၊ လုပ်ငန်းခွင်တွေမှာ၊ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေမှာ၊ ပြီးတော့ ခွဲခြားသတ်မှတ်ဖို့ လိုအပ်တယ်လို့ ဥပဒေပြုသူများက ယူဆတဲ့ တခြားနေရာတွေမှာ လူမည်းတွေကို ခွဲခြားဖို့ ဥပဒေတွေ ပြဋ္ဌာန်းခဲ့ပါတယ်။

အဲဒီလို အမေရိကန်မြောက်ပိုင်းမှာ နီးဂရိုးဆန့်ကျင်မှု လှိုင်းဂယက်တွေ လိမ့်တက်လာခဲ့ရခြင်းဟာ တောင်ပိုင်းက လူမျိုးခွဲခြားရေး စိတ်ဓါတ် ပြင်းထန်သူများနဲ့ မြောက်ပိုင်းက အလွန်ပဲသြဇာရှိလှတဲ့ စာနယ်ဇင်းများရဲ့ စိတ်ဓါတ်ကျစရာကောင်းတဲ့ မဟာမိတ်ပြုခဲ့ကြတဲ့အတွက်



မာတိကာသို့ ▶▶

ကြောင့် ဖြစ်ခဲ့ရပါတယ်။ ၁၉၀၇ ခုနှစ်မှာ *ဆက်တာဒေး အီးဗီးနင်း ပို့စ်* သတင်းစာမှာ ဟဲရစ္စ ဒစ်ခ်ဆင် ဆိုသူက မစ္စစ္စပီးပြည်နယ်အုပ်ချုပ်ရေးမှူး ဂျိမ်းစ် ကေ ဗာဒါမဲန်းပြောခဲ့တာကို ကိုးကားပြီး "အမေရိကန်နိုင်ငံက နီးဂရိုး တွေအတွက် ဘာလုပ်သင့်သလဲ" ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ဖော်ပြခဲ့ ပါတယ်။ ဆောင်းပါးထဲမှာ ဒီလို ပါခဲ့ပါတယ်။

"နီးဂရိုး မဲပေးခွင့်ကိစ္စကို မည်သည့်အခါကမှ ယုံကြည်စိတ်ချစွာ ဆောင်ရွက်ပေးခြင်း မပြုလုပ်သင့်ပါ။ နီးဂရိုးသည် လူဖြူနှင့် ကွာခြားပါ သည်။ သူသည် နိုင်ငံသားတစ်ဦး၏ တာဝန်အရှိဆုံးသော တာဝန်ကို ကျင့် သုံးရန် မွေးကတည်းက အရည်အချင်း မရှိသူ ဖြစ်ပါသည်။ သူသည် ရုပ်ဝတ္ထုပိုင်းအရဖြစ်စေ၊ စိတ်ဓါတ်ပိုင်းအရဖြစ်စေ၊ ကိုယ်ကျင့်တရားပိုင်းအရ ဖြစ်စေ၊ လူမျိုးရေးအပိုင်းအရဖြစ်စေ၊ ထာဝရအချိန်ကာလပိုင်းအရဖြစ်စေ လူဖြူထက် ညံ့ဖျင်းအောက်တန်းကျပါသည်။ သူသည် မဲဆန္ဒရှင်တွင် လူဖြူ နှင့်အတူ ဘေးချင်းယှဉ်ရပ်ခွင့်အတွက် သူ၏ လူမျိုးရေးသမိုင်းတွင်လည်း ဘာတစ်ခုမှ မရှိခဲ့ပါ။ တစ်ဦးချင်း၏ အကျင့်စာရိတ္တပိုင်းတွင်လည်း ဘာမှ မရှိခဲ့ပါ။ အနာဂတ်အတွက် သူ၏ ကတိပြုချက်များကြောင့်လည်း သူ့အား မဲပေးခွင့်အတွက် လူဖြူတို့နှင့် ဘေးချင်းယှဉ်ပြီး ရပ်ပိုင်ခွင့် မရှိပါ"

"ကျွန်ုပ်တို့သည် အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံ၏ ပြင်ဆင် ချက် အမှတ်(၁၄) ကို ဖျက်သိမ်းပြီး သင့်တင့်အောင် ပြန်လည်ပြင်ဆင် ရေးသားကြရမည်။ သို့မှသာ နီးဂရိုးတို့၏ လူမျိုးရေးထူးခြားမှုများကို ကျွန်ုပ် တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေကစဉ်းစားပြီး သူတို့နှင့် သင့်တော်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးနိုင်စွမ်း ရှိလိမ့်မည် ဖြစ်ပါတော့သည်"

သားဂွဒ်ကို မွေးဖွားပြီးတဲ့နောက် တစ်လအကြာမှာ အီလီနွိုင်းပြည် နယ် စပရင်းဖီးလ်မြို့မှာ ထိတ်လန့်ဖွယ်ရာ အဓိကရုဏ်းဖြစ်ခဲ့တယ်။ အဲဒီ အဖြစ်အပျက်ဟာ တစ်နိုင်ငံလုံးကို တုန်လှုပ်စေခဲ့တယ်။ မျက်နှာဖြူအမျိုး သမီးတစ်ဦးက သူ့ကို လူမည်းတစ်ဦးက မုဒိမ်းကျင့်တယ်လို့ မှားယွင်းစွာ အော်ဟစ်မှုကြောင့် လူမည်းနှစ်ဦးဟာ လည်ပင်းမှာ ကြိုးကွင်းစွပ်ပြီး



မာတိကာသို့

ကြိုးဆွဲအသတ်ခံခဲ့ရပါတယ်။ လူမည်းတွေ အတော်များများ သေဆုံးခဲ့ကြရတယ်။ စပရင်းဖီးလ်မြို့ပေါ်ကို ပြောင်းရွှေ့နေထိုင်ခဲ့ကြတဲ့ လူမည်းထောင်ပေါင်းများစွာကိုလည်း မြို့ပေါ်က နှင်ထုတ်ခဲ့ကြတယ်။ အဲဒီအခိကရုဏ်းဟာ ကျွန်စနစ်ကို ဖျက်သိမ်းခဲ့တဲ့ သမ္မတ အေဘရာဟင် လင်းကင်းမွေးဖွားရာအရပ်မှာ ဖြစ်ခဲ့ပြီး စပရင်းဖီးလ်က အဆင့်အတန်းအမြင့်ဆုံးဆိုတဲ့ မျက်နှာဖြူကြေးရတတ်တွေရဲ့ ဦးဆောင်အားပေးမှုကို ရရှိခဲ့ကြတယ်။ အဲဒါကြောင့် အမေရိကန်တစ်နိုင်ငံလုံးမှာ ကျေနပ်အားရစွာ စောင့်ကြည့်သူတွေရှိသလို စိတ်ပျက်လက်ပျက်ဖြစ်ပြီး ဒေါသခြောင်းခြောင်းထွက်ကာ ရက်စိတ်နဲ့ စောင့်ကြည့်သူတွေရှိခဲ့ကြတယ်။

ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး စောင့်ကြည့်ခဲ့ရသူများတွင် ဝီလျံ အင်းဂလစ်ရှ် ဝေါလင်းဆိုသူတစ်ဦး ပါဝင်ခဲ့ပါတယ်။ သူဟာ တောင်ပိုင်းဒေသဇာတိ လူမျိုးတစ်ယောက်ဖြစ်ပါတယ်။ ဝေါလင်းဟာ *အင်ဒီပဲန်းဒင့်* သတင်းစာအတွက် ဆောင်းပါးတစ်ပုဒ် ရေးပေးခဲ့ရာမှာ စပရင်းဖီးလ်မှာဖြစ်ခဲ့တဲ့ လူမည်းတွေအပေါ် ရန်လိုရက်စက်မှုတွေကို မိမိရရ ဖော်ပြခဲ့တယ်။

ဝေါလင်းရဲ့ဆောင်းပါးဟာ မေရီ ဝှိုက် အိုဗင်တင် ဆိုတဲ့ မျက်နှာဖြူအမျိုးသမီးတစ်ဦးရဲ့ နှလုံးသားကို လောင်ကျွမ်းစေခဲ့ပါတယ်။ အိုဗင်တင်ဟာ တောင်ပိုင်းဒေသက လူမည်းတွေအကြားမှာ လူမှုဝန်ထမ်းအလုပ်တွေကိုလုပ်ခဲ့သူဖြစ်တယ်။ လောလောဆယ်မှာတော့ နယူးယောက်မြို့ရဲ့ လူမည်းရပ်ကွက်တစ်ခုက အခန်းတွဲအိမ်လေးတစ်ခုမှာ နေထိုင်နေပါတယ်။ သူမဟာ နယူးယောက်မြို့တော်ကြီးကို "အလားအလာရှိသောနယ်မြေ" လို့ထင်ပြီး ပြောင်းရွှေ့လာခဲ့ကြတဲ့ ကျွန်ဟောင်းများရဲ့ သားမြေးတွေ ဘယ်လိုဖြစ်နေသလဲဆိုတဲ့ အမှန် တရားတွေကို စူးစမ်းပြီး ကောက်သင်းကောက်ကြည့်ဖို့ ကြိုးစားနေခဲ့ပါတယ်။

အိုဗင်တင်ဟာ ဝေါလင်းထံကို စာရေးပြီး သူတို့နှစ်ယောက်ရယ်၊ နယူးယောက်မြို့တော်ဝန် ဂျွန်ပါရွိုင်း မစ်ချယ်လ်ရဲ့ရုံးမှာ ဩဇာရှိတဲ့ ဟဲန်နရီ မော်စကိုးဝစ်ဇ်တို့ တွေ့ဆုံရေးကို မေးလိုက်တယ်။ သူတို့သုံးယောက်ဟာ



မာတိကာသို့

မျက်နှာဖြူတွေဖြစ်ကြတယ်။ အိုဗင်တင်ရဲ့စကားအရ "တစ်ယောက်က တောင်ပိုင်းသား၊ တစ်ယောက်က ဂျူး(သူမ)၊ တစ်ယောက်က ကျွန်စနစ် ဖျက်သိမ်းရေးဝါဒီတစ်ဦးရဲ့ကလေး" လို့ဆိုပါတယ်။ သူတို့သုံးဦး တွေ့ဆုံခဲ့ကြပြီးတဲ့နောက် "နီးဂရိုးပြဿနာညီလာခံ" တစ်ခု ကျင်းပရေးကို လင်းကင်းရဲ့ မွေးနေ့ဖြစ်တဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ စတင် လှုံ့ဆော်ဖို့နဲ့ စိတ်ဝင်စားသူတိုင်း တက်ရောက်စေရန် တစ်နိုင်ငံလုံးကို ဖိတ်ခေါ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

သူတို့ရဲ့ လူမျိုးရေးတရားမျှတမှုကို မြှင့်တင်ပေးရေးစီမံကိန်းဟာ စာနယ်ဇင်းရဲ့ အကူအညီ မရရင် သေသွားမှာပဲဆိုတာကို သူတို့သုံးယောက်က သိခဲ့ကြတယ်။ ဒါကြောင့် သူတို့ဟာ *နယူးယောက် အီးဗင်းနင်း ပို့စ်* ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဖြစ်သူ အော့စ်ဝေါလ်ဒ် ဂယ်ရီဆင် ဗီးလတ်ကို သွားပြီးတွေ့ခဲ့ကြတယ်။ ဗီးလတ်ဟာ လူမည်းကျေးကျွန်စနစ်ကို ဆန့်ကျင်တဲ့သူတွေထဲက နာမည်အကြီးဆုံး ကျွန်စနစ်ရဲ့ ရန်သူကြီးဖြစ်သူ ဝီလျံ လွိုက်ဒ် ဂယ်ရီဆင်ရဲ့မြေး ဖြစ်ပါတယ်။ ဗီးလတ်က သူတို့ရဲ့ ကြိုးပမ်းအားထုတ်မှုကို သူ့ရဲ့ နှလုံးသားစိတ်ဓါတ် စွမ်းအားရှိသမျှတို့နဲ့ ပံ့ပိုးကူညီပါ့မယ်လို့ ကတိပေးခဲ့တယ်။

၁၉၀၉ ခုနှစ်မှာ အမေရိကန်လူမည်း ၁၂ သန်းရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးဩဇာအာဏာ အလွန်နိမ့်ကျခဲ့ပုံဟာ ကြောက်မက်ဖွယ်ရာ၊ စိတ်ပျက်ဖွယ်ရာကောင်းပုံကို အထင်အရှား ပြသခဲ့ပါတယ်။ ဒါပေမဲ့ အမေရိကန် လူမည်းတွေရဲ့ အနာဂတ်ကို ထိထိရောက်ရောက် ပြောင်းလဲပေးစေမယ့် ခြေလှမ်းသစ်တွေကို မျက်နှာဖြူ လေးဦးသာပါတဲ့ အဖွဲ့က စတင်လှမ်းခဲ့နိုင်ပါတယ်။

အမေရိကန်လူမည်းတို့ရဲ့ လူဦးရေအင်အားဟာ များလှပေမယ့် ၁၉၀၉ ခုနှစ်မှာ လူမည်းတွေအဖို့ နိုင်ငံရေးဩဇာ ဘာမှ မရှိခဲ့ကြပါဘူး။ အကြောင်းကတော့ လူမည်းအများစုမှာ မဲပေးနိုင်ခွင့် မရှိခဲ့လို့ ဖြစ်ပါတယ်။ လူမည်းတွေဟာ စီးပွားရေးခနေအင်အားလည်း မရှိခဲ့ကြဘူး။ ဒါကြောင့်နိုင်ငံ



မာတိကာသို့ ▶▶

ရေးခေါင်းဆောင်တွေရဲ့ ရွေးကောက်ပွဲ၊ မဲဆွယ်တရားဟောပြောမှု အစီအစဉ်တွေအတွက် ရန်ပုံငွေ မထည့်နိုင်တဲ့လူမည်းတွေဟာ နိုင်ငံရေးခေါင်းဆောင်တွေအပေါ်မှာ ဩဇာမလွှမ်းနိုင်ခဲ့ကြဘူး။ အမေရိကန်နိုင်ငံရဲ့ အဓိက စာနယ်ဇင်းအပိုင်းမှာလည်း လူမည်းတွေဟာ အရေးမပါခဲ့ဘူး။ *နယူးယောက် အီးဗင်းနင်း ပို့စ်* လို သတင်းစာကြီးမှာ အသိမိတ်ဆွေ တစ်ဦးနှစ်ဦးသာ ရှိခဲ့တယ်။ အမေရိကန်လူမည်းတွေ လွတ်လပ်ခွင့်ရရေးနဲ့ အမေရိကန်နိုင်ငံကို ကြီးမားတဲ့ နိုင်ငံဖြစ်လာအောင် လှုံ့ဆော်တွန်းပို့ပေးခဲ့တဲ့ စွမ်းစွမ်းတမံ ပုဂ္ဂိုလ်များရဲ့ အတ္ထုပ္ပတ္တိတွေထဲမှာ ဝေါလင်း၊ အိုဗင်တင်၊ မော်စကိုးဝစ်ဇ် နဲ့ အထူးသဖြင့် ဗီးလတ်တို့ရဲ့ နာမည်တွေကို ဘယ်တော့မှ ချန်ထားလို့မရပါဘူး။

ဗီးလတ်ဟာ စီးပွားရေးအရ တည်ငြိမ်မှုမရှိတဲ့ သူ့သတင်းစာရဲ့ အနေအထားနဲ့ သူ့ရဲ့ ပုဂ္ဂိုလ်ရေးနာမည်ကျော်ကြားလူသိများမှုတွေကို မမှုဘဲ စွန့်စားလုပ်ဆောင်ပေးခဲ့တယ်။ သူက လင်းကင်းရဲ့ ရာပြည့်မွေးနေ့ အထိမ်းအမှတ်နေ့မှာ တစ်နိုင်ငံလုံးနဲ့ အကျုံးဝင်တဲ့ အစည်းအဝေးတစ်ခု ခေါ်ဆိုရေးကို အများသိအောင် သူ့သတင်းစာထဲက ကျယ်ကျယ်ပြန့်ပြန့် ရေးသားပေးခဲ့တယ်။ ဒီသတင်းကို သူဩဇာညောင်းတဲ့ တခြားစာနယ်ဇင်း တွေမှာလည်း ဖော်ပြပေးအောင် လုပ်ပေးခဲ့တယ်။

အမေရိကန်တစ်နိုင်ငံလုံးရဲ့ အသိစိတ်ကို သတိပေး နှိုးဆော်ရေးသားပေးခဲ့တဲ့ ဗီးလတ်ရဲ့ လှုံ့ဆော်မှုဟာ လင်းကင်းရဲ့ (ကျွန်တို့၏) လွတ်မြောက်မှု ကြေညာစာတမ်းနဲ့ တန်းတူအရေးပါခဲ့တယ်လို့ ဗီးလတ်ရဲ့ အပေါင်းအသင်းတွေက ပြောဆိုခဲ့ကြပါတယ်။ သူ့ကြောင့် နောင်သော အခါမှာ သားဂွဒ် မာရှယ်လ် လုပ်ကိုင်ဆောင်ရွက်ပေးစရာ အဖွဲ့အစည်း တစ်ခုကို အသက်သွင်းပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်ပြည်သူ အများစုရဲ့ အသိစိတ်တွေမှာ လူမည်းတွေအတွက် ပြည်သူ့အခွင့်အရေးကို မစဉ်းစားမိတဲ့ ကာလမှာ အဲဒီအသင်းကြီးကို ပေါ်ပေါက်လာစေခဲ့တာ ဖြစ်ပါတယ်။



မာတိကာသို့

ဗီးလတ်က ရဲရင့်စွာ ရေးသားခဲ့ရာမှာ " အမေရိကန်နိုင်ငံရဲ့ တောင်၊ မြောက်၊ အနောက်အရပ်တွေမှာ နီးဂရိုးတွေအပေါ် အသက်အရွယ်၊ ကြီးငယ် မရွေး၊ လိင်မရွေးဘဲ တရားဥပဒေမဲ့စွာ တိုက်ခိုက်မှုများ ကျယ်ပြန့်လာခြင်းကြောင့် ပြည်သူတွေအတွက် ပြည်သူတွေက အုပ်စိုးတဲ့ ပြည်သူ့ အစိုးရဟာ ကမ္ဘာမြေကြီးပေါ်က ပျောက်ကွယ်မသွားစေရဘူးလို့ ယုံကြည်တဲ့ စာရေးသူ ကို တုန်လှုပ်ချောက်ချားစေခဲ့ကြောင်း---"

" ဒါကြောင့် လက်ရှိဖြစ်ပေါ်နေသော မကောင်းဆိုးဝါး ဖြစ်မှုများကို ဆွေးနွေးရန်၊ တစ်ခဲနက် ဆန့်ကျင်ကန့်ကွက်မှုများပြုလုပ်ရန်နဲ့ လူမှုရေးနဲ့နိုင်ငံရေး လွတ်လပ်ခွင့်အတွက် အသစ်တစ်ဖန် ရှန်းကန်ကြိုးပမ်းရန်အတွက် ဒီမိုကရေစီကို ယုံကြည် သူအားလုံး ဤအမျိုးသား ညီလာခံကြီးသို့ တက်ရောက်ကြပါရန် ကျွန်ုပ် တို့က နှိုးဆော်ဖိတ်ခေါ် လိုက်ရပါသည်" ဟု ရေးသားခဲ့ပါတယ်။

ညီလာခံကြီးမှာ ဗီးလတ် မိန့်ခွန်းပြောဆိုတာကို ထင်ရှားပြီး သြဇာတိက္ကမရှိသူတချို့က အာရုံစိုက်နားထောင်ပြီး တုံ့ပြန်မှုပေးခဲ့ကြပါတယ်။ ဗီးလတ်ကို ထောက်ခံကြောင်း လက်မှတ်ရေးထိုးခဲ့ကြတယ်။ ဒါပေမဲ့ အခက်အခဲ ပြဿနာများစွာကိုလည်း ရင်ဆိုင်ခဲ့ရတယ်။

ညီလာခံကို တက်ရောက်လာတဲ့ အသိစိတ်ဓါတ်ရှိသူ အများစုဟာ ငွေကြေး မပြည့်စုံသူတွေ ဖြစ်ခဲ့ကြတယ်။ ပါဝင်လှုပ်ရှားတဲ့ လူမည်းဦးရေက နည်းလွန်းလှတယ်။ အဲဒီ ပထမဆုံးအကြိမ် အစည်းအဝေးအကြောင်းကို အိုဗင်တင်က ပြန်ရေးသားခဲ့ရာမှာ "၁၉၀၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့က ကူးပါးယူနီယံမှာ ကျင်းပခဲ့တဲ့ ပထမဆုံး အစည်းအဝေးကို တက်ရောက်ခဲ့ကြတဲ့ မျက်နှာဖြူတွေထဲမှာ ဘာသာတရား ရိုသေကိုင်းရှိုင်းသူများ၊ လူမှုရေးနဲ့ ပညာရေးလောကမှာ လုပ်ကိုင်ဆောင်ရွက်နေကြသူများဟာ တစ်နိုင်ငံလုံး လူ့အသိုင်းအဝိုင်းမှာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို မဖြစ်စလောက်လေးလောက် မတောင်းဆိုဘဲ အပြည့်အဝ ရရှိရေးကို တောင်းဆိုနေတဲ့ နီးဂရိုးလူမျိုးကို ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြပါတယ်"



မာတိကာသို့ ▶▶

၁၉၀၉ ခုနှစ်၊ အစည်းအဝေးကြီးမှာပဲ အဲန်အေအေစီပီခေါ် လူမည်းများတိုးတက်ရေးအမျိုးသားအသင်းကို စတင်ဖွဲ့စည်း ခဲ့ပါတယ်။ ဒါပေမယ့် မျက်နှာဖြူတွေကြီးစိုးတဲ့ အဲန်အေအေစီပီအသင်းကြီးဟာ တာရှည်ခံမယ် မဟုတ်ဘူးဆိုတာကို ပညာတတ်လူမည်းတစ်ဦးဖြစ်ပြီး တိုက်ခိုက်လိုစိတ် ပြင်းထန်သူလည်းဖြစ်တဲ့ ဒေါက်တာ ဒူ ဘွိုက်စ်က နောက် နှစ်လောက်မှာသိလာခဲ့တယ်။ သူတို့အသင်းဟာ ၁၉၀၅ ခုနှစ်က လူမည်း တွေနဲ့ ဖွဲ့စည်းခဲ့တဲ့ နိုင်ယာဂရာ လှုပ်ရှားမှုအဖွဲ့နဲ့ ပူးပေါင်းမှဖြစ်မယ်လို့ စဉ်းစားခဲ့တယ်။

နိုင်ယာဂရာလှုပ်ရှားမှုအဖွဲ့က အောက်ပါအချက်တွေကို တောင်း ဆိုခဲ့ပါတယ်။

* လွတ်လပ်စွာပြောဆိုခွင့်နှင့် ဝေဖန်ခွင့်
* အထောက်အပံ့ကင်းပြီး နှောင်ကြိုးမဲ့ သတင်းစာလွတ်လပ်ခွင့်
* အရွယ်ရောက်သူ အမျိုးသားတိုင်း မဲဆန္ဒပေးခွင့် (အမျိုးသမီးများ မပါ)
* လူမျိုးရေးနှင့် အသားအရောင်တို့ကို အခြေခံသည့် လူမျိုးရေး ခွဲခြားမှုအားလုံး ဖျက်သိမ်းရေး
* လက်ငင်း လက်တွေ့ကျကျ ဝါဒအဖြစ် လူသားအချင်းချင်း ညီအစ်ကိုစိတ်ဓါတ် ထားရှိရေးဝါဒကို အသိအမှတ်ပြုရေး
* အမြင့်မားဆုံးနှင့် အကောင်းဆုံး လေ့ကျင့်ပြုစု ပျိုးထောင် ပေးမှုကို မည်သည့်လူမျိုးတစ်မျိုး (သို့မဟုတ်) လူတန်း စားတစ်ရပ်၏ လက်ဝါးကြီးအုပ်မှု မဖြစ်စေရန် အသိ အမှတ်ပြုရေး
* လုပ်အားတန်ဖိုး ချစ်မြတ်နိုးသော ဂုဏ်သိက္ခာကို ယုံကြည်မှု ရှိရေး



မာတိကာသို့ ▸▸

ဒူ ဘွိုက်စ်နဲ့ နိုင်ယာဂရာလှုပ်ရှားမှုအဖွဲ့မှာ ပါဝင်ကြတဲ့ တခြားပုဂ္ဂိုလ်တွေဟာ သမ္မတအိမ်ဖြူတော်ပေါ်မှာရော၊ အမေရိကန်မျက်နှာဖြူလောကမှာရော၊ အားကောင်းတဲ့ တခြားလူ့အဖွဲ့အစည်းတွေအပေါ်မှာရော ဩဇာသက်ရောက်မှု နည်းနည်းလေးမှ မရှိကြဘူး။ ဒါကြောင့် သူတို့တစ်တွေဟာ အိုဗင်တင်နဲ့ ဗီးလတ်တို့လို တိုက်ပွဲဝင်နေသူတွေနဲ့ ချက်ချင်းလက်တွဲခဲ့ကြတယ်။ လူမည်းများ တရားမျှတမှု ရရှိရေးအတွက် လူမျိုးစုံပါဝင်တဲ့ အင်အားစုတစ်ခုကို ဖန်တည်းယူခဲ့ကြရတယ်။

လူမည်းများ တန်းတူညီမျှမှုအခွင့်အရေးကို အာမခံချက်ပေးရေးအတွက် "ပြည်သူ့အခွင့်အရေးအဖွဲ့အစည်း" တစ်ခုကို ဖွဲ့စည်းမယ်ဆိုရင်လည်း ရေရှည်တည်တံ့နိုင်မှာ မဟုတ်ဘူး။ လူဖြူတွေများလွန်းတာ၊ ဂျူးတွေများလွန်းတာ၊ လူမည်းဦးရေက နည်းလွန်းတာတွေ ဖြစ်နိုင်တယ်။ နာမည်ကြီးတဲ့ လူဖြူတွေက သူတို့ရဲ့ ဌာနန္တရတံဆိပ်ပါ စာရွက်စာတမ်းတွေသုံးပြီး အဲန်အေအေစီပီရဲ့ ရည်ရွယ်ချက်တွေအတွက် ဒေါ်လာငွေ နည်းနည်းပါးပါး ပေးကြတယ်ထားဦး။ အဓိကအကျဆုံးကတော့ ငွေကြေးပြည့်စုံမှု ရှိမှာမဟုတ်ဘူး။

အဲဒီလို အဲန်အေအေစီပီ အသင်းကြီးကို တည်ထောင်ဖွဲ့စည်းနေတဲ့ ကာလမှာပဲ နောင်တစ်ချိန်မှာ **Mr. NAACP** လို့ ထင်ရှားလာမယ့် သားဂွဒ် မာရှယ်လ်ဟာ သူ့ရဲ့မိဘများနဲ့အတူ ၁၉၀၈ ခုနှစ်မှာ ဘော်လ်တီမောမြို့ကနေ နယူးယောက်မြို့သို့ ပြောင်းရွှေ့နေထိုင်ရာမှာ ပါခဲ့ပါတယ်။ အဲဒီလို အကြီးအကျယ် ပြောင်းရွှေ့နေထိုင်မှုတွေဟာ မြောက်ပိုင်းမြို့ကြီးတွေက မျက်နှာဖြူတွေကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့တဲ့ ကိစ္စဖြစ်ပါတယ်။ ဒါပေမယ့် "ဇာတ်တူလူသား" ပြဇာတ်နဲ့အတူ ဒစ်ခ်ဆင်၊ ဗာဒါမဲန်းနဲ့ တခြားပုဂ္ဂိုလ်တို့ရဲ့ လူမည်းရှုတ်ချမှု တရားတွေကြောင့် လူမည်း မာရှယ်လ်တို့မိသားစုကို ကြိုဆိုလက်ခံတဲ့ အရိပ်အယောင် မတွေ့ခဲ့ရဘူး။ ဒီလိုနဲ့ ငါးနှစ်ကျော် စိတ်ပျက်လက်ပျက် နေထိုင်အပြီးမှာ သူတို့မိသားစုဟာ စိတ်လျှော့ပြီး ဘော်လ်တီမောမြို့ကို ပြန်လာခဲ့ကြတော့တယ်။ သားဂွဒ်ဟာ



မာတိကာသို့

သူ့အမေရဲ့မောင် သူ့ရဲ့ဦးရီးတော် ဖီးယားလက်စ် ဝီလျံရဲ့အိမ်မှာ နေကြရတယ်။

အစစ်အဆေး အမေးအမြန်း မရှိဘဲ လူမည်းတွေကို လည်ပင်းကြိုးကွင်းစွပ်ပြီး သတ်ဖြတ်တဲ့ ဇာတ်လမ်းတွေကလည်း အသက်ရလာတဲ့ နော်မာနဲ့ ဝီလျံ မာရှယ်လ်တို့ ဇနီးမောင်နှံရဲ့ ဘဝမှာ နလုံးနာစရာ ဖြစ်ခဲ့တယ်။ လူစုလူဝေး လူအုပ်ကြီးရဲ့ လက်ချက်နဲ့ ၁၈၉၂ ခုနှစ်မှာ ၂၃၅ ဦးနဲ့ ၁၈၉၃ ခုနှစ်မှာ ၂၀၀ ဦး သေဆုံးခဲ့ကြတယ်။ သားဂွဒ် မာရှယ်လ်ကို ပဋိသန္ဓေ တည်ခဲ့တဲ့ ၁၉၀၇ ခုနှစ်မှာတော့ ၆၃ ဦးသာ အသက်ဆုံးရှုံးခဲ့ရ တယ်။ မာရှယ်လ်တို့ မိသားစုဖြစ်စေ၊ တခြားလူမည်း ဇနီးမောင်နှံဖြစ်စေ အပတ်စဉ် သတင်းစာမှာပါတဲ့ အဖြစ်အပျက်များနဲ့ စာတန်းခေါင်းစီးတွေကို ဖတ်ရတာ ဘယ်တော့မှ မရိုးနိုင်ခဲ့ကြဘူး။

"နွားမတစ်ကောင် ခိုးမှုအတွက် လည်ပင်းကြိုးကွင်းစွပ် သတ်ပစ်လိုက်ကြခြင်း" (လူဝီစီရဲနားပြည်နယ်၊ ကရက်ဆင့်မြို့သတင်းစာပါ စာတန်းခေါင်းစီး)

"တနင်္ဂနွေနေ့က လည်ပင်းကြိုးကွင်းစွပ်ပြီး အသတ်ခံခဲ့ရသော လူမည်းအား လူတစ်သောင်း ကြည့်ရှုခြင်း"

"မယ်ရီလဲန်းပြည်နယ်တွင် လူဖြူအုပ်ကြီး၏ ရက်ရက်စက်စက် သတ်ခြင်းခံခဲ့ရသည့် ကိုယ်တစ်ပိုင်း ဝတ်လစ်စလစ် အလောင်းအား တနင်္ဂနွေ နေ့က ငေးကြည့်ခဲ့ကြသည့် လူအုပ်ကြီးထဲတွင် ဝတ်ကျောင်းတက် ကျောင်းသားလေးများ ပါဝင်ခဲ့ကြသည်"

အထက်ပါတို့မှာ မာရှယ်လ်တို့မြို့ထုတ် *ဘော်လ်တီမော ဆန်း* သတင်းစာတွင် ပါဝင်ခဲ့တဲ့ သတင်းခေါင်းစီးများ ဖြစ်ခဲ့တယ်။ ၁၉၀၈ ခုနှစ်မှာ လည်ပင်းကြိုးကွင်းတပ်ပြီး အသတ်ခံခဲ့ရသူ ဦးရေဟာ တစ်ရာအထိ များပြားလာခဲ့ပါတယ်။ အများစုမှာ လူမည်းများဖြစ်ကြပြီး လူသတ်မှု ကျူးလွန်သူအဖြစ် အစွပ်စွဲခံရပြီး အသတ်ခံခဲ့ကြရတာ ဖြစ်ပါတယ်။ တချို့ကျတော့ လူမည်းများ ဖျော်ဖြေရေးကပွဲမှာ တင်ဆက်မှု စိတ်ပျက်စရာကောင်းအောင်



မာတိကာသို့

ညှဉ်းဖျင်းခဲ့လို့တဲ့။ တချို့ကျတော့ စော်ကားမော်ကား ရန်စကားတွေပြော ခဲ့ခြင်းနဲ့ မျက်နှာဖြူအမျိုးသမီးတစ်ဦးအား စော်ကားခဲ့ခြင်းတို့ကြောင့် အသတ်ခံခဲ့ရတာ ဖြစ်တယ်။

၁၉၁၁ ခုနှစ်မှာ သတင်းစာတွေထဲမှာ ဖော်ပြခဲ့တာတစ်ခုရှိတယ်။ ကဲန်တပ်ကီးပြည်နယ်က လီဗာမောမြို့မှာ နီးဂရိုးလူမည်းတစ်ယောက်ဟာ မျက်နှာဖြူတစ်ဦးကို သတ်မှုနဲ့ အစွပ်စွဲခံခဲ့ရတယ်။ အဲဒီလူမည်းကို အော် ပရာကဇာတ်ရုံကို ခေါ်ဆောင်လာပြီး ဇာတ်စင်မှာ ကြိုးနဲ့တုပ်ထားခဲ့တယ်။ သူ့ကို ကြိုးကွင်းတပ် သတ်ပွဲကို ကြည့်မြင်ချင်ကြသူတွေဆီက ရုံဝင်ကြေး တောင်းယူခဲ့တယ်။ ရတဲ့ ရုံဝင်ခအားလုံးကို သေဆုံးသွားသူ မျက်နှာဖြူ လူမျိုးရဲ့ မိသားစုကို ထောက်ပံ့ကြေးပေးဖို့တဲ့။ အထူးတန်းထိုင်ခုံ ဝယ် ကြည့်ကြတဲ့ လူဝကြီးတွေကို ခြောက်လုံးပြူး ယူဆောင်လာခွင့် ပြုခဲ့တယ်။ ကြိုးဆွဲပြီး လွှဲပေးထားတဲ့ လူမည်းကို ကျည်ဆန်အားလုံး ကုန်တဲ့အထိ ခြောက်လုံးပြူးနဲ့ ပစ်ခွင့်ပေးခဲ့တယ်။ ခပ်ဝေးဝေးနေရာက ထိုင်ခုံပဲ ဝယ်နိုင် သူတွေကိုတော့ လူသေကောင်ကို သေနတ်နဲ့ တစ်ချက်စီသာ ပစ်ခွင့် ပေးခဲ့တယ်။

ချားလ် ဖလင့် ကဲလော့ ရေးသားခဲ့တဲ့ အဲန်အေအေစီပီ သမိုင်း စာအုပ်ထဲမှာ လည်ပင်းကြိုးကွင်းစွပ်သတ်ခဲ့ပုံတွေကို တစီတရီကြီးကို ကြောက်လန့်စရာကောင်းအောင် ဖော်ပြခဲ့တယ်။ ဖလော်ရီဒါပြည်နယ်က ဂိန်းစ်ဖီးလ်မြို့မှာ လူမည်းတစ်ဦးနဲ့ လူဖြူတစ်ဦးတို့ ဝက်တစ်ကောင် အတွက် အငြင်းပွားရန်ဖြစ်ခဲ့တဲ့နောက်မှာ လူမည်းအမျိုးသား သုံးဦးနဲ့ လူ မည်း အမျိုးသမီးနှစ်ဦး စုစုပေါင်း ငါးဦးကို လည်ပင်းကြိုးကွင်းတပ်ပြီး ဝိုင်းသတ်ခဲ့ကြပါတယ်။

အဲဒီလို လည်ပင်းကြိုးကွင်းတပ် သတ်ခဲ့ပုံတွေဟာ လူမည်း အမျိုး သားအမျိုးသမီးတွေရဲ့စိတ်သန္တာန်မှာ ဖျက်မရနိုင်တဲ့ အနာရွတ်တွေ ထင် ကျန်နေရစ်စေပါတယ်။စာရေးတတ်၊ ဖတ်တတ်တဲ့ လူမည်းကလေးသူငယ် တွေမှာလည်း စိတ္တဇ ဖြစ်ပေါ်စေခဲ့ပါတယ်။ သားဂွဒ် မာရှယ်လ် ၁၀ နှစ်သား



မာတိကာသို့

အရွယ်မှာ မစ္စစ္စပီးပြည်နယ် ဗစ္စဘတ်မြို့က ဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ခဲ့ရတယ်။ လူဖြူ ခြောက်ဦးက လူမည်းအိမ်ဖော် နှစ်ဦးကို အိမ်အလုပ်တွေ လုပ်ဖို့ ငြင်းဆန်တယ်ဆိုပြီး ကတ္တရာစေးသုတ်ပြီး ငှက်မွေးတွေကပ်ခဲ့ကြတယ်လို့ ဖော်ပြထားပါတယ်။

သားဂွဒ်ဟာ ၁၁ နှစ်အရွယ်မှာ တက္ကဆတ်စ်ပြည်နယ် ဟီးလ်စ်ဘရိုးမြို့က ပေးပို့တဲ့ အောက်ပါ အေပီသတင်းတစ်ပုဒ်ကိုလည်း ဖတ်ခဲ့ရတယ်။

"အီတတ်စကာမြို့တွင် မစ္စက် ဂျိုယိုဝဲလ်စ်နှင့် သူမ၏ကလေးကို သတ်မှုဖြင့် သေဒဏ်စီရင်ခြင်းခံခဲ့ရသော ဘရက်ခ် ဝီလျံစ် အား ယနေ့ မွန်းတည့်ချိန်၌ လူအုပ်ကြီးတစ်စုက ဟီးလ် အကျဉ်းထောင်မှ ခေါ်ထုတ်လာပြီး ကားစင်တိုင်မှာချည်ပြီး မီးရှို့သတ်ပစ်လိုက်ကြသည်။

"ဘေးမှ ကြည့်ရှုနေသော ပရိသတ်မှာ စည်းကမ်းရှိလှပြီး စိတ်လှုပ်ရှားဖွယ် မတွေ့ရပါ။

"ထိုနီးဂရိုးအား မီးရှို့သတ်ခြင်းကို အမျိုးသမီးများအပါအဝင် လူ ၃၀၀ နှင့် ၄၀၀ အကြားရှိ ပရိသတ်က ဝိုင်းကြည့်ခဲ့ကြသည်။

"ထိုသူ၏ ကိုယ်ခန္ဓာမှာ မိနစ် ၄၀ ခန့်အကြာတွင် လုံးဝလောင်ကျွမ်းသွားခဲ့ပြီးနောက် ဘေးကြည့်ပရိသတ်သည် ငြိမ်သက်စွာ လူစုခွဲ ထွက်ခွာသွားခဲ့ကြသည်။"

နောက်ကြောင်းပြန်ပြီး သုံးသပ်ကြည့်မယ်ဆိုရင်တော့ အဲဒီအချိန်ကာလက အစိုးရနဲ့ နိုင်ငံရေးပညာတတ်တွေရဲ့ သူရဲဘောကြောင်မှုဟာ ကြေကွဲစရာအကောင်းဆုံး ဖြစ်ခဲ့ပါတယ်။ ဝုဒ်ရိုး ဝီလ်ဆင်လို အသိဉာဏ်ရှိတဲ့ နိုင်ငံရေးသမားကအစ လူအုပ်နဲ့ အကြမ်းဖက်မှုကို ဆန့်ကျင်ပြောဆိုမှု မပြုလုပ်ခဲ့ဘူး။ ၁၉၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှာ ဝုဒ်ရိုး ဝီလ်ဆင်က နယူးယောက်မြို့တော်က ဘုန်းတော်ကြီး အလက်ဇန္ဒား ဝေါလ်တားစ်ထံ စာတစ်စောင် ရေးပို့ခဲ့ပါတယ်။ အဲန်အေအေစီပီ အစည်း



မာတိကာသို့

အဝေးတစ်ခုကို သူမတက်ရောက်နိုင်ကြောင်း ရေးသားတဲ့ ဝီလ်ဆင်ရဲ့ စာထဲမှာ ဖြည့်စွက်ရေးထားတာတွေလည်း အောက်ပါအတိုင်း ပါခဲ့တယ်။

"ကျွန်တော့်မှာ တချို့ပြောစရာကိစ္စလေးတွေ ရှိတဲ့အတွက် အစည်းအဝေးကို တက်ရောက်နိုင်ခဲ့မယ်ဆိုရင် စိတ်ကြည်နူးစရာ ဖြစ်ခဲ့ပါလိမ့်မယ်။ ကျွန်တော်ပြောတာနဲ့ ပတ်သက်လို့ ကျွန်တော့်ကို သိကြတဲ့သူတွေအဖို့ကတော့ ပြောစရာမလိုတဲ့ အပိုစကားတွေ ဖြစ်ကောင်းဖြစ်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို မသိကြသေးတဲ့ သူတွေအတွက်တော့ ကျွန်တော့်ရဲ့ လူမည်းပြည်သူလူထုအတွက်၊ ကျွန်တော့်ရဲ့ ပြင်းပြတဲ့ဆန္ဒကို အသိပေးဖို့ အခုအခါမှာ လိုကောင်း လိုပါလိမ့်မယ်။ ကျွန်တော်နဲ့ ပြည်ထောင်စုသား အချင်းချင်းဖြစ်တဲ့ လူမည်းများအတွက် အရာရာတိုင်းမှာ တရားမျှတမှု ရှိစေတာကို မြင်ချင်ပါတယ်။ ဒီနေရာမှာ အငြိုးထားတဲ့ တရားမျှတမှု မဟုတ်ဘဲ၊ သဘောထားကြီးပြီး အမြင်ကျယ်မှုနဲ့ စိတ်ကောင်းစေတနာကောင်းနဲ့ ဆောင်ရွက်ပေးတဲ့ တရားမျှတမှု ရရှိရေးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဥပဒေက ပေးထားတဲ့ အာမခံချက်အားလုံး၊ ကျွန်တော်တို့ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မူဝါဒတိုင်းက တရားမျှတမှုရှိရေးကို အမိန့်ပေးလျက်ရှိပါတယ်။ ဒီကိစ္စကို လွယ်ကူညက်ချောအောင် ကျွန်တော်တို့အပေါ် ကရုဏာထားသူများက ဆောင်ကြဉ်းပေးသင့် ပါတယ်။

"အမေရိကန်ပြည်ထောင်စုအတွင်းမှာ ရှိတဲ့လူမည်းတွေဟာ မိမိတို့ဘာသာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရေးနဲ့ အသုံးဝင်မှုတို့ကို ရှေးရှုဦးတည်တဲ့ အထူးတိုးတက်မှုများကို ပြုလုပ်နိုင်ခဲ့ကြပါတယ်။ အဲဒါကြောင့် သူတို့ကို ဖြစ်နိုင်သမျှ နည်းလမ်းနဲ့ သင့်လျော်တဲ့ နည်းလမ်းအားလုံးနဲ့ အားပေးသင့်ပါတယ်။ ကျွန်တော့်ရဲ့ ကိုယ်ချင်းစာနာမှုတရားဟာ သူတို့ဘက်က ရေရှည်ရပ်တည်သွားမှု ဖြစ်ပါလိမ့်မယ်။ ပြီးတော့ ဆရာတော်ကြီးကတစ်ဆင့် သူတို့ကို အာမခံချက်စကား ပါးလိုက်ချက်တာတစ်ခု ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်သာ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတဖြစ်လာခဲ့ရင်လည်း ကျွန်တော့်ဘက်က အပြည့်အဝ တရားမျှမျှတတ



မာတိကာသို့

ဆောင်ရွက်ပေးသွားမယ်ဆိုတာ ကျွန်တော့်အပေါ်မှာ ယုံကြည်အားထားလို့ ရနိုင်ပါတယ်။ ဒါ့အပြင် အမေရိကန်ပြည်ထောင်စုမှာ သူတို့လူမျိုးများရဲ့ အကျိုးစီးပွားများ ရှေ့သို့ တိုးတက်အောင် ကျွန်တော့်အနေနဲ့ ကူညီဆောင်ရွက်ပေးနိုင်မယ့် ကိစ္စမှန်သမျှအတွက်လည်း ကျွန်တော့်အပေါ်မှာ ယုံကြည်ကိုးစားနိုင်ကြပါတယ်။"

မီးလတ်နဲ့ သူ့ရဲ့ *နယူးယောက် ပို့စ်* သတင်းစာတို့ကလည်း ဝီလ်ဆင်ကို နယူးဂျာစီရဲ့ အုပ်ချုပ်ရေးမှူးလောင်းအတွက် ထောက်ခံခဲ့ကြတယ်။ ဝီလ်ဆင်ဟာ စိတ်ပျက်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ သတိပေးခဲ့ကြပေမယ့် မီးလတ်က ဝီလ်ဆင်ကို အမေရိကန်သမ္မတလောင်းအဖြစ်အထိပါ ထောက်ခံခဲ့ပါတယ်။

ဝီလ်ဆင် သမ္မတဖြစ်လာပြီးနောက် ဘာမှ မကြာလိုက်ပါ။ လူမျိုးရေးခွဲခြားမှုဟာ လူမည်းများရဲ့အကျိုးအတွက် ဖြစ်ပါတယ်လို့ သူက ကြေညာလိုက်ပါတယ်။ ၁၉၁၇ ခုနှစ်မှာ နီးဂရိုးဆန့်ကျင်ရေး အကြမ်းဖက်အဓိကရုဏ်းများဟာ မြို့ကြီးအတော်များများမှာ ကြောက်စရာကောင်းလောက်အောင် ဖြစ်ပွားခဲ့ပါတယ်။ အထူးသဖြင့် အရှေ့စိန့်လူးဝစ္စမြို့မှာ အဆိုးဆုံးဖြစ်ခဲ့တယ်။ အဲဒီလို ဖြစ်ခဲ့တဲ့အတွက် နယူးယောက်မြို့ကြီးမှာ လူမည်း တစ်သောင်းခွဲလောက်ဟာ လမ်းမတွေပေါ်မှာ ချီတက် ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။ အဲဒီနောက်တော့ အဲန်အေအေစီပီ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ဟာ ဝေါ်ရှင်တင်မြို့ကို သွားရောက်ခဲ့ကြတယ်။ အဲဒီအဖွဲ့ကို နာမည်ကြီးစာရေးဆရာ ဂျိမ်းစ် ဝယ်လ်ဒင် ဂျွန်ဆင်က ဦးဆောင်ခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ နီးဂရိုးအမျိုးသားသီချင်းကိုရေးစပ်ခဲ့သူဖြစ်ပြီး မကြာခင်မှာ အဲန်အေအေစီပီရဲ့ ပထမဆုံးသော လူမည်းအုပ်ချုပ်ရေးမှူး ဖြစ်လာမယ့်သူ ဖြစ်ပါတယ်။

သမ္မတ ဝီလ်ဆင်က လူမည်းကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံမှု မပြုလုပ်ဘဲ သူ့ရဲ့လက်ထောက်တစ်ဦးကို ဂျွန်ဆင်ရဲ့ပြောစကားတွေကို နားထောင်ခိုင်းခဲ့တယ်။ ဂျွန်ဆင်က ---



မာတိကာသို့ ▶▶

"ကျွန်တော်တို့ လာခဲ့ကြရတဲ့အကြောင်းကတော့ သမ္မတကြီးရဲ့ နှလုံးသားထဲမှာ ကျွန်တော်တို့လူမျိုးများအတွက် မျှော်လင့်ချက်နဲ့ ရဲစွမ်းသတ္တိကို ပေးစွမ်းနိုင်မယ့် စကားတွေကို အများပြည်သူ လူသိရှင်ကြား ပြောကြားစရာများ ရှိလေမလားဆိုတာကို သိရအောင် ဆုတောင်းပြီး လာခဲ့ကြတာ ဖြစ်ပါတယ်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၁ နှစ်အတွင်းမှာ အကြမ်းဖက် လူအုပ်များရဲ့ အစစ်အဆေး အမေးအမြန်း မရှိဘဲ လည်ပင်း ကြိုးကွင်းတပ်ပြီး သတ် ဖြတ်ခြင်း ခံခဲ့ရတဲ့ လူမည်းအမျိုးသား၊ အမျိုးသမီးပေါင်း ၂,၈၆၇ ဦး ရှိခဲ့ပါတယ်။ လူစုလူဝေးနဲ့ သတ်ဖြတ်ခဲ့ကြသူတွေ ထောင်သောင်းနဲ့ချီ ရှိခဲ့တဲ့အထဲက ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေက ဘာပဲဖြစ်ဖြစ် နည်းနည်းပါးပါး အပြစ် ပေးခံခဲ့ရသူဟာ ဒါဇင်ဝက်တောင် မရှိခဲ့ပါဘူး။ လူသတ်မှုနဲ့ အပြစ်ဒဏ် ပေးခံခဲ့ရသူ တစ်ဦးတစ်ယောက်မှ မရှိခဲ့သေးပါဘူး။ အရှေ့စိန့်လူးဝစ္စမှာ မကြာခင်က ဖြစ်ပျက်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုမှာဆိုရင် သမာအာဇီဝ ဝမ်းစာရေးအတွက် ရိုးရိုးသားသားနဲ့ အလုပ်ကြိုးစား လုပ်ကိုင်ခဲ့ကြတဲ့ အပြစ်မဲ့သူ တစ်ရာနီးပါးကို နေ့ခင်းကြောင်တောင်မှာ ဝိုင်းပြီး သတ်ဖြတ်ပစ်ခဲ့ကြပါတယ်"လို့ တင်ပြခဲ့ပါတယ်။

ဂျွန်ဆင်ရဲ့ ပန်ကြားချက်ဟာ သမ္မတဝီလ်ဆင်ကို နည်းနည်းလေးမှ မလှုပ်ရှားစေခဲ့ပါဘူး။ အဲဒါကြောင့် လူမျိုးရေး ဒေါသပေါက်ကွဲမှုတွေလည်း ဆက်လက်ဖြစ်ပေါ်ခဲ့ပါတယ်။

၁၉၁၈ ခုနှစ်နဲ့ ၁၉၁၉ ခုနှစ်တွေကျတော့ သားဂွဒ် မာရှယ်လ်ဟာ အထူးစွဲမှတ်တတ်တဲ့အရွယ်ကို ရောက်လာခဲ့ပြီ။ ပထမကမ္ဘာစစ်ကြီးမှာ တိုက်ခိုက်ပြီး ကိုယ့်အိမ်ကိုယ့်မြို့ကို ပြန်လာကြတဲ့ လူမည်းစစ်သားတွေကို သူမြင်တွေ့ခဲ့ရတဲ့တစ်ချိန်တည်းမှာပဲ လူမည်းတွေကို လည်ပင်း ကြိုးကွင်းစွပ်သတ်တဲ့ ရက်စက်မှုတွေဟာလည်း အမေရိကန်မှာ အရုပ်အဆိုးဆုံး အထွတ်အထိပ် ကို ရောက်ခဲ့ပုံကိုလည်း သူတွေ့မြင်ခဲ့ရပြီ။ ဂျော်ဂျီးယားပြည်နယ်က လောင်းဒ်စ်နဲ့ ဘရုခ်စ်မြို့တွေမှာ ငါးရက်ကြာ လည်ပင်းကြိုးကွင်း



မာတိကာသို့ ▶▶

စွပ် သတ်ပွဲတွေ ဖြစ်ခဲ့ပြီး လူမည်း ရှစ်ဦး အသက်ဆုံးရှုံးခဲ့ကြရတယ်။ ဟိန်းစ် တန်းနားဆိုသူဟာ အပြစ်မဲ့သူတစ်ဦးဖြစ်ကြောင်း မေရီ ဝှိုက် အိုဗင်တင်က ကျိန်တွယ်ပြောဆို ခဲ့တယ်။ တန်းနား အသတ်ခံရပြီးတဲ့နောက်မှာ ဆက်ဖြစ်ပျက်ခဲ့တဲ့ မြင်ကွင်း ကို အိုဗင်တင်က အဲန်အေအေစီပီ ဘုတ်အစည်းအဝေးမှာ တုန်လှုပ်ချောက်ချားသွားအောင် တင်ပြလိုက်တယ်လေ။

"သူအသတ်ခံရပြီးတဲ့နောက်မှာ သူ့ရဲ့ဇနီးသည် မေရီက သူ့ယောကျ်ားမှာ အပြစ်မရှိကြောင်း ကျယ်လောင်စွာ ငိုပွဲဆင်ပြီး ဟစ်ကြွေးခဲ့တယ်။ အဲဒီလိုလုပ်ခဲ့တဲ့အတွက် သူမကို ဖြည်းဖြည်းချင်း မီးရှို့သတ်ပစ်ခဲ့ကြတာကို ယောကျ်ား၊ မိန်းမ၊ လူအုပ်ကြီးက ဝိုင်းကြည့်ခဲ့ကြတယ်။ မေရီ ခမျာမှာ ကိုယ်လေးလက်ဝန်ကြီးနဲ့။ သူမကို မီးတင်ရှို့တဲ့အခါမှာ ဝမ်းထဲက သန္ဓေသားဟာ မြေပြင်ပေါ်ကို ထွက်ကျလာခဲ့တယ်။ အဲဒီသားငယ်လေးကို လူဖြူတစ်ယောက်က ဖနောင့်နဲ့ပေါက်ပြီး နင်းခြေပစ်လိုက်တော့တယ်။"

လည်ပင်း ကြိုးကွင်းတပ်ပြီး သတ်ဖြတ်မှုတွေဟာ နေရာတကာမှာ ဖြစ်လာပြီး လူမဆန်စွာ ရက်စက်ကြမ်းကြုတ်မှုတွေလည်း ဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးမှာ စိတ်အနှောင့်အယှက် ဖြစ်လာခဲ့တော့တယ်။ ဒီကိစ္စဟာ အဲန်အေအေစီပီရဲ့ လှုပ်ရှားဆောင်ရွက်မှု အားလုံးလိုလိုရဲ့ အာရုံစူးစိုက်မှု ဖြစ်လာခဲ့တယ်။ ကွန်ဂရက်လွှတ်တော်အတွင်းမှာလည်း ပွက်လောရိုက်လာကြတယ်။ အဲဒီလို ဥပဒေမဲ့ မင်းမဲ့စရိုက်တွေကို တရားဥပဒေကြောင်းနဲ့ရော၊ တခြားနည်းလမ်းတွေနဲ့ပါ အရေးယူကာကွယ်ပေးရေးအတွက် စာနယ်ဇင်း တွေကလည်း ဖော်ထုတ်ရေးသားလာကြတယ်။

*ရှားလော့တ် အော့ဗ်ဆားဗား* သတင်းစာက လူအုပ်အားကိုးနဲ့ လည်ပင်းကြိုးကွင်းတပ် သတ်ဖြတ်မှုဟာ "တောင်ပိုင်းရဲ့ ကျိန်စာ"လို့ အမည်ပေး ရေးသားခဲ့တယ်။ ပြီးတော့ "လူဖြူတွေဟာ သူတို့ရဲ့ နီးဂရိုးတွေအပေါ်မှာ ဆက်ဆံမှုများကြောင့် ကိုယ့်ကိုယ်ကိုယ် ရက်စက်ကြမ်းကြုတ်အောင် လုပ်နေတဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီ။ အဲဒီလို ဆက်ဆံမှုများက သူတို့ရဲ့ ဘိုးဘွားများ အလွန်တရာ ဂါရဝထားခဲ့တဲ့ တရားဥပဒေကို



မာတိကာသို့ ▶▶

ရှိသေမှုရှိနေရာ မယုံကြည်နိုင်လောက်အောင် အံ့သြစရာကောင်းလှတဲ့ တရားဥပဒေ မရှိ၊ မင်းမဲ့စရိုက်နဲ့ အစားထိုးဖို့ ဖန်တီးခဲ့ပြီ” လို့ ရဲရဲ တင်းတင်း ဝေဖန်ရေးပြ ခဲ့ပါတယ်။ လူမည်းတွေကို လည်ပင်းကြိုးကွင်း စွပ် သတ်ဖြတ်မှု ပြုလုပ်ခြင်းကိစ္စအတွက် တောင်ပိုင်းဒေသမှာ ခါးခါးသီးသီး သဘောထား ကွဲလွဲမှုတွေလည်း ဖြစ်ပေါ်ခဲ့ပြီ။ ဒါပေမယ့် လူမည်းတွေကို ခွဲခြားဆက်ဆံဖို့ လိုအပ်တယ်ဆိုတဲ့ ယုံကြည်မှုကိစ္စအတွက်တော့ မပြီးဆုံး သေးပါ။

၁၉၁၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှာ သမ္မတ ဝုဒရိုး ဝီလ်ဆင် က တစ်နိုင်ငံလုံးအတွက် မိန့်ခွန်းပြောကြားခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ မိန့်ခွန်းထဲမှာ နီးဂရိုးတစ်ဦးတစ်ယောက်ကို လည်ပင်းကြိုးကွင်းစွပ် သတ် တဲ့အကြောင်း တစ်ခွန်းမှ မပါခဲ့ဘူး။ ပြီးတော့ နီးဂရိုးဆိုတဲ့ စကားလုံးကို လည်း လုံးဝ ထည့်မပြောခဲ့ဘူး။

“အမေရိကန်နိုင်ငံကို ချစ်ကြသူတိုင်း မိမိရဲ့နာမည်တစ်လုံး၊ ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တကို တကယ်တမ်း အာရုံစိုက်ကြသူတိုင်း သို့မဟုတ် မိမိရဲ့ အဖွဲ့အစည်းတွေကို မှန်ကန်စွာ သစ္စာရှိကြသူတိုင်း ဘယ်သူတစ်ဦးတစ်ယောက်ကမှ လူအုပ်အစုအဝေးအားကိုးနဲ့ လုပ်ဆောင် မှုကို တရားမျှတတယ်လို့ ပြောမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ အခု အချိန်မှာ ဥပဒေမဲ့ ဒေါသစိတ်တွေကို တိုက်ဖျက်နေရတဲ့အချိန်လည်း ဖြစ်ပါ တယ်။ ဂျာမနီနိုင်ငံဟာ ဥပဒေကို မြင့်မြတ်တဲ့ လေးစားမှုကို စွန့်ပယ်ခဲ့ တယ်။ သူ့ရဲ့တပ်တွေကိုလည်း လူသတ်သမားတွေဖြစ်အောင် လုပ်ခဲ့တယ်။ အဲဒါတွေကြောင့် ဂျာမနီဟာ တခြားနိုင်ငံတွေရဲ့အကြားမှာ သူ့ကိုယ်သူ ရာဇဝတ်ကောင်ဖြစ်အောင် လုပ်ခဲ့တယ်။

လည်ပင်းကြိုးကွင်းစွပ်သတ်တဲ့ လူသတ်သမားတွေဟာ ကျက် သရေမဲ့တဲ့ ဥပမာကို အားကျပြီး ပြိုင်နေတာပဲဖြစ်တယ်။ ကျွန်တော့် အနေနဲ့တော့ အမေရိကန်လူ့အသိုင်းအဝိုင်း အား လုံးဟာ အဲဒီလို ကျက် သရေမဲ့တဲ့ အဆင့် ရဲ့အထက်မှာ ရှိနေတာမျိုးကို တွေ့မြင်လိုပါတယ်။



မာတိကာသို့

အဲဒီလိုဖြစ်အောင် ဂုဏ်မာနနဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်သွားမယ်ဆိုရင် လူတစ်ဦး တစ်ယောက်ကပဲဖြစ်ဖြစ်၊ လူတစ်စုကပဲဖြစ်ဖြစ် ဘယ်လိုမှ အထင်သေးရဲမှာ မဟုတ်ပါဘူး"

လူစုလူဝေး လူအုပ်တွေဆိုတာကတော့ သမ္မတမိန့်ခွန်းတွေကို နားထောင်တဲ့ လက္ခဏာ ရှိပုံ မရပါဘူး။ ၁၉၁၈ ခုနှစ်အတွင်းမှာပဲ အမေရိကန်ပြည်ထောင်စုမှာ လူ ၆၄ ဦးကို လည်ပင်းကြိုးကွင်းတပ်ပြီး သတ်ဖြတ်ခဲ့ကြပါတယ်။

အဲဒီလို ပတ်ဝန်းကျင်အခြေအနေတွေကြားမှာ သားငွဒ်ဟာ သူ့မိခင်ရဲ့ ဒေါသထွက်မှုနဲ့ ကြောက်ရွံ့စိတ်တို့ကို သိခဲ့တယ်။ သူ့အဖေရဲ့ ဒေါသပေါက်ကွဲမှုနဲ့ ဘာမှ မတတ်နိုင်တဲ့ အနေအထားကိုလည်း သတိထားခဲ့မိတယ်။ လူမည်းတွေကို လည်ပင်းကြိုးကွင်းတပ် သတ်တဲ့ အဖြစ်အပျက် ဇာတ်လမ်းတွေကလည်း လူမည်းတွေရဲ့ ပါးစပ်စကားနဲ့ ပြန့်ကားထွက်နေခဲ့တယ်။ ဒါပေမယ့် ဒီအကြောင်းတွေကို သားငွဒ်ရဲ့ အဖေနဲ့အမေတို့က သူ့ကို ဘာမှ ပြောမပြဘဲ နေခဲ့ကြတယ်။ ဖခင်ကြီး ဝီလျံ မာရှယ်လ်ကတော့ သူ့သားတွေကို အားကိုးရာမဲ့ဘဝနဲ့ ကြီးပြင်းမလာစေချင်ဘူး။ အဲဒါကြောင့် ဖခင်ဖြစ်သူ မာရှယ်လ်ဟာ သားဖြစ်သူ သားငွဒ်ကို လက်သီးအားကိုး၊ အသံအားကိုး၊ စိတ်ဓါတ်အားကိုးနဲ့ ထိုးချင်နှက်ချင် တိုက်ခိုက်ချင်စိတ်တွေ ရှိလာအောင် သွတ်သွင်းပေးခဲ့တယ်။ "မျက်နှာဖြူကောင်လေး တစ်ယောက်ယောက်ကများ သားကို ကပ္ပလီလေးလို့ ခေါ်လာခဲ့ရင် မင်း သူ့ကို ဆော်ထည့်ရမယ်နော်" လို့ သားကို ပြောဆိုခဲ့ပါတယ်။ ဒီအချိန်မှာ သားငွဒ်က သူ့ရဲ့နံမည်အရင်း "သားရား ငွဒ်" မှ "သားငွဒ်" အဖြစ် တရားဝင် ပြောင်းလဲလိုက်ပါတယ်။

အဲဒါကြောင့် သားငယ်လေး သားငွဒ်ဟာ နိုင်ငံရေးသမားတွေ၊ တရားသူကြီးတွေ၊ စရိုက်မဲ့လူစုလူဝေးခေါင်းဆောင်တွေရဲ့ ဖန်တီးပေးမှုကြောင့် လူ့အလွှာအသီးသီးမှာ ခင်မင်တတ်တဲ့ ကလေးတွေ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ဆန့်ကျင်သွားစေတဲ့ လူမျိုးရေး မုန်းတီးမှုရဲ့



မာတိကာသို့

နမူနာပြယုဂ်တစ်ခု ဖြစ်လာခဲ့ပါတော့တယ်။ သားဂွဒ် မာရှယ်လ်က သူ ဝင်ခွင့်မရတဲ့ကျောင်းကို အိမ်နီးနားချင်း မျက်နှာဖြူကလေးတွေ ကျောင်းတက်ခွင့်ရတာကိုကြည့်ပြီး သူမကျေမနပ်ခဲ့ရပုံကို ပြန်ပြောပြခဲ့ပါတယ်။ လူဖြူကလေးတွေဟာ သူတို့ရဲ့မျက်နှာဖြူကျောင်း အသွားအပြန်ကို သားဂွဒ်ရဲ့ အိမ်နဲ့သူနေတဲ့ လူမည်းကျောင်းရှေ့က ဖြတ်သွားကြတယ်။ လူမည်းကလေးခများမှာ ဝမ်းနည်းပက်လက် ဖြစ်ကြရတယ်။ လူဖြူကလေး တွေရဲ့ စိတ်ထဲမှာတော့ ကြီးမား သာလွန်တဲ့ (ကျောချင်စိတ်) ဝင်သွားကြတယ်။ အဲဒီတော့ သူတို့အတွက် ရပ်တည်မှုဥပဒေက လက်သီးချင်း ယှဉ်ထိုးမှုပဲ ဖြစ်ခဲ့တော့တယ်။ ဒီလိုဖြစ်လာတဲ့အတွက် ကျောင်းနှစ်ကျောင်းက လူဖြူ လူမည်း ကျောင်းသားတွေအချင်းချင်း မဆုံမိစေရေးအတွက် သူတို့ရဲ့ ကျောင်း အသွားအပြန်လမ်းအချိန်ကို ကျောင်းအာဏာပိုင်တွေက ပြောင်းပေးခဲ့ရတဲ့အဖြစ်ကို ဆိုက်သွားခဲ့တော့တယ်။

သားဂွဒ်ဟာ မျက်နှာဖြူကလေးတချို့ကို ဆော်ထည့်ခဲ့ပေမယ့် လူစုလူဝေးတို့ရဲ့ ပစ်မှတ်က အမြဲလွတ်ခဲ့တာဟာ အလွန်ကံကောင်းခဲ့ပါတယ်။ အဲဒီတုန်းက အသက်ငယ်တဲ့ လူမည်းကလေးတစ်ယောက်လည်း အသတ်ခံနိုင်စရာအကြောင်း ရှိခဲ့တယ်။ ဂျော်ဂျီးယားပြည်နယ်မှာ ဘရိုင်ဆင်မြို့က ကလေးတစ်ယောက်ဟာ မျက်နှာဖြူလူငယ် နှစ်ဦးဆီက ပိုက်ဆံ ၇၅ ဆင့် ခိုးခဲ့တယ်ဆိုတဲ့ စွပ်စွဲမှုနဲ့ လည်ပင်းကြိုးကွင်းစွပ်ပြီး အသတ် ခံခဲ့ရပါတယ်။ အဲဒီကာလက အခြေအနေအရတော့ "ကပ္ပလီကိုချစ်တဲ့သူ" လို့ အထင်ခံရတဲ့ လူဖြူတစ်ဦးတောင်မှ အသက်အန္တရာယ် စိတ်မချရတဲ့ အချိန် ဖြစ်ခဲ့ပါတယ်။

၁၉၁၉ ခုနှစ် ဩဂုတ်လမှာတော့ လူမည်းများ တိုးတက်ရေး အမျိုးသားအသင်း (အဲန်အေအေစီပီ) ကို ဖျက်ဆီးပစ်ဖို့ လှုပ်ရှားမှုများဟာ တက္ကဆတ်စ်ပြည်နယ်က အော်စတင်မြို့မှာ ပထမဆုံး စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ တက္ကဆတ်စ်ပြည်နယ် ရှေ့နေချုပ်က အဲန်အေအေစီပီ ဌာနခွဲရဲ့ ဥက္ကဋ္ဌဖြစ်သူကို အသင်းရဲ့စာအုပ် စာတမ်းနဲ့ မှတ်တမ်းများကို ယူဆောင်လာရမယ်လို့ အမိန့်ထုတ် ဆင့်ဆို ခဲ့ပါတယ်။ အဲန်အေအေစီပီဌာနချုပ်ရဲ့



မာတိကာသို့ ▶▶

နောက်ဆုံးမျက်နှာဖြူ အကြီးအကဲ ဖြစ်မဲ့ ဂျွန် အာရံ ရှီလာဒီဟာ အော်စတင်မြို့ကို သုတ်ခြေတင်ပြီး အမြန် ဆင်းသွားခဲ့ရတယ်။ တက္ကဆတ်စ်က မျက်နှာဖြူအများစု ပါဝင်တဲ့ အဲန်အေအေစီပီ အသင်းသားတွေကို စီးပွားရေးဒဏ်ခတ်ခံရတဲ့ တုံ့ပြန်မှုမျိုး ဒါမှမဟုတ် အဲဒီထက်ပိုဆိုးတာမျိုးတွေ မဖြစ်စေရအောင် အကာအကွယ် ပေးရေးအတွက် အားထုတ်ခဲ့ရတယ်။

အော်စတင်မြို့မှာ လူမည်းဆန့်ကျင်မှုကို ဗီလာပြုလုပ်ကိုင်တဲ့ မျက်နှာဖြူတစ်ဦးတောင်မှ ကြီးမားတဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့အဖြစ်ကို ရှီလာဒီ တွေ့မြင်ခဲ့ရတယ်။ အဲဒီတစ်မနက်က ရှေ့နေချုပ်ရုံးထဲက ထွက်လာတဲ့ ရှီလာဒီကို လူဖြူတစ်စုက ဝိုင်းရိုက်ခဲ့ကြတာ ရှီလာဒီ မေ့မြောသွားခဲ့တဲ့အထိ ဖြစ်ခဲ့ပါတယ်။ ရှီလာဒီဟာ ရုပ်ပိုင်းဆိုင်ရာအရရော၊ စိတ်ပိုင်းဆိုင်ရာအရပါ အပြင်းအထန် ထိခိုက်ခဲ့ရတယ်။ အဲဒါနဲ့ သူ့ကိုဝိုင်းပြီး ရက်စက်ကြတဲ့သူတွေကို အမှုစစ်ဆေးတာကိုကြည့်ဖို့ အော်စတင်ကို ပြန်တောင် မသွားရဲတော့ဘူး။ နီးဂရိုးတွေ တန်းတူညီမျှမှု ခံစားခွင့်ကို ဆန့်ကျင်တဲ့အင်အားစုတွေကိုလည်း အချိန်ကာလ တော်တော်နဲ့ ကျော်လွှားအနိုင်ရစရာအကြောင်း မမြင်တော့ဘူးလို့ ရှီလာဒီက စိတ်ပျက်ငြီးငွေ့စွာနဲ့ ပြောဆိုပြီးတော့ အဲန်အေအေစီပီ အသင်းရဲ့ အတွင်းရေးမှူးအဖြစ်က နုတ်ထွက်လိုက်ပါတယ်။

ရှီလာဒီရဲ့ အတွင်းရေးမှူးနေရာကို ဂျိမ်းစ်ဝယ်လ်တင် ဂျွန်ဆင်က လက်ခံလိုက်ခြင်းဖြင့် အဲန်အေအေစီပီရဲ့ ခေါင်းဆောင်မှုကို ထိထိရောက်ရောက် ပြောင်းလဲမှုတွေ စတင်ခဲ့ပါတယ်။ လူမည်းခေါင်းဆောင်တွေနဲ့ ဂျူးခေါင်းဆောင်တွေ ပူးပေါင်းမှုသြဇာအရှိန်အဝါ အင်အား ကြီးထွားလာတဲ့အကြောင်းကို ထောက်ပြပြီး ၁၉၅၀ ပြည့်လွန်နဲ့ ၁၉၆၀ ပြည့်လွန်နှစ်တွေမှာ လူမျိုးခွဲခြားရေးဝါဒီ နိုင်ငံရေးသမားများက နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြိုးစားခဲ့ကြပါတယ်။ ဂျူးလူမျိုးတို့ရဲ့ သြဇာလွှမ်းမိုးမှုက အမေရိကန်နိုင်ငံမှာ မျိုးမစစ်သူတွေနဲ့ သွေးရောအောင်လုပ်ပြီး အစိုးရကို ဖြုတ်ချရေးအတွက် ကွန်မြူနစ်တို့ရဲ့ အကြံအစည်မှာ အဲန်အေအေစီပီ



မာတိကာသို့ ▶▶

အသင်းက တစ်စိတ်တစ်ဒေသ ပါနေတာကို သက်သေပြနေတယ်လို့ စွပ်စွဲ ပြောဆိုခဲ့ကြတာ ဖြစ်ပါတယ်။

တကယ်တော့ ဂျွန်ဆင် ဦးဆောင်မှုပေးလာခဲ့ခြင်းက သက်သေ ပြစရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ အဲဒါကတော့ လူမည်း ပညာတတ်တွေဟာ တခြားအမေရိကန်တွေရဲ့ အထောက်အကူ ရယူပြီး ကိုယ်ပိုင်ရည်မှန်းချက် ပန်းတိုင်များနဲ့ ဦးစားပေးအစီအစဉ်တွေ စတင်ချမှတ်နိုင်တယ်၊ သူတို့ရဲ့ ကံကြမ္မာကို ကိုယ့်ဘာသာ ထိန်းသိမ်း စီမံကွပ်ကဲနိုင်ရေးအတွက် ကြိုးပမ်း နိုင်တယ်ဆိုတဲ့အချက်တွေကို သက်သေပြနိုင်ခဲ့တာ ဖြစ်ပါတယ်။

လူမည်းများတိုးတက်ရေး အမျိုးသားအသင်းအတွင်း လူမည်းတွေ သြဇာပိုကြီးထွားလာရေးအတွက် အော်စတင်မြို့မှာ မျက်နှာဖြူတစ်ဦး ရက်ရက်စက်စက် အရိုက်ခံခဲ့ရတယ်။ အဲဒီအချက်ဟာ ပထမကမ္ဘာစစ် အပြီးမှာ အမေရိကန်နိုင်ငံရဲ့ လူမျိုးရေးဆက်ဆံမှု အခြေအနေကို မီးမောင်း ထိုးပြခဲ့တဲ့ အချက်တစ်ချက် ဖြစ်ခဲ့ပါတော့တယ်။



မာတိကာသို့ ▶▶

# အခန်း (၃)

## စောစောပိုင်းနှစ်များ

အဲဒီလို ဖြစ်ပျက်နေတဲ့အချိန်မှာ သူ့ရဲ့ကောင်းကြီး သားဂွဒ်မာရှယ်လ်ဟာ အမေရိကန် လူမည်းတွေကို သွားရောက် ကယ်တင်ဖို့ မြင်းဖြူကြီးတစ်ကောင်ကို ခွစီးပြီး အဆင်သင့် ဖြစ်နေပြီလို့တော့ မထင်မှတ်လိုက်ပါနဲ့။ လည်ပင်း ကြိုးကွင်းတပ် သတ်မှုတွေနဲ့ အဓိကရုဏ်းတွေ အဆိုးဝါးဆုံးဖြစ်ခဲ့တဲ့ ၂၀ ရာစုနှစ်ရဲ့ စောစောပိုင်းမှာ သားဂွဒ်ဟာ မူလတန်းကျောင်းမှာပဲ ရှိခဲ့သေးတယ်။ အချိန်ကုန်အောင် ဖြုန်းတဲ့အရွယ်။ အမေကို စိတ်ညစ်အောင် နှံ့ ဆိုးဆိုး ဂျစ်တစ်တစ်အရွယ်ပဲ ရှိခဲ့သေးတယ်။ သူ့ရဲ့ ဆွေမျိုးသားချင်း သက်ကြီးရွယ်အိုတွေရဲ့ စိတ်ထဲမှာတော့ လူမျိုးရေးခွဲခြားမှုနဲ့ ရက်စက် ယုတ်မာမှုတွေရဲ့ အပြင်းအထန် လောင်ကျွမ်းခံစားနေကြရတဲ့အချိန် ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီ လူမျိုးရေးခွဲခြားမှုတွေနဲ့ ရက်စက်စွာ အကြမ်းဖက်မှုတွေ ကို တစ်နေ့ကျရင် သူခေါင်းဆောင်လုပ်ပြီး



မာတိကာသို့ ▶▶

တိုက်ပွဲဝင်ပေးဖို့ သူ့မှာ ဇာတာ ပါလာတဲ့ အရိပ်လက္ခဏာတော့ တစ်ခုမှ မတွေ့မြင်ခဲ့ရဘူး။ သားဂွဒ်ဟာ တာဝန်မဲ့မှုတွေကို သိသိသာသာ ထင်ရှားစွာ ပြသနေခဲ့ပုံတွေကိုလည်း သူ့အမေ နားမလည်နိုင်အောင် ဖြစ်ခဲ့တယ်။ သူတို့ လင်မယား ပြောဆိုခဲ့ကြတဲ့ လည်ပင်းကြိုးကွင်းစွပ် သတ်မှုတွေ အကြောင်းနဲ့ လူမည်းတွေ ရင်ဆိုင်နေရတဲ့ ကြောက်မက်ဆိုးဝါး ဖွယ်ရာ ယေဘုယျ အခြေအနေ အကြောင်းတွေက သားဂွဒ်အပေါ်မှာ ဘယ် အတိုင်းအတာအထိ ဩဇာသက်ရောက်သွားသလဲဆိုတာလည်း သူ့မိခင် မတွေးတတ်ခဲ့ဘူး။

သားဂွဒ် မာရှယ်လ်ဟာ ဆင်းဆင်းရဲရဲနဲ့ မွေးဖွားလာခဲ့တယ်ဆိုတာ က ယခုခေတ်လူမည်းများ၊ ဟစ္စပဲန်းနစ်အနွယ်များနဲ့ အမေရိကန် အောက် တန်းလွှာတို့က နားလည်ထားတဲ့ဘဝဆိုးမျိုး မဟုတ်ပါဘူး။ သူဟာ မိစုံဖစုံက မွေးလာခဲ့သူ ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်မှာ အမေရိကန် ကလေးဦးရေရဲ့ ၂၅ ရာခိုင်နှုန်းဖြစ်တဲ့ ကလေးပေါင်း ၁၅.၉ သန်းဟာ မိစုံ ဖစုံဆိုတာ ဘာမှန်း မသိခဲ့ကြဘူး။ ဘာ့ကြောင့်လည်းဆိုတော့ အိမ်ထောင်မရှိဘဲ မွေးခဲ့ကြသလို လင်မယားပြတ်စဲခြင်း၊ ကွဲနေခြင်း၊ လူမည်းယောကျ်ားအချင်းချင်း သတ် ဖြတ်ခြင်း စတဲ့အဖြစ်ထွေလာကြားက ကလေးများ မွေးဖွားခဲ့ကြတဲ့ခေတ် ဖြစ်နေလို့ပါပဲ။

သားဂွဒ်တို့ မိသားစုဟာ လူမည်းများ အကြီးအကျယ် ရွှေ့ ပြောင်း နေထိုင်မှုခေတ်မှာ ပါဝင်ခဲ့ပြီး ငါးနှစ်ကြာ ဆင်းရဲဒုက္ခနဲ့ ရင်ဆိုင် ခဲ့ရတာ တော့ရှိခဲ့တယ်။ ဒါပေမယ့် သားဂွဒ်ကို ၁၉၀၀ ပြည့်နှစ် အလွန်ကျမှ မွေးဖွားခဲ့တဲ့ လူမည်းကလေးတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် သူ့မှာ အခွင့် အလမ်း တစ်ပန်းသာမှုတွေ အတော်အတန် ရှိခဲ့ပါတယ်။ သားဂွဒ် ရဲ့မိခင် နော်မာဟာ ပညာတတ်တစ်ဦးဖြစ်တယ်။ ကျောင်းဆရာမ အဖြစ် နှစ်အစိတ် ကျော် ဂုဏ်ယူစွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်တယ်။ ဒါပေမယ့် သူမ ရခဲ့ တဲ့ လစာငွေဟာ မယ်ရီလန်းပြည်နယ်မှာ မျက်နှာဖြူ ဆရာ၊ ဆရာမတွေကို ချီးမြှင့်တဲ့ လစာငွေထက် အများကြီး နည်းခဲ့တယ်။ သားဂွဒ်ရဲ့ဖခင် ဝီလျံ ကဲန်းဖီးလ်ကလည်း အဆင့်အတန်းရှိပြီး အလုပ်ကို အမြတ်တနိုး အနစ်နာခံ

လုပ်တတ်သူဖြစ်တယ်။ သူဟာ ရထားအိပ်စင်တွဲ စောင့်အဖြစ် လုပ်ကိုင်ခဲ့ဖူးတယ်။ ပြီးတော့ လူမည်းတွေနဲ့ ဂျူးတွေကို ဝင်ခွင့်မပေးတဲ့ တောပိုင်းဒေသ ကလပ်တစ်ခုမှာလည်း ကြီးကြပ်ရေးမှူး အဖြစ် လုပ်ခဲ့ဖူးတယ်။ အဲဒီလို အလုပ်တွေလုပ်ခဲ့ရလို့ သူ့မှာ ဝမ်းနည်းနောင်တရတာမျိုး မဖြစ်ခဲ့ဘူး။ သူ့ရဲ့ ဂုဏ်သိက္ခာ မာနကိုလည်း မလျော့ကျစေခဲ့ရဘူး။ သားဂွဒ်ရဲ့ဖခင်ဟာ တရားရုံးတွေကို လှည့်ပတ်သွားလာ လေ့လာတတ်တယ်။ ပြီးတော့ အိမ်ပြန်ရောက်တဲ့အခါမှာ သူကြားခဲ့ရတဲ့ အမှုနဲ့ပတ်သက်လို့ သူ့ရဲ့အမြင်ကို ငြင်းခုံဖို့ မိသားစုဝင် မှန်သမျှကို အာပေါင်အာရင်းသန်သန်နဲ့ စိန်ခေါ်တတ်တယ်။

သားဂွဒ်ဟာ အဖေ့ဘက်က ဘိုးဘွားတွေရဲ့ စောင့်ရှောက်မှု အရိပ်အာဝါသအောက်မှာ ကြီးပြင်းခွင့် ရခဲ့တယ်။ မစ္စက် အင်နီ မာရှယ်လ်ဆိုတဲ့ အဘွားကလည်း သားဂွဒ်ကို "မင်းမှာ ဇွဲသတ္တိသာရှိရင် မြို့တော်ခန်းမကို တောင် အနိုင်ရနိုင်တယ်" လို့ အားပေးစကား ပြောခဲ့သူ ဖြစ်ပါတယ်။ သားဂွဒ်မှာ ဦးလေးတွေ၊ အဒေါ်တွေလည်းရှိတယ်။ အမေရိကန်နိုင်ငံမှာ ဆွေမျိုးများတဲ့ လူမည်းမိသားစုဆိုတာ လုံးဝ မရှိတော့သလောက်ကို ပျောက်ကွယ်နေပြီ။ ဒီအချက်ဟာ အရေးပါတဲ့ အထောက်အထားတစ်ခု ဖြစ်ပါတယ်။ အာဖရိကအမွေအနှစ်ဆိုပြီး လူမည်းဂုဏ်မာနဆိုတဲ့စကားတွေ ရေပန်းမစားခင် အချိန်အကြာကြီးကတည်းက သားဂွဒ်ဟာ သူ့ရဲ့ အာဖရိကဘိုးဘွားဘိဘင် ဆွေစဉ်မျိုးဆက်အကြောင်းတွေကို နားထောင်ချင်သူတွေကို ဧည့်ခံပြုစုပြီး မြိန်ရေရှက်ရေ ပြောပြနိုင်ခဲ့တယ်။ သားဂွဒ်က သူ့ရဲ့ မျိုးရိုးဇစ်မြစ်ကို ဒီလို ပြန်ပြောပြခဲ့တယ်။

"ကျွန်တော့်ရဲ့ဘိုးကြီးဟာ အာဖရိကတိုက် အနောက်ဘက် ကမ်းခြေမှာရှိတဲ့ ဆီရဲရာလီယွန်နိုင်ငံက အလွန်ယဉ်ကျေးတဲ့ လူမျိုးတစ်မျိုးရဲ့ အနွယ်ဝင်ဖြစ်တယ်လို့ ကျွန်တော်တို့ အမျိုးအနွယ်ထဲက မျက်နှာကြီးတချို့က နှစ်ပေါင်းများစွာ ဟန်ဆောင်ခဲ့ကြတယ်။ ဒါပေမယ့် ဘိုးကြီးဟာ ကွန်ဂိုနိုင်ငံ ရဲ့ အခက်ထန်ဆုံး ဒေသတစ်ခုက တကယ်တန်း ဆင်းသက်လာခဲ့သူဖြစ်မှန်း ကျွန်တော်တို့အားလုံး သိထားခဲ့ကြတယ်။ သားကောင်ကြီးတွေ



မာတိကာသို့

လိုက်ပစ်တဲ့ (လူဖြူ)မုဆိုးမိသားစုကြီးတစ်စုဟာ ကွန်ဂိုအမဲလိုက် ခရီးစဉ် တစ်ခုမှာ ကျွန်တော့် ဘိုးကြီးကို တွေ့ခဲ့လို့ မယ်ရီလဲန်းပြည်နယ်ရဲ့ အရှေ့ဘက် ကမ်းခြေအထိ ခေါ်လာခဲ့တာပဲ။ ဒါပေမယ့် သူဟာ ကျွန်စနစ်ကို မနှစ်မြို့သူဖြစ်မှန်း သိလာခဲ့ကြတယ်။ ဘိုးကြီးက ကျွန်စနစ်ကို ခါးခါးသီးသီး တော်လှန်ကန့်ကွက်မှုတွေ ပြင်းပြင်းထန်ထန်လုပ်ခဲ့လို့ တစ်နေ့တော့ သူ့ဆရာက သူ့ကို ဒီလို ပြောခဲ့တယ်----

"ဒီမယ် မင်းကို ဒီရောက်အောင် ငါခေါ်လာခဲ့တယ်။ မင်းကို ပစ်သတ်ဖို့တောင် ကောင်းတယ်။ ဒါပေမယ့် ငါခေါ်ခဲ့တဲ့အတွက် ပစ်မသတ်နိုင်ဘူးလို့ ထင်တယ်။ မင်းလို ဆိုးသွမ်းယုတ်ညံ့တဲ့သူတစ်ယောက်ကို တခြား ကျွန်ပိုင်ရှင်တစ်ဦးဦးရဲ့လက်ထဲကို ရောင်းချလိုက်ဖို့လည်း ငါ့စိတ်မှာ လိပ်ပြာ မသန့်ဘူး။ အဲဒီတော့ မင်းကို ချွင်းချက်တစ်ခုနဲ့ ငါလွှတ်ပေးလိုက်မယ်။ မင်း ဒီခရိုင်က ထွက်သွားတော့။ ဒီမြေပေါ်မှာ တစ်သက်လုံး ခြေပြန်ချဖို့ မကြိုးစားနဲ့တော့"

သားဂွဒ် ပြောပြတဲ့ ဒီအကြောင်းကို နားထောင်ကြည့်တာနဲ့ အမေရိကရဲ့ ကျေးကျွန်တစ်ပိုင်းတစ်စ သွတ်သွင်းထားတဲ့စနစ်ကို စစ်ပွဲဆင်နွှဲမယ့် စိတ်ဓါတ်ဟာ သားဂွဒ်ရဲ့ မျိုးရိုးဗီဇသွေးထဲမှာ ပါလာခဲ့ပုံကို သိသာနိုင်ပါတယ်။

သားဂွဒ်ဟာ တိုက်ပွဲဝင်စိတ်ဓါတ်ရှိတဲ့ အမျိုးအနွယ်တစ်ခုက ဆင်းသက်လာပုံကို ဖော်ပြတဲ့ အထောက်အထားမှတ်တမ်းတစ်ခုလည်း ရှိတယ်။ ၁၈၇၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှာ *ဘော်လ်တီမော ဆန်း* သတင်းစာမှာ ဖော်ပြခဲ့တဲ့ မှတ်တမ်းဖြစ်တယ်။ အဲဒီသတင်းစာထဲမှာ သားဂွဒ်ရဲ့ အမေဘက်က ဘကြီးဖြစ်တဲ့ အိုက်ဆက် အိုဘီဝီလျံစ်ဟာ နီးဂရိုးတစ်ဦးကို ရဲက ရက်ရက်စက်စက် သတ်ဖြတ်မှုအတွက် လူထုအစည်းအဝေး တစ်ခုမှာ ထပြီးကန့်ကွက်ပြောဆိုခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။

သားဂွဒ်ဟာ မူလတန်းနဲ့ အထက်တန်းကျောင်းသားဘဝမှာ ပြောလို့ဆိုလို့ ထိန်းမရတဲ့ ကောင်လေးတစ်ယောက်ဖြစ်ခဲ့တယ်။ အဲဒီတုန်း



မာတိကာသို့ ▶▶

က သူ့ဦးလေးကြီး ဖိးယားလက်စ်က သူ့ကို ကြမ်းပိုးတေလေလေးလို့ တောင် စခေါ်ခဲ့တယ်။

ကလေးဘဝမှာ သားဂွဒ်ဟာ အူကျရောဂါဖြစ်ခဲ့တယ်။ သူ့ရောဂါဟာ ပေါ့ပေါ့ဆဆ မဟုတ်တဲ့အတွက် သူ့ကို ငိုတာမျိုး မဖြစ်ပါစေနဲ့လို့ ဆရာဝန်က သူ့အမေကို သတိပေးခဲ့တယ်။ ဆရာဝန်ရဲ့စကားကို ကြားခဲ့ရတဲ့ သားဂွဒ်ကလေးဟာ သူ့ရောဂါကို ရမယ်ရှာပြီး မညှာမတာ အမြတ်ထုတ်ခဲ့တော့တယ်။ သူ့ထက် သုံးနှစ်ကြီးတဲ့ အစ်ကို ဝီလျံ အော်ဘရေဆီက သူလိုချင်တာ တစ်ခုခုကို မရတဲ့အခါမှာဖြစ်စေ၊ သူလိုချင်တာ တစ်ခုခုအတွက် မိဘတွေက မတတ်နိုင်တဲ့အခါမှာဖြစ်စေ ယိုးမယ်ဖွဲ့ ငိုတော့တာပဲ။ တစ်ကြိမ်မှာတော့ သူငိုလွန်းအားကြီးတာကို အမေလုပ်သူက သည်းမခံနိုင်တော့တာနဲ့ အူကျတဲ့နေရာကို ပတ်တီးနဲ့ တင်းနေအောင် စည်းထည့်ပြီး အားရပါးရ ရိုက်ဆော်ခဲ့တယ်လို့ သားဂွဒ်က ပြန်ပြောခဲ့ပါတယ်။

လက်ထောက်ကျောင်းအုပ်ဆရာကြီးက သားဂွဒ်ကို စည်းကမ်း ကြပ်မတ်ပေးလို့ ရလိမ့်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမယ့် တစ်ခါမှာတော့ အဲဒီဆရာကို သားဂွဒ်နဲ့ အဖွဲ့ဝင် ငါးဦးပါတဲ့ဂိုဏ်းက ဘယ်လိုလုပ်ခဲ့ကြသလဲ ဆိုတာကိုလည်း သားဂွဒ်က နောင်တရတဲ့ပုံ မပေါက်ဘဲ ပြန်ပြောပြခဲ့တယ်။ သူ့ဂိုဏ်းထဲမှာပါတဲ့ မိန်းကလေး သုံးဦးအနက် တစ်ဦးဟာ အဲဒီဆရာရဲ့ ရုံးခန်း ထဲကို အချိန်ကိုက် ဝင်သွားပြီး ဆရာရဲ့ ပေါင်ပေါ်မှာ တက်ထိုင်လိုက်တယ်။ အဲဒီအချိန်မှာ အချိန်ကိုက်အောင် စောင့်နေတဲ့ ကျန် ငါးဦးက အခန်းထဲဝင် လာပြီး ဆရာလုပ်သူကို လက်ပူးလက်ကြပ်ဖမ်းကာ အရှက်တကွဲဖြစ်အောင် အကွက်ဆင်ယူခဲ့ကြတယ်။ အထက်တန်း ဒုတိယနှစ် ကျောင်းသားတွေရဲ့ လုပ်ကြံမှုလက်ချက်ဟာ အံ့သြဖွယ်ရာကောင်းပြီး ဟိုးလေးတကျော် ဖြစ်သွားခဲ့ပါတယ်။

အဲဒီကိစ္စအတွက် သားဂွဒ်ကို ကြိမ်နဲ့ရိုက်ပြီး ဆုံးမရအောင်က သားဂွဒ်ဟာ ကြီးထွားလွန်းနေပုံကို ကျောင်းအုပ်ဆရာကြီးက တွေးမိခဲ့တယ်။ အဲဒါကြောင့် ဘယ်တုန်းကမှ ကောင်းကောင်းဆုံးမလို့ မရခဲ့တဲ့ လူထွားကြီး



မာတိကာသို့

သားဂွဒ်ကို အထူးနည်းလမ်းတစ်ခုနဲ့ နှိပ်စက်ဆုံးမဖို့ ကျောင်းအုပ်ဆရာကြီး မစ္စတာလီက ကြံဆခဲ့တယ်။ ကျောင်းအုပ်ဆရာကြီးက သားဂွဒ်ကို အမေရိကန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကိုပေးပြီး အပူခါတ်ငွေ့ပေးတဲ့ အခန်းမှာသွားပြီး အလွတ်ကျက်ခိုင်းတဲ့ဒဏ်ကို ပေးခဲ့တယ်။ "အဲဒီလို ခိုင်းတာ နည်းသေးတယ်ထင်ရင် မလုံလောက်ဘူးဆိုရင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို တစ်ခါတစ်ရံ အလွတ်ကျက်ကြည့်ပါလား" လို့ သားဂွဒ်က ကျွန်တော့်ကို ရယ်ရယ်မောမောနဲ့ ပြောဖူးပါတယ်။ လွယ်တဲ့အလုပ်တော့ မဟုတ်ဘူး။ ဒါပေမယ့် မတော်တဆ တိုက်ဆိုင်မှုတစ်ခုတော့ ဖြစ်ခဲ့တယ်။ ဘာလဲဆိုတော့ သူ့ဘဝမှာ ဗဟိုအချက်အချာဖြစ်လာမယ့် မှတ်တမ်းစာအုပ်တစ်အုပ်ကို သူ့အနေနဲ့ ပထမဆုံးလေ့လာခွင့် ဗဟုသုတရစေခဲ့လို့ ဖြစ်ပါတယ်။

သားဂွဒ်မာရှယ်လ်က သူ့ဘဝကို ဩဇာလွှမ်းမိုးစေခဲ့တဲ့ ပြင်းထန်တဲ့ လူမျိုးရေးခွဲခြားမှုက သူ့အစ်ကို ဝီလျံ အော်ဘရေကို သတ်ခဲ့တဲ့ အကြောင်းကိုလည်း ပြန်ပြောပြခဲ့တယ်။

"ကျွန်တော့်အစ်ကိုက အသက် ၂၆ နှစ်အရွယ်မှာ လင်းကင်း တက္ကသိုလ်က ဘွဲ့ရခဲ့တယ်။ အဲဒီနောက် ဟောင်းဝပ်တက္ကသိုလ် ဆေးကျောင်းကို ဆက်တက်ခဲ့တယ်။ ပြီးတော့ ဘော်လ်တီမောက ပရော့ဗစ်ဒင့်စ် ဆေးရုံမှာ အလုပ်သင်ဆရာဝန်ဖြစ်ခဲ့တယ်။ ကိုယ်ပိုင် ဆေးကုတဲ့အလုပ်ကို နှစ်နှစ် လုပ်လိုက်တယ်။ ဒါပေမယ့် သူ့မှာ တီဘီ အဆုတ်ရောဂါ ဖြစ်နေတာကို တွေ့ခဲ့ရတယ်။ အဆုတ်တစ်ခြမ်းကို ဖြတ်ထုတ်ခဲ့ရပြီး အသက်ဆက်ရှင်ခဲ့တယ်။ နောက် ငါးနှစ်လောက်ရှိတော့ သူ့ရောဂါလုံးဝ ပျောက်သွားပြီလို့ ပြောခဲ့ကြတယ်။

"တီဘီဖြစ်ပြီး ကုလို့ ပျောက်သွားတဲ့ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေအကြောင်းကတော့ ဆန်းကြယ်ပါပေ့ဗျာ။ သူတို့ဟာ တီဘီကုသရေးမှာပဲ ဆက်ပြီး လုပ်ကိုင်ကြတယ်။ အော်ဘရေလည်း နယူးအင်္ဂလန်တောင်ပိုင်းနဲ့ အနောက်ဖက် ကမ်းခြေက ဆေးကျောင်းတွေအထိသွားပြီး



မာတိကာသို့ ▶▶

ရင်အုပ်နဲ့ သက်ဆိုင်တာတွေမှန်သမျှ လေ့လာသင်ယူခဲ့တယ်။ ဒဲလာဝဲ ပြည်နယ်က ရင်ဘတ်ကု သမားတော်ကြီးများအသင်းမှာ ကျွန်တော့်အစ်ကို ဟာ ပထမ ဆုံး အဖွဲ့ဝင်တစ်ဦးဖြစ်တယ်လို့ ကျွန်တော် ထင်တာပဲ။

" သူဟာ တီဘီဆေးရုံတစ်ခုကို နောက်ဆုံးအုပ်ချုပ်ခဲ့တယ်။ ဒါပေမဲ့ ထိပ်ဆုံးရာထူးနေရာကို ဘယ်အခါမှ မရခဲ့ဘူး။ လက်ထောက်အဖြစ် စလုပ်ခဲ့တယ်။ လက်ထောက်အဖြစ်နဲ့ပဲ ပြီးဆုံးခဲ့တယ်။ သူ့ကိုကျော်ပြီး ရာထူးတိုးပေးခဲ့တဲ့ မျက်နှာဖြူ အယောက် ၂၀ လောက် ရှိခဲ့လိမ့်မယ်။ ကျွန်တော်က သူ့ကို 'တိုက်' ရမယ်လို့ ပြောလေ့ပြောထရှိခဲ့တယ်။ ဒါပေမဲ့ သူက 'တိုက်စစ်ဆင်သူ' မဟုတ်ခဲ့ဘူး။ အေးအေးဆေးဆေး ငြိမ်းငြိမ်း ချမ်းချမ်း နေချင်တဲ့သူ။

"ဒါပေမယ့် သူ့အပေါ်မှာ သူတို့ နောက်ဆုံးလုပ်ခဲ့ပုံက ဆရာဝန် လည်းမဟုတ်၊ ဆေးအကြောင်းကိုလည်း ဘာမှ နားမလည်တဲ့ လူတစ် ယောက်ကို သူ့အထက်မှာ ပေးလိုက်ကြတယ်။ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက ကျွန်တော့်အစ်ကိုကို ဘာမဆို အဲဒီလူနဲ့ ရှင်းလင်းလုပ်ကိုင်ရမယ်လို့ ပြောခဲ့ တယ်။ အစ်ကိုက အဲဒီလို မလုပ်နိုင်ဘူးလို့ ပြောခဲ့တော့ သူတို့က လုပ် ရင်လုပ်၊ မလုပ်ရင်ထွက် ဆိုပြီး အမိန့်ချခဲ့ကြတယ်။

"တစ်မနက်မှာ သူက ကျွန်တော့်ကို ဖုန်းဆက်ပြောတော့ ကျွန် တော်က အဲဒီလူတွေကို လဲသေလိုက်ကြလို့ ပြောလိုက်ပါလား။ မင်းလည်း အလုပ်ထွက်ပြီး ကိုယ့်ဟာကိုယ် ငွေဝင်ရအောင် လုပ်ပါတော့လားလို့ ပြန် ပြောလိုက်တယ်။ သူက အဲဒီလိုလုပ်လိုက်ရင် သူ့ကို အားကိုးတဲ့ ဆေးရုံ က ဆင်းရဲသားလူမမာတွေ အားလုံးအတွက် လက်လျှော့လိုက်သလို ဖြစ် သွားမယ်လို့ ပြန်ဖြေတယ်။ အစ်ကိုဟာ ဝမ်းနည်းကြေကွဲမှုကို ခံစားရင်း ဆက်ပြီး အလုပ်လုပ်နေခဲ့တယ်။

"သူ့မိန်းမက ဈေးသွားနေရာက အိမ်ပြန်လာတော့ အစ်ကို သေ နေတာကို တွေ့ရတော့တယ်။ နောက်ဆုံးတော့ သူ့ရဲ့ နှလုံးသားက ခံနိုင် ရည်အား မရှိတော့ဘူး။ သူ့နှလုံးက အရှုံးပေးသွားခဲ့တဲ့ အဖြစ်ပဲ"



မာတိကာသို့

သားဂွဒ်ဟာ အထက်တန်းကျောင်း ပြီးဆုံးသွားခဲ့တယ်။ ဒါပေမယ့် မယ်ရီလဲန်းတက္ကသိုလ်က နီးဂရိုးတွေကို ကျောင်းဝင်ခွင့်မပေးတဲ့ ကျောင်းဖြစ်လို့ သူ့မှာ တက်လို့ မရခဲ့ဘူး။ သူက လူမည်းတွေအတွက်သာဖြစ်တဲ့ မော်ဂင် စတိတ်တက္ကသိုလ်ကိုတော့လည်း မတက်ချင်ခဲ့ဘူး။ အဲဒီတက္ကသိုလ်ရဲ့ ပညာရေးအဆင့်အတန်းဟာ ယခုအခါထက် များစွာနိမ့်ကျတဲ့ ကောလိပ်မို့လို့ပဲ။ သားဂွဒ်ဟာ ပဲန်ဆီလ်ဗေးနီးယားပြည်နယ်၊ အောက်စ်ဖို့ဒ်မြို့ရှိ လင်းကင်း တက္ကသိုလ်ကိုတက်ဖို့ ရွေးချယ်ခဲ့ပါတယ်။ အဲဒီတက္ကသိုလ်ဟာ ငယ်ပေ မယ့် လူမည်းတွေအတွက် အလွတ်ဖွင့်ထားတဲ့ကျောင်း ဖြစ်ပါတယ်။

လင်းကင်းတက္ကသိုလ်မှာ ကျောင်းစရိတ်၊ အဆောင်နဲ့ ထမင်းစရိတ်တို့အတွက် တစ်နှစ်မှာ ဒေါ်လာ ၃၀၀ ကျော် ကုန်ပါတယ်။ အဲဒီစရိတ်ကို သူ့ရဲ့ မိသားစုက မထောက်ပံ့နိုင်တဲ့အတွက် သားဂွဒ်ဟာ တက္ကသိုလ်နယ်မြေအတွင်းမှာ အလုပ်မျိုးစုံ လုပ်ခဲ့ရပါတယ်။ ပထမဆုံးအနေနဲ့ ကျောင်းထဲ မုန့်ဖုတ်ရုံမှာ စပြီး အလုပ်လုပ်ခဲ့ရတယ်။ သူနဲ့ လုပ်ဖော်ကိုင်ဖက်တွေက လူ ၃၆၀ စာအတွက် ပေါင်မုန့်တွေနယ်ပြီး ကိတ်မုန့်နဲ့ မုန့်မျိုးစုံ ဖုတ်ကြရတယ်။ သားဂွဒ်က ညတိုင်း ပေါင်မုန့်ပူပူတစ်လုံးကို ထိပ်ကခွဲပြီး၊ တိုရှိုထားတဲ့ လတ်လတ်ဆတ်ဆတ် ထောပတ်တစ်ပေါင်ထည့်ပြီး စားခဲ့ရပုံကို "နတ်သုဒ္ဓါစားရတာပဲဗျို့"လို့ မြိန်ရေရှက်ရေ ပြန်ပြောပြခဲ့တယ်။

သူနဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ မယုံနိုင်လောက်အောင် ပူလှတဲ့ မုန့်ဖုတ်ရုံထဲမှာ အကျႌကျွတ်တွေနဲ့ ချွေးသီးချွေးပေါက်ကျအောင် လုပ်ခဲ့ကြရတယ်၊ မုန့်အတွက် နယ်တဲ့အထဲမှာ သူတို့ချွေးတွေ တပေါက်ပေါက်ကျနေတဲ့အတွက် ဆားထည့်စရာတောင် မလိုတော့ဘူး။ ဒါပေမယ့် သူ့မှာ စားသောက်ရတာလည်း ခံတွင်းမပျက်ခဲ့ဘူးလို့ သားဂွဒ်က ပြောပြခဲ့တယ်။ သူတို့လုပ်တဲ့ ပေါင်မုန့်တွေကိုလည်း တစ်ရက်ထားပြီးမှ ကျောင်းသားတွေကို ကျွေးခဲ့တယ်။ ချက်ချင်းလတ်လတ်ဆတ်ဆတ် ချကျွေးရင် ကျောင်းသားတွေ အများကြီး ပိုစားမှာ ကြောက်လို့တဲ့။

သားဂွဒ်ရဲ့ တာဝန်မဲ့မှုတွေကလည်း ကောလိပ်ကျောင်းသားဘဝ



မာတိကာသို့ ▸▸

ရောက်ခဲ့ပေမဲ့ အထက်တန်းကျောင်းသားကြီးဘဝတုန်းကထက် ဘာမှ လျော့မသွားခဲ့ဘူး။ သူဟာ နှစ်စဉ်နှစ်တိုင်း ကျောင်းက အထုတ်ခံရလုနီးပါး အရေးယူခံခဲ့ရတာချည်းပါပဲ။ သားဂွဒ်ဟာ ဘောလုံးပွဲတွေပြီးတိုင်း အရက် မူးအောင် သောက်ကြတဲ့ အောင်ပွဲခံသောက်ပွဲတွေမှာ ပါခဲ့တယ်လို့ အစွပ်စွဲ ခံခဲ့ရတယ်။ အတန်းငယ် ကျောင်းသားတွေအပေါ်မှာ နိုင်ထက်စီးနင်းလုပ်ခဲ့ တယ်။ ပြီးတော့ အစားအသောက် ပိုကောင်းကောင်း စားရရေးအတွက် ဆန္ဒပြမှုကို ခေါင်းဆောင်ခဲ့တယ်ဆိုတဲ့ ပုဒ်မတွေ အတပ်ခံခဲ့ရတယ်။

အရေးကြီးတဲ့ စာမေးပွဲတွေ မဖြေခင် ညတွေမှာ တခြားကျောင်း သားတွေ အများစုက စာကို တွင်တွင်ဖိကျက်နေကြတယ်။ အဲဒီအချိန်မှာ သားဂွဒ်ဟာ သူနဲ့အတူ မိုက်မိုက်မဲမဲ လက်တွဲတဲ့သူတွေနဲ့ မိုးအလင်း ဖဲရိုက်ကာ ပိုကာခေါင်းကြသတဲ့လေ။ သူနဲ့ ကျောင်းနေဖက်တွေက အဲဒီလို ပြန်ပြောခဲ့ကြတယ်။ သားဂွဒ်က စာမကျက်ဘဲနဲ့ အောင်မှတ် အဆင့်သုံး ရနိုင်ခဲ့ရင် ဘာဖြစ်လို့ အဆင့်တစ် ရဖို့အတွက် ဖဲပြင်အောင် ကြိုးစားနေ မလဲတဲ့။

သူ့ရဲ့ ကျောင်းနေဖက်တွေ မှတ်မိနေတာ ရှိပါသေးတယ်။ သားဂွဒ် အပြည့် အာရုံစူးစိုက်ပြီး ကြိုးစားတဲ့အလုပ်ကတော့ မိန်းမတွေကို လိုက်တာပဲ ဖြစ်တယ်လို့ ပြောကြတယ်။ သားဂွဒ်က မိန်းမတွေကို သူနဲ့ အရက်အတူ သောက်ပြီး အချိန်ဖြုန်းဖို့နဲ့ နောက်ဆုံးမှာ သူတို့ဆီက သူလိုချင်တဲ့ဆန္ဒ ပြည့်ဝဖို့ မျှော်လင့်ချက်နဲ့ ကြိုးစားတယ်လို့ ပြန်ပြော ကြတယ်။ မိန်းမတွေနဲ့ ပတ်သက်ပုံကတော့ ဘာပြောမလဲ။ သားဂွဒ်ဟာ ပထမဆုံး မင်္ဂလာ မဆောင်ခင်မှာ ကိုးကြိမ်တောင် စေ့စပ်ခဲ့တယ်လို့ ပြောကြသေးတယ်။

သားဂွဒ်က ဝန်ခံခဲ့တယ်။

"ဟုတ်တယ်၊ ကျုပ် စေ့စပ်ခဲ့တာ ကိုးကြိမ် အနည်းဆုံး ရှိခဲ့လိမ့် မယ်။ တစ်ချိန်ကဆိုရင် ကျုပ်အတွက် စေ့စပ်မှု အထိမ်းအမှတ်လက်စွပ် ခြောက်ကွင်းတောင် တစ်ပြိုင်တည်း ပေးခဲ့ဖူးတယ်"



မာတိကာသို့ ▶▶

သားဂွဒ်ဆိုတဲ့လူက အရပ်အမောင်းကမြင့်၊ အသားက ညိုချော၊ အရပ် ၆ပေ ၂ လက္မ၊ ကိုယ်လုံးမှာ ကြွက်သားတွေကလည်း ဖုထစ်ကျစ်လျစ်နေတဲ့သူ၊ သူ့အသားအရောင်ကလည်း ချီရိုးကီး ရက်အင်ဒီးရင်း အသားအရောင်ဆိုတော့ အမျိုးသမီးငယ်တွေက အလွန်သဘောကျကြတယ်။ သားဂွဒ် မာရှယ်လ် အငြိမ်းစားယူခါနီးမှာ စာရေးသူက သူ့ကို မေးခဲ့တယ်။

"ခင်ဗျားကောလိပ်ကျောင်းတုန်းက မိန်းမတွေလိုက်တာနဲ့ အရက်သောက်တာနဲ့ပဲ အချိန်တွေ ဖြုန်းခဲ့တယ်ဆိုတာ အမှန်တရားတစ်ခုပေါ့"

အဲဒီအခါမှာ သူက ပြန်ဖြေခဲ့တယ်။

"အို ... ဒါ့ထက်ကောင်းတာ ဘာရှိသေးလို့လဲ" တဲ့။

သားဂွဒ် မိဘများက သူ့ကို သွားဆရာဝန်တစ်ဦး ဖြစ်လာပြီး သူတို့ မကြုံဖူးတဲ့ ပိုမိုပြီး ကြွယ်ဝတဲ့ ဘဝဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားခဲ့ကြတယ်။ ဒါပေမဲ့ သားဂွဒ်ဟာ ပါမောက္ခတစ်ဦးနဲ့ ကတောက်ကဆ ဖြစ်ခဲ့တယ်။ မျက်နှာဖြူဆရာတွေပဲ ရှိတဲ့ကျောင်းမှာ လူမည်းဆရာတွေပါ ခန့်အပ်ရေးအတွက်လည်း သားဂွဒ်က ဆန့်ကျင်ခဲ့တယ်။ တစ်ကြိမ်မှာတော့ ပါမောက္ခ ဂရင်းမ်ရဲ့ မနုဿဗေဒ ပို့ချမှုအချိန်မှာ ဆရာပို့ချတဲ့ လိင်ကိစ္စနဲ့ ပတ်သက်ပြီး သားဂွဒ်က ကလန်ကဆန်ထပြီး ငြင်းချက်ထုတ်ခဲ့လို့ သားဂွဒ်ဟာ စာမေးပွဲ အချခံခဲ့ရတယ်။ အဲဒါကြောင့် သူ့ရဲ့အကြိုဆေးစာမေးပွဲ မအောင်ခဲ့လို့ သွားဆရာဝန်ဖြစ်ရေး ရည်မှန်းချက်လည်း ပျက်စီးသွားခဲ့ရတယ်။ သွားဆရာဝန်သာ ဖြစ်လာခဲ့ရင် ပိုက်ဆံများများ ရနိုင်တာမို့ သားဂွဒ်က တစ်ခါတစ်ရံမှာတော့ တွေးတောပြီး ဝမ်းနည်းခဲ့တယ်။ ဒါပေမယ့် သွားဆရာဝန် မဖြစ်တာ ခပ်ကောင်းကောင်းပဲ။ ဝမ်းသာစရာ တော်တော်ကောင်းတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့လက်တွေက ကြီးထွားလွန်းတော့ လူတစ်ယောက်ရဲ့ ပါးစပ်ထဲကိုထည့်လို့ရမှာ မဟုတ်ပါဘူးလို့ သားဂွဒ်က သူ့ကိုယ်သူ ပျားရည်နဲ့ ဝမ်းချတယ်။

သားဂွဒ်ရဲ့ခေတ်က လူမည်းတွေ အတော်များများကို ဘယ်မျက်



မာတိကာသို့

နာဖြူကမှ ဖိနှိပ်လို့ မရတဲ့ကဏ္ဍတစ်ခုကတော့ အမျိုးသမီးတွေနောက်ကို လိုက်တဲ့ ယောကျ်ားသဘာဝကိစ္စ ဖြစ်ခဲ့ပါတယ်။ သားဂွဒ်နဲ့ အဖော်နှစ်ယောက်ဟာ မိန်းမချော၊ မိန်းမလှတွေ လာတက်တယ်လို့ နာမည်ကြီးတဲ့ ဖီလာဒဲလ်ဖီးယားက ဘက်ပ်တစ်ဘုရားရှိခိုးကျောင်းတစ်ခုကို ရောက်သွားခဲ့ကြတယ်။ အဲဒီဘုရားရှိခိုးကျောင်းမှာပဲ သားဂွဒ်ဟာ ပဲန်ဆယ်လ်ဗေးနီးယားတက္ကသိုလ် ကျောင်းသူတစ်ဦးဖြစ်တဲ့ ဗီဗီယင် ဘာရေးဆိုသူ အမျိုးသမီးလေးတစ်ဦးကို သွားတွေ့ခဲ့တယ် (ဘတ်စ်တာလို့ခေါ်ကြတယ်)။ ဗီဗီယင်က တခြားအမျိုးသမီးတွေနဲ့မတူဘဲ သူ့ကို ဘယ်လိုများ ဆွဲဆောင်မှုပေးခဲ့သလဲလို့ သားဂွဒ်ကို ပြန်မေးကြည့်ခဲ့တယ်။ အဲဒီအခါမှာ သားဂွဒ်က သူဟာ အမေရိကန်အစိုးရအဖွဲ့မှာ ပထမဆုံး လူမည်းဝန်ကြီး ဖြစ်လာခဲ့တဲ့ ရောဘတ်ဝီဗာရဲ့ အကဲဖြတ်စနစ်အတိုင်း အသုံးချခဲ့ပုံကို ပြန်ပြောပြခဲ့တယ်။

> "ပထမဆုံး ကောင်မလေးတစ်ယောက်ရဲ့ ခြေမျက်စိတွေကို အရင်ဆုံးစကြည့်လိုက်ဗျာ။ သူ့ရဲ့ ခြေမျက်စိလေးတွေက လှပြီးဆွဲဆောင်မှု ရှိတယ်ဆိုရင် တဖြည်းဖြည်း အပေါ်ကို တက်လာပြီး ကြည့်ဗျာ။ ခြေထောက်ကနေ တင်ပါး၊ အဲဒီကနေ ရင်သားအထိ ဆိုပါတော့ဗျာ။ အဲဒီလို ကြည့်လို့ အိုကေတယ်ဆိုရင် မိန်းကလေးရဲ့ မျက်နှာကို ဆက်ပြီး ရှုစားလိုက်တာပေါ့ဗျာ။ ဘတ်စ်တာမှာ အားလုံးနဲ့ ပြည့်စုံတယ်။ မိန်းမလှတစ်ယောက်တော့ မဟုတ်ဘူး။ ဒီလောက် အလှကြီး မဟုတ်ပေဘူး။ ဒါပေမဲ့ သူ့ရဲ့ ပိတုန်းရောင်ကေသာ၊ မဟူရာမျက်လုံး စတာတွေကို အတူပေါင်းစပ်လိုက်ရင် အလွန်ကြည့်ကောင်းတာပဲ။ ဒါ့ကြောင့်ကျွန်တော်နဲ့ လိုက်ဖက်ညီ ဖြစ်ခဲ့တော့တာပေါ့ဗျာ"

သားဂွဒ်ဟာ ဘတ်စ်တာအပေါ်မှာ မေတ္တာသက်ဝင်ခဲ့ပြီး လက်ထပ်ခွင့် တောင်းခံခဲ့တော့တာပဲ။ ဘတ်စ်တာကို ဘော်လ်တီမောကို ခေါ်သွားပြီး သူ့မိဘတွေနဲ့ တွေ့ပေးမယ်လို့ သားဂွဒ်က ဘတ်စ်တာရဲ့ မိဘနှစ်ပါးထံက ခွင့်ပြုချက်ရခဲ့တယ်။ အားလုံးအဆင်ပြေခဲ့ရာက နောက်ဆုံးမှာ သားဂွဒ်ရဲ့ ဦးလေးကြီး ဖီးယားလက်စ်နဲ့ တွေ့တော့မှပဲ ဒုက္ခရောက်တော့



မာတိကာသို့ ▶▶

တယ်။ ဦးလေးကြီးက ဘတ်စ်တာကို သူ့ဘေးခေါ်ပြီး ပြောခဲ့ပုံလည်း ကြည့်ပါဦး။

"မိန်းကလေးရယ်၊ မင်းဟာ သိမ်မွေ့တဲ့ မိန်းမချော၊ မိန်းမလှလေးတစ်ယောက် ဖြစ်တာကို ကျုပ် တွေ့မြင်ရပါတယ်။ ဒါပေမဲ့ မင်းအနေနဲ့ သားဂွဒ်ကို သတိထားမိဖို့တော့ ကောင်းတာပေါ့။ ဒီကောင်က အမြဲတမ်း ကြမ်းပိုးတေလေလို နေခဲ့တာ။ နောင်လည်း အမြဲတမ်း ကြမ်းပိုးတေလေ ဖြစ်နေဦး မှာပဲ"

သားဂွဒ်၏ ဦးလေးသည် ရွှတ်နောက်ပြီး ဟာသလုပ် ပြောခဲ့ခြင်း မဟုတ်။ အတည်ပြောခဲ့တာဖြစ်တယ်။ ဒီအကြောင်းကို နောင်အခါမှာ သားဂွဒ်က ပြန်ရှင်းပြခဲ့တယ်။

"ကျွန်တော့်ဦးလေးက အတည်ပြောခဲ့တာ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့ နာမည်ဆိုးနဲ့ ကျော်ကြားမှုကို သူက မကြိုက်လို့ဘဲ။ ဘယ်လောက်အထိ မကောင်းသလဲ၊ ဦးလေးကြီး ဖီးယားလက်စ် သေတော့ ကျွန်တော့်အတွက် ပိုက်ဆံ ခြူးတစ်ပြားတောင် အမွေမထားခဲ့ဘူး။ သူ့ပိုက်ဆံ ဒေါ်လာ ၃၆,၀၀၀ စလုံးကို ကက်သလစ်အလှူအတန်းအဖွဲ့တွေ အတွက် သေတမ်းစာနဲ့ လွှဲပေးသွားတယ်လေ"

ဘတ်စ်တာကတော့ သားဂွဒ်အပေါ်မှာ ဦးလေးကြီး ဖီးယားလက်စ် ပြောခဲ့တဲ့ ကြမ်းပိုးတေလေဆိုတာထက် ပိုပြီးအလားအလာရှိသူ တစ်ယောက်အဖြစ် မြင်ခဲ့တယ်။ သားဂွဒ်ကို သူမ လက်ထပ်ယူလိုကြောင်း ဘတ်စ်တာက သူမရဲ့ မိဘတွေကိုလည်း ရှင်းရှင်းလင်းလင်း ထုတ်ပြောခဲ့တယ်။ သူမ ဘွဲ့ရမှ လက်ထပ်ယူပါလားလို့ မိဘတွေကပြောတော့ ဘတ်စ်တာက သားဂွဒ် ဘွဲ့ရတဲ့အထိစောင့်ပြီး လက်ထပ်ယူပါရစေလို့ ပြန်ပြီး ညှိယူခဲ့တယ်။ ဒါပေမဲ့ သားဂွဒ်နဲ့ ဘတ်စ်တာတို့နှစ်ယောက်စလုံးဟာ နှုတ်ကတိစာချုပ်တွေကို ချိုးဖောက်ပြီး ၁၉၂၉ ခုနှစ်မှာ ကောက်ပြီး လက်ထပ်ခဲ့ကြတယ်။ အဲဒီအချိန်မှာ သားဂွဒ်ဟာ တက္ကသိုလ် တတိယနှစ် ကျောင်းသားပဲ ရှိခဲ့သေးတယ်။



မာတိကာသို့

သားဂွဒ်ဟာ စာမေးပွဲဖြေခါနီးအချိန်တွေမှာ ပိုကာဒေါင်းတယ်၊ ဖဲရိုက်တယ်လို့ ဘယ်လိုပဲပြောပြော ၁၉၃၀ ခုနှစ်မှာ လင်းကင်းတက္ကသိုလ်က ဘွဲ့ရခဲ့တယ်။ မယုံကြည်နိုင်လောက်အောင်ပဲ ဂုဏ်ထူးတွေနဲ့ ဘွဲ့ရခဲ့တယ်။ သူဟာ ပြောင်းလဲသွားပြီ။ အရက်အလွန်သောက်ခဲ့တဲ့ အရက်မူးသမားဘဝ၊ တက္ကသိုလ်နယ်မြေ လူပ်ရှားမှုမှန်သမျှမှာ ပါဝင်ခဲ့တဲ့ဘဝ၊ မျှော်လင့်ချက်မရှိသူအဖြစ် ကျောင်းထုတ်ခံရလုမတတ် ဖြစ်ခဲ့တဲ့ ဘဝတွေနဲ့ ဘာမှ မဆိုင်တော့ဘူး။ အကြီးအကျယ် ကွာခြားသွားခဲ့ပါပြီ။

ဘတ်စ်တာက သူနဲ့အတူ ပါတီပွဲလုပ်ပေးပြီး အတူလည်းသောက်ခဲ့တယ်။ ဒါပေမဲ့ ရှင်တော်လောက်ပြီနော်လို့ သားဂွဒ်ကို သတိပေး ပြောရဲတဲ့၊ သတ္တိလည်းရှိတဲ့ မိန်းကလေး။ သားဂွဒ်ကို နောက်ထပ် မိန်းမတွေနောက်လိုက်ဖို့ မလိုတော့ကြောင်း ဖျောင်းဖျပြီး ခေါင်းအေးအောင်လည်း ပြောပြတတ်တယ်။ သားဂွဒ်ရဲ့ ဦးနှောက်ကို ဗဟုသုတ သတင်းတွေ များများရရှိရေးဘက် မြားဦးပြောင်းလှည့်ပေးနိုင်တယ်။ သားဂွဒ်သာ စိတ်ဆန္ဒရှိလို့ကတော့ သူဟာ အရေးပါသူတစ်ဦးလည်း ဖြစ်လာနိုင်တယ်။ သူဟာ ထူးထူးခြားခြား ပြောင်းလဲလာနိုင်တယ်ဆိုတာတွေကို ဘတ်စ်တာက သားဂွဒ်ကို ထပ်တလဲလဲ တဖွဖွနဲ့ နားချပေးခဲ့ပါတယ်။

သားဂွဒ်နဲ့ ဘတ်စ်တာတို့ဟာ လူမည်းကောလိပ်ကျောင်းတစ်ခုက ဘွဲ့ရခဲ့သူများရဲ့ အဖြစ်မှန်ဘဝကို ဆွေးနွေးခဲ့ကြတယ်။ အဲဒီခေတ်တုန်းကလည်း လက်ရှိခေတ်အတိုင်းပါပဲ။ လူမည်းတွေအတွက် ဂုဏ်ရှိပြီးဝင်ငွေကောင်းတဲ့အလုပ်အကိုင်တွေက ဆရာဝန်၊ သွားဆရာဝန်နဲ့ ရှေ့နေအလုပ်တွေ ဖြစ်ခဲ့ပါတယ်။ ဒီအလုပ်အကိုင်တွေအတွက် လူများများလည်း မရှိခဲ့ဘူး။ ကျောင်းဆရာအလုပ်နဲ့ တရားဟောဆရာအလုပ်တို့လည်း နည်းနည်းတော့ ဂုဏ်သိက္ခာရှိပါတယ်။ ဒါပေမဲ့ ပိုက်ဆံကောင်းကောင်း မရဘူး။ သားဂွဒ်မှာ သွားဆရာဝန်ဖြစ်ရေးဆန္ဒကို အလျှော့ပေးလိုက်ရပြီဆိုတော့ ရှေ့နေဖြစ်အောင်လုပ်ဖို့ပဲ ရှိတော့တယ်လို့ သားဂွဒ်နဲ့ ဘတ်စ်တာတို့ သဘောတူညီမှု ရခဲ့ကြတယ်။



မာတိကာသို့ ▶▶

သားဂွဒ်မှာ ငွေကြေးလည်း မပြည့်စုံဘူး။ ပြီးတော့ မယ်ရီလဲန်းပြည်နယ်ရဲ့ အပြင်ဘက်ကို ခရီးသွားလာရေးတာဝန်ကလည်း မသက်သာဘူး။ ဒါ့ကြောင့် သူဟာ ကောလိပ်ပတ်ခ်မှာရှိတဲ့ မယ်ရီလဲန်းတက္ကသိုလ်ကိုပဲ တက်ရတော့မယ်။ ဒါပေမဲ့ မယ်ရီလဲန်းတက္ကသိုလ်မှာ ကျောင်းဝင်ခွင့်လျှောက်လွှာတင်ခဲ့တဲ့အခါမှာ ကျောင်းအုပ်ဆရာကြီး အာရ်အေ ပီယာဆင်က လက်ထောက်တစ်ဦးကို စာနဲ့ လက်မခံနိုင်ဘူးဆိုတာ အကြောင်းပြန်ခိုင်းခဲ့တယ်။ မယ်ရီလဲန်းပြည်နယ်နဲ့ တောင်ပိုင်းတက္ကသိုလ်တွေမှာရှိတဲ့ တခြားအသက်မွေးဝမ်းကျောင်းပြုဘာသာရပ်တွေ သင်ပေးတဲ့ ကျောင်းအားလုံးက လူမည်းတွေရဲ့ ကျောင်းဝင်ခွင့်လျှောက်လွှာတွေကို လက်မခံကြဘူး။ တချို့ကျောင်းတွေကဆိုရင် ချိုချိုသာသာလေးနဲ့ အကြောင်းပြန်ပေးတတ်ကြတယ်။ "ကျွန်တော်တို့ တက္ကသိုလ်မှာတက်လို့ ကုန်ကျတဲ့စရိတ်နဲ့ နီးဂရိုးတွေကို လက်ခံတဲ့ မြောက်ပိုင်းက ကျောင်းတစ်ခုကို သွားတက်လို့ ပိုပြီး ကုန်ကျတဲ့စရိတ်တို့ရဲ့ ခြားနားချက်ကို ကျွန်တော်တို့က ပေးပါမည်" လို့ ရေးတာမျိုး ဖြစ်ပါတယ်။ မယ်ရီလဲန်းတက္ကသိုလ်က သားဂွဒ်အတွက် ကမ်းလှမ်းချက် ဘာတစ်ခုမှ မပေးခဲ့ဘူး။

တကယ်တော့ သားဂွဒ်ရဲ့ လျှောက်လွှာကြောင့် ကျောင်းအုပ်ကြီး ပီယာဆင်ကို ဒေါသတောင် ဖြစ်စေခဲ့တယ်။ အဲဒီနောက်မှာ လျှောက်လွှာတင်တဲ့ လူမည်းတွေကို ပေးဖို့ဆိုပြီး စာတစ်စောင်ကို ရေးသားစေခဲ့တယ်။ ပြည်နယ်တက္ကသိုလ်ဥပဒေအရ လူမည်းများအတွက် သီးခြား အဆင့်မြင့်ပညာဆည်းပူးစရာဌာနသည် ပရင့်ဆက်စ် အဲန် အကယ်ဒမီကို အသိအမှတ်ပြုထားတယ်လို့ ရေးထားတဲ့စာ ဖြစ်ပါတယ်။

အဲဒီစာဟာ သားဂွဒ်ကို အကြီးအကျယ် ဒေါသထွက်စေခဲ့ပါတယ်။ သူတက်ခွင့်မရတဲ့ အခြေခံနဲ့ အထက်တန်းကျောင်းတွေမှာ သူနဲ့ ကစားဖက်မျက်နှာဖြူကျောင်းသားတွေသာ တက်ခွင့်ရတာကိုကြည့်ပြီး ဒေါသဖြစ်ခဲ့ရတာကို သည်းခံခဲ့ရပြီးပြီ။ သူတို့ပြည်နယ်က သူ့အမေကိုပေးခဲ့တဲ့ လခဟာ တခြားမျက်နှာဖြူဆရာ၊ ဆရာမတွေရဲ့ လစာထက်နည်းပြီး အိမ်မှာ တိုက်ချွတ်ဆေးကြောတဲ့ အိမ်ဖော်ရဲ့ လစာလောက်သာ ပေးခဲ့ပုံကိုလည်း



မာတိကာသို့

သားဂွဒ်တွေ့မြင်ခဲ့ရပြီးပြီ။ သူ့ရဲ့ဖခင်ကိုလည်း အလုပ်ကြမ်းသမားဘဝကို နှိမ့်ချပေးပြီး စိတ်ဓာတ်ရေးရာအရ အပယ်ခံဖြစ်အောင် လုပ်ခဲ့ကြတာကိုလည်း တွေ့ကြုံခဲ့ရပြီးပြီ။ အခုတစ်ခါ ကျောင်းအုပ်ဆရာကြီး ပီယာဆင်က သူ့ဘဝရဲ့ ရှေ့ရေးကို ဝင်ရှုပ်နေပြန်ပြီ။ ကိုယ့်ရဲ့ပြည်နယ်တက္ကသိုလ်က အခုလို ချိုးနှိမ်စော်ကားခဲ့မှုကြောင့် ဘတ်စ်တာရဲ့ အဓိဋ္ဌာန်စကားတွေကို ပိုပြီးအားကောင်းစေခဲ့တယ်။

လောကကြီးမှာ အရက်သောက်ခြင်းနဲ့ လိင်ကိစ္စ အပျော်အပါးလိုက်စားခြင်းတို့ထက်ပိုပြီး အရေးကြီးတာတွေရှိတယ် ဆိုတဲ့ ဘတ်စ်တာရဲ့ မကြာခဏ လက်သုံးစကားတွေဟာ ပိုပြီးအားကောင်း သွားခဲ့တော့တယ်။ မယ်ရီလဲန်းတက္ကသိုလ်ဟာ သားဂွဒ်အပေါ်မှာ သူ့တစ်သက်လုံး မေ့လို့မရနိုင်မယ့် နှိမ်နှိမ်မှုကို ပြုလုပ်ခဲ့ပါပြီ။

သားဂွဒ်က ကိုလမ်ဘီးယားခရိုင်က ဟောင်းဝပ်တက္ကသိုလ် ဥပဒေ ကျောင်းကို သွားတက်ချင်ကြောင်း၊ ဒါပေမယ့် သူ့တို့လင်မယားမှာ မတတ်နိုင်ကြောင်း သားဂွဒ်ရဲ့ မိဘတွေကို ပြောပြခဲ့ကြတယ်။ သားဂွဒ်ရဲ့ အမေက "ငါ့သား မင်းသွားတက်ရမှာပေါ့။ သားအတွက် စရိတ်ရဖို့ အံမေ့ရဲ့ စေ့စပ်ပွဲလက်စွပ်နဲ့ ထိမ်းမြားမင်္ဂလာလက်စွပ်တွေကို အမေပေါင်ပေးမယ်" လို့ ပြန်ပြောခဲ့ပါတယ်။ သားဂွဒ်အမေဟာ ပြောတဲ့အတိုင်းလည်း လုပ်ပေးခဲ့တယ်။ လက်စွပ်နှစ်ကွင်းကိုလည်း ဘယ်တော့မှ ပြန်မရွေးနိုင်ခဲ့ရှာတော့ဘူး။

ဟောင်းဝပ်တက္ကသိုလ်မှာ သားဂွဒ်ဟာ ကျောင်းသားရေးမှူး ချားလ်စ် ဟျူစတင်ရဲ့ဩဇာညောင်းမှုအောက်ကို ရောက်ခဲ့ပါတယ်။ ဟျူစတင်ဟာ အဲမ်ဟတ်စ်နဲ့ ဟားဗတ်ဥပဒေကျောင်းတွေမှာ ထူးခြားခဲ့တဲ့ မှတ်တမ်းရှိသူ လူမည်းတစ်ဦး ဖြစ်ပါတယ်။ ဟျူစတင်တော်ပုံကို သားဂွဒ်က ကြည်ညိုလေးစားစွာနဲ့ ပြန်ပြောပြခဲ့တယ်။

"ကျွန်တော် သိကျွမ်းခွင့်ရခဲ့သမျှ ရှေ့နေတွေထဲမှာ ချားလ်စ် ဟျူစတင်ဟာ အတော်ဆုံးရှေ့နေတစ်ဦး ဖြစ်ပါတယ်။ သူဟာ အလုပ်ကို



မာတိကာသို့ ▶▶

ခြောက်ပြစ်ကင်း သဲလဲစင် အကောင်းဆုံးလုပ်တဲ့နေရာမှာတော့ ပထမတန်းစားပဲ။ စာတစ်စောင်ကို သူ့စိတ်တိုင်းကျ အသင့်တော်ဆုံး စာလုံးတစ်လုံး မရမချင်း တစ်နေ့လုံး အချိန်ယူပြီး ရေးခဲ့တာမျိုးကို ကျွန်တော် တွေ့မြင်ခဲ့ဖူးတယ်။

"ကျွန်တော်ကတော့ ခြောက်ပြစ်ကင်း သဲလဲစင်ဖြစ်အောင် ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူး။ နောင်လည်း ဘယ်တော့မှ ဖြစ်မလာခဲ့ဘူး။ ကျွန်တော်ကတော့ ခြောက်ပြစ်ကင်း သဲလဲစင်ဖြစ်အောင် မကြိုးစားဘဲနဲ့ အလုပ်ကောင်းကောင်း ပြီးသွားဖို့ကိုပဲ စိတ်ဝင်စားတယ်။ ဒါပေမယ့် ချာလီကတော့ အဓိဋ္ဌာန်စိတ်ရှိတယ်။ ကျွန်တော်တို့ကိုလည်း အဓိဋ္ဌာန်စိတ်ဓာတ်နဲ့ ဖွဲ့ရှိရမယ်လို့ တိုက်တွန်းခဲ့တယ်။ တရားဥပဒေသမိုင်းမှာ နီးဂရိုးတွေရဲ့ လူ့အခွင့်အရေးတွေနဲ့ ပတ်သက်လို့ ချာလီက ထိရောက်အောင်မလုပ်ဘဲ နေခဲ့တာမျိုး ကျွန်တော်မတွေ့ခဲ့မိဘူး။"

"ကျွန်တော်တို့က ချာလီကို ဘိလပ်မြေအံ့ဆွဲကြီး၊ သံဖိနပ်ကြီးလို့ နာမည်ပေးခဲ့ကြတယ်။ သူ့ရဲ့ အဓိဋ္ဌာန်စိတ်ဓါတ်တွေကို ကျွန်တော်တို့ခေါင်းထဲ အတင်းရိုက်ထည့်ခဲ့လို့ ဖြစ်ပါတယ်။ သူက ဥပဒေတစ်ခုကိုလည်း ပြတ်ပြတ် ပြဋ္ဌာန်းပေးထားတယ်။ ဘယ်ပါမောက္ခ တစ်ဦးကိုမဆို ကျောင်းသားတစ်ယောက်ရဲ့ နောက်ဆုံးရမှတ်တွေထဲက အမှတ် ငါးမှတ်ကို ဘာအကြောင်းမှ ပြစရာ မလိုဘဲ နှုတ်ပစ်ခွင့်ရှိတဲ့ ဥပဒေဖြစ်တယ်။ အဲဒီတော့ သူကျေနပ်အောင် ကြိုးစားကြရတော့တာပေါ့။ သူလုံ့ဆော်ပေးတာတစ်ခုရှိသေးတယ်။ ကျွန်တော်တို့ရဲ့ပြည်နယ်၊ ကျွန်တော်တို့ရဲ့ကျောင်းနဲ့ ကျွန်တော်တို့ရဲ့ ပါမောက္ခတွေက ကျွန်တော်တို့အတွက် အကျိုးရှိအောင် တစ်ခုခုကို အလကားပေးသလိုပေးနေတာ။ အဲဒါကြောင့် ကျွန်တော်တို့ဘက်က တစ်ခုခုပြန်ပြီး ကျေးဇူးဆပ်ပြကြရမယ်တဲ့။ ချာလီကို လူတွေအတော်များများက မေ့သွားကြပါပြီ။ ဒါပေမယ့် ကျွန်တော်ကတော့ သူ့ကို ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး"

သားဂွဒ်နဲ့ ဘတ်စ်တာတို့ဟာ သူတို့ကတိအတိုင်း မစောင့်



မာတိကာသို့

ဆိုင်းတော့ဘဲ လက်ထပ်ခဲ့ကြတော့ ငွေရေးကြေးရေး အခက်အခဲတွေနဲ့ တွေ့ကြလိမ့်မယ်လို့ သူတို့မိဘတွေက ကြိုတင်ဟောကိန်းထုတ်ခဲ့ကြတယ်။ သားဂွဒ် ဥပဒေကျောင်းတက်ခဲ့တဲ့ နှစ်တွေဟာ ငွေရေးကြေးရေးပိုင်းမှာ စိတ်ဆင်းရဲခဲ့ရတဲ့နှစ်တွေဖြစ်ခဲ့တယ်။ ဒါပေမဲ့ ကျောင်းသားရေးမှူး ချာလီ ဟျူစတင်က သားဂွဒ်အပေါ်မှာ ထားရှိခဲ့တဲ့ ပုဂ္ဂိုလ်ရေး ဂရုစိုက်မှုတွေကြောင့် သူတို့လင်မယားဟာ စိတ်တက်ကြွမှု ရှိခဲ့ကြတယ်။ သားဂွဒ် ဘွဲ့မရခင် တစ်နှစ်ဖြစ်တဲ့ ၁၉၃၃ ခုနှစ်မှာ သူ့ကို ဟားဗတ်ဥပဒေကျောင်းက ကျောင်းသားရေးမှူး ရော့စကို ပေါင်းဒ်က စကောလားရှစ် ထောက်ပံ့ကြေးပေးမယ်လို့ ကမ်းလှမ်းခဲ့တယ်။ အဲဒါဆိုရင် သူနဲ့ဘတ်စ်တာအတွက် တစ်နှစ်စာလောက် နေထိုင်စားသောက်စရိတ် ရသွားနိုင်တယ်။ သားဂွဒ်လည်း တရားဥပဒေ ပါရဂူ ဒေါက်တာဘွဲ့ရအောင် သင်နိုင်ခဲ့မယ်။

ဒါပေမဲ့ သားဂွဒ်ရဲ့စိတ်ထဲမှာ ဟျူစတင် ထိုးပေးထားတဲ့ မီးက တဟုန်းဟုန်းတောက်နေခဲ့ပြီ။ သားဂွဒ်ကို ကျောင်းပြီးတာနဲ့ ချက်ချင်း ရှေ့နေလိုက်။ ပြီးတော့ မယ်ရီလဲန်းပြည်နယ်ရဲ့ အမေရိကန်နိုင်ငံမှာ ဖြစ်နေတဲ့ ဥပဒေအရ မတရားမှုတွေအနန္တကို ပြောင်းပြန်လှန်ပစ်ရမယ်လို့ ဟျူစတင်က သူ့ကို လှုံ့ဆော်ပေးထားခဲ့တယ်။ ရှေ့နေပေါက်စလေးမှာ လုပ်စရာတွေက ရှိနေခဲ့တယ်။ အဲဒါကြောင့် သားဂွဒ်ဟာ ဟားဗတ်တက္ကသိုလ် ကျောင်းသားရေးမှူးရဲ့ ကမ်းလှမ်းချက်ကို ငြင်းဆန်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒီလို ငြင်းဆန်ခဲ့မိတာဟာ သူ့အနေနဲ့ မိုက်မဲရာကျခဲ့တယ်လို့ သားဂွဒ်က ပြန်ပြောခဲ့ပါတယ်။

"အဲဒီလို ငြင်းဆန်ပြီးတဲ့နောက်မှာ ကျွန်တော်ဟာ ကိုယ်ပိုင် ရှေ့နေစလိုက်ခဲ့တယ်။ ပထမနှစ်မှာ ဒေါ်လာသုံးထောင်နဲ့ လေးထောင် အကြား အရှုံးပေါ်ခဲ့တယ်။ ကျွန်တော် ဘယ်လောက် စမတ်ကျတုံး။ တကယ်တော့ ကျွန်တော့်အနေနဲ့အိတ်ထဲကို သုံးလေးထောင်လောက် ဝင်ဖို့ကောင်းခဲ့တာပေါ့။ ဒါပေမယ့် တစ်ပြားမှ အမြတ်မပေါ်ခဲ့ဘူး"

အဲဒီလို ကိုယ်ပိုင်ရှေ့နေစလိုက်ခဲ့တဲ့ နေ့ရက်တွေဟာ ဝရုန်း



မာတိကာသို့ ▶▶

သုန်းကား ရှန်းကန်မှု လုပ်ခဲ့ရတဲ့ကာလတွေပဲလို့ သားဂွဒ်က ပြန်သုံးသပ်ပြခဲ့တယ်။ သူနဲ့ သူ့ရဲ့အတွင်းရေးမှူး လူစီလ် ဝပ်တို့နှစ်ယောက်အတွက် နေ့လယ်စာကို သူက ယူသွား၊ နောက်တစ်နေ့ကျတော့ နှစ်ယောက်စာအတွက် လူစီလ်က တစ်လှည့်ယူ အဲဒီလို လုပ်ခဲ့ကြရတယ်။ တယ်လီဖုန်းကုမ္ပဏီကလည်း ဖုန်းခတွေမပေးလို့ ဖုန်းဖြုတ်မယ်လုပ်ခဲ့တယ်။ သားဂွဒ်က "သတ္တိရှိ ဖြုတ်ရဲရင် ဖြုတ်ကြည့်လေ၊ ကျုပ်ကို ရှေ့နေမှန်း မသိကြဘူးလား။ ကျုပ်ရဲ့ဖုန်းကို ရှုပ်အောင် ဝင်လုပ်လို့ကတော့ ခင်ဗျားတို့ ကျုပ်ကို လျော်ကြေးပေးရတဲ့အထိ တရားစွဲပစ်လိုက်မယ်" လို့ သားဂွဒ်က ပြန်ကြိမ်းခဲ့တော့မှ ဖုန်းအဖြုတ် မခံရတော့တယ်။

တစ်နေ့တော့ သားဂွဒ်ကို ဂျွန် မာဖီ ဆိုသူတစ်ဦးက ဖုန်းဆက်လာတယ်။ မာဖီဟာ လူမည်းတွေပိုင်တဲ့ *အက်ဖရို အမေရိကန်* သတင်းစာထုတ်ဝေမှုကို ပံ့ပိုးပေးနေသူဖြစ်တယ်။ သတင်းစာရဲ့ ငွေရေးကြေးရေးအခြေအနေကလည်း အတောင့်တင်းဆုံးအခြေအနေမှာ ရှိခဲ့တယ်။ သားဂွဒ်ရဲ့ တွက်ချက်ကြည့်မှုအရ ဂျွန် မာဖီဟာ ၁၉၃၀ ပြည့်လွန်ကာလမှာ တောင်နှစ်စဉ် ဒေါ်လာ ၁၂၀,၀၀၀ က ၁၈၀,၀၀၀ အထိ ဝင်ငွေရခဲ့တယ်လို့ ခန့်မှန်းခဲ့တယ်။ မာဖီက သားဂွဒ်ကို လာတွေ့ပါလို့ ပြောခဲ့တယ်။ နောက်ဆုံးသွားတွေ့တဲ့အခါ သားဂွဒ်ကို ဥပဒေရေးရာကိစ္စတွေနဲ့ ပတ်သက်ပြီး လက်ရှိ တာဝန်ယူနေတဲ့ ဝေါရင်း မက္ကလင်တင် လက်ထဲက လွှဲပြောင်းယူပေးဖို့ ဖြစ်နေတယ်။ မက္ကလင်တင်ဟာ သားဂွဒ်နဲ့အတူ လက်တွဲလုပ်ခဲ့ဖူးတဲ့ ရှေ့နေတစ်ဦးဖြစ်တယ်။ သားဂွဒ်က မက္ကလင်တင်ဆီက အဲဒီလို လွှဲယူဖို့ဆိုတာဟာ စောင့်ထိန်းရမယ့် ကျင့်ဝတ်နဲ့ မညီညွတ်ဘူးလို့ ပြန်ပြောခဲ့တယ်။ ဒါပေမယ့် မက္ကလင်တင်ကို ရိုးရိုးလေးပြောပြီး လွှဲယူရုံယူရမှာပါလို့ မာဖီက ဆိုခဲ့တယ်။ မက္ကလင်တင်ကတော့ "ရပါတယ်လေ ခင်ဗျားကို မာဖီ ငှားနိုင်ပါတယ်။ ဒါပေမယ့် ယာယီသာဖြစ်တယ်ဆိုတာ ကျွန်တော်သိတယ်။ ခင်ဗျား ကို့ယို့ကားယား လုပ်လိုက်တာနဲ့ သူတို့ ကျွန်တော့်ကို ပြန်ခေါ်ရမှာပါ"

ဒါပေမယ့် သားဂွဒ် မာရှယ်လ်ဟာ မာဖီမှာ ရှင်းစရာရှိတဲ့

အဆောက်အဦ ပြဿနာတချို့ကို မြန်မြန်ဆန်ဆန်နဲ့ ဖြောင့်ဖြောင့် တန်းတန်း ဖြေရှင်း ပေးလိုက်နိုင်တယ်။ ပြီးတော့ အားလုံး အိုကေပဲလို့ မာဖီကို ဖုန်းဆက်ပြော လိုက်တယ်။

"သိပ်ဟုတ်သွားပြီ။ ငွေတောင်းခံလွှာ ကျုပ်ဆီကိုသာ ပို့လိုက်လေ" လို့ မာဖီက ပြန်ပြောခဲ့တယ်။

သားဂွဒ် မာရှယ်လ်ဟာ အတွင်းရေးမှူး လူစီလ်ဘက်ကိုလှည့်ပြီး ငွေတောင်းခံလွှာပေးဖို့ ညွှန်ကြားလိုက်တယ်။ ဘယ်လောက်တင်တောင်း ရမယ်လို့လည်း ပြောလိုက်တယ်။ ခဏနေတော့---

"နေဦး အဲဒီလောက်တောင်းလိုက်ရင် သိပ်များသွားလိမ့်မယ်။ အဲဒီလောက် ငွေများများ တောင်းလိုက်လို့ ကိုယ့်အမှုသည်တစ်ဦး ဆုံးရှုံး သွားမယ်ဆိုရင် အဓိပ္ပာယ် မရှိသေးဘူး" လို့ ပြောလိုက်ပြန်တယ်။

သားဂွဒ်က တောင်းရမယ့်ငွေကို ပြင်ပြီး ပြောလိုက်တယ်။ ခဏ နေတော့ ထပ်ပြီး ပြင်ပြောလိုက်ပြန်တယ်။

"နေဦး၊ အဲဒီလောက်ငွေတောင်းပြန်ရင်လည်း နည်းလွန်းနေလိမ့် မယ်။ တို့လုပ်နေတဲ့ အလုပ်ကို တို့ဟာတို့ နားမလည်ဘူးလို့ အထင် ရောက်သွားနိုင်တယ်။ အဲဒီတော့ ရရ၊ မရလို့ သေချင်လည်း သေပလေ့စေ တော့။ များများသာ တောင်းလိုက်တော့။ ပြီးတော့ လူကိုယ်တိုင်လွှတ်ပြီး သွားတောင်း"

ဒီတော့ လူစီလ်က ပြန်ထောက်ပြတယ်။

"အဲဒီလို လုပ်လို့တော့ ဘယ်ဖြစ်မလဲဆရာရယ်။ ဆရာဟာ ငွေကို အငမ်းမရ ငတ်နေသလို ဖြစ်သွားတော့မှာပေါ့"

"အေးလေ ဘာဖြစ်လဲ။ ငါက ငတ်နေတဲ့လူပဲ" လို့ သားဂွဒ်က ပြန်ဖြေလိုက်တယ်။ ကိုယ်လုံးက ပါးလျားပြီး အရိုးပြိုင်းပြိုင်း ဖြစ်မတတ် ပိန်နေတဲ့ သူ့ကိုယ်ခန္ဓာဟာ သူပြောလိုက်တဲ့စကားနဲ့ ကိုက်ညီပါပေ့။



မာတိကာသို့

ဒါပေမယ့် လူစီလ်က ငွေတောင်းခံလွှာကို စာတိုက်ကတစ်ဆင့်ပဲ ပို့လိုက်တယ်။ နောက်တစ်နေ့မှာတော့ မာဖီဆီက ချက်လက်မှတ်တစ်စောင်နဲ့ စာတိုလေးတစ်စောင်ကို လူကိုယ်တိုင် လာပေးသွားတယ်။

"သိပ် အဆင်ပြေတာပဲ။ တခြားလုပ်စရာရှိတာတွေ ဆက်လုပ်သွားပါတဲ့"

သားဂွဒ်ဟာ ချက်လက်မှတ်ကို လက်ထဲမှာကိုင်ပြီး ဝေ့ရမ်းရင်းနဲ့ တခစ်ခစ် ရယ်မောပြီး သဘောကျနေခဲ့တယ်။ ပါးစပ်ကလည်း ပြောခဲ့တယ်။

"ကဲ အတွင်းရေးမှူးမလေးရေ၊ ကိုယ့်အပေါင်းအသင်း မိတ်ဆွေတချို့ကို အိမ်လာကြပါလို့ ဖုန်းဆက်ပြီး ဖိတ်လိုက်။ တို့အိမ်မှာ နေ့လယ်စာရော၊ ညစာရော အားလုံးတစ်ချီတည်း ပေါင်းပြီး ဘုရားပွဲကြီး ကျင်းပကြမှာ ဖြစ်လို့ပါလို့ ပြောလိုက်"

အဲဒီတုန်းကအကြောင်းကို နောင်နှစ်ပေါင်း ငါးဆယ်အကြာမှာ သားဂွဒ် မာရှယ်လ်က ပြန်ပြီး စားမြုံ့ပြန်ပြခဲ့တယ်။

"ဘာပြောကောင်းမလဲ၊ အဲဒီချက်လက်မှတ်ကို ချက်ချင်း အပြေးအလွှားသွားပြီး ငွေထုတ်ခဲ့တယ်။ ဧရာမ အသားကြီးကြီးတစ်တုံးနဲ့ အရက်တစ်ပုလင်းဝယ်ပြီး အိမ်ကို ပြန်ခဲ့တော့တယ်။ ကျွန်တော်တို့ စားကြသောက်ကြ ဟားတိုက်ရယ်လိုက်ကြနဲ့ ပရမ်းပတာကျနေတာပဲ။ အဲဒီအချိန်က ရှေ့နေအလုပ်ဟာ အသက်မွေးဝမ်းကျောင်းအတွက် ကျက်သရေနဲ့ ပြည့်စုံတဲ့ နည်းလမ်းတစ်ခုပါလားလို့ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြောခဲ့မိတယ်။ ဒါပေမဲ့ စားသောက်ပွဲကြီးပြီးတာနဲ့ ဒုက္ခဖြစ်ခဲ့တယ်။ ကျွန်တော့်မှာ ဂျွန် မာဖီလို ရှေ့နေငှားတဲ့ အမှုသည်မျိုး နောက်ထပ် မတွေ့ရတော့တဲ့ အခြေမကျတဲ့ အဖြစ်မှန်ထဲကို ပြန်ရောက်သွားခဲ့လို့ပေါ့ဗျာ"

ဒါပေမဲ့ သားဂွဒ်ဟာ စီးပွားရေးကပ်ဆိုက်ခဲ့တဲ့ ခေတ်ကာလ ကြမ်းထဲမှာ လွတ်လပ်တဲ့ တစ်သီးပုဂ္ဂလ ရှေ့နေတစ်ဦးအနေနဲ့ အောင်မြင်



မာတိကာသို့

မှုရအောင် လုပ်ဆောင်နိုင်စွမ်း မရှိခဲ့ဘူး။ အဲဒီအခြေအနေကြောင့် သူဟာ လူမည်းများတိုးတက်ရေးအမျိုးသားအသင်းနဲ့ မဟာမိတ်ဖြစ်ဖို့ ကြမ္မာဖန်လာအောင် တွန်းပို့ပေးလိုက်သလို ဖြစ်သွားခဲ့ပါတော့တယ်။ အဲဒီအချိန်မှာ သူ့ဆရာ ဟျူစတင်ကလည်း နယူးယောက်မြို့ကို ရောက်နေပြီ။ အဲန်အေအေစီပီရဲ့ အတိုင်ပင်ခံချုပ်အဖြစ် လုပ်နေတယ်။ ဟျူစတင်က သားဂွဒ် မာရှယ်လ်ဟာ လူမည်းအများစုလိုပဲ ငွေရေးကြေးရေးအတွက် စိတ်ဆင်းရဲမှု ရှိနေတာကို သိခဲ့တယ်။ အဲဒါကြောင့် ဘော်လ်တီမောက အဲန်အေအေစီပီ ဌာနခွဲအနေနဲ့ သူ့ရဲ့ လက်ရုံးတပည့်ဖြစ်သူ သားဂွဒ် မာရှယ်လ်ကို ငှားရမ်းဖို့ တိုက်တွန်း ပြောဆိုခဲ့တယ်။

အဲန်အေအေစီပီအသင်းရဲ့ ကြပ်ကြပ်မတ်မတ် သိမ်းဆည်းထားတဲ့ တရားဥပဒေဆိုင်ရာ ကာကွယ်မှုရန်ပုံငွေ စာရင်းထဲမှာ သားဂွဒ် မာရှယ်လ်၊ ချာလီ ဟျူစတင်နဲ့ အဲန်အေအေစီပီအသင်းတို့ ငွေကြေးအခက်အခဲတွေကို ကျော်လွှားခဲ့ပုံ ရယ်စရာကောင်းတဲ့ မှတ်တမ်းတွေ တွေ့ခဲ့ရပါတယ်။

ဟျူစတင်က သားဂွဒ်ကို ငွေကြေးနည်းနည်းပါးပါး ထောက်ပံ့ခဲ့ရတယ်။ တစ်ကြိမ်မှာတော့ သားဂွဒ်ကို စိန့်လူးဝစ္စညီလာခံသွားတက်ဖို့ ဟျူစတင်က ကြိုတင်ငွေ ၃၅ ဒေါ်လာ ပို့ပေးခဲ့တယ်။ သားဂွဒ်က သွားမတက်ဖြစ်ခဲ့ဘူး။ ဟျူစတင်က အဲဒီငွေ ပြန်အပ်ဖို့ စာနဲ့ရေးတောင်းခဲ့တယ်။

သားဂွဒ် မာရှယ်လ်ကတော့ အဲဒီငွေကို ပြန်အပ်ရေးကိစ္စထက် မယ်ရီလန်းတက္ကသိုလ် ဥပဒေကျောင်းနဲ့ စာရင်းရှင်းချင်တဲ့အပေါ်မှာ ပိုပြီး စိတ်ထက်သန်နေတယ်။ “မယ်ရီလန်းတက္ကသိုလ်အတွက် လှုပ်ရှားရမယ့် အကြံပြုချက် အစီအစဉ်က ဘယ်လိုလဲ။ ကျွန်တော်ပြောလိုတာ တစ်ခုတည်း ရှိတယ်။ အဲဒါကတော့ တစ်ခုခုတော့ လုပ်ဖို့လိုမယ်။ ပြီးတော့ တရားစွဲဆိုဖို့လည်း လိုလိမ့်မယ်” လို့ သားဂွဒ်က သူ့ဆရာ ဟျူစတင်ထံသို့ ၁၉၃၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှာ စာရေးခဲ့တယ်။

သားဂွဒ် မာရှယ်လ်ဟာ သူ့ဆရာရဲ့ရှေ့က နွားရှေ့ထွန်ကျူး

လုပ်ခဲ့တာတော့ မဟုတ်ပါဘူး။ သူက အဲဒီလို စာမရေးခင် လအနည်း ငယ်ကြာကတည်းက ဟျူးစတင် ဆုံးဖြတ်ချက်ချခဲ့ပြီးဖြစ်တာ ရှိခဲ့တယ်။ အဲဒါကတော့ အမေရိကန်လူမည်းတွေဟာ သူတို့ ချွေးတွေ၊ အမြတ်တော် ခွန်တွေနဲ့ ပံ့ပိုးပေးထားရတဲ့ ကောလိပ်တွေ၊ တက္ကသိုလ်တွေ၊ အသက်မွေး ဝမ်းကျောင်းပြုသိပ္ပံတွေမှာ တက်ရောက်ပညာသင်ကြားခွင့် မရသမျှ ကာလ ပတ်လုံး လူမည်းတွေရဲ့ အနာဂတ်ဟာ အားတက်ဖွယ်ရာ ရှိဦးမှာ မဟုတ် ဘူးဆိုတာကို ဟျူးစတင်က သိထားခဲ့တယ်။ အထက်တန်းပညာ သင်ကြား ခွင့်ပြုတဲ့ ကျောင်းကြီးတွေမှာ လူမျိုးရေး ခွဲခြားထားမှု ရှိနေတယ်။ အဲဒါ ကြောင့် အဲဒီစနစ်ကို တရားဝင် ဖြိုခွင်းဖယ်ရှင်းပြစ်နိုင်ရေးအတွက် မဟာ ဗျူဟာတွေကို ဟျူးစတင်နဲ့အတူ တက္ကဆတ်စ်၊ အိုကလာဟိုးမား၊ အာကဲန် ဆော၊ အယ်လ်လာဘားမားပြည်နယ်တွေက အဲန်အေအေစီပီ ရှေ့နေများဟာ အာသာ ငမ်းငမ်း ကြိုးစားကြံစည်နေခဲ့ကြပါတယ်။

သားဂွဒ် မာရှယ်လ်အဖို့တော့ မယ်ရီလဲန်းတက္ကသိုလ် ကျောင်း အုပ်ကြီး ပီယာဆင်က စော်ကားထားတဲ့ အမာရွတ်ဒဏ်ကို ခံနေဆဲဖြစ်တယ်။ ဒီတော့ နယူးယောက်မြို့က လာမယ့် တိုက်ပွဲအစီအစဉ် ညွှန်ကြားချက်ကို စောင့်နေဖို့ စိတ်မရှည်တော့ဘူး။ သူက မယ်ရီလဲန်းတက္ကသိုလ်ကို နေ့ချင်း ညချင်း ကွင်းဆင်းသွားချင်လှပြီ။ ဂုဏ်ယူစရာကောင်းတဲ့ သူ့ရဲ့ကျောင်း သားဟောင်း ချာလီ ဟျူးစတင်က တပည့် သားဂွဒ် မာရှယ်လ်ထံကို ဒေါ်လာ ၁၀၀ ပို့ပေးပြီး ခွင့်ပြုမိန့်လည်းပေးလိုက်တော့တယ်။

"သွားသာ သွားပေတော့ ကိုယ့်လူရေ" တဲ့။



မာတိကာသို့ ▶▶

# အခန်း (၄)

# ကလဲ့စားချေပြီးတော့ အမျိုးသားရေးကယ်ဆယ်မှု

သားဂွဒ် မာရှယ်လ်ဟာ အသက် ၂၆ နှစ်အရွယ်မှာ ဘော်လ်တီမောအဲန်အေအေစီပီ ဌာနခွဲရဲ့ ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့ရာမှာ ဘော်လ်တီမောမြို့ကြီးက ခွကျကျ တစ်ယူသန်ဝါဒီမျက်နှာသစ် ပုဂ္ဂိုလ်တချို့နဲ့ ထိတွေ့မှုကို ရခဲ့တယ်။ လူမျိုးရေး မရောယှက်မှုကို အကြောင်းပြုပြီး လူသားအချင်းချင်းအပေါ် ရက်စက်မှု ဇာတ်လမ်းလေးတွေကိုလည်း ရှေ့နေတစ်ဦးအနေနဲ့ ကြားနေခဲ့ရတယ်။ သူ့အနေနဲ့မယုံနိုင်လို့ ခေါင်းခါမိတဲ့အခါတွေရှိတယ်။ တစ်ခါတစ်ရံမှာ ကျိတ်ပြီးမျက်ရည်ကျခဲ့မိတယ်။

အဲဒါတွေနဲ့အတူ မယ်ရီလန်းပြည်နယ်ရဲ့ အခြေအနေတွေကိုတွေးကြည့်မိပြန်တော့ သူ့သွေးတွေ ဆူတက်လာတယ်။ မယ်ရီလန်း ပြည်နယ်ရဲ့ နေရာအနှံ့မှာ မျက်နှာဖြူတွေအတွက် သီးခြားကျောင်းတစ်ကျောင်း

ရှိတယ်။ ဒါပေမယ့် လူမည်းတွေ ပညာသင်ကြားရေးအတွက်ကျတော့ အခိပ္ပာယ်ရှိတဲ့ အခွင့်အရေးတွေ ဆုံးရှုံးနေတယ်။ အဲဒီအခြေ အနေတွေကို ကုစားနိုင်ရေးအတွက် တရားစွဲဆိုဖို့ စာကြမ်းတွေကို သားဂွဒ် မာရှယ်လ် စတင်ရေးဆွဲနေပြီးဖြစ်ပါတယ်။ သားဂွဒ် မာရှယ်လ်ရဲ့စိတ်ထဲ မှာတော့ သူ့ဒေါသတွေကို မယ်ရီလဲန်းတက္ကသိုလ်ဥပဒေကျောင်းကြီးကို ကျိတ်ပြီး ဦးတည် ချက်ထားတာကလွဲလို့ ဘာမှ ဦးစားပေးတွေးမှု မရှိခဲ့ဘူး။

နောင်အခါမှာ လူမှုရေးအခမ်းအနားတွေမှာ ကောက်တေးလ် အရက်ကလေး တစ်ခွက်နှစ်ခွက်လောက် ဝင်သွားလို့ အဲဒီအကြောင်းတွေ ခေါင်းထဲပြန်ဝင်လာပြီး ဒေါသထွက်လာရင် သားဂွဒ် မကြာခဏ ပြောခဲ့တဲ့ စကားတွေရှိပါတယ်။

"သူတို့ထက် ပိုကောင်းတဲ့ ဟောင်းဝပ်တက္ကသိုလ်မှာ ထိပ်တန်း နံပါတ်တစ်ရတဲ့လူကို အဲဒီခွေးမသားတွေက ပယ်ချခဲ့ကြသတဲ့လေ---"

၁၉၃၄ ခုနှစ်မှာ ဘော်လ်တီမောက ဟဲရာလ်ဒ် အာသာ ဆီးဘောန်ဆိုကဲ့ လူမည်းတစ်ဦးဟာ မယ်ရီလဲန်းတက္ကသိုလ် ဥပဒေကျောင်းမှာ ဝင်ခွင့်ရရေး အတွက် လျှောက်လွှာတင်ခဲ့တယ်။ ဒါပေမယ့် ကျောင်းအရာရှိ မှူးချုပ် ပီယာဆင်က တရားဝင် စာနဲ့ပယ်ချခဲ့တယ်။ ဆီးဘောန်ဟာ တခြား ဘက်မှာ အစစအရာရာ အရည်အချင်း မီခဲ့ပေမယ့် နီးဂရိုးသွေး တစ်ခုတည်း ကြောင့် အပယ်ခံခဲ့ရ တယ်ဆိုတာ ရှင်းနေတယ်။ အဲဒီအချိန်မှာ မာရှယ်လ် ကလည်း ဘော်လ်တီမောဒေသက အဲန်အေအေစီပီရဲ့ ရှေ့နေအဖြစ် ဆောင်ရွက်ရင်း ပိုက်ဆံကို ခက်ခက်ခဲခဲ ရှာနေခဲ့ရချိန်ဖြစ်တယ်။ သူ့ရဲ့ ပွဲဦးထွက် ဥပဒေရေးရာ တိုက်ပွဲကို စနိုင်ရေးအတွက်လည်း တာစူစပြုခဲ့ တယ်။ မယ်ရီလဲန်းတက္ကသိုလ် ကို တရားစွဲလို့ ရနိုင်ရေးအတွက် တည်ကြက် ကျောင်းသားတစ်ဦးကိုရှာပြီး သူ့ဆရာ ဟျူစတင်ထံ ထောက်ခံတင်ပြပေးဖို့ ပြင်ဆင်မှု စခဲ့တယ်။ သူ့ ဆရာကတော့ သူ့တပည့်ကို ရှေ့နေက အမှု ဖြစ်အောင် လှုံ့ဆော်ပေးတယ်လို့ အစွပ်စွဲခံရမယ့် ထောင်ချောက်ထဲ ဝင်မသွားအောင် ဂရုစိုက်ပါလို့ သတိပေးခဲ့တယ်။



မာတိကာသို့ ▶▶

မကြာခင်မှာပဲ မာရှယ်လ်ဟာ သူလိုချင်တဲ့သူ ရှာတွေ့ခဲ့တယ်။ ဟျူစတင်ထံ စာရေးအကြောင်းကြားလို့ရပြီဖြစ်တဲ့အတွက် ဝမ်းသာမဆုံး ဖြစ်ခဲ့တယ်။ သူတွေ့ခဲ့သူဟာ ဟျူစတင် နေခဲ့တဲ့ အဲမ်ဟတ်စ်ကောလိပ် က ဘွဲ့ရလူငယ်တစ်ဦးဖြစ်တယ်။ သူ့နာမည်က ဒေါ်နားလ်ဒ် မာရေးဖြစ်ပြီး ကွယ်လွန်သူ နာမည်ကြီး အာဖရိကန် မက်သဒစ်ဘုရားရှိခိုးကျောင်းရဲ့ ဆရာတော်ကြီး အေဘာရာဟဲင်မ် ဂိန်းစ်ရဲ့ မြေးဖြစ်ပါတယ်။

သားဂွဒ် မာရှယ်လ်ရဲ့ လမ်းညွှန်ချက်အတိုင်း မာရေးဟာ မယ်ရီ လဲန်းတက္ကသိုလ် ဥပဒေကျောင်းဝင်ခွင့်အတွက် လျှောက်လွှာတစ်စောင်ကို ရေစစ္စရီလုပ်ပြီး ကျောင်းအရာရှိမှူးချုပ် ပီယာဆင်ထံ ပို့လိုက်တယ်။ ယင်းက စာ နဲ့ အကြောင်းပြန်ကြားခ စရိတ်ကိုပေးဖို့ နှစ်ဒေါ်လာကိုလည်း မန်နီအော်ဒါ ငွေလွှဲပုံစံကိုပါ ထည့်ပေးလိုက်တယ်။ ၁၉၃၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှာ ပီယာဆင်က စာနဲ့အကြောင်းပြန်ကြားခဲ့ပါတယ်။ မန်နီ အော်ဒါနဲ့ နှစ်ဒေါ်လာကိုလည်း စာနဲ့အတူ ပြန်ပြီး ပို့လိုက်တယ်။ စာမှာ အောက်ပါ အတိုင်းဖြစ်ပါတယ်။

"လူကြီးမင်းအတွက် ဝေါရှင်တင်မြို့ရှိ ဟောင်းဝပ်တက္ကသိုလ်တွင် ဥပဒေပညာဆည်းပူးရန် အထူးခြွင်းချက်ဖြင့် ဖွင့်လှစ်ထားသော ကျောင်း ရှိကြောင်း လူကြီးမင်းအား ကျွန်ုပ် အသိပေးလိုပါသည်။ ထိုကျောင်းမှာ က အဆင့် သတ်မှတ်ထားသော ကျောင်းဖြစ်ပါသည်။ အမေရိကန် ဝတ်လုံ တော်ရရှေ့နေများအသင်း၏ အသိအမှတ်ပြုခြင်း ခံထားရပြီး အမေရိကန် ဥပဒေကျောင်းများ အသင်းဝင်ကျောင်းတစ်ခုလည်း ဖြစ်ပါသည်။ ဟောင်းဝပ် တက္ကသိုလ် ဥပဒေကျောင်းတွင် ပညာသင်ကြားစရိတ်မှာ တစ်နှစ်လျှင် ၁၃၅ ဒေါ်လာခန့်သာ ကုန်ကျပြီး မယ်ရီလဲန်း တက္ကသိုလ် ဥပဒေနေ့ကျောင်း အတွက် နှစ်စဉ် ၂၀၃ ဒေါ်လာရှိသည့်အတွက် ဟောင်းဝပ်တက္ကသိုလ်၏ ကုန်ကျစရိတ်သည် အတော်လျော့နည်းကြောင်း သိစေအပ်ပါသည်"

အဲဒီစာဟာ သားဂွဒ် မာရှယ်လ်အတွက် နှစ်ပေါင်းများစွာ ခံစား နေရတဲ့ စိတ်ဝေဒနာဒဏ်ရာထဲကို ဆားပက်ထားတဲ့ဓားနဲ့ အထိုးခံရသလို ဖြစ်ခဲ့ပါတယ်။ မာရှယ်လ်ဟာ ရေးစရာ စာကြမ်းတွေအတွက် ကမန်းကတန်း



မာတိကာသို့

ပြင်ဆင်ခဲ့တယ်။ မယ်ရီလဲန်းတက္ကသိုလ်က မာရေးကို စက်တင်ဘာလမှာ ဥပဒေကျောင်း တက်ခွင့် ပေးစေရေးအတွက် ဘော်လ်တီမောမြို့တော် တရားရုံးက အမိန့်စာချွန်တော် ထုတ်ပေးရန် စာရေးတောင်းဆိုခဲ့တယ်။ ဧပြီလ ၂၀ ရက်နေ့မှာ တရားစွဲဆိုမှု တင်သွင်းခဲ့ခြင်းဖြင့် စာနယ်ဇင်းတွေရဲ့ ထူးခြားတဲ့ စမ်းသပ်မှုကို ရရှိခဲ့တယ်။

အမှုကို ၁၉၃၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှာ တရားသူကြီး ယူဂျင်း အိုဒန်းရဲ့ ရှေ့မှောက်မှာ စတင်ကြားနာခဲ့ပါတယ်။ ဒီအမှုဟာ နောင်မှာ ပြည်သူ့အခွင့်အရေးတွေအတွက် တရားစွဲဆိုမှု လှိုင်းဂယက်များ လိမ့်တက်လာရေးအတွက် ရှေ့ပြေးစံပြအမှု ဖြစ်ခဲ့ပါတယ်။ မာရှယ်လ်ဟာ ကြိုတင်တရားစစ်ဆေးခြင်းပြုလုပ်မှုကို ရရှိခဲ့တယ်။ မယ်ရီလဲန်းတက္ကသိုလ် မော်ကွန်းထိန်း ဒဗလျူ အိပ်ချ် ဟီလ်ဂိုက်စ်က သူတို့တက္ကသိုလ်ကို ၁၉၂၀ ခုနှစ်မှာ ပြည်နယ်ရဲ့ ကြီးကြပ်မှုအောက်ကို ရောက်ရှိသွားခဲ့တဲ့အချိန်ကစပြီး နီးဂရိုးကျောင်းသား တစ်ယောက်မျှ ကျောင်းဝင်ခွင့် လက်မခံခဲ့ကြောင်း ဝန်ခံပြောဆိုခဲ့ပါတယ်။ ကမ္ဘားရှူးထိုးနိုင်ပြီး ရဲရင့်လှတဲ့ လူမည်းရှေ့နေလေး သားဂွဒ် မာရှယ်လ်ဟာ ကျောင်းအရာရှိမှူးချုပ် ပီယာဆင်ရဲ့ ရုံးခန်းကို လူကိုယ်တိုင်တိုက်ရိုက် သွားရောက်ခဲ့တယ်။ ပြီးတော့ မာရေးကို ကျောင်းဝင်ခွင့်မပြုဖို့ ဆုံးဖြတ်ခဲ့တဲ့ ကျောင်းအုပ်ချုပ်ရေး ကိုယ်စားလှယ်များ ဘုတ်အဖွဲ့ရဲ့ အစည်း အဝေးမှတ်တမ်းကို ဖတ်ခွင့်အတွက် တောင်းဆိုခဲ့တယ်။ လူသိရှင်ကြား ဟိုးလေးတစ်ကျော် ဖြစ်သွားခဲ့တဲ့ကြားမှာပဲ ပီယာဆင်က သားဂွဒ်ကို အစည်းအဝေးမှတ်တမ်း ဖတ်ခွင့်ပေးခဲ့တယ်။

အမှုကို စတင်ကြားနာတဲ့နေ့မှာ ဟျူစတင်ဟာ ကြီးကြပ်ပေးနိုင်ဖို့အတွက် မယ်ရီလဲန်းပြည်နယ်ကို ရောက်ရှိလာခဲ့တယ်။ အမှုတစ်ခုကို တွေ့လိုက်တာနဲ့ သမိုင်းတွင်တော့မယ်ဆိုတာကို သိနေတယ်ဆိုတဲ့ သဘောကို ပြသခြင်း လက္ခဏာ ဖြစ်ပါတယ်။

ဝါရင့် ဆရာကြီး ဟျူစတင်ဟာ သားဂွဒ် မာရှယ်လ်နဲ့ တခြား ရှေ့နေကြီး ဝီလျံ ဂေါ့စ်နဲလ်တို့နဲ့အတူပေါင်းပြီး နိမိတ်ပြမေးခွန်းတွေမေး



မာတိကာသို့

ပြီး ပီယာဆင်ထံမှ လိုချင်တဲ့ ဝန်ခံချက်တွေ ထွက်လာအောင် ညှစ်ထုတ်ယူခဲ့ပါတယ်။

လူမည်းတွေအတွက် သီးခြားဖွင့်ပေးထားတဲ့ ပရင့်ဆက်စ် အဲန်း အကယ်ဒမီဟာ တက္ကသိုလ်ရဲ့ လက်အောက်ဌာနတစ်ခုသာဖြစ်ပုံ၊ အသိအမှတ်ပြု မခံရတဲ့ ကောလိပ်ငယ်တစ်ခုသာဖြစ်ပြီး ဘွဲ့ရဆရာတစ်ဦးသာရှိပုံ၊ လူဖြူလူမည်း ခွဲခြားပြီး အခွင့်အရေးတူ မရရှိစေရေးဟာ အခိုင်အမာဖြစ်နေပုံတွေကို ဟျူစတင်က ညှစ်ထုတ်ပြခဲ့တယ်။ ဒါ့အပြင် မယ်ရီလဲန်းတက္ကသိုလ် ဥပဒေကျောင်းတစ်ခုတည်းသာလျှင် အမေရိကန် ဝတ်လုံတော်ရရှေ့နေများအသင်းရဲ့ အသိအမှတ်ပြုခြင်း ခံထားရကြောင်း ပီယာဆင်က ထုတ်ဝန်ခံရတဲ့အထိရောက်အောင် ဟျူစတင်က မေးမြန်းပြခဲ့တယ်။

သားဂွဒ် မာရှယ်လ်ကတော့ ဟျူစတင်ရဲ့ တင်ပြချက်တွေကို ပီတိနဲ့ ဒေါသတို့ ယှက်ဖြာနေတဲ့ ခံစားမှုနဲ့ နားထောင်နေခဲ့တယ်။ ဟျူစတင်က တင်ပြရာမှာ ၁၉၃၀ ခုနှစ် အမေရိကန်သန်းခေါင်စာရင်းအရ မယ်ရီလဲန်းပြည်နယ် လူဦးရေထဲမှာ ကော့ကေးဆပ်လူဖြူများ၊ အသားမည်းနီးဂရိုးများ၊ မက္ကဆီကိုလူမျိုးများ၊ အမေရိကန်အင်းဒီးယင်းတိုင်းရင်းသားများ(လူနီ)၊ တရုတ်၊ ဂျပန်၊ ဖိလစ်ပိုင်နဲ့ တခြားလူမျိုးများ ပါဝင်ပုံကို ထောက်ပြခဲ့တယ်။ မယ်ရီလဲန်းတက္ကသိုလ်သာ ကျောင်းအုပ်ချုပ်ရေးဘုတ်အဖွဲ့ရဲ့ ချေးများမှု၊ တမင်သက်သက် စစ်ဆေးမှုတွေ မပါဘဲနဲ့ လူမည်းကလွဲရင် မက္ကဆီကန်၊ တရုတ်၊ ဂျပန်လူမျိုးတွေနဲ့ တခြားလူမျိုးအားလုံးကို ကျောင်းဝင်ခွင့် လက်ခံတဲ့အကြောင်း ပီယာဆင် ဝန်ခံရတဲ့အထိဖြစ်အောင် ပြောဆိုနိုင်ခဲ့တယ်။ ပီယာဆင်အနေနဲ့ မက္ကဆီကိုမြို့တော်ကလာတဲ့ မက္ကဆီကိုနိုင်ငံသားတစ်ဦးကို လက်ခံနိုင်မယ်၊ လူမည်းဆိုရင်တော့ အမေရိကန်နိုင်ငံသားဖြစ်ရုံမကလို့ အမြတ်တော်ခွန် ဘယ်လောက်အထိ ပေးသူပဲဖြစ်ဖြစ် လက်မခံခဲ့ဘူးဆိုတာ ကို ဝန်ခံခဲ့ရတဲ့အထိ ရောက်သွားခဲ့တယ်။

အဲဒီနောက်တော့ ဟျူစတင်က မာရေးကို ကျောင်းဝင်ခွင့် မပြုဖို့ ဆုံးဖြတ်ခဲ့တဲ့ ကျောင်းအုပ်ချုပ်ရေးဘုတ်အဖွဲ့ရဲ့ အစည်းအဝေးမှတ်တမ်း



မာတိကာသို့ ▶▶

ကို ပီယာဆင်ကိုယ်တိုင် ရုံးတော်ရှေ့မှာ ဖွတ်အတင်း ဖတ်ပြခိုင်းခဲ့တော့တယ်။ တရားသူကြီး အိုဒန်းဟာ ပီယာဆင် ဖတ်ပြတဲ့ အစည်းအဝေးမှတ်တမ်းထဲက "ဥပဒေကျောင်း တက်ခွင့်ရရန် နီးဂရိုးလျှောက်လွှာကိစ္စ" ခေါင်းစဉ်နဲ့ မစ္စတာမာရေး၏ ကျောင်းဝင်ခွင့်လျှောက်လွှာကို ငြင်းပယ်ရန် ဘုတ်အဖွဲ့က တညီတညွတ်တည်း ဆုံးဖြတ်ချက်ချသည် ဆိုတဲ့ အပိုဒ်တွေကို မျက်မှောင်ကြုတ်ပြီး စောင့်နားထောင်ခဲ့တယ်။ ပြီးတော့ မိနစ်ပိုင်းအတွင်းမှာပဲ ဆုံးဖြတ်ချက် ပေးလိုက်တယ်။

အဲဒီနေ့ဖြစ်တဲ့ ဇွန်လ ၁၈ ရက်နေ့၊ ညနေ ၅ နာရီ ၅ မိနစ်အချိန်မှာတော့ တရားသူကြီး အိုဒန်းရဲ့ ဆုံးဖြတ်ချက်ကို နယူးယောက်မြို့ရှိ အဲန်အေအေစီပီက ဝေါ်လ်တာ ဝှိုက်ထံ အောက်ပါကြေးနန်းတစ်စောင်ကို ပို့လိုက်ခဲ့ပါတော့တယ်။

"မာရေးအား မယ်ရီလဲန်းတက္ကသိုလ် ဥပဒေကျောင်း ဝင်ခွင့်ပြုစေရန်အတွက် စာချွန် အမိန့်ကို ယနေ့ ရုံးတော်က ချမှတ်လိုက်သည်"

သားဂွဒ် မာရှယ်လ်၊ မာရေး၊ ဟျူစတင်၊ ဂေါ့စ်နဲလ်နဲ့ တခြားလူအချို့တို့ဟာ မြိန်မြိန်ရှက်ရှက်ကြီး အောင်ပွဲခံခဲ့ကြတယ်။ တစ်ချိန်က ကျွန်ဟောင်း လူမည်းများရဲ့ သားသမီးမြေးကလေးတွေအတွက် သာတူညီမျှ ပညာသင်ကြားခွင့်အတွက်၊ ပထမဆုံး တိုက်ပွဲအတွက် အောင်ပွဲခံခဲ့ကြတာ ဖြစ်တယ်။

ဇွန်လ ၁၅ ရက်နေ့မှာ တရားသူကြီး အိုဒန်း စီရင်ပေးခဲ့တဲ့ တရားရုံးတော်ရဲ့ တရားဝင် အမိန့်ဒီဂရီအရ မာရေးကို စက်တင်ဘာလ ၂၅ ရက်နေ့မှာ ဥပဒေကျောင်းတက်ခွင့် ပြုစေရမယ်၊ တက္ကသိုလ်ရဲ့ အယူခံမှုကြောင့်သော်လည်းကောင်း၊ သို့မဟုတ် ပြည်နယ်ရှေ့နေချုပ်ရဲ့ အယူခံမှုကြောင့်သော်လည်းကောင်း ဥပဒေကျောင်းစဖွင့်တဲ့နေ့တွင် မာရေးအား ကျောင်းတက်ခွင့် မပြုဘဲ မထားစေရဟု ရှင်းရှင်းလင်းလင်း အမိန့်ချမှတ်ပေးခဲ့ပါတယ်။

ဒါပေမဲ့ မယ်ရီလဲန်းတက္ကသိုလ်က မာရေးကို ကျောင်းဝင်ခွင့်



မာတိကာသို့

မပြုရေးအတွက် မျှော်လင့်ချက်ထားပြီး ၁၉၃၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှာ အယူခံတရားရုံးမှာ အယူခံ တင်သွင်းခဲ့သေးတယ်။ အယူခံ တရားခုံရုံးက ငြင်းပယ်ခဲ့တယ်။ အယူခံတင်လွှာကို အောက်တိုဘာကျောင်း ပြန်ဖွင့်တဲ့အခါကျမှ ကြားနာဖို့ သတ်မှတ်လိုက်တယ်။ သဘောကတော့ မာရေး ကျောင်းတက်နေတဲ့ကာလကျမှ အယူခံကို ကြားနာမယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။

နယူးယောက်မြို့က အဲန်အေအေစီပီ ဌာနချုပ်မှာတော့ *မာရေး အမှု* ဟာ တစ်ခုခု ကြီးကြီးမားမား ဖြစ်ပေါ်လာရေးအတွက် လမ်းစပဲလို့ သားဂွဒ် မာရှယ်လ်နဲ့ လူဟောင်းကြီးတွေက သဘောပေါက်ခဲ့ကြတယ်။ ဘော်လ်တီမောမှာ တရားဥပဒေကြောင်းအရ ပထမဆုံး အောင်နိုင်ခဲ့တဲ့ *မာရေး အမှု* ကိစ္စကို *တိုင်းမ်* မဂ္ဂဇင်း၊ *နယူးယောက် ဟဲရာလ် ထရစ်ဗြွန်း* နဲ့ *နယူး ယောက်တိုင်းမ်စ်* သတင်းစာတွေက အကြီးအကျယ် ရေးသားဖော်ပြ ခဲ့ကြတယ်။ ဝိုက်နဲ့ ဟျူစတင်တို့ကလည်း မယ်ရီလဲန်းဥပဒေကျောင်းမှာ လူမည်း ကျောင်းသားတစ်ဦး ဝင်ခွင့်ရရေးအတွက် အချိန်အား၊ ဉာဏ်အား စိုက်ထုတ် ခဲ့ရတာကို အဲန်အေအေစီပီ ဌာနခွဲတွေက သေသေချာချာ သဘောပေါက် စေချင်ခဲ့တယ်။ သူတို့ဟာ ၁၉၃၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့မှာ စာရှည်ကြီးတစ်စောင်ရေးပြီး ဌာနခွဲတွေကို ပေးပို့ခဲ့တယ်။ သူတို့စာထဲမှာ အဓိကအချက်အနေနဲ့---

"*မာရေးအမှု* သည် လက်ရွေးစင် လူတစ်စု အဆင့်မြင့်ပညာ သင်ကြားခွင့်ရရေးအတွက် ကြိုးပမ်းမှု မဟုတ်ဘဲ ထို့ထက်ပို၍ နက်နဲသည့် အဓိပ္ပာယ်ကို ဖော်ဆောင်ပါသည်။ နီးဂရိုးလူမည်းများအား အထက်တန်း ပညာသင်ကြားခွင့်ပြုရန် ငြင်းဆန်သော မျက်နှာဖြူများ၏ သဘောထားနှင့် အဓိဌာန်တို့က အမေရိကန်နိုင်ငံမှာ အသက်ရှင် ရပ်တည်ကြိုးပမ်းမှုတွင် လူမည်းများအား လူဖြူတို့နှင့်တန်းတူ ယှဉ်ပြိုင်နိုင်မည့် ပြင်ဆင်မှု အခွင့် အလမ်းကို ဖယ်ထုတ်ခြင်းသာဖြစ်သည်။ လူမည်းများအား အဆင့်နိမ့်ကျစွာ လေ့ကျင့်မှု ပေးခြင်းသည် နီးဂရိုးလူမည်းတို့အား နိမ့်ကျသောအဆင့်တွင် ရှိစေရန်ထားရှိခြင်း ဖြစ်ပြီး ယင်းအဆင့်အတန်းနိမ့်မှုကို သက်ဆိုးရှည်စေရန်



မာတိကာသို့

ပြုလုပ်ခြင်းသာ ဖြစ်ပါသည်” ဟု ဖော်ပြပါရှိပါတယ်။

သားဂွဒ် မာရှယ်လ်နဲ့ ဟျူစတင်တို့ဟာ တခြားပြည်နယ်တွေမှာနဲ့ အထူးသဖြင့် ဗာဂျီးနီးယားပြည်နယ်နဲ့ မစ်ဇူးရီးပြည်နယ်တို့မှာရှိတဲ့ အသက်မွေးဝမ်းကျောင်းပြု တက္ကသိုလ်တွေမှာ လူမည်းတွေ ထောင်နဲ့ချီပြီး ပညာသင်ခွင့်ရမယ့် တံခါးပေါက်တွေ ပွင့်သွားရေးကိုလည်း မျှော်လင့်ခဲ့ကြတယ်။ ဒါပေမယ့် မာရေးနဲ့ မယ်ရီလဲန်းတက္ကသိုလ်အမှုဟာ ၁၉၃၅ ခုနှစ်၊ ဩဂုတ်လအထိ အပြီးအပြတ် အနိုင်မရသေးတဲ့အဖြစ်မှန်ကို စိတ်ဓာတ်ပြင်းထန်လှတဲ့ လူမည်းရှေ့နေများ သတိပြုမိခဲ့ကြရတယ်။

၁၉၃၅ ခုနှစ်၊ ဩဂုတ်လမှာ ပီယာဆင်ဟာ မယ်ရီလဲန်းတက္ကသိုလ်ရဲ့ အုပ်ချုပ်ရေးမှူးရာထူးက နုတ်ထွက်သွားလို့ အိတ်ချ် ကားလီ ဘဒ် ဆိုသူက ယာယီအုပ်ချုပ်ရေးမှူးဖြစ်လာခဲ့တယ်။ ဘဒ် ဟာ တစ်ကောင်ကျွေး၊ နှစ်ကောင်စား တိုက်ကွက်ဖွင့်ပြီး အယူခံရုံးကို လည်ထွက်သွားအောင် ကြိုးစားခဲ့ပြန်တယ်။ နီးဂရိုးလူမည်းတစ်ဦးကို ကျောင်းဝင်ခွင့်ပြုလိုက်ရင် မျက်နှာဖြူမိဘအတော်များများက သူတို့ရဲ့ သမီးတွေဟာ လိင်ကိစ္စအန္တရာယ်တွေနဲ့ တွေ့ရမှာကို ကြောက်နေကြကြောင်း၊ အဲဒါကြောင့် သူတို့သမီးတွေကို ကျောင်းနုတ်ကြရလိမ့်မယ်လို့ ခြိမ်းခြောက်နေကြကြောင်း၊ အဲဒီလိုလုပ်ကြရင် တက္ကသိုလ်ကြီးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မည်ဖြစ်ကြောင်းတို့ကို ကားလီ ဘဒ်က အယူခံရုံးကို ငြင်းချက်ထုတ် တင်ပြခဲ့ပါတယ်။ ဘဒ်က မယ်ရီလဲန်းတက္ကသိုလ်မှာ ကျောင်းသူ ၅၀၀ ရှိကြောင်း၊ တရားသူကြီးအိုဒန်းက မာရေးကို ကျောင်းဝင်ခွင့်ပြုရန် အမိန့်ပေးခဲ့ပြီးကတည်းက ဆေးဝါးဗေဒ ကျောင်းနဲ့ ဘွဲ့ကြို ကျောင်းတို့မှာလည်း တခြားလူမည်းတွေက ကျောင်း ဝင်ခွင့်လျှောက်လွှာများ တင်သွင်းလာကြကြောင်း၊ လူမည်းတစ်ဦးကို ကျောင်းဝင်ခွင့်ပြု လိုက်ရင် ဝေါရှင်တင် ဒီစီက ဂျော့ချ် ကွစ်ဆိုသူက မယ်ရီလဲန်းတက္ကသိုလ်မှာထားတဲ့ သူ့သမီး သုံးယောက်ကို ကျောင်းက နုတ်ပယ်မယ်လို့ စာရေးခဲ့ကြောင်းတွေကို တင်ပြခဲ့တယ်။

အဲဒီလိုတင်ပြချက်ကို ချေပဖို့အတွက် မာရှယ်လ်က ဟျူစတင်



မာတိကာသို့ ▶▶

ကို စာနဲ့ရေးပြီး ထေ့ကွက်လေးနဲ့ တင်ပြခဲ့တယ်။

"လူမျိုးခွဲခြားရေးသမားတွေက ကျွန်တော်တို့လူမည်းတွေကို မြောက်ပိုင်းမှာ စာသွားသင်ကြဖို့ လုပ်ထားတယ်။ မြောက်ပိုင်းတက္ကသိုလ်နယ်မြေတွေမှာ လူမည်းတွေနဲ့အတူ မယ်ရီလဲန်းမျက်နှာဖြူကျောင်းသူတွေ ဘယ် လောက်ရှိသလဲ၊ အဲဒီမျက်နှာဖြူကျောင်းသူတွေမှာ လူမည်းတွေရဲ့ လိင် အန္တရာယ်ဘေးနဲ့ တွေ့မတွေ့ကို ကျွန်တော်တို့ ထောက်ပြရလိမ့်မယ်" လို့ သားဂွဒ်က စာရေးခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ တရားရုံးမှာ အဲဒီလို ထောက်ပြဖို့ မလိုအပ်ခဲ့တော့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ အယူခံခုံရုံးက ကားလီ ဘဒ်ရဲ့ ထိုးစစ်ဆင်ကွက်ကို တုံးတိ ပယ်ချခဲ့တဲ့အတွက် ဖြစ်ပါတယ်။ အယူခံရုံးက အမှုကို ဆက်လက် ကြားနာခြင်း မပြုရန် အမိန့်ချမှတ်ခဲ့ပါတယ်။ မာရေးတစ်ယောက် ဥပဒေကျောင်း တက်စေ ဆိုတဲ့ သဘောကို ညွှန်ပြလိုက်တဲ့သဘော သက်ရောက်သွားခဲ့ပြီ။

အဲဒီအချိန်မှာ သားဂွဒ်ရဲ့ ငယ်ထိပ်တည့်တည့်ပေါ်ကို မာရေးက ဗုံးတစ်လုံးချလိုက်သလို အဖြစ်မျိုးကို ကြုံခဲ့ရပြန်တယ်။ အဲဒီအဖြစ်နဲ့ နှိုင်းစာလိုက်ရင် ကားလီ ဘဒ်ရဲ့ လိင်အန္တရာယ်အကြောင်းပြဆင်ခြေဆင်လက်တိုက်ကွက်ဟာ သားဂွဒ်အတွက် ဘာမှ မဟုတ်သလို ဖြစ်သွားခဲ့တယ်။ မာရေးကျောင်းဝင်ဖို့ ရှစ်ရက်ပဲ လိုတော့တယ်။ မာရေးအကြောင်း ကြေးနန်းတစ်စောင်ကို ဟျူစတင်ထံ သားဂွဒ် အစီရင်ခံ ပို့လိုက်ရတယ်။

"မာရေး၊ ပိုက်ဆံရှာမရ၊ အလုပ်အကိုင်မကောင်းတဲ့ နွေရာသီဖြစ်၊ မိသားစုကလည်း မတတ်နိုင်၊ မြို့ပေါ်တွင် ငွေရှာရန် ကြိုးစားသော်လည်း မအောင်မြင်၊ ငွေချေးငှားလို့လည်းမရ၊ အရာရာ အခြေအနေမကောင်း၊ အစ်မဖြစ်သူက ဆရာမလုပ်နေ၍ ငွေချေးလျှင် ပြန်ပေးဆပ်နိုင်မည်ဖြစ်"

သားဂွဒ်



မာတိကာသို့

ကြေးနန်းကို ဖတ်ပြီးတာနဲ့ ဟျူစတင်ရဲ့ ပါးစပ်က "ဒီလောက် လုပ်ထားခဲ့ပြီးမှ၊ အဲဒီခွေးမသားလေးက ကျောင်းမနေနိုင် တော့ဘူးလား" လို့ ထွက်သွားခဲ့ပါတော့တယ်။

အမေရိကမှာ ဆင်းရဲသူတွေဟာ တရားမျှတမှုရဖို့ မတတ်နိုင် ပုံကို သနားဖွယ်ရာပြောခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။ သားဂွဒ်မှာ မာရေး အတွက် ဒေါ်လာ ၁၆၀ ဆိုတာ မပြောနဲ့၊ အပိုငွေ ငါးဒေါ်လာတောင် မရှိခဲ့ပါဘူး။ ဟျူစတင်၊ ဝိုက်နဲ့ နိုင်ငံရဲ့ ဝါအရင့်ဆုံး ပြည်သူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အဲန်အေအေစီပီမှာလည်း အလားတူပဲ။ မာရေး အတွက် ပါဝင်ပတ်သက်ဆောင်ရွက်ပေးခဲ့ကြသူတို့အနေနဲ့ မာရေး ကျောင်းဝင်ခွင့် မှတ်ပုံတင်ရေးအတွက် ရတဲ့နည်းတစ်ခုခုနဲ့လုပ်ဖို့ လိုအပ် လာခဲ့ပြီ။

ဝေါ်လ်တာ ဝိုက်ဟာ ပန်းဝေသီ ရန်ပုံငွေအဖွဲ့ရဲ့ ဘဏ္ဍာစိုးဖြစ်သူ မောရစ္စ အန်းစ်ထံ အရေးပေါ် ကြေးနန်းတစ်စောင်နဲ့ စာတစ်စောင် ပို့ပြီး အကူအညီတောင်းခဲ့တော့တယ်။ အန်းစ်ဟာ လူမျိုးရေး တရားမျှတမှု ရရှိ ရေးအတွက် တိုက်ပွဲဝင်နေသူ နာမည်ကြီး ရှေ့နေတစ်ဦး ဖြစ်ပါတယ်။ ပန်းဝေသီရန်ပုံငွေအဖွဲ့ဟာ အဲန်အေအေစီပီရဲ့လုပ်ဆောင်မှုတချို့အတွက် နည်းနည်းပါးပါး ငွေကြေးထောက်ပံ့မှု ပေးခဲ့ပါတယ်။

ဝေါ်လ်တာ ဝိုက်က မာရေးကျောင်းဝင်ခွင့်အတွက် ပန်းဝေသီ ရန်ပုံငွေအဖွဲ့က ငွေထုတ်ပေးတာကို မယ်ရီလဲန်းတက္ကသိုလ်က ရှေ့နေတွေ မသိစေချင်ဘူး။ ဒါကြောင့် ဒေါ်လာ ၁၆၀ ကို *အက်ဖရို–အမေရိကန်* သတင်းစာထုတ်ဝေသူ ကားလ် မာဖီကတစ်ဆင့် ထုတ်ချေးပြီး သူကမှ တစ်ဆင့် မာရေးရဲ့ မိသားစုကို ပေးစေဖို့ အကြံပြုခဲ့တယ်။ ငွေကို ဘယ်အခါမှာ ဘယ်လို ပြန်ပေးဆပ်ရမယ်ဆိုတဲ့ တရားဥပဒေကြောင်းအရ စာရွက်စာတမ်း တွေလည်း ပြင်ဆင်ပြုလုပ်ပေးခဲ့တယ်။

*အက်ဖရို–အမေရိကန်* သတင်းစာ အယ်ဒီတာ ကားလ် မာဖီက

သတင်းဆောင်းပါးရေးဖို့ သတင်းထောက်တစ်ဦးကိုလည်း စေလွှတ်ပေးခဲ့တယ်။ ဒါပေမဲ့ မာရေးကို ဝမ်းပန်းတသာ ကြိုဆိုကြတဲ့ ကျောင်းသားတစ်ဦးမှ မတွေ့ခဲ့ရပုံကို သတင်းထောက်က ပြန်ပြီး အစီရင်ခံခဲ့တယ်။ မကြိုဆိုကြတဲ့အပြင် အဲဒီလူမည်းကို ဆရာတွေက စာမေးပွဲချပြီး ကျောင်းကထွက်သွားအောင်ဖြစ်စေ၊ ဒါမှမဟုတ် တခြားနည်းလမ်းနဲ့ ကျောင်းထွက်သွားအောင်ဖြစ်စေ လုပ်ကြဖို့တောင် လူဖြူကျောင်းသားများက အဓိဋ္ဌာန်ချထားတဲ့အကြောင်းကို လည်း အစီရင်ခံခဲ့တယ်။

သားဂွဒ် မာရှယ်လ်နဲ့ ဟျူစတင်တို့ဟာ မာရေးကို တက္ကသိုလ်ကျောင်းဝင်ခွင့် ရစေရန် တရားသူကြီး အိုဒန်းက ရုံးတော်မှ အမိန့်ထုတ်ပေးစေရန်အတွက်သာ သက်ဝင်ယုံကြည်အောင် လုပ်ခဲ့ကြတာ မဟုတ်ပါ။ မာရေးအတွက် ပထမနှစ်ဝက်ကျောင်းလခ ဒေါ်လာ ၁၆၀ ရစေရန်အတွက်သာ ပူးပေါင်းမေတ္တာရပ်ခံ ကြံစည်ခဲ့ကြတာ မဟုတ်ပါ။ သူတို့ဟာ မာရေးအတွက် ပုဂ္ဂိုလ်ရေး ထင်ပေါ်မှုထက် စာမေးပွဲ မကျစေရေး ဦးစားပေးဖို့က ပိုပြီး အရေးကြီးပုံကို နားလည်အောင် သူများကလေးကို နို့တိုက် ပြုစုပေးသလို ဂရုစိုက် သင်ကြားပေးခဲ့ကြပါတယ်။ မာရေးအတွက် အကြွေ မုန့်ဖိုး တစ်ဒေါ်လာ၊ နှစ်ဒေါ်လာကိုလည်း အခါအားလျော်စွာ ထောက်ပံ့ခဲ့ကြတယ်။ ၁၉၃၅ ခုနှစ်မှာ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုဟာ မေတ္တာတရားအတွက် တစ်ဦးချင်းရဲ့လုပ်အား ဖြစ်ခဲ့ပါတယ်။ သားဂွဒ် မာရှယ်လ်အတွက်တော့ "ချိုမြသော ကလဲ့စားချေမှု" ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ အယူခံတရားရုံးက တရားသူကြီး အိုဒန်းရဲ့အမိန့်ကို ပြောင်းပြန်လုပ်ပစ်လိုက်ပြီး မာရေးကို ကျောင်းက ထွက်စေကာ ဟောင်းဝပ်တက္ကသိုလ် သို့မဟုတ် လူမည်းတွေအတွက်သာ ဖွင့်ပေးထားတဲ့ တခြားဥပဒေကျောင်းတစ်ခုခုကို သွားတက်ခိုင်းနိုင်တဲ့ အခွင့်အလမ်းကို အယူခံတရားရုံးက ချမှတ်နိုင်သေးတယ်။ အဲဒါကြောင့် ကလဲ့စားချေရေးဟာ ဆေးသကြားလို မချို နိုင်ခဲ့သေးဘူး။ အဲဒီလိုကိစ္စမျိုးမှာ ကိုယ့်ဘက်က နိုင်မလား၊ ရှုံးမလားဆိုတဲ့ အဆုံးအဖြတ်တွေကို စောင့်နေကြတဲ့ ရှေ့နေတွေဟာ လေထဲမှာ တိုက်အိမ်ဆောက်ပြီး မျှော်လင့်ရုံ မျှော်လင့်မနေကြဘူး။ အဆုံး



မာတိကာသို့ ▶▶

အဖြတ်ရဲ့ ရှေ့ပြေး လက္ခဏာတွေကို ကြိုတင်သိအောင်တော့ နားစွင့်နေ တတ်ကြတယ်။

၁၉၃၅ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်နေ့မှာ သားဂွဒ် မာရှယ်လ်က သူ့ဆရာ ချာလီ ဟျူစတင်ဆီကို စာရေးလိုက်ပါတယ်။

"ဆရာချာလီ

"ကျွန်တော် အခုပဲ အငယ်တန်းရှေ့နေအသင်း နေ့ လယ်စာစားပွဲတစ်ခုကို တက်ခဲ့တယ်။ တရားသူကြီး မောရစ္စ အေ ဆုတ်ပါး လည်း စကားပြောသူတစ်ဦး ဖြစ်ခဲ့တယ်။ တရားသူကြီးဆုတ်ပါးက ဆရာ့ကို ပြောပြပေးပါဆိုပြီး ကျွန်တော့်ကို မေတ္တာရပ်ခံလိုက်တာတွေ ရှိပါတယ်။

"သူဟာ ညစာစားပွဲတစ်ခုမှာ အယူခံတရားရုံးရဲ့ တရားသူကြီး ဘွန်းရဲ့ဘေးမှာကပ်ပြီး ထိုင်ခဲ့ရတယ်ပြောပါတယ်။ တရားသူကြီး ဘွန်းဟာ မာရေးရဲ့ အမှုမှာ ဆရာ့ရဲ့ လျှောက်လဲချက်ကိုအလွန်တရာ နှစ်သက်ခဲ့ ပါတယ်။ ဒါပေမယ့် အမှုရဲ့ ဖြစ်နိုင်တဲ့ အလားအလာကိုတော့ ဘာမှ အရိပ်အမြွက် မပြခဲ့ဘူးလို့ ဆိုပါတယ်။ ကျွန်တော် ဆရာ့ရဲ့ လျှောက်လဲချက် မိတ္တူတစ်စောင်ကိုလည်း တရားသူကြီး ဆုတ်ပါးထံ ပို့လိုက်ပါတယ်။

"*မာရေးအမှု* အတွက် ဘာသတင်းမှ မရှိသေးပါခင်ဗျား။"

**သားဂွဒ်**

တကယ်တော့ အယူခံခုံရုံးရဲ့ တရားသူကြီးချုပ် ကယ်ရာလ် ဘွန်း နဲ့ တခြား တရားသူကြီး ခုနစ်ဦးစလုံးက အနိုင်ပေးမယ့်ဘက်ကို ယိမ်းညွတ်ခဲ့ ကြတဲ့အကြောင်း အမှန်တရားတွေကို ဆုတ်ပါးက သားဂွဒ် မာရှယ်လ်ကို အသိပေးခဲ့ပါတယ်။ တရားသူကြီးအားလုံးဟာ မျက်နှာဖြူတွေဖြစ်ကြတယ်။ ဒါပေမဲ့ ၁၉၃၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ကျတော့မှပဲ သားဂွဒ် ဟာ "*မာရေးအမှု* ကျွန်တော်တို့ကို အနိုင်ပေးဖို့ ဆုံးဖြတ်ချက် ကျသွားပြီ" ဆိုတဲ့



မာတိကာသို့ ▶▶

ကြေးနန်းတစ်စောင်ကို အဲန်အေအေစီပီ အတွင်းရေးမှူး ဝေါလ်တာ ဝှိုက်ထံ ပို့လိုက်နိုင်ပါတော့တယ်။

တရားသူကြီး ဘွန်းက မာရှယ်လ်ကို ပြောပြခဲ့ရာမှာ ဥပဒေ ကျောင်းဟာ ဒေသခံလူမည်းတွေအပေါ်မှာ တရားဥပဒေနဲ့ မညီညွတ်တဲ့ ခွဲခြားမှုကို ပြုလုပ်ခဲ့တယ်လို့ တရားသူကြီးအားလုံးက တညီတညွတ်တည်း ယူဆခဲ့ကြပုံ၊ အဲဒီကျောင်းဟာ အသိအမှတ်ပြုခြင်း ခံထားရတဲ့ တစ်ခုတည်းသော ဥပဒေကျောင်းဖြစ်တဲ့အတွက် လူမည်းများကို ကျောင်းဝင်ခွင့် ပြုရမှာဖြစ်ပုံတို့ကို ပြောပြခဲ့တယ်။ ဒါပေမဲ့ လူမည်းတွေချည်းသက်သက် တက်ခွင့်ရမယ့် ဥပဒေကျောင်းစစ်စစ်တစ်ခု ဖြစ်ပေါ်လာရေးအတွက် တံခါးပွင့်သွားခဲ့ပါပြီ။

တောင်ပိုင်းပြည်နယ်များဖြစ်ကြသည့် အနောက်ဗာဂျီးနီးယား၊ မစ်ဇူးရီး၊ မယ်ရီလန်း၊ ဗာဂျီးနီးယား၊ အိုကလာဟိုးမားနဲ့ ကဲန်တပ်ကီး ပြည်နယ်တွေမှာ လူမည်းများအတွက် စကော လားရှစ် ပညာသင်ထောက် ပံ့ကြေးပေးရေးဥပဒေများ လျင်မြန်စွာ အတည် ပြုပြဋ္ဌာန်းပေးမှုတွေ ဖြစ်ပေါ် လာခဲ့တယ်။ လူမည်းတွေဟာ မြောက်ပိုင်း တက္ကသိုလ်တစ်ခုမှာ တက်ပြီး ဘွဲ့ရရေး သို့မဟုတ် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကောင်း ကောင်းမွန်မွန် သင်ကြားမယ်ဆိုရင် ပညာသင် ထောက်ပံ့ကြေး စကော လားရှစ် ပေးမယ်ဆိုတဲ့ ဥပဒေများ ဖြစ်ပါတယ်။ လူမည်းတွေ အများနေ ထိုင်တဲ့ ပြည်နယ်တွေရဲ့ တရားဥပဒေအသိုင်းအဝိုင်းတွေမှာလည်း လူမည်း များအတွက် ဆေးကျောင်း၊ ဥပဒေကျောင်းနဲ့ တခြားကျောင်းတွေ သပ်သပ် ဖွင့်လှစ်ရေးအတွက် ငွေကြေးသုံးစွဲမယ့်ကိစ္စတွေကို စတင်ပြောလာ ခဲ့ပါတယ်။

မာရေးဟာ သားဂွဒ် မာရှယ်လ်နဲ့ ဟျူစတင်တို့ရဲ့ ငွေကြေးနဲ့ စိတ်ဓါတ်ရေးရာ ပံ့ပိုးမှုတွေ များစွာ ရခဲ့ပြီး ကောင်းကောင်းမွန်မွန် စာသင် ခဲ့တာဟာ ဥပဒေဘွဲ့ရဖို့ လမ်းမပေါ်ကို ရောက်သွားခဲ့ပါပြီ။ ဒါပေမဲ့ ၁၉၃၇ ခုနှစ်မှာတော့ မယ်ရီလန်းတက္ကသိုလ် အုပ်ချုပ်ရေးမှူး ကားလီ ဘဒ်က မာရေးနဲ့ တခြား လူမည်းကျောင်းသားတစ်ဦးကို တရားဝင် ကျောင်းထုတ်



မာတိကာသို့

လို့ ရနိုင်၊ မရနိုင်ဆိုတဲ့ကိစ္စအတွက်ပြည်နယ် ရှေ့နေချုပ် ဟားဘတ် အာရ် အို ကောနားကို မေးမြန်းခဲ့တယ်။ သူက ပြည်နယ်ရဲ့ပြင်ပမှာ ဥပဒေပညာ သင်ကြားလိုတဲ့ လူမည်းတွေကို စကောလားရှစ်ပေးရန် မကြာခင်က ပြဋ္ဌာန်း ခဲ့တဲ့ အကြောင်းကို ရည်ညွှန်းပြီး မေးမြန်းခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ရှေ့နေချုပ်ကြီးက အဲဒီဥပဒေဟာ နောက်ကြောင်းပြန် ကောက်ပြီး အရေး ယူလို့မရတဲ့ ဥပဒေဖြစ်တယ်လို့ ကားလီ ဘဒ်ကို အဆုံးအဖြတ်ပေးလိုက် ပါတယ်။

မာရေးဟာ ၁၉၃၈ ခုနှစ်၊ ဇွန်လမှာ ဘွဲ့ရခဲ့ပါတယ်။ ဇွန်လ ၆ ရက်နေ့မှာ မာရေးက ဝေါ်လ်တာ ဝှိုက်ထံ စာတစ်စောင် ရေးသားခဲ့တယ်။ သူ့စာထဲမှာ "ကျွန်တော် ဥပဒေကျောင်း တက်ခဲ့တဲ့ သုံးနှစ်တာကာလ အတွင်းမှာ ကျွန်တော့်အပေါ်မှာ ကျရောက်ခဲ့တဲ့တာဝန်ကို အမြဲသတိထား ခဲ့ပါတယ်။ ကျွန်တော် ကျောင်းတက်စက လူကြီးမင်းတို့ ကျွန်တော့်ထံ ရေးသားခဲ့တဲ့ အားပေးစာထဲမှာ ပါခဲ့တဲ့အတိုင်း 'နီးဂရိုးတို့၏ ခံယူချက် အသစ်တစ်ခု' ကို ကျောင်းသားတွေနဲ့ ကျောင်းကဆရာတွေရဲ့ စိတ်ထဲမှာ အမြင်တိုးတက်စေရေးအတွက် တာဝန်ဖြစ်ခဲ့ပါတယ်။ သားဂွဒ်ကို ကျွန်တော် ပြောပြခဲ့သလို ကျွန်တော့်အနေနဲ့ အဲဒီတာဝန်ကို နည်းနည်းပါးပါးတော့ တာဝန်ကျေပွန်ခဲ့ပြီလို့ ခံစားမိပါတယ်" လို့ ရေးသားခဲ့ပါတယ်။

မာရှယ်လ်နဲ့ ဟျူစတင်တို့ကတော့ ပညာရေးနယ်ပယ်ထဲမှာ ပိုမို ကြီးမားတဲ့ တိုက်ပွဲတွေ ဆက်ဝင်သွားလိုခဲ့ကြပါတယ်။ ဒါပေမဲ့ ကားလီ ဘဒ်ဟာ လူမျိုးခွဲခြားရေးမှာ အလျှော့မပေးတဲ့သူတစ်ယောက် ဖြစ်ပုံကို လည်း သူတို့ထပ်ပြီး သိခဲ့ကြရပြန်တယ်။ မာရေး ကျောင်းဝင်ခွင့် ရခဲ့ပြီးတဲ့နောက် လေးနှစ်အကြာမှာ ဝီလျံ အိပ်ချ် မာဖီဆိုသူတစ်ဦးဟာ မယ်ရီလန်းတက္ကသိုလ် ဥပဒေကျောင်းမှာ ဝင်ခွင့်လျှောက်ထားခဲ့တယ်။ မာဖီဟာ အိုဘာလင် ကောလိပ်က ဘွဲ့ရပြီးသူဖြစ်တယ်။ ပြီးတော့ အာဖရို-အမေရိကန် သတင်းစာထုတ်ဝေသူ ကားလ် မာဖီရဲ့ တူလည်းဖြစ်တယ်။ ကျောင်းအုပ်ချုပ်ရေးမှူး ကားလီ ဘဒ်က အိပ်ချ် မာဖီကို လူကိုယ်တိုင် ဖိတ် ခေါ်တွေ့ဆုံခဲ့တယ်။ ပြီးတော့ ဟောင်းဝပ်တက္ကသိုလ်ဥပဒေကျောင်းကို



မာတိကာသို့ ▶▶

သွားတက်ရင် လူမျိုးရေးဆက်ဆံမှုကိစ္စ ပိုပြီးကောင်းလိမ့်မယ်လို့ ပြောဆိုခဲ့တယ်။

အဲဒီအချိန်မှာ သားဂွဒ် မာရှယ်လ်ဟာ အဲန်အေအေစီပီရဲ့ အတိုင်ပင်ခံချုပ် ဖြစ်နေခဲ့ပြီ။ ကားလ် မာဖီက သူ့တူရဲ့ ကိစ္စအတွက် အကူအညီပေးဖို့ သားဂွဒ် မာရှယ်လ်ထံမှာ မေတ္တာရပ်ခံခဲ့တယ်။ ဝီလျံ မာဖီကို ကျောင်း ဝင်ခွင့် မပေးရင် တရားဥပဒေအရ အရေးယူရေးကို လုပ်ရလိမ့်မယ်လို့ အဲန်အေအေစီပီက ခြိမ်းခြောက်ခဲ့တယ်။ အဲဒီကျတော့မှပဲ ကားလီ ဘဒ်ဟာ မငြင်းဆန်ဝံ့တော့ဘဲ လိုက်လျောခဲ့တော့တယ်။ ဥပဒေကျောင်းမှာ တတိယမြောက် လူမည်းကျောင်းသားကို ဝင်ခွင့်ပြုလိုက်ရပါတော့တယ်။

ကားလီ ဘဒ်ဟာ အကျပ်ကိုင်ခံခဲ့ရတဲ့အတွက် ဝီလျံ မာဖီကို ကျောင်းဝင်ခွင့် ပေးခဲ့ရတယ်ဆိုတာကို သားဂွဒ် မာရှယ်လ်က သိခဲ့တယ်။ ကားလီ ဘဒ်ကို အဲန်အေအေစီပီအဖွဲ့နဲ့ *အက်ဖရို–အမေရိကန်* သတင်းစာတို့ကသာ အကျပ်ကိုင်ခဲ့ရုံ မဟုတ်ဘူး၊ မယ်ရီလဲန်းပြည်နယ်မှာ တန်ခိုးသြဇာအရှိဆုံးဖြစ်တဲ့ *ဘော်လ်တီမော ဆန်း* သတင်းစာကြီးကပါ ဖိအားပေး အကျပ်ကိုင်ခဲ့မှုကြောင့် ဖြစ်ပါတယ်။

သားဂွဒ် မာရှယ်လ်အဖို့ လူမည်းတွေအတွက် သူတိုက်ပွဲဝင်ပေးတဲ့ အပြည့်အဝ အာမခံချက်ရတဲ့ အခွင့်အရေးတွေ အောင်မြင်တာကို မြင်ရတဲ့အထိ အသက်ရှည်ရှည် သူနေချင်မှ နေရလိမ့်မယ်လို့ ပိုပြီး ထင်ထင်ရှားရှား မြင်လာခဲ့တာလည်း ရှိတယ်။ လူတွေအတွက် အချိန်ကာလတိုင်းမှာ လွတ်လပ်ခွင့် ရရှိနိုင်သလိုပဲ လွတ်လပ်ခွင့်ကို ချေဖျက်ပစ်ဖို့ ကြိုးစားမယ့်သူ၊ တရားဥပဒေကို မှေးမှိန်အောင်လုပ်ဖို့ ကြိုးစားမယ့်သူ၊ လူမျိုးတစ်မျိုး သို့မဟုတ် လူဆိုးတစ်ဦးကို တန်ခိုးအာဏာ ပြန်ပေးဖို့ ကြိုးစားမယ့်သူ တစ်ဦးဦးဖြစ်စေ သို့မဟုတ် အဲဒီလို ကြိုးစားမယ့် အင်အားစုတစ်ခုခုဖြစ်စေ အမြဲရှိနေမှာပဲဆိုတာကိုလည်း သားဂွဒ် မာရှယ်လ်အနေနဲ့ ပိုပြီး မြင်လာခဲ့တယ်။



မာတိကာသို့ ››

ကားလီ ဘဒ်ဟာ မယ်ရီလဲန်းတက္ကသိုလ်ရဲ့ အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်နေသမျှ ကာလပတ်လုံး သူ့ကို စောင့်ကြည့်နေဖို့ လိုအပ်လိမ့်မယ် ဆိုတာကို လည်း သားဂွဒ် မာရှယ်လ် သိထားခဲ့တယ်။ ဒါပေမယ့် သူ့ကို တခြား ပြည်နယ်တွေရဲ့ ပညာရေးလောကမှာ ပရမ်းပတာ ထင်ရာ တစ်ယူသန် တရားဥပဒေဆိုင်ရာ စိန်ခေါ်မှုတွေဖက်ကို အရေးယူ မဆောင်ရွက်နိုင်ရန် လမ်းကြောင်းလွှဲသွားစေအောင် ဘဒ်ကို လုပ်ခွင့်ပေးလို့ မဖြစ်ဘူးဆိုတာကိုလည်း သားဂွဒ် မာရှယ်လ်က ခံယူထားလိုက်ပါတယ်။



မာတိကာသို့ ▶▶

# အခန်း (၅)

## အဲန်အေအေစီပီအတွင်း လူမည်းချင်း တိုက်ပွဲများ

သားဂွဒ် မာရှယ်လ်ဟာ ၁၉၃၄ ခုနှစ်မှာ အဲန်အေအေစီပီ အဖွဲ့ချုပ်နဲ့ ပထမဆုံး တရားဝင် ဆက်သွယ်မှုကို စတင်ခဲ့ပါတယ်။ အဲဒီအချိန်က အဲန်အေအေစီပီအသင်းကြီးရဲ့ အတွင်းမှာ လူမည်းအချင်းချင်း ပဋိပက္ခတွေကြောင့် အသင်းကြီးမှာ အန္တရာယ် ကျရောက်နေခဲ့ပုံကို သူဘာမှ မသိခဲ့ဘူး။ လူမည်းတွေဟာ အချင်းချင်း အယူအဆ သဘောတရားရေးရာ အငြင်းပွားမှုတွေ၊ အာဏာဆုပ်ကိုင်လိုမှုတွေ ဝဲဂယက်က မတက်နိုင်ခဲ့ကြဘူး။ သူတို့ရဲ့ အတူပူးပေါင်းပြီး လုပ်ကိုင်တဲ့ လွတ်လပ်စွာ ဆောင်ရွက်မှုကို မရရှိနိုင်ခဲ့ကြဘူး။ အဲဒီအခြေအနေတွေကြောင့် နောက်ထပ် ပြဿနာတွေ ဘယ်လောက်များများ ထပ်ပေါ်လာဦးမလဲဆိုတာကို သားဂွဒ်လည်း မမှန်းတတ်ခဲ့ဘူး။ အဲဒီအချိန်အထိ အသင်းကိုထိန်းချုပ်နေခဲ့ကြတဲ့ မျက်နှာဖြူ လစ်ဘရယ်လ်



မာတိကာသို့

ဝါဒီတွေလည်း မတွေးဆနိုင်ခဲ့ကြဘူး။ အတွင်းရေးပဋိပက္ခတွေကတစ်ဖက်၊ လူမျိုးခွဲခြားရေးဝါဒီတွေရဲ့ လက်ချက်နဲ့ အမြတ်ခွန်ဥပဒေ ဖိအားပေးမှုက တစ်ဖက်တို့ကြောင့် အဲန်အေအေစီပီရဲ့ ပုံမှန်ခေါင်းဆောင်တွေနဲ့ တရားရေးဝန်ထမ်းတွေရဲ့ကြားမှာ ဂိုဏ်းကွဲမှုဖြစ်ပြီး ပျက်စီးမှုကို ရှေးရှုစေခဲ့တယ်။ နောက်တော့ တရားရေးဝန်ထမ်းအဖွဲ့တွေက သီးခြားခွဲပြီး တရားဥပဒေ ကာကွယ်ရေးရန်ပုံငွေအဖွဲ့ကို ထူထောင်ခဲ့ကြတယ်။ လူဖြူလူမည်း လက်ထပ်တဲ့ကိစ္စအပေါ်မှာတောင် အရုပ်ဆိုးလှတဲ့ ခံစားချက် ပဋိပက္ခတွေ ဖြစ်လာဖို့ ဖန်တီးခဲ့တယ်။

အဲန်အေအေစီပီအတွင်းက လူမည်းများရဲ့ ပဋိပက္ခတွေထဲမှာ အခြေခံကျတာ တစ်ခုပါခဲ့တယ်။ အဲဒီပဋိပက္ခအတွက် လှုပ်ရှားမှုဟာ ၁၉၃၄ ခုနှစ်ကျမှ စတင်ပေါ်ပေါက်ခဲ့တယ်။ အဲန်အေအေစီပီဟာ လူဖြူလူမည်း လုံးဝ တစ်ပေါင်းတစ်စည်းတည်း ဖြစ်ရေးအတွက် တောင်းဆိုတိုက်ပွဲဝင်မလား။ သို့မဟုတ် လူဖြူလူမည်း ခွဲခြားပြီး တန်းတူညီမျှရေး ခံယူချက်အတွင်းမှာပဲ အပေးအယူအချို့ကို လက်ခံမလားဆိုပြီး အယူအဆကွဲလွဲမှု ပဋိပက္ခ ဖြစ်ခဲ့ပါတယ်။ အဲန်အေအေစီပီရဲ့ ပေါ်လစီအတွက် ဖြစ်ပေါ်ခဲ့တဲ့ ပဋိပက္ခတိုက်ပွဲ အရှုပ်အထွေးထဲမှာ မာရှယ်လ်ပါဝင်ဖို့ ဖြစ်လာတော့တယ်။

၁၉၃၄ ခုနှစ်မှာ အဓိက ပဋိပက္ခစစ်ပွဲဟာ ဝေါ်လ်တာ ဝှိုက်နဲ့ ဒဗလျူ အီး ဘီ ဒူဘွိုက်စ်တို့နှစ်ဦးအကြားမှာ ဖြစ်ခဲ့ပါတယ်။ အသားအရောင် နီဖျော့ပြီး မျက်လုံးပြာများပိုင်ရှင်ဖြစ်တဲ့ ဝေါ်လ်တာ ဝှိုက်က ဂျော်ဂျီးယား ပြည်နယ်သား ဖြစ်တယ်။ သူဟာ ဂျိမ်းစ် ဝယ်လ်ဒင် ဂျွန်ဆင်ရဲ့ အတွင်းရေးမှူးနေရာကို ဆက်ခံခဲ့သူ ဖြစ်ပါတယ်။ ဒူဘွိုက်စ်ကတော့ ပညာတတ်လူမည်းတစ်ဦးဖြစ်ပြီး အဲန်အေအေစီပီကို စတင်ထူထောင်ရာမှာ ပါဝင်ခဲ့သူ တစ်ဦးဖြစ်တယ်။ အဲန်အေအေစီပီရဲ့ အာဘော်ဖြစ်တဲ့ ကရိုင်းဆစ် မဂ္ဂဇင်းရဲ့ တစ်ဦးတည်းသော အယ်ဒီတာလည်းဖြစ်တယ်။

ဒူဘွိုက်စ်က လူမည်းတချို့ အလုပ်အကိုင်ရနေမှုတွေကို အကာအကွယ်ပေးလိုတယ်။ ဝေါ်လ်တာ ဝှိုက်ကတော့ လူမျိုးရေးခွဲခြားမှုဝါဒ ချေဖျက်ရေး သို့မဟုတ် လုံးဝ မြေမြှုပ်ပစ်ရေးအတွက် အော်ဟစ်ကြွေးကြော်



မာတိကာသို့ ▶▶

ခဲ့သူဖြစ်တယ်။ လူဖြူလူမည်းခွဲခြားမှုကို အတိုင်းအတာအားဖြင့် အနည်းငယ်လက်ခံမယ်ဆိုရင် လူမည်းတွေအတွက် လိမ္မာရာကျနိုင်မယ်ထင်ကြောင်း ၁၉၃၄ ခုနှစ် ဇန်နဝါရီလထုတ် *ကရိုင်းဆစ်* စာစောင်ရဲ့ ခေါင်းကြီးပိုင်းမှာ ဒူဘွိုက်စ်က ရေးသားခဲ့တယ်။ ဝေါ်လ်တာ ဝှိုက်က ဒူဘွိုက်စ်ရဲ့ ခေါင်းကြီးကို ကန့်ကွက်တဲ့ ကြေးနန်းတစ်စောင် ဒူဘွိုက်စ်ထံ ပေးပို့ခဲ့တယ်။ ဒူဘွိုက်စ်ရဲ့ ခေါင်းကြီးကို ကိုးကားအသုံးချပြီး လူမျိုးရေးခွဲခြားရေးသမားများက အနောက်ဗာဂျီးနီးယားပြည်နယ်က စုပေါင်းလယ်ယာဒေသတစ်ခုမှာ လူမည်းမိသားစု ၂၀ ကို ဝင်ခွင့်ပေးဖို့ ငြင်းဆိုခဲ့ပုံနဲ့ အမေရိကန်သမ္မတကတော် မစ္စက် ဖရဲန်ကလင် ဒီ ရုစဗဲ့လ်ထ်က အဲဒီဒေသမှာ လူမျိုးရေးခွဲခြားမှု မပြုလုပ်ရေးကို တိုက်တွန်းခဲ့ပုံတွေကို ထောက်ပြခဲ့တယ်။ ဝေါ်လ်တာ ဝှိုက်က လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်တဲ့ သူ့ရဲ့ ဖော်ပြရပ် တည်ချက်ကိုလည်း ဖေဖော်ဝါရီလထုတ် *ကရိုင်းဆစ်* စာစောင်ထဲမှာ ထည့်ပေးဖို့ တိုက်တွန်းခဲ့တယ်။ ဒါပေမယ့် ဒူဘွိုက်စ်က ဝှိုက်ရဲ့စာကို ထည့် မပေးနိုင်ဘူးလို့ အကြောင်းပြန်စာရေးခဲ့တယ်။ ဝေါ်လ်တာ ဝှိုက်ဟာ ဒါရိုက်တာဘုတ်အဖွဲ့ဝင် လူကြီးတစ်ဦး မဟုတ်တဲ့အတွက် ဘာမှ ပြောရေး ဆိုခွင့် မရှိဘူးလို့လည်း ဒူဘွိုက်စ်က သူ့ပြန်စာထဲမှာ ရေးလိုက်တယ်။

ဝေါ်လ်တာ ဝှိုက်ကလည်း ဟဲင်နရီ ဖို့ဒ်ဟာ ဖို့ဒ် မော်တော်ကားကုမ္ပဏီအတွက် ပြောဆိုနိုင်သလို သူ့အနေနဲ့လည်း အဲန်အေအေစီပီအတွက် ယုံကြည်စိတ်ချစွာ ပြောဆိုခွင့်ရှိတယ်ဆိုတာ သံသယ မရှိခဲ့ဘူး။ ဒူဘွိုက်စ်က စာစောင်ထဲ ထည့်ပေးဖို့ ငြင်းဆန်ခဲ့တဲ့ ဝှိုက်ရဲ့ ဆောင်းပါးထဲမှာ လူဖြူလူမည်းခွဲခြားရေး မည်သည့်ပုံစံကိုမဆို အဲန်အေအေစီပီက ရေရှည်အတွက် ထာဝစဉ် တိုက်ပွဲဝင်သွားရေးကို အဓိဋ္ဌာန်ပြုထားခဲ့တယ်။

ဝေါ်လ်တာ ဝှိုက်မှာ လူမည်းဖြစ်ပေမယ့် မျက်နှာဖြူတစ်ဦးနဲ့ တူနေပုံက သူ့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်ခဲ့ရတယ်။ အဲဒီအချိန်မှာပဲ အဲန်အေအေစီပီဥက္ကဋ္ဌ ဂျိုး စပင်းဂန်းက သူ့ထံ လျှို့ဝှက်စာတစ်စောင် ရေးပို့တာရခဲ့တော့ ဝှိုက်ဟာ အံ့ဩတုန်လှုပ်ခဲ့ရပြန်တယ်။ စပင်းဂန်းရဲ့ စာထဲမှာ ဝှိုက်ဟာ အဲန်အေအေစီပီရဲ့ ကိုယ်စား တရားဝင်ထုတ်ဖော်ပြော



မာတိကာသို့ ▶▶

ဆိုမှု မပြုလုပ်ပါနဲ့၊ အတိတ်ကအကြောင်းတွေနဲ့ ပစ္စုပ္ပန်အခြေအနေတွေကိုတော့ ပြောဆိုနိုင်ပါတယ်။ အနာဂတ်အစီအစဉ်အကြောင်းကိုတော့ မည်သူတစ်ဦးတစ်ယောက်ကမှ ပြောဆိုခွင့် မရှိပါ။ ပြောခဲ့ရင်လည်း ဒါရိုက်တာ ဘုတ်အဖွဲ့က ဘယ်ပြဿနာကိစ္စအတွက်မဆို ဆုံးဖြတ်ချက်တွေကို အချိန်မရွေး ပြောင်းလဲခွင့်ရှိတယ်။ အနာဂတ်အစီအစဉ်တချို့ကို ဒုဘွိုက်စ်က ပြောဆိုနေတဲ့အတွက် ဂိုက်အနေနဲ့ပြောရင်လည်း တရားဝင်သဘောထား မဟုတ်ဘဲ ပုဂ္ဂိုလ်ရေးသဘောထားအနေနဲ့သာ ပြောဆိုပါ။ လူမည်းတွေအနေနဲ့ ဂိုက်ကိုမှ မျက်နှာဖြူစစ်စစ်တစ်ယောက်ဖြစ်တယ်။ ဒါ့ကြောင့် သူ့ရဲ့ ပင်ကိုဆန္ဒက လူမည်းတွေကို လူဖြူတွေနဲ့ ပေါင်းသင်းစေချင်တဲ့ သူတစ်ယောက်ဖြစ်လို့ အဲဒီစိတ်ဆန္ဒအခြေခံနဲ့ ပြောဆိုနေတယ်လို့ လူမည်းတွေက ထင်နေကြတယ်။ ဂိုက်အနေနဲ့ အဲဒီ တစ်ပန်းရှုံးမှု (မျက်နှာဖြူလို့ အထင်ခံရမှု) ကြောင့် လူဖြူလူမည်းပြဿနာတစ်ခုလုံးအကြောင်း ပြောဆိုရာမှာ သတိပြုပြီး ဆင်ဆင်ခြင်ခြင် ပြောကြားစေလိုတယ်။ ဒီအကြံပေးချက်ကို မိတ်ဆွေတစ်ယောက်အနေနဲ့ ပေးတာဖြစ်ပါတယ်လို့ စပင်းဂန်းက ရေးထားတယ်။

စပင်းဂန်းရဲ့စာဟာ ဝေါ်လ်တာဂိုက်ရဲ့မိုက်ထဲမှာ မုန်တိုင်း ဝင်အမွှေခံရသလို ခံစားခဲ့ရတယ်။ ဒါပေမယ့် စပင်းဂန်းက ဇန်နဝါရီလ ၁၂ ရက်နေ့မှာ ဝေါ်လ်တာဂိုက်ထံ စာတစ်စောင် ထပ်ရေးခဲ့ပြန်တယ်။ အဲဒီစာထဲမှာလည်း သူက ဒုဘွိုက်စ်ရဲ့ လုပ်ဆောင်မှုကို ထောက်ခံရေးထားတယ်။

နောက်သုံးရက်အကြာ၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ ဝေါ်လ်တာ ဂိုက်က ဂျိုး စပင်းဂန်းထံ စာတစ်စောင် ပြန်ရေးလိုက်တော့တယ်။ စပင်းဂန်း ရေးခဲ့တဲ့ စာနှစ်စောင်ကို ပြန်ရေးခဲ့တဲ့စာပဲ။

"ခင်မင်သော မစ္စတာ စပင်းဂန်း

"ပြဿနာရဲ့ အရေးမပါဆုံးသော အချက်များကို ကျွန်တော် ရှေးဦးစွာ ဖြေရှင်းပြလိုပါတယ်။ လူမျိုးရေး ခွဲခြားမှုကို ဆန့်ကျင်ရေးနဲ့ စပ်လျဉ်းပြီး ကျွန်တော်က မျက်နှာဖြူတွေနဲ့



မာတိကာသို့

ပေါင်းသင်းရောယှက် လိုတဲ့ဆန္ဒက ပေါက်ဖွားလာတယ်လို့ တချို့လူမည်းတွေက ထင်ကြတယ်လို့ ဆိုတယ်။ အဲဒီ အချက်နဲ့ ပတ်သက်လို့ ကျွန်တော့်မှာ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး။ အဲဒီထင်မြင်ချက်သာ တကယ်မှန်ခဲ့ရင် ကျွန်တော် ဟာ အချိန်ကာလ ကြာမြင့်စွာကတည်းက လူမည်း နီးဂရိုးတစ်ဦးလို နေထိုင် ခဲ့မိမှာ မဟုတ်ပါဘူး။ မျက်နှာဖြူတွေနဲ့ ခြွင်းချက်မရှိ ပေါင်းသင်း ဆက်ဆံ ခွင့်ရခဲ့တဲ့ အချိန်ကစပြီး ကျွန်တော်ဟာ မျက်နှာဖြူတစ်ဦးအဖြစ် နေခဲ့မိ မှာပါ။ ကျွန်တော်ဟာ မိတ်ဆွေနဲ့ လုပ်ဖော်ကိုင်ဖက်ကို ဘယ်လို ရွေးချယ်သလဲဆိုတာ ခင်ဗျား သိပါတယ်။ ကျွန်တော်ဟာ အထူးသဖြင့် မိတ်ဆွေတွေကို ရွေးတဲ့နေရာမှာ သူတို့ရဲ့ လူမျိုးရေးကို အခြေခံပြီး မရွေးချယ်ခဲ့ဘူး။ ကျွန်တော်နဲ့ စိတ်တူကိုယ်တူ စိတ်ဝင်စားမှုချင်းတူတဲ့ အပေါ်မှာ လုံးလုံးလျားလျား အခြေခံပြီး ရွေးချယ်သူ ဖြစ်ပါတယ်။

"အသင်းကြီး(အဲန်အေအေစီပီ)ရဲ့ လူဖြူလူမည်းခွဲခြားမှုကို ဆန့်ကျင်မှုသဘောထား မရှိဘူးဆိုရင် ကျွန်တော် အနှစ် ၂၀ နီးပါး ကောက်ချက်ချ ဘာသာပြန်တာ မှားခဲ့ပါလိမ့်မယ်။ လူမည်းတွေဟာ ဘုရားရှိခိုးကျောင်းဂေဟာတွေနဲ့ ပြင်ပမှာ ဘာပဲ လုပ်နေနေ သူတို့ဟာ လူဖြူလူမည်းခွဲခြားရေးဝါဒကို ဆန့်ကျင်တိုက်ပွဲဝင်ရမယ်၊ လူထုအတွင်းမှာ အတူပေါင်းသင်းနေထိုင်မှု ရရှိစေရေးအတွက် တိုက်ပွဲဝင်ရမယ်။ အဲန်အေအေစီပီအသင်းမှာ ဒီရည်မှန်းချက်ပေါ်လစီဝါဒ မရှိဘူးဆိုရင်တော့ ပွင့်ပွင့်လင်းလင်း ပြောရလိမ့်မယ်။ အသင်းကြီးအနေနဲ့ တခြားနည်းလမ်းတွေကို လိုက်ဖို့ ကြိုးစားခဲ့ရင်လည်း အဲဒီရည်ရွယ်ချက်အကြောင်းတွေ အတွက် ကျွန်တော် စိတ်ရှင်းရှင်းနဲ့ လက်တွဲဆောင်ရွက်နိုင်မယ်



မာတိကာသို့

မဟုတ်ပါဘူး။ ဒီလိုပြောခြင်းဟာ ရာဇသံပေးခြင်း မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ရိုးသားပွင့်လင်းတဲ့ သဘောထားကို ရိုးရိုးလေးတင်ပြခြင်းသာ ဖြစ်ပါတယ်။

"တောင်ပိုင်းဒေသမှာ လူမည်းကျောင်းသားတွေ ခွဲခြားပညာသင်ပေးကာဟာ မကောင်းမှုမိစ္ဆာတစ်ခုဖြစ်လို့ ပျက်သုဉ်းအောင် တိုက်ဖျက်ပစ်ရမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ခင်ဗျားတို့ ကျွန်တော်တို့ဟာ အောင်မြင်မှုနဲ့ တွေ့ဆုံတဲ့အထိ အသက် ရှည်ရှည် နေချင်မှ နေကြရပါလိမ့်မယ်။ ဒါပေမယ့် ဒီစနစ်ဆိုးကြီးကို ကျွန်တော်တို့ဆက်လက်ပြီး ဆန့်ကျင်ကြရမယ်။ အဲဒါဟာ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်အကျိုးအတွက် မဟုတ်ဘူး။ အနာဂတ် လူဖြူလူမည်း မျိုးဆက်သစ်ရဲ့ အကျိုးအတွက် ဖြစ်ပါတယ်။"

ထာဝစဉ်လိုက်လှဲစွာဖြင့်

**ဝေါ်လ်တာ ဝိုက်**

လူဖြူလူမည်း ခွဲခြားရေးတိုက်ပွဲမှာ ဝေါ်လ်တာဝိုက်ဟာ တစ်ကိုယ်ရေတစ်ကာယတည်း မဟုတ်ခဲ့ဘူး။ ချာလီ ဟျူစတင်ကလည်း လူမျိုးရေး ခွဲခြားမှု ဆန့်ကျင်ရေးမှာ တစ်ပြားသားမှ အလျှော့မပေးတဲ့သူ။ သားဂွဒ် မာရှယ်လ်ရဲ့ ဆရာတစ်ဦးဖြစ်တဲ့ ဝီလျံ ဟေးစတီးလည်း ရှိသေးတယ်။ ဟေးစတီးဟာ တရားရေးလောကမှာ လူမည်းတွေ ဩဇာရှိလာရေးလမ်း ကြောင်းကို စတင်ခင်းပေးခဲ့သူလည်း ဖြစ်ခဲ့တယ်။ သူဟာ အမေရိကန် သမ္မတ ထရူးမင်းရဲ့လက်ထက် ၁၉၄၉ ခုနှစ်မှာ အမေရိကန် အယူခံတရားရုံးမှာ လူမည်းတရားသူကြီးအဖြစ် ရာထူးပေးခြင်း ခံခဲ့ရသူ ဖြစ်ပါတယ်။

မစ္စတာ ဟေးစတီးက "နီးဂရိုးများ၏ ခေါင်းဆောင်ဟောင်း ဒူဘွိုက်စ်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် လူမည်း



မာတိကာသို့ ▶▶

*အမြင်သစ်* ဂျာနယ်ထဲမှာ ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါတယ်။ အဲဒီ ဆောင်းပါးထဲက ဟေးစတီး ရေးခဲ့တဲ့ စာကြောင်းတွေထဲမှာ---

"လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း၌ လူမည်းများကို မလိုလားကြသော မျက်နှာဖြူများနှင့် ဒူးထောက်၊ ဖိနပ်ကို လျှာဖြင့်လျက်သည့် ဖွဲ့သတ္တိမရှိသော အညံ့စားလူမည်းများက ကျွန်ုပ်တို့လူမည်းများ၏ အသိဉာဏ်များကို ယုံတမ်းပုံပြင်များဖြင့် စော်ကားခဲ့ကြသည်။ သူတို့စကားများတွင် လူဖြူလူမည်း ခွဲခြားရေးမှာ မကောင်းဆိုးဝါး၊ မိစ္ဆာအမှု မဟုတ်ကြောင်း၊ လူမည်းများသည် မိမိတို့ဘာသာ သီးသန့်နေထိုင်ကာ ပိုမိုကောင်းမွန်နိုင်သည်၊ တန်းတူညီမျှမှု ရနိုင်သည်၊ ပျော်ရွှင်စွာ နေနိုင်ကြမည်ဖြစ်သည်။ လူဖြူတို့အတွက် အလုပ်ကြမ်းနှင့် အောက်တန်းစားအလုပ်များကို လုပ်ပေးရန် လိုအပ်သောအခါ၌မူ လုပ်ပေးရမည်ဖြစ်သည်။ လူမည်းများသည် အခြားသူများနည်းတူ ကောင်းမွန်ကြသူများဖြစ်ကြရာ သူတို့အချင်းချင်း ရောထွေးယှက်တင် နေထိုင်ခြင်းကို အဘယ့်ကြောင့် ကျွန်ုပ်တို့က ကန့်ကွက်စရာ လိုမည်နည်း" စသည်ဖြင့် ပြောဆိုခဲ့ကြသည်။

"ဤအယူအဆမှာ လူဖြူလူမည်းခွဲခြားရေးကို မှန်ကန်ကြောင်းပြသလိုသည့် အယူအဆသာဖြစ်သည်။ ဤအယူအဆကို ကျင့်သုံးသော မည်သည့်လူမည်းမဆို လူထုံ လူအ,လျှင်လည်း ဖြစ်ရမည်။ စိတ်သဘောမရိုးသားသူများလျှင်လည်း ဖြစ်ရမည်။ သို့မဟုတ် အစားချောင်သော နည်းလမ်းကို ရွေးချယ်ခဲ့သူနှင့်လည်း တူမည်။

"မစ္စတာ ဒူဘွိုက်စ်နှင့် ဝီလျံ ဘားဂတ်တို့သည် ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလထုတ် *ကရိုင်းဆစ်* စာစောင် စာမျက်နှာ ၂၀ တွင် ရေးသားထားရာ၌ အထက်ပါအယူအဆ အဆွေးများနှင့် တစ်ဝက်တစ်ပျက် အမှန်တရားများကို ရေးသားခဲ့ကြသည်။ လူမျိုးခွဲခြားရေးဝါဒကို ကာကွယ်ပြီး လူဖြူလူမည်းခွဲခြားခြင်းနှင့် လူလူချင်း အတန်းအစား ခွဲခြားခြင်းတို့၏ ကွာခြားချက်များကို ရှင်းပြခဲ့ပုံမှာလည်း ရယ်စရာကောင်းလှသည်။ အို မစ္စတာ ဒူဘွိုက်စ်---ခင်ဗျား--- ဘယ်လိုများ လုပ်ခဲ့လိုက်ပါလိမ့်။



မာတိကာသို့ ▶▶

“မစ္စတာ ဒူဘွိုက်စ်ကို ဆုံးရှုံးရမှာ နစ်နာချက်တစ်ခု ဖြစ်ခဲ့ပါပြီ။ ခင်ဗျားရေးလိုက်တဲ့ ရေးသားချက်တွေဟာ ကျွန်ုပ်တို့၏ ရန်သူများလက်ဝယ်သို့ အားကောင်းသော လက်နက်တစ်ခုအဖြစ် ရောက်ရှိသွားပြီဆိုသည်ကို ကျွန်ုပ်တို့ မငြင်းဆန်လိုတော့ပါ”

အဲဒီတုန်းက ဖြစ်ပျက်ခဲ့တဲ့ ပဋိပက္ခတွေအကြောင်းကို သားဂွဒ်မာရှယ်လ်က သူ့စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြန်ပြောပြခဲ့ပါတယ်။

“ကျုပ်က အတွေ့အကြုံနုသေးတဲ့ ရှေ့နေပေါက်စလေးဘဝမှာပဲ ရှိခဲ့သေးတယ်။ ကျုပ်အနေနဲ့ ဒူဘွိုက်စ်နဲ့ ဝှိုက်တို့ကို လူချင်းလည်း မသိခဲ့ဘူး။ ကျုပ်ရဲ့အခြေအနေကလည်း နောက်ထပ် ထမင်း တစ်နပ်စာကို ဘယ်လို စားရပါလိမ့်ဆိုတာကို တွေးပူပြီး အချိန်တွေအများကြီး ကုန်ဆုံးခဲ့ရတယ်။ ဒါပေမယ့် *ကရိုင်းဆစ်* စာစောင်မှာ ဒူဘွိုက်စ်ရဲ့ ဆောင်းပါးများကို ဖတ်လိုက်ရတော့ အံ့အားသင့်သွားမိတယ်။ ကျုပ်ရဲ့ နှလုံးသားနဲ့ ဝိညာဉ်မှာက မယ်ရီလဲန်းတက္ကသိုလ်မှာ ဖြစ်နေတဲ့ လူဖြူလူမည်း ခွဲခြားရေးစနစ်ကို သုတ်သင်ပစ်ရေးအတွက်ပဲ အဓိဋ္ဌာန်ရှိခဲ့တယ်။ ဒါပေမယ့် အခုတော့ အဲန် အေအေစီပီအသင်းကြီးရဲ့ အာဘော်မဂ္ဂဇင်းက လူဖြူလူမည်း ခွဲခြားရေးကို ညှိနှိုင်းလက်ခံရေးကို အကြံပေးရေးထားတာကို တွေ့ခဲ့ရတယ်ဗျာ”

“ဒူဘွိုက်စ်လို လူတစ်ယောက်က ညှိနှိုင်းလက်ခံရေးကို ရေးလိုက်တော့ ကျုပ်မှာ စိတ်ရှုပ်သွားခဲ့ရတယ်။ ဒါပေမယ့် ဘီလ် ဟေးစတီးရဲ့ ဆောင်းပါးကို ဖတ်ပြီးလိုက်တဲ့အခါကျတော့ ကျုပ်ရဲ့ စိတ်ရှုပ်ထွေးမှုတွေ ကုန်ဆုံးသွားခဲ့တယ်။ ကျွန်တော်တွေ့ဖူးသမျှ လူတွေထဲမှာ ကျွန်တော့်ဖခင်နဲ့ ချာလီ ဟျူစတင်တို့ကလွဲရင် ဟေးစတီးကို ကျွန်တော် အများကြီး လေးစားခဲ့တယ်။”

တကယ်တော့ ဒူဘွိုက်စ်ဟာ အငြင်းအပွား အားလုံးအတွက် တစ်ဖက်က ဆန့်ကျင်ဘက်လူ ဖြစ်ခဲ့တယ်။ အမေရိကန်လူမည်းတွေကိုလည်း ဒီရာစုနှစ်ရဲ့ နောက်ကျန်နှစ်တွေမှာ ဒုက္ခရောက်အောင် လုပ်ခဲ့တယ်။ သူဟာ အသိဉာဏ် ကစဉ့်ကလျားဖြစ်စေမှုကို ထင်ရှားအောင် ဖော်



မာတိကာသို့

ထုတ်ပြခဲ့တယ်။ သူ့ကြောင့် ၁၉၆၀ ပြည့်လွန်နှစ်တွေမှာ သတင်းစာဆရာတိုနီ ဘရောင်းလို လူမည်းခွဲခြားရေးဝါဒီများ ပေါ်ပေါက်စေခဲ့တယ်။ အဲဒီဝါဒီတွေဟာ ၁၉၉၀ ပြည့်လွန်နှစ်တွေမှာ ရီပတ်ဘလီကင်ပါတီမှာ ဝင်ခဲ့ကြတယ်။ လူဖြူလူမည်း ပူးပေါင်းရေးဆိုတာ ပုံကြီးချဲ့ မျှော်လင့်ထားခဲ့ကြတဲ့ ကြေကွဲဝမ်းနည်းဖွယ်ရာ အဖြစ်တစ်ခုထက် မပိုပါဘူးဆိုတဲ့ အယူအဆကို ကိုင်တွယ်လာခဲ့ကြသူတွေ ဖြစ်ပါတယ်။

နောက်ဆုံးမှာ အဲန်ဒအေအေစီပီ ဘုတ်အဖွဲ့က ဝေါလ်တာ ဝှိုက်ဘက်ကို လိုက်ပါခဲ့တယ်။ ဒူဘွိုက်စ် ဖန်တီးခဲ့တဲ့ ဒွိဟတွေကို ဖယ်ရှင်းပစ်ရေးအတွက် အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချခဲ့ကြပါတယ်။

"လူမည်းများ တိုးတက်ရေး အမျိုးသားအသင်းသည် လူမျိုးနှင့် အသားအရောင်ကို အခြေခံပြီး လူသားအချင်းချင်း အပေါ်တွင် အတင်းအကျပ် လူမျိုးရေးခွဲခြားမှု၏ မူကိုလည်းကောင်း၊ လက်တွေ့ကျင့်သုံးမှုကိုလည်းကောင်း နှစ်မျိုးစလုံးကို ဆန့်ကျင်သည်။ အတင်းအကျပ် လူမျိုးရေးခွဲခြားမှုစနစ် ရှိနေခြင်းသည် အုပ်စုတစ်စုအား အောက်စီးမှ တစ်ပန်းရှုံးမှုကို ဖြစ်စေမည်ဖြစ်သည်။ ထိုမှတစ်ဆင့် တစ်ပန်းရှုံးအဖွဲ့အား နိမ့်ကျသော အဆင့်အတန်းသို့ အမျိုးမျိုးသောနည်းဖြင့် ရောက်ရှိသွားစေမည် ဖြစ်သည်။ သို့ပါ၍ အတင်းအကျပ် လူမျိုးရေးခွဲခြားမှု ပုံစံမှန်သမျှကို မူအားဖြင့်သော်လည်းကောင်း၊ လက်တွေ့အားဖြင့်သော်လည်းကောင်း အလျှော့မပေးသော ဆန့်ကျင်မှု ပြုလုပ်ရန် အရေးကြီးသည်။"

အဲန်အေအေစီပီရဲ့ အထက်ပါ ဆုံးဖြတ်ချက်ကို ဒူဘွိုက်စ်ထံ ပေးပို့ခဲ့တယ်။ သူ့ကို ငြိမ်သွားအောင်လည်း ကြိုးစားခဲ့တယ်။ ဥက္ကဋ္ဌသစ် ဖြစ်လာတဲ့ ဒေါက်တာ လူးဝစ္စ တီ ရိုက်ကလည်း မေလ အစည်းအဝေးမှာ အောက်ပါအတိုင်း ဆုံးဖြတ်ချက်ကို အတည်ပြုပေးခဲ့တယ်။

"ကရိုင်းဆစ် မဂ္ဂဇင်းသည် အသင်းကြီး၏ အာဘော်ဖြစ်ရာ အသင်း၏ မည်သည့် လခစားအမှုထမ်းမဆို အသင်း၏ ပေါ်လစီလုပ်ငန်းသို့ မဟုတ် အမှုဆောင်များအား ဝေဖန်ရေးသားခြင်းကို မဂ္ဂဇင်းတွင်



မာတိကာသို့

မပြုလုပ်စေရ၊ ဝေဖန်ချက်များကို ဒါရိုက်တာများ ဘုတ်အဖွဲ့သို့ တင်ပြရမည်၊ မဂ္ဂဇင်းတွင် ဖော်ပြခွင့် ပြုမပြုကို ဒါရိုက်တာဘုတ်အဖွဲ့က ဆုံးဖြတ်ပေးရမည်။

ဒါပေမယ့် ဒူဘွိုက်စ်ဟာ ဇွန်လထုတ် မဂ္ဂဇင်းထဲမှာ ဘုတ်အဖွဲ့ရဲ့ လူဖြူလူမည်း ခွဲခြားမှုကို ဆန့်ကျင်တဲ့ ဆုံးဖြတ်ချက်ကို အထေ့အငေါ့နဲ့ ထပ်ရေးလိုက်တယ်။

"ဒါဆိုရင် သီးခြားရှိနေတဲ့ လူမည်းဘုရားရှိခိုးကျောင်းများ (သို့ မဟုတ်) အဲန်အေအေစီပီကို ရန်ပုံငွေ ထောက်ပံ့နိုင်ရေးအတွက် ဌာနခွဲတွေ ဆုံစည်းပြီး လုပ်ရှားနေကြတဲ့ ဘုရားကျောင်းပေါင်း ၂၆,၀၀၀ ရဲ့ သီးခြား လုပ်ဆောင်မှုတွေကို အဲန်အေအေစီပီအသင်းကြီးက ယုံကြည်လက်ခံ သလား" လို့ ဒူဘွိုက်စ်က မေးခွန်းထုတ်လိုက်တယ်။

မေလ အစည်းအဝေးရဲ့ ဆုံးဖြတ်ချက် ထွက်ပေါ်ခဲ့ပြီးတဲ့နောက်မှာ ဒူဘွိုက်စ်က နှုတ်ထွက်မယ်လို့ ခြိမ်းခြောက်ခဲ့တာရှိတယ်။ ဘုတ်အဖွဲ့ဝင် အတော်များများကလည်း ဒူဘွိုက်စ် နုတ်ထွက်မှာကို ကြောက်နေကြတယ်။ သူနှုတ်ထွက်သွားရင် အသင်းကြီးဟာ ပြင်းပြင်းထန်ထန် ထိခိုက်သွားစေလိမ့်မယ်လို့ စိုးရိမ်ခဲ့ကြတယ်။ ဒူဘွိုက်စ်အနေနဲ့ သူနုတ်ထွက်လိုတဲ့ ကိစ္စကို ပြန်ပြီး စဉ်းစားပေးပါလို့ ဒူဘွိုက်စ်ကို အားပေးတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ဇွန်လ ၁၁ ရက်နေ့ အစည်းအဝေးမှာ ဒေါက်တာ ရိုက်က တင်ပြခဲ့တယ်။

နောက်တစ်နေ့မှာပဲ ဝေါလ်တာ ဝှိုက်က ဂျိုဝဲလ် စပင်းဂန်း ထံ ခါးသီးတဲ့ စာတစ်စောင် ရေးပို့လိုက်တယ်။ သူ့စာထဲမှာ...

"ဘုတ်အဖွဲ့ဝင် လူကြီးအချို့အနေနဲ့ နလုံးရည် မရှိပုံကြောင့် ကျွန်တော့်မှာ ကောင်းကောင်းကြီး အော့နလုံးနာမှု ဖြစ်ခဲ့ရပါတယ်။ မနေ့က အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်ဟာ ဒေါက်တာ ဒူဘွိုက်စ်အတွက် စိတ်ဓာတ်ရေးရာ အောင်ပွဲတစ်ခု ဖြစ်ခဲ့တာထက် ဘာမှ မပိုခဲ့ဘူး။ မနေ့



မာတိကာသို့

က ဘုတ်အဖွဲ့အစည်းအဝေးက ထွက်လာခဲ့ပြီးတဲ့နောက်မှာ ကျွန်တော်ဟာ အသင်းရဲ့ အတွင်းရေးမှူးအဖြစ် ဆက်လက် ဆောင်ရွက်လို့ မဖြစ်နိုင်တော့ဘူးဆိုတဲ့ ခံစားချက်ကို ကျွန်တော် သေသေချာချာ ခံစားခဲ့မိပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် ကိုယ်ပိုင်လေးစားမှုစိတ်ဓါတ်က ကျွန်တော့်ကို အတွင်းရေးမှူး ဆက်လုပ်စေဖို့ ခွင့်ပြုတော့မည် မဟုတ်တော့ပါ"

ဘုတ်အဖွဲ့အစည်းအဝေးတွေဟာ လူဖြူလူမည်း ခွဲခြားရေးနဲ့ ပတ်သက်လို့ ရယ်စရာကောင်းတဲ့ ဆွေးနွေးမှုတွေနဲ့ ခါးသီးတဲ့ ဆွေးနွေးမှုတွေကိုသာ ဦးစားပေးခဲ့တယ်လို့ ဝေါ်လ်တာ ဝှိုက်က ပြောခဲ့တဲ့ ဘုတ်အဖွဲ့အစည်းအဝေးတွေ အဆုံးသတ်ရတော့မယ်။ ဘုတ်အဖွဲ့အတွက် ဆုံးဖြတ်ရတော့မယ်။

၁၉၃၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှာ ဒူဘွိုက်စ်က ဘုတ်အဖွဲ့ကို စာတစ်စောင် တင်ခဲ့တယ်။ စာထဲမှာ သူ့ရဲ့ လွတ်လပ်စွာ ပြောဆိုခွင့်ကို မတရားသဖြင့် အဖြတ်အတောက်ခံခဲ့ရတယ်လို့ ရေးထားတယ်။ "နှစ်ပေါင်း ၂၅ နှစ်နီးပါး နာမည်တစ်လုံးနဲ့ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့တဲ့ အသင်းကြီးဟာ အခုအချိန်မှာ အကျပ်အတည်း အပြောင်းအလဲနဲ့ ရင်ဆိုင်နေရပြီ။ အသင်းကြီးမှာ အစီအစဉ်ဆိုတာ မရှိ၊ ထိရောက်တဲ့ စည်းရုံးမှုမရှိ၊ အသင်းကြီးကို မှန်ကန်တဲ့ ဦးတည်ချက်ကို လမ်းညွှန်ပြနိုင်တဲ့ အုပ်ချုပ်ရေး အရာရှိများလည်း မရှိဖြစ်နေပါပြီ။

"ဒီအချက်တွေဟာ ပြင်းထန်ပေမယ့် ဂရုပြုမိအောင် တင်ပြတဲ့ စွဲချက်များ ဖြစ်နေပါတယ်။ ကျွန်တော်ဟာ အချိန်ကြာမြင့်စွာ စဉ်းစားပြီးမှ ဒီအချက်တွေကို ဆင်ဆင်ခြင်ခြင်နဲ့ တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

"ထို့ကြောင့် ဘုတ်အဖွဲ့မှ ဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ ကျွန်တော်သည် အတွင်းရေးမှူးရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ဇူလိုင်လ ၁ ရက်နေ့မှစ၍ အခ်နအေအေစီပီနှင့် မည်သည့်ပုံစံ၊ မည်သည့်အနေအထားနှင့်မှ ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်တော့ မည် မဟုတ်ကြောင်း" လို့ ဖော်ပြထားခဲ့ပါတယ်။

ဇူလိုင်လ ၉ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ဘုတ်အဖွဲ့ အစည်းအဝေးက ဒူဘွိုက်စ်ရဲ့ နုတ်ထွက်မှုကို ကြီးမားသော ဝမ်းနည်းမှုဖြင့် လက်ခံခဲ့ပါတယ်။ ဒူဘွိုက်စ်အား *ကရိုင်းဆစ်* မဂ္ဂဇင်းရဲ့ အယ်ဒီတာအဖြစ်မှလည်းကောင်း၊ ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်အဖြစ်မှလည်းကောင်း၊ ထုတ်ဝေရေးနှင့် သုတေသန ညွှန်ကြားရေးမှူးအဖြစ်မှလည်းကောင်း၊ *ကရိုင်းဆစ်* ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီ ဘုတ်အဖွဲ့ဝင်အဖြစ်မှသော်လည်းကောင်း၊ စပင်းဂန်းဆုတံဆိပ် ချီးမြှင့်ရေးကော်မတီအဖွဲ့ဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်ခွင့်ပေးလိုက်ပါတယ်။ ဒူဘွိုက်စ်ဟာ အတ္တလန္တာတက္ကသိုလ်ကို ပြန်သွားခဲ့ပြီး ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလိုနဲ့ ဒူဘွိုက်စ်ဟာ သူစတင်တည်ထောင်ပေးလို့ သက်တမ်း ၁၀ နှစ်ရှိပြီဖြစ်တဲ့ အသင်းကြီးကို ခပ်စိမ်းစိမ်းနဲ့ စွန့်ခွာသွားခဲ့တော့တယ်။ ဒါပေမယ့် သူထွက်သွားတဲ့နောက်မှာ အဲဒီအသင်းကြီးရဲ့အတွင်းမှာ ပဋိပက္ခတွေလည်း ပျောက်သွားတယ်။ လူဖြူလူမည်းခွဲခြားမှုကို ဆန့်ကျင်တိုက်ပွဲဝင်ရာမှာ သားဂွဒ် မာရှယ်လ်၊ ချာလီ ဟျူစတင်နဲ့ အဲန်အေအေစီပီ ခေါင်းဆောင်များဟာ အတော့်ကို လွတ်လွတ်လပ်လပ်ဆက်ပြီး ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။



မာတိကာသို့

# အခန်း (၆)

# လူမည်းတို့၏အစီအစဉ် တိုးတက်လာခြင်း

၁၉၃၄ ခုနှစ်မှာ သားဂွဒ် မာရှယ်လ်ဟာ မယ်ရီလဲန်းတက္ကသိုလ်မှာ စစ်ပွဲတစ်ရပ် ဆင်နွှဲရေးအတွက် အကြီးအကျယ် ပါဝင်လှုပ်ရှားခဲ့တယ်။ သူ့ ဆရာတွေရဲ့ရှေ့မှာ ခြေလှမ်းတက်လှမ်း တက်ခဲ့တယ်။ ဒါ့ကြောင့် လူဖြူ လူမည်း ခွဲခြားရေးပြဿနာအတွက် ဖြစ်ခဲ့ရတဲ့ ဒူဘွိုက်စ်နဲ့ ဝေါလ်တာ ဝိုက်တို့ရဲ့ ရုတ်ရုတ်ရက်ရက် တိုက်ပွဲကိုပြန်ပြီး သုံးသပ်စဉ်းစား ကြည့်ဖို့တောင် သူ့မှာ အချိန်မရခဲ့ဘူး။ သူ့ဆရာ ဟျူစတင်ပြောပြချက် တစ်ခုကြောင့် မာရှယ်လ် အင်မတန် ဝမ်းသာပီတိ ဖြစ်ခဲ့ရတယ်။ ဒူဘွိုက်စ် နုတ်ထွက်သွားကြောင်းနဲ့ ရွိုင် ဝီလ်ကင်စ်းဆိုတဲ့ လူငယ်တစ်ဦး အစားထိုးဝင် လာခဲ့ပြီး *ကရိုင်းဆစ်* မဂ္ဂဇင်းရဲ့ အယ်ဒီတာသစ်ဖြစ်ကြောင်း၊ ပြီးတော့ သူတို့ ဆရာတပည့်နှစ်ဦး (ဟျူစတင်နဲ့ သားဂွဒ်)ဟာ လူမည်းခွဲခြားမှု ပညာရေး စနစ်ကို တိုက်ရာမှာ မယ်ရီလဲန်းတက္ကသိုလ်တစ်ခုတည်းမှာသာ မကဘဲ တစ်နိုင်ငံလုံးမှာရှိတဲ့ တခြား အဆင့်မြင့်ပညာသင်ကျောင်းတွေနဲ့ အသက်



မာတိကာသို့

မွေးဝမ်းကျောင်းပြု ဘာသာရပ်တွေ သင်ကြားတဲ့ကျောင်းတွေမှာလည်း ဆက်လက်ဆောင်ရွက်သွားဖို့ ခွင့်ပြုချက် မီးစိမ်းရခဲ့တယ်ဆိုတဲ့အကြောင်းတွေကို ဟျူစတင်က သားဂွဒ် မာရှယ်လ်ကို ပြောပြခဲ့ပါတယ်။ မာရှယ်လ်က မယ်ရီလဲန်းတက္ကသိုလ်အပေါ်မှာ ကလဲ့စားချေရေးအတွက် အာဃာတ ဒေါသ စိတ် တွေ ထားနေခဲ့တဲ့အချိန်မှာပဲ တက္ကဆတ်စ်တက္ကသိုလ်မှာ လူမည်းတွေ ကျောင်းဝင်ခွင့် မပြုခဲ့တာကို စိန်ခေါ်ဖို့အတွက် အသုံးပြုချင်ပြုရမယ့် စာရွက်စာတမ်းတွေကို မြန်မြန်ပေးဖို့လည်း ဟျူစတင်က မာရှယ်လ်ကို ညွှန်ကြားခဲ့တယ်။

၁၉၃၄ ခုနှစ်အတွင်း တိုးတက်ဖြစ်ပေါ်မှုများဟာ သားဂွဒ် မာရှယ်လ်နဲ့ အဲန်အေအေစီပီတို့အတွက် ကံစီမံပေးသလို ဖြစ်ခဲ့ပါတယ်။ အဲန်အေအေစီပီ အသင်းကြီးရဲ့ ထိပ်တန်းတာဝန်ခံ အရာရှိဖြစ်တဲ့ အတွင်းရေးမှူးနေရာမှာ ၁၉၀၉ ခုနှစ်က ၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ အထိ မျက်နှာဖြူအမျိုးသား၊ အမျိုးသမီး ခုနစ်ဦးတို့ ဆောင်ရွက်ခဲ့ပါတယ်။ ဂျိမ်းစ် ဝယ်လ်ဒင် ဂျွန်ဆင်ဟာ ပထမဆုံး အတွင်းရေးမှူး ဖြစ်ခဲ့ပါတယ်။ ဒါရိုက်တာဘုတ်အဖွဲ့မှာ ကြီးစိုးခဲ့ကြသူတွေကတော့ ဝေါလင်း၊ ဗီးလတ်၊ အိုဗင်တင်နဲ့ ဂျိုးဝဲလ် စပင်းဂန်းနဲ့ အာသာ စပင်းဂန်းညီအစ်ကိုတို့ ဖြစ်ကြပါတယ်။ ဂျွန်ဆင်ရဲ့ အတွင်းရေးမှူးနေရာကို ဝေါလ်တာ ဝှိုက် ဆက်ခံခဲ့ပြီးတဲ့နောက် အသင်းကြီးအတွက် ထိပ်တိုက်ရင်ဆိုင်စရာ အခြေအနေတွေဟာ မြင့်တက်လာခဲ့တယ်။

ဝေါလ်တာ ဝှိုက်ဟာ လူမည်းတစ်ဦး ဖြစ်ခဲ့ပေမယ့် မျက်နှာဖြူတစ်ဦးနဲ့ တူနေတယ်။ ဒါပေမဲ့ သူ့ရဲ့ နှလုံးသားကတော့ ကြုတ်ကြုတ်မည်းမှမည်းပဲ။ သူ့မှာ လူမည်းမျိုးစေ့ကလည်း ပါလာတယ်။ လူမည်းဆန့်ကျင်ရေး ကူး ကလပ်စ် ကလဲန် မျက်နှာဖြူအဖွဲ့နဲ့ လူအုပ်များရဲ့ အကြမ်းဖက်မှုတွေကို လူငယ်ဘဝမှာ ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့ရလို့လည်း သူ့အသည်းက ပိုမည်းခဲ့တယ်။ ဝေါလ်တာ ဝှိုက်ကလည်း သားဂွဒ် မာရှယ်လ်လိုပဲ လူမျိုးရေး ခေါ်ကားမှုနဲ့ ကန့်ကွက်မှုတို့ရဲ့ နှိမ့်ချမှု ဒဏ်ရာဒဏ်ချက်တွေက သူ့ရင်ထဲမှာ ပါလာတယ်။



မာတိကာသို့ ▶▶

သားဂွဒ် မာရှယ်လ်အဖို့တော့ မယ်ရီလဲန်းတက္ကသိုလ်ကို လူတိုင်းအတွက် လမ်းပွင့်သွားအောင် တိုက်ပွဲဝင်ခဲ့ချိန်မှာ ထမင်းနပ်မှန်အောင် လက်လုပ်လက်စားဘဝမျိုးမှာ ရှိနေခဲ့တယ်။ သူ့ကိုလည်း အကြီးအကျယ် အောင်မြင်တဲ့ ရှေ့နေကြီးတစ်ယောက်လို အထင်ခံရအောင် မတန်တဆ ထူးထူးဆန်းဆန်း ဖိုင်တွဲတွေကို ဝယ်ကိုင်ခဲ့ရတယ်။

၁၉၃၆ ခုနှစ်မှာတော့ သားဂွဒ် မာရှယ်လ်ရဲ့ တစ်သက်တာအတွက် အသက်ရှူပေါက်ချောင်ဖို့ ဖြစ်လာခဲ့တယ်။ သူ့ကို နယူးယောက်မြို့က လာခဲ့ပြီး ဟျူစတင်ရဲ့လက်ထောက်နဲ့ အဲန်အေအေစီပီရဲ့ လက်ထောက် အထူးအတိုင်ပင်ခံအဖြစ် လာလုပ်ဖို့ ချာလီ ဟျူစတင်က မာရှယ်လ် ကို လှမ်းခေါ်ခဲ့တယ်။ တစ်နှစ်မှာ လခ ဒေါ်လာ ၂,၄၀၀ ပေးမယ်လို့လည်း ပြောခဲ့လို့ သားဂွဒ် မာရှယ်လ်ဟာ မြူးပြီး ထအော်လိုက်တယ်။ သူ့အသံ ကြီးက ကျယ်လောင်လွန်းလို့ သေများသေပြီလားလို့တောင် ထင်လိုက်တဲ့ ဇနီးသည် ဘတ်စ်တာက ပြေးလာကြည့်ခဲ့တယ်။

မာရှယ်လ်အဖို့ အနိမ့်ခံ လူမည်းဘဝကို အဆုံးသတ်ဖို့ တကယ့်အခွင့်အလမ်းကြီး ပေါ်လာပြီဟု ခံစားခဲ့ရတယ်။ ၁၉၃၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှာ အဲန်အေအေစီပီ ဒါရိုက်တာဘုတ်အဖွဲ့ဝင် ရှေ့နေ ဆစ်ဒ်နီ ရက်ဒ်မင်ကလည်း သားဂွဒ်ကို စာရေးပြီး သူ့ရဲ့ ကြိုးပမ်းအားထုတ်လုပ်ဆောင်မှုများဟာ လူမည်းတွေအတွက် အကျိုးရှိစေလိမ့် မယ်လို့ ပြောခဲ့ပါတယ်။

သားဂွဒ် မာရှယ်လ်ဟာ အသက် ၂၈ နှစ်ပဲ ရှိသေးတယ်။ သားဂွဒ်၊ ရက်ဒ်မွန်နဲ့ ဟျူစတင်တို့ဟာ လက်တွဲလုပ်ကိုင်ခဲ့ကြရင်း မစ်ဇူးရီးပြည်နယ်အတွက် စံနမူနာဖြစ်နိုင်လိမ့်မယ်လို့ ယူဆရတဲ့ တရားလိုတစ်ဦးကို တွေ့ခဲ့ကြရတယ်။ သူ့နာမည်က လွိုက်ဒ် အယ်လ် ဂိန်းစ်။

၁၉၃၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှာ ဂိန်းစ်က သူ့



မာတိကာသို့ ▶▶

အလိုအလျောက် ဆန္ဒနဲ့ ဟျူးစတင်ထံ စာတစ်စောင် ရေးပို့ခဲ့တယ်။ သူ့စာ ထဲမှာ...

"ကျွန်တော်သည် ၁၉၃၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် မစ်ရှူးရီးတက္ကသိုလ် ဥပဒေကျောင်း ဝင်ခွင့် ရရေးအတွက် လျှောက်ထားခဲ့ပါသည်။ သို့သော်လည်း ကျွန်တော့်အား ကျောင်းဝင်ခွင့် ပြုရမည့်အစား ၁၉၂၉ ခုနှစ် မစ်ရှူးရီးပြည်နယ်၏ ပြင်ဆင်ချက်ဥပဒေ ပုဒ်မ (၉၆၂၂) ကို ထောက်ပြ တုံ့ပြန်ခဲ့ကြပါသည်။ မစ်ရှူးရီးပြည်နယ်မှ လူမည်းများအား အိမ်နီးနားချင်း အခြားပြည်နယ်တစ်ခုခုရှိ ဘွဲ့ရကျောင်းတစ်ခုခုတွင် ပညာသင်စေရေးအတွက် ကျောင်းလခ ထောက်ပံ့ခြင်းကို ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။

"ကျွန်တော်၏ပညာသင်ကြားမှုမှတ်တမ်းမှာ ချီးကျူးဖွယ်ရာတစ်ခု ဖြစ်ခဲ့ပါသည်။ ကျွန်တော်သည် အထက်တန်းကျောင်းပညာကို သုံးနှစ်အတွင်း ပြီးစီးခဲ့ပြီး လူ ၅၀ ရှိသော အတန်းတွင် ပထမ ရရှိခဲ့သူ ဖြစ်ပါသည်။ စာစီစာကုံး ထူးချွန်မှုကြောင့် လက်ငင်းငွေသား ထောက်ပံ့မှု ဒေါ်လာ ၅၀ ကို ရရှိခဲ့ပါသည်။ လင်းကင်းတက္ကသိုလ်တွင် တက်ရောက်ရန်အတွက် ကျူရေတာ စကောလားရှစ် ဒေါ်လာ ၅၀ လည်း ရရှိထားသူဖြစ်သည်။ ကျွန်တော်သည် အခြားလှုပ်ရှားမှုများကဏ္ဍတွင်လည်း အတန်းထဲတွင် အတန်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၃၅ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် သမိုင်းအဓိက ဘာသာရပ်၌ ပျမ်းမျှ 'ခ' အဆင့်ထက် သာလွန်သော အဆင့်နှင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပါသည်။

"ကျွန်တော့်အား မိမိ အမြတ်ခွန်များ ပေးဆောင်ပြီး မိမိကိုယ်တိုင် နေထိုင်သော မစ်ရှူးရီးပြည်နယ်တွင် မိမိတက်ရောက်လိုသော ကျောင်းတစ်ခု၌ ဆက်လက်ပညာသင်ကြားရေးကို အဘယ့်ကြောင့် အငြင်းပယ်ခံခဲ့ရပါသနည်းဆိုသည့် အကြောင်းများကို စဉ်းစား၍ မရနိုင်ပါ။ ကျွန်တော်သည် လူမှုရေး တရားမျှတမှု လိုလားသူဖြစ်သဖြင့် လူကြီးမင်းထံသို့ ဤမေတ္တာရပ်ခံစာ ရေးရခြင်း ဖြစ်ပါသည်။ ကျွန်တော့်အတွက် မှန်သော စဉ်းစားမှု



မာတိကာသို့ ▶▶

ရရှိကြစေရေးအတွက် ကျွန်တော်၏ ကြိုးပမ်းမှုများကို ထောက်ခံမှု ပေးနိုင်စေရန် ဖြစ်ပါသည်။ ယခုကဲ့သို့ အရေးတကြီး ဖုတ်ပူမီးတိုက် အကူအညီလိုနေသောအချိန်တွင် လူကြီးမင်း၏ အကူအညီကို ကျွန်တော်အားကိုးခွင့်ပြုပါရစေလားခင်ဗျား"

၁၉၃၆ နဲ့ ၁၉၃၉ ခုနှစ်တွေဟာ သားဂွဒ် မာရှယ်လ်မှာ အလုပ်တွေရှုပ်ခဲ့တယ်။ မာရေးကို မယ်ရီလဲန်းတက္ကသိုလ်မှာ ဝင်ခွင့်ရရေးနဲ့ ကျောင်းမှာ ဆက်နေရရေးအတွက် အလုပ်တွေ တစ်ပုံကြီး ပိခဲ့တယ်။ မယ်ရီလဲန်းပြည်နယ်က လူမည်းတွေအတွက် အထက်တန်းကျောင်းမှာ ပညာသင်ကြားခွင့် အာမခံချက် ရရှိရေးအတွက်လည်း ကြိုးစားဆောင်ရွက်ခဲ့ရတယ်။ မယ်ရီလဲန်းပြည်နယ်မှာ သူ့မိခင်အပါအဝင် လူမည်းဆရာမတွေကို မျက်နှာဖြူများကို ပေးနေတဲ့လစာအတိုင်း ပေးရေးအတွက် ဆောင်ရွက်ဖို့ လိုအပ်တဲ့ စာရွက်စာတမ်း၊ စာကြမ်းများကို အားထုတ်ပြင်ဆင်ပြုစုခဲ့တယ်။

အဲဒီအချိန်မှာပဲ ဂိန်းစ်ကို မစ်ဇူးရီးတက္ကသိုလ် ဝင်ခွင့်ရရေးအတွက် တရားရုံးတော်ကို တင်သွင်းဖို့ လိုမယ့် စာတစ်စောင်ကိုလည်း ဟျူစတင်က သားဂွဒ် မာရှယ်လ်ကိုပဲ အရေးခိုင်းခဲ့တယ်။

ဇန်နဝါရီလ အလယ်လောက်ကျမှပဲ *လွိုက်ဒ် အယ်လ် ဂိန်းစ်နှင့် မစ်ဇူးရီးတက္ကသိုလ် မော်ကွန်းထိန်း အက်စ် ဒဗလျူ ကနေဒါအမှု* အတွက် စာတမ်းကို သားဂွဒ်ရေးပြီးခဲ့တယ်။ ၁၉၃၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှာ နှင်းတွေကျနေတဲ့ကြားက ရက်ဒ်မင်နဲ့ ဟျူစတင်တို့ဟာ ကားတစ်စီးငှားပြီး မစ်ဇူးရီးပြည်နယ်ရဲ့ ကိုလမ်းဘီးယားမြို့ကို သွားရောက်ခဲ့ကြတယ်။ ပြီးတော့ ဂိန်းစ်အား မစ်ဇူးရီးတက္ကသိုလ် ဝင်ခွင့်ပြုရန် စာချွန်တော်အမိန့်ကို တရားရုံးတော်မှ ထုတ်ပေးရန် တရားသူကြီး ဝေါလ်တာ ဒင်ဝစ်ဒီးထံမှာ စာတင်ခဲ့ကြတယ်။

တရားသူကြီး ဒင်ဝစ်ဒီးဟာ အကြီးအကျယ် အံ့သြမှုဖြစ်ခဲ့တယ်။ မယ်ရီလဲန်းတက္ကသိုလ်မှာ လူမည်းကျောင်းသားတစ်ယောက်၊ နှစ်ယောက်လောက် ရောက်လာလို့ ဘာမှ မဖြစ်နိုင်ဘူး။ ဒါပေမယ့် လူမည်း သုံး



မာတိကာသို့

လေးဆယ်လောက် ရောက်လာရင်တော့ ဒုက္ခရောက်တော့မှာပဲလို့ တရားသူကြီး ဒင်ဝစ်ဒီးက ကြောက်သွေးပါပါနဲ့ ပြောခဲ့တယ်လို့ ဟျူစတင်က ကိုလမ်းဘီးယားမြို့မှ စိန့်လူးဝစ္စသို့ အပြန်မှာ ပြန်ပြောခဲ့တယ်။

နောက်ထပ် နှစ်လအကြာ မတ်လ ၂၇ ရက်နေ့မှာ မစ်ဇူးရီး တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့က ဂိန်းစ်အား ကျောင်းဝင်ခွင့် မပြုနိုင်ကြောင်း ငြင်းဆိုပယ်ချလိုက်တဲ့ ဆုံးဖြတ်ချက် ထွက်လာခဲ့တယ်။

ဧပြီလ ၁၅ ရက်နေ့မှာတော့ သားဂွဒ် မာရှယ်လ်၊ ဟျူစတင်၊ ရက်ဒ်မင်နဲ့ ရှေ့နေ ဟဲန်နရီ အက်စ်ပီးတို့ဟာ မစ်ဇူးရီးတက္ကသိုလ်ကို နိုင်ငံတော်ဖွဲ့စည်းပုံ ပြင်ဆင်ချက် အပိုဒ် (၁၄) ကို ချိုးဖောက်မှုနဲ့ တရားစွဲဆိုလိုက်ကြတော့တယ်။ မစ်ဇူးရီးပြည်နယ်မှာ နေထိုင်တဲ့ ပြည်နယ်သားတစ်ဦးနဲ့ အရည်အချင်းပြည့်စုံတဲ့ နိုင်ငံသားလူမည်းတစ်ဦးကို လူမည်းတွေပါ ပေးရတဲ့ အခွန်ငွေနဲ့ ထိန်းသိမ်းထားတဲ့ မစ်ဇူးရီးတက္ကသိုလ် ဝင်ခွင့်ပြုရေးကို လူမည်းဖြစ်ခြင်း အကြောင်းတစ်ခုတည်းကြောင့် အပယ်ခံရခြင်းကို ရည်ညွှန်းပြီး တရားစွဲဆိုခဲ့ခြင်းဖြစ်တယ်။

အဲဒီအချိန်မှာပဲ နောက်ထပ်လူမည်း သုံးဦးက ကျောင်းဝင်ခွင့် ထပ်ပြီး လျှောက်ထားလာကြတဲ့အတွက် တက္ကသိုလ်အာဏာပိုင်တွေဟာ သွေးပျက်ခဲ့ကြရတယ်။ အာနက် လင်းစဒေးက ဥပဒေကျောင်းဝင်ခွင့် လျှောက်ခဲ့တယ်။ ဂျွန် ဘိုက်ဒ်က သချ်ာဘွဲ့သင်ကျောင်းအတွက် လျှောက်ထားခဲ့တယ်။ အဲန် အေ ဆွိစ်ဆိုသူက သတင်းစာပညာကျောင်း တက်ခွင့် လျှောက်ထားခဲ့တာ ဖြစ်ပါတယ်။

ဇူလိုင်လ ၁၀ ရက်နေ့မှာ အမှုကို ရုံးတော်မှာ စတင်ကြားနာခဲ့တယ်။ တရားသူကြီး ဒင်ဝစ်ဒီးက ဟျူစတင်နဲ့ ရက်ဒ်မင်တို့ မျက်နှာချင်းဆိုင် ငြင်းဆိုစေရအောင် မစ်ဇူးရီးတက္ကသိုလ်အတွက် ရှေ့နေ ခေါင်းဦးအထိ ငှားရမ်းထားခဲ့တယ်။

အဲဒီအချိန်မှာ အဲန်အေအေစီပီဟာ မစ်ဇူးရီးတရားရုံးတော်ရဲ့ ပြင်ပမှာ မဟာမိတ်အသစ်တွေ ထပ်ရလာတာကို သားဂွဒ် မာရှယ်လ် သိခဲ့



မာတိကာသို့

တယ်။ ရေတိုမှာ တရားသူကြီးတွေက ဘယ်လိုပဲပြောပြော ရေရှည်မှာ အနိုင်ရရှိရေးအတွက်တော့ သူတို့ဘက်မှာ စာနယ်ဇင်းတွေ ရှိနေဖို့ လိုမယ်လို့ သားဂွဒ် မာရှယ်လ်ဟာ အမြဲယုံကြည်ခဲ့တယ်။

*တိုင်းမ်* မဂ္ဂဇင်း၊ *နယူးယောက် တိုင်းမ်စ်* နဲ့ *နယူးယောက် ဟဲရလ်ဒ် ထရစ်ဗြွန်း* တို့က အထက်တန်း ပညာသင်ကြားရေးနယ်ပယ်မှာ တော်လှန်ရေးတစ်ခု စတင်မွှေနှောက်ခဲ့ပြီလို့ ရေးသားခဲ့ကြတယ်။ ဟျူစတင်က မစ်ရှူးရီးပြည်နယ်မှာ စိန်ခေါ်မှုဟာ အစပဲရှိသေးတယ်။ တခြားနေရာတွေမှာ လူမည်းများအတွက် ကန့်သတ်ချက်တွေကို ဆက်ပြီး တိုက်ပွဲဝင်တောင်းဆိုသွားမယ့် စာတွေကို မာရှယ်လ်က ရေးနေပြီ၊ တစ်နိုင်ငံလုံးကို အသိပေး ပေးပါလို့ *တိုင်းမ်* မဂ္ဂဇင်းကို ထုတ်ပြောခဲ့တယ်။

ဇူလိုင်လ ၂၇ ရက်နေ့မှာ တရားသူကြီး ဒင်ဝစ်ဒီးက မစ်ရှူးရီး တက္ကသိုလ်ဘက်ကို အသာပေးပြီး ဆုံးဖြတ်လိုက်တယ်။ တရားသူကြီး ဘာလို့ လုပ်ခဲ့ရသလဲဆိုတဲ့ မေးခွန်းတွေကို အဲန်အေအေစီပီကို *တိုင်းမ်* မဂ္ဂဇင်းအယ်ဒီတာတွေ သွားမေးတော့ ဂိုက်နဲ့ ဝီလ်ကင်းစ်ခမျာ မဖြေနိုင်ကြရှာဘူး။ ဝီလ်ကင်းစ်ကတော့ ရက်ဒ်မင်ကို နှစ်သိမ့်ပါတယ်။ “ဒီအမှုဟာ အစပဲရှိပါသေးတယ်။ စောစောစီးစီးရလာတဲ့ ရလဒ်နဲ့ အမှုအခြေအနေကို ဆုံးဖြတ်လို့ မရသေးပါဘူး” လို့ ပြောပါတယ်။ တစ်နိုင်ငံလုံးက မစ်ရှူးရီးမှာ ဖြစ်ပေါ်နေတဲ့ ကိစ္စကို စိတ်ဝင်တစားရှိနေပြီး *တိုင်းမ်* မဂ္ဂဇင်းက စောင်ရေခြောက်သိန်းတောင်ရှိတော့ ဒီကိစ္စဟာ အလိုလို လူသိများသွားမှာပဲလို့လည်း ပြောခဲ့တယ်။

နောက်တစ်နေ့မှာပဲ အဲန်အေအေစီပီဟာ ဂိန်းစ်ရဲ့ မထင်မှတ်တဲ့ စကားတွေကို ကြားခဲ့ရပြန်တယ်။ ဂိန်းစ်က “ကျွန်တော့်ရဲ့ မစ်ရှူးရီး တက္ကသိုလ် ကျောင်းဝင်ခွင့် လျှောက်လွှာကိစ္စနဲ့ တရားစွဲဆိုထားတဲ့ အချိန်အတွင်း ကျွန်တော်ဟာ မစ်ရှီဂင်တက္ကသိုလ်မှာ စီးပွားရေး မဟာဝိဇ္ဇာဘွဲ့အတွက် တက်ဖို့ဆုံးဖြတ်လိုက်ပါပြီ”---လို့ ဟျူစတင်နဲ့ ရက်ဒ်မင် တို့ထံ စာရေးအကြောင်းကြားခဲ့တာ ဖြစ်ပါတယ်။

ဖြစ်လာတဲ့ပြဿနာအခြေအနေကိုလည်း ဟျူစတင်က အဲန်အေအေစီပီကို တင်ပြခဲ့တယ်။ ဂိန်းစ်ဟာ မစ်ဇူးရီးပြည်နယ်က ထောက်ပံ့ကြေးကိုယူပြီး မစ်ရှီဂင်တက္ကသိုလ်ကို သွားတက်ဖို့ လုပ်နေပြီ။ ဒီလိုလုပ်ရခြင်းဟာ လူမည်းတွေကို ထောက်ပံ့ကြေးပေးပြီး မြောက်ပိုင်းကို ပညာသွားသင်စေခြင်းစနစ်ကို တိုက်ပွဲဝင်နေတဲ့ အဲန်အေအေစီပီရဲ့ ဆောင်ရွက်ချက်တွေကို အားလျော့စေလိမ့်မယ်။ ဒါကြောင့် အဲန်အေအေစီပီက ဂိန်းစ်အတွက် ကျောင်းလခ ထုတ်ပေးဖို့ လိုအပ်လိမ့်မယ်လို့ ဟျူစတင်က ဝေါ်လ်တာ ဝှိုက်နဲ့ ဂျိုးဝဲလ် စပင်းဂန်းတို့ကို စာနဲ့ရေးတင်ပြခဲ့တယ်။ ကျောင်းလခ ဒေါ်လာ ၁၅၀ ကိုဂိန်းစ်အား “မိတ်ဆွေ” တစ်ဦးက ထောက်ပံ့လိုက်ရပါတယ်။

အဲဒီကာလမှာ သတင်းဆိုးတွေကလည်း ကြိုပြီးထွက်လာခဲ့တယ်။ ပထမတစ်ချက်ကတော့ မစ်ဇူးရီးတရားရုံးက ဂိန်းစ်ကို တက္ကသိုလ်ဝင်ခွင့်ပြုရန် စာချွန်တော်အမိန့်ကို ထုတ်ပြန်ပေးဖို့ငြင်းဆိုခဲ့တယ်။ ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှာ မစ်ဇူးရီးပြည်နယ် တရားရုံးချုပ်ကလည်း တရားသူကြီး ဒင်ဝစ်ဒီးနဲ့ တရားရုံးတို့ရဲ့ ဆုံးဖြတ်ချက်ကို အတည်ပြုပေးခဲ့တယ်။ ဒါကြောင့် ဂိန်းစ်ရဲ့အမှုဟာ အကြီးအကျယ် ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်တော့မယ့် လက္ခဏာကို ဆောင်လာတော့တယ်။

ဟျူစတင်ကလည်း လူမည်းအဖွဲ့အစည်းများ၊ လူမည်းအမျိုးသမီးများနဲ့ ကောလိပ်ကျောင်း အဲန်အေအေစီပီ အသင်းခွဲများထံ စာတစ်စောင်ပို့ခဲ့တယ်။ သူ့စာထဲမှာ---“အထက်တန်းပညာကို အခွင့်အရေးတန်းတူညီမျှစွာ သင်ကြားခွင့် ရရှိရေးအတွက် လုပ်ဆောင်နေသော ဤတိုက်ပွဲသည် လူမည်းကောလိပ်ကျောင်းသားငယ်များနှင့် ဘွဲ့ရလူမည်းများတို့အတွက် အရေးပါသော တိုက်ပွဲဖြစ်ရမည်။ အဲန်အေအေစီပီအသင်းကြီးသည် အပြင်ထွက်ပြီး ကျောင်းသားများကို တရားရုံးရောက်သွားအောင် မလုပ်နိုင်ပါ။ ကျောင်းသားများကိုယ်တိုင်က တိုက်ပွဲဝင်ရမည်အထိ ဘွဲ့ရပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပြုပညာရေးတို့ကို မလိုလားကြ ဟုဆိုလျှင် အဲန်အေအေစီပီက ဆက်လက်ဆောင်ရွက်သွားရန် မလွယ်ကူပါ” ဟု ရေးသားပြီး အလှူငွေများ ထည့်ဝင်ကြရန် ဟျူစတင်က ပန်ကြားခဲ့ပါတယ်။



မာတိကာသို့

ဒါပေမဲ့ ဟျူစတင်ရဲ့ ကျန်းမာရေးအခြေအနေကလည်း ယိုယွင်းလာခဲ့တယ်။ ပြည်နယ်တစ်ခုနဲ့တစ်ခုအကြား အပြေးအလွှား ခရီးသွားခဲ့ရတာတွေက သူ့ရဲ့ကျန်းမာရေးကို ထိခိုက်လာစေခဲ့တယ်။ ၁၉၃၈ ခုနှစ်ရောက်လာတော့ ဟျူစတင်က သူဟာ ဒီအတိုင်းဆက်သွားလို့ မဖြစ်နိုင်တော့ဘူးဆိုတာ သိလာခဲ့တယ်။ အဲဒါကြောင့် သူ့ရဲ့ တရားရေးအကျိုးဆောင်အရာရှိချုပ်နေရာကို သားဂွဒ် မာရှယ်လ်က ဆက်ခံဖို့ကို ရွေးချယ်ခဲ့ တယ်။

အဲဒီတုန်းကအခြေအနေကို သားဂွဒ် မာရှယ်လ်က ပြန်ပြောပြခဲ့တယ်။

"ကျုပ် ပထမဆုံး တွေးမိတဲ့အချက်ကတော့ ကျုပ်အတွက် ဘယ်လောက် အရေးပါလာမတုံးဆိုတာ မဟုတ်ဘူး။ အဲန်အေအေစီပီအတွက် ဘယ်လို ဆုံးရှုံးမှုတစ်ခု ဖြစ်မလဲဆိုတဲ့အကြောင်းပဲ။ ချာလီလို အနစ်နာခံလုပ်တဲ့ ဧရာမ တရားရေးဆိုင်ရာ မဟာပုဂ္ဂိုလ်တစ်ဦးကို ဘယ်အဖွဲ့အစည်းတစ်ခုကမှ လက်လွှတ် ဆုံးရှုံးခံနိုင်မှာ မဟုတ်ဘူး။ အဲဒီနောက် ဟျူစတင်ဘာဖြစ်လို့ သူ့နေရာကို လက်လွှတ်လိုက်တာလဲဆိုတာကို ကျုပ်စဉ်းစားကြည့်ခဲ့တယ်။ ဒီပုဂ္ဂိုလ်ကြီးဟာ အာဖရိကန္ဒယ်ဖွား အမေရိကန်လူမည်းတွေရဲ့ လွတ်လပ်ခွင့်အတွက်ဆိုရင် သူ့ရဲ့တီဘီအဆုတ်ရောဂါကိုတောင် မေ့ထားတယ်။ သူ့အသက်ကို လူမည်းတွေရဲ့ လွတ်လပ်ခွင့်ရရေးအတွက် ပေးလှူထားတဲ့ လူမျိုးပဲ။ အမေရိကန်နိုင်ငံရဲ့ ဒီဘက်အစွန်းနဲ့ ဟိုဘက်အစွန်းတွေကြားမှာ သူသွားလာလှုပ်ရှားနေတဲ့ ခရီးစဉ်တွေကလည်း အသက်ထွက်မတတ်တောင် ပြင်းထန်လှပါရဲ့။ ကျုပ်မိန်းမ ဘတ်စ်တာက အဲဒီလို ခရီးစဉ်မျိုးတွေထွက်နေရရင် ကြာရှည် အသက်မထွက်ဘဲ ရှင်နေအောင် ကျုပ်ဘယ်လို မျှော်လင့်ထားသလဲလို့တောင် မေးခဲ့တယ်။ အဲဒီတော့ ကျုပ်က 'ဟ ငါအသက်လေးဆယ်အရွယ်အထိတော့ တတ်နိုင်မှာတော့ သေချာသကွ' လို့ ကျုပ်က ရယ်စရာမောစရာ ပြန်ပြောခဲ့တယ်။ မိန်းမကတော့ ရယ်စရာလို့ မထင်ခဲ့တာ အမှန်ပါပဲ"

*ဂိန်းစ်အမှု* ကလည်း ဆက်ပြီး မျှော်ခဲ့တယ်။ အဲန်အေအေစီပီ



မာတိကာသို့ ▶▶

ကလည်း ဂိန်းစ်ကို မစ်ရှီဂင်တက္ကသိုလ်ကျောင်းနေစရိတ် ထောက်ပံ့နိုင်ရေးအတွက် လှူ့ဒါန်းဝှက်စွာ ရန်ပုံငွေ ရှာနေခဲ့တယ်။ မစ်ဇူးရီး တရားရုံးချုပ်ကလည်း မစ်ဇူးရီးတက္ကသိုလ်ရဲ့ လျှောက်လဲချက်ကို လက်ခံခဲ့တယ်။ လင်းကင်းတက္ကသိုလ် (လူမည်းတက္ကသိုလ်) မှာ သီးခြား ဥပဒေကျောင်းကို မကြာခင်မှာ ဖွင့်လှစ်တော့မှာမို့ ဂိန်းစ် တန်းတူ ပညာသင်ခွင့် ရလိမ့်မယ်လို့ အကြောင်းပြခဲ့ကြတယ်။ ဒါပေမယ့် လူဖြူ လူမည်းခွဲခြားပြီး တန်းတူအခွင့်အရေး ရရှိရေးအတွက် ပေးတဲ့ကတိဟာ ဂိန်းစ်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးတွေကို ရှင်းရှင်းလေး ချိုးဖောက်ခံ ခဲ့ရတာတွေကို ကုသပေးတဲ့ ဆေးဝါး တစ်ခု မဟုတ်ပါဘူးလို့ သားဂွဒ် မာရှယ်လ်က ပြန်ပြီး လျှောက်လဲခဲ့တယ်။

ဒါပေမဲ့ ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ ပြည်ထောင်စု တရားရုံးချုပ်က ချမှတ်ပေးလိုက်တဲ့ စီရင်ချက်ဟာ သားဂွဒ် မာရှယ်လ်နဲ့ အဲန်အေအေစီပီတို့အတွက် အလွန်ကြီးမားတဲ့ အောင်ပွဲကြီးတစ်ခုနဲ့ တူခဲ့တော့ တယ်။ မစ်ဇူးရီး တရားရုံးချုပ်ရဲ့ အဆုံးအဖြတ်ကို ပယ်ချလိုက်ကြောင်းနဲ့ အမှုကို ပြန်လည်ပြီး စစ်ဆေးစေဖို့ ရမန် ချမှတ်ပေး လိုက်ပါတယ်။

မစ်ဇူးရီးပြည်နယ်က တာဝန်ရှိသူတွေဟာ လူမည်းတွေအတွက် ဥပဒေကျောင်းတစ်ကျောင်းကို အမြန်ဆုံး ဖွင့်လှစ်နိုင်အောင် လုပ်ပေးပါလို့ လင်းကင်းတက္ကသိုလ် အုပ်ချုပ်ရေးမှူးတွေကို ဖိအားပေးခဲ့ကြတယ်။ ကျောင်းအမြန် ဖွင့်လှစ်ပေးနိုင်ခဲ့ကြတယ်။ ဒါပေမယ့် အဲဒီကျောင်းဟာ အကြီးအကျယ် မပြည့်စုံတဲ့ကျောင်းတစ်ကျောင်းဖြစ်ပြီး လူမည်းတွေအတွက် သီးခြားကျောင်း ဖြစ်ပုံကို ကောင်းကောင်းသက်သေပြလို့ ရနိုင်တယ်။ ဒါ့ကြောင့် ဂိန်းစ်အနေနဲ့ အဲဒီကျောင်းမှာတက်ဖို့ စာရင်းသွားမသွင်းပါနဲ့လို့ ဟျူစတင်၊ မာရှယ်လ်နဲ့ တခြားလူတွေက ဂိန်းစ်ကို အကြံပေးခဲ့ကြတယ်။

တရားစစ်ဆေးမှုဟာ နောက်ထပ် လပေါင်းများစွာ ဆက်လက်



မာတိကာသို့ ▶▶

ကြာခဲ့တယ်။ ဟျူစတင်လည်း ဝေါ့ရှင်တင်ကို ပြန်ရောက်သွားပြီး *အမျိုးသားရှေ့နေအသင်းဂျာနယ်* ရဲ့ အယ်ဒီတာ လုပ်နေတယ်။ ဒါပေမယ့် *ဂိန်းအမှု*ကို မျက်ခြည်မပြတ်အောင်တော့ ဆက်နေခဲ့တယ်။ ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့မှာ ဟျူစတင်ဟာ သားဂွဒ် မာရှယ်လ်ထံ စာတစ်စောင် ရေးခဲ့တယ်။ ဂိန်းစ်နဲ့ အဆက်အသွယ် မရတာ ကြာပြီဖြစ်ကြောင်း၊ သူမရှိရင် အမှုဟာ အလကားဖြစ်သွားတော့မှာမို့ ဂိန်းစ်ကို အဲန်အေအေစီပီနဲ့ ဆက်သွယ်ဖို့ သတင်းထုတ်ပြန်ပေးရင် ကောင်းမယ်လို့ ရေးသားခဲ့တယ်။

ဂိန်းစ် ပျောက်နေတဲ့ ကောလာဟလသတင်းတွေကို မကြာခင်မှာပဲ စာနယ်ဇင်းတွေက ရရှိသွားခဲ့ကြတယ်။ သတင်းစာနဲ့ မဂ္ဂဇင်းအတော်များများက သူတို့နည်းသူတို့ဟန်နဲ့ ဂိန်းစ်ကို တွေ့အောင်ရှာဖို့ လုပ်ခဲ့ကြတယ်။ ဂိန်းစ်ကို မက္ကဆီကိုနဲ့ တခြားနေရာတွေမှာ တွေ့မြင်ခဲ့ရတယ်ဆိုတဲ့ သတင်းအစအနကိုလည်း စာနယ်ဇင်းတွေ ရရှိခဲ့ကြတယ်။ တချို့ကလည်း ဂိန်းစ်ကို လုံးဝ ခြေရာဖျောက်နေအောင် မစ်ဇူးရီးပြည်နယ်က လူမျိုးခွဲခြားရေးဝါဒီတွေက ပိုက်ဆံပေးခဲ့ကြတယ်ဆိုတဲ့ တီးတိုးစကားတွေ ပြောဆိုခဲ့ကြတယ်။ တချို့ကတော့ ဂိန်းစ်ကို တစ်ယူသန်ဝါဒီတွေက သတ်ပစ်လိုက်ကြပြီလို့ ကောလာဟလသတင်းကို ရရှိခဲ့ကြတယ်။

၁၉၄၀ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှာ လူဝီစီရဲနားပြည်နယ်၊ *ကူရီးယား ဂျာနယ်*ရဲ့ အုပ်ချုပ်မှုအယ်ဒီတာ နီးလ် ဒေါ်လ်တင်က ဟျူစတင်ထံ စာတစ်စောင်ရေးပြီး ဂိန်းစ်နဲ့ ပတ်သက်တဲ့ သတင်းမှန်သမျှ သိပါရစေလို့ မေတ္တာ ရပ်ခံခဲ့တယ်။ ဟျူစတင်နဲ့ တခြားပုဂ္ဂိုလ်များကလည်း ဂိန်းစ်အကြောင်း သူ့မိသားစုနဲ့ တစ်နိုင်ငံက အဲန်အေအေစီပီတာဝန်ခံတွေကို စာရေး မေးမြန်းခဲ့တယ်။

ကောလာဟလတွေ အမျိုးမျိုး ထပ်ကြားခဲ့ရပြန်တယ်။ ဂိန်းစ်ဟာ အီလီနွိုင်းပြည်နယ်က ကျောင်းတစ်ကျောင်းမှာ အလုပ်လုပ်နေတယ်လို့... ဗီရာ ခရုစ်မှာ သင်္ဘောသားတစ်ယောက်လို ငွေကို ထင်သလို ဖြုန်းနေတယ်... ဗာဂျီးနီးယားပြည်နယ်က ချေ့စ်စီးတီးမှာ နာမည်ပြောင်းပြီး ကျောင်းဆရာ



မာတိကာသို့

လုပ်နေတယ် စသည်ဖြင့် ကြားခဲ့ရတယ်။ အဲဒီသဲလွန်စကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့ပေမယ့် သဲထဲရေသွန်သာ ဖြစ်ခဲ့ရတယ်။

နောက်ဆုံးတော့ ဂိန်းစ်ရဲ့အမှုကို ၁၉၄၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ အမှုပိတ်ခဲ့ရကြောင်း ၁၉၄၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မှာ ဟျူစတင်က ဒေါ်လ်တင်ထံ စာနဲ့အကြောင်းပြန်ကြားခဲ့ရပါတော့တယ်။

ဂိန်းစ်အကြောင်းကို သားဂွဒ် မာရှယ်လ်က ဒီလို ပြန်ပြောပြခဲ့တယ်။

“ဒီအမှုက တရားရေးအစဉ်အလာအားဖြင့် အောင်မြင်ခဲ့တဲ့အမှုပဲ။ အိုကလာဟိုးမား၊ တက္ကဆတ်စ်၊ လူဝီစီရဲနားနဲ့ တခြားပြည်နယ်တွေမှာ လူမည်းတွေအတွက် သီးသန့် ဂျင်မ် ကရိုးကျောင်းတွေ ဖြစ်ပျက်သိမ်းသွားရေးအတွက် ဒီအမှုကို ကျုပ်တို့ အသုံးချခဲ့ကြတယ်။

“လူဖြူလူမည်း ခွဲခြားပြီး တန်းတူအခွင့်အရေး ရရှိရေးဝါဒကို ပြည်နယ်တရားရုံးတွေ နောက်တစ်လှမ်း ဆုတ်ခွာခွာဖြစ်သွားအောင် *ဂိန်းစ်အမှု* နဲ့ ကျုပ်တို့ ဆွဲထုတ်ယူနိုင်ခဲ့တယ်။

“ကိုယ့်ပြည်နယ်အတွင်းမှာ အခွန်ဆောင်နေထိုင်ကြတဲ့ လူမည်းနိုင်ငံသားတွေကို ပိုက်ဆံပေးပြီး တခြားပြည်နယ်မှာ သွားပြီး ပညာသင်ကြားခိုင်းတဲ့ မလိုသဘောထားတွေကို လည်း ကျုပ်တို့ ဟန့်တားနိုင်ခဲ့ကြတယ်။

“လူမည်းကလေးတွေအတွက် အနေးနဲ့အမြန်ဆိုသလို ဆေးကျောင်းတွေ၊ ဥပဒေကျောင်းတွေ၊ အသက်မွေးဝမ်းကျောင်းဘာသာရပ်သင်ကျောင်းတွေကို လူမည်းများအတွက် သီးသန့် ဖွင့်ပေးတော့မှာ ဖြစ်တယ်လို့ ပြောဆိုပေးနေတဲ့ တရားမျှတမှု ဖင့်နွှေးနေခြင်းကို လည်း ကျုပ်တို့ အနေနဲ့ တရားရုံးချုပ်ကတစ်ဆင့် ရပ်တန့်စေနိုင်ခဲ့တယ်။

“*ဂိန်းစ်အမှု* ဟာ ကျုပ်တို့အတွက် အကြီးမားဆုံး အောင်မြင်မှု



မာတိကာသို့ ▶▶

တစ်ခု ဖြစ်ခဲ့တယ်လို့ပဲ ကျုပ်တို့ မှတ်မိနေတယ်။ ဒါပေမယ့် သူ့အတွက် လူအတော်များများဟာ အချိန်များများပေး၊ ငွေများများ သုံးခဲ့ရပြီးမှ သူ ပျောက်သွားတဲ့အဖြစ်ကြောင့် ခံခဲ့ရတဲ့ နာကျင်မှုဒုက္ခကိုလည်း ကျုပ် ဘယ်တော့မှ မမေ့ခဲ့ပါဘူး"

သားဂွဒ်က အနှစ်ငါးဆယ်ခေတ်က အောင်မြင်မှုရခဲ့ပုံကို ပြန်ပြောရင်း ခဏငြိမ်ချက်သားကျသွားခဲ့တယ်။ ပြီးမှ အဆုံးသတ် မှတ်ချက်စကား တစ်ခွန်း သူ့ပါးစပ်က ထွက်လာတယ်။

"ဒါပေမယ့် အဲဒီ ခွေးမသားလေးက ကျုပ်တို့ကို တစ်ခါမှ အဆက်အသွယ် ပြန်ပြီး မလုပ်ခဲ့ဘူးဗျ"



မာတိကာသို့

# အခန်း (၇)

# သုံးလောင်းပြိုင်လူသတ်မှု

သားဂွတ်ဒ် မာရှယ်လ်အနေနဲ့ *ဂိန်းစ်အမှု*တစ်ခုတည်းအတွက်ပဲ ပူပင်ရမယ်ဆိုရင် သို့မဟုတ် အမေရိကန်လူမည်းတွေ အဆင့်မြင့်ပညာ သင်ကြားခွင့်ရရေးအတွက် သူတိုက်ပွဲဝင်ပေးနေတဲ့ တခြားအမှုတွေအတွက် သာ ပူပင်ရမယ်ဆိုရင် ဘာမှ အခက်အခဲ ရှိမယ်မဟုတ်ခဲ့ဘူး။ အေးအေး ဆေးဆေးပဲ ဖြစ်လာလိမ့်မယ်။ ဒါပေမဲ့ တရားမျှတမှုအပေါ် ထိုးနှက်တိုက် ခိုက်မှုက အတော်များများ ဖြစ်ပျက်နေခဲ့တယ်။

၁၉၃၀ ပြည့်လွန်နှစ်တွေနဲ့ ၁၉၄၀ ပြည့်လွန်စောစောပိုင်းနှစ် တွေက အဖြစ်အပျက်အကြောင်းကို ပြန်ပြောတဲ့အခါတွေမှာ သားဂွဒ်ဟာ ဒေါသထွက်တတ်တယ်။ ၁၉၄၀ ပြည့်လွန်နှစ်တွေမှာ အမေရိကန်နိုင်ငံဟာ စစ်ရေးမှာ အင်အားကောင်းဖို့အတွက် လူတွေကို စုဆောင်းခဲ့တယ်။ အဲဒီ အချိန်က သမ္မတ ဖရဲန်ကလင် ရုစဗဲ့လ်ဒ်၊ ကာကွယ်ရေးဝန်ကြီး ဟဲန်နရီ စတင်ဆင်နဲ့ အမေရိကန် ကွန်ဂရက်လွှတ်တော်က ခေါင်းဆောင်တွေရဲ့



မာတိကာသို့ ▸▸

ပေါ်လစီဝါဒတွေဟာ လူမျိုးရေးခွဲခြားမှုမှာ ရက်စရာကောင်းလှပြီး လူမည်းတွေကို လည်ပင်းကြိုးကွင်းစွပ်သတ်တဲ့ အမှုတွေနဲ့ တန်းတူလိုက်ခဲ့တယ်လို့ သားဂွဒ် မာရှယ်လ်က နောင်နှစ်ပေါင်း ၅၀ အကြာမှာ ပြန်ပြောပြခဲ့တယ်။

"*ဂိန်းစ်အမှု* ပိတ်သွားခဲ့တဲ့အချိန်မှာ အမေရိကန်နိုင်ငံဟာ ရာဇဝင်တွင်ကျန်မယ့် ဥရောပနဲ့ ပစိဖိတ်ဒေသက စစ်ပွဲတွေအတွက် စစ်သားတွေ စုဆောင်းခဲ့တယ်။ ဂျပန်တွေက ပုလဲဆိပ်ကမ်းကို လာတိုက်လိမ့်မယ်လို့ ကျုပ်တို့ကြိုတင် မသိနိုင်ခဲ့ကြဘူး။ နော်မန်ဒီကမ်းခြေနဲ့ အိုကီနားဝါးတို့မှာ ရေကြောင်းတိုက်ပွဲနဲ့ မြေပြင်တိုက်ပွဲကြီးတွေ အကြီးအကျယ်ဆော်ကြလိမ့်မယ်လို့လည်း ကျုပ်တို့ ကြိုတင်မသိခဲ့ကြဘူး။ ဒါပေမယ့် အမေရိကန်နိုင်ငံဟာ အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီဆိုတာကိုတော့ ကျုပ်တို့သိခဲ့ကြတယ်။ အမေရိကန်လူမည်းတွေက အဲဒီအန္တရာယ်ကို လျော့နည်းသွားစေချင်တဲ့ ဆန္ဒရှိခဲ့ကြတယ်။ သူတို့ဟာ စစ်ပွဲအတွက် ပစ္စည်းတွေထုတ်လုပ်ဖို့ ပြင်ဆင်နေတဲ့ စက်မှုလုပ်ငန်းတွေမှာ အလုပ်လုပ်ချင်ခဲ့ကြတယ်။ အမေရိကန်နိုင်ငံအတွက် အလုပ်လုပ်ပေးချင်ကြတဲ့သဘောပဲ။

"ဒါပေမဲ့ အမေရိကန်သမ္မတ ရစဗဲ့လ်ဒ်ရဲ့ အိမ်ဖြူတော်အသိုင်းအဝိုင်းနဲ့ စတင်မ်ဆင်ရဲ့ ဝန်ကြီးဌာနတို့က လူတချို့က အလုပ်လုပ်မယ့်သူတွေကို အသားအရောင်နဲ့ ကန့်သတ်ခဲ့ကြတယ်။ လူမည်းတွေကို အမေရိကန်နိုင်ငံရဲ့ ရပ်တည်မှုကို အန္တရာယ်ပြုနိုင်မယ့် စစ်ပွဲအတွက် စီးပွားရေးပြင်ဆင်မှုလုပ်ငန်းတွေမှာ အလုပ်လုပ်ခွင့် ပိတ်ပင်တားမြစ်ခဲ့ကြတယ်။ စစ်ပွဲကြီး ဖြစ်လာတဲ့အခါမှာလည်း လူမည်းတွေဟာ အမေရိကအတွက် တိုက်ပေးချင်ခဲ့ကြတယ်။ ဥရောပက မြို့တွေကို တိုက်ပေးရမလား၊ အာဖရိကတိုက်က သဲကန္တာရတွေမှာ သွားတိုက်ပေးရမလား၊ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းတိုက်ပွဲတွေမှာ ပါဝင်ဆင်နွှဲပေးချင်ခဲ့ကြတယ်။ ဒါပေမဲ့ အမေရိကန်လူမည်းတွေကို လူမည်းတွေအတွက် သီးခြားခွဲထားတဲ့ တပ်စုတွေမှာသာ အမှုထမ်းခွင့်ပြုမယ်၊ ထမင်းချက်၊ ပန်းကန်ဆေး၊ အန္တရာယ်ရှိတဲ့ လက်နက်ခဲယမ်းမီးကျောက်တွေ အတင်အချအလုပ်တွေမှာသာ လုပ်ကြစေရမယ်လို့ ကြည်းတပ်၊ ရေတပ်ဗိုလ်ချုပ်ကြီးတွေက ပြောခဲ့



မာတိကာသို့ ▶▶

ကြတာကို သမ္မတ ရုစဗဲ့လ်ဒ်က ခွင့်ပြုခဲ့တယ်။

"အမေရိကန်သမ္မတ ရုစဗဲ့လ်ဒ်နဲ့ တခြားလူတွေဟာ လူမျိုးခွဲခြားရေးဝါဒကို လက်ဆုပ်လက်ကိုင် ထားခဲ့ကြပုံဟာ အသားလွတ် မိုက်မဲမှုသက်သက်သာ ဖြစ်ခဲ့တယ်။ အမေရိကန်လူမည်းတွေဟာ သူတို့နိုင်ငံအတွက် ခုခံကာကွယ်လိုကြရင် ကျွန်တစ်ပိုင်းဘဝနဲ့ အနိမ့်ခံဘဝ အနေအထားနဲ့သာ ခုခံကာကွယ်ပေးကြလို့ ပြောသလို ဖြစ်ခဲ့တယ်။

"ကျုပ်သိပ်ပြီး ဒေါပွခဲ့မိတာ တစ်ခုရှိခဲ့တယ်ဗျ။ အမေရိကန်လူမည်းတွေကို စစ်ထဲ ပိုပိုပြီး ဆွဲသွင်းခဲ့ပြီးတဲ့နောက်မှာ သူတို့ဟာ စစ်ခုံရုံးမှာ အတင်ခံခဲ့ရမှုတွေ ပိုပိုပြီး ဖြစ်ခဲ့တာကို သိခဲ့ရတယ်။ ဘာ့ကြောင့်တုံးဆိုတော့ လူမည်းအများစုဟာ မျက်နှာဖြူတွေအတွက် အပေါ်စီးပေးထားတဲ့ စည်းကမ်းတွေကို တင်းတင်းကျပ်ကျပ် လိုက်နာဖို့ ငြင်းဆိုခဲ့ကြလို့ပဲ"

ဥပဒေကို ရင်ဆိုင်ရတဲ့ လူမည်းတွေရဲ့ အနေအထား၊ အဆင့်အတန်းကလည်း အလွန်ကို စက်ဆုပ်ရွံရှာဖွယ်ရာကောင်းတဲ့ အနေအထားမှာပဲ ရှိနေခဲ့တုန်းဖြစ်ပါတယ်။ လူမည်းတစ်ဦးဟာ လူသတ်မှု၊ သို့မဟုတ် မုဒိမ်းကျင့်မှုလို ကြီးမားတဲ့ ရာဇဝတ်ပြစ်မှုနဲ့ တရားစွဲခံခဲ့ရလို့ သူဟာ လည်ပင်း ကြိုးကွင်းစွပ် အသတ်မခံခဲ့ရရင် အလွန်ကံကောင်းလို့ပဲ ဖြစ်လိမ့်မယ်။ သူဟာ သူ့ကို သေဒဏ်ပေးဖို့များမဲ့ မျက်နှာဖြူတရားသူကြီးများနဲ့ ဂျူရီလူကြီးတွေကို ရင်ဆိုင်ရလိမ့်မယ်။ မာရှယ်လ် တွေ့ကြုံခဲ့ရတာတွေက တရားဥပဒေအောက်မှာ တရားမျှတမှု ရရှိရေးဆိုတဲ့ ခံစားချက်ကို သူ့ရင်ထဲမှာ ကိန်းအောင်းစေခဲ့တော့တယ်။

ဒါပေမဲ့ လူမည်းတွေဟာ ဘယ်လောက်အထိပဲ ပညာတတ်တတ်၊ အမိပ္ပာယ်ရှိရှိ နိုင်ငံရေးသြဇာရောက်မှုကို မရမချင်း သူတို့ဟာ ကျွန်တစ်ပိုင်းဘဝမှာပဲ ဆက်ပြီးရှိနေဦးမှာပဲ ဆိုတာကိုလည်း သားဂွဒ် မာရှယ်လ် သဘောပေါက်ခဲ့တယ်။

"နိုင်ငံရေးအရ သြဇာသက်ရောက်မှု ဆိုတာက နှောင့်ယှက်ဟန့်တားမှု မရှိတဲ့ မဲပေးပိုင်ခွင့် အခွင့်အရေးကို ဆိုလိုတာဖြစ်တယ်။ မျက်နှာ



မာတိကာသို့

ဖြူများအတွက် အခြေခံမဲဆန္ဒဒေသများ၊ မဲပေးခွင့်အခွန်များ၊ အဘိုးဖြစ်သူရဲ့ မျိုးရိုးက ဘာလဲလို့ အငေါက်အငမ်း အမေးအမြန်းခံရမယ့် မဲပေးခွင့် မှတ်ပုံတင် အရာရှိများ၊ သတ်ဖြတ်နိုင်မှုအတွက် မျက်နှာဖြူများ လက်နက် ကိုင်ကြတာတွေ၊ အာဖရိကနွယ်ဖွား အမေရိကန်လူမည်းတွေရဲ့ မဲပေးခွင့် လမ်းရှေ့က ပိတ်ဆို့ရပ်တည်မှုများ စသည်ဖြင့်ပေါ့။ အဲဒါတွေ ရှိနေ သေးသမျှ ကာလပတ်လုံး နိုင်ငံရေးအရ သြဇာသက်ရောက်မှုဆိုတာ မရှိ နိုင်ဘူး။ ဒါပေမဲ့ ဒီပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ဖို့အတွက် ကျုပ်တို့ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကျယ်ပြန့်တယ်လို့တော့ ကျုပ်ယုံကြည်ခဲ့ပါတယ်" လို့ မာရှယ်လ်က ပြန်ပြောခဲ့တယ်။

အဲဒီအချိန်က စိန်ခေါ်မှုတွေဟာ ကြောက်စရာကောင်းခဲ့ပါတယ်။ နိုင်ငံအတွင်းမှာ လူမည်းတွေ လွတ်လပ်စွာ ခရီးသွားလာခွင့်ကိစ္စတွေကအစ အဲန်အေအေစီပီမှာ ဝိုင်းဆွေးနွေးခဲ့ကြရတယ်။ လူမည်းတွေဟာ ပြည် နယ်တစ်ခုက တစ်ခုကိုကျော်ပြီး ခရီးသွားချင်ရင် လူမျိုးခွဲခြားမှု၊ အစော် ကားခံရမှု၊ အထိုးအနှက်ခံရမှု စတဲ့ အခြေအနေတွေကို ရင်ဆိုင်ခဲ့ကြရတာ ဟာ တကယ်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ပြီး လူမည်း တွေကို တစ်ပန်းရှုံးအောင် လုပ်ခဲ့တာဖြစ်တယ်လို့လည်း သားဂွဒ် မာရှယ်လ်က ပြန်ပြောခဲ့ပါတယ်။

အမေရိကမှာ လူမည်းရပ်ကွက်တွေ ဖန်တီးစေခဲ့ပုံကိုလည်း သားဂွဒ်ဟာ အောင့်နှလုံးနာခဲ့တယ်။ လူမျိုးရေး တစ်ယူသန်ဝါဒီတွေက လူမည်းတွေကို အိမ်ဝယ်ချင်တဲ့နေရာတိုင်းမှာ မဝယ်နိုင်အောင်၊ အိမ် ငှားပြီးနေချင်တဲ့နေရာတိုင်းမှာ ငှားနေခွင့်မရအောင် ပိတ်ဆို့ခဲ့ကြတယ်။ မျက်နှာဖြူအင်ဂလို ပရောတက်စ်တဲန့်တစ်ဦးဟာ သူ့ရဲ့အိမ်ကို မျက်နှာဖြူ တစ်ဦးကလွဲရင် လူမည်းတစ်ဦး၊ ဂျူးတစ်ဦး၊ အာရှတိုက်သားတစ်ဦးကို လုံးဝ လွှဲပြောင်းပေးခွင့် မရှိခဲ့ဘူး။ လူဖြူလူမည်း ခွဲခြားမှု တိုက်ဖျက်ရေး အတွက် သူ့ရဲ့ ဆရာဖြစ်သူ ဟျူးစတင်က အသက် ၅၄ နှစ်အရွယ်မှာ သေ သွားတဲ့အထိ အလုပ်လုပ်ခဲ့သလိုပဲ သားဂွဒ် မာရှယ်လ်ဟာလည်း အဲဒီအသက် ထက်စောပြီး သေနိုင်တဲ့လုပ်ငန်းကို လုပ်ခဲ့ပါတယ်။ လူဖြူလူမည်း ခွဲခြားရေး



မာတိကာသို့ ▶▶

ဘက်က ငှားရမ်းခဲ့တဲ့ ရှေ့နေတွေက သားဂွဒ် မာရှယ်လ်ကို နာမည်မျိုးစုံ ပေးခဲ့ကြတယ်။ ကပြားရှေ့နေ၊ နယူးယောက် မြို့က ခေတ် ပေါ်ရှေ့နေ၊ ငမည်းရှေ့နေ စသည်ဖြင့်ခေါ် ဆိုခဲ့ကြတယ်။ လူမည်းအသိုင်းအဝိုင်းမှာတော့ တကယ်ဒုက္ခတွေ့နေသလား၊ ကယ်တင်စေချင်ရင် သားဂွဒ်ကိုခေါ် ဆိုတဲ့ စကားတွေက ရေပန်းစားလာခဲ့တယ်။

၁၉၄၀ ခုနှစ်၊ ဇန်နဝါရီလရဲ့ အေးမြတဲ့ နေ့မှာတော့ သားဂွဒ် မာရှယ်လ်ဆီမှာ ကယ်တင်ဖို့ အကူအညီတောင်းခံတဲ့ တယ်လီဖုန်းတစ်ခု ဝင်လာခဲ့တယ်။ သူ့ရဲ့အတွေးအခေါ်တွေကို လုံးဝပြောင်းလဲသွားစေမယ့် အမှုကိစ္စ ဖြစ်ခဲ့ပါတယ်။

အိုကလာဟိုးမားပြည်နယ် တူလ်ဆာမြို့က ရှေ့နေ အေးမို့စ် ဟောလ်ထံက တယ်လီဖုန်းဖြစ်တယ်။ အေးမို့စ်ဟာ လူမျိုးရေးတရားမျှတမှု ရရှိရေးအတွက် ခိုင်ခိုင်မာမာ တိုက်ပွဲဝင်နေသူဖြစ်ပြီး အကူအညီကိုရှာနေသူ ဖြစ်ခဲ့တယ်။

"သားဂွဒ်လား---အရက်ပုန်းမှောင်ခိုသမားတွေနဲ့ အဆက်အသွယ်ရှိတဲ့ သူတွေက လူမည်းလေးတစ်ယောက်ကို အကွက်ချပြီး လူသုံးဦးသတ်မှုနဲ့ အပြစ်ပုံဖို့ထားလို့ပါ။ အဲဒီကလေးရဲ့အသက်ကို ကယ်တင်ပေးဖို့ ခင်ဗျားရဲ့ အကူအညီကို ကျွန်တော်တို့လိုလို့ ဖုန်းဆက်ရတာပါ"

အဲဒီအချိန်က သားဂွဒ်ရဲ့လက်ထဲမှာ အမှုတစ်ခုကလည်း ရှိနေခဲ့တယ်။ ကနက်တီးကပ်ပြည်နယ် ဘရစ်ချ်ပေါ့ထ်မြို့က မျက်နှာဖြူလူကုံထံ အမျိုးသမီးတစ်ဦးဖြစ်တဲ့ မစ္စက် အယ်လီနာ စထရူးဘင်းဆိုသူက သူမကို ယာဉ်မောင်းသမား ဂျိုးဆက် စပဲလ်က အဓမ္မပြုကျင့်ခဲ့တယ်လို့ တရားစွဲဆို ထားတဲ့အမှု ဖြစ်ပါတယ်။

အေးမို့စ် ဟောလ် ပြောပြတဲ့အမှုမှာ စာမတတ်တတတ် ထောင်ထွက်လူမည်းတစ်ဦးဟာ လူတစ်ယောက်ကိုသတ်တယ်။ အဲဒီလူရဲ့ မိန်းမကိုလည်း ဗိုက်တည့်တည့်မှာ သေနတ်နဲ့ပစ်ပြီး ဓားနဲ့ ခုတ်သတ်ခဲ့တယ်။ ပြီးတော့မှ အဲဒီလင်မယားနဲ့ သူတို့ရဲ့ လေးနှစ်သားလေးတို့ကို အိမ်ထဲမှာ



မာတိကာသို့

မီးနဲ့ရှို့ခဲ့တယ်လို့ တရားစွဲခံထားရတယ်။ ဒီလိုအမှုကို သားဂွဒ် မာရှယ်လ် အနေနဲ့ ကယ်တင်ပေးဖို့အတွက် ဦးစားပေးစဉ်းစားမယ်လို့ အေးမို့စ် ဟောလ်ဟာ ဘယ်လို စဉ်းစားခဲ့သလဲ မသိဘူး။

အဲန်အေအေစီပီရဲ့ ငွေကြေးတိုးတက်လာမှုကို အားကိုးတဲ့ သဘော ပါပုံရခဲ့တယ်။ အဲန်အေအေစီပီအသင်းကြီးကို ဖွဲ့စည်းခဲ့ပြီးတဲ့ နောက် ရှစ်နှစ် အကြာဖြစ်တဲ့ ၁၉၁၇ ခုနှစ်မှာ အသင်းရဲ့စုစုပေါင်းဝင်ငွေဟာ ၁၄,၀၈၈.၇၉ ဒေါ်လာရှိပြီး လစာများ ပြန်ပေးရငွေက ၅,၃၃၈.၄၈ ဒေါ်လာရှိခဲ့တယ်။ ၁၉၁၂ ခုနှစ်မှာ အသင်းခွဲ သုံးခုနဲ့ အသင်းသား ၃၂၉ သာ ရှိခဲ့ရာက ၁၉၁၉ ခုနှစ်ရောက်တော့ အသင်းခွဲ ၃၁၀ နဲ့ အသင်းသား ၉၁,၂၀၃ ဦး အထိ တိုးတက်လာခဲ့ပါတယ်။ အဲဒီအထဲမှာ တောင်ပိုင်းက အသင်းသား ၄၂,၅၈၈ နဲ့ မြောက်ပိုင်းက အသင်းသား ၃၈,၄၂၀ ဦး ပါဝင်ခဲ့တယ်။ အသင်းရဲ့ ရန်ပုံငွေက ၆၁,၇၅၅.၇၀ ဒေါ်လာ ရှိခဲ့တယ်။

အဲန်အေအေစီပီဟာ တက္ကသိုလ်များမှာ လူဖြူလူမည်း ခွဲခြားမှု ကိစ္စများ တရားစွဲဆိုရေးအတွက် ဒေါ်လာ ၂,၅၀၀၊ လူမည်းကျောင်းဆရာမ များကို မျက်နှာဖြူများနဲ့လစာတူ ပေးရေးအတွက် တရားစွဲဆိုမှုများမှာ သုံးစွဲရန် ဒေါ်လာ ၄,၀၀၀၊ တောင်ပိုင်းက ပြည်သူ့ကျောင်းတွေမှာ သယ်ယူ ပို့ဆောင်ရေးအတွက် အသုံးအဆောင်ပစ္စည်းများနဲ့ အခြားအဆောက်အဦ များဆိုင်ရာ ကိစ္စတွေမှာ လူမည်းများအတွက် လူဖြူများနဲ့ တန်းတူ ငွေ အကုန်အကျခံ သုံးစွဲရေးကို တရားစွဲဆိုမှုများအတွက် ဒေါ်လာ ၃,၀၀၀ သုံး စွဲရန် သားဂွဒ် မာရှယ်လ်အနေနဲ့ အသုံးစရိတ် ရေးဆွဲတင်ပြနိုင်ခဲ့ပါ တယ်။

၁၉၇၀ ပြည့်လွန်နှစ်တွေမှာ အဲန်အေအေစီပီအသင်းသားဦးရေ ဟာ ၅၅၀,၀၀၀ အထိ တိုးတက်လာခဲ့တယ်။ ၁၉၈၆ ခုနှစ်မှာ အဲန်အေအေ စီပီရဲ့ ဘတ်ဂျက်ဟာ ဒေါ်လာ ၁၁ သန်းမှာ နည်းနည်းလေးပဲ လျော့ခဲ့တယ်။ ဒါပေမယ့် တခြားအဖွဲ့အစည်းတွေနဲ့စာရင် အများကြီး နည်းပါးခဲ့ပါ တယ်။



မာတိကာသို့ ▶▶

သားဂွဒ် မာရှယ်လ်ရဲ့ လစာငွေဟာလည်း တစ်စတစ်စ တိုးရလာခဲ့တာ ၁၉၅၈ ခုနှစ်မှာ သူ့လစာဟာ တစ်နှစ်အတွက် ဒေါ်လာ ၁၅,၀၀၀ ရလာခဲ့တယ်။

တကယ်တော့ အဲန်အေအေစီပီရဲ့ ငွေရေးကြေးရေးအခြေအနေဟာ ယနေ့ကာလအထိ မပြည့်စုံခဲ့သေးဘူး။ ဆင်းဆင်းရဲရဲ အခြေအနေမှာပဲ ရှိသေးတယ်လို့ ဆိုပါတယ်။

သူ့အပေါ်မှာ အားကိုးအားထားပြုခဲ့တဲ့ ရှေ့နေ အေးမို့စ် ဟောလ်ကို သားဂွဒ် မာရှယ်လ်က လေးစားခဲ့တယ်။ လူမျိုးရေးစိတ်ဓာတ် ပြင်းထန်တဲ့ ပြည်နယ်တစ်ခုမှာ အနစ်နာခံ ဆောင်ရွက်တဲ့ ရှေ့နေတစ်ဦးဟာ အသက်စွန့်စားပြီး ဆောင်ရွက်ရပုံကိုလည်း သားဂွဒ် နားလည်ခဲ့တယ်။ အဲဒါကြောင့် သားဂွဒ်ဟာ အေးမို့စ် ပြောပြတဲ့ အိုကလာဟိုးမားက ဖြစ်စဉ်တွေကို သေချာနားထောင်ခဲ့တယ်။

## ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့–

မစ္စတာ အယ်လ်မာ ရောဂျားစ်၊ သူ့ဇနီးနဲ့ လေးနှစ်သားလေးတို့ဟာ ဖေ့ါဒ် တိုးဆင်နဲ့ မနီးမဝေး သူတို့ငှားနေတဲ့ အိမ်လေးမှာ အသတ်ခံခဲ့ရတယ်။ ပြီးတော့ လူသတ်သမားက သေဆုံးတဲ့ မိဘနှစ်ဦးရဲ့ ကိုယ်တွေပေါ်မှာ ရေနံဆီ လောင်းပြီး အိမ်ပါ မီးတင်ရှို့ခဲ့တယ်။ ရှစ်နှစ်သား ဂျိမ်းစ်ဂလဲန်ကတော့ တစ်နှစ်သားအရွယ် ညီငယ်လေး ဘီလီကို ပွေ့သယ်သွားပြီး လွတ်မြောက် သွားခဲ့တယ်။

## ၁၉၄၀ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် –

ဖေ့ါဒ် တိုးဆင်မြို့အနီးရှိ ဆောယား အကျဉ်းစခန်း၌ လူသတ်မှုဖြင့် ထောင်ကျနေသော အကျဉ်းသားတစ်ဦးကို သုံးလောင်းပြိုင် လူသတ်မှုနှင့် ဆက်စပ်ပြီး ဖမ်းဆီးလိုက်ကြောင်း အိုကလာဟိုးမားပြည်နယ် အုပ်ချုပ်ရေးမှူး လီယွန် ဖီးလစ္စထံ သတင်းပို့ခဲ့ကြတယ်။ ထိုလူသတ်မှုတွင် သူကိုယ်တိုင် ပါဝင်ဆောင်ရွက်မယ်လို့ ချက်ချင်း ကြေညာခဲ့ပါတယ်။ အဖမ်းခံ



မာတိကာသို့

ရသူဟာ ဇနီးသည်ကို သတ်မှုနဲ့ ထောင်ဒဏ် အနှစ် ၃၀ ကျခံနေရသူဖြစ်တယ်။ အကျဉ်းစခန်းက လူယုံ တာဝန်ခံတွေ အပြင်ထွက်ပြီး အရက်သောက်နေ ခဲ့ကြတယ်လို့ ဖီးလစ္စက ပြောတယ်။ လူသတ်မှု ဖြစ်ချိန်မှာ ယခု အဖမ်းခံရသူ အကျဉ်းစခန်းလူယုံကလည်း စခန်းအပြင်ရောက်ပြီး အရက်မူးနေခဲ့တယ်။

### ၁၉၄၀ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် –

ပြည်နယ်အုပ်ချုပ်ရေးမှူးရဲ့ လူများက အသက် ၂၈ နှစ်ရှိ အမျိုးသမီးတစ်ဦးကို လူသတ်မှုရဲ့ မျက်မြင်သက်သေ ဖြစ်နိုင်ဖွယ်ရာ ရှိသူလို့ ယူဆပြီး ဖမ်းလိုက်ကြတယ်။

### ၁၉၄၀ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် –

ရော်ဂျာစ်မိသားစုအား "သတ်ဖြတ်သူ နှစ်ဦး" အား ဖမ်းမိအောင် သတင်းပေးနိုင်သူများကို သူပိုင်ငွေနဲ့ ဒေါ်လာ ၁၀၀ ဆုချီးမြှင့်မယ်လို့ ချော့တောကျေးလက်ဒေသမှူး ရှိုင်ဟာမင်က ကြေငြာခဲ့တယ်။ ရာဇဝတ်မှုကို "လူနှစ်ဦး" ကျူးလွန်ခဲ့တယ်လို့ သူဘယ်လိုသိရသလဲဆိုတာကို တော့ ကြေညာချက်မှာ မပါခဲ့ဘူး။

### ၁၉၄၀ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် –

အသက် ၂၁ နှစ်အရွယ်ရှိ လူမည်းလေး ဒဗလျူ ဒီ လိုင်းရင်းစ် ဆိုသူကို ရိုးရိုးအရပ်သားတွေက ဖမ်းဆီးလိုက်တယ်။ ဒီလူတွေဟာ အရက်ခိုးရောင်းတဲ့ ဂိုဏ်းတစ်ဂိုဏ်းနဲ့ ပြည်နယ်အုပ်ချုပ်ရေး မှူး ဖီးလစ္စရဲ့ ရုံးနဲ့ ဆက်နွယ်မှုရှိကြောင်းလည်း သိရတယ်။ လိုင်းရင်းစ်ဟာ ကြက်ခိုးမှုနဲ့ တစ်ကြိမ်၊ ဖောက်ထွင်းမှုနဲ့ တစ်ကြိမ် ထောင်နှစ်ခါ ကျခဲ့ဖူးတဲ့အတွက် သူဟာ အလွယ်တကူ အဖမ်းခံရဖို့ ပိုဖြစ်ခဲ့တယ်လို့ အေးမို့စ် ဟောလ်က ပြောခဲ့တယ်။ လိုင်းရင်းစ်ကို တရားစွဲဆိုခြင်းလည်း မလုပ်သေးဘူး။ တရားသူကြီးရဲ့ ရှေ့မှောက်ကို ထုတ်လာခြင်းလည်း မရှိသေးဘူး။ ဒါပေမယ့် အမှု ကျူးလွန်ကြောင်း ဝန်ခံချက်ပေးဖို့ ဖိအားပေးခံနေရတယ်လို့ ကော



မာတိကာသို့

လာဟလ သတင်း ဖြစ်နေတယ်လို့လည်း ဟောလ်က သားဂွဒ် မာရှယ်လ်ကို ပြောပြခဲ့တယ်။

အေးမို့စ် ဟောလ်ရဲ့ ပြောပြချက်တွေကို နားထောင်ပြီးတဲ့အခါမှာ သားဂွဒ်က "ကျွန်တော်တို့မှာ အချိန် သိပ်မရှိဘူး။ ငွေလည်း နည်းနည်းပဲရှိတယ်။ ဒါပေမယ့် ဒီလူသတ်မှုမှာ ခင်ဗျားတို့ကို ကူညီနိုင်တဲ့ နည်းလမ်းတစ်ခုခု တွေ့အောင်တော့ သေချာပေါက် ရှာကြည့်ပါ့မယ်" လို့ ပြန်ပြီး အဖြေပေးလိုက်တယ်။

ဒါပေမဲ့ ဇန်နဝါရီလ ၁၂ ရက်နေ့မှာ သတင်းစာထဲ ပါလာတဲ့ သတင်းတစ်ပုဒ်ကြောင့် အေးမို့စ် ဟောလ်ဟာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတယ်။ "လျှို့ဝှက်နက်နဲတဲ့ မီးလောင်သေတဲ့အမှုကြီးအတွက် ဝန်ခံမှု ဖြောင့်ချက်ပေးပြီ" လို့ သတင်းစာထဲမှာ ပါလာတယ်။ သတင်းတွေက ဆောယား အကျဉ်းစခန်းက ထောင်သမားကို ညွှန်းပုံရပါတယ်။

လိုင်းရင်းစ်ကို ဇန်နဝါရီလ ၁၁ ရက်နေ့က ၂၂ ရက်နေ့အထိ ကျေးလက်ဒေသမှူးနဲ့ ရှေ့နေတို့ရဲ့ ထိန်းသိမ်းမှုအောက်မှာ ထားခဲ့ရာက အုပ်ချုပ် ရေးမှူး ဖီးလစ္စ ရုံးက အထူးစုံစမ်းစစ်ဆေးရေးမှူးဆိုသူ ဗာနင် ချိဒ်ဝုဒ် ရဲ့လက်ကို လွှဲပြောင်းပေးအပ်လိုက်တယ်။ တစ်ခုခုတော့ မဟုတ်တော့ဘူး ဆိုတာ အေးမို့စ် ဟောလ် တွက်လိုက်မိတယ်။ သူကြားရတဲ့ သတင်းတွေကိုလည်း သားဂွဒ် မာရှယ်လ်ထံ ဖုန်းထပ်ဆက်ခဲ့တယ်။ အရက်မှောင်ခိုဂိုဏ်း ကြီးကြီးတစ်ဂိုဏ်းကို ပြည်နယ် အုပ်ချုပ်ရေးမှူးရုံးက ကွပ်ကဲထားခဲ့တယ်။ သေဆုံးသူ ရော်ဂျာစ်နဲ့ တစ်ချို့ဂိုဏ်းသားတွေ ကတောက်ကဆ စကားများခဲ့ကြပြီး အဲဒီဂိုဏ်းကို ထုတ်ဖော်ပြောလိုက်ရမလားလို့ ရော်ဂျာစ်က ခြိမ်းခြောက်ခဲ့တယ်လို့ ပြန်ကြားခဲ့ရတယ်။ အေးမို့စ် ဟောလ်ရဲ့ အယူအဆအရ အဲဒါကြောင့် သုံးလောင်းပြိုင်လူသတ်မှု ဖြစ်ခဲ့တယ်။ လူသတ်မှုဖြစ်ပြီးမှ "ကဲ လူသတ်မှု အတွက် စီရင်ချက်ချရအောင်၊ ကပ္ပလီ တစ်ကောင်ကောင်ကို ငါတို့ရှာပြီး တရားခံလုပ်ကြတာပေါ့" လို့ ဂိုဏ်းသားထဲက တစ်ယောက်ယောက်က ပြောခဲ့ပုံရတယ်လို့ အေးမို့စ်က ထင်ခဲ့တယ်။



မာတိကာသို့ ▶▶

အဲဒီလိုနဲ့ ရက်သတ္တပတ်တွေသာ တစ်ပတ်ပြီးတစ်ပတ် ကုန်သွားခဲ့တယ်။ လိုင်းရင်းစ်ကို ရုံးတင်ပြီး စီရင်ချက်ချဖို့ ကြိုးပမ်းမှုတွေ မတွေ့ခဲ့ရဘူး။ လိုင်းရင်းစ်အတွက် ရှေ့နေတစ်ဦး ငှားရမ်းပေးနိုင်ရေးအတွက် *ဘလက်ခ် ဒစ္စပက်ချ်* စာစောင် ထုတ်ဝေသူ ရော်စကို ဒန်းဂျီးကလည်း ကြားဝင်ကြိုးစားခဲ့တယ်။ ရှေ့နေတစ်ဦးကို ငှားရမ်းခအတွက် ကုန်ကျတဲ့ ၁၀၀ ဒေါ်လာ ရရှိရေးအတွက် ဒန်းဂျီးက အလှူလျှောက်ခံခဲ့တယ်။ ဒီအမှုဟာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့အတွက် သားဂွဒ် မာရှယ်လ်ကလည်း အထူးစိတ်ပါလာခဲ့တယ်။ ဒါပေမယ့် ဒီအမှုဟာ---

– ဆင်းရဲသားလူမည်းလေးတစ်ယောက်ကို ဖမ်းဝရမ်း မပါတဲ့ ရိုးရိုးအရပ်သားတွေက ဖမ်းဆီးခဲ့တဲ့အမှု--

– တရားခံ အကျဉ်းသားတစ်ဦးကို ရက်ပေါင်းများစွာ တရားစွဲဆိုခြင်းလည်း မပြု၊ တရားသူကြီးရှေ့မှောက်ကို လည်း ခေါ်ဆောင်လာခြင်း မပြုတဲ့အမှု---

– အကျဉ်းသားတစ်ဦးကို ရှေ့နေတစ်ဦးတစ်ယောက်နဲ့ စကားပြောဆို တိုင်ပင်နိုးနှောခွင့် မပြုခဲ့တဲ့အမှု ---

– အကျဉ်းသားတစ်ဦးကို ရိုက်နှက်နှိပ်စက်ပြီး အတင်းဖြောင့်ချက်ပေးခိုင်းခဲ့တဲ့အမှု ---

– ဒီအမှုဟာ သူ့ဘဝတစ်ခုလုံးမှာ အထက်ပါ လူ့အခွင့်အရေး ပြဿနာတွေအတွက် တိုးတက်ဆောင်ရွက်စေဖို့ အပြုစားခံလိုက်ရမယ့် အမှုတစ်ခု ဖြစ်လာလိမ့်မယ်လို့ သူမစဉ်းစားမိခဲ့ဘူး။

ဒါပေမယ့် လိုင်းရင်းစ်ကို ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ချော့တောကျေးလက်ဒေသ တရားရုံးမှာ ရုံးတင်စစ်ဆေးတော့မယ်ဆိုတဲ့ သတင်းကို ကြားလိုက်ရပြီးတာနဲ့ သားဂွဒ် မာရှယ်လ်ဟာ အိုကလာဟိုးမားကို လေယာဉ်နဲ့ အမြန်လိုက်လာတော့တယ်။ အိုကလာဟိုးမားမှာ ဒန်ဂျီးနဲ့ နှစ်နာရီလောက် ဝင်စကားပြောပြီး အမှုစစ်မယ့် ဟျူဂို

မြို့လေးဆီကို ဘတ်စ်ကားနဲ့ခြောက်နာရီကြာ ခရီးဆက်ခဲ့တယ်။ အဲဒီတုန်းက ဟျူဂိုတရားရုံးမှာ သူ့ရဲ့ကိုယ်တွေ့မြင်ကွင်းတွေကို သားဂွဒ်က ဝေါလ်တာ ဂိုက်ဆီ စာရေးခဲ့တယ်။

"တရားရုံးတော်မှာ လူဖြူလူမည်း တစ်ထောင်လောက်ရှိမယ်။ တစ်ရုံးလုံး ပြည့်ညပ်နေတာပဲ။ ဘီလစ်စာရေးက ပြောတာကတော့ ရုံးတော်မှာ ပထမဆုံးလျှောက်လဲဖို့ ရောက်လာတဲ့ လူမည်းရှေ့နေတစ်ဦးကို ကြည့်ချင်ကြလို့တဲ့"

"ဒီမှာတော့ အမှုနိုင်ဖို့ အခွင့်လည်း မရှိဘူး။ အယူခံဝင်ပြီး အမှန်ဖြစ်အောင် လုပ်ယူဖို့ပဲရှိတယ်။

"ကျွန်တော်တို့အတွက် တစ်ပန်းသာမှု ရနိုင်တာ တစ်ချက်တည်းပဲရှိတယ်။ အဲဒါကတော့ အခမ္မအားနဲ့ အကြမ်းဖက်မှုကို အသုံးပြုပြီး ဖြောင့်ချက်ပေး ဝန်ခံခိုင်းခဲ့တာဖြစ်တယ်။"

သားဂွဒ်က နောက်စာတစ်စောင်မှာ ထပ်ရေးပြခဲ့သေးတယ်။

"တရားရုံးမှာ ဆန့်တဲ့လူထက်ပိုပြီး လျှံထွက်နေတယ်။ နေ့တိုင်း ပရိသတ် တင်းကျမ်းတိုးပြည့်ညှပ်နေတာပဲ။ လူတစ်ထောင်ကျော်လောက်တော့ရှိမယ်။ ထရပ်ကားကြီးတွေနဲ့ မြင်းလှည်းတွေနဲ့ လာကြတာပေါ့။

"တရားသူကြီး ချီလ်ဒါးစ်က ဒီအမှုဟာ လူဖြူနဲ့ လူမည်းတွေ ပါဝင်တဲ့ နှစ်နိုင်ငံအမှုဖြစ်တယ်လို့ ကြေညာခဲ့တယ်။

"မျက်နှာဖြူကျောင်းတွေက ဆရာ၊ ဆရာမတွေက မူလတန်းကျောင်းသားတွေရော၊ အထက်တန်းကျောင်းသားတွေရော တရားရုံးကို ခေါ်လာကြတယ်။ မနေ့ကဆိုရင် ဒီနေ့ဟာ ပွဲတော်နေ့တစ်နေ့ဖြစ်လို့ ကျောင်းသား ကလေးတွေကိုခေါ်လာတာ ကောင်းပါတယ်လို့ တရားသူကြီးက ထုတ်ပြောခဲ့တယ်။ ကဲဗျာ--စဉ်းစားကြည့်စမ်းပါ။ လူမည်းတစ်ယောက်ရဲ့ အသက်ရှင်မှုအတွက် ရုံးတော်မှာ အစစ်ခံနေရတဲ့ အမှုကို ပွဲတော်နေ့ တစ်နေ့လို့ ခေါ်ခဲ့ကြတယ်။



မာတိကာသို့

"အမှုကို တနင်္လာနေ့က စစ်ခဲ့တာ အခုအထိပဲ။ သူတို့ပြည်နယ်ကတော့ တရားခံက ဖြောင့်ချက်ပေးခဲ့တာကို တင်သွင်းဖို့ကြိုးစားခဲ့တယ်။ ကျွန်တော်တို့ဘက်ကတော့ လက်မခံဘူး။ ဖြောင့်ချက်ပေးခဲ့တာဟာ အားသုံးပြီး အကြမ်းဖက်ခဲ့လို့ဆိုတာ ကျွန်တော်တို့ဘက်က အထောက်အထားတွေ တင်ပြနေစဉ်မှာ ဂျူရီအဖွဲ့ကို ဘေးဖယ်ထားပါလို့ လျှောက်ထားခဲ့တယ်။

"ကောင်လေးကို သူတို့တစ်ညလုံး ရိုက်နှက်ခဲ့ကြတယ်။ နောက်တော့ ကောင်လေးကို အစိုးရရှေ့နေရုံးခေါ်သွားပြီး အရာရှိ ဆယ်ယောက်ထက်မနည်းက တစ်ယောက်တစ်လှည့်စီ ဝိုင်းတွယ်ခဲ့ကြတယ်။ ကပ္ပလီရိုက်တဲ့တုတ်လို့ခေါ်တဲ့ စပယ်ရှယ် နံပါတ်တုတ်တစ်မျိုးနဲ့ ရိုက်နှက်ခဲ့ကြတယ်။ ပြီးတော့ ကောင်လေးကို လူသတ်မီးရှို့မှုဖြစ်တဲ့နေရာကို ခေါ်သွားခဲ့ကြတယ်။ သေသူတွေရဲ့ အရိုးတွေကို ခွက်တစ်လုံးထဲမှာ ကောက်ထည့်ပြီး တရားခံကောင်လေးရဲ့ ပေါင်ပေါ်မှာ တင်ခဲ့ကြတယ်။ သေသွားတဲ့ မိန်းမရဲ့ အပေါ်မေးရိုးနဲ့ သွားတွေဖြစ်တယ်လို့ ကောင်လေးကို ပြောခဲ့ကြတယ်။ အဲဒီမှာ ပါသွားတဲ့ အရာရှိတစ်ယောက်က သူသာ လိုင်းရင်းစ်နေရာမှာ ရှိခဲ့ရင် သွေးလန့်ပြီး ကြောက်ခဲ့မှာ အမှန်ပါပဲလို့ ဝန်ခံ ပြောဆိုခဲ့တယ်။ သူတို့ဟာ ကောင်လေးကို မနက် နှစ်နာရီခွဲအထိ ရိုက်နှက်ခဲ့ကြပြီး ဝန်ခံအောင် နှိပ်စက်ခဲ့ကြတယ်။ အဲဒီညမှာပဲ ကောင်လေးကို ထောင်ထဲခေါ်သွားပြီး ဒုတိယအကြိမ် ဖြောင့်ချက် အပေးခိုင်းခဲ့ကြတယ်။"

ဝေါ်လ်တာ ဝှိုက်နဲ့ အဲန်အေအေစီပီဌာနချုပ်က တခြားလူတွေဆီကို ပို့ခဲ့တဲ့ သားဂွဒ် မာရှယ်လ်ရဲ့ ကြေးနန်းနဲ့ စာတွေထဲမှာ ထေ့ငေါ့ထားတာတွေ၊ ဟာသလုပ်ထားတာတွေ ထပ်တလဲလဲ ရေးထားတာတွေ ပါခဲ့တယ်။ တရားရုံးတော်အတွင်းမှာ ပျော်ပွဲရွှင်ပွဲလို အသွင်ဆောင်ခဲ့ပုံတွေကို ထပ်ကာထပ်ကာ ရေးသားပြခဲ့တယ်။ တရားသူကြီးက ခြေထောက်နှစ်ဖက်ကို ခုံပေါ်တင်ပြီး ပါးစပ်က ဆေးပြင်းလိပ်ကို ဖွာထုတ်နေပုံပါတယ်။ အမှု စစ်တော့မယ့် အထိမ်းအမှတ် ပြတဲ့အနေနဲ့ ရုံးထဲက လူဖြူတွေနဲ့ လူမည်းတွေကို အခန်းရဲ့ တစ်ဖက်တစ်ခြမ်းစီမှာ ခွဲပြီး အထိုင်ခိုင်းပုံလည်း



မာတိကာသို့

ပါတယ်။ သူ့ကို "အခုအထိ နယူးယောက်က ကပ္ပလီရှေ့နေကြီး ဘာမှ အစွမ်းမပြ သေးပါလား" လို့ ပရိသတ်က သရော်ကြတဲ့ပုံတွေကိုလည်း မာရှယ်လ်က ပြန်ရေးပြခဲ့သေးတယ်။ ပြီးတော့ လိုင်းရင်းစ်ကို ရိုက်နှက်မှုနဲ့ မျက်နှာဖြူရဲ့အရာရှိတွေကို သူက အပြန်အလှန်မေးခွန်းထုတ်ပြီး "ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သင်ခန်းစာတစ်ခု" ပေးလိုက်တယ်ဆိုပြီး ကြွားလုံးထုတ်ရေးထားတာလည်း ပါတယ်။

"လူမည်းတစ်ယောက်ရဲ့ မေးမြန်းမှုကို ခံရတာဟာ သူတို့အတွက် ခံပြင်းစရာ၊ စိတ်တိုစရာ ဖြစ်ပြီး ကျွန်တော်တို့အတွက် အထောက်အကူ ပေးလိမ့်မယ်။ နီးဂရိုးတစ်ယောက်က သူတို့ရဲ့ မုသားတွေကို ပေါ်အောင် ချောင်ပိတ် တွန်းပို့ပြီး အမေးခံရတာကို သူတို့ ဆတ်ဆတ်ခါ ဒေါသထွက် ခဲ့ကြတယ်" လို့ မာရှယ်လ်က ပြန်ရေးပြခဲ့တယ်။

မာရှယ်လ်က သူ ဟျူဂိုကို ရောက်စက မျက်နှာဖြူတွေက သူ့ကို ဝိုင်းရိုက်မှာကို ကြောက်ခဲ့မိတယ်လို့လည်း ပြောခဲ့တယ်။ ဒါပေမဲ့ အမှုစစ်နေတဲ့ကြားက လိုင်းရင်းစ်ကို အပြစ်စီရင်ဖို့ ကြာနေတာ မသင်္ကာစရာအကြောင်းတစ်ခုခုတော့ ရှိမှာပဲလို့ သေဆုံးသွားသူ အမျိုးသမီးရဲ့ ဖခင်က နိဂုံးချုပ် ကောက်ချက်ချခဲ့ပုံကိုလည်း လူဖြူအချို့က သားဂွဒ် မာရှယ်လ်ကို ပြောပြခဲ့ကြတယ်လို့ သူက ပြန်ရေးခဲ့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် လိုင်းရင်းစ်ရဲ့အမှုဟာ သားဂွဒ် မာရှယ်လ် ကြိုးပမ်းဆောင်ရွက်ဖို့ အဓိဋ္ဌာန်ချမှတ်ထားတဲ့ အကြောင်းတွေကို အားလုံး ခြုံငုံမိစေခဲ့တယ်။ ဘာတွေလဲဆိုတော့---

– တန်ခိုးအာဏာရှိတဲ့ မျက်နှာဖြူ ရာဇဝတ်မှုကျူးလွန်သူတွေဟာ ဆင်းဆင်းရဲရဲ လူမည်းတွေအပေါ် သက်သက်သာသာနဲ့ အကွက်ဆင်နိုင်တာတွေ ရှိနေတယ်။

– ဆင်းရဲသားတွေနဲ့ လူနည်းစုတွေဘက်က ခုခံလိုက်ပေးမယ့် ရှေ့နေတွေ ပါးရှားနေတယ်။

– အာဏာ မရှိသူတွေကို စွဲချက်မတင်ဘဲ ရဲတွေနဲ့ အစိုးရရှေ့နေတွေက သူတို့လက်ထဲမှာ အကြာကြီး ထိန်းထားတဲ့ အလေ့အကျင့် ရှိနေတယ်။

– ဝန်ခံတဲ့ ဖြောင့်ချက်တွေ ရရှိအောင် ပြည်နယ်အုပ်ချုပ်ရေးမှူးရဲ့ အထူးစုံစမ်းစစ်ဆေးရေးမှူး ဗာနင် ချိုထ်ဝုဒ်လို အရာရှိတွေက ကပ္ပလီ ရိုက်တုတ်ကို အသုံးပြုနေကြတာ ရှိနေတယ်။

– လျှင်မြန်စွာ တရားရုံးတင် စစ်ဆေးမှုကို ငြင်းဆိုတာတွေရှိတယ်။ (အခု လိုင်းရင်းစ်ရဲ့အမှုမှာ တစ်နှစ်ကျော် အချိန်ဆွဲထားခဲ့တယ်။)

– တရားစီရင်မှုကဏ္ဍတွေမှာ လူမည်းများ တရားခံအနေနဲ့ပဲ ပါဝင်တာ တွေ့ ရှိနေရတယ်။

– အယူခံဝင်ရာမှာ ငွေကြေးအကုန်အကျများပြီး အခက်အခဲ ရှိနေကြတယ်။

၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ တရားရုံးဂျူရီအဖွဲ့က လိုင်းရင်းစ်မှာ အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး ထောင်တစ်သက် အမိန့်ချမှတ်လိုက်တယ်။ ဒါပေမဲ့ လိုင်းရင်းစ်ကို အသနားခံစာ တင်နိုင်ခွင့်အတွက်လည်း ထောက်ခံချက် ပေးလိုက်တယ်။

အဲဒီစီရင်ချက်နဲ့ ပတ်သက်လို့ အဲန်အေအေစီပီရဲ့ ၁၉၄၁ ခုနှစ်၊ မတ်လထုတ် *ကရိုင်းဆစ်* စာစောင်မှာ အောက်ပါအတိုင်း ရေးသားဖော်ပြပါရှိခဲ့ပါတယ်။

"အိုကလာဟိုးမားရှိ မျက်နှာဖြူ ဂျူရီအဖွဲ့တစ်ဖွဲ့က လူမည်းတစ်ဦးကို မိသားစုတစ်စု သေနတ်ဖြင့် ပစ်သတ်မှု၊ သေသူများ၏ ကိုယ်ခန္ဓာများအား အပိုင်းပိုင်းအစစဖြစ်အောင် ပေါက်ဆိန်ဖြင့် ခုတ်ထစ်ပြီး အလောင်းများနှင့် အိမ်ကို မီးတင်ရှို့မှုအပြစ်များ ကျူးလွန်ကြောင်း တွေ့ရှိရသဖြင့် အပြစ်စီရင်ချက် ချခဲ့သော်လည်း အသနားခံခွင့်ကို ထောက်ခံခဲ့သည်။



မာတိကာသို့ ▶▶

တစ်စုံတစ်ရာတော့ မှားယွင်းနေလေပြီ”

လိုင်းရင်းစ်ရဲ့အမှုကို တရားသူကြီး သုံးဦးပါဝင်တဲ့ အိုကလာဟိုးမားပြည်နယ်၊ ရာဇဝတ်မှုဆိုင်ရာ အယူခံတရားရုံးရောက်ရင် လွတ်သွားမှာပဲလို့ ဒန်ဂျီးက ယုံကြည်ခဲ့တယ်။ အယူခံတရားရုံးရဲ့ သဘာပတိ တရားသူကြီး ဘတ် ဘဲဖွတ်ဆိုသူဟာ အမေရိကန်–အင်ဒီးရင်းတိုင်းရင်းသားအနွယ်ဖြစ်တဲ့ အပြင် လူမျိုးရေးတရားမျှတမှုကိုလည်း ထောက်ခံအားပေးသူဖြစ်တယ်။ သူနဲ့ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးလည်းဖြစ်တယ်ဆိုတဲ့ အချက်တွေကိုကြည့်ပြီး ဒန်ဂျီးက ယုံကြည်ခဲ့တာ ဖြစ်ပါတယ်။

သားဂွဒ် မာရှယ်လ်အနေနဲ့လည်း ချော့တောတရားရုံး ဂျူရီအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ပြင်ပေးလိမ့်မယ်လို့ ယုံကြည်ထားခဲ့တယ်။ အကြောင်းကတော့ လူတွေကို အတင်းအဓမ္မ အကျပ်ကိုင် ဝန်ခံချက်ပေးခိုင်းတဲ့အပေါ်မှာ မူတည်ပြီး စီရင်ချက်ချခြင်း၊ သေဒဏ်ပေးခြင်းတို့ကို အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်က ရှင်းရှင်းလင်းလင်း ထုတ်ဖော်အပြစ်တင်ပြောဆိုမှုတွေ ရှိခဲ့လို့ ဖြစ်ပါတယ်။

## ၁၉၄၃ ခုနှစ်၊ ဇွန်လ ၄ ရက် –

လိုင်းရင်းစ်ရဲ့ မေတ္တာရပ်ခံချက် အရ အမှုကို အိုကလာဟိုးမားပြည်နယ် ရာဇဝတ်မှုဆိုင်ရာ အယူခံတရားရုံး က ပြန်လည်ကြားနာ စစ်ဆေးရေးကိစ္စကို စဉ်းစားဆွေးနွေးခဲ့ကြပါတယ်။

## ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် –

အယူခံတရားရုံးက လိုင်းရင်းစ်ရဲ့ အယူခံလွှာကို ပယ်ချလိုက်တယ်။ တရားသူကြီး ဘဲဖွတ်က စာမျက်နှာ ၅၀ ပါတဲ့ အစီရင်ခံစာ ရေးသားပြီး တရားခံ လိုင်းရင်းစ်ဟာ အယ်လ်မာ ရော်ဂျားစ်နဲ့ ဇနီးတို့ကို တမင်ရည်ရွယ်ချက်နဲ့ ရက်ရက်စက်စက် လူမဆန်စွာ သတ်ဖြတ်ခဲ့တယ်လို့ အတည်ပြုမှတ်ချက်ပေးခဲ့တယ်။



မာတိကာသို့ ▶▶

ဘဲဖွတ်နဲ့ သဘောထားမတူခဲ့တဲ့ တရားသူကြီး သောမတ်စ် ဒွိုင်းလ်က သူ့သဘောထားကို ပြောပြခဲ့တယ်။ သူက "တရားဥပဒေဆို တာ ဖိနှိပ်မှုနဲ့ တုန့်ပြန်လက်စားချေမှုတို့ပြုလုပ်နိုင်ဖို့အတွက် ရေးဆွဲထား တဲ့ အမြန်ဆုံး အင်ဂျင်စက်တစ်ခု မဟုတ်ဘူး။ လူတွေကို တရားမျှတစွာ ခုံရုံးတင် ကြားနာစစ်ဆေးပြီးမှ အပြစ်ဒဏ်ချမှတ်ရေးအတွက် ရေးဆွဲထား တာဖြစ်တယ်"

"လိုင်းရင်းစ်ကို တရားဥပဒေနဲ့အညီ စစ်ဆေးမှု ပြုလုပ်ခဲ့တယ် လို့ ကျွန်တော် မယုံကြည်မိဘူး။ ရာဇဝတ်မှုနဲ့ စွပ်စွဲခြင်း ခံထားရသူ တစ် ဦးကို တရားဥပဒေက အာမခံချက်ပေးထားတဲ့ တရားမျှပသော၊ ဘက် မလိုက်သော စစ်ဆေးမှု ပြုလုပ်ခဲ့တယ်လို့ ကျွန်တော် မယုံကြည်ဘူး။ အမှုကို ပြန်လည်ကြားနာ စစ်ဆေးဖို့ တင်သွင်းတဲ့ အယူခံလွှာကို ခွင့်ပြု ခဲ့သင့်တယ်။ အမှုကို အသစ်တစ်ဖန် ပြန်လည်စစ်ဆေးခွင့် ပြုလုပ်စေဖို့ ရမန်ပေးခဲ့သင့်တယ်" လို့ ပြောခဲ့တယ်။

အဲဒီနေ့မှာပဲ ဒန်ဂျီးက လိုင်းရင်းစ်အမှုအတွက် အမေရိကန်ပြည် ထောင်စု တရားရုံးချုပ်မှာ အယူခံတင်မယ်။ သားဂွဒ် မာရှယ်လ်၊ အဲန် အေအေစီစီနဲ့ အမေရိကန်ပြည်သူ့လွတ်လပ်ခွင့်များသမဂ္ဂတို့ရဲ့ အကူအညီ နဲ့ ဆောင်ရွက်သွားမယ်လို့ ကြေညာခဲ့ပါတယ်။ တရားသူကြီး ဘဲဖွတ်က လည်း "မပူပါနဲ့၊ ပူစရာ မရှိပါဘူး။ ခင်ဗျားတို့ အယူခံလွှာ နိုင်မှာပါ" လို့ ဒန်ဂျီးကို တောင်းပန်တဲ့လေသံနဲ့ ပြောခဲ့တယ်။ အယူခံမှုမှာ အနိုင်ရလိမ့် မယ်လို့ သားဂွဒ် မာရှယ်လ်ကလည်း တွေးဆခဲ့မိတယ်။

၁၉၄၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှာ ပြည်ထောင်စု တရားရုံးချုပ် က စီရင်ချက်ချခဲ့တဲ့ *မက္ကနက်ဗ်နဲ့ အမေရိကန်ပြည်ထောင်စုအမှု* ဆုံးဖြတ် ချက်ဟာ သြဇာရှိလှပုံ၊ အားကောင်းလှပုံကို သားဂွဒ် သိထားတယ်။ အဲဒီ အမှုမှာ တရားသူကြီး ဖိလစ် ဖရဲန့်ဖတ်တားက လူနှစ်ဦးအပေါ်မှာ ချမှတ် ခဲ့တဲ့ အပြစ်ဒဏ်အစီရင်ခံချက်ကို ပယ်ဖျက်တဲ့ စီရင်ချက်ကိုရေးပေးခဲ့တယ်။ သူ့ရဲ့ စီရင်ခံချက်မှာ အဲဒီလူနှစ်ဦးကို ညဉ့်သန်းခေါင်ယံတိုင်အချိန်မှာ



မာတိကာသို့

ဖမ်းဆီးခဲ့ပြီး အချုပ်ခန်း ထဲမှာ ၁၄ နာရီလုံးလုံး ထည့်ထားခဲ့တယ်။ အဲဒီနောက် သူတို့နှစ်ဦးဟာ အရာရှိများစွာရဲ့ အလျှော့မပေးတဲ့ မေးမြန်းမှုတွေကို နှစ်ရက်ကြာ ခံခဲ့ရတယ်။ အဲဒီလို တရားဥပဒေကို ပြောင်ပြောင်တင်းတင်း မထီလေးစား ပြုပြီး မေးမြန်းခဲ့လို့ ရခဲ့တဲ့ အထောက်အထားတွေအပေါ်မှာ မူတည်ပြီး ချမှတ်ခဲ့တဲ့ စီရင်ချက်ကို အတည်ပြုပေးလို့ မရနိုင်ပါဘူးလို့ တရားသူကြီး ဖရဲန့်ဖတ်တားက နိဂုံးချုပ် မှတ်ချက်ချရေးသားခဲ့ပါတယ်။

လိုင်းရင်းစ်ရဲ့ အယူခံလွှာ တင်သွင်းမှုကို ၁၉၄၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှာ ပြည်ထောင်စု တရားရုံးချုပ်မှာ ကြားနာခဲ့ပါတယ်။ လိုင်းရင်းစ်ဘက်က သားဂွဒ် မာရှယ်လ်နဲ့အဖွဲ့က ရှေ့နေလိုက်ခဲ့တယ်။ အစိုးရဘက်က အိုကလာဟိုးမားပြည်နယ် ရှေ့နေချုပ်နဲ့ လက်ထောက်များက လိုက်ပါခဲ့ကြတယ်။

၁၉၄၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ တရားရုံးချုပ်က လိုင်းရင်းစ်အပေါ် အပြစ်စီရင်မှုကို အတည်ပြုပေးလိုက်ပါတယ်။

တရားသူကြီး ဖရဲန့် မာဖီက တရားရုံးချုပ်ရဲ့ အဆုံးအဖြတ်ကို သဘောမတူခဲ့ဘူး။ "လူသတ်မှုနဲ့ စွပ်စွဲခြင်း ခံခဲ့ရတဲ့ အမေရိကန်နိုင်ငံသားတစ်ဦးအပေါ်မှာ ပြည်နယ်တစ်ခုက မထီလေးစား တစ်လွဲတစ်မှားပြုလုပ်ခဲ့တာကို အတည်ပြုမပေးသင့်ပါဘူး။ မလိုလားအပ်တဲ့ အစွန်းအထင်းတွေနဲ့ ငြိစွန်းပြီးမှ ရယူခဲ့တဲ့ ဖြောင့်ချက်ပေးမှုဟာ ပြင်ဆင်ချက် အပိုဒ် (၁၄)နဲ့ မညီညွတ်ပါဘူး။ ပြည်နယ်တစ်ခုသည် တရားခံတစ်ဦးအား သူ၏ဆန္ဒနှင့် ဆန့်ကျင်ပြီးပေးသော သက်သေအထောက်အထားတို့အပေါ်တွင် အခြေခံပြီး အပြစ်ဒဏ်စီရင်ချက် မချမှတ်ရဘူးလို့ ပြင်ဆင်ချက် အပိုဒ် (၁၄) က ဆိုထားပါတယ်" လို့ တင်ပြခဲ့ပါတယ်။ မာဖီရဲ့ အမြင်ကို တရားသူကြီး ဟျူဂို ဘလက်ခ်က သဘောတူခဲ့တယ်။ တရားသူကြီး ဝိုင်လီ ရပ်တ်လက်ချ်က သူ့သဘောနဲ့သူ ဆန့်ကျင်ခဲ့တယ်။

လိုင်းရင်းစ်ကတော့ ထောင်ထဲမှာ ဆက်နေသွားခဲ့ရတယ်။

လိုင်းရင်းစ်အပေါ် တရားစွဲခဲ့တဲ့ အဲဒီ သုံးလောင်းပြိုင်လူသတ်မှုမှာ ရှုံးခဲ့ရတဲ့အတွက် သားဂွဒ် မာရှယ်လ်ရဲ့ရင်ထဲမှာ နာကျင်စွာ ခံစားခဲ့ရတယ်။ ဘော်လ်တီမောက ဆင်းဆင်းရဲရဲလူငယ်ရှေ့နေလေးတစ်ဦးကိုတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ခုံခုံညားညား အသုံးပြုတတ်သူတစ်ဦးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ပါတယ်။ *လိုင်းရင်းစ်အမှု*က အမေရိကန် တရားစီရင်မှု စနစ်တစ်ခုလုံးဟာ မျက်နှာဖြူမဟုတ်သူတွေ၊ အားနည်းသူတွေ၊ ဆင်းရဲသားတွေကို မျက်နှာသာ မပေးတဲ့ ဆန့်ကျင်မှု အခြေအနေမှာ ရှိနေတယ်ဆိုတဲ့ သင်ခန်းစာတစ်ခုကို သားဂွဒ် မာရှယ်လ် ရလိုက်တယ်။

*လိုင်းရင်းစ်အမှု*က သားဂွဒ် မာရှယ်လ်ကို ရုပ်လုံးဖော်ထုတ်ပေးခဲ့တာ တစ်ခုလည်း ရှိသေးတယ်။ အစိုးရကို အကာအကွယ်ယူထားတဲ့ အင်အားကောင်းတဲ့ လူလိမ်လူကောက်တွေဟာ ဆင်းရဲတဲ့ ကြက်သူခိုးတစ်ဦးကိုလည်း ဓားစာခံအနေနဲ့ ထောင်ထဲရောက်အောင် ပို့ပေးနိုင်တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ပြီးတော့ မကောင်းမှု ဒုစရိုက်ဂိုဏ်းတွေက တရားစီရင်မှုစနစ် လောကတွင်းကို ထိုးဖောက်ဝင်လာတဲ့အခါမှာ ဘယ်တရားသူကြီး၊ ဘယ်တရားခံမှ ဘဲဖွတ်လို တရားသူကြီးမျိုးနဲ့ ပုဂ္ဂိုလ်ရေးခင်မင်မှု အပေါ်မှာ မှီခိုအားထားလို့ မရနိုင်ဘူး။ တရားရုံးချုပ် သို့မဟုတ် အယူခံတရားရုံး အဖွဲ့ဝင် တစ်ဦးဦးအပေါ်မှာမှ မှီခိုလို့ မရနိုင်ဘူးဆိုတာကိုလည်း မာရှယ်လ်ကို လက်တွေ့ပြသခဲ့တယ်။ သူတို့အားလုံးမှာ သူတို့ရဲ့ ကိုယ်ပိုင် လူမှုရေးနဲ့ နိုင်ငံရေးအစီအစဉ်တွေ ရှိနေခဲ့ကြပြီးဖြစ်တယ် မဟုတ်လား။

*လိုင်းရင်းစ်အမှု*က အမေရိကန် တရားစီရင်မှုစနစ်ရဲ့ အစစ်အမှန် အရုပ်ဆိုးတဲ့ အခြေအနေကို မာရှယ်လ်ရဲ့ခေါင်းထဲကို လွန်ပူနဲ့ ဖောက်သွင်းသလို သွင်းပေးခဲ့တယ်။ အမေရိကန် တရားစီရင်မှုစနစ်ဟာ ဂျာမနီ၊ အီတလီ၊ ဂျပန်နိုင်ငံတွေက စနစ်များနဲ့ နှိုင်းယှဉ်လိုက်ရင် သာပါတယ်လို့ ဘယ်လိုပဲ ချီးကျူးချီးကျူး အခုအထိ အဆိပ်အတောက် ဖြစ်နေမှုတွေ ရှိနေပါတယ်။ အဲဒါတွေကတော့ ရက်စက်ကြမ်းကြုတ်မှုတွေ၊ အဓမ္မ ဖြောင့်ချက် ပေးခိုင်းမှုတွေ၊ ပါတီနိုင်ငံရေးအကြွေးဆပ်ပေးနေတဲ့ တရားသူကြီးတွေ၊ ဆင်းရဲသားတွေ၊ အညတရတွေအဖို့ ရှေ့နေရှေ့ရပ်နဲ့



မာတိကာသို့ ▶▶

တိုင်ပင်နိုင်စွမ်း မပြုနိုင်မှုတွေ၊ လူမျိုးရေးနဲ့ နိုင်ငံရေးအရ ဘက်လိုက်ပြီး ပင်းနေတဲ့ ဂျူရီ လူကြီးတွေဆိုတဲ့ မတရားမှုတွေ ရှိနေတာ ဖြစ်ပါတယ်။

သားဂွဒ် မာရှယ်လ်ရဲ့ဘဝမှာ ရရှိခဲ့တဲ့ အောင်မြင်မှုစာရင်းထဲက အိုကလာဟိုးမားနဲ့ ပြည်ထောင်စု တရားရုံးချုပ်မှာ အရေးနိမ့်ခဲ့ရတဲ့ အမှုကို ထာဝရ ဖယ်ထုတ်ပစ်လိုက်ချင်စိတ် ရှိခဲ့တယ်။ *လိုင်းရှင်းစ်အမှု*က သားဂွဒ်ရဲ့ နှလုံးသားမှာ ဒဏ်ရာတစ်ခုလို ကျန်နေရစ်စေခဲ့ပါတယ်။ အဲဒီဒဏ်ရာကို ကုစားမှုတစ်ခု ပြုလုပ်တဲ့အနေနဲ့ ခရစ္စမတ်အချိန်အတော်များများမှာ လိုင်းရှင်းစ်ထံ ပိုက်ဆံ သုံးဒေါ်လာ၊ ငါးဒေါ်လာ စသည်ဖြင့် စာတိုက်က ပို့ပေးခဲ့တယ်။ လိုင်းရှင်းစ်အတွက် သကြားလုံးဖြစ်စေ၊ စီးကရက်ဖြစ်စေ၊ ဝယ်ဖို့ ဒါမှမဟုတ် အလိုအပ်ဆုံး တစ်ခုခုအတွက် သုံးဖို့ဆိုပြီး ပို့ခဲ့တာ ဖြစ်တယ်။

"လိုင်းရှင်းစ်မှာ အပြစ်မရှိဘူးလို့ ကျုပ် အခုအထိ ယုံကြည်နေတုန်းပဲဗျာ"

သားဂွဒ် မာရှယ်လ်က လွန်ခဲ့တဲ့ နှစ်အနည်းငယ်က အဲဒီစကားကို လေအေးအေးနဲ့ ပြောခဲ့ပါတယ်။ အိုကလာဟိုးမားပြည်နယ်မှာလည်း လူဖြူလူမည်း အတော်များများကလည်း သူ့လိုပဲ ယုံကြည်ခဲ့ကြသူတွေ ရှိပါတယ်။

လိုင်းရှင်းစ်ဟာ နှစ်ပေါင်းအစိတ် ထောင်ကျခဲ့ပြီးတဲ့နောက် ၁၉၆၅ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှာ အိုကလာဟိုးမားပြည်နယ် အုပ်ချုပ်ရေးမှူးရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးမှုကို ခံစားခဲ့ရပါတယ်။ ဒါပေမဲ့ မက် အလက်စတားထောင်ထဲက လိုင်းရှင်းစ်ထွက်လာတဲ့နောက်မှာ လိုင်းရှင်းစ်ကို သားဂွဒ် မတွေ့ခဲ့ရဘူး။ သူဘယ်လို ဖြစ်သွားသလဲဆိုတာကို သိတဲ့လူကိုလည်း တစ်ယောက်မှ မတွေ့ခဲ့ပါဘူး။



မာတိကာသို့ ▶▶

# အခန်း (၈)

# လူမျိုးရေးတိုက်ပွဲများ

သားဂွဒ် မာရှယ်လ်အဖို့ လိုင်းရင်းစ်ကို ခုခံကာကွယ်ပေးရင်း ရရှိခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေကို ပြန်စမ်းကြည့်ဖို့ အချိန်မရခဲ့ဘူး။ တရားရုံးချုပ်တရားသူကြီး စတဲန်လီ ရီးဒ် ဖတ်ပြခဲ့တဲ့ အဆုံးအဖြတ်ကို လက်ခံ မျိုချခဲ့ရရင်းနဲ့ သူ့အပေါ်မှာ လွှမ်းမိုးကျရောက်လာခဲ့တဲ့ တခြားပြဿနာတွေဘက် ကို ခြေဦးဆက်ပြီး လှည့်ခဲ့ရတယ်။

"ပြည်သူ့အခွင့်အရေး စစ်ပွဲတွေက စစ်မျက်နှာ တစ်ရာနဲ့ချီပြီး ပွက်လောရိုက်နေဆဲဖြစ်တော့ ကျုပ်မှာ လိုင်းရင်းစ်အမှုကို အစာကြေအောင် လုပ်ချိန်တောင် မရခဲ့ပါဘူး။ လူမည်းတွေကို လည်ပင်းကြိုးကွင်းစွပ်သတ်တဲ့ လည်စီးတပ်ပါတီပွဲတွေတော့ လျော့သွားခဲ့တာကို တွေ့ရတယ် (၁၉၄၃ ခုနှစ်မှာ လူမည်းတွေကို လည်ပင်းကြိုးကွင်းစွပ်သတ်ပွဲ သုံးခုပဲ ရှိခဲ့တယ်)။ ဒါပေမယ့် ဒီအရေးအတွက်က သမ္မတအိမ်ဖြူတော်၊ တရားရေးဌာနနဲ့



မာတိကာသို့

သန်းပေါင်းများစွာသော အမေရိကန်ပြည်သူတွေကို လှည့်ဖြားသလို ဖြစ်စေခဲ့တယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီကိန်းဂဏန်းက အမေရိကမှာ ဖြစ်နေတဲ့ လူမည်းများမုန်းတီးမှု အခြေအနေရဲ့ နက်ရှိုင်းမှုကို ရောင်ပြန်ဟပ်ပြနိုင်ခဲ့တာ မဟုတ်လို့ဖြစ်တယ်။ ဟုတ်ပါတယ်၊ လူမည်းတွေကို သစ်ပင်တွေပေါ်မှာ တွဲလောင်း ကြိုးဆွဲချသတ်ခဲ့တာတွေတော့ နည်းသွားတာ မှန်ပါရဲ့။ ဒါပေမဲ့ သူတို့ဟာ လူမည်းတွေကို တရားခုံရုံးတော်တွေအတွင်းမှာ လိုင်းရင်းစ်ကိုလုပ်ခဲ့သလို တရားဥပဒေဘောင်အတွင်းမှာ လည်း ပင်းကြိုးကွင်းစွပ်သတ်မှုတွေ လုပ်နေခဲ့ကြတယ်။ အင်မတန် နည်းလှတဲ့ တစ်ဦးတစ်လေကလွဲလို့ ရဲတွေဟာ လူမည်းဆန့်ကျင်ရေးသမားတွေ ဖြစ်ခဲ့ကြတယ်။ သူတို့ဟာ လူမည်းတရားခံတစ်ဦးကို ထောင်ချဖို့အတွက် လိမ်ပြီးရင်းလိမ်ရင်း ထပ်တလဲလဲ လိမ်ညာဖို့ ဝန်မလေးခဲ့ကြဘူး။ သာမန်တရားခံတစ်ဦးအဖို့ အရည်အချင်းရှိပြီး တော်တဲ့ရှေ့နေတစ်ယောက် ငှားနိုင်ဖို့ လုံးဝ အခွင့်အရေး မရှိခဲ့ဘူး။ တရားရုံးတွေမှာ တရားစီရင်မှုစနစ်ကြီးတစ်ခုလုံးက အာဖရိကအနွယ်ဖွား အမေရိကန်လူမည်းတွေ၊ လူနည်းစုတွေနဲ့ ဆင်းရဲတဲ့ မျက်နှာဖြူတွေအပေါ်မှာ ပုံဖိဖို့ ဖြစ်နေတယ်။ အဲဒီလို အနှိမ်ခံစာရင်းထဲမှာ မပါသူတွေကတော့ တရားသူကြီးတွေ၊ ကလပ်အသင်းတစ်ခုမှာ အတူတူ အသင်းသားတွေ ဖြစ်ကြတဲ့ ငွေကြေးချမ်းသာသူတွေနဲ့ ခေတ်ပေါ်ရှေ့နေ တွေနဲ့ သတင်းစာအယ်ဒီတာတွေသာ ဖြစ်ခဲ့ကြတယ်” ဟု သားဂွဒ် မာရှယ်လ်က ဆက်ပြောခဲ့သေးတယ်။

“အဲဒီအချိန်တွေတုန်းကဆိုရင် ကျုပ်မှာ ဒီးထရွိုက်မြို့ကြီးနဲ့ တခြားမြို့ကြီးတွေက အခြေအနေတွေကို တွေးပူပြီး ညညမှာ အိပ်မပျော်ခဲ့ဘူး။ အဲဒီမြို့ကြီးတွေမှာက စစ်ကြီးအတွက် အရေးပါတဲ့ စက်မှုလုပ်ငန်းတွေရှိတယ်။ ဒါပေမယ့် လူမည်းတွေကို စစ်အတွက် ပြင်ဆင်မှုအလုပ်အကိုင်တွေမှာ အလုပ်မပေးဘဲ ထားလိုတဲ့စိတ်က လူဖြူတွေမှာ ရှိနေတယ်။ သမ္မတ ရူစဗဲ့လ်ဒ်ရဲ့ ဉာဏ်ကြီးရှင်အဖွဲ့ကနေ အလုပ်သမားသမဂ္ဂတွေအထိ ဒီလိုစိတ်ထားမျိုး ရှိနေခဲ့တယ်။ အရေးပါတဲ့ အဲဒီလုပ်ငန်းတွေဟာ အချိန်မရွေး ပေါက်ကွဲနိုင်တဲ့ ယမ်းစနက်တံတွေလို ဖြစ်လာခဲ့တယ်။



မာတိကာသို့

"တစ်နေ့တခြား ကြီးထွားလာတဲ့ အခြေအနေတွေရဲ့ သဲလွန်စကို သမ္မတ ရုစဗဲ့လ်ဒ်က လုံးဝ မသိခဲ့တာ ဝမ်းနည်းကြေကွဲဖွယ်ရာ အကောင်းဆုံးဖြစ်ခဲ့တယ်။ ကျုပ်က အခြေအနေတွေကို ရှေ့နေချုပ်ကြီး ဖရန်ဆစ္စ ဘစ်ဒဲလ်ကို ကြိုးစားရှင်းပြခဲ့ပါတယ်။ ဒါပေမယ့် လူမည်းတွေရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေနဲ့ ဆက်စပ်တဲ့ ကိစ္စတစ်ခုဆိုရင် သူဟာ ဘယ်တော့မှ နားလည်နိုင်စွမ်း မရှိခဲ့ဘူး။

"အမေရိကရဲ့ စစ်ရေးပြင်ဆင်အားထုတ်မှုတွေမှာ လူမည်းတွေကို ခွဲခြားပြီး နှိမ်တဲ့ဝါဒကို ထိန်းသိမ်းကျင့်သုံးနေပုံဟာ ကိုယ်ကျင့်တရားနဲ့ မညီညွတ်ဘူး။ အဲဒီလိုလုပ်ခြင်းဟာ ဘုရားသခင်ရဲ့ အပြစ်ဒဏ်ခတ်မှုကို ဖိတ်ခေါ်ခြင်းသာဖြစ်တယ်လို့ ကျုပ်ရယ်၊ ဝေါ်လ်တာ ဝှိုက်ရယ်၊ ဝီလ်ကင်စ်ရယ်တို့က သမ္မတ ရုစဗဲ့လ်ဒ်၊ ဘစ်ဒဲလ်၊ စတင်ဆင်နဲ့ တခြားပုဂ္ဂိုလ်တွေကို နားဝင်လက်ခံအောင် တစ်ကြိမ် ကြိုးစားပြောခဲ့ကြဖူးပါတယ်။ အဲဒီလိုလဲ ပြောပြီးရော ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ဂျိုး လူဝီ ပြောခဲ့တဲ့ စကား တစ်ခွန်းက စစ်ရေးအတွက် လှုံ့ဆော်ကြော်ငြာပေးမှု ဖြစ်ခဲ့တာကို ကျုပ် တွေ့ခဲ့ရတယ်။ ဂျိုး လူဝီက 'ဘုရားသခင်က ကျွန်တော်တို့ဘက်က ရှိနေတဲ့အတွက် ဒီစစ်ပွဲမှာ ကျွန်တော်တို့ အနိုင်ရမှာပဲ' လို့ ပြောခဲ့ တယ်။"

သမ္မတကြီးကို နားဝင်အောင် မပြောနိုင်ပေမဲ့ သမ္မတကတော် အယ်လီနာ ရုစဗဲ့လ်ဒ်ကိုတော့ အစိုးရအနေနဲ့ အသားအရောင် ခွဲခြားမှု တစ်ခုလုပ်ဆောင်ရင် စစ်ကြောင့် ကြောက်လန့်စိတ်ဓာတ်ကျနေတဲ့ လူထုအတွင်းမှာ အခါတစ်ထောင်အထိ တိုးပွားနိုင်ကြောင်း နားလည်အောင် ပြောနိုင်ခဲ့တယ်။ မစ္စစ် ရုစဗဲ့လ်ဒ်က အခြေအနေမှန်ကို လက်ခံပါတယ်။ ပြည်သူ့ဝန်ထမ်းများအနေနဲ့ လူမျိုးရေးမုန်းတီးမှုကို မလျှော့ရင် "ဒီးထရွိုက်မြို့ကြီးမှာ ပေါက်ကွဲလိမ့်မည်" လို့ စစ်ရုံး ပြန်ကြားရေးဌာနက သတိပေးခဲ့တယ်။ ၁၉၄၂ ခုနှစ်၊ ဩဂုတ်လထုတ် လိုက်ဖ် မဂ္ဂဇင်းမှာလည်း "ဒီးထရွိုက်သည် ဒိုင်းနမိုင်းဗုံး" ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးကို စာမျက်နှာကိုးမျက်နှာ နေရာပေးပြီး ဖော်ပြခဲ့ပါတယ်။



မာတိကာသို့ ▶▶

အမေရိကဟာ စစ်ထဲမှာ မပါဘဲ တစ်နှစ်လောက် နေခဲ့တယ်။ ဒါပေမဲ့ အဲဒီကာလအတွင်းမှာ အဲန်အေအေစီပီရဲ့ ပန်ကြားတင်ပြခဲ့ချက်တွေဟာ အမှန်တရားသက်သေ ဖြစ်လာခဲ့တယ်။ လူမျိုးရေး ပေါက်ကွဲမှုတွေဟာ လော့စ်အဲန်ဂျလိစ်၊ ဘိုးမောင့် (တက္ကဆတ်စ်ပြည်နယ်)၊ မိုဘိုင်းလ် (အယ်လ်လာဘားမားပြည်နယ်)၊ နူး အခ် (နယူးဂျာစီပြည်နယ်)၊ အယ်လ်ပါးဆိုး (တက္ကဆတ်စ်ပြည်နယ်)၊ ဖီလာဒဲလ်ဖီးယားနဲ့ တခြားနေရာတွေမှာ ဖြစ်ပေါ်ခဲ့တယ်။

အခြေအနေတွေနဲ့ ပတ်သက်လို့ အမေရိကန်သမ္မတ ရုစဗဲ့လ်ဒ်ကို ဇနီးဖြစ်သူ အယ်လီနာက ဖိအားပေးပြောဆိုခဲ့ပေမယ့် မရခဲ့ဘူး။ ရုစဗဲ့လ်ဒ်ဟာ သူ့ပြဿနာများရဲ့ အကျဉ်းသမားအဖြစ် ဆက်လက်ရပ်တည်ခဲ့တယ်။ သူ့ရဲ့ စစ်ရေးကြိုးပမ်းမှုနဲ့ လူအင်အားစုဆောင်းမှုတွေမှာ ကွန်ဂရက်လွှတ်တော်မှာရှိတဲ့ တောင်ပိုင်းသား လူမျိုးရေးခွဲခြားမှုဝါဒီများရဲ့ လုံးဝကြိုးကိုင်မှုအောက်မှာ ရှိနေတတ်လို့ သမ္မတက ယုံကြည်ခဲ့တယ်။ အဲဒါကြောင့် လူမျိုးရေးဘေးအန္တရာယ်များ ကျရောက်နိုင်တယ်လို့ သတိပေးခဲ့တဲ့ လူမည်းများရဲ့ ပန်ကြားချက်တွေကို နားထောင်ဖို့ ရုစဗဲ့လ်ဒ်မှာ သတ္တိ မရှိခဲ့တာဖြစ်တယ်။

၁၉၄၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ သားဂွဒ် မာရှယ်လ်နဲ့ ဝေါလ်တာ ဝှိုက်တို့ထံ ဒီးထရွိုက်မြို့ အဲန်အေအေစီပီရုံး အဖွဲ့မှူး ဂလော့စတာ ကားရင့်ထံက တယ်လီဖုန်းတစ်ခု ဝင်လာခဲ့တယ်။ "ဒီမနက် (၁)နာရီလောက်က ဘဲလ်ကျွန်းမှာ အချင်းဖြစ်ပွားမှုတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီအရပ်မှာရှိတဲ့ ရေတပ် အခြေခံစခန်းက မျက်နှာဖြူရေတပ်သားတစ်ဦးက အချင်းဖြစ်ပွားမှုကို စတင်ခဲ့ပြီး လူမည်းကလေးငယ်တစ်ဦးကို ရေကန်ကြီးထဲ ပစ်ချခဲ့တယ်လို့ ကောလာဟလသတင်းဖြစ်ခဲ့တယ်" လို့ ကားရင့်က တယ်လီဖုန်းနဲ့ သတင်းပို့ခဲ့တယ်။ တစ်ချိန်တည်းမှာပဲ သတင်းစာတွေထဲမှာ အကြမ်းဖက်မှု စတင်ဖြစ်ပွားခဲ့ပုံကို ရှုထောင့်အမျိုးမျိုးနဲ့ ရေးသားခဲ့ကြပြီး လူပေါင်းများစွာ ဒဏ်ရာရမှုနဲ့ သေဆုံးမှုတွေ ဖြစ်ခဲ့တယ်လို့ ဖော်ပြခဲ့ကြတယ်။



မာတိကာသို့ ▶▶

ဝေါ်လ်တာ ဂိုက်ဟာ သမ္မတ ရုစဗဲ့လ်ဒ်ထံ ကြေးနန်းရိုက်ပြီး စစ်ရုံးပြန်ကြားရေးဌာနက အယ်လ်မာ ဒေးဗစ္စ်ကို မိတ္တူတစ်စောင် ပို့ခဲ့တယ်။ ကြေးနန်းထဲမှာ သမ္မတကြီးအနေနဲ့ တစ်နိုင်ငံလုံးသို့ မိန့်ခွန်းပြော ကြားပြီး "စစ်ပစ္စည်းထုတ်လုပ်မှုကို နှောင့်နှေးစေခြင်း၊ စိတ်ဓာတ်ရေးရာကို အားနည်းစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ လူနည်းစုကို ငြင်းပယ်ခြင်း၊ အထူးသဖြင့် လူမည်းများအား စစ်ရေးကြိုးပမ်းမှု လုပ်ငန်းများတွင် အခြား အမေရိကန်နိုင်ငံသားများနှင့် အခြေခံတန်းတူ ပါဝင်ခွင့် အခွင့်အရေးကို ငြင်းပယ်ခြင်းတို့ ဖြစ်စေမဲ့ တမင်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော် ထိုးနှက်မှုများ အဆုံးသတ်ရေးကို အမိန့်ထုတ်ပေးရန် သမ္မတအနေနဲ့ အဲဒီလို မဆောင် ရွက်ခဲ့ရင် ယခုလို ပေါက်ကွဲမှုများ ပိုမိုများပြားပြီး ပိုမိုပြင်းထန်လာ မယ်လို့မိမိတို့ ယုံကြည်တယ်" လို့ ဖော်ပြထားပါတယ်။

အဲဒီလို ကြေးနန်းပေးပို့ခဲ့ပြီးတဲ့နောက်တစ်နေ့မှာတော့ သမ္မတ ရုစဗဲ့လ်ဒ်က ဒီးထရွိုက်မှာ ပထမကမ္ဘာစစ်ကြီး ပြီးကတည်းက အဆိုးဝါး ဆုံး ဖြစ်ပေါ်ခဲ့တဲ့ လူမျိုးရေး မငြိမ်သက်မှုကို နှိမ်နင်းရေးအတွက် ပြည် ထောင်စုတပ်များ စေလွှတ်တဲ့အမိန့်ကို ထုတ်ပြန်ပေးခဲ့တယ်။ တကယ် တော့ ဂိုက်ရဲ့ ကြေးနန်းကြောင့် တပ်တွေ လွှတ်ပေးခဲ့တာ မဟုတ်ဘဲ မစ်ရှီ ဂင် အုပ်ချုပ်ရေးမှူးရဲ့ အရေးပေါ် မေတ္တာရပ်ခံချက်အရ စေလွှတ်ပေးခဲ့တာ ဖြစ်ခဲ့ပါတယ်။ တပ်တွေ မစေလွှတ်ခင်မှာ လူ ၂၅ ဦး သေဆုံးခဲ့ပြီး အဲဒီ အထဲမှာ ၂၃ ဦးက လူမည်းတွေဖြစ်ခဲ့တယ်။ လူ ပေါင်း ၇၀၀ ထိခိုက် ဒဏ်ရာရခဲ့ကြတယ်။ ဒီးထရွိုက်ဆေးရုံမှာ သွေးထွက်သံယို၊ ဒဏ်ရာရ လူမမာ ၄၂၂ ဦးနဲ့ ပြည့်လျှံထွက်သွားခဲ့တယ်။

ဝီလ်ကင်စ်က ဒီးထရွိုက်မြို့တော်ဝန် အက်ဒ်ဝပ် ဂျက်ဖရီးစ်ထံ ဒေါသအိုးပေါက်ကွဲတဲ့ ကြေးနန်းတစ်စောင် ပို့ခဲ့တယ်။ သူ့ရဲ့ကြေးနန်းမှာ "အေပီသတင်းဌာနရဲ့ စာရင်းပြုစုချက်အရ ဒီးထရွိုက်အဓိကရုဏ်းတွင် လူအများစုမှာ ဒီးထရွိုက်ရဲ၏ လက်ချက်ဖြင့် သေဆုံးခဲ့သည်။ ရဲက မျက်နှာဖြူတစ်ဦးကိုမှ သေနတ်ဖြင့် မပစ်ခဲ့။ ရဲက အဓိကရုဏ်းကို မနှိမ် နင်းဘဲ လူမည်းများကို တိုက်ခိုက်ခဲ့ပုံရသည်။ ဤသတ်ဖြတ်မှုများက ဥပဒေ



မာတိကာသို့

အရ ခန့်ထားသော ရဲအာဏာပိုင်များသည် ပြည်သူလူထုကို အကာအကွယ်ပေးသူများ မဟုတ်။ လူမည်းအမျိုးအနွယ်ကို အသက်အန္တရာယ်ပေးမည့် ရန်သူများသာဖြစ်ကြောင်း တစ်နိုင်ငံလုံးတွင် တုန်လှုပ်စေခဲ့ပြီး လူမည်း သန်း ၃၀ ကို သတိပေးခဲ့သည်" လို့ ဖော်ပြထားပါတယ်။

ဒီကြေးနန်းစာဟာ ဒီးထရွိုက်မြို့က မျက်နှာဖြူခေါင်းဆောင်တွေကို ထိခဲ့တယ်။ အဲဒီတုန်းက ခေါင်းဆောင်အားလုံးကလည်း မျက်နှာဖြူတွေချည်းဖြစ်တော့ ဘယ်မျက်နှာဖြူမှ မခံနိုင်တဲ့ လူမည်းတစ်ယောက်ရဲ့ စော်ကားမှုလို ဖြစ်ခဲ့တယ်။

ဒီးထရွိုက်ဟာ လူမျိုးရေးမုန်းတီးမှု ပြင်းထန်တဲ့ မကောင်းသော ဒေသဖြစ်နေတာ အတော်ကြာခဲ့ပြီ။ ၁၉၄၂ ခုနှစ်က လူမည်းတွေက ဆိုဂျွန်းနား လူနေအိမ်ရာစခန်းကို အတင်းဝင်နေဖို့ ကြိုးစားခဲ့ရာမှာ အပြန်အလှန် မီးရှို့မှုတွေ ဖြစ်ခဲ့တယ်။ လူဖြူလူမည်း ရန်းရင်းဆန်ခတ်ဖြစ်ပြီး အတော်များများ ထိခိုက်ဒဏ်ရာရခဲ့တာကို သတင်းစာတွေက ထောက်ပြပြီး ကူရေးခဲ့ကြတယ်။ ဘဲလ်ကျွန်းအမှု မဖြစ်ခင် တစ်လကလည်း ပစ်ကပ်မော်တော်ကားစက်ရုံမှာ လူဖြူ ၂၀,၀၀၀ ဟာ သပိတ်မှောက်ခဲ့ကြတယ်။ လူမည်း သုံးဦးကို ရာထူးတိုးပေးခဲ့မှုကို အကြောင်းပြုပြီး လူဖြူတွေက သပိတ် မှောက်ခဲ့ကြတာဖြစ်တယ်။ လူမည်းတွေကို ဒီးထရွိုက်မှာရှိတဲ့ မော်တော် ကားထုတ်လုပ်တဲ့ စက်ရုံတွေနဲ့ တခြားအလုပ်တွေမှာ အလုပ်မပေးနိုင်အောင် စည်းရုံးကြိုးပမ်း ဆောင်ရွက်ခဲ့မှုတွေထဲမှာ ပထမဆုံးအကြိမ် ဖြစ်ခဲ့တယ်။

စစ်ပစ္စည်းထုတ်လုပ်ရေးဘုတ်အဖွဲ့ဟာ အထိတ်တလန့် ဖြစ်ခဲ့ရတယ်။ ဒီးထရွိုက်မှာ ရန်းရင်းဆန်ခတ်ဖြစ်မှုတွေကြောင့် စစ်ပစ္စည်းထုတ်လုပ်မှုတွေမှာ နာရီပေါင်း တစ်သန်း ဆုံးရှုံးနစ်နာခဲ့တယ်လို့ ဘုတ်အဖွဲ့ရဲ့ ဒုတိယဥက္ကဋ္ဌ ဂျိုးဇက် ကီးနင်က ဇွန်လ ၂၅ ရက်နေ့မှာ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ဒီးထရွိုက်မှာ အကြမ်းဖက်မှုတွေဟာ ကူး ကလပ်စ် ကလန်တွေ



မာတိကာသို့

ပြန်လည်မွေးဖွားလာခြင်းဖြစ်လို့ ထည့်တွက်ရမယ့် ဘေးအန္တရာယ်တစ်ခု ဖြစ်တယ်လို့ နယူးယောက်မြို့က ဂျူးဘုရားရှိခိုးကျောင်းတစ်ခုရဲ့ ဘာသာရေးခေါင်းဆောင်တစ်ဦးက မြင်ခဲ့တယ်။ သူ့ရဲ့ တရားဟော ပြောမှုတစ်ခုမှာ "ကျွန်ုပ်တို့၏ ပြည်ထောင်စု၊ ပြည်နယ်အစိုးရနဲ့ မြူနီစီပယ် အာဏာပိုင်များသည် ပင်လယ်ရပ်ခြားဒေသတွေမှာ စစ်ရေးအတွက် လိုအပ်တဲ့ ပစ္စည်းတွေအတွက် လူအား ငွေအားနဲ့ လုပ်ဆောင်မှုတွေမှာ အားထည့်ခဲ့တဲ့အတိုင်း ပြည်တွင်းပြဿနာမှာလည်း တန်းတူ အားစိုက်ထုတ်မှု ပြုလုပ်မယ်ဆိုရင် ကျွန်ုပ်တို့၏ ပြည်တွင်းရေးဒုက္ခသုက္ခများကို ဖြေရှင်းနိုင်မှာဖြစ်တယ်" လို့ ပြောဆိုခဲ့တယ်။

အဲဒီဟောပြောချက်ဟာ ရဟူဒီဂိုဏ်းဝင်များလောကမှာ ဂယက်ထသွားခဲ့တယ်။ အဲဒီအချိန်မှာပဲ ဒီးထရွိုက်က အစိုးရတရားလိုတစ်ဦးဖြစ်တဲ့ ဝီလျံ ဒိုးလင်းက အဓိကရုဏ်းဖြစ်မှုတွေအတွက် လူမည်းသတင်းစာတွေနဲ့ အဲန်အေအေစီပီတို့မှာ တာဝန်ရှိတယ်လို့ စွပ်စွဲပြောဆိုလိုက်ပါတယ်။ *မစ်ရှီဂင် ကရွန်နီကာ*းလ် သတင်းစာရဲ့ အယ်ဒီတာ လူးဝစ္စ မာတင်ဟာ စိတ်ဝမ်းကွဲမှုတွေဖြစ်အောင် အဓိက သွေးထိုးလှုံ့ဆော်ပေးသူဖြစ်တယ်လို့ သူက စွပ်စွဲခဲ့တယ်။ (အဲဒီပုဂ္ဂိုလ်ဟာ နောင်အခါမှာ သမ္မတ ဂျွန် အက်ဖ် ကနေဒီ ရဲ့ ဩဇာရှိ လက်ရုံးတစ်ဦးနဲ့ အမေရိကန် ပြည်သူ့အချစ်တော် တစ်ဦး ဖြစ်လာသူ လူးဝစ္စ မာတင်ပဲ ဖြစ်ပါတယ်။)

ဒီးထရွိုက် ရဲမင်းကြီး ဂျွန် ဝစ်သားစလွန်းကလည်း ဒိုးလင်းရဲ့ ပြောချက်ကို လူသိရှင်ကြား ထောက်ခံခဲ့တယ်။ ပြီးတော့ ဝေါ်လ်တာ ဝိုက်ထံကိုလည်း ဆော်စာတစ်စောင် ရေးပို့ခဲ့တယ်။ သူ့စာမှာ "အဲန်အေအေစီပီက တာဝန်ခံပုဂ္ဂိုလ်များဟာ ရဲအရာရှိတွေအပိုင်းက မသင့်တော်သော အပြုအမူများကို ပြုလုပ်ခဲ့တယ်လို့ စွပ်စွဲခဲ့ကြတဲ့အတိုင်း သူတို့ကိုယ်စား ပြုတဲ့ လူတွေ (လူမည်းများ) ကို တရားဥပဒေနဲ့ စည်းကမ်းကို လေးစားရေး အပိုင်းအတွက် ပညာပေးရေးကို အချိန်ပေးလုပ်ဆောင်ကြမယ်ဆိုရင် အဲဒီ အဖွဲ့ကြီးဟာ ထိခိုက်နစ်နာမှု ဖြစ်စေတာထက် အကူအညီ ပိုပြီး ရစေလိမ့်မယ်" လို့ ရေးခဲ့ပါတယ်။



မာတိကာသို့

အဲဒီစာကြောင့် သားဂွဒ် မာရှယ်လ်ဟာ အရမ်း ဒေါပွ ခဲ့မိတယ်။ ဒီးထရွိုက်မှာ ဝေါလ်တာ ရိုက်နဲ့ လက်တွဲဆောင်ရွက်ဖို့လည်း သားဂွဒ် ဆုံးဖြတ်ချက် ချလိုက်တယ်။ ဇူလိုင်လမှာတော့ သူတို့နှစ်ယောက် ပေါင်းပြီး ဒီးထရွိုက် အဓိကရုဏ်း ဘာ့ကြောင့် ဖြစ်ခဲ့ရသလဲဆိုတဲ့ ကိုယ်ပိုင်မှတ်တမ်း အထောက်အထားတစ်စောင်ကို ရေးသားခဲ့ကြတယ်။ ရိုက်က လူမည်းတွေ ရွှေ့ပြောင်းနေထိုင်မှု၊ အလုပ်အင်အား၊ လူမည်းများ နေထိုင်မှုအတွက် အိုး အိမ်အခြေအနေ ဆိုးဝါးမှု၊ အလုပ်သမားသမဂ္ဂများရဲ့ အခန်းကဏ္ဍများ အကြောင်း လူမှုရေးစစ်တမ်းရှည်ကြီးတစ်စောင် ရေးသားပြီး အရာရာကို ကုစားရန်အတွက် အသေးစိတ် အစီအစဉ်တစ်ခုကိုလည်း သမ္မတရုစဗဲ့လ်ဒ်ထံ ကမ်းလှမ်းလိုက်တယ်။ သားဂွဒ် မာရှယ်ကလည်း ထုံးစံအတိုင်း ပြတ်ပြတ် တုံးတိတိ ရေးပြခဲ့တယ်လေ။

သားဂွဒ် မာရှယ်လ်ရဲ့စာမှာ---

"ယခုနှစ် ဇွန်လတွင် ဖြစ်ပွားခဲ့သော အဓိကရုဏ်းများတွင် ဒီးထရွိုက် ရဲအဖွဲ့သည် လုပ်နေကြပုံစံအတိုင်း လုပ်ခဲ့သည်။ ဒီးထရွိုက် ရဲအဖွဲ့သည် တရားဥပဒေကို မညီမမျှ အားသုံးခဲ့ပြန်သောကြောင့် အဓိ ကရုဏ်းများ ပေါ်ပေါက်ကာ ပြဿနာတက်ခဲ့ရခြင်းဖြစ်သည်။ ရဲအဖွဲ့သည် မျက်နှာဖြူ အကြမ်းဖက်သမားများအား ခိုင်မာစွာ အရေးယူရမည့်အစား ဖျောင်းဖျခြင်းကို အသုံးပြုခဲ့ကြသည်။ လူမည်းများအပေါ်တွင်မူ အပြည့်အဝ အကြမ်းဖက်အားကို အသုံးပြုခဲ့ကြသည်။ ညဉ့်ရိုက်တုတ်များ၊ ခြောက်လုံး ပြူးများ၊ အဓိကရုဏ်း နှိမ်နင်းရေးသေနတ်များ၊ စက်သေနတ်များ၊ ဒရယ် ပစ် သေနတ်များကို အသုံးပြုခဲ့ကြသည်။ ထိုသို့ ပြုလုပ်ခဲ့ခြင်း၏ ရလဒ် အဖြစ် သေဆုံးသူ ၃၄ ဦးအနက် ၂၅ ဦးမှာ လူမည်းများ ဖြစ်ခဲ့သည်။ သေဆုံးခဲ့သူ လူမည်း ၂၅ ဦးအနက် ၁၇ ဦးမှာ ရဲ၏ပစ်သတ်မှုကြောင့် သေခဲ့ကြရသည်။ သေဆုံးသူ လူမည်းဦးရေအချိုးအစား များပြားခဲ့ခြင်းမှာ ဟေးစတင်းလမ်းမကြီးပေါ်မှ စတိုးဆိုင်များကို လုယူခဲ့သည့် ရာဇဝတ် ပြစ်မှုများကို ကျူးလွန်ခဲ့ချိန်၌ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ရဲဌာနက ဆင်ခြေ ပေးခဲ့သည်။ ဟေးစတင်းလမ်းမကြီးပေါ်တွင် လူမည်းအချို့ လုယက်



မာတိကာသို့

ခဲ့ကြသည်မှာ မှန်ပါသည်။ ထို့အတူပင် မျက်နှာဖြူများသည်လည်း ဝဒ်ဝပ် ရိပ်သာ၌ မော်တော်ကားများကို မှောက်လှန်ပြီး မီးရှို့ခဲ့ကြသည်။ ဤသည်မှာ တမင် မီးရှို့မှုပင်ဖြစ်သည်။ အခြားမျက်နှာဖြူများက လူမည်းများအား သံပိုက်လုံးများ၊ တင်းပုတ်များ၊ ကျောက်ခဲများတို့ဖြင့် ရိုက်နှက်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ ဤသည်မှာ ရာဇဝတ်မှုကျူးလွန်သော တိုက်ခိုက်မှုပင် ဖြစ် သည်။ လူမည်းများစွာတို့ ဓားဖြင့် အထိုးခံခဲ့ကြရသည်။ ဤသည်မှာ သေစေလိုသော ဆန္ဒဖြင့် တိုက်ခိုက်မှုပင်ဖြစ်သည်”

အဲဒီလို ပြောင် ရဲရဲတင်းတင်းနဲ့ လိုက်လိုက်လျောလျော မရှိဘဲ ရေးသားခဲ့တဲ့ အသုံးအနှုန်းဟာ သားဂွဒ် မာရှယ်လ်ရဲ့ စိတ်ဓာတ်ကိုအဓိပ္ပာယ် ဖွင့်ဆိုချက်ပဲဖြစ်တယ်။ ဒီးထရွိုက် အဓိကရုဏ်းများနဲ့ လိုင်းရင်းစ်အမှု ဆုံးရှုံးခဲ့ခြင်းတို့က အမေရိကန် တရားစီရင်မှုစနစ်အပေါ်မှာ သားဂွဒ် မာရှယ်လ် အပြင်းအထန် ဒေါသထွက်စေခဲ့တယ်။ အမေရိကန် တရားစီရင်မှုစနစ်ဟာ အာဏာနဲ့ အခွင့်အရေးရရှိမှုရဲ့ ပြင်ပမှာ နေထိုင်ကြတဲ့ လူနည်းစုနဲ့ ဆင်းရဲသားတွေအပေါ်မှာ ပိုပြီး ဖိတဲ့စနစ် ဖြစ်နေခဲ့လို့ပဲ။

အဲဒီတုန်းက ကမ္ဘာစစ်ကြီးရဲ့ ဖြစ်နေခဲ့တဲ့ အခြေအနေကိုလည်း သားဂွဒ်က ပြန်လည်သုံးသပ်ပြခဲ့တယ်။

“စစ်ဆိုတာကြီးကလည်း နေရာတိုင်းနဲ့ အချိန်တိုင်းမှာ ငရဲလိုပါပဲ။ ဒါပေမဲ့ လွတ်လပ်မှုဆိုတာ ဘာမှန်း မသိကြသူတွေအတွက် လွတ်လပ်မှု အတွက် မတိုက်မနေရ တိုက်ပေးခဲ့ကြရတာကတော့ တကယ့် ငရဲပြည်နဲ့ တူခဲ့တယ်။ လွတ်လပ်မှုဆိုတာ ဘာမှန်း မသိဘဲနဲ့ အသက်ပေးသွားကြမယ့် သူတွေလည်း ထောင်နဲ့သောင်းနဲ့ချီ ရှိနေတယ်။ ဒါပေမဲ့ ကျုပ်ကတော့ စစ်ဆန့်ကျင်ရေးသမား မဟုတ်ဘူး။ စစ်တိုက်တာကို ဘာသာရေးအရ ကန့်ကွက်တယ်လို့ ဟန်ဆောင်ပြောတတ်သူလည်း မဟုတ်ခဲ့ဘူး။ တိုက်ခိုက်တာဟာ ကျုပ်အတွက် မဆန်းပါဘူး။ ကပ္ပလီလို့ခေါ်သံ စကားတစ်လုံး ကြားလိုက်ရတာနဲ့ ကျုပ်က မျက်နှာဖြူတွေနဲ့ တိုက်ပွဲဆင်နွှဲနေခဲ့သူပဲ”

“ဝေါလ်တာ ပိုက်နဲ့ ရှိုင် ဝီလ်ကင်းစ်တို့က ကျုပ်ကို စစ်ထဲ ဆွဲ



မာတိကာသို့ ▶▶

ခေါ်သွားမှာကို ကြောက်ခဲ့ကြတယ်။ ကျုပ်ကတော့ မကြောက်ခဲ့မိပါဘူး။ စစ်သားစုဆောင်းရေး ဘုတ်အဖွဲ့ကလည်း ကျုပ်အကြောင်းကို ကျုပ်မိန်းမ ဘတ်စ်တာထက်တောင် ပိုပြီး သိခဲ့ပုံရတယ်။ စစ်တပ်ထဲမှာ ငြိုဟ်မွေမယ့် ရှေ့နေတစ်ယောက်ကို မလိုအပ်ဘူးလို့ သူတို့ တိတ်တိတ်လေး တိုင်ပင်ခဲ့ကြသလား မသိဘူး။ ကျုပ်ကို စစ်ထဲလိုက်ဖို့ တစ်ခါမှ လာအခေါ် မခံခဲ့ရဘူး။ ဒါပေမယ့် ကျုပ်ဟာ နှလုံးသားနဲ့ စိတ်ဓါတ်အရ စစ်တပ်ထဲမှာ ရှိနေတယ်လို့ နေ့တိုင်း သိထားခဲ့မိတယ်။ လူမည်းစစ်သားတွေဆီကနဲ့ သူတို့နဲ့ ဇနီးတွေ၊ မိဘတွေ၊ ရည်းစားတွေ၊ တယ်လီဖုန်းနဲ့ ကြေးနန်းတွေ တသီကြီးကို ကျုပ် ရရှိခဲ့လို့ဖြစ်တယ်။ အခြေခံစစ်စခန်းတွေနဲ့ စခန်းရဲ့ အပြင်ဘက်တွေမှာ လူမျိုးရေးအကြောင်းပြချက်တွေနဲ့ လူမည်းတွေကို အပြစ်ပေးခဲ့တာတွေ၊ တပ်က ထုတ်ပစ်ခဲ့တာတွေ၊ တခြားနည်းလမ်းတွေနဲ့ နှိပ်စက်ခဲ့ကြတာတွေ---အဲဒါတွေနဲ့ ပတ်သက်တဲ့ တစ်ယူသန်၊ တဇောက် ကန်းလုပ်ခဲ့ကြတဲ့ နှလုံးတုန် ရင်နင့်ဖွယ်ရာ ဇာတ်လမ်းတချို့ကို ကျုပ် ကြားသိခဲ့ရတာတွေရှိခဲ့တယ်။ အဲဒီတော့ ကျုပ်ထက်ပိုပြီး ဘယ်သူမှ ဒီတိုက်ပွဲထဲကို ပိုမရောက်ခဲ့ကြဘူးဗျ"

၁၉၄၅ ခုနှစ်ဟာ ကံကြမ္မာငြိုဟ်ဆိုးငင်တဲ့နှစ် ဖြစ်ခဲ့တယ်။ ဒုတိယ ကမ္ဘာစစ်ကြီးရဲ့ သွေးထွက်သံယိုမှုဟာ အဏုမြူဗုံး ကြဲခဲ့တဲ့အထိ အထွတ် အထိပ်အထိ ရောက်သွားခဲ့တယ်။ အမေရိကန်သမ္မတ ရူစဗဲ့လ်ဒ်ဟာ ဧပြီလမှာ ဦးနှောက်သွေးကြောပြတ်ပြီး ကွယ်လွန်ခဲ့တယ်။ ဧပြီလအတွင်း မှာပဲ အီတလီအာဏာရှင် ဘင်နီတို မူဆိုလိုနီဟာ ဆွစ်ဇာလန်နိုင်ငံကို ထွက်ပြေးဖို့ ကြိုးစားရာမှာ ဖမ်းမိပြီး အကွပ်မျက်ခံခဲ့ရတယ်။ နောက် နှစ်ရက်အကြာမှာ ဂျာမနီနာဇီခေါင်းဆောင် ဟစ်တလာဟာ သူ့ကိုယ်သူ သတ် သေခဲ့တယ်။ နာဇီဝါဒီ ဂျိုးဇက် ဂိုးဘဲလ်ဟာလည်း သူ့ဇနီးနဲ့ သားသမီး တွေကို အဆိပ်ခပ်သတ်ပြီး သူ့ကိုယ်သူလည်း အဆုံးစီရင်ခဲ့တယ်။ အမေရိကန်သမ္မတ ထရူးမင်းက ဩဂုတ်လ ၆ ရက်နေ့မှာ ဟီရိုရှီးမားနဲ့ ဩဂုတ်လ ၉ ရက်နေ့မှာ နာဂါစားကီးမြို့ကြီးတွေပေါ်မှာ အဏုမြူဗုံးချဖို့ အမိန့်ပေးခဲ့တယ်။ စစ်ပွဲအားလုံးကို အဆုံးသတ်စေမယ့်စစ်ပွဲလို့ ခေါ်ဆိုခဲ့



မာတိကာသို့

ကြတဲ့စစ်ပွဲက အမေရိကန်နိုင်ငံမှာ လူမည်းတွေကို လူဖြူတွေနဲ့ တရားဝင် တန်းတူ အခွင့်အရေးတွေ မြှင့်တင်ပေးမယ့် ခေတ်တစ်ခေတ်ကို စတင်ဖွင့် လှစ်ပေးခဲ့ပြီလို့လည်း သားဂွဒ် မာရှယ်လ်က ရှုမြင်ခဲ့တယ်။

မာရှယ်လ်က သူတွေးခဲ့ပုံကို ပြန်ပြောပြခဲ့တယ်။

"ဒုတိယကမ္ဘာစစ်ကြီးမှာ လူမည်းတွေနဲ့ ဂျပန်(အမေရိကန်) လူမျိုးတွေရဲ့ ရဲစွမ်းသတ္တိနဲ့ မျိုးချစ်စိတ်ဓာတ်တွေကို ကျုပ်လေ့လာ ကြည့်ခဲ့တယ်။ အမေရိကန်လူဖြူတွေဟာ လူမည်းတွေကို ကျွန်တစ်ပိုင်း လို ဆက်ပြီး ဆက်ဆံကြလိမ့်ဦးမယ်လို့ ကျုပ်မထင်ခဲ့တော့ဘူး။ လူမည်း တွေဟာ သူတို့ကို လက်မခံလိုတဲ့ လေတပ်မှာ တိုက်လေယာဉ်တွေ မောင်းရင်း အသက်ပေးခဲ့ကြတယ်။ ဂျပန်လူငယ်တွေဟာလည်း သူတို့ မိဘနဲ့ ဆွေမျိုးတွေဟာ ကျုပ် တို့ရဲ့ သုံ့ပန်းစခန်း၊ သံဆူးကြိုးဝိုင်း အတွင်းမှာ ရောက်နေတဲ့ကြားက ရဲဝံ့စွာ အသေခံတိုက်ခဲ့ကြတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးရင်တော့ အရာရာမှာ ထိန်းချုပ်ကြီးစိုးနေတဲ့ အမေ ရိကန်မျက်နှာဖြူတွေဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ ပြင်ဆင်မှု(၁၃)၊ (၁၄)၊ (၁၅) နဲ့ စစ်အပြီးမှာ အတည်ပြု ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေကို လေးစား လိုက်နာလာကြလိမ့်မယ်လို့ ကျုပ်ထင်ပြီး အလောင်းအစားလုပ်ရဲတယ်ဗျ။ ကျုပ်တို့ နိုင်ငံမှာ ပြည်သူ့အခွင့်အရေး ကိစ္စတွေနဲ့ စပ်လျဉ်းလို့ လူမည်း တွေကို လူဖြူတွေနဲ့ တစ်တန်းစားတည်း ထားပေးလာလိမ့်မယ်လို့ ကျုပ်ထင်ခဲ့မိတယ်"

ဒါပေမယ့် မာရှယ်လ်ရဲ့ အိပ်မက်တွေကို တကယ့်အဖြစ်အပျက် တွေက ချေဖျက်ပစ်ခဲ့တယ်။ စစ်ကြီးက ပြန်လာတဲ့ လူမည်းစစ်သားတွေကို "ကပ္ပလီတို့ ကိုယ့်နေရာ ကိုယ်ပြန်သွားကြ" ဆိုတဲ့ အဖြစ်တွေကို ကြုံတွေ့ ခဲ့ရလို့ ဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ်ကုန်ဆုံးတဲ့အချိန်မှာ သားဂွဒ် မာရှယ်လ် ဟာ အလွန်စိတ်ဆိုးတဲ့ ဒေါသအိုးကြီးတစ်ယောက် ဖြစ်လာခဲ့ပါတော့ တယ်။

လူမည်းတွေရဲ့ တရားဝင် အဆင့်အတန်းအနေအထားကို စစ်တပ်၊

တရားရုံးများ၊ ပြည်နယ်တရာလွှတ်တော်များနဲ့ သမ္မတအိမ်ဖြူတော်က အစဘောကို တွန်းထုတ်ခံရတာကို သားဂွဒ် မာရှယ်လ် တွေ့မြင်ခဲ့ရတယ်။ သူတို့ကို အတင်း ကျွန်လုပ်ခိုင်းခဲ့တုန်းက အနေအထားက တစ်ရွေးသားမှ လျော့မသွားခဲ့သလိုပဲ ရှိခဲ့တယ်။ လူမည်းတွေဟာ လူမျိုးရေး ခွဲခြားမှုနဲ့ အသရေဖျက် ချိုးနှိမ်မှုတို့ကို ကျောင်းများ၊ တက္ကသိုလ်များမှာ ခံခဲ့ရသလို ဘတ်စ်ကားများနဲ့ ဓါတ်ရထားတွေထဲမှာလည်း ခံခဲ့ကြရတယ်။ အလုပ်ခွင်များ၊ စားသောက်ဆိုင်များနဲ့ ဟိုတယ်များမှာလည်း သူတို့ကို အာဖရိက သွေးပါသူတွေအဖြစ် အမေရိကန် မျက်နှာဖြူများရဲ့ မျက်မှောင်ကြုတ်ပြီး အကြည့်ခံခဲ့ကြရပုံကိုလည်း သားဂွဒ် တွေ့ရှိခဲ့ရတယ်။

လူမည်းတွေရဲ့ ငြိမ်ခံမှု၊ တရားဥပဒေနဲ့အညီ ဆန့်ကျင်တော်လှန်လိုစိတ် မရှိမှုတွေကို တွေ့မြင်ခဲ့ရတဲ့ သားဂွဒ် မာရှယ်လ်ဟာ အတော်အထိန်တလန့် ဖြစ်ခဲ့မိတယ်။ အထူးသဖြင့် လူမည်းများရဲ့ သားသမီးများရဲ့ အနာဂတ်အိပ်မက်ဆန္ဒတွေနဲ့ ပညာရေးအတွက် ရင်လေးစရာဖြစ်ပုံကို စိုးရိမ်ခဲ့မိတယ်။

သားဂွဒ် မာရှယ်လ်ဟာ သူ့ရဲ့ စိုးရိမ်မကင်းဖြစ်မှုတွေကို ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှာ ဝေါ်လ်တာ ဝှိုက်ကို စာတိုလေး တစ်စောင်နဲ့ ရေးပြခဲ့တယ်။

“တောင်ပိုင်းမှာ ပညာသင်ကြားခွင့်၊ တန်းတူ အခွင့်အရေးတွေ ရရှိရေးအတွက် ကျုပ်တို့ အမှုရှာတဲ့ အလုပ် စမလုပ်နိုင်တာကို ကျုပ် အတော်စိတ်သောက ဖြစ်မိတယ်။ အဲဒီလို အမှုတွေဟာ ကျုပ်တို့ဌာနခွဲတွေအတွက် အကြီးအကျယ် အရေးပါရုံတင်မကဘူး၊ ကျုပ်တို့ အလွယ်တကူ အနိုင်ရနိုင်မယ့် အမှုတွေလည်းဖြစ်တယ်။

“ကျုပ်တို့မှာ ရှေ့နေတွေ အဆင်သင့် ရှိနေပါလျက်နဲ့ အမှုတွေ မရှိဘူးဖြစ်နေတယ်။ ဒီကိစ္စမှာ ကျုပ်တို့ဌာနခွဲတွေ၊ အလုပ်လုပ်အောင် စပေးနိုင်တဲ့ နည်းလမ်းတွေ ရှိမရှိကို ကျုပ်တို့ ရုံးအဖွဲ့နဲ့ တိုင်ပင်ပြီး ဆွေးနွေးသင့်တယ်လို့ ကျုပ်ထင်မိတယ်”



မာတိကာသို့

သားဂွဒ်ရဲ့ အကြံပေးချက်ကို ဝေါလ်တာ ဝှိုက်က သဘောတူခဲ့တယ်။ နောက်တစ်ပတ်အကြာမှာ အစည်းအဝေးထိုင်ပြီး အဲန်အေအေစီပီရဲ့ တရားဝင် ဝန်ထမ်းများကို အချိန်ပြည့် လေးဦးအထိ တိုးချဲ့ဖို့ ဆုံးဖြတ်ခဲ့တယ်။ သားဂွဒ် မာရှယ်လ်ဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ အသင်းခွဲ ၈၀၀ က တာဝန်ခံတွေဆီကို အချိန်ပြည့် တရားဥပဒေ ဝန်ထမ်းများရဲ့ ဆောင်ရွက်နိုင်စွမ်းအားကို အသိပေး အကြောင်းကြားလိုက်တယ်။ "အမေရိကန် နိုင်ငံနေရာအနှံ့အပြားတွင် ပညာရေးစနစ်နှင့် ပတ်သက်၍ ခွဲခြားပြီး တန်းတူညီမျှမှု ရှိရေး" ဆိုသည်မှာရှိကြောင်း၊ စစ်ပြန်လူမည်းများအား တောင်ပိုင်းရှိဘွဲ့ရကျောင်းနှင့် အသက်မွေးဝမ်းကျောင်းမှုကျောင်းများက ကျောင်းဝင်ခွင့်မရကြဘဲ ရှိနေကြောင်း၊ သူတို့ကို သူတို့၏ ပြည်နယ်အတွင်း၌ အခြားသော ပညာသင်ကြားမှု အခွင့်အရေးများကိုလည်း မပေးကြောင်း၊ ထိုသို့ဖြစ်မှုများမှာ *ဂိန်းစ်အမှု* တွင် ရရှိခဲ့သည့် မှုကို မထေမဲ့မြင် ချိုးဖောက်မှုဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ စစ်ပြန်ကြီးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြု ထားသော ရသင့်ရထိုက်သည့် အခွင့်အရေးများ ငြင်းပယ်ခြင်း မခံရအောင် ဆောင်ရွက်ရေးမှာ ကျွန်ုပ်တို့ အဲန်အေအေစီပီအသင်းကြီး၏ တာဝန် ဝတ္တရားဖြစ်ကြောင်း၊ ပညာသင်ကြားခွင့်၊ တန်းတူအခွင့်အရေးများ ရရှိရေးအတွက် အသင်းခွဲများ၏ ကြိုးပမ်းအားထုတ်မှုများကို အဲန်အေအေစီပီ ဗဟိုအမျိုးသား ရုံးချုပ်က အားတက်သရော ပူးပေါင်းဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း ကို သားဂွဒ် မာရှယ်လ်က သူ့စာထဲမှာ ဖော်ပြခဲ့ပါတယ်။

သားဂွဒ် မာရှယ်လ်ရဲ့ စိတ်မသက်မသာဖြစ်မှုနဲ့ ဒေါသတွေဟာ ပိုမိုကြီးထွားလာခဲ့တယ်။ အဲဒါကြောင့် သူဟာ "ခွဲခြားပြီး တန်းတူညီမျှမှု ရရှိရေး" ပြဿနာအတွက် ဆောင်းပါးတစ်ပုဒ်ရေးပြီး ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလမှာ *နယူးယောက်ခေတ်* သတင်းစာကို ပေးပို့ခဲ့တယ်။ သူရေးထားတဲ့အထဲမှာ---

"အမေရိကန်နိုင်ငံသားများအား ၎င်းတို့၏ လူမျိုးနှင့် အသားအရောင်အပေါ်တွင် လုံးဝအခြေခံပြီး လူမျိုးရေးခွဲခြားမှု ပြုလုပ်ခြင်းသည်



မာတိကာသို့

တရားဝင်သလား၊ မဝင်ဘူးလား။ ဤပြဿနာနှင့် စပ်လျဉ်း၍ နိုင်ငံအတွင်းရှိ တရားရုံးများတွင် ပြည်ထောင်စု တရားရုံးချုပ် အပါအဝင် တရားရုံးများစွာတို့က ခွဲခြားပြီး တန်းတူညီမျှမှု ရရှိရေး စိတ်ကူးယဉ်ဝါဒကို ချမှတ်ကျင့်သုံးခဲ့ကြသည်မှာ ကံမကောင်းမှုတစ်ခုပင်ဖြစ်သည်။ ထိုစိတ်ကူးယဉ်ဝါဒအရ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက် (၁၄) က အာမခံထားသော တန်းတူညီမျှမှုကို လူဖြူလူမည်း ခွဲခြားမှုစနစ်အောက်တွင် လူမည်းများအား ခွဲခြားပြီး တန်းတူထောက်ပံ့မှုပေးခြင်းဖြင့် ပြုလုပ်ပေးနိုင်သည်ဆိုသော ဆုံးဖြတ်ချက်များ ချမှတ်ပေးသည့် တရားရုံးတော် ဆုံးဖြတ်ချက်များ ပိုမို များပြား လာခဲ့ပါသည်။

"တရားရုံးများ၏ အဆုံးအဖြတ်များကြောင့် ကြီးထွားလာသော ဤစိတ်ကူးယဉ်ဝါဒကို တစ်ချိန်ချိန်တွင် ဘေးသို့ ဖယ်ရှားပစ်ပြီး လူဖြူလူမည်း ခွဲခြားရေးဝါဒသည် လူမျိုးရေးအဆင့်အတန်းခွဲခြားမှု ပေါ်လစီဝါဒဖြစ်သည်ဆိုသော ခံယူချက်ကို အသားပေးထူထောင်သွားရမည် ဖြစ်ပါသည်။

"မဲဆန္ဒပေးရန် မှတ်ပုံတင်ရာ၌ လူဖြူလူမည်း မခွဲခြားရေးမှာ အလွန် အရေးကြီးလှပါသည်။ တောင်ပိုင်းပြည်နယ်များအားလုံးက မျက်နှာဖြူများအတွက် အခြေခံ ဦးစားပေးမှုသည် တရားမဝင်ကြောင်း ယမန်နှစ်တွင် ပြည်ထောင်စု တရားရုံးချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော်လည်း တောင်ပိုင်းပြည်နယ် အတော်များများတွင် အခြေခံရွေးကောက်ပွဲများ၌ လူမည်းများ မဲပေးနိုင်ခွင့်ကို ငြင်းဆိုနေဆဲဖြစ်သည်။ ထိုသို့လုပ်ဆောင်သော ရွေးကောက်ပွဲကြီးကြပ်သူ တာဝန်ခံများကို တရားဥပဒေအရ အရေးယူရန်ကိုလည်း အမေရိကန်ပြည်ထောင်စု တရားရေးဌာနက ငြင်းပယ်ခဲ့ပါသည်"

သားဂွဒ် မာရှယ်လ်သည် လူဖြူလူမည်းများအား တရားမျှတစွာ နေရာပေးရေး ကော်မရှင်၏ ရည်ရွယ်ချက်များကို လုပ်ကြံဖျက်ဆီးခဲ့သူများ အဖြစ် ဒီမိုကရက်ပါတီဝင်များဖြစ်ကြတဲ့ ဖရဲန့်ကလင် ဒီ ရုစဗဲ့လ်ဒ်၊



မာတိကာသို့ ▶▶

အယ်လ်ဘင် ဘတ်ခ်ကလေနဲ့ ဟယ်ရီ ထရူးမင်းတို့ကို စွပ်စွဲအပြစ်တင်ခဲ့တယ်။ အဲဒီနောက် သူ့ရဲ့ ခံစားမှု ပြင်းထန်စွာနဲ့ စိတ်ဝင်စားတဲ့ မပြီးပြတ်သေးသော အမှု နှစ်မှုအကြောင်းကိုလည်း ရေးသားတင်ပြခဲ့ပါတယ်။

ဂျော်ဂျီးယားပြည်နယ်၊ အတ္တလန္တာမြို့၊ မောဟောက်စ် ကောလိပ်ရဲ့ နှစ်ပေါင်းများစွာ ထင်ရှားခဲ့တဲ့ အုပ်ချုပ်ရေးမှူးဖြစ်သူ ဒေါက်တာ ဘင်ဂျာမင် မေစ် ဟာ တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာ တောင်ပိုင်းမီးရထားကုမ္ပဏီပိုင် ရထားစီးပြီး ခရီးသွားခဲ့တယ်။ သူဟာ ရထားထဲက ထမင်းစားတွဲကိုရောက်သွားတဲ့အခါမှာ တွဲထဲမှာ တခြားနေရာလွတ်တွေ ရှိနေပေမယ့်လည်း ကန့်လန့်ကာ ကာထားပြီး လူမည်းများအတွက် သီးသန့်လို့ ရေးထားတဲ့ စားပွဲတွေမှာ မျက်နှာဖြူတွေ ထိုင်နေကြတာကို တွေ့ရတယ်။ ဒေါက်တာမေစ်ကိုလည်း စားသောက်ခွင့် မပြုခဲ့ဘူး။ တောင်ကယ်ရိုလိုင်းနားပြည်နယ် ဥပဒေအရ လူမည်းတစ်ဦးအား ဗဟိုထမင်းစားစားပွဲတွေမှာ စားခွင့်မပြု၊ ပြီးတော့ လူမည်းများအတွက် သီးသန့်ကာပေးထားတဲ့ နေရာမှာလည်း မျက်နှာဖြူတစ်ဦး ရှိနေရင် လူမည်းတစ်ဦးအား စားသောက်ခွင့် မပြုဆိုတဲ့ ဥပဒေနဲ့ ငြင်းဆိုခဲ့တာဖြစ်တယ်။ အဲန်အေအေစီပီက ဒီဖြစ်ရပ်ကို တရားစွဲ ဆိုခဲ့တယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ မှာပါတဲ့ ပြည်နယ်အချင်းချင်း စီးပွားဆက်သွယ်မှု ဥပဒေပါ စီးပွားရေးအပိုဒ်များကို အကိုးအကားနဲ့ ထောက်ပြခဲ့တယ်။ ထိုအပိုဒ်အရ တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာဖြစ်စေ၊ တခြားပြည်နယ်မှာဖြစ်စေ ပြည်နယ်တစ်ခုမှ တစ်ခုသို့ သွားလာတဲ့ လူမည်းခရီးသည် တစ်ဦးကို လူမျိုးရေးနဲ့ အဆင့်အတန်း ခွဲခြားမှု မရှိစေရလို့ ဖော်ပြထားပါတယ်။

"မျက်နှာဖြူများကဲ့သို့ပင် တန်းတူ တွဲတစ်တွဲက ထိုင်ခုံတစ်နေရာအတွက် ငွေကြေးတန်းတူပေးခဲ့ရသော ဒေါက်တာမေစ်သည် မျက်နှာဖြူခရီးသည်များအား စားသောက်ခွင့်ပြုနေသမျှကာလပတ်လုံး ထိုအခြေအနေများအတိုင်းပင် တန်းတူစားသောက်ခွင့်ရှိသည်" လို့ အဲန်အေအေစီပီက ရပ်တည်ပြောဆိုခဲ့ပါတယ်။



မာတိကာသို့

တောင်ပိုင်းဒေသတစ်ခုလုံးရဲ့ ခရီးသွားလာမှုမှာ လူမည်းများကို ခွဲခြားမှုဟာ နေရာတကာမှာ ရှိခဲ့တယ်။ မီးရထားတွဲထဲမှာသာ မဟုတ်ဘူး။ မြို့ပေါ်ကဓာတ်ရထားတွေ၊ ဘတ်စ်ကားတွေပေါ်ကအစ လေဆိပ်တွေအထိ ရှိခဲ့တယ်။ ဒီလိုဖြစ်နေတဲ့ စနစ်ကြီးထဲက ဘယ်အမှုကို ရွေးပြီး ရုံးတော်မှာ တရားစွဲရမလဲဆိုတဲ့ အခက်အခဲကို စဉ်းစားရင်း မာရှယ်လ်ဟာ ရုံးတင်နိုင်တဲ့ အမှုကိစ္စ ရှာရတာ ခက်ခဲတာကို စိတ်တိုခဲ့ရတယ်။

ဗာဂျီးနီးယားပြည်နယ်ဟာ လူမျိုးရေးခွဲခြားမှုကို ပြည်နယ်ဥပဒေအတွက် လိုအပ်ချက်တစ်ခုလို လုပ်ခဲ့ရာမှာ လူမျိုးရေးခွဲခြားမှုမှာ နာမည်အဆိုးဝါးဆုံးပြည်နယ် ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ပြည်နယ်အရာရှိတွေက အကင်းပါးတယ်။ တရားရုံးတော်တွေနဲ့ ပြည်နယ်အချင်းချင်း စီးပွားရေး ဆက်သွယ်မှုဥပဒေရဲ့ စိန်ခေါ်မှုတွေကို ရှောင်တတ်တယ်။ လူမည်းခရီးသည်တစ်ဦးက မျက်နှာဖြူတွေရဲ့အကြားကို ဝင်ထိုင်ဖို့ ကြိုးစားရင် သူ့ကို လူမည်းခွဲခြားရေးဥပဒေချိုးဖောက်မှုနဲ့ မဖမ်းဘူး။ ငြိမ်းချမ်းစွာ တရားဥပဒေဖြင့် အုပ်စိုးမှုကို နှောင့်ယှက်မှု ပုဒ်မနဲ့ ဖမ်းဆီးကြတယ်။

အိုင်ရင်း မော်ဂင်ဆိုတဲ့ လူမည်းအမျိုးသမီးတစ်ဦးဟာ ဗာဂျီးနီးယားကနေ ဝေါ်ရှင်တင်ကို ဂရေးဟောင်း ခရီးသွားဘတ်စ်ကားကြီးစီးပြီး လိုက်လာခဲ့တယ်။ သူမကို လူမည်းများအတွက် သီးခြားခွဲထားတဲ့နေရာမှာ မထိုင်နိုင်ဘူးလို့ ငြင်းဆန်မှုနဲ့ အဖမ်းခံခဲ့ရတယ်။ အိုင်ရင်းကို စည်းကမ်းဖောက်မှုနဲ့ ဖမ်းခဲ့တာ မဟုတ်ဘဲ လူမည်းခွဲခြားရေးဥပဒေနဲ့ တရားစွဲခဲ့တယ်။ အဲဒီအမှုကို ရစ်ချ်မင်မြို့က အဲန်အေအေစီပီရှေ့နေ စပေါ့ဝုဒ် ရော်ဘင်ဆင် လိုက်ခဲ့တယ်။ ဒါပေမဲ့ ဗာဂျီးနီးယားပြည်နယ် တရားရုံးချုပ်မှာ အမှုရှုံးခဲ့ရတယ်။ အမှုဟာ ပြည်ထောင်စု တရားရုံးချုပ် ရောက်သွားတဲ့အခါမှာ သားဂွဒ် မာရှယ်လ်က အမှုလိုက်ပေးခဲ့ရတယ်။

၁၉၄၆ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်က မော်ဂင်ရဲ့အမှုနဲ့ ပတ်သက်ပြီး လူမည်းများ ခွဲခြားမှုဥပဒေကို တစ်ပြည်နယ်နဲ့ တစ်ပြည်နယ်ကို ကျော်ဖြတ်ပြီး ယာဉ်နဲ့သွား



မာတိကာသို့

လာတဲ့ ခရီးသည်တွေအပေါ်မှာ မကျင့်သုံးစေရလို့ အမိန့်ချမှတ်ပေးခဲ့ပါ
တယ်။

မာရှယ်လ်အတွက် အရသာ ချိုမြတဲ့ အောင်ပွဲတစ်ခု ရခဲ့ပြီး ခရီး
သွားလာကြတဲ့ လူမည်းတွေအတွက် ဂုဏ်သိက္ခာမြှင့်တင်မှုကို စွမ်းဆောင်
ပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ ၁၉၄၁ ခုနှစ်က အိုကလာဟိုးမားပြည်နယ်၊
ဟျူဂိုမြို့ကို ခရီးသွားခဲ့ရတုန်းက သားဂွဒ် မာရှယ်လ် ကြုံခဲ့ပုံက စိတ်ဝင်စား
စရာ၊ အသည်းယားစရာ ကောင်းခဲ့တယ်။

သားဂွဒ်ရဲ့ ခရီးစဉ်ဟာ ဘေးအန္တရာယ် ကြီးမားခဲ့ပါတယ်။ ဟျူဂို
မြို့ကို သူရောက်သွားတော့ ဟိုတယ်တွေက လူမည်းတွေကို လက်မခံ
ကြဘူး။ လူမည်းမိသားစု အများစုကလည်း သူ့ကို အခကြေးငွေယူပြီး
ညအိပ် တည်းခိုခွင့်ပေးရမှာ ကြောက်ခဲ့ကြတယ်။ "ကျုပ်ကတော့ မကြောက်
ပေါင်တော်" လို့ ပြောရဲတဲ့ အသက်ကြီးကြီး လူမည်း မုဆိုးမကြီးတစ်ဦးက
သားဂွဒ်ကို လက်ခံခဲ့တယ်။ အဲဒီ ပထမညက အိမ်ရှင်မိန်းမကြီးမှာ အိပ်
မောကျပြီး ဟောက်လို့ကောင်းခဲ့ချိန်မှာ သားဂွဒ်ကတော့ ကြောက်ရွံ့ပြီး
နိုးနေခဲ့တယ်။ သားဂွဒ် မာရှယ်လ်က ပြန်ပြောပြခဲ့တယ်။

"ဟျူဂိုမှာ အဲဒီ ပထမညက အိပ်ရာထဲမှာ ကျုပ်မှာ ကြောက်စိတ်
နဲ့ ချွေးပြန်နေခဲ့တယ်ဆိုတာကို ဘယ်သူ့ဆို ဘယ်သူ့ကိုမှ ကျုပ်မပြောချင်
ခဲ့ဘူး။ ပထမကမ္ဘာစစ်အပြီးမှာ ကျုပ်ဖတ်ခဲ့ရတဲ့ လည်ပင်းကြိုးကွင်းစွပ်
တွဲလောင်းချသတ်ခဲ့တဲ့ ဇာတ်လမ်းတိုင်းကို ကျုပ်မှတ်မိနေတယ်။ ကျုပ်
ကိုယ်ကျုပ်လည်း လည်ပင်းကြိုးကွင်းစွပ် သတ်ထားတဲ့ ကျုပ်အလောင်းကြီး
ကို တနင်္ဂနွေဘာသာရေးသင်တန်းကျောင်းက မျက်နှာဖြူကလေးတွေကို
ခေါ်ထုတ်လာပြီး ကျုပ်အလောင်းကို ပျော်ပျော်ကြီး အကြည့်ခိုင်းမှာကို
မျက်စိထဲ မြင်နေခဲ့တယ်ပေါ့ဗျာ"

ဒါပေမဲ့ သားဂွဒ် မာရှယ်လ် မျှော်မှန်းထားခဲ့တဲ့ ကိုယ်ထိလက်
ရောက်ပြုမယ့် အန္တရာယ်ကို ၁၉၄၆ ခုနှစ်မှာ ကိုလမ်းဘီးယားမြို့လေးမှာ
ကိုယ်တိုင်ကြုံခဲ့ရတယ်။ သူ့အတွက် ပထမဆုံး ရင်ဆိုင်ခဲ့ရတဲ့ အခိက



မာတိကာသို့

လက်ရုံးရည် စမ်းသပ်ပွဲတစ်ခု ဖြစ်ခဲ့တယ်။ ကိုလမ်ဘီးယားမြို့ကလေးဟာ တဲန်နက်ဆီးပြည်နယ်က မောရီခရိုင်မှာရှိတယ်။ မြို့နေလူဦးရေ ၈,၀၀၀ ပဲရှိတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက ကိုလမ်ဘီးယား မြို့မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ လူမျိုးရေးပေါက်ကွဲမှုတစ်ခု ဖြစ်ခဲ့တယ်။ စဖြစ်ခဲ့ပုံက ဝီလျံ ဖလဲမ်မင်း ဆိုတဲ့ မျက်နှာဖြူ ရေဒီယို ပြင်ဆင်ပေးသူနဲ့ မစ္စက် ဂလက်ဒီးစ် စတီဗင်ဆင်ဆိုတဲ့ ရေဒီယို လာအပ်သူ လူမည်းအမျိုးသမီးတစ်ဦးတို့ ရေဒီယိုပြင်တာနဲ့ ပတ်သက်ပြီး ကတောက်ကဆ စကားများခဲ့ကြရာက စခဲ့တယ်။ မစ္စက် စတီဗင်ဆင် ဝေဖန်တာကို မခံနိုင်လို့ အသက် ၂၈ နှစ်အရွယ်ရှိတဲ့ ဖလဲမ်မင်းက မစ္စက် စတီဗင်ဆင်ကို ပါးရိုက်လိုက်တယ်။ သူ့အမေ ပါးရိုက်ခံရတာကို မခံမရပ်နိုင်တဲ့ ၁၉ နှစ်အရွယ်ရှိ ရေတပ်သားလေး ဂျိမ်းစ် စတီဗင်ဆင်က ဖလဲမ်မင်းကို အလဲထိုးထည့်လိုက်တာ ဖလဲမ်မင်းဟာ ပြတင်းပေါက်မှန်ချပ်ထဲက လွင့်ထွက်သွားခဲ့တယ်။ စတီဗင်ဆင်တို့ သားအမိကို ရန်ဖြစ်ထိုးနှက်မှုနဲ့ ဖမ်းဆီးပြီး ထောင်ထဲထည့်ခဲ့ပေမယ့် ဖလဲမ်မင်းကိုတော့ မဖမ်းခဲ့ဘူး။

တင်းမာမှုတွေလည်း ချက်ချင်း ဖြစ်ပေါ်ခဲ့တယ်။

လူမည်းခေါင်းဆောင်တစ်ဦးက ခရိုင်ရဲ့အရာရှိကြီးထံ ကိုယ်တိုင်သွားတွေ့ပြီး စတီဗင်ဆင်တို့ သားအမိကို လွှတ်ပေးလိုက်ပါ။ ကိုလမ်ဘီးယားမှာ "လူမှုရေးကြိုးကွင်းစွပ်သတ်မှု" တွေ မရှိနိုင်တော့ဘူးလို့ တောင်းဆိုခဲ့တယ်။ အဲဒီကျမှ စတီဗင်ဆင်သားအမိကို ဒေါ်လာ ၃,၅၀၀ အာမခံနဲ့ လွှတ်ပေးခဲ့တယ်။

ကိုလမ်ဘီးယားမှာ လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်းမှာ လူမည်းနှစ်ယောက် လည်ပင်းကြိုးကွင်းစွပ် အသတ်ခံခဲ့ရပုံကိုလည်း လူမည်းခေါင်းဆောင် ဂျေ ဘလဲက ခရိုင်ရဲ့အရာရှိ ဂျေ အဲန်ဒါဝုဒ်ကို ရည်ညွှန်းပြောပြခဲ့တယ်။ နှစ်ကြိမ်စလုံးမှာ မျက်နှာဖြူတွေကို လာကြည့်ဖို့ ဖိတ်ခေါ်ပြီးမှ သတ်ခဲ့ကြတယ်။ အသက် ၁၇ နှစ်အရွယ်ရှိတဲ့ ကောဒီ ချိခ်ဆိုသူဟာ မျက်နှာဖြူ မိန်းကလေး တစ်ဦးကို ဗလက္ကာရလုပ်တယ်ဆိုမှုကို ဂရဲန်းဂျူရီ



မာတိကာသို့ ▶▶

အဖွဲ့က စွဲချက်တင်ဖို့ ငြင်းဆန်တဲ့ကြားက အသတ်ခံခဲ့ရတယ်။

စတီဗင်ဆင်တို့ သားအမိ အာမခံနဲ့ ထောင်ထဲက ထွက်လာပြီးလို့ နှစ်နာရီတောင် မပြည့်သေးဘူး။ လူ ၇၅ ဦးလောက်ပါတဲ့ မျက်နှာဖြူလူအုပ်တစ်အုပ်က အကျဉ်းထောင်ရှိရာကို ရောက်လာခဲ့ကြပြီး ထောင်တံခါးကို ခြေထောက်နဲ့ ဝိုင်းကန်ခဲ့ကြတယ်။ ခရိုင်ရဲအရာရှိ အဲန်ဒါဝုဒ်ဟာ သူတို့ကို စက်သေနတ်နဲ့ချိန်ပြီး လူစုအခွဲခိုင်းခဲ့ရတယ်။ သူတို့အထဲက မျက်နှာဖြူနှစ်ယောက်ဟာ အမူးလွန်နေလို့ မပြန်နိုင်ခဲ့ကြဘူး။ အဲဒါကြောင့် အဲဒီနှစ်ယောက်ဟာ စည်းကမ်းမဲ့မှုနဲ့ အချုပ်ထဲ သွင်းတာ ခံခဲ့ကြရတယ်။ တခြားမျက်နှာဖြူတွေက သောင်းကျန်းမှု စပါလေရော။

ကိုလမ်ဘီးယား ရဲအဖွဲ့နဲ့ လူရမ်းကားတွေဟာ လူမည်းအသိုင်းအဝိုင်း တစ်ခုလုံးမှာ ပျက်စီးမှုတွေဖြစ်အောင် လုပ်ခဲ့ကြတယ်။ သူတို့အပြောကတော့ လက်နက်တွေ ရှာဖွေဖို့တဲ့။ လူမည်း ဆရာဝန်တစ်ဦးရဲ့ ရုံးခန်းဟာ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားခဲ့တယ်။ ပရိဘောဂတွေ ကျိုးပဲ့ပျက်စီးပြီး ပြင်ဆင်ထားတဲ့ ရုံးခန်းအလှဆင်မှုတွေ တစ်ပိုင်းစီ ကြေမွသွားခဲ့တယ်။ မော်တင်ဆိုသူရဲ့ အသုဘအိမ်ကို အကြမ်းဖက်သူတွေ ဝင်မွှေသွားခဲ့တယ်။ အသုဘခေါင်းပေါ်မှာ ကေသုံးလုံး (ကူး ကလပ်စ် ကလဲန်) တံဆိပ်တွေကို ဖရိုဖရဲ ရေးသွားခဲ့ကြတယ်။

ဖေဖော်ဝါရီလအကုန်မှာ လူမည်းပေါင်း တစ်ရာကျော် အဖမ်းခံခဲ့ရတယ်။ လမ်းမတွေပေါ်မှာ ပြောင်းတိုသေနတ်တွေ ဖြောင်ကိုင်သွားလာခဲ့ကြတဲ့ မျက်နှာဖြူလူရမ်းကားလေးတွေရဲ့ ဓာတ်ပုံတွေကို သတင်းစာတွေက ဖော်ပြခဲ့ပေမယ့် မျက်နှာဖြူ လေးဦးပဲ အဖမ်းခံခဲ့ရတယ်။ ဖေဖော်ဝါရီလ ၂၈ ရက် နေ့မှာ ရဲအဖွဲ့ရဲ့ လက်ချက်နဲ့ အကျဉ်းသမားနှစ်ဦး သေနတ်နဲ့ ပစ်သတ် ခံခဲ့ရတယ်။ တစ်ဦးက ရဲလက်ချက်နဲ့ ဒဏ်ရာရခဲ့တယ်။ အဲဒီအကျဉ်းသား နှစ်ဦးဟာ ရဲက စစ်ဆေးနေတုံး သေနတ်တစ်လက်ကို ကောက်ဆွဲပြီး ထောင်ထဲကို ခိုးသွင်းလာတဲ့ ကျည်ဆန်နဲ့ ထည့်ပြီး ရဲကိုပစ်ခဲ့တယ်လို့ တရားဝင် ရှင်းလင်းချက် ထုတ်ပြန်ခဲ့တယ်။



မာတိကာသို့ ▶▶

ဒါပေမဲ့ အဲဒီအဖြစ်အပျက်ဟာ လူသတ်မှု ဖြစ်တယ် လို့ အမျိုးသား ရှေ့နေများ သမဂ္ဂက ခေါ်ဆိုခဲ့ပါတယ်။ လူမည်း ၂၅ ဦးကို လူသတ်ရန် ရည်ရွယ်ချက်ပါသော တိုက်ခိုက်မှုများ အမှုနဲ့ ရုံးတင် တရားစွဲ ဆိုခဲ့ရာမှာ အဲန်အေအေစီပီ ရှေ့နေများဖြစ်တဲ့ မာရှယ်လ်နဲ့ အယ်လက်ဇန်းဒါး လူးဘီး ရဲ့ ဝင်ရောက်ဆောင်ရွက်မှုကြောင့် လူမည်း ၂၃ ဦး လွတ်မြောက်ခဲ့ကြ တယ်။

ကျန်နေတဲ့ လူမည်း နှစ်ဦးရဲ့အမှုကို လိုက်ဖို့အတွက် သားဂွဒ် မာရှယ်လ်ဟာ ၁၉၄၆ ခုနှစ် နိုဝင်ဘာလလယ်မှာ ကိုလမ်းဘီးယားမြို့ကို တစ်ခေါက် ပြန်သွားခဲ့ရတယ်။ တစ်ဦးက ကွင်းလုံးကျွတ် လွတ်သွားပြီး တစ်ဦးကတော့ ငါးနှစ်သာ ထောင်အချခံခဲ့ရတယ်။ ကိုလမ်းဘီးယား ရဲအဖွဲ့က ဒေါသဖြစ်ပြီး မခံမရပ်နိုင် ဖြစ်ခဲ့တယ်။ အဲဒီတုန်းက သားဂွဒ် မာရှယ်လ် ကြုံခဲ့ရတဲ့ ကျောချမ်းစရာ ဇာတ်လမ်းအတွေ့အကြုံကို သူ့ ထက်ပိုပြီး ဘယ်သူမှ စီကာပတ်ကုံး ပြန်ပြီး ပြောပြနိုင်တဲ့သူ ရှိမှာ မဟုတ် ဘူး။

သားဂွဒ် မာရှယ်လ်ဟာ ကိုလမ်းဘီးယားကနေပြီး နက်ရှ်ဗီးလ် မြို့ကို ကားနဲ့ ပြန်ထွက်ခဲ့ရာမှာ---

"ကျုပ်နောက်က လူအုပ်တစ်အုပ်က ဒပ်ခ်မြစ်အထိ ကပ်ပါလာ တယ်ဗျ။ စိတ်ဝင်စားစရာကောင်းတဲ့ လူအုပ်ပါဘဲ။ ပြည်နယ်စောင့်တပ် တွေနဲ့ မြို့မရဲအဖွဲ့က လူတွေ အညီအမျှ ပါပုံရတယ်။ (တပ်သား နှစ်ဦး၊ ကိုလမ်းဘီးယားရဲ နှစ်ဦး၊ မောရီခရိုင် ပုလိပ် လေးဦးပါတယ်)။ သူတို့ဆီက ကျုပ်တို့ကားကိုရှာဖို့ ဝရမ်းပါတယ်လို့ သူတို့က ပြောခဲ့ကြတယ်။ ကျုပ် က 'လုပ်ပါ- ရပါတယ်' လို့ ပြန်ဖြေလိုက်တယ်။ အဲဒီနောက်မှာ ကျုပ်လည်း စိတ်ကူးရလာတာနဲ့ ကျုပ်တို့အထဲက တစ်ယောက်ကို 'သူ့ကို သေချာအောင် စောင့်ကြည့်နေနော်--ဒီဒေသက အရက် အရောင်းအဝယ် မလုပ်ရတဲ့ ခရိုင်ဆိုတော့ ကားထဲကို ဘာအရက် ပုလင်းမှ ပစ်ထည့်မသွား စေနဲ့' လို့ ပြောလိုက်မိတယ်။

"သူတို့ ဘာမှ ရှာမတွေ့ပါဘူးလို့ ပြောကြတယ်။ အဲဒီနောက်တော့ သူတို့ထဲက တစ်ယောက်က ကျုပ်ကြားအောင် အကျယ်ကြီး အော်ပြောလိုက်တယ်ဗျ။ 'ဝရမ်းက ကားအတွက်ပဲ' လို့ပြောပြီး ကျုပ်တို့ဘက်ကိုလှည့်ပြီး 'စိတ်မရှိပါနဲ့--လူကြီးမင်းတို့ရဲ့ ကိုယ်ပေါ်မှာ ရှာဖွေခွင့်ပြုဖို့ သဘောတူပါမလား' တဲ့။

"ကျုပ်တို့ကလည်း 'ဒါတော့ သဘောမတူနိုင်ဘူးဗျာ' လို့ပဲ ပြန် ဖြေလိုက်တယ်။

"အဲဒီနောက်တော့ 'ဒါဖြင့် သွားကြတော့' လို့ ပြောတာနဲ့ ကျုပ်တို့လည်း ကားကို မောင်းထွက်လာခဲ့ကြတာ။ တစ်မိုင်လောက်လည်း ရှိရော သူတို့ ပြန်မီလာကြပြန်တယ်။

"သူတို့ရှာဖွေကြတုန်းက ကားကို ကျုပ်မောင်းခဲ့တာ အခု လူးဘီး မောင်းနေတာကိုတွေ့တော့ အဲဒီရဲအရာရှိက 'ပထမတုန်းက ကားမောင်းနေတာ ခင်ဗျားမဟုတ်ပါဘူး' လို့မေးတော့ လူးဘီးက 'ခင်ဗျား မေးတာတွေကို ကျွန်တော် မဖြေနိုင်ဘူး' လို့ ပြန်ပြောလိုက်တယ်။ ဒါနဲ့ အရာရှိက ကျုပ်ဘက်ကို ကြည့်ပြီး 'ခင်ဗျားမောင်းနေခဲ့တာ မဟုတ်လား' လို့ လုပ်ပြန်ရော။ 'ကျုပ်လည်း ခင်ဗျားမေးတာတွေကို မဖြေနိုင်ဘူး' လို့ ပြန်ပြောလိုက်တယ်။

"အဲဒီအချိန်မှာ နောက်က အသံတစ်သံ ထွက်လာတယ်။ 'အဲဒီကောင် မောင်းတာပေါ့။ အဲဒီ လန်ဘားကပွလီပေါ့' တဲ့။ အဲဒီလိုပြောကြပြီး ကျုပ်ကို မြစ်ဘက်ကို ခေါ်သွားခဲ့ကြတယ်။ လူးဘီးနဲ့ ကျန်တဲ့လူတွေ ဟိုဘက်က ထွက်သွားကြတော့လို့ ပြောခဲ့ကြတယ်။ လူးဘီးကလည်း တစ်ဘက်ကို ထွက်မသွားဘူး။ သတ္တိကောင်းတဲ့ ငနဲဗျ။ သူတို့က ကျုပ်ကို မြစ်ရှိတဲ့ဘက်ကို ခေါ်သွားကြချိန်မှာ လူးဘီးကလည်း သူတို့နောက်က ကပ်ပါလာတယ်။ မြစ်ကမ်းပါးရောက်တော့ ပါတီပွဲကြီး ကျင်းပဖို့ စောင့်နေကြ သူတွေကို တွေ့ရတယ်။ ပါတီဆိုတာက လည်ပင်းကြိုးကွင်းစွပ် သတ်ပွဲကို ကြည့်မယ့် ပါတီပွဲကို ပြောတာနော်။ လူးဘီးနဲ့ အဖွဲ့ကလည်း



မာတိကာသို့

ထွက်မသွားဘဲ ပေကပ်နေကြတော့ မျက်နှာဖြူတွေ ဘာလုပ်ရမှန်း မသိခဲ့ကြတော့ဘူး။ အဲဒါနဲ့ ကျုပ်တို့အားလုံး ကိုလမ်းဘီးယားမြို့ထဲကို ကားနဲ့ ပြန်မောင်းလာခဲ့ကြတယ်။ သူတို့အထဲက ခေါင်းဆောင်က သူဟာ ရဲအဖွဲ့ရဲ့ အကြီးအကဲ၊ သူ့နာမည် ကလည်း လင့်ချ်တဲ့။ နာမည်ကလည်း လိုက်ပါပေ့။ ("လင့်ချ်" ဆိုသည်မှာ လည်ပင်း မှာ ကြိုး ကွင်းစွပ် သတ်ခြင်း အဓိပ္ပာယ်ရသည်)။ သူက ကျုပ်ကိုပြောတယ်။

" 'ခင်ဗျားလမ်းကိုဖြတ်သွား၊ ဟိုဘက်မှာ အမှုငယ်တွေကို ကြားနာနိုင်တဲ့ တရားရုံးလို့ ရေးထားတဲ့ ဆိုင်းဘုတ် တွေ့လိမ့်မယ်။ ခင်ဗျား သွားနှင့်၊ ကျွန်တော် နောက်က လိုက်လာမယ်'

"ကျုပ်ကလည်း 'ကျုပ်နဲ့အတူ ခင်ဗျားပါ တစ်ပါတည်း လိုက်လာ မှ ကျုပ်သွားမယ်' လို့ ပြန်ပြောလိုက်တယ်။

" 'ဘာဖြစ်လို့လဲ' သူက ပြန်မေးတယ်။

" 'ကျုပ်တစ်ယောက်တည်းသွားလို့ မဖြစ်ဘူး။ ကျုပ်တစ်ယောက်တည်း သွားလိုက်ရင် ခင်ဗျား ကျုပ်ကို နောက်က သေနတ်နဲ့ပစ်ထည့်လိုက်နိုင်တယ်။ ပြီးတော့ ကျုပ်က ထွက်ပြေးလို့ ပစ်လိုက်တာလို့ပြောမယ်။ အဲဒါကြောင့် ခင်ဗျား ကျုပ်နဲ့အတူ လိုက်ခဲ့' လို့ ပြောလိုက်တယ်။

"အဲဒါနဲ့ သူလည်း ကျုပ်နဲ့အတူ လိုက်လာတယ်။ အဲဒီဘက်မှာ အရပ် ၅ ပေ ၂ လက်မထက် ဘယ်လိုမှ ပိုမြင့်မယ် မထင်ရတဲ့ လူပုပု တရားသူကြီးတစ်ယောက်ကို တွေ့ရတယ်။

" 'ဒီငနဲကို ဘာအမှုနဲ့ ဆွဲလာတာလဲဟေ့' သူက မေးလိုက်တယ်။

" 'အရက်မူးပြီး ကားမောင်းမှုပါဆရာ' ရဲကြီးက ပြန်ပြောရဲ့။ တရားသူကြီးက ကျုပ်ဘက်ကိုလှည့်ပြီးပြောတယ်။

" 'ဒီမယ် ငါက အရက်ကို တစ်စက်မှ လက်နဲ့မတို့တဲ့လူပါ။ ငါ



မာတိကာသို့

တစ်သက်တာမှာ တစ်ခါမှလည်း အရက်မသောက်ခဲ့ဖူးဘူး။ အဲဒီတော့ ကျုပ် စမ်းသပ်မှုလေးကို မင်းလက်ခံမယ်ဆိုရင် မင်းမှာ အပြစ်ရှိသလား၊ အပြစ် မရှိဘူးလားဆိုတာ ကျုပ် အဆုံးအဖြတ်ပေးမယ်'

" 'ဘယ်လို စမ်းသပ်မှာလဲ'

" 'ခင်ဗျား ငါ့မျက်နှာတည့်တည့်မှာ မင်းအသက်ရှူတဲ့လေကို ပြန်မှုတ်ထုတ်ပြရမယ်'

ကျုပ်က သူပြောသလို လုပ်ပြလိုက်တော့ တရားသူကြီးက ရဲကြီးကိုကြည့်ပြီး အဆုံးအဖြတ်စကားတွေ ပေးလိုက်တယ်။

" 'ဟော့–မင်းရူးနေပြီလား၊ ဒီငနဲ တစ်ခွက်မှ သောက်မထားဘူးကွ။ သူအရက်မူးတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

သားငွဒ် မာရှယ်လ်ကို လည်ပင်းကြိုးကွင်းအစွပ် မခံရအောင် ကာကွယ်ပေးခဲ့ကြတဲ့ လူမည်းတစ်စုလည်း ရှိခဲ့တယ်။ မော်ရီခရိုင်မှာ နောက်ထပ် လူမျိုးရေး ကြိုးကွင်းတပ် သတ်မှုတွေ အဖြစ်ခံမယ့်အစား အသေခံပြီး တိုက်ပွဲဝင်သွားမယ်လို့ သတ္တိပြခဲ့ကြသူတွေဖြစ်တယ်။ အဲဒီလူမည်း တော်လှန်ရေးအုပ်စုရဲ့ သေနာပတိချုပ်လို့ ဆိုရမယ့်သူကတော့ ဆိုလ် ဘလဲ ဖြစ်တယ်။ သူဟာ ပထမကမ္ဘာစစ်ပြန်ကြီး တစ်ဦးဖြစ် တယ်။ ဒါပေမဲ့ သူ့ကို ကျောထောက်နောက်ခံအားဖြည့်ပေးသူက မီလ်တင် မာရေးဆိုသူ ဖြစ်ပါတယ်။ မာရေးဟာ မြောက်အာဖရိကကနေ အီတလီကို ဝင်တိုက်ခဲ့တဲ့ တပ်မတော် ရေငုပ်သမားတစ်ဦးဖြစ်ခဲ့တယ်။ မာရေးဟာ ကိုလမ်းဘီးယားမှာ ဖလဲမ်းမင်းကို စတီဗင်ဆင်က လက်သီးနဲ့ ထိုးခဲ့တဲ့အမှု မတိုင်ခင်တစ်ရက်က ကိုလမ်းဘီးယားကို ပြန်ရောက်လာခဲ့တယ်။ သူနဲ့အတူ ပေါ့ပ်အိုင်းဆိုတဲ့ လူမည်းတစ်ဦးတို့ဟာ စစ်တပ်က သွန်မဆင် စက်သေနတ် တစ်လက်ကို ပြန်ယူလာခဲ့တယ်။ စတီဗင်ဆင်တို့သားအမိကို သတ်ဖို့ အစီအစဉ် တစ်ခုအတွက် ကူး ကလပ်စ် ကလန်နဲ့ ရဲအဖွဲ့တို့ လက်တွဲလုပ် ဆောင်ကြမယ်ဆိုတဲ့ စကားသံတွေ ထွက်လာတာကို ကြားလိုက်တာနဲ့ မာရေးနဲ့ ပေါ့ပ်အိုင်းတို့ဟာ သူတို့ရဲ့ စက်သေနတ်တွေကို ထုတ်ကိုင်လိုက်ကြတယ်။



မာတိကာသို့ ▸▸

တင်းမာမှုတွေ ရှိနေခဲ့ပေမယ့် အဓိကအကြမ်းဖက်မှု ဘာတစ်ခုမှ မဖြစ်ခဲ့ဘူး။ ဒါပေမဲ့ အဲဒီအခြေအနေကနေပြီး သူနာပြုမော်တော်ယာဥ်တစ်စင်းဟာ လူမည်းတွေရပ်ကွက်ထဲကို အချက်ပေးဥသြဆွဲ ဝင်လာပြီး ကားထဲမှာပါတဲ့ မျက်နှာဖြူတွေက လူမည်းတွေကို သေနတ်နဲ့ စပစ် ခဲ့ကြတယ်။ အဲဒီကျတော့မှပဲ အဓိကရုဏ်း စဖြစ်ခဲ့တော့တယ်။ ကိုလမ်းဘီးယားမြို့ကလေးဟာ စစ်မြေပြင်လို ရုတ်တရက် ဖြစ်သွားခဲ့တယ်။ မာရေးနဲ့လူမည်းတွေဟာ တိုက်ခေါင်မိုးတစ်ခုပေါ်မှာတက်ပြီး နေရာယူထားတဲ့ ကူး ကလပ်စ် ကလဲန်တွေနဲ့ ရဲတွေနဲ့ ဘေးချင်းကပ် ခေါင်မိုးပေါ်ရောက်အောင် တက်သွားပြီး ပစ်ချခဲ့ကြတယ်။ လူမည်းတွေရော၊ လူဖြူတွေရော သေဆုံးခဲ့ကြတယ်။ မာရေးတို့လက်ချက်နဲ့ မျက်နှာဖြူ ဘယ်နှစ်ယောက် သေခဲ့သလဲဆိုတာကို မာရေးတို့ဘက်က မသိရအောင် မျက်နှာဖြူအသုဘတွေကို ညအခါမှ ချခဲ့တယ်ဆိုတဲ့ ဒဏ္ဍာရီ တစ်ပုဒ်လည်း ကိုလမ်းဘီးယားလူမည်းလောကမှာ ကျန်နေရစ်တယ်။

ကိုလမ်းဘီးယားကို အမျိုးသားကာကွယ်ရေးတပ်တွေ ဝင်လာတော့ မယ်လို့ ကြားရတော့မှပဲ မာရေးနဲ့ ပေါ့ပ်အိုင်းတို့အဖွဲ့က ဆုတ်ခွာပေးခဲ့တယ်။ သူတို့ရဲ့ စက်သေနတ်တွေဟာ ကာကွယ်ရေးတပ်က လက်နက် တွေထက်သာမှန်း သိလျက်နဲ့ ဆုတ်ပေးခဲ့တယ်။ မာရေးဟာ စက်သေနတ် ကြီးတွေကို ဝှက်ဖို့နဲ့ တိမ်းရှောင်ဖို့ အချိန်ယူခဲ့တယ်။ ဒါပေမဲ့ မာရေး ကို မိသွားပြီး တရားစွဲခဲ့ပေမယ့် အချုပ်ခန်းမှာ တစ်ရက်ပဲ နေခဲ့ရတယ်။ တစ်ဖက်မှာတော့ တခြားလူမည်း ၂၁ ဦးကို အလွန်တရာ ကြီးမားတဲ့ ရာဇဝတ်ပြစ်မှု ကျူးလွန်မှုတွေနဲ့ ပုဒ်မတပ်ပြီး တရားစွဲဆိုခဲ့ကြတယ်။ အဲဒါကြောင့် သားဂွဒ် မာရှယ်လ်၊ လူးဘီးနဲ့ အဲန်အေအေစီပီက တခြား ကိုယ်စားလှယ်တွေဟာ အဲဒီလူမည်းတွေကို လွှတ်တဲ့လူ လွှတ်ပြီး အမှုပေါ့ တဲ့လူတွေ ပေါ့အောင် ဆောင်ရွက်ပေးကြဖို့ ကိုလမ်းဘီးယားကို လိုက်လာခဲ့ ကြရတာဖြစ်တယ်။

အဲဒီတုန်းက အကြောင်းတွေကို မာရေးက အသက် ၇၂ နှစ်အရွယ်မှာ အခုလို ပြန်ပြောပြခဲ့တယ်။



မာတိကာသို့

"သားဂွဒ် မာရှယ်လ်တို့ ရောက်မလာခင်အထိ ကိုလမ်းဘီးယားမှာ ဥပဒေဆိုတာ မျက်နှာဖြူရဲတစ်ဦး၊ မျက်နှာဖြူရှေ့နေတစ်ဦး၊ မျက်နှာဖြူတရားသူကြီးတစ်ယောက်ယောက်ရဲ့ ပါးစပ်ထဲမှာ ရှိခဲ့တယ်။ မာရှယ်လ်ရောက်လာပြီး တရားရုံးတော်မှာ မားမားမတ်မတ် ရပ်ပြီး နိုင်ငံတွေဖွဲ့စည်းပုံအခြေခံဥပဒေက ဘယ်လိုဆိုထားတယ်၊ တဲန်နက်ဆီးပြည်နယ်ဥပဒေက ဘယ်လိုဆိုထားတယ်ဆိုတာတွေကို ပြောပြခဲ့တော့ မျက်နှာဖြူတွေ သိက္ခာအချခံခဲ့ရတာပေါ့။ သားဂွဒ်ဟာ သံမဏိလိုမာတဲ့ စိတ်ဓာတ်ရှိသူဖြစ်တယ်။ သူပြောလိုက်လို့ မျက်နှာဖြူတွေ ဘယ်နှစ်ယောက်အထိ စိတ်ရှုပ်သွားသွား သူက လုံးဝကို ဂရုမစိုက်တဲ့လူ၊ ဒီအတွက် ကျုပ် သူ့ကို ချီးကျူးမိတယ်။ ဒါပေမဲ့ ဒီလောက် လူမျိုးရေးခွဲခြားမှု အရှူးထနေတဲ့ အသိုင်းအဝိုင်းထဲကို စိတ်ပါလက်ပါ ဝင်လာတဲ့ သူ့စိတ်ဓာတ်နဲ့ သူတစ်ခါမှ မတွေ့ဖူးတဲ့ လူမည်း ၂၁ ဦးကို သူ့အသက်အန္တရာယ်ကို စွန့်စားပြီး လာရောက်ခုခံ ကာကွယ်ပေးတဲ့ သူ့စိတ်ဓာတ်က ကျုပ်ကို လုံးဝ လွှမ်းမိုးသွားခဲ့တယ်"

အဲဒီတုန်းက သားဂွဒ် မာရှယ်လ်တို့အဖွဲ့ဟာ ကိုလမ်းဘီးယားမှာ ညအိပ်နေထိုင်ဖို့က အန္တရာယ်အလွန်ကြီးမားလှတော့ ညညမှာ နက်ရှ်ဗီးလ်ကို ပြန်အိပ်ခဲ့ကြပြီး နောက်တစ်နေ့မနက်ကျမှ ကိုလမ်းဘီးယားကို ပြန်လာကြတယ်။ သားဂွဒ်တို့အဖွဲ့ အဲဒီညက နက်ရှ်ဗီးလ်ကို အပြန်မှာ ကြုံခဲ့ရတဲ့ အဖြစ်အပျက်နေရာကို မာရေးက ကိုယ်တိုင်ပြခဲ့တယ်။ ပြီးတော့ ရှင်းပြပြန်တယ်။

"သားဂွဒ်ကို မြစ်ဘက်ကို ခေါ်သွားတာကို တွေ့လိုက်ရတယ်။ ပြီးတော့ ရဲတွေလက်က မာရှယ်လ်ကို လူအားနဲ့ လုယူဖို့ စောင့်နေပုံရတဲ့ ကူး ကလပ်စ် ကလဲန်လူအုပ်တစ်အုပ်ကိုလည်း မြင်လိုက်ရတယ်။ အဲဒါနဲ့ မဖြစ်တော့ဘူးဆိုပြီး ကျုပ်လူတွေကိုလည်း လက်နက်ကြီးတွေနဲ့အတူ ကားလေးစီးပေါ်က ခုန်ဆင်းခဲ့ကြတော့လို့ ကျုပ်က အမိန့်ပေးလိုက်တယ်"

"ပြီးတော့မှ 'လူကြီးမင်းများခင်ဗျား---ပါတီပွဲကို ဒီမှာပဲ ရပ်လိုက်ကြပါခင်ဗျာ' လို့ ကျုပ်က အော်ပြောလိုက်တယ်။

"အဲဒီကျမှ 'ခင်ဗျားတို့ မြို့ထဲကို ပြန်သွားနိုင်ကြပါပြီ' လို့ ရဲတစ်ယောက်က ပြန်ပြောခဲ့တယ်။ ဒီတော့ မာရေးက---

" 'ကျုပ်တို့ ဘယ်မှ မသွားဘူး။ ပါတီပွဲ ပြီးသွားပြီ' လို့ ပြန်ပြော လိုက်တယ်။

"ရဲအဖွဲ့ကလည်း နောက်ထပ် ပစ်ခတ်မှုတစ်ခု လုပ်ချင်စိတ်ရှိပုံ မပေါ်ခဲ့တော့ဘူး။ အပစ်အခတ်ဖြစ်ရင် သူတို့ရော၊ မာရှယ်လ်ရော ကိစ္စတုံးကြမှာ သေချာတယ်။ အဲဒီအချိန်မှာ ရဲတစ်ယောက်ကလား၊ ကူးကလပ်စ် ကလဲန်ခေါင်းဆောင်တစ်ဦးကလား မသိဘူး။ 'ကပ္ပလီတွေမှာ သေနတ်တွေ ပါတယ်' ဆိုတဲ့ အချက်တစ်ခုကို ပြလိုက်တာနဲ့ မာရှယ်လ်ကို ကြိုးကွင်း စွပ်သတ်ပွဲမှာ အပျော်ကြူးဖို့ လာခဲ့ကြတဲ့ လူတွေအားလုံးဟာ ကြောက်လန့်တကြားနဲ့ တချို့တည်း ထွက်ပြေးကုန်ခဲ့ကြတော့တာပါပဲ။"

နောက်တစ်နေ့မနက်မှာ လက်နက်ကိုင် လူမည်းတစ်စုက မြစ်ကမ်းဘေးကို ပြန်သွားပြီး ကြည့်ခဲ့ကြတယ်။ မာရှယ်လ်ကို သတ်ဖို့ ပြင်ထားတဲ့ ကြိုးကွင်းဟာ သစ်ပင်မှာ တန်းလန်းကျနေတုန်းပဲရှိတာတွေ့လို့ အဲဒီကြိုးကွင်းကို ဓားနဲ့ ဖြတ်ချပြီး အမှတ်တရပစ္စည်းအဖြစ် ယူလာခဲ့ကြတယ်လို့လည်း မာရေးက ပြန်ပြောပြခဲ့ပါတယ်။

မာရေးဟာ ကူး ကလပ်စ် ကလဲန်တွေရဲ့ရန်ငြိုး ပစ်မှတ်တစ်ခု ဖြစ် လာခဲ့တယ်။ သားဂွဒ်ရဲ့ သေဘေးကို ကာကွယ်ပေးခဲ့ပြီးတဲ့နောက် နှစ်နှစ် အကြာမှာ မာရေးရဲ့အိမ်ဟာ မီးအရှို့ခံခဲ့ရတယ်။ သူ့ခြံထဲက ကျွဲနွား တွေအားလုံးကိုလည်း ပစ်သတ်သွားခဲ့ကြတယ်။ ကျွဲနွားတွေ ထပ်မွေးခဲ့ပြန် တာလည်း ချက်ချင်းထပ်ပြီး အသတ်ခံခဲ့ကြရပြန်တယ်။ အဲဒါကြောင့် မယုံကြည်နိုင်အောင် သတ္တိရဲရင့်လှတဲ့ မာရေးဟာ အလုပ်ရှာဖို့ ပထမ နက်ရှ်ဗီးလ်ကို ရွှေ့ပြောင်းခဲ့တယ်။ နောက်တော့ ချပ်တာနူးဂါးမြို့ကို ရောက်သွားခဲ့တယ်။ အဲဒီကနေ နောက်ဆုံးတော့ ကိုလမ်းဘီးယားကို ပြန် ပြောင်း လာခဲ့တယ်။ ကိုလမ်းဘီးယားမှာ သူ့ဘဝဟာ အခုအထိ စိတ်မချရ သေးပါဘူးလို့လည်း ပြောခဲ့တယ်။ ဒါဖြင့်



မာတိကာသို့

မျက်နှာဖြူတွေရဲ့ ကလဲ့စားချေမှု အန္တရာယ်ကို ဘာဖြစ်လို့ ရင်ဆိုင်နေ ချင်ရသေးလဲလို့ မေးတဲ့အခါမှာတော့ သူက ပြန်ဖြေပြတယ်။

"ကျုပ်ကို သတ္တိမရှိတဲ့လူ၊ သူရဲဘောကြောင်သူတစ်ဦးဖြစ်တယ်လို့ ကျုပ်သားကို မထင်စေချင်လို့ပါ။ ပြီးတော့ ကျုပ်တို့နိုင်ငံမှာမွေးဖွား ခဲ့သူတွေထဲမှာ သတ္တိအရှိဆုံး၊ ဂုဏ်ယူစရာအကောင်းဆုံးသူတစ်ဦးအပေါ်မှာ ကျုပ်တင်နေတဲ့ ကြွေးကို ပြန်ပေးဆပ်စရာ ရှိလို့ပါ။ အဲဒီပုဂ္ဂိုလ်ကတော့ သားဂွဒ် မာရှယ်လ်ပဲပေါ့ဗျာ"

* * *

သားဂွဒ် မာရှယ်လ်က သူ့လည်ပင်း ကြိုးကွင်းစွပ်ပြီး အသတ်ခံရလုဆဲဆဲဘေးက သီသီလေး လွတ်မြောက်ခဲ့တဲ့ အဖြစ်အပျက်ကို အဲန်အေအေ စီပီ ဌာနချုပ်က ဝိုက်၊ ဝီလ်ကင်စ်နဲ့ ကျန်တဲ့လူတွေကို တပ်လှန့်ပြောပြခဲ့တယ်။ အဲန်အေအေစီပီက ခေါင်းဆောင်ပိုင်းဟာ ဒေါမာန်ထပြီး အနယ်နယ် အရပ်ရပ်က အသင်းခွဲတွေထံ အောက်ပါအတိုင်း လှုပ်ရှားကြရန် နှိုးဆော် စာ ထုတ်ပြန်လိုက်တယ်။

"သမ္မတကြီး ထရူးမင်းနဲ့ အမေရိကန်ရှေ့နေချုပ်၊ တောမ်ကလပ် ခ်တို့ထံ စာဖြင့်သော်လည်းကောင်း၊ ကြေးနန်းအားဖြင့်လည်းကောင်း အကြောင်းကြားပြီး အောက်ပါအချက်များကို တောင်းဆိုကြပါ---

(က) နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အမေရိကန် တရားရေးဌာန၏ စော်ကားမှုတွင် ပါဝင်ခဲ့သော အရာရှိများအပေါ်တွင် အမေရိကန်ပြည်ထောင်စု ထောက်လှမ်းရေးအဖွဲ့(အက်ဖ်ဘီအိုင်)မှ အမြန်ဆုံး စုံစမ်းစစ်ဆေးမှု ပြုလုပ်စေရန်နှင့် ၎င်းတို့အပေါ်တွင် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုမှုများ ပြုလုပ်စေရန်



မာတိကာသို့ ▶▶

(ခ) တဲန်နက်ဆီးပြည်နယ်တွင် ဆက်လက်ပြုလုပ်မည့် တရားရုံးတင်စစ်ဆေးခြင်း အမှုများတွင် ပတ်သက်ပါဝင်သူများနှင့် ပါဝင်ဆောင်ရွက်ကြသော ရှေ့နေများအတွက် လုံလောက်သော ကြိုတင်ကာကွယ်မှုများ ပြုလုပ်ပေးစေရန်။

ဒါပေမယ့် ဘယ်အရာရှိ တစ်ဦးတစ်ယောက်မှ စစ်ဆေးအရေးယူအပြစ်ပေးခြင်း မခံခဲ့ရပါဘူး။

ကိုလမ်းဘီးယားမှာ ဖြစ်ပျက်ခဲ့တဲ့ အရေးအခင်းအကြောင်းကိုပြောရင်းနဲ့ သားဂွဒ် မာရှယ်လ်ရဲ့ ခရီးစဉ်တွေတစ်လျှောက်မှာ ကြုံခဲ့ရတဲ့ ရှားရှားပါးပါး အတွေ့အကြုံတချို့ကိုလည်း ပြန်ပြီး စားမြုံ့ပြန်ခဲ့တာတွေရှိပါတယ်။

၁၉၃၀ နဲ့ ၁၉၄၀ ပြည့်လွန်နှစ်တွေအတွင်းက အဲန်အေအေစီပီမှာ ငွေကြေးမပြည့်စုံခဲ့တဲ့အတွက် သားဂွဒ်ဟာ တောင်ပိုင်း အတွင်းကျကျဒေသတွေကို ခရီးထွက်ရတဲ့အခါမှာ အဖော်တို့၊ အတွင်းရေးမှူးတို့ ဘယ်သူမှ မပါဘဲ တစ်ကိုယ်တော် ခရီးထွက်ခဲ့ရတယ်။

ရထားနဲ့သွားရတာက မမြန်ဘူး။ ရထားအဆင့်ဆင့် ပြောင်းစီးရတာတွေရှိတယ်။ တစ်ခါမှာတော့ မစ္စစ္စပီးပြည်နယ်က မြို့ကလေးတစ်မြို့မှာ ရထားပြောင်းစီးဖို့ စောင့်နေရင်းနဲ့ သားဂွဒ်ဟာ ဗိုက်ဆာလွန်းလို့အနီးအနားက စားသောက်ဆိုင်တစ်ခုထဲ ဝင်သွားခဲ့မိတယ်။ အသားညှပ်ပေါင်မုန့် ရမရမေးမယ်ကြံပြီး ဝင်အသွားမှာ သူ့ထက် နှစ်လက်မလောက်အရပ်ပိုမြင့်တဲ့ မျက်နှာဖြူ လူထွားကြီးတစ်ဦးက သူ့ကို ဆွဲထုတ်ခဲ့တယ်။ အဲဒီလူကြီးရဲ့ခါးမှာ ပြောင်းရှည်ပစ္စတိုသေနတ်ကြီးကို ချိတ်ထားတယ်။ အဲဒီတုန်းကသာ အဲဒီလူထွားကြီးက သေနတ်ကို ဆွဲထုတ်ပစ်ခဲ့ရင် သူသေခဲ့မှာ အမှန်ပဲ။

တစ်ကြိမ်မှာလည်း ကိုလမ်းဘီးယားမှာ အဲန်အေအေစီပီခေါင်းဆောင် ဂျိမ်းစ် အင်မ်ဟင်တင်အစား ဘုန်းတော်ကြီး ဂျိမ်းစ်အင်ဟင်တင်ကိုလူမှားပြီး ကြိုးကွင်းစွပ် သတ်တော့မယ့်ဆဲဆဲမှာ မာရှယ်လ်ဟာ တစ်ခါက



မာတိကာသို့ ▶▶

သူနဲ့ပြိုင်ဘက် မျက်နှာဖြူရှေ့နေ ရောဘတ်ဖစ္စကို ဖုန်းဆက် အကူအညီတောင်းပြီး အသက်ကယ်ပေးခဲ့ရဖူးတယ်။ တစ်ခါကတော့ ကယ်ရိုလိုင်းနားပြည်နယ်က *ဘရစ္စနှင့် အဲလီးရစ်အမှု* မှာ သူနဲ့ တစ်ဖက်စီက လိုက်ခဲ့တဲ့ မျက်နှာဖြူတစ်ဦးထံက ဘယ်လိုမှ မျှော်လင့်လို့ မရနိုင်တဲ့ အကူအညီတစ်ခုကို ရခဲ့ပြီး သူ့ရဲ့ အပေါင်းအသင်းတစ်ဦးရဲ့ အသက်ကို ကယ်တင်ပေးခဲ့ပုံကို သားဂွဒ် မာရှယ်လ် မမေ့နိုင်ဘဲ တသသဖြစ်ခဲ့တယ်။

* * *

လက်ရုံးရည်သတ္တိရှိခြင်းဟာ ကောင်းတဲ့အရာတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးနဲ့ လူမှုရေးသတ္တိရှိခြင်းက ပိုမိုပြီး မြင့်မားပါတယ်။ အထူးသဖြင့် သမ္မတကြီးများရဲ့ အမျက်ဒေါသထွက်မှုတွေနဲ့ ကြုံတဲ့အခါမှာဖြစ်စေ၊ ခွင့်မလွှတ်တတ်တဲ့ ကြမ်းတမ်းသော ရန်သူတစ်ဦးဖြစ်တဲ့ ဂျေအက်ဂါ ဟူးဗားလိုလူမျိုးနဲ့ တွေ့တဲ့အခါမှာဖြစ်စေ ပိုပြီး အရေးကြီးပါတယ်။ ဟူးဗားဟာ ပြည်ထောင်စု ထောက်လှမ်းရေးအဖွဲ့ (အက်ဖ်ဘီအိုင်) ရဲ့ အကြီး အကဲအဖြစ် ၄၈ နှစ်ကြာအောင် ဆောင်ရွက်သွားခဲ့တဲ့ သြဇာရှိ အမေရိကန် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ခဲ့ပါတယ်။

အက်ဂါ ဟူးဗားဟာ လူမည်းများနဲ့ ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုရဲ့ ရန်သူတစ်ယောက်ဖြစ်တယ်လို့ မာတင် လူသာ ကင်းက လူသိရှင်ကြား စိန်ခေါ်ပြောဆိုခဲ့တယ်။ သားဂွဒ် မာရှယ်လ်ကတော့ ဟူးဗားကို တစ်ဦးချင်း စိန်ခေါ်မှု ပြုလုပ်ခဲ့ပါတယ်။ ဟူးဗားကလည်း မာရှယ်လ်ကို အထင်သေးခဲ့တယ်။ ဒါပေမဲ့ မာရှယ်လ်ကို လူသိရှင်ကြား ဖြောင်ထိုးစစ်ဆင် တွယ်ဖို့ဖြစ်စေ၊ မာရှယ်လ်ရဲ့ အကျင့်စာရိတ္တကို ထိပါးပျက်စီးအောင် ကြိုးစား ပြောဆိုနိုင်ဖို့ဖြစ်စေ တိပ်ခွေများ သို့မဟုတ် ကာမဂုဏ်လိုက်စားမှု အထောက်အထား အစအနကိုလည်း ဘယ်အခါမှ မရှိခဲ့ပါ။

စစ်ပြီးခေတ်မှာ လည်ပင်းကြိုးကွင်းစွပ်သတ်မှုတွေ၊ စစ်ပြန်လူမည်းတွေကို ရိုက်နှက်မှုတွေ ဖြစ်ခဲ့ပုံတွေဟာ မာရှယ်လ်ကို ဒေါသထွက်စေခဲ့တယ်။ အဲဒါတွေအတွက် သူဟာ တရားရေးဌာနကို စိန်ခေါ်ရလိမ့်မယ်။ ဟူးဗားရဲ့ ရန်ငြိုးထားခြင်းခံရဖို့ ဖြစ်သွားတောင်မှ စိန်ခေါ်ရလိမ့်မယ် လို့ သားဂွဒ် နားလည်ခဲ့တယ်။

အက်ဖ်ဘီအိုင်နဲ့ အဲန်အေအေစီပီတို့ရဲ့ကြားမှာ ထိန်းထိန်းချုပ်ချုပ်နဲ့ ရန်လိုမှုနဲ့ ဖုံးအုပ်ထားတဲ့ ဒေါသတွေဟာ နှစ်ပေါင်းများစွာ ချီပြီး ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဝေါလ်တာ ဝှိုက်ရဲ့ ဆက်ဆံမှုက သံတမန်ဆန်တယ်။ မစ္စတာ ဟူးဗားဆီ စာရေးရင် အရိုအသေပေးရတတ်တယ်။ ၁၉၄၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့က ဝှိုက်ရေးခဲ့တဲ့စာကို ရေးထားပုံကြည့်ပါ။

> "ချစ်ခင်လှစွာသော မစ္စတာ ဟူးဗားခင်ဗျား
>
> အက်ဖ်ဘီအိုင် အဖွဲ့ကြီး၌ အရည်အချင်းပြည့်သော လူမည်းများအား လက်ခံအလုပ်ပေးထားခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းမှုများကို လွန်ခဲ့သော လအနည်းငယ်ကာလအတွင်း၌ ကျွန်တော်တို့၏ရုံးတွင် လက်ခံရရှိခဲ့ပါသည်။ ယေဘုယျထင်မြင်ယူဆချက်အရ လူမည်းများ၏အရည်အချင်း မည်သို့ရှိစေကာမူ အက်ဖ်ဘီအိုင်အဖွဲ့ကြီးသည် လူမည်းများအား အလုပ် မခန့်ထားဟု ယူဆထားကြပါသည်။
>
> သို့ဖြစ်ရာ လူမည်းများအား အလုပ်ခန့်ထားရေးနှင့် စပ်လျဉ်း၍ လူကြီးမင်းတို့၏ ဌာနက ချမှတ်ထားသော ပေါ်လစီကို ကျွန်တော့်အား ကျေးဇူးပြု၍ အကြံပြုစေ လိုပါသည်။ လူမည်းများအား မည်သည့်အလုပ်တာဝန်များတွင် အလုပ်ပေးထားသည်ကို ကျွန်တော့်အား သိခွင့်ပြုမည်ဆိုလျှင်လည်း များစွာ အထောက်အကူ ပြုပါလိမ့်မည်"

အထက်ပါစာကို ဟူးဗားက အကြောင်းပြန်ပေးခဲ့တယ်။ ဟူးဗားရဲ့စာထဲမှာ "ဤရုံးတွင် လူမည်းများအား အလုပ်ခန့်ထားမှုကို ပိတ်ပင်



မာတိကာသို့

တားမြစ်ထားခြင်း မရှိပါ။ စုံစမ်းရေးတာဝန်များနှင့် ရုံးလုပ်ငန်းများတွင် တာဝန်ပေးအပ်ထားသော လူမည်းအချို့ ရှိပါသည်” လို့ ဖော်ပြခဲ့တယ်။

နောက်စာတစ်စောင်မှာတော့ ဟူးဗားက အက်ဖ်ဘီအိုင်သည် အသားအရောင်ကို ကြည့်တတ်သည့် မျက်စိမရှိကြောင်းနှင့် လူမည်းဦးရေ မည်မျှကိုပင် ခန့်အပ်ထားသည်ဟု မှတ်တမ်းမှတ်ရာ မထားကြောင်းနဲ့ သူ့ရုံးအပြင်ဘက်တွင် ထိုင်သော လူမည်း မရှိခဲ့လျှင် ၄င်းအနေဖြင့် မည်ကဲ့သို့ ဆက်ဆံလုပ်ကိုင်မှု ပြုလုပ်ရမည်ကို မသိကြောင်း ရေးသားခဲ့တယ်။

တကယ့်အဖြစ်မှန်ကတော့ အက်ဖ်ဘီအိုင်မှာ လူမည်းအထူးစုံစမ်း စစ်ဆေးရေးမှူး တစ်ဦးတလေမှ ခန့်အပ်ထားတာ မရှိပါ။ လူမည်းအသိုင်း အဝိုင်းကြားမှာ စုံစမ်းစရာအလုပ်များ ပေါ်ပေါက်ခဲ့ရင် မျက်နှာဖြူ စုံစမ်း ရေးမှူးတွေကို မျက်နှာမှာ ကပွဲသုံး အမည်းရောင်မိတ်ကပ်တွေလိမ်းပြီး စေလွှတ်ခဲ့ကြပါတယ်။

ဝေါ်လ်တာ ဝိုက်က သဘောထားကွာဟမှုတွေ မရှိအောင် ရှောင် ခဲ့ချင်တယ်။ ဒါပေမဲ့ လူမည်းတွေကို လည်ပင်းကြိုးကွင်းစွပ် သတ်မှုတွေ နဲ့ သတ်ဖြတ်မှုတွေ ဖြစ်ပေါ်ခဲ့မှုတွေကြောင့် သဘောထားကွာဟမှုတွေ ဖြစ်စေခဲ့တယ်။ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှာ ဝိုက်က သားဂွဒ် မာရှယ်လ်ရဲ့လက်ထောက် ရောဘတ် ကာတာထံ စာတစ်စောင်ရေးပြီး မေးခဲ့တယ်။ အက်ဖ်ဘီအိုင်ရဲ့ လှုပ်ရှားမှုတွေမှာ လူမည်းဆန့်ကျင်ရေးနဲ့ လူအုပ်များ အားပေးမှု ရှိမရှိ၊ သိသမျှ အထောက်အထားများ၊ မှတ်စုကြမ်း တစ်ခု ပြုစုပေးရန် မေတ္တာရပ်ခံခဲ့တဲ့စာ ဖြစ်ပါတယ်။

နှစ်ပတ်လောက်ကြာတော့ အဲန်အေအေစီပီ တရားရေးဌာနက ဖရဲန့် ဝီလျမ်စ်ဆီက မှတ်စုကြမ်းကို ဝေါ်လ်တာ ဝိုက် ပြန်ရခဲ့တယ်။ အက်ဖ် ဘီအိုင်ဟာ လူမည်းဆန့်ကျင်ရေးအုပ်စုတွေနဲ့ ပူးပေါင်းမှု ရှိခဲ့တယ်။ အထူး သဖြင့် စစ်ပြန်လူမည်း အိုင်းဆက် ဂူးဒတ်ဆိုသူ မျက်လုံးနှစ်ဖက် ထွက်သွား ခဲ့အောင် အထိုးအနှက် ခံခဲ့ရတဲ့ အဆိုးဝါးဆုံးအမှုမှာ ပါဝင်ပတ်သက်မှု ရှိခဲ့



မာတိကာသို့ ››

တယ်။ ဂူးဒတ်က စာရွက်အလွတ်တစ်ရွက်ပေါ်မှာ သူ့ကို အက်ဖ်ဘီအိုင် အထူးစုံစမ်းရေးမှူးနှစ်ဦးက အတင်းဇွတ် လက်မှတ်အထိုးခိုင်းခဲ့ပုံ၊ အဲဒီ စာရွက်ပေါ်မှာ တောင်ကယ်ရိုလိုင်းနားမှာ ဖြစ်ခဲ့တဲ့ ရက်စက်မှုအကြောင်း ဂူးဒတ်ရဲ့ "ထွက်ဆိုချက်" လက်နှိပ်စက်နဲ့ ရိုက်မှာဖြစ်ကြောင်းကို ဂူးဒတ်က ကျိန်ဆိုပြောခဲ့တယ်လို့ ဝီလျမ်စ်က ရေးပြထားတယ်။

စက်တင်ဘာလ ၁၇ ရက်နေ့မှာ ဝေါ်လ်တာ ဝှိုက်က ဝီလျမ်စ်ရဲ့ စွပ်စွဲချက်နဲ့ တခြားအချက်အလက်တွေ ပါတဲ့ စာတစ်စောင်ကို ဟူးဗားထံ ပို့ခဲ့တယ်။ ဟူးဗားက စာထဲမှာပါတဲ့ အချက်တွေအားလုံးကို ငြင်းပယ်ခဲ့တယ်။ ပြီးတော့ ဖရဲန့် ဝီလျမ်စ်ဟာ အက်ဖ်ဘီအိုင်အဖွဲ့ရဲ့ စုံစမ်းစစ်ဆေးမှုတွေကို ပိတ်ဆို့သူဖြစ်တယ်လို့ ဟူးဗားက ပြန်ပြီး စွပ်စွဲလိုက်တယ်။ အက်ဖ်ဘီအိုင်အဖွဲ့ရဲ့ ပေါ်လစီဟာ စုံစမ်းမှုအားလုံးကို လုံးဝ မျှမျှတတ ဖြစ်ပြီး ဘက်မလိုက်မှုနဲ့ အချက်အလက်များကိုသာ ရအောင် အစဉ်ပြုလုပ်ခဲ့ ကြောင်းနဲ့ နောင်ကိုလည်း ဒီပေါ်လစီကို ဆက်လက်ကျင့်သုံးသွားမှာ ဖြစ် တဲ့အကြောင်း ဟူးဗားက နိဂုံးချုပ်မှာ ဖော်ပြခဲ့တယ်။

ဟူးဗားရဲ့စာကိုဖတ်ပြီးတဲ့နောက်မှာ သားဂွဒ် မာရှယ်လ်ဟာ ကျယ်လောင်စွာ အော်ဟစ်ဆဲဆိုခဲ့တယ်။ ဝေါ်လ်တာ ဝှိုက်နဲ့ ဟူးဗားတို့ အကြားမှာ အပြန်အလှန် စာပေးစာယူ တစိမ့်စိမ့် လုပ်နေပုံကို သူမကြိုက် တဲ့အကြောင်း၊ သူ့အနေနဲ့ လိုရင်းကို မိအောင် သူ့လက်နဲ့ ကိုယ်တိုင် ဖမ်းကိုင်တော့မယ်လို့ ဇနီး ဘတ်စ်တာ ကို နှစ်ကိုယ်ကြား ပြောခဲ့တယ်။

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာတော့ မာရှယ်လ်ဟာ ရှေ့နေချုပ် တောမ် ကလပ်ခ်ထံကို အောက်ပါအတိုင်း စာရေးပေးပို့ခဲ့ ပါတယ်။

> "တရားရေးဌာနရဲ့ လုပ်ဆောင်မှုတွေနဲ့ ပတ်သက်လို့ လူမည်း တွေအပေါ်မှာ ထိခိုက်စေနိုင်တဲ့ကိစ္စတွေကို လူကြီးမင်းထံ ကျွန် တော် ပုဂ္ဂိုလ်ရေးအရ အသိပေးပါမယ်လို့ ကျွန်တော် တစ်ခါက သဘောတူခဲ့တာကို ရှေ့နေချုပ်ကြီး မှတ်မိပါလိမ့်မယ်။ အက်ဖ်



မာတိကာသို့

ဘီအိုင်အဖွဲ့ကြီး၏ တောင်ပိုင်း၌ ဆောင်ရွက်ခဲ့မှုများသည် ယေဘုယျအားဖြင့် ကောင်းမွန်ခဲ့ပါသည်။ ဒါပေမဲ့ လူမည်းများ ပါဝင်ပတ်သက်သော အမှုများတွင် အက်ဖ်ဘီအိုင်အဖွဲ့ကြီး၏ စုံစမ်းမှု မှတ်တမ်းများသည် ထင်ထင်ရှားရှား တစ်ဖက်သတ်ကျခဲ့ပါသည်။ ဂျော်ဂျီးယားပြည်နယ်၊ မောရီးမြို့တွင် အကြမ်းဖက်လူအုပ်က လည်ပင်းကြိုးကွင်းစွပ် သတ်ဖြတ်ခဲ့မှုများ၏ တရားခံ တစ်ဦးကိုမျှ အက်ဖ်ဘီအိုင်က ဖော်ထုတ်ပေးနိုင်စွမ်း မရှိခဲ့ခြင်းမှာ နောက်ဆုံး နမူနာတစ်ရပ် ဖြစ်ခဲ့ပါသည်။ ယခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နှင့် ၂၆ ရက်များတွင် တဲန်းနက်ဆီးပြည်နယ်၊ ကိုလမ်ဘီးယားမြို့တွင် ဖြစ်ပွားခဲ့သော ရုန်းရင်းဆန်ခတ်မှုတွင် အက်ဖ်ဘီအိုင်စုံစမ်းရေးမှူးများကို ချက်ချင်းလိုလို စေလွှတ်ပေးခဲ့သည်ဟု သတင်းများက ဆိုခဲ့ပါသည်။ ကျေကျေညက်ညက်နှင့် ပြည့်ပြည့်စုံစုံ စုံစမ်းမှုများ ပြုလုပ်ရန်အတွက် စေလွှတ်ခဲ့ပုံ ရပါသည်။ သို့သော်လည်း ထိုစုံစမ်းရေးမှူးများသည် အကြမ်းဖက်မှုများအတွက် တာဝန်ရှိခဲ့သူ တစ်ဦး၏ အမည်ကိုမျှ ထုတ်ဖော်ပေးနိုင်စွမ်း မရှိခဲ့ပါ။ ထို့အပြင် ထိုမြို့ရှိ လူမည်းများပိုင် ပစ္စည်းများကို ဖျက်ဆီးခဲ့သူ တစ်ဦးတစ်ယောက်မျှ ဖော်ထုတ်ပေးနိုင်စွမ်း မရှိခဲ့ပါ”

သားဂွဒ် မာရှယ်လ်က အက်ဖ်ဘီအိုင်ကို ပြင်းထန်စွာ ဝေဖန်ရေးသားခဲ့တဲ့ *နယူးယောက်တိုင်းမ်စ်* သတင်းစာရဲ့ခေါင်းကြီးပိုင်းကိုလည်း ထုတ်နုတ်ကိုးကား ရေးသားပြလိုက်တယ်။ မာရှယ်လ်ရဲ့ စာကို ဟူးဗား ဂရုမစိုက်ဘဲ မနေနိုင်တော့ပါ။ အဲဒါကြောင့် ပြန်စာပို့ဖို့ သူ့လူတွေကို အကြမ်းရေးခိုင်းခဲ့တယ်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ ဟူးဗားက ဝေါလ်တာ ဂိုက်ထံ ကန့်ကွက်စာတစ်စောင် ပို့ခဲ့တယ်။ အဲဒီနေ့မှာပဲ ကလပ်ခ်ကလည်း အက်ဖ်ဘီအိုင်ကို ခုခံကာကွယ်တဲ့ စာတစ်စောင်ကို အကြောင်းပြန်ပေးခဲ့တယ်။

ကလပ်ခ်ရဲ့စာထဲမှာ မောရီးမြို့မှာ လူမည်းလေးဦး အသတ်ခံရပြီး



မာတိကာသို့ ▸▸

တဲ့နောက်မှာ အက်ဖ်ဘီအိုင်ဟာ လူပေါင်း ၂၈,၀၀၀ နီးပါးကို တွေ့ဆုံမေးမြန်း ခဲ့တယ်။ ဂျော်ဂျီးယားပြည်နယ်၊ အေသင်မြို့က ဂရဲန်းဂျူရီအဖွဲ့ကြီးမှာ လူ ၁၀၆ ဦး ကိုယ်တိုင် လာရောက် အစစ်ဆေးခံခဲ့ကြတယ်။ ဂျူရီအဖွဲ့အနေနဲ့ ရှုပ်ထွေးတဲ့ ရာဇဝတ်မှုမှာ တစ်ဦးတစ်ယောက်အပေါ် အပြစ်ဒဏ်ပေးသင့် တယ်လို့ မယူဆခဲ့ကြောင်း ဖော်ပြထားတယ်။

သားဂွဒ် မာရှယ်လ် အသတ်ခံရလုနီးဖြစ်ခဲ့တဲ့ ကိုလမ်းဘီးယားက အမှုတွေနဲ့ ပတ်သက်လို့လည်း အမှုကို ကိုင်တွယ်ခဲ့ကြတဲ့ ဥပဒေအရာရှိများကို ချီးကျူးကြောင်း နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုဥပဒေ ချိုးဖောက်မှု မရှိဟု သုံးသပ်ခဲ့တဲ့ ဂရဲန်းဂျူရီအဖွဲ့ကြီးကိုပဲ ကလပ်ခ်က အပြစ်ဖို့ချခဲ့တယ်။

လူမည်းတွေအပေါ်မှာ အကြမ်းဖက် ကျူးလွန်ခဲ့သူတွေကို အပြစ်ပေးစီရင်နိုင်မှုအတွက် အက်ဖ်ဘီအိုင်က ကူညီခဲ့တယ်ဆိုတဲ့ အမှုတွေကိုလည်း ကလပ်ခ်က ဖော်ပြခဲ့တယ်။ ဒါပေမဲ့ မာရှယ်လ်ရဲ့ အဲန်အေအေစီပီ အပေါင်းအပါများက အက်ဖ်ဘီအိုင်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ငြင်းဆိုခဲ့ကြတယ်ဆိုတဲ့ ဟူးဗားရဲ့ အဆိုကို ကလပ်ခ်က ထပ်တလဲလဲနဲ့ အသေးစိတ်နီးပါး ဖော်ပြခဲ့တယ်။

ဟူးဗားက ဝေါ်လ်တာ ဝှိုက်ထံ ရေးခဲ့တဲ့စာကတော့ အောက်ပါအတိုင်းဖြစ်တယ်။

"ကျွန်တော်တို့အတွက် သောကမအေး ပို၍ဖြစ်လာသော အခြေအနေတစ်ခုကို ကျွန်တော်တို့ ချင်း နားလည်မှု ရှိထားချက်အတိုင်း လူကြီးမင်းအား အသိပေးလိုပါသည်။ လူကြီးမင်းတို့ အသင်းကြီး၏ အထူးအတိုင်ပင်ခံပုဂ္ဂိုလ် မစ္စတာ သားဂွဒ် မာရှယ်လ် အနေနဲ့ အက်ဖ်ဘီအိုင် အဖွဲ့ကြီးကို အရှက်တကွဲဖြစ်အောင် ထပ်တလဲလဲ ကြိုးပမ်းအားထုတ်မှုများနဲ့ ဆက်စပ်နေတဲ့အကြောင်းဖြစ်ပါတယ်။ မစ္စတာ သားဂွဒ် မာရှယ်လ်သည် အက်ဖ်ဘီအိုင်၏ စုံစမ်းစစ်ဆေးမှုများကို အနှောင့်အယှက်ပေးရန် ကြိုးစားနေပါသည်။ အထူးသဖြင့် လူမည်းများ၏ ပြည်သူ့အခွင့်အရေးနှင့်



မာတိကာသို့ ▶▶

သက်ဆိုင်သော ကိစ္စများတွင် ပို၍ ဆိုးပါသည်။

မစ္စတာ မာရှယ်လ်အနေဖြင့် အက်ဘီအိုင်အပေါ်တွင် သူ၏အမြင်ထားရှိခွင့်နှင့် ထိုသဘောထားကို ထုတ်ဖော်ပြောဆိုခွင့်ရှိကြောင်း ကျွန်တော့်အနေဖြင့် အသိအမှတ်ပြုပါသည်။ သို့သော်လည်း ၎င်းအနေဖြင့် အက်ဖ်ဘီအိုင်၏လုပ်ရပ်များကို အမေရိကန်ပြည်ထောင်စု၏ ရှေ့နေချုပ်ထံသို့ ၎င်း၏ တရားဝင်အနေအထားဖြင့် စာရေးမည်ဆိုလျှင် ၎င်းတိုင်တန်းလိုသော အခြေအနေများ အကြောင်းနှင့် စပ်လျဉ်းပြီး မှန်နိုင်သမျှ မှန်အောင် အကျိုးအကြောင်း ဆီလျော်စွာ မျှော်လင့်ထားရမည်ဟု ကျွန်တော် ထင်မိပါသည်။

ကျွန်တော်တို့အဖွဲ့ကြီးသည် အမှုတစ်ခုတွင် အချက်အလက်များကို ကျကျနန ပြည့်ပြည့်စုံစုံ စုံစမ်းမေးမြန်းမှု ပြုလုပ်ခဲ့ပါသည်။ သို့စေကာမူ ဂျူရီအဖွဲ့ကြီးတစ်ဖွဲ့(ဂရဲန်းဂျူရီ)က ပြည်ထောင်စုဥပဒေတစ်ခုကို ချိုးဖောက်ခဲ့ခြင်း မရှိဟု တွေ့ရှိခဲ့ခြင်း၊ ဂျူရီအဖွဲ့ငယ်ကလည်း တရားခံတစ်ဦးသည် ပြည်ထောင်စု ဥပဒေတစ်ခုကို ချိုးဖောက်ခဲ့ခြင်း မရှိဟု တွေ့ရှိခဲ့ခြင်းတို့ ရှိခဲ့ပါသည်။ ထိုအခြေအနေပေါ်တွင် အက်ဖ်ဘီအိုင်သည် တာဝန်ဝတ္တရား၊ လျစ်လျူရှု ပစ်ပယ်မှု ရှိသည်ဟု မစ္စတာ မာရှယ်လ်အနေဖြင့် စွပ်စွဲ ခြင်းမှာ ကိုယ်ကျင့်တရားသိက္ခာနှင့် မညီညွတ်၊ တရားမျှတမှုလည်း မရှိဟု ကျွန်တော် ယုံကြည်ပါသည်။

မစ္စတာ သားဂွဒ် မာရှယ်လ်အပြင် လူကြီးမင်းတို့၏ အသင်း၏ တရားရေးဌာနမှ သူ၏ လုပ်ဖော်ကိုင်ဖက်များသည် အက်ဖ်ဘီအိုင်အဖွဲ့ကြီးနှင့် အပြည့်အဝ ပြည့်ပြည့်စုံစုံ လက်တွဲဆောင်ရွက်ခြင်း မပြုခဲ့သည်မှာ မှန်ကန်သော အချက်တစ်ခုဖြစ်ကြောင်း လူကြီးမင်းအသိ ဖြစ်ပါသည်။ ထိုသို့ ပူးပေါင်းဆောင်



မာတိကာသို့

ရွက်မှု မရှိခြင်းသည် အက်ဖ်ဘီအိုင်အဖွဲ့ကြီး၏ လုပ်ငန်းများကို ပြေပြစ်ချောမွေ့စေခြင်းနှင့် တိုးတက်စေခြင်းတို့အတွက် အကျိုး မပြုခဲ့ပါ။ ရှင်းရှင်းပြောရလျှင် မစ္စတာမာရှယ်လ်နှင့် သူ၏ တရားရေးလုပ်ဖော်ကိုင်ဖက်အချို့တို့၏ သဘောထားနှင့် လုပ်ဆောင်မှုများသည် အဲန်အေအေစီပီ၏ ကိစ္စရပ်များ၌ အရည်အချင်းပြည့်ဝစွာ အုပ်ချုပ်ကွပ်ကဲရန် လူကြီးမင်း ချမှတ်ခဲ့သော အတိုင်းအတာ အဆင့်အတန်းများကို မီကြသည်ဟု ကျွန်တော် မယူဆမိပါ"

ဝေါ်လ်တာ ဝိုက်ဟာ သားဂွဒ် မာရှယ်လ် မွေဆွပေးလိုက်တဲ့ကိစ္စကို လုံးဝသဘောမကျခဲ့ပါ။ ဝိုက်က ဟူးဗားနဲ့ ရင်းရင်းနှီးနှီး ဖြစ်အောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ပါတယ်။ ဒါကြောင့် ဝိုက်က ဇန်နဝါရီလ ၂၀ ရက်နေ့မှာ သားဂွဒ် မာရှယ်လ်ထံ မှတ်စုတိုတစ်စောင် ရေးပို့လိုက်ပါတယ်။

"ယနေ့ ဂျေ အဂ္ဂါ ဟူးဗားထံမှ ယနေ့လက်ခံရရှိတဲ့ စာကို ပူးတွဲ ပေးလိုက်တယ်။ ထိန်းထိန်းသိမ်းသိမ်းနဲ့ အထောက်အထားခိုင်လုံသောစာတစ်စောင် ပြန်ကြားနိုင်ရေးအတွက် ကိုယ့်ကို အကြံပေးပါ။ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့က ခင်ဗျား သူ့ဆီကို ရေးပို့လိုက်တဲ့စာရဲ့ မိတ္တူကိုလည်း ကိုယ်ကြည့်ချင်ပါတယ်"

ဝိုက်ဟာ ဟူးဗားကို ဖားနေတယ်လို့ သားဂွဒ်က သံသယရှိခဲ့တယ်။ အခုတော့ ဝိုက်ရဲ့စာထဲမှာ ထိန်းထိန်းသိမ်းသိမ်းနဲ့ အထောက်အထား ခိုင်လုံသော ဆိုတဲ့ စကားစုကို တွေ့လိုက်ရတော့ ဝိုက်အပေါ်မှာရှိခဲ့တဲ့ သားဂွဒ်ရဲ့ သံသယတွေဟာ ပိုမိုကြီးထွားသွားခဲ့တယ်။ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ မာရှယ်လ်က ဝိုက်ကို စာပြန်ရေးလိုက်တယ်။

"ဟူးဗားရဲ့စာထဲမှာ ရေးထားတာတွေထဲမှာ ကျွန်တော့်ရဲ့ခေါင်းထဲမှာ မှတ်စရာတစ်ချက်ပဲ ပါတယ်။ ကျွန်တော့်ကို အက်ဖ်ဘီ



မာတိကာသို့

အိုင်နဲ့ ပူးပေါင်းဆောင်ရွက်မှု မရှိဘူးလို့ သူက စွပ်စွဲထားတဲ့ အချက်ပါ။ အဲဒီအချက်ဟာ မမှန်ပါဘူး။

အဲဒီအကြောင်းကို ကလပ်ခ်နဲ့ ကျွန်တော် တစ်ဦးချင်း ပြောပါ့မယ်။ သူ့ကို တစ်ခုခု လုပ်ခိုင်းဖို့လည်း ကျွန်တော့်စိတ်မှာရှိတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဟူးဗားကိုရော၊ သူ့ရဲ့ စုံစမ်းရေးမှူးတွေကိုရော အယုံအကြည် မရှိဘူးဆိုတော့ ယုံပါတယ်လို့ပြောရင်လည်း ဘာမှ မထူးပါဘူး"

နောက်တစ်နေ့မှာတော့ ဂိုက်က ဟူးဗားထံ စာရေးလိုက်တယ်။ သူက "ခင်ဗျားနဲ့ မစ္စတာ မာရှယ်လ်တို့ အတူတူထိုင်ပြီး တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း ပြောဆိုကြမည်ဆိုလျှင် နှစ်ဖက်စလုံးနားလည်မှု ရရှိရေးအတွက် များစွာ အလုပ်ဖြစ်နိုင်လိမ့်မည်" ဟု ရေးလိုက်တယ်။

ဇန်နဝါရီလ ၂၈ ရက်နေ့မှာ ဟူးဗားဆီက အောင့်သိုးသိုး ပြန်စာ ကို ရရှိခဲ့တယ်။

"ကျွန်တော်နဲ့ မစ္စတာ မာရှယ်လ်တို့ အတူထိုင်ပြီး တစ်ဦးနှင့် တစ်ဦး ပွင့်ပွင့်လင်းလင်းစကားပြောလိုက်ကြလျှင် များစွာ အလုပ်ဖြစ်လိမ့်မယ်လို့ ခင်ဗျားက အကြံပေးထားချက်ကို ကျွန်တော် မှတ်သားရပါတယ်။ ဒီအစီအစဉ်ဟာ ကနဦးကတည်းက အမှန် လုပ်ဆောင်ခဲ့သင့်တဲ့ အစီအစဉ်ဖြစ်တယ်။ မစ္စတာ မာရှယ်လ် အနေနဲ့ အက်ဖ်ဘီအိုင်အဖွဲ့ကြီးနှင့် ကျွန်တော်၏ အုပ်ချုပ်မှု တို့အပေါ်တွင် အကြီးအကျယ် လွဲမှားသော ပြောဆိုမှုများနှင့် အခြေအမြစ်မရှိသော စွပ်စွဲမှုများကို အားပြုပြီး မပြောဆိုခဲ့မီ ကတည်းက လုပ်သင့်ခဲ့တဲ့ အစီအစဉ်ဖြစ်တယ်လို့ ကျွန်တော် ယူဆမိပါတယ်"

ဟူးဗားက မာရှယ်လ်ကို တွေ့လိုတဲ့ဆန္ဒ မရှိပုံကို ထင်ထင်ရှားရှား ပြလိုက်တာပဲဖြစ်တယ်။ အဲဒီအတောအတွင်းမှာပဲ ဟူးဗားနဲ့ မာရှယ်လ်တို့ ကို ဇန်နဝါရီလ ၂၇ ရက်နေ့မှာ တွေ့ဆုံရအောင် ကလပ်ခ်က ချိန်းဆိုပေး



မာတိကာသို့

ခဲ့တယ်။ ကလပ်ခ်ကိုတော့ ဟူးဗားအတွက် ခုခံကာကွယ်ပြောဆိုဖို့ ချောင်ပိတ် မခံရသမျှ ကာလပတ်လုံး သူဟာ အလွန် သိမ်မွေ့နူးညံ့သူ တစ်ဦးဖြစ်တယ်။ လူမျိုးရေး တရားမျှတမှု ရရှိရေးဘက်ကို တိမ်းညွတ်မှု ရှိသူတစ်ဦးဖြစ်တယ်လို့ သားဂွဒ် မာရှယ်လ်က နားလည်ထားတယ်။ ဒါပေမဲ့ မာရှယ်လ်မှာ ဟူးဗားကို အကြီးအကျယ် မယုံကြည်တဲ့စိတ်က ကြီးထွားလာ ခဲ့တယ်။

အဲဒီအချိန်မှာ ဝေါ်လ်တာ ဝိုက်က အာဏာမင်းတဲ့ လူပိန်လေး ဟူးဗားကို တစ်နည်းနည်းနဲ့ သိမ်းသွင်းလို့ ရနိုင်လိမ့်မယ် ဆိုတဲ့ သူ့ရဲ့ ယုံကြည်ချက်ကို လက်မလွှတ်ခဲ့ဘူး။ ဝိုက်က အဲန်အေအေ စီပီရဲ့ လက် ကမ်းစာစောင်တစ်ခုမှာ ဖော်ပြဖို့အတွက် ဟူးဗားရဲ့ ထောက်ခံ ချက် သဝဏ် လွှာတစ်ခုကို ` ဧပြီလမှာ စာရေးတောင်းခဲ့တယ်။ ဟူးဗားရဲ့ ချီးမွမ်းစာ သဝဏ်လွှာကတော့ အောက်ပါအတိုင်းပါပဲ။

> "ဒီမိုကရေစီနည်းလမ်းကျသော အစိုးရတစ်ခုတွင် တန်းတူညီမျှ မှု၊ လွတ်လပ်မှုနှင့် သည်းခံစိတ်ရှည်မှုတို့သည် မရှိမဖြစ်သော အရာများဖြစ်ပါသည်။ လူမည်းများ တိုးတက်ရေး အမျိုးသား အသင်းသည် ဤသဘောတရားများကို ထိန်းသိမ်းရန်နှင့် ကျွန်ုပ် တို့ နိုင်ငံကို တည်ဆောက်ခဲ့တဲ့ ဘိုးဘွားများ၏ ဆန္ဒများကို အစွန့်ရှည်စေရေးအတွက် များစွာ ဆောင်ရွက်ပေးခဲ့ပါသည်"

ဟူးဗားရဲ့ သဝဏ်လွှာကို သားဂွဒ် မာရှယ်လ်က "လုံးဝ အဓိပ္ပာယ် မရှိဘူးကွာ" လို့ ပြောခဲ့တယ်။ အက်ဖ်ဘီအိုင်ရဲ့ ပေါ်လစီဝါဒနဲ့ လက်တွေ့လုပ်ကိုင်ပုံတွေကို အဲန်အေအေစီပီရဲ့ လူမည်းလောကအဆင့်မှာ စိတ်ပျက်မှုတွေ တိုးလာခဲ့တယ်။ ၁၉၄၇ ခုနှစ် ဩဂုတ်လမှာ ဝေါ်ရှင်တင်ရှိ အဲန်အေအေစီပီရုံးက အက်ဖ်ဘီအိုင်ရဲ့ မျက်နှာဖြူများကိုသာ အလုပ်ခန့် အပ်တာကို "နှင်းပန်းဖြူ ဥယျာဉ်ရမ်းမှု ပေါ်လစီ" ဆိုတဲ့ အမည်တပ်ပြီး အက်ဖ် ဘီအိုင်ကို ကန့်ကွက်တဲ့ သတင်းထုတ်ပြန်ချက်တစ်ခုကို ထုတ်ပြန်ခဲ့တယ်။ ဟူးဗားဟာ စိတ်ကို ထိန်းမရလောက်အောင် သွက်သွက်ခါ ဖြစ်သွားခဲ့တယ်။ အဲဒီထုတ်ပြန်ချက်ဟာ ဝေါ်လ်တာ ဝိုက်ရဲ့ အတည်ပြုချက်နဲ့ ထုတ်ပြန်ခဲ့



မာတိကာသို့ ▶▶

တယ်လို့ သူ့အနေနဲ့ မယူဆကြောင်း ဝိုက်ထံကို စာတစ်စောင် ရေးပို့ခဲ့တယ်။

အဲဒီအချိန်မှာ ဟူးဗားဟာ ဝေဖန်မှုဒဏ်ရာဒဏ်ချက်တွေ ရခဲ့တယ်။ သူဟာ လူမည်းများက သူ့ကို ဝေဖန်ခဲ့တဲ့ အစည်းအဝေးများအကြောင်း အက်ဖ်ဘီအိုင်အဖွဲ့ရဲ့ လျှို့ဝှက်တင်ပြချက်တွေ၊ အက်ဖ်ဘီအိုင်ရဲ့ တစ်ယူသန် အလုပ်ခန့်ထားမှုကို သတင်းစာထဲမှာ ဝေဖန်ရေးသားတဲ့ဆောင်းပါးတွေကို သူကိုယ်တိုင် စောင့်ကြည့်ပြီး ဖတ်ခဲ့တယ်။ "အက်ဖ်ဘီအိုင်အဖွဲ့ကြီးထဲမှာ လူမည်း စုံစမ်းရေးမှူးတွေ မရှိပါဘူး" လို့ *အက်ဖရိုအမေရိကန်* သတင်းစာရဲ့ အထွေထွေ မန်နေဂျာ ရှိုင် ဂါဗင် ရေးသားခဲ့ပုံကြောင့် ပျားတုပ်ခံရသလို အခံရခက်ခဲ့တယ်။

အောက်တိုဘာလ ၂၂ ရက်နေ့မှာတော့ ဒေါပွနေတဲ့ သားဂွဒ်မာရှယ်လ်နဲ့ အင်တင်တင်ဖြစ်နေတဲ့ ဟူးဗားတို့ တွေ့ဆုံခဲ့ကြတယ်။ ဟူးဗားက သူနဲ့ အက်ဖ်ဘီအိုင်အဖွဲ့ကြီးရဲ့ တရားမျှတပုံအကြောင်း၊ သူ့ရဲ့ စာတ်ပြားဟောင်းကြီးကို ထပ်တလဲလဲ ပြန်ဖွင့်ပြခဲ့တယ်။ မာရှယ်လ်ဟာ အချက်အလက် သတင်းမှန်တွေ မသိသူလို့ ဟူးဗားက ပြောဆိုခဲ့တယ်။

မာရှယ်လ်ကလည်း ဂျူရီအဖွဲ့ကြီးတွေဟာ အမှုကို တရားစွဲဆိုသင့် မသင့် ဘယ်လို ဆုံးဖြတ်ပုံ၊ အထူးသဖြင့် ဂျူရီအဖွဲ့ကြီးတွေမှာ တောင်ပိုင်းက မျက်နှာဖြူတွေချည်းသာ ပါဝင်ရင် ဘယ်လို ဆုံးဖြတ်တတ်ကြသလဲဆိုတာ သူသိတဲ့အကြောင်း၊ အက်ဖ်ဘီအိုင် စုံစမ်းရေးမှူးများရဲ့ ထောက်ခံချက်များက အားပါပုံ၊ အမေရိကန်ရှေ့နေအသင်းချုပ်ကလည်း အက်ဖ်ဘီအိုင် ထောက်လှမ်းရေးမှူးများရဲ့ သတင်းပေးချက်ကို ယုံကြည်ပုံ၊ အဲဒါတွေဟာ ဂျူရီအဖွဲ့ကြီးတစ်ခုအပေါ်မှာ ဩဇာလွှမ်းမိုးပုံတွေအကြောင်း သားဂွဒ်က ပြန်ပြောခဲ့တယ်။

ဟူးဗားဟာ ရုပ်ပျက်ဆင်းပျက်၊ မျက်နှာပျက်သွားခဲ့တယ်။ လူမည်းတွေကို ရိုက်နှက်တယ်၊ သတ်ဖြတ်တယ်လို့ အစွပ်စွဲခံခဲ့ရတဲ့ မျက်နှာဖြူတွေရဲ့ ကံကြမ္မာကို ဂျူရီအဖွဲ့ကြီးတွေက စဉ်းစားပေးအောင် အက်ဖ်

ဘီအိုင်အဖွဲ့က ပြင်းပြင်းထန်ထန် သက်သေခံပေးနိုင်တယ်။ အက်ဖ်ဘီအိုင် စုံစမ်းရေးအရာရှိတို့ သတင်းအချက်အလက်တွေ ပေးနိုင်တယ်လို့ သားဂွဒ် မာရှယ်လ်က စွပ်စွဲနေမှန်း ဟူးဗားသိခဲ့လို့ ဖြစ်ပါတယ်။ မာရှယ်လ် ပြောတာတွေထဲမှာ တစ်ခုတော့ မှန်တယ်လို့ ဟူးဗားက လက်ခံခဲ့တယ်။ လည်ပင်းကြိုးကွင်းတပ် သတ်မှုတွေကို ရပ်တန့်သွားစေဖို့၊ အမေရိကန် နိုင်ငံသားတစ်ဦးရဲ့ ပြည်သူ့အခွင့်အရေးတွေကို ရဲအဖွဲ့က ချိုးဖောက်မှုကို ဟန့်တားနိုင်စေဖို့အတွက် ပိုမိုအားကောင်းပြီး တိကျတဲ့ ပြည်နယ်ဥပဒေ သစ်တွေ ပိုပြီး ပြဋ္ဌာန်းပေးဖို့ လိုအပ်တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။

ဒါပေမဲ့ မာရှယ်လ်ဟာ ဟူးဗားကို ဘယ်လောက်အထိ စက်ဆုတ်နေခဲ့သလဲ မသိဘူး။ အဲဒီအချက်ကို ဟူးဗားနဲ့အတူ အမြင်တူ၊ သဘောတူတယ်ဆိုတာ ကို မာရှယ်လ်က မပြောခဲ့ဘူး။ မာရှယ်လ်က "လည်ပင်း ကြိုးကွင်းစွပ်သတ်မှုကို ဆန့်ကျင်တဲ့ ပြည်ထောင်စုဥပဒေတစ်ရပ်နဲ့ အခြား ဥပဒေ ပြဋ္ဌာန်းပေးရေးကို လွှန်ခဲ့တဲ့ အနှစ် ၃၀ ကတည်းက အဲန်အေအေ စီပီက တောင်းဆိုခဲ့တာကို ဟူးဗားတောင် ကောင်းကောင်းကြီး သိထားခဲ့ တာပဲ" လို့ထောက်ပြလိုက်တယ်။

သူတို့နှစ်ဦး တွေ့ဆုံခဲ့ခြင်းက နှစ်ဦးစလုံးရဲ့အမြင်တွေကို လျော့ ပါးမသွားစေခဲ့ဘူး။ ဟူးဗားနဲ့ အက်ဖ်ဘီအိုင်အဖွဲ့ဟာ လူမည်းတွေအပေါ် မှာ ရန်ငြိုးထားတယ်လို့မြင်တဲ့ မာရှယ်လ်ရဲ့အမြင်ကလည်း လျော့မသွား ခဲ့ဘူး။ မာရှယ်လ်နဲ့ အဲန်အေအေစီပီက တခြားတာဝန်ခံတွေဟာ ပူးပေါင်း ဆောင်ရွက်မှု မရှိဘူး၊ သူနဲ့ အဖွဲ့ကြီးကို အစွမ်းကုန် မျက်နှာအိုးမည်းသုတ် ကြဖို့ အသင့်ဖြစ်ကြတယ်ဆိုတဲ့ ဟူးဗားရဲ့အမြင်ကလည်း ပြောင်းမသွား ခဲ့ဘူး။ သူတို့နှစ်ယောက် အဆက်အသွယ် မပြတ်အောင် နေသွားရေး တစ်ခုကိုပဲ နှစ်ဦးသဘောတူညီခဲ့တယ်။

ထောင်ပေါင်းများစွာသော အမေရိကန်နိုင်ငံသားတွေဟာ နှစ် ပေါင်းများစွာ ဟူးဗားကို ကြောက်ရွံ့ထိတ်လန့်စွာ ဆက်ဆံခဲ့ကြရတယ်။ ဒါပေမယ့် ၁၉၅၀ ခုနှစ် ရောက်လာတဲ့အခါမှာတော့ လူမျိုးရေးခွဲခြားမှု

အင်အားစုတွေက အဲန်အေအေစီပီအသင်းဟာ ကြောက်စရာကောင်းပြီး မနှစ်မြို့စရာ အာဏာရှိတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် စပြီး ပြောဆိုလာခဲ့ကြရတယ်။

၁၉၅၀ ခုနှစ်၊ အောက်တိုဘာလမှာ ကူးကလပ်စ် ကလဲန် အင်အားပြပွဲတစ်ခုကို တောင်ကယ်ရိုလိုင်းနားပြည်နယ်က မာတယ်လ်ကမ်းခြေမှာ ပြုလုပ်ခဲ့တယ်။ အဲဒီနောက် တရားသူကြီး ဝေ့တီးစ် ဝေါရင်းရဲ့အိမ်ကို တစ်ယောက်က အုတ်ခဲစတွေနဲ့ ပစ်ခဲ့တယ်။ အဲဒီတော့ အဲဒီတရားသူကြီးကို ချက်ချင်း အကာအကွယ်ပေးဖို့ ဝေါလ်တာ ဝှိုက်က ရှေ့နေချုပ် ဟောင်းဝပ် မက်ဂရပ်သ်ထံ တောင်းဆိုခဲ့တယ်။ အဲဒီတရားသူကြီး ဝေါရင်းဟာ တောင်ကယ်ရိုလိုင်းနားမှာ မျက်နှာဖြူများသာ ဝင်အရွေးခံမယ့် အခြေခံရွေးကောက်ပွဲများကို ဖျက်သိမ်းပစ်ဖို့ အမိန့်ထုတ်ပေးခဲ့သူ ဖြစ်ပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး တရားသူကြီး ဝေါရင်းကို ၂၄ နာရီပတ်လုံး အကာအကွယ်ပေးရေးအတွက် ရှေ့နေချုပ် မက်ဂရပ်သ်က ဟူးဗားကို အတင်းအကျပ် ခိုင်းခဲ့တယ်လို့ *ချာလ်စတင် နယူးစ် အဲန် ကူရီးယား* သတင်းစာက ခေါင်းကြီးပိုင်းမှာ ဝေဖန်ရေးသားခဲ့တယ်။

"မက်ဂရပ်သ်မှာ အမျိုးသားဒီမိုကရက်တစ် ကော်မတီ၏ သဘာပတိဟောင်းဖြစ်သည်။ ဝှိုက်သည် နိုင်ငံတွင်း၌ လူမည်းတို့၏ မဲများကို အထိန်းချုပ်ထားနိုင်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ မက်ဂရပ်သ်သည် ဝေါလ်တာ ဝှိုက်နှင့် အဲန်အေအေစီပီတို့ ပြောသမျှကို ခေါင်းညိတ်သူဖြစ်နေပြီလား..." လို့ သတင်းစာက ရေးသားခဲ့တယ်။

အဲန်အေအေစီပီဟာ လူမည်းများခွဲခြားမှု ကြီးမားပြင်းထန်တဲ့ တောင်ပိုင်းဒေသမှာ ကြဲဖန်ပြီး ကြောက်စရာကောင်းအောင် အားကောင်းလာခဲ့ချိန်မှာ ကွန်မြူနစ်ဝါဒဟာ အမေရိကန်တစ်နိုင်ငံလုံးမှာ အကြီးအကျယ်ကြောက်လန့်စရာကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဝစ္စကောန်ဆင်းပြည်နယ်က ဆီးနိတ်လွှတ်တော်အမတ် ဂျိုးဆက် မက္ကာသီဟာ မကြာခင် အမေရိကန်အတော်များများကို ကွန်မြူနစ်များလို့ လူသိရှင်ကြား စွပ်စွဲပြောဆိုခဲ့သူ

ဖြစ်လာပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အက်ဖ်ဘီအိုင် နယ်မြေမှာတော့ ဟူးဗားက ဘယ်သူတွေဟာ ကွန်မြူနစ်တွေ၊ သစ္စာဖောက်တဲ့ မိတ်ဆွေတွေ၊ ဆိုဗီယက်ကို ထောက်ခံသူတွေဖြစ်တယ်လို့ သံသယရှိသူများရဲ့ နာမည်စာရင်းတွေနဲ့ စာရွက်စာတမ်းတွေကို စုဆောင်းပေးခဲ့တယ်။ ဟူးဗားဟာ အဲန်အေအေစီပီနဲ့ တခြား လူမည်းအုပ်စုခေါင်းဆောင်တွေရဲ့ သစ္စာရှိမှုဟာ သံသယရှိစရာကောင်းတယ်လို့ "ဘီးတပ်ပေးခြင်း" အလုပ်ကို အလွန်ပျော်တဲ့ပုံရခဲ့တယ်။

ဝေါ်လ်တာ ဝှိုက်က သူကိုယ်တိုင် ကွန်မြူနစ် ဆန့်ကျင်ရေးနည်းပရိယာယ် ခြေလှမ်းစယူပြီး ခုခံကာကွယ်ရေးနဲ့ ဟူးဗားသိအောင်လုပ်ရေးတို့ကို စခဲ့တယ်။ ဇွန်လ ၁၃ ရက်နေ့မှာတော့ ဟူးဗားကို တွေ့ဖို့ ကြိုးစားခဲ့တာ မတွေ့ခဲ့ရဘူး။ ဒါကြောင့် ကွန်မြူနစ်နှင့် ရှေ့တန်းကွန်မြူနစ်အဖွဲ့အစည်းများက လူမည်းများကို ခေါင်းပုံဖြတ်နေတယ်ဆိုတဲ့ကိစ္စကို အစစ်အမှန်နဲ့ ထုတ်ပြန်၍ရသောအချက်များ ဖော်ပြပေးရန် ဝှိုက်က အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးထံ စာနဲ့ရေးပေးခဲ့တယ်။

ဒီလိုဖြစ်ခဲ့ပြီးတဲ့နောက် ရက်ပိုင်းအတွင်းမှာပဲ အဲန်အေအေစီပီရဲ့ အမျိုးသားညီလာခံကို တောင်ပိုင်းဒေသမှာ ပထမဆုံးအကြိမ် ကျင်းပခဲ့တယ်။ ဝေါ်လ်တာ ဝှိုက်ဟာ သူ့ရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေးပရိယာယ်က သူလိုချင်တာတစ်ခုကို ရခဲ့တယ်။ ညီလာခံ ကျင်းပချိန်မှာ ဂျော်ဂျီးယား ပြည်နယ်အုပ်ချုပ်ရေးမှူး ဟာမင် တယ်လ်မတ်ချ်က လူမျိုးရေးပဋိပက္ခအနှောင့်အယှက်များဖြစ်အောင် ဖန်တီးနိုင်တယ်။ ပြီးရင် အားလုံး ကွန်မြူနစ်တွေကြောင့်လို့ အပြစ်ပုံချမယ်လို့ ခြောက်လှန့်မှုကောလာဟလ ထွက်ပေါ်ခဲ့တာကို အက်ဖ်ဘီအိုင် လက်ထောက်ညွှန်ကြားရေးမှူး လူး နစ်ကားလ်စ်ကို အသိပေးခဲ့တယ်။ နစ်ကားလ်စ်က အခြေအနေကို စစ်ဆေးဖို့အတွက် သူ့ ရဲ့ အလျှင်ဆုံး စုံစမ်းရေးမှူးတွေကို အတ္တလန္တာကို ပို့ပေးပါ့မယ်လို့ ကတိ ပေးခဲ့ရပါတယ်။

ဝှိုက်ဖြစ်စေ၊ တခြားလူတစ်ယောက်ယောက်ဖြစ်စေ သူတို့လုပ်



မာတိကာသို့

ဆောင်ခဲ့သမျှတွေထဲက ဘာတစ်ခုမှ ဟူးဗားကို စိတ်ပျော့သွားပြီး ကျေနပ်မှုရှိအောင် လုပ်ဆောင်ပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ ကလဲရင့်စ် မစ်ချဲလ်ဆိုသူဟာ အဲန်အေအေစီပီတာဝန်ခံတွေထဲမှာ အထင်ရှားဆုံးနဲ့ လူချစ်လူခင်အများဆုံးသူတစ်ဦးဖြစ်လာခဲ့တယ်။ ကွန်ဂရက်က အရေးပါတဲ့ အမတ်တွေနဲ့ ထူးခြားတဲ့ ဆက်ဆံမှု လမ်းကို စဖောက်ပေးနိုင်ခဲ့သူလည်းဖြစ်တယ်။ ဒါပေမယ့် ဟူးဗားဟာ မစ်ချဲလ်နဲ့လည်း အပြန်အလှန် စိတ်ဆိုးမာန်ဆိုး ပြောဆိုခဲ့တယ်။ မစ်ချဲလ်ရဲ့ ဝေဖန်မှုတွေဟာ "အတင့်ရဲလွန်းတယ်" လို့ ဟူးဗားက ခေါ်ဆိုခဲ့တယ်။ မစ်ချဲလ်က "သာမန် ပြည်သူတစ်ဦးအနေနဲ့ အစိုးရအရာရှိဝန်ထမ်းတစ်ဦးကို အကြံပေးချက် ပြုလုပ်ရာမှာ အတင့်ရဲလွန်းတယ်ဆိုတာ ဘယ်တော့မှ မရှိဘူး" လို့ ပြန်ဖြေခဲ့တယ်။

မက္ကာသီရဲ့ခေတ်နဲ့ ၁၉၅၀ နဲ့ ၁၉၆၀ ပြည့်လွန်နှစ်တွေက ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုများကာလအတွင်းမှာ ဟူးဗားရဲ့ အနေအထားဟာ ပိုမိုပေါ်လွင်စေခဲ့တယ်။ ဟူးဗားက သူ့ကိုယ်သူလည်း အစိုးရအရာရှိဝန်ထမ်းတစ်ဦးသက်သက်မကဘူး။ လူမည်းတွေကိုလည်း သူအကြံဉာဏ်ရယူရမယ့် သာမန်ပြည်သူများ မဟုတ်ဘူးဆိုတဲ့ ဟူးဗားရဲ့ ယုံကြည်မှုတွေထင်ရှားစေခဲ့ပါတယ်။

အဲန်အေအေစီပီက သားဂွဒ် မာရှယ်လ်၊ ဝေါလ်တာ ဝှိုက်၊ မစ်ချဲလ်နဲ့ တခြားလူတွေအဖို့တော့ ကံကောင်းလို့ဖြစ်ခဲ့တာ တစ်ခုရှိတယ်။ အဲဒါကတော့ ဘုန်းတော်ကြီး မာတင် လူသာ ကင်းဟာ ဟူးဗားရန်ငြိုးထားတဲ့ အဓိကပစ်မှတ် ဖြစ်လာခဲ့လို့ပါပဲ။ မာတင် လူသာ ကင်းရဲ့ နာမည်ဂုဏ်သတင်း ကျော်ကြားမှုကို ဖျက်ဆီးပစ်ဖို့ အက်ဖ်ဘီအိုင်ရဲ့ တိုက်ပွဲအစီအစဉ်တစ်ခုကို လှုံ့ဆော်ချမှတ်ပေးခဲ့ပါတယ်။ (စာအုပ်ပြုစုသူ၏အမြင်တွင် မာတင် လူသာ ကင်းအား လုပ်ကြံသတ်ဖြတ်ရေးကိုပင် ဖန်တီးခဲ့သည်ဟု ယူဆခဲ့သည်။)

ဟူးဗားဟာ ၁၉၇၂ ခုနှစ်၊ မေလမှာ ကွယ်လွန်ခဲ့တယ်။ သူ့အပေါ်မှာ သားဂွဒ် မာရှယ်လ်နဲ့ တခြားပုဂ္ဂိုလ်များရဲ့ မယုံကြည်မှုနဲ့ မုန်း

တီးမှုတို့ဟာ အံ့ဝင်ခွင်ကျ ဖြစ်ခဲ့တယ်လို့ သူသေသွားတဲ့အချိန်မှာ အမေရိကန်အများစုက သိထားခဲ့ကြပြီး ဖြစ်ပါတယ်။ ဟူးဗားဟာ သူ့ရဲ့အာဏာကိုရော၊ အက်ဖ်ဘီအိုင်အဖွဲ့ကြီးရဲ့အာဏာကိုရော မတရား အလွဲသုံးစားပြုခဲ့တဲ့ အထောက်အထားများ ရှိခဲ့ရပါတယ်။ သူဟာ လူမည်းတွေကို မုန်းတီးခဲ့တယ်။ ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုကို မုန်းတီးခဲ့တယ်။ ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုကို မုန်းတီးခဲ့တယ်။ သူ့စိတ်ထဲမှာ အမြင်ကျယ်တဲ့ လစ်ဘရယ်များလို့ ထင်တဲ့ ထင်ပေါ်ကျော်ကြားတဲ့ အမေရိကန်အတော်များများရဲ့ နာမည်တစ်လုံးနဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးဖို့ ကြိုးစားခဲ့တယ်။ သူဟာ အမေရိကန်နိုင်ငံကို တစ်ကမ္ဘာလုံးမှာ ပြိုင်စံရှား ထူးခြားအောင် လုပ်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုများ၊ သတင်းစာလွတ်လပ်ခွင့်၊ တရားဥပဒေအရ ကာကွယ်ခွင့် စတာတွေရဲ့ ကရုဏာတရား ကင်းမဲ့ပြီး နောင်တတရား မရရှိတဲ့ ရန်သူတစ်ယောက် ဖြစ်ခဲ့တယ်။

ဟူးဗားဟာ ဖျက်ဆီးရေးသမားတစ်ဦး ဖြစ်ခဲ့တယ်။ သားဂွဒ်မာရှယ်လ်ဟာ ဟူးဗားရဲ့ ဒေါသမိုးကြိုးစက်ကို ဘယ်လိုများ ကြံ့ကြံ့ခံအသက်ရှင်ကျန်ရစ်သလဲ။ အဲဒီ မေးခွန်းကတော့ မေးလို့ မမောနိုင်မဲ့ ရေရှည်ခံ မေးခွန်းတစ်ခုအဖြစ် ရှိနေပါလိမ့်မယ်။



မာတိကာသို့

# အခန်း (၉)

# မဲဆန္ဒပေးခွင့် အောင်ပွဲ

ရှေ့နေတစ်ယောက်တည်းနဲ့ အမှုတွေကို တစ်ပြိုင်နက်တည်း ဘယ်လိုလုပ်ပြီး လိုက်နိုင်မလဲ။

ကနက်တီးကပ်ပြည်နယ်မှာ အဓမ္မကျင့်မှုနဲ့ တရားစွဲခံထားရတဲ့ လူတစ်ယောက်အတွက် ခုခံကာကွယ်ပေးရမယ်။

အိုကလာဟိုးမားပြည်နယ်မှာ သုံးလောင်းပြိုင်လူသတ်မှုနဲ့ တရားစွဲခံထားရတဲ့ လူမည်းလူငယ်တစ်ယောက်ကို ကယ်တင်ဖို့ ကြိုးစားပေးရမှာ ရှိတယ်။

မယ်ရီလဲန်းပြည်နယ်နဲ့ မစ်ဇူးရီးပြည်နယ်တွေမှာ လူမည်းဆရာ၊ ဆရာမတွေကို မျက်နှာဖြူဆရာမတွေနဲ့ တန်းတူလစာပေးရေးအတွက် တရားရုံးတော်မှာ အမှုနိုင်အောင် ကြိုးစားပေးရဦးမယ်။ လူမည်းတွေအတွက် သီးခြားကျောင်းတွေ ပယ်ဖျက်ရေးအတွက် ဆောင်ရွက်ပေးရဦးမယ်။



မာတိကာသို့ ▶▶

တစ်ချိန်တည်းမှာပဲ အဲဒီအချိန်အထိ အကြီးမားဆုံး ဆုဖြစ်တဲ့ လူမည်းများ မဲဆန္ဒပေးခွင့် ရရှိရေး ဆုကို ရရှိအောင် လိုက်နေရသေးတယ်။

ဒါပေမဲ့ သားဂွဒ် မာရှယ်လ်မှာ အံ့ဩလောက်အောင်တော်တဲ့ လက်ထောက်ရှေ့နေတွေ ရှိနေခဲ့တယ်။ ရောဘတ် ကာတာ၊ ဂျက် ဂရင်းဘာခ်၊ ကော်နီစတင့်စ် ဘေကာ မော့တ်လေတို့ဖြစ်ကြတယ်။ (မော့တ်လေဟာ စာရေးဘဝကနေပြီး အချိန်ပြည့် ရှေ့နေအထိ တက်လာခဲ့ပြီး ထင်ရှားတဲ့ ပြည်ထောင်စု တရားသူကြီးတစ်ဦး ဖြစ်လာခဲ့တယ်။) သူတို့အပြင် တခြားထက်မြက်တဲ့ ရှေ့နေတွေလည်း ရှိကြသေးတယ်။ ဒါပေမဲ့ အမှုတွဲ စာရွက်စာတမ်းတွေကို သူကိုယ်တိုင် ရေးခဲ့တယ်။ သူများတွေ ရေးတာကို လည်း စာလုံးတစ်လုံးချင်း လုံးစေ့ပတ်စေ့ ဖတ်ခဲ့တယ်။ ပြီးတော့ တရားမျှတမှု နယ်ပယ် ပိုမို ကျယ်ပြန့်လာရေးကို ဆောင်ရွက်ဖို့ မြို့ငယ်လေးတွေနဲ့ ကျေးလက်ဒေသတွေကိုလည်း မာရှယ်လ်ဟာ ကိုယ်တိုင် ဆင်းခဲ့တယ်။

သားဂွဒ်က ဘယ်ရွေးကောက်ပွဲတိုင်းမှာမဆိုနဲ့ ရွေးကောက်ပွဲအားလုံးမှာ လူမည်းတွေ မဲဆန္ဒပေးခွင့်၊ အပြည့်အဝ အခွင့်အရေး ရရှိရေးအတွက် တိုက်ပွဲဝင်သွားမယ်လို့ ဆုံးဖြတ်ချက် ချခဲ့တယ်။ အဲဒီတော့ တချို့ မိတ်ဆွေတွေက သားဂွဒ်ကို ပါးစပ်က ဝါးနိုင်တာထက် ပိုစားဖို့ လောဘကြီး ခဲ့တယ်၊ အဲန်အေအေစီပီက အစာချေနိုင်တာထက် ဖိုက်ပိုပြည့်အောင်ထည့် ချင်တယ်လို့ ပြောခဲ့ကြတယ်။ အမေရိကန် ပြည်တွင်းစစ်ပြီးတဲ့နောက် ပြန်လည်တည်ဆောက်ရေးကာလကတည်းက တက္ကဆတ်စ်၊ အယ်လ်လာဘားမား၊ မစ္စစ္စပီး၊ လူဝီစီရဲနား၊ ဖလော်ရီဒါ၊ တောင်ကယ်ရိုလိုင်းနား၊ အာကဲန်ဆောနဲ့ ဂျော်ဂျီးယားပြည်နယ်တွေမှာ မျက်နှာဖြူတွေက ကာလပေါ်စီမံကိန်းတွေ ချမှတ်ခဲ့ကြတယ်။ သူတို့စီမံကိန်းတွေအရ အခြေခံရွေးကောက်ပွဲတွေမှာ လူမည်းများ မဲဆန္ဒပေးခွင့်ကို ပယ်ဖျက် ပြစ်ခဲ့ကြတယ်။

မာရှယ်လ်နဲ့ အဲန်အေအေစီပီရဲ့ တရားရေးကော်မတီတို့ဟာ



မာတိကာသို့

တက္ကဆတ်စ်ပြည်နယ်မှာ အစွမ်းကုန် အားထုတ်ပြီး စိန်ခေါ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ တက္ကဆတ်စ်ပြည်နယ်ဟာ လူမည်းများ မဲဆန္ဒပေးခွင့်ကို တစ်ယူသန်၊ တဇောက်ကန်းလုပ်နေတဲ့ နေရာဖြစ်ခဲ့တယ်။ ပြည်နယ်တွင်းမှာ လူမည်းငါးသိန်းကို မဲဆန္ဒပေးခွင့် မပြုဘဲ ထားခဲ့တယ်။ လူမည်းခေါင်းဆောင်တွေဟာ ဒေါသဖြစ်ပြီး တရားဥပဒေအရ တိုက်ပွဲဝင်ရေးအတွက် မျှော်မှန်းအားထားခဲ့တဲ့ ဒေသလည်းဖြစ်တယ်။

၁၉၄၁ ခုနှစ်မှာ မာရှယ်လ်နဲ့ တခြားရှေ့နေများဟာ ဟျူစတင်မြို့က ပြည်ထောင်စုတရားရုံးကို သွားရောက်ပြီး မျက်နှာဖြူများအတွက် အခြေခံရွေးကောက်ပွဲစနစ်ကို စိန်ခေါ်ခဲ့ကြတယ်။ အဲဒီလို လုပ်ခဲ့တာဟာ တက္ကဆတ်စ်ပြည်နယ်မှာ လူမည်းများ ခွဲခြားထားမှုကို အဲန်အေအေစီပီက ပထမဆုံးအကြိမ် ရှေ့တန်းထွက်ပြီး တိုက်ပွဲဝင်မှုဖြစ်ခဲ့တယ်။ အဲဒီဆောင်ရွက်ပုံဟာ အယ်လ်လာမိုး(မက္ကဆီကင် တိုက်ခိုက်မှုကို တစ်ယောက်မကျန် အသေခံတိုက်ခဲ့ရသည့်နေရာ)မှာ ဖြစ်ပျက်ခဲ့တာထက်တောင် ပိုပြီး ဘေးအန္တရာယ် များနိုင်တယ်လို့ တက္ကဆတ်စ်ပြည်နယ်သားတွေက ယူဆခဲ့ကြတယ်။ တရားရုံးတော်မှာ နာကြားမှုမှာတော့ ဒီမိုကရက်တစ် အခြေခံရွေးကောက်ပွဲတွေမှာ မျက်နှာဖြူမှန်သမျှ မဲပေးခွင့်ရှိတယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ၁၉၄၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှာ တရားသူကြီး တီအဲမ်ကင်နာလီက အမှုကို အပြီး သတ်ခဲ့ပယ်ချတယ်။ အဲန်အေအေစီပီက ဒေသဆိုင်ရာ ပဉ္စမ အယူခံတရားရုံးမှာ အယူခံခဲ့ပေမယ့် အယူခံတရားရုံးက တရားသူကြီး ကင်နာလီရဲ့ ဆုံးဖြတ်ချက်ကိုပဲ အတည်ပြုခဲ့တယ်။ ဒါပေမဲ့ ပြည်ထောင်စု တရားရုံးချုပ်က ၁၉၄၃ ခုနှစ်၊ ဇွန်လမှာ အဲန်အေအေစီပီကို အယူခံတင်သွင်းခွင့် ပြုခဲ့ပြီး အမှုကို နိုဝင်ဘာလမှာ ကြားနာခဲ့တယ်။ အဲန်အေအေစီပီအတွက် သားဂွဒ် မာရှယ်လ်နဲ့ ဟေးစတီးတို့ လိုက်ခဲ့ကြတယ်။

၁၉၄၄ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှာတော့ "တက္ကဆတ်စ်၊ အခြေခံ ရွေးကောက်ပွဲတွေမှာ လူမည်းများ မဲပေးခွင့် တရားရုံးချုပ်က



မာတိကာသို့ ▶▶

ဆုံးဖြတ်လိုက်ပြီ” ဆိုတဲ့ ခေါင်းစီးကြီးနဲ့ တစ်နိုင်ငံလုံးက သတင်းစာတွေမှာ သတင်း ပါလာခဲ့တယ်။ တရားရုံးချုပ်မှာ ၈ မဲ၊ ၁ မဲနဲ့ အများစုရဲ့ ဆုံးဖြတ်ချက်ကို ရခဲ့တယ်။ အဲဒီလို အနိုင်ရခဲ့ပြီး သမိုင်းဝင်ခဲ့တဲ့ အမှုဟာ ဥပဒေစာအုပ်တွေထဲမှာတော့ *စမစ်သ်နှင့် အောရိုက်အမှု* လို့ မှတ်တမ်းဝင်သွားခဲ့ပါတယ်။ လူမည်း သွားဆရာဝန် ဒေါက်တာ လောန်နီ အီး စမစ်သ် ဆိုသူက တရားစွဲခဲ့တဲ့အမှု ဖြစ်လို့ပါပဲ။ ဒေါက်တာ စမစ်သ်ဟာ ၁၉၄၀ ခုနှစ်၊ တက္ကဆတ်စ်ပြည်နယ် အခြေခံရွေးကောက်ပွဲတစ်ခုမှာ မဲပေးခွင့် အခွန် အကောက်ဖြတ်ပိုင်း အထောက် အထား ပြနိုင်ခဲ့ပေမယ့် လူမည်းဖြစ်နေလို့ မဲပေးခွင့် မရခဲ့ပါဘူး။ ဒါ့ကြောင့် စမစ်သ်ဟာ အဲန်အေအေစီပီ ခေါင်းဆောင် များရဲ့ အားပေးမှုအရ ဟဲရစ္စခရိုင်က ရွေးကောက်ပွဲ တာဝန်ခံနှစ်ဦးကို တရားစွဲခဲ့ပါတယ်။ အခြေခံရွေးကောက်ပွဲတွေမှာ လူမည်းများ မဲပေးခွင့်ကို အသိအမှတ်ပြု ကြေငြာပေးရေးအတွက် တရားစွဲခဲ့တာ ဖြစ်ပါတယ်။

တရားသူကြီး စတဲန်လီ ရိဒ်က “ဤကဲ့သို့သော အခြေခံရွေးကောက်ပွဲ တစ်ခုတွင် ပြည်နယ်က လူမျိုးရေးအဆင့်အတန်း ခွဲခြားမှု မရှိဘဲ မဲဆန္ဒ ပေးပိုင်ခွင့်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေက အာမခံချက်ပေးထားပါသည်” လို့ ကြေညာပေးခဲ့ပါတယ်။

ဒါပေမယ့် အဲဒီလို အဆုံးအဖြတ်ပေးခဲ့မှုမှာ စိတ်ဝင်စားစရာကောင်းတာ တစ်စိတ်တစ်ဒေသ ပါဝင်ခဲ့တယ်။ အဲဒါကတော့ တရားသူကြီး ရိဒ်ဟာ လွန်ခဲ့တဲ့ ကိုးနှစ်က *ဂရိုဗေးနှင့် တောင်းဆင်းအမှု* မှာ “လူမည်းတွေကို အခြေခံရွေးကောက်ပွဲတွေမှာ မဲဆန္ဒပေးခွင့် မပြု” ဖို့ တရားသူကြီးရောဘတ်စ်နဲ့အတူ ဆုံးဖြတ်ပေးခဲ့တဲ့ ကိစ္စဖြစ်ပါတယ်။

*စမစ်သ်နှင့် အောဘရိုက်အမှု* ဆုံးဖြတ်ချက်ဟာ တစ်နိုင်ငံလုံးကို ရိုက်ခတ်သွားခဲ့ပါတယ်။ သတင်းစာတွေက သမိုင်းမှတ်တိုင်ထူမည့် ဆုံးဖြတ်ချက်လို့ ရေးသားခဲ့ကြချိန်မှာ ဒေါသပေါက်ကွဲသံတွေလည်း အမြောက်အမြား ပေါ်ထွက်ခဲ့တယ်။ ဒီဆုံးဖြတ်ချက်ဟာ တက္ကဆတ်စ်ပြည်နယ်တစ်ခု



မာတိကာသို့ ▶▶

တည်းအတွက် မဟုတ်ဘဲ တောင်ပိုင်းက တခြားပြည်နယ်တွေမှာလည်း အဓိပ္ပာယ်သက်ရောက်စေရမယ်၊ ရွေးကောက်ပွဲစနစ်ကို ကြီးမှူးကျင်းပတဲ့ ပါတီများဟာ သူတို့ အလိုမရှိတဲ့ လူမည်းများဖြစ်စေ၊ အခြားတစ်စုံတစ်ဦး ကိုဖြစ်စေ မဲဆန္ဒပေးခွင့် မရှိအောင် ကလိန်ဉာဏ် မသုံးစေရဘူးလို့ တရားရုံးချုပ်က ပြောဆိုခဲ့လို့ ဖြစ်ပါတယ်။

မစ္စစ္စပီးပြည်နယ်က ကွန်ဂရက်လွှတ်တော်အမတ် ဂျွန် အဲလီးရစ် ရန်ကင်းက ဒေါသတကြီး ပေါက်ကွဲပြောဆိုခဲ့တယ်။ "လူမည်းများဟာ သူတို့ရဲ့အိမ်နီးနားချင်း မျက်နှာဖြူများနဲ့ ငြိမ်းချမ်းစွာနဲ့ သဟဇာတဖြစ်စွာ နေထိုင်ဖို့ မျှော်လင့်ချက် ရှိနေခြင်းဟာ တရားရေးဌာန ပန်းရောင်လူပျော့တွေကြောင့် ပျက်စီးခြင်း တိုင်သွားခဲ့ပြီ။ အဲဒီလူတွေဟာ တရားရုံးချုပ်ရဲ့ အမှားတစ်ခုကြောင့် တောင်ပိုင်းပြည်နယ်တွေကို ဒုက္ခရောက်အောင် စလုပ်နေကြပါပြီ" လို့ သူက ပြောခဲ့တယ်။

လူဝီစီရဲနားပြည်နယ်က ဆီးနိတ်လွှတ်တော်အမတ် ဂျွန် အိုဗာတင်ကတော့ "တောင်ပိုင်းဒေသကတော့ မျက်နှာဖြူ လူမျိုးများ အုပ်ချုပ်မှုကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ထိန်းသိမ်းရလိမ့်မယ်" လို့ ကြွေးကြော် ခဲ့တယ်။

တောင်ကယ်ရိုလိုင်းနားပြည်နယ်က ဆီးနိတ်လွှတ်တော်အမတ် အက်ဒွပ် စမစ်သ်ကလည်း "တောင်ကယ်ရိုလိုင်းနားပြည်နယ်နဲ့ မျက်နှာဖြူများရဲ့ အုပ်ချုပ်မှုကို ချစ်ခင်မြတ်နိုးသူအားလုံးဟာ ဘေးဒုက္ခကြုံကြမှာကို ကာကွယ်ရေးအတွက် အခုလို အရေးကြီးတဲ့အချိန်မှာ သွေးစည်းပြီး လက်တွဲချီတက်ကြရလိမ့်မယ်" လို့ ပြောခဲ့တယ်။

ဖလော်ရီဒါပြည်နယ်က ဆီးနိတ်လွှတ်တော်အမတ် ကလောက်ပက်ပါးဟာ ဆက်ဆံရေးဝါဒသစ်အတွက် စံပြပုဂ္ဂိုလ်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ သူလိုလူကတောင်မှ "တောင်ပိုင်းကတော့ မျက်နှာဖြူများ ကြီးစိုးမှုကို ထိခိုက်ပျက်စီးစေမှာဆိုရင် ဘာကိုမှ ခွင့်ပြုလိမ့်မယ် မဟုတ်ဘူး" လို့ ထုတ် ပြောခဲ့ပါတယ်။



မာတိကာသို့ ▶▶

*ချားလ်စ်တင် နယူးစ်အဲန် ကူရီးယား* သတင်းစာကလည်း “အခြေခံ ရွေးကောက်ပွဲတွေကို ထိန်းသိမ်းပြီး လူမည်းအမျိုးသား အမျိုးသမီး ၃၀၀,၀၀၀ အား မဲပေးခွင့်ပြုမည်ဆိုလျှင် တောင်ကယ်ရိုလိုင်းနားပြည်နယ်၌ ယဉ်ကျေးသိမ်မွေ့နက်နဲသော မျက်နှာဖြူများ နေထိုင်၍ မရအောင် လုပ်ခြင်း ဖြစ်ပေလိမ့်မည်” လို့ ရေးသားခဲ့တယ်။

ဒါပေမဲ့ အထက်ပါ အော်ဟစ်သံတွေဟာ တောင်ပိုင်းဒေသ တစ်ခုလုံးကို ကိုယ်စားပြုတဲ့ အာဘော်တွေတော့ မဟုတ်ခဲ့ဘူး။ *လူဝစ္စဗီးလ် ကူရီးယား ဂျာနယ်* က “တရားရုံးချုပ်သည် ယုတ္တိဗေဒတရား၊ တရားမျှ တမှုနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေါ်လွင်သော ရည်ရွယ်ချက်ကို ထိန်းသိမ်းကာကွယ်ပေးခဲ့သည်” လို့ ဖော်ပြခဲ့တယ်။

*နယူးယောက် တိုင်းမ်* သတင်းစာကလည်း “လက်ရှိဆုံးဖြတ်ချက်သည် နောင်တရဖွယ်ရာ ကင်းအောင် ယုတ္တိဗေဒကျလှပေသည်” လို့ ဖော် ပြခဲ့တယ်။

အံ့သြတုန်လှုပ်ဖွယ်ရာကောင်းတဲ့ ဆုံးဖြတ်ချက် ထွက်လာခဲ့တဲ့ နောက်ကွယ်မှာ ၁၉၄၄ ခုနှစ်၊ ဧပြီလမှာ တက္ကဆတ်စ်ပြည်နယ်အုပ်ချုပ်ရေးမှူး ကုတ် စတီဗင်ဆင်နဲ့ တခြားအရာရှိတွေက လူမည်းတွေကို မဲမပေးနိုင်စေရေးကို အားထုတ်ခဲ့ကြပြန်တယ်။ စဉ်းစားလို့ ရနိုင်သမျှ နည်းလမ်းတွေကို ဆွေးနွေးခဲ့ကြတယ်။ လူမည်းတွေ မဲမပေးနိုင်အောင် မျက်နှာဖြူပြည်နယ်သားတွေကလည်း တာဝန်ယူကြလိမ့်မယ်ဆိုတဲ့ ပြောသံတွေလည်း ထွက်ပေါ်ခဲ့တယ်။ သားဂွဒ် မာရှယ်လ်ကတော့ ကြေညာချက်တစ်စောင် ထုတ်ပြီး သတိပေးလိုက်တယ်။

“လူမည်းများအား အခြေခံရွေးကောက်ပွဲများတွင် မဲပေးခြင်း မပြုနိုင်စေရန် ကြိုးပမ်းအားထုတ်ကြသော နိုင်ငံသားများအား ကျွန်ုပ်တို့သည် ပြည်ထောင်စုတရားရုံးတွင် တရားစွဲဆိုလိမ့်မည်ဖြစ်သည်။ ထိုသူများသည် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်သည့် ရွေးကောက်ပွဲတရားသူကြီးများနှင့် တန်းတူ ဥပဒေချိုးဖောက်ခြင်း ဖြစ်ပေလိမ့်မည်”



မာတိကာသို့

မာရှယ်လ်၏ ထုတ်ပြန်ကြေညာချက်ဟာ တက္ကဆတ်စ်ပြည်နယ်က *စစ္စကိုပရက်စ်* သတင်းစာကို အမျက်ထွက်အောင် ဆွပေးခဲ့တယ်။ သတင်းစာမှာ "စွာကျယ်ကျယ်ရှေ့နေက တက္ကဆတ်စ်ပြည်နယ်သားများကို သတိထားရန် ပြောလိုက်ခြင်း" ဆိုတဲ့ ခေါင်းစဉ်ကြီးနဲ့ သတင်းရေးသားခဲ့ပါတယ်။

တကယ်တော့ သားဂွဒ် မာရှယ်လ် တက္ကဆတ်စ်ပြည်နယ်သားတွေကိုသာ သတိပေးနေတာ မဟုတ်ဘူး။ ပြဋ္ဌာန်းလိုက်တဲ့ နိုင်ငံ့ဥပဒေအသစ်ကို လိုက်နာကြရေးအတွက် အာမခံချက်ပေးအောင် တရားရေးဌာနကို ဖိအားပေးလိုက်တာဖြစ်တယ်။ ပြည်ထောင်စု ရှေ့နေချုပ် ဖရန်းဆစ္စ ဘစ်ဒဲလ်ထံကိုလည်း မာရှယ်လ်က စာတစ်စောင် ပေးပို့ခဲ့တယ်။ စာထဲမှာ "အခြေခံရွေးကောက်ပွဲများအထိ မဲပေးခွင့်ကို နှောင့်ယှက်ခြင်းအား ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းခဲ့သော တရားဥပဒေကို ယခုအခါတွင် တရားရေးဌာနက အသိအမှတ် ပြုလိမ့်မည်ဟု ကျွန်ုပ်တို့ စိတ်ချယုံကြည်လျက်ရှိသည်။ တောင်ပိုင်းပြည်နယ်အများစုတွင် မဲပေးခွင့် အရည်အချင်းနှင့် ညီညွတ်သော လူမည်းများအား အခြေခံရွေးကောက်ပွဲများတွင် မဲပေးခွင့် မပြုခြင်းကို ကျင့်သုံးလျက်ရှိရာ ဤဆုံးဖြတ်ချက်က ထိုကျင့်သုံးမှုသည် တရားဥပဒေနှင့် မညီညွတ်ကြောင်း ရှင်းလင်းခိုင်မာစွာ ပြသလိုက်ခြင်းဖြစ်သည်" လို့ မာရှယ်လ်က ရေးသားခဲ့ပါတယ်။

၁၉၂၄ ခုနှစ်အတွင်းက တက္ကဆတ်စ်၊ အာကဲန်ဆောနဲ့ တောင်ကယ်ရိုလိုင်းနားပြည်နယ် အခြေခံရွေးကောက်ပွဲတွေမှာ လူမည်းတွေက မဲဆန္ဒပေးခွင့် မရခဲ့တဲ့ အထောက်အထားအတော်များများကိုလည်း အဲန်အေအေ စီပီ တရားရေးဌာနကို ပေးပို့ခဲ့တာကိုလည်း မာရှယ်လ်က ထောက်ပြခဲ့တယ်။ နိဂုံးချုပ်မှာ မာရှယ်လ်က "ဤဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုကို အမေရိကန်ပြည်ထောင်စု အစိုးရရှေ့နေ အားလုံးထံသို့ အကြောင်းကြားပေးစေလိုပါသည်။ ပြည်နယ်တွင်း အခြေခံရွေးကောက်ပွဲများတွင် အရည်အချင်းနှင့် ညီညွတ်သော လူမည်းမဲဆန္ဒရှင်များအား မဲပေးခွင့် ငြင်းဆိုသည့် အမှုအသီးသီးကိုလည်း တရားရုံးချုပ်၏ ဆုံးဖြတ်



မာတိကာသို့

ချက်အရ လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ တိတိကျကျ အရေးယူသွားစေရေး ကိုလည်း ထပ်ဆင့်ညွှန်ကြားပေးပါရန် ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းလိုက်ရပါသည်" လို့ ဖော်ပြလိုက်တယ်။

တက္ကဆတ်စ်ပြည်နယ်ကလည်း *စမစ်သ်နှင့် အောရိုက်အမှု* ကို ပြန် လည်ကြားနာစစ်ဆေးပေးဖို့ ၁၉၄၄ ခုနှစ် မေလ ၈ ရက်နေ့မှာ တရားရုံး ချုပ်ကို တင်သွင်းခဲ့တယ်။ ဒါပေမယ့် တရားရုံးချုပ်က သူတို့ရဲ့ လျှောက် ထားချက်ကို ငြင်းပယ်ခဲ့တယ်။

အဲဒီလို မယုံကြည်နိုင်စရာကောင်းတဲ့ အောင်မြင်မှုကို ရရှိခဲ့ခြင်း ဟာ အမေရိကန်လူမည်းနိုင်ငံသားများရဲ့ အဆင့်အတန်းကို ထိထိရောက် ရောက် ထာဝရ ပြောင်းလဲပေးရေးအတွက် အောင်မြင်ခဲ့ခြင်းဖြစ်တယ်လို့ မာရှယ်လ်၊ ဟေးစတီးနဲ့ အဲန်အေအေစီပီ တရားရေးဆိုင်ရာအဖွဲ့က ယူဆ ခဲ့ကြတယ်။

ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်လို့ မစ္စစ္စပီးပြည်နယ်ထုတ် *ဂျက်ခ်ဆင် ဒေးလီးနယူးစ်* သတင်းစာမှာ ကမ္ဘူးရှုးထိုး ခေါင်းကြီးတစ်ခု ပါလာခဲ့တယ်။

"ဤပြည်နယ်တွင် မရပါ"

"ဒီမိုကရက်တစ်ပါတီ အခြေခံရွေးကောက်ပွဲများအပါအဝင် ပါတီ အခြေခံရွေးကောက်ပွဲများတွင် လူမည်းများ မဲဆန္ဒပေးနိုင်သည်ဟု အမေရိ ကန်တရားရုံးချုပ်က ဥပဒေပြဋ္ဌာန်းလိုက်ပါသည်။ သို့သော်လည်း လူမည်းများ မစ္စစ္စပီးပြည်နယ်တွင် မဲဆန္ဒပေးခွင့် မရှိပါ။ မစ္စစ္စပီးပြည်နယ် တွင် လူမည်းများ မဲဆန္ဒပေးခွင့်ရှိသည်ဟု တရားရုံးချုပ်က ယူဆနိုင်ပါ သည်။ သို့သော်လည်း မစ္စစ္စပီးပြည်နယ်၏ ဒီမိုကရက်တစ် အခြေခံရွေး ကောက်ပွဲများနှင့် ပတ်သက်လျှင် ထိုအယူအဆသည် မှားယွင်းပါသည်။ သံသယဖြစ်သူများ ရှိခဲ့လျှင် သူတို့ကိုလာပြီး စမ်းကြည့်ကြပါစေ"

အဲန်အေအေစီပီ ခေါင်းဆောင်များအတွက် တုန်လှုပ်အံ့အားသင့်

စရာတွေကိုလည်း ကြုံခဲ့ကြရပြန်တယ်။ တက္ကဆတ်စ်ပြည်နယ်က ဒီမိုကရက် တစ်ပါတီဝင်တွေက တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်ကို အာခံတဲ့ ဆုံးဖြတ်ချက်တွေကို ဒီမိုကရက်တစ်ပါတီညီလာခံမှာ ချမှတ်ခဲ့ကြတယ်။ လူမည်းများ မဲဆန္ဒ မပေးနိုင်အောင် လှည့်ကွက်၊ ကလိန်ကျကွက်တွေ ဆင်ခဲ့တဲ့အပြင် အကြမ်းဖက်မှုတွေတောင် ပါဝင်ခဲ့တယ်။ အဲဒီလိုနည်းတွေနဲ့ လုပ်ခဲ့ကြတာ အနည်းဆုံး လေးနှစ်ထက် မနည်းခဲ့ဘူး။

ဒါပေမယ့် မာရှယ်လ်နဲ့ သူ့အဖွဲ့က လူမည်းအာဏာရရှိရေး အတွက် တံခါးကို အပြည့်အဝ ဖွင့်ပေးခဲ့ပြီဆိုတာကို အချိန်က သက်သေပြခဲ့တယ်။ မဲရုံတွေမှာ အဆုံးအဖြတ်ပေးမယ့် အာဏာချိန်ခွင်လျှာကို ဘယ်သူက ကိုင်တွယ်စီမံမလဲဆိုတဲ့လမ်းကို မာရှယ်လ်နဲ့ သူ့အဖွဲ့က တံခါးဖွင့်ပေးခဲ့ပြီးပြီ။ ဒါပေမယ့် ဒီတရားရေးအောင်မြင်မှုရဲ့ အသီးအပွင့်တွေကို အမှန်တကယ် ခံစားနိုင်ဖို့အတွက် နောက်ထပ် ၃၅ နှစ်၊ အနှစ် ၄၀ လောက်အထိ အချိန် ယူခဲ့ရပါတယ်။ အဲဒီကျတော့မှပဲ အမေရိကန်ပြည်ထောင်စုမှာ မဲဆန္ဒနဲ့ ရွေးကောက်တင်မြှောက်ခြင်း ခံရတဲ့ လူမည်းဦးရေ ၈,၀၀၀ ကျော်အထိ ထွက်ပေါ်လာခဲ့တယ်။ နိုင်ငံရဲ့ ကြီးကျယ်ပြီး ဒုက္ခတွေလည်း ပေါတဲ့ မြို့ကြီးတွေမှာ လူမည်းတချို့ဟာ မြို့တော်ဝန်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရတယ်။ မယုံနိုင်စရာကောင်းတဲ့ အချက်တစ်ခုကတော့ လူဖြူများ ပြည်နယ်ခွဲထွက်ခြင်း စတင်ခဲ့တဲ့ ကွန်ဖရက်ဒါရေစီမူလဒေသလို့ ဆိုရမယ့် ဗာဂျီးနီးယားပြည်နယ်မှာ လူမည်းမြို့တော်ဝန်တစ်ဦး အရွေးခံခဲ့ရခြင်း ဖြစ်ပါတယ်။

မျက်နှာဖြူများအတွက် အခြေခံရွေးကောက်ပွဲများအဖြစ် ထူထောင်ခဲ့ကြတဲ့ ပြည်နယ်တွေက ရန်ကင်း (မစ္စစ္စပီး)၊ အိုဗာတင် (လူဝီစီရဲနား) နဲ့ တခြားသူတွေရဲ့ ပြင်းပြင်းထန်ထန် ငြင်းဆန်ပြီး အပုပ်ချပြောဆိုခဲ့ကြတဲ့ စကားတွေကိုလည်း ပေါ့ပေါ့တန်တန် တွက်လို့ မရခဲ့ဘူး။ နိုင်ငံသူနိုင်ငံသားတိုင်းက သူ့ရဲ့ခေါင်းဆောင်များကို ရွေးကောက်တင်မြှောက်နိုင်ခွင့်ရှိတယ်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အမိန့်ကို တစ်နိုင်ငံလုံးက လက်မခံ ခဲ့သေးခင်မှာ လူမည်းတွေ အသတ်ခံခဲ့ကြရတယ်။ အသိ



မာတိကာသို့

စိတ်ဓါတ်ရှိတဲ့ မျက်နှာဖြူအချို့ပါ အသတ်ခံရတဲ့အထဲမှာ ပါဝင်ခဲ့တယ်။

*စမစ်သ်နှင့် အောရိုက်အမှု* အတွက် အောင်ပွဲခံခြင်းကိုလည်း အဲန်အေအေစီပီ ဌာနချုပ်မှာ မပြုလုပ်ခဲ့ဘဲ အံ့သြစရာကောင်းအောင် ထိန်းချုပ်ထားခဲ့ကြတယ်။ အဲန်အေအေစီပီမှာ ငွေကြေးမပြည့်စုံဘဲ ဆင်းရဲတဲ့အကြောင်းကတော့ အဓိကအကျဆုံးဖြစ်တယ်။ အရေးအကြီးဆုံး အောင်ပွဲကြီးရအောင် သူ့ကို ဝိုင်းဝန်းကူညီခဲ့ကြတဲ့ အခကြေးငွေမရ၊ စေတနာ့ဝန်ထမ်းရှေ့နေတွေကို သားဂွဒ် မာရှယ်လ်က ရက်ရောစွာ ချီးကျူးခဲ့တယ်။ လူမည်းတွေကို ပထမတန်းစားနိုင်ငံသားဖြစ်အောင် လုပ်ပေးခဲ့တဲ့ အလုပ်တွေထဲမှာ မဲဆန္ဒပေးခွင့်ဟာ ထိပ်ဆုံး သို့မဟုတ် ထိပ်ဆုံးမှာကပ်ပြီး ရှိခဲ့တယ်ဆိုတာကို သားဂွဒ် မာရှယ်လ် သိခဲ့တယ်။

ဒါပေမယ့် အဲန်အေအေစီပီ က ပုဂ္ဂိုလ်တချို့နဲ့ အထူးသဖြင့် ဝေါ်လ်တာ ဝှိုက်တို့ဟာ သားဂွဒ် မာရှယ်လ်အပေါ်မှာထက် ဒီတရားရေးရာ အောင်ပွဲအတွက် ချီးကျူးဂုဏ်ပြု ပြောဆိုခံခဲ့သူတွေအပေါ်မှာ ပိုပြီး မနာလိုဖြစ်ခဲ့ပုံလည်း ရှိခဲ့တယ်။ ၁၉၄၇ ခုနှစ်၊ ဧပြီလမှာ မေနတ် ဂျက်ခ်ဆင် (နောင်အခါတွင် အတ္တလန္တာမြို့တော်ဝန်ဖြစ်လာသူ) ခေါင်းဆောင်တဲ့ တိုးတက်သော မဲဆန္ဒရှင်များ အမျိုးသားအသင်းက အစည်းအဝေးတစ်ခု ဖိတ်ခဲ့တယ်။ အဲဒီအစည်းအဝေးဖိတ်စာထဲမှာ "တက္ကဆတ်စ်ပြည်နယ် မျက်နှာဖြူများအတွက် အခြေခံရွေးကောက်မှုဟာ တရားရုံးချုပ်၏ ဆုံးဖြတ်မှုကို ကျွန်ုပ်တို့ အနိုင်ရရှိပြီးလျှင်ပြီးချင်း" ဆိုတဲ့ စာပိုဒ်ထဲက "ကျွန်ုပ်တို့ အနိုင်ရရှိပြီး" ဆိုတဲ့ စကားလုံးကို ကောက်ပြီး ဝေါ်လ်တာ ဝှိုက်က ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှာ မာရှယ်လ်နဲ့ အဲန်အေအေစီပီရဲ့ တရားရေးဌာနက လခစား အမှုထမ်းတွေကို ထေ့ငေါ့တဲ့ စာတစ်စောင် ရေးပို့ခဲ့ပါတယ်။

"*စမစ်သ်နှင့် အောရိုက်အမှု*တွင် အနိုင်ရရှိခဲ့တဲ့အဖွဲ့ဟာ အဲန်အေအေစီပီအဖွဲ့ မဟုတ်ဘဲ သူတို့ရဲ့ တိုးတက်သော မဲဆန္ဒရှင်များ အမျိုးသားအဖွဲ့သာဖြစ်ကြောင်း မေနတ် ဂျက်ခ်ဆင်ရဲ့ ပူးတွဲပါစာထဲမှာ ဖော်ပြ



မာတိကာသို့

ထားတာတွေကို တွေ့ကြရပါလိမ့်မယ်။ အဲဒါကြောင့် အမှုနိုင်ရေးအတွက် ခင်ဗျားတို့ကို ပေးခဲ့တဲ့ လစာငွေတွေကို ပြန်သွင်းနိုင်ကြစေရေးအတွက် ဘုတ်အဖွဲ့ကို ကျွန်ုပ်တင်ပြဖို့ အလေးအနက် စဉ်းစားနေပါသည်” လို့ ဝေါ်လ်တာ ဝှိုက်ရဲ့ မှတ်စုစာထဲမှာ ရေးထားပါတယ်။

တောင်ကယ်ရိုလိုင်းနားပြည်နယ်နဲ့ တခြားပြည်နယ်တွေမှာ မဲဆန္ဒပေးခွင့်အတွက် အောင်ပွဲရခဲ့တဲ့အကြောင်းတွေကို ပြန်မေးတဲ့အခါတိုင်းမှာ သားဂွဒ် မာရှယ်လ်က ဂုဏ်ယူပြီး အမြင်နှစ်ခွနဲ့ ပြန်ဖြေဆိုခဲ့ဖူးတယ်။

“မဲဆန္ဒပေးခွင့်ရတဲ့ကိစ္စကပိုပြီး အရေးပါခဲ့သလား၊ လူဖြူလူမည်းကျောင်းတွေထားတဲ့ စနစ်ကို ပြိုကွဲအောင် လုပ်နိုင်ခဲ့တဲ့ ကိစ္စက ပိုပြီး အရေးကြီးခဲ့သလားဆိုတာတော့ ကျုပ်မသိဘူး”

“မဲပြားလေး ပေးခွင့် မရခဲ့ရင် ဒီနိုင်ငံမှာ အဆင့်မြင့်တဲ့နိုင်ငံသားအဆင့် အနေအထားနဲ့သြဇာ ရရှိမှာ မဟုတ်ဘူး။ ဒါပေမဲ့ ပညာသင်ကြားခွင့် အခွင့်အရေး မရခဲ့ရင်လည်း မဲတစ်ပြားကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချနိုင်စွမ်း ရနိုင်မှာ မဟုတ်ဘူး။ ဘယ်ကိစ္စအတွက် ကျုပ်ဂုဏ်အယူဆုံးလဲဆိုတာ ကျုပ်မသိဘူး”

ဒါပေမဲ့ တက္ကဆတ်စ်မှာ အမှုနိုင်ခဲ့တဲ့အတွက် သမိုင်းက သက်သေပြခဲ့တာတွေ ရှိပါတယ်။ အမေရိကန်နိုင်ငံတွင်းမှာ ဘေးရောက်နေသူတွေအတွက် ရပိုင်ခွင့်နဲ့ သြဇာကို ရရှိအောင် သားဂွဒ် မာရှယ်လ် လုပ်ပေးနိုင်ခဲ့တယ်။ အမေရိကန်မြို့တော်ခန်းမများ၊ ပြည်နယ် တရားရေးရာများ၊ အစိုးရဗိမာန်များ၊ နိုင်ငံရေးပါတီများရဲ့ ခေါင်းဆောင် ရွေးချယ်မှုများ၊ ပါတီညီလာခံတွေမှာ ရွေးချယ်တင်မြှောက်မှုများရဲ့ အသွင်အပြင်တွေကို ထာဝရပြောင်းလဲသွားစေခြင်းများကို မာရှယ်လ် လုပ်ဆောင် ပေးနိုင်ခဲ့တယ်။ နောက်ဆုံးမှာ အမေရိကန် အထက်လွှတ်တော်နဲ့ အောက်လွှတ်တော် တို့ကနေ သမ္မတရာထူးအထိ လူမည်းများ ပါဝင်အရွေးခံခွင့် ခံယူချက်ကို ရရှိအောင် မာရှယ်လ် ဆောင်ရွက်ပေးနိုင်ခဲ့တယ်။



မာတိကာသို့

*စမစ်သ်နှင့် အောဘရိုက်အမှု* ဟာ လူမည်းတွေဆီက ဘယ်တစ်ယူသန် တစ်ဖက်သတ်ဝါဒီတွေမှ ဖယ်ရှားပစ်လို့ မရနိုင်တဲ့ အာဏာကို လူမည်းများလက်ဝယ်သို့ ယူဆောင်ပေးနိုင်ခဲ့ပါတော့တယ်။



မာတိကာသို့ ››

# အခန်း (၁၀)

## မေတ္တာကရုဏာရှင် အမျိုးသမီး

၁၉၃၀ ပြည့်လွန်နှစ်များဟာ အခက်အခဲများနဲ့ ကြုံခဲ့ရတဲ့နှစ်တွေ ဖြစ်ပါတယ်။ ၁၉၄၀ ပြည့်လွန်နှစ်များဟာ ကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တဲ့ ကာလဖြစ်ပါတယ်။ အဲဒီကာလတွေအတွင်းမှာ အမေရိကန်နိုင်ငံမှာ တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်တွေ တစ်ခုတည်းနဲ့သာ ပြောင်းလဲလှုပ်ရှားခဲ့တာ မဟုတ်ဘူး။ သားဂွဒ်ရဲ့ ဘဝမှာ တွေ့ကြုံခဲ့ရတဲ့ လူဖြူမိတ်ဆွေ မဟာမိတ်များက သူ့ရဲ့ အိပ်မက်တွေကို မျှဝေခံစားခဲ့တာ၊ သူ့ဘဝကို နည်းအမျိုးမျိုးနဲ့ ပီပြင်အောင် ရုပ်လုံးဖော်ပေးခဲ့ပုံတွေကိုလည်း သားဂွဒ် တွေ့ရှိခဲ့ရတယ်။ သားဂွဒ် မာရှယ်လ်နဲ့ အဲန်အေအေစီပီ အသင်းတို့အတွက် အမေရိကန် သမ္မတ ဖရဲန်ကလင် ဒီ ရုစဗဲ့လ်ထ်ရဲ့ဇနီးဖြစ်တဲ့ အယ်လီနာ ရုစ်ဗဲ့လ်ထ်တို့ထက် ပိုပြီး အရေးပါတဲ့ လူတစ်ဦး မရှိခဲ့ဘူး။ မာရှယ်လ်ကတော့ အခွင့်အရေးရတိုင်း သမ္မတရုစဗဲ့လ်ထ်ကို အပုပ်ချပြောဆိုခဲ့ပါတယ်။

မစ္စစ် အယ်လီနာ ရုစဗဲ့လ်ထ်ဟာ သားဂွဒ် မာရှယ်လ်နဲ့ အဲန်အေ



မာတိကာသို့ ▶▶

အေစီပီကို ထောက်ခံအားပေးခဲ့တယ်။ လူမျိုးရေးနဲ့ ပြည်သူ့အခွင့်အရေးများအတွက်လည်း ယေဘုယျအားဖြင့် ထောက်ခံခဲ့တယ်။ သူမဟာ ကြီးကျယ်တဲ့ လူမှုရေးအပြောင်းအလဲများ ဖြစ်စေမှု၊ နိုင်ငံတွင်းမှာ တရားမျှတမှုကို ရရှိမှုတို့အတွက် ရည်စူးအဓိဋ္ဌာန်ချက်နဲ့ ပြည့်ဝခဲ့သူ၊ ကူညီထောက်ခံအားပေးခဲ့သူ ဖြစ်နိုင်ခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရရဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဌာနဟာ သားဂွဒ်မာရှယ်လ်နဲ့ အဲန်အေအေစီပီတို့အပေါ်မှာ ဘယ်အခါကမှ ခင်မင်မှု မရှိခဲ့ပါဘူး။ သူတို့ရဲ့ ပြည်သူ့အခွင့်အရေးနဲ့ လွတ်လပ်မှုအတွက် ကြိုးပမ်းအားထုတ်မှုများအပေါ်မှာလည်း ဘယ်အခါကမှ လိုလားမှု မရှိခဲ့ပါဘူး။ အမေရိကန်သမ္မတ ဝုဒ်ရိုး ဝီလ်ဆင်ဟာ သမ္မတဖြစ်လာတာနဲ့ ထိပ်တန်းလူမည်းအရာရှိကြီး ၂၉ ဦးကို အမြန်ဆုံးဖယ်ရှားပစ်ခဲ့တယ်။ သူဟာ လူဖြူလူမည်းလူမျိုးရေးခွဲခြားမှုကို မျက်နှာပြောင်တင်းတင်းနဲ့ ထောက်ခံခဲ့သူဖြစ်တယ်။ သူ့ရဲ့အမြင်အယူအဆတွေအပေါ်မှာ ဇနီးသည် အီးဒစ်ရဲ့ သြဇာလွှမ်းမိုးမှုတွေ ပါခဲ့တယ်။ အီးဒစ် သြဇာပေးလို့ရနိုင်တဲ့ ဝေါရှင်တင်ဒေသတစ်ဝိုက် နေရာအားလုံးမှာ လူမည်းခွဲခြားရေးအတွက် ပြောင်ကျကျကြိုးစားဆောင်ရွက်မှုတွေ ရှိခဲ့တယ်။ သမ္မတဟားဗတ် ဟူးဗားနဲ့ ကယ်လ်ဗင် ကူးလ်လစ်ချ်တို့နှစ်ယောက်က အစိုးရအုပ်ချုပ်မှုကိစ္စတွေထဲမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ဆိုတာ “ကျုပ်တို့အတွက် အခွင့်အရေး တစ်ချက်မှ မရှိဘူး” လို့ သားဂွဒ် မာရှယ်လ်က ပြောဆိုခဲ့ဖူးတယ်။

၁၉၃၂ ခုနှစ်သမ္မတရွေးကောက်ပွဲမှာ ဖရဲန်ကလင် ဒီ ရုစဗဲ့လ်ထ် (သူ့ကို **FDR** လို့ အတိုကောက်ခေါ်ခဲ့ကြသည်) သမ္မတအဖြစ် အနိုင်ရလိုက်ပြီဆိုတာနဲ့ “ပျော်စရာနေ့ရက်များပြန်ရောက်လာပြီ” ဆိုတဲ့ သီချင်းသံတွေ လွှမ်းမိုးခဲ့တယ်။ အဲဒီသီချင်းသံတွေဟာ သန်းပေါင်းများစွာရှိတဲ့ အမေရိကန်မျက်နှာဖြူဆင်းရဲသားများအတွက် အဓိပ္ပာယ်ရှိကောင်း ရှိခဲ့လိမ့်မယ်။ ဒါပေမဲ့ အဲန်အေအေစီပီ အခြေခံအဖွဲ့တွေအတွက်တော့ အဓိပ္ပာယ်မရှိခဲ့ဘူး။ အမေရိကန်အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်က ကော်မတီတိုင်းလိုလိုမှာ လူမျိုးရေးခွဲခြားမှု လိုလားသူတွေက ကြီးစိုးခဲ့တယ်။ မဲဆန္ဒ



မာတိကာသို့ ▶▶

နယ်မြေတွေမှာ မျက်နှာဖြူ အင်္ဂလို ဆက်စင်အနွယ်ဖွားတွေသာ မဲပေးပိုင်ခွင့်ရှိတဲ့ ကန့်သတ်ထားချက်ကြောင့် ဖြစ်ပါတယ်။ တောင်ပိုင်းပြည်နယ်တွေမှာလည်း အများစု ပိုက်ဆံကြွယ်ဝသူ လူတစ်စုသာ အများဆုံး ကြီးစိုးနိုင်ခဲ့တဲ့အတွက် ဖြစ်တယ်။ သမ္မတ ရစဗဲ့လ်ထ်ဟာ ကွန်ဂရက်လွှတ်တော်ထဲမှာ တောင်ပိုင်းက ခေါင်းဆောင်တွေကို အများကြီး အားထားခဲ့ရတယ်။ အထူးသဖြင့် မလွှဲမရှောင်သာတဲ့ ကမ္ဘာ့စစ်ပွဲအတွက် စစ်ပြင်ဆင်ရေး ကြိုးစားအားထုတ်မှုတွေမှာ တောင်ပိုင်းခေါင်းဆောင်တွေရဲ့ ထောက်ခံမှုကို အထူးအားထားခဲ့ရတယ်။ အဲဒါကြောင့် သမ္မတရစဗဲ့လ်ထ်ဟာ အမေရိကန် လူမည်းများအတွက် ပြောင် ရဲတင်းစွာ ထောက်ခံပြီး တောင်ပိုင်းခေါင်းဆောင်တွေကို ဆန့်ကျင်မယ့် အလုပ်မျိုးကို မလုပ်ရဲခဲ့ဘူးလို့ ငြင်းပယ်ခဲ့တာဖြစ်တယ်။

မှန်တိုင်းထန်ခဲ့တဲ့ ၁၉၃၀ နဲ့ ၁၉၄၀ ပြည့်လွန်နှစ်တွေက အခြေအနေတွေကို သားဂွဒ် မာရှယ်လ်က ပြန်ပြီး သုံးသပ်ကြည့်ရှုခဲ့တယ်။ အဲဒီတုန်းက အမေရိကန်နိုင်ငံမှာ လူမျိုးရေးခွဲခြားမှု ပုံစံတွေ မပြောင်းလဲနိုင်ခဲ့တဲ့ အခက်အခဲတွေ ရှိခဲ့တယ်လို့ သူမြင်ခဲ့တယ်။ စီးပွားရေးအကျပ်အတည်းက ဆိုးဝါးလွန်းတော့ အဲန်အေအေစီပီမှာ ငွေရေးကြေးရေး ဆင်းရဲမှု အခက်အခဲ ဖြစ်စေခဲ့တယ်။ အမြီးရအမြီးစား၊ ခေါင်းရခေါင်းစားနဲ့ မီးပုလွေပဲ့ချင်းမှုတ်ကြတဲ့အခြေအနေကို ဖန်တီးပေးခဲ့တယ်။ ကွန်ဂရက်လွှတ်တော်ထဲမှာ ရှိတဲ့ တစ်ယူသန်ဝါဒီတွေနဲ့ သတင်းစာတိုက်တွေက သွေးထိုးရေးသမားတွေကလည်း လူဖြူနဲ့လူမည်းတွေကို တိုက်ပေးခဲ့တယ်။ တောင်ပိုင်းပြည်နယ်က စိုက်ခင်းပိုင်ရှင်တွေနဲ့ သေဌေးကြီးတွေအတွက် အခွင့်အရေးနဲ့ အာဏာကို ထိန်းချုပ်ထားနိုင်ရေးအတွက် ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီခေတ်တွေတုန်းက အိမ်ဖြူတော်မှာရှိတဲ့ ခေါင်းဆောင်တွေမှာ အများဆုံး အပြစ်ရှိတယ်လို့ သားဂွဒ် မာရှယ်လ်က ကောက်ချက်ချပြခဲ့တယ်။

"အားလုံးထဲမှာ ဒုက္ခအပေးဆုံးသူကတော့ ဖရဲန်ကလင် ရစဗဲ့လ်ထ် ဖြစ်ခဲ့တယ်ဗျ။ လူမည်းတွေနဲ့ ပတ်သက်တာမှန်သမျှမှာ သူဟာ တစ်ပြားမှ တန်ဖိုး မရှိဘူးလို့ ကျုပ်တစ်ယောက်တည်း ထင်ခဲ့တာ မဟုတ်ဘူးနော်။



မာတိကာသို့

ကျူပ်အတွက် သူလုပ်ပေးခဲ့တာတွေကလည်း လူတိုင်းကို သူလုပ်ပေးတဲ့ အတိုင်း မတော်တဆ ကြုံလို့ လုပ်ပေးခဲ့တာမျိုးတွေ ဖြစ်ခဲ့တယ်။ နီးဂရိုးတွေအတွက်သက်သက်ပြောရရင်တော့ ရစဗဲ့လ်ထ်ဟာ မိတ်ဆွေတစ်ယောက် မဟုတ်ခဲ့ဘူး။ လူမည်းတွေကို လည်ပင်းကြိုးကွင်းစွပ်သတ်တဲ့ ပြဿနာတွေကို ဆန့်ကျင်တားမြစ် ဖြေရှင်းပေးခဲ့တာမျိုး ဘာတစ်ခုမှ မရှိခဲ့ဘူး။ လူမည်းတွေ ကြိုးကွင်းစွပ် သတ်တာကို ဆန့်ကျင်တဲ့ဥပဒေတစ်ခု ပြဋ္ဌာန်းရင် သူ့ရဲ့စစ်ရေးပြင်ဆင်မှုတွေကို တောင်ပိုင်းသားတွေက ဘာလုပ်ကြမလဲ ဆိုတာသိလားလို့ တက္ကဆတ်စ်ပြည်နယ်က ဆီးနိတ်အမတ် တောမ် ကော်နယ်လီးရဲ့ ခြိမ်းခြောက်ပြောဆိုမှုကို ရစဗဲ့လ်ထ် ခံခဲ့ရတယ်လေ။ အဲဒါကြောင့် လူမည်းတွေကို သတ်တာ ဆန့်ကျင်တဲ့ လေသံမျိုး သူ့ပါးစပ်က တစ်လုံးမှ မဟခဲ့တာပေါ့။ တကယ်တော့ သူဟာ တချို့လူတွေထင်ကြသလို လူမည်းများရဲ့ မိတ်ဆွေကြီးတစ်ယောက် မဟုတ်ခဲ့ပါဘူးဗျာ”

“အယ်လီနာ ရစဗဲ့လ်ထ်က အများကြီးလုပ်ခဲ့တယ်။ သူ့ယောက်ျားက ဟုတ်တိပတ်တိ ဘာတစ်ခုမှ မလုပ်ခဲ့ဘူး”

“ကာကွယ်ရေးဌာနမှာ လူမည်းတွေ ဘယ်အခါကမှ မျှမျှတတ အနေအထား မရခဲ့ဘူး”

ဒါပေမယ့် ရစဗဲ့လ်ထ်မှာ တောင်ပိုင်းသားတွေကို မသိအောင် လူမည်းများနဲ့ လျှို့ဝှက်ဆက်ဆံတဲ့ တိုးတိုးတိတ်တိတ် မီးဖိုချောင်ကက်ဘိနက် ရှိခဲ့တယ်လို့ သားဂွဒ်က ပြောပြခဲ့တယ်။ ရစဗဲ့လ်ထ်ရဲ့လက်ထက်မှာ လူမည်းတွေကိုအလုပ်ပေးတိုင်း တစ်ယောက်ယောက်အတွက် လက်ထောက်ကူဖော်လောင်ဖက်အဖြစ်သာ ခန့်အပ်ခဲ့တာဖြစ်တယ်။ သားဂွဒ် မာရှယ်လ်ကိုလည်း တရားရေးဌာနမှာ အလုပ်လုပ်မလားလို့ ကမ်းလှမ်းခဲ့ဖူးတယ်။ သားဂွဒ်က စုံစမ်းကြည့်တဲ့အခါမှာ လက်ထောက်ရှေ့နေရာထူးမျိုးပေးမှာ ဆိုတာ သိခဲ့ရတယ်။

ရစဗဲ့လ်ထ်အပေါ်မှာ စက်ဆုတ်မှုတွေအကြောင်းပြောရင်းနဲ့ သားဂွဒ် မာရှယ်လ်ပြန်ပြောပြတဲ့ ဇာတ်လမ်းတစ်ပုဒ် ပါဝင်ခဲ့တယ်။



မာတိကာသို့

မာကျီးနီးယားပြည်နယ်မှာ ခရိုင်ရဲအရာရှိတစ်ဦးကို လူမည်းတစ်ဦးက သေနတ်နဲ့ ပစ်သတ်ခဲ့တယ်ဆိုပြီး တရားစွဲမှုတစ်ခု ဖြစ်ခဲ့တယ်။ လူမည်း လောကမှာ ကန့်ကွက်မှုဂယက်ရိုက်သွားပြီး မာရှယ်လ်နဲ့ အဲန်အေအေစီပီ ကို အကူအညီပေးခဲ့ကြတယ်။ မာရှယ်လ်က ခရိုင်ရဲအရာရှိရဲ့ သေတမ်း စစ်ချက် မှတ်တမ်းအစီရင်ခံစာကို သေသေချာချာဖတ်ကြည့်ခဲ့တယ်။ ခရိုင်ရဲအရာရှိကို နောက်ကျောဘက်က သေနတ်နဲ့ ပစ်တာလို့ ဖော်ပြထားတယ်။ မာရှယ်လ် က မိမိအတွက် ခုခံကာကွယ်တဲ့အနေနဲ့ နောက်ကျောကို ဘယ်လိုလုပ် ပစ်ထည့်ခဲ့မလဲလို့ ပြောခဲ့တယ်။ မာရှယ်လ်က ဒီကိစ္စထဲ မပါဝင်တော့ပေမဲ့ ကျန်လူမည်းခေါင်းဆောင်တွေ အကုန်လုံးလိုလိုက ဝင်ပါလာကြတယ်။ အဲဒီအမှုမှာ ရှေ့နေချုပ် ဘစ်ဒဲလ်က မာရှယ်လ်ကို သူ့အား နီးဂရိုးခေါင်းဆောင်တွေရှေ့မှာ ကာကွယ်ပြောဆိုပေးမလားလို့ မေးခဲ့တယ်။ မာရှယ်လ်က ငြင်းပယ်ခဲ့တယ်။ အဲဒီအမှုကိစ္စအတွက် ဘစ်ဒဲလ်ဟာ မာရှယ်လ်နဲ့ ပြောဆိုခဲ့ပြီး အမှုမှာ ဖိအားပေးခံနေရတဲ့ အခြေအနေကို သမ္မတ ရုစဗဲ့လ်ထံ ဖုန်းဆက်ပြီး တင်ပြလိုက်တယ်။ သမ္မတရုစဗဲ့လ်ထံက "ခင်ဗျား အယ်လီနာရဲ့ ကပ္ပလီတွေအကြောင်းပြောဖို့ နောက်ထပ် ကျုပ်ဆီကို ဖုန်းမဆက်နဲ့ဗျာ။ ခင်ဗျား ကျုပ်ဆီကို နောက်တစ်ခါ ဖုန်းထပ်ဆက်ရင် ခင်ဗျား အလုပ်ပြုတ်မယ်မှတ်"

ဘစ်ဒဲလ်က သူနဲ့ သမ္မတနဲ့ ဖုန်းပြောတာကို သားဂွဒ် မာရှယ်လ်လိုင်းခွဲထဲက နားထောင်ကြည့်ဖို့ ပြောခဲ့တယ်။ အဲဒါကြောင့် သမ္မတရုစဗဲ့လ်ထံက ပြန်ပြောတဲ့စကားတွေကို သူကြားခဲ့ရတာဖြစ်တယ်။

"ရုစဗဲ့လ်ထံကတော့ ကပ္ပလီဆိုတဲ့ စကားကို တစ်ခွန်းတည်း ပြောခဲ့တာပါ။ ဒါပေမဲ့ ကျုပ်အတွက်တော့ အဲဒီစကားတစ်ခွန်းဟာ လိုတာထက် ပိုများခဲ့ပါတယ်" လို့ မာရှယ်လ်က မှတ်ချက်ချပါတယ်။

"အယ်လီနာရဲ့ ကပ္ပလီများ" တဲ့။

အမေရိကန်နိုင်ငံရဲ့ သမ္မတကြီးတစ်ဦးက ရှေ့နေချုပ်နဲ့ စကားပြောရာမှာ ကပ္ပလီဆိုတဲ့စကားကို လူမိအောင် သုံးစွဲခဲ့တဲ့အတွက် မာရှယ်လ်



မာတိကာသို့

ဟာ ယူကျုံးမရဖြစ်ခဲ့မိတယ်။ အဲဒါနဲ့အတူ သမ္မတရဲ့ ဇနီးဖြစ်သူဟာ လူမည်းတွေအတွက် ဘယ်လောက်အရေးပါသူဖြစ်တယ်ဆိုတာကို ရစဗဲ့လ်ထ် နားမလည်ခဲ့ပုံကိုလည်း သားဂွဒ် မာရှယ်လ်ဟာ ဝမ်းနည်းခဲ့မိတယ်။

သမ္မတကတော်တစ်ဦးဟာ နိုင်ငံတစ်နိုင်ငံရဲ့ အဆိုးအကောင်းကို ထိရောက်အောင် ပြောင်းလဲစေနိုင်တဲ့အကြောင်း သားဂွဒ် သိထားခဲ့တယ်။ အမေရိကန်နိုင်ငံမှာ တရားမျှတမှု ရရှိရေးအတွက် အယ်လီနာ ရစဗဲ့လ်ထ်ဟာ အိမ်ဖြူတော်ရဲ့ အရှိန်အဝါကို အသုံးပြုခဲ့တဲ့ ဩဇာအင်အားကြီးမားသူ တစ်ဦးဖြစ်လာပုံကိုလည်း သားဂွဒ် မာရှယ်လ်က တစ်သက်လုံး မမေ့နိုင်ဘူး။

"အယ်လီနာရဲ့ ကပ္ပလီများ"

၁၉၃၉ ခုနှစ်ရဲ့ အဲန်အေအေစီပီအောင်မြင်မှုများဆိုတဲ့ အစီရင်ခံစာမှာ ဖော်ပြထားတာတစ်ခုကို သားဂွဒ် မာရှယ်လ် မှတ်မိနေတယ်။ အစီရင်ခံစာမှာ "ဗာဂျီးနီးယားပြည်နယ်၊ ရစ်ချ်မင်မြို့၌ ကျင်းပခဲ့သော နှစ်ပတ်လည်ညီလာခံသို့ မစ္စစ် ရစဗဲ့လ်ထ် တက်ရောက်ပြီး လူမည်းအဆိုကျော် မယ်ရီယန် အဲန်ဒါဆင်အား စပင်းဂန်းဆုတံဆိပ် ချီးမြှင့်ခဲ့ခြင်းသည် တိုးတက်မှုအတွက် မီးမောင်း ထိုးပြစရာ အရေးပါမှုတစ်ခု ဖြစ်ခဲ့သည်" လို့ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

လူမျိုးရေးရန်ငြိုးထားမှုတွေ အထွတ်အထိပ်ကို တက်နေခဲ့ချိန်မှာ သမ္မတကြီးရဲ့ဇနီးဟာ ဒီးထရွိုက်မြို့မှာ ကျင်းပခဲ့တဲ့ အဲန်အေအေစီပီ လွတ်လပ်ရေးရန်ပုံငွေအတွက် ညစာစားပွဲကြီးကို တက်ရောက်ပြီး မိန့်ခွန်းပြောကြားရဲတဲ့သတ္တိရှိခဲ့သူဖြစ်တယ်။ ဒါကိုလည်း သားဂွဒ် မာရှယ်လ် သတိရနေမိတယ်။

သားဂွဒ် မာရှယ်လ်ရဲ့ ဘဝကိုရေးမယ်ဆိုရင် သူ့ရဲ့ များပြားလှတဲ့ မျက်နှာဖြူရန်သူများနဲ့ နည်းလှတဲ့ မျက်နှာဖြူတွေအကြောင်း မပါဘဲ ဘယ်သူမှ ရေးလို့ရနိုင်မယ် မဟုတ်ပါဘူး။ မာရှယ်လ်ရဲ့ အိပ်မက်ကမ္ဘာကို ဖျက်ဆီးဖို့ ကြိုးစားတဲ့သူတွေဟာ အံ့ဩဖွယ်ရာ တန်ခိုး ဩဇာ အာဏာရှိသူတွေ ဖြစ်ခဲ့ကြပါတယ်။ ဒါပေမဲ့ အယ်လီနာဟာ သူ့လို အိပ်မက်ကမ္ဘာ



မာတိကာသို့

ဆောက်တည်လိုသူတစ်ဦး ဖြစ်ခဲ့တယ်။ အယ်လီနာဟာ လူမျိုးရေးဝါဒီတွေ ရရှိတဲ့ အထောက်အကူအင်အားအားလုံးထက်ပိုပြီး အရာ ရောက်ခဲ့တယ်။

မစ္စစ် အယ်လီနာ ရုစဗဲ့လ်ထ်ဟာ ၁၉၅၇ ခုနှစ်မှာ ပြန်ပြောခဲ့ဖူး တယ်။

"ပြုပြင်ပြောင်းလဲမှုတွေဟာ ငြိမ်းချမ်းတဲ့နည်းလမ်းတွေနဲ့ ဖြစ် မလာရင် ပြင်းထန်တဲ့ အုံကြွမှုတွေနဲ့ ဖြစ်လာလိမ့်မယ်လို့ ကျွန်မကိုယ် ကျွန်မ ပြန်ပြောခဲ့မိဖူးတယ်။ ဒါပေမယ့် ဘုရားမလို့ ကျွန်မတို့နိုင်ငံမှာ သွေးထွက်သံယိုနည်းလမ်း တစ်နည်းတည်းနဲ့သာ လုပ်ရမယ့်အခြေအနေကို မဆိုက်ရောက်ခဲ့တာပေါ့" လို့ ပြောခဲ့တယ်။ သားဂွဒ် မာရှယ်လ်၊ ဝှိုက်နဲ့ အဲန်အေအေစီပီတို့ဟာ ငြိမ်းချမ်းသော ပြောင်းလဲမှုအတွက် အဖိုးမဖြတ် နိုင်တဲ့ အရာတွေသာ ဖြစ်ခဲ့တယ်လို့လည်း မစ္စစ် ရုစဗဲ့လ်ထ်က ချီးကျူးခဲ့ပါ တယ်။

မစ္စစ် ရုစဗဲ့လ်ထ်ဟာ အများဆုံး အချီးကျူးခံခဲ့ရတဲ့ သမ္မတကတော် တစ်ဦး ဖြစ်ခဲ့တယ်။ နှလုံးသားမေတ္တာကြီးမားသူ (**Lady Big Heart**) လို့ တင်စားခေါ်ဆိုခြင်း ခံခဲ့ရသူဖြစ်ပါတယ်။ မစ္စစ် ရုစဗဲ့လ်ထ်ဟာ နင်းပြားတွေ ဖက်က အမြဲရပ်တည်တယ်။ မရှိသူတွေကို ပေးကမ်းစွန့်ကြဲတယ်။ လူမျိုး ရေးတရားမျှတမှုအတွက် တောင်းဆိုတယ်။ တိုးတက်ရေးကို ဆန့်ကျင် သူများနဲ့ လောဘကြီးမှုတို့ကို သတ္တိရှိရှိ ထိုးနှက်တိုက်ခိုက်တယ်။ အဲဒီ အရည်အသွေးတွေရှိတဲ့အတွက် မစ္စစ် ရုစဗဲ့လ်ထ်ကို နှလုံးသားမေတ္တာ ကြီးမားတဲ့ အမျိုးသမီးကြီးအဖြစ် ဆောင်းပါးရှင်တွေက တင်စားရေးသားခဲ့ကြ တာဖြစ်ပါတယ်။

မစ္စစ် ရုစဗဲ့လ်ထ်ဟာ သူမရဲ့ ငယ်ဘဝကိုပြန်ပြောပြခဲ့တယ်။ ငယ် ငယ်က သူမရဲ့ ချမ်းချမ်းသာသာနဲ့ သြဇာရှိတဲ့ ပတ်ဝန်းကျင်မှာ နေခဲ့ရပေ မယ့် အနှိမ်ခံဘဝနဲ့ နေခဲ့ရလို့ နင်းပြားတွေအတွက် တိုက်ပွဲဝင်ပေးတဲ့ စိတ်ဓာတ် ကိန်းအောင်းလာခဲ့ပုံတွေအကြောင်း ပါဝင်ခဲ့တယ်။

"ကျွန်မရဲ့အမေက မယုံနိုင်လောက်အောင်နီးပါး အလွန်ကိုချော



မာတိကာသို့

တယ်။ ကျွန်မမှာ အမေရဲ့ ချောပုံလှပုံတွေ အမွေပါမလာခဲ့ဘူး။ အမေ့ရဲ့ မိသားစုမျိုးရိုးထဲမှာ ကွမ်းတောင်ကိုင်မဟုတ်တာ ကျွန်မတစ်ယောက်တည်း ပါခဲ့တယ်။ အဲဒါကြောင့် ကျွန်မမှာ ငယ်ငယ်ကတည်းက ရှက်စိတ်တွေ အပြည့်ရှိခဲ့မိတယ်။ အမေ့ရဲ့ လှပုံနဲ့ ကျွန်မရဲ့ ရုပ်ရည်ကို ယှဉ်အကြည့်ခံရ တာကို ကျွန်မ အမြဲကြောက်စိတ် ရှိခဲ့တယ်။ လူတွေရှေ့မှာ ကျွန်မ မနေ တတ်၊ မထိုင်တတ်ဖြစ်ပြီး ကသိကအောက် ဖြစ်ခဲ့ရတယ်။ ကျွန်မ ရှက်တတ် ပုံကြောင့် အသက်ပိုကြီးတဲ့ပုံ ပေါက်ခဲ့တယ်။ အမေက ကျွန်မကို ဘွားဘွား လို့တောင် ပြောင်ပြီး ခေါ်ခဲ့တယ်ရှင့်”

မစ္စစ် အယ်လီနာ ရုစဗဲ့လ်ထ်သည် သူမငယ်ငယ်က အပယ်ခံ တစ်ကိုယ်ရေတစ်ကာယ ကောင်မလေးတစ်ယောက် ဖြစ်ခဲ့ပုံ၊ လူတွေ တွေ့ မှာ မြင်မှာကြည့်မှာ မခံရအောင် ပုန်းနေတတ်ပုံ၊ မိခင်ရဲ့အလှကို မနာလိုဖြစ် ပြီး မိခင်ရဲ့ ချစ်ခြင်းမေတ္တာရမှုကို အမြဲတောင့်တနေခဲ့မိပုံတွေကိုလည်း ပြန်ပြောပြခဲ့တယ်။ သူမမိသားစုရဲ့ ချမ်းသာကြွယ်ဝမှုနဲ့ ဂုဏ်သိက္ခာပြည့်စုံ မှုတွေကြားမှာ သူမမှာ မပြည့်စုံဆုံးနဲ့ အမက်မောဆုံးဟာ မေတ္တာသာ ဖြစ်ခဲ့တယ်။

“ကလေးတွေမှာ ပိုက်ဆံထက် မေတ္တာကို ပိုပြီး လိုအပ်ပါတယ်” လို့ အယ်လီနာ ရုစဗဲ့လ်ထ်က အသက် ၇၃ နှစ်အရွယ်မှာ ပြန်ပြောပြတာ တွေထဲမှာ ပါခဲ့တယ်။

“ကျွန်မ တစ်သက်လုံးမှာ ကျွန်မဟာ ကြောက်ရွံ့မှု၊ ကိုယ်ကာယ အားဖြင့် ကြောက်ရွံ့မှု၊ အချစ်မခံရမှာကို ကြောက်ရွံ့မှု စတဲ့ ကြောက်ရွံ့မှု တွေကို တိုက်ပွဲဝင်ခဲ့ရပါတယ်”

ဒီနေရာမှာ အယ်လီနာရဲ့ မေတ္တာငတ်မွတ်မှုဟာ သားဂွဒ် မာရှယ်လ် တိုက်ပွဲဝင်ခဲ့တဲ့ စိတ္တဇဒဏ်ရာနဲ့ တစ်နည်းအားဖြင့် သွားတူခဲ့ တယ်။ သားဂွဒ် မာရှယ်လ်ကတော့ လူမည်းတွေအတွက် မျက်နှာဖြူများရဲ့ မေတ္တာကိုရအောင် တိုက်ပွဲဝင်ခဲ့တာတော့ မဟုတ်ဘူး။ •လေးစားမှုနဲ့ တရားမျှတမှုအတွက် တိုက်ပွဲဝင်ခဲ့တာဖြစ်ပါတယ်။



မာတိကာသို့

အယ်လီနာ ရုစဗဲ့လ်ထ်ဟာ ကိုးနှစ်သမီးအရွယ်မှာ မိဘနှစ်ပါးစလုံး မရှိတော့တဲ့အတွက် အမေ့ဘက်က အမေကြီးဖြစ်တဲ့ မစ္စစ် ဟောလ်နဲ့ သွားပြီးနေခဲ့ရတယ်။ အမေကြီးက စည်းကမ်းလည်း အလွန်ကြီးတယ်။ သူ့ကို အဝတ် အစားဆင်တဲ့နေရာမှာလည်း အဒေါ်တွေရဲ့ အကျႌတွေပဲ ဆင်ပေးခဲ့တယ်။ တခြားမိန်းကလေးတွေက ခြေသလုံးတစ်ဝက်အထိ ကျနေတဲ့ ဂါဝန်တွေကို ဝတ်ဆင်ကြတဲ့အချိန်မှာ အယ်လီနာရဲ့ ဂါဝန်က ပေါင်တစ်ဝက်လောက်အထိ တိုပြီး ပေါ်နေတယ်။

အယ်လီနာဟာ အရပ်က ပိန်ပိန်ရှည်ရှည်၊ လူကလည်း ရှက်တတ်၊ အကလည်းညံ့၊ အဝတ်အစားတွေက အချိုးမကျနဲ့ တခြားသူတွေနဲ့ ယှဉ်လိုက်ရင် သူ့ကိုတွဲပြီး ကမယ့်သူတောင် မရှိခဲ့ဘူး။

အဲဒီလိုနဲ့ ဆယ်ကျော်သက်တွေရဲ့ ပါတီပွဲတစ်ခုမှာ အပယ်ခံရတဲ့ အယ်လီနာကို မောင်ဝမ်းကွဲတော်သူ ဖရဲန်ကလင်က တွဲကခဲ့ရာက သူ့အစ်ကိုကို “တစ်သက်လုံး ကျေးဇူးတင်” သွားခဲ့တယ်။

“ခံစားနေရသူတစ်ဦးအပေါ်မှာ ကျွန်မဟာ အမြဲတမ်း ဆွေမျိုးပေါက်ဖော်စိတ် ထားခဲ့မိတယ်။ ကျွန်မရဲ့ ကလေးဘဝ အတွေ့အကြုံက တခြားသူတွေရဲ့ ကြောက်ရွံ့စိတ်နဲ့ လိုအပ်မှုတွေကို ကျွန်မကို နားလည်နိုင်စွမ်းရှိအောင် လုပ်ပေးခဲ့တယ်”

မစ္စစ် ရုစဗဲ့လ်ထ်က သူမရဲ့ ကြင်နာမှုစိတ်ဓာတ်ကို အဲဒီလို ပြန်ပြောပြခဲ့တယ်။

သားဂွဒ် မာရှယ်လ်နဲ့ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုကို အယ်လီနာ ရုစဗဲ့လ်ထ် ဘာ့ကြောင့်ထောက်ခံအားပေးခဲ့သလဲ။ အမေရိကမှာ ဘယ်နိုင်ငံသားတစ်ယောက်မှ လိုလေသေးမရှိ ကောင်းချီးဩဘာနဲ့ ပြည့်စုံမှု၊ ချမ်းသာကြွယ်ဝမှု၊ တန်ခိုးဩဇာရှိမှုတို့နဲ့ ပြည့်စုံသူရယ်လို့ မရှိခဲ့ဘူး။ အထောက်အကူမလိုသူရယ်လို့ မရှိခဲ့ဘူးလို့ သူမထင်ခဲ့တဲ့အတွက် ဖြစ်ကြောင်း သူမက ရှင်းပြခဲ့ပါတယ်။ သူမငယ်စဉ်က ငွေကြေးနဲ့ဂုဏ် သိက္ခာ



မာတိကာသို့ ▶▶

ပြည့်စုံခဲ့တယ်။ ဒါပေမဲ့ သူမရဲ့ အဖေနဲ့ဦးလေးတွေဟာ အသက် ကို အရက်နဲ့ လဲသွားတဲ့အထိ ဖြစ်ခဲ့တဲ့အပေါ်မှာ သူမ ခံစားခဲ့ရတဲ့ သောက ဗျာပါဒတွေကို ငွေဂုဏ်၊ ခနဂုဏ်တို့က အကာအကွယ်မပေးနိုင်ဘူးဆိုတာ အယ်လီနာသိခဲ့တယ်။ သူမရဲ့ ဂုဏ်ရှိန်မြင့်မှု အထက်တန်းလွှာ အဆင့် အတန်းကလည်း သူမအတွက် ပျော်စရာ အိမ်ထောင်ရေးဘဝတစ်ခု ရရှိ အောင် အာမခံချက် မပေးနိုင်ခဲ့ဘူး။

၁၉၀၃ ခုနှစ်က အယ်လီနာ အသက် ၁၉ နှစ်သမီးအရွယ်မှာ မောင်ဝမ်းကွဲ ဖရဲန်ကလင် ဒီ ရုစဗဲ့လ်ထ်က သူ့ကို လက်ထပ်ခွင့်တောင်းခဲ့ တယ်။ သူတို့ချင်း မေတ္တာသက်ဝင်မှုကိုလည်း အယ်လီနာက အဘွားဖြစ်သူ ကို ပြောပြခဲ့တယ်။ ဒါပေမဲ့ မေတ္တာဆိုတာ ဘာမှန်းမသိပုံကို အယ်လီနာ ဟာ နောင်နှစ်ပေါင်းများစွာကြာမှ သိခဲ့တယ်။ သူတို့နှစ်ဦးလက်ထပ်ရေး ကိစ္စကို ယောက္ခမလောင်း မစ္စစ် ဂျိမ်းစ် ရုစဗဲ့လ်ထ်က ဟန့်တားဖို့ကြိုးစားခဲ့ တယ်။ ဖရဲန်ကလင် ဒီ ရုစဗဲ့လ်ထ်ဟာ တစ်ဦးတည်းသောသားဖြစ်တယ်။ မစ္စစ် ဂျိမ်းစ် ရုစဗဲ့လ်ထ်က ဖရဲန်ကလင်ကို အိမ်ထောင်ပြုရေးကိစ္စ မေ့မေ့ ပျောက်ပျောက်ဖြစ်သွားအောင် ရည်ရွယ်ပြီး သားဖရဲန်ကလင်ကို အနောက် အင်ဒီးစ် ကျွန်းစုကို သင်္ဘောစီးပြီး ခရီးထွက်စေခဲ့တယ်။

ဖရဲန်ကလင်ကလည်း ခိုင်မာတယ်။ ဒါကြောင့် နောက်တစ်နှစ် ကြာတော့ သူတို့ကို စေ့စပ်ပေးခဲ့ရတယ်။ ဒါပေမဲ့ ၁၉၀၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ကျတော့မှသာ တကယ် လက်ထပ်ဖြစ်ခဲ့ကြတယ်။

မင်္ဂလာလက်ထပ်ပွဲနေ့မှာလည်း သတို့သမီးဖြစ်သူ အယ်လီနာ ဟာ အများက အာရုံစူးစိုက်ပြီး ဝိုင်းအကြည့်ခံရတဲ့ ပုလဲဒါယူ မဖြစ်ခဲ့ဘူး။ ဖရဲန်ကလင်ရဲ့ ဦးကြီးတော်ဖြစ်တဲ့ အမေရိကန်သမ္မတကြီး သီယိုဒို ရုစဗဲ့လ်ထ် က မင်္ဂလာဆောင်လာခဲ့တော့ သမ္မတကြီးရုစဗဲ့လ်ထ်ရဲ့ ပွဲလိုဖြစ်သွားခဲ့တယ်။ ဒါ့ကြောင့် အယ်လီနာ ရုစဗဲ့လ်ထ်က သူ့ကလေးတွေ မင်္ဂလာဆောင်တဲ့အခါ ကျရင် အဖေဖြစ်သူ သမ္မတကြီး ဖရဲန်ကလင် ရုစဗဲ့လ်ထ်ရဲ့ပွဲမျိုး မဖြစ် သွားစေရဘူးလို့ နောင်အခါမှ သူမ သေချာအောင် လုပ်ပေးခဲ့တယ်လို့



မာတိကာသို့ ▶▶

အယ် လီနာက ပြန်ပြောခဲ့ပါတယ်။

၁၉၂၀ ခုနှစ်ဟာ အယ်လီနာအတွက် သောကဒုက္ခတွေ ပွေခဲ့တဲ့ နှစ်ပါပဲ။ မိသားစုတွင်းပြဿနာတွေ စဖြစ်ခဲ့တဲ့ နှစ်ဖြစ်ခဲ့တယ်။ ခင်ပွန်းသည် ဖရဲန်ကလင် ဒီ ရုစဗဲ့လ်ထ်ဟာ ဒီမိုကရက် တစ်ပါတီရဲ့ အမေရိကန် ဒုတိယ သမ္မတလောင်း ဖြစ်ခဲ့ချိန်မှာ အအေးမိပြီး ပိုလီယိုရောဂါ ပြန်ပေါ်ခဲ့တယ်။ ဖရဲန်ကလင်ရဲ့ မိခင်ကြီးက သူ့ ကိုယ်သူ ဆရာဝန်ထက် ပိုသိ တယ်လို့ ထင်ခဲ့လို့ မိသားစုတွင်းမှာ ဆေးကုသရေးနဲ့ ပတ်သက်လို့ ခါးခါး သီးသီး အငြင်းပွားမှုတွေ ဖြစ်ခဲ့ရတယ်။ ပြီးတော့ အယ်လီနာရဲ့သမီး အဲန်နာဟာ စိတ်လှုပ်ရှားမှု ပြဿနာတွေ ဖြစ်ပေါ်ခဲ့တယ်။ အယ်လီနာအနေနဲ့ မိခင် တာဝန် မကျေပွန်ခဲ့လို့ သမီးကလေး အဲဒီလို ဖြစ်ခဲ့ရတယ် လို့ပဲ ပြောပါ တယ်။

သူမရဲ့ခင်ပွန်း ဖရဲန်ကလင် ရုစဗဲ့လ်ထ်အနေနဲ့ နိုင်ငံအတွက် အကျိုးပြုရအောင် ကြီးကြီးမားမား လုပ်ပေးခဲ့တာနဲ့ ပတ်သက်ပြီး---

"အစိုးရမှာ ပြည်သူတွေအတွက် တာဝန်ရှိတယ်ဆိုတဲ့ ယုံကြည် မှုတစ်ခုကို ပြည်သူတွေ လက်ခံအောင် ထူထောင်ပေးခဲ့တာဖြစ်တယ်။ အဲဒီ အတွေးအခေါ်ဟာ အစိုးရတိုင်းမှာ ရိုက်အသွင်းခံခဲ့ရတယ်။ ပြည်သူလူထု က အဲဒီလို လိုလားခဲ့တဲ့အတွက် ဖြစ်ပါတယ်။

"ပြည်နယ်တွေက ဆောင်ရွက်လို့ ရနိုင်တာတွေကို ပြည်ထောင် စု အစိုးရက ယူပြီး လုပ်ဆောင်ရမယ်ဆိုတဲ့ စိတ်ကူး ဖရဲန်ကလင်မှာ ဘယ် တုန်းကမှ မရှိခဲ့ဘူး။ တချို့ကိစ္စတွေမှာ ပြည်နယ်တွေက မလုပ်ဆောင်နိုင် တာ ထင်ရှားခဲ့ရင် ညှိနှိုင်းဆောင်ရွက်တဲ့ ပေါ်လစီမျိုးရှိဖို့ လိုအပ်တယ်။ ပြည်ထောင်စုအစိုးရက ဝင်လုပ်ပေးရမယ်လို့ ကျွန်မယောက်ျားက ယူဆ ခဲ့တယ်။ ဥပမာအားဖြင့်ပေါ့ရှင်---ပညာရေးကဏ္ဍမှာ အရေးတကြီး လိုအပ် တာတွေကို ပြည်နယ်တွေက မလုပ်ဆောင်နိုင်တာမျိုးတွေ ရှိကို ရှိနေ တယ် မဟုတ်လား"

လူမျိုးရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေမှာ အယ်လီနာဟာ



မာတိကာသို့ ››

သူမရဲ့ ခင်ပွန်းထက်စောပြီး ရှေ့ကစထွက်ခဲ့တာမျိုးတော့ မရှိခဲ့ဘူး။ လုပ်ရမယ့် အချိန်အခါနဲ့ ပတ်သက်လို့သာ ပဋိပက္ခတွေ ဖြစ်ခဲ့ရတယ်။ အယ်လီနာက ဖရဲန်ကလင် လုပ်တာထက် မြန်မြန်ပြုလုပ်ချင်တဲ့ဆန္ဒ အမြဲရှိခဲ့တယ်။

"ဝေါလ်တာ ဝိုက်က ကျွန်မခင်ပွန်းရဲ့ ဥပဒေပြုအစီအစဉ်စာရင်းမှာ လူမည်းတွေကို လည်ပင်းကြိုးကွင်းစွပ်သတ်မှု ဆန့်ကျင်ရေးဥပဒေကို မပါမနေ ထည့်သွင်းဖို့ ပြောခဲ့တယ်။ ကျွန်မခင်ပွန်းက သူ့ရဲ့ စစ်လက်နက်တပ်ဆင်ရေးအစီအစဉ်မှာ တောင်ပိုင်းက မဲတွေရဖို့ လိုတဲ့အတွက် ထည့်မပေးနိုင်ဘူးလို့ ပြန်ပြောခဲ့တယ်။

"ကျွန်မကလည်း ဖရဲန်ကလင်ကို မေးခဲ့တယ်။ ကျွန်မက ကြိုးကွင်းစွပ် သတ်မှုကို ဆန့်ကျင်တားမြစ်ရေးဥပဒေကို လိုလားတယ်။ အဲဒီတော့ ရှင့်အနေနဲ့ ကျွန်မရဲ့သဘောထားအပေါ်မှာ ဘယ်လို ခံစားမိသလဲ"

"ဒီတော့ ဖရဲန်ကလင်က ကျွန်မကို တည့်တည့်ကြည့်ပြီး ပြန်ပြောခဲ့တယ်။

"မင်းမှန်တယ်ထင်တာမှန်သမျှဘက်က ရပ်တည်ဖို့သာ ဆက်လုပ်။ နောက်ပြီး ငါ့အနေနဲ့ မင်းကို ဘာတစ်ခုမှ လုပ်လို့မရနိုင်ဘူးလို့လည်း ငါအမြဲပြောနိုင်တာပဲ"

"မင်းကို ဘာမှလုပ်လို့မရနိုင်ဘူး"ဆိုတဲ့စကားကို ဖရဲန်ကလင်ဟာ လေးလေးနက်နက် ပြောခဲ့ကောင်း ပြောခဲ့တာဖြစ်နိုင်တယ်။ မစ္စစ် ရစဗဲ့လ်ထ်ရဲ့ အတွင်းရေးမှူးဖြစ်ခဲ့တဲ့ ကွယ်လွန်သူ မယ်လ်ဗီနာ သော်မ်ဆင် ပြောခဲ့ဖူးတဲ့ အဖြစ်တစ်ခုကို အယ်လီနာက ပြန်ပြောခဲ့တယ်။

"တစ်နေ့တော့ အယ်လီနာ ရစဗဲ့လ်ထ်ဟာ အနောက်ဗာဂျီးနီးယားပြည်နယ်ကို ဆိုင်းမဆင့်ဗုံမဆင့်ဘဲနဲ့ ချက်ချင်းထ ထွက်သွားခဲ့တယ်။ အနောက်ဗာဂျီးနီးယားက ထောင်တစ်ခုမှာ အခြေအနေဆိုးနေတယ်ဆိုတဲ့ တိုင်ချက်တစ်ခုကိုရခဲ့လို့ဖြစ်ပါတယ်။ ဖရဲန်ကလင် ရစဗဲ့လ်ထ်က နေ့လယ်



မာတိကာသို့ ▶▶

စာ ပြန်အစားမှာ မိန်းမ ပျောက်ချင်းမလှပျောက်နေတာတွေ့တော့ ဒေါပွသွားတယ်။

"သမ္မတကတော်ကြီးကော" လို့ ဖရဲန်ကလင်က မေးလိုက်တယ်။

"သမ္မတကြီးကတော် အခု အနောက်ဗာဂျီးနီးယားက ထောင်ထဲမှာရောက်နေပြီ" လို့ သော်မ်ဆင်က ခပ်ပေါ့ပေါ့ပဲ ပြန်ဖြေလိုက်တယ်။

"ဟေ--ဗာဂျီးနီးယားက ထောင်ထဲရောက်နေပြီ။ ငါ့မိန်းမက ဘာများလုပ်ခဲ့မိပြန်ပြီလဲ"

အဲဒီမေးခွန်းကို ဘယ်သူမှ သေသေချာချာ ဖြေနိုင်မှာ မဟုတ်ဘူးလို့ အယ်လီနာက ပြန်ပြောခဲ့ပါတယ်။ ဖရဲန်ကလင်ဟာ သမ္မတလောင်းဖြစ်လာခဲ့ချိန်ကစပြီး ပူညံပူညံမဖြစ်ခဲ့တဲ့နေ့ရယ်လို့ တစ်နေ့မှ မရှိခဲ့ဘူး။ ဖရဲန်ကလင်က သူမကို ကလေးတွေပစ်ထားတယ်၊ ဂရုမစိုက်ဘူး၊ အစိုးရငွေကို ဖြုန်းတယ်၊ ကင်ဆာရောဂါဖြစ်နေပြီ၊ ကပ္ပလီတွေကိုချစ်တယ်၊ ဦးနှောက်စားနေပြီ၊ နောက်ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ဖို့ကြံနေပြီ ဆိုတာတွေ တစ်ခုမဟုတ်တစ်ခု အမြဲအစွပ်စွဲခံနေရတယ်လို့လည်း မစ္စစ်ရစဗဲ့လ်ထ်က ပြန်ပြောပြခဲ့တယ်။

မစ္စစ် ရစဗဲ့လ်ထ်ကို တချို့က "နေရာတကာပါလေရာသမ္မတကတော်" "နိုင်ငံအတွက် ပထမဆုံးပြဿနာကောင်"လို့ ခေါ်ဆိုတာ ခံခဲ့ရတယ်။ အမေရိကန်သမ္မတကတော်တွေထဲမှာ နေရာတကာမှာ တွေ့ရပြီး ပါးစပ်က ပွင့်ပွင့်လင်းလင်းပြောတဲ့ ပထမဆုံးသမ္မတကတော် ဖြစ်ခဲ့လို့ပါပဲ။ အရင်သမ္မတကတော်တွေလို အိမ်ဖြူတော်မှာပဲနေပြီး ပါတီပွဲတွေ တက်နေတာနဲ့ အချိန်ကုန်သွားတာမျိုးကို အယ်လီနာက မလုပ်နိုင်။ ပြီးတော့ လူမည်းတွေဟာ အရည်အချင်းနဲ့ မျှော်မှန်းချက် ရှိသလောက် ရာထူးရနိုင်ရမည်လို့လည်း အယ်လီနာက ယုံကြည်ပါတယ်။ အယ်လီနာဟာ သတင်းစာရှင်းလင်းပွဲတွေလုပ်တယ်။ ရေဒီယိုက အသံလွှင့်တယ်။ မဂ္ဂဇင်းတွေမှာ ဆောင်းပါးရေးတယ်။ နိုင်ငံရေးလူထု အစည်းအဝေးတွေမှာ မိန့်ခွန်းပြောတယ်။ နိုင်ငံခြားမှာ စစ်ဖြစ်နေတဲ့နေရာတွေမှာ ဒူးအထိ ဗွက်နစ်နေတဲ့



မာတိကာသို့ ▶▶

ရွံ့ဗွက်တွေရှိတဲ့ အရပ်တွေကိုလည်း သွားတယ်။ ပွာတိုးရီးကိုးနိုင်ငံက ယင် တလောင်းလောင်းပေါတဲ့ ဆင်းရဲသားတွေရဲ့ တဲကုပ်တွေ ထဲကိုလည်း ရောက်တယ်။ အနောက်ဗာဂျီးနီးယားက ကျောက်မီးသွေးတွင်း တွေထဲကို လည်း ဆင်းခဲ့တယ်။ အမေရိကန်နိုင်ငံမှာ ပေါင်မုန့်တန်းစီ ဝယ်စားနေတဲ့ ဆင်းရဲသားတွေနဲ့လည်း အဖော်ဖွဲ့ခဲ့သူဖြစ်တယ်။

"အဲဒါတွေကြောင့် ကျွန်မကို ကွန်မြူနစ်တွေရဲ့ ခရီးသွားဖော်လို့ တစ်မျိုး၊ ကွန်မြူနစ်လို့တစ်မျိုး၊ တချို့ကတော့လည်း ကျွန်မကို ကွန်မြူနစ် မှ ကွန်မြူနစ်မကြီးလို့ အခေါ်ခံခဲ့ရတာ ဖြစ်ပါတယ်" လို့ အယ်လီနာက ပြောပြတယ်။ ကလောင်ရှင် ဝက်စ်ဘရွတ် ပက်ဂလာကဆိုရင် မစ္စစ် ရုစဗဲ့လ်ထ်ကို မထေမဲ့မြင်ပြုသူ၊ အတင့်ရဲသူ၊ မကောင်းကြံသူလို့တောင် ရေးသားခဲ့တယ်။ မကောင်းကြံသူဆိုတာကတော့ သားဂွဒ် မာရှယ်လ်၊ ဝေါလ်တာ ရွိုက်နဲ့ ဝီလ်ကင်တို့နဲ့ တွေ့ဆုံခဲ့တာတွေကို ရည်ညွှန်းရေး ခဲ့တာဖြစ်တယ်။

တကယ်တော့ မစ္စစ် အယ်လီနာ ရုစဗဲ့လ်ထ်ဟာ ကိုယ်ရေးကိုယ် တာ ပျော်ရွှင်မှု၊ သူမကို စော်ကားမော်ကားပြောဆိုခံရမှုတွေကို မမှု၊ အဲဒါ တွေကို ကျော်လွန်ပြီး သူမရဲ့ ရည်မှန်းချက်အကြောင်းတစ်ခုအတွက်သာ ဦးတည်ချက်ထားတဲ့ အမျိုးသမီးတစ်ဦး ဖြစ်ခဲ့ပါတယ်။ သားဂွဒ် မာရှယ်လ် ဟာလည်း ရည်မှန်းချက်အကြောင်းရင်းတစ်ခုအတွက် အဲဒီလို အဓိဋ္ဌာန် ရည်စူးချက် ထားခဲ့သူဖြစ်ပါတယ်။ သားဂွဒ် မာရှယ်လ်ဟာ ဇနီးသည် ဘတ်စ် တာကို ဥပေက္ခာပြုခဲ့တယ်။ သူ့အတွက် ကိုယ်ရေးကိုယ်တာ စိတ်ချမ်းသာမှု ကို နည်းနည်းမှ ဂရုမစိုက်ခဲ့ဘူး။ လူမည်းတွေအတွက် သီးသန့် ဂျင်မ်ကရိုး ကျောင်းတွေ ပပျောက်ရေးအတွက်သာ အာရုံစိုက်ခဲ့တယ်ဆိုတာတွေကို မာရှယ်လ် ဘယ်တော့မှ ဝန်ခံမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူလုပ်ခဲ့ပုံတွေ အတွက် မှတ်တမ်းတွေက ရှိနေတယ်။

မစ္စစ် ရုစဗဲ့လ်ထ်ဟာ ကွန်မြူနစ်တွေကို ပိုးထောင်သူလို့ သတင်း စာ ခေါင်းကြီးပိုင်းတွေမှာ အပြင်းအထန် ဝေဖန်ရေးသားခြင်းခံခဲ့ရတယ်။



မာတိကာသို့

သားငွဒ် မာရှယ်လ်ကိုလည်း အမေရိကန်နိုင်ငံကို လူမျိုးချင်းစပ်ပြီး အမျိုးပျက်အောင် လုပ်မယ့် ကွန်မြူနစ်တို့ အကြံတစ်ခုမှာ ပါဝင်ခဲ့သူလို့ အစွပ်စွဲခံခဲ့ရတယ်။ မစ္စစ် ရစဗဲ့လ်ထ်ကို လူမျိုးရေးမုန်းတီးမှုကို မွေးပေးခဲ့သူလို့ စွပ်စွဲခဲ့ကြတယ်။ သားငွဒ် မာရှယ်လ်ကိုလည်း အပြင်ဘက်မှ လှုံ့ဆော်သွေးထိုးရေးသမားတစ်ဦးလို့ လူမျိုးရေးအမြတ်ထုတ်သူတွေက ဆိုကြတယ်။ သားငွဒ် မာရှယ်လ်ဟာ ဒီးထရွိုက်မြို့မှာ အဆိုးဝါးဆုံး လူမျိုးရေးအဓိကရုဏ်းဖြစ်မှုတွေ အထွတ်အထိပ် တက်နေချိန်မှာ သွားရောက်ပြီး အမှန်တရားတွေကို ထုတ်ဖော်ပြောဆိုရဲခဲ့တယ်။ မစ္စစ် ရစဗဲ့လ်ထ်ကလည်း ရုန်းရင်းဆန်ခတ်မှုတွေ ဖြစ်နေတဲ့အချိန်မှာ အဲဒီမြို့မှာ ကျင်းပတဲ့ အဲန်အေအေစီပီ ညီလာခံကို သွားတက်ပြီး မိန့်ခွန်းပြောခဲ့တယ်။ စိတ်မပါလှတဲ့ သမ္မတအိမ်ဖြူတော်နဲ့ သူမရဲ့ဂုဏ်သိက္ခာကို လူမျိုးရေးနဲ့ လူမှုရေး တရားမျှတမှုကိစ္စအတွက် ပံ့ပိုးပေးခဲ့တယ်။

သားငွဒ် မာရှယ်လ်နဲ့ မစ္စစ် ရစဗဲ့လ်ထ်တို့မှာ ရှားရှားပါးပါး ခြွင်းချက်နဲ့ သွားတူခဲ့တဲ့ အချက်ရှိတယ်။ ကိုယ်တိုင်ခံစားခဲ့ရဖူးတဲ့သူတွေဟာ စားနပ်ရိက္ခာ၊ နေထိုင်စရာ၊ အကာအကွယ်ပေးမှုနဲ့ မေတ္တာလိုအပ်သူတွေအတွက် အထူးဂရုဏာထားတတ်တယ်ဆိုတဲ့ အချက်ကို ပြသခဲ့ကြပုံတွေ ဖြစ်ပါတယ်။

အယ်လီနာ ဝေဖန်တိုက်ခိုက်ခဲ့တဲ့ ကလောင်ရှင် မက်စ်ဘရွတ်ပက်ဂလာ နောင်တစ်နေ့မှာတော့ သမ္မတကတော်ကြီးက "နိုင်ငံရဲ့ အတော်ဆုံး အမျိုးသမီး" လို့ ကင်ပွန်းတပ်ပါတယ်။ အယ်လီနာလောက် အလုပ်လုပ်နိုင်သူ၊ လူတွေရဲ့ ဒုက္ခဆင်းရဲမှုတွေကို သိရှိခံစားနိုင်သူ တစ်ဦးမှ မရှိဘူးလို့လည်း ရေးသားပါတယ်။ "သူမဟာ နိုင်ငံရဲ့အကြောင်း အခြားအားလုံးသောသူတွေထက် ပိုသိပါတယ်" လို့ ရေးခဲ့ပါတယ်။

အမေရိကန်နိုင်ငံက လူမည်းများနဲ့ ဆင်းရဲသားများအပေါ်မှာ ဒုက္ခသုက္ခများနဲ့ မတရားမှုတွေ ကျရောက်နေပေမယ့် ဖော်ထုတ်မှု အားနည်းနေတဲ့ အမှန်တရားအကြောင်းကို သားငွဒ် မာရှယ်လ်ထက်ပိုပြီး နားလည်တဲ့ရှေ့နေတစ်ဦးမှ မရှိခဲ့ဘူး။ သူတို့အားလုံးအတွက် တရားမျှတ



မာတိကာသို့

တဲ့ အခွင့်အရေး ပေးစေရေးအတွက် သားဂွဒ်ထက်ပိုပြီး အပင်ပန်းခံခဲ့သူ လည်း တစ်ဦးမှ မရှိခဲ့ဘူးလို့ မစ္စစ် ရစဗဲ့လ်ထ်က ထုတ်ပြောခဲ့ပါတယ်။

သားဂွဒ် မာရှယ်လ်နဲ့ သူ့ရဲ့ရည်မှန်းချက်အတွက် အိပ်မက်ကို ရှင်သန်နေအောင် မစ္စစ် ရစဗဲ့လ်ထ်ဟာ အင်တိုက်အားတိုက် အားကောင်း ကောင်းနဲ့ ကူညီခဲ့သူဖြစ်ခဲ့ပါတော့တယ်။



မာတိကာသို့

# အခန်း (၁၁)

## လူမည်းများကို အသိဉာဏ်ပညာ လက်နက် တပ်ဆင်ပေးခြင်း

*"ပညာအရည်အချင်းဆိုသည်မှာ မည်သည့် မကောင်းမှု ကံကြမ္မာကမျှ ဖိနှိပ်၍ မရသော အပေါင်းအဖော်တစ်ခုဖြစ်သည်။ မည်သည့် ရာဇဝတ်မှုကမျှ ဖျက်ဆီးခြင်း မပြုနိုင်သည့် အရာဖြစ်သည်။ မည်သည့် ရန်သူမျိုးကမျှ မဟာမိတ် ပြု၍ မရနိုင်ဘဲ မည်သည့် အာဏာရှင်ကမျှ ကျေးကျွန် မပြုလုပ်နိုင်သော အရာဖြစ်သည်။ ပညာအရည်အချင်းဆိုသည်မှာ မိမိနိုင်ငံအတွင်း၌ မိတ်ဆွေ ကောင်းတစ်ဦးဖြစ်သည်။ ပြည်ပတွင် မိမိ၏ အရည်အသွေးကို မိတ်ဆက် ပေးသောအရာဖြစ်သည်။ ဆိတ်ငြိမ်မှုကာလတွင် တည်ငြိမ်မှု ကျက်သရေ တစ်ခုဖြစ်ပြီး အသိုင်းအဝိုင်းတွင် အဆောင်အယောင်တစ်ခုဖြစ်သည်။ ပညာအရည်အချင်းသည် မကောင်းမှုကို မောင်းထုတ်၏။ ကောင်းခြင်းလက္ခဏာ အဖြာဖြာကို လမ်းညွှန်ပြသပေး၏။*



မာတိကာသို့ ▶▶

*ပါရမီထူးချွန်သူများအတွက် ကျက်သရေရှိမှုနှင့် အုပ်ချုပ်မှုစွမ်းရည်ကို ရုတ်ခြည်းပေးနိုင်၏။ ပညာအရည်အချင်းမရှိလျှင် လူသည် ဘာအဓိပ္ပာယ် ရှိမည် နည်း"*

*ဂျိုးဇက် အက်ဒီဆင်*

*စပက်တေတာ: မဂ္ဂဇင်း*

*၁၇၁၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်*

သားဂွဒ် မာရှယ်လ်ဟာ အဲန်အေအေစီပီရဲ့ တရားရေးအရာရှိချုပ် အဖြစ် စတင်ဆောင်ရွက်ခဲ့တဲ့ စောစောပိုင်းနှစ်တွေတုန်းက သူ့မှာ အစီ အစဉ်တစ်ခု ရှိခဲ့သလား။ ကြီးမားတဲ့ စီမံချက်တစ်ခု ချမှတ်ထားတာ ရှိခဲ့ သလား။ ဒါမှမဟုတ် သူဟာ မီးလောင်နေတဲ့ နေရာကြီးတွေကို တစ်နေရာ ကနေ တစ်နေရာ ခုန်ပြီး မီးသတ်တဲ့ မီးသတ်သမားလို လူစားမျိုးလား။ ဒီမေးခွန်းတွေကို မစ္စစ် ရုစဗဲ့လ်ထ်က သားဂွဒ် မာရှယ်လ်အကြောင်း စာအုပ်ရေးမယ့်သူ ကျွန်တော်(ကားလ် ရိုဝင်)ကို ပြန်မေးခဲ့တယ်။ ကျွန်တော် က ပြန် ဖြေခဲ့တယ်။

– သူ့မှာ ရည်မှန်းချက်ပန်းတိုင်ကြီးတစ်ခု အောင်မြင်ရေးအတွက် စီမံချက်တစ်ခု ရှိခဲ့တယ်။ အဲဒီရည်မှန်းချက်ကြီးကတော့ မျက်နှာဖြူများ ကြီးစိုးမှု ကကြိုးတန်ဆာပလာအားလုံးကို ဖယ်ရှားပစ်ရန်ဖြစ်တယ်။

–သူဟာ မျက်နှာဖြူ အမေရိကန်တွေရဲ့ သူတော်ကောင်းယောင် ဆောင်မှုကို မုန်းတီးသူဖြစ်တယ်။ လူမည်းတွေအတွက် ဥပဒေဆိုတာ မျက်နှာဖြူတစ်ယောက်က ပြောသမျှ ဖြစ်နေတာကို မျက်စိမှိတ်လက်ခံပြီး တရားဥပဒေနဲ့ ငြိမ်ဝပ်ပိပြားရေးနဲ့ တရားဥပဒေဖြင့် စိုးမိုးအုပ်ချုပ်ရေး အကြောင်း သူတို့ဟန်ဆောင်ပန်ဆောင် ပြောနေကြတာကို မုန်းတယ်။

–သူဟာ အမေရိကန်တစ်နိုင်ငံလုံးကို သွားရောက်ပြီး တရားစွဲဆိုခြင်း ခံနေရတဲ့ လူမည်းတွေဘက်က ခုခံကာကွယ်ပေးခဲ့တယ်။ တစ်နည်းအားဖြင့် တရားဥပဒေဆိုတာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တရားဝင် ပြဋ္ဌာန်း ထားတဲ့ ဥပဒေများနဲ့ အမိန့်များထဲမှာ ချမှတ်ပြဋ္ဌာန်းထားတဲ့ အတိုင်းသာ ဖြစ်တယ်ဆိုတဲ့ သဘောတရားကို အခိုင်အလုံ သက်သေပြဖို့ ဆောင်ရွက် ခဲ့တာဖြစ်တယ်။

– အဲဒါကြောင့် သူဟာ သူ့အသက်ကိုစွန့်ပြီး အဓိကရုဏ်းတွေ ပြင်းထန်နေတဲ့ ဒီးထရွိုက်၊ ကိုလမ်းဘီးယား၊ တဲန်းနက်ဆီးလို ဒေသတွေကို သွားခဲ့တာဖြစ်တယ်။ အိုင်းဆက် ဝူးဒတ် စီးလာတဲ့ အတ္တလန်တစ် ဂရေးဟောင်း ဘတ်စ်ကားကုမ္ပဏီကို တရားစွဲဆိုခဲ့တာဖြစ် တယ်။ အိုင်းဆက် ဝူးဒတ်ကို ဘတ်စ်ကားမောင်းသမားက ကားပေါ်က ဆွဲချပြီး ရဲက မျက်စိကွယ်သွားအောင် ရဲနံပါတ်တုတ်နဲ့ ရိုက်အောင် လုံ့ဆော်ခဲ့တယ်။ ဝူးဒတ်ဟာ ဒုတိယ ကမ္ဘာစစ်အတွင်းမှာ သုံးနှစ်ကြာ စစ်မှုထမ်းခဲ့တဲ့ အမေရိကန်လူမည်း တပ်ကြပ်ကြီးတစ်ဦးဖြစ်တယ်။ စစ်တပ်က နုတ်ထွက်ခွင့်ရလို့ ဘတ်စ်ကား စီးပြီး အိမ်ပြန်လာခဲ့တယ်။ တောင်ကယ်ရိုလိုင်းနားပြည်နယ်က ဘတ်စ်ကား မှတ်တိုင်တစ်ခုရောက်တော့ သူဟာ ကားပေါ်ကဆင်းပြီး လူမည်းများ အတွက်သာဆိုတဲ့ အိမ်သာကို ဝင်ခဲ့တယ်။ ပြန်ထွက်လာတော့ အိမ်သာ တက်တာ ကြာရကောင်းလားဆိုပြီး ယာဉ်မောင်းသူနဲ့ ဝူးဒတ်တို့ စကားများ ခဲ့ကြတယ်။ အဲဒီဘတ်စ်ကားဟာ ဘိတ်စ်ဘတ်မြို့ရောက်တော့ ယာဉ်မောင်း က ရဲတွေကိုခေါ်လိုက်လို့ ရဲတွေရိုက်ချက်ကြောင့် ဝူးဒတ် မျက်စိကွယ် သွားခဲ့ရတယ်။

ပြည်နယ်တိုင်းမှာ လူမည်းတွေ မဲပေးခွင့် မရမချင်း လူမည်း သြဇာဆိုတာ မရှိနိုင်ဘူးလို့ သားဂွဒ် မာရှယ်လ် ယုံကြည်ထားခဲ့တယ်။ အယ်လ်လာဘားမားပြည်နယ် ဒီမိုကရက်တစ်ပါတီက “မျက်နှာဖြူများ ကြီးစိုးရေး”ဆိုတဲ့ စာတန်း ကြွေးကြော်သံကို ပါတီရဲ့ တရားဝင် ကြွေးကြော် သံအဖြစ် အသုံးပြုခဲ့တာကို တွေ့မြင်ခဲ့ရပြီး သားဂွဒ်ဟာ အော့နလုံးနာ ခဲ့မိတယ်။ တောင်ကယ်ရိုလိုင်းနားနဲ့ တက္ကဆတ်စ်ပြည်နယ်တွေမှာ မျက်နှာ



မာတိကာသို့

ဖြူအတွက်သာဆိုတဲ့ အခြေခံရွေးကောက်ပွဲတွေ ပယ်ဖျက်အောင် အလဲ ထိုးနိုင်ခဲ့လို့ လူမည်းများရဲ့ နိုင်ငံရေးသြဇာ ခြေလှမ်းတွေတိုးပြီး အနိုင်ရ လာပုံကို တွေးကြည့်ပြီးတော့လည်း သားဂွဒ် စိတ်ထဲမှာ ဂုဏ်ယူခဲ့မိတယ်။

ဒါပေမယ့် သားဂွဒ် မာရှယ်လ်ရဲ့ နှလုံးသားနဲ့ စိတ်တို့မှာ တစစ်စစ်နဲ့ နာနေတာတစ်ခု ရှိနေတုန်းပဲ။ အဲဒါကတော့ နေရာတိုင်းနဲ့ အဆင့်တိုင်းမှာ အထူးသဖြင့် တောင်ပိုင်းနဲ့ နယ်စပ်ပြည်နယ်တွေမှာ လူမည်းကလေးသူငယ်တွေအတွက် ထိုက်တန်တဲ့ ပညာသင်ကြားမှုကို မပေးဘဲ ခါးခါးသီးသီး အငြင်းခံနေရမှုဖြစ်တယ်။ လူမည်းတွေဟာ လွတ် မြောက်မှုနဲ့ လွတ်လပ်ရေးအကြောင်း သံသရာဆုံးတိုင် ပြောဆိုနိုင်ကြပေမဲ့ ပညာသင်ကြားခွင့် မရခဲ့ရင် လူမည်းတွေဟာ ဆီးနိတ်လွှတ်တော်အမတ် ဟဲမင်ပြောခဲ့တဲ့အတိုင်း ၁၈၆၀ ခုနှစ်က ဘဝအတိုင်းသာ ရှိနေကြဦးမယ် ဆိုတာလည်း သူသိထားတယ်။ ဟဲမင်က "သူတို့ကို ကျုပ်တို့လိုအပ်မှု အတွက် အသုံးပြုတယ်။ သူတို့ကို 'ကျွန်များ' လို့ ကျွန်ုပ်တို့ ခေါ်ဆိုကြ တယ်" လို့ ပြောခဲ့ဖူးတာ ဖြစ်တယ်။ "အမြင့်မားဆုံးသော ပညာရေးသာလျှင် လူမည်းနိုင်ငံသားများ၏ နောင်ကြိုးမှ လွတ်မြောက်မှုအတွက် တစ်ခုတည်း သော ထွက်ပေါက်ဖြစ်သည်။ မျက်နှာဖြူများ ကြီးစိုးမှုကို ဖယ်ရှားပစ်နိုင် စေမည့် အပြည့်အဝ နည်းလမ်းများအတွက် တစ်ခုတည်းသော ထွက် ပေါက်ဖြစ်သည်" လို့ သားဂွဒ် မာရှယ်လ် ယုံကြည်ထားခဲ့တယ်။

မဲဆန္ဒပေးခွင့်ဟာ အလွန်တန်ဖိုးရှိမှန်း သားဂွဒ် သိခဲ့တယ်။ ဒါပေမယ့် ပညာတတ်တဲ့ လူမည်းတွေသာ နိုင်ငံရေးသြဇာရှိမှု ထိရောက် ရေးအတွက် အသိဉာဏ်ပညာကို ရဲရဲဝံ့ဝံ့ အသုံးချတတ်ကြလိမ့်မယ်ဆိုတာ ကိုလည်း သူနားလည်ထားခဲ့တယ်။ ဒါကြောင့် အသက်မွေးဝမ်းကျောင်း တွေ ပိုဖွင့်လာရေးအတွက် သူပိုပြီး ကြိုးစားရမှာဖြစ်တယ်။ အဲဒါကြောင့် ၁၉၄၆ ခုနှစ်မှာ တောင်ပိုင်းနဲ့ ၄င်းနဲ့ နီးစပ်တဲ့ ဒေသတွေမှာ ကောလိပ် ကျောင်းတွေ ဖွင့်လှစ်ရေးအတွက် သားဂွဒ် မာရှယ်လ်ဟာ ဆထက်ထမ်းပိုး တိုးပြီး ကြိုးစားအားထုတ်မှုတွေ ပြုလုပ်ခဲ့တယ်။ သူ့နောက်က လူများများ ပါလာအောင် လိုက်ရှာနေစရာလည်း မလိုတော့ဘူး။



မာတိကာသို့ ▶▶

မာရှယ်လ်ကို သုံးလောင်းပြိုင်လူသတ်မှုမှာ လိုင်းရင်းစ်အတွက် အမှုလိုက်ပေးပါလို့ တောင်းပန်ခဲ့ကြတဲ့ အေးမို့စ် ဟောလ်နဲ့ ရော်စ်ကို ဒန်းဂျီးတို့က အခုလည်း သားဂွဒ်ကို ထပ်ပြီး မေတ္တာရပ်ခံလာခဲ့ကြပြန်ပြီ။ အေဒါ လူးဝစ္စ ဆီပူးဝဲလ်ဆိုတဲ့ လူမည်းအမျိုးသမီးတစ်ဦးကို အိုကလာဟိုးမားတက္ကသိုလ် ဥပဒေကျောင်းမှာ ပင်ခွင့်ရအောင် လုပ်ပေးဖို့နဲ့ အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်အတွင်းရှိတဲ့ လူမည်းပါမောက္ခတစ်ဦးကို ပညာရေးပါရဂူ ဒေါက်တာဘွဲ့အတွက် ပညာသင်ကြားခွင့်ရအောင် လုပ်ပေးပါဦးလို့ သားဂွဒ် မာရှယ်လ်ထံမှာ မေတ္တာရပ်ခံလာခဲ့ကြတာဖြစ်တယ်။

အဲဒီအချိန်မှာတော့ အဲန်အေအေစီပီဟာ အားကောင်းလာလို့ လန့်စရာအင်အားတစ်ခု ဖြစ်လာခဲ့ပြီ။ အသင်းဝင် ၄၃၀,၀၀၀ ကျော် ရှိပြီလို့ ကြွေးကြော်နိုင်ခဲ့ပြီ။ ဝေါ်ရှင်တင်မှာ ရုံးခွဲတစ်ခုနဲ့ သက်ကြီးရေးရာရုံးတစ်ခုကိုလည်း ဖွင့်လှစ်ပြီးခဲ့ပြီ။ ဒူဘွိုက်စ်ကလည်း အဲန်အေအေစီပီကို ပြန်ရောက်လာတယ်။ အနည်းဆုံး ညီညွတ်မှုအသစ် ရရှိပုံအတွက် မျက်နှာပန်းလှမှု တစ်ခုလို ဖြစ်ခဲ့တယ်။

* * *

၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှာ အေဒါ ဆီပူးဝဲလ်ဟာ အိုကလာဟိုးမားတက္ကသိုလ် ဥပဒေကျောင်းဝင်ခွင့်အတွက် လျှောက်လွှာတင်ခဲ့တယ်။ ဒီကိစ္စဟာ အတော်လုပ်ယူရမယ်ဆိုတာ မာရှယ်လ်သိထားခဲ့တယ်။ မစ်ဇူးရီးပြည်နယ်မှာ *ဂိန်းစ်အမှု* အောင်မြင်မှု အငွေ့အသက်ကလည်း အခုအထိ ရှိနေတုန်း။ ဆီပူးဝဲလ်ရဲ့အမှုမှာ *ဂိန်းစ်အမှု* ထက်ပိုပြီး အရေးယူဆောင်ရွက်ရမယ်။ ပြီးတော့ "မြောက်ပိုင်းပြည်နယ်တစ်ခုမှာ ကျောင်းသွားနေ၊ ကျောင်းလခစရိတ် တို့ပေးမယ်၊ ဒါမှမဟုတ် မင်းအတွက် တို့က ဥပဒေကျောင်းသစ်တစ်ခု ဖွင့်ပေးမယ်" ဆိုတာတဲ့ အပြောမျိုးတွေကို ဖယ်ရှင်းနိုင်ရေးနဲ့ ဘွဲ့ရနဲ့ အသက်မွေးဝမ်းကျောင်း တွေမှာ လူဖြူလူမည်း



မာတိကာသို့

ခွဲခြားမှုပုံစံမှန်သမျှ ပျောက်ပျက်ရေးတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြင်ဆင်ချက် အပိုဒ် (၁၄) ကို အခြေခံအသုံးချရမယ်လို့ သားဂွဒ် မာရှယ်လ်နဲ့ အဲန်အေအေစီပီက ရှေ့နေတွေက ရည်ရွယ်ခဲ့ကြ တယ်။

မာရှယ်လ်၊ ဟောလ်နဲ့ ဒန်ဂျီးတို့ ပူးပေါင်းပြီး အကြံတစ်ခု ထုတ်ခဲ့ကြတယ်။ ဆီပူးဝဲလ်ကို လူမည်းဖြစ်တဲ့အကြောင်းတစ်ခုတည်း ကြောင့် ကျောင်းဝင်ခွင့် မပြုကြောင်း အိုကလာဟိုးမားတက္ကသိုလ်ဥက္ကဋ္ဌ ဒေါက်တာ ဂျော့ချ် ကရော့စ် ထံက တစ်နည်းနည်းနဲ့ ဝန်ခံပြောဆိုမှုရအောင် လုပ်ကြဖို့ဖြစ်တယ်။

ဒန်ဂျီးဟာ ဒေါက်တာ ခရော့စ်နဲ့ ကိုယ်တိုင် သွားရောက်တွေ့ဆုံပြီး လူမည်းအမျိုးသမီးကို ကျောင်းဝင်ခွင့် ပေးမလားလို့ တဲ့တိုးမေးလိုက်တဲ့အခါမှာ သူက အဖြေပြန်ပေးခဲ့တယ်။

"ကျွန်တော့်မှာလည်း လက်တွေကို ကြိုးနဲ့တုပ်ထားတာ ခံနေရပါတယ်ဗျာ။ တရားဥပဒေကလည်း တိတိကျကျ သတ်မှတ်ပေးထားပါတယ်။ လူမည်းတစ်ယောက်ကို ကျောင်းဝင်ခွင့်ပေးရင် ကျွန်တော့်ကို တစ်နေ့ဒေါ်လာ ၅၀၀ ဒဏ်တပ်ပါတယ်။ လူဖြူလူမည်းကျောင်းသားတွေကို ရောပြီးစာသင်တဲ့ ပါမောက္ခတစ်ဦးကို တစ်နေ့ ဒေါ်လာ ၁၀၀ အထိ ဒဏ်တပ်ပါတယ်။ လူမည်းတွေနဲ့အတူ ကျောင်းသွားတက်တဲ့ မျက်နှာဖြူကျောင်းသားတစ်ယောက်ကို တစ်နေ့ ၂၅ ဒေါ်လာ ဒဏ်တပ်ပါတယ်။ ကျွန်တော့်မှာ အဲဒီဥပဒေကို စမ်းကြည့်နိုင်ဖို့၊ စိန်ခေါ်ကြည့်နိုင်ဖို့ ငွေရေးကြေးရေး အခြေအနေ မပေးပါဘူး။ ခင်ဗျားတို့ကို ကျွန်တော် တခြားနည်းလမ်းတစ်ခုခုနဲ့ ကူနိုင်မှာရှိရင် ပြောပါ"

ဒန်ဂျီးက ကရော့စ်ကို ထပ်ပြီး မေတ္တာရပ်ခံလိုက်ပြန်တယ်။

"ဟုတ်ပါပြီခင်ဗျား၊ ဒါဖြင့်ရင် မစ္စစ် ဆီပူးဝဲလ်ကို လူမည်းတစ်ဦးဖြစ်လို့ ကျောင်းဝင်ခွင့် ပယ်ချတဲ့အကြောင်း ဆရာကြီးဆီက စာတစ်စောင်တော့ လိုချင်တယ်။ အဲဒီစာရရင် ကောင်မလေးကို တခြားအကြောင်းပြချက်တွေနဲ့ ပယ်တာလို့ ကျွန်တော်တို့ချင်း အသေးအဖွဲလေးတွေ



မာတိကာသို့ ▶▶

အတွက် ရန်ဖြစ်ပြီး အငြင်းပွားနေစရာ မလိုတော့ဘူး။ တရားရုံးတော်ကို ချက်ချင်းလျှောက်ထားလို့ ရမယ်"

အဲဒီတုန်းက အဖြစ်အပျက်နဲ့ ဆက်လက်ဖြစ်ပေါ်မှုတွေကို နောင်နှစ်ပေါင်းများစွာ ရှိတဲ့အခါမှာ ဒေါက်တာ ခရော့စ်က ပြန်ပြောပြခဲ့တယ်။

"ဒန်းဂျီးရဲ့ မေတ္တာရပ်ခံချက်ကြောင့် ကျွန်တော့်မှာ အသက်ရှူချောင်သွားခဲ့မိပါတယ်။ ဆီပူးဝဲလ်ရဲ့အမှတ်စာရင်းတွေကိုလည်း ကျွန်တော်က မော်ကွန်းထိန်းထံ ချက်ချင်း ပို့ပေးလိုက်တယ်။ မော်ကွန်းထိန်းကလည်း အမြန်ဆုံး စစ်ဆေးပြီး ကျွန်တော့်ဆီကို မှတ်ချက်နဲ့ ပြန်တင်ပေးခဲ့တယ်။ မှတ်ချက်ကတော့ 'ဤမိန်းကလေးသည် အိုကလာဟိုးမားတက္ကသိုလ်တွင် ဝင်ခွင့်ပြုရန်အတွက် အရည်အချင်းမီသည်' လို့ ရေးထားတဲ့ မှတ်ချက်ဖြစ်ပါတယ်။ ကျွန်တော်ကလည်း ကျွန်တော့်ရဲ့ အတွင်းရေးမှူးမကလေးကို ခေါ်ပြီး ဒန်းဂျီးနဲ့ ဟောလ်တို့ရဲ့ ရှေ့မှောက်မှာပဲ သူတို့လိုချင်တဲ့စာကို နှုတ်တိုက်ချပေးလိုက်ပါတယ်"

ဒေါက်တာခရော့စ်က ဆက်ပြောပြသေးတယ်။

"ကျွန်တော် ဆောင်ရွက်ပေးခဲ့တာကိုလည်း ကျောင်းအုပ်ချုပ်ရေးဘုတ်အဖွဲ့ကို တင်ပြလိုက်တယ်။ အဲဒါကြောင့် သူတို့လည်း အရေးပေါ် အစည်းအဝေးတစ်ခု ခေါ်လိုက်တယ်။ အစည်းအဝေးလုပ်တဲ့နေ့က အလွန်အေးတဲ့နေ့၊ အပြင်ဘက်က မြေကြီးပေါ်မှာ နှင်းတွေ သုံးလက်မထုလောက်ရှိနေတယ်။ ဒါပေမဲ့ အစည်းအဝေးလုပ်နေချိန်မှာ ကျောင်းရဲ့မြောက်ဘက်က ဘဲဥပုံကွက်လပ်ထဲမှာ ဆရာ ဆရာမတွေအပါအဝင် ကျောင်းသားသုံးထောင်နဲ့သုံးထောင့်ငါးရာကြားမှာ စုဝေးပြီး ကောင်မလေးကို ကျောင်းဝင်ခွင့်ပြုရေးအတွက် တောင်းဆိုနေခဲ့ကြတယ်။ ကျောင်းသားတစ်ယောက်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် အပိုဒ် (၁၃) မိတ္တူတစ်စောင်ကို မှန့်ပုံးတစ်ခုထဲမှာ ထည့်ပြီး မီးခြစ်ပြီး ဓါတ်ဆီနဲ့လောင်းပြီး မီးရှို့ခဲ့တယ်။ ပြီးတော့ ကျောင်းသားတွေက ပြာတွေကို စာအိတ်တစ်လုံးထဲမှာထည့်ပြီး



မာတိကာသို့ ▶▶

ကျွန်တော့်ကို လာပေးခဲ့ကြတယ်။ ကျန်တဲ့ပြာတွေကိုလည်း စာအိတ်တစ်လုံးထဲမှာထည့်ပြီး 'သမ္မတနိုင်ငံ၏ တိုက်ပွဲခေါ်သံ' တေးသီချင်းဆိုပြီး စာတိုက်ကို ချီတက်သွားကာ သမ္မတကြီး ထရူးမင်းထံ ထည့်လိုက်ကြတယ်။

"ဒါပေမဲ့ အေဒါ ဆပူးဝဲလ်ကို ကျွန်တော့်အနေနဲ့ ကျောင်းဝင်ခွင့် မပြုဖို့ ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ပြောခဲ့ပါတယ်။ အေဒါဟာ စမ်းသပ်မှုဒဏ် ခံနိုင်ရည်ရှိတယ်။ လုပကျော့ရှင်းပြီး ဉာဏ်ရည်လည်း ကောင်းတဲ့ ကျောင်းသူလေးတစ်ဦးလည်း ဖြစ်ပါတယ်"

ဒေါက်တာ ခရော့စ်က အဲဒီအချိန်က အိုကလာဟိုးမားပြည်နယ်နဲ့ နော်မန်မြို့က နိုင်ငံရေးသမားတွေရဲ့အကြောင်းကို သူမှတ်မိပုံလည်း ပြန်ပြော ပြခဲ့သေးတယ်။

"ကျွန်တော် တောင်ဒါကိုတာပြည်နယ်က လာခဲ့သူဆိုတော့ လူမျိုးရေးပြဿနာတွေ ဘယ်လိုရှိသလဲဆိုတာ ကျွန်တော် ဘာမှ မသိခဲ့ဘူး။ နော်မန်မြို့ကို ၁၉၃၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှာထင်တယ် ရောက်ခဲ့တယ်။ အဲဒီမှာ ကျွန်တော်ရောက်တာနဲ့ ဝယ်စရာလေးတွေ ဆင်းဝယ်ခဲ့တယ်။ ရေခဲသေတ္တာ၊ မီးဖိုနဲ့ တခြား တိုလီမိုလီလေးတွေပေါ့။ ဆိုင်ရှင်က ကျွန်တော့်ကို သူစိမ်းတစ်ယောက်မှန်းသိတော့ ကျွန်တော် အသုံးဝင်မှာတွေ ပြောပြတယ်။ ပြီးတော့ ခင်ဗျား ဒီမြို့မှာ လူမည်းပြဿနာ တစ်ခုခုအတွက် ဘယ်တော့မှ ပူစရာ မလိုဘူး။ ကျုပ်တို့ နော်မန်မြို့ထဲမှာ နေဝင်ပြီးရင် ဘယ်ကပ္ပလီမှ မနေရဆိုတဲ့ စာနဲ့မရေးဘဲ ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ခု ရှိနေပါတယ်လို့ပြောတော့ ကျွန်တော် အံ့သြခဲ့ရတယ်။

"'စာရွက်ပေါ်မှာ ရေးမထားတဲ့ဥပဒေကို ခင်ဗျားတို့ ဘယ်လိုလုပ်ပြီး အသုံးပြုလို့ ရသလဲဗျာ' လို့ ကျွန်တော်က ပြန်မေးခဲ့တယ်။ ဒီတော့ သူက---

"'အိုး--- ကျုပ်တို့ ဘာမှ အားစိုက်လုပ်နေစရာ မလိုပါဘူးဗျာ။ ကပ္ပလီတွေက အခြေအနေကို နားလည်ကြပါတယ်။ နေဝင်တာနဲ့



မာတိကာသို့ ▶▶

တစ်ပြိုင်နက် သူတို့ နော်မန်မှာ မရှိကြတော့ဘူး။ ကြက်ပျောက်ငှက်ပျောက် ပဲလေ' လို့ ပြန်ပြောခဲ့တယ်။

"ဟုတ်လည်းဟုတ်တယ်။ နော်မန်မြို့မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တဲ့အချိန်အထိ ညဉ့်အိပ်ညဉ့်နေ လူမည်းတစ်ယောက်မှ မရှိခဲ့ဘူး။ ဒုတိယကမ္ဘာစစ်ဖြစ်တော့ နော်မန်မှာ ရေတပ်စခန်းတစ်ခု လာချတော့မှ လူမည်းတွေ ပါလာတယ်။ ရေတပ်စခန်းတွေကို အမြတ်ထုတ်ချင်ရင် ပါ လာတဲ့ လူမည်းတွေကို သည်းခံရမယ်လို့ မြို့သူမြို့သားတွေက နားလည် သဘောပေါက်လာခဲ့ကြတယ်ပေါ့ဗျာ"

* * *

စပူးဝဲလ် အမှုကို ရုံးတင်စစ်ဆေးတဲ့အခါမှာ အဲန်အေအေစီပီ ကလည်း သားဂွဒ် မာရှယ်လ်၊ ဟောလ်၊ ဒန်းဂျီးနဲ့ တခြားပုဂ္ဂိုလ်တွေ အတွက် ကူညီဖို့ အတွင်းရေးမှူး အမျိုးသမီးတစ်ဦး ထည့်ပေးနိုင်ခဲ့ပြီ။ သူမဟာ အဲဒီအချိန်ကစပြီး သားဂွဒ် မာရှယ်လ်ရဲ့ အနီးကပ်ဆုံးလက် ထောက်အဖြစ် ဆောင်ရွက်ခဲ့သူ အဲလစ္စ စတိုပါးလ် ဆိုသူ ဖြစ်ပါတယ်။ သူမကလည်း နော်မန်မြို့မှာ ကြုံခဲ့ရတဲ့ အတွေ့အကြုံကို ပြန်ပြောခဲ့တယ်။

"အဲဒီတုန်းက ကျွန်မတို့ကို နေဝင်ပြီးရင် နော်မန်မှာ မနေရဘူး လို့လည်း အပြောခံခဲ့ရတယ်။ ပထမနေ့စ်ရက်မှာ ကျွန်မတို့ နေ့လယ်စာ ငတ်ခဲ့ရတယ်။ ကျွန်မတို့ ဝင်စားလို့ရတဲ့ဆိုင် မရှိခဲ့လို့ပေါ့။ တစ်ရက်ကျ တော့ ခရိုင်တရားရုံးမှာ ရောက်နေတုံး ရေအိမ်သုံးခွင့်ရှိလားလို့ သားဂွဒ်ကို မေးတော့ 'ဒါ ဖက်ဒရယ်အဆောက်အအုံ၊ သုံးခွင့်ရှိတာပေါ့' လို့ ပြောတယ်။ ကျွန်မ ရေအိမ်ဝင်ပြီး လက်ဆေးနေခိုက်မှာ မျက်နှာဖြူအမျိုးသမီးနှစ်ဦး ဝင်လာတယ်။ သူတို့က ကျွန်မကို 'မင်းဟာ ဟိုလူမည်းရှေ့နေတွေနဲ့ အတူတူ လုပ်ဖော်ကိုင်ဖက်တွေလားတော့ မသိဘူး။ မင်းဟာ လူမည်းဆိုရင်



မာတိကာသို့ ▶▶

ဒီအခန်းထဲ မဝင်ရဘူး။ လူဖြူမ, ဆိုရင်လည်း ကွန်မြူနစ်မပဲ ဖြစ်ရမယ်’လို့ ပြောခဲ့ကြတယ်။ ကျွန်မကလည်း ‘ဒီအဆောက်အဦဟာ အောက်ခြေကနေ ခေါင်မိုးအထိ ပြည်ထောင်စုအစိုးရပိုင် အဆောက်အဦဖြစ်လို့ ဒီအဆောက် အဦထဲမှာ ကျွန်မ သွားချင်တဲ့နေရာကို ကြိုက်သလို သွားလို့ရတယ်လို့ မစ္စတာ မာရှယ်လ်က ပြောထားပါတယ်ရှင်’လို့ ပြန်ပြောလိုက်တော့မှ သူ တို့ ပြန်ထွက်သွားကြတယ်”

စပူးဝဲလ်အမှုမှာ သားဂွဒ် မာရှယ်လ်က ထိထိမိမိ တင်ပြချေပ ခဲ့တယ်။ ဒါပေမယ့် ခရိုင်တရားရုံးမှာရော၊ အိုကလာဟိုးမားပြည်နယ် တရား ရုံးချုပ်မှာရော လူဖြူလူမည်း ခွဲခြားရေးဟာ ခေတ်မမီတော့တဲ့ အယူအဆ ဖြစ်တယ်ဆိုတာ ဘယ်သူကမှ လက်မခံခဲ့ကြဘူး။ ရုံးတော်နှစ်ခုစလုံးက မစ္စစ်အေဒါ စပူးဝဲလ်ကို ကျောင်းဝင်ခွင့် မပြုဖို့ ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြ ပါတယ်။

မာရှယ်လ်ဟာ အိုကလာဟိုးမား တရားရုံးနှစ်ခုမှာသာ ရှုံးခဲ့ရုံသာ မကဘူး။ လူမည်းတွေရဲ့အမြင်မှာလည်း ခြေကုပ်လွတ်ခဲ့ရတာကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရတယ်။ လူဖြူလူမည်း ပူးပေါင်းရေးနဲ့ လူဖြူ လူမည်း ခွဲခြားပြီး တန်းတူညီမျှမှုရရေး ဆိုတဲ့ ဓာတ်ပြားဟောင်း အငြင်းပွား မှုက ခေါင်းပြန်ထောင်လာပြန်တယ်။ ဒီအငြင်းပွားမှုကြောင့် ဒူဘွိုက်စ်ဟာ အဲန်အေအေစီပီက ထွက်သွားတာ ၁၀ နှစ်ကြာခဲ့တယ်။

လူမည်းတွေကို ဒုက္ခပေးနေတဲ့အချက်တစ်ချက်ကိုလည်း သားဂွဒ် မာရှယ်လ် တွေ့ခဲ့ရတာ ကြာခဲ့ပါပြီ။ အမေရိကန်နိုင်ငံက လူမည်းတွေဟာ လွယ်လွယ်နဲ့ စိတ်ဝမ်းကွဲအောင် ခွဲလို့ရနိုင်ခဲ့မှု ဖြစ်ပါတယ်။ ကျွန်ခေတ် တုန်းက သတ္တိရှိရင့်တဲ့ အမျိုးသား အမျိုးသမီးတွေက လက်မောင်းတန်းပြီး ထကြွ ဆန့်ကျင်ခဲ့ကြတယ်။ အဲဒီအချိန်တုန်းကလည်း သူ့ရဲဘောကြောင်တဲ့ လူမည်းသူလျှိုတချို့ ရှိခဲ့တယ်။ သူတို့ဟာ သူတို့ရဲ့ ကျွန်ပိုင်ရှင်တွေကို ဘာမဆို ပြန်ပြောခဲ့ကြတယ်။ ကျွန်တွေရဲ့ လွတ်မြောက်မှု လိုလားတဲ့ အစီအစဉ်ကို ပါးစပ်က မဟနိုင်အောင် ကျေးကျွန်ပိုင်ရှင်တွေအတွက် လုပ်ရ



မာတိကာသို့

ကိုင်ရတာ ပိုပြီး လွယ်စေခဲ့တယ်။ ကျေးကျွန်စနစ် ချုပ်ငြိမ်းသွားပြီးတဲ့နောက်မှာ ပထမတန်းနိုင်ငံသားအဖြစ် ရရှိရေးအတွက် ဆက်လက်ပြီး တိုက်ပွဲမဝင် လိုကြတဲ့ လူမည်းခေါင်းဆောင်တွေလည်း ရှိခဲ့ကြတယ်။ တချို့က အာဖရိကတိုက်ကို ထွက်ခွာသွားကြပြီး အာဖရိကအနောက်ဘက်ကမ်းခြေမှာ လိုက်ဘေးရီးယား နိုင်ငံကို ထူထောင်ခဲ့ကြတယ်။ မားကပ်စ်ဂါဗေးဆိုသူဟာ လူမည်းတွေကို အာဖရိကတိုက် ပြန်သွားရေးလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့် ပြန့် ကမကထ လုပ်ပေးခဲ့တယ်။

ဒုတိယကမ္ဘာစစ် ဖြစ်ဆဲနဲ့ စစ်ပြီးတဲ့နောက်မှာလည်း လူမည်းတွေကြားမှာ အကြီးအကျယ် ရုန်းကန်မှုတစ်ခု ဖြစ်ခဲ့တယ်။ မျက်နှာဖြူတွေရသမျှ အပြည့်အဝ ပညာသင်ကြားခွင့် ရရေးနဲ့ တခြားအခွင့်အရေးအားလုံးကို တန်းတူရရေးကို လိုလားတဲ့ လူမည်းတွေက တစ်ဖက်၊ မျက်နှာဖြူတွေကို နေရာပေး၊ ပညာသင်ကြားခွင့်လည်း နည်းနည်းပါးပါးရ၊ စီးပွားရေးမှာလည်း တော်ရုံတန်ရုံယူ၊ ပြည်သူ့အခွင့်အရေးမှာလည်း အနည်းအကျဉ်းစီ ညီမျှမှုရရင် တော်ပြီလို့ ယူဆတဲ့ လူမည်းတွေကတစ်ဖက် ကွဲပြားခဲ့ကြတယ်။

ဒီအယူအဆကြောင့် ဒူဘွိုက်စ်နဲ့ ဝေါလ်တာ ဝှိုက်တို့ လူတန်းစားအမြင် ပဋိပက္ခဖြစ်ခဲ့ပုံကို အတိုချုပ် တွေ့မြင်ခဲ့ကြရတယ်။ ဒါ့ကြောင့် လူမည်းတွေနဲ့ ပတ်သက်ပြီး "သူတို့ကို ခွဲပြီး အုပ်ချုပ်၊ ကျိုးနွံအောင်လုပ်" ဆိုတဲ့ နည်းဗျူဟာဟောင်းဟာ ၁၉၄၀ ပြည့်လွန်နှစ်ကာလတွေအထိ အလုပ်ဖြစ်နေခဲ့သေးပုံကို သားဂွဒ် မာရှယ်လ် တွေ့ခဲ့ရတယ်။ ဒါပေမယ့် သားဂွဒ် မာရှယ်လ်က မြူနီစီပယ်ကျောင်းတွေမှာ လူဖြူလူမည်းခွဲခြားမှုကို ရဲရဲတင်းတင်း ပြောဆိုထိုးနှက်ခဲ့တယ်။ လူမည်းဆရာမတွေအတွက် မျက်နှာဖြူဆရာ ဆရာမတွေနဲ့ တန်းတူ လစာပေးရေးကို တောင်းဆိုခဲ့တယ်။ ဒါ့ကြောင့် တောင်ကယ်ရိုလိုင်းနားလူမည်းတွေကြားမှာ အပြင်းအထန် လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင် သားဂွဒ် မာရှယ်လ်က ဖန်တီးပေးနိုင်ခဲ့တယ်။

၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ အခြေအနေ



မာတိကာသို့ ▶▶

အကျပ်အတည်းတွေကို မာရှယ်လ်က သုံးသပ်ပြီး အဲန်အေအေစီပီ ရုံးခွဲတွေကို ပို့တဲ့စာထဲမှာ ဖော်ပြခဲ့တယ်။

"တောင်ကယ်ရိုလိုင်းနားပြည်နယ်၌ အမှန်ပင် ရုတ်ရုတ်သဲသဲဖြစ်သွားပုံရသည်ကို ဟင်တင်မြို့က ရသော သတင်းစာဖြတ်ပိုင်းများ၌ ကျွန်ုပ်တို့ တွေ့ရှိခဲ့ရသည်။ ပြည်နယ်အစိုးရကတစ်သီးပုဂ္ဂလ ကျောင်းများကို အစိုးရကျောင်းများ နေရာဝင်ယူဖို့ကို အပြင်းအထန် ထောက်ခံခဲ့ကြပြန်သည်။ ဤလုပ်ဆောင်မှုသည် လူမည်းထုအများစုနှင့် ဆင်းရဲသားမျက်နှာဖြူများ ပညာသင်ကြားခွင့်ကို ထိခိုက်စေမည်ဖြစ်သည်။ သို့သော်လည်း သင်တို့၏ ပခုံးထမ်း ဆောင်ရွက်မှုဖြင့် တောင်ကယ်ရိုလိုင်းနားပြည်နယ်၏ အခြေအနေသည် ကောင်းမွန်သွားလိမ့်မည်ဟု ကျွန်ုပ် သေချာစွာ ယုံကြည် မိသည်"

အဲန်အေအေစီပီဟာ ညှိနှိုင်းမှုပြုလုပ်ပြီးအလျှော့ပေးရေးကို မည်သည့်နည်းနဲ့မှ လက်ခံမယ် မဟုတ်ဘူးဆိုတာ တစ်နိုင်ငံလုံးမှာ ထင်ထင်ရှားရှား ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ သားဂွဒ် မာရှယ်လ် အဖို့ အဲန်အေအေစီပီ အစည်းအဝေးတွေတက်တိုင်း အခက်အခဲတွေနဲ့ ရင်ဆိုင် ခဲ့ရတယ်။ တချို့လူမည်းတွေက လူမည်းများအတွက် သီးခြား ခွဲဖွင့် ပေးထားတဲ့ ဂျင်မ်ကရိုးကျောင်းစနစ်ကို သူတို့ဘယ်လောက် မုန်းတီးတယ်ဆိုတာ သူ့ကို ပြောခဲ့ကြတယ်။ ဒါပေမဲ့ သူတို့က သားဂွဒ်ကို လူဖြူလူမည်းအတွက် ကျောင်းနှစ်မျိုးနှစ်စား ခွဲဖွင့်ထားခြင်းဟာ အမေရိကန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘူးလို့ ကြေငြာထားလိုက်ရင် လူဖြူတွေရဲ့ ဒေါသကိုဆွပေးရမယ်လို့ စိုးရိမ်တကြီး ပြောပြန်တယ်။

တချို့ကလည်း "စီးပွားရေးတုံ့ပြန်ဒဏ်ခတ်မှု လုပ်မှာကို ကျွန်တော်စိုးရိမ်ပူပင်မိတယ်" "ကျွန်တော် ရရှိထားတာလေးတွေ ပါသွားမှာ စိုးတယ်" "လူဖြူလူမည်း တစ်တန်းစားတည်း ပူးပေါင်းသွားရင် ကျွန်တော့်ရဲ့ လက်ရှိကျောင်းအုပ်အလုပ် ပြုတ်သွားမလား" "ကျွန်တော့်အတွက် အာမခံချက် ရှိပါဦးမလား၊ ဒီမျက်နှာဖြူတွေ တကယ်စိတ်ဆိုးသွားရင် လူမည်းကျောင်း



မာတိကာသို့

ဆရာ ဆရာမတွေကို ဖြုတ်ပစ်နိုင်တယ်၊ ဒါ့အပြင် လူမည်းကျောင်းတွေ အားလုံးကိုလည်း ပိတ်ပစ်နိုင်တယ်" "ဆရာရေ ကျွန်တော်တို့က ဒီအရပ်မှာ နေရမယ့် လူတွေဆိုတာ သိတယ်မှုတ်လား၊ အခုထိ လည်ပင်းကြိုးကွင်းစွပ် သတ်နေကြ တုန်း မဟုတ်လား" အဲဒီလို အပြောမျိုးတွေ အမျိုးမျိုး ပြောဆိုခဲ့ကြတာတွေ ကြုံခဲ့ရတယ်။

မာရှယ်လ်ဟာ သူပြန်ကြားခဲ့ရတာတွေတချို့အပေါ်မှာ စိတ်ဓာတ်လည်းကျ၊ ဒေါသလည်း ဖြစ်ခဲ့တယ်။ ဒါ့ကြောင့် အဲန်အေအေစီပီ သွားရမယ့် ဦးတည်ချက်လမ်းကြောင်းအတွက် ညွှန်ကြားစာ ထုတ်ဖို့ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှာ စာကြမ်းတစ်စောင်ရေးပြီး လက်ထောက် ဂလော်စတာ ကားရင့်ကို ပေးခဲ့တယ်။ သူ့စာထဲမှာ---

"လူမျိုးရေးခွဲခြားမှုအတွက် ပြည်နယ်တက္ကသိုလ်ကြီးတွေကို တရားစွဲဆိုထားတဲ့ အမှုတွေမှာ အိုကလာဟိုးမား၊ တက္ကဆတ်၊ လူဝီစီရဲနားနဲ့ တောင်ကယ်ရိုလိုင်းနားပြည်နယ်တွေမှာ အမှုတွေကို ဆိုင်းငံ့ထားနေ ကြတယ်။ တက္ကဆတ်စ်ပြည်နယ်မှာတော့ အဲန်အေအေစီပီ ပြည်နယ် ညီလာခံနဲ့ အခြားသူတွေက ပြင်းပြင်းထန်ထန် အလုပ်လုပ်ခဲ့ကြတယ်။ ဒါ့ကြောင့် လူဖြူလူမည်း ခွဲခြားရေးဝါဒဟာ မကောင်းရုံသာ မကဘူး။ သည်းခံလို့ မရတဲ့ကိစ္စဖြစ်တယ် ဆိုတာကို တက္ကဆတ်စ်ပြည်နယ်က လူမည်းတိုင်း သက်ဝင်ယုံကြည်လာခဲ့ကြတယ်။

"တောင်ပိုင်းအီလီနွိုင်းမှာတော့ ယေဘုယျအားဖြင့် လူမည်းတွေရဲ့ ထောက်ခံချက်နဲ့ လုံးဝသီးခြားလူမည်းကျောင်းတွေ ရှိနေတယ်။ အဲဒီလို ထောက်ခံမှုပေးတဲ့ လူမည်းတွေဟာ ကျွန်ုပ်တို့ ဌာနခွဲတွေက အဖွဲ့ဝင်တွေ ဖြစ်နေပုံကို အများကြီး တွေ့ခဲ့ရတယ်။

"အီလီနွိုင်းပြည်နယ်ညီလာခံဟာ စာရွက်စုတ်တစ်ရွက်လောက်တောင်မှ တန်ဖိုးမရှိတော့ဘူး။ ဒီအတိုင်းသာဆိုရင် လူဖြူလူမည်း ခွဲခြားရေးကို အပြည့်အဝ စိတ်ဝင်စားစွာနဲ့ မဆန့်ကျင်ကြတဲ့ ကျွန်တော်တို့ လူတွေရှိတဲ့နေရာတွေမှာ လူဖြူလူမည်း ကျောင်းခွဲခြားမှု ကိစ္စတွေကို တရား



မာတိကာသို့

စွဲဆိုဖို့ဆိုတာ ကျွန်ုပ်တို့အတွက် အန္တရာယ်များပါလိမ့်မယ်။

"ဒါကြောင့် ကျွန်ုပ်တို့ဌာနခွဲတွေဟာ ပြဿနာအပေါ်မှာ ယုံကြည်သက်ဝင်မှု၊ အဆုံးတိုင် တိုက်ပွဲဝင်သွားရန် စိတ်အားထက်သန်မှုတို့အတွက် ကျွန်ုပ်တို့အဖို့ အပိုကြိုးပမ်းမှုအားတွေ ထပ်ပြီး ထည့်ပေးရမယ့် အသွင်ရှိနေပါတယ်"

နောက်တစ်လလောက်အကြာမှာ သားဂွဒ် မာရှယ်လ်ဟာ *ဟျူစတင် အင်ဖော်မား* သတင်းစာက ခေါင်းကြီးတစ်ခုရဲ့ မိတ္တူကို ရရှိခဲ့တယ်။ အဲဒီသတင်းစာကို ဟျူစတင်မြို့က အထင်ရှားဆုံး လူမည်းတစ်ဦးဖြစ်တဲ့ ကာတာ ဝက်စ်လေက ပိုင်ပါတယ်။

ဝက်စ်လေရဲ့ ခေါင်းကြီးပိုင်းက ယေဘုယျအားဖြင့် အဲန်အေအေစီပီရဲ့အပေါ်မှာနဲ့ ပုဂ္ဂိုလ်ရေးအရ သားဂွဒ် မာရှယ်လ်အပေါ်မှာ စိန်ခေါ်ခဲ့တယ်။ ဝက်စ်လေက တက္ကဆတ်စ်ပြည်နယ်ကကျောင်းတွေမှာ လူဖြူလူမည်းပူးပေါင်းရေးအစား လူမည်းတွေအတွက် သီးခြားကျောင်းတွေမှာ တန်းတူ အခွင့်အရေး ရရှိမှုအတွက် တက္ကဆတ်စ်ပြည်နယ်တာဝန်ခံတွေကို တွန်းအားပေးတာက ပိုပြီး လွယ်ကူလိမ့်မယ်လို့ အကြံပေးထားတယ်။

ဝက်စ်လေရဲ့ ခေါင်းကြီးပိုင်းက သားဂွဒ် မာရှယ်လ်ကို ပေါက်ကွဲမတတ်နီးပါးဖြစ်အောင် ဒေါသထွက်စေခဲ့တယ်။ မာရှယ်လ်ဟာ အချေအတင်ငြင်းဖို့ မွေးဖွားလာသူတစ်ယောက်လို့ ဆိုနိုင်တယ်။ အဲဒါကြောင့် တက္ကဆတ်စ်ပြည်နယ်မှာ ကျင်းပတဲ့ ပြည်နယ်ညီလာခံကို သုတ်သီးသုတ်ပျာသွားပြီး စက်တင်ဘာလ ၅ ရက်နေ့မှာ အပြတ်မိန့်ခွန်းခြွေခဲ့တော့တယ်။

"တန်းတူ ပညာသင်ကြားခွင့် အခွင့်အရေးတွေ မရဘဲနဲ့ အမေရိကန်နိုင်ငံ နိုင်ငံသားတွေအတွက် လုံးဝ တန်းတူညီမျှမှုဆိုတာ မရနိုင်ပါဘူး။ အပြည့်အဝ တန်းတူညီမျှစွာ ပညာသင်ကြားခွင့်ဆိုတာကိုလည်း ပညာရေးစနစ် နှစ်မျိုးထားနေတဲ့ကြားမှာ မရရှိနိုင်ပါဘူး။ ဒီပြဿနာနဲ့ စပ်လျဉ်းပြီး အဲန်အေအေစီပီရဲ့ အနေအထားဟာ ဘယ်လိုလဲလို့ မေးထားတဲ့ မေးခွန်း



မာတိကာသို့

တချို့ ရှိနေပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ ရပ်တည်ချက်အနေ အထားကို ထပ်ပြီး အလေးအနက် ပြောပြချင်ပါတယ်”

“ကျွန်တော်တို့အနေနဲ့ အစိုးရကျောင်း ပညာရေးအပါအဝင် လူဖြူလူမည်း ခွဲခြားမှု ပုံစံအားလုံးကို ဆန့်ကျင်တယ်။ လူဖြူလူမည်း ခွဲခြားတဲ့ ပညာရေးစနစ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘူး၊ တရားဥပဒေနဲ့ မညီညွတ်ဘူး၊ ပြီးတော့ ကိုယ်ကျင့်တရားနဲ့လည်း မညီညွတ်ဘူးလို့ ကျွန်တော် အလေးအနက် ထပ်ပြောလိုပါတယ်။

“သီးခြားကျောင်း ပညာရေးစနစ်မှာ တန်းတူ ညီမျှမှု ရရှိရေးသက်သက်အတွက် တိုက်ပွဲဝင်ဖို့ သတ္တိကောင်းစရာ မလိုတော့ပါဘူး။ တက္ကဆတ်စ်ပြည်နယ် ဥပဒေက တက္ကဆတ်စ်မှာ လူမည်းတက္ကသိုလ်တစ်ခု ဖွင့်လှစ်ရေးအတွက် ဒေါ်လာ သုံးသန်း ကြိုတင်ငွေထုတ်ပေးဖို့ သဘောတူခဲ့ပြီးဖြစ်တာကို လူတိုင်း သိခဲ့ကြပြီးဖြစ်မယ်လို့ ကျွန်တော် ထင်မိပါတယ်။ အဲဒီကျရင် အဲဒီတက္ကသိုလ်ကြီးမှာ အလုပ်အကိုင်ရရေး၊ ကျောင်းကြီးကို ဘယ်သူ့ကို ဆောက်ခွင့်ပေးမလဲ၊ ဘယ်နေရာမှာ ဆောက်စေမလဲဆိုတာတွေကို အဆုံးအဖြတ်ပေးမယ့် ကိစ္စတွေနဲ့ တခြားနည်းလမ်းတွေနဲ့ တစ်ဦးချင်းကိုယ်ကျိုးအမြတ် ရရှိရေးတို့အတွက် ကိုယ့်လူမျိုးကို မြစ်ရိုးတစ်လျှောက်မှာ ရောင်းစားကြမယ့် လူမည်းတွေ ထွက်ပေါ်လာပါလိမ့်ဦးမယ်။

“အဲဒီ အကျိုးအမြတ်တွေ ရရှိရေးအတွက် အဲန်အေအေစီပီကို တိုက်ခိုက်မယ့် လူမည်းတွေ ပေါ်ပေါက်လာမယ့် လက္ခဏာလည်း ရှိပါတယ်။ အဲဒီလူတွေဟာ အဲန်အေအေစီပီကို ထိုးနှက်ဖို့ အကြောင်းအရာတွေ ရှာမတွေ့ခဲ့ကြရင် ရဲန်ကင်းကော်မတီရဲ့ ထိုးစစ်အော်ဟစ်သံအတိုင်း ‘အိပ်ခန်းတိုင်းမှာ ကွန်မြူနစ်တစ်ယောက် ရှိနေပြီ’ လို့ အော်လာကြဦးမယ်။

“ကျွန်တော်တို့ ရင်ဆိုင်နေကြရတဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်မယ့် တစ်ခုတည်းသော အဖြေကတော့ အစိုးရကျောင်းတွေမှာ လူဖြူလူမည်း ခွဲခြားမှုကို ဖြုခွင်းပစ်ရေးသာဖြစ်တယ်။ အဲဒီလို အောင်မြင်မှုရအောင် လုပ်တဲ့နေရာမှာ လူမည်းတွေအတွက် သီးခြားထားရှိတဲ့ ဂျင်မ်



မာတိကာသို့ ▶▶

ကရိုးပညာရေးစနစ်ကို ဆန့်ကျင်ပါတယ်လို့ ပါးစပ်က လောကွတ်လုပ်ပြောရုံလေးနဲ့ မရနိုင်ဘူး။ ပါးစပ်က လောကွတ်ချော်ရုံအော်ပြီး တစ်ဖက်မှာ လူမျိုးရေးခွဲခြားမှုကို ခိုင်မာအောင်လုပ်နေတဲ့ လူမည်းသီးခြားကျောင်းတွေထားရှိတာကို အသိအမှတ်ပြုတဲ့ မှတ်တိုင်တွေ တည်ဆောက်နိုင်ရေးကို ထိန်းသိမ်းအားပေးနေလို့ မရနိုင်ပါဘူး။

"အခြေအနေမှန်ကို အားလုံးသိနေကြပြီ။ တက္ကဆတ်စ်ပြည်နယ်ရဲ့ ပြည်သူ့ကျောင်းစနစ်မှာ လူဖြူလူမည်း ခွဲခြားမှုကို တိုက်ပွဲဆက်ပြီးဝင် သွားဖို့သာ ရှိပါတော့တယ်"

သားဂွဒ် မာရှယ်လ်က မစ္စတာ ဝက်စ်လေကိုလည်း သူ့ဒေသမှာ တန်ပြန်တိုက်စစ်ဆင် ပြောကြားရဲခဲ့တယ်။

"မစ္စတာ ဝက်စ်လေက တက္ကဆတ်စ်ပြည်နယ်မှာ လူမည်းတွေကို လက်ရှိမျက်နှာဖြူကျောင်းတွေမှာ ဝင်ခွင့်ရအောင် အတင်းအကျပ်တောင်း ဆိုခြင်းက သီးခြားကျောင်းများ တန်းတူညီမျှမှု ရရေးအတွက် အတင်းတောင်း ဆိုခြင်းထက် ပို၍လွယ်ကူတယ် ဆိုတာကို ကျွန်တော်တို့ ယုံသလားလို့ မေးခွန်း ထုတ်ခဲ့ပါတယ်။ သီးခြားခွဲထားတဲ့ကျောင်းတွေမှာ တန်းတူအခွင့်အရေးတွေ အညီအမျှ ရရှိရေးအတွက် လူမည်းတွေ တိုက်ပွဲဝင်လာခဲ့တာ နှစ်ပေါင်း ၈၀ ကျော်ခဲ့ပါပြီ။ တန်းတူညီမျှမှုနဲ့တူတဲ့ အရိပ်အယောင်လေးတောင် မတွေ့ခဲ့ရပါဘူး။ ဒီတော့ ဘယ်နည်းလမ်းကပိုပြီး လွယ်ကူသလဲဆိုတာ ကျွန်တော်တို့အတွက် မေးခွန်းမဟုတ်ပါဘူး။ အလွယ်လမ်းကို လိုက်ချင်ကြတဲ့ အခွင့်အရေးသမားတွေအပေါ်မှာ ကျွန်တော် ယုံကြည်မှု မရှိပါဘူး။ လူဖြူလူမည်း ခွဲခြားမှုနဲ့ လူမျိုးအဆင့်အတန်း ခွဲခြားမှုအတွက် လွယ်ကူတဲ့ အဖြေဆိုတာ မရှိပါဘူး။ ကျွန်တော်တို့ ဆုံးဖြတ်ရမှာက သီးခြားကျောင်းတွေ ထားတာကို လိုလားသလား သို့မဟုတ် လူဖြူလူမည်း ခွဲခြားမှု အဆုံးသတ်ရေးကို လိုလားသလား၊ ဘာကိုလိုလားသလဲ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

"ကျွန်တော်တို့ရဲ့ နှစ်ပေါင်းမြောက်မြားစွာ အတွေ့အကြုံအရ



မာတိကာသို့

တွေ့ခဲ့ရတာ ရှိပါတယ်။ အဲဒါကတော့ လူဖြူလူမည်း ခွဲခြားရေးဝါဒကို ထိန်းသိမ်းပေးနေရတာဟာ နီးဂရိုးလူမျိုးတွေကို တခြားအမေရိကန်နိုင်ငံသားတွေထက် အောက်တန်းကျတဲ့ နိုင်ငံသားအဖြစ် အဆင့်အတန်း နှိမ့်ချရေးအတွက် တစ်ခုတည်းသော ရည်မှန်းချက်နဲ့ လုပ်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စိတ်ကူးယဉ်ဝါဒနဲ့ ဓမ္မဓိဋ္ဌာန်လက်တွေ့ဝါဒတို့ကို ပေါင်းစပ်ယူကြရပါမယ်။ ဒီလူမျိုးရေးခွဲခြားမှုပုံစံကြီးကို ကျွန်တော်တို့ဟာ တရားဥပဒေကြောင်းအရရော၊ တခြားနည်းလမ်းတွေနဲ့ရော တတိတိနဲ့တိုက်ခဲ့ကြပြီးပြီ။ ဒီလူမျိုးရေး ခွဲခြားမှု ဝါဒဆိုးအပေါ်မှာ အရှိကိုအရှိအတိုင်း တိုက်ရိုက်ထိုးစစ်ဆင် တိုက်ခိုက်သွားရေးဟာ ဉာဏ်အမြော်အမြင်ရှိပြီး တရားမျှတမှု ရှိတဲ့ တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်လို့ နိဂုံးချုပ်မှာ တွေ့ရှိခဲ့ရပါတယ်။

“ဆက်လက်ပြီး ဝင်သွားရမယ့်တိုက်ပွဲက လွယ်လွယ်တော့ မဟုတ်ဘူး။ စဉ်းစားလို့ရသမျှ အခက်အခဲတစ်ခုအတိုင်း ခက်ခဲပါလိမ့်မယ်။ ခက်ခက်ခဲခဲမဟုတ်ဘဲ လွယ်လွယ်နဲ့ရတဲ့အရာတွေထဲမှာ တန်ဖိုးရှိတဲ့အရာဘာတစ်ခုကိုမှ ကျွန်တော် မတွေ့ခဲ့မိဘူး။ ရေရှည် အကြာကြီး တိုက်ယူရမယ့် တိုက်ပွဲမျိုးလည်း ဖြစ်နိုင်တယ်။ မျက်နှာဖြူတွေအတွက် အခြေခံ ရွေးကောက်ပွဲတွေ ပျက်သွားအောင် တိုက်ခဲ့ရတာထက် နှစ်တွေပိုပြီး ကြာကောင်း ကြာနိုင်တယ်။ ဒါပေမဲ့ အဲဒီအခြေခံရွေးကောက်ပွဲကိစ္စ တိုက်ပွဲတွေမှာ အားလုံးရဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှု ရခဲ့လို့ ကျွန်တော်တို့ အောင်ပွဲခံခဲ့သလိုပဲ အခုတိုက်ပွဲမှာလည်း အလားတူ အောင်မြင်မှုမျိုး ရလိမ့်မယ်လို့ ကျွန်တော် သေချာပေါက် ပြောရဲတယ်။ တိုက်ပွဲအတွက် ဘယ်လောက်အချိန်ကြာမလဲဆိုတာကတော့ ကျွန်တော်တို့ ရရှိတဲ့ ပူးပေါင်းဆောင်ရွက်မှု ပမာဏအပေါ်မှာ မူတည်ပါလိမ့်မယ်။

“ကျွန်တော်ထပ်ပြီး ပြောလိုပါတယ်။ အမှန်တရား အခြေအနေကို အားလုံး သိနေကြပါပြီ။ လူ့စည်း၊ ဘီလူးစည်းလည်း ခွဲပြီး ရေးဆွဲပြီးပါပြီ။ တစ်ဖက်မှာ အဲန်အေအေစီပီ၊ တက္ကဆတ်စ်လူမည်းများ အစည်းအရုံး



မာတိကာသို့ ▶▶

ကောင်စီနဲ့ တက္ကသိုလ်ပြည်နယ်မှာရှိတဲ့ လူမည်းအများစု၊ လူဖြူလူမည်း ခွဲခြားမှုကို ရတဲ့နည်းနဲ့ တိုက်ဖျက်ဖို့ အဓိဋ္ဌာန်ချထားတဲ့ ဦးရေတိုးလာတဲ့ မျက်နှာဖြူ အုပ်စုတွေ ရှိနေတယ်။ တခြားတစ်ဖက်မှာတော့ လူဖြူလူမည်း ခွဲခြားမှု ဟာ မကောင်းဘူး၊ တရားမဝင်ဘူးလို့လည်း ပြောကြရင်းနဲ့ ဒီဝါဒ ကို တစ်ဖက်က လက်ခံပြီး တစ်ဖက်မှာ တန်းတူညီမျှမှုကို တိုက်ယူရမယ်လို့ ပြောနေကြတဲ့ အုပ်စုတစ်စုကလည်း ရှိနေတယ်။

"လူဖြူလူမည်း ခွဲခြားတဲ့ စနစ်တစ်ခုရှိနေတဲ့အောက်မှာ တန်းတူ ညီမျှမှုကို ဘယ်လိုနည်းနဲ့မှ မရနိုင်ဘူးလို့ ကျွန်တော်တို့ အခိုင်အမာ ယုံကြည်ထားပါတယ်။ ဂျင်မ်ကရိုးခံတပ်ကြီးတစ်ခုကို ဘယ်လိုပဲ ခမ်းခမ်း နားနား ဆောက်ချင်သလို ဆောက်ဆောက်၊ 'တက္ကသိုလ်လူမည်း တက္ကသိုလ်' သို့မဟုတ် 'တက္ကသိုလ် နီးဂရိုးတက္ကသိုလ်' သို့မဟုတ် 'ပရေရီရှုခင်းသာသိပ္ပံ' စတဲ့ ကြိုက်တဲ့နာမည်တံဆိပ်တွေ ပေးချင်သလိုပေး၊ တက္ကသိုလ်ပြည်နယ်မှာ ကျောင်းတက်ခွင့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပါ အခွင့်အရေးများ ငြင်းပယ်မှုအတွက် ဝန်ချတောင်းပန်ခြင်းလို့ ပြောပြော လူမျိုးရေးခွဲခြားမှုစနစ် ရှိနေသမျှ လူမျိုးရေးတန်းတူညီမျှမှုကို မရနိုင်ပါဘူး"

တောင်ပိုင်းပြည်နယ်တွေက တာဝန်ခံအရာရှိတွေကလည်း ခွဲခြား ပြီး တန်းတူညီမျှမှု ရရေးအတွက် တရားဥပဒေအရ ထိပ်တိုက်ရင်ဆိုင်ခြင်း ကို ကာကွယ်ဖို့ ကြိုးစားခဲ့ကြတယ်။ လူမည်းများအတွက် ဘွဲ့ရကျောင်း၊ အသက်မွေးဝမ်းပြုကျောင်း၊ အတတ်ပညာဆိုင်ရာကျောင်းနဲ့ သိပ္ပံကျောင်း များ သီးသန့်ဖွင့်လှစ်ပေးရေး ဒေသန္တရ စီမံကိန်းတစ်ခုအတွက် ကွန်ဂရက် လွှတ်တော်က သဘောတူ အတည်ပြုပြီး ငွေကြေးထောက်ပံ့မှု ပေးရေး အတွက် တောင်းခံခဲ့ကြတယ်။ အဲဒီအခါမှာ သားဂွဒ် မာရှယ်လ်ဟာ ဝေါ်ရှင်တင်မှာရှိတဲ့ ဆီးနိတ်လွှတ်တော် တရားရေးကော်မတီရှေ့မှောက်ကို သွားရောက်ပြီး အဲန်အေအေစီပီရဲ့ ရပ်တည်ချက်အနေအထားကို အောက် ပါအတိုင်း ဖော်ပြခဲ့တယ်။

"လူဖြူလူမည်း ခွဲခြားရေးစနစ်ကို ကျင့်သုံးနေသော ကျောင်း



မာတိကာသို့

တစ်ကျောင်းတွင် တန်းတူပညာသင်ကြားခွင့် ရရှိနိုင်သည်ဟု ကွန်ဂရက် လွှတ်တော်ကဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ မပြောဆိုနိုင်ပါ။ ပြင်ဆင်ချက် (၁၄) သည် တန်းတူညီမျှမှု ရှိရေးကို လိုလားသည်။ လူနှစ်ဦးအတွက် တန်းတူညီမျှမှု ရရှိစေမည့် တစ်ခုတည်းသော နည်းလမ်းမှာ ၎င်းတို့နှစ်ဦးအား တစ်နေရာတည်းတွင် တစ်ချိန်တည်း၌ တူညီမှုတစ်ခုကို အတူတူ ရရှိစေခြင်းသာဖြစ်သည်”

* * *

တက္ကဆတ်စ်ပြည်နယ်ကိုသွားပြီး ရင်ဖွင့်ခဲ့တဲ့နောက် လေးလအကြာ မှာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလမှာ အေဒါ ဆီပူးဝဲလ်အမှုကို ပြည်ထောင်စုတရားရုံးချုပ်ရောက်အောင် မာရှယ်လ်ဆောင်ရွက်ခဲ့တယ်။ အိုကလာဟိုးမား ဒုတိယ ရှေ့နေချုပ်က ဆီပူးဝဲလ်ဟာ အိုကလာဟိုးမား တက္ကသိုလ်နဲ့ အလားတူပြည်နယ် တွင်းက ကျောင်းတွေမှာ ပညာသင်ကြားခွင့် မနက်ဖြန်လည်း မရနိုင်ပါ။ သန်ဘက်ခါလည်း မရနိုင်ပါ။ သူမ လိုလားလို့ တောင်းဆိုလာရင် လူမည်း ဥပဒေကျောင်းတစ်ကျောင်းကို အမြန်ဆုံး ဖွင့်ပေးမယ်လို့ တရားရုံးချုပ်မှာ လျှောက်လဲခဲ့တယ်။

“အဲဒီအချိန်ကျရင် သူမလည်း အဘွားကြီးဖြစ်ပြီပေါ့” လို့ တရားသူကြီး ဝီလျံ အို ဒပ်ကလပ်စ်က ပြတ်ပြတ်ပြောလိုက်တယ်။

နောက်လေးရက်အကြာမှာတော့ အေဒါ ဆီပူးဝဲလ်သည် ပြည်နယ်ကျောင်းတစ်ခုက သင်ကြားပေးသော ဥပဒေပညာကိုသာ သင်ကြားခွင့်ရှိသည်။ အိုကလာဟိုးမား တက္ကသိုလ်သည် အခြားကျောင်းဝင် ခွင့်လျှောက်ထားသူများအား ပညာသင်ကြားခွင့် ပေးချိန်စလျှင်စချင်း အေဒါ ဆီပူးဝဲလ်အား ပညာသင်ကြားခွင့် ပေးစေရမည် ဆိုတဲ့ တရားရုံးချုပ်က တညီတညွတ်တည်း ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကို တရားသူကြီးချုပ် ဖရက် ဗင်ဆင်က ဖတ်ကြားပြခဲ့ပါတယ်။



မာတိကာသို့

ဒီဆုံးဖြတ်ချက်ဟာ အလွန်အရေးပါ အရာရောက်တဲ့ အချက်တစ်ခု ဖြစ်တယ်လို့ သတင်းစာဆရာတွေက ဘာသာပြန်ခဲ့ကြတယ်။ မှားလေစွ။ အိုကလာဟိုးမားအာဏာပိုင်တွေဟာ အမေရိကန်ပညာရေးသမိုင်းမှာ ရယ်စရာအကောင်းဆုံးဖြစ်အောင် အကွက်ဆင်ခဲ့လို့ပါပဲ။ သူတို့က အိုကလာဟိုးမားမြို့တော်က ရှေ့နေ ဂျယ်ရမီ ဟဲမ်ရီကို ကျောင်းသားရေးမှူးခန့်ပြီး "လဲန်စတင်တက္ကသိုလ် ဥပဒေကျောင်း"ကို ပြည်နယ်လွှတ်တော်ရဲ့ အခန်းနံပါတ် ၄၂၈ မှာ ဖွင့်ဖို့ ပြင်ဆင်ခဲ့ကြတယ်။

အိုကလာ ဟိုးမား တက္ကသိုလ်က မျက်နှာဖြူပါမောက္ခ သုံးယောက်က တစ်ဦးတည်း သော လူမည်းကျောင်းသူ အေဒါ စပူးဝဲလ်ကို ဥပဒေစာသင်ပေးကြရမယ်။ လဲန်စတင်တက္ကသိုလ်ဟာ လူမည်းတွေအတွက် တက္ကသိုလ်ဖြစ်တယ်။ လဲန်စတင် တက္ကသိုလ် ဥပဒေကျောင်း ဖွင့်တော့မယ်လို့ ဟဲမ်ရီရဲ့ ဓါတ်ပုံနဲ့ ဆိုင်းဘုတ်တို့ သတင်းစာထဲမှာ ကြော်ငြာပါလာတယ်။ ဒီတော့ သားဂွဒ်က နော်မန်ကို လိုက်သွားပြီး အဲဒီလို လုပ်ရုံနဲ့ မပြည့်စုံဘူးဆိုတာကို ပြောခဲ့ရတော့တယ်။

စပူးဝဲလ်အကြောင်း တစ်ဝက်တစ်ပျက်အောင်ပွဲခံနိုင်မှုအကြောင်းကို *တိုင်းမ်* မဂ္ဂဇင်းနဲ့ *နယူးယောက် တိုင်းမ်* သတင်းစာနဲ့ တစ်နိုင်ငံလုံးက စာနယ်ဇင်းတွေထဲမှာ ဖော်ပြခဲ့ကြတယ်။ ဒါပေမဲ့ စပူးဝဲလ်အဖို့ အိုကလာဟိုးမားတက္ကသိုလ် ဥပဒေကျောင်းမှာ ပထမဆုံး စပြီး ကျောင်းတက်ရဖို့က မနီးသေးဘူး။ အဝေးကြီး ရှိနေဆဲပဲ။

အဲဒီအချိန်မှာပဲ မာရှယ်လ်နဲ့ ဟောလ်တို့အတွက် အထောက်အကူရမယ့် နောက်ထပ် အမှုတစ်ခုက ရှိနေခဲ့တယ်။ ဂျီ ဒဗလျူ မက်လောရင်း ဆိုတဲ့ သူဟာ အိုကလာဟိုးမားတက္ကသိုလ် ပညာရေးဌာနမှာ ဝင်ခွင့်ရဖို့ လျှောက်ခဲ့တာ လူမည်းဖြစ်နေတဲ့အတွက် အပယ်ခံခဲ့ရတဲ့အမှု ဖြစ်ပါတယ်။ အဲဒီ အမှုမှာလည်း မက်လောရင်းကို ပညာသင်ကြားခွင့်ပြုဖို့ တရားရုံးတော်က အနိုင်ပေးခဲ့တယ်။

မက်လောရင်းကို ကျောင်းဝင်ခွင့်တော့ ပြုခဲ့တယ်။ ဒါပေမယ့်



မာတိကာသို့ ▶▶

သူ့အတွက် သီးခြားစည်းကမ်းတွေကို တက္ကသိုလ် အာဏာပိုင်တွေက ပြဋ္ဌာန်းပေးခဲ့တယ်။ မက်လောရင်းဟာ သီးခြားရေအိမ်သာကို ခွဲပြီး အသုံးပြုရမယ်။ အရင်က တံမြက်စည်းတွေထားတဲ့ ရှေ့က သီးသန့်အခန်းငယ်လေးထဲမှာ ခွဲထိုင်ရမယ်။ စာကြည့်တိုက်မှာ စာအုပ်ငှားခွင့် ရှိပေမယ့် သူ့အတွက် လုပ်ပေးထားတဲ့ သီးသန့်နေရာလေးမှာ ခွဲထိုင်ပြီး စာဖတ်ရမယ်။ နေ့လယ်စာကိုလည်း သီးခြားခွဲစားရမယ်။ အဲဒီနေရာတွေမှာလည်း လူမည်းများသာဆိုတဲ့ ဆိုင်းဘုတ်စာတမ်းတွေ ချိတ်ထားတယ်။ မျက်နှာဖြူကျောင်းသားတွေက ဆိုင်းဘုတ်တွေ ချိတ်တိုင်း ချိုးဖဲ့ပစ်ခဲ့ကြတယ်။ အဲဒီဆိုင်းဘုတ်ဖိုးတွေအတွက် ဒေါ်လာ ၅,၀၀၀ သုံးစွဲခဲ့ရတယ်လို့ တက္ကသိုလ်အာဏာပိုင်တစ်ဦးက တစ်ခါမှာတော့ ထုတ်ပြီး ဝန်ခံခဲ့ရတယ်။

အဲဒီလို ဖြစ်ခဲ့တဲ့အတွက် သားဂွဒ် မာရှယ်လ်နဲ့ ဟောလ်တို့ဟာ မက်လောရင်းအမှုကို တရားရုံးချုပ်ကို တင်ခဲ့ကြရတယ်။ အဲဒီအတော အတွင်းမှာ အိုကလာဟိုးမားတက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဝင်တွေ ဦးနှောက်ခြောက်စရာတွေ ဖြစ်ပေါ်ခဲ့တယ်။ လဲန်စတင် တက္ကသိုလ်မှာ ဘွဲ့မပေးနိုင်တဲ့ ဘာသာရပ်တွေအတွက် လျှောက်ထားတဲ့ လူမည်းတွေကို အိုကလာဟိုးမားတက္ကသိုလ်က လက်ခံရမယ်ဆိုတဲ့ ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းခဲ့တယ်။ အဲဒါကြောင့် အိုကလာဟိုးမားတက္ကသိုလ်မှာ သင်တန်း ၁၀ ခုကို သီးခြားသင်ရိုးညွှန်းတမ်းနဲ့ သီးခြားချိန် ခွဲသင်ပေးဖို့ ဖွင့်လှစ်ပေးခဲ့ရတယ်။ အဲဒီသင်တန်းတွေတက်မယ့် လူမည်း ၇၅ ဦးဟာ ရုတ်တရက် ဝင်ခွင့်လျှောက်ခဲ့ကြတယ်။ တက္ကသိုလ်အတွက် ဆရာသစ်တွေခန့်ထားဖို့ ပြည်နယ်က အပိုထောက်ပံ့ကြေး တောင်းဆိုမှုပြဿနာတွေ ပေါ်လာခဲ့တော့တယ်။ အဲဒီအချိန်မှာပဲ ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှာ ကျောင်းအိပ်ကျောင်းစားနေခွင့်ရတဲ့ တူလ်ဆာက လူမည်းကျောင်းသား ဂျူးလီးယပ်စ်ဆီဇာ ဟီးလ်ဆိုသူက စပြီး ရောက်လာခဲ့တယ်။ ဒီတော့ လူမည်းကျောင်းသား ၅၀ ထက်မနည်း နေနိုင်မယ့် အခန်းကြီးတစ်ခန်း သီးခြားဖန်တီးပေးဖို့ ကျောင်းဥက္ကဋ္ဌ မစ္စတာ ရော့စ်မှာ တာဝန်ပိုသွားခဲ့ပြန်တော့တယ်။

ကျောင်းအာဏာပိုင်တွေက မာရှယ်လ်ရဲ့ အကြံကို ရိပ်မိလာကြ



မာတိကာသို့ ▶▶

တယ်။ ဒီလိုသာ "ခွဲခြားပြီး တန်းတူညီမျှရေး" လုပ်ငန်းတွေကို အကောင်အထည်ဆက်ဖော်ရင်တော့ တက္ကသိုလ်ကြီး မွဲသွားနိုင်တယ်ဆိုတာ သိလာကြတယ်။ ဒါကြောင့် သူတို့က မစ္စစပူးဝဲလ်အတွက် သက်သက်ဖွင့်ထားပေးတဲ့ ဥပဒေကျောင်းကို ဖျက်သိမ်းလိုက်တယ်။ ပြည်ထောင်စု တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်ကြောင့် ၁၉၄၉ ခုနှစ်မှာ စပူးဝဲလ်ကျောင်း စတက်ခွင့်ရခဲ့တယ်။ အဲဒီ အချိန်မှာ သူမဟာ လက်ထပ်ပြီးလို့ မစ္စစ် ဖစ်ရှာတောင် ဖြစ်သွားခဲ့ပြီ။ မျက်နှာပူစရာတွေကတော့ အများကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ အိုကလာဟိုးမားတက္ကသိုလ်ဟာ ကျောင်းဘောလုံးအသင်းအတွက် ဂုဏ်ယူခဲ့တယ်။ အရင်တုန်းကတော့ ကျောင်းသားဘောလုံးအသင်း ဟာ အားလုံးဆွတ်ဆွတ်ဖြူဖြစ်ခဲ့တယ်။ ကစားသမားတွေ၊ နည်းပြဆရာ တွေ၊ ပွဲကြည့်စင် ပေါ်က ပွဲကြည့်ပရိသတ်တွေအားလုံးဟာ မျက်နှာဖြူ တွေချည်းပဲ ဖြစ်ခဲ့တယ်။ လူမည်းတွေကို ဘောလုံးပွဲတောင် လာပြီး ကြည့်ခွင့် မပေးခဲ့ဘူးလို့ ဆိုတယ်။ အခုတော့ တက္ကသိုလ်နယ်မြေမှာ လူမည်းကျောင်း သားတွေ ရောက်လာကြပြီ။ ပွဲကြည့်စင်မှာ လူမည်းတွေအတွက် သီးခြား နေရာ စီစဉ် ပေးရဖို့ ဖြစ်လာခဲ့ပြီ။

၁၉၄၉ ခုနှစ်၊ အောက်တိုဘာလမှာ လူမည်းစုံတွဲတစ်တွဲက ကျောင်းက ပြုလုပ်တဲ့ကပွဲ တက်ရောက်ခွင့်အတွက် ကျောင်းသားရေးမှူးထံ လျှောက်ထားခဲ့ကြတယ်။ မျက်နှာဖြူတွေချည်းသာ တက်ရတဲ့ပွဲလို့ နားလည်ထားတဲ့ အဲဒီပွဲမှာ လိုင်နဲလ် ဟမ်ပ်တင်ရဲ့ လူမည်းတီးဝိုင်းက ဖျော်ဖြေပေးမှာဖြစ်တယ်။ ကပွဲတာဝန်ခံတစ်ဦးက လူမည်းကျောင်းသားတွေ ကပွဲကိုတက်လို့တော့ရတယ်၊ ကခွင့်တော့ မရှိဘူးဆိုပြီး လူမည်း ၁၅ ဦး အတွက် သီးသန့်ကြည့်ရှုစရာ တစ်နေရာကို ကြိုးနဲ့ဝိုင်းပြီး သတ်မှတ်ပေးခဲ့တယ်။ တက္ကသိုလ်နယ်မြေတစ်ခုလုံး ဂယက်ရိုက်ထွက်သွားတယ်။ အသားအရောင် ခွဲခြားမှုကို မကြိုက်တဲ့ မျက်နှာ ဖြူကျောင်းသားတချို့က လူမည်းကျောင်းသားတွေကို ဝင်ကဖို့ သူတို့ကိုယ်တိုင် ဆွဲခေါ်မယ်လို့ ကန့်ကွက်ပြောဆိုခဲ့ကြတယ်။ သတင်းစာ တိုက်တွေကလည်း သူတို့သတင်းထောက်တွေကို သတင်းယူဖို့ ကပွဲကို လွှတ် ခဲ့ကြတယ်။ ဒါပေမဲ့ ကပွဲကို လူမည်း



မာတိကာသို့

တစ်ယောက်မှ မတက်ခဲ့ကြလို့ သတင်းထောက်တွေ စိတ်ပျက်ခဲ့ကြရပါတယ်။

၁၉၅၀ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာတော့ ကျောင်းဥက္ကဋ္ဌကြီး ဒေါက်တာ ကရော့စ်နဲ့ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်တွေရဲ့ ပခုံးပေါ်က ဝန်ထုပ်ကြီးတစ်ထုပ်ကို ပေါ့အောင်လုပ်ပေးလိုက်တဲ့ ဥပဒေတစ်ခု ထွက်လာခဲ့တယ်။ နိုင်ငံတော်တရားရုံးချုပ်ရဲ့ ထုတ်ပြန်လိုက်တဲ့ဥပဒေမှာ သီးခြားအိမ်သာများ၊ သီးခြားစားသောက်ခန်းများ၊ သီးခြားသင်တန်းများ၊ သီးခြားစာသင်ခန်းများ၊ သီးခြားကျောင်းဆောင်များ ခွဲခြားထားရှိခြင်းသည် တရားမဝင်ပါလို့ ဖော်ပြခဲ့ပါတယ်။ အိုကလာဟိုးမားပြည်နယ်ဥပဒေအရ မက်လောရင်းအား မျက်နှာဖြူကျောင်းသားများနှင့် တစ်ကွဲတစ်ပြား ပညာသင်စေခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီပါလို့ တရားရုံးချုပ်ရဲ့ တညီတညွတ်တည်း ဆုံးဖြတ်ချက်မှာ ဖော်ပြခဲ့တယ်။ "ဤသို့သော ပြုပြင်ပြဋ္ဌာန်းထားသည့် လူမျိုးရေးခွဲခြားမှုသည် ပြင်ဆင်ချက် အပိုဒ် (၁၄) ကို ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။ လူမည်းတစ်ဦးအား ကျောင်းဝင်ခွင့်ပြုခဲ့ပါက ၎င်းသည် အခြားလူမျိုး ကျောင်းသားများနည်းတူ ပြည်နယ်၏ ဆက်ဆံမှုကို ရရှိစေရမည်ဖြစ်သည်" ဟုလည်း ဖော်ပြခဲ့ပါတယ်။

တရားရုံးချုပ်ရဲ့ ဖော်ပြချက်ထဲမှာ---

"ကျွန်ုပ်တို့၏ လူ့အသိုင်းအဝိုင်း၏ အစုအဝေးများသည် ပိုမိုကြီးထွားလာခဲ့သည်နှင့်အမျှ လေ့ကျင့်မှု ရရှိပြီး ခေါင်းဆောင်ဦးရေ ပိုမိုများပြားလာရန်လည်း လိုအပ်လာပါသည်။ မက်လောရင်းဟာ အဲဒီလိုအပ်ချက်ကို ကိုယ်စားပြုတဲ့ စံနမူနာကောင်း ဖြစ်နိုင်တယ်။ သူသည် အခြားသူများအား လေ့ကျင့်ပေးမည့် ခေါင်းဆောင်တစ်ဦးဖြစ်လာရေးအတွက် ၎င်းကိုယ်တိုင်က အဆင့်မြင့်ပညာရေးဘွဲ့တစ်ခု ရရှိရေးကို ကြိုးစားနေသူ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ၎င်း၏လမ်းညွှန်မှုနှင့် သြဇာသက်ရောက်မှုကို ခံယူကြရမည့်သူများအပေါ်တွင် ၎င်းရရှိသည့် ပညာရေးက တိုက်ရိုက်အကျိုးသက်ရောက်စေမည် ဖြစ်ပါသည်။ ထိုသူများ၏ ကိုယ်ပိုင်ပညာရေးနှင့်

ဖွံ့ဖြိုးတိုးတက်မှုသည် အခြားအတန်းတူကျောင်းသားများနှင့် တန်းတူ လေ့ကျင့်သင်ကြားခွင့် ညီမျှစွာ မရသည့် မက်လောရင်း၏ အတိုင်းအတာပေါ်တွင် မူတည်ပြီး နစ်နာခံစားကြရမည်ဖြစ်ပါသည်။ ပြည်နယ်များ၏ ကန့်သတ်ပြဋ္ဌာန်းမှု စည်းမျဉ်းဥပဒေများသည် ထိုကဲ့သို့သော တရားမမျှတမှုများကို ဖြစ်ပေါ်စေသည့်အတွက် ဆက်လက်ထိန်းသိမ်းခွင့်ပြု၍ မရနိုင်ပါ” ဟုလည်း ပါရှိခဲ့ပါသည်။

နိုင်ငံတော်တရားရုံးချုပ်၏ အဆုံးအဖြတ်သည် နောင်တွင် ဖြစ်ပေါ်လာမည့် အခြေအနေများအတွက် ရှေ့ပြေးဖြစ်ခဲ့ပါသည်။

သားဂွဒ် မာရှယ်လ်နဲ့ အဲန်အေအေစီပီ ရှေ့နေများကလည်း တစ်နေ့သောအခါတွင် အမေရိကန် တရားရေးဆိုင်ရာ အဘိဓာန်တွင် အသရေပျက်စေသော ထိခိုက်နစ်နာမှု ဆိုတဲ့ စကားလုံးကို ထည့်သွင်းပေးနိုင်လိမ့်မယ်လို့ စိတ်ချလက်ချ ယုံကြည်ပုံ ရခဲ့ကြတယ်လို့ သားဂွဒ် မာရှယ်လ်က ထုတ်ပြောခဲ့ပါတယ်။



မာတိကာသို့ ▸▸

# အခန်း (၁၂)

## ဒုက္ခရောက်စစ်သည်များ

အမေရိကန် ခြေလျင်တပ်ရင်း အမှတ် (၂၄) ဟာ ၁၉၅၀ ခုနှစ်၊ ဇူလိုင်လမှာ ကိုရီးယားနိုင်ငံကို ရောက်ရှိလာခဲ့တယ်။ ရောက်ပြီးတာနဲ့ မကြာခင်အတွင်းမှာပဲ ကိုရီးယားစစ်ပွဲမှာ အမေရိကန်နိုင်ငံအတွက် ပထမဆုံး မှတ်သားလောက်တဲ့ အောင်ပွဲတစ်ပွဲကို ရရှိခဲ့တယ်။ စစ်ရေးအရ အချက်အချာကျတဲ့ ရေချံမြို့ကို ၁၆ နာရီကြာ အသေခံတိုက်ပွဲ ဆင်နွှဲပြီး ပြန်လည်သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်မှာ ပိုမိုအောင်မြင်တဲ့ တိုက်ပွဲတစ်ခုကို ထပ်တိုက်ရခဲ့ကြပြန်တယ်။ ရေချံမြို့ကိုသွားတဲ့ ဟိုင်းဝေး လမ်းမပေါ်က အရေးပါတဲ့ သွေးရဲရဲတောင်စွန်းလို့ခေါ်တဲ့နေရာက မြောက်ကိုရီးယားတပ်တွေ ဖယ်ရှားသွားအောင် တိုက်ထုတ်နိုင်ခဲ့တယ်။ ခြေလျင်တပ်ရင်း(၂၄)ဟာ လူမည်းတွေနဲ့ ဖွဲ့စည်းထားတဲ့ တပ်ရင်းဖြစ်ပြီး အရာရှိအများစုကတော့ မျက်နှာဖြူတွေ ဖြစ်ကြတယ်။ သူတို့ဟာ အင်အားပိုကြီးမားတဲ့ ရန်သူတွေကို အများကြီးအကျအဆုံးခံပြီး ရွတ်ရွတ်ချွံချွံ တိုက်ထုတ်နိုင်ခဲ့ကြတယ်။



မာတိကာသို့ ▶▶

ဒါပေမဲ့ ရက်အနည်းငယ်အတွင်းမှာပဲ အမေရိကန်စစ်သားတွေဟာ မြောက်ကိုရီးယားတွေရဲ့ အပြင်းအထန် တိုက်ခိုက်မှုကို ခံရပြီး ပြန်လည်ဆုတ်ခွာခဲ့ကြရတယ်။ လီရော်နံ အေ ဂီးလ်ဘတ်ဟာ ခြေလျင်တပ်ရင်း(၂၄)ရဲ့ လူနည်းစု လူမည်းအရာရှိတွေထဲက အရာရှိတစ်ယောက် ဖြစ်ပါတယ်။ ၁၉၅၀ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှာ ဂီးလ်ဘတ်ဟာ အဲဒီတပ်ခွဲကို ဆုတ်ခွာပြီး တောင်စွန်းတစ်ခုက ခံတိုက်ဖို့ အမိန့်ရခဲ့တယ်။

ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်သား ဂီးလ်ဘတ်ဟာ လူကောင်ထွားပေမယ့် စကားပြောတာ အေးသူတစ်ယောက်ဖြစ်တယ်။ စစ်ရေးတိုက်ခိုက်မှုမှာ ဝါနုတဲ့ လူသစ်တစ်ယောက် မဟုတ်ဘူး။ အသက်ကလည်း ၃၁ နှစ် ရှိနေပြီ။ ဒုတိယကမ္ဘာစစ်အတွင်းက အီတလီနိုင်ငံတွင်း စစ်ဆင်ရေးတွေမှာ ကြေးတံဆိပ် သူရဲကောင်းဆုကို နှစ်ကြိမ်တောင် ရရှိခဲ့သူဖြစ်တယ်။ သူ့ကို ပေးအပ်ခဲ့တဲ့ တာဝန်ကလည်း ကြီးမားခက်ခဲတဲ့အလုပ် ဖြစ်နေတယ်။ သူ့ရဲ့ တပ်ခွဲမှာ စက်သေနတ်နဲ့ မောင်းပြန်သေနတ်တွေ မပါဘူး။ ရိုင်ဖယ်သေနတ်တွေနဲ့ လက်ပစ်ဗုံးတွေပဲ ပါတယ်။ မြောက်ကိုရီးယားတပ်တွေက တောင်စွန်းရဲ့ တစ်ဖက်မှာ နေရာရသွားခဲ့ပြီးတဲ့နောက်မှာ အမေရိကန်တွေကို စိတ်ကြိုက် ထိုးစစ်ဆင်နိုင်စွမ်း ရှိခဲ့ကြတယ်။ နောက်တစ်နေ့ မိုးလင်းတဲ့အခါမှာ သူ့ရဲ့ နေရာအနေအထားဟာ ဆက်လက်ခုခံကာကွယ်လို့ မရတော့ဘူး။ အသုံးမကျတော့ဘူးလို့ ဂီးလ်ဘတ် ဆုံးဖြတ်ခဲ့တယ်။ အဲဒါကြောင့် သူ့တပ်ခွဲမှာ ကျန်တဲ့သူတွေကို နောက်ဆုတ်ဖို့ ဂီးလ်ဘတ်က အမိန့်ပေးခဲ့တယ်။ သူတို့ဟာ ရေခန်းနေတဲ့ မြစ်ကြောင်းတစ်ခုအတိုင်း တောင်ဘက်ကို ဆုတ်ခွာလာကြရင်း လမ်းခရီးမှာ တပ်ရင်း(၂၄) ထိုးစစ်တပ်ရင်းမှူး ဗိုလ်မှူးကြီး ဟော်တင် ဝှိုက်နဲ့ တွေ့ဆုံခဲ့ကြတယ်။

ဗိုလ်မှူးကြီး ဝှိုက်က ဂီးလ်ဘတ်ကို သူဆုတ်ခွာလာခဲ့တဲ့နေရာကို တပ်သားတွေပါ ပြန်ခေါ်သွားဖို့ အမိန့်ပေးခဲ့တယ်။ ဂီးလ်ဘတ်ကလည်း အဲဒီ နေရာဟောင်းကို ရန်သူတပ်တွေက သိမ်းပိုက်သွားပြီမို့ အဲဒီတောင်တန်းကို ပြန်သွားစရာ လမ်းမရှိတော့ကြောင်း ရှင်းပြဖို့ ကြိုးစားခဲ့တယ်။ အဲဒီအချိန်မှာ ဗိုလ်မှူးတစ်ယောက်က ဂီးလ်ဘတ်ပြန်သွားရမှာ ကြောက်လို့

ဖြစ်နိုင်တယ်။ ဗိုလ်မှူးကြီးပေးတဲ့အမိန့်ကို အခုချက်ချင်း နာခံရမယ်လို့ ဝင်ပြောခဲ့တယ်။ ဂီးလ်ဘတ်မှာ အရက် ၂၀ လုံးလုံး ဆက်တိုက် တိုက်ခဲ့ရပြီး ညကလည်း တစ်ညလုံး ပင်ပန်းခဲ့တော့ ပြန်သွားဖို့ဆိုတာ အကျိုး မရှိဘူး။ ကိုယ့်ကိုယ်ကိုယ် ပြန်သတ်တာပဲ ဖြစ်လိမ့်မယ်လို့ သူ့ရဲ့သောကတွေကို သဘောပေါက်လောက်အောင် ရှင်းပြဖို့ နောက်တစ်ခါပြန်ပြီး ကြိုးစားခဲ့ပြန်တယ်။ ဒါပေမဲ့ အရာရှိတွေက လက်မခံခဲ့ကြဘူး။ သူတို့က ဂီးလ်ဘတ်ကို ချက်ချင်း ဖမ်းချုပ်ခိုင်းလိုက်တယ်။ စစ်ဥပဒေ အပိုဒ် (၇၅) ကို ချိုးဖောက်မှုနဲ့ စွဲချက်တင်လိုက်တယ်။ အထူးသဖြင့် သူ့ကို ပေးခဲ့တဲ့အမိန့်ကို ဆောင်ရွက်ဖို့ ငြင်းဆန်ခြင်းနဲ့ ရန်သူ့ရှေ့မှာ အပြုအမူ မကောင်းဘူးလို့ စွပ်စွဲခဲ့တယ်။ အဲဒီလို စွပ်စွဲခြင်းခံရတာဟာ သူ့ရဲ့ဘောကြောင်ခြင်းလို့ ပုဒ်မအတပ်ခံရတာဖြစ်ပြီး စစ်မြေပြင်မှာ အကြီးလေးဆုံးသော တရားစွဲဆိုမှု ဖြစ်ပါတယ်။

ရက်သတ္တ ငါးပတ်ရှိသွားခဲ့ပြီ။ ဂီးလ်ဘတ်ကို စစ်ခုံရုံးတင် စစ်ဆေးခဲ့တယ်။ ရှေ့တန်းစစ်မြေပြင်နဲ့ ကိုက် ၄၀၀ သာ ကွာတဲ့ ရှေ့တန်း စခန်းတစ်ခုမှာ ရုံးတင်စစ်ဆေးခဲ့တာ ဖြစ်တယ်။ စစ်ခုံရုံးက ဂီးလ်ဘတ်မှာ အပြစ်ရှိကြောင်း တွေ့ရှိရတဲ့အတွက် သေနတ်ကိုင် တပ်စိတ်တစ်စိတ်က ပစ်သတ်စေဆိုတဲ့ သေဒဏ်အမိန့် စီရင်ချက် ချလိုက်ပါတယ်။

ဂီးလ်ဘတ်ကို စစ်ခုံရုံးတင် မစစ်မီမှာ သူ့ရဲ့ တတိယကလေး ကိုယ်ဝန်ရှိနေတဲ့ ဇနီးသည် ကေးက အဲန်အေအေစီပီကို အကူအညီပေးဖို့ ပန်ကြားခဲ့တယ်။ အပြစ်ဒဏ်စီရင်ချက် ချပြီးတဲ့နောက်မှာ ဂီးလ်ဘတ်က လည်း အဲန်အေအေစီပီကို ကြားဝင်ဆောင်ရွက်ပေးဖို့ စာလှမ်းရေးခဲ့ပါတယ်။ ဝေါရှင်တင်က အဲန်အေအေစီပီ ရုံးအဖွဲ့မှူး ကလဲရင့်စ် မစ်ချဲလ်က လည်း ကြည်းတပ်ဝန်ကြီး ဖရဲန့် ဖေ့စ်ထံ စာရေးပြီး --

"သေဒဏ် စီရင်ချက် ချမှတ်ခဲ့မှု သတင်းသည် အမေရိကန် ပြည်ထောင်စုတစ်ခုလုံးအတွင်းရှိ လူမည်းအားလုံးအား ကြီးမားစွာ တုန်လှုပ် ချောက်ချားစေခဲ့ပါသည်။ ဂီးလ်ဘတ်၏ စစ်မှတ်တမ်းကောင်းဖြင့် သုံးသပ်

ကြည့်လျှင် ၄င်းအား သေဒဏ် ချမှတ်ခဲ့ခြင်းမှာ မယုံကြည်နိုင်အောင်ပင် အထူးအဆန်း ဖြစ်နေပါသည်" လို့ ရေးခဲ့တယ်။ အဲန်အေအေစီပီရဲ့ ကူညီဆောင်ရွက်မှုများက သမ္မတကြီး ဟယ်ရီ အက်စ်ထရူးမင်းကို သက်ဝင်ယုံကြည်မှု ဖြစ်စေခဲ့တဲ့အတွက် ဂီးလ်ဘတ်ရဲ့ စီရင်ချက်ကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် အနှစ် ၂၀ ကျစေလို့ လျှော့ပေါ့ပြောင်းလဲပေးစေနိုင်ခဲ့ပါတယ်။

ဂီးလ်ဘတ်ရဲ့အမှုက တစ်နိုင်ငံလုံးမှာ သိအောင် လှုံ့ဆော်ပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အမေရိကန်လူမည်းစစ်သား အတော်များများဟာ သူတို့ခံခဲ့ရတဲ့ မတရားဆက်ဆံမှုတွေကို အဲန်အေအေစီပီကို အကြောင်းကြားပြီး အကူအညီပေးရေးအတွက် ပန်ကြားခဲ့ကြတယ်။ အဲန်အေအေစီပီ ဌာနချုပ်မှာ ရသလောက် စုဆောင်း အမျိုးအစားစာရင်းဝင် စစ်သားဒုက္ခများဆိုတဲ့ ဖိုင်တွဲတွေ တစ်ထပ်ကြီး ထိုးပုံစပြုလာခဲ့ပါတော့တယ်။

လူမည်းစစ်သားတွေအတွက် ဒုက္ခတွေ ကြုံရတာဟာ အသစ်အဆန်း မဟုတ်ပါဘူး။ သာမန် အရပ်သားဘဝမှာ လူမည်းတွေကို ဒုတိယတန်းစား အဆင့်အတန်းမှာ သတ်မှတ်ထားမှု ဘဝက အမေရိကန် လက်နက်ကိုင်တပ်ဖွဲ့တွေထဲအထိ ရောင်ပြန်ဟပ်မှုရှိခဲ့တယ်။ လူမည်းစစ်သည် အမှုထမ်းတွေဟာ လူဖြူလူမည်း ခွဲခြားခံရမှု၊ လူမျိုးအဆင့်အတန်း ခွဲခြားခံရမှု၊ တန်ဆာခံအလုပ်ခံရမှု၊ မမှန်မကန် စွပ်စွဲခံရမှုတွေရဲ့ သားကောင် အဖြစ်ခံခဲ့ရတာ အချိန်ကြာတောင်ကြာခဲ့ပြီ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးစဖြစ်တဲ့အခါမှာ စစ်မှုထမ်းလုပ်ငန်းအားလုံးမှာ လုံးဝ လူမျိုးရေးခွဲခြားမှု ပြုလုပ်ခဲ့တယ်။ လူမည်းမြင်းတပ်စစ်သည်တွေဟာ အရာရှိတွေရဲ့ မြင်းထိန်းအဖြစ် အသုံးပြုခြင်း ခံခဲ့ကြရတယ်။ လူမည်းရေတပ်သားတွေ ဆိုရင်လည်း ထမင်းစားဆောင်မှာ အစေခံများအဖြစ် အမြဲတမ်းလိုလို အခိုင်းခံခဲ့ကြရတယ်။

စစ်ဖြစ်နေတဲ့ ကာလအတွင်းမှာ လူမည်းတပ်တွေသာ အချိုးအစား မမျှအောင် စစ်ခုံရုံး အတင်ခံခဲ့ကြရတယ်။ မုဒိမ်းကျင့်မှုကနေ သူ့ရဲ



မာတိကာသို့ ▶▶

ဘောကြောင်မှုနဲ့ တပ်တွင်းပုန်ကန်မှုအထိ စွဲချက်အတင်ခံခဲ့ကြရတယ်။ ဆဲန်ဖရဲန်စစ္စကို အပြင်ဘက်က ရှီကာဂိုဆိပ်ကမ်းမှာ ဖြစ်ခဲ့တဲ့ ပုန်ကန်မှုဟာ နာမည်အပျက်ဆုံး၊ အဆိုးဝါးဆုံး အမှုတစ်ခု ဖြစ်ခဲ့ပါတယ်။ ၁၉၄၄ ခုနှစ် ဇူလိုင်လအတွင်းက ဆဲန်ဖရဲန်စစ္စကို ပင်လယ်အော်အတွင်းမှာ သင်္ဘော နှစ်စီး ပေါက်ကွဲမှု ဖြစ်ခဲ့တယ်။ လက်နက်ခဲယမ်းမီးကျောက်တွေ တင်နေတုန်းမှာ ပေါက်ကွဲမှု ဖြစ်ခဲ့တော့ လူပေါင်း ၃၂၀ ဦး သေဆုံးခဲ့ကြတယ်။ နောက်တန်းစစ်မျက်နှာမှာ အဆိုးဝါးဆုံးအဖြစ်တစ်ခု ဖြစ်ခဲ့တယ်။ အဲဒီနောက် သုံးပတ်အကြာမှာတော့ သွေးပျက်နေတုန်းဖြစ်ကြတဲ့ သင်္ဘောသား ရာပေါင်းများစွာတို့ဟာ တခြားသင်္ဘောတွေပေါ်မှာ လက်နက်ခဲယမ်းမီးကျောက်တွေ တင်ပေးဖို့ ပြန်သွားရေးကို ငြင်းဆန်ခဲ့ကြတယ်။ သူတို့အထဲက လူမည်း ၅၀ ဟာ တပ်တွင်းပုန်ကန်မှု ပြုလုပ်တယ်ဆိုပြီး တရားစွဲခံရတယ်။ သူတို့အားလုံးဟာ အနည်းဆုံး ထောင်ဒဏ် ရှစ်နှစ်က ၁၅ နှစ်အထိ အချခံခဲ့ကြရတယ်။ သူတို့အထဲမှာ ထက်ဝက်ကျော်က အသက် ၂၁ နှစ်အောက် အရွယ်တွေ ဖြစ်ခဲ့ကြတယ်။

ဆဲန်ဖရဲန်စစ္စကို ပင်လယ်အော်က ယာဘာ ဘွဲ့နားကျွန်းမှာ လုပ်ခဲ့တဲ့ စစ်ခုံရုံးတင် စစ်ဆေးမှုကို သားဂွဒ် မာရှယ်လ်ကိုယ်တိုင် တက်ပြီး နားထောင်ခဲ့တယ်။ သူ့အမြင်အရတော့ အဲဒီရေတပ်သားတွေဟာ လူမည်းတွေဖြစ်ကြတဲ့အကြောင်း တစ်ခုတည်းကို အကြောင်းပြုပြီး ပုန်ကန်မှုနဲ့ တရားစွဲ ခံရတာဖြစ်တယ်လို့ ဆိုတယ်။ ရေတပ်သားတွေရဲ့ မေတ္တာရပ်ခံချက်တွေအရက သားဂွဒ်ဟာ သူတို့အတွက် အသနားခံစာ ရေးသားတင်သွင်းပေးခဲ့တယ်။ အပြစ်ဒဏ်တွေ လျှော့ပေါ့ပေးတဲ့ အောင်မြင်မှုကို ရရှိခဲ့တယ်။ ဒါပေမဲ့ အဲန်အေအေစီပီ လိုက်ပေးခဲ့တဲ့ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ခုံရုံးတင်မှု အတော်များများမှာ ဒီလောက် အောင်မြင်မှု မရခဲ့ဘူး။ အကြောင်းတစ်ခုကတော့ အဲန်အေအေစီပီမှာ လူအားငွေအား မတောင့်တင်းခဲ့တဲ့အတွက် စစ်ပြီးမှ အမှုတွေကို လိုက်ပေးနိုင်ခဲ့လို့ဖြစ်တယ်။ ဒါပေမဲ့ အဲဒီအချိန်ကျတော့ မှတ်တမ်းနဲ့ သက်သေတွေရှာဖို့ ခက်ခဲသွားခဲ့ပြီ။

သားဂွဒ် မာရှယ်လ်နဲ့ အဲန်အေအေစီပီက တာဝန်ခံတွေ အာရုံ



မာတိကာသို့

ပိုပြီး မစိုက်လို့ မဖြစ်တဲ့ လူမည်းလက်နက်ကိုင်တပ်သားများရဲ့ အရေးပါမှုတွေလည်း ရှိခဲ့တယ်။ ၁၉၄၈ ခုနှစ်မှာ အိပ်တွဲပါ ရထားတွဲစောင့်သမဂ္ဂက ဖိလစ် ရန်းဒေါ့ဖ်က စစ်မှုထမ်းဥပဒေသစ်အရ စစ်ထဲဝင်ရေးမှာ လူမည်းတွေ စစ်ထဲ မဝင်ကြဖို့ အကြံပြုလှုံ့ဆော်ခဲ့တယ်။ ရန်းဒေါ့ဖ်ဟာ ပွင့်ပွင့်လင်းလင်း ပြောတတ်သူဖြစ်တယ်။ ပြည်ထောင်စုရဲ့ အကြီးမားဆုံး အဖွဲ့အစည်းဖြစ်တဲ့ လက်နက်ကိုင်တပ်တွေမှာ လူဖြူလူမည်း ခွဲခြားမှု ရှိနေခြင်းဟာ သာမန်အရပ်သားဘဝမှာ တိုးတက်မှု ရရှိအောင် ကြိုးစားနေတဲ့ လူမည်းများရဲ့ အားထုတ်မှုကို အနှောင့်အယှက် ဖြစ်စေလျက်ရှိတယ်လို့ သူက ငြင်းချက်ထုတ်ခဲ့တယ်။

အဲန်အေအေစီပီကတော့ ရန်းဒေါ့ဖ်ရဲ့ မဟာဗျူဟာက ကိုယ့်ကိုယ်ကိုယ် ပြန်ထိမှာဖြစ်တယ်ဆိုပြီး ပယ်ချခဲ့တယ်။ ဒါပေမဲ့ ရန်းဒေါ့ဖ် ရဲ့ သပိတ်မှောက်လမ်းစဉ်ကို လိုက်တဲ့ လူငယ်တွေကို အဲန်အေအေစီပီက တရားဥပဒေအကြောင်းဆိုင်ရာ အကူအညီပေးမယ်လို့ ကမ်းလှမ်းခဲ့တယ်။ စစ်တပ်တွေအတွင်းမှာ လူဖြူလူမည်း တစ်ပေါင်းတစ်စည်းတည်းဖြစ်ရေးအတွက် တိုးတက်လာတဲ့ လှုပ်ရှားမှုကို ဖိအားတွန်းပေးခဲ့တာဖြစ်တယ်။ အဲဒီလို ကြိုးပမ်းအားထုတ်မှုတွေဟာ ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှာ ထိုက်တန်တဲ့ဆုလာဘ်ကို ရရှိခဲ့တယ်။ အမေရိကန်သမ္မတ ထရူးမင်းက အုပ်ချုပ်မှု အမိန့်အမှတ် (၉၉၈၁) ကို ထုတ်ပြန်ပေးခဲ့ရာမှာ "လက်နက်ကိုင်တပ်ဖွဲ့များအတွင်း လူတိုင်းသည် လူမျိုး၊ အသားအရောင်၊ ဘာသာရေးနှင့် နိုင်ငံသားဇစ်မြစ်တို့ ခွဲခြားမှု မရှိဘဲ တန်းတူဆက်ဆံမှုနှင့် အခွင့်အရေးတို့ ရရှိကြစေရမည်" လို့ ဖော်ပြပေးခဲ့တာ ဖြစ်ပါတယ်။

၁၉၅၀ ခုနှစ်အလယ်ပိုင်းကာလမှာ ကိုရီးယားစစ်ပွဲ စဖြစ်ခဲ့တယ်။ အမေရိကန်လူမည်း တစ်သိန်းလောက်ဟာ ယူနီဖောင်းဝတ်စစ်သားတွေ ဖြစ်ခဲ့ကြတယ်။ ကြည်းတပ်မှာ ခြောက်သောင်း၊ လေတပ်မှာ သုံးသောင်းခွဲနဲ့ ကျန်တဲ့ သူတွေက ရေတပ်နဲ့ ကမ်းတက်တပ်တွေမှာ ပါဝင်ခဲ့ကြတယ်။ သမ္မတ ထရူးမင်းရဲ့ အမိန့်ကြောင့် ရေတပ်နဲ့ လေတပ်မှာ လူဖြူလူမည်း ပေါင်းစည်းရေးဟာ တိုးတက်မှု ရရှိခဲ့တယ်။ ဒါပေမဲ့ ကြည်းတပ်မှာတော့



မာတိကာသို့

အချိန်ဆွဲပြီး ပေကပ်ကပ်လုပ်နေကြတုန်း ဖြစ်ခဲ့တယ်။ တပ်သားအားလုံးက လူမည်းတွေဖြစ်ပြီး အရာရှိအပိုင်းမှာ အဖြူအမည်းရောပါတဲ့ ခြေလျင် တပ်ရင်း (၂၄) လို တပ်ရင်းမျိုးမှာ ဖြစ်နေဆဲပုံစံပါပဲ။ လူမည်းနဲ့ လူဖြူ စစ်သားတွေ ရောထွေးလိုက်ရင် တိုက်ခိုက်ရေးစိတ်ဓာတ်ကို ထိခိုက်ယိုယွင်း သွားစေနိုင်တယ်လို့ စိုးရိမ်ပုံကို ကြည်းတပ် တပ်ရင်းမှူးတွေက ထုတ် ပြောကြတုန်း ရှိတယ်။

အခြေအနေတွေက အဲဒီလို ရှိခဲ့ပေမယ့်လည်း အဲန်အေအေစီပီ ဒါရိုက်တာဘုတ်အဖွဲ့က "ကိုရီးယားတွင် ကွန်မြူနစ်တို့၏ ကျူးကျော်မှု ကို ဟန့်တားရန် အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ကြိုးပမ်းအားထုတ်မှုကို ထောက်ခံသည်" လို့ မဲပေးဆုံးဖြတ်ခဲ့ကြတယ်။ အဲန် အေအေစီပီရဲ့ ဆုံးဖြတ်ချက်မှာ "အမေရိကန်နိုင်ငံသည် ကွန်မြူနစ် မဟုတ် သော အာရှတိုက်နှင့် အာဖရိကတိုက်တို့၏ ထောက်ခံအားပေးမှုကို ရလို လျှင် ဒီမိုကရေစီဆိုသည်မှာ လူမျိုး၊ အသားအရောင်နှင့် နိုင်ငံသားစသည့် ကန့်သတ်ချက်များကို အသိအမှတ်မပြုသည့် ရှင်သန်နေသော အဖြစ်မှန် တစ်ခုဖြစ်ကြောင်း" ကို လက်တွေ့သရုပ်ဖော် ပြသရလိမ့်မည်ဖြစ်သည်။ ထို့အပြင် အဲန်အေအေစီပီက သာမန်အရပ်သူအရပ်သားများ၏နေ့စဉ်ဘဝ နဲ့လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ နေ့စဉ်ဘဝတို့တွင် ရှိနေသည့် အသား အရောင် ခွဲခြားမှုနှင့် လူမျိုးရေးအဆင့်အတန်း ခွဲခြားမှုပုံစံအားလုံးကို လျင်မြန် စွာနဲ့ ထိရောက်စွာ အရေးယူဆောင်ရွက်ရေးအတွက်လည်း အမေရိကန် အစိုးရနှင့် ပြည်သူလူထုထံ တောင်းဆိုလိုက်သည်။ လက်နက်ကိုင်အဖွဲ့ အစည်းများတွင် လူဖြူလူမည်းတပ်များ ခွဲခြားထားခြင်းကို ပယ်ဖျက်ရန် လုပ်ငန်းအခွင့်အရေးအတွက် တားဆီးပိတ်ဆို့မှု အခက်အခဲများကို ဖယ် ရှားပေးရန်နဲ့ လူဖြူလူမည်း ခွဲခြားမှုဝါဒ အဆုံးသတ်စေရေးတို့အတွက် တောင်းဆိုခဲ့ခြင်းဖြစ်တယ်။

ဒေသဆိုင်ရာ အဲန်အေအေစီပီ ရုံးခွဲတွေနဲ့ အမျိုးသားရုံးချုပ်တို့ မှာလည်း စစ်သားဒုက္ခများ အမှုတွဲတွေ တစ်ပုံကြီး ဝင်လာခဲ့ပါတယ်။



မာတိကာသို့ ▶▶

တက္ကဆက်စ်ပြည်နယ် ဖေါ်ဒ် ဘလစ်စ်ကလာတဲ့ စာတစ်စောင်မှာ စစ်ရေး လေ့ကျင့်မှုပြီးတဲ့အခါမှာ မျက်နှာဖြူစစ်သားတွေကို ဥရောပသို့ သင်္ဘောနဲ့ ပို့ပေးလိုက်ပြီး လူမည်းတွေကိုတော့ ကိုရီးယားစစ်ပွဲကို ပို့ပေးတယ်လို့ တိုင်ထားတယ်။ အင်ဒီရဲနားပြည်နယ် အက်တာဘာရီ တပ်စခန်းမှာ တပ်ရင်းမှူး လုပ်သူက လူဖြူလူမည်း စစ်သားတွေကို သီးခြားခွဲတန်းစီ ခိုင်းပြီး လူဖြူ လူမည်း ရောထွေးမှု မရှိစေရဘူးလို့ အမိန့်ပေးခဲ့တယ်။ အက်တာဘာရီ စခန်းက ကပွဲတစ်ခုမှာ လူမည်းစစ်သားတွေက မျက်နှာဖြူအမျိုးသမီးလေးတွေနဲ့ တွဲပြီးကခဲ့ကြတယ်။ အဲဒါကို ကပွဲတာဝန်ခံ မျက်နှာဖြူအမျိုးသမီးက တာဝန်ကျအရာရှိကို သွားတိုင်တဲ့အခါမှာ လူမည်းစစ်သားတွေကို ထွက်သွားကြဖို့ အမိန့်ပေးခဲ့ရတယ်လို့လည်းပါတယ်။ ဂျာမနီက လူမည်း တစ်ယောက်ရဲ့ စာမှာတော့ သူ့ကို မုဒိမ်းမှုနဲ့ မတရား မှားယွင်း စွပ်စွဲ ခံထားရတာကို လွတ်အောင် ကူညီပေးပါလို့ ရေးထားတယ်။

စိတ်အနှောင့်အယှက်ဖြစ်စရာ အကောင်းဆုံးအဖြစ်တစ်ခုကို ဖွင့်ဟတင်ပြခဲ့ပုံလည်း ပါဝင်ခဲ့တယ်။ မီနီဆိုးတားပြည်နယ်မှာ စစ်သား စုဆောင်းရေးအဖွဲ့က စစ်သားလောင်းတွေကို အယ်လ်လာဘားမားပြည်နယ်က ရပ်ကာစခန်းသို့ ပို့ပေးတယ်။ အဲဒီစစ်သားလောင်းတွေအတွက် အမိန့်စာမှာ "စာရွက်ပေါ်တွင် ဖော်ပြပါရှိသော အမည်များကို အခြားနည်းလမ်းဖြင့် ဖော်ပြခြင်း မရှိလျှင် မျက်နှာဖြူများ ဖြစ်ကြသည်" လို့ ရေးထားတယ်။ စစ်သားလောင်း ၁၁ ဦးရဲ့ အမည်တွေဘေးမှာတော့ ကြယ်ပွင့်လေးတွေ ပြထားတယ်။ သူတို့ဟာ လူမည်းများဖြစ်ကြတယ်လို့ အောက်ခြေ မှတ်စုမှာ ရှင်းလင်းဖော်ပြထားတယ်။

ရပ်ကာစခန်းမှာ လူဖြူနဲ့လူမည်းတွေကို သီးခြားခွဲထားပေးတယ်။ လူမည်းများအတွက် နေရတဲ့ စစ်တန်းလျားကအစ တာဝန်ချထားပေးတာအထိ ဘာမဆို ညံ့တာတွေပဲ ပေးခဲ့တယ်။ စစ်သားလောင်းတစ်ဦးက သူ့မိဘတွေဆီကို ပြန်ရေးတဲ့စာမှာ သူနဲ့ တခြားလူမည်းတွေကို လုပ်အားပေး (အလုပ်ကြမ်း) တပ်မကို ခွဲပို့ပေးခဲ့ပြီး နီးဂရိုးတွေကို နှိမ်တဲ့ မျက်နှာဖြူအရာရှိတွေရဲ့ လက်အောက်မှာ ထိုးအထည့်ခံခဲ့ရတယ်လို့ ရေးထားတယ်။



မာတိကာသို့

လူမည်းစစ်သားတွေကို အနီးအနားက မြို့လေးတွေကိုလည်း မသွားအောင် သတိပေးခဲ့တယ်။ သူတို့ကို မလေးမစား ဆက်ဆံကြလိမ့်မယ်၊ နှိမ်လိမ့်မယ်၊ ဆင်ခြေနည်းနည်းပေးရုံနဲ့ ထောင်ထဲကို ထည့်လိုက်လိမ့်မယ်လို့ လူမည်းစစ်သားတွေကို သတိပေးထားကြတယ်။ စစ်ပုလိပ်အားလုံးဟာ မျက်နှာဖြူတွေ ဖြစ်ကြတယ်။ လူမည်းစစ်သားနှစ်ဦးက အနီးအနားပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေထဲကို အရဲစွန့်သွားရင် မျက်နှာဖြူစစ်ပုလိပ်တွေက လူမည်းတွေကို နှိမ်တယ်၊ ဆဲတယ်လို့ လူမည်းစစ်သားနှစ်ဦးက တိုင်ခဲ့ကြတယ်။

အဲဒီလို ပြဿနာတွေက သားဂွဒ် မာရှယ်လ်နဲ့ အဲန်အေအေစီပီက တာဝန်ခံတွေကို စိတ်အနှောင့်အယှက်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ကိုရီးယားမှာ လူမည်းစစ်သားတွေ အဖမ်းခံရမှုနဲ့ စစ်ခုံရုံးတင်ခံရမှုတွေ အရှိန်နဲ့ တိုးတိုးလာတဲ့ ဖြစ်ရပ်ဟာ ထိတ်လန့်ဖွယ်ရာအကောင်းဆုံး ဖြစ်စေခဲ့တယ်။

မျက်နှာဖြူစစ်သားတွေကို အလားတူ စစ်ခုံရုံး အတင်ခံရတယ်လို့ သားဂွဒ် မာရှယ်လ် မကြားခဲ့မိရဘူး။ အဲဒါကြောင့် မိမိတို့ကိုယ်မိမိတို့ လူမျိုးရေးခွဲခြားမှုရဲ့ သားကောင်တွေ ဖြစ်ခဲ့ကြတယ်လို့ ဆုံးဖြတ်ကြတဲ့ လူမည်းစစ်မှုထမ်း မှန်သမျှအတွက် အဲန်အေအေစီပီက ရှိသမျှအစွမ်းကုန်အင်အားနဲ့ ခုခံကာကွယ်ပေးဖို့ အသင့်ရှိတယ်လို့ သားဂွဒ် မာရှယ်လ်က ကြေညာခဲ့တော့တယ်။ ကာယကံရှင်စစ်သားကဖြစ်စေ၊ သူ၏ ဆွေမျိုးသားချင်းတစ်ယောက်ယောက်က မေတ္တာရပ်ခံလာခဲ့မှသာ အရေးယူဆောင်ရွက်ပေးမယ်လို့လည်း မာရှယ်လ်က အထူးပြုပြောဆိုခဲ့ပါတယ်။

အဲဒီနောက်တော့ မေတ္တာရပ်ခံစာတွေ တစ်ပြုံကြီးရောက်လာခဲ့တော့တယ်။ ထောင်ဒဏ် အနှစ် ၂၀ အချခံခဲ့ရတဲ့ ဗာဂျီးနီးယားပြည်နယ်က ၂၃ နှစ်အရွယ် စစ်သားလေးက ရေးထည့်လိုက်တဲ့စာကို မိခင်ဖြစ်သူက အဲန်အေအေစီပီကို လွှဲပို့ပေးခဲ့တယ်။ "အမေရေ၊ ကိုရီးယားမှာ မတော်မတရားလုပ်နေတဲ့ မတရားမှုတွေရဲ့ဒဏ်ကို ခံနေရတဲ့ တခြားရဲဘော်



မာတိကာသို့

ရဲဘက်တွေ အများကြီးရှိပါသေးတယ်။ သားအပေါ် စီရင်ချက်ကို အဲန်အေအေစီပီအသင်းကြီးကို အသိပေးလိုက်စမ်းပါ” လို့ စစ်သားလေးရဲ့ စာထဲမှာ ရေးထားခဲ့တယ်။

သားဂွဒ် မာရှယ်လ်နဲ့ အဖွဲ့ကို စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ ပဟေဠိတစ်ခု ရှိသေးတယ်။ ဒီကနေ့အဖို့ သူရဲကောင်းဆန်ဆန် သတ္တိပြောင်မြောက်ခဲ့ကြတဲ့ ဒီတပ်သားတွေနဲ့ ဒီတပ်စုတွေဟာ နောက်တစ်နေ့ကျတော့ မျက်နှာဖြူတွေရဲ့ မျက်စိထဲမှာ သူရဲဘောကြောင်ပြီး သတ္တိနည်းသူတွေ ဖြစ်သွားကြခြင်းပဲ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ စစ်ခုံရုံးတင်မှုတွေအတွက် တိုက်ပွဲဝင်ပေးဖို့ မှတ်တမ်းမှတ်ရာတွေနဲ့ သက်သေတွေရဖို့ ရှာရခက်တာကို အဲန်အေအေစီပီက တွေ့ကြုံခဲ့ပုံကို မှတ်မိနေကြတယ်။ ဒါ့ကြောင့် ဒီတစ်ခါမှာတော့ အရှေ့ဖျားဒေသကို တစ်ယောက်ယောက် စေလွှတ်ပြီး တကယ်ဖြစ်ပျက်ခဲ့တဲ့နေရာမှာ ချက်ချင်းစုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခိုင်းရမယ်။ ဒါမှ အဖြစ်အပျက် ဇာတ်လမ်းအပြည့်အစုံကို ရှာဖွေဖော်ထုတ်လို့ ရနိုင်မယ်လို့ အဲန်အေအေစီပီက ဆုံးဖြတ်ခဲ့တယ်။ အဲဒီတာဝန်ဟာ သားဂွဒ် မာရှယ်လ်ရဲ့ အပေါ်မှာပဲ ကျရောက်ခဲ့တယ်။

“အမေရိကန်လူမည်းတွေကို အကာအကွယ်ပေးရေးနဲ့ သူတို့ရဲ့ အခွင့်အရေးတွေ တိုးတက်ရေးအတွက် ကျုပ်တို့က တာဝန်ယူခဲ့ကြတယ်။ စစ်ကာလအတွင်းမှာ စစ်မှုထမ်းနေတဲ့ ကျုပ်တို့အမျိုးသား၊ အမျိုးသမီးတွေကို အကာအကွယ်ပေးဖို့ ကျုပ်တို့ရဲ့အင်အားနဲ့ စွမ်းရည်တွေကို ဦးစားပေးသုံးစွဲဖို့တော့ သေချာလိုအပ်တယ်” လို့ သားဂွဒ်က ပြန်ပြောခဲ့တယ်။

ပထမမှာတော့ သားဂွဒ် မာရှယ်လ် အရှေ့ဖျားဒေသ လာရောက်ရေးခရီးစဉ်ကို ဗိုလ်ချုပ်ကြီး ဒပ်ဂလပ်စ် မက်အာသာက ခွင့်ပြုဖို့ ငြင်းဆိုခဲ့တယ်။ အဲဒါကြောင့် ဝေါ်လ်တာ ဝှိုက်က ဗိုလ်ချုပ်ကြီး မက်အာသာထံ ကြေးနန်းတစ်စောင် ရိုက်ခဲ့ရတယ်။

“ကိုရီးယားတွင် လူမည်းခြေလျင်စစ်သားများ အစုလိုက်အပြုံလိုက် အပြစ်ဒဏ်စီရင်ချက် အချခံလိုက်ရသော သတင်းများကြောင့်

လူမည်းအားလုံးနှင့် အခြားသန်းပေါင်းများစွာသော ပြည်သူများ အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

"စစ်ခုံရုံးတင်သော မှတ်တမ်းများကို စစ်ဆေးကြည့်ရှုရာတွင် စီရင်ချက် အချခံရသူများမှာ ဘက်မလိုက်သော တရားမျှတမှုကို မပေးနိုင်သည့် အခြေအနေများအောက်တွင် စီရင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

"၄င်းတို့သည် တရားမျှတမှုနှင့် ထိုက်တန်ကြသူများဖြစ်ကြသောကြောင့်လည်း အာရှတိုက်တစ်ခုလုံးတွင် မလွှဲမရှောင်သာ တွေ့နေရသော ကွန်မြူနစ်ဝါဒ ဖြန့်ချိမှုကို တန်ပြန်တိုက်ခိုက်နိုင်ရန်အတွက်လည်းကောင်း၊ ၄င်းတို့အနေဖြင့် အပြည့်အဝ တရားမျှတမှု ရရှိခြင်းကို ဗိုလ်ချုပ်ကြီး တွေ့မြင်လိုလိမ့်မည်ဟု ကျွန်ုပ်တို့ သေချာပေါက် ယုံကြည်ပါသည်"

တရားစီရင်မှုတွင် ပုံမမှန်မှုများနဲ့ မတရားမှုများ အထောက်အထား ရှိတယ်ဆိုခြင်းကို ဗိုလ်ချုပ်ကြီး မက်အာသာက ငြင်းဆိုခဲ့တယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ အမှုတွေကို သေသေချာချာစစ်ဆေးမှုကို စတင်ပြုလုပ်ပေးရန် စစ်ဆေးရေးမှူးချုပ်ကို အမိန့်ပေးခဲ့ပါတယ်။ သားဂွဒ်မာရှယ်လ်ကိုလည်း အရှေ့ဖျားဒေသကို လာခွင့်တံခါး ဖွင့်ပေးလိုက်တယ်။

အဲဒီအချိန်မှာ မာရှယ်လ်အတွက် အခက်အခဲတစ်ခုနဲ့ ကြုံခဲ့ရပြန်တယ်။ သူ့ရဲ့ အရှေ့ဖျားဒေသ ခရီးစဉ်အတွက် ခရီးစရိတ် ထုတ်ပေးဖို့အတွက် အဲန်အေအေစီပီဘဏ် စာရင်းမှာ ငွေအလုံအလောက် မရှိခဲ့ဘူး။ ဒါပေမယ့် ဒီခရီးစဉ်ဟာ သေရေးရှင်ရေး အရေးကြီးတဲ့အတွက် ငွေကို မဖြစ် ဖြစ်တဲ့နည်းနဲ့ ရအောင်ရှာခဲ့ရတယ်။ သူ့အနေနဲ့ အစစမှာ လိုတာထက် အများကြီးလျှော့ပြီး နေထိုင်သုံးစွဲရတော့မယ်လို့ သားဂွဒ်သဘောပေါက် ခဲ့မိတော့တယ်။

၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှာ သားဂွဒ် မာရှယ်လ်ဟာ အရှေ့ဖျားကို လိုက်လာခဲ့တယ်။ အဲဒီအချိန်အထိ သူ့ဘဝမှာ အရေးအကြီးဆုံးသော ခရီးစဉ်ဖြစ်တယ်လို့ မာရှယ်လ်က ယူဆခဲ့တယ်။ အမှန်တော့ ဒါမျိုးဟာ မာရှယ်လ်ရဲ့ အရေးပိုပြီးပါအောင် ပုံကြီးချဲ့ ပရိယာယ်ပုံစံ



မာတိကာသို့ ››

ဖြစ်တယ်။ တကယ်တော့ လူဖြူလူမည်း ခွဲခြားမှု ဆန့်ကျင်ရေးခြေလှမ်းတွေ စခဲ့ရတဲ့ တက္ကဆတ်စ်ပြည်နယ် ဒင်နီဆင်မြို့ကို သွားခဲ့ရတဲ့ ခရီးစဉ်ထက် အခု အရှေ့ဖျားတိုကျိုခရီးစဉ်ဟာ ပိုပြီး အရေးကြီးတယ်လို့ မာရှယ်လ် ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ တိုကျိုခရီးစဉ်ဟာ ၁၉၅၁ ခုနှစ်က *ဘရုစ္စနှင့် အဲလီးရစ်အမှု* အတွက် ချားလ်စတင်မြို့ကို သွားခဲ့ရတဲ့ ခရီးစဉ်ထက်လည်း ပိုပြီးအရေးမကြီးခဲ့ဘူး။ သူ့အတွက် ဘယ်အမှုဟာ အရေး အကြီးဆုံး ဖြစ်ခဲ့သလဲလို့မေးတိုင်း သားဂွဒ် မာရှယ်လ်က “နောက်တစ်မှုဟာ အရေးအကြီးဆုံး” လို့ အမြဲတမ်းဖြေလေ့ရှိတယ်။ လူမည်းကြည်း တပ်နဲ့ ရေတပ် စစ်သားများ ဒုက္ခရောက်ခဲ့မှုဟာ သူပြောလေ့ရှိတဲ့ “နောက်တစ်မှု” ဖြစ်လာခဲ့ရုံသာမကဘူး၊ အဲဒီအချိန်က သန်းပေါင်းများစွာသော အမေရိကန် ပြည်သူတွေရဲ့ ခေါင်းထဲမှာ ထိပ်ဆုံးက စိတ်ဝင်စားနေခဲ့တဲ့ ကိစ္စလည်း ဖြစ်ခဲ့တယ်။ မာရှယ်လ်ဟာ နာရီပေါင်း ၄၁ နာရီ ကြာပြီးတဲ့နောက် တိုကျိုကို ဆိုက်ရောက်သွားခဲ့တယ်။ တပ်မတော်ရဲ့ အကူအညီနဲ့ ဟိုတယ်တစ်ခု ကို ရှာရတာက တစ်ရက်ကုန်ခဲ့တယ်။ ဗိုလ်ချုပ်ကြီး မက်အာသာနဲ့ သူ့ရဲ့ စစ်ရေးချုပ် ဗိုလ်ချုပ်ကြီး ဒွိုင်းလ် ဟစ်ကီတို့နဲ့ ချက်ချင်း တွေ့ဆုံပြီး လုပ်ငန်းစခဲ့တယ်။

“လူမည်းများဟာ ကြည်းတပ်ရဲ့ နဂိုရှိ လူဖြူလူမည်း ခွဲခြားရေး ပေါ်လစီများရဲ့ အခြေအနေများအောက်မှာ လူမျိုးရေးဘက်လိုက်မှုနဲ့ မတရားသော စစ်ဆေးမှုတို့ရဲ့ သားကောင်များ ကောင်းကောင်း ဖြစ်နိုင်စရာအကြောင်းရှိတယ်လို့ ထင်မိပါတယ်” လို့ သားဂွဒ် မာရှယ်လ် က ဗိုလ်ချုပ်ကြီးများကို ပွင့်ပွင့်လင်းလင်း ပြောပြခဲ့ပုံကို အဲန်အေအေစီပီ ဌာနချုပ်ကို ပြန်ပြီး သတင်းပို့ခဲ့တယ်။ ဗိုလ်ချုပ်ကြီး မက်အာသာက သူ့ရဲ့လက်အောက်မှာ ရှိသူတိုင်းက သားဂွဒ် မာရှယ်လ်ကို အစွမ်းကုန် ပူးပေါင်းဆောင်ရွက်မှု ပေးကြဖို့ တိုက်တွန်းပြောဆိုခဲ့တယ်။

သားဂွဒ်ရဲ့ ပထမဆုံးအလုပ်တာဝန်ကတော့ ထောင်ကျနေတဲ့ စစ်သားတွေကို တွေ့ဆုံမေးမြန်းရတာဖြစ်တယ်။ နေ့တိုင်း နံနက် ၉ နာရီ အချိန်မှာ မက်အာသာရဲ့ စစ်ဌာနချုပ်က ကားတစ်စီးက သားဂွဒ် မာရှယ်လ်



မာတိကာသို့

ကို လာပြီးခေါ်ပေးတယ်။ အဲဒီနောက် တိုကျိုမြို့အပြင်ဘက်က စစ်ဆေးရေးရုံးချုပ်နဲ့ ခံတပ်စခန်းတို့ကို ပို့ပေးတယ်။ အဲဒီမှာပဲ စစ်သားတွေကို သီးသန့်အခန်းတစ်ခန်းမှာ တစ်ယောက်ချင်း ခေါ်မေးခြင်းကို ညနေ ၄ နာရီခွဲအထိ လုပ်ရတယ်။ နေ့လယ်ထမင်းစားချိန် ခဏနားပြီး အရာရှိရိပ်သာမှာ နေ့လယ်စာ စားရတယ်။

ညနေပြန်လာပြီးတဲ့နောက် ဟိုတယ်မှာ ညစာစားတယ်။ ပြီးတာနဲ့ သူရရှိခဲ့တဲ့ သတင်းအချက်အလက်တွေကို ပြန်ပြီး သုံးသပ် စိစစ်မှုလုပ်ပြီး ပါလာတဲ့ လက်သယ် လက်နှိပ်စက်ကလေးနဲ့ အစီရင်ခံစာကို သုတ်သုတ် ရိုက်ရတယ်။

သားဂွဒ်ရဲ့ ခရီးစဉ်ကို စပြီး အဆိုပြုခဲ့တုန်းက ဗိုလ်ချုပ်ကြီး မက်အာသာနဲ့ လက်ထောက်တွေက လိုလိုလားလား ဖော်ရွေမှု မပြခဲ့ကြဘူး။ ဒါပေမဲ့ သားဂွဒ် မာရှယ်လ် တိုကျိုမြို့မှာ နေတဲ့ကာလအတွင်းမှာတော့ အဲဒီအပြုအမူမျိုးတွေ မတွေ့ခဲ့ရဘူး။ စစ်ရေးချုပ်နဲ့ သူ့ဝန်ထမ်းအရာရှိတွေကို အချိန်မရွေးခေါ်ပြီး မေးမြန်းလို့ရတယ်။ စစ်ရှေ့နေချုပ်ကိုလည်း တွေ့လို့ရတယ်။ ဗိုလ်ချုပ်ကြီး မက်အာသာနဲ့ ဗိုလ် ချုပ်ဟစ်ကီတို့ဆီကိုလည်း အမြဲဝင်ထွက်သွားလာနိုင်တယ်။ ပြီးတော့တခြားလူတွေကိုလည်း ဘယ်သူ့မဆို လွတ်လွတ်လပ်လပ် စကားပြောဆိုခွင့် ရခဲ့တယ်။ ဒီလိုအခြေအနေတွေကြောင့် သားဂွဒ်က "ကတ္တိပါဇကော်ဇောနီကို ဂုဏ်ရှိရှိနဲ့ ခင်းပေးတာကို သတိထားကြနော်" လို့ နယူးယောက်မြို့မှာရှိတဲ့ အဲန်အေအေ စီပီက လူတွေကို လှမ်းပြီး သတိပေးခဲ့တယ်။ သူ့ရဲ့ကိုယ်စောင့်နတ်က ဗိုလ်ချုပ်မက် အာသာဟာ လူမျိုးရေးခွဲခြားမှုဝါဒီတစ်ဦး ဖြစ်တယ်လို့ သူ့ကို အသိပေးခြင်းကြောင့်ပင်။

သားဂွဒ် မာရှယ်လ်ဟာ ခံတပ်တွင်း ဝင်ရောက်ပြီး နေ့စဉ်စစ်ဆေးမေးမြန်းမှုတွေကို ရက်သတ္တ သုံးပတ်ကြာ လုပ်ခဲ့တယ်။ အဲန်အေအေစီပီကို စာရေးပြီး အကူအညီတောင်းခဲ့ကြတဲ့ လူမည်းတရားခံ ၃၆ ဦးအနက်က ၃၄ ဦးကို တွေ့ဆုံမေးမြန်းခဲ့တယ်။ တရားစွဲခံခဲ့ရတဲ့သူတွေနဲ့ တစ်တပ်စုတည်းက အသိသက်သေ လူမည်းစစ်သားနဲ့ အရာရှိ တစ်ဒါဇင် လောက်



မာတိကာသို့

ကိုလည်း မေးမြန်းခဲ့တယ်။

သားဂွဒ်ဟာ တစ်ခါတစ်ရံမှာတော့ သူစစ်ဆေးမေးမြန်းပြီးခါစ လူတွေဆီကို တစ်ခေါက်ပြန်သွားကြည့်ခဲ့တယ်။ သူတို့ကို ပြော တာတွေ အမြီးအမောက် တည့်ရဲ့လားဆိုတာ သွားပြီးစစ်တဲ့သဘောပဲ။ "ကျုပ်က တော့ အတင်းစကားနဲ့ အဖြစ်မှန်အချက်အလက်ကို ခွဲခြားတယ်။ သူများ တွေ ပြောတဲ့ ကြားစကားနဲ့ အဖြစ်မှန်ကို ခွဲခြားတယ်။ အဖြစ်မှန်နဲ့ ပိုပြီး ချဲ့ကား ပြောဆိုမှုတွေကို ခွဲထုတ်တယ်။ ကျုပ်က အမှုတစ်ခုအတွက် အမြဲ တမ်း အဲဒီလိုပဲလုပ်တယ်။ ဘယ်ရှေ့နေမဆို အဲဒီလိုပဲ လုပ်ကြရလိမ့်မယ်" လို့ သူက ပြန်ပြောပြခဲ့တယ်။

"သူတို့ပြောတာတွေထဲက တစ်ဝက်ပဲ မှန်ဦးတော့၊ တကယ့် အာဂဖြစ်ရပ်တွေပဲ။ မယုံနိုင်စရာ ဇာတ်လမ်းတွေလည်း တစ်ခုပြီးတစ်ခု ကြားခဲ့ရတယ်" အဲဒီလိုပြောပြီး ထူးဆန်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို မာရှယ်လ် က ပြန်ပြောပြခဲ့တယ်။

လူမည်းစစ်သားလေးတစ်ယောက်ဟာ သူရဲဘောကြောင်မှုနဲ့ အပြစ်ဒဏ်အပေးခံခဲ့ရတယ်။ သူဟာ ၁၅ နှစ်သားအရွယ်နဲ့ စစ်ထဲကို ဝင် ခဲ့သူဖြစ်တယ်။ သူ့အသက်အရွယ်ကို အမှန်အတိုင်း ထုတ်ပြောခဲ့ရင် ကိုရီး ယားစစ်ပွဲကိုတောင် ရှောင်လို့ ရနိုင်ခဲ့တယ်။ ဒါပေမယ့် သူရဲဘောကြောင် တယ်ဆိုတဲ့ ကောင်လေးဟာ ကိုရီးယားရှေ့တန်းစစ်မျက်နှာမှာ ရင်ကော့ တိုက်ခဲ့သူလည်းဖြစ်တယ်။ မာရှယ်လ်ကတော့ အဲဒီစစ်သားလေးရဲ့ အမှု ဟာ အကွက်ဆင်လုပ်ခဲ့တဲ့အမှု လို့ပဲ ခေါ်ဆိုခဲ့တယ်။ စစ်သားလေးကို သူရဲဘောကြောင်မှုနဲ့ စီရင်ချက်အချခံခဲ့ရတဲ့နေ့မှာ အသက် ၁၈ နှစ် ပြည့် ဖို့ ၁၁ ရက် လိုခဲ့သေးတယ်။ မာရှယ်လ်က သေသေချာချာမေးတော့မှပဲ စစ်သားလေးက သူ့အသက်ကို အမှန်အတိုင်း ထုတ်ပြောခဲ့တာဖြစ်တယ်။

တပ်သား မော်ဂင်ဆိုသူနဲ့လည်း မာရှယ်လ် မေးမြန်းခွင့် ရခဲ့ တယ်။ မော်ဂင်ကို တာဝန်ချိန် ပျက်ကွက်မှုနဲ့ တရားစွဲပြီး အလုပ်ကြမ်း နဲ့ ထောင်ဒဏ် ၁၀ နှစ် ချခဲ့တယ်။ သူ့ကို တာဝန်ချိန်မှာ မရှိဘူးလို့ စွပ်



မာတိကာသို့

စွဲခဲ့တဲ့ အချိန်မှာ သူဟာ တပ်မတော်ဆေးရုံမှာ တက်နေခဲ့ရတဲ့အချိန်ဖြစ်ပါတယ်လို့ မော်ဂင်က အထောက်အထားနဲ့ ပြနိုင်ခဲ့ပေမယ့် ထောင် ၁၀ နှစ် အချခံခဲ့ရတယ်။

မာရှယ်လ်ဟာ လီရော်န် ဂီးလ်ဘတ်နဲ့လည်း ခြောက်ကြိမ်တွေ့ဆုံခဲ့တယ်။ ဂီးလ်ဘတ်ရဲ့ အထက်အရာရှိဗိုလ်က သူ့အပေါ်မှာ မတရားလုပ်ခဲ့ပုံ၊ စစ်ခုံရုံးအဖွဲ့ဝင်အားလုံးဟာ မျက်နှာဖြူတွေချည်း ဖြစ်ခဲ့ပုံ၊ တရားခံဘက်က သက်သေများကို ခုံရုံးတော်က လက်မခံခဲ့ပုံတွေကို မာရှယ်လ်သိခဲ့ရတယ်။

ဂီးလ်ဘတ်ကို ဆေးမှူး သုံးဦးပါတဲ့ ဘုတ်အဖွဲ့တစ်ဖွဲ့က စစ်ဆေးခဲ့တယ်။ ဂီးလ်ဘတ်ကို စစ်ဆေးခဲ့ချိန်က သူဟာ စိတ်လှုပ်ရှားမှု ဖြစ်နေခဲ့ပေမယ့် အမှန်နဲ့အမှားကို ခွဲခြားသိနိုင်စွမ်း ရှိခဲ့တယ်။ သူ့အခြေအနေဟာ ပြင်းထန်ဆိုးဝါးတဲ့ စိုးရိမ်မှုနဲ့ တုံ့ပြန်တဲ့ အခြေအနေမှာ ရှိခဲ့တယ်။ အာရုံကြောများ အားနည်းမှုရောဂါ ဖြစ်ခဲ့ချိန်မို့ အမိန့်ပေးတဲ့တာဝန်ကို မဆောင်ရွက်နိုင်ခဲ့တာဖြစ်တယ်လို့ စိတ်ရောဂါဆရာဝန်တစ်ဦးက မှတ်ချက်ရေးခဲ့တယ်။ ဂီးလ်ဘတ်က သူဟာ အမှုမဖြစ်ခင်က ခြောက်ရက်လုံးလုံး အိပ် မရတာဖြစ်ခဲ့ပြီး အစာမစား၊ ရေလည်း မသောက်နိုင်ခဲ့ဘဲ ဝမ်းကိုက်ရောဂါလည်း ခံစားခဲ့ရကြောင်းကို ရှင်းလင်းပြခဲ့တယ်။

ဂီးလ်ဘတ်အပေါ် စွဲချက်တင်ထားမှုအားလုံးကို ပယ်ဖျက်ပေးဖို့ သားဂွဒ် မာရှယ်လ်က သမ္မတထရူးမင်းထံကို တိုက်ရိုက်စာရေးခဲ့တယ်။ တပ်မတော်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှု မှတ်ချက်များအရ ဂီးလ်ဘတ်အပေါ်တွင် စွပ်စွဲမှုများအတွက် သူ့မှာ တာဝန်မရှိကြောင်းနဲ့ သူ့ကို တရားမျှတတဲ့ စစ်ဆေးမှု မပြုလုပ်ခဲ့ကြောင်းတို့ကို မာရှယ်လ်ရဲ့စာထဲမှာ ဖော်ပြခဲ့တယ်။

တိုကျိုမှာ ရက်သတ္တ သုံးပတ်ကြာ တွေ့ဆုံမေးမြန်းမှုတွေ ပြုလုပ်အပြီးမှာ သားဂွဒ် မာရှယ်လ်က ကိုရီးယားကို လိုက်သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ ကိုရီးယားရှေ့တန်းက စစ်သားတွေနဲ့ တွေ့ဆုံစကားပြောရမယ်။ စစ်ခုံရုံးရဲ့ အပြည့်အစုံ မှတ်တမ်းတွေကို ဖတ်ကြည့်ရမယ်။ ပူးဆန်းမြို့မှာရှိတဲ့ အစီ



မာတိကာသို့

ရင်ခံစာတွေ၊ အမိန့်တွေနဲ့ တခြားမှတ်တမ်းတွေကို စစ်ဆေးမေးမြန်းဖို့ လိုသေးတယ်လို့ မာရှယ်လ် စဉ်းစားခဲ့တယ်။ မာရှယ်လ်ဟာ ကိုရီးယားမှာ ရှစ်ရက်ကြာ နေထိုင်ပြီး ခြေလျင်တပ်ရင်း(၂၄) ရဲ့ တပ်ခွဲအားလုံးက အနည်းဆုံး နှစ်ဦးစီကို တွေ့ဆုံမေးမြန်းခဲ့တယ်။ ပြီးတော့ တွဲဖက်ထားတဲ့ မြေပြင် ပစ် အမြောက်တပ် အမှတ် (၁၅၉) တပ်စုတွေက နှစ်ဦးစီကိုလည်း တွေ့ဆုံမေးမြန်းခဲ့တယ်။ သူတွေ့ဆုံမေးမြန်းခဲ့တဲ့ နေရာဟာ အနီးအနားမှာ ဖြစ် နေတဲ့ တိုက်ပွဲက ဗုံးသံ၊ သေနတ်သံတွေကို ကြားနေရတဲ့နေရာ ဖြစ်ခဲ့တယ်။

တစ်ကြိမ်မှာတော့ သားဂွဒ် မာရှယ်လ်ကို ဆိုးလ်မြို့ပေါ်က ဖြတ်ပြီး ကုလသမဂ္ဂတပ်တွေရှိတဲ့ အဝေးဆုံး ရှေ့တန်းစစ်မျက်နှာတစ်နေရာအထိ ရဟတ်ယာဉ်စီးခဲ့လို့ သွေးပေါင် တိုးလာပုံကိုလည်း ပြောပြပါတယ်။

ကိုရီးယားမှာ ရောက်နေတဲ့ မျက်နှာဖြူစစ်သားဦးရေက လူမည်း စစ်သားဦးရေထက် လေးဆနီးပါးလောက် ပိုပြီး များခဲ့တယ်။ ဒါပေမယ့် စစ်ဥပဒေအပိုဒ်(၇၅) ချိုးဖောက်မှုတွေရဲ့ သုံးပုံနှစ်ပုံက လူမည်းတွေဖြစ်နေပုံကို သားဂွဒ် မာရှယ်လ် တွေ့ရှိခဲ့ရတယ်။ စစ်ရှေ့နေချုပ်ရဲ့ အမှုထမ်းအားလုံးလိုလိုဟာ မျက်နှာဖြူတွေ ဖြစ်ကြတယ်။ ခုံရုံးမှာ စစ်ဆေးတဲ့ ရှေ့နေ၊ တရားသူကြီးနဲ့ စစ်ဆေးရေးအရာရှိတွေကလည်း အားလုံး မျက်နှာဖြူတွေ ဖြစ်ခဲ့ကြတယ်။

အမှုအတော်များများဟာ တရားဥပဒေနဲ့ မညီညွတ်ဘဲ အလောတကြီး စီရင်ချက် ချခဲ့တာတွေက များတယ်။ တရားစွဲခံရတဲ့ စစ်သားတွေကို ညအခါမှာ မြေကတုတ်ကျင်းတွေထဲက ဆွဲခေါ်သွားတယ်။ စစ်ခုံရုံးရှိတဲ့ နေရာတွေကို ညတွင်းချင်း ပို့ပေးပြီး နောက်တစ်နေ့နံနက် ၉ နာရီမှာ ရုံးတင်စစ်ဆေးတယ်။ တရားခံတွေဟာ ရှေ့နေရှေ့ရပ်တွေနဲ့ တိုင်ပင်ပြောခွင့် အချိန်မရခဲ့ကြဘူး။ အမှု မစစ်ဆေးခင်မှာ စကားပြောခွင့် ၁၅ မိနစ်ပဲ အချိန်ပေးခဲ့တယ်။ တရားစွဲခံရသူတွေ တစ်ဦးချင်းရဲ့ အမှုတွေအတွက် ယုံကြည်လောက်တဲ့ အထောက်အထားတွေ မတင်ပြခဲ့ဘူး။



မာတိကာသို့ ››

အမှန်နဲ့အမှားကို ခွဲခြားပြနိုင်ဖို့ အားထုတ်မှု အလွန့်အလွန် နည်းပါးခဲ့တယ်လို့ သားဂွဒ်က မှတ်ချက်ချခဲ့တယ်။

စစ်ခုံရုံးတချို့ဟာ စစ်မြေပြင်နဲ့ ကိုက် ၂၀၀ သာ ဝေးပြီး တစ်နေ့ကို အများဆုံး လေးမှုအထိ စစ်ဆေးခဲ့တာရှိတယ်။ စစ်သားနှစ်ဦးဟာဆိုရင် အမှုစစ်ဆေးချိန် ၅၀ မိနစ်သာ ကြာခဲ့ပြီး ထောင်ဒဏ် တစ်သက်စီ စီရင်ချမှတ်တာ ခံခဲ့ကြရတယ်။

ဒီလိုဖြစ်နေတာတွေ တွေ့ရတော့ တရားစွဲခံရသူအတော်များများက ပြစ်ဒဏ်လျှော့ပေါ့အောင်ဖြစ်စေ၊ တရားဥပဒေနဲ့အညီ ထုချေတာမျိုးဖြစ်စေတောင် မလုပ်ကြတော့ဘူး။ စိတ်ပျက်လက်ပျက်နဲ့ တစ်ခါတည်းအားလျှော့လိုက်ကြတော့တယ်။ အကျဉ်းသားတစ်ဦးက “ကျွန်တော်တို့ ကြိုးစားလည်း အလကားပဲ။ ကျွန်တော်တို့ကို ခုံရုံးတင် အစစ်ခံရပြီဆိုကတည်းက အပြစ်ပေးခံရမှာ သေချာတာကို ကျွန်တော်တို့ သိနေပြီလေ။ ကျွန်တော်တို့ ဘာများ မျှော်လင့်လို့ရမလဲ။ ဘယ်လိုအဖြေထွက်လာမလဲဆိုတာ ကျွန်တော်တို့ သိထားခဲ့ကြပြီပဲ” လို့ ထုတ်ပြောခဲ့တယ်။

သားဂွဒ် မာရှယ်လ်က စစ်သက်ရင့် တပ်ကြပ်ကြီးတစ်ဦးကို သူတွေ့ခဲ့ရတဲ့ လူတွေထဲမှာ အသိမ်မွေ့ဆုံးလူကောင်းတစ်ယောက်လို့ ခေါ်ဆိုခဲ့တာရှိတယ်။ အဲဒီတပ်ကြပ်ကြီးဟာ ရှေ့တန်းစစ်မျက်နှာမှာ သုံးလကြာနေခဲ့ရတဲ့အချိန်မှာ ဒဏ်ရာရတဲ့ ရဲဘော်တွေကို သူ့ပခုံးပေါ်မှာထမ်းပြီး ပြန်သယ်ပေးတဲ့အလုပ်ကိုလည်း လုပ်တယ်။ သူ့တပ်စုက အရာရှိတွေကျဆုံးခဲ့လို့ အုပ်ချုပ်အမိန့်ပေးမှုတာဝန်ကိုယူပြီး တစ်နေ့တစ်နေ့ ရှုပ်ရှုပ်ရှဲရှဲ ရဲရဲရင့်ရင့်လည်း တိုက်ခဲ့တာ သုံးကြိမ်ထက်မနည်း ရှိခဲ့တယ်။ ဒါပေမယ့် သူဟာ အမိန့်မနာခံမှုနဲ့ ခုံရုံးတင် အစစ်ခံခဲ့ရတယ်။ အမှုစစ်ဆေးချိန်မှာ သူ့အိတ်ကပ်ထဲမှာ စစ်မြေပြင်တာဝန်ခံ ဆေးမှူးရဲ့ ထောက်ခံချက်စာရွက်က အသင့်ရှိနေတယ်။ သူဟာ စစ်ပန်းတော့မယ့်ဆဲဆဲ အခြေအနေမှာ ရှိနေလို့ နောက်တန်းကိုပြန်ပို့ပြီး အနားပေးသင့်တယ်လို့ ဆရာဝန်က ရေးထားတဲ့ ဆေးစာကို အဲဒီတပ်ကြပ်ကြီးက သူ့ရဲ့ရှေ့နေကို တစ်ခါမှ ထုတ်မပြောခဲ့သူဖြစ်တာကို သားဂွဒ် မာရှယ်လ် တွေ့ရှိခဲ့ရတယ်။



မာတိကာသို့ ▶▶

မာရှယ်လ် တွေ့ဆုံမေးမြန်းခဲ့တဲ့ ရှေ့တန်းရောက်ပြီး လိုအပ်ရင် တိုင်းပြည်အတွက် အသက်အသေခံတိုက်ဖို့ ပြင်ဆင်နေကြတဲ့ လူမည်း စစ်သားတွေက သူတို့ကို မျက်နှာဖြူအရာရှိတွေက မလေးမခန့် လှောင်ပြောင်ခဲ့ကြတဲ့အကြောင်း "ငါကတော့ မင်းတို့နီးဂရိုးတပ်သားတွေကို အထင်မကြီးဘူး။ မင်းတို့ကို အမိန့်လည်း မပေးချင်ဘူး။ မင်းတို့တပ်က မကောင်းတဲ့နေရာမှာ ချာတူးလန်မှ ချာတူးလန်တပ်၊ စစ်ဘယ်လို တိုက်ရမလဲ မသိတဲ့အကောင်တွေ---" လို့ မျက်နှာဖြူအရာရှိတစ်ဦးက ဖြောင်ကြေညာ ပြောဆိုခဲ့ပုံအကြောင်းကို ပြန်ပြောခဲ့ကြတယ်။

မျက်နှာဖြူအရာရှိတိုင်းဟာ အဲဒီအရာရှိလိုတော့ မဟုတ်ခဲ့ကြပါဘူး။ ဒါပေမဲ့ အဲဒီလို သဘောထားမျိုးက ကျယ်ပြန့်နေခဲ့တော့ လူမည်းစစ်သားတွေနဲ့ သူတို့ရဲ့ ခေါင်းဆောင်အရာရှိတွေကြားမှာ အယုံအကြည် မရှိမှုတွေ ဖန်တီးပေးခဲ့တယ်။ အဲဒီလိုဖြစ်ခဲ့တဲ့အတွက် နှစ်ဖွဲ့စလုံးက တစ်ဦးကိုတစ်ဦး အပြည့်အဝ အကာအကွယ်ပေးဖို့ မကြိုးစားကြတော့ဘူး။ ဒီတော့ လူမည်းစစ်သားတွေရော၊ မျက်နှာဖြူအရာရှိတွေရော ကျဆုံးတဲ့နှုန်း ပိုပြီးများဖို့ ဖြစ်ခဲ့တော့တယ်။ သားဂွဒ် မာရှယ်လ်ရဲ့ ခရီးစဉ်ရဲ့အရေးအပါဆုံးဖြစ်ခဲ့ပုံကို အဲဒီတွေ့ရှိချက်တစ်ခုက သက်သေထူနိုင်ခဲ့တယ်။

အကြီးအကျယ် အံ့သြဖွယ်ရာ စာရင်းဇယားတချို့ကိုလည်း သားဂွဒ် မာရှယ်လ် တွေ့ခဲ့ရတယ်။ ၁၉၅၀ ခုနှစ်၊ ဩဂုတ်လက အောက်တိုဘာလအတွင်းမှာ လူမည်း ၃၂ ဦးကို စစ်ဥပဒေပုဒ်မ (၇၅) ကို ချိုးဖောက်မှုနဲ့ စီရင်ချက်ချတာ ခံခဲ့ရပေမယ့် အပြစ်ကျတဲ့ မျက်နှာဖြူက နှစ်ဦးသာ ရှိခဲ့တယ်။ လူမည်း ၃၂ ဦးအနက်က တစ်ဦးဟာ သေဒဏ်အပေးခံခဲ့ရပြီး ၁၅ ဦးက ထောင်ဒဏ်တစ်သက် အချခံခဲ့ရတယ်။ ဆယ့်လေးဦးက ထောင်ဒဏ် ၁၀ နှစ်၊ အနှစ် ၂၀၊ အနှစ်အစိတ်ကနေ အနှစ် ၅၀ အထိ အပြစ်ပေးခံခဲ့ရတယ်။ နှစ်ဦးတည်းသာ ထောင်ဒဏ် ငါးနှစ်ကျတာ ရှိခဲ့တယ်။ မျက်နှာဖြူနှစ်ဦးအနက်မှာတော့ တစ်ဦးက ထောင်ဒဏ် သုံးနှစ်ကျခဲ့ပြီး ကျန်တစ်ဦးက ငါးနှစ် ကျခဲ့တယ်။ (သူက အရက်စွဲနေသူတစ်ဦးဖြစ်တယ်လို့ ခုခံကာကွယ်မှု ပြုခဲ့တယ်။)



မာတိကာသို့

"နီးဂရိုးလူမည်းတွေ အများကြီးကို သူ့ရဲဘောကြောင်မှုနဲ့ တရားအစွဲခံရပြီး မျက်နှာဖြူတွေကျတော့ ဘာ့ကြောင့် နည်းနည်းလေးပဲ တရားအစွဲခံရသလဲ"

ဘယ်သူကမှ အဖြေမပေးခဲ့သေးတဲ့ ဒီမေးခွန်းကို သားဂွဒ် မာရှယ်လ် စဉ်းစားခဲ့မိပါတယ်။ သူကတော့ လူမည်းတွေဟာ ဘယ်သူတစ်ဦးတစ်ယောက်ထက်မှ ပိုပြီး သူ့ရဲဘောကြောင်သူတွေ မဟုတ်သလို လျော့ပြီးတော့ သတ္တိနည်းသူတွေလည်း မဟုတ်ဘူးလို့ နားလည်ထားခဲ့တယ်။

အစက နှစ်ပတ်၊ သုံးပတ်လို့ ထင်ခဲ့တဲ့ မာရှယ်လ်ရဲ့ ခရီးစဉ်ဟာ ရက်သတ္တ ငါးပတ်အထိ ဖြစ်သွားခဲ့တယ်။ ဖေဖော်ဝါရီလ မှာ မာရှယ်လ် ပြန်လာခဲ့တယ်။ အမေရိကကို ပြန်လာတဲ့အခါမှာ နယူးယောက်က သူ့အိမ်ကို တန်းမပြန်ခဲ့ဘူး။ သူစုံစမ်းစစ်ဆေးတွေ့ရှိခဲ့ရတဲ့ "ရှက်ဖွယ်ဇာတ်လမ်း" ကို ပြန်ပြောပြဖို့ ဆဲန်ဖရဲန်စစ္စကို၊ ကင်းဆပ်စ် စီးတီးနဲ့ ရှီကာဂိုမြို့တွေကို ဝင်ခဲ့တယ်။ ကြီးမားတဲ့ လူထုပရိသတ်တွေရှေ့မှာ ပြန်ပြောပြပြီး သူ့အတွက် ကုန်ကျစရိတ်ကို ပြန်ပေးဖို့ ရန်ပုံငွေ အလှူခံခဲ့တယ်။ နောက် တစ်ပတ်အကြာမှာတော့ သားဂွဒ် မာရှယ်လ်ရဲ့ ကိုရီးယားအစီရင်ခံစာကို အဲန်အေအေစီပီက ပုံနှိပ်ဖြန့်ဝေပေးလိုက်တယ်။ သူမေးခဲ့တဲ့ မေးခွန်းတွေအတွက် အဖြေနည်းလမ်းတချို့ကိုလည်း သူပြောခဲ့တဲ့ မိန့်ခွန်းတွေမှာ ထည့်ပြောခဲ့တယ်။ သူ့ရဲ့ အစီရင်ခံစာထဲမှာလည်း ဖော်ပြခဲ့တယ်။

"လူမည်းစစ်သားတွေနဲ့ မျက်နှာဖြူအရာရှိတွေအကြားမှာ ရှိနေတဲ့ တင်းမာမှုနဲ့ နှစ်ဖက်စလုံးကို အန္တရာယ်ကြီးမားတဲ့ အကျိုးသက်ရောက်စေမှုဟာ သော့ချက်ပြဿနာတစ်ခုဖြစ်တယ်။ အဲဒီအခြေအနေဟာ စစ်ခုံရုံးတင်မှုတွေ ဖြစ်စေတဲ့ အကြောင်းရင်းတစ်ခု ဖြစ်တယ်လို့ ကျွန်တော် ယုံကြည်တယ်။ အရာရှိတွေ ကျဆုံးမှုနှုန်း များပြားခြင်းအတွက် တစ်ဦးဦးအပေါ်မှာ အပြစ်ပုံချဖို့ လိုအပ်လာတယ်။ ဒီအခါမှာ လူမည်းစစ်သားဟာ အသာလေးနဲ့ ဓားစာခံ ဖြစ်သွားရှာတယ်" လို့ သားဂွဒ် မာရှယ်လ်က နိဂုံးချုပ် မှတ်ချက်ချခဲ့တယ်။



မာတိကာသို့ ▶▶

မာရှယ်လ် ထောက်ပြခဲ့တဲ့ နောက်ပြဿနာတစ်ချက်ကတော့ လူမည်းတပ်သားတွေဟာ စွမ်းရည်ကောင်းလွန်းပြီး သတ္တိလည်း ရဲလွန်းတယ်လို့၊ တချို့အပိုင်းမှာ စိုးရိမ်မကင်းဖြစ်မှုတွေ ရှိလာခဲ့ပုံရတယ်လို့ ဆိုပါတယ်။ ဒီအဖြစ်မျိုးကို ဒုတိယကမ္ဘာစစ်အတွင်းက အီတလီမှာ ကြုံခဲ့ရဖူးတယ်။ ကိုရီးယားစစ်ပွဲအစပိုင်းသိတင်းပတ်တွေမှာလည်း ဂီးလ်ဘတ်ရဲ့ အဖြစ်မျိုး ထပ်ပြီး ကြုံခဲ့ရပြန်တယ်။

ကိုရီးယားမှာ ရေချုံမြို့နဲ့သွေးရဲရဲတောင်စွန်းတိုက်ပွဲတွေမှာ လူမည်းစစ်သားတွေရဲ့ သူရဲကောင်းတိုက်ခိုက်မှု စွမ်းရည်တွေကို သတင်းစာတွေက အစပိုင်းမှာ မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့တယ်။ နောက်တော့ ရုတ်တရက်ချက်ချင်း ပြောင်းသွားခဲ့တယ်။ လူမည်းစစ်သားတွေရဲ့ အောင်မြင်မှု မှတ်တမ်းကို သေးသိမ်အောင် ဝိုင်းပြီးဖျက်ဖို့ ကြိုးစားအားထုတ်ခဲ့ကြသလား မသိဘူး။ လူမည်းစစ်သားတွေရဲ့ အရည်အသွေး မမီမှု၊ မအောင်မြင်မှုနဲ့ သူရဲဘောနည်းမှုအကြောင်းတွေကို စကြားခဲ့ရတယ်။ လူမည်းတွေဟာ တိုက်ခိုက်မှုစွမ်းရည်တာဝန်ကို ထမ်းဆောင်နိုင်ကြစွမ်း မရှိတဲ့အတွက် လုပ်အားပေး(အလုပ်ကြမ်း)တဲ့တပ်မတွေမှာပဲ ထားသင့်တယ်ဆိုတဲ့ သဘောကိုရောက်အောင် လုပ်ခဲ့တဲ့ သတင်းတွေဖြစ်တယ်လို့ သားဂွဒ် မာရှယ်လ်က ထောက်ပြခဲ့တယ်။

သားဂွဒ် မာရှယ်လ်က နောက်ဆုံး နိဂုံးချုပ် မှတ်ချက်ကိုလည်း ဆွဲပြခဲ့တယ်။ သူ့အမြင်အရ လူမည်းတွေနဲ့ စစ်တပ်အကြားမှာ ဖြစ်နေတဲ့ ပြဿနာအားလုံးလိုလိုရဲ့ ဇစ်မြစ်အကြောင်းရင်းကတော့ အခြေခံအားဖြင့် ကြည်းတပ်မှာ ဆက်လက်ရှိနေတဲ့ လူဖြူလူမည်း ခွဲခြားရေး ဂျင်မ်ကရိုးပေါ်လစီကြောင့်ဖြစ်တယ်။ သားဂွဒ် မာရှယ်လ်က ဗိုလ်ချုပ်ကြီး မက်အာသာကို စစ်တရားခုံရုံးအမှုတွေမှာ တိုက်ရိုက်မပါဝင်တာကြောင့် ယင်းကို ခွင့်လွှတ်ခဲ့ပေမဲ့ သမ္မတ ထရူးမင်းရဲ့ လူဖြူလူမည်း ပေါင်းစည်းစေရေး အမိန့်ကို အကောင်အထည် ဖော်မပေးခြင်း အတွက်တော့ တာဝန်ရှိတယ်လို့ ယူဆခဲ့တယ်။ ကြည်းတပ်မှာ လူဖြူလူမည်းတွေ ရောထားတဲ့တပ်စုတွေ နည်းနည်းပါးပါး ရှိပေမယ့်လည်း ယေဘုယျအားဖြင့် လူမျိုးရေးခွဲခြားမှု



မာတိကာသို့

စနစ်ကို ခိုင်ခိုင်မာမာ ကျင့်သုံးနေခဲ့ပုံကို သားဂွဒ် တွေ့ရှိခဲ့ရတယ်။ အထူးသဖြင့် တိုကျိုမှာရှိတဲ့ အရှေ့ဖျားဒေသ စစ်ဌာနချုပ်မှာ လူမည်းတစ်ဦးမှ တာဝန်ပေးထားခြင်း မရှိပုံမှာ အထင်ရှားဆုံးသက်သေတစ်ခု ဖြစ်ခဲ့ပါတယ်။

"ကြည်းတပ်အတွင်းမှာ လူမျိုးရေးခွဲခြားမှု ရှိနေသမျှကာလပတ်လုံး စစ်ခုံရုံးတွေမှာ စံနမူနာအဖြစ် တွေ့နေရတဲ့ မတရားမှုပုံစံတွေ ရှိနေဦးမှာ ဖြစ်ပါတယ်။ မိမိတို့အတွက် ထိခိုက်ဒဏ်ရာနဲ့ အသက်ဆုံးရှုံးမှုတွေ ဖြစ်နိုင်တဲ့ အခြေအနေကို ရင်ဆိုင်ပြီး ကိုယ့်အသက်ကို ရန်သူတွေရဲ့လက်ထဲကို နေ့စဉ်အပ်ထားကြရတဲ့ သူတွေအပေါ်မှာ လူမည်းတွေဖြစ်တယ်ဆိုတဲ့ အာဃာတတရားတစ်ခုတည်းကြောင့် မတရားမှု၊ အပိုအခက်အခဲရှိမှုနဲ့ မလိုအပ်တဲ့ အန္တရာယ်တွေ ထပ်ပြီး မကျရောက်သင့်ပါဘူး" လို့ မာရှယ်လ်က ဝေဖန်ပြခဲ့တယ်။

ဆဲန်ဖရဲန်စစ္စကိုမြို့က လူထုပရိသတ်ကိုလည်း သားဂွဒ် မာရှယ်လ်က ပြောပြခဲ့တယ်။

"ကိုရီးယားမှာ တွေ့ခဲ့ရတဲ့ မှတ်တမ်းတွေအရ ပြောရရင်တော့ လူဖြူလူမည်း ခွဲခြားမှု စနစ်တစ်ခုအောက်မှာ အမေရိကန်လူမည်းများနဲ့ လက်နက်ကိုင် အဖွဲ့အစည်း အများအကြားမှာရှိတဲ့ ပြဿနာအားလုံးကို ဘယ်တော့မှ ဖြေရှင်းပေးနိုင်လိမ့်မယ် မဟုတ်ပါဘူး။ လူဖြူလူမည်းခွဲခြားမှုဟာ လုံးဝ အမြစ်ပြုတ်ထွက်မသွားဘဲနဲ့ အမေရိကန် လက်နက်ကိုင်တပ်တွေမှာ ရှိသင့်ရှိအပ်တဲ့ စစ်ရေးစိတ်ဓာတ် ဆောက်တည်ဖို့ စတင်ပျိုးထောင်မှုဟာ ဘယ်တော့မှ လုပ်လို့ ရနိုင်မှာ မဟုတ်ပါဘူး"

သားဂွဒ် မာရှယ်လ်ရဲ့ အရှေ့ဖျားဒေသခရီး အစီရင်ခံစာ ထွက်မလာခဲ့ခင်ကတည်းက အဲန်အေအေစီပီဟာ အမေရိကန်ကြည်းတပ် ပြန်လည်သုံးသပ်မှု ဘုတ်အဖွဲ့ အမေရိကန်လူမည်းစစ်မှုထမ်းများဘက်က ကိုယ်စားပြုပြောဆိုမှုကို ပါဝင်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲန်အေအေစီပီရဲ့ ကြိုးပမ်းမှုကြောင့် အမှုပေါင်း ၃၀ ကျော်မှာ အပြစ်ဒဏ်များ လျှော့ပေါ့ပေးစေတဲ့ အောင်မြင်မှုကို ရရှိခဲ့ပါတယ်။ ထောင်ဒဏ်တစ်သက် ကျခဲ့တဲ့ အမှု



မာတိကာသို့

တွေထဲက တစ်မှုဟာ ထောင်ဒဏ် ငါးနှစ်အထိ လျှော့ပေးခြင်း ခံခဲ့ရပြီး နောက်ဆုံးမှာ ပလပ်ပေးခဲ့ရတယ်။ နောက်တစ်မှုက ၁၀ နှစ်၊ နောက် တစ်မှုက ၁၅ နှစ်၊ နောက်ထပ်တစ်မှုက အနှစ် ၂၀ အထိ အသီးသီး အမှု လျှော့ပေးခြင်း ခံခဲ့ကြရတယ်။

အဲန်အေအေစီပီဟာ လူမည်းစစ်မှုထမ်းတွေအတွက် စစ်မြေပြင် မှာ တရားမျှတမှု ရရှိရေးအတွက် တစ်ဖက်က တိုက်ပွဲဝင်ပေးခဲ့တယ်။ အဲဒီတစ်ချိန်တည်းမှာပဲ လူမည်းစစ်မှုထမ်းတွေရဲ့ တခြားပြဿနာတွေ အားလုံးမှာလည်း အကူအညီပေးဖို့ လုပ်ဆောင်ခဲ့တယ်။ လူမည်းစစ်သား တွေကို တောင်ပိုင်းဒေသမှာ တာဝန်ချထားခြင်းကနေ ပြဿနာပေါင်းများ စွာ ပေါ်ပေါက်ခဲ့တယ်။ ဂျော်ဂျီးယားပြည်နယ်က ကိုလမ်းဘတ်စ်မြို့မှာ လူမည်းစစ်သားတွေနဲ့ မျက်နှာဖြူပုလိပ်တွေ ရန်ပွဲဖြစ်ခဲ့ကြတယ်။ အဲဒါကို အကြောင်းပြုပြီး လူမည်းစစ်သား ငါးဦး အဖမ်းခံခဲ့ရတယ်။ လူမည်းစစ်သား တစ်ဦးကို မျက်နှာတစ်ဝိုက် ဝိုင်းရိုက်ခဲ့ကြတာ မျက်စတွေ ဖူးရောင်ပြီး ပိတ် သွားခဲ့တယ်။ သူ့ကို သေပြီလို့ သူ့အဖော်တွေက ထင်ခဲ့ကြတဲ့အထိ ဖြစ် သွားခဲ့တယ်။

လက်နက်ကိုင်တပ်ဖွဲ့တွေအတွင်းမှာ လူဖြူလူမည်း ခွဲခြားရေးနဲ့ လူမျိုးအဆင့်အတန်း ခွဲခြားမှု ပုံစံမှန်သမျှ ချုပ်ငြိမ်းသွားစေရေးဟာ အဲန် အေအေစီပီရဲ့ ကြိုးပမ်းအားထုတ်မှုတွေထဲမှာ ဗဟိုအချက်အချာ ဖြစ်လာ ခဲ့တယ်။ ဝေါ်ရှင်တင်ရှိ အဲန်အေအေစီပီရုံးက ကလဲရင့် မစ်ချဲလ်ဟာ ၁၉၅၁ ခုနှစ်မှာ ဆီးနိတ်လွှတ်တော် လက်နက်ကိုင်အဖွဲ့အစည်းများကော်မတီရဲ့ ပြင်ဆင်မှုဆပ်ကော်မတီမှာ အဲန်အေအေစီပီရဲ့ ရပ်တည်ချက်ကို တိုတိုတုတ် တုတ်နဲ့ တင်ပြခဲ့တယ်။

"လူမည်းများအား သူတို့၏အစိုးရက စစ်ပွဲတွင် အသက်စွန့် အမှုထမ်းစေရန် ခေါ်ဆိုနိုင်ပြီး တစ်ချိန်တည်းမှာပဲ တောင်ပိုင်းဒေသမှာ တာဝန်ချထားခြင်းခံရသော လူမည်းစစ်သားများအပေါ်တွင် ဒီမိုကရေစီ နည်းလမ်း မကျသော ဆက်ဆံမှုများမှ အကာအကွယ်ပေးရန် ပျက်ကွက်



မာတိကာသို့

ခြင်း ရှိနေသည်ကို တွေးတောစဉ်းစားကြည့်လျှင် တုန်လှုပ်ကြောက်မက် ဖွယ်ရာကောင်းသော ကိစ္စတစ်ရပ် ဖြစ်နေပေသည်---

"နိုင်ငံတော်အစိုးရသည် လူတစ်ဦးအား စစ်ထဲသို့ဝင်ရန် ဆွဲခေါ်ခွင့်အာဏာရှိလျှင် ထိုသူသည် အမေရိကန်ပြည်ထောင်စုအတွင်း မည်သည့်ဒေသ၌ပင် တာဝန်ချထားခြင်းခံရစေကာမူ သူ့အတွက် အကာအကွယ်ပေးထားသော အာဏာကိုလည်း အစိုးရလက်ဝယ်တွင် ရှိစေရမည် ဖြစ်သည်"

၁၉၅၁ ခုနှစ် အလယ်ပိုင်းလောက်မှာ ဗိုလ်ချုပ်ကြီး မက်အာသာနဲ့ တွေ့ဆုံခန်း ဆောင်းပါးတစ်ပုဒ်မှာ ဗိုလ်ချုပ်ကြီးက အရှေ့ဖျားဒေသမှာရှိတဲ့ သူ့ရဲ့လက်အောက်က တပ်တွေမှာ လူဖြူလူမည်း ခွဲခြားမှုအတွက် သူ့မှာ တာဝန်မရှိဘူးလို့ ငြင်းပယ်ခဲ့တယ်။ ဝေါ်လ်တာ ဝှိုက်ကတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေအတွင်းမှာ လူမျိုးရေးအဆင့်အတန်း ခွဲခြားမှု ဖျက်သိမ်းရေးအတွက် သမ္မတကြီး ထရူးမင်းရဲ့ အမိန့်ကို အကောင်အထည်ဖော်ရာမှာ ရေတပ်နဲ့ လေတပ်တို့က ကြီးမားတဲ့ တိုးတက်မှု ခြေလှမ်းတွေ လှမ်းနိုင်ခဲ့ပေမယ့် အရှေ့ဖျားဒေသက ကြည်းတပ်မှာ လိုက်နာကျင့်သုံးမှု အထောက်အထားတွေ မတွေ့ရသေးဘူးလို့ ဗိုလ်ချုပ်ကြီး မက်အာသာကို သတိပေးပြောဆိုခဲ့ပါတယ်။

ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကိုရီးယားနဲ့ ဂျပန်မှာ သားဂွဒ် မာရှယ်လ်ရဲ့ အားထုတ်ဆောင်ရွက်မှုတွေကို များများစားစား ကျေးဇူးတင်ရမှာဖြစ်တယ်။ ကြည်းတပ်ကလည်း လူဖြူလူမည်း ခွဲခြားမှု ပပျောက်ရေးအတွက် စတင်ဆောင်ရွက်ပေးလာခဲ့ရတယ်။ အဲန်အေအေစီပီအတွက် နံပါတ်တစ် ပူပင်သောကတစ်ခုဖြစ်တဲ့ စစ်သားဒုက္ခများလည်း တဖြည်းဖြည်းနဲ့ ပပျောက်သွားခဲ့တယ်။

ပြည်တွင်းရေးရာကိစ္စတွေဆီကို အာရုံပြန်လှည့်ခဲ့ရပြီ။ ပြည်တွင်းမှာတော့ လူမည်းများ မဲဆန္ဒပေးခွင့်ရဲ့ လူဖြူလူမည်းကျောင်းများ ခွဲထားခြင်း ပြဿနာတွေက ဆူပွက်နေတုန်းပဲ ရှိခဲ့ပါတယ်။



မာတိကာသို့ ▶▶

# အခန်း (၁၃)

# ကောင်းကျိုးမပြုတဲ့အိမ်ထောင်ရေး

၁၉၄၉ ခုနှစ်၊ နှစ်လယ်ပိုင်းကာလ ဖြစ်ခဲ့တယ်။

သားဂွဒ် မာရှယ်လ်မှာ အမှုတွဲတွေ တသီကြီးနဲ့ ရွေးပြန်ခဲ့တဲ့ အချိန် ဖြစ်ခဲ့ပါတယ်။ တက္ကဆတ်စ်ပြည်နယ်တက္ကသိုလ်မှာ *ဆွိအမှု*၊ အိုကလာ ဟိုးမားတက္ကသိုလ်သို့ စပူးဝဲလ်နဲ့ မက်လောရင်းတို့ ကျောင်းဝင်ခွင့်ရလိုမှု နဲ့ တခြားပြည်နယ် ကောလိပ်တွေမှာ လူမည်းများ ဝင်ခွင့်မပေးခဲ့တဲ့ အမှုစတာတွေဖြစ်တယ်။ ကျောင်းတွေမှာ လူဖြူလူမည်း ခွဲခြားမှုကို တရားကြောင်းအရ အစွမ်းကုန် ထိုးစစ်ဆင်ရမဲ့ အမှုတွေထဲ သတ်သတ်မှတ်မှတ် ရှိနေခဲ့တဲ့အထဲမှာ *ပလက်စီနှင့် ဖာဂူဆင်အမှု* ဟာ သီးခြားဦးစားပေးရတဲ့အမှု ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်ကာလအတွင်းမှာပဲ ပုဂ္ဂိုလ်ရေးနဲ့ ဖိုမကိစ္စ တစ်ခုတလေထဲမှာ အပုပ်နံ့ထွက်လာခဲ့တာကြောင့် သားဂွဒ် မာရှယ်လ်ရဲ့



မာတိကာသို့ ▶▶

အာရုံတွေဟာ အဲဒီဘက်ကို ပြောင်းလဲရောက်ရှိသွားခဲ့တယ်။

ဝေါ်လ်တာ ဝိုက်က သားဂွဒ်ကို စာတိုစာကြမ်းနဲ့ရော၊ နှုတ်က ရော ခဏခဏ ပြောခဲ့ဖူးတာတစ်ခုရှိတယ်။ ပေါ့ပီ ကဲနင် ဆိုတဲ့ အမျိုးသမီး ဟာ အဲန်အေအေစီပီကို ငွေများများ ထောက်ပံ့နိုင်မဲ့ လူချမ်းသာတစ် ယောက်မဟုတ်တစ်ယောက်ကို ရှာပေးနိုင်သူဖြစ်တယ်။ သူတို့အတွက် ဟိုပွဲ ဒီပွဲ ပွဲလမ်းသဘင်အတွက် ဖိတ်စာလက်မှတ်ရအောင်တောင်းပေးဖို့ပဲ လို တယ် လို့ ပြောခဲ့တာဖြစ်ပါတယ်။ မစ္စက် ကဲနင်အိမ်မှာ ဘယ်သူ့ငွေ မဆို သွားတွေ့မလို့ ဆိုတာမျိုးကို ဝေါ်လ်တာ ဝိုက်က ပြောတတ်တယ်။ ဒါပေ မဲ့ သိပ်မကြာလိုက်ဘူး။ သားဂွဒ်က ရိပ်မိပြီး သံသယဝင်လာခဲ့တယ်။ ဝိုက်အနေနဲ့ မစ္စက် ကဲနင်အိမ်ကို ခဏခဏ သွားနေခဲ့တာဟာ အဲန်အေ အေစီပီအတွက် အလှူငွေရရေးထက် သူ့အတွက် ပိုပြီး အမြတ်ရနေတာ ရှိနိုင်တယ်လို့ သားဂွဒ် မာရှယ်လ် သံသယဖြစ်ခဲ့မိတယ်။

မာရှယ်လ်က သူ့အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပိုကာ ခေါင်းရင်း ခပ်ပြောင်ပြောင်ပြောခဲ့တာရှိတယ်။ “အသက်အရွယ်ရောက်ပြီး သဘောတူလို့ကတော့ ဘယ်သူက ဘယ်သူ့ကို ဘာပဲလုပ်လုပ်ပါ” လို့ ပြောခဲ့တယ်။ ဒါပေမယ့် ဝေါ်လ်တာ ဝိုက်ဟာ သူ့မှာ ဘာမဆို လုပ်ပိုင်ခွင့် ရှိပေမဲ့ မလုပ်ရမှာ၊ မလုပ်သင့်တာတွေ ရှိတယ်လို့ သားဂွဒ်က ယုံကြည် ထားတယ်။ နောက်ပြီးတော့ သားဂွဒ် မာရှယ်လ်နဲ့ သူ့ရဲ့တရားရေးဝန်ထမ်း တွေ အပေါ်မှာ ခံစားချက်နဲ့ ထိုးစစ်ဆင်ခဲ့ကြရာမှာ ‘သူတို့တစ်တွေဟာ မျက်နှာဖြူ အမျိုးသမီးတွေရဲ့ အိပ်ရာတွေထဲကို လူမည်းတွေ ရောက်သွားစေ ချင် ကြသူတွေဖြစ်တယ်၊ လူမျိုးချင်း ရောယှက်သွားစေပြီး အင်္ဂလို–ဆက် စင် မျက်နှာဖြူတွေ တည်ဆောက်ခဲ့တဲ့ ကြီးမားတဲ့ လူ့အသိုင်းအဝိုင်းကြီးကို ဖျက်ဆီးပစ်ချင်ကြတဲ့ အခြေခံရှိတယ်’ လို့ အစွပ်စွဲခံခဲ့ကြရတာတွေရှိတယ် မဟုတ်လား။

ဝေါ်လ်တာ ဝိုက်အနေနဲ့ တိတ်တိတ်ပုန်းခုတ်နေတာမျိုး ဖြစ် နေရင်လည်း သိပ်ပြီး ပူပင်စရာ မလိုပါဘူးလို့ သားဂွဒ်က သူ့ ကိုယ်သူ



မာတိကာသို့

ပြန်ပြောခဲ့တယ်။ အဲန်အေအေစီပီရုံးတွေမှာ အတင်းအဖျင်း ကောလာဟလသတင်းတွေ ပျံ့နှံ့ထွက်စရာတစ်ခုက ၁၉၄၉ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှာ ဖြစ်ပျက်ခဲ့တယ်။

ဂျယ်ရီမေဂျာဆိုတဲ့ အမျိုးသမီးက မဲ့ဒ်မှာဆဲ မဂ္ဂဇင်းရဲ့ အချက်အပြုတ်ကျွမ်းကျင်မှု တာဝန်ခံဖြစ်သူ မျက်နှာဖြူအမျိုးသမီး ပေါ့ပီ ကဲနင်ဟာ ဗာဂျင်းကျွန်းများသို့ သွားရောက်ကာ သူမရဲ့ တတိယခင်ပွန်းသည် ချားလ်စ် ဖီးလစ်နဲ့ ကွာရှင်းခဲ့ကြောင်း ဆောင်းပါးတစ်ပုဒ် ထုတ်ဖော်ပြီး ရေးလိုက်ပါတယ်။ သူမက ပေါ့ပီနဲ့ ဝိုက်တို့ကို ဟာလင်ရပ်ကွက်မှာတော့ လူရှေ့သူရှေ့မှာ သိပ်မမြင်ခဲ့ရပေမဲ့ နယူးယောက်မြို့အလယ်မှာ တွေ့ရတတ်တယ်၊ ဗာဂျင်းကျွန်းများနဲ့ ဟေတီနိုင်ငံတို့မှာ အများတွေ့မြင်ခဲ့ကြရတယ်၊ သူတို့နှစ်ယောက် လက်ထပ်ပြီးကြပြီလား မသိဘူးဆိုတဲ့ မေးခွန်းကိုလည်း မေဂျာက ထုတ်ရေးလိုက်တယ်။ ဝိုက်ဟာ ကနက်တီးကပ်ပြည်နယ် နယူးကနန်းမြို့မှာရှိတဲ့ ကဲနင်ရဲ့အိမ်ကို မကြာခဏ လာရောက်လည်ပတ်လေ့ ရှိသူ ဖြစ်ခဲ့ပေမယ့် အတင်းပြောခံရမှုတွေကြောင့် လွန်ခဲ့တဲ့ တစ်နှစ်ကစပြီး သွားလာမှု မလုပ်ခဲ့တော့ကြောင်းလည်း ရေးသားဖော်ပြခဲ့တယ်။

သားဂွဒ်နဲ့ ဝီလ်ကင်စ်တို့ဟာ ဌာနတွင်း တီးတိုးပြောမှုတွေကို တားမြစ်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ သားဂွဒ် မာရှယ်လ်ရဲ့ စိုးရိမ်ကြောက်ရွံ့မှုတွေဟာ သူဖြစ်ချင်တဲ့ဆန္ဒထက် ပိုပြီးအလေးပါခဲ့တာကို တွေ့ခဲ့ပြန်တယ်။

*အက်ဖရို–အမေရိကန်* သတင်းစာ မျက်နှာဖုံးမှာ ဝေါလ်တာဝိုက် ဇနီးနှင့်ကွဲပြီ ဆိုတဲ့ သတင်းခေါင်းစီးဟာ စာလုံးကြီးတွေနဲ့ ပါလာခဲ့တယ်။ အဲဒီတစ်နေ့တည်းထုတ် နယူးယောက် သတင်းစာ *အယ်မ်စတာဒမ် နယူးစ်* မှာ ပါလာတဲ့ ဝေါလ်တာဝိုက် အချစ်ရေး အရိပ်အမြွက်ဆိုတဲ့ သတင်းခေါင်းစီးက ပိုပြီးတော့တောင် ကြီးခဲ့တယ်။



မာတိကာသို့ ▶▶

အဲဒီနောက် ဝိုက်ရဲ့ဇနီး လူမည်းအမျိုးသမီး မစ္စစ် ဂလက်ဒီးစ် ဝိုက်က ခင်ပွန်းသည် ဖြစ်သူ ဝေါ်လ်တာ ဝိုက်ကို ၁၉၄၉ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့က မက္ကဆီကို နိုင်ငံ ဟွာရက်ဇ်မြို့မှာ ကွာရှင်းခဲ့ကြောင်း သတင်း ထုတ်ပြန်ချက်ကို စာတိုက်ကရောက်လာတော့ သားဂွဒ် ဖတ်ပြီး တုန်လှုပ် သွားခဲ့မိတယ်။ မစ္စစ် ဝိုက်ရဲ့ ထုတ်ပြန်ကြေညာချက်ဟာ အမေရိကန် တစ်နိုင်ငံလုံးက လူမည်းသတင်းစာ တွေအားလုံးမှာ ပါခဲ့တယ်။ တိုင်းမ် မဂ္ဂဇင်းနဲ့ အဓိကစာနယ်ဇင်းတွေမှာ လည်း ပါခဲ့တယ်။ နောက်တစ်ပတ် အကြာမှာ ဝိုက်ရဲ့သတင်းကို *အယ်မ်စတာဒမ်နယူးစ်* က အသေးစိတ် ဖော်ပြခဲ့ပြန်တယ်။

"ယခုအချိန်တွင် ခွင့်ယူထားသူ အဲန်အေအေစီပီ၏ အမှုဆောင် အတွင်းရေးမှူး ဝေါ်လ်တာ ဝိုက်သည် ဇူလိုင်လ ပထမပတ်အတွင်းက မဲ့ဒ် မှာဆဲလ် မဂ္ဂဇင်း၏ ချက်ပြုတ်မှုအယ်ဒီတာဖြစ်သူ မစ္စစ် ပေါ့ပီ ကဲနင် နှင့် လက်ထပ်ပြီးစီးခဲ့သည်ဟု အဆိုဆီယိတ် နီဂရိုးသတင်းဌာနက ဖော်ပြခဲ့ သည်။ အေအဲန်ပီသတင်းအဆိုအရ ၄င်းတို့နှစ်ဦးသည် ဇူလိုင်လပထမပတ် အတွင်းက ဥရောပသို့ ခရီးထွက်ခွာမသွားကြမီတွင် နယူးယောက်မြို့၌ လက်ထပ်ခဲ့ကြသည်ဟု ခိုင်လုံသော သတင်းရပ်ကွက်များက ပြောဆိုခဲ့ သည်ဟုဆိုသည်"

"ဝေါ်လ်တာ ဝိုက်က လူမျိုးရေးအရောင်အသွေး မတူသူကို လက် ထပ်ခဲ့ခြင်းသည် သူ၏ အဲန်အေအေစီပီခေါင်းဆောင် အနေအထားအဆင့် ကို ထိခိုက်မည် မထိခိုက်မည်ကို မသိရသေးသော်လည်း မစ္စတာဝိုက်က သူ၏ကျန်းမာရေး ကောင်းမွန်လာလျှင်လာချင်း အသင်းကြီး၏ တာဝန်များ ကို ပြန်လည်ထမ်းဆောင်ရန် မျှော်လင့်သည်ဟု ပြောဆိုခဲ့ကြသည်" ဟု လွန်ခဲ့သော သီတင်းပတ်အဆုံးက သတင်းများတွင် ရေးသားဖော်ပြ ခဲ့ကြသည်။

အဲန်အေအေစီပီရဲ့ အနှစ် ၄၀ သက်တမ်းကာလမှာ ကြုံကြုံခဲ့ခဲ့ ရတဲ့ အကျပ်အတည်းပြဿနာတွေ ရှိခဲ့တယ်။



မာတိကာသို့ ▸▸

– လူဖြူနဲ့လူမည်းကြီးစိုးမှု

– စီးပွားရေးအကြောင်းများကြောင့် လူဖြူလူမည်းခွဲခြားမှုကို အနည်းငယ်မျှ လက်ခံရေး

– အမြတ်ခွန်ကိစ္စများကြောင့် တရားရေးဝန်ထမ်းများကို အဲန်အေအေစီပီ သီးခြားခွဲထားရေး စသည့် ပြဿနာများဖြစ်သည်။

ဒါပေမဲ့ ၁၉၄၉ ခုနှစ်က ဖြစ်ခဲ့တဲ့ လူဖြူကဲ့သို့ အသားအရောင်ရှိသည့် ဝေါ်လ်တာ ဝှိုက်ဟာ သူ့ရဲ့ အိမ်ထောင်သက် ၂၇ နှစ်သက်တမ်းရှိတဲ့ လူမည်းအမျိုးသမီး ဇနီးကို ကွာပြီး သုံးလင်ကွာ မျက်နှာဖြူအမျိုးသမီးနဲ့ လက်ထပ်လိုက်တယ်ဆိုတဲ့ အငြင်းပွား စရာကောင်းတဲ့ ကိစ္စမျိုး အဲန်အေအေစီပီကို ဒုက္ခမပေးခဲ့ဖူးသေးပါဘူး။ ဒီကိစ္စဟာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် လက်ထပ်တာ ဖြစ်တယ်။ လူမျိုးရေးလက်ထပ်မှု မဟုတ်ဘူးလို့ မာရှယ်လ် နားလည်ခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်က အခုလို လူဖြူနဲ့လူမည်း လက်ထပ်ခဲ့ခြင်းကို အဲန်အေအေစီပီက လက်ခံသည့် သဘောသက်ရောက်ခြင်းကြောင့် ယင်းအဖွဲ့၏ ပြည်သူ့ဆက်ဆံရေးတွင် ထိခိုက်နိုင်သည့် အလားအလာရှိပုံကိုလည်း သားဂွဒ် မာရှယ်လ် သတိပြုမိခဲ့တယ်။

အဲဒီအချိန်က အမေရိကန်နိုင်ငံတစ်ခုလုံးမှာ ဩဇာအရှိဆုံး လူမည်းသတင်းစာ ငါးစောင်ရှိခဲ့တယ်။ အဲဒီအထဲမှာ အပါအဝင်တစ်စောင် ဖြစ်တဲ့ *နော်ဖော့ခ် ဂျာနယ်လမ်းညွှန်* သတင်းစာက ဩဂုတ်လ ၆ ရက်နေ့ ထုတ် သတင်းစာခေါင်းကြီးမှာ ဝေါ်လ်တာ ဝှိုက်အကြောင်းကို ဝေဖန်ရေးသားခဲ့တယ်။

"အဲန်အေအေစီပီ အမှုဆောင်အတွင်းရေးမှူး ဝေါ်လ်တာ ဝှိုက်သည် လင်ကွာ မျက်နှာဖြူအမျိုးသမီးတစ်ဦးကို လက်ထပ်ခဲ့သောကိစ္စသည် အဲန်အေအေစီပီ အသင်းကြီးအတွက် ပိုမိုဆိုးဝါးမှုတစ်ခု မဖြစ်စေသည့်တိုင် အကြီးအကျယ် မျက်နှာပူစရာ ဖြစ်စေနိုင်ပါသည်"



မာတိကာသို့

"ရင့်ကျက်သော အရွယ်ရောက်သူတစ်ဦးအနေဖြင့် ထိုလူကြီးလူကောင်းသည် သူ့အကြိုက်ဖြစ်ပြီး သူမကိုယ်တိုင်က သဘောတူသည့် အမျိုးသမီးတစ်ဦးအား တရားဝင်လက်ထပ်ပိုင်ခွင့် ရှိပါသည်။

"သို့သော်လည်း အဲန်အေအေစီပီအသင်း၏ လက်ရှိရပ်တည်မှုနှင့် စာရိတ္တအနေအထား၊ ခံယူထားသော ရည်ရွယ်ချက်များအရ မစ္စတာ ဝိုက်သည် လူသိအများဆုံး တာဝန်ခံအရာရှိဖြစ်သည်။ ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ်လည်းဖြစ်သည်။ သူသည် အသင်းကြီး၏ အကျိုးအတွက် ပိုမိုကောင်းမွန်သည့် အဆုံးအဖြတ်မျိုးကို ချင့်ချင့်ချိန်ချိန် ပြုလုပ်ခဲ့သင့်သည်။

"အဲန်အေအေစီပီအသင်းကြီးအား အပုပ်ချနေကြသူများက အဲန်အေအေစီပီ၏ လူမျိုးရေးခွဲခြားမှု ဆန့်ကျင်သည့် အစီအစဉ်မှာ တကယ်စင်စစ်အားဖြင့် လူမည်းများအနေဖြင့် မျက်နှာဖြူအမျိုးသမီးများအား လက်ထပ်လိုသည့် မျှော်မှန်းတောင့်တမှုကို ဟန်ဆောင်ဖုံးအုပ်ထားခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

"မှတ်တမ်းများအရ အဲန်အေအေစီပီအသင်းကြီးတွင် လိမ္မာပါးနပ်လှသည့် အတွင်းရေးမှူး ဂျိမ်းစ် ဝဲလ်ဒင် ဂျွန်ဆင် ကွယ်လွန်သွားချိန်မှစ၍ (၄င်း၏နေရာကို မစ္စတာဝိုက်က ဆက်ခံခဲ့သည်။) ထိပ်ပိုင်း နိုင်ငံရေးဦးဆောင်နိုင်စွမ်း မရှိခဲ့ဘဲ ဖြစ်ခဲ့ရသည်။ မစ္စတာဝိုက်၏နေရာတွင်လည်း နိုင်ငံရေးခေါင်းဆောင်မှု အမြင်ကျယ်သည့် ပုဂ္ဂိုလ်တစ်ဦးဖြင့် အစားထိုးလိမ့်မည်ဟု မျှော်လင့်ရသည်။

အဲန်အေအေစီပီက မစ္စတာ ဝီလ်ကင်စ်ဟာ အလွန်စိတ်ဆိုးပြီး အဲဒီခေါင်းကြီးပိုင်းက ပြင်းထန်တဲ့ စိတ်လှုပ်ရှားမှုနဲ့ ကလဲ့စားချေလိုမှုကြောင့် ဘက်လိုက်ရေးထားတဲ့ ခေါင်းကြီးဖြစ်တယ်လို့ သတင်းစာထုတ်ဝေသူ မစ္စတာ ပီဘီ ယန်းထံ စာရေးခဲ့တယ်။ ဝီလ်ကင်စ်ဟာ ဝိုက်ရဲ့နေရာကို ဆက်ခံ ရမယ့်သူဖြစ်တယ်။ ဒါပေမဲ့ မျက်နှာဖြူအမျိုးသမီးတစ်ဦးကို လက်ထပ်ခဲ့တဲ့အတွက် အဖယ်ရှားခံရတာမျိုးဖြစ်တဲ့ ဝိုက်ရဲ့နေရာကို သူ မဆက်ခံလိုကြောင်းကို ဝီလ်ကင်စ်က အတိအလင်း ထုတ်ပြောခဲ့တယ်။

*အက်ဖရို–အမေရိကန်* သတင်းစာကတော့ လူမည်း ဖရက်ဒရစ် ဒပ်ကလပ်စ်ဟာ မျက်နှာဖြူအမျိုးသမီးကို ယူခဲ့ပေမယ့် အမေရိကန် သမ္မတ ဂရူးဗား ကလိဗ်လင်းက သူတို့စုံတွဲကို ထင်ရှားခဲ့တဲ့ သံတမန်တွေ တက်ကြတဲ့ အိမ်ဖြူတော်ညည့်ခံပွဲတွေကို ဖိတ်ကြားခဲ့တဲ့အကြောင်း ဆောင်းပါးတစ်ပုဒ်မှာ ဖော်ပြခဲ့တယ်။ ဒါပေမဲ့ သတင်းစာရဲ့ ထုတ်ဝေသူ ကားလ် မာဖီဟာ အရေးတခြား၊ အလုပ်တခြားမျိုး ဖြစ်ခဲ့တယ်။ သူကိုယ်တိုင်က အဲန်အေအေစီပီ ဒါရိုက်တာဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်တော့ ဘုတ်အဖွဲ့ဝင်တိုင်းဆီကို စာတစ်စောင် ရေးပို့ခဲ့တယ်။ ဝိုက်ဟာ မစ္စစ် ကဲနင်ကို လက်ထပ်ခဲ့တော့ အဲန်အေအေစီပီအတွက် သူ့ရဲ့ အသုံးဝင်မှုဟာ အားနည်းသွားခဲ့ပြီ။ ဒါ့ကြောင့် သူ့ကို ရာထူးမှာဆက်ထားဖို့ ကြိုးစားခြင်းဟာ အသင်းကြီးအတွက် ကြီးမားတဲ့ အန္တရာယ် ဖြစ်နိုင်တယ်လို့ ကားလ် မာဖီရဲ့စာထဲမှာ ရေးထားတယ်။

ဝေါ်လ်တာ ဝိုက်နဲ့ ပတ်သက်ပြီး အယူအဆ အငြင်းအပွားတွေ ဆက်ပြီး ပေါ်ပေါက်ခဲ့တယ်။

ကားလ် မာဖီက သတင်းစာခေါင်းကြီးပိုင်းကနေပြီး ဝေါ်လ်တာ ဝိုက်ရဲ့နေရာမှာ ကမ္ဘာ့ကုလသမဂ္ဂအရာရှိ ဒေါက်တာ ရပ်ဖ် ဘန့်ချ်ကို အစားထိုးဖို့ ရေးသားခဲ့တယ်။

ဒါရိုက်တာဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ စီ စီ စပေါလ်ဒင်းက ဝေါ်လ်တာ ဝိုက်ကို ရှုတ်ချပြောဆိုခဲ့တယ်။ အဲဒီအချိန်မှာ ဗားဂျင်းကျွန်းများရဲ့ အုပ်ချုပ်ရေးမှူးဖြစ်သူ ဘီလ် ဟေးစတီးကလည်း ကားလ် မာဖီထံ ဝေဖန်စာတစ်စောင် ရေးပို့ခဲ့တယ်။ သူ့စာထဲမှာ “ဝိုက်နဲ့ ပတ်သက်လို့ လူမည်းအများစုရဲ့ ဝေဖန်မှုသဘောထားဟာ အဲန်အေအေစီပီရဲ့ ခြေလှမ်းတွေကို တုန့်နှေးသွားစေမယ်ဆိုတာ ဖြစ်နိုင်တဲ့ကိစ္စဖြစ်တယ်။ အဲန်အေအေစီပီ ဘုတ်အဖွဲ့ဟာ ကိုယ့်ရဲ့ မူဝါဒတွေအပေါ် ရပ်တည်မှုကို အလျှော့ပေးပြီး အယူအဆကွဲလွဲ သူတွေကို စိတ်ကျေနပ်အောင် ဖြေသိမ့်မှု ပေးမယ်ဆိုရင် အဲဒီလုပ်ဆောင်မှု ဟာ အသင်းကြီးအတွက် ပြန်ပြင်လို့ မရနိုင်မဲ့



မာတိကာသို့

ထာဝရ ထိခိုက်မှုမျိုးကို ဖြစ်စေမှာဖြစ်တယ်။ အဲန်အေအေစီပီဟာ လူမျိုးရေးခွဲခြားမှု ပုံစံမှန်သမျှကို ဆန့်ကျင်တဲ့နေရာ၊ အစားထိုးလို့ မရတဲ့ အဖွဲ့အစည်းဖြစ်တယ်လို့ သိထားတဲ့ ဂုဏ်သိက္ခာကို ပြည်တွင်းပြည်ပမှာ ထိခိုက်စေလိမ့်မယ်လို့ ကျွန်တော့်စိတ်ထဲမှာ ယူဆမိပါတယ်" လို့ ဖော်ပြခဲ့တယ်။

ဘီလ်ဟေးစတီးဟာ လူဖြူလူမည်းခွဲခြားရေးဝါဒနဲ့ ပတ်သက်လို့ ၁၉၃၄ ခုနှစ်က ဝိုက်နဲ့ ဒူဘွိုက်စ်တို့ကြားမှာ စိတ်အားပါပါနဲ့ ဝင်ပေးခဲ့သလို အခု ၁၉၄၉ ခုနှစ်မှာလည်း ကြားဝင်ခဲ့တာကို တွေ့ရလို့ သူ့ရဲ့ဆရာ ဟေးစတီးအတွက် မာရှယ်လ်ဝမ်းသာဂုဏ်ယူမိတယ်။

ဟေးစတီးရဲ့ စာပို့ပေးခဲ့ပြီး နောက်တစ်ပတ်မှာ အဲန်အေအေစီပီ ဘုတ်အဖွဲ့ အစည်းအဝေးကို နယူးယောက်မြို့နယ်မှာ ထိုင်ခဲ့ကြတယ်။ နယူးယောက်ရုံးခွဲက ဝိုက်ရဲ့နုတ်ထွက်စာကို ဘုတ်အဖွဲ့က မေတ္တာရပ်ခံတောင်းပြီး နုတ်ထွက်ခွင့်ကို လက်ခံရေးအတွက် တင်ပြတာကို ဆွေးနွေးခဲ့ကြတယ်။ ဘုတ်အဖွဲ့က အတွင်းရေးမှူးဝိုက် ခွင့်ယူသွားခြင်း အနေအထားကို ပြောင်းလဲမှု မရှိစေတဲ့ ဆုံးဖြတ်ချက်ကို ကြေညာခဲ့တယ်။ ဝိုက်ရဲ့ ခွင့်ရက်ဟာ ၁၉၅၀ ခုနှစ်၊ မေလ ၃၁ ရက်နေ့ကျမှ စေ့မယ်။

ဝိုက်နဲ့ ဇနီးတို့ဟာ ခရီးသွားရာက ပြန်လာကြတယ်။ အဲန်အေအေစီပီက ဝိုက်ကို ရာထူးမှ ထုတ်ပယ်ရေးအတွက် အောက်တိုဘာလ ၁၀ ရက်နေ့မှာ ပြုလုပ်မယ့် ဘုတ်အဖွဲ့မှာ စဉ်းစားဖို့ရှိတယ်။ အဲဒီအစည်းအဝေး မတိုင်ခင် ကိုးရက်အလိုမှာ ဝိုက်က သတင်းစာရှင်းလင်းပွဲတစ်ခု လုပ်ခဲ့ပါတယ်။ ဝိုက်ကို သတင်းထောက်တွေက မေးတာကို သူပြန်ဖြေခဲ့တယ်။

မေး။ ။ အဲန်အေအေစီပီ ခေါင်းဆောင်တစ်ဦးအနေနဲ့ မျက်နှာဖြူ အမျိုးသမီးတစ်ဦးနဲ့ လက်ထပ်ခြင်းဟာ မသင့်တော်ဘူးလို့ လူမည်း သတင်းစာအချို့က ဖော်ပြခဲ့ပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ဘယ်လို ဝေဖန်ချက်ပေးမလဲ။

ဖြေ။ ။ ကျွန်တော့်ရဲ့ တစ်သက် ဘဝတစ်လျှောက်လုံးမှာ ကျွန်တော်ဟာ လူမျိုးတစ်မျိုးပဲရှိတယ်၊ လူသားအမျိုးအနွယ် တစ် မျိုးတည်းပဲရှိတယ်ဆိုတဲ့ မူတစ်ခုကိုပဲ လက်ကိုင်ထားခဲ့ပါတယ်။ ကမ္ဘာသူကမ္ဘာသားတွေရဲ့ကြားမှာ လူမျိုးရေးယုံကြည်မှု၊ အသားအရောင်နဲ့ အမျိုးအနွယ်ဆိုတာကို အခြေခံပြီး တမင် လူမျိုးရေး ခွဲခြားမှု အဟန့်အတားတွေကို ကျွန်တော် အရင်တုန်းက တိုက်ခဲ့သလိုပဲ အမြဲဆန့်ကျင်တိုက်ပွဲဝင်သွားမှာ ဖြစ်ပါတယ်။

မေး။ ။ ခင်ဗျားရဲ့ဇနီးနဲ့ ကွာရှင်းမှုနဲ့ ထပ်ပြီး လက်ထပ်မှုတို့ကို စာနယ်ဇင်းတွေက တရားမျှမျှတတ ရေးသားဖော်ပြမှု ရှိခဲ့တယ်လို့ ထင်မြင်ပါသလား။

ဖြေ။ ။ ကျွန်တော်တို့ လက်ထပ်ခဲ့ကြတဲ့ သတင်းကို နွေးနွေးထွေးထွေး တိတိကျကျနဲ့ ဂုဏ်ရှိရှိ ရေးသားဖော်ပြခဲ့တဲ့ အမေရိက၊ ဥရောပနဲ့ အာရှသတင်းစာ အများစုကို ကျွန်တော်နဲ့ ကျွန်တော့်ဇနီးတို့က ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာခဲ့ကြပါတယ်။ သတင်းစာ အနည်းစုအနေနဲ့ ကျွန်တော်တို့ လက်ထပ်တဲ့သတင်းကို ဘယ်လိုရည်ရွယ်ချက်နဲ့ပဲ ခေါင်းပုံဖြတ်ရေးခဲ့ကြ ရေးခဲ့ကြ ကျွန်တော်ပြောချင်တာ တစ်ခုတည်းပဲ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကံကောင်းထောက်မစွာပဲ လွတ်လပ်စွာ ရေးသားခွင့်ရှိတယ်၊ ကျွန်တော်လက်ခံအားပေးတဲ့ လွတ်လပ်မှုဖြစ်တယ် ဆိုတာ ဖြစ်ပါတယ်။

မေး။ ။ ခင်ဗျားအနေနဲ့ လူမျိုးချင်းပေါင်းစပ်လက်ထပ်ခဲ့တဲ့အတွက် လူမည်းတွေအကြားမှာ ခင်ဗျားရဲ့ ခေါင်းဆောင်မှုကို အားနည်းသွားစေခဲ့တယ်လို့ ခင်ဗျားခံစားမိပါသလား။

ဖြေ။ ။ အချိန်တစ်ခုတည်းကပဲ အဖြေပေးသွားပါလိမ့်မယ်။

ဒေါက်တာ ဂိုက်က အဲန်အေအေစီပီမှာ သူ့ရဲ့ ရှေ့ရေးခရီးနဲ့ ပတ်သက်လို့ ဒါရိုက်တာဘုတ်အဖွဲ့ရဲ့ ဆုံးဖြတ်ချက် မကျခင်မှာ သူဘာလုပ်မယ်လို့ ဖြေဖို့ မဖြစ်နိုင်ကြောင်း ပြောပြခဲ့တယ်။ အဲန်အေအေစီပီဘုတ်



မာတိကာသို့ ▶▶

အဖွဲ့က ဝေါ်လ်တာ ဂိုက်ကို အဲန်အေအေစီပီရဲ့ အတွင်းရေးမှူးအဖြစ် ဆက်လက်ထားရှိဖို့ မဲနဲ့ဆုံးဖြတ်ခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ တာဝန်ဝတ္တရားတွေနဲ့ လုပ်ပိုင်ခွင့်အာဏာကိုတော့ နည်းနည်းလျှော့ချလိုက်တယ်။

ဒေါက်တာ ဂိုက်နဲ့ မစ္စစ်ကဲနင်တို့ရဲ့ လက်ထပ်မှုက မာရှယ်လ်နဲ့ဝီလ်ကင်စ်တို့အတွက်ဖြစ်စေ၊ အဲန်အေအေစီပီအတွက်ဖြစ်စေ ဘယ်လောက် အရေးပါစေခဲ့သလဲ။ ဒါကို နားလည်နိုင်ဖို့အတွက် ဝေါ်လ်တာဂိုက်နဲ့ အဲန်အေအေစီပီတို့ရဲ့ အထူးဆက်ဆံရေးတွေကို သိထားဖို့ လိုလိမ့်မယ်။ ဂိုက်ရဲ့မျက်လုံးတွေက အပြာရောင်၊ အသားက အဖြူရောင်ရှိပုံ၊ အတ္တစိတ် ရှိပုံ၊ သားဂွဒ် လုပ်ဆောင်မှုတွေအပေါ်မှာ နာမည်လိုချင်စိတ်ရှိပုံတွေကို အဲန်အေအေစီပီရဲ့အတွင်းအပြင်လောကတွေက သိထားကြတယ်။ ယေဘုယျအားဖြင့် လူမျိုးရေးတရားမျှတမှု ရှိရေးနဲ့ အထူးသဖြင့် လူမျိုးရေးအဆင့်အတန်း ခွဲခြားမှု ပပျောက်ရေး ရည်မှန်းချက်တွေနဲ့ဆိုင်တာကို ဝေါ်လ်တာဂိုက်ဟာ ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းတွေထဲမှာ မပါပါအောင် လုပ်နိုင်သူဖြစ်မှန်းကို အတွင်း ကျကျလူတွေက သိထားကြတယ်။ သားဂွဒ် မာရှယ်လ်က တရားသူကြီးတွေနဲ့ ဂျူရီအဖွဲ့တွေအပေါ်မှာ အနိုင်ရခဲ့ချိန်မှာ ဝေါ်လ်တာဂိုက်က ပြည်သူလူထု အထင်ကြီးမှုကိုရအောင် သားဂွဒ်ရဲ့ အောင်မြင်မှုတွေကို အသုံးချခဲ့တယ်။ ပြဿနာတစ်ခုလည်း ရှိခဲ့တယ်။ တရားသူကြီးတွေနဲ့ ဂျူရီလူကြီး တွေက သားဂွဒ် မာရှယ်လ်ကို ဘယ်အခါကမှ ပိုက်ဆံတစ်ပြားမှ မပေးခဲ့ကြဘူး။ ဒါပေမယ့် ဝေါ်လ်တာဂိုက်ကိုကျတော့ မဂ္ဂဇင်းတွေ၊ သတင်းစာတွေ၊ ဟောပြောပွဲတွေ၊ အသံလွှင့်ဌာနတွေက ငွေကြေးတော်တော် ပေးခဲ့ကြတာတွေရှိတယ်။

မစ္စစ် ကဲနင်နဲ့ လက်ထပ်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဝေါ်လ်တာဂိုက်ဟာ အဲန်အေအေစီပီရဲ့ ဒါရိုက်တာဘုတ်အဖွဲ့အတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ မုန်တိုင်းဒဏ်ကို ကျော်လွှန်နိုင်ခဲ့ပေမယ့် မျက်နှာဖြူစာနယ်ဇင်းလောကနဲ့ ဆက်ဆံရေးမှာတော့ အရင်ကလို ထိထိရောက်ရောက် ဆက်ဆံနိုင်တော့မှာမဟုတ်တော့ဘူး။ သူ့ရဲ့ အဲန်အေအေစီပီနဲ့ ဆက်ဆံရေးကလည်း အရင်



မာတိကာသို့ ▶▶

တုန်းကပုံစံအတိုင်းတော့ ဖြစ်တော့မှာ မဟုတ်ဘူးလို့ပဲ အများက နားလည်ခဲ့ကြတယ်။

သားဂွဒ် မာရှယ်လ်ဟာ ဝိုက်ဆိုသော ပုဂ္ဂိုလ်နဲ့ သူ့ကို တချို့က ထွက်သွားစေချင်တဲ့ အဲန်အေအေစီပီအသင်းအဖွဲ့တို့ရဲ့ ဆက်ဆံမှု ပေါင်းကူးရှင်သန်နိုင်မှုအတွက် ညတိုင်း စဉ်းစားပြီး သောကရောက်ခဲ့ရတယ်။

အဲန်အေအေစီပီဟာ ခိုက်ရန်ပွားမှုတွေကြားက ပေါက်ဖွားခဲ့ရတယ်။ အတွင်းရေးဆူသံပူသံ တည်ညံကို ကျော်လွှန်ခဲ့ရတယ်။ မကောင်းမှုတွေကို အံကြိတ်ခံစရာနယ်မြေ ဖြစ်ခဲ့တယ်။ တစ်ယူသန်သမားတွေရဲ့ ဆန့်ကျင်သံတွေကိုအကြီးအကျယ်ကြားခဲ့ရတယ်။ ဒါပေမယ့် အတွင်းရေးပဋိပက္ခကြောင့် အဖွဲ့ကြီး ပျက်စီးသွားနိုင်တဲ့ အန္တရာယ်မျိုးကိုလည်း ပိုပြီး ရင်ဆိုင်ခဲ့ရဖူးတယ်။ ဒါတွေကို သားဂွဒ် မာရှယ်လ် ပြန်ပြီး စဉ်းစားခဲ့မိတယ်။

အဲန်အေအေစီပီဟာ တက္ကဆတ်စ်နဲ့ တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာ မဲဆန္ဒပေးခွင့်အတွက် အောင်ပွဲခံနိုင်ခဲ့တယ်။ မယ်ရီလဲန်းတက္ကသိုလ်နဲ့ မစ်ဇူးရီးတက္ကသိုလ်တို့မှာ လူမည်းတွေ ကျောင်းဝင်ခွင့်အမှုများ (မာရေးနှင့် ဂိန်းစ်) အတွက် သားဂွဒ် မာရှယ်လ်ဟာ အောင်မြင်မှု ရခဲ့တယ်။ အဲဒီအောင်ပွဲတွေက တောင်ပိုင်းပြည်နယ်တွေနဲ့ နယ်စပ်ပြည်နယ်တွေမှာ မကြုံစဖူး မီးတောင်ပေါက်ကွဲမှုလို ပေါက်ကွဲစေခဲ့တယ်။ ဆယ်စုနှစ်ပေါင်း များစွာ အခွင့်အရေးနဲ့ အာဏာကိုကိုင်ထားပြီး စိန်ခေါ်ခြင်း မခံခဲ့ရတဲ့ နိုင်ငံရေးသမားတွေကို ထိခဲ့တယ်။ ပညာမတတ်တဲ့ လူမည်းတွေရဲ့ လုပ်အားကို ဝါခင်း ပဲခင်းတွေမှာ မုံးပေါလအောသုံးပြီး အမြတ်ထုတ်ခဲ့ကြတဲ့ စီးပွားရေးသမား တွေကိုလည်း ရိုက်ခတ်သွားစေခဲ့တယ်။

အဲဒီ နိုင်ငံရေးသမားတွေ စီးပွားရေးအမြတ်ထုတ်သမားတွေက အဲန်အေအေစီပီဟာ တိုက်ရိုက်ဖြစ်စေ၊ ဖိနှိပ်ပြီးဖြစ်စေ၊ ဖျက်ဆီးပစ်ရမယ့် မကောင်းဆိုးဝါးအင်အားစုဖြစ်တယ်လို့ ချက်ချင်းကြေညာလာကြတယ်။ ဒါပေမယ့် လူဖြူလူမည်းတွေပါတဲ့ အဲန်အေအေစီပီအဖွဲ့ကို ဖွဲ့စည်းပုံအခြေခံ

ဥပဒေ ပြဋ္ဌာန်းချက်ပါ ဥပဒေလက်တံပိုပြီး ဆန့်ထုတ်ရေးအတွက် တရားဝင် လုပ်နေတာကိုတော့ လုပ်လို့မရဘူးလို့ ပြည်ထောင်စု တရားရုံးတွေက ကြေညာပေးအောင် သူတို့ မတတ်နိုင်ခဲ့ကြဘူး။

ဒါပေမယ့် တောင်ပိုင်းပြည်နယ်က လက်နက်ကိုင်ရဲအဖွဲ့တွေ အနေနဲ့ အဲန်အေအေစီပီကို အားပျော့အောင် ကြိုးစားလုပ်လို့ ရနိုင်အောင် တရားဥပဒေအပြင်ဘက်က နည်းလမ်းတွေနဲ့ ကြံစည်ခဲ့ကြတာတွေ ရှိတယ်။ ပထမဆုံး ခြေလှမ်းအဖြစ် အဲန်အေအေစီပီကို နိုင်ငံရေးနဲ့ ငွေရေးကြေးရေး အရ ထောက်ခံအားပေးတဲ့ မျက်နှာဖြူတွေနဲ့ အထူးသဖြင့် ဂျူးလူမျိုးတွေ ရဲ့ အမည်စာရင်းတွေကို ရအောင် ကောက်ယူတယ်။ အဲဒီလူတွေရဲ့ အမည် စာရင်း ရတဲ့အခါမှာ ကူးကလပ်စ် ကလဲန်ဂိုဏ်းသားတွေနဲ့ တခြား တစ်ယူ သန် ဝါဒီတွေက သူတို့အပေါ်မှာ စီးပွားရေး ပိတ်ပင်မှုတွေလုပ်ခြင်း၊ လူသိ ရှင်ကြား ဖိနှိပ်ခြင်း၊ လူမှုရေးဖိအားပေးခြင်း စတာတွေ လုပ်ကြတယ်။ အဲန်အေအေစီပီအဖွဲ့ဝင် မျက်နှာဖြူတွေကို သားဂွဒ် မာရှယ်လ်ရဲ့ တရား ဥပဒေအရ လှုပ်ရှားဆောင်ရွက်မှုတွေကို ထောက်ခံအားပေးမှု မပြုလုပ် အောင် ခြိမ်းခြောက်မှုတွေ ပြုလုပ်ကြတယ်။



မာတိကာသို့ ▶▶

# အခန်း (၁၄)

## လူမည်းဆန့်ကျင်ရေးဝါဒီတို့၏ နောက်ဆုံးရပ်တည်ချက်

မစ္စစ်ကဲနင်ကို ဝေါလ်တာ ဝိုက် လက်ထပ်ခဲ့တဲ့အတွက် တုံ့ပြန်မှုဂယက်တွေ ဖြစ်စေခဲ့တယ်။ အထူးသဖြင့် တောင်ပိုင်းသား မျက်နှာဖြူတွေကြားမှာ ပိုပြီးဖြစ်ခဲ့တယ်။ လူမျိုးရေးရောထွေးမှုနဲ့ လူမျိုးရေး ဖျက်ဆီးမှုအန္တရာယ်ဆိုတဲ့ အော်ဟစ်ခြိမ်းခြောက်မှုတွေ ချက်ချင်း ထွက်ပေါ် ခဲ့တယ်။ အဲန်အေအေစီပီဟာ ဂျူးလူမျိုး လှုံ့ဆော်ရေးသမားများနဲ့ ကွန်မြူနစ်တွေက ကြိုးကိုင်ထားတဲ့ မကောင်းတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တယ်လို့ စွပ်စွဲခဲ့ကြတယ်။

ဒါပေမဲ့ ဝိုက်နဲ့ ပေါ့ပီတို့ လက်ထပ်မှုအတွက် ဆူဆူညံညံ အငြင်းပွားသံတွေက လူမည်းတွေလောကမှာ အချိန်အကြာကြီး ဂယက်ရိုက်မှု မဖြစ်ခဲ့တာကို တွေ့ရလို့ သားဂွဒ် မာရှယ်လ်ဟာ ကျေနပ်နေခဲ့မိတယ်။



မာတိကာသို့ ▶▶

၁၉၄၉ ခုနှစ်နဲ့ ၁၉၅၀ ခုနှစ်တွေအတွင်းမှာ အဲန်အေအေစီပီရဲ့ အကူအညီကို တောင်းခံမှုတွေ ပိုများလာခဲ့ခြင်းက သက်သေအထောက်အထားပြခဲ့တယ်။ လွတ်လပ်မှုကို တောင့်တလိုလားမှုဆန္ဒက လူမည်းတွေရဲ့စိတ်ထဲမှာ ဝင်ရောက်မွှေနှောက်လာတဲ့ ဘဝခံစားမှုတစ်ခု ဖြစ်လာခဲ့တယ်။ သူတို့ဘဝမှာ တခြားအားထားစရာ ဘယ်သူမှ မရှိတော့ အဲန်အေအေစီပီက ရှေ့နေတွေရဲ့ အကူအညီကို အသေအလဲ လိုအပ်ကြောင်း သိလာခဲ့ကြတယ်။

ပညာတတ် လူမည်းလူတန်းစားတွေအကြားမှာ တစ်ယောက်နဲ့ တစ်ယောက် ပုတ်ခတ်ထိုးနှက်ပြောဆိုနေကြတာတွေ ရှိနေသေးဆဲပဲ။ ဒါပေမယ့် ဒါဟာ သူတို့ရဲ့ ပျက်စီးမှုအတွက် လုပ်ကြတဲ့ လူမည်း တွေရဲ့ ယာယီ အကျင့်တစ်ခုထက် မပိုဘူးလို့ သားဂွဒ် မာရှယ်လ်က သဘောထားခဲ့တယ်။ သူ့အနေနဲ့ အမေရိကန်နိုင်ငံသစ်တစ်ခုအတွက် သူ့ရဲ့မျှော်မှန်းချက် လမ်းစဉ်နောက်ကိုပဲ လိုက်စရာရှိတယ်။ လှပတဲ့ ကျောက်စရစ်တွေနဲ့ ဆင်ယင်ထားတဲ့ ပြည်ထောင်စုတရားရုံးချုပ်ရဲ့ အခန်းမကြီးတွေထဲမှာ အမေရိကန် လူမည်းတွေရဲ့ ကံကြမ္မာအသစ် ပေါ်ထွန်းလာရေးကိုပဲ သူအာရုံပြုရမယ်လို့ နားလည်ထားခဲ့တယ်။

သားဂွဒ် မာရှယ်လ်ရဲ့ လူမျိုးရေးခွဲခြားမှုကို ဘယ်လိုမှ အလျှော့မပေးတဲ့ ခြေလှမ်းဟာ အမေရိကန်တစ်နိုင်ငံလုံးက လူမည်းတွေရဲ့ စိတ်ထဲမှာ စိမ့်ဝင်လာခဲ့တာ ဘာမှ မကြာလိုက်သေးဘူး။ ၁၉၅၀ ခုနှစ် မိုးဦးကျကာလမှာ တာပီးကားမြို့မှာ အဖြစ်အပျက်တစ်ခု ပေါ်ခဲ့တယ်။ ဘုန်းတော်ကြီး အော်လီဘာ ဘရောင်းဟာ သူ့ရဲ့ ခုနစ်နှစ်အရွယ် သမီးငယ်လေး လင်းဒါကို လက်ဆွဲပြီး ဆမ်းနား မူလတန်းကျောင်းမှာ ဒုတိယတန်းမှာ ကျောင်းအပ်ဖို့ မျှော်လင့်ချက်နဲ့ သွားခဲ့တယ်။ ဘရောင်းသိထားတဲ့ အဖြေကိုပဲ ရခဲ့တယ်။ သူ့သမီးလေးဟာ ကျောင်းနဲ့ လေးလမ်းခြားသာကွာတဲ့ လူဖြူလူမည်းရပ်ကွက်မှာ နေထိုင်တာ မှန်ပေမဲ့ မျက်နှာဖြူများသာ လက်ခံတဲ့ကျောင်းမှာ ကျောင်းတက်ခွင့် မရှိဘူးလို့ ကျောင်းဘုတ်အဖွဲ့က ပယ်ချတာ ခံခဲ့ရတယ်။ လင်းဒါဟာ သူမနဲ့ ကစားဖော်ကစားဖက် မျက်နှာဖြူနဲ့ မက္ကဆီကန်-အမေရိကန်ကပြားကလေးတွေနဲ့အတူ တစ်ကျောင်း



မာတိကာသို့ ▶▶

တည်း နေခွင့် မရခဲ့ဘူး။ နှစ်မိုင်လောက်ဝေးတဲ့နေရာမှာ ရှိတဲ့ လူမည်း ကျောင်းကို ဘတ်စ်ကားနဲ့စီးသွားပြီး ကျောင်းတက်ဖို့လမ်းပဲ ရှိတော့တယ်။

ဘုန်းတော်ကြီး ဘရောင်းဟာ အလွန်ဒေါသထွက်ခဲ့ရတယ်။ အဲဒါကြောင့် တာပီးကားအထက်တန်းကျောင်းမှာ တစ်ဘန်းတည်းသားဖြစ်ခဲ့ပြီး အဲဒီအချိန်က အဲန်အေအေစီပီရဲ့ ဒေသခံရှေ့နေဖြစ်သူ ချားလ်စကော့ ဆီကို သွားတွေ့ခဲ့တယ်။ သူတို့နှစ်ဦးဟာ တာပီးကားကျောင်း အုပ်ချုပ်ရေး ဘုတ်အဖွဲ့ကို တရားစွဲဆိုဖို့ သဘောတူခဲ့ကြတယ်။

အဲဒီနောက် လအနည်းငယ်အကြာမှာ ဗာဂျီးနီးယားပြည်နယ်၊ ဖမ်းဗီးလ်မြို့မှာ ၁၅ နှစ်သမီးအရွယ်ရှိတဲ့ ဂျုန်း ဠွန်စ်နဲ့ သူမရဲ့အစ်မ ဘာဘရာ ဠွန်စ်တို့နှစ်ယောက်ဟာ မကြုံဖူးသေးတဲ့ ဆန့်ကျင်တော်လှန်ဆန္ဒပြမှုတစ်ခုကို လုပ်ခဲ့တယ်။ လူဖြူလူမည်းခွဲခြားပြီး တန်းတူညီမျှရေးကို စိန်ခေါ်ကန့်ကွက်ခဲ့တဲ့ သားဂွဒ် မာရှယ်လ်တောင် မတွေးခဲ့မိတဲ့ လုပ်ရပ်တစ်ခုဖြစ်ခဲ့တယ်။ လူမည်းများရဲ့ မိုးတင်အထက်တန်းကျောင်းအဆောက်အဦနံရံတွေဟာ ကတ္တရာစေးသုတ်စက္ကူတွေ ကပ်ထားတဲ့ နံရံတွေသာဖြစ်တော့ ဆောင်းတွင်းမှာ ခိုက်ခိုက်တုန်အောင်ချမ်းတယ်။ နှစ်နှစ်တစ်ကြိမ်လောက် မိုးတွေ ယိုစိမ့်ဝင်တယ်။ အဲဒီကျောင်းရဲ့ အခြေအနေကို ဆန့်ကျင်ဆန္ဒပြ ကန့်ကွက်တဲ့အနေနဲ့ ၁၉၅၁ ခုနှစ်မှာ ဘာဘရာ ဠွန်စ်ဟာ တစ်ကျောင်းလုံးက ကျောင်းသူကျောင်းသားတွေ အတန်းထဲက ထွက်လာပြီး ဆန္ဒပြကြအောင် ဦးဆောင်နိုင်ခဲ့တယ်။

ဘာဘရာတို့ဟာ မိဘတွေကို အသိမပေးဘဲ လုပ်ခဲ့ကြတာဖြစ်လို့ သူတို့ညီအစ်မရဲ့သတ္တိကို ရုတ်တရက် နားလည်ကြမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့အရပ်ဟာ အဲဒီအချိန် က ကျွန်စနစ်က ခြေလှမ်းတစ်လှမ်းလောက်သာ မလွတ်မြောက်ခဲ့သေးတဲ့ နယ်မြေ ဖြစ်ခဲ့တယ်ဆိုတာ သိရင်တော့ နားလည်နိုင်ပါလိမ့်မယ်။ *ဖမ်းမ်ဗီးလ် ဟဲရာလ်ဒ်* သတင်းစာမှာ အယ်ဒီတာ ဂျေ ဘီ ဝေါလ်က "ကျောင်းများတွင် လူဖြူလူမည်း ခွဲခြားထားသည့်စနစ်



မာတိကာသို့

ကို ဖျက်သိမ်းရန် တရားရုံးတော်က အမိန့် တစ်စုံတစ်ရာ ထုတ်ပြန်ခဲ့လျှင် တောင်ပိုင်းဒေသ ပညာရေးကို အနှစ်ငါးဆယ် နောက်သို့ ဆုတ်သွားစေလိမ့်မည်သာဖြစ်သည်။ ကျွန်ုပ်တို့ လူမျိုးများသည် ကောင်းမွန်စွာ အတူတကွ နေထိုင်လာခဲ့ကြသည်။ မျိုးဆက် သုံး၊ လေးဆက်ပင် ရှိခဲ့ပြီဖြစ်သည်။ လူဖြူလူမည်းခွဲခြားမှုကို တရားရုံးတော် က ပယ်ဖျက်လိုက်လျှင် မည်သို့ ဖြစ်ပျက်လာမည်ဆိုသည်ကို ဘုရားသခင် တစ်ဦးသာ သိပေလိမ့်မည်" လို့ ရေးခဲ့တယ်။

ဒေါက်တာ ဒက်ဗ်နီ လဲန်ကတ်စတားဟာ ဖမ်းဗီးလ်မြို့မှာရှိတဲ့ လောင်းဝပ်သ်ကောလိပ်ရဲ့ အုပ်ချုပ်ရေးမှူးဖြစ်တယ်။ ဗာဂျီးနီးယားပြည်နယ်ရဲ့ ပြည်နယ်ပညာရေးအုပ်ချုပ်ရေးမှူးအဖြစ်လည်း ၁၉၄၁ ခုနှစ်က ၁၉၄၆ ခုနှစ် အထိ ဆောင်ရွက်ခဲ့သူဖြစ်တယ်။ ဒါပေမယ့် သူက အောက်ပါအတိုင်း ကြေညာခဲ့တယ်။

"လူမျိုးရေးခွဲခြားမှုကိစ္စကို တရားရုံးတော်က ပြည်နယ်တွေရဲ့ လက်ထဲမှာ လွှဲထားတာ အကောင်းဆုံးဖြစ်လိမ့်မယ်။ လူမည်းတွေမှာ သူတို့ရဲ့ အတန်းတာဝန်ခံ လူမည်းအရာရှိတွေ လိုအပ်တယ်။ သူတို့ရဲ့ ကျောင်းသား များကို အုပ်ချုပ်ဖို့ ကိုယ်ပိုင်အုပ်ချုပ်မှု လိုအပ်တယ်။ အဲဒါကြောင့် လူမည်း တွေအတွက် လူမျိုးရေးပူးပေါင်းမှုစနစ်အောက်မှာထက် လူမျိုးရေး ခွဲခြားမှု စနစ်အောက်မှာ ပိုမိုတိုးတက်မှု ရရှိနိုင်ပါလိမ့်မယ်။ ကျွန်တော်ဟာ လူမည်း ကလေးငယ်တွေကို ရှုထောင့်အမျိုးမျိုးက သုံးသပ်ကြည့်ခဲ့မိပါတယ်။ သူတို့ မှာ အခုထက်ပိုပြီး ပျော်တဲ့ဘဝမျိုးကို တစ်ခါမှ ကျွန်တော် မမြင်ခဲ့မိဖူး သေးပါဘူး။ လူမည်းကလေးသူငယ်တွေဟာ မျက်နှာဖြူကလေးတွေထက်တောင် ပိုပြီးပျော်နေကြပါသေးတယ်"

ဒီ"ပျော်ရွှင်"နေကြတဲ့ လူမည်းကလေးသူငယ်တွေက ရစ်ချ်မင်မြို့ မှာရှိတဲ့ စပေါ့စ်ဝုဒ် ရော်ဘင်ဆင်နဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက် အော်လီဗာ ဟီးလ်ကို ဖမ်းဗီးလ်မြို့ကို လာခဲ့ဖို့ တယ်လီဖုန်းနဲ့ ဖိတ်ခေါ်နေကြပါပြီ။ ဒီကလေးတွေက လူထုအစည်းအဝေးတစ်ခု ကျင်းပကြမှာဖြစ်ပြီး အဲဒီနေ



မာတိကာသို့ ▶▶

ရာမှာ သူတို့ရဲ့ မကျေနပ်ချက်တွေကို တင်ပြကြဖို့ပါပဲ။

ရော်ဘင်ဆင်နဲ့ဟီးလ်တို့ကတော့ ကလေးတွေပြောတာကိုလည်း နားထောင်၊ အာခံနေတဲ့ လူဖြူအရာရှိတွေရဲ့ အသံတွေကိုလည်း နားထောင်ပြီးတော့ ဒီဗာဂျီးနီးယားပြည်နယ်ရဲ့ လူမည်းကျောင်းသူကျောင်းသားကလေးတွေကိုယ်စား သူတို့နှစ်ဦးနှင့် အဲန်အေအေစီပီအဖွဲ့ကြီးကတော့ ပြည်ထောင်စု တရားရုံးတော်တွေမှာ ဒီပြည်နယ်ကို စိန်ခေါ်ရတော့မှာပဲဆိုတာ သိလိုက်ပါပြီ။

အဲဒီအချိန်မှာပဲ တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာ ကျောင်းတွေမှာ အသားအရောင်ခွဲခြားမှု ဖျက်သိမ်းရေးကို တွေးမိရုံနဲ့ စိတ်တွေ တက်ကြွလာကြတယ်။ ဆမ်းမားတင်မြို့မှာ ကိုယ့်နာမည်ကိုတောင် ကောင်းကောင်းစာလုံးပေါင်း မရေးတတ်ကြတဲ့ လူမည်းမိဘတွေဟာ ကျောင်းတွေမှာ တရားမမျှတတဲ့ပညာ သင်ကြားခွင့် အဆင့်အတန်းခွဲမှု အဆုံးသတ်စေရေးအတွက် တရားရုံးတော်က အရေးယူပေးဖို့ ဝိုင်းပြီး လက်မှတ်ရေးထိုးတင်ခဲ့ကြတယ်။

တရားရေးလှုပ်ရှားမှုတွေလည်း တိုးတက်ဖြစ်ပေါ်လာတယ်။ ဒဲလာဝဲပြည်နယ်က ဝီလ်မင်တင်မြို့မှာ ဖြစ်ပျက်ခဲ့တဲ့ *ဂက်ဗ်ဟတ်နှင့် ဘယ်လ်တင်အမှု* မှာ လူမည်းတွေကို မျက်နှာဖြူကျောင်းတွေမှာ လက်ခံရမယ်လို့ ပြည်နယ်တရားရုံးချုပ်က ဆုံးဖြတ်ချက်ပေးခဲ့တယ်။ ဒါပေမဲ့ လူမည်းကျောင်းတွေ ထားရှိခြင်းဟာ လူမည်းကလေးသူငယ်တွေရဲ့ ရပိုင်ခွင့်များကို နဂိုကတည်းက တားမြစ်ဖြတ်တောက်ထားခဲ့တာမို့ လူမည်းတွေကို မျက်နှာဖြူကျောင်းတွေမှာ ဝင်ခွင့်ပြုရမှာဖြစ်တယ်လို့ တရားရုံးတော်က မှတ်ချက်မချခဲ့ဘူး။ လူမည်းတွေအတွက် ထားရှိတဲ့ ကျောင်းတွေဟာ သိသာထင်ရှားစွာ ညံ့ဖျင်းနေတဲ့အတွက်သာ ဖြစ်တယ်လို့ ဒဲလာဝဲပြည်နယ် တရားရုံးတော်က အကြောင်းပြ ဆုံးဖြတ်ခဲ့ပါတယ်။

လူဖြူလူမည်းခွဲခြားမှု ပြင်းထန်တဲ့ ကိုလမ်းဘီးယားခရိုင် (ဝေါ်



မာတိကာသို့

ရှင်တင်မြို့တော် တည်ရှိရာခရိုင်) မှာလည်း စပေါ့စ်ဝုဒ် သောမတ်စ် ဘိုးလင်းဆိုသူက လူမည်းကျောင်းသားလေးတွေအတွက် ခွဲခြားမှု ပြုလုပ်ခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပဥ္စမပြင်ဆင်ချက်ပါ တရားဥပဒေနဲ့ အညီ ဆောင်ရွက်စေမှုကို ချိုးဖောက်မှုဖြစ်တယ်ဆိုပြီး မယ်လ်ဗင် ရုပ်နဲ့ ကျောင်း ကတာဝန်ခံတွေကို တရားစွဲဆိုခဲ့တယ်။ ဒါပေမဲ့ လူဖြူလူမည်း ခွဲခြားရေးကို လိုလားထောက်ခံသူတွေကလည်း အကျိုးအကြောင်းပြပြီး ချေပခဲ့ကြတယ်။ သူတို့က ပြည်တွင်းစစ်ဖြစ်ပြီးတဲ့နောက်မှာ ပြင်ဆင်ချက် အပိုဒ် (၁၃)၊(၁၄)နဲ့ (၁၅) တို့ကို ချမှတ်ပြီး ပြည်သူ့အခွင့်အရေးဥပဒေ များကို ပြဋ္ဌာန်းခဲ့တဲ့နေရာမှာ ကိုလမ်းဘီးယားခရိုင်ကျောင်းများဟာ အထင် ရှားဆုံး သက်သေ အထောက်အထားဖြစ်နေကြောင်း၊ အဲဒီကျောင်းများကို ကြည့်ရင် ကွန်ဂရက် လွှတ်တော်ဟာ ပူးပေါင်းပညာသင်ကြားရေးစနစ်ကို မည်သည့် အခါကမှ ရည်ရွယ်ချက်မရှိခဲ့ပုံကို ပြသနေကြောင်း၊ အဲဒီလိုသာ မဟုတ်ခဲ့ရင် အမေ ရိကန်နိုင်ငံရဲ့ မြို့တော်ကြီးမှာ လူမည်းများအတွက် သီးခြားကျောင်း များကို မျိုးဆက်ပေါင်းများစွာ တည်ရှိနေအောင် အဘယ့် ကြောင့် ခွင့်ပြု ထားခဲ့မလဲ လို့ အကြောင်းပြငြင်းဆိုခဲ့ကြပါတယ်။ ဒီငြင်းချက် ဟာ သားဂွဒ် မာရှယ်လ် နဲ့ အဲန်အေအေစီပီတို့ အလေးအနက် စဉ်းစားခဲ့ ရတဲ့ စိန်ခေါ်မှု တစ်ခုလည်း ဖြစ်ခဲ့တယ်။ စိတ်ပူစရာ စိန်ခေါ်မှုတစ်ခုလည်း ဖြစ်ခဲ့တယ်။

ဒါပေမဲ့ ပြဿနာရဲ့ အရေးအကြီးဆုံးအချိန်နဲ့ မျှော်လင့်ချက်တွေ ရုတ်တရက် ဗြုန်းဒိုင်းဖြစ်ပေါ်လာခဲ့တယ်။ ယေဘုယျအားဖြင့် ကျောင်းတွေ မှာ အသားအရောင်ခွဲခြားခြင်းအတွက် တရားစွဲခံရတဲ့ ပြည်ထောင်စုတရားရုံး အမှု ငါးမှုဟာ *ဘရောင်းနဲ့ တာပီးကား ပညာရေးဘုတ်အဖွဲ့အမှု* နဲ့အတူ တစ်လုံး တစ်စည်းတည်း ဖြစ်ပေါ်ခဲ့ပါတယ်။

*ဘရောင်းနဲ့ ပညာရေးဘုတ်အဖွဲ့အမှု* က သန်းပေါင်းများစွာသော အမေရိကန်နိုင်ငံသားများ မသိခဲ့ကြသေးတဲ့ အကြောင်းတွေကို ထင်ရှားစွာ



မာတိကာသို့ ▶▶

သိမြင်အောင် ဖော်ထုတ်ပြခဲ့တယ်။ လူမျိုးရေးကိစ္စတွေနဲ့ ပတ်သက်လို့ အမေရိကန်ပြည်ထောင်စုရဲ့ ဥပဒေများနဲ့ ဓလေ့ထုံးတမ်းများဟာ ဘယ်လောက် အရူးအမူး အထူးအဆန်းတွေ ဖြစ်နေသလဲဆိုတာတွေကို ဖော်ထုတ်ပြခဲ့တယ်။ ဥပမာတချို့ကို ကြည့်ပါ-

* ဖလော်ရီဒါပြည်နယ်နဲ့ မြောက်ကယ်ရိုလိုင်းနားပြည်နယ်တွေမှာ လူမည်းများအတွက် ကျောင်းသုံးစာအုပ်များနဲ့ မျက်နှာဖြူများအတွက် ကျောင်းသုံးစာအုပ်များကို သီးခြားခွဲပြီး ထိန်းသိမ်းထားစေတယ်။ ကျောင်းသုံးစာအုပ်များ အပြန်အလှန် လဲယူသုံးစွဲခွင့် လုံးဝ မပြုလုပ်စေရဘူး။

* အိုကလာဟိုးမားပြည်နယ်မှာ မျက်နှာဖြူများ တောင်းဆိုသော နေရာတိုင်းတွင် လူမည်းများအတွက် သီးခြားတယ်လီဖုန်းစကားပြောရုံများ ကို ဆောက်လုပ်ပေးရမယ်လို့ ပြဋ္ဌာန်းထားတယ်။

* လူဝီစီရဲနားပြည်နယ်နဲ့ တောင်ကယ်ရိုလိုင်းနား ပြည်နယ်တွေက ဆပ်ကပ်ပွဲတွေမှာ ပွဲကြည့်ပရိသတ်တွေကို လူဖြူနဲ့ လူမည်းခွဲခြားကြည့်ကြရတယ်။

* မစ္စစ္စပီးပြည်နယ်မှာ လူမှုရေးညီမျှမှုကို ထောက်ခံခြင်း သို့မဟုတ် လူမည်းများနဲ့ မျက်နှာဖြူများ လက်ထပ်ခြင်းသတင်းများကို ပုံနှိပ်ဖော်ပြခြင်း သို့မဟုတ် ဖြန့်ဝေခြင်းတို့ကို မည်သူတစ်ဦးတစ်ယောက်မျှ မလုပ်ရဆိုတဲ့ ပိတ်ပင်တားမြစ်မှု ပြုလုပ်ထားတယ်။ အဲဒီတားမြစ်ချက်ကို ချိုးဖောက်သူကို ဒဏ်ငွေ ၅၀၀ ချမှတ်ခြင်းဖြစ်စေ၊ သို့မဟုတ် ထောင်ဒဏ် ခြောက်လ သီးခြားဖြစ်စေ၊ သို့မဟုတ် ဒဏ်ငွေနဲ့ထောင်ဒဏ်တို့ ကို တစ်ပေါင်းတည်းချမှတ်စေလို့ ပြဋ္ဌာန်းထားတယ်။

* မြောက်ကယ်ရိုလိုင်းနားပြည်နယ်နဲ့ ဗာဂျီးနီးယားပြည်နယ်တို့မှာ လူမျိုးစုံ ပါဝင်တဲ့ ချစ်ကြည်ရေးအသင်းအဖွဲ့များ မဖွဲ့စည်းစေရလို့ တားမြစ်ထားတယ်။



မာတိကာသို့

*            ပြည်နယ် ၁၅ ခုက ဆေးရုံတွေမှာ လူဖြူလူမည်း အသားအရောင် ခွဲခြားဆက်ဆံမှုကို ပြုလုပ်နေကြတယ်။

*            အယ်လ်လာဘားမားပြည်နယ်၊ မစ္စစ္စပီးပြည်နယ်နဲ့ တောင်ကယ်ရိုလိုင်းနားပြည်နယ်တွေမှာ လူမည်းလူနာတွေအတွက် လူမည်းသူနာပြုတွေက ပြုစုပြီး မျက်နှာဖြူလူနာတွေကို မျက်နှာဖြူသူနာပြုတွေကပဲ ပြုစုစေရတယ်။

*            အယ်လ်လာဘားမား၊ အာကန်ဆော၊ ဖလော်ရီဒါ၊ ဂျော်ဂျီးယား၊ မြောက်ကယ်ရိုလိုင်းနားနဲ့ တောင်ကယ်ရိုလိုင်းနား ပြည်နယ်တွေမှာ သံကြိုးခတ် အကျဉ်းသားတွေအတွက် လူဖြူနဲ့လူမည်းတွဲပြီး သံကြိုးခတ်ခြင်း မပြုလုပ်ရလို့ တားမြစ်ချက် ရှိနေတယ်။

*            အနောက်ဗာဂျီးနီးယားနဲ့ အယ်လ်လာဘားမားပြည်နယ်တွေမှာ အစိုးရက ထောက်ပံ့မှုပေးတဲ့အခါမှာ လူမည်းဆင်းရဲသားများနဲ့ မျက်နှာဖြူဆင်းရဲသားများကို ခွဲခြားကြတယ်။

၁၉၅၂ ခုနှစ်ဟာ သားဂွဒ် မာရှယ်လ်အတွက် မျက်နှာပွင့် တောက်ပတဲ့ နှစ်တစ်နှစ်အဖြစ် ရောက်ရှိလာခဲ့ပါတယ်။ *ကော်လီးယားစ်* မဂ္ဂဇင်းက သားဂွဒ်အကြောင်း အံ့ဩဖွယ်ရာ ဆောင်းပါးတစ်ပုဒ်ကို ရေးသား ဖော်ပြခဲ့တယ်။ လူမည်းများ မဲဆန္ဒပေးခွင့်နဲ့ အဆင့်မြင့်ပညာ တန်းတူသင် ကြားခွင့် ရရှိရေးအမှုတွေမှာ သားဂွဒ် မာရှယ်လ်ရဲ့ ထက်ထက်မြက်မြက် ဆောင်ရွက်ခဲ့ပုံတွေကို ကိုးကားဖော်ပြခဲ့တယ်။

လူမည်းသတင်းစာတွေကလည်း တန်းတူပညာသင်ကြားခွင့် ကြိုးပမ်းမှုအတွက် ရန်ပုံငွေ တိုးချဲ့ရှာဖွေမှုများအကြောင်းကို ဖော်ပြခဲ့ကြ တယ်။ ဒါပေမယ့် အောင်မြင်မှုဟာ ပြဿနာတွေကိုလည်း ယူလာတဲ့ အကြောင်းကို သားဂွဒ် မာရှယ်လ် တွေ့ရှိခဲ့ရတယ်။ ညီညွတ်မှုကို အကြီး အကျယ်လိုအပ်နေတဲ့ လူမည်းလောကမှာတောင် တကယ်စစ်မှန်တဲ့ ခေါင်း ဆောင်မှုကို ပေးသူတစ်ဦး ခေါင်းပြူထွက်လာတိုင်း တစ်ယောက်ယောက်က



မာတိကာသို့ ▸▸

ခဲနဲ့ထပေါက်တာမျိုး ရှိနေတယ်။

ဇန်နဝါရီလ ၁၈ ရက်နေ့မှာ လူမည်းသတင်းစာတစ်စောင်ဖြစ်တဲ့ *နယူးယောက် အိပ်ချ်* သတင်းစာက သားဂွဒ် မာရှယ်လ်ဟာ ကွန် ဂရက်လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဘုန်းတော်ကြီး အယ်ဒမ် ကလေတင် ပါးဝါးလ်နဲ့ ပြိုင်အရွေးခံဖို့ ကျိတ်ပြီး ပြင်ဆင်နေတယ်ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ဖော်ပြခဲ့တယ်။ အဲဒီအကြောင်းကို ဖုန်းဆက်ပြောလို့ မာရှယ်လ် သိရတဲ့အခါမှာ အံ့သြသွားခဲ့ရတယ်။ မာရှယ်လ်က သူ့မှာ ဘယ်လိုနည်းနဲ့မှ အဲဒီလိုအကြံအစည် မရှိကြောင်း ကလေတင် ပါးဝါးလ်ထံ ချက်ချင်း စာနဲ့ရေးပြီး အကြောင်းကြားလိုက်တယ်။

အဲဒီနောက်မှာ သားဂွဒ် မာရှယ်လ်ဟာ အမှုကိစ္စတွေအတွက် ခရီးရှည်ထွက်ခဲ့ရတယ်။ ဒါပေမဲ့ မတ်လ ၁၀ ရက်နေ့မှာ နယူးယောက်ကို ပြန်ရောက်ခဲ့တော့ အဲန်အေအေစီပီ ဘုတ်အဖွဲ့ဟာ သူ့အပေါ်မှာ ပြောဆိုခဲ့ကြတဲ့ စွပ်စွဲချက်တွေနဲ့ နပန်းလုံးနေပုံကို တွေ့ခဲ့ရတယ်။ "သားဂွဒ် မာရှယ်လ်ဟာ ပြည်ထောင်စုတရားသူကြီးဖြစ်ရေးအတွက် အသေအလဲ ကြိုးစားနေပြီ" ဆိုတဲ့ စွပ်စွဲချက် ဖြစ်ပါတယ်။

ကလိဖ်လင်းမှ လူမည်းရှေ့နေတစ်ဦးဖြစ်သူ ချက်စတာ ဂဲလက်စပီ ဆိုသူက အဲန်အေအေစီပီဘုတ်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ လူးဝစ္စ ရိုက်ထံ စာတစ်စောင်ရေးခဲ့တယ်။ သူ့စာထဲမှာ သူနဲ့ သားဂွဒ် မာရှယ်လ်ဟာ ပုဂ္ဂိုလ်ရေးအရ အလွန်ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေများဖြစ်ကြပုံ၊ သို့သော်လည်း သားဂွဒ် မာရှယ်လ်ဟာ ဒီမိုကရက်တစ်တွေဆီက ပြည်ထောင်စုတရားသူကြီးအဖြစ် ခန့်ထားရေးကို လွန်ခဲ့တဲ့နှစ်များအတွင်းက အသေအလဲ ကြိုးစားခဲ့ပုံကို အများက သိကြောင်း၊ သူ့အမြင်အရတော့ အဲန်အေအေစီပီ တာဝန်ခံတစ်ဦးဟာ နိုင်ငံရေးရာထူးတစ်ခုကို တစ်ဖက်က လက်ခံဖို့ ကြိုးစားရင်း တစ်ချိန်တည်းမှာပဲ အဲန်အေအေစီပီနဲ့လူမည်းများအတွက် ဘက်မလိုက်ဘဲ ခိုင်ခိုင်မာမာ ရပ်တည်လုပ်ကိုင်ဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မလဲလို့ မိမိစဉ်းစားမရကြောင်း ဖော်ပြထားတယ်။



မာတိကာသို့

ရှေ့နေ ဂဲလက်စပီက သူ့စာကို အဲန်အေအေစီပီကို မရောက်ခင်မှာ သတင်းစာတွေကို ဖြန့်ဝေခဲ့တယ်။

အဲန်အေအေစီပီ ဘုတ်အဖွဲ့ဥက္ကဋ္ဌကလည်း သားဂွဒ် မာရှယ်လ်ဟာ သူ့အလုပ်ကိုသူလုပ်လာတာ ၁၆ နှစ်ရှိခဲ့ပြီး အဲဒီကာလအတွင်းမှာ အမေရိကန်နိုင်ငံရဲ့ ပြည်သူ့အခွင့်အရေးဥပဒေအတွက် ထင်ရှားတဲ့ ဩဇာရှိပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ကြောင်း၊ အားကြိုးမာန်တက် အလုပ်လုပ်ခဲ့ပြီး သာလွန်တဲ့အရည်အချင်းတွေကို လက်တွေ့ထုတ်ဖော်ပြသခဲ့တဲ့ သမိုင်းကြောင်း အထောက်အထားအရ သားဂွဒ် မာရှယ်လ်ကို ပြည်သူ့ဝန်ထမ်းကောင်းတစ်ဦးအဖြစ် တွေ့ရှိခဲ့ရကြောင်း၊ ဒါ့ကြောင့် သူ့လိုလူတစ်ဦးအပေါ်မှာ သူ့ရဲ့ဆောင်ရွက်ချက်တွေအတွက် ဆုလာဘ်အဖြစ် ကမ်းလှမ်းခြင်းခံရတာမျိုးကို ဘုတ်အဖွဲ့အနေဖြင့် ကန့်ကွက်စရာအကြောင်း မရှိကြောင်း၊ အဲန်အေအေစီပီအဖွဲ့ဝင်များနဲ့ အမေရိကန်လူမည်းများအနေနဲ့လည်း ကန့်ကွက်ခြင်း၊ အဲဒီလို ကန့်ကွက်မှုကို ထောက်ခံအားပေးခြင်းလည်း ပြုလိမ့်မည် မဟုတ်ကြောင်း ဖော်ပြလိုက်တယ်။

သားဂွဒ် မာရှယ်လ်က ပထမတော့ ဂဲလက်စပီရဲ့စာကို မတုံ့ပြန်ပါဘူးလို့ သတင်းစာတွေကို ပြောခဲ့တယ်။ ဒါပေမဲ့ ဂဲလက်စပီက ရီပတ်ဘလီကင် လူမည်းဖြစ်ပြီး သားဂွဒ်က ဗိုလ်ချုပ်ကြီး မက်အာသာကို ဝေဖန်ခဲ့တာကို မကြိုက်သူဖြစ်ခဲ့တယ်။ ဗိုလ်ချုပ် မက်အာသာဟာ အဲဒီအချိန်မှာ တပ်မတော်အတွင်း လူဖြူလူမည်း ခွဲခြားမှု အဆုံးသတ်ရေးကို အာခံနေသူဖြစ်သည်။ ဒါ့ကြောင့် သားဂွဒ်ဟာ ဒေါသမထိန်း နိုင်တော့တဲ့အတွက် ဂဲလက်စပီထံ စာတစ်စောင် ပြန်ရေးခဲ့တယ်။ သူ့စာထဲမှာ သူဟာ လူဖြူလူမည်း အခွင့်အရေး တန်းတူညီမျှမှုကို ရန်လိုဆန့်ကျင် သူမှန်သမျှကို အသားအရောင်မရွေး၊ ပါတီနှစ်ခုစလုံးက နိုင်ငံရေးသမားတွေကို ရှုတ်ချခဲ့ကြောင်း၊ ဆက်လက်လည်း ရှုတ်ချသွားမှာဖြစ်ကြောင်း၊ အဲဒါကြောင့် ဗိုလ်ချုပ်ကြီးမက်အာသာကိုလည်း ရှုတ်ချပြစ်တင်ခဲ့တာဖြစ်ကြောင်း၊ နောက်ထပ်လည်း ထပ်ပြီး ရှုတ်ချပြောဆိုစရာ နည်းနည်းပါးပါး ရှိသေးကြောင်း၊ ဂဲလက်စပီရဲ့စာကို ပြန်ဖြေရရင် "ခင်ဗျားလို လူနဲ့ မိတ်ဆွေ ဖြစ်ရရင်



မာတိကာသို့

ကျွန်တော့်မှာ ဘယ်ရန်သူမှ ရှိဖို့ မလိုပါဘူး” လို့ ရေးလိုက်တယ်။

သားဂွဒ် မာရှယ်လ်ရဲ့ တရားရေးနဲ့ နိုင်ငံရေးအကြံအစည်တွေဟာ ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလမှာ အတော်ပင်ပန်းခဲ့ပါတယ်။ ဒီဇင်ဘာလ ၉ ရက်နေ့မှာ ရာဇဝင်တွင်လောက်အောင် ကြီးကျယ်တဲ့ *ဘရောင်းနဲ့ ပညာရေးဘုတ်အဖွဲ့ အမှုကြီး* အတွက် ပြည်ထောင်စုတရားရုံးချုပ်မှာ ရင်ဆိုင်ရတော့မယ်။

မာရှယ်လ်ကတော့ ရန်ပုံငွေ နည်းနည်းကိုသာ သုံးနိုင်ပြီး သူ့ရဲ့ ပြိုင်ဘက် ဂျွန် ဒဗလျူ ဒေးဗစ္စကတော့ လူဖြူလူမည်း ခွဲခြားမှုကို ထောက်ခံတဲ့ တောင်ပိုင်းပြည်နယ်အားလုံးရဲ့ ထောက်ခံအားပေးမှုကို ရရှိထားပါတယ်။

တရားရုံးတော်မှာ မာရှယ်လ်ဟာ ဖွဲ့စည်းပုံ ပြင်ဆင်ချက် အပိုဒ် (၁၄) ရဲ့ ပထမအပိုဒ်ကိုပဲ အခြေခံဆုပ်ကိုင်ပြီး လျှောက်ထားခဲ့တယ်။

“အမေရိကန်ပြည်ထောင်စုအတွင်း မွေးဖွားခဲ့သူများ သို့မဟုတ် အမေရိကန်နိုင်ငံသားအဖြစ် ခံယူသူများဖြစ်ကြပြီး နိုင်ငံ၏ အုပ်ချုပ်စီရင်မှုကို လိုက်နာကြသူအားလုံးသည် အမေရိကန်နိုင်ငံသားများနှင့် ၎င်းတို့နေထိုင်လျက်ရှိသော ပြည်နယ်များ၏ ပြည်နယ်သူပြည်နယ်သားများဖြစ်ကြသည်။ အမေရိကန်ပြည်ထောင်စု တိုင်းရင်းသားများ၏ အထူးအခွင့်အရေးနှင့် အကာအကွယ်များကို ကန့်သတ်ချုပ်ချယ်စေမည့် ဥပဒေတစ်ခုခုကို ပြဋ္ဌာန်းခြင်း သို့မဟုတ် လိုက်နာစေရန် ဆောင်ရွက်ခြင်းတို့ကို မည်သည့်ပြည်နယ်ကမျှ မပြုလုပ်စေရ၊ သို့မဟုတ် ပြည်နယ်တစ်ခုသည် နိုင်ငံသူနိုင်ငံသားများ၏ အသက်ကိုဖြစ်စေ၊ လွတ်လပ်ခွင့်ကိုဖြစ်စေ သို့မဟုတ် ပိုင်ဆိုင်သော ပစ္စည်းများကိုဖြစ်စေ တရားဥပဒေလုပ်ထုံးလုပ်နည်းနှင့် မညီညွတ်သောနည်းဖြင့် ရုပ်သိမ်းပိုင်ဆိုင်ခွင့် မရှိစေရ၊ သို့မဟုတ် အုပ်ချုပ်စီရင်မှုအောက်ရှိ နိုင်ငံသားတစ်ဦးအား တရားဥပဒေများက တန်းတူညီမျှစွာ အကာအကွယ်ပေးထားမှုကိုလည်း မငြင်းဆိုစေရ”

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရှေ့နေကြီး ဂျွန် ဒဗလျူ ဒေးဗစ္စ



မာတိကာသို့ ››

ကလည်း တရားရုံးတော်ကို အောက်ပါအတိုင်း တင်ပြခဲ့ပါတယ်။

"ဖွဲ့စည်းပုံပြင်ဆင်ချက် အပိုဒ် (၁၄) သည် ကျောင်းများတွင် အသားအရောင်ခွဲခြားမှုကို ပယ်ဖျက်ပစ်စေရန် မည်သည့်အခါကမျှ ရည်ရွယ်ခဲ့ခြင်း မရှိပါ။ ပြည်နယ်တစ်ခုအတွင်း၌ အများသူငါ အကျိုးစီးပွားရှိမှုအတွက် လူမျိုးခွဲခြားမှု ပြုလုပ်သင့်သည်ဟု ယုံကြည်လျှင် လူဖြူလူမည်းခွဲခြားမှု ပြုလုပ်စေရန် ပြုလုပ်ခြင်းမှာ ပြည်နယ်တစ်ခုအနေဖြင့် လူဖြူလူမည်းများအား တန်းတူညီမျှသော အခွင့်အရေးများ ပေးသမျှကာလပတ်လုံး လူဖြူလူမည်းကျောင်းများ ခွဲခြားမှုသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပဋိပက္ခ မဖြစ်ပါ။ ပြည်နယ်တစ်ခုသည် ကျောင်းသားတပည့်များကို ကျားမ အမျိုး အစား သို့မဟုတ် အသက်အရွယ်အပိုင်းအခြား သတ်မှတ်ပြုလုပ်ပေးနိုင် သည့်နည်းတူ လူမျိုးရေးအရ ခွဲခြားသတ်မှတ်ပေးပိုင်ခွင့်ရှိသည်"

ပြည်ထောင်စုတရားရုံးချုပ်မှာ နှုတ်နဲ့ အချေအတင် လျှောက်လဲခဲ့ကြတဲ့ အမှု တွေထဲမှာ *ဘရောင်းနဲ့ ပညာရေးဘုတ်အဖွဲ့ အမှု* လောက်ကြီးကျယ် လေးနက် မှု ဘယ်တုန်းကမှ မရှိနိုင်ခဲ့ပါဘူး။

တရားရုံးချုပ်မှာ အချေအတင်လျှောက်လဲချက်တွေကို နားထောင်ခဲ့ကြတဲ့ မျက်နှာဖြူပုဂ္ဂိုလ် ကိုးဦး ရှိခဲ့တယ်။ ယင်းတို့သည် တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသည်။

- ကဲန်တပ်ကီးပြည်နယ်သား အသက် ၆၂ နှစ်အရွယ်ရှိတဲ့ တရားသူကြီးချုပ် ဖရက်ဒ် ဗင်ဆင်ဟာ အမေရိကန်သမ္မတကြီး ဟယ်ရီ ထရူးမင်း က ခန့်အပ်ထားသူ။

- အသက် ၆၈ နှစ်အရွယ်ရှိပြီး တခြား ကဲန်တပ်ကီးပြည်နယ်သားဖြစ်တဲ့ စတဲန်လေ ရိဒ်က လိုင်းရင်းစ်ရဲ့ သုံးလောင်းပြိုင်လူသတ်မှုမှာ စီရင်ချက်ချပြီး သားဂွဒ် မာရှယ်လ်ရဲ့နှလုံးကို ချေမွခဲ့သူ။

- အသက် ၇၀ ရှိတဲ့ ဖီးလစ္စ ဖရဲန့်ဖတ်တားဟာ ဟားဗတ် ဥပဒေကျောင်းက ပါမောက္ခဟောင်းဖြစ်ပြီး ပြည်ထောင်စုတရားရုံးချုပ်ရဲ့



မာတိကာသို့

တစ်ဦးတည်း သော အဖွဲ့ဝင် ဂျူးလူမျိုး-- မလိုအပ်တဲ့ အပြောင်းအလဲ ဖြစ်စေမယ့် တရားရုံးတော်ရဲ့ ဆုံးဖြတ်ချက်တွေကို ဆန့်ကျင်သူ။

- အသက် ၆၀ အရွယ်ရှိ ရောဘတ် ဂျက်ခ်ဆင်ဟာ နူရင်ဘတ် စစ်ခုံရုံးတင်မှုမှာ အမေရိကန်ပြည်ထောင်စုရဲ့ အဓိကအကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သူ။

- အသက် ၆၄ နှစ်ရှိပြီး အိုဟိုင်းယိုးပြည်နယ်၊ ကလိဖ်လင်း မြို့တော်ဝန်ဟောင်းဖြစ်သူ ဟဲရာလ်ဒ် ဘားတင်။

- အသက် ၅၃ နှစ်သာရှိသေးတဲ့ အမေရိကန်ပြည်ထောင်စု ရှေ့နေချုပ်ဟောင်း တော်မ် ကလပ်ခ်။

- အသက် ၆၂ နှစ်ရှိပြီး အင်ဒီရဲနားပြည်နယ်က ဆီးနိတ် အမတ်ဟောင်းဖြစ်သူနဲ့ သမားရိုးကျ လမ်းဟောင်းလိုက်သမား ရှားမင် မင်တင်။

- အသက် ၆၆ နှစ်အရွယ်ရှိပြီး အယ်လ်လာဘားမားပြည်နယ် က ကူးကလပ်စ် ကလဲန်အဖွဲ့ဝင်ဟောင်းဖြစ်ခဲ့သော်လည်း စိတ်ထား ပြောင်း လဲသွားတဲ့ ပြည်သူ့လွတ်လပ်ခွင့်များပေးရေးကို ခုခံပြောဆိုသူ ဟျူဂို ဘလက်ခ်။

- အသက် ၅၄ နှစ်အရွယ်သာရှိပြီး အမေရိကန်လူမည်းများ အတွက် တန်းတူညီမျှမှုအခွင့်အရေးအတွက် ဘလက်ခ်နှင့် ကြဲရာပါဖြစ်သူ ဝီလျံ အို ဒပ်ကလပ်စ်။

သားဂွဒ် မာရှယ်လ်ဟာ သူ့ရဲ့ လျှောက်လဲချက်တွေကို ကျေနပ် အားရစွာ တင်သွင်းခဲ့တယ်။ သူနဲ့ အဖွဲ့ရဲ့ အသင်းလိုက် ပူးပေါင်းဆောင် ရွက်ခဲ့မှုကြောင့်ဖြစ်တယ်။ သူ့အဖွဲ့မှာ သူ့ရဲ့လက်ထောက် ဂျက် ဂရင်း ဘတ်နဲ့အတူ အမေရိကမှာရှိတဲ့ အကောင်းဆုံးလူမည်းရှေ့နေအချို့ ပါဝင် ခဲ့ကြတယ်။ သူတို့အများစုဟာ ဟောင်းဝပ်တက္ကသိုလ်က ဘွဲ့ရများနဲ့



မာတိကာသို့ ▶▶

ဆရာများလည်း ဖြစ်ခဲ့ကြတယ်။ ဒါ့အပြင် အလွန်တော်တဲ့ မျက်နှာဖြူရှေ့နေအချို့လည်း ပါဝင်ခဲ့ကြတယ်။ သူတို့ထဲက အများစုဟာ ဂျူးလူမျိုးတွေဖြစ်ပြီး အမေရိကန်နိုင်ငံမှာ လူမျိုးရေးတရားမျှတမှု ရှိတာကို တွေ့မြင်လိုစိတ် ပြင်းထန်ကြသူတွေ ဖြစ်ကြတယ်။ သားဂွဒ် မာရှယ်လ်ရဲ့ ပုံစံကလည်း လျှောက်လဲချက်တွေထဲကနဲ့ တခြားစီ။ အမှုအားလုံးမှာ သားဂွဒ်မာရှယ်လ်ဟာ ယုံကြည်ချက် အရှင်းဆုံးနဲ့ အရိုးသားဆုံးရှေ့နေဖြစ်တယ်။ သူ့ရဲ့အယူခံတင်ပြချက်တွေက တရားသူကြီးတစ်ဦးချင်း သို့မဟုတ် တရားသူကြီးအားလုံးရဲ့ ဆင်ခြင်တုံတရားနဲ့ အဆုံးအဖြတ်ပေးနိုင်အောင် တင်ပြတာဖြစ်တယ်။ တကယ်လို့ အဲဒီတရားသူကြီးတွေသာ ဖြစ်နေတဲ့အမှုတစ်ခုခုမှာ တရားခံတစ်ဦး သို့မဟုတ် တရားလိုတစ်ဦးဖြစ်ခဲ့ရင် ဒါမှမဟုတ် တရားအစွဲခံရသူ သို့မဟုတ် တရားစွဲဆိုသူတစ်ဦးဖြစ်ခဲ့ရင် သူတို့အနေနဲ့ တရားမျှတမှုဆိုတာ ဘယ်လိုလဲ လို့ ဆင်ခြင်စဉ်းစားကြအောင် သားဂွဒ်မာရှယ်လ်က ရိုက်သွင်းပေးခဲ့တယ်။

၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် ဒုတိယနေ့တရားခွင်မှာ သားဂွဒ်က အောက်ပါအတိုင်း လျှောက်လဲတင်ပြခဲ့ပါတယ်။

"ကျွန်တော် မနေ့က တင်ပြဆွေးနွေးသွားတာ တစ်ခုကို ကြားခဲ့ရတော့ ကျွန်တော် စိတ်မကောင်းဖြစ်မိတယ်။ လူမည်းကလေးတွေ တစ်ပြုံကြီးရှိတဲ့ ကျောင်းတစ်ကျောင်းမှာ မျက်နှာဖြူကလေးတစ်ယောက်ကို ထည့်ပြီးထားလိုက်ရင် အဲဒီမျက်နှာဖြူကလေးဟာ တစ်စစီ ကျေပြုန်းပြီး ပျက်စီးသွားလိမ့်မယ်လို့ ပြောသွားခဲ့ပါတယ်။ အဲဒါဟာ မမှန်ကန်ဘူးဆိုတာ လူတိုင်းအသိ ဖြစ်ပါတယ်။

"ဗာဂျီးနီးယားနဲ့ တောင်ကယ်ရိုလိုင်းနားက အဲဒီလူဖြူလူမည်း ကလေးသူငယ်တွေ အတူကစားပုံ၊ နေပုံထိုင်ပုံတွေကို ကျွန်တော် တွေ့မြင်ခဲ့ရတာတွေ ရှိပါတယ်။ သူတို့လေးတွေဟာ လမ်းထဲမှာ အတူကစားကြတယ်။ လယ်ယာကွင်းတွေထဲမှာ အတူဆော့ကြတယ်။ ကျောင်းသွားတဲ့အခါကျတော့ တစ်ကွဲစီ ခွဲသွားကြတယ်။ ပြီးတော့ ကျောင်းဆင်းတဲ့အခါမှာ

ဘောလုံးအတူ ကစားကြပြန်တယ်။ သူတို့လေးတွေခမျာမှာ ကျောင်းနေရတာတစ်ခုမှာပဲ အခွဲခြားခံနေကြရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလောက်များတဲ့ လူမျိုးစုအုပ်စုတွေထဲမှာ ဘာဖြစ်လို့ လူမည်းတွေကျမှ အခွဲခြားခံနေရတာလဲ။ ဘာဖြစ်လို့ လူမည်းတွေအပေါ်မှာ ဒီလို ခွဲခွဲခြားခြား ဆက်ဆံမှုပြုလုပ်နေရတာလဲ။

"ဒီလိုဖြစ်နေတာဟာ အတိတ်ကာလက ကျေးကျွန်စနစ်ရှိခဲ့တာကြောင့် မဖြစ်နိုင်ဘူး။ ဒီတိုင်းပြည်က လူမျိုးစုတွေရဲ့သမိုင်းမှာ တစ်ကြိမ်က ကျွန်ဘဝကို မရောက်ခဲ့ဖူးတဲ့ လူမျိုးစုဆိုလို့ နည်းနည်းပါးပါးလောက်သာ ရှိပါလိမ့်မယ်။ အသားအရောင်ကြောင့်လည်း မဖြစ်နိုင်ဘူး။ ဘာ့ကြောင့်လဲ။ အသားအရောင်မှာ နှင်းလိုဖြူဖွေးပြီး မျက်လုံးပြာနဲ့ နီးဂရိုးလူဖြူတွေလည်း ရှိနေပါတယ်။ ဒါပေမဲ့ သူတို့ကိုလည်း အသားရောင်မည်းတဲ့လူမည်းတွေလို ပဲ ခွဲခွဲခြားခြင်း ခံနေရလို့ ဖြစ်ပါတယ်။

"ဖြစ်နိုင်တဲ့ အကြောင်းတစ်ခုတည်းပဲရှိတယ်။ အဲဒါကတော့ တခြားဟာတွေ ဘေးချိတ်ထား။ တစ်ခါက ကျွန်ဖြစ်ခဲ့တဲ့သူတွေကို ကျွန်ဘဝနဲ့ ဖြစ်နိုင်သမျှ အနီးစပ်ဆုံးအဆင့်မှာထားဖို့ မဖြစ်မနေလုပ်မယ်ဆိုတဲ့ အဓိဋ္ဌာန်ကြောင့်ပဲ ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေက အဲဒီလို ဖြစ်နေခြင်းအတွက် ကိုယ်စားပြုရပ်တည်ပေးနေတာ မဟုတ်ပါဘူးဆိုတာကို ဒီတရားရုံးတော်က ရှင်းရှင်းလင်းလင်း ဖြစ်အောင် ဆောင်ရွက်ပေးဖို့ အချိန်ကျရောက်လာလို့ ကျွန်တော်တို့အနေနဲ့ ဤလျှောက်လဲချက်ကို တင်သွင်းရခြင်း ဖြစ်ပါတယ်"

သားဂွဒ် မာရှယ်လ်ရဲ့ လျှောက်လဲတင်ပြချက်ကို ပြည်ထောင်စုတရားရုံးချုပ်အဖွဲ့ဝင်တွေက နားလည်ခဲ့ကြတယ်။ ကွန်ဂရက်လွှတ်တော်ကရော၊ သမ္မတအိမ်ဖြူတော်ကပါ မလုပ်ရဲတဲ့ကိစ္စတစ်ရပ်ကို တရားဥပဒေနဲ့ ပြဋ္ဌာန်းပေးဖို့ သူတို့ကို တောင်းဆိုနေမှန်း နားလည်ကြတယ်။ လူဖြူ လူမည်း အသားအရောင် ခွဲခြားခြင်းဟာ မှားယွင်းတယ်ဆိုတာကို တရားရုံးချုပ်အဖွဲ့ဝင်တစ်ချို့ သိကြတယ်။ ဒါပေမဲ့ လူမျိုးရေးရောထွေးပေါင်းစပ်မှု



မာတိကာသို့ ▶▶

အတွက် အရှိန်ကုန် လုပ်ဆောင်ပေးဖို့ သူတို့မှာ အခွင့်အာဏာမရှိခဲ့ကြဘူး။ ကဲန်းဆတ်စ်ပြည်နယ်က ဒုတိယရှေ့နေချုပ် ပေါလ်ဝီလ်ဆင်ရဲ့ အကြောင်းပြချက်တစ်ခု ကြောင့် တရားရုံးအဖွဲ့ဝင် အများစုမှာ ဒုက္ခရောက်နေတာလည်းရှိတယ်။ ဝီလ်ဆင်က "လူဖြူလူမည်းတွေအတွက် အဆောက်အဦအသုံးအဆောင် ပစ္စည်းတွေ သီးခြားခွဲထားပြီး တန်းတူညီမျှမှု အခွင့်အရေးပေးရေးဟာ ပြင်ဆင်ချက် အပိုဒ် (၁၄) ရဲ့ ဘောင်အတွင်းမှာ တရားဝင်တယ်လို့ ယုံကြည်နေကြသူတွေရှိတယ်။ အဲဒီလို ယုံကြည်ခဲ့တဲ့ ပြည်နယ် (၂၁) ခုနဲ့ ကိုလမ်ဘီးယားခရိုင်တို့ဟာ ၇၅ နှစ်လုံးလုံး မှားယွင်းခဲ့တာပဲလို့ ဒီတရားရုံးချုပ်က ပြောဆိုချင်တာလား" လို့ မေးခွန်းထုတ်ခဲ့တာ ဖြစ်ပါတယ်။

တရားခွင်မှာ အချေအတင် ငြင်းဆိုမှုတွေ ပြင်းထန်ခဲ့တယ်။ အထူးသဖြင့်တော့ သားဂွဒ် မာရှယ်လ်နဲ့ ဖရဲန့်ဖတ်တားတို့ အပြန်အလှန် အမေးခွန်းအဖြေတွေက လေးနက်လှတယ်။

ပြည်ထောင်စုတရားရုံးချုပ်မှာ ကြားနာမှု ပြီးဆုံးတဲ့နောက် တစ်ရက်ဖြစ်တဲ့ ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ အဲန်အေအေစီပီဌာနချုပ်က အဲန်အေအေစီပီ ညွှန်ကြားရေးမှူးတွေ အားလုံးကို စာပို့အကြောင်းကြားခဲ့တယ်။

"ကျောင်းများတွင် အသားအရောင်ခွဲခြားမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားရုံးချုပ်တွင် ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်နေ့အထိ အချေအတင် ဆွေးနွေးခဲ့မှုများသည် လူမျိုးရေးတစ်ဖက်သတ် အငြိုးထားမှုများအတွက် ဆန့်ကျင်တိုက်ပွဲဝင်မှုသမိုင်းတွင် အရေးအပါဆုံး အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့သည်။ ကျွန်ုပ်တို့၏ဘက်မှ အမျိုးသားတရားရေးတာဝန်ခံများ၏ တင်ပြချက်များမှာ ထူးခြားပြောင်မြောက်ခဲ့သည်။ ကျွန်ုပ်တို့အသင်းကြီး၏ သမိုင်းကြောင်းတစ်လျှောက်တွင် အမှုတစ်ခုအတွက် စာနယ်ဇင်းများ၏ အကောင်းဆုံးသော သတင်းလာရောက်ယူခြင်းကို ရရှိခဲ့သည်"

ဒါပေမဲ့ ပြည်ထောင်စုတရားရုံးချုပ်က ဘာသတင်းမှ ထွက်

မလာဘဲ လပေါင်းများစွာ ငြိမ်သက်နေခဲ့တယ်။ မာရှယ်လ်ကလည်း သူ့ကို တရားရုံးချုပ်အဖွဲ့ဝင် ငါးဦးက ထောက်ခံမဲ ပေးခဲ့လိမ့်မယ်လို့လည်း မယုံကြည်ခဲ့မိဘူး။ သူက တော့ "ဘာသတင်းမှ မရတာ သတင်းကောင်းပဲ" လို့သာ သူ့လူတွေကို အကြိမ်ပေါင်း ရာနဲ့ချီပြီး ပြောကြားခဲ့တယ်။

သားဂွဒ် မာရှယ်လ်ရဲ့ တရားရုံးချုပ်မှာ စွမ်းဆောင်ခဲ့ပုံကို ဝေါလ်တာ ဝှိုက်နဲ့ တခြားလူတွေက ဘယ်လိုပဲ ချီးကျူးခဲ့ချီးကျူးခဲ့ပါစေ၊ ၁၉၅၂ ခုနှစ် ခရစ္စမတ်ကာလနဲ့ နှစ်သစ်ကူးကာလဟာ သားဂွဒ် မာရှယ်လ် အတွက် ပျော်စရာ မဖြစ်ခဲ့ဘူး။ ဗိုလ်ချုပ်ဟောင်း ဒွိုက် ဒေးဗစ် အိုက်ဆင်ဟောင်းဝါးဟာ အမေရိကန်သမ္မတရွေးကောက်ပွဲမှာ အနိုင်ရခဲ့လို့ ဖြစ်ပါတယ်။

သားဂွဒ်ဟာ ဗိုလ်ချုပ်ကြီး မက်အာသာကို စက်ဆုတ်ခဲ့သလို အိုက်ဆင်ဟောင်းဝါးကိုလည်း အယုံအကြည် မရှိဘူး။ "ဒီမျက်နှာဖြူဗိုလ်ချုပ် အားလုံးတို့ရဲ့အခန်းကဏ္ဍဟာ ပြောင်းလဲမှုကို တားမြစ်ဖို့ပဲဖြစ်တယ်။ အထူးသဖြင့် လူမျိုးရေးကိစ္စတွေမှာ အပြောင်းအလဲကို မလိုလားကြဘူး" လို့ သားဂွဒ် မာရှယ်လ်က ထုတ်ပြောခဲ့ပါတယ်။

၁၉၄၇ ခုနှစ်က ပြည်တွင်းပဋိပက္ခတွေအပြီးမှာ အိုက်ဆင်ဟောင်းဝါး ကြည်းတပ်စစ်ဦးစီးချုပ်ဘဝတုန်းက *တပ်မတော်အာဘော်–၁၇၀* ကို ထုတ်ဝေဖို့ အမိန့်ထုတ်ခဲ့ပြီး အဲဒီစာစောင်ထဲမှာ ရေးသားခဲ့ပုံကိုလည်း သားဂွဒ် သတိရနေမိတယ်။

"တပ်မတော်ကြည်းတပ်သည် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အသုံးပြုရန် ပစ္စည်း မဟုတ်ပါ။ ကြည်းတပ်သည် လူမျိုးရေးကိစ္စများအတွက် စိတ်ဝင်စားမှုကို မိမိတို့အတွက် ထိရောက်မှု ရှိမရှိအပေါ်တွင် အခြေခံ စဉ်းစားမှုများအပေါ်တွင်သာ မူတည်မည် ဖြစ်ပေသည်" လို့ ရေးသားခဲ့တာ ဖြစ်ပါတယ်။

အိုက်ဆင်ဟောင်းဝါးဟာ ဒုတိယဗိုလ်ချုပ်ကြီး ဂွျန် လီးရဲ့အမြင်ကိုလည်း အထိန်းအကွပ်မရှိ၊ အရှက်တရားမရှိ ဖွင့်ဟပြောခဲ့သေးတယ်။ မျက်နှာဖြူနဲ့ လူမည်းစစ်သားတွေကို အတူထားလိုက်ရင် အရက်နဲ့ မိန်းမ ပြဿနာမှာ ဘယ်တော့မှ ထိန်းနိုင်မှာ မဟုတ်ဘူးလို့ ပြောခဲ့တာဖြစ်ပါတယ်။ ပြီးတော့ ဗိုလ်ချုပ် အိုမာ ဘရက်ဒ်လေရဲ့ ငြင်းချက်အယူအဆကိုလည်း ထုတ်ပြောခဲ့တယ်။ ဗိုလ်ချုပ် ဘရက်ဒ်လေရဲ့ အယူအဆက ဩဇာအာဏာ ရှိတဲ့ ကွန်ဂရက်လွှတ်တော်အမတ်များက စစ်တပ်အတွင်းမှာ လူမျိုးရေး ရောယှက်မှုကို အပြင်းအထန် ဆန့်ကျင်ကြကြောင်းနဲ့ အဲဒီအယူအဆ အမြင်များကြောင့် အမျိုးသားလူမှုတော်လှန်ရေးရဲ့ တစ်စိတ်တစ်ဒေသ အဖြစ် စစ်တပ်အတွင်း လူမျိုးရေးခွဲခြားမှု ဖျက်သိမ်းရေးကို ဖြည်းဖြည်း လုပ်သွားရမယ်လို့ ပြောခဲ့ပါတယ်။

ပြီးတော့ အိုက်ဆင်ဟောင်းဝါးက ပြောခဲ့ဖူးတာရှိသေးတယ်။

"လူသားအမျိုးအနွယ်အတွင်းမှာ လူမျိုးရေးဆက်ဆံမှုဟာ ပြဿနာတစ်ခုမဟုတ်တဲ့ အချိန်တစ်ချိန်ကို နောက်ဆုံးမှာ ရောက်ရှိလာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့ တစ်ယောက်ယောက်က တခြားတစ်ယောက်ကို ကြိုက်အောင်အတင်းအကျပ် ဥပဒေတွေကို ပြဋ္ဌာန်းပေးရင် ကျွန်တော်တို့ ဒုက္ခရောက်ဖို့ ဖြစ်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ထားတယ်"

ဖွဲ့စည်းပုံပြင်ဆင်ချက် အပိုဒ် (၁၄) ဟာ လူမည်းတွေကို အကာအကွယ်ပေးမပေးကို တရားရုံးချုပ်က အဖြေပေးမှာ သားဂွဒ် မာရှယ်လ်စောင့်မျှော်နေခဲ့ရတယ်။ အဲဒီကာလကို စောင့်မျှော်နေခဲ့ရတဲ့ကာလအတွင်းမှာ မျှော်လင့်ချက်ရောင်ခြည်တချို့လည်း ထွက်ပေါ်ခဲ့တယ်။

မိနီဆိုးတားပြည်နယ်က ဆီးနိတ်လွှတ်တော်အမတ် ဟျူးဘတ် ဟမ်ဖရေ (နောင်တွင် ဒုတိယသမ္မတဖြစ်လာခဲ့သူ) က တောင်ပိုင်းပြည်နယ်တွေမှာ ပြည်ထောင်စုအစိုးရက ဆောက်ပေးထားတဲ့ကျောင်းတွေမှာ လူဖြူလူမည်း အသားအရောင် ခွဲခြားမှု ရှိနေပုံတွေကို မေးခွန်းထုတ်ဝေဖန်ခဲ့တယ်။



မာတိကာသို့

ဟမ်ဖရေက လူမည်း ကျောင်းတွေသီးသန့် ထားရှိရန်ပါဝင်မှုကြောင့် ၁၉၅၁ ခုနှစ်က သမ္မတ ထရူးမင်းဟာ ပညာ ရေးပြုပြင်ပြောင်းလဲမှုဥပဒေကို ဗီတို အာဏာနဲ့ ပယ်ချခဲ့ပုံကိုလည်း အိုက်ဆင်ဟောင်းဝါးအစိုးရကို ထောက်ပြ ခဲ့တယ်။

သားဂွဒ် မာရှယ်လ်လည်း ကိုယ်ကာယ နွမ်းနယ်လှပြန်ပြီ။ ခရီး သွားရတာက ဆက်တိုက် တစ်နေ့လုံး အလုပ်လုပ်ရတာကလည်း မနက်က ညနေအထိ၊ ဒီအထဲ *ဘရောင်းအမှု* မှာ သူနိုင်မလား၊ ရှုံးမလားလို့ ထပ်ပြန် တလဲလဲ သောကရောက်ရတာကလည်းအမော။ ဒါပေမဲ့ မေလထဲမှာတော့ သူ့စိတ်ဓာတ်တွေ ပြန်တက်လာတယ်။ အကြောင်းကတော့ တက္ကဆတ်စ် ပြည် နယ်မှာ ဂျေးဘတ် ဒီမိုကရက်တစ်ပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်တဲ့ အခြေခံရွေးကောက်ပွဲများ ကျင်းပနေတယ်။ အဲဒီလိုလုပ်တာ ဟာ လူမည်း တွေ မဲမပေးနိုင်ဖို့ ဖန်တီးကြိုးစားခြင်းဖြစ်တယ်လို့ တရားရုံး ချုပ်က ဆုံးဖြတ် ချက်ချခဲ့လို့ ဖြစ်ပါတယ်။

ဒါပေမဲ့ *ဘရောင်းအမှု* နဲ့ ပတ်သက်လို့ ကျောင်းတွေမှာ လူဖြူ လူမည်း ခွဲခြားတဲ့ကိစ္စကို မိုးဦးကျမှာ ပြန်လည်ဆွေးနွေးဖို့ တရားရုံးတော်က အချက်အလက်တွေ ထပ်လိုသေးတယ်ဆိုတဲ့ နံရံကပ် ကြေညာချက်ကို ဖတ် လိုက်ရတော့ မာရှယ်လ်က “ကျွန်တော့်နှလုံးသား ဗုန်းဗုန်းပြုတ်ကျခဲ့ရတယ်” လို့တောင် ပြောခဲ့ရတယ်။

မာရှယ်လ်ကို ကျွန်တော် (စာရေးသူ) ၁၉၅၃ ခုနှစ်မှာ ပထမဆုံး တွေ့ဆုံပြီး စကားပြောခွင့်လည်း ရခဲ့ပါတယ်။ အဲဒီအချိန်က သူဟာ ၁၉၅၃ ခုနှစ်၊ ဒီဇင်ဘာလမှာ တရားရုံးချုပ်မှာ ထုချေဖို့ ပြင်းပြင်းထန်ထန် ပြင်ဆင်နေတဲ့ကြားချိန်မှာ ဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ်က သားဂွဒ်ဟာ အသက် ၄၅ နှစ်အရွယ်ရှိပြီး အမေရိကန်နိုင်ငံရဲ့ ရတနာတစ်ပါး ဖြစ်ခဲ့ပါ တယ်။ ကျွန်တော်က အသက် ၂၈ နှစ်သာ ရှိသေးပြီး *မီနီယက်ပ်ပလစ္စ ထရစ်ဗြွန်း* သတင်းစာရဲ့ သတင်းထောက်ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော် က လူမျိုးရေးကိစ္စထဲမှာ ထိုးဖောက်ပြီး ရေးသားခဲ့တာတချို့ကြောင့် သားဂွဒ်



မာတိကာသို့

မာရှယ်လ်ရဲ့ လေးစားမှုကို ရရှိခဲ့ပါတယ်။ အဲဒါကြောင့်လည်း မာရှယ်လ်က ကျွန်တော့်ကို လူစည်ကားလှတဲ့ နယူးယောက်မြို့က အဲန်အေအေစီပီ ရုံးတွေကို ဖိတ်ကြားပြီး သူ့ကို မြို့တော်ကြီးရဲ့ အရှိန်၊ ပြည်နယ်နဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာတွေကိုသုံးပြီး သူ့ကို ဆန့်ကျင်ဖို့လုပ်တဲ့ ရန်သူတွေရဲ့ ဆောင်ရွက်မှုကို လေးဖက်ထောက် ရုန်းကန်နေပုံကို ဦးဦးဖျားဖျား လေ့လာခွင့် ပေးခဲ့ပါတယ်။ မာရှယ်လ်ဟာ သူ့အတွက် အရေးတကြီးလိုအပ်တဲ့ အကူအညီတွေရအောင် စေတနာ့ဝန်ထမ်း ကူညီကြတဲ့ ကောလိပ်အုပ်ချုပ်ရေးမှူးများ၊ စိတ်ပညာရှင်များ၊ စိတ်ရောဂါကုဆရာဝန်များ၊ ဥပဒေကျောင်း ကျောင်းသားရေးမှူးများနဲ့ တခြားပုဂ္ဂိုလ်တွေအပေါ်မှာ မှီခိုအားထားနေခဲ့ရတုန်း အချိန်ဖြစ်တယ်။

၁၉၅၃ ခုနှစ် နွေရာသီမှာ ကျွန်တော်ဟာ မာရှယ်လ်ကို ဖုန်းဆက်ပြီး သူ့ရဲ့ထုချေမယ့် အချက်တွေအကြောင်း ဆွေးနွေးချင်တယ်လို့ ခွင့်တောင်းခဲ့တယ်။ မာရှယ်လ်က "လာခဲ့ပါ ကိုယ့်လူ" လို့ ပြောခဲ့တယ်။ အဲဒီတုန်းက အချိန်ဟာ လူမည်းတစ်ယောက်ဟာ ကိုယ်နဲ့ ဇာတ်တူသား တခြားလူမည်းတစ်ယောက်ကို သစ္စာမဖောက်ဘူးလို့ စိတ်ချလက်ချ တွက်နိုင်ခဲ့တဲ့ အချိန်ဖြစ်တယ်မို့လား။ ပြီးတော့ ကျွန်တော်က *မီနီယက်ပ်ပလစ္စ ထရစ်ဗြွန်း* သတင်းစာနဲ့ မဂ္ဂဇင်းတွေထဲမှာ ရှားရှားပါးပါး လူမည်းတစ်ယောက် ဖြစ်နေတယ်။ ကျွန်တော်ရေးတာတွေကိုလည်း မာရှယ်လ်က ဖတ်နေခဲ့တယ်။

ကျွန်တော် သူ့ရုံးကို ရောက်သွားခဲ့တယ်။ သူဟာ တခြားရှေ့နေတွေလိုပဲ သတင်းစာဆရာတစ်ယောက်ဟာ သူတို့အမှုတွေအကြောင်းကို ကောင်းကောင်း မသိဘူး၊ သမိုင်းရေးရာရှုထောင့်နဲ့ မျက်မှောက်ရေစီးကြောင်းရဲ့ အနှောင့်အယှက်တွေကို နားမလည်ဘူးလို့ ထင်ပုံကို တွေ့ခဲ့ရတယ်။ ဒါနဲ့ ကျွန်တော်ဟာ သူ့ရဲ့ရှင်းလင်းပို့ချချက် လက်ချာကို နားထောင်ခဲ့ရတယ်။

"ကျုပ်တို့ ဘာကို ဆန့်ကျင်တုန်းဆိုတာ ကိုယ့်လူသိရဲ့လား၊ ရာစုနှစ်တစ်ခုအတွင်း တရားရုံးတော်များရဲ့ မကောင်းတဲ့ဆုံးဖြတ်ချက်များရဲ့



မာတိကာသို့

ဖိစီးမှုကို ဆန့်ကျင်နေကြတာ။ ကျုပ်တို့ဟာ တရားသူကြီးချုပ် ရော်ဂျာ တန်နီကို တိုက်နေကြတယ်။ သူက ၁၈၅၇ ခုနှစ်မှာ တရားရုံးတော်က တရား သူကြီး ခုနစ်ဦးကိုယ်စား ပြောခဲ့ဖူးတယ်။ နီးဂရိုးလူမည်းတစ်ဦးဟာ အမေရိကန် ပြည်ထောင်စုနိုင်ငံသား မဟုတ်ဘူး။ လူမည်းတစ်ယောက်မှာ လူဖြူတွေ လေးစားရမယ့် ဘာအခွင့်အရေးမှ မရှိဘူးတဲ့။ သူရေးခဲ့တာကို ဒီနေ့အထိ သန်းပေါင်းများစွာသော လူဖြူတွေက ယုံကြည်နေကြတုန်း ရှိသေးတယ်။ အဲဒီအချက်ကို ကျော်လွှားနိုင်ဖို့ကိစ္စဟာ ကျုပ်တို့ပြဿနာပဲ။ သူတို့ဟာ လူမည်းတချို့ရဲ့ ဦးနှောက်ထဲကို မမှန်တဲ့ အတွေးအခေါ်တွေကို ရိုက်သွင်းထားကြသေးတယ်။ ဘယ်လိုလဲဆိုတော့ သူတို့လူဖြူတွေသာ လျှင် မဟာလူသားများအဖြစ် ထာဝစဉ် ဆက်ဆံရမယ်လို့ ယုံကြည်အောင် ရိုက်သွင်းထားခဲ့ကြ တယ်လေ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြတယ် ဆိုတဲ့လူတွေ လုပ်ခဲ့ကြပုံကိုကြည့်လေ။ မဲဆန္ဒပေးခွင့်ကိစ္စတွေမှာ သူတို့ဟာ လူမည်း တစ်ယောက်ကို လူတစ်ယောက်ရဲ့ ငါးပုံသုံးပုံလို့ပဲ အသိအမှတ် ပြုခဲ့ကြ တယ်။ မြတ်စွာဘုရားသခင်၊ ငါးပုံသုံးပုံတဲ့။ အဲဒီစိတ်ဓါတ်က အခုအထိ ကောင်းကောင်း အသက်ရှင်နေတုန်း ရှိတယ်။ အဲဒါကို ကျုပ်တို့ ကျော်လွှားနိုင်အောင်လုပ် ရမယ်”

သားဂွဒ် မာရှယ်လ်ဟာ ကုလားထိုင်မှာ နေရာပြင်ထိုင်ရင်း သူ့ရဲ့ မနှစ်မြို့မှု၊ စိတ်အနှောင့်အယှက်ဖြစ်မှု အမူအရာတွေကို ပြနေတယ်။ နောက်တော့ ခေါင်းအေးအေးနဲ့ဆက်ပြီး စကားပြောပြန်တယ်။ သူပြောင်း ပြန်လှန်ပစ်ချင်ခဲ့တဲ့ တရားရုံးတော်က ဆုံးဖြတ်ခဲ့တဲ့ *ပလက်စီ အမှု* အကြောင်း ကျွန်တော့်ကို ဆက်ပြီးပြောခဲ့ပြန်တယ်။

“၁၈၉၀ ပြည့်နှစ်က လူဝီစီရဲနားပြည်နယ်မှာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့တယ်။ အဲဒီဥပဒေက ပြည်နယ်အတွင်းမှာ ဆွဲနေတဲ့ မီးရထား ကုမ္ပဏီတွေဟာ သူတို့ရဲ့ ခရီးသည်တင် ရထားတွဲတွေထဲမှာ လူဖြူနဲ့ လူမည်းတွေအတွက် နေရာသီးခြားစီ ခွဲခြားပြီး တန်းတူညီမျှ ပေးရမယ် လို့ ကြေငြာခဲ့တယ်။ မျက်နှာဖြူကလေးသူငယ်တွေကို စောင့်ရှောက်ပြုစုတဲ့ လူမည်းကလေးထိန်းတွေကျတော့ ချွင်းချက်နဲ့ ခွင့်ပြုခဲ့တယ်။ အဲဒီမှာ ဥပဒေ



မာတိကာသို့

ကို နယူးအော်လီန်းစ်မြို့က ဟုမ္မား အေးဒေါ့ဖ် ပလက်စီ ဆိုသူတစ်ယောက်က စိန်ခေါ်ခဲ့တယ်။ သူဟာ အာဖရိကသွေး ရှစ်ပုံတစ်ပုံပါတဲ့သူဖြစ်တဲ့အတွက် လူဝီစီရဲနားပြည်နယ်ဥပဒေအရ နီးဂရိုးလူမည်းတစ်ဦးလို့ အကြေညာခံခဲ့ရသူဖြစ်တယ်။ ပလက်စီဟာ ဥပဒေကို စိန်ခေါ်ပြီး လူဖြူတွေအတွက် သီးသန့်ရထားတွဲမှာ ဝင်ပြီးထိုင်ခဲ့တယ်။ သူ့ကို ဖယ်ရှားပေးဖို့ အမိန့်ပေးတာကို သူက မဖယ်ဘဲ ငြင်းဆန်နေခဲ့လို့ အဖမ်းခံခဲ့ရတယ်။ ပလက်စီဟာ အမေရိကန်ပြည်ထောင်စုတရားရုံးချုပ်အထိ တက်ခဲ့တယ်။ နယူးအော်လီန်းစ်က တရားသူကြီး ဂျွန် ဖာဂူဆင်ကို စိန်ခေါ်ခဲ့တယ်။ ပလက်စီက လူဝီစီရဲနားပြည်နယ်ဥပဒေဟာ ပြည်ထောင်စု ဖွဲ့စည်းပုံပြင်ဆင်ချက် (၁၃) နဲ့ (၁၄) တို့နဲ့ ပဋိပက္ခဖြစ်တယ်လို့ တင်ပြပါတယ်။ ဖာဂူဆင်ကတော့ ပြည်နယ်ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်တယ်လို့ ငြင်းချက်ထုတ်ပြီး ကြေညာခဲ့သူ ဖြစ်တယ်။

အဲဒီ ၁၈၉၆ ခုနှစ်၊ *ပလက်စီနှင့် ဖာဂူဆင်အမှု* မှာ တရားသူကြီး ဟဲန်နရီ ဘရောင်းက တရားသူကြီးခုနစ်ဦးရဲ့ကိုယ်စား ဒီလိုပြောပြခဲ့တယ်လေ။

"လူဖြူနဲ့လူမည်း အမျိုးအနွယ်ကို တရားဥပဒေအရ ခွဲခြားမှု ပြဋ္ဌာန်းချက် အဓိပ္ပာယ်သက်ရောက်စေတဲ့ ပြည်နယ်အခြေခံဥပဒေတစ်ခု... လူမျိုးနှစ်မျိုးရဲ့ အသားအရောင် ခွဲခြားမှုအပေါ်မှာ အခြေခံထားတဲ့ ပြည်နယ်အခြေခံဥပဒေတစ်ခုဟာ... လူဖြူတွေဟာ အသားအရောင်အရ လူမည်းတွေနဲ့ ကွဲခြားမှု ရှိနေသမျှကာလပတ်လုံး အမြဲတည်ရှိနေရမှာဖြစ်တယ်။ ဒီဥပဒေဟာ လူမျိုးနှစ်မျိုးရဲ့ တရားဥပဒေအရ တန်းတူညီမျှမှု ရရှိရေးဆိုတာကို ဖျက်ဆီးပြုပြင်ပေးစရာ ဘာအကြောင်းမှ မရှိဘူး"

"လူမျိုးရေး ပင်ကိုစရိုက်များကို သုတ်သင်ရှင်းလင်းပစ်ဖို့ ဥပဒေနဲ့ ပြဋ္ဌာန်းရေးမှာ သြဇာအာဏာ ဘာမှမရှိဘူး။ ရုပ်အသွင်သဏ္ဌာန်အားဖြင့် ခြားနားချက်များကိုလည်း ပယ်ဖျက်ပစ်ဖို့ ဘာမှ သြဇာအာဏာ မရှိဘူး။ လူမျိုးတစ်မျိုးဟာ အခြားလူမျိုးတစ်မျိုးထက် လူမှုရေးအရ အဆင့်



မာတိကာသို့

အတန်း နိမ့်ကျရင် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေက အဲဒီလူမျိုး နှစ်မျိုးကို တစ်တန်းတစ်စားတည်း ထားပေးလို့ မဖြစ်နိုင်ဘူး”

တရားသူကြီး ဂျွန် မာရှယ်လ် ဟာလဲန်ဆိုသူဟာ မူလ ကျွန်ပြည်နယ်ဖြစ်တဲ့ ကဲန်တပ်ကီးပြည်နယ်ကလာပြီး သမားရိုးကျတွေးခေါ်မှုနှင့် သဘောထား ကွဲမှုပြင်းထန်သူဖြစ်တယ်။ သူချေပပြောဆိုခဲ့ပုံကိုလည်း နားထောင်ကြည့် ဦး။ “ဒီနိုင်ငံမှာ မျက်နှာဖြူအမျိုးအနွယ်ဟာ သူတို့ကိုယ်သူတို့ ကြီးစိုးတဲ့လူမျိုးဖြစ်တယ်လို့ ခံယူထားကြတယ်။ ဂုဏ်သိက္ခာအရရော၊ စွမ်းဆောင် ချက်များအရရော၊ ပညာ၊ ဓနနဲ့ ဩဇာတိက္ကမအရရော ကြီးစိုးလွှမ်းမိုးတဲ့ လူမျိုးဖြစ်တယ်လို့ ထင်နေကြတယ်။ ဒီလိုအတိုင်း တစ်သက်လုံးဆက်ရှိ သွားလိမ့်မယ်လို့ ကျွန်တော်လည်း ထင်ပါတယ်။ အထူးသဖြင့် အစဉ်အလာအတိုင်း မှန်ကန်စွာသွားမယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ လွတ်လပ်မှု သဘောတရားတွေကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်မယ်ဆိုရင် အဲဒီအတိုင်း ဆက်သွားနိုင်မှာပါ။ သို့သော်ငြားလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရှုထောင့်က ကြည့်ကြည့်၊ ဥပဒေ မျက်စိနဲ့ ကြည့်ကြည့် ဒီတိုင်းပြည် မှာ ပိုမိုမြင့်မြတ်တဲ့ လူတန်းစားဆိုတာ မရှိဘူး၊ ကြီးစိုးလွှမ်းမိုးအုပ်ချုပ်တဲ့ နိုင်ငံသားလူတန်းစား ဆိုတာလည်း မရှိဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသားအရောင်ကို ခွဲခြားမကြည့်ဘူး။ နိုင်ငံသားတွေ အချင်းချင်းရဲ့ အကြား မှာ လူတန်းစားရှိမှုကို အသိအမှတ်လည်း မပြုဘူး။ သည်းညည်းလည်း မခံဘူး။ ပြည်သူ့ အခွင့်အရေးများအရ နိုင်ငံသား တိုင်းဟာ တရားဥပဒေရဲ့ ရှေ့မှောက်မှာ အားလုံးတန်းတူညီတူ ဖြစ်ကြ တယ်။ အဆင့်အနိမ့်ဆုံးသူဟာလည်း ဩဇာရှိသူတွေနဲ့ ဒိုးတူ ပေါင်ဖက်တွေပဲ ဖြစ်ကြတယ်။ တရား ဥပဒေက လူကို လူလိုပဲ အသိအမှတ်ပြုတယ်။ သူ့ကို ပြည်သူ့အခွင့်အရေးနဲ့ ပတ်သက်လို့ အမြင့်မားဆုံး တရားဥပဒေက အာမခံချက်ပေးမှု ရှိနေရင် လူကို သူ့ရဲ ပတ်ဝန်းကျင်နဲ့ အသားအရောင်ကို ဘာမှ ထည့်မစဉ်းစားဘူး။ ဒါ့ကြောင့် ဒီနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိက ရှင်းလင်း ဖော်ထုတ်ပေးရတဲ့ ဒီတရားရုံးတော်က ပြည်နယ်တစ်ခုမှာ ပြည်နယ်သူ ပြည်နယ်သားတွေရဲ့

ခံစားခွင့်ကို လူမျိုးရေးအခြေခံပေါ်မှာ မူတည်ပြီး ပြဌာန်းခွင့်ရှိတယ်လို့ အဆုံးသတ် ချမှတ်တာဟာ ဝမ်းနည်းစရာပဲ ဖြစ်ပါတော့တယ်။ ကျွန်တော့်အမြင် သဘောထားအရ ဒီနေ့ ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်ဟာ ဒီခုံရုံးတော်က ချမှတ်ခဲ့တဲ့ *ဒရက်စကော့ အမှု* လိုပဲ ထိခိုက်ပျက်စီးမှု ဖြစ်စေမှာကို အချိန်ကျလာရင် သက်သေပြ သွားလိမ့်မယ်လို့ ထင်မိပါတယ်”

အမေရိကန်နိုင်ငံကြီးမှာ ဘယ်လိုများ အပြောင်းအလဲတွေ ဖြစ်သွားခဲ့လို့ မာရှယ်လ်နဲ့ ငွေကြေးဆင်းရဲတဲ့ သူ့ရဲ့ရှေ့နေလေးတစ်စုက အမေရိကရဲ့ လူမျိုးရေးခွဲခြားမှု ဒီရေလမ်းကြောင်းကို ပြောင်းပြန်ပြောင်းပစ်လို့ ရလိမ့်မယ်လို့ တွေးမိကြပါလိမ့်။ ဒီလူမည်းနဲ့ သူ့ရဲ့ အပေါင်းပါတွေက အမေရိကန်နိုင်ငံရဲ့ တရားရေးနယ်ပယ်ကို ပြောင်းလဲ ပစ်လိုက်လိမ့်မယ်လို့ တွေးထင်ကြတာ ဘယ်လောက်များ အတင့်ရဲ လှသတုန်း။

မာရှယ်လ်ကတော့ ဒီလိုပြောတယ်။

“အဲဒီလို ပြောင်းလဲလို့ ရလိမ့်မယ်လို့ ကျုပ်အနေနဲ့တော့ ဆက်ပြီး ယုံနေရမယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျုပ်တို့ တိုက်ပွဲဝင်တဲ့အကြောင်းရင်းက မှန်ကန်တယ်ဆိုတာ ကျုပ်သိနေလို့ပဲ။ တရားမျှတမှုနဲ့ အကျိုးသင့်အကြောင်းသင့်တရားက ကျုပ်တို့ဘက်မှာရှိတယ်။ အဖြူကအဖြူပဲ၊ အမည်းက အမည်းပဲ။ အဖြူနဲ့အမည်း ဘယ်တော့မှ မဆုံနိုင်ဘူးဆိုတဲ့ အလေ့အထရဲ့ ကျေးကျွန်ဖြစ်နေသူတွေကလွဲရင် လူတိုင်းဟာ ဒီအမှန်တရားကို သိကြပါတယ်”

အဲဒီနေ့က ကျွန်တော် မာရှယ်လ်ဆီက ပြန်ထွက်လာတော့ ဒီလူကြီးဟာ သူ့ကိုယ်သူနဲ့ သူ့ရဲ့ရည်မှန်းချက်အကြောင်းရင်းတွေပေါ်မှာ ယုံကြည်မှု ရှိလွန်းပုံကို ကျွန်တော်နဲ့ တခြားလူတွေအဖို့ သူ့ကို မယုံကြည်ဖို့ မဖြစ်နိုင်ပါလားလို့ ကျွန်တော် တွေးတောခဲ့မိပါတော့တယ်။

* * *



မာတိကာသို့

မာရှယ်လ်မှာ စိတ်ထဲက ဖျောက်ဖျက်ပစ်လို့ မရတဲ့ ပုဂ္ဂိုလ်ရေး သံသယတစ်ခုတော့ ရှိနေတုန်းပဲ။ အဲဒါကတော့ ပြည်ထောင်စု တရားသူကြီး ချုပ် ဖရက်ဒ် ဗင်ဆင်ဟာ ဘယ်လိုရပ်တည်သလဲဆိုတာ တွေးတောစဉ်းစား ရင်း အိပ် မပျော်တဲ့ကိစ္စဖြစ်ပါတယ်။

"ကျုပ် သူ့အကြောင်းကို နေ့တိုင်းညတိုင်း တွေးခဲ့မိတယ်။ ကျုပ် တို့လူမည်းတွေမှာ ဆဋ္ဌမအာရုံရှိတယ်လို့ ပြောကြတာကို ကိုယ့်လူသိလား။ ဘယ်မျက်နှာဖြူဟာ ကျုပ်တို့ဘက်ကပါမလဲ၊ ဒါမှမဟုတ် ကျုပ်တို့ကို ဆန့်ကျင်မလားဆိုတာကို ထောက်လှမ်းနိုင်တဲ့ ဆဋ္ဌမအာရုံ ကျုပ်တို့ မှာရှိတယ်။ ဗင်ဆင်ဟာ ကျုပ်ရဲ့ ရန်သူဖြစ်တယ်လို့ပဲ ကျုပ်ရဲ့ ဆဋ္ဌမ အာရုံက ကျုပ်ကို ပြောခဲ့တယ်"

မာရှယ်လ်က အဲဒီလို ယုံကြည်ခဲ့တယ်။

ဒါပေမဲ့ ကံကြမ္မာရဲ့ မှတ်ကျောက်တင်စရာ အလှည့်အပြောင်း တစ်ခုက ဖြစ်ပျက်ခဲ့တယ်။ အဲဒါကတော့ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့က ဗင်ဆင်ဟာ သူ့ဗိုက်မကောင်းဘူး၊ တကယ် နေမကောင်း သလို ဖြစ်နေတယ်လို့ ပြောပြီး နာရီပိုင်းအတွင်းမှာပဲ နှလုံးရောဂါနဲ့ ကွယ်လွန် သွားခဲ့တာ ဖြစ်ပါတယ်။

ဗင်ဆင်ရဲ့နေရာအတွက် ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ် ရေးမှူး အားလ် ဝေါရင်ကို တရားသူကြီးချုပ်သစ် ခန့်အပ်ဖို့ သမ္မတ အိုက်ဆင်ဟောင်းဝါးက စဉ်းစားလိမ့်မယ်လို့ ထင်တဲ့လူ သိပ်မရှိခဲ့ဘူး။ ဝေါရင်ဟာ ၁၉၅၂ ခုနှစ် ရီပတ်ဘလီကင်ညီလာခံတုန်းက အိုက်ဆင် ဟောင်းဝါးကို ကယ်လီဖိုးနီးယားပြည်နယ်က တစ်ခဲနက် ပစ်ထောက်ခံအောင် လုပ်ပေးခဲ့သူဖြစ်တယ်။ ဒါကြောင့် အိုက်ဆင်ဟောင်းဝါး သမ္မတအဖြစ် အရွေးခံခဲ့ရတဲ့အခါမှာ အိုက်ဆင်ဟောင်းဝါးက ဝေါရင်ကို ဝန်ကြီးတစ်နေရာ ကမ်းလှမ်း ခဲ့တယ်။ ဒါပေမဲ့ ဝေါရင်က ငြင်းခဲ့တယ်။ သူ့အနေနဲ့



မာတိကာသို့ ▸▸

တစ်နေ့ကျရင် ပြည်ထောင်စုတရားရုံးချုပ်မှာ တစ်နေရာရာ မှန်းမိတယ်လို့ သမ္မတ အိုက်ဆင် ဟောင်းဝါးကို အသိပေးခဲ့တယ်။

ဝေါရင်ကို အိုက်ဆင်ဟောင်းဝါးက ပြည်ထောင်စု တရားရုံးချုပ်ရဲ့ တရားသူကြီးချုပ်အဖြစ် ခန့်လိုက်ခြင်းဟာ အလွန်အရေးကြီးလှသည့် ဖြစ်ရပ်ပါပဲ။ အခြားတရားသူကြီးများနည်းတူ မဲတစ်မဲသာ ပေးနိုင်တယ် ဆိုပေမယ့် တရားသူကြီးချုပ်တစ်ဦးရဲ့ အရှိန်အဝါ အာဏာစက်က ကြီးမားလှပါတယ်။ သူက နောက်ဆုံးမဲပေးရမယ့်လူဆိုတော့ တရားရုံးချုပ်မှာ ၅ မဲ-၄ မဲနဲ့ စီရင်ချက်ချဖို့ မကြာခဏ တွေ့ကြုံရတဲ့အခါ ဝေါရင်ရဲ့မဲဟာ တန်ဖိုးကြီးလှပါတယ်။ အကယ်၍ သူ့ရဲ့မဲက အများစုအဖွဲ့အတွက် ပေးလိုက်ရင် သူက စီရင်ချက်ကို ဘယ်တရားသူကြီးက ရေးသားစေဆိုတာ ဆုံးဖြတ်နိုင်ပါတယ်။ သတ္တိလည်းရှိပြီး ခေါင်းဆောင်ကောင်းအရည်အချင်းနဲ့ ပြည့်တဲ့ ဘယ်တရားသူကြီးချုပ်မဆို အမေရိကရဲ့ တရားရေးဝါဒကို လိုချင်တဲ့ အနေအထားကို ပြောင်းလဲနိုင်စွမ်း ရှိပါတယ်။

ဝေါရင်ဟာ တရားဥပဒေနဲ့ ငြိမ်ဝပ်ပိပြားရေးမှာ နာမည်ကြီးတဲ့သူ ဖြစ်တယ်။ သူဟာ အလာမေးဒါး ကျေးလက်ဒေသ လက်ထောက်ခရိုင်ရှေ့နေချုပ်အဖြစ် ၁၉၂၀ မှ ၁၉၂၅ နဲ့ ခရိုင်ရှေ့နေချုပ်အဖြစ် ၁၉၂၅ မှ ၁၉၃၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်တယ်။ သူဟာ တစ်နှစ်မှာ လူသတ်မှုပျမ်းမျှ ၁၅ မှု စီရင်ခဲ့တယ်။ တစ်ခါက သူ့ဒေသက ရဲအရာရှိချုပ်ကို လောင်းကစားမှုနဲ့ လာဘ်စားမှုကြောင့် ထောင်ချပစ်ခဲ့ဖူးတယ်။ ပြီးတော့ အလာမေးဒါးမြို့တော်ဝန်ကိုလည်း လာဘ်ပေးလာဘ်ယူမှုနဲ့ ပြည်သူ့ရန်ပုံငွေကို ခိုးယူမှုကြောင့် အပြစ်ပေးစီရင်ခဲ့တယ်။

ဝေါရင်ရဲ့ ဖခင်ဟာ ၁၉၃၈ ခုနှစ်က လုယက်မှုခံရပြီး အသတ်ခံခဲ့ရတယ်။ ဒါပေမဲ့ သူ့အဖေကိုသတ်တဲ့ လူသတ်သမားတွေကို ဖော်ထုတ်ပြီး ရုံးမတင်နိုင်ခဲ့ဘူး။ အဲဒါကြောင့် ဝေါရင်ဟာ ပြင်းထန်တဲ့ ရာဇဝတ်ပြစ်မှုကျူးလွန်သူတွေအပေါ်မှာ နာနာအရေးယူတဲ့သူ ဖြစ်လိမ့်မယ်လို့ အိုက်ဆင်ဟောင်းဝါး အစိုးရအဖွဲ့ထဲက လူတချို့က ယုံကြည်ခဲ့ကြတယ်။

အားလ် ဝေါရင်ကို ၁၈၉၁ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှာ လောစ် အဲန်ဂျလိစ်မြို့မှာ မွေးဖွားခဲ့တယ်။ သူ့ဖခင်ဟာ နော်ဝေးလူမျိုး၊ မီးရထား လမ်းပြင်တဲ့ စက်ဆရာ မက်သီးယပ်စ် ဝေါရင်ဖြစ်ပါတယ်။ မိခင်က ဆွီဒင်သူ၊ ခရစ္စတယ်လ် ဟန်လွန်း ဆိုသူဖြစ်တယ်။ ဝေါရင်တို့ တစ်မျိုးလုံးဟာ အလုပ်ကို ပြင်းပြင်း ထန်ထန် လုပ်ကြသူတွေဖြစ်တယ်။

အုပ်ချုပ်ရေးမှူး ဝေါရင်ဟာ မျက်နှာကြီးလိုက်တဲ့ ရီပတ်ဘလီကင် တစ်ဦးတော့ မဟုတ်ခဲ့ဘူး။ သူဟာ ကယ်လီဖိုးနီးယားပြည်နယ်က ဘိတ် ကားစ်ဖီးလ်မြို့ရဲ့ မီးရထားအလုပ်သမား ဆင်းရဲသားရပ်ကွက်မှာ ကြီးပြင်း လာခဲ့သူဖြစ်တယ်။ သူ့ဘဝက စုံတယ်။ သတင်းစာပို့သမား၊ ကုန်တင် ကုန်ချသမား၊ လယ်ယာအလုပ်သမား၊ သတင်းထောက်ပေါက်စ လုပ်ခဲ့ဖူး တယ်။ ဘိတ်ကားစ်ဖီးလ်က ကန်းအထက်တန်းကျောင်းမှာ တက်ခဲ့ပြီး ကျောင်းတူရိယာအဖွဲ့မှာ ကလယ်ရီနက် နဲ့မှုတ်သူ၊ ကျောင်းဘေ့စ်ဘော အားကစားအသင်း လက်ရွေးစင်ဖြစ်ခဲ့တယ်။ အဲဒီခေတ်က လူကြိုက်မများ သေးတဲ့အချိန်ဖြစ်ပေမဲ့ သူဟာ လူမည်းများနဲ့ တခြားလူနည်းစုတွေနဲ့ ခင်မင်သူလည်း ဖြစ်ခဲ့တယ်။

၁၉၅၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှာ နှစ်ဦးနှစ်ဖက် လျှောက် တင်ချက်တွေ ပြီးသွားပါတယ်။ မာရှယ်လ်အနေနဲ့ ဝမ်းသာရမလား၊ ဝမ်း နည်းရမလားဆိုတာ မဝေခွဲနိုင်ဘူး။ ၁၉၅၃ ခုနှစ်ရဲ့ ဒီဇင်ဘာလ နောက်ဆုံး အပတ်တွေနဲ့ ၁၉၅၄ ခုနှစ် နှစ်ဆန်းပိုင်းလတွေဟာ မာရှယ်လ်၊ သူ့ဇနီး ရောင်းရင်းတွေအတွက် ပျော်ရွှင်ဖို့နေ့တွေ မဖြစ်ခဲ့ပါဘူး။ ဇနီး ဘတ်စ်တာ ကလည်း နေမကောင်း၊ မာရှယ်လ်ကတော့ သူ့အလုပ်နဲ့သူ ရှုပ်နေတာ ကြောင့် ဇနီးသည် ရောဂါအခြေအနေကို သတိမထားမိပါဘူး။

ဒီအတောအတွင်း တရားရုံးချုပ်က ဘယ်လိုစီရင်ချက် ချမလဲ



မာတိကာသို့

ဆိုတာ မျှော်တလင့်လင့်နဲ့ မာရှယ်လ်တို့တစ်တွေ စိတ်ပူပန်သောကရောက် နေကြပါတယ်။ ဒီကြားကာလမှာ မာရှယ်လ် မသိလိုက်တဲ့ အဖြစ်အပျက် တစ်ခု ရှိခဲ့တယ်။ ၁၉၅၄ ခုနှစ်ဦးပိုင်းအချိန်မှာ တရားရုံးချုပ်ကို ကြိုးကိုင် ဖို့ တရားရေးလောက အပြင်ဖက်ကနေ ကြိုးပမ်းမှုတစ်ခု ပေါ်ပေါက်လာ ပါတယ်။ သမ္မတ အိုက်ဆင်ဟောင်းဝါးက ဝေါရင်ကို အိမ်ဖြူတော်မှာ ညစာစားပွဲဖိတ်တော့ ဝေါရင်ခမျာလည်း မရိုင်းချင်တာနဲ့ လက်ခံလိုက်ရ တယ်။ မိသားစုနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေကို ဝေါရင်က ပြန်ပြောပြတာ ကတော့ အိုက်ဆင်ဟောင်းဝါးက ဝေါရင်ကို သူ့ညာဘက်မှာ ထိုင်စေပြီး (ထမင်းစားပွဲမှာ အရေးအကြီးဆုံးပုဂ္ဂိုလ်ကို ဤသို့ နေရာချပေးခြင်းဖြစ် သည်။) တောင်ပိုင်းသားတို့၏ ရှေ့နေ ဂျွန် ဒဗလျူ ဒေးဗစ္စကိုလည်း တရား သူကြီးချုပ် အနီးနားမှာ ထိုင်စေသတဲ့။ ပြီးတော့ တစ်ချိန်လုံး ဒေးဗစ္စကို ချီးမွမ်းခန်းဖွင့်နေသတဲ့။ အိုက်ဆင်ဟောင်း ဝါးက "တောင်ပိုင်းသားတွေဟာ မဆိုးရှာပါဘူး။ သူတို့ တကယ်လိုချင် တာက သူတို့ရဲ့ သမီးငယ်လေးတွေ မတရားကြီးထွားတဲ့ နီးဂရိုးကျောင်း သားတွေအနားမှာ မထိုင်ရဖို့ပါပဲ" လို့ ပြောခဲ့တယ်လို့ ဝေါရင်က နောင် တစ်ချိန်မှာ ပြောပြပါတယ်။

ဝေါရင်က ဒီအပြောမျိုး မကြိုက်ပေမယ့် ဘာမှတော့ ပြန်မပြော ဘူး။ အခြားတရားသူကြီးတွေကို ပြန်သတင်းပေး၊ မပေးဆိုတာလည်း တစ် ခါမှ မဖတ်ခဲ့ရပါဘူး။ ဒါပေမယ့် ခုလို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အုပ် ချုပ်မှုအပိုင်းနဲ့ တရားရေးရာပိုင်းကို သေသေချာချာဘောင်သပ် ခွဲခြားထား ခြင်းကို ကျူးကျော်တာကတော့ ဆိုးဝါးလွန်းတယ်။ ဒါ့ကြောင့်လည်း ဒီကိစ္စကလေးက တရားရုံးချုပ်ရဲ့ တရားသူကြီးများအနေနဲ့ လူမျိုးရေး အခြေခံကျောင်းပညာသင်ကြားရေးစနစ်ကို တရားမဝင်ကြောင်း ကြေညာ ဖို့ တွန်းအားပေးခဲ့တာလည်း ဖြစ်နိုင်ပါတယ်။

* * *



မာတိကာသို့ ▶▶

၁၉၅၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့ဖြစ်ပါတယ်။

ပြည်ထောင်စုတရားရုံးချုပ်ဟာ သတင်းထောက် နှစ်ဦးကလွဲရင် လူအများ အတွက် သာမန်နေ့တစ်နေ့လိုပဲ ဖြစ်ခဲ့ပါတယ်။ သတင်းထောက် နှစ်ဦး ကတော့ နှလုံးရောဂါနဲ့ ဆေးရုံတက်ခဲ့ရတဲ့ တရားသူကြီး ဂျက်ခ်ဆင် တစ်ယောက် ရုံးတော်မှာ ရောက်နေပုံကို သတိထားမိခဲ့ကြတယ်။ ခပ်ထုံထုံ သတင်းထောက်တချို့ကလည်း တရားရုံးချုပ်မှာ နိုင်ငံခြားရေး ဝန်ကြီး ဟောင်း ဒင်း အာချီဆင်၊ ရှေ့နေချုပ် ဘရောင်းနဲလ်၊ ဂျင်းမ် နာဘရစ်နဲ့ ဂျော့ချ် ဟေးစ်တို့လို လူမည်းရှေ့နေတွေဟာ ရှေ့နေကြီးများဖြစ်ကြတဲ့ သားဂွဒ် မာရှယ်လ်နဲ့ ဒေးဗစ္စတို့နဲ့အတူ ရှိနေကြပုံကို သတိပြုမိကြပါတယ်။

တရားရုံးချုပ် ရှေ့နေများအခန်းမှာ ရှေ့နေ ၁၁၈ ဦးကို ဝင်ခွင့် ပေးထားပြီး တရားသူကြီး ကလပ်ခ်က ရီကာဂိုမြို့မှာ နွားနို့လက်ဝါး ကြီးအုပ်ရောင်းမှုနဲ့ အခြားအမှု နှစ်ခုကို ဖတ်ပြနေတော့ သတင်းထောက် တွေဟာ ငြီးငွေ့နေကြတယ်။

ဒီလိုနဲ့ ရတ်တရက်ဆိုသလိုပဲ မွန်းလွဲ ၁၂ နာရီ ၅၂ မိနစ်အချိန် လည်းရောက်ရော တရားသူကြီးချုပ် အားလ် ဝေါရင်ဟာ မှတ်တမ်းစာရွက် တစ်ခုကိုကိုင်ပြီး "*အော်လီဗာ ဘရောင်းနဲ့ တာပီးကား ပညာရေးဘုတ်အဖွဲ့ အမှု* နဲ့ ပတ်သက်လို့ တရားရုံးတော်ရဲ့ စီရင်ချက်နဲ့ သဘောထားကို ကျွန်တော် ကြေညာစရာရှိပါတယ်" လို့ ပြောလိုက်တယ်။ ဝေါရင်ရဲ့ ကြေညာချက်ဟာ မြေညီထပ်မှာရှိတဲ့ သတင်းထောက်တွေအခန်းကို တစ်ဆင့် ချက်ချင်း ရောက်သွားတယ်။ အောက်ထပ်မှာ ကော်ဖီသောက်နေကြတဲ့ သတင်းထောက်တွေအကြားမှာ ရတ်ရတ်သဲသဲဖြစ်သွားတယ်။ အေပီ သတင်းထောက်က ချက်ချင်း လျှပ်တစ်ပြက် သတင်းပို့လိုက်တော့တယ်။ "ပြည်သူ့ ကျောင်းတွေမှာ လူဖြူလူမည်းခွဲခြားမှုများနဲ့ ပတ်သက်၍ တရား ရုံးချုပ်၏ ဆုံးဖြတ်ချက်ကို တရားသူကြီးချုပ် ဝေါရင် ယနေ့စတင် ဖတ် ကြားပြီ။ တရားရုံးတော်၏ အဆုံးအဖြတ်ကို ချက်ချင်း မသိနိုင်သေးပါ" လို့ ဖော်ပြလိုက်တယ်။



မာတိကာသို့ ▶▶

ငွေရောင်ဆံပင်ဖြူနဲ့ တရားသူကြီးချုပ် ဝေါရင်က အသံကျယ်ကျယ်နဲ့ ပီပီသသ ဖတ်ပြပုံကို ဆိတ်ငြိမ်နေတဲ့ ပရိသတ် ကြာကြာမစောင့် လိုက်ရပါ။

"ဤပြဿနာကို ချဉ်းကပ်ရာ၌ ကျွန်ုပ်တို့သည် နာရီလက်တံကို နောက်ပြန်လှည့်ပြီး ၁၈၉၆ ခုနှစ်တွင် မှတ်တမ်းပြုခဲ့သော *ပလက်စီနှင့် ဖာဂူဆင်အမှု* သို့ ပြန်သွား၍ မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့သည် ပြည်သူ့ပညာရေး၏ အပြည့်အဝတိုးတက်မှုနှင့် အမေရိကန်တစ်နိုင်ငံလုံးတွင် ဖြစ်ပျက်နေသည့် လက်ရှိအနေအထားကို စဉ်းစားရမည်ဖြစ်ပေသည်။ ဤနည်းအားဖြင့်သာလျှင် ကျောင်းများ၌ လူဖြူလူမည်း ခွဲခြားမှုစနစ်သည် တရားလို (လူမည်းများ) အား ဥပဒေများ၏ သာတူညီမျှ အကာအကွယ်ပေးမှုကို ထိခိုက်မှု ရှိမရှိကို အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်ပေသည်။

"ယနေ့ကာလတွင် ပညာရေးသည် ပြည်နယ်များနှင့် ဒေသန္တရ အုပ်ချုပ်မှု အစိုးရများအတွက် အရေးအကြီးဆုံး လုပ်ငန်းဖြစ်နိုင်ဖွယ်ရာ ရှိပေသည်။ ပညာမသင်မနေရ ဥပဒေများနှင့် ပညာရေးအတွက် ကြီးမားသော အသုံးစရိတ်များက ကျွန်ုပ်တို့၏ ဒီမိုကရေစီလူ့ဘောင်အသိုင်းအဝိုင်းတွင် ပညာရေး၏ အရေးပါမှုကို အသိအမှတ်ပြုကြောင်း လက်တွေ့ပြသလျက် ရှိပေသည်။ ပညာရေးသည် လုပ်ငန်းခွင်နှင့် လက်နက်ကိုင်တပ်ဖွဲ့များအတွင်း၌ပင် ကျွန်ုပ်တို့၏ အခြေခံအကျဆုံး လူမှုရေးတာဝန်များဆောင်ရွက်ရာတွင် လိုအပ်ပေသည်။

"အများပြည်သူနှင့်ဆိုင်သော ကျောင်းများ၌ ကလေးသူငယ်များအား လူမျိုးရေးအခြေခံသက်သက်ဖြင့် လူဖြူလူမည်း ခွဲခြားမှု ပြုလုပ်ခြင်းသည် လူနည်းစု ကလေးသူငယ်များအား တန်းတူပညာသင်ကြားခွင့် အခွင့်အရေးများ ဆုံးရှုံးစေသလောဆိုသည့် မေးခွန်းကို မေးစရာ ဖြစ်လာပေသည်။ ဆုံးရှုံးစေသည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။

"ထိုကလေးသူငယ်များအား အသားအရောင်တစ်ခုတည်းကြောင့် ၄င်းတို့နှင့် သက်တူရွယ်တူ၊ ပညာအရည်အချင်းတူ အခြားကလေးများနှင့်



မာတိကာသို့

ခွဲခြားခြင်းသည် လူ့အသိုင်းအဝိုင်းအတွင်း၌ ၎င်းတို့၏ အဆင့်အတန်း ဂုဏ်သိက္ခာ သိမ်ဖျင်းမှု ခံစားချက်ကို ဖြစ်စေနိုင်သည်။ ၎င်းတို့၏ နှလုံးသားနှင့် စိတ်ထဲတို့တွင် ဖြစ်နိုင်စရာအကြောင်းမရှိသည့် ထိခိုက်မှုကို ဖြစ်စေနိုင်ပေသည်။ သူတို့၏ ပညာသင်ကြားခွင့် အခွင့်အရေးများကို ခွဲခြားမှု၏ အကျိုးသက်ရောက်မှုကို ကဲန်းဆတ်စ်ပြည်နယ်တွင်ဖြစ်သော အမှုတစ်ခု၌ တရားရုံးတော်က တွေ့ရှိချက်ကို ဖော်ပြခဲ့သော်လည်း တရားရုံးတော်သည် တရားလို လူမည်းများကို တရားရှုံးစေသည့် ဆုံးဖြတ်ချက်ပေးခဲ့သည်။

"လူဖြူကလေးသူငယ်များနှင့် လူမည်းကလေးသူငယ်များကို ပြည်သူ့ကျောင်းများတွင် ခွဲခြားမှု ပြုလုပ်ခြင်းသည် လူမည်းကလေးသူငယ်များအပေါ်တွင် ထိခိုက်ဆုံးရှုံးစေသော အကျိုးသက်ရောက်စေသည်။ ဥပဒေဖြင့် ပြဋ္ဌာန်းပြီး ခွဲခြားခြင်းကြောင့် အကျိုးသက်ရောက်မှုသည် ပိုမို၍ ထိခိုက်နစ်နာစေပေသည်။ လူမျိုးရေးခွဲခြားမှုဝါဒသည် မှန်တမ်းအားဖြင့် နီဂရိုးလူမည်းအုပ်စုအား သိမ်ဖျင်းသည်ဟု သတ်မှတ်သည့်သဘော သက်ရောက်ခြင်းကြောင့် ထိခိုက်နစ်နာမှု ပိုမိုကြီးမားစေခြင်း ဖြစ်ပေသည်။ သိမ်ဖျင်းသော စိတ်ဓါတ်ဝင်နေလျှင် ကလေးငယ်တစ်ဦး၏ ပညာသင်ကြားမှု လှုံ့ဆော်စိတ်ကို ထိခိုက်စေပေသည်။ ထို့ကြောင့် ဥပဒေဖြင့် ပြဋ္ဌာန်းပြီး လူဖြူလူမည်း ခွဲခြားခြင်းသည် လူမည်းကလေးသူငယ်များ၏ ပညာရေးနှင့် အသိဉာဏ်တိုးတက်မှုကို ဆုတ်ယုတ်စေသည့် သဘောရှိပေသည်။ တစ်နည်းအားဖြင့် လူမျိုးရေးတစ်စုတစ်ပေါင်းတည်း ပညာသင်ကြားရသည့် စနစ်မှ ၎င်းတို့ ရရှိမည့် အကျိုးအမြတ်အချို့ကို ဆုံးရှုံးစေခြင်းကြောင့် ဖြစ်ပေသည်။

"*ပလက်စီနှင့် ဖာဂူဆင်အမှု* ခေတ်က စိတ္တဗေဒ ဗဟုသုတအတိုင်း အတာသည် မည်သို့ပင် ရှိနိုင်ခဲ့သည်ဖြစ်စေ ယခုတွေ့ရှိချက်များကို ယခုခေတ် အာဏာပိုင်များက အခိုင်အလုံ ထောက်ခံကြသည်။ ယခုတွေ့ရှိချက်များနှင့် ဆန့်ကျင်သည့် *ပလက်စီနှင့် ဖာဂူဆင်အမှု* မှ အသုံးအနှုန်းများကို ကန့်ကွက်ပယ်ချရမည် ဖြစ်ပေသည်။



မာတိကာသို့

"ထို့ကြောင့် အများပြည်သူနှင့်ဆိုင်သော ပညာရေးလောက အတွင်း ခွဲခြားပြီး တန်းတူညီမျှမှုပေးခြင်း လမ်းစဉ်အတွက် နေရာမရှိကြောင်း ကျွန်ုပ်တို့ နိဂုံးချုပ် ဆုံးဖြတ်ရခြင်း ဖြစ်ပေသည်။ ပညာသင်ကြားမှုကျောင်းများ ခွဲခြားခြင်းသည် ပင်ကိုအားဖြင့် မညီမျှမှုပင် ဖြစ်ပေသည်။ ထို့ကြောင့် တရားလို လူမည်းများနှင့် အလားတူ အခြေအနေတွင်ရှိပြီး ထိခိုက်နေသူများသည် လူဖြူလူမည်း ခွဲခြားသည်ဆိုသော တိုင်တန်းချက်နှင့် အညီ ဖွဲ့စည်းပုံ ပြင်ဆင်ချက် (၁၄) က အာမခံချက်ပေးထားသည့်အတိုင်း ဥပဒေများဖြင့် အကာအကွယ်ပေးမှုကို ထိခိုက်ဆုံးရှုံးစေသည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်သည်"

တရားရုံးတော်အတွင်း၌ အချို့သောလူများဟာ တုန်လှုပ်ပြီး အံ့အားသင့်သွားခဲ့ကြတယ်။ တစ်ယောက်ယောက်ကစပြီး ဝမ်းသာအားရ ပြုံးပြရဲဖို့၊ လက်ခုပ်သြဘာကြိုးစားပေးဖို့ အချိန်အတော်ကြာခဲ့သလို ဖြစ်ခဲ့ကြရတယ်။

သားဂွဒ် မာရှယ်လ်ဟာ သူ့ဘေးက လုပ်ဖော်ကိုင်ဖက် ရှေ့နေ တစ်ဦးကို မှီပြီး ပါးစပ်က ရေရွတ်လိုက်တယ်။

"ငါတို့ အောင်ဘာလေကို မိပြီ"

မာရှယ်လ်ဟာ အလျှင်အမြန် အောင်ပွဲခံလေ့ရှိတယ်။ တကယ်တော့ အချိန်မတန်သေးတဲ့ အောင်ပွဲကျင်းပမှုဖြစ်တယ်။ တကယ်တော့ သူ့အခြေအနေဟာ လပ်စ် ဗေးဂပ်စ်မြို့က လောင်းကစားရုံ တစ်ခုက ငွေအကြွေစေ့ထည့်ပြီး ခလုပ်နှိပ်ကစားတဲ့ စက်တစ်ခုမှာ မိသွားတဲ့ ခေါင်းလောင်းသံ ထွက်လာတဲ့အချိန်နဲ့ တူပေတော့တယ်။ ဒါပေမဲ့ သူ့ကို အခုသုံးစွဲလို့ရတဲ့ ဒေါ်လာငွေသားတွေ၊ ချက်လက်မှတ်တွေ တစ်ခုခုကို ဘယ်သူကမှ လာပေးမဲ့သူ မရှိပါလား။

*  *  *



မာတိကာသို့

ဒီအမှုကြီးကို အခုလို နိုင်လိမ့်မယ်လို့ သူ့မှာ သံသယ နည်းနည်းပါးပါး မရှိခဲ့ဘူးလားလို့ သားဂွဒ် မာရှယ်လ်ကို ပြန်မေးကြည့်တဲ့အခါမှာတော့---

"ဘာရယ်---သံသယနည်းနည်းရှိလား ဟုတ်လား။ အကြီးအမားကို ရှိခဲ့တာပေါ့ဗျာ။ အခုလို အားလုံး တညီတညွတ်တည်း ဆုံးဖြတ်ချက်ပေးတာ ရမှာမဟုတ်ဘူးဆိုတာ ရှိသမျှတောင် ပုံလောင်းခဲ့ချင်မိရဲ့။ ဘာ့ကြောင့်လဲဆိုတော့ တရားသူကြီးတစ်ဦးက သူသဘောမတူကြောင်း မှတ်တမ်းရေးဖို့ သီးခြားရှေ့နေ စာရေးတစ်ယောက် ငှားခဲ့တယ်ဆိုတာ ကျုပ်သိခဲ့ရလို့ပါပဲ"

"ဘယ်လိုလုပ်ပြီး တညီတညွတ်တည်း ဆုံးဖြတ်ချက် ရခဲ့သလဲ"

"ဒါတော့ ကျုပ်မသိဘူး။ ဘယ်သူမှလည်း ပြောပြမှာ မဟုတ်ဘူး"

မာရှယ်လ်က အဲဒီလိုပဲ ပြန်ဖြေခဲ့တယ်။

မာရှယ်လ်ကတော့ အားလ်ဝေါရင်ဟာ သူ့ဘဝမှာ တွေ့ဖူးခဲ့သမျှလူတွေထဲမှာ အကြီးမားဆုံးခေါင်းဆောင် ဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။

ဝေါရင်ဟာ အိပ်မက်ကမ္ဘာကို ကြီးမားစွာ တည်ဆောက်ပေးခဲ့သူဖြစ်ခဲ့တယ်။ သူဟာ နိုင်ငံရေးနဲ့ တရားရေး ပူးတွဲနေတဲ့ကိစ္စတစ်ခုကို မယုံကြည်နိုင်လောက်တဲ့ အံ့ဖွယ်တစ်ရပ် ဖြစ်ပေါ်ဖို့အတွက် ပြည်ထောင်စုတရားရုံးချုပ်ရဲ့ တညီတညွတ်တည်း မဲဆန္ဒရအောင် လုပ်နိုင်ခဲ့တယ်။

တကယ်တော့ တညီတညွတ်တည်း ဆုံးဖြတ်ချက်ပေးခဲ့တဲ့ တရားရုံးချုပ်အတွင်းမှာ သဘောထား အကြီးအကျယ် ကွဲလွဲခဲ့တာတွေ ရှိတယ်။ *ဘရောင်းအမှု(၂)* လို့ ခေါ်တွင်တဲ့ ဒုတိယအကြိမ် အများသဘောထား ထုတ်ပြောနိုင်အောင် နောက်ထပ် တစ်နှစ်လောက် စောင့်ခဲ့ရတယ်။



မာတိကာသို့ ▸▸

တောင်ပိုင်းက ကျောင်းတွေမှာ လူမည်းကျောင်းတွေ ပယ်ဖျက်ပစ်ဖို့. ဘယ်လိုသတ်မှတ်ဆောင်ရွက်ရမလဲဆိုတဲ့ သဘောထားပေးဖို့. ဒုတိယအကြိမ် သဘောထားကို တစ်နှစ်စောင့်ခဲ့ရတာ ဖြစ်ပါတော့တယ်။



မာတိကာသို့

# အခန်း (၁၅)

## ရုတ်ခြည်း အရှုံးအနိုင်

*ဘရောင်းအမှု* ပထမအကြိမ် စီရင်ချက်ချပြီးတဲ့နောက်မှာ သားဂွဒ် မာရှယ်လ်ဟာ သူ့ဇနီး ဘတ်စ်တာနေထိုင်ရာ နယူးယောက်မြို့က အိမ်ခန်းကို ပြန်လာခဲ့တယ်။ ဒါပေမဲ့ သူ့မှာ စိုးရိမ်စိတ်တွေ ရှိနေတယ်။ ကမ္ဘာ့လူအများစုက သူ့ရဲ့အောင်မြင်မှုကို ကြီးမားတဲ့ တရားရေးအောင်မြင်မှုလို့ မြင်ခဲ့ကြတယ်။ ဒါပေမယ့် သူ့ရဲ့ အောင်မြင်မှု အနှစ်သာရနဲ့ ရုပ်လုံးပေါ်လာအောင် ပြည်ထောင်စုတရားရုံးချုပ်ကို ပင်ပင်ပန်းပန်း ပြောဆိုရမယ့် အစီအစဉ်တွေက ရှိသေးတယ်။ သူ့ဇနီးကလည်း မီးကုန်ယမ်းကုန် အောင်ပွဲခံနေတော့ မာရှယ်လ်က သူ့ရဲ့ စိတ်ပျက်စရာကောင်းမှုနဲ့ စိုးရွံ့မှုတွေကို ဘာမှ ပြန်မပြောပြခဲ့ဘူး။ ၁၉၅၄ ခုနှစ်၊ ဝေါရင် တရားရုံးချုပ်က စီရင်လိုက်တဲ့အပေါ်မှာ သူဟာ တစ်သက်လုံးဆက်ပြီး ပါဝင်ပတ်သက်ရဦးမှာကို တွေးပြီး မာရှယ်လ် စိုးရွံ့ခဲ့တယ်။

မာရှယ်လ်နဲ့ ဗီဗီယင် ဘာရေးတို့ လက်ထပ်ခဲ့ကြတာ ၂၅ နှစ်



မာတိကာသို့ ▶▶

ရှိပြီ။ အလွန်ကောင်းမွန်တဲ့ အိမ်ထောင်ရေးဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဗီဗီယင်မှာ ကလေးမရခဲ့သလို မာရှယ်လ်ရဲ့တာဝန်တွေကလည်း ဇနီးသည်တစ်ဦးဒါမှမဟုတ် ခင်ပွန်းသည်တစ်ဦး တောင့်တတဲ့ ပေါင်းသင်းဆက်ဆံမှုမျိုးကိုပေးဖို့ မဖြစ်စေနိုင်ခဲ့ဘူး။

မာရှယ်လ်ရဲ့ ဆက်တိုက်ခရီးစဉ်မှတ်တမ်းတွေကြည့်ပြီး သူဟာ အိမ်နဲ့ ဇနီးသည်တို့နဲ့ ဘယ်လောက်ကြာ ကင်းဝေးနေသလဲဆိုတာ လေ့လာလိုက်ရင် သူတို့ရဲ့ အိမ်ထောင်ရေး တည်မြဲပုံကိုတောင် အံ့သြစရာကောင်းလိမ့်မယ်။ ၁၉၄၃ ခုနှစ်မှာ မေလ ၁၂ ရက်နေ့က ဇူလိုင်လ ၁၇ ရက်နေ့အထိ မာရှယ်လ်ဟာ တစ်နေရာပြီးတစ်နေရာ ခရီးဆက်တိုက်သွားခဲ့ရတယ်။ မာရှယ်လ်ဟာ သူ့ဇနီးကို ဉပေက္ခာပြုထားရပုံနဲ့ သူ့ရဲ့ကျန်းမာရေးကိုလည်း အန္တရာယ်ဖြစ်နိုင်တဲ့ အတိုင်းအတာထိ ဂရုမစိုက်နိုင်တာကိုလည်း အမြဲတမ်းလိုလို သိနေပါတယ်။

မာရှယ်လ်ရဲ့ နာမည်တစ်လုံးကလည်း တစ်စထက်တစ်စ ပိုမိုကျော်ကြားလာခဲ့တယ်။ သူ့မှာ ပိုက်ဆံမရှိပုံ အခြေအနေကိုလည်း တစ်နိုင်ငံအနှံ့ သိနေကြတယ်။ ဒါ့ကြောင့် သူ့ကို စီးပွားရေးဒုက္ခအတွင်းကဆွဲထုတ်ကူညီနိုင်အောင် အလုပ်ပေးချင်ကြသူတွေလည်း အမြောက်အမြားရှိခဲ့တယ်။

သားဂွဒ် မာရှယ်လ်ကို အမေရိကန်တရားရေးဌာနမှာ သင့်တော်တဲ့ ရာထူးတစ်နေရာ ပေးဖို့ ၄င်းက အကြံပေးထားကြောင်း စာတစ်စောင်ကို နယူးယောက်က ထင်ရှားတဲ့ ရှေ့နေကြီး မောရစ္စ အန့်စ်ကလည်း အဲန်အေအေစီပီက ဝေါလ်တာ ဝှိုက်ထံကို ၁၉၄၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှာ ပေးပို့ခဲ့တယ်။

လအနည်းငယ်ကြာပြီးတဲ့နောက် နိုဝင်ဘာလမှာ ဟောင်းဝပ်တက္ကသိုလ် ဥပဒေကျောင်းက လီယွန် ရဲမ်ဆမ်ကလည်း သားဂွဒ်ကို ဟောင်းဝပ်တက္ကသိုလ်မှာ အလုပ်ပေးရေးအကြောင်း စာနဲ့ရေးမေးပြီး ကမ်းလှမ်းခဲ့ပြန်တယ်။



မာတိကာသို့ ››

မာရှယ်လ်ကတော့ တရားရေးဌာနမှာဖြစ်စေ၊ သူ့ရဲ့ မိခင်တက္ကသိုလ်မှာဖြစ်စေ အလုပ်တစ်ခုခုရရေးထက် အဲန်အေအေစီပီမှာ သူလုပ်နေတဲ့ အလုပ်ကိုပဲ ပိုပြီး အဆုံးအစမရှိ မက်မောခဲ့တယ်။ ဇနီးသည် ဘတ်စတာကလည်း ဒီအတိုင်းပဲ။ ဘတ်စ်တာက သူကို့ ဘယ်လောက်ကြာကြာပဲ ခွဲနေရနေရ နေနိုင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့မောင်နှံကွဲကွာနေခြင်းဟာ အမေရိကက လူမည်းတွေနဲ့ အပယ်ခံ အဆင့်နိမ့်တဲ့ လူတန်းစားအတွက် နိုင်ငံရေး၊ လူမှုရေးနဲ့ တရားရေးလွတ်လပ်မှု အသီးအပွင့်တွေကို သီးပွင့်ပေးစေနိုင်လို့ ဖြစ်ပါတယ်လို့ ဘတ်စ်တာက ရှင်းရှင်းလင်းလင်း ပြောဆိုခဲ့ပါတယ်။ ဒါပေမဲ့ သားငွဒ်ရဲ့ဇနီးအဖို့ မခံနိုင်တာတစ်ခုကတော့ ညအခါတွေမှာ လူသတ်သမားတစ်ယောက်လို တိတ်တိတ်ရောက်လာတတ်တဲ့ မကျန်းမာမှုပဲ ဖြစ်ပါတယ်။

ဘတ်စ်တာဟာ ဘယ်တုန်းကမှ ဆေးလိပ် မသောက်ဘူး။ သားငွဒ် မာရှယ်လ်ကိုလည်း ဖင်ကမီးခိုးထွက်အောင် ဆေးလိပ်သောက်တာကို ဘတ်စ်တာက အပြစ်တင်ပြီးရင်းအပြစ်တင် ပြောဆိုခဲ့တယ်။ သူများရဲ့ ဆေးလိပ်မီးခိုးကို ရှူမိတဲ့ အန္တရာယ်များလားမသိ။ ၁၉၅၅ ခုနှစ်မှာ ဘတ်စ်တာဟာ အဆုတ်မကောင်းတဲ့ ပြဿနာ အပြင်းအထန် ဝင်လာခဲ့တယ်။ မာရှယ်လ်ရဲ့မိတ်ဆွေဆရာဝန် ဒေါက်တာ ဝေါလ်တာ ကရမ့်ပ်က အစတော့ ဘတ်စ်တာရဲ့ အဆုတ်ထဲကို ရေဝင်တဲ့ရောဂါလို့ ထင်ခဲ့တယ်။ ဒါပေမဲ့ ဒေါက်တာ ကရမ့်ပ်ဟာ ထပ်ခါတလဲလဲ စစ်ဆေးပြီး လွန်ခဲ့တဲ့ ငါးနှစ်၊ ဆယ်နှစ်လောက်က ရိုက်ထားတဲ့ ဓါတ်မှန်ချပ်တွေကိုလည်း ပြန်စစ်တယ်။ နောက်ဆုံးတော့ အဖြေတွေ့ရပြီ။ ဘတ်စ်တာရဲ့ ရောဂါက ကြောက်စရာကောင်းတဲ့ ကင်ဆာရောဂါဖြစ်နေတယ်။

မာရှယ်လ်ဟာ အလုပ်ကိစ္စ ချိန်းဆိုချက်တွေ ပယ်ဖျက်၊ အဲန်အေအေစီပီရဲ့ အမှုတွဲစာတွေကိုလည်း မရေးဘဲ ဆိုင်းငံ့လိုက်ပြီး အိမ်မှာပဲ ဇနီးသည်ကို ဂရုစိုက် ပြုစုခဲ့တယ်။ ဒါပေမဲ့ ဘတ်စ်တာရဲ့အခြေ အနေက တစ်နေ့ထက်တစ်နေ့ ဆုတ်ယုတ်လာခဲ့တယ်။ ဇနီးသည်တစ်နေ့တခြား အခြေအနေ ဆိုးလာတာကိုကြည့်ပြီး သားငွဒ်မှာ စိတ်ဆင်းရဲခဲ့ရပုံကိုလည်း



မာတိကာသို့ ››

နောက်တော့ သားဂွဒ် က ပြန်ပြောပြခဲ့တယ်။

၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာတော့ ဘတ်စ်တာ ကွယ်လွန်သွားခဲ့တယ်။

ဇနီးသည် ကွယ်လွန်သွားတာကို "ကျုပ်ဘာတတ်နိုင်မှာလဲ" လို့ မာရှယ်လ်က ထုံးစံအတိုင်း ဟန်ဆောင်ပြောခဲ့တယ်။ ဒါပေမယ့် ရုတ်တရက် ဖြစ်သွားတာဆိုတော့ မာရှယ်လ်ဟာ အတော်ခံလိုက်ရတယ်လို့ သူ့ရဲ့ အတွင်းရေးမှူး အဲလစ္စ စတိုဗားလ်က ပြန်ပြောခဲ့ပါတယ်။

မာရှယ်လ်ဟာ ဝမ်းနည်းပူဆွေးဖို့ အချိန်ကြာကြာ မပေးနိုင်ခဲ့ဘူး။ မကြာခင်မှာပဲ သူဟာ ရုံးပြန်တက်၊ မီးရထားတစ်တန်၊ လေယာဉ်တစ်တန် ခရီးတွေထွက်၊ တရားရုံးတွေနဲ့ ကျောင်းစာသင်ခန်းတွေကိုသွား၊ လူမည်း တွေနဲ့ အမျိုးသမီးတွေရဲ့ လွတ်လပ်မှုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမာခံအားကိုးပြီး အလုပ်လုပ်နဲ့ အလုပ်တွေ ပြန်ရှုပ်တော့တယ်။ အလုပ်ဟာ မာရှယ်လ်ရဲ့ ဝမ်းနည်းကြေကွဲမှုအတွက် ယာယီဖြေဆေး ဖြစ်ခဲ့တယ်။

သားဂွဒ် မာရှယ်လ်အတွက် တိုက်တိုက်ဆိုင်ဆိုင် သောကရောက် စရာ တစ်ခုလည်း ဖြစ်ခဲ့ပြန်သေးတယ်။ သူ့ဇနီး ဘတ်စ်တာက ဖေဖော်ဝါ ရီလ ၁၁ ရက်နေ့မှာ ကွယ်လွန်ခဲ့ပြီးတဲ့နောက် မတ်လ ၂၁ ရက်နေ့မှာ ဝေါလ်တာ ဝှိုက် သေဆုံးခဲ့ပြန်တာဖြစ်တယ်။ ၁၉၅၅ ခုနှစ်ဟာ မာရှယ်လ် အတွက် ကံအဆိုးဆုံးနှစ်ဖြစ်ခဲ့တယ်။ တရားရုံးချုပ်က သူ့ကို တတိယ ထိုးနှက်မှု မပေးပါစေနဲ့လို့ ဘုရားမှာ ဆုတောင်းစရာ ဖြစ်ခဲ့တယ်။

ဧပြီလ ၁၁ ရက်နေ့မှာတော့ ကျောင်းတွေမှာ လူဖြူလူမည်း ခွဲခြားမှုစနစ် ဖျက်သိမ်းရေးနဲ့ ပတ်သက်လို့ အရေးအပါဆုံး အချက်တွေကို ဆွေးနွေးဖို့ တရားရုံးချုပ်ကို သွားခဲ့ရတယ်။ တရားရုံးချုပ်ရဲ့ ဒီဂရီ အမိန့်ကို ဘယ်လို ထပ်ဆင့်ညွှန်ကြားသင့်သလဲ။ တရားရုံးချုပ်က လက်အောက် တရားရုံးတွေ တောင်ကယ်ရိုလိုင်းနားက တာဝန်ရှိသူတွေနဲ့ တခြားလူဖြူ လူမည်း ခွဲခြားတဲ့ ပြည်နယ်တွေမှ လူမည်းနဲ့ လူဖြူကလေး သူငယ်တွေကို



မာတိကာသို့ ▶▶

တစ်ကျောင်းတည်းမှာ ချက်ချင်းပေါင်းထားစေလို့ အမိန့်ပေး ရမှာလား။ ဒါမှမဟုတ် လူမှုရေးခံစားချက် အခြေအနေများနဲ့ အုပ်ချုပ်ရေး အခက်အခဲ အခြေအနေများအရ လူဖြူလူမည်း ကလေးသူငယ်တွေ အတူ စုပေါင်း ပညာသင်စေရေးကို အချိန်အကြာကြီးပေးပြီးမှ ညှိနှိုင်းလုပ်စေ မလားဆိုတဲ့ အချက်ကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

တရားရုံးချုပ် တရားသူကြီး ရိဒ်က တစ်နှစ်မှာတစ်တန်း စုပေါင်း ပညာသင်မှု အစီအစဉ်များကို ၁၂ နှစ်ကြာ ပြုလုပ်သွားရေး အကြံပေး ခဲ့တယ် (အမေရိကန်ပညာရေးစနစ်တွင် (၁၂) တန်းရှိသည်)။ သားဂွဒ် မာရှယ်လ်က ချက်ချင်းကန့်ကွက်ခဲ့တယ်။ သူက "ဒါဆိုရင် တရားသူကြီး မင်းတို့ဟာ ကလေးသူငယ်တွေရဲ့ တစ်ဦးချင်း အခွင့်အရေးတွေကို လုံးဝ ဖျက်ဆီးပစ်ရုံမကဘူး၊ လူမည်းကလေးတွေ တစ်တန်းလုံးရဲ့ အခွင့်အရေး ကိုပါ ဖျက်ဆီးပစ်ရာရောက်မယ်။ အဲဒီအတန်းက ကလေးသူငယ် တစ် ယောက်မှ တစ်ပေါင်းတစ်စည်းတည်း ပညာသင် ကြားခွင့်ကို တစ်သက်လုံး ရတော့မှာ မဟုတ်ဘူး" လို့ ကန့်ကွက်ပြောဆို ခဲ့ပါတယ်။

မာရှယ်လ်က လူဖြူလူမည်း ခွဲခြားမှုရှိတဲ့ ခရိုင်ကျောင်းတွေမှာ ခွဲခြားမှုကို ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ကျောင်းအဖွင့်မှာ အဆုံးသတ်ရေး ကို ဒီဂရီအမိန့်ထုတ်ပေးဖို့ တောင်းဆိုခဲ့တယ်။ ၁၉၅၆ ခုနှစ်၊ စက်တင် ဘာလမှာ ခွဲခြားမှု အဆုံးသတ်စေဖို့ အမိန့်ထုတ်ပေးမယ်ဆိုရင်လည်း လက်ခံ နိုင်ပါတယ်လို့ ပြောဆိုခဲ့တယ်။

မာရှယ်လ်က "အခြေအနေကတော့၊ အစိုးရက ပြတ်ပြတ်သား သား ကိုင်တွယ်ပေးဖို့ လိုအပ်တယ်။ ကျွန်တော်တို့ လူဖြူလူမည်း ခွဲခြားတဲ့ စနစ်ကို ဖျက်ကို ဖျက်ရမယ်၊ ဒါပဲ" လို့ ဝိသေသပြုပြောဆိုခဲ့သေးတယ်။

ဒါပေမဲ့ ပြည်နယ်အတော်များများက ရှေ့နေတွေကလည်း တရားရုံးချုပ်က ဒီလိုပြောလို့ မရဘူး။ ဟိုလိုလုပ်လို့ မရဘူး။ သမ္မတ အနေနဲ့လည်း အဲဒီလိုလုပ်လို့ မရဘူးလို့ တရားရုံးချုပ်ကို ပြောဆိုခဲ့ ကြတယ်။ တရားရုံးချုပ်က အမိန့်ဒီဂရီ ထုတ်ပြန်ပေးရေး အဆိုပြုချက်



မာတိကာသို့

ဟာ ၁၉၅၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့က ရုံးတော်က စီရင်ချက် မချမီ ကြားနာခဲ့ရတဲ့ နှစ်ကြိမ်ထက် ပိုပြီးစိတ်လှုပ်ရှားဖွယ်ရာနဲ့ ခါးသီးစရာ ဖြစ်ခဲ့တယ်။

ကလယ်ရင်ဒင်ခရိုင်ဒေသက အက်စ်၊ အီး၊ ရောဂျားစ်က တရားသူကြီးများကို နားလည်မှုရှိပေးပါလို့ တောင်းပန်ခဲ့တယ်။ သူက "ကျွန်တော်တို့ခရိုင်ဟာ စိုက်ပျိုးရေးဒေသဟောင်းဖြစ်ပါတယ်။ ဆန်တော့စ်မြစ်ကွေ့ ထဲအထိ အထဲကို ကျယ်ပြန့်ပါတယ်။ အဲဒီအကြောင်းကြောင့် ကျွန်တော်တို့ရဲ့ လူမည်းဦးရေက အလွန်များပြီး မျက်နှာဖြူဦးရေက အလွန်နည်းပါးပါတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးဒေသဟောင်းမှာ လူဖြူနဲ့လူမည်းတွေ ခွဲခွဲခြားခြား နေလာခဲ့ကြတာ နှစ်ပေါင်းတစ်ရာ ရှိခဲ့ပါပြီ။ ကျွန်တော်တို့မှာ သဘောထား ပြောင်းယူရမယ့် နည်းလမ်းတစ်ခုမှအပ ပြဿနာကို ဖြေရှင်းလို့ ရနိုင်မှာမဟုတ်တဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီလို သဘောထားပြောင်းလဲရေးအတွက်ကလည်း ဖြည်းဖြည်းချင်း ပြောင်းယူမှ ရနိုင်ပါလိမ့်မယ်" လို့ ပြောဆိုခဲ့ပါတယ်။

တရားသူကြီး ဖရဲန့်ဖတ်တားက "သဘောထားဆိုတာ လှုပ်ရှားလုပ်ဆောင်မှုရဲ့ ရလာဒ်တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ ဒီအတိုင်း လက်ပိုက်ပြီး စောင့်ကြည့်ရုံနဲ့တော့ သဘောထားတွေ သူ့ဘာသာ အလိုလို ပြောင်းလဲသွားမှာ မဟုတ်ပါဘူး" လို့ သုံးသပ်ပြီး မှတ်ချက်ချခဲ့ပါတယ်။

ရောဂျားစ်က ကလယ်ရင်ဒင်ခရိုင်မှာ မျက်နှာဖြူတွေက သူတို့ကလေးတွေကို လူမည်းကလေးတွေနဲ့ ကျောင်းအတူတက်ခွင့်ပေးတာကို သက္ကရာဇ် ၂၀၁၅ သို့မဟုတ် ၂၀၄၅ ခုနှစ်အထိ စောင့်ကောင်း စောင့်ရလိမ့်မယ်လို့ ပြောဆိုခဲ့ပါတယ်။

တရားသူကြီးချုပ် ဝေါရင်က "လူဖြူတွေ သဘောထားပြောင်းဖို့ သက္ကရာဇ် ၂၀၄၅ ခုနှစ်အထိ စောင့်ရမယ်ဆိုရင် မနှစ်က မေလ ၁၇ ရက်နေ့ ဆုံးဖြတ်ချက်ဟာ အဲဒီလူတွေအတွက် တန်ဖိုးများများ ရှိပါဦးမလားလို့ ကျွန်တော် တွေးမိတယ်" လို့ ထောက်ပြခဲ့ပါတယ်။



မာတိကာသို့

တောင်ပိုင်းကယ်ရီလိုင်းနားပြည်နယ်က ရောဘတ် ဖစ်ခ်က တရားသူကြီးချုပ် ဝေါရင်ကို ပြောခဲ့တာရှိသေးတယ်။ "စုပေါင်းပညာသင်ကြားရေး အယူအဆကို လူအများက လက်ခံဖို့ တရားရုံးချုပ်က အခွင့်အရေးနဲ့ အချိန်မပေးခဲ့ရင် တစ်စုတစ်ပေါင်းတည်း မခွဲခြားတဲ့ ကျောင်းတွေ ဖြစ်ပေါ်လာဖို့ မဖြစ်နိုင်ကြောင်း သက်သေပြကောင်း ပြနိုင်ပါလိမ့်မယ်" လို့ ဖစ်ခ်က ပြောခဲ့ပါတယ်။

မာရှယ်လ် ထအော်တော့တာပဲ။ သူ့ရဲ့ မှတ်ချက်က ပြတ်သားတယ်။

"ဒီလူတွေဟာ အချိန်ကန့်သတ်ပေးတာကို မလိုချင်ကြဘူး။ တောင်ပိုင်းဒေသက ရှေ့နေတွေက အောက်တရားရုံးတွေမှာ ဘာလျှောက်ထားမလဲ။ သူတို့လူဖြူလူမည်း ခွဲခြားမှု ပြီးဆုံးအောင် ဘယ်တော့စမလဲလို့ မေးရင် သူတို့ အမြဲ ငြင်းဆိုပြောနေကြအတိုင်း ဘယ်တော့မှ မလုပ်ဘူးလို့ပဲ ပြောကြမှာပဲ"

ဗာဂျီးနီးယားပြည်နယ်က အာချီဘော ရောဘတ်ဆင်ကလည်း ဗာဂျီးနီးယားပြည်နယ်က ခရိုင် ၉၀ အနက်မှာ ၅၅ ခရိုင်က "တစ်စုတစ်ပေါင်းတည်း ပညာမသင်မနေရ အမိန့်ကို တရားဝင် ဆန့်ကျင်ကြကြောင်း၊ အဲဒီအမိန့်ကို အကောင်အထည်ဖော်ရမယ့် ဒေသမှာ အများစုက တညီတညွတ်တည်း စည်းစည်းလုံးလုံး ဆန့်ကျင်ကြတယ်ဆိုရင် ရလာဒ်အကောင်အထည်ပေါ်လာအောင် တရားရုံးတော်ရဲ့အမိန့် ဒီဂရီရော၊ အုပ်ချုပ်ရေးဆိုင်ရာ(အစိုးရ)အမိန့်ရော၊ ဘာမှတတ်နိုင်မှာ မဟုတ်ကြောင်း" ရောဘတ်ဆင် က ပြောခဲ့ပါတယ်။

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အကျိုးသက်ရောက်အောင် ကျွန်တော်တို့အစိုးရက ဘာမှ မစွမ်းဆောင်နိုင်အောင် အဲဒီလို ငြင်းဆိုပြီး အကြောက်အကန် ပြောဆိုမှုတွေကြောင့် အလွန်တုန်လှုပ်ခဲ့မိကြောင်း" ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။



မာတိကာသို့

ရောဘတ်ဆင်က ငြင်းချက်ထုတ်ရာမှာ မျက်နှာဖြူတရားသူကြီးတွေကို ဆွဲဆောင်မိအောင် တရားရုံးမှာ ပြောဆိုခဲ့သေးတယ်။

"ကျန်းမာရေးနဲ့ စိတ်ဓါတ်ရေးရာ အဆင့်အတန်းတွေကိုလည်း ထည့်သွင်းစဉ်းစားရလိမ့်မယ်လို့ ကျွန်တော်တို့ ပြောလိုပါတယ်။ ကျွန်တော်တို့ ဗာဂျီးနီးယားပြည်နယ်မှာ လူမည်းတွေက လူဖြူတွေထက် အဆုတ်ရောဂါဖြစ်မှု နှစ်ဆနီးပါးရှိတယ်။ ဗာဂျီးနီးယားပြည်နယ်မှာ လူမည်းဦးရေ နှစ်ဆယ့်နှစ်ရာခိုင်နှုန်းရှိတယ်။ အဲဒီလူမည်းတွေရဲ့ ခုနစ်ဆယ့်ရှစ်ရာခိုင်နှုန်းမှာ ဆစ်ပလစ် ရောဂါ ရှိကြတယ်။ ရှစ်ဆယ့်သုံးရာခိုင်နှုန်းမှာ ဂနိုရိယာရောဂါရှိကြတယ်။ ဗာဂျီးနီးယားပြည်နယ်မှာ လူဖြူကလေး ၅၀ မွေးရင် တစ်ဦးက အဖေ မပေါ်ဘူး။ နီးဂရိုး လူမည်းတွေမှာတော့ ကလေးငါးယောက်မွေးရင် တစ်ယောက်က အဖေ မပေါ်ဘူး။

"ရောဂါဖြစ်မှုနဲ့ စာမတတ်မှုဟာ အကြောင်းအရာ တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။ ဒါကို ကိုယ်ကျင့်တရားပြဿနာတစ်ခုအဖြစ် တင်ပြနေတာ မဟုတ်ပါဘူး။ ဘယ်သူ့မှာ အပြစ်ရှိတယ်လို့ ပြောနေတာ မဟုတ်ပါဘူး။ အဖြစ်မှန်အချက်အလက်တွေကိုသာ တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုအချိန်မှာ အဲဒီလို နောက်ကြောင်းရှိတဲ့ တခြားကလေးတွေနဲ့ မျက်နှာဖြူကလေးတွေ ရောယှက်ထားဖို့ မျက်နှာဖြူမိဘတွေက ဘယ်လိုလုပ်ငွေကုန်ခံ ထားကြပါမလဲ"

ဗာဂျီးနီးယားပြည်နယ် ရှေ့နေချုပ် လင်းဒ်ဆေး အားမင်ကလည်း "ကျွန်တော့်အနေနဲ့ ကျန်းမာရေးကိစ္စကို မပြောတော့ပါဘူး။ မစ္စတာရောဘတ်ဆင် ထောက်ပြပြီးပါပြီ။ လူဖြူလူမည်း ကလေးတွေ ရေအိုးစင် တစ်ခုတည်း၊ ရေအိမ်သာ တစ်ခုတည်း အတူတူ သုံးကြရင် ပြဿနာ ပိုများလာမှာ အမှန်ပါပဲ။ ဒါကြောင့် လူဖြူမိဘတွေက သူတို့ကလေးတွေကို ကျောင်းက ထုတ်ကြမှာ မလွဲဘူး။ ရန်ပုံငွေ ထောက်ပံ့ကြေးလည်း ပေးတော့မှာ မဟုတ်ဘူး" လို့ ပြောပြန်တယ်။

မာရှယ်လ်ဟာ စိတ်ဆိုးဆိုးနဲ့ သရော်သံ မပါဖို့ ကြိုးစားပြန်ချေပ



မာတိကာသို့

လိုက်တယ်။ "ကျွန်တော့်အတွက် စိတ်ဝင်စားစရာတစ်ခုရှိတယ်။ လူအများစီး ပို့ဆောက်ဆက်သွယ်ရေးယာဉ်ပေါ်မှာ အသားအရောင် ခွဲခြားတဲ့စနစ်ကျင့်သုံးတဲ့အခါ နီးဂရိုး အစေခံတွေကျတော့ လူဖြူတွေနဲ့အတူ လိုက်ပါခွင့် ရလေ့ရှိတယ်။

"ဗာဂျီးနီးယားပြည်နယ်မှာဆိုရင် ကြည့်ပါဦး။ စိတ်ဝင်စားစရာတစ်ခုရှိတယ်။ ကိုယ့်ကလေးတွေကို လူမည်းကလေးတွေနဲ့အတူတူ ကျောင်းမတက်ရဘူးလို့ ကန့်ကွက်နေတဲ့ လူတွေကိုယ်တိုင်က လူမည်းကျောင်းသားကလေးတွေရဲ့ အမေတွေကိုယ်တိုင် ချက်ပြုတ်၊ ပြင်ဆင်ပြီး ပါးစပ်ထဲ မခွံ့ပေးရုံတမယ် ကျွေးမွေးတာတွေကိုတော့ လက်ခံကြတယ်။ ဒီလူမည်း ထမင်းချက်တွေ ချက်ပြုတ်ကျွေးတာကို နေ့စဉ်နေ့တိုင်းစားနိုင်ရက်နဲ့ သူတို့လူဖြူကလေးတွေကျတော့ လူမည်းကလေးတွေနဲ့အတူတူ ကျောင်းပေးနေဖို့ သဘောမတူကြဘူးလေ။ ကျွန်တော်ထောက်ပြချင်တာကတော့ ဒီလိုအချိန်ရောက်တဲ့အထိ အစိုးရက အသားအရောင်နဲ့လူမျိုးပေါ်မူတည်ပြီး ခွဲခြားခြင်းကို သည်းခံလက်ခံနိုင်တုံးပဲလားလို့ မေးချင်ပါတယ်"

*　　*　　*

သားဂွဒ်ဟာ အမြဲတမ်း တစ်ကိုယ်ရေတစ်ကာယတည်း နေထိုင်သွားမယ့် လူစားမျိုးတော့ မဟုတ်ပါ။ သူဟာ အမျိုးသမီးတွေ ရှိနေရင်သဘောကျတတ်တယ်။ တကယ်တော့လည်း သူ့အလုပ်များပုံနဲ့ သူ့ဘဝပုံစံအရ သူ့ကို ဂရုစိုက်ပြီး ကြည့်ရှုစောင့်ရှောက်ပေးမယ့် အမျိုးသမီးတစ်ယောက်တော့ လိုအပ်ပါတယ်။ သူ့ရဲ့ ရှပ်အင်္ကျီကော်လံတွေ တွန့်နေပုံ၊ သူ့ဘောင်းဘီကြီး ဖေါင်းပွနေပုံ၊ သူ့ဆံပင်တွေ မဖီးမလိမ်း မသပ်မရပ်ဖွာနေပုံတွေကို သူ့ရုံးထဲက အမျိုးသမီးတွေက နှစ်ပေါင်းများစွာ သတိထားမိ



မာတိကာသို့

ကြတိုင်း "ဘတ်စ်တာက သူ့ကိုပိုပြီး ဂရုစိုက်သင့်တယ်" လို့ တီးတိုးပြောဆိုခဲ့ကြပါတယ်။

ဘတ်စ်တာသေဆုံးပြီးလို့ လပေါင်းအနည်းငယ်အကြာမှာတော့ သားဂွဒ်ဟာ အစည်းအဝေးတစ်ခုတက်ဖို့ အဲန်အေအေစီပီ ဌာနချုပ်ကို ရောက်သွားခဲ့တယ်။ သူဟာ အသားညိုချော တောက်ပတဲ့ မျက်လုံးဝိုင်းတွေနဲ့ သေးသေးသွယ်သွယ် အမျိုးသမီးလေးတစ်ဦးကို မျက်စိထဲမှာ မြင်တွေ့လိုက်တယ်။ သူ့မနာမည်က စီစီလီယာ ဆူယပ်ဖြစ်ပြီး ဟာဝေယံနဲ့ ဖိလစ်ပိုင်စပ်သူဖြစ်တယ်။ စီစီလီယာဟာ ၁၉၄၇ ခုနှစ်မှာ ဟာဝေယံက မောအိကျွန်းက ထွက်ခွာလာခဲ့ပြီး အခုအခါမှာတော့ အဲန်အေအေစီပီ ဌာနချုပ်မှာ အတွင်းရေးမှူးလုပ်နေသူ ဖြစ်ပါတယ်။ စီစီလီယာကို မြင်လိုက်တာနဲ့ သားဂွဒ်ဟာ စိတ်တွေလှုပ်ရှားပြီး ဟိုမှန်းတွေ ကြွတက်လာသလို ဖြစ်သွားခဲ့တယ်။ ဒါနဲ့ သူသိတဲ့ ရုံးဝန်ထမ်းတစ်ဦးကို ကပ်ပြီးပြောလိုက်တယ်။

"ဟေ့ – ဟောဟိုက ကောင်မလေး၊ ငါ့ကို တစ်ချက်ကလေး လောက် လာနမ်းအောင် လုပ်ပေးနိုင်ရင် မင့်ကို ငါငွေအစိတ် ဆုချမယ်ကွာ"

လူမည်းဝန်ထမ်းက စီစီလီယာအနား ကပ်သွားပြီး သားဂွဒ် စကားကို တစ်ဆင့်ပါးတာကို ငါချစ်ပုဂ္ဂိုလ်ကြီး သားဂွဒ်က လှမ်းပြီး ကြည့်နေတယ်။ ကောင်မလေးက လက်ဝါးခါပြီး ဟင့်အင်းလုပ်ပြတာကို သားဂွဒ် တွေ့လိုက်ရတယ်။ သားဂွဒ်အဖို့ တရားရုံးတွေမှာ စိန်ခေါ်ရသလို စီစီလီယာဟာ သူ့အတွက် စိန်ခေါ်စရာတစ်ခု ဖြစ်လာခဲ့ပြီ။ နောက်ဆုံးတော့ သားဂွဒ်က သူ့ကိုယ်သူ ကိုယ်တိုင်မိတ်ဆက်ပြီး စီစီလီယာကို ချိန်းတာ အောင်မြင်သွားခဲ့တယ်။ အဲဒီနောက်တော့ လပိုင်းအနည်းငယ်အတွင်းမှာပဲ သူ့ကိုလက်ထပ်ဖို့ စီစီကို ချစ်ရေးဆိုလိုက်ပါလေရော။

၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ သူတို့နှစ်ယောက် လက်ထပ်ခဲ့ကြတယ်။ လူမျိုးချင်း သွေးနှောတာကို မကြိုက်ဘူးဆိုတဲ့ ပြည်သူ့ အခွင့်အရေးခေါင်းဆောင်ကြီးဟာ သူနဲ့လူမျိုးချင်း မတူသူကို



မာတိကာသို့ ▸▸

လက်ထပ်သွားပြီလို့ ဝေဖန်စရာလည်း ဖြစ်ပေါ်ခဲ့တယ်။

ဒါပေမဲ့ ဝေါလ်တာ ဝိုက်နဲ့ ပေါ်ပီ ကဲနင်တို့ လက်ထပ်ခဲ့တာနဲ့ နှိုင်းယှဉ်လိုက်ရင် တရားဝင် အကြီးအကျယ် ဝေဖန်စရာတော့ မဖြစ်ခဲ့ဘူး။ ဘာ့ကြောင့်လဲဆိုတော့---

(၁) စီစီဟာ လူမည်းအသည်းနှလုံးစိတ်ဓါတ်ရှိသူဖြစ်တယ်လို့ လူဖြူကော လူမည်းတွေက တန်းတူအမြင်ရှိခြင်း၊ လူဖြူတွေနဲ့ လက်မထပ်ရဘူး လို့ လူဖြူ ဥပဒေသမားတွေ သတ်မှတ်ထားတဲ့ မျိုးနွယ်တစ်ခုဖြစ်ခြင်း၊

(၂) သူမကို လက်ထပ်ဖို့အတွက် သားဂွဒ်ဟာ လူမည်းအမျိုးသမီးတစ်ဦးကို ကွာရှင်းမှု ပြုလုပ်ခဲ့တာ မဟုတ်ခြင်းနဲ့---

(၃) စီစီကို သိသူတွေက သူမကို ချစ်ခင်ကြပြီး သားဂွဒ်အဖို့ သူမကိုရတာ အလွန်ကံကောင်းတယ်လို့ သူတို့က ထင်မြင်ကြခြင်းတို့ကြောင့်ဖြစ်ပါတယ်။

ဒီအတောအတွင်း တောင်ပိုင်းဒေသက အဲန်အေအေစီပီနဲ့ တရားရုံးချုပ်တို့ကို ခါးခါးသီးသီး တိုက်ခိုက်ပုတ်ခတ်ပြောဆိုမှုတွေ ပြင်းထန်ခဲ့တယ်။ ဂျော်ဂျီးယားပြည်နယ် ရှေ့နေချုပ် ယူဂျင်းကွတ်ခ်က အဲန်အေအေစီပီ ဒုတိယဥက္ကဋ္ဌများနဲ့ ဥက္ကဋ္ဌများကို နာမည်နဲ့ တန်းစီရွတ်ပြီး အမေရိကန်မဆန်တဲ့ လုပ်ရပ်တွေ မှတ်တမ်းရှိတယ်လို့ ပြောဆိုခဲ့တယ်။ ကွတ်ခ်ပြောဆိုတဲ့ မိန့်ခွန်းပါ စကားတွေကို တောင်ပိုင်းသတင်းစာတွေက ပြူးတူးပြဲတဲ ဖော်ပြပေးခဲ့ကြတယ်။

အဲန်အေအေစီပီက ရှိုင်ဝီလ်ကင်းစ်က အဲန်အေအေစီပီ၏ ကွတ်ခ်ထံ အကြောင်းပြန်စာ ဆိုတာကို ထုတ်ပြန်ကြေညာခဲ့တယ်။ အဲဒီအကြောင်းပြန်စာထဲမှာ “အဲန်အေအေစီပီအဖွဲ့ကြီးဟာ ကွန်မြူနစ်အဖွဲ့အစည်းလည်း မဟုတ်ကြောင်း၊ အဲန်အေအေစီပီကို ကွန်မြူနစ်အဖွဲ့အစည်းလို့ ဘယ်အဖွဲ့အစည်းကမှ မခေါ်ဆိုခဲ့သည်ကို ကွတ်ခ်အသိဖြစ်ကြောင်း၊ အဲန်အေအေစီပီအဖွဲ့ဝင်တွေထဲက ဖျက်လိုဖျက်ဆီးလုပ်သူတစ်ဦးကိုမှ ထုတ်ပြစရာ မရှိ



မာတိကာသို့

ကြောင်း" ရှင်းလင်းဖော်ပြခဲ့တယ်။

*ဘရောင်းနဲ့ ပညာရေးဘုတ်အဖွဲ့အမှု* စီရင်ဆုံးဖြတ်ချက်မှာ လူဖြူလူမည်းကျောင်းသားများ တစ်စုတစ်ပေါင်းတည်း ပညာသင်ကြားရေး အတွက် ချင့်ချိန်ညှိနှိုင်းပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြပါဆိုတဲ့ စကား အသုံးအနှုန်းတစ်ခုကို သားဂွဒ် မာရှယ်လ် ဘဝင်မကျခဲ့ဘူး။

တစ်ခါမှာတော့ စာရေးသူက သားဂွဒ်ကို ချီးကျူးခဲ့ဖူးတယ်။

"ခင်ဗျားသတ္တိရဲရင့်မှုကိုတော့ ကျွန်တော် ဂုဏ်ယူချီးကျူးပါတယ်။ လူမည်းတွေကို လူသတ်မှုနဲ့ အစွပ်စွဲခံနေရတဲ့ ဒေသတွေကို ခင်ဗျားစိတ်ပါ လက်ပါ သွားခဲ့တယ်။ ခင်ဗျားအသက်အန္တရာယ်ကို စွန့်စားပြီး သူတို့ကို ကယ်တင်ဖို့ ကြိုးစားခဲ့တယ်။ လခကောင်းကောင်းမရတဲ့ လူမည်းကျောင်း ဆရာ၊ ဆရာမတွေ လခကောင်းကောင်း ရအောင် သွားလုပ်ပေးခဲ့တယ်။ ပြီးတော့ လူမည်းတွေကို သူတို့ပြည်နယ်က တက္ကသိုလ်တွေမှာ ကျောင်း ဝင်ခွင့်ရအောင် ဆောင်ရွက်ပေးခဲ့တယ်။ ချီးကျူးပါတယ်ဗျား"

အဲဒီလိုပြောတော့ မာရှယ်လ်က ပြန်ပြောတယ်။

"အို-- ကိုယ့်လူ၊ မဟုတ်တာတွေ လျှောက်မပြောနဲ့။ ကိုယ့်လူ မေ့နေတဲ့အချက်ကလေးတစ်ခုရှိတယ်။ အဲဒီဒေသတွေကို ကျုပ်သွားတာ မှန်တယ်။ ဒါပေမယ့် အမြန်ဆုံး ဘီးလိမ့်တဲ့ မော်တော်ကားနဲ့ ကျုပ်က ပြန်ထွက်လာခဲ့တာ။ ကျုပ်ပြန်ထွက်လာတဲ့နောက်မှာ ကျန်နေရစ်တဲ့ လူမည်းတွေကမှ သတ္တိကောင်းတဲ့လူတွေ ကိုယ့်လူရ"

ကျွန်တော်နဲ့ သားဂွဒ်တို့ဟာ *ဘရောင်းအမှု* စီရင်ချက်ကို ဘယ် နေရာတွေက ထပ်ပြီး ထော်လော်ကန့်လန့် လုပ်ကြဦးမလဲဆိုတာကို စဉ်းစား ခဲ့မိကြတယ်။

သားဂွဒ်က "ကျုပ်တော့ အာကန်ဆောပြည်နယ်က ပြည်နယ် အုပ်ချုပ်ရေးမှူး အသစ်ကိုစောင့်ကြည့်နေတယ်။ ဒီလူကို ကျုပ်စိတ်မအေး ဘူးဖြစ်နေတယ်" လို့ ပြောခဲ့ပါတယ်။

အာကဲန်ဆောပြည်နယ် အုပ်ချုပ်ရေးမှူးအသစ်ဟာ အော်လီဗားလ် ယူဂျင်း ဖောဘတ်စ် ဆိုသူ ဖြစ်ပါတယ်။ သူ့ကို ၁၉၁၀ ခုနှစ်မှာ တောင်ပိုင်း မဲ့ဒ်ဆင်ခရိုင်မှာ မွေးဖွားခဲ့တယ်။ သူဟာ ငယ်စဉ်က သူ့ဖခင်နဲ့အတူ ကြိမ်ခြင်းရက်တဲ့အလုပ်ကို အတူလုပ်ရင်း ကြီးပြင်းလာခဲ့သူဖြစ်တယ်။ အသက် ၂၃ နှစ်အရွယ်ရောက်မှ အထက်တန်းကျောင်းပြီးပေမယ့် အသက် ၁၈ နှစ်အရွယ်မှာ မူလတန်းကျောင်းဆရာတစ်ဦး ဖြစ်လာခဲ့တယ်။ နောက်တော့ မီးနားမြို့က ကောမင်းဝဲ့လ်သ်ကောလိပ်ကျောင်း တက်ခဲ့တယ်။ ၁၉၅၄ ခုနှစ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲမှာ ဖောဘတ်စ် ပြောခဲ့တာကို *အာကဲန်ဆောဂေဇက်* သတင်းစာထဲမှာ ပြန်ရေးခဲ့တာတစ်ခု ရှိတယ်။ သူ့စကားအရ "အမှန်တရားကတော့ အာကဲန်ဆောပြည်နယ်က ပြည်သူ့ ကျောင်းတွေမှာ လူဖြူနဲ့လူမည်းကျောင်းသားတွေ ရုတ်တရက် ချက်ချင်း အပြည့်အဝ တစ်စုတစ်စည်းတည်း ပေါင်းပြီး ပညာသင်ကြားစေရေးဟာ အဆင်သင့် မဖြစ်သေးပါဘူး။ အမှန်က ကွန်မြူနစ်လှုံ့ဆော်ရေးသမားတွေနဲ့ တရားရေးအပိုင်းက လူဖြူနဲ့လူမည်းတွေရဲ့ ကွဲပြားခြားနားချက်တွေကို အမြတ်ထုတ်ပြီး ဖရိုဖရဲနဲ့ မညီညွတ်မှုတွေ ဖြစ်အောင်လုပ်ဖို့ တောင် ကြံစည်နေကြပါတယ်" လို့ ပြောခဲ့တာ ဖြစ်ပါတယ်။

တရားရုံးချုပ်က ချင့်ချိန်ညှိနှိုင်းပြီး အမြန်ဆုံးဆောင်ရွက်ဖို့ အမိန့်ချမှတ်ပြီး တစ်ပတ်အကြာ ၁၉၅၅ ခုနှစ်၊ မေလ ၂၄ ရက်မှာ လစ်တဲလ်ရော့ခ်ကျောင်းဘုတ်အဖွဲ့က ၁၉၅၇ ခုနှစ်မှာ ၁၀ တန်းက ၁၂ တန်းအထိ လူဖြူလူမည်း ပူးပေါင်းပညာသင်ကြားစေရေးစီမံချက်ကို အတည်ပြုခဲ့ပါတယ်။ တစ်ကျောင်းလုံးမှာ စုပေါင်းပညာသင်ကြားရေး အစီအစဉ်ကိုလည်း ၁၉၆၃ ခုနှစ်မှာ အပြီးသတ် ဆောင်ရွက်စေဖို့ ချမှတ်ခဲ့ပါတယ်။

ဒီအစီအစဉ်ဟာ နှေးလွန်းတယ်ဆိုပြီး လူမည်းရှေ့နေတစ်စုက ရုံးတော်မှာ တင်ပြခဲ့ကြတယ်။ ဒါပေမဲ့ ပြည်ထောင်စုတရားရုံးများက အဲဒီအစီအစဉ်ကို လက်ခံခဲ့ကြတယ်။ အဲဒီနောက် ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလမှာ *နယူးယောက်တိုင်းမ်* သတင်းစာက ဖောဘတ်စ်ကို တွေ့ဆုံမေးမြန်းခဲ့တယ်။ မေးခွန်းတစ်ခုကတော့---



မာတိကာသို့ ▸▸

"လူဖြူလူမည်း စုပေါင်းပညာသင်ကြားရေးဟာ ဖြစ်လာလိမ့်မယ်လို့ ယူဆပါသလား။ ဖြည်းဖြည်းချင်း ဖြစ်လာမယ်လို့ ထင်သလား။ သို့မဟုတ် ဒီဒေသမှာ ဘယ်တော့မှ လက်မခံတာမျိုး ဖြစ်မလား"

အဲဒီမေးခွန်းကို ဖောဘတ်စ်က ပြန်ဖြေခဲ့တယ်။

"ရောမအင်ပါယာကြီးမှာ အီသီယိုပီးယားက ကျွန်တွေရဲ့ မျိုးဆက်ကို တစ်ပေါင်းတစ်စည်းတည်းဖြစ်အောင် လုပ်နိုင်ခဲ့တယ်။ ဒါပေမယ့် အဲဒီလို အောင်မြင်မှုရအောင် နှစ်ပေါင်း ၁,၈၀၀ ကျော် ကြာခဲ့တယ်။ အာကဲန်ဆော ပြည်နယ်မှာ အပြည့်အဝ တစ်ပေါင်းတစ်စည်းတည်း ဖြစ်လာမယ်ဆိုရင်လည်း ဖြည်းဖြည်းချင်းမှ ဖြစ်လာမယ့် လုပ်ငန်းစဉ်တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။ ဒီလို တစ်ပေါင်းတစ်စည်းတည်း ဖြစ်လာလိမ့်မယ်၊ ဘယ်လောက်မြန်မြန် ဖြစ်လာလိမ့်မယ်ဆိုတာကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ ကြိုတင် ဟောကိန်းထုတ်လို့ မရနိုင်ပါဘူး"

အဲဒီအချိန်အထိ ဖောဘတ်စ်ဟာ လူမည်းတွေရဲ့ရန်သူ၊ ဒါမှမဟုတ် တစ်စု တစ်ပေါင်းတည်း ပညာသင်ကြားရေးအစီအစဉ်ရဲ့ ရန်သူလို စဉ်းစားစရာ အဓိကအကြောင်း မတွေ့ခဲ့ရသေးဘူး။

ဒါပေမဲ့ ၁၉၅၆ ခုနှစ်မှာ အာကဲန်ဆောပြည်နယ်အရှေ့ပိုင်းက ခွဲခြားရေး စီးပွားရေးသမားများနဲ့ စိုက်ပျိုးရေးသမားတို့က ခွဲခြားမှုဆက်လက်ထိန်းသိမ်းရေးအတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြတယ်။ ဖောဘတ်စ်ဟာ သူတို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်။ ဖောဘတ်စ်က အဲဒီခွဲခြားရေးသမားတွေကို ဗာဂျီးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး သောမတ်စ် စတဲန်လေနဲ့ တွေ့ဆုံပေးဖို့ သဘောတူခဲ့တယ်။ သောမတ်စ် စတဲန်လေကဲ့သို့ "အင်အားနဲ့ခုခံဆန့်ကျင်ရေး" အယူအဆကို သူ့လို ခွဲခြားရေးဝါဒ လက်ကိုင်ထားသူ များကို ရှင်းလင်းပြမှာ ဖြစ်ပါတယ်။

ကျောင်းတွေမှာ လူဖြူလူမည်း တစ်ပေါင်းတည်း စာသင်ရေးအစီအစဉ်အတွက် ဝန်ထုပ်ဝန်ပိုးတွေကို သားဂွဒ် မာရှယ်လ်ဟာ ဆက်ပြီး တွေ့ရှိခဲ့ရပြန်တယ်။



မာတိကာသို့ ▶▶

လစ်တဲလ် ရော့ခ် အထက်တန်းကျောင်းဟာ ၁၉၅၄ ခုနှစ်က တရားရုံးချုပ်ရဲ့အမိန့်ကို လိုက်နာဖို့ ဝန်ခံကတိပြုခဲ့တယ်။ ဒါပေမဲ့ ၁၉၅၇ ခုနှစ်ကျတော့ အဲဒီဝန်ခံကတိဟာ အမဲကွက်စွန်းထင်းစရာအဖြစ် တစ်ခုနဲ့ ကြုံခဲ့ရတယ်။ ကျောင်းအုပ်ဆရာကြီး ဗာဂျီလ် ဘလော်ဆမ်က မြို့တွင်း လှည့်ပတ်ပြီး လူဖြူလူမည်း ခွဲခြားပညာသင်ကြားမှု ဖျက်သိမ်းရေးအစီအစဉ် ကို ရှင်းလင်းလှုံ့ဆော်ပြောဆိုခဲ့တယ်။ ဒါပေမယ့် သူ့စကားထဲမှာ “တရား ဥပဒေနဲ့အညီ ကြာနိုင်သမျှကြာကြာ အချိန်ယူပြီး နည်းနိုင်သမျှ နည်းနည်း စုပေါင်းပညာသင်ကြားရေးအစီအစဉ် တိုးတက်ဖြစ်မြောက်ရေး” လို့ ထည့် ပြောသွားခဲ့တယ်။ အထက်တန်းကျောင်း မိခင်များအဖွဲ့ကို ဖွဲ့စည်းရေး အတွက်လည်း ဘလော်ဆမ်က အားပေးခဲ့တယ်။ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှာတော့ အဲဒီအဖွဲ့က မိခင် ၂၅၀ ဦးဟာ ပြည်နယ်အုပ်ချုပ် ရေးမှူး ဖောဘတ်စ်ထံသွားပြီး အမိန့်နဲ့ ပြဌာန်းတဲ့ တစ်စုတစ်ပေါင်းတည်း ပညာသင်ကြားရေးကို တားဆီးပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။

ဒီအတောအတွင်းမှာပဲ ဘလော်ဆမ်နဲ့ ကျောင်းတာဝန်ခံတွေဟာ မယုံကြည်နိုင်စရာကောင်းပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ မညီညွတ် တဲ့ အစီအစဉ်တစ်ခု ကို လုပ်ဆောင်ခဲ့ကြပြန်တယ်။ သူတို့ဟာ လူမည်း ကျောင်းသား ကလေး သူငယ် ၉၀၀ ကို ဆန်ခါတင်စိစစ်ပြီး ပထမအဆင့် စုပေါင်း ပညာသင် ကြားရေးအတွက် လူမည်းကျောင်းသား ၁၃ ဦးကိုသာ ဗဟိုအထက်တန်း ကျောင်းမှာ ကျောင်းတက်ခွင့်ပြုမယ်လို့ ဆုံးဖြတ်ခဲ့ကြ တယ်။ အဲဒီ ၁၃ ယောက်အနက်က လေးဦးက ကျေးဇူးတင်ပါတယ်၊ မတက်ဘူးလို့ ငြင်းဆိုခဲ့ကြတယ်။ ကျန်တဲ့ လူမည်းကျောင်းသား ကိုးဦးဟာ မျက်နှာဖြူကျောင်းသား ၁,၉၀၀–၂,၀၀၀ နဲ့အတူ ဗဟိုအထက်တန်း ကျောင်းကို ထက်ကြရမှာ ဖြစ်ပါတယ်။

အဲဒီကျောင်းသား ကိုးဦးဟာ “လစ်တဲလ်ရော့ခ် ကျောင်းသား ကိုး ယောက်”လို့ သမိုင်းတွင်မယ့်သူတွေ ဖြစ်လာကြပါတယ်။ သူတို့ ကျောင်း စတက်ဖို့ တစ်ရက်အလို စက်တင်ဘာလ ၂ ရက်နေ့ညမှာ ဖြစ်ပါတယ်။ ပြည်နယ်အုပ်ချုပ်ရေးမှူး ဖောဘတ်စ်ဟာ အာကဲန်ဆောပြည်နယ်စောင့်



မာတိကာသို့

တပ်စိတ်တွေကို မျက်နှာဖြူကျောင်းကို စေလွှတ်ခဲ့ပြီး လူမည်းကျောင်းသားများ မဝင်ရနယ်မြေအဖြစ် သတ်မှတ်လိုက်ပါတယ်။ အထက်တန်းကျောင်းမှာ ဆူပူမှုအလားအလာနဲ့ အုံကြွမှုမျိုး ဘာတစ်ခုမှ မတွေ့ရဘဲနဲ့ အခုလို တပ်တွေ ချလိုက်တဲ့အတွက် လစ်တဲလ် ရော့ခ် မြို့တော်ဝန် ဝုဒ်ရိုး ဝီလ်ဆင် မဲန်း၊ ရဲအရာရှိချုပ်နဲ့ အထက်တန်းကျောင်းက တာဝန်ခံတွေအားလုံးဟာ တုန်လှုပ်အံ့ဩသွားခဲ့ကြတယ်။ ဖောဘတ်စ်ရဲ့ လုပ်ဆောင်မှုဟာ ဘယ်လိုမှ အကျိုးသင့်အကြောင်းသင့် မရှိခဲ့ပါဘူး။

နောက်တစ်နေ့မှာ မြို့တော်ဝန် ဝုဒ်ရိုး ဝီလ်ဆင် မဲန်းက သတင်းစာရှင်းလင်းပွဲလုပ်ပြီး အောက်ပါအတိုင်း ပြောပြခဲ့တယ်။

"ပြည်နယ်အုပ်ချုပ်ရေးမှူးဟာ ပြဿနာမဖြစ်တဲ့နေရာမှာ ပြဿနာကို နှိမ်နင်းရအောင် အမျိုးသားပြည်နယ်စောင့်တပ်တွေကို ခေါ်ဆိုခဲ့တာဖြစ်ပါတယ်။ သူဟာ ငြိမ်းချမ်းရေးနဲ့ ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းရေးအတွက် တိုက်ရိုက်တာဝန်ရှိတဲ့ ကျွန်တော်တို့တစ်တွေရဲ့ မေတ္တာရပ်ခံချက် မရှိဘဲနဲ့ ဒီလို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ တစ်ခုတည်းသော အကျိုးသက်ရောက်မှုကတော့ တင်းမာမှု မရှိတဲ့နေရာမှာ တင်းမာမှုဖြစ်အောင် ဖန်တီးပေးခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးကြီးကို သတိပေးချင်တာတစ်ခု ရှိပါတယ်။ အဲဒါကတော့ သူ့ရဲ့လုပ်ဆောင်မှုများကြောင့် ရက်သတ္တတစ်ပတ်ကျော်ကျော် သိသိသာသာ တိုးတက်မှုများ ဖြစ်ပေါ်လာပြီးတဲ့နောက်မှာ လူမျိုးရေး ပြင်းထန်တဲ့ အကြမ်းဖက် ပဋိပက္ခဖြစ်မှု တစ်မှုမှ လစ်တဲလ် ရော့ခ်ရဲ့အဖွဲ့ကိုလာပြီး သတင်းပို့တာ မရှိခဲ့ဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ အဲဒါကြောင့် ပြည်နယ် အုပ်ချုပ်ရေးမှူးက အစောင့်တပ်တွေခေါ်ဖို့ ဆင်ခြေပေးခြင်းဟာ သက်သက် တစ်ပတ်ရိုက်တာဖြစ်ကြောင်း ရှင်းရှင်းလေး ပြနေပါတယ်"

လူမည်းကျောင်းသား ကိုးဦးဟာ စက်တင်ဘာလ ၃ ရက်နေ့ နံနက်မှာ ဗဟိုအထက်တန်းကျောင်းကိုတက်ဖို့ သွားကြတော့ ပြည်နယ်စောင့်တပ်သားတွေက ပခုံးချင်း ယှဉ်ကပ်ရပ်ပြီး သူတို့ မဝင်နိုင်အောင်



မာတိကာသို့ ▶▶

ပိတ်ဆို့ခဲ့ကြပါတယ်။ ပိုပြီးဆိုးတာတစ်ခုက လူမည်းကျောင်းသားလေးတွေဟာ ဒေါသထွက်နေတဲ့ မျက်နှာဖြူလူအုပ်ကြီးတစ်ခုကို ဖြတ်ကျော်နိုင်ဖို့ ရင်ဆိုင်ခဲ့ကြရတာ ဖြစ်ပါတယ်။ လူအုပ်ကြီး အနားကို ကပ်လာတဲ့အခါမှာ အလစ်ဇဘက် အက်ခ်ဖော့ဒ်ဆိုတဲ့ လူမည်းကျောင်းသူလေးကို ပရိသတ်က "ဒီကောင်မကို လည်ပင်းကြိုးကွင်းစွပ် သတ်ပစ်---သတ်ပစ်" လို့ ဝိုင်းအော်ခဲ့ကြလို့ အလစ်ဇဘက်ဟာ ဘတ်စ်ကားမှတ်တိုင်ရှိရာကို ထွက်ပြေးခဲ့ရတယ်။ ဘတ်စ်ကားမှတ်တိုင်က ခုံရှည်တစ်ခုဆီ ကြောက်ကြောက် လန့်လန့်နဲ့ပြေးနေတုန်းမှာ မိန်းမကြီးတစ်ယောက်က သူမရဲ့မျက်နှာကို တံတွေးနဲ့ ထွေးသွားတယ်။

"ကျွန်မ ထိုင်ခုံရှည်ဆီ ရောက်တဲ့အခါမှာ ကြောက်လွန်းအားကြီးလာလို့ နောက်ခြေတစ်လှမ်းတောင် မသွားနိုင်တော့ဘူး။ လူအုပ်ကြီးက 'ဒီကောင်မကို သစ်ပင်ဆီ ဆွဲလာ၊ ဒီအမည်းမကို ရှင်းလိုက်ရအောင်' ဆိုတဲ့ အော်သံတွေ ကြားနေရပါတယ်။ ဒီအချိန်မှာပဲ လူဖြူတစ်ယောက်ကျွန်မဘေးမှာ လာထိုင်ပြီး ကျွန်မ မျက်ရည်ကျတာကို လူအုပ်ကြီး မမြင်စေနဲ့လို့ ပြောရှာတယ်။ နောက်တော့ လူဖြူအမျိုးသမီးတစ်ယောက်က ကျွန်မလက်ကိုတွဲပြီး ဘတ်စ်ကားပေါ်ကို ခေါ်သွားပါတယ်။ ကျွန်မဘေးမှာထိုင်၊ ကျွန်မလက်ကို ကိုင်ထားပြီး နာမည်မေးပါတယ်။ သူက စကားစမြည်ပြောဖို့ ကြိုးစားပေမဲ့ ကျွန်မ ဘာမှ ပြန်မဖြေနိုင်ဘူးလို့ ထင်တာပဲ" ဟု အလစ်ဇဘက်က ပြောပြတယ်။

လစ်တဲလ်ရော့ခ်ကျောင်း အဖြစ်အပျက်နဲ့ ပတ်သက်လို့ သမ္မတအိုက်ဆင်ဟောင်းဝါးရဲ့ အပတ်စဉ်သတင်းစာရှင်းလင်းပွဲမှာ ပေါ့ပေါ့ဆဆနဲ့ ထုံးစံအတိုင်း ကပေါက်တိကပေါက်ချာ ပြောသွားတယ်။ သမ္မတအိုက်ဆင်ဟောင်းဝါးဟာ ဖက်ဒရယ်(ပြည်ထောင်စု)တရားသူကြီး ရော်နယ်လ်ဒေးဗီးစ်နဲ့ ဥပဒေကို လိုက်နာပြီး လူဖြူလူမည်း ခွဲခြားပညာသင်ကြားရေးစနစ်ကို ပယ်ဖျက်ဖို့ ကြိုးစားနေကြတဲ့ လစ်တဲလ်ရော့ခ် မြို့သူမြို့သားတွေကို ပြင်းပြင်းထန်ထန် ထောက်ခံမှုပေးဖို့ ပျက်ကွက်ခဲ့တဲ့အတွက် အမေရိကန်ပညာရေးလောကကလည်း စိတ်ပျက်ခဲ့ကြရတယ်။ ပြည်နယ်အုပ်ချုပ်ရေးမှူး



မာတိကာသို့

ဖောဘတ်စ်ကလည်း သမ္မတအိုက်ဆင်ဟောင်းဝါးထံ ကြေးနန်းတစ်စောင် ပို့ခဲ့တယ်။ သူ့ကြေး နန်းစာမှာ---

"အခုအချိန်တွင် လစ်တဲလ် ရော့ခ်မှာ ဖြစ်ပျက်နေတဲ့ ပြဿနာမှာ လူဖြူလူမည်း ခွဲခြားပညာသင်ကြားရေးနှင့် တစ်စုတစ်ပေါင်း တည်း ပညာသင်ကြားရေး ရင်ဆိုင်တွေ့နေရသည့် ပြဿနာမဟုတ်ပါ။ လက်ရှိပြဿနာမှာ အချုပ်အခြာအာဏာပိုင် နိုင်ငံ၏ အကြီးအကဲသည် ၎င်း၏ လုပ်ပိုင်ခွင့် ဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေး ထိန်းသိမ်းမှုကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ၎င်းအား အပ်နှင်းထားသည့် အာဏာနှင့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်းပြုနိုင်၊ မပြုနိုင် ဆိုခြင်းသာ ပြဿနာ ဖြစ်ပါသည်"

လစ်တဲလ် ရော့ခ် အထက်တန်းကျောင်းဘုတ်အဖွဲ့က တစ်စုတစ်ပေါင်းတည်း ပညာသင်ကြားရေးအစီအစဉ်ကို ပယ်ဖျက်ပေးရန် ပြည်ထောင်စုခရိုင်တရားရုံးမှာ လျှောက်ထားခဲ့တယ်။ ဒါပေမဲ့ တရားသူကြီး ဒေးဗီးစ်က ငြင်းဆိုပယ်ချခဲ့တယ်။ သူက "စနစ်ကျတဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ခုမှာ ဘယ်လိုဆင်ခြေနဲ့ပဲဖြစ်စေ တရားရုံးတော်၏ အမိန့်ဒီဂရီများကို မထေမဲ့မြင်ပြုခဲ့လျှင် လုံးဝ ရှုပ်ထွေးမှုနှင့် ကစဉ့်ကလျားဖြစ်မှုမှအပ အခြားဖြစ်နိုင်စရာ နည်းလမ်း မရှိပေ" လို့ မှတ်ချက်ချခဲ့တယ်။

စက်တင်ဘာလ ၂၀ ရက်နေ့မှာတော့ လူမည်းကျောင်းသားများ ကျောင်းတက်မှုကို မပိတ်ဆို့ရန် ပြည်နယ်အုပ်ချုပ်ရေးမှူးနဲ့ ပြည်နယ်စောင့် အရာရှိတွေကို ပြည်နယ်တရားရုံးက အမိန့်ထုတ်ပြန်လိုက်ပါတယ်။ ပြည်နယ်စောင့်တပ်တွေကို ရုပ်သိမ်းသွားခဲ့တယ်။ ဒါပေမယ့် စက်တင်ဘာလ ၂၃ ရက်နေ့မှာ လူမည်းကျောင်းသားတွေဟာ လစ်တဲလ် ရော့ခ်မြို့က ရဲတွေနဲ့ အာကန်ဆောပြည်နယ်ရဲတွေ ခြံရံပြီး ကျောင်းတက်ဖို့ လာကြတဲ့အခါမှာ ကျောင်းတစ်ဝိုက်မှာ လူစုလူဝေး လူအုပ်ကြီးက များလွန်း နေတဲ့အတွက် ကျောင်းသားတွေကို တစ်နေ့လုံးအချိန်ပြည့် ကျောင်းမတက်စေဘဲ ပြန်ခေါ်ထုတ်သွားခဲ့ရပါတယ်။

အဲဒီညနေမှာပဲ သမ္မတအိုက်စင်ဟောင်းဝါးက အကျည်းတန်ဖြစ်



မာတိကာသို့

ရပ်များ လို့ ကြေညာပြီး ဆက်လက် ပိတ်ဆို့မှုများ လုပ်နေရင် လိုအပ်သလောက် အင်အားကို သုံးရလိမ့်မယ်လို့ သတိပေးစကား ပြောကြားခဲ့ပါတယ်။

မြို့တော်ဝန် မဲန်းကလည်း သမ္မတအိုက်ဆင်ဟောင်းဝါးထံကို တုန်လှုပ်ချောက်ခြားတဲ့ ကြေးနန်းတစ်စောင် ပို့ခဲ့တယ်။ ကြေးနန်းမှာပါတဲ့ စာသားတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

"ပြည်ထောင်စုတပ်များ စေလွှတ်ပေးရန် ချက်ချင်း အရေးတကြီး လိုအပ်နေပါသည်။ ယနေ့နံနက် ၈ နာရီတွင် လူအုပ်ကြီးသည် ယမန်နေ့ကထက် အဆမတန် ပိုများလာပါသည်။ အရပ်မျက်နှာ အားလုံးမှ လူအများ စုဝေးရောက်ရှိလာကြပါသည်။ လူအုပ်ကြီးတွင် လက်နက်များ ပါရှိပြီး လက်သီး ဖြင့်ထိုးခြင်း၊ အခြားအကြမ်းဖက်ခြင်းများ ပြုလုပ်ကြပါသည်။ အခြေအနေမှာ ထိန်းသိမ်း၍ မရတော့ဘဲ လူအုပ်ကြီးကိုလည်း ရဲက လူစုခွဲ၍ မရပါ။ လိုအပ်သော ပြည်ထောင်စုတပ်များ နာရီပေါင်းအနည်းငယ် ကြာအတွင်း စေလွှတ်ပေးပါ။ အမေရိကန်သမ္မတကြီးတစ်ဦးဖြစ်၍သော်လည်းကောင်း၊ လူသားတို့အကျိုးအတွက်လည်းကောင်း၊ တရားဥပဒေနှင့် ငြိမ်ဝပ်ပိပြားမှုအတွက်လည်းကောင်း၊ ကမ္ဘာ့ဒီမိုကရေစီအတွက်လည်းကောင်း ကျွန်တော် ပန်ကြားနေခြင်း ဖြစ်ပါသည်"

စစ်တပ်ကို အသုံးပြုရေးမှာ မနှစ်မြို့ဖွယ်ရာဖြစ်သည်ဟု သမ္မတအိုက်ဆင်ဟောင်းဝါးက ပြောခဲ့ကြောင်း စစ်ဦးစီးချုပ် ရှားမင်း အယ်ဒဲမ်စ်က ရေးသားခဲ့ပါတယ်။ ဒါပေမဲ့ အာကဲန်ဆောပြည်နယ်စောင့် တပ်သား တစ်သောင်းကိုလည်း ပြည်ထောင်စုတပ်အသွင် ပြောင်းယူခဲ့ရပါတယ်။ လေထီးတပ်မ (၁၀၁)က လေထီးတပ်သား တစ်ထောင်ကိုလည်း အမြန်စေလွှတ်ပေးခဲ့ရတယ်။

ပုံမှန်တပ်သားတွေဟာ ဗဟိုအထက်တန်းကျောင်းမှာ နှစ်လနဲ့ နှစ်ရက်စတည်းချခဲ့ကြရတယ်။ ပြီးမှ သူတို့ကို အာကဲန်ဆောပြည်နယ်စောင့် တပ်သားတွေနဲ့ အစားထိုး လဲပေးခဲ့တယ်။



မာတိကာသို့

တရားသူကြီးချုပ် ဝေါရင်နဲ့ တခြားလူတွေ ထင်ကြသလို သမ္မတ အိုက်ဆင်ဟောင်းဝါးရဲ့ နှလုံးသားမှာ လူဖြူလူမည်း ခွဲခြားရေးစိတ်ရှိတယ် ဆိုရင် ပြည်ထောင်စုတပ်တွေကို ဘာ့ကြောင့်စေလွှတ်ပေးခဲ့သလဲ။ အာကဲန်ဆောပြည်နယ်စောင့်တပ်တွေကိုလည်း ဘာ့ကြောင့် ပြည်ထောင်စုတပ် အဖြစ် သိမ်းသွင်းယူခဲ့ရသလဲ။

ဒီမေးခွန်းတွေကိုတော့ သားဂွဒ် မာရှယ်လ်က ၁၉၈၆ ခုနှစ်ကျမှ ဖြေပြခဲ့တယ်။

"သမ္မတ အိုက်ဆင်ဟောင်းဝါးက တစ်စုတစ်စည်းတည်း စာသင် ကြားရေး စီရင်ချက်ကို ယိုင်နဲ့စေတာကလွဲရင် ဘာတစ်ခုမှ လုပ်ခဲ့တာ မဟုတ် ဘူး"

"ဒါနဲ့တောင် လစ်တဲလ် ရော့ခ်ကို တပ်တွေပို့ခဲ့သေးတယ်လေ"

"သူ့ရဲ့ သတင်းနှင့်ပြန်ကြားရေးအတွင်းရေးမှူး ဂျင်မ် ဟက်ဂါတီ က တပ်သားတွေကို လွှတ်ပေးခဲ့တာ။ ဟက်ဂါတီဟာ ငှက်တစ်ကောင်လို သွေးအေးတယ်။ သူက တပ်တွေလွှတ်ဖို့ သမ္မတ အိုက်ဆင်ဟောင်းဝါးကို စည်းရုံးသွေးဆောင်ယူခဲ့တာ။ ကျုပ်ပြောတာ ယုံချင်ယုံ၊ မယုံချင်နေ"

အာကဲန်ဆောအရေးအခင်းဟာ တရားရုံးချုပ်ကို ရောက်သွားခဲ့ တယ်။ တရားသူကြီးချုပ် ဝေါရင်က လစ်တဲလ် ရော့ခ်ကျောင်းဘုတ်အဖွဲ့ အနေနဲ့ ၁၉၅၈–၅၉ ပညာသင်နှစ်အမီ တစ်ပေါင်းတစ်စည်းတည်း ပညာ သင်ကြားနိုင်ရေးကို စီစဉ်ပေးနိုင်ဖို့ တရားရုံးချုပ်ကို အထူးအစီအစဉ်နဲ့ ခေါ် ယူဖို့ဆုံးဖြတ်စေခဲ့တယ်။ အာကဲန်ဆောပြည်နယ်ရှေ့နေ ဝီလေ ဘရင်တင် က အကူအညီတောင်းခဲ့တဲ့ အတွက် သားဂွဒ် မာရှယ်လ်ဟာ အမှုအတွက် တရားရုံးချုပ်မှာ လျှောက်ထားပေးခဲ့ရပါတယ်။ အဲဒီတုန်းက သားဂွဒ် မာရှယ်လ်ဟာ ခေါင်း မာမာနဲ့ မလျှော့တမ်း ပြောဆိုလျှောက်ထားခဲ့ပုံတွေ ကိုလည်း ကွယ်လွန်သူ ဝီလေ ဘရင်တင်က ၁၉၈၇ ခုနှစ်မှာ *အာကဲန်ဆော ဥပဒေ ရီဗြူး စာစောင်* မှာ ပြန်လည်မှတ်တမ်းတင် ရေးသားခဲ့ပါတယ်။



မာတိကာသို့ ▸▸

ဘရင်တင်နဲ့ သားဂွဒ်တို့ လစ်တဲလ်ရော့ခ်မှာ အမှုကိစ္စတွေ ဆောင်ရွက်ခဲ့ကြတုန်းက လစ်တဲလ်ရော့ခ်မြို့ဟာ အချင်းချင်း ပဋိပက္ခ စစ်ခင်းမှုတွေ ဖြစ်ခဲ့တဲ့ မြို့တော်တစ်ခု ဖြစ်ခဲ့ပါတယ်။ မိသားစုတွေ တစ်စုနဲ့တစ်စု ဒေါသအမျက်နဲ့ စကားစစ်ခင်းခဲ့ကြတယ်။ စီးပွားရေးလုပ်ဖော်ကိုင်ဖက်အချင်းချင်း တင်းမာမှုတွေ ဖြစ်ခဲ့ကြတယ်။ *အာကန်ဆောဂေဇက်* သတင်းစာက ပြည်နယ်သူပြည်နယ်သားတွေ အမှန်တရားအတိုင်း လုပ်ကြပါလို့ ရဲရဲဝံ့ဝံ့ရေးသားခဲ့တာ ပူလစ်ဇာဆု ရရှိခဲ့တယ်။ ပြိုင်ဘက် *အာကင်ဆော ဒီမိုကရက်* သတင်းစာကတော့ လူမျိုးရေးခွဲခြားရေးသမားများရဲ့ ဘက်တော်သား အာဘော်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ တရားရုံးချုပ်ရဲ့ အမိန့်ကို ဖီဆန်ဖို့ ကြိုးစားခဲ့မှုတွေကြောင့် လစ်တဲလ်ရော့ခ်မြို့ဟာ စီးပွားရေးအရလည်း ထိခိုက်ခဲ့တာကို တွေ့ခဲ့ရတယ်။

လစ်တဲလ်ရော့ခ်မြို့မှာ ၁၉၅၄ ခုနှစ်က ၁၉၅၇ ခုနှစ်အကြား စုစုပေါင်းတန်ဖိုး ဒေါ်လာ ခြောက်သန်းကျော်တန်တဲ့ စက်ရုံသစ် ၁၈ ခု လာပြီး ဖွင့်လှစ်ခဲ့တယ်။ လူပေါင်းနှစ်ထောင် အလုပ်ရခဲ့ကြတယ်။ ဒါပေမဲ့ ကျောင်းတွေမှာ လူဖြူလူမည်း ခွဲခြားမှု ပြဿနာတွေ ဖြစ်ခဲ့တဲ့ ၁၉၅၈ ခုနှစ်နဲ့ ၁၉၅၉ ခုနှစ်တို့မှာ စက်ရုံအသစ်တစ်ခုမှ လာဖွင့်တာ မရှိခဲ့တော့ပါဘူး။

၁၉၅၅ ခုနှစ်က တရားရုံးချုပ်က "ချင့်ချိန်ညှိနှိုင်းပြီး အမြန်ဆုံးဆောင်ရွက်" ဖို့ အမိန့်ဟာ မျိုးဆက်တစ်ဆက်တိုင်အောင် အငြင်းပွားဖွယ်များ ဖြစ်ပေါ်စေတယ်။ *ဘရောင်းအမှု (၂)* စီရင်ချက် ချပြီးနောက် ၃၇ နှစ်ကြာသည့်တိုင် တရားရုံးချုပ်အနေနဲ့ တရားစွဲဆိုမှု အများအပြားကို ရင်ဆိုင်နေရဆဲပါ။ တရားစွဲဆိုတဲ့ အကြောင်းအရာတွေကတော့ "လူမျိုးရေးပေါ်မူတည်ပြီး ခွဲခြားတဲ့ ပညာရေးစနစ်ဆိုတာ ဘာလဲ"၊ "တရားဝင် မရှိတဲ့ လူမျိုးခွဲခြားရေးပေါ် မူတည်တဲ့ ပညာရေးစနစ်မှာ တရားရုံးက ပါဝင်လို့ ရရဲ့လား" စသည့် မေးခွန်းများပင်ဖြစ်သည်။

အဲဒီတုန်းက အဖြစ်အပျက်တွေနဲ့ ပတ်သက်လို့ သားဂွဒ်က



မာတိကာသို့

၁၉၈၆ ခုနှစ်မှာ ပြန်ပြောပြတဲ့ စကားတစ်ခွန်း ရှိခဲ့တယ်။ ၁၉၅၄ ခုနှစ် ဘရောင်း စီရင်ချက် ချပြီး စာသင်ကျောင်းတွေမှာ လူဖြူလူမည်း ခွဲခြားမှု ကို တရားမဝင် ကြေညာတုံးက ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပုံ၊ နောက် ၁၉၅၅ ခုနှစ်မှာ "ချင့်ချိန်ညှိနှိုင်းပြီး အမြန်ဆုံး ဆောင်ရွက်ရမည်" ဆိုတဲ့ အမိန့် ကြောင့် စိတ်စနောင့်စနင်းဖြစ်လာခဲ့ပုံကို ပြောပြခြင်း ဖြစ်တယ်။

"ကျုပ်တို့မှာ ပြဿနာ အခက်အခဲတွေ ဆက်ပြီး ရင်ဆိုင်သွား ရမှာတွေ ရှိတယ်လို့တော့ ကျုပ်နားလည်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလို စိတ်မကောင်းစရာ၊ ဝမ်းနည်းစရာ အခြေအနေတွေ ဆိုက်ခဲ့လိမ့်မယ်လို့ ကျုပ်ဘယ်တုန်းကမှ မတွေးတောခဲ့မိတာတော့ အမှန်ပါပဲဗျာ"



မာတိကာသို့ ››

# အခန်း (၁၆)

## အိပ်မက် ဖျက်ဆီးသူ ဂျော့ချ် ဝေါလေ့စ်

၁၉၅၂ ခုနှစ်နဲ့ ၁၉၅၆ ခုနှစ်အကြား *ဘရောင်းအမှု* အတွက် တရားရုံးတော်မှာ နှုတ်နဲ့ အပြန်အလှန် ငြင်းဆိုလျှောက်ထားခဲ့ကြတဲ့ကာလ တစ်လျှောက်လုံးမှာ သားဂွဒ် မာရှယ်လ်မှာ မယိမ်းမယိုင် ခိုင်မြဲတဲ့ ယူဆချက်တွေ ရှိခဲ့ပါတယ်။ အဲဒါကတော့ တရားရုံးချုပ်ကသာ တင်းတင်းမာမာ အမိန့်ဒီဂရီတစ်ခု ထုတ်ပြန်ခဲ့ပြီး အုပ်ချုပ်ရေးပိုင်းကလည်း စကားနှစ်ခွ မပြောဘဲ ထောက်ခံမှု ပေးခဲ့မယ်ဆိုရင် အမေရိကန်ပြည်သူတွေဟာ တရားရုံးချုပ်ရဲ့ အမိန့်ကို နာခံခဲ့ကြလိမ့်မယ်။ ပြီးတော့ လူဖြူလူမည်း ခွဲခြားပညာသင်ကြားရေးစနစ် ပယ်ဖျက်ရေးဟာ အဓိကပဋိပက္ခတွေ မဖြစ်ဘဲနဲ့ အောင်မြင်ခဲ့လိမ့်မယ်လို့ ယူဆခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ သားဂွဒ် မာရှယ်လ်နဲ့တကွ တရားသူကြီးများဟာ အမေရိကန်တစ်နိုင်ငံလုံးမှာ လူအတော်များများဟာ လူမျိုးရေးခွဲခြားမှုကို ဆက်ပြီး ထိန်းထားနိုင်ရေးအတွက်

လူထုအကြိုက် ဆွပေးတဲ့နိုင်ငံရေးသွေးထိုးမှု နည်းလမ်းတွေနဲ့ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုတွေ သုံးကြဖို့ ဆုံးဖြတ်ထားကြတဲ့ အထောက်အထားတွေကိုလည်း တွေ့ မြင်ခဲ့ကြပါတယ်။

အိုကလာဟိုးမားနဲ့ အယ်လ်လာဘားမားပြည်နယ်တွေက အသက်မွေးဝမ်းကျောင်းပြုကျောင်းတွေမှာ လူဖြူလူမည်း ခွဲခြားပညာသင်ကြားမှု ဖျက်သိမ်းရေးအပေါ် ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး ဆန့်ကျင်ခဲ့ကြတယ်။ အဲဒီအချိန်မှာ သားဂွဒ်က တောင်ကယ်ရိုလိုင်းနားပြည်နယ်က ကျောင်းတွေမှာ တစ်စုတစ်ပေါင်းတည်း လက်တွဲပညာသင်ကြားရေးအတွက် ပြဿနာ မရှိဘူးလို့ တရားသူကြီးတွေကို ထပ်ခါထပ်ခါ ပြောနေခဲ့တယ်။ ဒါနဲ့ပတ်သက်လို့ သားဂွဒ်က ပြန်ပြောပြခဲ့တယ်။

"ကျုပ် အဲဒီတုန်းက ယုံကြည်ခဲ့တာ တစ်ခုရှိတယ်။ အခုအထိလည်း ယုံကြည်တုန်းပဲ။ တကယ်လို့ တရားရုံးချုပ်ကသာ **ဒါအမိန့်ပဲ အခုချက်ချင်းလုပ်ကြ** လို့သာ ပြောခဲ့မယ်ဆိုရင် ကျုပ်တို့ဟာ နှစ်ရှည်လများ ပဋိပက္ခဖြစ်မှုတွေကို ရှောင်နိုင်ခဲ့လိမ့်မယ်လို့ ကျုပ်ယုံကြည်ခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်ရှေ့နေတစ်ယောက်ကမှ တရားရုံးတော်ထဲကို သွားပြီး 'ခင်ဗျားတို့ တရားမျှတမှုရှိတဲ့ အမိန့်ကို ချမှတ်ပေးတာပဲ ကျွန်တော်လိုချင်တယ်။ ဒါပေမဲ့ တရားမျှတမှုကို မုန်းတီးတဲ့လူတွေက တော်လှန်ဆန့်ကျင် ကြမယ်ဆိုတာ ခင်ဗျားတို့ကို ကျွန်တော် သတိပေးချင်တယ်' လို့ ပြောကြမှာ မဟုတ်ပါဘူး။"

သားဂွဒ်ဟာ သူ့အတွက် ဒေါသအမျက်ချောင်းချောင်းထွက်နေတဲ့ ရန်သူတွေ ဖြစ်လာကြမယ့် နိုင်ငံရေးသမားတွေကိုတော့ မထီလေးစားပုံစံနဲ့ ဖယ်ထုတ်ထားခဲ့တာ သူ့မှာ အကြောင်းတွေ ရှိခဲ့တယ်။ သူတို့ကတော့ အယ်လ်လာဘားမားပြည်နယ်က ဂျော့ချ် ဝေါလေ့စ်၊ တောင်ကယ်ရိုလိုင်းနားပြည်နယ်က စထရွမ် သားမင်၊ မစ္စစ္စပီးပြည်နယ်က ဂျိမ်းစ် အိစ်လင်းတို့ ဖြစ်ခဲ့ကြပါတယ်။

မယ်ရီလန်းတက္ကသိုလ်မှာ လူမည်းဥပဒေကျောင်းသား ဒေါ်



မာတိကာသို့

နယ်လ် မာရေးကို ကျောင်းဝင်ခွင့်ရအောင် သားဂွဒ်အနေနဲ့ အတင်းအကျပ် လုပ်ပေးခဲ့တဲ့ အောင်မြင်မှုကြောင့်လည်း ဖြစ်နိုင်တယ်။ အိုကလာဟိုးမား တက္ကသိုလ်မှာ မက်လောရင်းနဲ့ အေဒါလူးဝစ္စ ဆီပူးဝဲလ် ဖစ်ရှာတို့ ကျောင်း ဝင်ခွင့်ရအောင် တရားရုံးချုပ်မှာ လျှောက်ထားပေးနိုင်ခဲ့တဲ့ အောင်မြင်မှု ကြောင့်လည်း ဖြစ်နိုင်တယ်။ တက္ကဆတ်စ်တက္ကသိုလ်မှာ ဟာမင် ဆွိကို လက်ခံအောင် အကျပ်ကိုင်ပေးနိုင်ခဲ့လို့လည်း ဖြစ်နိုင်တယ်။ ပြီးတော့ အာကဲန်ဆောတက္ကသိုလ်မှာ ရုံးတော်က အမိန့် တစ်စုံတစ်ရာ မပါဘဲနဲ့ လူမည်းကျောင်းသားတွေကို လက်ခံအောင် ဖိအား ပေးနိုင်ခဲ့မှု ကြောင့်လည်း ဖြစ်နိုင်တယ်။ သားဂွဒ် မာရှယ်လ်ကို အကြောင်းပြုပြီး အဆင့်မြင့်ပညာရေး လောကမှာ ခေတ်သစ်တစ်ခေတ် ထူထောင်တော့မယ်လို့ အမေရိကန်လူမျိုး သန်းပေါင်းများစွာက တွေးတောလာခဲ့ကြပါတယ်။

ဒါပေမဲ့ တောင်ပိုင်းပြည်နယ်တွေမှာရှိတဲ့ တက္ကသိုလ်တွေနဲ့ ပြည် နယ်လွှတ်တော်တွေမှာ အိပ်မက်ကို ဖျက်ဆီးမည့်သူများ အပြည့်ရှိနေပုံကို သားဂွဒ် မကြာခင်မှာ တွေ့ရပါမယ်။ ပြည်နယ်တွေထဲမှာ ဘယ်ပြည်နယ်မှ အယ်လ်လာဘားမားပြည်နယ်လောက် လူဖြူလူမည်း စုပေါင်းပညာ သင် ကြားရေးကို ပိုပြီး မဆန့်ကျင်ခဲ့ကြပါဘူး။ အယ်လ်လာဘားမားတက္ကသိုလ် က လူမည်းအမျိုး သမီးနှစ်ဦးဖြစ်ကြတဲ့ အော်သရင်း ဟွမ်နီတာ လူစီနဲ့ ပေါ်လီ အဲန်း မိုင်ယာစ် တို့ကို ၁၉၅၂ ခုနှစ် က ကျောင်း ဝင်ခွင့် လက်ခံခဲ့ တော့ သားဂွဒ် ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ ရတယ်။ မစ္စလူစီနဲ့ မစ္စမိုင်ယာစ် တို့နှစ်ဦးဟာ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ကျောင်း ဝင်ခွင့် မှတ်ပုံတင်ကြဖို့ သွားခဲ့ကြတယ်။ ဒါပေမဲ့ ကျောင်းသားလက်ခံရေး ရုံးက မှားပြီး လက်ခံစာပို့လိုက်တာပါ။ သူတို့..တက္ကသိုလ်မှာ ပြည်နယ်ဥပဒေ အရ လူမည်းတွေကို ဝင်ခွင့်ပြုလို့ မရဘူး ဆိုတာကို တစ်ယောက်ယောက်က သတိပြုမိလိုက်ပုံ မရှိလို့ပါလို့ ပြန်ပြောခဲ့တယ်။ အဲဒီလူမည်းအမျိုးသမီး နှစ်ဦးဟာ အဲန်အေအေစီပီကိုသွားပြီး တိုင်ခဲ့ကြတယ်။ အဲန်အေအေစီပီက ဘာမင်ဟဲမ်မြို့က ပြည်ထောင်စုခရိုင် တရားရုံးမှာ အမှုဖွင့်လိုက်တယ်။

တက္ကသိုလ်က တာဝန်ခံတွေဟာ အမှန်ပဲ မရိုးမသား လုပ်ခဲ့ကြ



မာတိကာသို့

တယ်ဆိုတာကို သားဂွဒ် သိခဲ့တယ်။ တက္ကသိုလ်မှာ မျက်နှာဖြူများသာ တက်ဖို့ ကြိုးစားမှုကို နှစ်နဲ့ချီပြီး ဆက်လက်တိုက်ပွဲဝင်နိုင်ခဲ့တယ်။ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှာတော့ အယ်လ်လာဘားမား တက္ကသိုလ်ဟာ ဥပဒေကျောင်းအရ ဆင်ခြေပေးမှုနဲ့ တိမ်းရှောင်မှုတို့ကို အလျှော့ပေးလိုက်ရတယ်။ အယ်လ်လာဘားမားတက္ကသိုလ်မှာ လူမည်းတွေကို ကျောင်းဝင်ခွင့် လက်ခံရမယ်ဆိုတဲ့ တရားရုံးချုပ်ရဲ့ အမိန့်ကို အဲဒီနေ့မှာ ဘာမင်ဟဲမ်မြို့က ပြည်ထောင်စုတရားသူကြီး ဟိုးဘတ် ဂရူးမ်စ်က ထုတ် ပြန်ပေးခဲ့ပါတယ်။

ဒါပေမဲ့ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာတော့ အယ်လ်လာဘားမားတက္ကသိုလ်က မစ္စမိုင်းယားစ် (ထိုအချိန်တွင် အိမ်ထောင်ကျပြီး မစ္စစ် ဟဒ်ဆင်ဖြစ်နေပြီ) ကို အကြောင်းကြားစာတစ်စောင် ပို့ခဲ့တယ်။ စာထဲမှာတော့ တက္ကသိုလ် ဝေါပကအဖွဲ့က သူမ၏ အကျင့်စာရိတ္တနဲ့ အိမ်ထောင်ရေးအခြေအနေတို့မှာ ကျောင်းဝင်ခွင့် စံနှုန်းများနှင့် မညီညွတ်၍ သူမ၏ ကျောင်းဝင်ခွင့် လျှောက်လွှာကို ပယ်ချခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားတယ်။ မစ္စစ်လူစီကိုတော့ ဖေဖော်ဝါရီ ၁ ရက်နေ့မှာ ကျောင်းဝင်ခွင့် လာရောက်မှတ်ပုံတင်ဖို့နဲ့ ဖေဖော်ဝါရီ ၃ ရက်နေ့မှာ ကျောင်းစဖွင့်မှာဖြစ်တယ်လို့ အကြောင်းကြားခဲ့တယ်။ ဖေဖော်ဝါရီ ၁ ရက်နေ့မှာတော့ မစ္စလူစီနဲ့ မစ္စမိုင်ယားစ် ဟဒ်ဆင်တို့နှစ်ဦးဟာ တက္ကသိုလ်နယ်မြေကို သွားခဲ့ကြတယ်။ မစ္စစ် ဟက်ဆင်ကိုတော့ ငြင်းဆိုပြီး ချက်ချင်း ပြန်လွှတ်ခဲ့တယ်။ မစ္စလူစီကိုတော့ အမျိုးသမီးကျောင်းသားရေးမှူး ဆာရာ ဟီလေက သူမရုံးခန်းထဲကို ခေါ်တွေ့ပြီး အရေးကြီးပုဂ္ဂိုလ် ဗွီအိုင်ပီ မှတ်ပုံတင်အစီအစဉ်နဲ့ ဆောင်ရွက် ပေးခဲ့တယ်။ ဒါပေမဲ့ မစ္စလူစီကို ကျောင်းဆောင်မှာနေဖို့ အခန်းမပေးနိုင်ကြောင်းနဲ့ ကျောင်းစားသောက်ဆိုင်ထဲမှာ စားသောက်ခွင့် မပြုကြောင်း ပြောပြခဲ့တယ်။ ဒါဟာ သနားဖွယ်ရာနဲ့ အကျိုးအကြောင်း မညီညွတ်မှု ဖြစ်တယ်လို့ မစ္စလူစီကပြောပြီး ဘာမင်ဟဲမ်မြို့က သူမရဲ့ရှေ့နေဖြစ်သူ အာသာ ရှောစ်နဲ့ တိုင်ပင်ဖို့ ပြန်ထွက်လာခဲ့တယ်။

နောက်တစ်နေ့မှာ အယ်လ်လာဘားမားတက္ကသိုလ်က ဥပဒေဆင်ခြေတစ်ခုနဲ့ ထပ်ကြိုးစားဖို့ လုပ်ခဲ့ပြန်တယ်။ နယူးအော်လီန်းစ်က ပြည်ထောင်စု ခရိုင်အယူခံတရားရုံးမှာ အမှုကို အသစ်ပြန်လည်ကြားနာစစ်ဆေးဖို့ တောင်းဆိုခဲ့တယ်။ ဒါပေမဲ့ အပယ်ချခံခဲ့ရတယ်။

နောက်တစ်နေ့မှာတော့ ကျောင်းဆောင် မရတဲ့မစ္စလူစီဟာ မိုင် ၆၀ ဝေးတဲ့ ဘာမင်ဟဲမ်ကနေလာပြီး ကျောင်းတက်ခဲ့တယ်။ သူမ ပထမဆုံး တက်ရမယ့် စမစ်ခန်းမရဲ့ စင်္ကြံတစ်လျှောက်မှာ တက္ကသိုလ်နယ်မြေရဲတွေ ချထားတာကို သူမ တွေ့ရတယ်။ မစ္စလူစီဟာ ရှေ့ဆုံးကအတန်းမှာ တစ်ယောက်တည်း ထိုင်ခဲ့တယ်။ ပထမစာသင်ချိန်ပြီးလို့ နောက်တစ်ချိန်တက်ဖို့ ဂရေ့ဖ်စ်ခန်းမကိုသွားတော့ ရဲတွေက သူမနဲ့အတူ လိုက်လာတယ်။ ဒီတစ်ခါတော့ မစ္စလူစီဟာ မျက်နှာဖြူကျောင်းသားတွေနဲ့ ရောထိုင်တယ်။ တစ်ယောက်က သူ့ဘက်ကိုညွှတ်ပြီး "ကံကောင်းပါစေ" လို့ ဆုတောင်းခဲ့တယ်။ အဲဒီနေ့ညမှာ တော့ အေပီသတင်းဌာနက တစ်နိုင်ငံလုံးကို သတင်းကြေညာလိုက်တယ်။ "သမိုင်းတွင် ပထမဆုံးသော လူမည်းတစ်ဦး အယ်လ်လာ ဘားမားတက္ကသိုလ်သို့ ယနေ့တက်ရောက်သည်။ ၄င်းမှာ တစ်ဦးတည်းသော လူမည်းဖြစ်ပြီး အပြာရောင်ဝတ်စုံဝတ် ရဲများက ခြံရံလိုက်ပါခဲ့သည်" လို့ သတင်းမှာ ဖော်ပြခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီနေ့ညမှာပဲ ကျောင်းသား ၁,၂၀၀ ခန့်ဟာ မီးရှို့ထားတဲ့ လက်ဝါးကပ်တိုင်တစ်ခုဘေးမှာ ဝိုင်းပြီး စုရုံးခဲ့ကြတယ်။ "ဒစ်ခ်ဇီ" သီချင်းကို သီဆိုကြပြီး အယ်လ်လာဘားမားမှာ မျက်နှာဖြူများသာ ထားပါလို့ အော်ဟစ်ကြွေးကြော်ခဲ့ကြတယ်။ ပြီးတော့ ကျောင်းအုပ်ဆရာကြီး အော်လီဗာ ကာမိုက်ကယ်လ်ရဲ့အိမ်ကို ချီတက်ခဲ့ကြတယ်။ ကျောင်းအုပ်ကြီးက အိမ်မှာ မရှိဘူး။ အရက်သောက်ပြီး မူးနေကြတဲ့ ကျောင်းသား တစ်စုကလည်း "ဟေး...ဟို ...ဟေး...ဟို... နီးဂရိုးမ ဘယ်ကိုသွားသလဲ" ဆိုလို့တစ်မျိုး၊ "ဟေး...ဟို....ဟေး....ဟို.....အော်သရင်းလေး ထွက်သွားရမယ်ဗျို့" လို့တစ်မျိုး အော်ဟစ်ခဲ့ကြတယ်။



မာတိကာသို့

မကြာခင်မှာပဲ အထက်တန်းကျောင်းသားများ၊ စက်ရုံအလုပ်သမားများ၊ မြို့သူမြို့သားများနဲ့ မျက်နှာဖြူများကောင်စီမှ အဖွဲ့ဝင်များဟာ တက္ကသိုလ်နယ်မြေထဲကို စုဝေးရောက်ရှိလာခဲ့ကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် အချင်းချင်း အားပေးကြပြီး အကြမ်းဖက်ဖို့ လှုံ့ဆော်ကြတယ်။ ဝိုင်းပြီးအော်ဟစ်ကြွေးကြော်ကြတယ်။ လူစုလူဝေးကြီးဟာ လူမည်းများ မောင်းနှင်လာတဲ့ ဘတ်စ်ကားများနဲ့ ကားတွေကို ခဲနဲ့ပစ်ကြတယ်။

ဖေဖော်ဝါရီ ၅ ရက်နေ့မှာ မစ္စလူစီဟာ စမစ်ခန်းမကို ရောက်လာတော့ အနီးအနားမှာ ဂွဒ်ရစ်ချ် မော်တော်ကားတာယာစက်ရုံနဲ့ သတ္တုအရည်ကျိုစက်က ညပိုင်းအလုပ်သမား ၅၀ ခန့်က သူမကို လာစောင့်နေကြတာကို တွေ့ရတယ်။ မစ္စလူစီက သူတို့မသိအောင် စမစ်ခန်းမထဲကို အသာလေးဝင်သွားခဲ့တယ်။ ဒါပေမဲ့ သူမပြန်အထွက်မှာတော့ အမျိုးသမီးကျောင်းသားရေးမှူး ဟီလေနဲ့ ကျောင်းအုပ်ကြီးရဲ့လက်ထောက် ဂျက်ဖ်ဘဲန်းနက်တို့က မစ္စလူစီကို ခေါ်ထုတ်ခဲ့ရတယ်။ အဲဒီအချိန်မှာပဲ အလုပ်သမားတွေက သူတို့ကို ကြက်ဥတွေ၊ ခဲတွေနဲ့ ဝိုင်းပေါက်ကြပြီးတော့ ဘဲန်းနက်ကိုလည်း "ကပ္ပလီချစ်တဲ့ ခွေးမသားကြီး"လို့ ဝိုင်းအော်ကြတယ်။ ဟီလေကိုလည်း ဝိုင်းအော်ခဲ့ကြတယ်။ ပစ်ထည့်တဲ့ခဲတွေမှန်လို့ ဟီလေရဲ့ ကားရှေ့မှန်နဲ့ ဘေးမှန်တစ်ချပ် ကွဲသွားချိန်မှာ လူသုံးယောက်က ကားထဲကို ခုန်ဝင်ခဲ့ကြတယ်။ အဲဒီနောက်တော့ လူအုပ်ကြီးဟာ တက္ကသိုလ်နယ်မြေအတွင်းမှာ သူတို့ကို နောက်က ဝိုင်းလိုက်ပြီး ကြက်ဥများ၊ ခဲများနဲ့ ကားနောက်မှန်ကိုခွဲပြီး "အယ်လ်လာဘားမားမှာ မျက်နှာဖြူများသာထားပါ၊ နီးဂရိုးမကို လည်ပင်းကြိုးကွင်းစွပ်ပြီး သတ်ပစ်၊ သတ်ပစ်"လို့ ဝိုင်းပြီး ကြွေးကြော်ခဲ့ကြတယ်။

မစ္စလူစီကို မွန်းလွဲပိုင်းအထိ ဂရေ့ဖ်စ်ခန်းမထဲမှာ ထည့်ထားခဲ့ရတယ်။ နောက်တော့မှ ဟိုင်းဝေးရဲတွေက သူမကို ကားတစ်စင်းထဲနဲ့ တိတ်တိတ် ခေါ်ထုတ်ယူသွားရတယ်။ မော်တော်ကားက လူအုပ်ကြီးကို ဖြတ်မောင်းသွားတဲ့အချိန်မှာ သူမဟာ ကားကြမ်းပြင်ပေါ်မှာ ပြားပြားမှောက်ပြီး လိုက်သွားခဲ့ရပါတယ်။



မာတိကာသို့ ››

တက္ကသိုလ်က ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျိမ်းစ် အို ဖော်လ်ဆမ် ထံမှာ အိမ်စောင့်တပ်တွေ လွှတ်ပေးဖို့ မေတ္တာရပ်ခံခဲ့တယ်။ ဖော်လ်ဆမ်က ငြင်းဆိုခဲ့တယ်။ "လူမျိုးတွေ တစ်မျိုးနဲ့တစ်မျိုး မနှစ်မြို့ကြတာ၊ မတည့်ကြတာ ဖြစ်ရိုးဖြစ်စဉ် ပုံမှန်ပါ။ ကျွန်တော်တို့ စိတ်လှုပ်ရှားမှု မဖြစ်ပါဘူး" လို့ ဖော်လ်ဆမ်က ပြန်ပြောခဲ့တယ်။

နောက်ထပ် သုံးရက်အကြာ တနင်္လာနေ့မှာ လူအုပ်ကြီးရဲ့ အကြမ်းဖက်မှုက ဆက်လက်ဖြစ်ပေါ်ခဲ့တုန်းပဲ။ မစ္စလူစီကို နောက်ထပ် မကြေညာမချင်း ကျောင်းက ထုတ်ထားလိုက်ဖို့ တက္ကသိုလ် ဂေါပကအဖွဲ့က မဲပေးဆုံးဖြတ်ခဲ့ကြတယ်။ ရှေ့နေရှောစ်ဟာ သားဂွဒ် မာရှယ်လ်နဲ့ တိုင်ပင် ညှိနှိုင်းခဲ့တယ်။ ပြီးတော့ လူအုပ်ကြီးရဲ့ အကြမ်းဖက် ကြီးစိုးမှုကို အယ်လ်လာဘားမားတက္ကသိုလ်က အညှဲခံခဲ့တာ ဝမ်းနည်းစရာ ကောင်းလှပါဘိလို့ ရှေ့နေရှောစ်က လူသိရှင်ကြား ထုတ်ပြောခဲ့တယ်။

ရှေ့နေရှောစ်က မစ္စလူစီကို နှစ်ရက်အတွင်း ကျောင်းပြန်တက်ခွင့် မပေးရင် ပြည်ထောင်စုတရားရုံးကို ပြန်တက်ရလိမ့်မယ်လို့လည်း ကြေညာခဲ့တယ်။

၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှာတော့ အယ်လ်လာဘားမားတက္ကသိုလ်က မစ္စလူစီကို ကျောင်းပြန်ဝင်ခွင့်ပြုဖို့ တရားသူကြီး ဂရူးမ်စ် က တက္ကသိုလ်ကို အမိန့်ထုတ်ပေးပါလို့ အဲန်အေအေစီပီရှေ့နေများက တောင်းဆိုခဲ့ပါတယ်။ ဒါပေမဲ့ ရှေ့နေတွေ အကြီးအကျယ်မှားတာ တစ်ခု ရှိခဲ့တယ်လို့ သားဂွဒ် မာရှယ်လ်က ဝန်ခံခဲ့တယ်။ တက္ကသိုလ် အာဏာပိုင်တွေဟာ လူမည်းအမျိုးသမီးလေးကို ကျောင်းထုတ်ခွင့်အကြောင်းပြချက် တစ်ခုခုကို ရရှိအောင် လူအုပ်လူစုလူဝေးဖြစ်လာအောင် တစ်မင်ရည်ရွယ်ချက်နဲ့ အကောက်ပရိယာယ်ဉာဏ်ဆင်ခဲ့တယ်လို့ အဲန်အေအေစီပီရှေ့နေတွေက ပြောခဲ့တဲ့ အမှားဖြစ်တယ်လို့ ဆိုပါတယ်။

ကျောင်းအုပ်ဆရာကြီး ကာမိုက်ကယ်က စွဲချက်တွေဟာ မမှန်ဘူး၊ မသင့်လျော်ဘူးလို့ ထုချေပါတယ်။ တက္ကသိုလ်ဂေါပကအဖွဲ့က ဒါကို



မာတိကာသို့ ▶▶

ချက်ကောင်းယူပြီး လူစီကို ကျောင်းထုတ်ပစ်တယ်။ သူမဟာ "မမှန်ကန်တဲ့၊ အသရေပျက်စေတဲ့ စွဲချက်" တွေကို တင်တယ်ဆိုပြီးတော့လေ။

မာရှယ်လ်ဟာ အယ်လ်လာဘားမားကို လေယာဉ်နဲ့ လိုက်သွားပြီး လူမည်းအမျိုးသမီးလေး မစ္စလူစီကို နှစ်သိမ့်ဖျောင်းဖျခဲ့တယ်။ ပြီးတော့ လူမျိုးခွဲခြားရေးဝါဒီသမားတွေနဲ့ဝေးအောင် စောင့်ရှောက်ပေးဖို့ နယူးယောက်မြို့ကို ခေါ်ဆောင်သွားခဲ့တယ်။ အဲဒီအချိန်က လူစီဟာ သန်းပေါင်းများစွာသော အမေရိကန်များရဲ့ အမြင်မှာ နာမည်ကြီးခဲ့သလို တချို့သူများအတွက် နာမည်ဆိုးခဲ့သူဖြစ်တယ်။ သတင်းထောက်တွေကလည်း လူစီ့အကြောင်းကို ၂၄ နာရီသတင်း လုပ်ခဲ့ကြတယ်။ မာရှယ်လ်ဟာ နယူးယောက်မှာ လူစီ သူ့ဘာသာသူ ပုန်းနေလို့ရမဲ့ အိမ်တစ်လုံး ကြိုးစားပြီး လိုက်ရှာကြည့်ခဲ့တယ်။ မအောင်မြင်ခဲ့တဲ့အဆုံးမှာတော့ လူစီကို သူ့နေအိမ်အခန်းကိုခေါ်ပြီး ကိုယ်ဝန်ဆောင်ဇနီးသည် စီစီနဲ့အတူ နေစေခဲ့တယ်။ စီစီကလည်း လူစီကို ဖက်လှဲတကင်း ကြိုဆိုခဲ့တယ်။

မာရှယ်လ်ရဲ့နောက်ပိုင်း နှစ်ကာလသက်တမ်းတွေမှာလည်း အယ်လ်လာဘားမားဟာ မိုက်ထဲမှာ အစာမကြေတဲ့ခဲလုံးတစ်လုံးလို ဖြစ်ခဲ့တယ် လို့ သူသုံးသပ်ခဲ့တယ်။ အယ်လ်လာဘားမားမှာ ၁၉၆၃ ခုနှစ်အထိ လူမည်းတွေကို ကျောင်းဝင်ခွင့် မပေးဘဲ နေခဲ့တယ်။ အယ်လ်လာဘားမားမှာ နောက်ထပ်လူမည်းတွေ ကျောင်းဝင်ခွင့်ရဖို့ ကြိုးစားခဲ့ချိန်မှာ တရားသူကြီးဖြစ်နေတဲ့ မာရှယ်လ်ဟာ ရန်ပွဲထဲမှာ မပါခဲ့တော့ဘူး။ ဒါပေမဲ့ အယ်လ်လာဘားမား ပြည်နယ်ရဲ့ အာခံမှုဟာ အရင်တုန်းကထက် ပြင်းထန်ပုံကို မာရှယ်လ် လေ့လာတွေ့ရှိခဲ့ရတယ်။ သားဂွဒ် မာရှယ်လ်ရဲ့ သည်းခြေမှာ မနှစ်မြို့စရာ လူတစ်ယောက် ပေါ်ပေါက်ခဲ့တယ်။ သူကတော့ အယ်လ်လာဘားမားပြည်နယ်နဲ့ ပြည်ထောင်စုအစိုးရကြားမှာ ဇရာမ ထိပ်တိုက်ရင်ဆိုင်မှုတွေကို ဖန်တီး ပေးခဲ့သူ၊ ဘာဘိုးခရိုင်မှ တိုက်ကြက်ဖနဲ့တူတဲ့ လူဗလံလေး ဂျော့ချ် ဝေါလေ့စ်ဆိုသူ ဖြစ်ပါတယ်။

ဝေါလေ့စ်ဟာ အယ်လ်လာဘားမားပြည်နယ်က လူမည်းတွေရဲ့



မာတိကာသို့ ▸▸

အိပ်မက်အများအပြားကို အသက်တုံးအောင် သတ်ခဲ့သူဖြစ်ရုံမက သူဟာ ဟျူးဘတ် ဟမ်ဖရေလို လူတစ်ဦးရဲ့ နိုင်ငံရေးအလားအလာကောင်းမယ့် အခွင့်အလမ်းတွေကို ဖျက်ဆီးခဲ့တယ်။ နောင်နှစ်ပေါင်း အတော်ကြာတဲ့အခါမှာ အမေရိကန်သမ္မတဖြစ်တဲ့ ရစ်ချတ် နစ်ဆင်၊ ရော်နာလ်ဒ် ရေဂင်နဲ့ ဂျော့ချ် ဘုရှ်တို့ အသုံးပြုဖို့ ညစ်ပတ်တဲ့ နိုင်ငံရေးသင်ခန်းစာတွေကိုလည်း သင်ပြပေးခဲ့သူဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုမှာ ယနေ့တည်ရှိတဲ့ လူမျိုးရေးကွဲပြားမှု အခြေအနေတွေကို အံ့သြမိသလား၊ ဒါမှမဟုတ် ဒီမိုကရက်တစ်ပါတီဟာ တစ်ချိန်က ယင်းပါတီက အပိုင်လွှမ်းမိုးထားတဲ့ တောင်ပိုင်းဒေသမှာ ဘယ်လိုရှုံးခဲ့ရသလဲ၊ ဘာ့ကြောင့် ရှုံးခဲ့ရသလဲဆိုတာကို သိချင်သလား၊ ဂျော့ချ် ဝေါလေ့စ်ရဲ့ ဘဝနဲ့ သူ့ခေတ်ကို အနီးကပ် လေ့လာကြည့်ဖို့ လိုပါလိမ့်မယ်။ သူဟာ ရန်လိုတဲ့ အယ်လ်လာဘားမား ပြည်နယ်သားဖြစ်တယ်။ နိုင်ငံရေးအာဏာ ရရှိရေးအတွက် အများကြိုက်မယ့် မက်လုံးအတုတွေနဲ့ လူမျိုးခွဲခြားရေးသွေးထိုးလှုံ့ဆော်မှုတွေကို အသုံးပြုပုံကို သမိုင်းမှာ အခန်းရှည်ကြီးတစ်ပုဒ် ကမ္ပည်း ရေးထိုးခဲ့သူတစ်ဦးလည်း ဖြစ်တယ်။ ဝေါလေ့စ်ကို စက်ဆုပ်ကြောင်း ပြသခဲ့ကြသူတွေဟာ နောင်အခါမှာ သူ့ရဲ့နည်းပရိယာယ်နဲ့ နည်းစနစ် တွေကို အရှက်မရှိဟန်နဲ့ အတုခိုး လုပ်ဆောင်ခဲ့ကြတယ်။

ဂျော့ချ် ဝေါလေ့စ်ကို ကလီယိုလို့ခေါ်တဲ့ အယ်လ်လာဘားမား ပြည်နယ် အရှေ့တောင်ပိုင်းက မြို့ကလေးမှာ မွေးခဲ့တယ်။ သူ့ရဲ့အဘိုးဟာ လူဦးရေ တစ်ထောင်တောင် မပြည့်တဲ့ မြို့ကလေးမှာ ထင်ရှားတဲ့ ဆရာဝန် တစ်ဦးဖြစ်ခဲ့တယ်။ ပြီးတော့ တရားသူကြီးအဖြစ် ခြောက်နှစ် ထမ်းဆောင်ခဲ့တယ်။ မြေးဖြစ်သူအပေါ်မှာ သူ့ဖခင်ထက် ပိုပြီး သြဇာ လွှမ်းမိုးသူလည်း ဖြစ်ခဲ့တယ်။ ဂျော့ချ် ဝေါလေ့စ်ဟာ ငယ်စဉ်က ပြည်နယ် တရားရုံးမှာ ရုံးလုလင်အဖြစ် အလုပ်လုပ်ခဲ့ပြီး နိုင်ငံရေးရာထူးအတွက် အရွေးခံလိုတဲ့ ရည်ရွယ်ချက်ရှိကြောင်း ထုတ်ဖော်ကြေညာခဲ့တယ်။

ဂျော့ချ်ငယ်စဉ်မှာ သူ့ဖခင်က ဂျော့ချ်နဲ့ အစ်ကို ဂျယ်ရာလ်ဒ်နဲ့ ဂျက်တို့ကို လက်ဝှေ့အိတ်တစ်စုံစီ ထုတ်ပေးပြီး လက်ဝှေ့ထိုးနည်း သင်ပေး



မာတိကာသို့ ▶▶

ခဲ့တယ်။ ဂျော့ချ်ဟာ လက်ဝှေ့သမားကောင်းတစ်ယောက် ဖြစ်လာပြီး လက်ရည်သွေးစွမ်းရည်ကို ပါးနပ်စွာ ပြနိုင်ခဲ့တယ်။ သူဟာ ကိုယ်အလေးချိန် ၁၁၈ ပေါင်တန်း၊ ဘင်တန်ဝိတ်တန်းမှာ လက်ဝှေ့ပွဲတွေ ယှဉ်ပြိုင် ထိုးသတ် ခဲ့တယ်။ မှတ်တမ်းများအရ ၂၅ ပွဲနိုင်၊ လေးပွဲရှုံး၊ တစ်ပွဲသရေကျခဲ့တယ်လို့ ဆိုပါတယ်။ သူဟာ အယ်လ်လာဘားမားပြည်နယ်ရဲ့ ရွှေလက်အိတ် တံခွန်စိုက် ပြိုင်ပွဲမှာ နှစ်နှစ်ဆက်တိုက် ဘင်တန်ဝိတ်တန်း ချန်ပီယံလည်း ဖြစ်ခဲ့တယ်။ ဂျော့ချ်က သူ့ကိုယ်သူ ဘာဘားလက်ဝှေ့ကျော်လို့ အမည်ပေးခဲ့ခြင်းဟာ သူ့ရဲ့နိုင်ငံရေးစိတ်ကူးစွမ်းရည်ကို ထင်ထင်ရှားရှားစပြီး ပြသခဲ့တဲ့သဘော ရှိတယ်။ သူ့ကို ၁၉၄၂ ခုနှစ်မှာ တပ်မတော်လေတပ်က ဗိုလ်ရာထူးပေး ခဲ့တာကို လက်မခံခဲ့ပုံကလည်း သူ့ရဲ့ပါးနပ်မှုကို ပြခဲ့တယ်။ သူက ဗိုလ် ဖြစ်ရတာထက် သာမန်စစ်သားဘဝနဲ့ နေရတာ ပိုပြီး မက်မောကြောင်း၊ စစ်ကြီးပြီးရင် သူဟာ နိုင်ငံရေးသမားလုပ်မှာဖြစ်ကြောင်း၊ မဲပေးမယ့် စစ်သားအရေအတွက်က မဲပေးနိုင်မယ့် စစ်ဗိုလ်အရေအတွက်ထက် ပိုများလို့ ပဲလို့ ဝေါလေ့စ်က ပြောခဲ့ကြောင်း သူ့သူငယ်ချင်းတွေက ပြန်ပြောပြခဲ့ ကြပါတယ်။

ဝေါလေ့စ်ဟာ သူဘာလုပ်ရမလဲဆိုတာကိုလည်း အတိအကျနားလည်ခဲ့တယ်။ သူဟာ ပြည်နယ်ဥပဒေပြုအဖွဲ့(ပြည်နယ်လွှတ်တော်)မှာ သုံးကြိမ် ထမ်းဆောင်ပြီးတဲ့နောက် ၁၉၅၂ ခုနှစ်မှာ ဘာဘားနဲ့ တခြားခရိုင်နှစ်ခုအတွက် ပတ်လည်တရားသူကြီး နေရာအတွက် ဝင်ပြီး အရွေးခံခဲ့တယ်။ သူနဲ့ ပြိုင်ဘက်က လူအများလေးစားတဲ့ ပြည်နယ်ဆီးနိတ်အမတ် ပရက်စတင် ကလေတင်ဆိုသူဖြစ်တယ်။ ဒါပေမဲ့ ကလေတင်ဟာ တပ်မတော်ဒုတိယဗိုလ်မှူးကြီးဟောင်းတစ်ဦး ဖြစ်တယ်။ ဒီတော့ ဝေါလေ့စ်က တစ်နေရာမှ တစ်နေရာ သွားလာမဲဆွယ် တရားဟောတိုင်း “ကောင်းပြီ အခုအခါမှာ ခင်ဗျားတို့စစ်ဗိုလ်အရာရှိတွေ အားလုံးက ကလေတင်ကို မဲပေးကြပါ။ ကျန်တဲ့ တပ်မတော်သားအားလုံးက ကျွန်တော့်ကို မဲပေးကြတာပေါ့” လို့ ဆိုပြီး ပြောဆိုမဲဆွယ်ခဲ့တယ်။ ဝေါလေ့စ်ဟာ အလွယ်တကူပဲ အနိုင်ရခဲ့တယ်။

၁၉၄၈ ခုနှစ်က ဖီလာဒဲလ်ဖီးယားမှာ ကျင်းပတဲ့ ဒီမိုကရက်တစ်ပါတီအမျိုးသားညီလာခံမှာ ဝေါလေ့စ်ဟာ အမျိုးသားနိုင်ငံရေးလောကမှာ ပထမဆုံး လူအများရဲ့ အထင်ကြီးမှုရအောင် လုပ်ပြနိုင်ခဲ့တယ်။ အဲဒီညီလာခံမှာ မီနီယက်ပလစ္စမြို့တော်ဝန် ဟျူးဘတ် ဟမ်ဖရေက "ဒီမိုကရက်တစ်ပါတီ တွေအတွက် ပြည်နယ်တွေရဲ့ အခွင့်အရေးအရိပ်အာဝါသအောက်က ထွက်ပြီး နေရောင် ခြည် လို တောက်ပတဲ့ လူ့အခွင့်အရေးလောကထဲကို ဝင်ဖို့အချိန်တန်ပါပြီ" လို့ စပြီး စနက်တံ ဖြုတ်လိုက်တော့တယ်။ ဝေါလေ့စ်အတွက် တိုက်ပွဲဝင် ဖို့ သဲလွန်စ ရသွားတော့တယ်။ ဟမ်ဖရေရဲ့ လူ့အခွင့်အရေးကို ဒီမိုကရက်တစ်ပါတီရဲ့ ဝါဒရေးရာအတွက် လက်ခံဖို့ တင်ပြချက်ကို ဆန့်ကျင်တဲ့အခါ ရှုံးသွားတဲ့ တောင်ပိုင်းဒီမိုကရက်တစ်ပါတီဝင်တွေဟာ ညီလာခံထဲက ထွက်ခွာသွားခဲ့ကြတယ်။ ဝေါလေ့စ်က ညီလာခံထဲမှာ ဆက်နေပြီး ဆက် တိုက်ခဲ့တယ်။ ဝေါလေ့စ်လည်း ရှုံးသွားခဲ့တယ်။ ဒါပေမဲ့ "တောင်ပိုင်းကို နိမ်တဲ့" ဟမ်ဖရေနဲ့ တခြားလူတွေကို ဝေါလေ့စ်ဟာ ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့တယ်ဆိုတဲ့ သတင်းက အယ်လ်လာဘားမားပြည်နယ်ကို ပြန်ရောက်ပြီး ပျံ့နှံ့ထွက်သွားခဲ့တယ်။

၁၉၅၈ ခုနှစ်မှာ ဝေါလေ့စ်ဟာ ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးအတွက် ပြည်နယ်ရှေ့နေချုပ် ဂျွန် ပက်တာဆင်နဲ့ အပြိုင်ရွေးကောက်ပွဲဝင်ခဲ့တယ်။ ပက်တာဆင်ဟာ ဝေါလေ့စ်လိုပဲ လူမျိုးခွဲခြားရေးဝါဒီတစ်ဦးဖြစ်တယ်။ ပက်တာဆင်နဲ့စာရင် လူမျိုးရေးခွဲခြားမှုမှာ ဝေါလေ့စ်က ပိုပြီး ပျော့ပျောင်းသူဖြစ်တယ်လို့ နာမည်ကြီးခဲ့တယ်။ ရွေးကောက်ပွဲမှာ ပက်တာဆင် အနိုင်ရသွားခဲ့တယ်။ ပက်တာဆင် နိုင်သွားပြီးတဲ့နောက်မှာ ဝေါလေ့စ်က သူ့ကိုထောက်ခံတဲ့ နိုင်ငံရေးသမားအုပ်စုတစ်စုကို ပြောခဲ့တယ်။ "ဂျွန်ပက်တာဆင်ဟာ နီးဂရိုးဆန့်ကျင်ရေးနဲ့ လုပ်စားပြီး ကျွန်တော့်ကို အနိုင်ယူသွားတယ်။ နောက်တစ်ကြိမ်မှာ ကျွန်တော့်ကို နီးဂရိုးဆန့်ကျင်ရေးနဲ့ ပြန်ပြီး ဘယ်တော့မှ အလုပ်စားမခံစေရဘူး" လို့ ဝေါလေ့စ်က ပြောခဲ့တယ်။

၁၉၆၂ ခုနှစ်မှာ ဝေါလေ့စ်ဟာ ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲကို ထပ်ဝင်ခဲ့တယ်။ ဒီတစ်ခါတော့ တောင်ပိုင်းက နိုင်ငံရေးသမား

တိုင်းကို ဝေါလေ့စ်က နီးဂရိုးဆန့်ကျင်ရေးနဲ့ လုပ်စားပြလိုက်တယ်။ ဝေါလေ့စ် အနိုင် ရခဲ့ပြီးတဲ့နောက် ၁၉၆၃ ခုနှစ်၊ ဝေါလေ့စ်ရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲမှာ ဘယ်သူ့လက်ရာမှန်း မသိတဲ့ သူ့ကိုသစ္စာတော်ခံ ထောက်ခံမှု ကြေညာစာတမ်း တစ်စောင် ပါလာအောင် ဝေါလေ့စ်က ထည့်ပေးခဲ့တယ်။ စာတမ်းမှာ "သူ့ကို ကျွန်ုပ်တို့ ယုံကြည်တဲ့အတွက် သူ့နောက်ကို ကျွန်တော်တို့ လိုက်ကြမယ်။ ကျွန်ုပ်တို့သည် ကွန်မြူနစ်များထက်ရော၊ လစ်ဘရယ်ဆိုသူများ ထက်ရော၊ လူမျိုးရေး ရောနှောပေါင်းစပ်လိုသူများထက်ရော၊ ချေမှုန်းနိုင် စွမ်းအားရှိတဲ့ တပ်မတော်ဗိုလ်ချုပ်များထက်ရော ယုံကြည်မှု ပိုပြီးပြင်းထန်ပါတယ်။ ဘုရားသခင်က ကျွန်ုပ်တို့ထံ လူတစ်ယောက်ကို ပို့ပေးခဲ့ပါတယ်ဆိုတာ ကျွန်ုပ်တို့အားလုံး ယုံကြည်ကြပါတယ်" လို့ ရေးထားပါတယ်။

၁၉၆၃ ခုနှစ် ကျမ်းသစ္စာကျိန်ဆိုပွဲမှာ ဝေငှခဲ့တဲ့ ဝေါလေ့စ်ရဲ့ အထုပ္ပတ္တိထဲမှာ သူ့အကြောင်း စာပိုဒ်တစ်ခု ပါခဲ့တယ်။ "၁၉၅၃ ခုနှစ်က မီးရထားဘူတာရုံတွေမှာ ချိတ်ဆွဲထားတဲ့ လူဖြူလူမည်း ခွဲခြားရေးအိမ်သုံး ရန် ဆိုင်းဘုတ်တွေကို ဖယ်ရှားခြင်းကို တရားဥပဒေအရ တားမြစ်မိန့်ထုတ်ပေးခဲ့တဲ့ တောင်ပိုင်းပြည်နယ်တွေက ပထမဆုံး တရားသူကြီးဖြစ်ခဲ့တယ်။ သူ့ရဲ့ အရေးယူဆောင်ရွက်မှုဟာ တောင်ပိုင်းက တခြားပြည်နယ်တွေအတွက် စံနမူနာ ဖြစ်ခဲ့ပါတယ်"

၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့က ပြုလုပ်ခဲ့တဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲမှာ မိန့်ခွန်းရဲ့အဆုံးမှာ ဝေါလေ့စ်က ပြောခဲ့တယ်။

"ဒီကမ္ဘာပေါ်မှာ ခြေချတဲ့လူမျိုးတွေထဲမှာ အကြီးမားဆုံးဖြစ်တဲ့ ပြည်သူတွေရဲ့ကိုယ်စား ကျွန်တော်ဟာ မြေကြီးပေါ်မှာ လူ့စည်း ဘီလူးစည်းကို ခွဲခြားတားပြပြီး ရက်စက်ကြမ်းကြုတ်တဲ့အစိုးရရဲ့ ခြေဖဝါးရှေ့မှာ စိန်ခေါ်မှုကို ချပြလိုက်ပါပြီ။ ပြီးတော့ ကျွန်တော် ပြောလိုက်ပါမယ်။ အခုလည်း လူဖြူလူမည်း ခွဲခြားမယ်၊ မနက်ဖြန်လည်း လူဖြူလူမည်း ခွဲခြားမယ်၊ ထာဝရ လူဖြူလူမည်း ခွဲခြားမယ်"



မာတိကာသို့ ››

လူစီကို ကျောင်းထုတ်ခဲ့ပြီးတဲ့နောက် နှစ်တွေတဖြည်းဖြည်း ကုန်လွန်သွားခဲ့တယ်။ အယ်လ်လာဘားမားပြည်နယ်က လူမည်းတွေကလည်း အော်သရင်း လူစီလို စွန့်စားပြီး လူဖြူတက္ကသိုလ်မှာ စာသင်ဖို့ မလုပ်ခဲ့ကြဘူး။ ဒါပေမဲ့ ၁၉၆၃ ခုနှစ်မှာတော့ အသက် ၂၀ အရွယ်စီရှိကြတဲ့ လူမည်း ဗီဗီယန် မလုံးနဲ့ ဂျိမ်းစ် ဟုဒ်ဆိုသူ နှစ်ဦးဟာ အယ်လ်လာဘားမား တက္ကသိုလ်မှာ သူတို့ ပညာသင်ကြားခွင့်ရှိတယ်လို့ ကြေညာခဲ့ကြပါတယ်။ သူတို့ရဲ့ ကြေညာချက်က ယေဘုယျအားဖြင့် အယ်လ်လာဘားမားပြည်နယ် နဲ့ အထူးသဖြင့် ဘာမင်ဟဲမ်မြို့မှာ မယုံကြည်နိုင်လောက်အောင် လူမျိုးရေးပြဿနာတွေ ဗရုတ်သုတ်ခဖြစ်နေတဲ့အချိန်မှာ ထွက်ပေါ်လာခဲ့တယ်။ သူတို့နှစ်ဦးဟာ တူစကာလူးစားမြို့ရှိ တက္ကသိုလ်မှာ ကျောင်းဝင်ခွင့် မှတ်ပုံတင်ဖို့ တစ်လ အလိုမှာ ဘာမင်ဟဲမ်မြို့မှာ ရုန်းရင်းဆန်ခတ်ဖြစ်မှု ပေါက်ကွဲခဲ့တယ်။ လူဖြူလူမည်း ခွဲခြားမှု မရှိဘဲ အများသုံးနိုင်တဲ့နေရာတွေကို လူမည်းတွေ အသုံးမပြုနိုင်အောင် တားမြစ်ဖို့ ကြိုးစားခဲ့တဲ့ အရပ်သား မျက်နှာဖြူ လူမျိုးခွဲခြားရေးသမားများနဲ့ ရဲတပ်ဖွဲ့တွေရဲ့ အကြမ်းဖက်မှုနဲ့ ထိပ်တိုက် တွေ့ခဲ့ကြတယ်။

၁၉၆၃ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ လူမျိုးခွဲခြားရေးဝါဒီအုပ်စု တစ်ခုဟာ လူမျိုးပူးပေါင်းရေးအတွက် တွန်းအားပေးနေတဲ့ ပူးပေါင်းရေး သမားတွေကို ခြောက်လှန့်တဲ့နည်းကို သုံးခဲ့ကြတယ်။ လူမည်းပိုင် အေဂျီ ဂတ်စတင်မိုတယ်နဲ့ ဘုန်းတော်ကြီး မာတင် လူသာ ကင်းရဲ့ညီ ဘုန်းတော်ကြီး အေ ဒီ ကင်းရဲ့ အိမ်တို့ကို ဗုံးဖောက်ခွဲခဲ့ကြတာဖြစ်ပါတယ်။ အဲဒီ ဗုံးဖောက်ခွဲမှုတွေကြောင့် လူမည်းတွေကို ဒေါသအမျက်ခြောင်းခြောင်းထွက် စေခဲ့တယ်။ လူမည်းတွေဟာ လမ်းမတွေပေါ်ထွက်ပြီး သုံးနာရီကျော်ကြာ ဆန္ဒပြရာက ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့ရတယ်။ လူ ၅၀ ဒဏ်ရာရခဲ့ကြတယ်။ အမေရိကန်သမ္မတကနေဒီလည်း အလွန်စိတ်ဆိုးခဲ့တယ်။ သမ္မတကနေဒီက ပြည်ထောင်စုတပ်တွေကို ဘာမင်ဟဲမ်သို့ စေလွှတ်ဖို့ ချက်ချင်း အမိန့်ပေး လိုက်ပါတယ်။ ပြီးတော့ အယ်လ်လာဘားမားပြည်နယ် အိမ်စောင့်တပ်တွေ



မာတိကာသို့ ▶▶

ကိုလည်း ပြည်ထောင်စုတပ်အဖြစ် ပြောင်းလဲရေးအတွက် ပဏာမပြင်ဆင်မှုတွေကို စီစဉ်လိုက်တယ်။

သမ္မတကနေဒီရဲ့ လုပ်ရပ်တွေက အယ်လ်လာဘားမားပြည်နယ် အုပ်ချုပ်ရေးမှူး သက်တမ်း ခြောက်လသာ ရှိသေးတဲ့ ဂျော့ချ် ဝေါလေ့စ်ကို ဒေါသအမျက်ထွက်စေခဲ့တယ်။ သမ္မတကနေဒီဟာ သမ္မတတစ်ဦးအနေနဲ့ တရားဥပဒေအရ လုပ်ပိုင်ခွင့်အာဏာမရှိတဲ့ အလုပ်ကို လုပ်ခဲ့ကြောင်းနဲ့ မိမိရဲ့ပြည်နယ်အုပ်ချုပ်ရေးအာဏာကို အခမ္ဘလုပြီး လုပ်ဆောင်ခဲ့ကြောင်း ဂျော့ချ် ဝေါလေ့စ်က ကြေညာလိုက်တယ်။

ဝေါလေ့စ်ရဲ့ ပြောဆိုမှုတစ်ခုကိုလည်း တစ်နိုင်ငံလုံးက စိတ်ဝင်စားခဲ့တာရှိတယ်။

"ပြီးခဲ့တဲ့ ရက်အနည်းငယ်အတွင်းမှာ အကြမ်းဖက်မှုတွေ မရှိခဲ့လို့ မပျော်နိုင်ကြသူတွေ ရှိခဲ့တာကို အချိန်ကိုကြည့်ပြီး မုံးဖောက်ခွဲမှုက ပြင်းပြင်းထန်ထန် ညွှန်ပြခဲ့ပါတယ်။ အကြမ်းဖက်မှုနဲ့ ပြည်တွင်းရေး မငြိမ်သက်မှုဖြစ်အောင် လုပ်ခြင်းဟာ ကွန်မြူနစ်တွေရဲ့ လုပ်ရိုးလုပ်စဉ်အလုပ်ဖြစ်တယ်။ ကျွန်တော့်ရဲ့ ခန့်မှန်းချက်အရ အယ်လ်လာဘားမားပြည်နယ်မှာ ပြင်ပအဖျက်သမားတွေရဲ့ လှုပ်ရှားမှု အလုံအလောက် ရှိနေတယ်ဆိုတဲ့ အချက်က မုံးဖောက်ခွဲမှုမှာ ပါဝင်ပတ်သက်တဲ့ လက္ခဏာတွေကို အခိုင်အမာ ညွှန်ပြနေတယ်လို့ ထင်ပါတယ်"

ပြီးတော့ လူဖြူလူမည်း ခွဲခြားကန့်သတ်မှုတချို့ကို ဖယ်ရှားပစ်ရေးအတွက် လူမည်းခေါင်းဆောင်တွေကို ဆွေးနွေးမှုပြုလုပ်နေတဲ့ ချော့မြူရေးအုပ်စုတစ်စု ရှိနေတယ်လို့လည်း ဝေါလေ့စ်က တိုက်ခိုက်ပြောဆိုခဲ့သေးတယ်။

"ကျွန်တော်ဟာ ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦးအနေနဲ့ အဲဒီလို လူဖြူလူမည်း ခွဲခြားရေးပြဿနာတွေနဲ့ ပတ်သက်လို့ အပေးအယူညှိနှိုင်းမှုပြုလုပ်တဲ့ အစည်းအဝေးတွေမှာ မပါဝင်ဘူး၊ မပတ်သက်ဘူး၊ ပါဝင်ဆွေး

နွေးသူလည်း ဖြစ်လိမ့်မယ် မဟုတ်ဘူး။ ဘာမင်ဟဲမ်မှာ အကြမ်းဖက်မှုတွေ မဖြစ်အောင် ကြိုတင်ကာကွယ်ရေးအတွက် တရားဥပဒေနဲ့ ငြိမ်ဝပ်ပိပြားမှုကို အကောင်အထည်ဖော်ဖို့ တပ်တွေ လိုအပ်တယ်လို့ ဘာမင်ဟဲမ်ရဲမင်းကြီး ဘူးလ်ကော်နာက သဘောရသမျှ ပြည်နယ် ဥပဒေ ထိန်းသိမ်းရန် တပ်တွေကို ကျွန်တော် ဆက်ထားသွားမှာပဲ" လို့လည်း ပြောခဲ့တယ်။

ဝေါလေ့စ်အဖို့ လူဖြူလူမည်း ခွဲခြားရေးကို ထာဝရ ထိမ်းသိမ်းထားရေးအတွက် သူ့ရဲ့အစွမ်းအစကို ပြသဖို့ အခွင့်အရေးတစ်ခုကို ရုတ်တရက် ရရှိခဲ့တယ်။ အယ်လ်လာဘားမားတက္ကသိုလ်မှာ လူမည်းကျောင်းသားနှစ်ဦး လာတယ်ကြားတာနဲ့ သူကိုယ်တိုင် တူစကာလူးဆားမြို့ကိုလာပြီး သူတို့ကျောင်းဝင်ခွင့်ကို ပိတ်ဆို့တားမြစ်မယ်လို့ ဝေါလေ့စ်က သတင်းပို့လိုက်တယ်။ ဝေါလေ့စ်က သူနဲ့သူ့လက်ထောက်တွေကို သက်တော်စောင့်တပ်သားအချို့နဲ့အတူ တူစကာလူးဆားမြို့ကို လေယာဉ်ပျံနဲ့ ပို့ပေးဖို့ ပြည်နယ်စောင့်တပ်က လေယာဉ်တစ်စင်းကို အမိန့်နဲ့ ခေါ်ယူလိုက်တယ်။ ပြည်ထောင်စုတပ်တွေကို အာခံဆန္ဒပြတဲ့နေရာမှာ အင်အားကူပြဖို့ အယ်လ်လာဘားမားပြည်နယ်စောင့်တပ်သား ၅၀၀ ကိုလည်း ဆင့်ခေါ်လိုက်တယ်။ ဒါ့အပြင် ဟိုင်းဝေးအစောင့်ကင်းလှည့်ရဲသား ၈၂၅ ဦးနဲ့ တခြားလူတွေကိုလည်း တူစကာလူးဆားကို လာကြဖို့လည်း အမိန့်ပေးလိုက်သေးတယ်။ သူတို့အားလုံးရဲ့တာဝန်ဟာ တရားဥပဒေနဲ့ ငြိမ်ဝပ်ပိပြားမှုကို ထိန်းသိမ်းပေးဖို့ဖြစ်တယ်လို့ ဝေါလေ့စ်က ပြောခဲ့တယ်။

ဇွန်လ ၉ ရက်နေ့မှာ တူစကာလူးဆားဒေသမှာ လက်နက်ကိုင်မျက်နှာဖြူ ၁၅ ဦးကို ဖမ်းဆီးခဲ့တယ်။ ဒါပေမဲ့ ရောဘတ် ရှယ်လ်တင်ဆိုသူက အာမခံတင်လို့ ပြန်လွှတ်ပေးလိုက်တယ်။ ရှယ်လ်တင်ဟာ အရင်တုန်းက ကြက်ပေါင်စက်ရုံအလုပ်သမားဟောင်းတစ်ဦးဖြစ်ပြီး ကူးကလပ်စ်ကလန်ဂိုဏ်း ခေါင်းဆောင်တစ်ဦးလည်းဖြစ်တယ်။ ပြည်နယ်အုပ်ချုပ်ရေးမှူးဝေါလေ့စ်နဲ့ ခင်မင်ရင်းနှီးမှုကိုပြတဲ့ ဝေါလေ့စ်နဲ့ လက်ဆွဲနှုတ်ဆက်ပုံကိုဓါတ်ပုံရိုက်ထားခြင်း ခံရသူလည်းဖြစ်တယ်။



မာတိကာသို့ ▶▶

ဂျော့ချ် ဝေါလေ့စ်က သူဟာ ပြည်နယ်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "တို့အခွင့်အရေးများ တို့ကာကွယ်ရဲသည်" ကို ခုခံကာကွယ်ခြင်းဖြစ်ကြောင်းနဲ့ ဗဟိုပြည်ထောင်စုအစိုးရရဲ့ တန်ခိုးပြချီတက်လာခြင်း၊ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခြင်းဖြစ်ကြောင်း ကြေညာပြောဆိုခဲ့တယ်။

အဲဒီအတောအတွင်းမှာပဲ လူဖြူလူမည်း ခွဲခြားမှုပယ်ဖျက်ရေးကိစ္စကို ထိပ်တိုက်ရင်ဆိုင်စေဖို့အတွက် အမေရိကန်တရားရေးဌာနက အဖွဲ့တစ်ဖွဲ့ကို တူစကာလူးဆားကို စေလွှတ်လိုက်တယ်။ ဒုတိယရှေ့နေချုပ် နစ်ကလပ်စ် ကတ်ဇင်းဘတ် ဦးဆောင်စေပြီး တရားရေးဌာန ပြည်သူ့အခွင့်အရေးဌာနက ဂျွန် ဒိုးဝါးနဲ့ ပြန်ကြားရေးဌာန အထူး လက်ထောက် အက်ဒွင် ဂွတ်သ်မဲန်တို့ ပါဝင်ခဲ့ကြတယ်။

ဇွန်လ ၁၀ ရက်နေ့မှာတော့ သမ္မတ ကနေဒီက ဝေါလေ့စ်ထံ ပြင်းပြင်းထန်ထန် ကြေးနန်းတစ်စောင် ပို့ခဲ့တယ်။ ကြေးနန်းထဲမှာ "ဝေါလေ့စ်က လူမည်းကျောင်းသားနှစ်ဦး၏ ကျောင်းဝင်ခွင့်ကို သူကိုယ်တိုင် ပိတ်ဆို့တားဆီးမည့် လူသိရှင်ကြားကြေညာချက်သည် ဥပဒေကို တုံ့ပြန်သည့် တစ်ခုတည်းသော ခြိမ်းခြောက်မှုဖြစ်သည်။ ထိုကဲ့သို့ ပိတ်ဆို့ခြင်းသည် အယ်လ်လာဘားမားပြည်နယ် ပြည်ထောင်စုခရိုင်တရားရုံး၏ အမိန့်ကို ဖီဆန်ခြင်းနှင့် အများလက်ခံထားသည့် ပြည်သူ့ကျင့်ဝတ်စံများကို ချိုးဖောက်ခြင်းသာဖြစ်မည်။ သို့ဖြစ်၍ လူကြီးမင်း၏ ပြည်နယ်နှင့်တက္ကသိုလ်ကြီးအတွက် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကိုပါ စဉ်းစားဖို့ ကျွန်ုပ် အရေးတကြီး တိုက်တွန်းလိုသည်။ ထို့အပြင် ဤကိစ္စရပ်များကို သက်ဆိုင်သည့် ဥပဒေတရားရုံးများ၏ လက်ထဲတွင်ထားရှိစေရန် ကျွန်ုပ် တိုက်တွန်းပါသည်" လို့ ဖော်ပြထားတယ်။

ဒါပေမဲ့ ဝေါလေ့စ်က အယ်လ်လာဘားမားပြည်နယ်နဲ့ ပြည်နယ်သားများ၏ အခွင့်အရေးများအတွက် ကယ်တင်ရှင်အဖြစ် ရုပ်လုံးပြနိုင်မည့် တစ်နိုင်ငံလုံးသို့ ဝါဒဖြန့်သွားမည့် တန်ဖိုးကို သိတယ်။

ဘလက်ဝေါရီးယားမြစ်ကမ်းဘေးက အယ်လ်လာဘားမား



မာတိကာသို့

တက္ကသိုလ်ရဲ့ အရိပ်အာဝါသကောင်းတဲ့နေရာမှာ အကြီးအကျယ် ထိပ်တိုက် ရင်ဆိုင်မှု ဖြစ်ပေါ်ခဲ့ပါတယ်။ ကျောင်းဝင်မဲ့ မလုံးနဲ့ ဟုဒ်တို့ လူမည်း နှစ်ဦးဟာ ကတ်ဇတ်ဘတ်၊ အခြားအရာရှိတွေနဲ့ အစောင့်မာရှယ်တွေ ခြံရံပြီး ဖော်စတာ ခန်းမကြီးကို ရောက်လာကြတယ်။ သူတို့ဟာ ပြည်နယ်စောင့် တပ်သား တချို့ ခြံရံထားတဲ့ ဝေါလေ့စ်ကို ကျောင်းအဝင်တံခါးမှာ ပိတ်ပြီး ရပ်နေတာကို တွေ့ကြရတယ်။ ကတ်ဇင်ဘတ်က ဝေါလေ့စ်ကို ဖယ်ပေးပါ၊ မလုံးနဲ့ ဟုဒ်တို့ ဖော်စတာခန်းမထဲဝင်ပြီး မှတ်ပုံတင်ကြပါစေလို့ လေးကြိမ် တိတိ ပြောဆိုခဲ့တယ်။ ဒါပေမဲ့ ဝေါလေ့စ်က နားမထောင်ခဲ့ဘူး။

နောက်လေးနာရီခွဲကျော်အကြာမှာတော့ သမ္မတကနေဒီရဲ့ အမိန့်နဲ့ပြည်ထောင်စုတပ်အသွင် ပြောင်းခဲ့တဲ့ တပ်မ (၃၁) ကတပ်စု တွေဟာ တူစကာလူးဆားတက္ကသိုလ်နယ်မြေထဲကို ဝင်ရောက်လာကြတော့ တယ်။ ဗိုလ်မှူးချုပ် ဟဲန်နရီ ဂရေဟမ်က ဦးဆောင်လာတယ်။ ဂရေဟမ် က ဝေါလေ့စ်အနားကို ချဉ်းကပ်ပြီး ဒါဟာ သူလုပ်ရမယ့် စိတ်မကကောင်း စရာ တာဝန်ဝတ္တရားမို့ ပြည်နယ်အုပ်ချုပ်ရေးမှူးကြီး ဘေးဖယ်ပေးပါလို့ တိုးတိုးလေး ပြောလိုက်တယ်။ ဒီအခါမှာ ဂျော့ချ် ဝေါလေ့စ်က တက္ကသိုလ် ကို လူမည်းကျောင်းသားများ ဝင်ခွင့်ပြုဖို့အမိန့် ထုတ်ပြန်ခဲ့တဲ့ ပြည်ထောင် စုတရားသူကြီးအမိန့်ကို စိန်ခေါ်ဖို့ ပြင်ဆင်ရေးသားခဲ့တဲ့ ကြေညာစာတမ်း တစ်စောင်ကို ထုတ်ဖတ်လိုက်တယ်။ ပြီးတော့ ဝေါလေ့စ်နဲ့ သူ့အခြွေအရံ တွေဟာ မောင့်ဂိုမာရီမြို့ကို ပြန်ထွက်သွားခဲ့ကြပါတော့တယ်။

ဂျော့ချ် ဝေါလေ့စ်ဟာ သမ္မတကနေဒီနဲ့ ထိပ်တိုက်တွေ့မှုမှာ တော့ ရှုံးသွားခဲ့တယ်။ ဒါပေမဲ့ သူ့အတွက် သမ္မတလောင်းအဖြစ် အရွေး ခံဖို့လမ်းတော့ ပွင့်သွားခဲ့တယ်။ အဲဒီလှုပ်ရှားမှုဟာ အမေရိကန်နိုင်ငံရေး ကို နက်နက်ရှိုင်းရှိုင်း အကျိုးသက်ရောက်စေမှာ ဖြစ်ပါတော့တယ်။

ဝေါလေ့စ် တံခါးဝကပိတ်ဆို့မှုပြုလုပ်ခဲ့ပြီးတဲ့နောက် တနင်္ဂနွေ နေ့မှာ ဘာမင်ဟဲမ်မြို့၊ ၁၆ လမ်းက ဘက်ပ်တစ်ဘုရားရှိခိုးကျောင်း ကလေးများ သမ္မာကျမ်းစာသင်တန်းချိန်မှာ ဗုံးတစ်လုံး ပေါက်ကွဲခဲ့တယ်။



မာတိကာသို့

အသက် ၁၁ နှစ်နဲ့ ၁၄ နှစ်အကြား လူမည်းမိန်းကလေး လေးဦး သေဆုံးခဲ့တယ်။ အပြစ်မဲ့တဲ့ တခြားကလေးသူငယ်တွေလည်း ထိခိုက်ဒဏ်ရာရခဲ့ကြတယ်။ အဲဒီနေ့ ညနေပိုင်းမှာပဲ တခြားလူမည်း ကလေးငယ်လေးနှစ်ဦး အသတ်ခံခဲ့ရပြန်တယ်။

ဝေါလေ့စ်ကတော့ သူငယ်ငယ်က ရည်မှန်းခဲ့တဲ့အတိုင်း အမေရိကန်သမ္မတလောင်းစင်မြင့်ပေါ်ကို ရောက်သွားခဲ့ပြီ။ အယ်လ်လာဘားမားပြည်နယ်မှာလည်း ဝေါလေ့စ်ရဲ့ အနေအထားက ကောင်းခဲ့တယ်။ ၁၉၆၆ ခုနှစ်မှာ ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ဘာမှ အခက်အခဲမရှိဘဲနဲ့ ပြန်ပြီး အရွေးခံခဲ့ရတယ်။

ဝေါလေ့စ်ဟာ လူဖြူလူမည်း ခွဲခြားရေး နိုင်ငံရေးနဲ့ သိသိသာသာ မြူးထူးရှင်ပြနေခဲ့တယ်။ ၁၉၇၀ ခုနှစ်၊ ပြည်နယ်ရွေးကောက်ပွဲမဲဆွယ်ပွဲမှာ ဝေါလေ့စ်က ကြော်ငြာတစ်ခုကို အသုံးပြုခဲ့တယ်။ သူ့ကြော်ငြာက "ဇွန်လ ၂ ရက်နေ့မှာ မျက်နှာဖြူများ မဲမပေးရင် ဒီပြည်နယ်ကို လူမည်းတွေ အုပ်စိုးသွားလိမ့်မယ်" တဲ့။ ဒီစာတမ်းက လူမျိုးခွဲခြားရေးစိတ်ပြင်းထန်တဲ့ မျက်နှာဖြူမဲဆန္ဒရှင်တွေကို ဆွဲဆောင်ခဲ့တယ်။ ဝေါလေ့စ် အောင်မြင်ခဲ့ပြန်ပြီ။ သမ္မတဖြစ်ချင်တဲ့ သူ့ဆန္ဒကို ပိုပြီး အားရှိစေခဲ့တယ်။ သမ္မတဖြစ်ရင် နိုင်ငံကြီးကို ပြောင်းလဲပစ်နိုင်မယ်ဆိုတဲ့ သူ့စိတ်တွေကိုလည်း အားတက်စေခဲ့တယ်။ သူဟာ အမှန်လည်း ပြောင်းလဲမှုကို ဖြစ်စေခဲ့ပါတယ်။

ဂျော့ချ် ဝေါလေ့စ်ဟာ ပြည်ထောင်စုအစိုးရကို မဆုံးနိုင်အောင်ဆက်ပြီး ဆဲဆိုခဲ့တယ်။ အမေရိကန်နိုင်ငံအနှံ့အပြားက ဝေါရှင်တင်မြို့တော်က အစိုးရကို မုန်းတီးမုန်း သူတွေ့ရှိလာလို့လည်း အစိုးရကို ဆန့်ကျင်ဆဲဆိုခဲ့တာ ဖြစ်တယ်။ တရားဥပဒေနဲ့ ငြိမ်ဝပ်ပိပြားမှုအကြောင်းကိုတော့ ဘုရားတရား ကြည်ညိုသလို ကြည်ညိုဟန်နဲ့ အမွှမ်းတင်ပြောခဲ့တယ်။ သူဟာ အယ်လ်လာဘားမားပြည်နယ်မှာ အမြင့်မားဆုံး ရာဇဝတ်ပြစ်မှုတွေ ဖြစ်ပေါ်နေတာကို ရင်ဆိုင်နေရတယ်ဆိုတာကို မီရှိဂင်၊ ပန်ဆယ်လ်

ဖေးနီးယားနဲ့ မယ်ရီလဲန်းပြည်နယ်တွေက လူတွေကတော့ မသိရှာကြဘူး။ သူ့ရဲ့ အယ်လ်လာဘားမားပြည်နယ်အစိုးရဟာ အကျင့်အပျက်ဆုံး ပြည်နယ်တစ်ခုဖြစ်ပေမဲ့ ဝေါ်ရှင်တင်က အစိုးရရဲ့ အကျင့်ပျက်မှုတွေကို ကြီးထွားအောင် ဝေါလေ့စ်က အလေးအနက် အကျယ်ချဲ့ပြောဆိုခဲ့တယ်။ သူဟာ ကူး ကလပ်စ် ကလဲန်ခေါင်းဆောင် ရောဘတ် ရှယ်လ်တင်နဲ့တော့ လည်ပင်းဖက် ပေါင်းနေ တယ်။ ဒါပေမဲ့ လမ်းမတွေပေါ်မှာ ကြောက်ရွံ့ဖွယ်ရာ ကောင်းပုံနဲ့ အကြမ်းဖက်မှုတွေ ရှိတယ်လို့ လူတွေကို ထောက်ပြပြီး ခြောက်လှန့် ခဲ့တယ်။ ပြီးတော့ အယ်လ်လာဘားမားမှာ အကြမ်းအဖက်ဆုံးလူတစ်ချို့ကို အကာအကွယ်ပေးဖို့ကိုလည်း သူနဲ့ အရင်းနှီးဆုံး ရဲအရာရှိတွေကို အမိန့် ပေးခဲ့တယ်။ ဝေါလေ့စ်ဟာ အမုန်းတရားနဲ့ လှည့်ဖြားမှုနိုင်ငံရေးကို ကျင့်သုံး ပြီး လုလုပပကြီး အမြတ်ထုတ် နေခဲ့တော့တယ်။ သူဟာ အမေရိကန် နိုင်ငံရေးသမိုင်းမှာ ကြိုးဆွဲပုံ့ကိုင် ကောင်းသူတွေထဲမှာ ထင်ထင်ရှားရှား တစ်ဦးအပါအဝင် ဖြစ်ခဲ့တယ်။

၁၉၆၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဝေါလေ့စ်ဟာ တတိယပါတီသမ္မတလောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံခဲ့တယ်။ ဝေါလေ့စ်က ၉,၉၀၆,၄၇၃ မဲ၊ ဟျူးဘတ် ဟမ်ဖရေက ၃၁,၂၇၅,၁၆၆ မဲ၊ အနိုင်ရသွားသူ ရစ့်ချတ် နစ်ဆင်က ၃၁,၇၈၅,၄၈၀ မဲ အသီးသီး ရခဲ့ကြတယ်။ ဝေါလေ့စ်ရဲ့ မဲတစ်သန်းနီးပါးဟာ ဒီမိုကရက်တစ်တွေပေးခဲ့တဲ့မဲတွေဖြစ်တယ်လို့ တချို့က ယူဆခဲ့ကြတယ်။ အဲဒီမဲတွေ ပဲ့ထွက်သွားခဲ့လို့ ဟျူးဘတ် ဟမ်ဖရေ သမ္မတမဖြစ်ခဲ့တာလို့ ယူဆခဲ့ကြတယ်။ ဒါပေမဲ့ စာရေးသူရဲ့ နောက်ပိုင်း ခံစားချက်အရတော့ ဝေါလေ့စ် ဝင်မပြိုင်ခဲ့ရင် သူရတဲ့မဲတွေဟာ နစ်ဆင်ဆီ ပါသွားမယ်လို့ ထင်ခဲ့တယ်။ ဘာ့ကြောင့်လဲဆိုတော့ နစ်ဆင်ကလည်း ဟမ်ဖရေကို ပိုကြီးမားတဲ့ ရန်သူလို့ မြင်တဲ့နေရာမှာ ဝေါလေ့စ်နဲ့ အပြိုင်အယူအဆတူသူ ဖြစ်ခဲ့လို့ပါပဲ။

၁၉၇၂ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ဝေါလေ့စ်ရဲ့ မဲဆွယ်ပွဲဟာ မယုံနိုင်စရာနီးပါး ဖြစ်ခဲ့တယ်။ ၁၉၇၂ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှာ ဝေါလေ့စ်ဟာ မယ်ရီလဲန်းပြည်နယ်၊ လော်ရယ်လ်မြို့ကို



မာတိကာသို့ ››

သွားခဲ့တဲ့အချိန်မှာ သူဟာ တဲန်းနက်ဆီး၊ ဖလော်ရီဒါနဲ့ မြောက်ကယ်ရိုလိုင်းနားပြည်နယ် အခြေခံရွေးပွဲတွေမှာ နိုင်ခဲ့ပြီး ဖြစ်ခဲ့တယ်။ ဝစ္စကော်န်ဆင်၊ အင်ဒီရဲနားနဲ့ ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်တွေမှာလည်း မဲများများရပြီး ဒုတိယလိုက်ခဲ့တယ်။ မယ်ရီလဲန်းနဲ့ မီရှီဂင်ပြည်နယ်တွေမှာလည်း တစ်နေ့တည်း အနိုင်ရလိမ့်မယ်လို့ တစ်အပေးခံခဲ့ရတယ်။

ဒါပေမဲ့ အဲဒီ မေလ ၁၅ ရက်နေ့မှာ ၁၉၇၂ ခုနှစ်၊ သမ္မတရွေးကောက်ပွဲသမိုင်းနဲ့ ဂျော့ချ် ဝါလေ့စ်တို့ရဲ့ဘဝတို့ဟာ မယ်ရီလဲန်းပြည်နယ်မှာ အကြီးအကျယ် ပြောင်းလဲမှု ဖြစ်သွားခဲ့တော့တယ်။ မယ်ရီလဲန်းပြည်နယ်မှာ မီးလ်ဝေါကီးမြို့က အသက် ၂၁ နှစ်အရွယ်ရှိ ကျောင်းသားတစ်ဦး ဖြစ်တဲ့ အာသာ ဟာမင်း ဘရင်းမားက ဝါလေ့စ်ကို ကျယ်လောင်စွာ အော်ဟစ်အားပေးခဲ့တယ်။ ပြီးတော့မှ ဘရင်းမားက ဝါလေ့စ်ကို သူ့အနားလာပြီး လက်ဆွဲနှုတ်ဆက်ဖို့ မေတ္တာရပ်ခံခဲ့တယ်။ ဝါလေ့စ်က ဘရင်းမားရဲ့အနားကို ကပ်သွားတဲ့အခါမှာ ဘရင်းမားဟာ ၃၈ ခြောက်လုံးပြူးကို ဆွဲထုတ်ပြီး ဝါလေ့စ်ရဲ့ ကိုယ်ခန္ဓာကို လေးချက်ကပ်ပြီး ပစ်ထည့်လိုက်တော့တယ်။ ကျည်ဆန် တစ်တောင့်က ဝါလေ့စ်ရဲ့ ညာဘက်လက်မောင်းနဲ့ ရင်ဘတ်တို့ကို ဖောက်ပြီး သူ့ရဲ့ကျောရိုးထဲကို ဝင်သွားခဲ့တော့တယ်။ ဝါလေ့စ်ဟာ အဲဒီဒဏ်ချက်နဲ့ ခါးအောက်ပိုင်းတစ်ခုလုံး သေသွားစေခဲ့ပါတော့တယ်။

ဒါပေမဲ့ ဝါလေ့စ်ဟာ မယ်ရီလဲန်းနဲ့ မီရှီဂင်ပြည်နယ်တွေရဲ့ အောက်ခြေ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ပါတယ်။ သူ့အသက်ကို လုပ်ကြံခံခဲ့ရတဲ့အတွက် ကရုဏာမဲတွေ ဘယ်လောက်ရခဲ့သလဲဆိုတာတော့ ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး။ သေချာပေါက် သိရတာတစ်ခုတော့ရှိတယ်။ ဝါလေ့စ်ဟာ သေနတ်နဲ့ အပစ်မခံရခင်မှာ အခြေခံမဲပေါင်း ၃,၃၀၀,၀၀၀ ရခဲ့တယ်။ ဟျူးဘတ် ဟမ်ဖရေ ရခဲ့တဲ့ မဲအရေအတွက်ထက် မဲပေါင်း ၇၀၀,၀၀၀ နဲ့ ဂျော့ချ် မက်ဂါးဗင် ရခဲ့တဲ့ မဲထက် ၁,၂၀၀,၀၀၀ ပိုပြီး ရရှိခဲ့တယ်ဆိုတာ ဖြစ်ပါတယ်။ ဝါလေ့စ်ရဲ့ နိုင်ငံရေးလုပ်ပုံလုပ်နည်းဟာ မြောက်ပိုင်းမှာရော၊ တောင်ပိုင်းမှာရော ထူးခြားမှု ဖြစ်စေခဲ့ပါတယ်။

သားဂွဒ် မာရှယ်လ်ရဲ့ ဘဝကို ပြန်တွေးကြည့်လိုက်ရင် သူနဲ့ အတူ လက်တွဲပြီး လူဖြူလူမည်း ခွဲခြားရေးစနစ်ကို ၁၉၅၀ ပြည့်လွန်နှစ်တွေ က ကယ်တင်ဆောင်ရွက်ပေးခဲ့ကြတဲ့ ဂျပ်စတင် မော၊ လင်းဒ်ဆေး အားမင်၊ ရောဘတ် ဖခ်၊ ဂျွန် ဒေးဗစ္စစတဲ့ ရှေ့နေတွေကို သတိရချင်မှ ရကြပါ လိမ့်မယ်။ ဒါပေမဲ့ အယ်လ်လာဘားမားတက္ကသိုလ်နဲ့ ပြည်သူ့ကျောင်းတွေ မှာ လူဖြူလူမည်း တစ်ပေါင်းတစ်စည်းတည်း ပညာသင်ကြားရေးကို ဂျော့ချ် ဝေါလေ့စ်အနေနဲ့ နှုတ်အားဖြင့်ရော၊ ဥပဒေအားဖြင့်ရော၊ လူကိုယ်တိုင် ရော၊ ပိတ်ဆို့တားမြစ်ဖို့ ကြိုးပမ်းချက်တွေကိုတော့ အမေရိကန်လူမျိုး တွေ ဘယ်တော့မှ မေ့နိုင်ကြလိမ့်မယ် မဟုတ်ပါဘူး။

၁၉၈၂ ခုနှစ်၊ အယ်လ်လာဘားမားပြည်နယ် အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲမှာ ဂျော့ချ် ဝေါလေ့စ်ဟာ စတုတ္ထသက်တမ်းမြောက် အရွေး ခံမယ်။ ဒါပေမဲ့ ဒီတစ် ကြိမ်မှာတော့ သူဟာ "လူမည်းများ၏ ကိုယ်စား လှယ်"အဖြစ် အရွေးခံမှာ ဖြစ်တယ်လို့ သတင်းစာတွေထဲမှာ ဖတ်ခဲ့ရတယ်။ ဝေါလေ့စ် ရဲ့အကြောင်း စကားအကောင်းတစ်လုံးမှ ပြောမယ်လို့ မထင်ရတဲ့ လူမည်းအချို့ဟာ ဝေါလေ့စ်ကို ထောက်ခံခဲ့ကြပုံကိုလည်း အမှန်ပဲ တွေ့ခဲ့ ရပါ တယ်။

ဝေါလေ့စ်ဟာ ဘာမင်ဟမ်မှာ ကျင်းပတဲ့ တောင်ပိုင်းခရစ်ယာန် ဦးဆောင်မှုညီလာခံကို တက်ရောက်ခဲ့တယ်။ ဝေါလေ့စ်က သူ့ရဲ့လူဖြူ လူမည်းခွဲခြားရေး နိုင်ငံရေးလမ်းစဉ်ဟောင်းဟာ မှားယွင်းခဲ့ကြောင်း၊ အဲဒီ ညီလာခံမှာ ဝန်ချတောင်းပန်ခဲ့တယ်။ အဲဒီအချိန်မှာတော့ ဝေါလေ့စ်က "လူမျိုးရေးခွဲခြားမှု ဝါဒဟာ မသာယာတဲ့ အလုပ်ဖြစ်ပါတယ်။ လူဖြူလူမည်း ခွဲခြားရေးဝါဒဟာ မျက်နှာဖြူဆင်းရဲသားတွေနဲ့ လူမည်းဆင်းရဲသားတွေ ကို အိုးမဲ့သုတ်တိုက်ပေးပြီး အဆီစားလို့ အသားမျိုတဲ့ ကြောင်ပါးကြီးတွေ ကိုတော့ အားလုံးပြည့်ပြည့်စုံစုံနဲ့ လွှတ်ပေးထားတာဖြစ်ပါတယ်" လို့ သတင်းစာဆရာတွေကို ပြောဆိုခဲ့ပြီး ဖြစ်နေပါပြီ။

"အဲဒီလို ပြောဆိုခဲ့တာတွေဟာ လူမည်းတွေအပေါ်မှာ သဘော



မာတိကာသို့ ▶▶

ထားပြောင်းသွားခဲ့တာလား" လို့ မေးခဲ့တဲ့အခါမှာတော့ ဝေါလေ့စ်က "မဟုတ်ပါဘူးဗျာ၊ ကျုပ်က လူမည်းတွေကို အမြဲလေးစားပြီး ချစ်ခဲ့တဲ့လူပါ" လို့ ပြန်ပြီး ဖြေကြားခဲ့တယ်။

ဒီလိုဖြစ်တာဟာ အမေရိကန်နိုင်ငံရဲ့ လူမျိုးရေးပဋိပက္ခဖြစ်ခဲ့တဲ့ ခေတ်တစ်ခေတ်မှာ အမျိုးသားရေး ထူးခြားမှု ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့တယ်လို့ ကျွန်တော် (စာရေးသူ) နားလည်ခဲ့ပါတယ်။ ဝေါလေ့စ်ဟာ သားငွဒ်မာရှယ်လ်ကို သဲကြီးမဲကြီးနဲ့ အောက်တန်းကျစွာ တိုက်ခဲ့တဲ့ နှစ်တွေမှာ သူဟာ အမှားတွေ လုပ်ခဲ့မိတယ်လို့ ဝေါလေ့စ်က အခု ဝန်ခံခဲ့ခြင်းဟာ အမျိုးသားရေး ထူးခြားမှု ဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် သူ့ရဲ့ မှေးမှိန်သွားတဲ့ နှစ်ကာလတွေမှာ သူ့ရဲ့အမြင်များကို ဒီစာအုပ်မှာ ဖော်ပြနိုင်အောင် ဂျော့ချ် ဝေါလေ့စ်ကို ကျွန်တော် သွားတွေ့ခဲ့မိပါတော့တယ်။

* * *

ဝေါလေ့စ်ဟာ ထရွိုင်း စတိတ်တက္ကသိုလ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ရဲ့ ဂုဏ်ထူးဆောင် သဘာပတိအဖြစ် ဆောင်ရွက်နေပါတယ်။ သူ့အနေနဲ့ တွေ့ဆုံဆွေးနွေးမှုကို ခွင့်မပြုခဲ့တာ နှစ်ပေါင်းအတော်ကြာပြီ ဖြစ်ပေမယ့် စာရေးသူကို ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ မွန်းလွဲနှစ်နာရီအချိန်မှာ မောင့်ဂိုမာရီမြို့က သူ့ရုံးခန်းမှာ တွေ့ဖို့ ဝမ်းသာအားရ သဘောတူခဲ့တယ်လို့ သူ့ရဲ့လက်ထောက် အယ်လ်ဗင် စတဲန်တင်က အကြောင်းပြန်ကြားပေးခဲ့ပါတယ်။

ဝေါလေ့စ်နဲ့ ပတ်သက်လို့ သူ့ရဲ့ဩဇာလွှမ်းမိုးမှုကို တန်ပြန်ဖို့နဲ့ သူ့ရဲ့ အဖျက်လုပ်ငန်းတွေကို ချေဖျက်ဖို့အတွက် သားငွဒ် မာရှယ်လ်ဟာ ရက်ပေါင်းထောင်နဲ့ချီပြီး လုပ်ခဲ့ပြီး ညပေါင်း ထောင်နဲ့ချီပြီး အိပ်ရေးပျက်ကောင်းပျက်ခဲ့ပါလိမ့်မယ်။ ၁၉၆၀ ပြည့်လွန်နှစ်တွေက သားငွဒ်ဟာ

ဝေါလေ့စ်အကြောင်းကို ရှန်.ရှန်.ရင်းရင်း အမနာပ ပြောဆိုခဲ့ပုံတွေကိုလည်း ကျွန်တော် ကြားခဲ့ရပါတယ်။ အခုလည်း ဝေါလေ့စ်က "လူမည်းတွေကို အမြဲချစ်ခဲ့ပါတယ်" လို့ ပြောခဲ့တဲ့စကားကို သားဂွဒ်က အယုံအကြည် မရှိဘူးလို့ ပြောမှာကို ကျွန်တော် တွေးခဲ့မိပါတယ်။

စတဲန်တင်က ကျွန်တော့်ကို မစ္စတာ ဝေါလေ့စ် ရဲ့ ရုံးကတစ်ဆင့် သူ့အိမ်ကို လိုက်ပို့ပေးခဲ့ပါတယ်။ ပြည်နယ်အုပ်ချုပ်ရေး မှူးဟောင်းကြီးဟာ ဆေးရုံခုတင်လို ပုံစံရှိတဲ့ အိပ်ရာပေါ်မှာ လဲလျောင်း နေပါတယ်။ သူက ကျွန်တော့်ကို လှမ်းပြီး လက်ဆွဲနှုတ်ဆက်ရင်း စကား စခဲ့ပါတယ်။

"ခင်ဗျားကို ပြန်တွေ့ရတာ ဝမ်းသာပါတယ်။ ခင်ဗျားကို သတင်းစာဆရာတစ်ယောက်အနေနဲ့ ကျုပ်က အမြဲ ချီးကျူးလေးစားခဲ့ပါတယ်"

ကျွန်တော့်စိတ်ထဲမှာတော့ "ဖြီးမနေနဲ့ အလကားပါ" လို့ ဖြစ်လိုက်မိတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ ဝေါလေ့စ် တကယ်ပြော တာ ဖြစ်နိုင်တယ်လို့ ကျွန်တော့်နှလုံးသားက လက်ခံခဲ့ပါတယ်။

ကျွန်တော်က ကျွန်တော်တို့နှစ်ယောက် အယ်လ်လာဘားမားပြည်နယ်ကောလိပ် ရာပြည့်နှစ်အခမ်းအနားတုန်းက စင်မြင့်ပေါ်မှာ အတူတူ ဂုဏ်ထူးဆောင်ဘွဲ့ လက်ခံခဲ့ကတည်းက နောက်ထပ် မျက်နှာချင်းဆိုင် မဆုံဖြစ်ခဲ့ကြဘူးလို့ သူ့ကို ပြောလိုက်ပါတယ်။ မစ္စတာ ဝေါလေ့စ်ဟာ နားကြပ်နဲ့ နားထောင်နေလို့ အော်ပြောဖို့ စတဲန်တင်က သတိပေးခဲ့ပါတယ်။ ဝေါလေ့စ်ဟာ နားလေးပေမယ့် သူ့ရဲ့စိတ်ကတော့ ကြည်လင်ပုံကို တွေ့ခဲ့ရတယ်။

"ဒါဟာ လွန်ခဲ့တဲ့ ရှစ်နှစ်က ၁၀ နှစ်အတွင်း ကျုပ်ပေးတဲ့ ပထမဆုံးအင်တာဗျူးပဲ။ အနည်းဆုံး ခြောက်နှစ် ရှိရော့မယ်"

အမှန်တော့ မစ္စတာ ဝေါလေ့စ်ဟာ လူမည်းတက္ကသိုလ်ဖြစ်တဲ့ တပ်စ်ကဂီးတက္ကသိုလ်က ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ဘွဲ့လည်း ရရှိခဲ့သူ ဖြစ်ပါတယ်။



မာတိကာသို့ ▶▶

"အဲဒီတုန်းက ကျုပ်ခေါင်းပေါ်မှာ ဘွဲ့ဦးထုပ်ဆောင်းပေးလိုက်တော့ လူမည်းတွေအားလုံး မတ်တပ်ရပ်ပြီး သြဘာပေးခဲ့ကြတယ်လေ။ ကျုပ်ဘဝမှာ ဂုဏ်အယူမိဆုံးအချိန် ဖြစ်ခဲ့ပါတယ်"

အဲဒီလို ပြောပြီးတဲ့အခါမှာတော့ ဝေါလေ့စ်က သူ့အနေနဲ့ လူမည်းတွေရဲ့ အသက်မွေးဝမ်းကျောင်းပညာရေးနဲ့ အထွေထွေလေ့ကျင့်မှုတွေအတွက် ဆောင်ရွက်ပေးခဲ့လို့ သူ့ကို လူမည်းတွေက ကျေးဇူးတင်ခဲ့ကြပုံတွေကို ပြောပြကြတယ်။

ကျော့ချ် ဝေါလေ့စ်ဟာ စံတင်လောက်အောင် ထင်မိထင်ရာ တစ်ယူသန်သမားကြီးအဖြစ် အထင်ခံခဲ့ရသူ ဖြစ်ခဲ့ပါတယ်။ သူဟာ မစ္စစ္စပီးပြည်နယ်က သီအိုဒို ဘီလ်ဘိုနဲ့ ဂျိမ်းစ် အိစ်လဲန်း၊ တောင်ကယ်ရိုလိုင်းနားပြည်နယ်က ဘင် တီလ်မင်တို့နဲ့ တန်းတူ တစ်ယူသန်သမားဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဝေါလေ့စ်ဟာ အခုလို အောက်ပိုင်းသေတဲ့ လူမမာဖြစ်နေတဲ့ဘဝမှာ အဲဒီ လူမျိုးရေးခွဲခြားမှုဝါဒီတွေနဲ့ ဘာမှ မပတ်သက်ချင်တော့ပုံကို ရှင်းရှင်းလေး တွေ့ခဲ့ရတယ်။

ဝေါလေ့စ်က ကျွန်တော့်ကို တွေ့ဆုံမေးမြန်းမှု ပြုခဲ့တာ သူ့မှာ မျှော်လင့်ချက်၊ ရည်ရွယ်ချက်တွေ ရှိလို့ ခွင့်ပြုခဲ့တာပါ။ သူဟာ လူမည်းတွေကိုချစ်ကြောင်း၊ လူမည်းတွေကို သိမ်ဖျင်းတယ်၊ အောက်တန်းကျတယ်လို့ သူဘယ်တုန်းကမှ မပြောမိခဲ့ကြောင်း၊ သူ့ဘဝသက်တမ်းတစ်လျှောက်လုံးမှာ လူမည်းတွေနဲ့ အတူနေအတူစား ဖြစ်ခဲ့ကြောင်း၊ သူတို့ဘဝကို မြှင့်တင်ပေးခဲ့ကြောင်း၊ သူ့ကို အယ်လ်လာဘားမားပြည်နယ်ရဲ့ အကောင်းဆုံးပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် လူမည်းတွေရဲ့ ချီးကျူးခြင်းကို ခံခဲ့ရကြောင်း၊ ဒါတွေကို ကျွန်တော်ယုံကြည်လက်ခံအောင် သူပြောပြချင်လို့ တွေ့ဆုံမေးမြန်းခွင့်ကို ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ အဓိကအကျဆုံးအချက် အနေနဲ့ သူ့ကို တောင်ပိုင်းသားတွေဖြစ်ကြတဲ့ လင်ဒင် ဂျွန်ဆင်နဲ့ အာကဲန်ဆောပြည်နယ်က ဆီးနိတ်အမတ် ဝီလျံ ဖူးလ်ဘရိုက်တို့လို တစ်ယူသန်သမားအဖြစ် အသရေယုတ်စွာ တံဆိပ်အတပ် မခံရလေအောင် လွတ်



မာတိကာသို့ ▶▶

မြောက်ရေးအတွက် လိုလားလို့ ကျွန်တော်နဲ့ တွေ့ဆုံစကားပြောခဲ့ခြင်းသာ ဖြစ်ပါတယ်။

ဝေါလေ့စ်နဲ့ ကျွန်တော် တွေ့ဆုံမေးမြန်းမှုကို လေ့လာရင် ဝေါလေ့စ်အပေါ် အကောင်းမြင်ချင် မြင်သွားနိုင်ပါတယ်။ မြင်ချင်မှလည်း မြင်ပါလိမ့်မယ်။ ဒါပေမဲ့ အမေရိကန်က လူမျိုးရေးခွဲခြားမှုအကြောင်းကိုတော့ ပိုပြီး ထိထိရောက်ရောက် နားလည်နိုင်မှာတော့ သေချာ တယ်။

မေး။ ။ မစ္စတာ ဝေါလေ့စ်ခင်ဗျား၊ တစ်ခါက ဘာမင်ဟဲမ် ဘုရားရှိခိုးကျောင်း ဗုံးခွဲမှု၊ ဂတ်စတင်မိုတယ် ဗုံးခွဲမှု၊ ဘုန်းတော်ကြီး အေ ဒီ ကင်း အိမ် ဗုံးခွဲမှုစတဲ့ ပြင်းထန်တဲ့ လုပ်ရပ်တွေကြောင့် ခင်ဗျားကို အပြစ်တင်သူတွေ ရှိခဲ့တယ်။ အဲဒီ ပြင်းထန်တဲ့ လုပ်ရပ်တွေကြောင့် ခင်ဗျားကို တစ်နည်းနည်းနဲ့ အပြစ်တင်ထိုက်တယ်လို့ ခင်ဗျားခံစားခဲ့မိဖူးပါသလား။ ကျွန်တော်က အဲဒီလို စမေးခဲ့တယ်။

ဖြေ။ ။ မထင်ခဲ့မိပါဘူးခင်ဗျား၊ ကျုပ်ကရုပ်မြင်သံကြားမှာ ပြောရတိုင်း အကြမ်းဖက်မှုကို ကျုပ် ဆန့်ကျင်ပြောဆိုခဲ့တယ်။ ကျုပ် အနေနဲ့ ပြည်နယ်စောင့်တပ်တွေကို တက္ကသိုလ်နယ်မြေထဲကို ခေါ်ယူ ခဲ့ရတာဟာ အကြမ်းဖက်မှုတွေ မဖြစ်အောင် ကြိုတင်ကာကွယ်ချင်လို့ ဖြစ် ခဲ့ပါတယ်။ အမေရိကန်ဆိုရှယ်လစ် အလုပ်သမားများပါတီတို့၊ နာဇီအုပ်စု တို့၊ ကူး ကလပ်စ် ကလန်ဂိုဏ်းသားတွေတို့၊ ဖက်ဆစ်အုပ်စုဟောင်းတို့ ဝင်လာမှာကို ကာကွယ်ဖို့ပါ။ ကေသုံးလုံးအဖွဲ့ဆိုရင် လူ သုံးဦးကိုသတ်ပြီး လူအတော်များများကို ဒဏ်ရာရစေခဲ့တယ်။ ကလေးပေါက်စလေးတွေကို မီးရှို့သတ်ခဲ့ကြတယ်။ ကျုပ်က တက္ကသိုလ်ကိုဝင်မယ့် လူမည်းတချို့ကို မဆန့်ကျင်ပါဘူး။ ကျုပ်တို့ဆန္ဒက ပူးပေါင်းပညာသင်ကြားရေး အချိန် ဇယားကို သတ်မှတ်ပေးချင်တာပဲ ရှိခဲ့တယ်။ တက္ကသိုလ် ဂေါ်ပကအဖွဲ့က တစ်စုတစ်ပေါင်းတည်း ပညာသင်ကြားရေးကို ၁၉၆၄ ခုနှစ်လို့ သတ်မှတ် ပေးခဲ့တယ်။ တရားရေးဌာနက ၁၉၆၃ ခုနှစ်လို့ သတ်မှတ်ပေးခဲ့တယ်။ ကျုပ်တို့ကလည်း ခေါင်းမာခဲ့တယ်။ သူတို့ကလည်း ခေါင်းမာခဲ့ကြတယ်။

အချိန်သတ်မှတ်ပေးတာကို ဘယ်သူက လုပ်ပေးရမှာလဲ။ တက္ကသိုလ် ဂေါပကဘုတ်အဖွဲ့က လုပ်ပေးရမှာလား။ ဒါမှမဟုတ် ပြည်ထောင်စုအစိုးရက လုပ်ပေးရမှာလား။ သူတို့က ကျုပ်ကို အဲဒီမေးခွန်းမေးဖို့ ခွင့်မပြုခဲ့ကြဘူး။ အဲဒါကြောင့် ကျုပ်လည်း အတင်းဝင်ပြီး ဆက်လုပ်ခဲ့တာပါ။ တပ်တွေကို ကျောင်းထဲမှာ ထားခဲ့ရတဲ့ အကြောင်းတစ်ခုကလည်း မစ္စစ္စပီးတက္ကသိုလ်မှာ ပေါက်ကွဲမှုဖြစ်ခဲ့သလို အပြင်က လူအုပ်ကို ကျောင်းပရဝုဏ်ထဲ ဝင်မလာအောင် ကာကွယ်တားဆီးရေးအတွက် ဖြစ်ပါတယ်။ ဒါပေမဲ့ ကျုပ်က အကြမ်းဖက်ခွင့် မပြုခဲ့ဘူး။ အမြဲတမ်း အကြမ်းဖက်မှုကို ဆန့်ကျင်တဲ့တရားပဲ ဟောခဲ့တာနော်။ အကြမ်းမဖက်ရေး တရားဥပဒေဘောင်အတွင်းမှာ လုံခြုံမှုအတွက် ကျုပ်လုပ်နိုင်သမျှ လုပ်ပေးသွားမှာဖြစ်တယ်လို့ ကျုပ်အခိုင်အမာ ပြောဆိုခဲ့တာပဲ။

မေး။ ။ ၁၉၆၃ ခုနှစ်က အေ ဂျီ ဂတ်စတင်မိုတယ်နဲ့ ဘုန်းတော်ကြီး အေ ဒီ ကင်းရဲ့အိမ်တို့မှာ ဗုံးဖောက်ခွဲမှု ဖြစ်ခဲ့ပြီးတဲ့နောက်မှာ ခင်ဗျားက လူသိရှင်ကြား ကွန်မြူနစ်တွေက ပြင်ပက အဖျက်သမားတွေကို အပြစ်တင် ပုံချခဲ့တယ်။ အဲဒီလိုပြောခဲ့တာဟာ တကယ်ကို ယုံကြည်ခဲ့လို့လား။

ဖြေ။ ။ ဟုတ်ပါပြီ၊ အဲဒီအချိန်တုန်းက ပြင်ပက လှုံ့ဆော်ရေးသမားတွေနဲ့ ပတ်သက်တယ်လို့ ကျုပ်ယုံကြည်ခဲ့တယ်။ ဘယ်သူတွေရယ်လို့ ကျုပ်မသိပါဘူး။ ဒါပေမယ့် ပြည်နယ်အတွင်းက လူသန်းပေါင်းအနည်းငယ်နဲ့လည်း ပတ်သက်တယ်လို့ ကျုပ်ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးမှာ ကျုပ်စိတ်ထိခိုက်ခဲ့ရတယ်။ အထူးသဖြင့် ဘုရားရှိခိုးကျောင်း ဗုံးဖောက်ခွဲမှုကြောင့်ပေါ့။ ဖြစ်ခဲ့သမျှတွေထဲမှာ ကြောက်မက်ဖွယ်ရာ အကောင်းဆုံး ဆိုးဝါးမှုကိစ္စ ဖြစ်ခဲ့ပါတယ်။ ဘုရားရှိခိုးကျောင်း ဗုံးခွဲသူတွေကို လျှပ်စစ်ကုလားထိုင်ပေါ်မှာတင်ပြီး သတ်ပစ်သင့်တယ်လို့တောင် ကျုပ်ပြောခဲ့မိပါတယ်။

မေး။ ။ ၁၉၆၀ ခုနှစ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေး



မာတိကာသို့

ကောက်ပွဲမှာ ဂျွန်ပက်တာဆင်ကို ရှုံးခဲ့တော့ "ဂျွန်ပက်တာဆင်က ကျုပ်ကို လူမည်းတွေနဲ့ လုပ်စားသွားတယ်။ နောက်တစ်ခါ ကျုပ်ဘယ်တော့မှ လူမည်းတွေနဲ့ လုပ်စားတာ မခံစားစေရဘူး" လို့ ပြောဆိုခဲ့တာ မှန်ပါသလား။

ဖြေ။ ။ မဟုတ်ဘူး။ ကျုပ်ကလည်း သူ့လိုပဲ လူဖြူလူမည်း ခွဲခြားရေး ပြင်းထန်သူတစ်ဦး ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ခြားနားချက်တော့ ရှိတယ်။ သူ့အဖေက သေနတ်နဲ့ ပစ်အသတ်ခံခဲ့ရတယ်။ အဲဒါကြောင့်မို့ ကရုဏာမဲ့တွေနဲ့ သူအရွေးခံခဲ့ရတာပါ။ အဲဒီတော့ ဘယ်နည်းနဲ့မဆို ကျုပ်ရှုံးခဲ့မှာပဲ။ တခြားလူဆိုလည်း ရှုံးခဲ့မှာပါပဲ။ သူ့အဖေဟာ ဖီးနစ်မြို့တော်ကို မှုခင်းနည်းအောင်ရှင်းဖို့ ကြိုးစားခဲ့လို့ အလုပ်ကြုံခံခဲ့ရတာပေါ့။

မေး။ ။ ကျွန်တော်သိချင်တာ တစ်ခုရှိပါတယ်။ ဂျော့ချ်ဝေါလေ့စ် ရွေးကောက်ပွဲဝင်တဲ့အခါမှာ နိုင်ငံရေးအရ လူမျိုးရေးကို သင့်သလို ကြည့်လုပ်သွားတဲ့ ငါးစာကို ဘယ်လောက်ကျွေးပြီး မဲဆွယ်ခဲ့သလဲ။ ပြီးတော့ လူဖြူ များကြီးစိုးရေးကို ပုဂ္ဂိုလ်ရေးအရ ထောက်ခံခဲ့မှုက ဘယ်အတိုင်းအတာအထိ ရောင်ပြန်ဟပ်ခဲ့ပါသလဲ။

ဖြေ။ ။ ဘုရားသခင်ရဲ့ လက်တော်နဲ့ ဖန်ဆင်းလိုက်သူမှန်သမျှ အသားဝါ၊ အသားမည်း၊ အသားညို၊ အသားဖြူ၊ အသားနီ ဘယ်သူပဲဖြစ်ဖြစ် ဘယ်ယောက်ျား ဘယ်မိန်းမတစ်ဦးကိုမှ ကျုပ်တစ်သက်လုံး မဆန့်ကျင်ခဲ့ဖူးပါဘူး။ ကျုပ်က ခရစ်ယာန်တစ်ယောက်ဖြစ်နေလို့ပါ။ လူမျိုးရေးနဲ့ ငါးစာပစ်ပြီး မှားတဲ့လူတွေကိုလည်း ကျုပ်ခုခံကာကွယ်မှု မပြုပါဘူး။ ပြည်ထောင်စုတရားရုံးတွေက ကျုပ်စိတ်ကို ဆွပေးခဲ့တာ ရှိပေမယ့် လူမည်းတစ်ယောက်ကို အရှက်ရအောင် ကျုပ်တစ်ခုမှ မပြောဆိုခဲ့ပါဘူး။ အဲ တစ်ခုတော့ရှိတယ်။ ကျုပ်ပြောခဲ့တဲ့ စကားဖြစ်တဲ့ လူဖြူလူမည်း နှစ်မျိုးစလုံးအတွက် အကောင်းဆုံး အကျိုးပြုမှာကတော့ သီးခြားခွဲခြားစာသင်ရတဲ့ ကျောင်းတွေထားရှိရေးကို ကျွန်တော်ယုံကြည်တယ်ဆိုတဲ့ ကျုပ်စကားနဲ့ ကျုပ်ကို ပြောခဲ့တာကို လူမည်းတစ်ယောက်လောက်က အရှက်ရဘာတော့



မာတိကာသို့

ဖြစ်ချင်ဖြစ်နိုင်တယ်။ လူမည်းတွေဟာ ညံ့ဖျင်းတယ်၊ အောက်တန်းကျတဲ့ အမျိုးဖြစ်တယ်လို့ ပြောခဲ့ကြသူတချို့ ရှိပါတယ်။ ကျုပ်အနေနဲ့ အဲဒါမျိုး ဘယ်တုန်းကမှ တစ်ခါမှ မပြောခဲ့ဖူးပါဘူး။ လူမည်းတွေကို ညံ့ဖျင်းတဲ့အမျိုး လို့ ကျုပ်ပြောဆိုခဲ့ပုံမျိုးကို ဒီတိုင်းပြည်က ဘယ်သတင်းစာ တစ်စောင်ကမှ ကိုးကားရေးထားတာမျိုးကို ခင်ဗျားတွေ့ရမှာ မဟုတ်ပါဘူး။

မေး။ ။ ပြည်နယ်အုပ်ချုပ်ရေးမှူးကြီးခင်ဗျား၊ ၁၉၆၃ ခုနှစ်က ပြည်နယ်အုပ်ချုပ်ရေးမှူး ကျမ်းသစ္စာကျိန်ဆိုပွဲမှာ ခင်ဗျားက အော်ဟစ်ပြီး လူဖြူလူမည်း ယနေ့ခွဲခြားမယ်၊ လူဖြူလူမည်း မနက်ဖြန်လည်း ခွဲခြားမယ်၊ လူဖြူလူမည်း ထာဝရခွဲခြားမယ်လို့ ပြောဆိုခဲ့တာ ရှိပါတယ်။ အဲဒါဟာ ခင်ဗျားတကယ်လိုလားခဲ့တဲ့ ကိစ္စဖြစ်ပါသလား။

ဖြေ။ ။ ၁၉၆၃ ခုနှစ်က ကျုပ်အဲဒီလို ပြောခဲ့တဲ့ ကြေညာချက်ဟာ မပြုလုပ်ခဲ့သင့်ပါဘူး။ ကျုပ်မပြောခဲ့သင့်ပါဘူး။ ဒါပေမဲ့ ပြည်ထောင်စု တရားရုံးစနစ်နဲ့ ကျုပ်အကြားမှာ ဖြစ်ခဲ့တဲ့ တိုက်ပွဲနဲ့ ကျုပ်ရဲ့စိတ်မှာ မခံချင်စော ပြင်းပြမှုတွေကြောင့် ကျုပ်အကုန်ပြောခဲ့မိတာပါ။ တကယ်တမ်းကျတော့ အဲဒါဟာ မှန်လည်း မမှန်ကန်တဲ့အတွက် ကျုပ်မပြောခဲ့သင့်တာ အမှန်ပါ။ အဲဒီလို ပြောခဲ့မိတဲ့အချိန်မှာ ကျုပ်တစ်ကိုယ်လုံးကလည်း တုန်နေအောင် ချမ်းနေခဲ့တယ်။ အဲဒီနေ့က အေးခဲ့ပုံက သုညအောက် အနုတ် ၅ ဒီဂရီတောင် ရှိခဲ့တယ်။ ကျုပ်အဲဒီလို ပြောခဲ့ဖို့ မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ်မိန့်ခွန်းထဲမှာ တစ်ယောက်ယောက်က ရေးထည့်လိုက်တော့ ကျုပ်လည်း ပြောခဲ့မိသွားတယ်။ ဒါပေမဲ့ လူက သိပ်ပြီးချမ်းနေတော့ ကျုပ်လည်း မေ့သွားခဲ့ပြီး မိန့်ခွန်းကို ဆက်ပြီး ဖတ်သွားခဲ့မိတာပဲ။

မေး။ ။ အဲဒီစာလုံးတွေကို ခင်ဗျားရေးခဲ့တာလား။ ဒါမှမဟုတ် ခင်ဗျားပြောအောင် တစ်ယောက်ယောက်က ခင်ဗျားရဲ့ပါးစပ်ထဲကို ထည့်ပေးလိုက်တာလား။

ဖြေ။ ။ ကျုပ် မရေးခဲ့ပါဘူး။ မရေးခဲ့ဘူး... မရေးခဲ့ဘူး။ မစ္စတာရိုဝင် ခင်ဗျားသိပါလိမ့်မယ်။ ကျုပ်ရဲ့ သမ္မတရွေးကောက်ပွဲအတွက်

နဲ့ အောက်ခြေရွေးပွဲအတွက် မဲဆွယ်ပွဲတွေမှာ လူမျိုးရေးကိစ္စကို ကျုပ် ဘယ်အခါမှ ထည့်မပြောခဲ့ပါဘူး။ တစ်ခါဆို တစ်ခါမှ ထည့်မပြောခဲ့မိဘူး။ ကျုပ်အမြဲတမ်း ပြောခဲ့တာရှိခဲ့တယ်။ လူမျိုး၊ အသားအရောင်၊ အယူဝါဒ၊ ဘာသာရေး၊ ဒါမှမဟုတ် ဇာတိမရွေး၊ ဘယ်လိုလူပဲဖြစ်ဖြစ် အဲဒီလူတွေ ဆီက မဲကို ကျုပ်လိုချင်တယ်လို့ ပြောခဲ့ပါတယ်။ ကျုပ်အနေနဲ့ လူအားလုံး ရဲ့ သမ္မတဖြစ်ချင်ခဲ့တယ်။

မေး။ ။ ဒီနိုင်ငံမှာ မျက်နှာဖြူတွေ ကြီးစိုးရေးနဲ့ ပတ်သက်လို့ ခင်ဗျားဟာ အထင်ရှားဆုံးလူ၊ အသံအကျယ်ဆုံးလူလို့ အသိအမှတ်ပြုခံခဲ့ရတာကိုရော ခင်ဗျား သတိပြုမိခဲ့ပါသလား။

ဖြေ။ ။ သတိမပြုမိခဲ့ပါဘူး။ ကျုပ်ဟာ လူမည်းဆန့်ကျင်ရေး မဲဆွယ်ဟောပြောမှုကို မလုပ်ခဲ့ပါဘူး။ ဘုရားမလို့ဗျာ။ အဲဒီလိုလုပ်ခဲ့ရင် လူတစ်ယောက်အနေနဲ့ အဆိုးဝါးဆုံးအလုပ်ကို လုပ်ခဲ့တာ ဖြစ်ခဲ့ပါလိမ့်မယ်။

မေး။ ။ မယ်ရီလန်းပြည်နယ်၊ လော်ရယ်လ်မြို့မှာ ခင်ဗျားကို သေနတ်နဲ့ အပစ်ခံခဲ့ရတဲ့ ကြေကွဲဖွယ်ရာအဖြစ်အပျက်ကြောင့် ခင်ဗျားရဲ့ အယူအဆ ရှုထောင့်တွေကို ပြောင်းလဲစေခဲ့တာလား။

ဖြေ။ ။ မဟုတ်ဘူးခင်ဗျ၊ လူမည်းတွေအကြောင်း ကျုပ်က သိထားခဲ့ပြီးဖြစ်တော့ မယ်ရီလန်းပြည်နယ်မှာ ကျုပ်ကို သေနတ်နဲ့အပစ်ခံခဲ့ရတာက ကျုပ်ဟာ အမြင်တွေကို လုံးဝ ပြောင်းလဲမသွားစေခဲ့ပါဘူး။ ကျုပ်ဟာ လူဖြူတွေကိုချစ်သလောက် လူမည်းတွေကိုလည်း တန်းတူ ချစ်တဲ့သူပါ။ အဲဒါကြောင့်လည်း ကျုပ်ပြောခဲ့သမျှ ဘယ်မိန့်ခွန်းတွေထဲမှာမှ လူမည်းတွေအကြောင်း အကြင်နာကင်းမဲ့တဲ့စကား တစ်လုံးမှ ထည့်မပြောခဲ့မိဘူး။ ကျုပ်သာ သူတို့အကြောင်း မကောင်းပြောခဲ့မိရင် လူမည်းတွေဟာ ၁၉၇၄ ခုနှစ်က ၁၉၈၂ ခုနှစ်အထိ ကျုပ်ကို ဘာ့ကြောင့် မဲပေးခဲ့ကြလိမ့်မလဲ။ ကိုယ့်ကိုကိုယ် လေးစားမှုရှိတဲ့ ဘယ်လူမည်းတစ်ဦးကိုပဲဖြစ်ဖြစ်၊ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ဖြစ်စေ၊ လူမျိုးတစ်မျိုးအနေနဲ့ဖြစ်စေ၊ သူတို့ကို လူ



မာတိကာသို့

တစ်ယောက်က မကောင်းတဲ့အကြောင်း ပြောခဲ့မိရင် သူတို့ဟာ အနှစ်တစ်ထောင်ကြာတောင် ခင်ဗျားကို တစ်မဲမှ ပေးခဲ့ကြမှာ မဟုတ်ပါဘူး။

မေး။ ။ ပြည်နယ်အုပ်ချုပ်ရေးမှူးကြီးခင်ဗျား...လူဖြူလူမည်း ခွဲခြားမှုကို ထိန်းထားလို့ ရနိုင်မယ် မဟုတ်ဘူးဆိုတာကို ဘယ်အချိန်မှာစပြီး သဘောပေါက်ခဲ့ပါသလဲ။

ဖြေ။ ။ ၁၉၆၄ ခုနှစ်မှာပါ။

မေး။ ။ ၁၉၆၄ ခုနှစ်မှာ ဘာဖြစ်ခဲ့လို့ပါလိမ့်။

ဖြေ။ ။ လူမျိုးရေးကွဲနေတဲ့ တိုင်းပြည်တစ်ပြည်ဟာ ရပ်တည်လို့ ရနိုင်မှာ မဟုတ်ဘူးဆိုတာကို ကျုပ်သိလာခဲ့လို့ပါ။

မေး။ ။ မျက်နှာဖြူဆင်းရဲသားတွေနဲ့ လူမည်းဆင်းရဲသားတွေကို အိုးမဲသုတ် တိုက်ပေးပြီး အဆီကိုစား၊ အသားကိုမျိုတဲ့ကြောင်ပါးကြီးတွေကိုတော့ ကောင်းတာတွေနဲ့ လွှတ်ထားတယ်လို့ ခင်ဗျားပြောခဲ့တယ်လို့ ကိုးကားရေးသားပြောဆိုတဲ့ကြတာ ရှိပါတယ်။ ခင်ဗျားရဲ့ အဲဒီလိုသတိပေးချက်တွေအတွက် ဒီနေ့ဒီအခါမှာ မှန်ကန်တဲ့ သက်သေအထောက်အထားတွေကို ကျွန်တော်တို့ တွေ့မြင်မနေရဘူးလား။

ဖြေ။ ။ အို သိပ်တွေ့ရတာပေါ့ဗျာ။ ကျုပ်သေချာပေါက်ယုံကြည်တာရှိတယ်။ သမ္မတရေဂင်ရဲ့ လက်အောက်က ရီပတ်ဘလီကင်ပါတီဝင်တွေ၊ ဝင်ငွေနည်းတဲ့ လူဖြူလူမည်းတွေနဲ့ လူလတ်တန်းစားတွေဟာ မတန်တဆ အခွန်ငွေ ဖြစ်ညှစ်ပေးနေကြရပြီး ချမ်းသာတဲ့သူတွေက ရေဂင်လက်ထက်မှာ ဘယ်အစိုးရလက်ထက်နဲ့မှ မတူအောင် ပိုပြီး ထောနေကြ တယ်။ ကျုပ်အနေနဲ့ လူမည်းအများကို လူလတ်တန်းစားဖြစ်လာစေချင်ခဲ့တယ်။ အမေရိကမှာ လူမည်းတိုင်းဟာ လူလတ်တန်းစားထဲ ဝင်လာကြရင် ဒီနိုင်ငံဟာ သိပ်နေလို့ကောင်းတဲ့နိုင်ငံဖြစ်လာမှာ သေချာတယ်။ လူမည်းတစ်ယောက် ကောလိပ်က ဘွဲ့ရပြီး အလုပ်ရတာတွေကို မြင်ရတိုင်း ကျုပ်စိတ်ချမ်းသာခဲ့ရပါတယ်။



မာတိကာသို့

၁၉၆၄ ခုနှစ်တုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လူတိုင်းအတွက် ပြည်သူ့အခွင့်အရေးတွေကို ပေးခဲ့တယ်။ ဒါပေမဲ့ ဥပဒေတွေက ပစ္စည်းပိုင်ဆိုင်သူတွေကို ထိခိုက်မှာတော့ စိုးရိမ်မိတယ်။ တရားမျှတစွာ အလုပ်အကိုင်ပေးရေး ဥပဒေတွေဟာ လွတ်လပ်တဲ့ဈေးကွက်စနစ်ကို ထိခိုက်လိမ့်မယ်လို့ ကျုပ်ပြောခဲ့မိတယ်။ ဒါပေမဲ့ ကျုပ် လုံးဝ မှားသွားခဲ့တယ်။ အခုပြန်စဉ်းစားကြည့်ပါ။ သမ္မတ လင်ဒင် ဂျွန်ဆင်ဟာ ပြည်သူ့အခွင့်အရေးများဥပဒေတွေကို နှစ်ပေါင်းများစွာချိုပြီး တိုက်ခဲ့ရတယ်။ အဲဒီဥပဒေတွေကို အတည်မပြုနိုင်အောင် နှစ်ပေါင်းများစွာ တားဆီးခဲ့တယ်။ သူဟာ လူဖြူတွေရဲ့ အခြေခံနဲ့ပဲ ကွန်ဂရက်အမတ်အဖြစ် အရွေးခံခဲ့ရတယ်။ သူဟာ လူဖြူလူမည်း လူမျိုးရေးခွဲခြားရေးသမားတစ်ဦး ဖြစ်ခဲ့တယ်။ ဒါပေမဲ့ သူ့ကို အားလုံးက ဝိုင်းပြီး ထူထောင်ပေးခဲ့ကြတယ်။ ကျုပ်ကျတော့ ခင်ဗျားတို့ အားလုံး ထူထောင်မပေးခဲ့ကြဘူး။ ကျုပ်သာ လူအများပြောခဲ့သလို ယုတ်ညံ့တဲ့သူတစ်ဦး ဖြစ်ခဲ့မယ်ဆိုရင် တပ်စ်ကဂီးတက္ကသိုလ် (လူမည်းတက္ကသိုလ်) က ကျုပ်ကို အဲဒီဂုဏ်ထူးဆောင်ဘွဲ့ ပေးခဲ့ကြပါ့မလားဗျာ။

မေး။ ။ ခင်ဗျားအကြောင်းကို စာနယ်ဇင်းတွေက မှန်မှန်ကန်ကန် မဖော်ပြခဲ့တဲ့အတွက် သူတို့ကို အပြစ်တင်စရာလို့ ခင်ဗျားစိတ်ထဲမှာ ခံစားမိခဲ့ရသလား။

ဖြေ။ ။ ခံစားရတာပေါ့ဗျာ။ သိပ်မှန်တာပေါ့။ ကျုပ်အနေနဲ့ သမ္မတ လင်ဒင် ဂျွန်ဆင်လုပ်ခဲ့တာတွေထက် ပိုမလုပ်ခဲ့မိပါဘူး။ သူဟာ လူဖြူလူမည်း လူမျိုးရေးခွဲခြားရေးသမားကြီးတစ်ဦးပါ။ ဒါပေမဲ့ သူလည်း ကျုပ်လုပ်ခဲ့သလိုပါပဲ။ သူဟာ ပြည်သူ့အခွင့်အရေးဥပဒေတွေကို တိုက်ခိုက်ခဲ့တယ်။ ဒါပေမဲ့ သူလည်း ကျုပ်လုပ်ခဲ့သလိုပါပဲ။ သဘောထားပြောင်းလဲခဲ့ပါတယ်။ လူဖြူလူမည်းခွဲခြားရေးဝါဒဟာ ပျက်သုဉ်းရမှာပဲလို့ ကျုပ်တို့ နားလည်သဘောပေါက်ခဲ့ကြပါတယ်။

မေး။ ။ မစ္စတာဝေါလေ့စ်ရဲ့ ထူးခြားတဲ့သက်တမ်းတစ်လျှောက် ပြောခဲ့သမျှ၊ လုပ်ခဲ့သမျှတွေထဲမှာ ဘယ်ကိစ္စကို ဂုဏ်အယူဆုံး

ပါလဲ။ ဘယ်ကိစ္စကို ဝမ်းအနည်းဆုံး ဖြစ်မိပါသလဲ။

ဖြေ။ ။ ကျုပ်ရဲ့ ပထမဆုံး ကျမ်းသစ္စာကျိန်ဆိုပွဲမှာ လူဖြူလူမည်း ထာဝရ ခွဲခြားမယ်လို့ ပြောခဲ့မိတဲ့ မိန့်ခွန်းအတွက် နောင်တ အရဆုံး ဝမ်းအနည်းဆုံးဖြစ်ပါတယ်။ ကျုပ်ဂုဏ်အယူမိဆုံးကတော့ လူမည်း အချို့အတွက် ပညာသင်ကြားရေးနဲ့ ပတ်သက်ပြီး စစ်မှန်တဲ့ အခွင့်အရေး ကောင်းများ ပေးနိုင်ခဲ့တယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။

အဲဒီလို တွေ့ဆုံမေးမြန်းပြီးတဲ့နောက်မှာ မစ္စတာဝေါလေ့စ်ဟာ ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလအတွင်းမှာ အေဂျီ ဂတ်စတွင်မိုတယ်ပိုင်ရှင် လူမည်းပုဂ္ဂိုလ်က သူ့ထံရေးခဲ့တဲ့ စာတစ်စောင်ကို ထုတ်ပြခဲ့ပါတယ်။ အဲဒီ စာထဲမှာ သူ့ကို "လူကြီးမင်းသည် အယ်လ်လာဘားမားပြည်နယ်ရဲ့ ပြည်နယ် အုပ်ချုပ်ရေးမှူးကောင်းတစ်ဦး ဖြစ်ခဲ့ပါသည်။ ယခုအခါတွင် ကျွန်တော် လည်း လူကြီးမင်းကဲ့သို့ပင် ဘီးတပ်လက်တွန်းလှည်း စီးနေရသည့် လူမမာ တစ်ဦး ဖြစ်နေပါသည်။ ကျွန်တော်သည် မစ္စတာ ဝေါလေ့စ်အား နောက် တစ်ကြိမ် ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ထပ်ပြီး မဲပေးခွင့် ရသည်အထိ ဆက်လက် အသက်ရှင်နေထိုင်သွားရလိမ့်ဦးမည်ဟု မျှော်လင့်မိပါသည်" လို့ ရေးသားထားပါတယ်။

ကျွန်တော် တံခါးမှ ပြန်ထွက်လာချိန်တွင် မစ္စတာ ဝေါလေ့စ် အော်ပြောနေသော စကားများကို ကျွန်တော် ကြားခဲ့ရပါသည်။ "သူတို့ဟာ ဂျွန် စပတ်မင်း (အယ်လ်လာဘားမားပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း) ရယ်၊ ဘီလ် ဖူးလ်ဘရိုက်ရယ်၊ လင်ဒင် ဂျွန်ဆင်ရယ် သူတို့တစ်တွေကိုတော့ ပြန်လည်ထူထောင်ပေးခဲ့ကြတယ်။ ငါ့ကိုကျတော့ သူတို့ဘာဖြစ်လို့ ထူ ထောင်မပေးခဲ့ကြသလဲ"

* * *

အဲဒီနေ့က အပြန်ခရီးအတွက် လေယာဉ်ပေါ်မှာ ထိုင်မိတဲ့နောက် ကျွန်တော့်ခေါင်းထဲမှာ တွေးခဲ့မိတာတွေရှိတယ်။ ဂျော့ချ် ဝေါလေ့စ်က သူဟာ တစ်ယူသန်ဝါဒီ မဟုတ်ပါဘူးလို့ ပြောခဲ့တာကို ကျွန်တော် ယုံမယုံကို မိတ်ဆွေတွေက စဉ်းစားကြလိမ့်မယ်၊ ကျွန်တော့်ကို မေးလည်း မေးကြလိမ့်ဦးမယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ကျွန်တော့်အမြင်ကို ပြောရမှာကတော့ ဝေါလေ့စ်ဟာ လူမည်းတွေကို ကယ်တင်ခဲ့သူတစ်ဦး မဟုတ်ခဲ့ပါဘူး။ သူဟာ ပြန်လည်ပြင်ဆင်ရေးသမားတစ်ဦးသာ ဖြစ်ခဲ့တယ်။ သူဟာ သူ့ရဲ့ ကိုယ်ရေးသမိုင်းကို သင့်တော်သလို ပြန်လည်ပြုပြင်သူ တစ်ဦးသာ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဝေါလေ့စ်ဟာ အခုအခါမှာတော့ သူပြောခဲ့တာတွေ အပေါ်မှာ အမှန်ပဲ ယုံကြည်ခဲ့တယ်လို့တော့ ကျွန်တော်ခံစားမိခဲ့ပါတယ်။

ဝေါလေ့စ်ကို သားဂွဒ် မာရှယ်လ်က ရှုတ်ချပြောဆိုခဲ့တဲ့ ကာလတွေကိုလည်း ကျွန်တော်ပြန်ပြီး သတိရမိခဲ့ပါတယ်။ သားဂွဒ်က ဝေါလေ့စ်ကို "တံခါးမှူးတွေ" ထဲက တစ်ဦးသာဖြစ်တယ်လို့ ရှုတ်ချခဲ့တယ်။ သမ္မတများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များဟာ ငြိမ်းချမ်းစွာ ပြောင်းလဲမှု လုပ်လို့ရမလား၊ အကြမ်းဖက်မှုနဲ့ ပုန်ကန်မှုနဲ့ လုပ်မှ ရမလားဆိုတဲ့ အဆုံးအဖြတ်တွေအတွက် အပိတ်အဖွင့်လုပ်တဲ့ တံခါးမှူးတစ်ဦးဖြစ်တယ်လို့ သားဂွဒ်က ပြောခဲ့ပါတယ်။ ဝေါလေ့စ်ဟာ အယ်လ်လာဘားမားပြည်နယ်ရဲ့ တံခါးမှူးဘဝတုန်းက ပြောဆိုခဲ့ပုံတွေဟာ အခုအိပ်ရာထဲလဲနေတဲ့ လူမမာဘဝမှာ ကျွန်တော့်ကို ပြောသလို မပြောခဲ့ဘူးလို့ သားဂွဒ် မာရှယ်လ်က ခါးခါးသီးသီး ပြန်ပြီး သုံးသပ်ပြခဲ့တယ်။

ကျွန်တော် ဝေါ်ရှင်တင် အပြန်ခရီးမှာ ကံကြမ္မာရဲ့ စူးရှတဲ့ အလှည့်အပြောင်းတစ်ခုကို ခေါင်းထဲမှာ စဉ်းစားမိခဲ့တာ ရှိသေးတယ်။

အော်သရင်း လူစီဟာ အခုအခါမှာတော့ ဘာမင်ဟဲမ်က ဘက်ပ်တစ် တရားဟောဘုန်းတော်ကြီး ဟျူး ဖော်စတာရဲ့ဇနီး အော်သရင်း လူစီ ဖော်စတာ ဖြစ်နေပါပြီ။ သူမဟာ တူစကာလူးဆားက အယ်လ်လာဘားမား တက္ကသိုလ်မှာ ကျောင်းဝင်ခွင့် ရခဲ့ပြီးပြီ။ ၁၉၉၂ ခုနှစ်၊ မေလမှာ မဟာ




မာတိကာသို့ ▶▶


ဝိန္ဓာဘွဲ့ရတော့ မှာဖြစ်တယ်။ သူမကို အယ်လ်လာဘားမားပြည်နယ်နဲ့ အယ်လ်လာဘားမားတက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့က ရက်ရက်စက်စက် ငြင်းပယ်ခဲ့ပြီးတဲ့နောက် ၃၆ နှစ်အကြာမှာ အယ်လ်လာဘားမားတက္ကသိုလ်က ဘွဲ့ရတော့မှာ ဖြစ်ပါတယ်။ ပိုပြီး အံ့သြစရာကောင်းတဲ့ ကံကြမ္မာဖန်တီးမှု တစ်ခုလည်း ရှိသေးပြန်တယ်။ အဲဒါကတော့ အသက် ၆၂ နှစ်အရွယ် ရှိပြီဖြစ်တဲ့ ကျောင်းဆရာမ အော်သရင်းဟာ ကျောင်းသားဦးရေ ၁၈,၀၉၆ ဦးအနက် လူမည်းကျောင်းသား ၁,၇၅၅ ပါနေတဲ့ အယ်လ်လာဘားမား တက္ကသိုလ်နယ်မြေ မှာ သူမရဲ့သမီးဖြစ်သူ ဂရာဇီယာနဲ့ အတူတူ ဘွဲ့ယူမှာ ဖြစ်ပါတော့တယ်။

ကျွန်တော် ဝေါလေ့စ်ကို သွားရောက်တွေ့ဆုံ မေးမြန်းခြင်း မပြု လုပ်ခင်မှာ သားဂွဒ် မာရှယ်လ်က ကျွန်တော့်ကို စကားတစ်ခွန်း ပြောခဲ့တာ ရှိပါတယ်။

"ကျုပ်တို့နဲ့ ကံကြမ္မာက ဝေါလေ့စ်ကို အနိုင်ရခဲ့တယ်။ ဒါပေ မယ့် လူသားတွေ အများကြီး ဒုက္ခဝေဒနာ ခံစားခဲ့ရပြီးမှ အနိုင်ရခဲ့တာ ဖြစ်တယ်" တဲ့။

မာရှယ်လ် ငယ်စဉ်က ---
အသားရောင်ဖြူပြီး ဆံပင်ဖြောင့်သဖြင့်
လူမျိုးရေး ခွဲခြားမှု ထောက်ခံသည့်
အယ်ဒီတာ တစ်ဦးက သူ့အား
"ကပြားရှေ့နေ" ဟု
ကင်ပွန်းတပ်ခဲ့ဖူးသည်။





မာရှယ်လ် ကြီးပြင်းစဉ်ကာလ၌
လူမည်းအများအပြား လည်ပင်း
ကြိုးကွင်းစွပ်အသတ်ခံရသည်ကို
တွေ့ကြုံခဲ့ရခြင်းသည်
အမေရိကန်နိုင်ငံသားအားလုံးအား
ဖွဲ့စည်းပုံအခြေခံဥပဒေ၏
အကာအကွယ်အစောင့်အရှောက်
ရစေလိုသည့် ယင်း၏ဆန္ဒကို
နှိုးဆွပေးခဲ့သည်။




သမ္မတကတော် မစ္စစ် အယ်လီနာ ရုစဗဲ့လ်ထ်သည် အဲန်အေအေစီပီအဖွဲ့ကြီးနှင့် မာရှယ်လ်တို့၏ လူနည်းစုအားလုံး တရားမျှတမှုရရှိရေး ကြိုးပမ်းမှု ကို လှိုက်လှိုက်လှဲလှဲထောက်ခံခဲ့သည်။ နောက်တွင် ရပ်နေသူ ဝေါ်လ်တာ ဝှိုက်နှင့် ရှိုင် ဝီလ်ကင်းစ်၊ ရှေ့တန်းတွင် ဒေါက်တာ ဂျိမ်းစ် မက်ကလဲန်ဒင်၊ မစ္စစ် ရုစဗဲ့လ်ထ်နှင့် သားဂွဒ် မာရှယ်လ်။



ဒေါသအမျက်ချောင်းချောင်းထွက်နေသည့် မာရှယ်လ်က အော်သရင်း လူစီအား အကြမ်းဖက်မှုဖြစ်ပွားနေသည့် အယ်လ်လာဘားမား တက္ကသိုလ်မှ ခေါ် ထုတ်လာပုံ။



*ဘရောင်းနှင့် ပညာရေးဘုတ်အဖွဲ့အမှု ကို အနိုင်ရရှိပြီးနောက် ဝမ်းပန်းတသာဖြစ်နေကြသူများ – ဝဲမှယာသို့၊ ရှိုင် ဝီလ်ကင်းစ်၊ မာရှယ်လ်၊ ဝေါလ်တာ ဝှိုက်နှင့် မာရှယ်လ်၏လက်ထောက် ရောဘတ် ကာတာ။*



ဝေါလ်တာ ဝှိုက် (ယာအစွန်) က လူဖြူအမျိုးသမီး ပေါ ပီ ကဲန်နင်ကို ထိမ်းမြား လက်ထပ် လိုက်ခြင်းကြောင့် အဲန်အေအေစီပီအဖွဲ့ကြီးအတွင်း၌ အကြီးအကျယ် ဂယက်ရိုက်သွားသည်။



မာရှယ်လ်၏ ပထမဇနီး
ဗီဗီယန် (ဘတ်စ်တာ) ဘာရေး
ကွယ်လွန်ပြီးနောက်
ဒုတိယအိမ်ထောင် စီစီလီယာ
ဆူးယပ်နှင့် သားနှစ်ယောက်
ရရှိခဲ့ သည်။




သားဂွဒ်နှင့် စီစီတို့ကို
၁၉၆၂ ခုနှစ်၌ ဗားမော့န်သို့
အလည်လာစဉ် တွေ့ရှိရပုံ။



မာရှယ်လ်အား သမ္မတလင်ဒင် ဂျွန်ဆင်ဘေးတွင် တွေ့မြင်ရပုံ။ သမ္မတကြီးက ၁၉၆၅ ခုနှစ် မဲဆန္ဒပေးနိုင်ရေးအက်ဥပဒေကို လက်မှတ်ထိုးနေစဉ် ပြည်သူ့အခွင့်အရေးခေါင်းဆောင်များက ဝိုင်း၍ ကြည့်နေကြပုံ။




၁၉၆၇ ခုနှစ်၌ မာရှယ်လ်အား အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်၌ တရားသူကြီးအဖြစ် ခန့်အပ်ကြောင်း မကြေညာမီ သမ္မတဂျွန်ဆင်နှင့်အတူ တွေ့မြင်ရပုံ။



အမေရိကန်ပြည်ထောင်စု
တရားရုံးချုပ်၌
တာဝန်ထမ်းဆောင်ရန်
အတည်ပြုခြင်းခံရပြီးနောက်
မာရှယ်လ်အား တွေ့မြင်ရပုံ။




၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့၌ တရားရုံးချုပ်တွင် ပထမဦးဆုံးအကြိမ် ရုံးမထိုင်မီ ဇနီးဖြစ်သူ စီစီက မာရှယ်လ်၏ တရားသူကြီးဝတ်ရုံကို သပ်သပ်ရပ်ရပ်ဖြစ်ရန် ပြုပြင်ပေးနေပုံ။



၁၉၆၇ ခုနှစ်တွင် မာရှယ်လ် တရားရုံးချုပ်တွင် စတင်တာဝန်ထမ်းဆောင်စဉ် တရားသူကြီးချုပ် အားလ် ဝေါရင် (*အရှေ့တန်းအလယ်လူ*) နှင့် တကွ အခြား တရားသူကြီးများနှင့်အတူ တွေ့မြင်ရပုံ။



မာရှယ်လ်နှင့် စာရေးသူ ကားလ် ရိုဝင်။




တရားရုံးချုပ် တရားသူကြီး ကလဲရင့်စ် သောမတ်စ်အား ကာတွန်းဖြင့် သရော်ထားပုံ။



အလုပ်ခန့်အပ်သည့် အခမ်းအနားတွင် တရားသူကြီး ကလဲရင့်စ် သောမတ်စ် မှတ်တမ်းရေးသားနေပုံ။

# အခန်း (၁၇)

## ဥပဒေပါရဂူ မာရှယ်လ်နှင့် ဝင်ရိုလိုက်မှု

ဂျော့ချ် ဝေါလေ့စ်ရဲ့ ဘဝဖြစ်စဉ်ဟာ သမိုင်းရဲ့ တစ်စိတ်တစ်ဒေသလို ဖြစ်ခဲ့ချိန်မှာ သားဂွဒ် မာရှယ်လ်ကလည်း သူ့ရဲ့ဘဝမှာ ကြီးမားတဲ့ ကဏ္ဍတစ်ခုက ပါဝင်ပတ်သက်ခဲ့ပါတယ်။ သမ္မတကနေဒီဟာ အမေရိကန်တရားရေးဌာနရဲ့ ဖွဲ့စည်းပုံစနစ်ကို လေ့လာကြည့်တဲ့အခါမှာ တရားရေးဌာနဟာ လူမည်းတွေ အရှင်းဆုံးဌာနဖြစ်နေတာကို တွေ့ခဲ့ရတယ်။ တရားသူကြီးတွေထဲမှာ လူမည်းတရားသူကြီး၊ အမျိုးသမီးတရားသူကြီးတွေနဲ့ တခြား လူနည်းစု တရားသူကြီးတွေဟာ ရက်စရာကောင်းလောက်အောင် အရေအတွက် နည်းပါးနေတယ်။ တရားရေးစနစ်နဲ့ ဆက်စပ်နေတဲ့ ဘိလစ်စာရေးတွေ၊ တရားရုံးသတင်းထောက်တွေနဲ့ တခြားအမှုထမ်းအားလုံးလိုလိုဟာ မျက်နှာ ဖြူတွေဖြစ်နေတယ်။ သမ္မတကနေဒီက သားဂွဒ် မာရှယ်လ်ကို ဒုတိယ ပတ်လည်ပြည်ထောင်စုအယူခံတရားရုံးမှာ ရာထူးပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒုတိယပတ်လည်ဒေသဟာ နယူးယောက်၊ ကော်န်နက်



မာတိကာသို့ ▸▸

တီးကပ်နဲ့ ဗားမော့န်ပြည်နယ် သုံးခုတို့ကို ကိုင်တွယ်တယ်။ ကိုလမ်းဘီးယားခရိုင်က ပထမပတ်လည် တရားရုံးပြီးရင် အရေးအကြီးဆုံး အယူခံ တရားရုံးဖြစ်တယ်။

ကနေဒီဟာ တရားရုံးချုပ်မှာ အမှန်ပဲ လူမည်းတစ်ဦးကို ပထမဆုံး ရာထူးပေးတဲ့ သမ္မတဖြစ်ချင်ခဲ့တယ်။ တရားရုံးချုပ်မှာ ဖီလာဒဲလ်ဖီးယားက ဝီလျံ ဟေးစတီးကို ရာထူးခန့်ထားရေးအတွက် ဂျွန် အက်ဖ် ကနေဒီဟာ သူ့ညီ ဘော်ဘီ (ရောဘတ် ကနေဒီ) နဲ့ ဆွေးနွေးပြောဆိုကြည့်ခဲ့တယ်။ ဝီလျံ ဟေးစတီးဟာ ဟောင်းဝပ်တက္ကသိုလ် ဥပဒေကျောင်းရဲ့ ကျောင်းသားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး အမေရိကန်နိုင်ငံရဲ့ ပြည်ထောင်စု တရားသူကြီးတစ်ဦးအဖြစ် ပထမဆုံး တာဝန်ပေးအပ်ခြင်း ခံခဲ့ရတဲ့ လူမည်းဖြစ်ပါတယ်။ ဘော်ဘီက သူ့ရဲ့ ဝင့်ဝါတဲ့ပုံစံအတိုင်း ဟေးစတီးကို ရာထူးပေးဖို့ကောင်းမကောင်းကို တရားသူကြီးချုပ် ဝေါရင့်ထံ သွားမေးခဲ့ပြန်တယ်။ ဝေါရင်က သဘောမတူခဲ့ဘူး။ ဝေါရင်က ဟေးစတီးဟာ အမြင်ကျယ်သူ၊ သဘောထားကြီးသူတစ်ဦး မဟုတ်ကြောင်းနဲ့ လူမျိုးရေး တန်းတူညီမျှမှု ရည်မှန်းချက်တွေအတွက် ဝေါရင်နဲ့ တရားရုံးတော်က သူ့ရဲ့ အပေါင်းအဖော်တွေ ကြိုးစားဆောင်ရွက်နေမှုအားလုံးကို လုံးဝ ပျက်စီးခြင်းတရား ဆိုက်သွားနိုင်တယ်လို့ ယူဆကြောင်း ဝေါရင်က ပြန်ပြောခဲ့တယ်။ ရောဘတ် ကနေဒီ သူ့အစ်ကိုကို အထက်ပါအတိုင်း ပြန်ပြောပြခဲ့ပုံကိုသာ သားဂွဒ် မာရှယ်လ် သိခဲ့ရင် တက်တောင် သေသွားနိုင်လောက်တယ်။ ဒါပေမဲ့ သူဘာမှ မသိခဲ့ဘူး။

သမ္မတကနေဒီဟာ တရားရေးစနစ်ကို တခြားနည်းလမ်းတွေနဲ့ ကြိုးစားပြောင်းလဲရေးကိုလည်း ဆက်ပြီး ကြိုးစားအားထုတ်ခဲ့တယ်။ ကနေဒီဟာ ပြည်ထောင်စု တရားသူကြီးများအဖြစ် လူမည်း ၁၀ ဦးကို တာဝန်ပေးခဲ့တယ်။ ဒါပေမဲ့ သားဂွဒ် မာရှယ်လ်ကို ရာထူးပေးခဲ့တာဟာ အရေးအပါဆုံး ရာထူးခန့်အပ်မှု ဖြစ်ခဲ့ပါတယ်။

သားဂွဒ် မာရှယ်လ်ကို ရာထူးခန့်အပ်ခြင်းဟာ အပြင်းအထန်



မာတိကာသို့ ▸▸

အငြင်းပွားစရာ ဖြစ်လိမ့်မယ်ဆိုတာကို သမ္မတကနေဒီက သိခဲ့တယ်။ ဒါ့ကြောင့် သူက သားဂွဒ်ကို တရားရုံးချုပ်မှာ ချက်ချင်းတာဝန် မပေးဖို့ ဆုံးဖြတ်ခဲ့တယ်။ သားဂွဒ်ကို အယူခံတရားရုံးမှာ ရာထူးအတည်ပေးလိုက်ဖို့ ကိုက အတော်ခက်တဲ့အလုပ် ဖြစ်နေပါပြီ။ တကယ်ကျတော့လည်း သမ္မတကနေဒီ စဉ်းစားခဲ့မိတာထက် ပိုပြီး ခက်ခဲမှုတွေနဲ့ တွေ့ကြုံခဲ့ရတယ်။ ကနေဒီက မာရှယ်လ်ကို ရာထူးခန့်ဖို့ ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၃၁ ရက်နေ့မှာ အဆိုပြုချက်တင်သွင်းခဲ့တယ်။ တစ်နိုင်ငံလုံးက သတင်းစာတွေမှာ ကြိုက်တဲ့သူတွေနဲ့ မကြိုက်တဲ့သူတွေက သတင်းစာတွေထဲမှာ ခေါင်းကြီးတွေနဲ့ အပြန်အလှန် ဖော်ပြကြဖို့ လှုံ့ဆွပေးသလို ဖြစ်ခဲ့တယ်။ ဒေါသအိုး ပေါက်ကွဲတဲ့ ကြေညာချက်တွေဟာ တောင်ပိုင်းဒေသတွေမှာ လှိုင်းထထွက်ပေါ်ခဲ့တယ်။ မာရှယ်လ်ကို ရာထူးခန့်အပ်ဖို့ တင်ပြအပြီး လေးရက်အကြာမှာ ကွန်ဂရက်လွှတ်တော်ကို ရွှေ့ဆိုင်းလိုက်တယ်။ အဲဒီလို ဖြစ်လိမ့်မယ်ဆိုတာကိုလည်း ကနေဒီက သေချာပေါက် ကြိုသိထားခဲ့တယ်။ ဆီးနိတ် တရားရေးကော်မတီရဲ့ အာဏာရှင်ဆန်တဲ့ သဘာပတိဖြစ်သူ မစ္စစ္စပီးပြည်နယ်သား အီစလင်းက ကွန်ဂရက်လွှတ်တော် ပြန်မကျင်းပမချင်း တရားရေးနဲ့ဆိုင်တဲ့ ရာထူးသတ်မှတ်ပေးချက်များကို မကြားနာဘူးလို့ ကြေညာခဲ့တယ်။ အဲဒီလိုဖြစ်ခဲ့တဲ့အတွက် ကနေဒီအဖို့ အခွင့်ကောင်းတစ်ခု ရသွားစေခဲ့တယ်။ ကနေဒီက မာရှယ်လ်ကို ကြားဖြတ် ရာထူးခန့်အပ်မှု ပြုလုပ်ပေးခဲ့တယ်။ ဆီးနိတ်လွှတ်တော် ပြန်မခေါ်ခင် ကြားမှာ သားဂွဒ် မာရှယ်လ်ကို တရားသူကြီးတစ်ဦးအဖြစ် ဆောင်ရွက်ခွင့်ပြုခဲ့တယ်။ သားဂွဒ် မာရှယ်လ်ကို ရာသက်ပန် ရာထူးခန့်အပ်ရေးကို အတည်ပြုပေးဖို့ ဆီးနိတ်လွှတ်တော် ပြန်မကျင်းပခင်မှာ သားဂွဒ် မာရှယ်လ်ရဲ့ နှလုံးရည်နဲ့ အရည်အသွေးကို ပြနိုင်အောင် ကနေဒီက ဖန်တီးပေး လိုက်တာပဲ။ သားဂွဒ် မာရှယ်လ်ကို ခန့်ထားရေးကို ချက်ချင်း အတည်ပြု ပေးလိမ့်မယ်လို့ မျှော်လင့်ပြီး ကနေဒီက အဆိုပြုချက်ကို ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ထပ်ပြီးတင်ခဲ့တယ်။

အောင်မြင်တဲ့အတွက် မိတ်ဆွေ တစ်သန်းရတာကိုလည်း



မာတိကာသို့

မာရှယ်လ် နားလည်လာခဲ့တယ်။ ဒါပေမဲ့ အောင်မြင်မှုမှာ ဩဇာအာဏာ ပြင်းထန်တဲ့ ရန်သူတွေ အများကြီး ဖြစ်ပေါ်စေတာကိုလည်း မကြာခင်မှာ မာရှယ်လ် တွေ့ရချေဦးတော့မယ်။ တောင်ပိုင်းကယ်ရိုလိုင်းနားမှာ သူ့ရဲ့ ရန်သူတွေဟာ လူတစ်စုထက်မက ပိုပြီး များခဲ့တယ်။ သူတို့အထဲမှာ စထရွမ် သားမင်း တစ်ယောက်ကတော့ မာရှယ်လ်ကို အစောကြီးကတည်းက အထင်သေး နှိမ့်ချခဲ့တယ်။ သူတို့နှစ်ဦးရဲ့ဘဝဆုံးခန်းနီးပါးတိုင်သည်အထိ မာရှယ်လ်ကို သားမင်းက နှိပ်စက်သွားမယ့်သူဖြစ်တယ်။

အဲန်အေအေစီပီက ရှေ့နေတွေဟာ တောင်ကယ်ရိုလိုင်းနားပြည်နယ်ကိုသွားပြီး လူဖြူတွေ လက်ဝါးကြီးအုပ်တဲ့ အခြေခံရွေးကောက်ပွဲတွေ ပယ်ဖျက်အောင် ဆောင်ရွက်ခဲ့ကြတယ်။ လူမည်းတွေ မဲမပေးနိုင်အောင် ကလိမ်ဉာဏ်ဆင်ပြီး ကာကွယ်တဲ့ တခြားနည်းလမ်း ပရိယာယ်တွေကိုလည်း သုတ်သင်ရှင်းလင်းခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး သားမင်းဟာ မာရှယ်လ်ရဲ့ ရာသက်ပန်ရန်သူ ဖြစ်လာခဲ့တော့တာပဲ။ သားမင်းက သူဖြစ်ချင်တဲ့ အရာအားလုံးအတွက် မာရှယ်လ်ဟာ ခြိမ်းခြောက်မှုတစ်ခုဖြစ်တယ်လို့ မြင်ခဲ့တယ်။

တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာ လူမည်းတွေ မဲဆန္ဒပေးခွင့်ရမှာကို ကြောက်တဲ့စိတ်ဟာ သားမင်းရဲ့သွေးထဲမှာ ပါနေတယ်။ သူ့အဖေက လက်ဆင့်ကမ်းပေးခဲ့တဲ့ အမွေဖြစ်တယ်။ သူ့ဖခင်ဟာ ဆီးနိတ်အမတ် ဟောင်း ဘဲန် တီလ်မဲန်းရဲ့ ရှေ့နေဖြစ်ခဲ့တယ်။ သူ့ဖခင်နဲ့ အက်ချ်ဖီးလ်မြို့က လူတစ်စုဟာ ပြည်တွင်းစစ်အပြီး ပြန်လည်ထူထောင်ရေးခေတ် လူမည်းတွေ ရခဲ့ကြတဲ့ နိုင်ငံရေးဩဇာကို ရပ်သိမ်းဖယ်ရှားပစ်ဖို့ အထူးနည်းလမ်းတွေကို အသုံးပြုခဲ့ကြပါတယ်။

တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာ မျက်နှာဖြူတွေရဲ့ ကြောက်မက်ဖွယ်ရာ အကြမ်းဖက်မှုအကြောင်းနဲ့ စထရွမ် သားမင်းရဲ့ ဇစ်မြစ်အကြောင်းတွေကို ၁၉၈၂ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ထုတ် *နယူး ရီပတ်ဘလစ်* သတင်းစာမှာ ဒေးဗစ် ဘရွတ် ဆိုသူက အလွန်ထူးခြားတဲ့ ဆောင်းပါးတစ်ပုဒ်ကို ရေးသားခဲ့တယ်။



မာတိကာသို့ ▸▸

သူ့ဆောင်းပါးအရ ၁၈၆၇ ခုနှစ်က အက်ချ်ဖီးလ်ဒေသမှာ မဲဆန္ဒပေးဖို့ မှတ်ပုံတင်ထားတဲ့ လူမည်းဦးရေဟာ မျက်နှာဖြူဦးရေထက် နှစ်ဆနီးပါးရှိခဲ့တယ်။ အဲဒီတုန်းက ပြည်ထောင်စု ခွဲထွက်ရေးသမား ဗိုလ်ချုပ်ဟောင်း အင်မ် ဒဗလျူ ဂယ်ရီဆိုသူက အိမ်နီးနားချင်းတွေကို ပြောဆိုစည်းရုံးခဲ့ရာမှာ---

"နီးဂရိုးလူမည်းတစ်ဦးကို မဲပေးခွင့်ပြုလိုက်ရင် သူတို့လူမည်းအားလုံးကို မဲပေးခွင့်ပြုရဖွယ်အကြောင်းရှိနိုင်တယ်။ လူမျိုးပေါင်းစပ်ထားတဲ့ အစိုးရအဖွဲ့ကို ဖွဲ့စည်းခွင့်ပြုအောင် သဘောတူလိုက်မယ်ဆိုရင် ခင်ဗျားတို့ရဲ့ ကျွန်ဟောင်းတွေက မွေးတဲ့ ကလေးတွေကို ခင်ဗျားတို့ရဲ့ ကလေးတွေနဲ့ ယှဉ်ပြိုင်ပြီး သူတို့ကို ပြည်နယ့်ဂုဏ်အတွက် အောင်မြင်တဲ့ ပြိုင်ဘက်တွေဖြစ်အောင် လုပ်ပေးတာနဲ့ အတူတူဖြစ်လိမ့်မယ်" လို့ ပြောဆိုခဲ့တယ် လို့ ပါတယ်။

အက်ချ်ဖီးလ်က မျက်နှာဖြူတွေ ဒေါသမီးပွားလောင်ပြီး ဟဲမ်းဘတ်မှာ တော်လှန်အာခံတဲ့ လူမည်းတွေကို သတ်ဖြတ်ပစ်ခဲ့ကြတယ်။ လူမည်းတွေရဲ့ နိုင်ငံရေးရပိုင်ခွင့်တွေကို ဖျက်ဆီးပစ်ခဲ့တယ်။ တီလ်မဲန်းဟာ ၁၈၉၄ ခုနှစ်မှာ ဆီးနိတ်လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ရပြီး သူဟာ လူမည်းတွေနဲ့ တိုက်ပွဲဝင်ရေးကို သွေးထိုးလှုံ့ဆော်ပေးခဲ့တဲ့ အုပ်စုတစ်စုမှာ ပါဝင်ခဲ့သူဖြစ်တယ်လို့ ဆောင်းပါးမှာ ဖော်ပြခဲ့တယ်။

ဟဲမ်းဘတ် လူသတ်ပွဲဖြစ်ခဲ့ပြီးတဲ့နောက် အနှစ် ၃၀ ကျော်ကြာတဲ့အချိန်အထိ တီလ်မဲန်းဟာ ဆီးနိတ်လွှတ်တော်ထဲမှာ သူ့ရဲ့ဂုဏ်အရှိန်နဲ့ ဩဇာအာဏာကို အသုံးချနေတုန်း ရှိတယ်။ လူမည်းတွေ မဲဆန္ဒပေးခွင့်မရအောင် အက်ချ်ဖီးလ်မှာ လုပ်ခဲ့တဲ့ နမူနာအတိုင်း တစ်နိုင်ငံလုံးက လိုက်လုပ်ကြဖို့ ပြောဆိုခဲ့တယ်။ တီလ်မဲန်းဟာ ၁၉၀၀ ခုနှစ်က ဆီးနိတ်လွှတ်တော်ထဲမှာ ထပြောခဲ့တာရှိတယ်။

"တောင်ကယ်ရိုလိုင်းနားပြည်နယ်ဟာ ဖွဲ့စည်းပုံပြင်ဆင်ချက် (၁၃), (၁၄), (၁၅) အရ မဲပေးနိုင်တဲ့ လူမည်းအားလုံးရဲ့ မဲဆန္ဒပေးပိုင်ခွင့်



မာတိကာသို့ ››

ကို ပျက်အောင် လုပ်ခဲ့ပြီးပြီ။ ကျွန်တော်တို့ဟာ သူတို့ထဲက နောက်ဆုံး လူတစ်ဦးမှ မဲမပေးနိုင်အောင် ခေါင်းကုတ်ပြီး နည်းလမ်းရှာခဲ့ကြတယ်။ ကျွန်တော်တို့ စွမ်းဆောင်နိုင်သမျှ အကောင်းဆုံးလုပ်ခဲ့ကြတယ်။ မဲပုံး တွေကို ပိတ်ဆို့သွားအောင် လုပ်ပစ်ခဲ့တယ်။ သူတို့ကိုလည်း သေနတ်နဲ့ ပစ်ခဲ့တယ်။ ကျွန်တော်တို့ ဒီလိုလုပ်ခဲ့တာတွေအတွက် ဘာမှ ရှက်စရာ မရှိပါဘူး"

၁၉၄၄ ခုနှစ်မှာ အဲန်အေအေစီပီရဲ့ လုပ်ဆောင်မှုတွေကို တရားရုံးချုပ်ကသာမက အမေရိကမှာ အများစုက လက်ခံလာခဲ့တယ်။ တစ်နိုင်ငံလုံးမှာ ဘယ်နေရာဒေသမှာမဆို လူမည်းတွေ လွတ်လွတ်လပ်လပ် မဲဆန္ဒပေးခွင့် ရှိတယ်ဆိုတဲ့ အယူအဆကို လက်ခံလာကြတယ်။ အဲဒီအချိန် မှာ စထရွမ်း သားမင်းကလည်း သူ့အတွက် ကြီးမားတဲ့ နိုင်ငံရေးအာဏာ ရမယ့်လမ်းပေါ်ကို ရောက်လာခဲ့တယ်။ သူဟာ တောင်ကယ်ရိုလိုင်းနားပြည် နယ် အုပ်ချုပ်ရေးမှူးဖြစ်ဖို့ မျက်စိကျခဲ့တာဟာ ၁၉၄၆ ခုနှစ်ကျတော့ သူ့အရွေးခံခဲ့ရတယ်။ သမ္မတ ထရူးမင်းဟာ လူမည်းတွေကို လည်ပင်း ကြိုးကွင်းစွပ်သတ်မှုတားမြစ်ရေး၊ မဲဆန္ဒပေးခွင့် အခွန်ကောက်မှုနဲ့ တရား မျှတစွာ အလုပ်အကိုင်ပေးရေးတို့အတွက် လှုပ်ရှားဆောင်ရွက်ပြီး အဲန်အေ အေစီပီဘက်က ပါနေပုံကို သားမင်း မြင်တွေ့ခဲ့ရတယ်။

သားမင်းက ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုတွေဟာ ကွန်မြူနစ် တို့ရဲ့ အကြံဖြစ်ကြောင်း၊ ပြည်နယ်များရဲ့ အခွင့်အရေးတွေကို ခြိမ်းခြောက် မှုတစ်ခုဖြစ်ကြောင်းနဲ့ တောင်ပိုင်းကို စော်ကားမှုလည်းဖြစ်ကြောင်း၊ သူ ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်နေသမျှကာလပတ်လုံး တောင်ကယ်ရိုလိုင်းနား ပြည်နယ်လွှတ်တော်မှာ ဘယ်လူမည်းတစ်ဦးကိုမှ ဧည့်သည်အဖြစ် လက်ခံ မှာ မဟုတ်ကြောင်း ပြောဆိုခဲ့ပါတယ်။ သားမင်းဟာ လူဖြူလူမည်း ခွဲခြား ရေးသမားတွေထဲမှာ အလွန်အကင်းပါးတဲ့ လူမျိုးခွဲခြားရေးသမားတစ်ဦး ဖြစ်ခဲ့ ပါတယ်။

သားမင်းရဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးသက်တမ်း ပထမလအနည်း



မာတိကာသို့ ▶▶

ငယ်အတွင်းမှာ သူ့ကိုယ်သူ မစ္စိမပင့္ပဒါသမားတစ်ဦးလို လုပ်ပြခဲ့တယ်။ ဒါပေမဲ့ သမ္မတ ထရူးမင်းရဲ့ ပြည်သူ့အခွင့်အရေးများ ဥပဒေအကြံပေးချက်များက သားမင်းကို ပြင်းထန်စွာ လှုံ့ဆော်ခဲ့တယ်။ အဲဒီအခါမှာတော့ သားမင်းရဲ့ မျက်နှာဖုံး ကျွတ်ကျခဲ့ပြီး သူဟာ ပြည်နယ်အခွင့်အရေးတွေအတွက် မလိုလားသူနဲ့ လူမျိုးရေးခွဲခြားရေးစိက် အရှိဆုံးတစ်ဦးဖြစ်တယ်ဆိုတာ ပေါ်လွင်ခဲ့တော့တယ်။ ၁၉၄၈ ခုနှစ်မှာတော့ တောင်ပိုင်းပြည်နယ်အုပ်ချုပ်ရေးမှူးများညီလာခံက ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ရွေးပြီး ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဂျေ ဟောင်းဝပ် မက်ဂရတ်နဲ့ သွားတွေ့ဖို့ တာဝန်ပေးလိုက်တယ်။ သမ္မတ ထရူးမင်းဟာ သူတို့ကို စော်ကားတဲ့ ပြည်သူ့အခွင့်အရေးဥပဒေ အဆိုပြုချက်ကို မရုပ်သိမ်းခဲ့ရင် ၁၉၄၈ ခုနှစ်၊ သမ္မတရွေးကောက်ပွဲမှာ ထရူးမင်းဟာ တောင်ပိုင်းသားတွေရဲ့ ထောက်ခံမှုကိုရမှာ မဟုတ်ဘူးလို့ သွားပြီး အပြောခိုင်းတာဖြစ်တယ်။ ဒါပေမယ့် မက်ဂရတ်က အဲဒီတောင်းဆိုချက်ကို ချက်ချင်းပယ်ချခဲ့တယ်။

အဲဒါကြောင့် တောင်ပိုင်းပြည်နယ်တွေက အုပ်ချုပ်ရေးမှူးက သားမင်းရဲ့ တိုက်တွန်းချက်အရ သမ္မတ ထရူးမင်းကို ဆန့်ကျင်တဲ့သူတွေကိုသာ ဒီမိုကရက်တစ်ညီလာခံကို လွှတ်မယ့် သူတို့ ကိုယ်စားလှယ်တွေအဖြစ် ရွေးလွှတ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ပြီးတော့ သမ္မတရွေးကောက်ပွဲမှာဆောင် ရွက်ပေးမယ့်သူတွေကိုလည်း ပြည်သူ့အခွင့်အရေးကို မဲမပေးမယ့်သူတွေ ကို ရွေးပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီလို ဆုံးဖြတ်လိုက်တာဟာ ထရူးမင်း ကိုသာမက ရီပတ်ဘလီကင်သမ္မတလောင်း သောမတ်စ် ဒျူဝီနဲ့ တတိယပါတီ သမ္မတလောင်း ဟဲန်နရီ ဝေါလေ့စ်တို့ ကိုပါ တစ်ချိတည်းနဲ့ ပိတ်တွယ်လိုက်တဲ့သဘော ဖြစ်သွားတယ်။

ထရူးမင်းကို ဆန့်ကျင်တော်လှန်ရေးအတွက် သားမင်းက မစ္စစ္စပီး ပြည်နယ်အုပ်ချုပ်ရေးမှူး ဖီးလ်ဒ်ဒင်း ရိုက်နဲ့လည်း အချိတ်အဆက် လုပ်ထားခဲ့တယ်။ သားမင်းနဲ့ ရိုက်တို့တွဲပြီး သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့တယ်။ သားမင်းက ထရူးမင်းကို မယုံနိုင်စရာကောင်းလောက်အောင် စိတ်လှုပ်ရှားပြင်းထန်စွာနဲ့ တိုက်ခိုက်ပြောဆိုခဲ့ပါတယ်။



မာတိကာသို့

"ဝေါ်ရှင်တင်ရဲ့ ဥပဒေအားနဲ့ စစ်တပ်က လုံခြုံစွာတွေအားလုံးက နီးဂရိုးတွေကို တောင်ပိုင်းဒေသက အိမ်တွေ၊ ကျောင်းတွေ၊ ဘုရားရှိခိုး ကျောင်းတွေနဲ့ အပန်းဖြေနေရာတွေမှာ ဝင်လို့ရအောင် အတင်းလုပ်ပေး နိုင်မှာ မဟုတ်ပါဘူး"

မစ္စစ္စပီးနဲ့ အယ်လ်လာဘားမားကိုယ်စားလှယ်တွေဟာ ဖီလာဒဲလ် ဖီးယားညီလာခံမှာ သူတို့ရဲ့ လူဖြူလူမည်း ခွဲခြားရေးအစီအစဉ်အတိုင်း လုပ်ချင်ခဲ့ကြတယ်။ သမ္မတ ထရူးမင်းနေရာမှာ တောင်ပိုင်းအမြင်ကို လို လားသူတစ်ဦးဦးနဲ့ အစားထိုးချင်ခဲ့ကြတယ်။ ဒါပေမဲ့ မီနီယက်ပလစ္စမြို့ တော်ဝန် ဟျူးဘတ် ဟမ်ဖရေက ထရူးမင်းတောင် မထောက်ခံတဲ့ ပြည်သူ့ အခွင့်အရေး အစီအစဉ်ကို ပြင်းပြင်းထန်ထန် ထောက်ခံတဲ့ မိန့်ခွန်းကို ပြော ဆိုခဲ့ပြီး ညီလာခံကပါ အတည်ပြု ချမှတ်ရေးကို တိုက်တွန်း ခဲ့တယ်။

သားမင်းနဲ့ တောင်ပိုင်းက ကိုယ်စားလှယ်အဖွဲ့တွေဟာ အကျပ် ရိုက်သွားပြီး ညီလာခံကို သပိတ်မှောက်ပြီး ထွက်သွားခဲ့ကြတယ်။ "ကျုပ် တို့ သစ္စာဖောက်ခံလိုက်ရတာပဲ။ ဒီပြစ်မှုကိုတော့ ဒဏ်မခတ်ဘဲနေလို့ ဘယ်ရမလဲ" လို့ သားမင်းက တောင်ပိုင်းကိုယ်စားလှယ်တွေကို ပြောပြ ခဲ့တယ်။

ဒဏ်ခတ်တယ်ဆိုတာကတော့တောင်ပိုင်းသားတွေက ဂျော်ဂျီးယား ပြည်နယ်က ဆီးနိတ်လွှတ်တော်အမတ် ဘီလ် ရပ်ဆဲလ်ကို ထောက်ခံမဲ ပေးကြဖို့ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ထရူးမင်းက ကိုယ်စားလှယ်ပေါင်း ၉၄၃ ဦးရဲ့ ထောက်ခံမဲကိုရပြီး ဘီလ် ရပ်ဆဲလ်က ၂၆၃ မဲသာ ရခဲ့လို့ ထရူးမင်း အပြတ်အသတ်နိုင်ပြီး ဒီမိုကရက်တစ်ပါတီရဲ့ သမ္မတလောင်းအဖြစ် အရွေး ခံခဲ့ရတယ်။ သားမင်းနဲ့ ရိုက်တို့ဟာ မခံမရပ်နိုင်ဖြစ်ပြီး ပြည်နယ်များ အခွင့်အရေးအတွက် ဒီမိုကရက်တစ်ပါတီကို ထောင်ခဲ့ကြ တယ်။ ဒါပေမဲ့ သူတို့ပါတီဟာ ပြည်နယ် ၁၃ ခုမှာသာ ဝင်အရွေးခံခဲ့ကြပြီး ထရူးမင်းက ရာဇဝင်တွင်ကျန်စေတဲ့ အောင်နိုင်ပွဲကို ရရှိခဲ့ပါတယ်။

*　　*　　*

ထရူးမင်းရဲ့ လုပ်ဆောင်ချက်ကို သားဂွဒ် မာရှယ်လ်က ပြန်ပြီး ချီးကျူးပြခဲ့တယ်။

"ထရူးမင်းကို ကျုပ်ကြိုက်တာက အဲဒါမျိုးကြောင့်ပေါ့ဗျာ။ ထရူးမင်းဟာ အကြောမာသူတစ်ဦး ဖြစ်ခဲ့တယ်။ အဲဒါအပြင် သူ့မှာ သန်မာတဲ့အကျင့်စာရိတ္တလည်း ရှိခဲ့တယ်။ သားမင်းနဲ့ တောင်ပိုင်း ဒီမိုကရက်တွေရဲ့ အမှား လမ်းစဉ်ကို လုံးဝ ရေလိုက်ငါးလိုက်တောင် မလိုက်ခဲ့ဘူး။ သမ္မတလောင်း ဖြစ်နိုင်တဲ့ အခွင့် အလမ်းတောင် ဆုံးရှုံးနိုင်ပေမယ့် ထရူးမင်းဟာ စွန့်စွန့် စားစား ပြတ်ပြတ်သားသား လုပ်ပြခဲ့တယ်။ ကျုပ်ပြောရတာက သမိုင်း အကြောင်း စာအုပ်တွေရေးကြရင် ထရူးမင်းဟာ ထိပ်ဆုံးက ပါလိမ့်မယ်"

မဲဆန္ဒပေးခွင့်ရှိတဲ့ တောင်ပိုင်းသားလူမည်းအချို့ကလည်း သားမင်းကို မုန်းတီးခဲ့ကြတယ်။ ဒီမိုကရက်တစ်ပါတီအပေါ်မှာ သစ္စာရှိတဲ့ မျက်နှာဖြူများနဲ့ ဝေါရှင်တင်အစိုးရဆီက အခွင့်အရေးရနေတဲ့ စီးပွားရေးသမားတွေနဲ့ လယ်သမားတွေကလည်း သားမင်းကို နိုင်ငံရေးသစ္စာဖောက် တစ်ဦးအဖြစ် အထင်သေးခဲ့ကြတယ်။ ဒါ့ကြောင့် သားမင်းဟာ ၁၉၅၀ ခုနှစ်၊ ဆီးနိတ်အမတ်ရွေးပွဲမှာ အိုလင် ဌါန်စတင်ဆိုသူကို ရှုံးပျက်ဆင်းပျက် ရှုံးခဲ့တယ်။ ဌါန်စတင်က သားမင်းကို ပါတီအပေါ် သစ္စာမဲ့သူအဖြစ် တိုက်ခိုက်ခဲ့ပါတယ်။ ၁၉၅၄ ခုနှစ်မှာတော့ သားမင်းကို ဒီမိုကရက်တစ်ပါတီက အမတ်လောင်းအဖြစ် စာရင်းတင်မပေးခဲ့ဘူး။ ဒါပေမဲ့ သားမင်းက သူ့ဘာသာသူ ဝင်ပြိုင်ခဲ့ရာမှာ အနိုင်ရသွားခဲ့တယ်။ သားမင်း အနိုင်ရခဲ့ပြီး တောင်ပိုင်းနိုင်ငံရေးကို ပြောင်းလဲစေခဲ့တယ်။ သူ့ကြောင့် ဒီမိုကရက်တစ်ပါတီဟာ အားနည်းသွားခဲ့ပြီး တောင်ပိုင်းဒေသမှာ ရီပတ်ဘလီကင်ပါတီရဲ့ အောင်မြင်မှုတွေအတွက် တံခါးစဖွင့်ပေးသလို ဖြစ်သွားခဲ့တယ်။

သားမင်း ဆီးနိတ်အမတ်အဖြစ် အရွေးခံခဲ့ရပြီးတဲ့နောက် ခြောက်လတောင် မပြည့်သေးဘူး။ တရားရုံးချုပ်က ကျောင်းတွေမှာ လူဖြူလူမည်း



မာတိကာသို့

ခွဲခြားပြီး စာသင်တာကို ပိတ်ပင်တားမြစ်တဲ့ ဆုံးဖြတ်ချက် ထွက်လာခဲ့တယ်။ အဲဒီအချိန်မှာ သားဂွဒ် မာရှယ်လ်ဟာ တောင်ကယ်ရိုလိုင်းနားမှာ ထင်ရှားတဲ့ အသားအရောင်ခွဲခြားမှုကို အမှုလိုက်နေပြီး သားမင်းကလည်း တစ်နေရာကတစ်နေရာ လှည့်လည်ပြီး လူဖြူလူမည်းခွဲခြားရေးတရားတွေ ဟောခဲ့တယ်။ သူက "ကျောင်းတွေမှာ တစ်စုတစ်ပေါင်းတည်း မသင်ကြားရေးဆိုတဲ့ အများရဲ့စိတ်ဓါတ်ကို ကျွန်တော်တို့ ပြင်းပြင်းထန်ထန် ထိန်းထားနိုင်သမျှ ကာလပတ်လုံး ကျောင်းတွေမှာ လူဖြူလူမည်း တစ်စုတစ်ပေါင်းတည်း သင်ကြားရေးဟာ ဖြစ်လာလိမ့်မယ် မဟုတ်ပါဘူး" လို့ ပြောခဲ့တယ်။ ပြည်ထောင်စုအစိုးရကို ထိပ်တိုက်ရင်ဆိုင်သူတစ်ဦး ဖြစ်လာခဲ့တယ်။ တောင်ပိုင်းပြည်နယ်များကြေညာစာတမ်းတစ်စောင်ကို ထုတ်ဝေခဲ့ရာမှာ အဓိကဦးဆောင်သူတစ်ဦး ဖြစ်ခဲ့တယ်။ အဲဒီကြေညာစာတမ်းမှာ "ကျွန်ုပ်တို့သည် တရားရုံးချုပ်၏ ဤဆုံးဖြတ်ချက်ကို လိုက်နာကြလိမ့်မည် မဟုတ်ပါ။ ဤဆုံးဖြတ်ချက် ပျောက်ကွယ်သွားသည်အထိဖြစ် အောင် ကျွန်ုပ်တို့တွင် ရှိသမျှအာဏာကို အသုံးချသွားရလိမ့်မည်" လို့ ဖော်ပြခဲ့တယ်။

၁၉၅၇ ခုနှစ်မှာ သမ္မတ အိုက်စင်ဟောင်းဝါးက အသင့်အတင့်အရေးပါတဲ့ ၁၉၅၇ ခုနှစ် ပြည်သူ့အခွင့်အရေးဥပဒေကို ဆီးနိတ်လွှတ်တော်မှာ အဆိုပြုတင်ပြခဲ့တယ်။ တောင်ပိုင်းဆီးနိတ်လွှတ်တော်အမတ်တွေက အဲဒီဥပဒေကို လက်ခံချင်ခဲ့ကြတယ်။ သားမင်းကတော့ လက်မခံခဲ့ဘူး။ အဲဒီဥပဒေကို အတည်မပြုနိုင်အောင် ဆီးနိတ်လွှတ်တော်မှာ ကန့်ကွက်ပြောဆိုခဲ့တာ ၂၄ နာရီနဲ့ ၁၈ မိနစ် ကြာခဲ့တယ်။ လွှတ်တော်မှာ ကန့်ကွက်ပြောဆိုမှု အကြာဆုံးစံချိန် ဖြစ်တယ်။

သားဂွဒ် မာရှယ်လ်နဲ့ အဲန်အေအေစီပီတို့က ဘယ်လိုပဲ ဆောင်ရွက်နေနေ သားမင်းနဲ့ သူ့နောက်လိုက်တွေကတော့ လူမျိုးရေး စုပေါင်းမှုနဲ့ လူမှုရေးပြောင်းလဲမှုတို့ကို ပိတ်ဆို့ခဲ့ကြတယ်။ သားမင်းက ၁၉၅၇ ခုနှစ်မှာ ပြောခဲ့တာရှိတယ်။ "တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာ နီးဂရိုးတွေအများကြီး မဲပေးနေကြတယ်။ တကယ်တော့ သူတို့ဟာ မျက်နှာဖြူတွေလို မဲပေးခွင့် အရည်အချင်း ကောင်းကောင်းမမီကြသူတွေဖြစ်ကြတယ်"



မာတိကာသို့

လို့ ပြောခဲ့တာဖြစ်တယ်။ အမှန်က လူမည်းအလွန်အနည်းငယ်သာ မဲဆန္ဒပေးခွင့် ရခြင်းသာဖြစ်တယ်။ ဒါပေမဲ့ အက်ချီးဖ် ခရိုင်မှာ မျက်နှာဖြူ အများစုရဲ့ မဲက ၉၂.၄ ရာခိုင်နှုန်းရှိခဲ့တယ်။ အိမ်နီးနားချင်းမက်ကောမစ်ခရိုင်မှာ လူမည်း ၆၁ ရာခိုင်နှုန်း ရှိပေမယ့် လူမည်းတစ်ဦးမှ မဲဆန္ဒပေး ခွင့်အတွက် မှတ်ပုံတင်ပေးခဲ့ခြင်း မရှိဘူး။

သားဂွဒ် မာရှယ်လ်ကို ဒုတိယပတ်လည် အယူခံတရားရုံးမှာ ခန့်အပ်မယ်လို့ ၁၉၆၁ ခုနှစ်မှာ သမ္မတကနေဒီက ကြေညာခဲ့တဲ့အခါမှာတော့ သားမင်းဟာ ဒီကြေညာချက်ကို ပုဂ္ဂိုလ်ရေးစော်ကားမှုလို့ သတ်မှတ်ခဲ့တယ်။ သားဂွဒ် မာရှယ်လ်ကို ပြည်ထောင်စုတရားရုံးမှာ မခန့်အပ်ရေးအတွက် ထောက်ခံမှုတွေရအောင် စောစောစီးစီး ကြိုးစားခဲ့တယ်။ သားဂွဒ် ရာထူး ခန့်ထားရေးကို အတည်ပြုပေးမဲ့ တရားရေးကော်မတီ ဥက္ကဋ္ဌဖြစ်တဲ့ မစ္စစ္စပီးက အီးစလင်းနဲ့ ပထမဆုံးကြားနာမဲ့ တရားရေးဆပ်ကော်မတီ ဥက္ကဋ္ဌဖြစ်တဲ့ တောင်ကယ်ရိုလိုင်းနားက အိုလင် ဂျွန်စတင်တို့ဟာ သားမင်းနဲ့ ရင်းနှီးသူတွေ ဖြစ်ခဲ့တယ်။ ဒါ့ကြောင့် သားဂွဒ် မာရှယ်လ် ရာထူးခန့်ထားရေးကို တစ်နှစ်နီးပါးကြာအောင် အချိန်ဆွဲထားခဲ့ကြတယ်။

နောက်ဆုံး သားဂွဒ် မာရှယ်ခန့်အပ်ရေးကို ကြားနာမှု စတင်ခဲ့တဲ့အခါမှာတော့ နယူးယောက်က ရီပတ်ဘလီကင် ဆီးနိတ်လွှတ်တော်အမတ်များဖြစ်ကြတဲ့ ကင်းနက် ကိတင်းနဲ့ ဂျက်ကော့ဗ် ဂျားဗစ္စတို့က သားဂွဒ်ကို လိုတာထက်ပိုပြီး ချီးကျူးပြောဆိုခဲ့ကြတယ်။ တရားရေးမှာ ရွေးချယ်တာဝန်ပေးရေးအတွက် သားဂွဒ် မာရှယ်လ်ဟာ ကောင်းကောင်းအရည်အချင်းမီသူအဖြစ် အမေရိကန် ရှေ့နေအသင်းက သတ်မှတ်ကြောင်း ထောက်ပြခဲ့ကြတယ်။ နယူးယောက်ပြည်နယ် ရှေ့နေအသင်းဥက္ကဋ္ဌကလည်း သားဂွဒ် မာရှယ်လ်ကို အရည်အချင်း ပြည့်ဝကြောင်း သမားရိုးကျထက်ပိုပြီး ထောက်ခံခဲ့ကြောင်း ဂျားဗစ္စက ထောက်ပြခဲ့တယ်။



မာတိကာသို့

ကိတင်းဟာ မာရှယ်လ်ကိစ္စနဲ့ ပတ်သက်ပြီး အိစလင်းနဲ့ ဂျွန်စတင်တို့နဲ့လည်း ထိပ်တိုက်ရင်ဆိုင်ပြောဆိုခဲ့တယ်။ "တရားသူကြီးမာရှယ်လ်နဲ့ ပတ်သက်လို့ အငြင်းပွားစရာကိစ္စက မာရှယ်လ်ဆိုတဲ့လူ အကြောင်းကို ဗဟိုပြုတာ မဟုတ်ဘူး။ သူရရှိခဲ့တဲ့ အောင်မြင်မှုတွေနဲ့ ပတ်သက်ပြီး ပြောချင်ကြတာပါ။ အမေရိကန်လူမျိုးအချို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အောက်မှာ သူတို့ရဲ့အခွင့်အရေးတွေကို ခံစားရအောင် သားဂွဒ်က ကူညီ ခဲ့တဲ့အပိုင်းကို ကျွန်တော်က ထောက်ခံတယ်" လို့ ကိတင်းက ပြောခဲ့ တယ်။

သားဂွဒ် မာရှယ်လ် ခန့်ထားရေး ဆွေးနွေးမှုကို ဇူလိုင်လ ၁၂ ရက်နေ့အထိ အချိန်ထပ်ဆွဲခဲ့ကြပြန်ပြီး အဲန်အေအေစီပီနဲ့ သားဂွဒ်ကို တရားရေးဆပ်ကော်မတီအဖွဲ့ဝင်တစ်ဦးက တိုက်ခိုက်ပြောဆိုခဲ့ပြန်တယ်။ ဒီတစ်ကြိမ်မှာလည်း ကိတင်းက "ကျုပ်တို့ အခုထိုင်နေကြတာက အဲန်အေအေစီပီကို စုံစမ်းစစ်ဆေးဖို့ မဟုတ်ဘူး။ ရာထူးခန့်ထားဖို့ အဆိုပြုခံထားရသူရဲ့ အရည်အချင်းပြည့်ဝမှုကို စစ်ဆေးဖို့သာဖြစ်တယ်" လို့ ပြောခဲ့ပြန်ပါတယ်။

မာရှယ်လ်ကို အဆိုပြုချက်နဲ့ စပ်လျဉ်းလို့ ဂျားဗစ္စက တရားရေးကော်မတီက မဆုံးဖြတ်ရင် ဆီးနိတ်လွှတ်တော်မှာတင်ပြီး လှုပ်ရှားရလိမ့်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်။ အဲဒီအခါမှာ မော်န်တားနားပြည်နယ်က ဆီးနိတ်ဒီမိုကရက်တစ်ခေါင်းဆောင် လွှတ်တော်အမတ် မိုက်မဲန်းစဖီးလ်ဒ်က အလေးအနက် ဝင်လာတယ်။ တရားရေးကော်မတီ အစည်းအဝေးခေါ်ဖို့ ဥက္ကဋ္ဌ အိစလင်းကို ဖိအားပေးခဲ့တော့တယ်။ စက်တင်ဘာလ ၇ ရက်နေ့မှာ တရားရေး ကော်မတီ အစည်းအဝေး ထိုင်ခဲ့ရပြီး မာရှယ်လ်ကို ရာထူးခန့်ထားရေး အဆိုပြုချက်ကို ၇ မဲ၊ ၄ မဲနဲ့ ဆုံးဖြတ်ခဲ့ကြတယ်။

အဲဒီနောက်တော့ သားဂွဒ် မာရှယ်လ် ခန့်ထားရေးကိစ္စကို စက်တင်ဘာ ၁၁ ရက်နေ့မှာ ဆီးနိတ်လွှတ်တော်ကိုတင်ပြီး ဆွေးနွေးခဲ့တယ်။ အချေအတင်ပြောဆိုမှုတွေဟာ ငါးနာရီကြာခဲ့တယ်။ ဂျွန်စတင်က



မာတိကာသို့

သားဂွဒ်ကို ကန့်ကွက်ရခြင်းဟာ လူမျိုးရေးနဲ့ဘာမှ မဆိုင်ကြောင်း၊ သားဂွဒ်ဟာ ရှေ့နေလိုင်စင် မရှိဘဲနဲ့ နယူးယောက်မှာ ရှေ့နေလိုက်ခဲ့ကြောင်း၊ တရားရေးအမှုတွေမှာ ရှေ့နေများကျင့်ဝတ်ကို ဖောက်ဖျက်ပြီး မွှေနှောက်ခဲ့ကြောင်း၊ သားဂွဒ်ဟာ ကွန်မြူနစ်များ လွှမ်းမိုးတဲ့ အဖွဲ့အစည်းဝင် ဖြစ်ခဲ့ကြောင်းတွေ စွပ်စွဲပြောဆိုခဲ့တယ်။

ဒီစွပ်စွဲချက်တွေက ကိတင်းကို စိတ်အနှောင့်အယှက် ဖြစ်ခဲ့တယ်။ ဒါကြောင့် ကိတင်းက သားဂွဒ်ဟာ လိုင်စင်မဲ့ ရှေ့နေလိုက်ခဲ့တယ်ဆိုတာ အခြေအမြစ် မရှိကြောင်း၊ သားဂွဒ် မာရှယ်လ်ရဲ့ နောက်ကြောင်းရာဇဝင်ကို ပြည်ထောင်စု ထောက်လှမ်းစစ်ဆေးရေးအဖွဲ့ (အက်ဖ်ဘီအိုင်) က စေ့စေ့စပ်စပ် စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ တကယ်လို့ သားဂွဒ်ရဲ့ သစ္စာမရှိမှုမျိုး တစ်ခုခု ရှိခဲ့ရင်လည်း အထက်ကို တင်ပြခဲ့မှာဖြစ်ပြီး သမ္မတက ရာထူးရာထားချက်ကို ပြုလုပ်ခဲ့မှာ မဟုတ်ကြောင်း ပြန်ပြီး ထောက်ပြခဲ့ပါတယ်။ မီရှီဂင်ပြည်နယ်က ဆီးနိတ်လွှတ်တော်အမတ် ဖိလစ် ဟတ်ကလည်း "ကျွန်တော့်စာအုပ်ထဲမှာ မစ္စတာ မာရှယ်လ်ဟာ နာမည်ကျော်ကြား၊ သိက္ခာကြီးမားတဲ့ တရားသူကြီးတွေနဲ့အတူ သမိုင်းဝင်တစ်ဦး ဖြစ်ပါလိမ့်မယ်" လို့ ပြောခဲ့တယ်။

မာရှယ်လ်ကို ရာထူးခန့်ရေးအတွက် ဒီမိုကရက်တစ်အမတ် ၃၀ နဲ့ ရီပတ်ဘလီကင်အမတ် ၂၄ ဦးတို့က ထောက်ခံမဲ ပေးခဲ့ကြပါတယ်။ တောင်ပိုင်းပြည်နယ် ကိုးခုက ဒီမိုကရက်အမတ် ၁၆ ဦးက ကန့်ကွက်မဲပေးခဲ့ကြတယ်။ သားမင်းအပါအဝင်ဖြစ်တယ်။ အာကဲန်ဆောပြည်နယ်က ဖူးလ်ဘရိုက်နဲ့ ဖလော်ရီဒါနယ်က ဂျော့ချ် စမက်သားစ်တို့က လွှတ်တော် "မတက်" ခဲ့ကြဘူး။ ဒီလိုရာထူးရတာကို မာရှယ်လ် လိုချင်ခဲ့တာ အမှန်ပဲ။ သူ့ရဲ့ ပုဂ္ဂိုလ်ရေး မျှော်မှန်းချက်ကြောင့်တော့ မဟုတ်ဘူး။ ၁၉၅၅ ခုနှစ်က သူပြောခဲ့ဖူးတဲ့ စကားအရဆိုရင် "ကျုပ်အနေနဲ့ တရားရုံးတစ်ခုက တစ်ခု ဝင်ထွက်သွားလာခဲ့တယ်။ ပြည်နယ်တစ်ခုကတစ်ခု ကူးလူးသွားလာခဲ့တယ်။ အရှေ့ အနောက်၊ တောင်မြောက် အရပ်လေးမျက်နှာစလုံး သွားခဲ့ရတယ်။ ဒါပေမဲ့ နေရာတိုင်းရဲ့ တရားခုံရုံးမှာ မျက်နှာဖြူတွေသာ တွေ့ခဲ့ရတာ ကျုပ်အလွန်



မာတိကာသို့ ▶▶

အသည်းနာခဲ့မိတယ်ဗျာ” လို့ ပြောခဲ့ပါတယ်။

သားဂွဒ်က စာရေးသူကို ပြောခဲ့သေးတယ်။

“ကိုယ့်လူတို့-- သတင်းစာဆရာတွေ ရေးရေးနေကြတာရှိတယ်။ ဒီသမ္မတကြီး၊ ဒါမှမဟုတ် ဟိုသမ္မတကြီးကဖြင့် အပြောင်းအလဲတစ်ခုခု လုပ်တော့မယ်ဆိုတာမျိုး ရေးတတ်ကြတယ်။ ဒါပေမဲ့လည်း ဘာမှလဲ ဖြစ်မလာခဲ့ဘူး”

ဒါပေမဲ့ မာရှယ်လ်ကို ချက်ချင်း ရာထူးတိုးပေးခဲ့တာမျိုးတော့ မဟုတ်ဘူး။ ၁၉၄၉ ခုနှစ်က သမ္မတ ထရူးမင်းဟာ ဘီလ် ဟေးစတီး (ထိုစဉ်က ဗာဂျင်ကျွန်းများအုပ်ချုပ်ရေးမှူး) ကို ဝေါရှင်တင်က အယူခံတရားရုံးမှာ တာဝန်ပေးမယ်။ ရေးမင် အလက်ဇန္ဒားကို ဖီလာဒဲလ်ဖီးယားက တတိယပတ်လည် တရားရုံးမှာ ရာထူးပေးမယ်။ သားဂွဒ် မာရှယ်လ်ကိုတော့ နယူးယောက်မှာ လွတ်လပ်နေတဲ့ တရားရေးရာထူးလေးနေရာမှာ တစ်နေရာ ပေးမယ်လို့ *အာဖရိက-အမေရိကန်* သတင်းစာအယ်ဒီတာဖြစ်တဲ့ ကလစ်ဖ် မက်ကေးက ၁၉၄၉ ခုနှစ်မှာ ရေးသားခဲ့ဖူးတယ်။ နယူးယောက်က ဒီမိုကရက်တစ်ကော်မတီအဖွဲ့ဝင် အက်ဒွပ် ဖလင်းက သားဂွဒ် မာရှယ်လ်ကို ခန့်ထားရေးအတွက် တောင်းဆိုခဲ့တယ်လို့လည်း ရေးသားခဲ့တယ်။ ဒါပေမဲ့ သားဂွဒ်အတွက် ဘာမှ ဖြစ်မလာခဲ့ဘူး။ သားဂွဒ်အဖို့ အဲဒီအချိန်က အမေရိကန် တရားရေးလောကမှာ လူမည်း နှစ်ဦးသာ ပါဝင်ခဲ့တာကိုကြည့်ပြီး စိတ်ပျက်ခဲ့မိရတယ်။ တစ်ဦးက ဗာဂျင်းကျွန်းများက ခရိုင်တရားရုံးမှာ ပါခဲ့တဲ့ ဟာမင်း မောဖြစ်ပြီး ကျန်တစ်ယောက်က အမေရိကန် အကောက်ခွန်တရားရုံးက အာဗင် မော်လီဆင်တို့ ဖြစ်ခဲ့ကြပါတယ်။

“တရားရေးလောကမှာ တရားသူကြီးအားလုံးက မျက်နှာဖြူတွေ ဖြစ်နေကြတော့ လူမည်းတွေအနေနဲ့ အခွင့်အလမ်း မရှိပါဘူး။ အဲဒီ တရားသူကြီးတွေကလည်း ဆီးနိတ်လွှတ်တော် အမတ်တွေနဲ့ တခြားနိုင်ငံရေး သမားတွေအပေါ် ကျေးဇူးခံ ကျေးဇူးစား ရှိနေသူတွေပါ။ အဲဒီနိုင်ငံရေးသမားတွေဟာ လူမျိုးရေးအရ၊ ကြောက်ရွံ့မှုအရ၊ ပုဂ္ဂိုလ်ရေးအရ၊ မနောအရ၊



မာတိကာသို့

လူဖြူလူမည်းခွဲခြားရေးကို လိုလားပြီး လူမည်းတွေ အမြဲနှိမ် ထားချင်တဲ့ သူတွေပါ”

မာရှယ်လ်က အဲဒီလို ဝေဖန်ပြခဲ့တယ်။ ဒါပေမဲ့ ၁၉၆၁ ခုနှစ် မှာ သမ္မတကနေဒီရဲ့ စကားတွေ ကြားခဲ့ရတော့ မာရှယ်လ် ဘယ်လောက် ဂုဏ်ယူခဲ့မိသလဲဆိုတာ စာရေးသူ မှန်းဆနိုင်ပါတယ်။

“သမ္မတကြီး လင်းကင်းက ကျွန်တွေကို လွတ်လပ်ရေးပေးပြီးခဲ့ တဲ့နောက်မှာ ဖင့်နွှေးမှုကာလဟာ အနှစ် ၁၀၀ ရှိခဲ့ပါပြီ။ ကျွန်တွေကို လွတ်လပ်ခွင့် ပေးခဲ့ပေမယ့် သူတို့ရဲ့ အရိုက်အရာခံသူ မြေးတွေဟာ အပြည့် အဝ လွတ်လပ်ရေးကို မရရှိကြသေးပါဘူး။ သူတို့တစ်တွေဟာ မတရား မှုရဲ့ နှောင်ကြိုးတွေက မလွတ်မြောက်ကြသေးဘူး။ သူတို့ဟာ လူမှုရေး နဲ့ စီးပွားရေးဖိနှိပ်မှုတွေအောက်က မလွတ်မြောက်ကြသေးပါဘူး။ နိုင်ငံသူ နိုင်ငံသားအားလုံး မလွတ်လပ်ကြသေးသမျှကာလပတ်လုံး ဒီနိုင်ငံရဲ့ မျှော် လင့်ချက်တွေ ပြည့်ဝဖို့၊ ဂုဏ်ယူဝင့်ကြွားနိုင်ဖို့ အပြည့်အဝ လွတ်လပ်မှု ရရှိဦးမှာ မဟုတ်ပါဘူး” လို့ ကနေဒီက ပြောခဲ့တယ်။

မာရှယ်လ်က သူဟာ သမ္မတကနေဒီရဲ့ တရားရေးကိုယ်စားလှယ် ဖြစ်လာမယ်၊ တရားရေးစနစ်မှာ ချက်ချင်း ပြောင်းလဲမှု ဖြစ်လာစေမယ့် ပထမဆုံး လက္ခဏာဖြစ်မယ်ဆိုတာ သိခဲ့တယ်။ ဒါပေမဲ့ မာရှယ်လ်ဟာ ၁၉၆၁ ခုနှစ်အထိ လူသိရှင်ကြား ဘာတစ်ခုမှ မပြောခဲ့ဘူး။ သူ့စိတ်ထဲမှာ ရှိတဲ့ တော်လှန်ရေးစိတ်ကူးတွေကို သူ့ရန်သူတွေသိအောင် နှိုးဆွပေးမှာကို အဖြစ်မခံလိုဘူး။ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလမှာ သူ့ကို ရာထူးခန့်ထား ဖို့ နောက်ဆုံးအတည်ပြုချက် ရခဲ့တဲ့အချိန်မှာတောင် သားဂွဒ်က ရိုးရိုး လေးပဲ တုံ့ပြန်ပြောဆိုခဲ့တယ်။

“ကျွန်တော့်ကို ရာထူးပေးဖို့ သမ္မတကြီးကနေဒီရဲ့ အဆိုပြု ရာထားချက်ကို ကျေးဇူးတင်ပါတယ်။ ဆီးနိတ်လွှတ်တော်က အတည်ပြုပေး ခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ်။ သူတို့မျှော်မှန်းတဲ့အတိုင်း ဖြစ်အောင် ကျွန်တော် အစွမ်းကုန် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားပါ့မယ်”



မာတိကာသို့ ▶▶

သမ္မတ ထရူးမင်းဟာ ၁၉၄၉ ခုနှစ်မှာ ဘီလ် ဟေးစတီးကို တတိယပတ်လည် အယူခံတရားရုံးမှာ တရားသူကြီးအဖြစ် ခန့်အပ်ပေးခဲ့ပါတယ်။ အမေရိကန်တရားရေးဖွဲ့စည်းမှုရဲ့ အနှစ် ၁၆၀ သက်တမ်းအတွင်းမှာ သားဂွဒ် မာရှယ်လ်ဟာ ပြည်ထောင်စု အယူခံတရားရုံးတစ်ခုမှာ ဒုတိယမြောက် ရာထူးခန့်ထားခြင်းခံရတဲ့ လူမည်းတစ်ဦး ဖြစ်လာခဲ့ပါတယ်။

မာရှယ်လ်ကို ရာထူးပေးဖို့ အတည်ပြုချက် မရခင်မှာ မာရှယ်လ်ဟာ မျက်နှာဖြူတရားသူကြီးအချို့နဲ့အတူ ရောနှောထိုင်လိုက်ရရင် သူဟာ ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုတွေကို စွန့်ပစ်သွားတော့မှာပဲလို့ လူမည်းသန်းပေါင်းများစွာက စိုးရိမ်ပူပန်ခဲ့ကြတယ်။ ဒါကို မာရှယ်လ်ကလည်း ကောင်းကောင်းသတိရှိခဲ့တယ်။ သူ့ရဲ့မိတ်ဆွေတွေက ရှေ့ဆောင်လမ်းပြလူမည်းခေါင်းဆောင်တိုင်းကို အနီးကပ်စောင့်ကြည့်နေကြလိမ့်မယ်၊ သူ့ကို အောင်မြင်မှာ မဟုတ်ဘူးလို့ မျှော်လင့်ကြသူတွေကလည်း စောင့်ကြည့်နေကြလိမ့်မယ်ဆိုတာကို သားဂွဒ် သိခဲ့တယ်။

ဒါပေမဲ့ သားဂွဒ်ဟာ ဒုတိယပတ်လည် အယူခံတရားရုံးမှာ ဆောင်ရွက်ခဲ့တဲ့ သုံးနှစ်ခွဲကာလသက်တမ်းအတွင်း အမှုတွေအတွက် သူ့ရဲ့ သဘောထားမှတ်ချက် ၁၁၈ ခုကို ရေးသားခဲ့ရာမှာ တစ်ခုမှ အပယ်မခံခဲ့ရဘူးလို့ မှတ်ချက်ချခံခဲ့ရတယ်။ သားဂွဒ်ဟာ ရှေ့နေတစ်ဦးအနေနဲ့ အမှုတွေမှာ "လူသားတွေဘက်" က ဦးစားပေးကြည့်ခဲ့တယ်။ တရားသူကြီးတစ်ဦးအနေနဲ့လည်း ပြည်သူတွေအတွက် မှတ်ချက်ရေးသားခဲ့တယ်လို့လည်း ပြောခဲ့တယ်။ အမေရိကန်ပြည်သူများအနေနဲ့တော့ မာရှယ်လ်ရဲ့ စွမ်းဆောင်မှုကို မသိကြတာများပါတယ်။ ဒါပေမယ့် သမ္မတကနေဒီ လုပ်ကြံခံရတာကြောင့် သမ္မတရာထူးကို ဆက်ခံရတဲ့ လင်ဒင် ဂျွန်ဆင်လို အရေးကြီးတဲ့ လူမျိုးတွေရဲ့ ဦးနှောက်ထဲမှာတော့ မာရှယ်လ်ရဲ့ လုပ်ရပ်တွေက နေရာယူထားပါတယ်။

သမ္မတ လင်ဒင် ဂျွန်ဆင်အဖို့တော့ သားဂွဒ် မာရှယ်လ်အပေါ်



မာတိကာသို့

တစ်လွဲထင်တဲ့ပြဿနာမျိုး မရှိခဲ့ဘူး။ မာရှယ်လ်ဟာ ဘယ်သူ၊ မာရှယ်လ် ဘာလုပ်နေသလဲဆိုတာကို ဂျွန်ဆင်က နားလည်ခဲ့တယ်။ သားငွဒ် မာရှယ်လ် ဟာ တရားရုံးချုပ်မှာ ပထမဆုံးလူမည်း တရားသူကြီး ဖြစ်လာရမယ် လို့လည်း ဂျွန်ဆင်က ယတိပြတ် ဆုံးဖြတ်ထားခဲ့တယ်။ တရားရုံးချုပ်မှာ မျက်နှာဖြူတရားသူကြီးပေါင်း ၉၅ ဦး ဆောင်ရွက်ခဲ့ပြီးတဲ့နောက်မှာ သားငွဒ် မာရှယ်လ်ဟာ ပထမဆုံး လူမည်း တရားသူကြီးအဖြစ် ပါဝင်လာ စေရေးအတွက်လည်း သမ္မတ ဂျွန်ဆင်က အကောင်းဆုံး စီမံကိန်းချ ဆောင်ရွက်ခဲ့တယ်။ ဂျွန်ဆင်က မာရှယ်လ်အတွက် စည်းရုံးမဲဆွယ်စကား တွေ ပြောခဲ့ရာမှာလည်း "သားငွဒ် မာရှယ်လ်ရဲ့ တရားရုံးရှေ့နေတစ်ဦး ဂုဏ်နဲ့ အရည်အသွေးကို ဘယ်လိုမှ ကျော်လွှားလို့ မရပါဘူး။ မာရှယ်လ် ဟာ ရှေ့နေတစ်ဦးအနေနဲ့ရော၊ တရားသူကြီးတစ်ဦးအနေနဲ့ရော အရည် အချင်း အလွန်မြင့်မားပါတယ်။ သူဟာ နက်ရှိုင်းတဲ့ ယုံကြည်ချက်အတွက် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့ သမာဓိဂုဏ်သိက္ခာဟာ အငြင်း ပွားစရာ မလိုတဲ့ လူကြီးလူကောင်းတစ်ဦးလည်း ဖြစ်ပါတယ်" လို့ သုံးသပ် ပြခဲ့ပါတယ်။

ဒါပေမဲ့ မာရှယ်လ်ကို ဘယ်အတိုက်အခံသမားကမှ ထိုးနှက်လို့ မရနိုင်မယ့် ချပ်ဝတ်တန်ဆာမျိုး ဆင်ပေးဖို့ လိုတယ်လို့လည်း သမ္မတ ဂျွန်ဆင်က ဆုံးဖြတ်ထားခဲ့တယ်။ အဲဒါကြောင့် ဂျွန်ဆင်က သားငွဒ် မာရှယ်လ်ကို ရှုံးထိုင်ရှေ့နေချုပ် ခန့်အပ်မယ်လို့ ထုတ်ပြောခဲ့တယ်။ သူ့ကို တရားရုံးချုပ်မှာ ထမ်းဆောင်ဖို့ အတွေ့အကြုံ အများကြီး မရှိဘူးလို့ တစ်ယောက်ယောက်က ပြောခဲ့ရင်လည်း "တရားရုံးချုပ်အောက်မှာ ဒီငနဲ ကြီးထက် အမှုပိုလိုက်ခဲ့ဖူးတဲ့ ရှေ့နေတစ်ဦးရှိသလား၊ ဒီတော့ သူ့ကို ဘယ် သူက ကန့်ကွက်ပယ်ချလို့ ရမလဲ" လို့ ဖြေမယ်လို့ ဂျွန်ဆင်က ပြောခဲ့ ပါတယ်။

အဲဒါကြောင့် သမ္မတဂျွန်ဆင်ဟာ အသက် ၅၇ နှစ်အရွယ်ရှိတဲ့ လူမည်းကြီး သားငွဒ်ကို ဒုတိယပတ်လည် အမေရိကန်ပြည်ထောင်စု အယူခံ တရားရုံးက နုတ်ပြီး အမေရိကန်နိုင်ငံရဲ့ ရှုံးထိုင်ရှေ့နေချုပ်အဖြစ် အဆိုပြု

ထားလိုက်ပါတယ်။ ဒီရာထူးဟာ အမေရိကန်တရားရေးဌာနမှာ တတိယ အမြင့်ဆုံးရာထူးဖြစ်တယ်။ သားဂွဒ်ဟာ ဒီရာထူးကိုရမယ့် ပထမဆုံး လူမည်း ဖြစ်ပါလိမ့်မယ်။ သမ္မတ ဂျွန်ဆင်ဟာ သားဂွဒ် မာရှယ်လ်ရဲ့ ဘဝ လမ်း ကြောင်းကို ရွေးပေးခဲ့ပါပြီ။

၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့မှာ သားဂွဒ် မာရှယ်လ်ဟာ သူ့ရဲ့ ရှေ့နေချုပ်သစ်ဖြစ်လိမ့်မယ်လို့ သမ္မတ ဂျွန်ဆင်က ကြေညာ ခဲ့ပါတယ်။ မာရှယ်လ်ဟာ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှာ ရှေ့နေချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ရတယ်။ ကျမ်းသစ္စာ ကျိန်ဆိုပွဲမှာ သမ္မတ ဂျွန်ဆင်က "အဓိကအားဖြင့် သားဂွဒ် မာရှယ်လ်ရဲ့ လုပ်ဆောင် ခဲ့မှုတွေကြောင့် အတွေ့အကြုံနဲ့ စွမ်းရည်တို့ကို ဖော်ထုတ် ကျင့်သုံးရာမှာ လူမျိုးရေးဟာ အတားအဆီး မဟုတ်တော့ကြောင်း ပြသနိုင်တဲ့ အထိ ကျွန် တော် တို့နိုင်ငံဟာ အခုအခါမှာ တိုးတက်လာခဲ့ပါပြီ" လို့ ဂုဏ်ယူ ပြော ဆိုခဲ့ပါတယ်။

မာရှယ်လ်ကို ရုံးထိုင်ရှေ့နေချုပ်ရာထူးကို ခန့်ချင်တယ်လို့ သမ္မတဂျွန်ဆင်က ပြောခဲ့တော့ သူ့စိတ်မှာ မအီမသာဖြစ်ခဲ့တယ်။ အယူခံ ရုံးတရားသူကြီးရဲ့ ရာသက်ပန်ရမယ့် တစ်နှစ်တာလစာက ဒေါ်လာ ၃၃,၀၀၀ ရှိခဲ့တယ်။ ရှေ့နေချုပ်ဖြစ်ရင် လစာဒေါ်လာ ၄,၅၀၀ လျော့သွားမယ်။ အခြားဝင်ငွေမရှိတဲ့ လူမည်းမိသားစုအတွက် ဒီငွေပမာဏဟာ မနည်းပါဘူး။ ဒါပေမဲ့ ရှေ့နေချုပ်ရာထူးဟာ အယူခံတရားရုံး တရားသူ ကြီးရာထူးထက် အများကြီးပိုပြီး အရေးပါအရာရောက်ပုံကို မာရှယ်လ် နား လည်ခဲ့တယ်။ သူ့အလုပ်က တရားရုံးချုပ်ရှေ့မှာ အစိုးရရဲ့ အာဘော် ဖြစ်တာထက် ပိုပြီး အရေးပါတာရှိတယ်။ သူဟာ အယူခံလျှောက်ထားတဲ့ အမှု ပေါင်း ၁,၅၀၀ လောက်ထဲက ဘယ်အမှုကို တရားရုံးချုပ်ကို တင်ရ မလဲလို့ အဆုံးအဖြတ် ပေးနိုင်သူဖြစ်တယ်။ သူ့မှာ အမေရိကန်တစ်နိုင်ငံ လုံးက အကောင်းဆုံး ဆိုတဲ့ ကျွမ်းကျင်တဲ့ ရှေ့နေ ၁၀ ဦးလည်း ရှိတယ်။ ပြည်ထောင်စုအစိုးရ ဌာနတွေနဲ့ အေဂျင်စီအဖွဲ့တွေက တရားရေးဝန်ထမ်း တွေကိုလည်း ခေါ်ယူ ခွင့်ရှိတယ်။ အတိုချုပ်အားဖြင့် ရုံးထိုင်ရှေ့နေချုပ်ဟာ နိုင်ငံရဲ့အကြီးမားဆုံး



မာတိကာသို့

ဥပဒေအဖွဲ့ကို ဦးဆောင်ရသူဖြစ်တယ်။ ပြီးတော့ သူ့ရှေ့မှာ ရှေ့နေချုပ်ရာထူးထမ်းဆောင်ခဲ့သူသုံးဦးဟာ တရားရုံးချုပ်ရဲ့ တရားသူကြီးတွေ ဖြစ်လာခဲ့ကြတာကိုလည်း သားဂွဒ်နဲ့ ဇနီး စီစီတို့က သိထားကြတယ်။

သားဂွဒ် မာရှယ်လ်ကို ရုံးထိုင်ရှေ့နေချုပ်အဖြစ် ခန့်အပ်ခြင်းခံရပြီးတဲ့နောက်မှာ သူ့ကို အမေရိကန်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်ပြီး ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့မှာ ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူးကျင်းပမယ့် ပြစ်မှုကာကွယ်ရေးညီလာခံကို တက်ရောက်ဖို့ သမ္မတ ဂျွန်ဆင်က တာဝန်ပေးခဲ့ပါတယ်။ သားဂွဒ်က အမေရိကမှာ သေဒဏ်ကို မကြာခင်မှာ ဖျက်သိမ်းတော့မဲ့အကြောင်းနဲ့ ကိုယ်ဝန်ဖျက်ချမှုကို ခွင့်ပြုမယ့် အလားအလာရှိကြောင်း သတင်းထောက်တွေကို ပြောခဲ့တယ်။

၁၉၆၆ ခုနှစ်၊ ဇူလိုင်လက တရားရုံးတော်မှာ သားဂွဒ် ဖွင့်ချခဲ့ပုံတစ်ခုကလည်း အမြော်အမြင်ရှိတဲ့ ရှေ့နေတွေနဲ့ သာမန် အမေရိကန်ပြည်သူ သန်းပေါင်းများစွာကို နှစ်သိမ့်ကျေနပ်မှု ဖြစ်စေခဲ့တယ်။ သူက ပြည်ထောင်စုစုံစမ်းထောက်လှမ်းရေးအဖွဲ့(အက်ဖ်ဘီအိုင်)ဟာ ပြည်ထောင်စုဝန်ထမ်းတွေမှာ ခိုးနားထောင်တဲ့ ကိရိယာတွေ အသုံးမပြုရဘူးဆိုတဲ့ ပြည်ထောင်စုပေါ်လစီကို ချိုးဖောက်ခဲ့ကြောင်း၊ သူတို့ သံသယမကင်းတဲ့ လူတွေရဲ့ အခန်းတွေမှာ လျှို့ဝှက်နားထောင်တဲ့ ကိရိယာများ တပ်ဆင်ခဲ့ကြောင်း၊ တယ်လီဖုန်းတွေကို တိုက်ရိုက် ကြားက ဖြတ်နားထောင်မှုတွေ လုပ်ခဲ့ကြောင်း၊ ဒါမျိုးမှာ အမျိုးသားလုံခြုံရေးအတွက်မှသာ လုပ်ရမှာဖြစ်ပြီး နိုင်ငံတော်ရှေ့နေချုပ်၏ သဘောတူညီမှုနဲ့ ခွင့်ပြုချက် လိုအပ်ကြောင်း၊ ပြီးတော့ ခိုးပြီး နားထောင်တဲ့အလုပ်မှန်သမျှဟာ ဖွဲ့စည်းပုံအခြေခံဥပဒေက အကာအကွယ်ပေးထားတဲ့ တစ်ဦးချင်းရဲ့ လွတ်လပ်ခွင့် အခွင့်အရေးတွေကို ကျူးကျော် ထိုးဖောက်ခြင်းဖြစ်လို့ တရားမဝင်ကြောင်း မာရှယ်လ် တရားရုံးမှာ ကြေညာပြောဆိုခဲ့ပါတယ်။

ရုံးထိုင်ရှေ့နေချုပ် သားဂွဒ် မာရှယ်လ်ဟာ တောင်ပိုင်းဒေသတွေကိုသာ စစ်ပွဲဆင်နွှဲတာ မဟုတ်ဘူး။ နယူးယောက်မှာ မဲဆန္ဒပေးပိုင်ခွင့်



မာတိကာသို့

အတွက် အင်္ဂလိပ်စာ တတ်ရမယ် ဆိုတဲ့အချက်ဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ မညီညွတ်ဘူးလို့ ထိုးနှက်ပြောဆိုခဲ့တယ်။ နယူးယောက်ပြည်နယ်မှာ တစ်နေ့တခြား လူဦးရေတိုးလာတဲ့ ပွာတိုရီးကိုး နိုင်ငံသားတွေရဲ့ မဲဆန္ဒပေးပိုင်ခွင့် ကို တားမြစ်ပိတ်ဆို့ဖို့ ကြိုးစားချက်ဖြစ်လို့ မာရှယ်လ်က ကန့်ကွက်ခဲ့တာ ဖြစ်တယ်။ မာရှယ်လ်ရဲ့ လုပ်ဆောင်မှုကို နိုင်ငံတော်ရှေ့နေချုပ်နဲ့ သမ္မတတို့က ထောက်ခံခဲ့တယ်။ နယူးယောက်ပြည်နယ်ရဲ့ လုပ်ပုံဟာ ပွာတိုရီးကိုးနိုင်ငံ သားတွေအပေါ်မှာ လူမျိုးရေးခွဲခြားမှုဖြစ်ပြီး ဖွဲ့စည်းပုံပြင်ဆင်ချက် (၁၄) ရဲ့ အခွင့်အရေးတွေကို ချိုးဖောက်မှုဖြစ်တယ်လို့ ဗဟိုတရားရုံးချုပ်က ထောက်ခံကြေညာခဲ့တယ်။

၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလမှာ ကိုလမ်ဘီးယားခရိုင်က ပြည်နယ်တရားရုံးအမိန့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ကျင့်သုံးဖို့ ကြိုးစားခဲ့တဲ့အခါမှာလည်း သားဂွဒ် မာရှယ်လ်က အပြင်းအထန် ကန့်ကွက်ပြောဆိုခဲ့လို့ အဲဒီဒေသက လူဖြူလူမည်း အတော်များများဟာ တုန်လှုပ်အံ့သြခဲ့ကြတယ်။ မာရှယ်လ်က ကိုလမ်ဘီးယားခရိုင်အပေါ် ကွန်ဂရက်လွှတ်တော်က အာဏာအပြည့်အဝရှိပြီး ဘယ်တရားရုံးကမှ အဲဒီအာဏာကို မကန့်သတ်သင့်ကြောင်း ယုံကြည်သည်။

သားဂွဒ် မာရှယ်လ်ဟာ တရားရုံးချုပ်မှာ အမှု (၁၉) မှုကို ရင်ဆိုင်ခဲ့ရာမှာ ငါးမှုပဲ ရှုံးခဲ့တယ်။ သူဟာ အခက်ဆုံးအမှုတွေကို လိုက်ခဲ့ပြီး သူ့အောင်မြင်မှုဟာ တခြားသူတွေရဲ့ စံချိန်လိုပဲ ကောင်းတယ်လို့ ယူဆကြောင်း မာရှယ်လ်က ပြောခဲ့ပါတယ်။ ပြီးတော့---

"ရုံးထိုင်ရှေ့နေချုပ် အလုပ်ဟာ လုပ်ခဲ့ရတဲ့ အလုပ်တွေထဲမှာ အကောင်းဆုံးအလုပ် ဖြစ်ခဲ့တယ်။ များသောအားဖြင့် ရှေ့နေချုပ်က အမှုအတော်များများကို အနိုင်ရတယ်။ ဒါဟာ သူ့အမှုအတွက် အလုပ်လုပ်ပေးတဲ့ ဦးနှောက်ကြီးတဲ့ရှေ့နေတွေ အပြည့်ရှိလို့ရယ်၊ သူ့ရုံးက လျှောက်လဲစာ တစ်စောင် ထွက်လာဖို့အတွက် လူနှစ်ဆယ်သုံးဆယ်လောက် စုပေါင်းလုပ်ဆောင်မှုရှိတယ်" လို့ မာရှယ်လ်က ပြောခဲ့တယ်။

မာရှယ်လ်က သူ့ရုံးကို နိုင်ငံရေး လုံးဝ အဝင်မခံခဲ့ဘူး။ ဆီးနိတ်လွှတ်တော်အမတ်တစ်ဦးဦးက သူနဲ့တွေ့ချင်တယ်ဆိုရင် ဘာအကြောင်းပြောချင်လို့လည်းဆိုတာကို အရင်ရှင်းပြခိုင်းတယ်။ အမှုတစ်ခုခုအတွက် စကားပြောချင်တာမျိုးဆိုရင် မာရှယ်လ်က လက်ခံ မဆွေးနွေးတော့ဘူး။ ဒါပေမဲ့ နောင်အခါမှာ သမ္မတ ရေဂင်နဲ့ နိုင်ငံတော်ရှေ့နေချုပ် အက်ဒ်မီးစ် တို့လက်ထက် ကျတော့ ရုံးထိုင်ရှေ့နေချုပ်ရုံးနဲ့ တရားရေးဌာနတို့ကို နိုင်ငံရေး အရ အသုံးချခဲ့တယ်လို့ မာရှယ်လ်က ပြန်ပြောခဲ့ပါတယ်။

၁၉၆၇ ခုနှစ်၊ ဇွန်လမှာတော့ တရားရုံးချုပ်မှာ တရားသူကြီး တစ်ဦး ရာထူးလစ်လပ်ခဲ့တယ်။ တရားသူကြီးချုပ် ရမ်ဆေး ကလပ်ခ်ရဲ့ဖခင် ဖြစ်သူ တောမ် ကလပ်ခ်ဟာ တရားရုံးချုပ်တရားသူကြီးရာထူးက နုတ်ထွက်ပေးခဲ့ လို့ ဖြစ်ပါတယ်။ သမ္မတ ဂျွန်ဆင်အနေနဲ့ သူအင်မတန် လုပ်ချင်တဲ့ အရာ ကိစ္စတစ်ခုအတွက် လုပ်နိုင်အောင်လို့ ထွက်ပေးခဲ့တာလို့လည်း တောမ် ကလပ်ခ် က ပြောဆိုခဲ့တယ်။ သမ္မတ ဂျွန်ဆင်အဖို့ ဖိုးကျိုင်းတုတ်ဖြစ်သွားခဲ့တယ်။

၁၉၆၇ ခုနှစ်မှာ သားဂွဒ် မာရှယ်လ်ကို တရားရုံးချုပ် တရားသူကြီးတစ်ဦးအဖြစ် ခန့်ထားခြင်းနဲ့ ပတ်သက်လို့ သမ္မတ ဂျွန်ဆင်က အကွက်ရတော့ သတင်းထောက်တွေကို အောက်ပါအတိုင်း ရှင်းပြခဲ့တယ်။

"အခုလို ဆောင်ရွက်ရတာဟာ မှန်ကန်တဲ့ အရာတစ်ခုကို မှန်ကန်တဲ့ အချိန်မှာ လုပ်ဆောင်ခြင်းဖြစ်ပြီး မှန်ကန်တဲ့ လူကို မှန်ကန်တဲ့ နေရာကို ပေးခြင်းဖြစ်ပါတယ်"

"မာရှယ်လ်ဟာ အဲန်အေအေစီပီရဲ့ အတိုင်ပင်ခံချုပ်အနေနဲ့ တရားရုံးချုပ်မှာ သူလိုက်ခဲ့တဲ့ အမှုပေါင်း ၃၂ မှုမှာ ၂၉ မှု အနိုင်ရခဲ့သူ ဖြစ်ပါတယ်။ ရုံးထိုင်ရှေ့နေချုပ်အနေနဲ့လည်း အစိုးရအတွက် သူလိုက်ပေးတဲ့ အမှုပေါင်း ၁၉ မှုမှာ ငါးမှုပဲ ရှုံးခဲ့တာ ရှိပါတယ်"

သတင်းစာဆရာတွေကတော့ သားဂွဒ်ကို တရားရုံးချုပ်မှာ ရာထူး



မာတိကာသို့

ပေးနိုင်ရေးအတွက် သမ္မတ ဂျွန်ဆင်ဟာ တက္ကဆတ်စ်ပြည်နယ်သား တရားသူကြီး တောမ် ကလပ်ခ်နဲ့ ဘယ်လိုပါးပါးနပ်နပ် အပေးအယူ ယူခဲ့တယ်ဆိုတာ မသိခဲ့ကြဘူး။ ဂျွန်ဆင်က သူ့သား ရမ်ဆေး ကလပ်ခ်ကို နိုင်ငံတော်ရှေ့နေချုပ်ရာထူး ပေးခဲ့တယ်။ အဲဒါကြောင့် ကိုယ်ရေးကိုယ်တာ ကိစ္စများနဲ့ ပဋိပက္ခ မဖြစ်အောင် အဖေဖြစ်သူ တောမ် ကလပ်ခ်ဟာ တရားရုံးချုပ် တရားသူကြီးရာထူးက နုတ်ထွက်ပေးခဲ့ရတာ ဖြစ်ပါတယ်။

မာရှယ်လ်ကို တရားရုံးချုပ် တရားသူကြီးနေရာအတွက် ရာထားလိုက်ချိန်မှာ တစ်နိုင်ငံလုံးက ပြင်းပြင်းထန်ထန် ဝေဖန်မှုတွေကို ရင်ဆိုင်ခဲ့ရတယ်။ နိုင်ငံရေးသမားတွေကသာမက တစ်နိုင်ငံလုံးက ရှေ့နေ တွေရဲ့ ဝေဖန်မှုတွေ ရှိခဲ့တယ်။ ဒါပေမယ့် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာတော့ မာရှယ်လ်ကို တရားသူကြီးရာထူးပေးရေးအတွက် ဆီးနိတ်လွှတ်တော် တရားရေးကော်မတီက ၁၁ မဲ၊ ၆ မဲနဲ့ အတည်ပြုပေးခြင်းကို ရရှိခဲ့တယ်။ တောင်ပိုင်းပြည်နယ်က အမတ် ငါးဦးစလုံးက ကန့်ကွက်ခဲ့ကြတယ်။

သားဂွဒ် မာရှယ်လ်ကို တရားရုံးချုပ်ရဲ့ တရားသူကြီးတစ်ဦး အဖြစ်ခန့်အပ်ခဲ့ခြင်းဟာ သမိုင်းရေးရာအရ အလွန်အရေးပါမှု ဖြစ်ခဲ့တယ် ဆိုတာကို မေ့လို့ မရနိုင်ပါဘူး။ အမေရိကန်တရားရေးဌာနရဲ့ နှစ်ပေါင်း ၁၆၀ သက်တမ်းအတွင်း ပြည်ထောင်စု အယူခံတရားရုံးတစ်ခုမှာ လူမည်းတစ်ယောက်မှ ခန့်ထားခြင်း မရှိခဲ့ပါဘူး။ ၁၉၄၉ ခုနှစ်မှာမှ သမ္မတ ထရူးမင်းက ဖီလာဒဲလ်ဖီးယား တတိယပတ်လည် အယူခံတရားရုံးမှာ ဘီလ်ဟေးစတီးကို ပထမဆုံးလူမည်းအဖြစ် ခန့်အပ်ခဲ့ပါတယ်။ ဒီနောက် ၁၉၆၁ ခုနှစ်မှာ သမ္မတ ကနေဒီက သားဂွဒ် မာရှယ်လ်ကို ဒုတိယပတ်လည် အယူခံ တရားရုံးမှာ ခန့်အပ်ခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်မှာ သမ္မတ ဂျွန်ဆင်ကိုလမ်းဘီးယားခရိုင် ပတ်လည်တရားရုံးမှာ စပေါ့စ်ဝုဒ် ရော်ဘင်ဆင်နဲ့ ဒီးထရွိုက်က ဆဋ္ဌမပတ်လည် တရားရုံးမှာ ဝိတ် မက္ကရီးတို့ကို ခန့်အပ်ခဲ့ပါတယ်။ သမ္မတ ဂျွန်ဆင်က သားဂွဒ် မာရှယ်လ်ကို ရာထူးမခန့်အပ်ခဲ့ချိန်အထိ အယ်လ်လာဘားမား၊ အာကဲန်ဆော၊ ဖလော်ရီဒါ၊ ဂျော်ဂျီးယား၊



မာတိကာသို့ ››

ကဲန်းတပ်ကီး၊ လူဝီစီရဲနား၊ မီရှိဂင်၊ မြောက်ကယ်ရိုလိုင်းနား၊ တောင်ကယ်ရိုလိုင်းနား၊ တဲန်းနက်ဆီး၊ တက္ကဆတ်စ်နဲ့ ဗာဂျီးနီးယား ပြည်နယ်ပေါင်း ၁၂ ခုမှာ ပြည်ထောင်စုခရိုင်တရားသူကြီးရာထူးကို လူမည်း တစ်ဦးတစ်ယောက်ကိုမှ တာဝန်ပေးအပ်ခဲ့ခြင်း မရှိခဲ့ပါ။

ဒီအခြေအနေတွေဟာ အမေရိကန်နိုင်ငံရဲ့ တရားရုံးဖွဲ့စည်းမှုတွေဟာ လူဖြူတွေကိုသာ တာဝန်ပေးခဲ့တဲ့ နှင်းပန်းဖြူစနစ်ကို ဖော်ပြနေတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း သားဂွဒ်ကို တရားရုံးချုပ်ရဲ့ တရားသူကြီးအဖြစ် ခန့်အပ်တာကို တစ်ခဲနက် ကြိုဆိုခဲ့ကြခြင်းဖြစ်တယ်။ သားဂွဒ်ကို ခန့်အပ်လိုက်ခြင်းဟာ အမေရိကန်နိုင်ငံရဲ့ တရားရေးမြင်ကွင်းကို သိမ်းကျုံးပြီး ပြောင်းလဲမှုကြီးတစ်ခု ဖြစ်ပေါ်လာဖို့အတွက် ရှေ့ပြေး လမ်းစ ဖြစ်တယ်လို့ ကြိုဆိုထောက်ခံခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမဲ့ သမ္မတ ဂျွန်ဆင် ထွက်သွားခဲ့တဲ့နောက်ပိုင်းမှာ အပြောင်းအလဲတွေဟာ ဖင့်နွှေးသွား ခဲ့တယ်။ သမ္မတ ဂျယ်ရာလ်ဒ် ဖေါ့ဒ်ကရော၊ သမ္မတ နစ်ဆင်ကရော ပြည်ထောင်စု အယူခံတရားရုံးတွေမှာ လူမည်းတစ်ဦးတစ်ယောက်ကိုမှ ထပ်ပြီး တာဝန် မပေးခဲ့ကြဘူး။

ဒါပေမဲ့ ဂျော်ဂျီးယားပြည်နယ်သား ဂျင်မီ ကာတာ သမ္မတ ဖြစ်လာခဲ့တဲ့နောက်မှာတော့ အပြောင်းအလဲတွေ ထူးထူးခြားခြား ထင်ထင် ရှားရှား ဖြစ်ပေါ်ခဲ့ပါတယ်။ သမ္မတကာတာက လူမည်း ရှစ်ဦးကို အယူခံ တရားရုံးတွေက မျက်နှာဖြူ တရားသူကြီး ၁၂၃ ဦးနဲ့အတူ လက်တွဲအလုပ် လုပ်ဖို့ တာဝန်ပေးအပ်ခဲ့တယ်။ နေ့ချင်းညချင်းဆိုသလိုပဲ ပြည်ထောင်စု ခရိုင်တရားရုံးတွေမှာ လူဖြူတရားသူကြီး ၁၄ ဦးမှာ လူမည်းတရားသူကြီး တစ်ဦး ပါလာတော့တယ်။ သမ္မတကာတာဟာ ပြည်ထောင်စု ခရိုင်တရားရုံး တွေမှာလည်း လူမည်း ၃၀ ဦးကို ခန့်အပ်ခဲ့တယ်။ သမ္မတ ကာတာရဲ့ သြဇာသက်ရောက်မှုဟာ ပြည်နယ်တွေကို ပြန့်နှံ့သွားခဲ့တဲ့အတွက် ရုတ်တရက် ချက်ချင်း လူမည်းတွေဟာ လူဖြူတွေနဲ့အတူ တရားသူကြီးများ အဖြစ် ရင်ပေါင်တန်းပြီး အတူတူထိုင်ခွင့် ရလာခဲ့ပါတော့တယ်။

ဒါပေမဲ့ အဲဒီလို ပြောင်းလဲတိုးတက်လာခဲ့မှုတွေဟာ ရောဂင်နဲ့ ဘုရှ်တို့ သမ္မတများ ဖြစ်လာခဲ့ကြပြီးတဲ့နောက်မှာ ရပ်တန့်သွားခဲ့ပါတယ်။

သမ္မတ ရေဂင်ရဲ့ ရှစ်နှစ်သက်တမ်းကာလအတွင်းမှာ ပြည်ထောင်စုတရားရုံးတွေအတွက် ရာသက်ပန် တရားသူကြီးများအဖြစ် လူ ၃၆၀ ကို ခန့်အပ်ခဲ့တယ်။ တရားရုံးချုပ် တရားသူကြီး သုံးဦးကိုလည်း ခန့်အပ်ခဲ့တယ်။ ဒါပေမဲ့ ရေဂင်၊ နိုင်ငံတော်ရှေ့နေချုပ် အက်ဒ် မီးစ်နဲ့ အကြံပေးတွေ အားလုံးက ပိုပြီး သမားရိုးကျ ရှေးဆန်တဲ့ ကော်န်ဆားဗတစ် တရားရေးစနစ်ကို ထူထောင်လိုခဲ့ကြတယ်။ ပဋိသန္ဓေဖျက်ချမှုကို ဆန့်ကျင်လိုကြတယ်။ ပြည်သူ့အခွင့်အရေးကိစ္စရပ်များမှာ အေးအေးဆေးဆေး နေချင်ကြတယ်။ ဒါပေမယ့် ရာဇဝတ်ပြစ်မှုတွေအပေါ်မှာ ပစ်စလက်ခတ် တင်းတင်းမာမာ ကိုင်တွယ်လိုခဲ့ကြတယ်။

အမေရိကန်လမ်းစဉ် လိုလားတဲ့ ပြည်သူများဆိုတဲ့ ပါတီဝါဒစွဲမရှိတဲ့ အဖွဲ့အစည်းတစ်ခုက သမ္မတ ဘုရှ်ရဲ့ ပထမသက်တမ်း နှစ်နှစ်အတွင်းမှာ တရားရေးဆိုင်ရာ ခန့်အပ်မှုတွေကို စိစစ်လေ့လာကြည့်ခဲ့တယ်။ ခန့်အပ်ခြင်းခံရတဲ့ လူအများစုဟာ ပိုက်ဆံချမ်းသာတဲ့ မျက်နှာဖြူတွေ ဖြစ်ခဲ့ကြတာကို နိဂုံးချုပ် တွေ့ရှိခဲ့တယ်။

အဲဒီစူးစမ်းလေ့လာချက်အရ သမ္မတ ဘုရှ် ခန့်အပ်ခဲ့တဲ့ ၆၉ ဦးမှာ ၉၃ ရာခိုင်နှုန်းဟာ မျက်နှာဖြူတွေဖြစ်ခဲ့တယ်။ ၈၈ ရာခိုင်နှုန်းက အမျိုးသားများ ဖြစ်ခဲ့ကြတယ်။ ၆၄ ရာခိုင်နှုန်းက ဒေါ်လာ တစ်သန်းဝက်ကျော် ချမ်းသာကြွယ်ဝကြပြီး သုံးပုံတစ်ပုံက သန်းကြွယ်သေဌေးတွေ ဖြစ်ခဲ့ကြတာကို တွေ့ခဲ့ရတယ်။

အဲဒီစံချိန်မှတ်တမ်းဟာ သမ္မတရေဂင်နဲ့ တန်းတူနီးပါးဖြစ်ခဲ့ပြီး ကာတာထက် အများကြီးပိုဆိုးခဲ့တယ်။ သမ္မတကာတာ ခန့်ခဲ့တဲ့ တရားသူကြီးတွေရဲ့ ၁၅ ရာခိုင်နှုန်းဟာ လူမည်းများဖြစ်ခဲ့ကြတယ်။ ဘုရှ် ခန့်အပ်ခဲ့သူတွေထဲမှာ လူမည်း လေးရာခိုင်နှုန်းနဲ့ ရေဂင်ခန့်အပ်ခဲ့သူတွေထဲမှာ လူမည်း နှစ်ရာခိုင်နှုန်းသာ ပါဝင်ခဲ့တယ်။ ကာတာခန့်ခဲ့သူတွေထဲမှာ



မာတိကာသို့

အမျိုးသမီး ၁၆ ရာခိုင်နှုန်း၊ ဘုရှ် ခန့်အပ်ခဲ့သူတွေထဲမှာ အမျိုးသမီး ၁၂ ရာခိုင်နှုန်းနဲ့ ရေဂင်ခန့်အပ်ခဲ့သူတွေထဲမှာ အမျိုးသမီး ရှစ်ရာခိုင်နှုန်း အသီးသီး ပါဝင်ခဲ့ကြတယ်။ ဘုရှ်နဲ့ ရေဂင်တို့ ခန့်အပ်ခဲ့ကြသူတွေထဲမှာ စပိန်စကားပြော ဟစ္စပဲန်းနစ်အနွယ် သုံးရာခိုင်နှုန်းသာ ပါခဲ့ပြီး ကာတာခန့်ခဲ့တာထက် တစ်ဝက်ပဲ ရှိခဲ့တယ်။

ဂျော့ချ် ဘုရှ်က တရားရေးရာထူးပေးဖို့ အဆိုပြုခဲ့သူရဲ့ သုံးပုံတစ်ပုံကျော်ဖြစ်တဲ့ ၂၉ ဦးဟာ သူတို့ရဲ့ ကလပ်ဖ်အသင်းသားတို့ကို ရွေးချယ်တဲ့နေရာ၊ လူမျိုး ရေးခွဲခြားမှုကို ကျင့်သုံးတဲ့ အသင်းဝင်တွေ ဖြစ်ခဲ့ကြတယ်။ အမေရိကန် ပြည်သူ့လွတ်လပ်ခွင့် သမဂ္ဂဝင် တစ်ဦးမှ မပါခဲ့ဘူး။

တစ်ဆယ့်နှစ်နှစ်အတွင်းမှာ ရေဂင်နဲ့ ဘုရှ်တို့ ခန့်အပ်ခဲ့တဲ့ အယူခံတရားရုံး တရားသူကြီး ၁၁၅ ဦးထဲမှာ လူမည်း နှစ်ဦးသာ ပါဝင်ခဲ့တယ်။ ပြီးတော့ အငြင်းပွားစရာတွေ ရှိခဲ့တဲ့ ကော်နဆားဗတစ်ဝါဒီ ကလဲရင့်စ် သောမတ်စ် ဆိုသူတစ်ဦးလည်း ပါဝင်ခဲ့ပါတယ်။



မာတိကာသို့ ▶▶

# အခန်း (၁၈)

# တရားရုံးချုပ်နှင့် အကြမ်းမဖက်သော တော်လှန်ရေး

သမ္မတ ဂျွန်ဆင်က သားဂွဒ် မာရှယ်လ်ကို တရားရုံးချုပ်ရဲ့ တရားသူကြီးအဖြစ် ခန့်အပ်လိုက်ခြင်းဟာ အမေရိကန်များကို ဆယ်ရာစုနှစ်ကုန်အထိ ရိုက်ခတ်မယ့် ကြီးမားလှတဲ့ လူမှုရေးနဲ့ တရားရေးမှန်တိုင်းဝဲဂယက်ကို ဖြို့ခွဲဖို့အတွက် ပြည်သူ့အခွင့်အရေးခေါင်းဆောင်ကြီးကို ထည့်ပေးလိုက်ခြင်း ဖြစ်ပါတယ်။

အဲဒီအချိန်ဟာ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုတွေ အပြောင်းအလဲဖြစ်ပြီး တစ်နိုင်ငံလုံး ဆူပူလှုပ်ရှားနေတဲ့အချိန်ဖြစ်ခဲ့ပါတယ်။ သမ္မတလင်ဒင် ဂျွန်ဆင်ရဲ့ မဟာလူ့ဘောင်အဖွဲ့အစည်း တည်ဆောက်ရေးအစီအစဉ်တွေကလည်း လူမှုတော်လှန်ရေးတစ်ခုအနေနဲ့ စတင်ခဲ့တဲ့အချိန် ဖြစ်ပါတယ်။ ဗီယက်နမ်စစ်ပွဲကြောင့် သစ္စာရှိခြင်း၊ သတင်းစာလွတ်လပ်ခွင့်၊ စစ်ထဲ ခေါ်သွင်းခြင်း၊ တစ်ဦးချင်းရဲ့ အခွင့်အရေးများ စသည့် အခြားကိစ္စများအပေါ် တစ်နိုင်ငံလုံး ပြင်းထန်စွာ ထိပ်တိုက် ရင်ဆိုင်မှုဖြစ်ခဲ့ပါတယ်။



မာတိကာသို့

နှစ်ဆယ်ရာစုနှစ်ရဲ့ အချိန်ကာလ အတော်များများမှာရော၊ သမိုင်းကာလအတော်များများမှာရော တရားရုံးချုပ်ဟာ အဲဒီလိုပြဿနာတွေကို လက်ရှောင်ခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၄၀ ပြည့်လွန်နှစ်တွေမှာနဲ့ တိတိကျကျအားဖြင့် အားလ် ဝေါရင် တရားသူကြီးချုပ် ဖြစ်လာခဲ့တဲ့နောက် ပိုင်းမှာ အခြေအနေတွေဟာ ပြောင်းလဲခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာ သားဂွဒ်မာ်ရှယ်လ် တရားသူကြီးဖြစ်လာခဲ့တဲ့ အချိန်ဟာ တရားရုံးချုပ်ရဲ့ ရဲရင့်မှု နဲ့ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နေတဲ့ခေတ် ဖြစ်ပါတယ်။ “ဝေါရင်ရဲ့ တရားရုံးချုပ်ဟာ အခိုင်အမာဆုံးနဲ့ အကျယ်ပြန့်ဆုံး တော်လှန်မှုများကို ငြိမ်းချမ်းတဲ့နည်းလမ်းတွေရအောင် ဆောင်ရွက်နိုင်ခဲ့တယ်” လို့ တရားရုံးချုပ်ရဲ့ တရားသူကြီးတစ်ဦးဖြစ်တဲ့ အေ့ပ် ဖောတားစ်က ဝေဖန်ပြခဲ့ပါတယ်။

အဓိက ဦးဆောင်ပြီး တော်လှန်ရေးလုပ်ခဲ့သူကတော့ ဝေါရင်ပဲ ဖြစ်ပါတယ်။ ဝေါရင်ကို သမ္မတ အိုက်ဆင်ဟောင်းဝါးက ခန့်အပ်ပေးခဲ့တာ ဖြစ်ပေမယ့် သမ္မတအိုက်ဆင်ဟောင်းဝါးဟာ အံ့သြတုန်လှုပ်ပြီး စိတ်ပျက်ခဲ့ရတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဝေါရင်က ဆောလျင်စွာ ပြောဆိုခဲ့ရာမှာ သူဟာ အမှုတွေကို ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဘောင်ခတ်ပေးသူများ ယူဆထားတဲ့ ရည်မှန်း ချက်တွေအတိုင်း တင်းတင်းကျပ်ကျပ် ဆောင်ရွက်မှုကို လုပ်မယ် မဟုတ် ဘူး။ အမှုတွေကို သုံးသပ်တဲ့နေရာမှာ “ဘယ်ဟာ တရားသလဲ”၊ “တရားမျှတမှုကဘယ်ဘက်မှာရှိသလဲ” ဆိုတာကို သူ့ရဲ့ အဆုံးအဖြတ်တွေအတွက် မှုမှန်ပုံစံအဖြစ် လက်ကိုင်ပြုသွားမှာဖြစ်ပြီး တရားရေးဆိုင်ရာ နည်းစနစ်သက်သက်တွေကိုရှောင်ပြီး လူ့တန်ဖိုးများနဲ့ လူတစ်ဦးရဲ့ ဂုဏ်သိက္ခာကို နှလုံးမူမယ်လို့ ဝေါရင်က ရှင်းရှင်းလင်းလင်း ကြေညာခဲ့လို့ ဖြစ်ပါတယ်။

ဝေါရင်ဟာ ပြဿနာတစ်ခုကို ရိုးရိုးလေး ဖြေရှင်းတဲ့နည်းနဲ့ ပြဿနာရဲ့ အထုံးတွေကို ဖြေပေးခဲ့တယ်။ လူဖြူလူမည်း ခွဲခြားရေးကိစ္စနဲ့ ပတ်သက်လို့ တရားသူကြီး ရှစ်ဦးစလုံးကို တစ်ဦးချင်း လျှို့ဝှက်ပြောဆိုခဲ့တယ်။ “ခင်ဗျားတို့ဟာ လူမည်းတွေနဲ့ လူမည်းကလေးသူငယ်တွေဟာ မွေးရာပါ အောက်တန်းကျ ညံ့ဖျင်းတယ်လို့ ပြောဖို့ ဝန်မလေးသမျှ



မာတိကာသို့ ▶▶

ကာလပတ်လုံး လူမည်းကလေးတွေကို မျက်နှာဖြူကလေးတွေနဲ့ ဘေးချင်းယှဉ် ပညာမသင်စေရဆိုတဲ့ ဥပဒေအမိန့်ကို ဘယ်တော့မှ ခုခံကာကွယ်လို့ ရနိုင်မှာ မဟုတ်ဘူး" လို့ ဝေါရင်က တရားသူကြီး တစ်ဦးချင်းကို ပြောခဲ့တယ်။ ဘယ်တရားသူကြီးမဆို အဲဒီလိုပြောဖို့ ဝန်လေးကြတဲ့အတွက်လည်း လူမည်းကျောင်းတွေ သီးခြားခွဲထားခြင်းဟာ ဖွဲ့စည်းပုံကို ချိုးဖောက်မှု ဖြစ်တယ်လို့ တရားသူကြီးအားလုံးရဲ့ တညီတညွတ်တည်း ထောက်ခံမှုကို ဝေါရင် ရရှိခဲ့တယ်။ ဒါဟာ ခေါင်းဆောင်မှုပဲလို့ တရားရုံးချုပ် တရားသူကြီးတွေက လက်ခံခဲ့ပြီး တရားရုံးချုပ်မှာ ရှားရှားပါးပါး တွေ့ရခဲတဲ့ သြဇာအာဏာရှိမှုလည်း ဖြစ်ပါတယ်။

ဝေါရင်ရဲ့ ဦးဆောင်မှုအောက်မှာ တရားရုံးချုပ်ဟာ ရာဇဝတ်ပြစ်မှုနဲ့ တရားစွဲခံနေရသူတွေအတွက် အမိန့်ပြဋ္ဌာန်းချက်တွေ ပြုလုပ်နိုင်ခဲ့တယ်။ ၁၉၆၁ ခုနှစ်က *မက်ပ်နှင့် အိုဟိုင်းယိုးပြည်နယ်အမှု* မှာ တရားမဝင်တဲ့ နည်းလမ်းနဲ့ ရရှိထားတဲ့ သက်သေအထောက်အထားတွေကို တရားခံ အမှုစစ်ရာမှာ မတင်ပြစေရ၊ နောက် နှစ်နှစ်ကြာတဲ့အခါမှာလည်း *ဂီဒီယံနှင့် ဝိန်းရိုက်အမှု* မှာ ကြီးမားတဲ့ ရာဇဝတ်မှုနဲ့ တရားစွဲခံထားရတဲ့ တရားခံများအနေနဲ့ ရှေ့နေစရိတ် မပေးနိုင်ခဲ့လျှင် ထိုပြည်နယ်က တရားခံအတွက် ရှေ့နေတစ်ဦးကို စီစဉ်ပေးရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်ပေးခဲ့ပါတယ်။

၁၉၆၆ ခုနှစ်က *မီရန်ဒါနှင့် အယ်ရီဇိုးနားပြည်နယ်အမှု* မှာ ရဲအဖွဲ့ဟာ သူတို့ ထိန်းသိမ်းထားတဲ့ သံသယရှိသူများဟာ ဘာမှ မပြောကြားဘဲ တိတ်ဆိတ်စွာ နေခွင့်ရှိတယ်၊ သူတို့ရဲ့ ထွက်ဆိုချက်တွေကို သူတို့ကို ဆန့်ကျင်မှုအတွက် အသုံးပြုနိုင်တယ်၊ သူတို့မှာ ရှေ့နေတစ်ဦး ငှားခွင့်ရှိတယ် ဆိုတာတွေကို ကြိုတင်အသိမပေးဘဲနဲ့ စွပ်စွဲခံထားရသူများကို ရဲက စစ်ဆေးမေးမြန်းခြင်း မပြုလုပ်ရဆိုတဲ့ တားမြစ်ချက်ကို ၅ မဲ ၄ မဲနဲ့ အဆုံးအဖြတ်ပေးခဲ့လို့ "တရားဥပဒေစိုးမိုးရေး"အဖွဲ့တွေက အကြီးအကျယ် ဒေါသထွက်ခဲ့တယ်။

၁၉၆၆ ခုနှစ်မှာ တောင်ကယ်ရိုလိုင်းနားပြည်နယ်က ၁၉၆၅ ခုနှစ်

မဲဆန္ဒပေးခွင့်ဥပဒေကို စိန်ခေါ်ခဲ့တယ်။ တရားရုံးချုပ်က အဲဒီဥပဒေဟာ မဲဆန္ဒပေးခွင့်အတွက် လူဖြူလူမည်းခွဲခြားမှုကို ပယ်ဖျက်စေရန် ကွန်ဂရက် လွှတ်တော်ရဲ့ အာဏာကို သင့်တင့်မှန်ကန်စွာ ကျင့်သုံးခြင်း ဖြစ်တယ်လို့ ၈ မဲ ၁ မဲနဲ့ အဆုံးအဖြတ်ပေးခဲ့ပါတယ်။

မျှမျှတတဆောင်ရွက်ရေးနဲ့ တရားမျှတမှု ရှိရေးတို့အတွက်ဆိုရင် အမေရိကန်ပြည်သူတို့ရဲ့ ဘဝမှာ အားလ် ဝေါရင် မဝင်ရောက်ရဲတဲ့ နယ်ပယ် ဆိုတာ မရှိခဲ့ဘူး။ ၁၉၆၅ ခုနှစ်က *ခရစ္စဝေါလ်နှင့် ကနက် တီးကပ်ပြည်နယ်အမှု*မှာ လက်ထပ်ထားတဲ့ ဇနီးမောင်နှံတွေဟာ ပဋိသန္ဓေ တားဆေးများ မသုံးရလို့ ပြဌာန်းခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီ ညွတ်တဲ့ ဥပဒေ ဖြစ်တယ်လို့ ဝေါရင်က အဆုံးအဖြတ်ပေးခဲ့ပါတယ်။

နောက် နှစ်နှစ်အကြာ ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့က *လာဗင်းနှင့် ဗာဂျီးနီးယားပြည်နယ်အမှု* မှာ လူမျိုးခြင်း မတူတဲ့သူများ လက်ထပ်ခြင်းကို အပြစ်ပေးတဲ့ ပြည်နယ်ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ချက် (၁၄) က အကာအကွယ်ပေးထားတဲ့ စာပိုဒ်ကို ချိုး ဖောက်ခြင်း ဖြစ်တယ်လို့ တရားရုံးချုပ်က တညီတညွတ်တည်း အဆုံးအဖြတ် ပေးအောင် ဝေါရင် ဆောင်ရွက်ခဲ့တယ်။

တော်လှန်ရေးပြုလုပ်တဲ့ကိစ္စ အများစုမှာ ဖြစ်တတ်သလိုပဲ ဝေါရင် ရဲ့ တရားရုံးချုပ်က ဆုံးဖြတ်ချက်တွေကို လူတိုင်းက လက်မခံခဲ့တာတွေ လည်းရှိတယ်။ သမ္မတအိုက်ဆင်ဟောင်းဝါးဟာ အိမ်ဖြူတော်ကို စွန့်ခွာ သွားပြီးတဲ့နောက်မှာ နိုင်ငံအကြီးအကဲတစ်ဦးအနေနဲ့ အမှားအယွင်းလုပ်ခဲ့ မိတာများ ရှိခဲ့သလားလို့ မေးခဲ့ကြတယ်။ သမ္မတအိုက်က "ဟုတ်ကဲ့--- အမှား နှစ်ခု လုပ်ခဲ့မိတယ်။ အဲဒီနှစ်ယောက်စလုံးဟာလည်း အခုအခါမှာ တရားရုံးချုပ်မှာ ထိုင်နေကြပါတယ်" လို့ ပြန်ဖြေခဲ့တယ်။ သမ္မတအိုက်က သူခန့်အပ်ခဲ့တဲ့ အားလ် ဝေါရင်နဲ့ ဝီလျံ ဘရဲန်းနင်းတို့နှစ်ဦးကို ရည် ရွယ်ပြောဆိုခဲ့ခြင်း ဖြစ်ပါတယ်။

အားလ် ဝေါရင်ဟာ အုပ်ချုပ်မှုအသစ်ကို ဦးတည်ပြီး တရား



မာတိကာသို့

ရုံးချုပ်ကို ဦးဆောင်ခဲ့ရာတွင် အငြင်းပွားဖွယ်ရာများလည်း ရှိခဲ့တယ်။ တရားရုံးချုပ်တရားသူကြီးအဖွဲ့အတွင်းမှာ အတိုက်အခံ အနည်းငယ် ရှိခဲ့ပေမယ့် တရားသူကြီး အများစုရဲ့ ထောက်ခံမှုကို ရခဲ့တယ်။ သားဂွဒ် မာရှယ်လ်နဲ့ လက်တွဲ လုပ်ဆောင်မဲ့ တရားသူကြီးတွေက ဘယ်သူတွေလဲ၊ သူနဲ့ မဟာမိတ် ဖြစ်မဲ့သူတွေနဲ့ သူဆန့်ကျင်ခဲ့သူတွေက ဘယ်သူတွေလဲ။

၁၉၆၇ ခုနှစ်မှာ အားလ် ဝေါရင်နဲ့ စိတ်တူသဘောတူ ဆောင်ရွက်ခဲ့ကြတဲ့သူနှစ်ဦးကတော့ ဝါရင့်တရားသူကြီးများလည်းဖြစ်ပြီး အမြင်ကျယ်တဲ့ အုပ်စုခေါင်းဆောင်တွေဖြစ်ကြတဲ့ ဟျူဂို ဘလက်ခ်နဲ့ ဝီလျံ ဒပ်ဂလပ်စ်တို့ ဖြစ်ကြပါတယ်။ အဲဒီနှစ်ဦးစလုံးကို သမ္မတ ရုစဗဲ့လ်ထ်က ခန့်အပ်ပေးခဲ့တယ်။ သူတို့နှစ်ဦးစလုံးဟာ ထက်မြက်ပြီး သတ္တိအင်အားနဲ့ ပြည့်စုံကြတယ်။ အခုအခါမှာတော့ သူတို့နှစ်ဦးစလုံးဟာ တရားရုံးချုပ်ရဲ့ အတော်ဆုံး တရားသူကြီးတွေထဲမှာ စာရင်းဝင်ပြီး မှတ်တမ်း ကျန်ရစ်ခဲ့ကြတယ်။

မာရှယ်လ်ရောက်သွားချိန်မှာ ဟျူဂို ဘလက်ခ်ရဲ့ တရားသူကြီးသက်တမ်းဟာ ၃၄ နှစ် ရှိနေခဲ့ပြီ။ သူဟာ အယ်လ်လာဘားမားပြည်နယ်ရဲ့ ခေတ်နောက်ကျတဲ့ ကျေးလက်ဒေသတစ်ခုမှာ ၁၈၈၆ ခုနှစ်မှာ မွေးခဲ့သူဖြစ်တယ်။ သူဟာ တယောထိုးရင်းနဲ့ စာအလွန်အမင်း ဖတ်သူတစ်ဦးအဖြစ်ကြီးပြင်းလာခဲ့တယ်။ စာဖတ်တဲ့နေရာမှာ ချားလ် ဒစ်ကင်းဝတ္ထုတွေကအစ စုံထောက်ဝတ္ထုတွေနဲ့ သမ္မာကျမ်းစာအထိ ဖတ်ခဲ့သူဖြစ်တယ်။ တင်းနစ်ကစားတာလည်း ဝါသနာထုံတယ်။ အသက် ၄၀ ကျော်အရွယ်မှာ တင်းနစ်မကစားသင့်တော့ဘူးလို့ ဆရာဝန်က အကြံပေးခဲ့တယ်။ ဒါပေမဲ့ ဟျူဂို ဘလက်ခ် ဟာ အသက် ၅၀ အရွယ်မှာ တင်းနစ်ပြန်ကစားခဲ့တာ ၈၃ နှစ်အရွယ်အထိ ပါပဲ။

ဟျူဂို ဘလက်ခ်ကို တစ်ခါက ကေသုံးလုံးအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့တာ (နှစ်နှစ်ရှိတော့ ထွက်ခဲ့တယ်။)ကို အကြောင်းပြုပြီး သူ့ကို ပြုတ်အောင် ကြိုးစားခဲ့ကြပေမယ့် မအောင်မြင်ခဲ့ဘူး။ သူဟာ လူနည်းစုနဲ့ အခွင့်အရေးမဲ့သူတွေအတွက် အမြဲပြောဆိုခဲ့တဲ့ တရားသူကြီးတစ်ဦး ဖြစ်ခဲ့တယ်။ အမှု



မာတိကာသို့

အရာ သိမ်မွေ့ပြီး ရပ်တည်ချက် ခိုင်မာသူလည်းဖြစ်တယ်။

ခိုင်မာတဲ့ အခြား တရားသူကြီးတစ်ဦးကတော့ ဝီလျံ ဒပ်ဂလပ်စ် ဖြစ်တယ်။ သူဟာ အောက်ပိုင်း မသန်တဲ့ ပိုလီယိုရောဂါနဲ့ ဆင်းရဲမှုတို့ကို ကျော်လွှားပြီးမှ တရားရုံးချုပ်ရဲ့သမိုင်းမှာ ဥပဓိရုပ် ဆွဲဆောင်မှု အရှိဆုံး သူတစ်ဦး၊ အငြင်းပွားဖွယ်လည်း ကောင်းသူဖြစ်ပေမယ့် ဩဇာအရှိဆုံး တရားသူကြီးတစ်ဦး ဖြစ်လာခဲ့သူဖြစ်တယ်။ သုံးနှစ်သားအရွယ်မှာ ပိုလီယို ရောဂါဖြစ်ခဲ့တာ ကံကောင်းလို့ မသေတယ်။ ကြီးလာတော့ ကိုလမ်ဘီးယား ဥပဒေကျောင်းတက်ဖို့အတွက် နယူးယောက်ကနေ ကုန်တင်ကားကြီး တစ်စီး နဲ့ ကပ်လိုက်လာခဲ့ရတယ်။ ကျောင်းဝင်ခွင့် မှတ်ပုံတင်ပြီးတဲ့အချိန် မှာ သူ့ အိတ်ကပ်ထဲ ကြည့်လိုက်တော့ ၆ ပြား (၆ ဆင့်)ပဲ ကျန်ခဲ့တဲ့ အဖြစ်မျိုးကို ကြုံခဲ့ရသူဖြစ်တယ်။ ဒပ်ဂလပ်စ်ဟာ ယေးလ် ဥပဒေကျောင်းမှာ ဥပဒေ ပါမောက္ခအဖြစ် ငါးနှစ် ဆောင်ရွက်ခဲ့တယ်။ ဒပ်ဂလပ်စ်ဟာ ဉာဏ်ရွှင်သူ၊ ဉာဏ်ရည်ဉာဏ်သွေးကောင်းသူ၊ လက်တွေ့ကျသူဖြစ်တဲ့ အတွက် ၁၉၃၆ ခုနှစ်မှာ လုံခြုံရေးနှင့် အပြန်အလှန်ဆောင်ရွက်မှုကော်မရှင်ရဲ့ ဥက္ကဋ္ဌအဖြစ် သမ္မတ ရုစဗဲ့လ်ထ်က ခန့်အပ်ခဲ့ပါတယ်။ သူဟာ ကျောင်းတွေမှာ လူဖြူ လူမည်း ခွဲခြားမှု ပျက်သုဉ်းရေး၊ စားနပ်ရိက္ခာပြန်လည် ဝေငှပေးမှုနဲ့ တရား ခံတို့ရဲ့ အခွင့်အရေးများ ရရှိရေးတို့အတွက် ထောက်ခံ ဆောင်ရွက် ခဲ့တဲ့နေရာမှာ အရေးပါသူတစ်ဦး ဖြစ်လာခဲ့တယ်။ ဟျူဂို ဘလက်ခ်နဲ့အတူ ပြည်သူ့အခွင့်အရေးဥပဒေကို အပြင်းအထန် ခုခံကာကွယ်ပေးသူလည်း ဖြစ်ခဲ့တယ်။

ဒပ်ဂလပ်စ်ရဲ့ အယူအဆများဟာ တရားဥပဒေ မူဝါဒများ အပေါ် မှီခိုမှု ပြုခြင်းထက် သူ့ဘဝမှာ ကိုယ်တိုင်ပါဝင်ပတ်သက်မှုနဲ့ လူ့ အသိုင်း အဝိုင်းတို့ရဲ့ အခြေအနေအပေါ်မှာ ပိုပြီး အားပြုဆောင်ရွက်လိုသူ ဖြစ်ခဲ့ တယ်။ အချိန်အခါရဲ့ လိုအပ်ချက်များနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချင့်ချိန် ညှိနှိုင်းဆောင်ရွက်သွားရေးကို ယုံကြည်သူတစ်ဦးလည်း ဖြစ်ခဲ့တယ်။ ဒပ်ဂလပ်စ်ဟာ ရုံးတွင်းရုံးပြင်မှာ သူ့သဘောနဲ့သူ လုပ်ကိုင်တတ်သူလည်း ဖြစ်တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂမှာ ဝင်ခွင့်ပြု



မာတိကာသို့

ဖို့ တိုက်တွန်းပြောဆိုခဲ့သူလည်းဖြစ်တယ်။ ဒပ်ဂလပ်စ်ဟာ တရားရုံးချုပ်မှာ သက်တမ်း အကြာဆုံး စံချိန်အဖြစ် ၃၈ နှစ် တာဝန်ထမ်းဆောင် ခဲ့တယ်။

သားဂွဒ် မာရှယ်လ် တရားရုံးချုပ်ကို ရောက်လာတဲ့အချိန်မှာ အားလ် ဝေါရင်ရဲ့ တတိယမဟာမိတ်ပုဂ္ဂိုလ်ကတော့ ဝီလျံ ဘရဲန်းနင်းဆိုသူ ဖြစ်ပါတယ်။ ဟျူဂို ဘလက်ခ်နဲ့ ဝီလျံ ဒပ်ဂလပ်စ်တို့နှစ်ဦးဟာ အမြင်ကျယ်တဲ့ တရားရေးက လှုပ်ရှားဆောင်ရွက်သူများစစ်စစ်အဖြစ် တာဝန်ပေးခြင်း ခံခဲ့ရတာ ဖြစ်တယ်။ ဒါပေမဲ့ ဝီလျံ ဘရဲန်းနင်းကိုတော့ တရားရုံး တွေ ပြန်လည်ပြုပြင်ပြောင်းလဲရေးမှာ နာမည်ကျော်ကြားသူတစ်ဦးဖြစ်လို့ သမ္မတ အိုက်ဆင်ဟောင်းဝါးက တာဝန်ပေးခဲ့တာဖြစ်တယ်။ ပြီးတော့ ၁၉၅၆ ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်ခင်မှာ သမ္မတ အိုက်ဆင်ဟောင်းဝါးက နှစ်ပါတီစလုံးကို လိုလားမှု ပြသလိုတဲ့ ဆန္ဒကြောင့်လည်းဖြစ်တယ်။

ဘရဲန်းနင်းဟာ နယူးဂျာစီပြည်နယ်သားဖြစ်ပြီး ပြည်နယ် တရားရုံးချုပ်မှာ တရားသူကြီးအဖြစ် ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံရှိသူဖြစ်တယ်။ တကယ်တော့ အားလ် ဝေါရင်ရဲ့ တရားရုံးချုပ်မှာ ပြည်နယ် တရားသူကြီးအဖြစ် ဆောင်ရွက်ခဲ့သူဆိုလို့ ဘရဲန်းနင်းတစ်ဦးတည်းသာ ပါဝင်ခဲ့တယ်။ ဘရဲန်းနင်းဟာ အရပ်ပုပုပျပ်ပျပ်နဲ့ ဟန်မလုပ်တတ်ဘူး။ ခင်မင်ကြင်နာတတ်သူ၊ ရိုးသားသူလည်းဖြစ်တယ်။ သူ့ရဲ့ ရိုးသားမှုက ကျန် တရားသူကြီးတွေရဲ့ ရုံးတွင်း ညှိနှိုင်းဆွေးနွေးမှုတွေအပေါ် ဩဇာသက်ရောက်မှုအကျိုးကို ပေးနိုင်ခဲ့တယ်။ ဘရဲန်းနင်းဟာ လျှင်မြန်စွာပဲ ဝေါရင်ရဲ့ လက်ထောက်နဲ့ အရင်းနှီးဆုံး မိတ်ဆွေ၊ ဒုတိယမဟာမိတ် ဖြစ်လာခဲ့တယ်။ တရားရုံးချုပ်ကို သားဂွဒ် မာရှယ်လ် ရောက်မသွားခင် တစ်နှစ်က အားလ် ဝေါရင်က ဘရဲန်းနင်းအကြောင်းကို မှတ်ချက်ရေးခဲ့ဖူးတယ်။

"သူဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို မြင့်မြတ်ယုံကြည်ဖွယ်ရာ တစ်ခုအဖြစ် စီမံခန့်ခွဲတယ်။ ပြည်သူ့ဥပဒေကြမ်းဟာ လွတ်လပ်မှုအတွက် ကြီးမားတဲ့ ပဋိညာဉ်ရဲ့ အသည်းနှလုံးနဲ့ အသက်သွေးကြောဖြစ်တယ်လို့ ယူဆသူဖြစ်တယ်။ သူဟာ လူသားများရဲ့ ဂုဏ်သိက္ခာနဲ့ လူသားအားလုံးရဲ့



မာတိကာသို့ ▶▶

အဆုံးအစ အကန့်အသတ် မရှိမှုကို ယုံကြည်သူဖြစ်တယ်။ လူတွေမှာ အဲဒီလို ဂုဏ် သိက္ခာမရှိဘဲနဲ့တော့ လွတ်လပ်မှု မရှိနိုင်ဘူးလို့လည်း ယုံကြည်သူဖြစ် တယ်"

ဘရဲန်းနင်းဟာ စာများများရေးနိုင်ပြီး အလုပ်ကိုပြင်းပြင်းထန်ထန် လုပ်တဲ့ တရားသူကြီးဖြစ်တယ်။ ဘရဲန်းနင်းဟာ သူ့အမြင်ယူဆချက်ပေါင်း ၁,၂၅၀ ကို ရေးသားခဲ့တယ်။ အဲဒီအထဲမှာ အများရဲ့ အမြင်နဲ့တူညီတဲ့ ရေးသားချက်ပေါင်း ၄၅၀ ကျော်နဲ့ အမြင်မတူတဲ့သဘောကွဲလွဲမှု ရေးသား ချက်ပေါင်း ၄၀၀ ကျော် ပါဝင်ခဲ့တယ်။ သူ့ရဲ့ ဆောင်ရွက်မှုတွေထဲမှာ အဓိကအောင်မြင်ခဲ့တဲ့ စွမ်းဆောင်မှုတစ်ခုကတော့ ပြည်နယ်နဲ့ ဒေသန္တရ အစိုးရတွေရဲ့ အာဏာကျင့်သုံးမှုကို ထိန်းချုပ်စေတဲ့ အချက်ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်က ဘရဲန်းနင်းရဲ့ ဆုံးဖြတ်ချက်ကြောင့် လူတစ်ဦး မဲတစ်မဲ ပေးရေးမူဝါဒ ဖြစ်လာစေခဲ့ပုံဟာ သူ့ရဲ့ တရားသူကြီးသက်တမ်းတစ်လျှောက် မှာ အရေးအပါဆုံး ဖြစ်ခဲ့တယ်လို့လည်း ဝေါရင်က ပြန်ပြောပြခဲ့တယ်။ နောက်ပိုင်းနှစ်တွေမှာ ဘရဲန်းနင်းနဲ့ သားဂွဒ် မာရှယ်လ်တို့ဟာ လက်တွဲသူ တွေ ဖြစ်လာခဲ့တယ်။ ဘရဲန်းနင်းဟာ တရားရုံးချုပ်မှာ ၃၄ နှစ်ကြာ အမှုထမ်းပြီးတဲ့နောက် ၁၉၉၀ ခုနှစ်က အသက် ၈၄ နှစ်အရွယ်မှာ ရာထူး က အနားယူသွားခဲ့ပါတယ်။

နောက် တရားသူကြီးတစ်ဦးကတော့ အေ့ပ် ဖောတားစ်ဆိုသူ ဖြစ် ပါတယ်။ သူဟာ သမ္မတ ဂျွန်ဆင်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေနဲ့ အကြံပေး ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။ ဖောတားစ်ဟာ တဲန်းနက်ဆီးပြည်နယ်၊ မင်းဖစ္စမြို့ က ဆင်းရဲတဲ့ ဂျူးမိသားစုတစ်ခုက မွေးဖွားလာခဲ့သူဖြစ်တယ်။ သူဟာ တယော ထိုးကောင်းပြီး စကားစစ်ထိုးမှုမှာလည်း ကျွမ်းကျင်သူတစ်ဦးဖြစ်တယ်။ ယေးလ်ဥပဒေကျောင်းက ဥပဒေဘွဲ့ရခဲ့တယ်။ ဖောတားစ်ဟာ မက္ကသီ ခေတ်က နိုင်ငံတော်အပေါ် သစ္စာ မရှိမှုနဲ့ တရားစွဲခံခဲ့ရတဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာန ပေါ်လစီကျွမ်းကျင်သူ အိုဝင် လတ်တီမောအမှုကို အောင်မြင်စွာ ခုခံကာကွယ် လျှောက်ထားပေးနိုင်ခဲ့တယ်။ ၁၉၆၂ ခုနှစ်မှာ ဖလော်ရီဒါ ပြည်နယ်သား ဆင်းရဲလှတဲ့ ကလဲရဲန့်စ် ဂီဒီရင်ရဲ့အမှုမှာ ရှေ့နေတစ်ဦး



မာတိကာသို့ ▸▸

လိုက်ပါခွင့်ရအောင် ဆောင်ရွက်ပေးခဲ့တယ်။ ကြီးမားတဲ့ ရာဇဝတ်မှုတွေနဲ့ တရားစွဲဆိုခြင်းခံရသူတစ်ဦးအတွက် တရားခုံရုံးမှာ ရှေ့နေတစ်ဦးပေးရေးကို ဆောင်ရွက်ပေးခဲ့ခြင်းဟာ အမေရိကန် တရားရေးလောကမှာ သမိုင်းတွင်စေခဲ့တယ်။

ဖောတားစ်ဟာ တရားရုံးချုပ်မှာ ဝေါရင်ရဲ့ လူအများစုထဲမှာ တစ်စိတ်တစ်ဒေသ ပါဝင်လာခဲ့တယ်။ အထူးသဖြင့် ရာဇဝတ်ပြစ်မှုတရားခံများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ တိုးချဲ့ရအောင် ဆောင်ရွက်ပေးခဲ့တယ်။

၁၉၆၇–၆၈ သက်တမ်းအဆုံးမှာ အားလ် ဝေါရင်က နုတ်ထွက်ဖို့ ရည်ရွယ်ကြောင်း သမ္မတဂျွန်ဆင်ကိုအသိပေးခဲ့တယ်။ ဂျွန်ဆင်က ဖောတားစ်ကို ဝေါရင်ရဲ့ တရားသူကြီးချုပ်ရာထူးကို ဆက်ခံဖို့ ရွေးချယ်ခဲ့တယ်။ အဲဒီအဆိုပြုချက်ကို ဆီးနိတ်လွှတ်တော် တင်လိုက်တဲ့အခါမှာ ဂယက်ရိုက်သွားခဲ့တယ်။ သမ္မတ ဂျွန်ဆင်ဟာ လူရင်းတွေကိုပဲ မွေးတယ်၊ ဖောတားစ်ဟာ တရားရုံးချုပ်ရှေ့နေအဖြစ် ခန့်အပ်ခြင်းခံခဲ့ရတဲ့ နောက်ပိုင်းမှာလည်း သမ္မတရဲ့ အကြံပေး ဆက်လုပ်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ရင်ဆိုင်ခဲ့ကြတယ်။ အဲဒီအချိန်မှာပဲ ဖောတားစ်ဟာ ဝေါရှင်တင်ဥပဒေကျောင်းက ညီလာခံ တစ်ခုမှာ ဟောပြောပို့ချမှုအတွက် ဒေါ်လာ ၁၅,၀၀၀ ပေးခဲ့ရတယ်ဆိုတဲ့ သတင်းက ပွင့်ထွက်လာခဲ့တော့ ပြဿနာ ပိုရှုပ်သွားခဲ့တယ်။

ဖောတားစ်ကို တရားသူကြီးချုပ်ခန့်ထားရေးအဆိုကို ဆီးနိတ်လွှတ်တော်မှာ ရီပတ်ဘလီကင်အမတ်တွေရော၊ တောင်ပိုင်းက ဒီမိုကရက်တစ် အမတ်တွေကရော ဝိုင်းပြီး ကန့်ကွက်တားမြစ်ခဲ့ကြတဲ့အတွက် နောက်ဆုံးမှာ ဂျွန်ဆင်ဟာ သူ့အဆိုကို ပြန်ရုပ်သိမ်းသွားခဲ့ရတယ်။ ဖောတားစ်ဟာ ပူးတွဲတရားသူကြီးတစ်ဦးအဖြစ် ဆက်လက်လုပ်ကိုင်နေချိန်မှာ ပြဿနာအသစ်တွေနဲ့ ထပ်ကြုံခဲ့ရပြန်တယ်။ နောက်တစ်နှစ်မှာ လိုက်ဖ် မဂ္ဂဇင်းက ဖောတားစ်ဟာ တရားစွဲခံနေရတဲ့ စတော့လူလိမ်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ လူး၀စ္စ ဝုလ်ဖ်ဆင်နဲ့ ပတ်သက်မှု ရှိခဲ့ပုံကို ဖွင့်ချလိုက်တယ်။ ပထမတော့



မာတိကာသို့ ››

ဖောတားစ်က မပတ်သက်ခဲ့ကြောင်း ငြင်းခဲ့သေးတယ်။ ဒါပေမယ့် ဖောတားစ်ကို သစ္စာမရှိမှုဖြင့် တရားစွဲဆိုဖို့ တောင်းဆိုမှုတွေ ကြီးထွားလာတဲ့အခါမှာ ဖောတားစ်ဟာ အလုပ်ထွက်လိုက်ပြီး ကိုယ်ပိုင်ရှေ့နေအလုပ် ပြန်လုပ်ခဲ့တယ်။ တရားရုံးချုပ်မှာ ၁၉၁၆ ခုနှစ်ရဲ့ နောက်ပိုင်းမှာ ဂျူးတရားသူကြီးရာထူး ပထမဆုံးအကြိမ် လစ်လပ် သွားခဲ့ပါတော့တယ်။

သားငွဒ် မာရှယ်လ် တရားသူကြီးဖြစ်လာခဲ့တဲ့ ၁၉၆၇ ခုနှစ်က တရားရုံးချုပ်မှာ တိုးတက်ရေးအမြင်ရှိတဲ့ တရားသူကြီးတွေသာ ပါဝင်ခဲ့တာ မဟုတ်ဘူး။ မကြာခဏ အတိုက်အခံလုပ်ခဲ့ကြတဲ့ တရားသူကြီး ဂျွန် မာရှယ်လ် ဟာလဲန်၊ ပေါ်တာ စတီးဝပ် (အိုက်ဆင်ဟောင်းဝါး ခန့်ခဲ့သူများ) နဲ့ ဘိုင်ရင် ဝိုက် (ကနေဒီခန့်ခဲ့သူ)တို့လည်း ပါဝင်ခဲ့ကြပါတယ်။

ဟာလဲန်ဟာ နယူးယောက်ဇာတိဖြစ်ပြီး တရားသူကြီးတစ်ဦးရဲ့ သားဖြစ်တယ်။ သူဟာ ရီပတ်ဘလီကင်တစ်ဦးဖြစ်ပေမယ့် ပါတီနိုင်ငံရေးနဲ့ ကင်းအောင်နေသူ ဖြစ်ခဲ့တယ်။ ၁၉၅၄ ခုနှစ်မှာ ပြည်ထောင်စု အယူခံတရားရုံးရဲ့ တရားသူကြီးတစ်ဦးအဖြစ် ခန့်အပ်ခြင်း မခံရခင်မှာ ဝေါလ်လမ်းမကြီးရဲ့ အောင်မြင်တဲ့ ရှေ့နေတစ်ဦး ဖြစ်ခဲ့တယ်။ ၁၉၅၅ ခုနှစ်မှာ တရားရုံးချုပ်ရဲ့ တရားသူကြီးတစ်ဦး ဖြစ်လာခဲ့တယ်။

ဟာလဲန်ဟာ ဝေါရင်ရဲ့ တရားရုံးချုပ် အဆုံးအဖြတ်ဖြစ်တဲ့ လူတစ်ဦး မဲတစ်မဲ ပြဋ္ဌာန်းချက်ကို သဘောမတူခဲ့ဘူး။ ဒေသန္တရအစိုးရတွေမှာ လွတ်လပ်စွာ ပြောဆိုခွင့်အတွက် လွပ်လပ်စွာ ပြဋ္ဌာန်းခွင့် အနည်းအပါးရှိတယ်လို့ သူက ယုံကြည်သူဖြစ်တယ်။ တရားရုံးချုပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရှုမြင်ပုံနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ဆောင်ရွက်ပုံတွေမှာ မှားယွင်းတယ်လို့ သူ့ရဲ့ ယုံကြည်ချက်အမြင်ကို လက်တွေ့မှတ်ချက်ရေးသားခဲ့တယ်။ ဒါပေမဲ့ တစ်ချို့နေရာတွေမှာ အမြင်ကျယ်တယ်။ ရဲက ရှာဖွေခြင်းများ၊ သက်သေအထောက်အထားများ သိမ်းယူခြင်း၊ လက်ထပ်ပြီး လင်မယားများရဲ့ လွတ်လွတ်လပ်လပ် လုံခြုံစွာ နေထိုင်နိုင်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ဖွဲ့စည်းခြင်းတို့ကို ထောက်ခံခဲ့တယ်။



မာတိကာသို့ ▶▶

အယ်လ်လာဘားမား ပြည်နယ်မှာ အဲန်အေအေစီပီအသင်းဝင်များစာရင်းကို လျှို့ဝှက်စွာ ထိန်းသိမ်းထားမှုနဲ့ တောင်ပိုင်းက နေ့လယ်စာစားသောက်ခန်းတွေမှာ လူဖြူလူမည်း မခွဲခြားရေးအတွက် လူမည်းများ ဝင်ထိုင်ပြီး ဆန္ဒပြခြင်းဟာ လွတ်လပ်စွာ ဖော်ထုတ်ပြသခွင့်က အကာအကွယ်ပေးထားတာ ဖြစ်တယ် လို့ အသိအမှတ်ပြုခဲ့တယ်။

ပေါ်တာ စတီးဝပ်ကို ၁၉၅၈ ခုနှစ်က တရားရုံးချုပ် တရားသူကြီးအဖြစ် ခန့်အပ်ခဲ့တယ်။ အဲဒီအချိန်က သူ့အသက်ဟာ ၄၃ နှစ်ပဲ ရှိခဲ့သေးခြင်း၊ ပြည်တွင်းစစ်အပြီးနောက်ပိုင်းမှာ တရားရုံးချုပ်ရဲ့ အသက်အငယ်ဆုံး တရားသူကြီး ဖြစ်လာခဲ့တယ်။ စတီးဝပ်ဟာ အိုဟိုင်းယိုးပြည်နယ်၊ စင်စင်နတ်တီးမြို့က ထင်ရှားကြွယ်ဝတဲ့ တရားရေးမိသားစုတစ်စုက မွေးဖွားခဲ့တယ်။ တစ်သီးပုဂ္ဂလကျောင်းတွေကို တက်ခဲ့ပြီး ခရီးအနှံ့သွားခဲ့သူဖြစ်တယ်။ စတီးဝပ်က *ဘရောင်းနှင့် ပညာရေးဘုတ်အဖွဲ့ အမှု* စီရင်ချက်ကို ပယ်ဖျက်ပစ်ဖို့ သူမလိုလားပါဘူးလို့ သူ့အမြင်ကို ဆီးနိတ်လွှတ်တော်အမတ်တွေကို ထုတ်ပြောခဲ့ဖူးတယ်။ အဲဒါကြောင့် စတီးဝပ်ကို တရားရုံးချုပ် တရားသူကြီး ခန့်ထားရေးမှာ တောင်ပိုင်းက ဆီးနိတ်လွှတ်တော်အမတ် ၁၇ ဦးက ကန့်ကွက်မဲပေးခဲ့ကြတယ်။

စတီးဝပ်ဟာ တရားရုံးချုပ် တရားသူကြီးဘဝမှာ အလယ်အလတ် အနေအထားက ရပ်တည်ဖို့ ကြိုးစားခဲ့တယ်။ နောက်ပိုင်းမှာတော့ ဟိုဘက်ပါ၊ ဒီဘက်ပါ တရားသူကြီး ဖြစ်လာခဲ့တယ်။ သူ့ရဲ့ကိုယ်ပိုင် နိုင်ငံရေး၊ ဘာသာရေးနဲ့ ကိုယ်ကျင့်တရား ယုံကြည်ချက်တွေကို ဘေးဖယ်ထားပြီး ဥပဒေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်မှာသာ လုံးလုံးအခြေခံပြီး အမှုတွေကို အဆုံးအဖြတ်ပေးဖို့ ဆုံးဖြတ်ခဲ့သူဖြစ်တယ်။ သေဒဏ်ပေးမှုကို ဆန့်ကျင်ပေမဲ့ တချို့သော သေဒဏ်စီရင်မှု ဥပဒေကို ဆက်လက်ထားရှိဖို့ သူက မဲပေးခဲ့တယ်။ ပဋိသန္ဓေတားဆေးသုံးစွဲမှုကို တားမြစ်တဲ့ ပြည်နယ်ဥပဒေဟာ လုပ်ရိုးလုပ်စဉ် မဟုတ်တဲ့ မိုက်မဲတဲ့ဥပဒေ ဖြစ်တယ်လို့ သူပြောခဲ့တယ်။ ဒါပေမဲ့ ပဋိသန္ဓေတားမြစ်ဆေးများ သုံးစွဲမှုဟာ ဖွဲ့စည်းပုံ



မာတိကာသို့ ▶▶

အခြေခံဥပဒေနဲ့ မကိုက်ညီတဲ့အတွက် အဲဒီဥပဒေကို ဆက်ထားဖို့ စတီးဝပ်က မဲပေးခဲ့ တယ်။

တရားရုံးချုပ်မှာ ပါဝင်တဲ့ နောက်ဆုံးတရားသူကြီးကတော့ ဘိုင်ရင် ဝှိုက် ဖြစ်ပါတယ်။ သူ့ပုံစံက တရားသူကြီးပုံစံမျိုး မဟုတ်သေးဘူး။ ဘိုင်ရင်ဟာ အရပ် ၆ ပေ– ၂ လက်မ၊ ကိုယ်အလေးချိန် ၁၉၀ ပေါင်ရှိပြီး သိပ်ကောင်းတဲ့ အမေရိကန်ဘောလုံးသမားတစ်ဦးဖြစ်တယ်။ ကော်လိုရာဒိုးတက္ကသိုလ်ကျောင်းသားဘဝတုန်းက အမေရိကမှာ အကောင်းဆုံးအသင်းရဲ့ နောက်တန်းလူတစ်ဦး ဖြစ်ခဲ့တယ်။ ၁၉၃၈ ခုနှစ်က အမေရိကန်အမျိုးသား အမှတ်ပေးဘောလုံးပွဲတွေမှာ အကောင်းဆုံးလူသစ်ဆုကို ရရှိခဲ့သူလည်းဖြစ်ခဲ့တယ်။

သူဟာ ဂျွန် အက်ဖ် ကနေဒီကို ဥရောပမှာ စပြီး တွေ့ခဲ့တယ်။ ပုလဲဆိပ်ကမ်းကို ဗုံးကြဲခံခဲ့ရပြီးတဲ့နောက် ရေတပ်ထဲ ဝင်ခဲ့တယ်။ ပစိဖိတ်ဒေသမှာ ထောက်လှမ်းရေးအရာရှိတစ်ဦး ဖြစ်ခဲ့ပြီး ကနေဒီနဲ့ ထပ်ပြီး ဆုံဆည်းခဲ့ရပြန်တယ်။

စစ်ပြီးတဲ့အခါမှာ ဘိုင်ရင်ဝှိုက်ဟာ နိုင်ငံရေးလောကထဲကိုဝင်လာခဲ့တယ်။ ၁၉၆၀ ခုနှစ်မှာတော့ ကနေဒီ အနိုင်ရရေး ကော်လိုရာဒိုးပြည်နယ်ကော်မတီကို စည်းရုံးဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် ဝှိုက်ကို ရှေ့နေချုပ် ရောဘတ် ကနေဒီ (သမ္မတ ကနေဒီရဲ့ညီ) လက်အောက်မှာ ဒုတိယရှေ့နေချုပ်ရာထူးကို ချီးမြှောက်ခြင်း ခံခဲ့ရတယ်။ ဘိုင်ရင် ဝှိုက်ဟာ ၁၉၆၁ ခုနှစ်က အယ်လ်လာဘားမားပြည်နယ်မှာ ဂျော့ချ် ဝေါလေ့စ်ကို အံတု ရပ်တည်ခဲ့တဲ့အတွက် သူရဲကောင်းတစ်ဦးလို ဖြစ်ခဲ့တယ်။

၁၉၆၂ ခုနှစ်မှာ တရားသူကြီး ချားလ် ဝှစ်တိတ်ကာ အနားယူသွားခဲ့တယ်။ အဲဒီအခါမှာ အံ့ဩစရာကောင်းအောင် သမ္မတကနေဒီက မူလတန်းစီနေသူ သုံးဦးကို ကျော်ပြီး တရားရေးနဲ့ ရွေးကောက်မှု အတွေ့အကြုံလည်း မရှိခဲ့တဲ့ ဘိုင်ရင် ဝှိုက်ကို တရားရုံးချုပ် တရားသူကြီးအဖြစ် သမ္မတကနေဒီက ခန့်အပ်ခဲ့ပါတယ်။



မာတိကာသို့ ▶▶

ဂိုက်ဟာ ဒီမိုကရက်တစ်တစ်ဦး ဖြစ်ပေမယ့် အားလ် ဝေါရင်နဲ့ အများစုကို မကြာခဏ ဆန့်ကျင်မဲ ပေးခဲ့တယ်။ *မီရဲန်ဒါအမှု* နဲ့ ၁၉၇၃ ခုနှစ်က *ရိုးနှင့် ဝိတ် ပဋိသန္ဓေဖျက်ချမှု* တို့မှာ သူ့ရဲ့ သဘောထားအမြင် မတူမှုတွေနဲ့ ပတ်သက်လို့ တစ်ဖက်သားကို ထိခိုက်တဲ့ ခါးခါးသီးသီး ဝေဖန်ချက်တွေ ရေးသားခဲ့တယ်။ တရားရုံးချုပ်ရဲ့ ဆောင်ရွက်မှုဟာ တရားဥပဒေနဲ့ မညီဘူး၊ တရားရေးအာဏာကို မတရားသုံးပြီး လုပ်ဆောင်ခဲ့တာ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုခဲ့တယ်။ ဂိုက်ဟာ တရားရုံးရဲ့ ဘယ်အုပ်စုဝင်ရယ်လို့ သပ်သပ်ခွဲခြားလို့ မရပါဘူး။ သူဟာ တရားရေးအတွေး အခေါ်နဲ့ ပတ်သက်ပြီး ခွဲခြားသတ်မှတ်မှုကို ဆန့်ကျင်သူ ဖြစ်ခဲ့တယ်။ တရားသူကြီးချုပ် အားလ် ဝေါရင်လိုပဲ သမ္မတကြီးတွေဟာ ကိုယ်ခန့်တဲ့ တရားသူကြီးတွေ တရားရုံးချုပ်မှာ ဘယ်လိုစီရင်ဆုံးဖြတ်မယ်ဆိုတာ ခန့်မှန်းလို့ မရခဲ့ပါဘူး။

* * *

၁၉၆၇ ခုနှစ်၊ တရားရုံးချုပ်ဟာ ကိုလိုနီခေတ်ကစပြီး ခရီးရှည်ကြီးကို ဖြတ်သန်းခဲ့ရတယ်။ ကိုလိုနီခေတ်တုန်းက "တရားရေးဌာနဟာ အန္တရာယ်အနည်းဆုံး အစိုးရဌာနခွဲဖြစ်ပါတယ်" လို့ အလက်ဇန္ဒား ဟဲမ်မီလ်တင်က ခေါ်ဆိုခဲ့တယ်။

တရားရုံးချုပ်ကို ၁၇၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တရားသူကြီးချုပ် ဂျွန် ဂျေး က ဦးစီးပြီး ပထမဆုံးအကြိမ် အစည်းအဝေး ခေါ်ခဲ့တယ်။ အဲဒီတုန်းက တရားရုံးချုပ်ရဲ့ ဂုဏ်သိက္ခာဆိုတာ ဘာမှ မရှိခဲ့သေးတော့ ၁၈၀၀ ပြည့်လွန်နှစ်တွေအထိ အစည်းအဝေးတွေကို အမေရိကန်လွှတ်တော်အဆောက်အဦရဲ့ မြေအောက်ခန်းမှာ ပြုလုပ် ခဲ့ရတယ်။ တရားသူကြီးတွေဟာ နယ်လှည့်သွားလာခဲ့ကြရတယ်။ ပြည်သူတွေအတွက် ပေါ်လစီနဲ့ ပတ်သက်လို့ ချမှတ်ပေးတဲ့ အဓိက အလုပ်ကိစ္စ



မာတိကာသို့ ▶▶

တွေမှာလည်း ပဋိပက္ခ အငြင်းပွားမှုတွေ မရှိခဲ့ဘူး။

၁၇၉၀ ခုနှစ်နဲ့ ၁၈၆၅ ခုနှစ်အကြား (၇၅ နှစ်အတွင်း) မှာ တရားရုံးချုပ်ဟာ ကွန်ဂရက်လွှတ်တော်ရဲ့ အက်ဥပဒေနှစ်ခုနဲ့ ပြည်နယ် ဥပဒေပေါင်း ၃၉၀ ကိုသာ ပယ်ချခဲ့တယ်။ နှိုင်းယှဉ်ဖော်ပြရရင်တော့ ၁၆ နှစ်သက်တမ်းအတွင်းမှာ အားလ် ဝေါရင် ဦးစီးတဲ့ တရားရုံးချုပ်က ကွန်ဂရက် လွှတ်တော်ရဲ့ အက် ဥပဒေ ၂၉ ခုနဲ့ ပြည်နယ်ဥပဒေ ၁၅၀ ကို ပယ် ဖျက်ပြီး တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်ဟောင်း ၄၆ ခုတို့ကို ပြန်လည် ပြင်ဆင်ခဲ့တယ်။

တရားရုံးချုပ်ဟာ သူ့ရဲ့အခန်းကဏ္ဍ အရေးပါရေးအတွက် ရုန်း ကန်ကြိုးစားခဲ့တဲ့အခါမှာတော့ အယူအဆရေးရာပိုင်းနဲ့ တခြားဝန်ကြီးဌာန တွေနဲ့ ပဋိပက္ခဖြစ်မယ့် အရိပ်အယောင်တွေကို တွေ့လာခဲ့ရပါတယ်။ ၁၈၀၃ ခုနှစ်က *မာဘာရီနှင့် မဲ့ဒဆင်အမှု* မှာ တရားရုံးချုပ်က ကွန်ဂရက် လွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေကို ပြန်လည် သုံးသပ်ခွင့် ရှိတယ်လို့ ယူဆ ခဲ့တယ်။ သမ္မတ သောမတ် ဂျက်ဖာဆင်ဟာ ဆတ်ဆတ်တုန်အောင် ဒေါသ ဖြစ်ခဲ့တယ်။ နောက်သမ္မတတွေကလည်း သူပြောခဲ့တဲ့အတိုင်း ထပ်ပြော ခဲ့ကြတယ်။ သမ္မတ ဂျက်ဖာဆင် ပြောခဲ့တဲ့စကားကတော့--

"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ တရားရေးဌာနရဲ့ လက်ထဲမှာ သူ့ကို ကြိုက်သလို လိမ်ညှစ်ပြီး ပုံစံသွင်းယူနိုင်တဲ့ ဖယောင်းတုံး လို ဖြစ်နေပြီ" လို့ ဖြစ်ပါတယ်။

သမ္မတ အေဘရာဟမ် လင်းကင်းကလည်း တရားရုံးချုပ်နဲ့ ထိပ် တိုက်တွေ့ခဲ့ရဖူးတယ်။ *ဒရက်ဒ်စကော့အမှု* မှာ လူမည်းတွေဟာ နိုင်ငံသား မဟုတ်ဘူးလို့ ဆုံးဖြတ်ချက်ချခဲ့တော့ ၁၆ ကြိမ်မြောက်သမ္မတ ဖြစ်တဲ့ လင်းကင်းက "အရေးကြီးတဲ့ ပြဿနာတွေမှာ အစိုးရရဲ့ ပေါ်လစီကို ပြန်လည် ပြင်ဆင်လို့ မရအောင် တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်တွေက အသေသတ်မှတ်ခဲ့ရင်တော့ အဲဒီလိုလုပ်တာနဲ့ တစ်ချိန်တည်းမှာပဲ လူတွေ ဟာ သူတို့ကိုယ်သူတို့ ကိုယ်ပိုင်အုပ်ချုပ်နိုင်ကြတဲ့ဘဝက ရပ်စဲသွား



မာတိကာသို့ ▶▶

လိမ့်မယ်” လို့ ဝေဖန်ပြောဆိုခဲ့ပါတယ်။

တရားသူကြီးချုပ် ချားလ် အယ်ဗင်စ် ဟျူးစ်ကလည်း တခြား အစိုးရဌာန တွေနဲ့ ပြေပြစ်အောင် စေ့စပ်ပြောဆိုမှု မလုပ်ခဲ့ဘူး။ ၁၉၀၇ ခုနှစ်က သူ့ရဲ့ မိန့်ခွန်းတစ်ခုထဲမှာ “ကျွန်တော်တို့ဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ခုရဲ့ အောက်မှာရှိတယ်။ ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဘယ်လိုဖြစ်တယ်ဆိုတာတော့ တရားသူကြီးများ ပြောတဲ့အတိုင်းဖြစ်တယ်” လို့ ကြေညာခဲ့တယ်။

တရားရုံးချုပ်ကို သားဂွဒ် မာရှယ်လ် ရောက်လာတဲ့အခါမှာ တရား ရုံးချုပ်နဲ့ ပတ်သက်တဲ့ အပြန်အလှန် ငြင်းခုံပြောဆိုမှုတွေဟာ အရှိန်ပိုမိုပြီး ပြင်းထန်လာခဲ့တယ်။ ဒီလိုဖြစ်လာတာကလည်း တရားရုံးချုပ်ရဲ့ တိုးချဲ့ လာတဲ့ ကဏ္ဍသစ်ကြောင့် ဖြစ်ပါတယ်။ တရားရုံးချုပ်ဟာ အရင်က ဝင်မစွက် ခဲ့ဖူးတဲ့ နိုင်ငံရေးနဲ့လူမှုရေး အငြင်းပွားစရာကိစ္စတွေဖြစ်တဲ့ အစီအစဉ်သစ် **(New Deal)**ဥပဒေများ၊ ပြည်သူ့အခွင့်အရေးကိစ္စများနှင့် ပဋိသန္ဓေ ဖျက်ချမှု ကိစ္စများတွေမှာ ပါဝင်လာခဲ့တယ်။

* * *

တရားရုံးချုပ်ရဲ့ အရေးပါမှုနဲ့ အာဏာကြီးထွားလာတာနဲ့ အမျှ တရားရေးဆိုင်ရာ အတွေးအခေါ် ဒဿနိကနဲ့ တရားသူကြီးများ ရွေးချယ် ခန့်အပ်မှုတွေဟာ ပိုပြီး ပါတီစွဲဖက်လာတယ်။ ပိုပြီး အငြင်းပွား စရာတွေ ဖြစ်လာခဲ့တယ်။ ယေဘုယျအားဖြင့် သမ္မတများဟာ သူတို့ရဲ့ အယူအဆနဲ့ သဘောချင်းတိုက်ဆိုင်တဲ့သူတွေကို တရားသူကြီးများအဖြစ် လိုလားကြ တယ်။ ကွန်ဂရက်လွှတ်တော်ကလည်း ဟန့်တားမှုတွေ ပိုပြီး ပြုလုပ်လာ တယ်။



မာတိကာသို့ ▸▸

တရားရေးရာနဲ့ ပတ်သက်လို့ ၁၉၃၇ ခုနှစ်က အုပ်ချုပ်မှုဆိုင်ရာအပိုင်းနဲ့ ဥပဒေပြုဆိုင်ရာအပိုင်းတို့ အယူအဆရေးရာ ပဋိပက္ခဖြစ်ခဲ့တဲ့ နမူနာကြီးတစ်ခုကို တွေ့ခဲ့ရတယ်။ တရားရုံးချုပ်ရဲ့ သက်ရင့်တရားသူကြီး ကိုးဦးက သမ္မတ ရုစဗဲ့လ်ထ်ရဲ့ အစီအစဉ်သစ် လုပ်ငန်းစဉ်တွေကို ပယ်ချခဲ့တာဖြစ်တယ်။ ရုစဗဲ့လ်ထ်က တရားရုံးချုပ်ကို သမ္မတ တစ်ဦး အနေနဲ့ ဘယ်သမ္မတနဲ့မှ မတူတဲ့ တိုက်ရိုက်တိုက်ခိုက်မှုကို ပြုလုပ်ခဲ့တယ်။ တရားရုံးချုပ်က တရားသူကြီးတစ်ဦး အသက် ၇၀ ပြည့်တိုင်း အနားပေးပြီး အသစ်တစ်ယောက် အစားထိုး ခန့်ထားမယ်လို့ ခြိမ်းခြောက် ခဲ့တယ်။ ဒါပေမယ့် သမ္မတ ရုစဗဲ့လ်ထ် မအောင်မြင်ခဲ့ဘူး။

အဲဒီအချိန်က ရုစဗဲ့လ်ထ်ဟာ တရားရုံးချုပ်ကို စိတ်ပျက်ပြီး နှိုင်းယှဉ်ပြောဆိုခဲ့တယ်။ "အမေရိကန်အစိုးရဆိုတာ အမေရိကန်ပြည်သူတွေရဲ့ ယာကိုညက်အောင် ထွန်ပေးဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ခဲ့တဲ့ မြင်းသုံးကောင်ပါ အသင်းတစ်သင်းနဲ့တူတယ်။ မြင်းသုံးကောင်ဆိုတာက အစိုးရရဲ့ ဌာနကြီးသုံးခုဖြစ်တဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမှာ မြင်းနှစ်ကောင်ကတော့ တက်ညီလက်ညီ ဆွဲနေကြပေမယ့် တတိယမြင်း တစ်ကောင်က မဆွဲဘူးဖြစ်နေတယ်" လို့ သမ္မတ ရုစဗဲ့လ်ထ်က ပြောခဲ့တာ ဖြစ်ပါတယ်။

ကွန်ဂရက်လွှတ်တော်က သမ္မတ ရုစဗဲ့လ်ထ်နဲ့ တရားရုံးချုပ်ကို သူ့အကြိုက် တရားသူကြီး အစားထိုးခန့်ရေးစီမံကိန်းကို ပယ်ချခဲ့တယ်။ ဒါပေမဲ့ သမ္မတများနဲ့ ဆီးနိတ် လွှတ်တော်တို့အကြားမှာ တရားရုံးချုပ် တရားသူကြီးများ ခန့်ထားရေး ကြိုးပမ်းမှု ပဋိပက္ခကတော့ အဆုံးသတ်မသွားခဲ့ဘူး။

သမ္မတ နှစ်ဆင်ရဲ့ ပထမဆုံး အဆိုပြုခံရသူ နှစ်ဦးဖြစ်တဲ့ တောင်ပိုင်းပြည်နယ်က တရားသူကြီး ကလိမဲန့် ဟိန်းစဝပ်သ်နဲ့ ဟယ်ရာလ်ဒ် ကားစ်ဝဲလ်တို့ကို ဆီးနိတ်လွှတ်တော်က ၁၉၆၉ ခုနှစ်နဲ့ ၁၉၇၀ ခုနှစ် တွေမှာ ပယ်ချခဲ့တယ်။ ၁၉၈၇ ခုနှစ်မှာလည်း သမ္မတရေဂင် အဆိုပြုခဲ့တဲ့



မာတိကာသို့ ▶▶

တရားသူကြီး ရောဘတ် ဘော့ခ်ကို ပယ်ချခဲ့လို့ သမ္မတနဲ့ ဆီးနိတ်အကြား ခါးသီးတဲ့ စစ်ပွဲဖြစ်ခဲ့ရတယ်။ သမ္မတရေဂင်က တရားရုံးချုပ်ကို "တတိယ ကွန်ဂရက်လွှတ်တော်ဖြစ်အောင် မသင့်မတင့် ထူထောင်နေကြပြီ။ ဖွဲ့စည်း ပုံအခြေခံဥပဒေပါ စာများကိုဖတ်ပြီး အဓိပ္ပါယ်ပြန်ဆိုရာမှာ ဆူပါတရားရေး ဌာနဖြစ်အောင် လုပ်နေကြပြီ" လို့ ပြင်းထန်စွာ ဝေဖန်ခဲ့တယ်။

တကယ်တော့ တရားရုံးချုပ်ကို နိုင်ငံရေး နွယ်ယှက်လာမှာကို ပြင်သစ်နိုင်ငံရေးရာပညာရှင် အလက်ဇန္ဒား ဒီ တော့ခ်ဗီးလ်က ၁၈၃၅ ခုနှစ်ကတည်းက ကြိုမြင်ပြီး ရေးသားခဲ့ဖူးတယ်။

"တရားရုံးချုပ်သည် အခြားတရားရုံးအားလုံးတို့ထက် ပိုမြင့်တဲ့ အနေအထားမှာ ရှိပါတယ်။ ပြည်ထောင်စုကြီး၏ သာယာဝပြောမှုနှင့် အစွန့်ရှည်တည်တံ့မှုသည် ပြည်ထောင်စု တရားသူကြီး ခုနစ်ဦး၏ လက်ဝယ် အပ်နှံထားပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် အမြင့်ဆုံး တရားရုံးချုပ် သည် အခြေခံအားဖြင့် နိုင်ငံရေးအဖွဲ့တစ်ဖွဲ့သာ ဖြစ်ပေတော့သည်"

တရားရုံးချုပ်ရဲ့ သင့်တင့်မှန်ကန်တဲ့ အခန်းကဏ္ဍနဲ့ ပတ်သက် လို့ အမေရိကန်ပြည်သူများသည် ဘယ်တော့မှ သဘောတူညီမှု ရှိကြမည် မဟုတ်ပါ။

တရားရုံးချုပ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ အထဲမှာ ပါ တဲ့ စာလုံးစာကြောင်းများကို ဤ,သည်, ၍မလွဲ သစ္စာရှိရှိ လိုက်နာ ဆောင် ရွက်ရမယ့် ပရပိုက်ခြောက်တစ်ခု ဖြစ်ရမလား။ ဒါမှမဟုတ် ပြောင်းလဲနေတဲ့ အခြေ အနေများနဲ့ တရားမျှတမှု ခံယူချက်နဲ့အညီ အံဝင်ခွင်ကျဖြစ်အောင် တရားရုံးများက ဘာသာပြန် ဆောင်ရွက်ပေးရမယ့် သက်ရှိမှတ်တမ်း အထောက်အထား ဖြစ်စေရမလား။ အဲဒီအယူအဆတွေအပေါ်မှာ သဘော ထား ကွဲလွဲကြပါလိမ့်မည်။

ဒါပေမဲ့ ဗဟုသုတရှိတဲ့ အမေရိကန်ပြည်သူတွေတော့ အခိုင်အမာ ယုံကြည်ပြိုင်ပြောဆိုရဲကြတဲ့ အယူအဆတစ်ခု ရှိပါလိမ့်မယ်။ အဲဒါ ကတော့

အားလ် ဝေါရင်ဟာ အမေရိကန်နိုင်ငံကို သမ္မတ အများစုထက် တောင် ပိုပြီး ပြောင်းလဲမှု ပြုလုပ်ပေးနိုင်ခဲ့တယ်။ ထို့နည်းတူစွာပဲ သူနဲ့ အတူ လက်တွဲခဲ့ရတဲ့ ပထမဆုံး လူမည်းတရားသူကြီးတစ်ဦးဟာ နိုင်ငံ အတွင်းမှာ ဩဇာ အရှိဆုံးနဲ့ သူ့လိုပဲ ဆောင်ရွက်ပေးခဲ့တယ်ဆိုတဲ့ ယူဆမှု ဖြစ်ပါ တော့တယ်။



မာတိကာသို့ ▸▸

# အခန်း (၁၉)

## တရားသူကြီးမာရှယ်လ်၏ အခန်းကဏ္ဍ

သားဂွဒ် မာရှယ်လ် တရားရုံးချုပ် တရားသူကြီးဖြစ်လာခဲ့ရင် သူဟာ လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်တဲ့ အဟန့်အတား အုတ်တံတိုင်းကြီး တစ်ခုအနေနဲ့ ထင်ထင်ရှားရှား မားမားမတ်မတ် ရပ်တည်လိမ့်မယ်လို့ ပုံသေ ယူဆထားကြပါတယ်။ မာရှယ်လ်ဟာ အဲဒီလိုလည်း လုပ်ခဲ့ပါတယ်။ တရားရေးဆိုင်ရာ လေ့လာရေးသမားအချို့ကသာ အမေရိကန်ပြည်ထောင်စု ဖြစ်ပေါ်လာခြင်းရဲ့ အခြေခံအကြောင်းရင်းတွေ အားလုံးထဲမှာ မာရှယ်လ်ဟာ မြင့်မားလှတဲ့ သင်္ကေတတစ်ခု ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။ မာရှယ်လ်ဟာ အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်က ပြည်သူတွေရဲ့ အခွင့်အရေးတွေကို စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ နင်းချေနိုင်တဲ့အာဏာကို တရားရုံးချုပ်မှာ အဓိကစိန်ခေါ်သူဖြစ်လာခဲ့တယ်။ အထူးသဖြင့် ဗြူရိုကရက်များရဲ့ ဖိနှိပ်မှုအောက်မှာ ခုနင်္ခငွေကြေး မရှိသူများ၊ လူမှုရေး အရှိန်အဝါ မရှိသူများ၊ နိုင်ငံရေးအာဏာ မရှိသူများနဲ့ နိုင်ငံသားတစ်ဦး အနေနဲ့



မာတိကာသို့ ▸▸

လိုအပ်တဲ့ အကာအကွယ်နဲ့ မပြည့်စုံသူများရဲ့ အခွင့်အရေးများ အတွက် စိန်ခေါ်ခဲ့တယ်။

မာရှယ်လ်ဟာ တရားရုံးချုပ်ရဲ့သမိုင်းမှာ တခြားတရားသူကြီးတွေလိုပဲ အားကြိုးမာန်တက် အလုပ်လုပ်ခဲ့တယ်။ လွတ်လပ်စွာ ပြောဆိုခွင့်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပထမပြင်ဆင်ချက် (လွတ်လပ်စွာကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ ဆုံးရှုံး နစ်နာမှုအတွက် အသနားခံခွင့်) ကို အကာအကွယ်ပေးခြင်းတို့အတွက် ကျယ်ပြန့်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ လူအများနဲ့ဆိုင်တဲ့ လူမျိုးရေးခွဲခြားမှု ပပျောက်ရေးအတွက် ဖိအားပေးပြောဆိုခဲ့တယ်။ လူနည်းစု အတွက် တရားမျှတစွာ အိုးအိမ်တိုက်ခန်းရရှိရေးနဲ့ တခြားကိစ္စတွေအတွက်လည်း ဖိဖိစီးစီး ပြောဆိုခဲ့တယ်။ ဒါပေမဲ့ မာရှယ်လ်ဟာ မျက်နှာဖြူများ အပါအဝင် နိုင်ငံသားတိုင်းရဲ့ လွတ်လပ်ခွင့်ကို ထိန်းသိမ်းရုံသာမက ပိုမို တိုးချဲ့ရေးအတွက်လည်း ဆောင်ရွက်ခဲ့တယ်။ အမေရိကန်ပြည်သူတွေ ဘယ်စာတွေဖတ်၊ ဘယ်ရုပ်မြင်သံကြားအစီအစဉ်တွေကြည့်၊ ကိုယ့်အိမ်တွင်းမှာဘာ (ညစ်ညမ်းရုပ်ရှင်များ အပါအဝင်)မကြည့်ရ စတဲ့အမိန့်တွေကို အစိုးရက ထုတ်ပြန်ခွင့် မရှိဘူးလို့လည်း ငြင်းဆန်ပြောဆိုခဲ့တယ်။ ပြီးတော့ "ရာဇဝတ်မှု တိုက်ဖျက်ရေး"အတွက် အစိုးရက ဝရမ်းမပါဘဲ ရှာဖွေခြင်းနဲ့ သိမ်းဆည်းခြင်း၊ အစဉ်အလာမရှိခဲ့တဲ့ လျှပ်စစ်ပစ္စည်းများသုံးပြီးထောက်လှမ်းခြင်း၊ အစွန်းအထင်း မကင်းတဲ့ သက်သေအထောက်အထားများ တင်ပြခြင်းစတဲ့ နည်းလမ်းတွေ အသုံးပြုတာကိုလည်း မာရှယ်လ်ဟာ တိုက်ပွဲဝင်ခဲ့တယ်။

ဒါ့အပြင် ရာဇဝတ်ပြစ်မှုများအတွက် သံသယမကင်းတဲ့သူတစ်ဦးဟာ ဘယ်လောက်ပဲဆင်းရဲဆင်းရဲ အဲဒီတရားခံအတွက် အရည်အချင်းရှိတဲ့ ရှေ့နေတစ်ဦး ရရှိခွင့်အတွက်လည်း မားမားမတ်မတ် ရပ်တည်ခဲ့တယ်။ ချမ်းသာသူနဲ့ ဆင်းရဲသားတွေအမှုမှာ သည်းမခံနိုင်လောက်အောင် ချမ်းသာသူတွေဘက်ကို မျက်နှာလိုက်ပြီး စီရင်ချက်ချမှုများကိုလည်း ဆန့်ကျင်တိုက်ပွဲဝင်ခဲ့တယ်။ ပြည်နယ်တွေရဲ့ ရာဇဝတ်ပြစ်မှုတွေမှာ တုတ်တုတ်ချင်း၊ ဓားဓားချင်း ဖြေရှင်းနည်းအတိုင်း ကျူးလွန်ခဲ့တဲ့ ပြစ်မှုနဲ့တန်းတူ တန်ပြန်



မာတိကာသို့

စီရင်ချက်ချရင် ရာဇဝတ်မှုတွေ ပပျောက်လိမ့်မယ်ဆိုတဲ့ အယူအဆကိုလည်း ပယ်ဖျက်ဖို့ သူက အားထုတ်တိုက်တွန်းခဲ့တယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။ အမေရိကရဲ့ အလုပ်ခန့်တဲ့နေရာတွေနဲ့ တခြားကဏ္ဍ အတော်များများတို့မှာ အမျိုးသမီးများအပေါ် လူတန်းစား ခွဲခြားမှုကိုလည်း အပြင်းအထန် ကန့်ကွက်ခဲ့တယ်။

တရားရုံးချုပ်မှာ မာရှယ်လ်ရဲ့ သရုပ်ဆောင်း အောင်မြင်မှုတွေထဲမှာ လူမျိုးရေးခွဲခြားမှုပြဿနာများမဟုတ်ဘဲ အမျိုးသမီးတစ်ဦးဟာ ဘယ်အချိန်မှာ ကလေးယူချင်တယ်၊ ဒါမှမဟုတ် လုံးဝ မယူချင်ဘူးဆိုတဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ အမျိုးသမီး တစ်ဦးရဲ့ အခွင့်အရေးကိစ္စတွေပါ ပါဝင်လိမ့်မယ်လို့ တရားရုံး အကဲခတ်သမားများ စိတ်ကူးထဲတောင် ထည့်မတွက်ခဲ့ကြပါဘူး။ တရားရုံးချုပ် မှတ်တမ်းများအရ အမျိုးသမီးများရဲ့ ကိုယ်ပိုင်ရွေးချယ်ခွင့် အခွင့်အရေးနဲ့ပတ်သက်လို့ ဘယ်တရားသူကြီး တစ်ဦးတစ်ယောက်မှ မာရှယ်လ်ကို မလျှော့စတမ်း ဖွဲနပဲနဲ့ ဆောင်ရွက်ခဲ့တာမရှိပုံကို တွေ့ခဲ့ရပါတယ်။

၁၉၆၇ ခုနှစ်မှာ အမျိုးသမီးများအတွက် လှုပ်ရှားမှုဆိုတာ စတင်သက်ဝင်လှုပ်ရှားမှု မရှိခဲ့သေးဘူး။ အဲဒီအချိန်မှာ မာရှယ်လ်က အမျိုးသမီးတစ်ဦး ကလေးမလိုချင်တာကို ကလေးမွေးပေးရမယ်လို့ ဘယ်နိုင်ငံရေးသမား၊ ဘယ်ပုဂ္ဂိုလ်ကမှ အတင်းအဓမ္မ တိုက်တွန်းလို့ မရဘူး။ “ဒီကိစ္စဟာ ကာယကံရှင်အမျိုးသမီးအပေါ်မှာ မူတည်တယ်” လို့ သားဂွဒ်က ပြောဆိုခဲ့ပါတယ်။

ကိုယ်ဝန်ဖျက်ချခွင့်ပြဿနာနဲ့ ပတ်သက်ပြီး တစ်နိုင်ငံလုံးကို ပျံ့နှံ့သွားတဲ့ ဂယက်ရိုက် လှုပ်ရှားမှုတစ်ခုလည်း ဖြစ်ပေါ်ခဲ့တယ်။ တက္ကဆတ်စ်ပြည်နယ်က နော်မာ မက်ကောဗေးဆိုတဲ့ အမျိုးသမီးတစ်ဦးဟာ တရားရုံးတော်မှာ ရာဇဝင်တွင်ကျန်ရစ်မယ့် *ဂျိန်း ရိုး* နာမည်ခံပြီး ဒါးလပ်စ်ပြည်နယ်က အမျိုးသမီးရှေ့နေ ဆာရာ ဝက်ဒင်တင်ထံ သွားတွေ့ပြီး ပြောခဲ့တယ်။



မာတိကာသို့ ▸▸

"ကျွန်မမှာ မုဒိမ်းကျင့်ခံရလို့ ပဋိသန္ဓေရှိနေပါတယ်။ ကျွန်မ ကိုယ်ဝန်ဖျက်ချချင်တယ်။ ဒါပေမဲ့ တက္ကဆတ်စ်ပြည်နယ်မှာ ကျွန်မ တရားဝင် ကိုယ်ဝန်ဖျက်ချခွင့် မရှိပါဘူး။ အဲဒါကြောင့် တက္ကဆတ်စ်ပြည်နယ်ရဲ့ ဥပဒေဟာ ဖွဲ့စည်းပုံဥပဒေနဲ့ ကိုက်ညီမှုရှိမရှိ ကျွန်မ စိန်ခေါ်ချင်ပါတယ်"

အတော်ပဲ။ နော်မာဟာ ရှေ့နေ ဆာရာရှာနေတဲ့ သူမျိုးဖြစ်ခဲ့တယ်။ ရှေ့နေ ဆာရာကလည်း တက္ကဆတ်စ်ပြည်နယ်ရဲ့ ပဋိသန္ဓေဖျက်ချခွင့် တားမြစ်မှုဥပဒေဟာ အမျိုးသမီးတွေအပေါ် ထိခိုက်ပျက်စီးစေမှုတစ်ခု ဖြစ်တယ်လို့ မြင်ခဲ့သူဖြစ်တယ်။ (၁၉၈၇ ခုနှစ်မှာ မက်ကောဗေးက သူမ မုဒိမ်းအကျင့်ခံခဲ့ရတာ မဟုတ်ပါဘူး။ ဖလော်ရီဒါမှာ ချစ်ကမြင်းကြောထခဲ့မှုတစ်ခုကြောင့် ကိုယ်ဝန်ရခဲ့တာ ဖြစ်ပါတယ်။ သူမဟာ ဆပ်ကပ်တစ်ခုက တိရစ္ဆာန်ကြီးတွေ ပြပွဲအတွက် လက်မှတ်ရောင်းတစ်ဦးဖြစ်ခဲ့တယ်။ မုဒိမ်းအကျင့်ခံရတယ်လို့ အော်ပြောလိုက်မှသာ တရားရုံးက မြန်မြန်ဆန်ဆန် ဂရုစိုက်ကြမှာဖြစ်လို့ အဲဒီလို ပြောခဲ့ရတာပါလို့ သူမက ဝန်ခံပြောဆိုခဲ့တော့ အမေရိကန်တစ်နိုင်ငံမှာ ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းများအတွက် သတင်းထူးကြီးတစ်ခု ဖြစ်သွားခဲ့တယ်။ တကယ်တော့ "ဂျိန်း ရိုး" ကိုယ်ဝန် ဘယ်လို ရခဲ့သလဲဆိုတာ ပြဿနာရဲ့ ပြင်ပကိစ္စဖြစ်ပြီး ပြည်နယ်က သူမကို ကလေးမွေးစေလို့ အမိန့်ပေးရေးပြဿနာနဲ့ မဆိုင်ဘူးလို့ ယူဆခဲ့ကြတယ်။)

၁၉၇၂ ခုနှစ် မိုးဦးကျကာလမှာ တရားရုံးချုပ်ရဲ့ တရားသူကြီးအများစုက တက္ကဆတ်စ်ပြည်နယ်ဖက်က မပါဘဲ "ဂျိန်း ရိုး" ဘက်က ပါခဲ့ကြပုံကို မာရှယ်လ် တွေ့ခဲ့ရတယ်။ *ရိုးနှင့် ဝိတ်အမှု* မှာ မာရှယ်လ်ဟာ ထိရောက်အောင် အများကြီးဆောင်ရွက်ပေးခဲ့တယ်။ ဒါပေမဲ့ တရားရုံးချုပ်အတွင်းမှာ လျှို့ဝှက်စွာ အကြောက်အကန် ငြင်းခုံဆွေးနွေးခဲ့ကြရတာဆိုတော့ အမေရိကန်ပြည်သူလူထုက မသိခဲ့ကြဘူး။

* * *



မာတိကာသို့ ▸▸

၁၉၆၀ ပြည့်လွန်နှစ်များနဲ့ ၁၉၇၀ ပြည့်လွန်နှစ်များမှာ အမေရိကန်နိုင်ငံက လူမျိုးအားလုံး လက်ခံပုံရလာတဲ့ အပြောင်းအလဲမှုတစ်ခု ရှိခဲ့တယ်။ အဲဒါကတော့ ကာလကြာမြင့်စွာ အလိမ်ခံအနှိမ်ခံခဲ့ရတဲ့ လူနည်းစုတွေကို အမေရိကန်ပြည်သူတွေရဲ့ ဘဝလမ်းကြောင်းအတွင်း ဆွဲခေါ်သွင်းရေးဟာ လူမျိုးအသိုင်းအဝိုင်းအားလုံးရဲ့ အကျိုးကျေးဇူးအတွက် ဖြစ်တယ်ဆိုတဲ့ ငြင်းခုံချက် ဖြစ်ခဲ့ပါတယ်။ ရုပ်ရှင်ဌာနတွေနဲ့ ထိပ်ပိုင်းရဲ့အရာရှိရာထူးတွေမှာ မျက်နှာဖြူတွေသာရှိခဲ့ပုံမှာ ပျက်စီးခြင်းတိုင်စေမယ့် ခေတ်ဟောင်းကြီးဖြစ်နေပြီလို့ လူတွေက မြင်ခဲ့ကြတယ်။ အယ်လ်လာဘားမားပြည်နယ်ရဲ့ သမိုင်းတစ်လျှောက်လုံးမှာ အယ်လ်လာဘားမားပြည်နယ် ဟိုက်ဝေးလမ်းမစောင့် ရဲတပ်ဖွဲ့ဝင်အဖြစ် လူမည်းတစ်ဦးမှ မပါဝင်ခဲ့ပုံဟာ အဓိပ္ပာယ်မရှိဘူးလို့ လူတွေက သိခဲ့ကြတယ်။ ဉာဏ်စွမ်းရည်မြင့်ပြီး ကိုယ်ကျင့်တရားကောင်းသူတွေ ပါဝင်တယ် ဆိုတဲ့ အဖွဲ့အစည်းတွေမှာ လူမည်းတွေနဲ့ တခြားလူနည်းစုတွေ တချို့ တလေလောက်သာ ပါဝင်ခဲ့ပုံဟာ ရယ်စရာကောင်းခဲ့တယ်။ ဌာနတွေမှာ လူ အမျိုးမျိုးပါဝင်အောင် စာနယ်ဇင်းတွေနဲ့ ရုပ်မြင်သံကြားဌာနတွေကလည်း လူမည်းများ၊ အမျိုးသမီးများ၊ ဟစ္စပဲန်းနစ်နဲ့ အာရှလူမျိုးများကို အလုပ် ပေးဖို့ တိုက်တွန်းဆော်သြခဲ့ကြတယ်။

အဲဒီလို လူနည်းစုကို အားပေးရမယ်ဆိုတဲ့ ကန့်သတ်ချက်ကို ဆန့်ကျင်တဲ့ တရားစွဲဆိုမှု အချို့လည်း ၁၉၇၀ ပြည့်လွန်နှစ်များမှာ ပေါ်ပေါက်ခဲ့တယ်။ ၁၉၈၀ ပြည့်လွန်နှစ်တွေမှာတော့ အသားအရောင်ပေါ်မူတည်ပြီးအရည် အချင်း လျှော့ပေါ့ပေးမှုအတွက် ပြစ်တင်ကန့်ကွက်မှု နှစ်ခုကို တွေ့ခဲ့ရတယ်။ စတဲန်းဖော့ဒ်၊ အိုဘာလင်နဲ့ ကော်နဲလ်တက္ကသိုလ်တွေက လူမည်းလေးတွေ စကောလား ရှစ်ရခဲ့တယ်။ အဲဒါကို မျက်နှာဖြူမိဘ တွေက အရည်အချင်း စစ်ဆေးမှု တချို့မှာ လူမည်းကျောင်းသားတွေထက် အမှတ်နည်းနည်းပိုသာတဲ့ သူတို့ကလေးတွေကို ပေးသင့်တယ်ဆိုပြီး အော်ဟစ်ကန့်ကွက်ခဲ့ကြတယ်။ ဒီးထရွိုက်နဲ့ မဲန်းဖစ္စမြို့ကြီးတွေက မျက်နှာဖြူရဲများနဲ့ မျက်နှာဖြူ မီးသတ်တပ်ဖွဲ့ဝင်တွေက သူတို့လက်ဝါးကြီးအုပ်ထားတဲ့ လောကထဲကို လူမည်းတွေ ထည့်သွင်းပေးရေးဟာ မြို့ပြမှာနေတဲ့



မာတိကာသို့ ▶▶

လူထုရဲ့ ကြည်ညိုလေး စားမှုနဲ့ အကူအညီရအောင် လုပ်ပေးရမှာ ဖြစ်တယ် ဆိုတဲ့ အသံကြားတာနဲ့ ခါးခါးသီးသီး ကန့်ကွက်ပြောဆိုခဲ့ကြတယ်။

ဒေးဗစ္စမြို့မှာရှိတဲ့ ကယ်လီဖိုးနီးယားတက္ကသိုလ်က လူနည်းစုများ အတွက် ဆေးကျောင်းဝင်ခွင့် ၁၆ နေရာကို သီးခြားဖယ်ထားပြီး ရာထား ပေးခဲ့တယ်။ အဲဒါကို အယ်လန် ဘက်ခ်ဆိုတဲ့ မျက်နှာဖြူတစ်ဦးက သူ့အပေါ် မှာ လူမျိုးခွဲခြားမှု ပြုလုပ်ပြီးတဲ့ ကိုတာစနစ်ကို အသုံးပြုခြင်းဖြစ်တယ်ဆိုပြီး တက္ကသိုလ်ကို တရားစွဲခဲ့တယ်။ တရားရုံးချုပ်အနေနဲ့ မတရားမှုတွေကို သာဓကတွေနဲ့ ဖော်ပြနိုင်ခဲ့ရင် အဲဒီအမှားတွေကို ပြင်ဆင်တဲ့အနေနဲ့ လူမျိုး ရေးကို ထည့် စဉ်းစားပြီး အရည်အချင်းနဲ့ ပတ်သက်လို့ လျော့ပေါ့အခွင့် အရေးပေးတဲ့ အစီအစဉ်များကို လက်ခံခဲ့ပါတယ်။ အဲဒီ ကိုတာစနစ်ကို တရားရုံးချုပ်က တရားသူကြီးအချို့က သဘောမကျခဲ့ကြဘူး။ မယုံနိုင်စရာ ဘဲ။ တရားသူကြီး ပါးဝဲလ်က အဆုံးအဖြတ် တစ်မဲကို ပေးခဲ့ပြီး လူမျိုးရေးကို ထည့်စဉ်းစားတဲ့ အစီအစဉ်ဘက်ကို ၅ မဲ ၄ မဲနဲ့ အဆုံးအဖြတ်ပေးခဲ့တယ်။ ဆယ့်ခြောက်နေရာ သီးသန့်ရာထားပေးတာကိုကျတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ မညီညွတ်ဘူးဆိုပြီး ၅ မဲ ၄ မဲနဲ့ပယ်ချခဲ့ပြန်တယ်။ သားဂွဒ် မာရှယ်လ်ဟာ အကြီးအကျယ် ဒေါသပေါက်ကွဲပြီး သူ့ရဲ့ သဘောမတူမှုကို ပြင်းပြင်းထန်ထန် ခံစားချက်နဲ့ မှတ်ချက်ရေးခဲ့တယ်။

"အမေရိကန်နိုင်ငံက လူမည်းတွေအပေါ် နှစ်ရာပေါင်းများစွာ လူတန်းစားအခြေခံတဲ့ လူမျိုးရေးခွဲခြားမှုကို ပြုလုပ်ခဲ့တယ်။ အဲဒီလို မညီမမျှ ဆက်ဆံတဲ့ အမွေအနှစ်ကြောင့် နီးဂရိုးလူမျိုးတွေ ဟာ အနိမ့်ခံခဲ့ရတယ်။ အခုအခါမှာ လက်ရှိလူ့ဘောင်မှာ ဒီမမျှတမှုတွေကို ပြင်ဆင်ပြီး လူမျိုးရေး အခြေခံမှုကို ထည့်စဉ်းစားရမယ်ဆိုတော့ တရားရုံးချုပ်က သဘောမတူ ပြန်ဘူး။ အမေရိကန်နိုင်ငံရဲ့ ဩဇာရှိတဲ့ သာယာဝပြောမှုနဲ့ ဂုဏ်သိက္ခာ ရှိတဲ့ ရာထူးတွေမှာ ဘယ်သူတွေကို ပေးသင့်သလဲဆိုတာကို ဆုံးဖြတ်ပေး ရတဲ့အခါမှာ လူမျိုးရေးကိုထည့်ပြီးတော့ကို စဉ်းစားရမှာပဲ။ အဲဒီလို ရာထူးတွေ အတွက် လူမည်းတွေ မဝင်နိုင်အောင် တံခါးတွေ ပိတ်ထားခဲ့တာ ကြာတောင် ကြာခဲ့ပါပြီ" လို့ သားဂွဒ် မာရှယ်လ်က မှတ်ချက်ရေးခဲ့တယ်။



မာတိကာသို့

တရားရုံးချုပ်ရဲ့ အစည်းအဝေးခန်းမအတွင်းမှာ သားဂွဒ် မာရှယ်လ်ဟာ အားကောင်းပြီး ကြောက်စရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ် လာတယ်။ မာရှယ်လ်က "ကျွန်တော်တို့ရဲ့ လူ့ဘောင်အသိုင်းအဝိုင်းမှာ လူမျိုးရေးခွဲခြားမှုဟာ ဘယ်လောက်အထိ ဩဇာပျံ့နှံ့နေတုန်းဆိုတာကို ကြည့်မယ်ဆိုရင် လူမည်းတစ်ဦးဟာ ငွေကြေးကြွယ်ဝမှုနဲ့ ရာထူးအနေ အထားဘယ်လောက်ပဲကောင်းကောင်း လူမျိုးရေးခွဲခြားမှုရဲ့ ထိုးနှက်မှုဒဏ်က မလွတ်မြောက်နိုင်သေးဘူး" လို့ ပြောခဲ့တယ်။

မာရှယ်လ်က တစ်ဦးချင်းအနေနဲ့လည်း သူနဲ့လုပ်ဖော်ကိုင်ဖက် တရားသူကြီးတွေကို လူမည်းကုလသမဂ္ဂအရာရှိကြီး ဒေါက်တာ ရပ်ဖ်ဘန့်ချ်ကို လူမျိုးရေးခွဲခြားသူတွေက ဟိုတယ်မှာ တည်းခိုခွင့်မပေးတဲ့ကိစ္စနဲ့ အခြားခွဲခြားမှုများ ခံခဲ့ရပုံကို သတိပေးပြောဆိုခဲ့တယ်။ မီနီယက်ပလစ္စက ရာဒီဆင်ဟိုတယ်မှာ အဆိုကျော် မာရီယန် အဲန်ဒါဆင်ဆိုတဲ့ လူမည်းအမျိုးသမီးဟာ ပစ္စည်းတွေသယ်တဲ့ ဓါတ်လှေကားကိုသာ စီးခွင့်ရခဲ့ပုံ၊ သန်းပေါင်းများစွာသော လူမည်းများ မဲပေးခွင့် မရခဲ့ကြပုံ၊ အိမ်နဲ့ အနီးဆုံး ပြည်သူ့ကျောင်း တွေမှာ လူမည်းကလေးတွေ တက်ခွင့် မရခဲ့ကြပုံ၊ မျက်နှာဖြူပိုင်ဆိုင် တစ်ခုတည်းမှာ လူမည်းတွေ အချိုရည်တစ်ပုလင်း ဝယ်သောက်ခွင့်မရခဲ့ပုံ၊ လူမျိုးရေး စော်ကားမှုတွေက သူ့ကို ဖိစီးစေပုံတွေကို မာရှယ်လ်က ပြောဆိုခဲ့ပါတယ်။

မာရှယ်လ်ဟာ လွန်ခဲ့တဲ့ ရှစ်နှစ်က ဟောင်းဝပ်တက္ကသိုလ်မှာ သမ္မတဂျွန်ဆင် ပြောခဲ့တဲ့ မိန့်ခွန်းထဲက စကားတွေကိုလည်း ပြန်ပြီး ပြောပြခဲ့တယ်။ အဲဒီတုန်းက သမ္မတဂျွန်ဆင် ပြောခဲ့တဲ့ စကားတချို့က အောက်ပါအတိုင်း ဖြစ်ခဲ့ပါတယ်။

"နှစ်ပေါင်းများစွာ သံကြိုးတွေနဲ့ ထုံးခတ်ထားခြင်းခံနေရတဲ့ လူတစ်ယောက်ကို ခင်ဗျားတို့ ချက်ချင်းလွှတ်ပေးပြီး ပြေးပွဲတစ်ခုရဲ့ တာလွှတ်တဲ့နေရာကို ခေါ်သွား၊ ကဲ--မင်း တခြားလူတွေနဲ့ လွတ်လွတ်လပ်လပ် ပြိုင်ပေတော့လို့ ဘယ်တော့မှလုပ်ကြမှာ မဟုတ်ဘူး"

"လူမည်းတွေဟာ ထောင်ချောက်ထဲမှာ မိနေကြတယ်။ လူဖြူအတော်များများကလည်း ထောင်ချောက်မိနေတာရှိပါတယ်။ လူမည်းတွေဟာ ဝင်ပေါက်ထွက်ပေါက်မရှိတဲ့ ဆင်းရဲမှုကို အမွေရထားကြတယ်။ သူတို့မှာ လေ့ကျင့်မှုနဲ့စွမ်းရည် ချို့တဲ့နေကြတယ်။ သူတို့ဟာ ဆင်းရဲသားရပ်ကွက်တွေမှာ ပိတ်မိနေပြီး ထိုက်တန်တဲ့ ဆေးဝါးကုသမှုကို မရရှိကြဘူး။ ဒီမကောင်းမှုအပေါင်းတို့ကို တိုက်ဖို့ ကျွန်တော်တို့ ကြိုးစားနေကြပါတယ်"

"လူမည်း အသိုင်းအဝိုင်း အများစုဟာ သမိုင်းကြောင်းနဲ့ အခြေအနေဆိုတဲ့ စောင်ကြီးတစ်ခုရဲ့အောက်မှာ လွှမ်းခြုံနစ်မွန်းနေကြတယ်။ အဲဒီစောင်ကြီးရဲ့ ထောင့်တစ်ခုကို မ,ပေးလိုက်ရုံနဲ့ ထာဝရ တည်တံ့မယ့် ဖြေရှင်းမှုတစ်ခု မဖြစ်နိုင်ဘူး"

* * *

မာရှယ်လ်ဟာ ဆတ်ဆတ်တုန်ဒေါသစိတ်နဲ့ရော၊ ယုံကြည်ချက်နဲ့ရော လွတ်လပ်စွာပြောဆိုခွင့်အတွက် တိုက်ပွဲဝင်ခဲ့တယ်။ ဆက်လက်တိုက်ပွဲဝင်ခဲ့တယ်။ အရင်တုန်းက လွတ်လပ်စွာ ပြောဆိုခွင့်ကို အဖိနှိပ်ခံခဲ့ရပြီး အစဉ်အလာမရှိခဲ့တဲ့ ဒေသတွေဟာ အခုအခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံနဲ့ ကြည့်ရင် "ပြည်သူ့ဟစ်တိုင်"တွေ ဖြစ်လာတယ်လို့ သားဂွဒ်က မြင်ခဲ့တယ်။ သူ့အမြင်အယူအဆတွေအတွက်လည်း တိုက်ပွဲဆက်ဝင်ခဲ့တယ်။ ဥပမာတစ်ခုပြောရရင် တိုင်းပြည်ရဲ့ တရားရုံးတွေက စစ်ဖက်ကိုရိုသေကျိုးနွံမှု ပြလွန်းပုံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘယ်လိုမှ မမှန်ကန်နိုင်ဘူးလို့ သားဂွဒ် ယုံကြည်ခဲ့တယ်။ ကာကွယ်ရေးဌာနပင်တာဂွန်စာရွက်စာတမ်းများ အမှုမှာ သားဂွဒ်ဟာ *နယူးယောက်တိုင်းမ်*နဲ့ *ဝေါ်ရှင်တင်ပို့စ်* သတင်းစာများဘက်က အခိုင်အမာ ရပ်တည်ခဲ့တယ်။ ဗီယက်နမ်စစ်ပွဲမှာ အမေရိကန် ပါဝင်ဆင်နွှဲတာနဲ့ ပတ်သက်လို့ အမေရိကန်အစိုးရက



မာတိကာသို့ ▶▶

ပြောဆိုခဲ့တဲ့ မုသားတွေကို သတင်းစာ များက အမေရိကန်ပြည်သူလူထုကို ပြန်ပြီး အသိပေးခွင့် ရှိတယ်ဆိုတဲ့ ဘက် က သားဂွဒ် ရပ်တည်ခဲ့တယ်။

စာရေးသူက မာရှယ်လ်ကို ပြောခဲ့ဖူးတယ်။

"တရားရုံးချုပ်မှာ တပ်သားတွေ မရှိပါဘူး။ တရားရုံးချုပ်ဟာ ရှေ့နေချုပ်၊ တရားရေးဌာနနဲ့ အမေရိကန်သမ္မတတို့သနားမှ ချမ်းသာ ရမှာပါ"

အဲဒီအခါမှာ မာရှယ်လ်ပြန်ပြောခဲ့တဲ့ စကားအရ သတင်းစာ လွတ်လပ်ခွင့်ကို သူ့ခေါင်းထဲမှာ ဘယ်လောက်အထိ အလေးထားစဉ်းစား သလဲဆိုတာ အဖြေပေါ်ခဲ့ပါတယ်။ မာရှယ်လ်က ပြန်ဖြေခဲ့တာက "လွတ်လပ်စွာ ရေးသားခွင့်ရှိနေသမျှကာလပတ်လုံး အဲဒီလို ဘယ်ဖြစ်မလဲ" တဲ့။

"ဒါဖြင့်ရင် သတင်းစာဟာ လွတ်လပ်ခွင့်ရဲ့ မဟာတံခါးမှူးကြီး လို့ ဆိုလိုတာလား"

"သတင်းစာကလွဲလို့ ကျုပ်တို့မှာ တခြားဘာရှိလို့လဲ။ သတင်း စာလွတ်လပ်ခွင့်အာဏာကို ထိန်းချုပ်ဖို့ မကြာခင်က လုပ်ခဲ့တဲ့ ကြိုးစား အားထုတ်မှုတွေက ကျုပ်ကို စိတ်အနှောင့်အယှက်ပေးခဲ့တာတော့ အမှန်ပဲ။ ဒါပေမဲ့ တစ်ခါတစ်လေကျတော့လည်း သတင်းစာတွေက ကျုပ်သေပြီ၊ ကျုပ် သေတော့မယ်၊ အသက်ငင်နေပြီ၊ ဒါမှမဟုတ် ကျုပ်အသည်းအသန် နေမ ကောင်းဖြစ်နေပြီ စသဖြင့်ပေါ့-- အဲဒါမျိုးတွေ ရေးကြတဲ့အခါမျိုးမှာတော့ ကျုပ်စိတ်ဆိုးမိတယ်။ ကျုပ်ကိုယ်တိုင်က သတင်းစာလွတ်လပ်ခွင့်ကို ဘယ် လောက်များများအထိ လိုချင်သလဲဆိုတာကိုလည်း ကျုပ်တွေးကြည့်မိပါ တယ်"

မာရှယ်လ်ဟာ အစည်းအဝေးခန်းမထဲမှာ အရင်က အစဉ်အလာ မရှိခဲ့တဲ့ ဟာသနှောပြောခြင်း၊ ခနဲ့တဲ့တဲ့ပြောခြင်းမျိုးတွေလည်း လုပ်ခဲ့ တယ်။ တရားရုံးချုပ်ရဲ့ ဆွေးနွေးတိုင်ပင်မှုတွေမှာ သားဂွဒ်က သာမန်



မာတိကာသို့

ဆင်ခြင်တုံတရားနဲ့ ကြိုးစားပြောဆိုခဲ့ပုံကလည်း တချို့သော တရားသူကြီးများအတွက် တုန်လှုပ်ဖွယ်ရာဖြစ်ခဲ့ပါတယ်။ "လူမည်းကျွန်များရဲ့ မြေးဖြစ်တဲ့" ဒီတရားသူကြီးအသစ်က ဘာဖြစ်လို့ ချက်ချင်းဩဇာရှိလာပြီး လူဖြူအများစုကို ကျော်လွှားသွားနိုင်ခဲ့တာလဲလို့ တွေးခဲ့ကြတယ်။ ခေတ်နောက်ကျတဲ့ ကော်နီဆားဗတစ်တွေက သားဂွဒ်ကို အကြီးအကျယ် မယုံကြည်ခဲ့ကြဘူး။ သားဂွဒ်ကို လူမှုရေးတော်လှန်ရေး သမားတစ်ဦးလို့ မြင်ခဲ့ကြတယ်။ သူ့ရဲ့ယုံကြည်ချက်တွေက ပီယဲ ဂျိုးဇက် ရှူးဒေါ်နီနဲ့ တူတယ်လို့ ယူဆခဲ့ကြတယ်။ ပီယဲ ပရူးဒေါ်နီ (၁၈၀၉–၁၈၆၅ ပြင်သစ်လူမျိုး ယူတိုးပီးယားဆိုရှယ်လစ်ဝါဒီ၊ စာရေးဆရာ၊ အတွေး အခေါ်ပညာရှင်) က သူ့အမြင်ကို ၁၈၄၉ ခုနှစ်က အောက်ပါအတိုင်း ရေးသားခဲ့တယ်။

"အုပ်ချုပ်ခြင်း ခံရတယ်ဆိုတာ ဘွဲ့မရှိသူ၊ ပညာဗဟုသုတ မရှိသူ၊ သီလသမာဓိဂုဏ်မရှိသူတို့ရဲ့ စောင့်အကြည့်ခံရခြင်း၊ အစစ်ဆေးခံရခြင်း၊ ထောက်လှမ်းစုံစမ်းမှုအလုပ်ခံရခြင်း၊ အညွှန်ကြားခံရခြင်း၊ ဥပဒေကိုလိုက်နာရခြင်း၊ စနစ်နဲ့အညီနေထိုင်ရခြင်း၊ ပိတ်လှောင်ထိန်းချုပ်ခံရခြင်း၊ ဝါဒစရိုက်အသွင်းခံရခြင်း၊ တရားဟောခံရခြင်း၊ အစိစစ်ခံရခြင်း၊ တန်ဖိုးအဖြတ်ခံရခြင်း၊ အဖမ်းဆီးခံရခြင်း၊ အတည်းဖြတ်ခံရခြင်း၊ အမိန့်ပေးခံရခြင်း---

"အုပ်ချုပ်ခြင်းခံရတယ်ဆိုတာ သွားလာလှုပ်ရှားမှုတိုင်း၊ လုပ်ကိုင်ဆောင်ရွက်မှုတိုင်း၊ လှုပ်ရှားမှုတိုင်းကို အမှတ်ခံရခြင်း၊ မှတ်ပုံတင်ခံရခြင်း၊ အရေတွက်ခံရခြင်း၊ အဆင့်သတ်မှတ်ခံရခြင်း၊ တံဆိပ်အနှိပ်ခံရခြင်း၊ အတိုင်းထွာခံရခြင်း၊ အမှတ်စဉ်အတပ်ခံရခြင်း၊ အကဲဖြတ်ခံရခြင်း၊ ခွင့်ပြုချက်အပေးခံရခြင်း၊ အငြင်းပယ်ခံရခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်း၊ ထောက်ခံချက်ပေးခြင်း၊ သတိပေးခံရခြင်း၊ အတားမြစ်ခံရခြင်း၊ ပြုပြင်ပြောင်းလဲမှုခံရခြင်း၊ အလျော်ပေးခံရခြင်း၊ အမှန်ဖြစ်အောင် ပြုပြင်ပေးခံရခြင်းတို့ ဖြစ်ပါတယ်"

တကယ်တော့ မာရှယ်လ်ဟာ ပရူးဒေါ်နီလို အစိုးရအပေါ် မကောင်းမြင်ဝါဒမျိုး မထားသူတစ်ဦးဖြစ်ပါတယ်။ ပရူးဒေါ်နီရဲ့ အယူအဆ

ဖြစ်တဲ့ "ငါ့ကို အုပ်ချုပ်သူ မှန်သမျှသည် အဓမ္မပြုလုပ်သူ သို့မဟုတ် နိုင့်ထက်စီးနင်းပြုကျင့်သူဖြစ်သည်" ဆိုတဲ့ အတွေးအခေါ်ကို သားဂွဒ်က ဘယ်တော့မှ ထောက်ခံမည့်သူ မဟုတ်ပါ။ မာရှယ်လ်ရဲ့ ဘဝတစ်ခုလုံးက သူ့ကို သင်ပေးခဲ့တာရှိတယ်။ အဲဒါကတော့ "အစိုးရကောင်းကောင်းတစ်ခု သာလျှင် လူမျိုးရေးခွဲခြားမှု ရမ္မက်လောဘနဲ့ အားနည်းသူတွေအပေါ် အနိုင်ကျင့်တဲ့ တောရိုင်းကြီးကို ယဉ်ပါးအောင် ဆုံးမပေးနိုင်လိမ့်မယ်" ဆိုတဲ့ သူ့ရဲ့ အသိတရားဖြစ်ပါတယ်။

မာရှယ်လ်ဟာ အဲန်အေအေစီပီရဲ့ ရှေ့နေဘဝမှာရော၊ ရုံးထိုင်ရှေ့နေချုပ်ဘဝမှာရော၊ တရားရုံးချုပ်ရဲ့ တရားသူကြီးဘဝမှာရော ရှေ့ဆောင်လမ်းပြ တိုက်ပွဲဝင်ခဲ့မှုတွေကတော့ အထူးသဖြင့် ရာဇဝတ်ပြစ်မှု တရားစီရင်ရေးစနစ်မှာ အာဏာကို အလွန်အမင်းသုံးသူများ၊ ဆင်းရဲသားတွေနဲ့ လူနည်းစုအမျိုးအနွယ်တွေနဲ့ ဆက်ဆံရာမှာ အာဏာကို အလွဲသုံးစားပြုသူများကို ထိန်းချုပ်ရေးအတွက် ဖြစ်ခဲ့ပါတယ်။ ရုံးထိုင်ရှေ့နေချုပ် ဘဝမှာ အမေရိကန်ပြည်သူများရဲ့ တယ်လီဖုန်းများကို ဖြတ်နားထောင်ခြင်း၊ ကိုယ်ပိုင် အိပ်ခန်းတွေရဲ့ ဆိုဖာမှာနဲ့ နံရံတွေထဲမှာ ခိုးနားထောင်တဲ့ လျှပ်စစ်ပစ္စည်းများ တပ်ဆင်ခြင်း၊ ဟိုတယ်အခန်းတွေမှာ ကင်မရာများနဲ့ ဓါတ်ပုံခိုးရိုက်ဖို့ တပ်ဆင်ခြင်းတို့ ပြုလုပ်ကြတဲ့ အစိုးရအေဂျင်စီအဖွဲ့များကို ထိန်းချုပ်ဖို့ ကြိုးစားခဲ့တယ်။ အဲဒီလို မတရားကျူးကျော်မှုတွေကို မာရှယ်လ် ဆန့်ကျင်ခဲ့တဲ့အတွက် သူ့ကို တရားရုံးချုပ် တရားသူကြီး ခန့်ထားဖို့ ကြားနာတဲ့အခါမှာ ဝမ်းနည်းဖွယ်ရာနဲ့ ကြုံစေခဲ့တယ်။ ဘာ့ကြောင့်လဲဆိုတော့ တယ်လီဖုန်းကြားဖြတ်နားထောင်ခြင်းနဲ့ လျှပ်စစ် ထောက်လှမ်းရေး ပစ္စည်းများ တပ်ဆင်ခြင်းတို့ကို ကန့်ကွက်ခြင်းဟာ ရာဇဝတ်ပြစ်မှုများ နှိမ်နင်းရေးအတွက် အားပျော့စေတယ်လို့ ဆီးနိတ် အမတ်များဖြစ်တဲ့ သားမင်း၊ အယ်လဲန်ဒါနဲ့ အိစလင်းတို့က သားဂွဒ်အပေါ် မြင်ခဲ့ကြလို့ ဖြစ်ပါတယ်။

မာရှယ်လ်ဟာ တရားရုံးချုပ် တရားသူကြီးဖြစ်လာပြီးတဲ့ အခါမှာလည်း အဲဒီလို တရားမဝင် ခိုးကြောင်ခိုးဝှက် လုပ်တဲ့အလုပ်တွေကို နှာခေါင်းရှုံ့ပြီး ဆက်လက်ဆန့်ကျင်ရှုတ်ချခဲ့ပါတယ်။

တရားရုံးချုပ်ကို မာရှယ်လ်ရောက်လာလို့မှ မကြာသေးဘူး။ တရားသူကြီးအများစုဟာ ရာဇဝတ်ပြစ်မှုကျူးလွန်တဲ့ တရားခံတွေကို ရဲ အဖွဲ့ထက်ပိုပြီး မျက်နှာသာပေးနေတယ်လို့ သမ္မတ နစ်ဆင်နဲ့ တခြား သူတွေက ကျယ်လောင်စွာ ပြောဆိုပုတ်ခတ်မှုကို သားဂွဒ် တွေ့ခဲ့ရတယ်။ ၁၉၇၂ ခုနှစ်က *အက်ဒဲမ်စ်နှင့် ဝီလျံစ်အမှု* နဲ့ ပတ်သက်လို့ တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်ကို လူထုက ဆူညံစွာ မကျေနပ်မှု ဖြစ်ခဲ့ပုံကိုလည်း သားဂွဒ် တွေ့ခဲ့ရတယ်။ တရားသူကြီး အများစုက ရဲသားတစ်ဦးဟာ ဘယ်ကားမဆို တားပြီး လက်နက်များဝှက်ပြီး ယူလာမလာကို ကာကွယ်မှုအတွက် အကန့် အသတ်ဖြင့် ရှာဖွေခြင်း ပြုလုပ်ခွင့်ရှိတယ်။ တွေ့ရှိတဲ့ လက်နက်နဲ့ ခိုးသွင်း လာတဲ့ အရာဝတ္ထုပစ္စည်းတွေကို တရားရုံးတော်မှာ အသုံးပြုတင်ပြနိုင်တယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီဆုံးဖြတ်ချက်ကို မာရှယ်လ်က ကန့်ကွက်ခဲ့တယ်။ "အဲဒီ ဆုံးဖြတ်ချက်ဟာ ဝရမ်းမဲ့ ရှာဖွေမှုများကို တရားဥပဒေနဲ့ ညီညွတ်မှုရှိတဲ့ ဘောင်ကို အများကြီးကျော်ပြီး တိုးချဲ့ဆောင်ရွက်ပေးခြင်းဖြစ်တယ်" လို့ မာရှယ်လ်က ကန့်ကွက်ပြောဆိုတဲ့တယ်။

မာရှယ်လ်ဟာ ဥပဒေများကို ကျင့်သုံးရာမှာ သာမန်ထိုးထွင်းဉာဏ် နဲ့ ယှဉ်တဲ့ တရားမျှတမှုဖြင့် ဆောင်ရွက်ရေးကို ကြိုးစားခဲ့တယ်။ ပညာ အလွန်တတ်သူများ၊ ချမ်းသာကြွယ်ဝသူများ၊ အာဏာရှိသူများနဲ့ ရှေ့နေ တွေ အများကြီးနဲ့ ရင်းနှီးတဲ့ လူလိမ်လူကောက်များဟာ ရဲကို အရေးစိုက်စရာ မလိုဘူးဆိုတာ သိထားကြလိမ့်မယ်လို့ သားဂွဒ် သဘောပေါက်ခဲ့တယ်။ ဒါပေမဲ့ ဆင်းရဲသားများ၊ လူမျိုးစုဝင် လူနည်းစုများနှင့် အောက်တန်းလွှာ အမေရိကန်ပြည်သူများဟာ ရှာဖွေမှုခံရခြင်းအောက်ကို အားနွဲ့စွာ ဒူးထောက်အရှုံး ပေးကြရလိမ့်မယ်ဆိုတာကိုလည်း သားဂွဒ် သိခဲ့တယ်။ "ရှာဖွေမှုကို သဘောတူခွင့်ပြုခြင်းဟာ အရှာခံရသူ အနေနဲ့ သူ့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေက ခွင့်ပြုထားတဲ့ အခွင့်အရေးကို စွန့်လွှတ် လိုက်ရခြင်း ဖြစ်တယ်လို့ သိမယ် ဆိုတာကို အာမ မခံနိုင်ရင် ဒါဟာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေက ခွင့်ပြုတဲ့ အရာတစ်ခု ဖြစ်မယ်လို့ ကျွန်တော် မယုံကြည်နိုင်ဘူး"



မာတိကာသို့

လို့ မာရှယ်လ်က ပြောခဲ့တယ်။

မာရှယ်လ်က ပြောခဲ့ဖူးသေးတယ်။

"လူမွဲတွေထက် လူချမ်းသာတွေက တရားမျှတမှုကို ပိုပြီး အလွယ်တကူ ရနိုင်တဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ခု ရှိနေတုန်းပဲ။ ဒါပေမဲ့ လူချမ်းသာနဲ့ လူမွဲတွေအကြား အခွင့်အရေးသာမှု ကွာဟချက်မှာ ပိုပြီး တော့ နယ်ကျဉ်းလာပါပြီ။ အဲဒီလို ကျဉ်းလာတာဟာ အစိုးရရဲ့ ဆောင်ရွက် မှုနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေက တကယ်ဆင်းရဲသူတွေကို တရားရေး အကူအညီရအောင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့လို့ဖြစ်ပါတယ်။ တကယ် တမ်း ဖိအညှစ်ခံနေရတဲ့သူတွေက မဆင်းရဲရုံတမယ် ဝင်ငွေ အလုံအလောက် တော့ ရတယ်။ ဒါပေမဲ့ ရှေ့နေတွေက အဆမတန်တောင်းတဲ့ ရှေ့နေခကို ပေးနိုင်လောက်အောင်လည်း ဝင်ငွေမကောင်းကြသူတွေဖြစ်တယ်"

"အဲဒီလူတွေ ခံနေရတယ်။ ကျုပ်သိသလောက် သူတို့ကို ကူညီ နိုင်မယ့် တစ်ခုတည်းသော နည်းလမ်းကတော့ ရှေ့နေခတွေကို ဈေးလျှော့ ချပစ်လိုက်ဖို့ပဲဖြစ်တယ်။ ဒါပေမဲ့ လွတ်လပ်တဲ့ စီးပွားရေးဈေးကွက် အကြံ ပေးချက်သာ ဖြစ်ပါတယ်။ တကယ်တော့ အစိုးရက လုပ်ပေးရမှာ မဟုတ်ဘဲ ရှေ့နေတွေက လုပ်ပေးကြရမှာ ဖြစ်ပါတယ်"

"တာပီးကားကဘရောင်း မိန်းကလေးနဲ့ *ဘရောင်းအမှု* မှာ ပတ် သက်နေတဲ့ တခြား ဆင်းရဲတဲ့ လူမည်းတွေကိုကြည့်လေ။ အဲန်အေအေစီပီ မှာသာ တရားဥပဒေကာကွယ်ရေးရန်ပုံငွေ မရှိခဲ့ရင် သူတို့အမှုဟာ တရား ရုံးချုပ်ကို ဘယ်လိုလုပ် ရောက်လာနိုင်မလဲ။ အဲဒီအမှုတွေမှာ ဒေါ်လာ တစ်သန်းလောက် ကုန်ခဲ့တယ်။ အဲဒီလောက်များတဲ့ငွေကို ပေးနိုင်မယ့် လူမည်းမိဘတွေ ဘယ်ရှိပါ့မလဲ"

မာရှယ်လ်ရဲ့ အကြီးမားဆုံးသော ရည်မှန်းချက်ကတော့ ရာဇဝတ် ပြစ်မှု တရားစီရင်ရေးစနစ်ကို လူသားဆန်အောင် ပြုလုပ်ရေးဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလက နယူးယောက်မြို့မှာ ကျင်းပခဲ့တဲ့ ရှေ့နေများ



မာတိကာသို့ ▸▸

အသင်း အစည်းအဝေးမှာ မာရှယ်လ်က အောက်ပါအတိုင်း ပြောကြားခဲ့ပါတယ်။

“ကျွန်တော်တို့အနေနဲ့ ပိုမိုပြီး အလုံအလောက် ပြည့်စုံမှုရှိတဲ့ တရားရေးစနစ်ကို ထူထောင်ဖို့ တက်သုတ်နှင်နေရာမှာ မေ့လို့ မရနိုင်တဲ့ အချက်တစ်ချက် ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ရဲ့ တရားစီရင်ရေးစနစ်ရဲ့ ခွန်အားဟာ လူတစ်ဦးချင်းနဲ့ ဆက်သွယ်မှု ပြုလုပ်နေရတယ်ဆိုတဲ့ အချက်ပေါ်က ရရှိခဲ့တယ်ဆိုတာ ဖြစ်ပါတယ်။ တရားစီရင်မှုစနစ်ကို စက်ရုပ်အသွင်ဖြစ်အောင် လုပ်မယ်ဆိုရင်၊ လူသားတွေကို အခြေခံတဲ့ အနှစ်အသာရကို ဆုံးရှုံးအောင် လုပ်မယ်ဆိုရင်၊ တရားဥပဒေရဲ့ ရှေ့မှောက်မှာ လူတိုင်းကို တန်းတူညီမျှ ဆက်ဆံမှု ရထိုက်တဲ့ လူသားတစ်ယောက်နဲ့ အမှုတိုင်းမှာ ဆက်ဆံနေရတယ်ဆိုတာကို မေ့ပျောက်လိုက်မယ်ဆိုရင် တရားစီရင်ရေးစနစ် တစ်ခုရဲ့ အသက်ဝင်ရှင်သန်မှုကို ဆုံးရှုံးသွားအောင် လုပ်လိုက်တာ ဖြစ်ပါလိမ့်မယ်”

သမ္မတ သောမတ်စ် ဂျက်ဖာဆင်က “ကျွန်ုပ်တို့ အာဏာလွှဲအပ်ရမယ့် သူများကို ထိန်းချုပ်ကြပါ” လို့ အမိန့်ပေးပြောဆိုခဲ့ဖူးတယ်။ အဲဒီလမ်းညွှန်မှုနဲ့ ကိုက်ညီရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ သားဂွဒ်မာရှယ်လ်အတွက် အဆိုးဝါးဆုံးအချိန်တွေ ဖြစ်ကောင်းဖြစ်မဲ့ ကာလတွေနဲ့လည်း ကြုံခဲ့ရတယ်။ အမေရိကန်ပြည်သူလူထုက သမ္မတ ရစ်ချတ်နစ်ဆင်ကို အာဏာအပြည့် အပ်နှင်းခဲ့တယ်။ ဒါပေမဲ့ နစ်ဆင်ဟာ အာဏာကို အလွဲသုံးစားပြုလုပ်ခဲ့တယ်။ နစ်ဆင်ဟာ အက်ဖ်ဘီအိုင်၊ စီအိုင်အေနဲ့ အိုင်အာအက်စ် (ပြည်တွင်းအခွန်ဦးစီးဌာန) နဲ့ တခြားဌာနအဖွဲ့ အစည်းတွေ ပုံပျက်ပန်းပျက်ဖြစ်အောင် လုပ်ခဲ့တယ်။ အဲဒီလို နစ်ဆင်ရဲ့ လုပ်ဆောင်ချက်အားလုံးကို မာရှယ်လ်က စူးစမ်းမှုပြုလုပ်ပြီး ဆန့်ကျင် ကန့်ကွက်ခဲ့တယ်။ နစ်ဆင်က တရားရုံးချုပ်နဲ့ တရားစီရင်သူတွေကို အာပေါင်အာရင်းသန်သန်နဲ့ ဆန့်ကျင်ပြောဆိုမှုနောက်ကို တရားသူကြီး အများစုက တိမ်းညွတ်ခဲ့ကြတယ်။ အဲဒီတော့ မာရှယ်လ်က အကြီးအကျယ် သဘောကွဲလွဲသူအဖြစ်ရောက်သွားအောင် အပြောခံခဲ့ရတယ်။ ဒီလိုဖြစ်တာကို



မာတိကာသို့ ▶▶

မာရှယ်လ် သဘောကျသလား ဒါမှမဟုတ် တရားရုံးချုပ်မှာ တရားသူကြီးအဖြစ် ခန့်အပ်တာ ခံခဲ့ရတုန်းက ရခဲ့တဲ့ ပျော်ရွှင်ခံစားမှုတွေ လျော့ပါးသွားသလား။

မာရှယ်လ်က သူ့သဘောထားကို ပြန်ပြောခဲ့တယ်။

"ကျုပ်က အများစု(တရားရုံးချုပ်တရားသူကြီးများ)နဲ့ သဘောထား ကွဲပြားပြီး စီရင်ချက်ရေးရတာကို သဘောကျတယ်။ ကောင်းမွန်စွာ သဘောထားကွဲလွဲမှုတစ်ခုကို မှတ်ချက်ရေးဖို့ဆိုတာ တကယ်ကို စိတ်ဆိုးမှ ဖြစ်တယ်။ ကျုပ်က စစ်ပွဲနွှဲရတာကို ကြိုက်တယ်။ ရှေ့နေ ပေါက်စတွေ၊ ကျုပ်ဆီမှာ အလုပ်လုပ်ချင်ကြလို့ ကျုပ်ရုံးကိုလာပြီး လျှောက်ကြတဲ့အခါမှာ ကျုပ် ပထမဆုံးမေးတဲ့ မေးခွန်းက 'မင်းတို့ သဘောထားကွဲလွဲမှုတွေ အကြောင်း ရေးရတာ ကြိုက်သလား။ မင်းတို့ မကြိုက်ဘူးဆိုရင်တော့ ငါ့ရုံးဟာ မင်းတို့နဲ့ မကိုက်ဘူး' လို့ ပြောခဲ့တယ်။ ကျုပ်သွေးတွေ ခုန်လာပြီဆိုရင် သဘောထားကွဲလွဲချက်ကို ကောင်းကောင်းကြီး ရေးချလိုက်ပြီ။ တစ်ခုတော့ ဝန်ခံရမယ်။ ကျုပ်ဟာ အများစုအတွက် မှတ်ချက်ရေးရရင် တိုင်းပြည် အတွက် ဘယ်လောက် ထူးခြားမှု ဖြစ်လာနိုင်မလဲဆိုတာကို ကျုပ်တစ်ခါ တစ်ရံမှာ စဉ်းစားကြည့်မိတယ်"



မာတိကာသို့

# အခန်း (၂၀)

## ဥပဒေ မကြီးစိုးဘဲ လူများ အုပ်ချုပ်သောနိုင်ငံ

သားဂွဒ် မာရှယ်လ်က ပရင့်စ် အက်ဒွပ်ခရိုင်က ပြည်သူ့ကျောင်းတွေကို ပိတ်လိုက်တာကို စောင့်ကြည့်နေခဲ့ချိန်မှာ ဂျော့ချ် ဝေါလေ့စ်က အယ်လ်လာဘားမားတက္ကသိုလ်အဝင်ဝမှာ မတ်တတ်ရပ်နေခဲ့တယ်။ ပြည်နယ်အုပ်ချုပ်ရေးမှူး အော်ဗားလ် ဖောဘတ်စ်က လစ်တားလ်ရော့ခ်မြို့ ဗဟိုအထက်တန်းကျောင်းမှာ အမျိုးသားပြဿနာတစ်ခုဖြစ်အောင် မဆင်မခြင် ပြုလုပ်နေခဲ့တယ်။ ဖောဘတ်စ်က တရားဥပဒေစိုးမိုးရေးအပေါ်မှာ သူ့ရဲ့ ယုံကြည်မှု မပြိုကွဲသွားပါဘူးလို့ ပြောခဲ့တယ်။ ဒါပေမဲ့ သူက ကျွန်တော်တို့နိုင်ငံဟာ လူများက အုပ်ချုပ်တဲ့ နိုင်ငံမဟုတ်ဘဲ တရားဥပဒေက ကြီးစိုးတဲ့နိုင်ငံ ဖြစ်တယ်ဆိုတဲ့ ယုံတမ်းအမြင်ကို မနာလို မရှုစိမ့်တဲ့စိတ်နဲ့ မြင်ခဲ့တယ်။ သားဂွဒ်ကတော့ ခက်ထန်တဲ့ အမှန်တရားကို လေ့လာရှုစားနေခဲ့တယ်။ သူဟာ အမေရိကန် လူ့ဘောင်အဖွဲ့အစည်းဟာ ပုံစံအသွင်းခံခဲ့ရတယ်။ ပရိယာယ်နဲ့ အစီမံခံခဲ့ရတယ်။ အခြိမ်းခြောက်ခံခဲ့ရတယ်။ ပုံပျက်



မာတိကာသို့ ▶▶

ပန်းပျက်ဖြစ်အောင် အလုပ်ခံခဲ့ရတယ်။ တစ်ခါတစ်ရံကျတော့လည်း မြင့်မြတ်အောင် အလုပ်ခံရတယ်။ သူရဲကောင်းများ၊ သို့မဟုတ် လူသွမ်းများလို့ အဆင့်အတန်း သတ်မှတ်လို့ ရနိုင်တဲ့သူများ၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြတယ်ဆိုတဲ့ အိပ်မက်တည်ဆောက်သူများ၊ အိပ်မက် ဖျက်ဆီးသူများဆိုတဲ့ အမှန်တရားများဖြစ်ပါတယ်။ သားဂွဒ်ဟာ သူ့ရဲ့ ရန်းကန်လှုပ်ရှားမှုတွေရဲ့ မိတ်ဆွေများနဲ့ ရန်သူများကိုလည်း ပြန်ကြည့်ခဲ့မိတယ်။ ဒီအခါမှာ သူဟာ အမှန်တရားက လွတ်မြောက်အောင် ထွက်ပြေးလို့ မရတာ တွေ့ခဲ့ရတယ်။ ဒီမိုကရေစီ ထွန်းကားတဲ့ ဒီနိုင်ငံမှာ အင်အားကောင်းတဲ့ အမျိုးသားများနဲ့ အမျိုးသမီးတွေဟာ တရားဥပဒေကို လျှော့ရဲတဲ့ ပင့်ကူအိမ်တစ်ခုလို ဖြစ်အောင် ပြောင်းလဲနိုင်ခဲ့ကြတယ်။ အဲဒီ ပင့်ကူအိမ်ဟာ မှက်နဲ့ ပင့်ကူလေးတွေကိုတော့ ဖမ်းပြီး နကျယ်ကောင်တွေနဲ့ အဆိပ်ပြင်းလှတဲ့ ပင့်ကူအကောင်ကြီးတွေကိုတော့ ဖောက်ထွက်သွားစေတယ်။

သားဂွဒ်က သမ္မတ ထရူးမင်းဟာ စာနဲ့ရေးထားတဲ့ တည်ဆဲဥပဒေတွေထက် ပိုကြီးမားပြီး စွမ်းအားကြီးမားတဲ့ လူတစ်ယောက်ဖြစ်တယ်လို့ အကြိမ်ပေါင်း ဒါဇင်နဲ့ချီပြီး ပြောဆိုခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်နဲ့ ၁၉၄၈ ခုနှစ်များမှာ ထရူးမင်းက သူဟာ ဥပဒေများကို ပြောင်းလဲပစ်နိုင်သူတစ်ဦးဖြစ်တယ်လို့ ယုံကြည်ခဲ့ကြောင်းကို သားဂွဒ်က မှတ်ထားခဲ့တယ်။ ပြည်သူ့အခွင့်အရေးကော်မရှင်တစ်ခုကို ဖွဲ့စည်းတာဝန်ပေးခဲ့တယ်။ အဲဒီကော်မရှင်က လူမည်းတွေအပေါ်မှာ ကျရောက်နေတဲ့ လည်ပင်းကြိုးကွင်းစွပ်သတ်မှုများနဲ့ ရဲအဖွဲ့ရဲ့ ရက်စက်ကြမ်းကြုတ်မှုများ၊ တခြားအကြမ်းဖက်မှုများနဲ့ ဖိနှိပ်မှုများကို ရပ်တန့်စေမယ့် ဘယ်လိုဥပဒေမျိုး ပြဋ္ဌာန်းရမလဲဆိုတာ သူ့ကိုအကြံပေးဖို့ ပြောခဲ့တယ်။ အဲဒီကော်မရှင်ရဲ့ ထောက်ခံမှုတွေကို အခြေခံရေးဆွဲမယ့် ဥပဒေအစီအစဉ်ကို ကွန်ဂရက်လွှတ်တော်ကို တင်ပြဖို့ ထရူးမင်းဟာ သူ့ရဲ့ နိုင်ငံရေးဘဝကို စွန့်စားလုပ်ဆောင်ခဲ့တယ်။

"လူတစ်ယောက်ဟာ သူ့ခေတ်အချိန်က ဥပဒေများထက်ပိုပြီး ကြီးမားနိုင်တယ်ဆိုတာကို ထရူးမင်းက သက်သေပြခဲ့တယ်" လို့ သားဂွဒ်က ပြောပြခဲ့တယ်။



မာတိကာသို့ ▶▶

လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို ပြောင်းလဲပေးဖို့အတွက် လူတစ်ယောက်ဟာ ကြီးမားတဲ့ အမြော်အမြင်ရှိဖို့ မလိုဘဲ ထရူးမင်းဆောင်ရွက်ခဲ့သလို ကြီးမားတဲ့ တရားမျှတမှု စိတ်ထား ရှိဖို့ပဲ လိုတယ်ဆိုတဲ့အချက်ကို ထရူးမင်းက သာဓက ပြခဲ့ပါတယ်။

ထရူးမင်းဟာ အမြင်ကျယ်မှုဟာ မီးတုတ်ကိုင် ရှေ့ဆောင်လမ်းပြတစ်ဦး မဟုတ်ဘူးလို့ သားဂွဒ် မာရှယ်လ်က မှတ်ချက်ချခဲ့တယ်။ သူဟာ လူမျိုးရေး ခွဲခြားတဲ့ ခံစားမှု ရေနက်ထဲကို ဝေးဝေးလံလံ မဆင်းခဲ့ဘူး။ သူဟာ လူမှုရေးတန်းတူညီမှုနဲ့ လူဖြူလူမည်း လက်ထပ်မှုတွေကို လက်ခံကြေညာဖို့ ဝန်လေးတဲ့ အဲန်အေအေစီပီက ကြောက်တတ်တဲ့ ခေါင်းဆောင်တွေထက် မပိုခဲ့ဘူး။

ထရူးမင်းက ၁၉၄၈ ခုနှစ်မှာ ပြောခဲ့တယ်။ “ကျွန်တော်ဟာ လူမည်းတွေအတွက် လူမှုရေး တန်းတူညီမျှမှု ရရှိရေးကို ပန်ကြားနေတာ မဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း ပြောကြားလိုတယ်။ လူမည်းတွေက သူတို့အကြောင်း သူတို့ပိုသိကြပါတယ်။ အမြင့်ဆုံး လူမည်းခေါင်းဆောင်ပိုင်းတွေက သူတို့လူမျိုး၊ သူတို့အသိုင်းအဝိုင်းနဲ့ပဲ ပိုနေချင်တယ်လို့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပြောဆိုကြပါတယ်။ လူမည်းတွေဟာ လူမှုဆက်ဆံရေးကို လိုချင်ကြတာ မဟုတ်ဘူး။ သူတို့ဟာ တရားမျှတမှုကို လိုချင်ကြတာဖြစ်တယ်”

ဒါပေမဲ့ အဲဒီနှစ်ထဲမှာပဲ ထရူးမင်းက ထပ်ပြောခဲ့တာ ရှိသေးတယ်။

“လူမည်းတွေအတွက် သူတို့ရထိုက်တဲ့ အခွင့်အရေးတွေကို ပေးခြင်းဟာ ကျွန်ုပ်တို့ရဲ့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်များနဲ့အညီ ကျွန်တော်တို့ ဆောင်ရွက်ကြခြင်း ဖြစ်ပါတယ်။ လူတန်းစားတစ်ရပ်ကိုဖြစ်စေ၊ လူမျိုးတစ်မျိုးကိုဖြစ်စေ နိုင်ငံရေးနဲ့ ပြည်သူ့အခွင့်အရေးတွေနဲ့ ထာဝရကင်းကွာနေမယ်ဆိုရင် သို့တည်းမဟုတ် ကျန်တဲ့လူမျိုးတွေရဲ့ အောက်ကိုရောက်အောင် ဖိနှိပ်ခဲ့မယ်ဆိုရင် သူတို့ဟာ သူတို့ထက်ပိုပြီး အားကောင်းတဲ့



မာတိကာသို့ ▸▸

သူတွေအပေါ်မှာ ငြိုငြင်စိတ်တွေ ဖြစ်ပေါ်လာကြလိမ့်မယ်။ အဲဒါဆိုရင် ကျွန်တော်တို့ရဲ့ လုံခြုံမှုအတွက် အမှီပြုစဉ်းစားနေရတဲ့ မူဝါဒတွေကို ကျွန်တော်တို့ စွန့်လွှတ်ဖို့ ဖြစ်လာနိုင်ပါလိမ့်မယ်"

ထရူးမင်းဟာ အမေရိကန်လူမည်းတွေရဲ့ ချစ်ခင်မှုမေတ္တာကို ချက်ချင်းရခဲ့တယ်။ အမေရိကန်နိုင်ငံရဲ့ ထိပ်ဆုံးလူမည်းသတင်းစာကြီးဖြစ်တဲ့ *ရှီကာဂို ဒဖဲန်းဒါး* သတင်းစာက ထရူးမင်းကို "၁၉၄၈ ခုနှစ် ဒီမိုကရေစီကို အထင်ရှားဆုံး ထောက်ကူပံ့ပိုးမှု"အတွက် နှစ်စဉ်ပေးနေကျ ရောဘတ် အက်စ် အက်ဘဒ်ဆုကို ချီးမြှင့်ခဲ့ပါတယ်။ သတင်းစာကြီးရဲ့ ထုတ်ဝေသူ ဥ္စန် ဆဲန်းစတက်က ထရူးမင်းကို ဆုပေးရာမှာ ဒီလို ချီးကျူးပြောဆိုခဲ့တယ်။

"သမ္မတကြီးခင်ဗျား၊ သမ္မတကြီးရဲ့ သက်တမ်းအတွင်း အကျဉ်းအကျပ် ကာလတစ်ခုမှာ ကုန်းတက်တိုက်ပွဲတစ်ခုနဲ့ ရင်ဆိုင်ခဲ့ရသူ ဖြစ်ပါတယ်။ ဒါပေမဲ့ အောက်ကြေးကစွက်ရတဲ့ အနေအထားက သမ္မတကြီးကို အောင်မြင်မှုရအောင် လုပ်ဆောင်ရေးအတွက် နှိုးဆွပေးခဲ့တယ်။ အခက်အခဲက အဓိဋ္ဌာန်စိတ်ကို မွေးဖွားပေးခဲ့တယ်။ အတားအဆီးတွေက အောင်မြင်မှု လမ်းကြောင်းတစ်လျှောက်မှာ သမိုင်းမှတ်တိုင်တွေ ဖြစ်လာခဲ့တယ်။ အခက်အခဲတွေကို အကြိတ်အနယ် တိုက်ပွဲဝင်ခဲ့ပြီးတဲ့နောက်မှာ သမ္မတကြီးဟာ ကျွန်တော်တို့နိုင်ငံရဲ့ အမြင့်မားဆုံး ဂုဏ်ထူးဆုကို ဆွတ်ခူးနိုင်တဲ့ အောင်မြင်မှုကို ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ဟာ အမေရိကန်များအနေနဲ့ သမ္မတကြီးအတွက် ဂုဏ်ယူပါတယ်။ ကျွန်တော်တို့ဟာ တိုက်ပွဲဝင်လိုတဲ့ လူတစ်ယောက်ကို သဘောကျတယ်"

ထရူးမင်းက တုံ့ပြန်စကားပြန်ပြောခဲ့ရာမှာ---

"ကျွန်ုပ် တိုက်ပွဲဝင်နေသော မူဝါဒများသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ သက်တမ်း ရှည်ကြာခဲ့ပြီး ဒီမိုကရက်တစ်ပါတီ၏ မူဝါဒကြေညာ ချက်များကဲ့သို့ ဆန်းသစ်ပါသည်။ အဲဒီမူဝါဒတွေကို ကျွန်ုပ် မရပ်မနား ဆက်လက် တိုက်ပွဲဝင်သွားမယ်ဆိုတာလည်း ဦးညွှတ်ကတိပြုပါသည်" လို့ ပြောခဲ့ပါတယ်။



မာတိကာသို့

မာရှယ်လ်က “သမ္မတ ထရူးမင်းဟာ ထိပ်တန်းခေါင်းဆောင်ဖြစ်လာလိမ့်မယ်။ အချိန်တန်ရင် အကြီးဆုံး၊ အတော်ဆုံး ခေါင်းဆောင်တစ်ဦးအဖြစ် အကဲဖြတ်ခံရလိမ့်မယ်၊ အသိအမှတ်ပြုခံရလိမ့်မယ်” လို့ ပြောခဲ့ပါတယ်။

သမ္မတ ထရူးမင်းကို အင်တိုက်အားတိုက် ကူညီပြီး တွန်းအားပေးခဲ့သူက ဟျူးဘတ် ဟမ်ဖရေဖြစ်ပါတယ်။ ဟမ်ဖရေဟာ ဥပဒေပြုပုဂ္ဂိုလ်တွေထဲမှာ ဦးဆောင်စိတ်ကူးစိတ်သန်း အကောင်းဆုံးသူတစ်ဦးအဖြစ် ထွက်ပေါ်လာခဲ့တယ်။ ပြီးတော့ သူဟာ အမေရိကန်နိုင်ငံရဲ့ သမိုင်းမှာ အကြီးမားဆုံး ပြည်သူ့ဝန်ထမ်း တစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။

မာရှယ်လ်က ဟမ်ဖရေနဲ့ပတ်သက်လို့ ပြောခဲ့တယ်။ “လူမည်းတွေမှာ ဟမ်ဖရေထက်ကောင်းတဲ့ မဟာမိတ်မျိုး ဘယ်တုန်းကမှ မရခဲ့ဖူးပါဘူး။ သူက ဘာနဲ့တူသလဲဆိုတော့ ကတိပြုနိုင်ငံနဲ့ ကျုပ်တို့လူမည်းတွေ ပိုပြီး နီးနီးကပ်ကပ်ဖြစ်အောင် ဓမ္မတေး ကျူးရင့်ပေးတဲ့ မျက်နှာဖြူလူတစ်စုထဲမှာ တစ်ကိုယ်တော် တစ်ပင်တိုင်တေးဆိုသမား ဖြစ်ခဲ့တယ်”

မာရှယ်လ်၊ ဂိုက်နဲ့ ဝီလ်ကင်စ်တို့ဟာ သမ္မတရွေးကောက်ပွဲအကြိုညီလာခံတိုင်းမှာ သမ္မတလောင်းများနဲ့ ကိုယ်စားလှယ်များအတွက် အလုပ်လုပ်ပေးခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်က ငွေပေးခံခဲ့ရတဲ့ လူမည်း အချို့ကသာ သောမတ်စ် ဒျူးဝီးကိုထောက်ခံခဲ့ကြတယ်။ လူမည်းအများစုကတော့ လက်ဝဲတိမ်းသူ ဟင်နရီ ဝေါလေ့စ်ရဲ့ ဖြားယောင်းဆွဲဆောင်မှုကို စိတ်ဝင်စားခဲ့ကြတယ်။ အဲဒီအခါမှာ အဲန်အေအေစီပီခေါင်းဆောင်ပိုင်းက ဒူဘွိုက်စ်တစ်ယောက်ကလွဲရင် ဂိုက်၊ ဝီလ်ကင်စ်၊ မာရှယ်လ်နဲ့ တခြားသူတွေက ထရူးမင်းနဲ့ လက်တွဲလိုစိတ် ဖြစ်ပေါ်ခဲ့ကြတယ်။ အထူးသဖြင့် ထရူးမင်းဟာ လူမည်းတွေအတွက် ပိုမိုကြီးမားတဲ့ အခွင့်အရေးတွေပေးဖို့ ကတိပြုတဲ့ ပါတီမူဝါဒ ကြေညာချက်တစ်ခုကို တောင်းဆိုမယ်ဆိုရင် သူနဲ့ လက်တွဲကြဖို့ ဖြစ်တယ်။ အဲဒီခေတ်ကာလက ပါတီမူဝါဒ ကြေညာချက်တွေဟာ အဓိပ္ပာယ်ရှိမှု အရေးပါသလို ရှိခဲ့တယ်။

ထရူးမင်းဟာ ပြည်သူ့အခွင့်အရေးများနဲ့ ပတ်သက်လို့ သူ့ဆန္ဒကို ဒီမိုကရက်တစ်ပါတီညီလာခံမှာ တင်ပြမလား ဒါမှမဟုတ် သောမတ်စ်ဒျူးဝီးက သူ့ကို အနိုင်ရဖို့များတဲ့ လက္ခဏာတွေနဲ့ ရင်ဆိုင်နေရချိန်မှာ ထရူးမင်းက ပြည်သူ့အခွင့်အရေးကို တင်ပြလိုတဲ့ဆန္ဒ ရှိမှရှိပါ့မလား။ ဒါကို အဲန်အေအေစီပီ ထိပ်ပိုင်းက တွေးတောခဲ့မိကြတယ်။ အဲဒါကြောင့် မာရှယ်လ်နဲ့ သူ့လူတွေဟာ မိနီယက်ပလစ္စက အသက်ငယ်သေးတဲ့ ၃၇ နှစ်အရွယ် မြို့တော်ဝန်ဟျူးဘတ် ဟိုရေးရှိုး ဟမ်ဖရေ(၁၉၁၁–၁၉၇၈)ထံမှာ အကူအညီ တောင်းဆိုခဲ့ကြတယ်။ ဟမ်ဖရေဟာ တောင်ဒါကိုတာပြည်နယ်က ဒိုလန်မြို့ဇာတိဖြစ်တယ်။ အဲဒီမြို့မှာ လူမည်း တစ်ယောက်မှ မရှိဘူး။ ဒါပေမဲ့ ဟမ်ဖရေဟာ လူဖြူနိုင်ငံရေးသမားတွေထဲမှာ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုအတွက် စံပြပုဂ္ဂိုလ်တစ်ဦးအဖြစ် လျင်မြန်စွာ ထင်ရှားလာသူဖြစ်တယ်။ သူဟာ မိနီယက်ပလစ္စက အမေရိကန်မော်တော်ယာဉ်အသင်းမှာ ဂျူးလူမျိုးနဲ့ လူမည်းတွေကို အလုပ်မပေးတဲ့အတွက် အပြင်းအထန် ဝေဖန်ခဲ့သူဖြစ်တယ်။

အင်အေအေစီပီဟာ တရားမျှတစွာ အလုပ်အကိုင်ပေးရေး ဥပဒေများ ပြဋ္ဌာန်းပေးရေးအတွက် သမ္မတ ရုစဗဲ့လ်ထ်နဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေထံမှာ တောင်းဆိုတိုက်ပွဲဝင်လာခဲ့တယ်။ ဟျူးဘတ် ဟမ်ဖရေဟာ သူ့ရဲ့ မြို့တော်ကောင်စီကို အဲဒီလို ဥပဒေပြဋ္ဌာန်းဖို့ဆောင်ရွက်ပေးခဲ့တဲ့ ပထမဆုံး မြို့တော်ဝန်လည်း ဖြစ်တယ်။

အိုက်ဆင်ဟောင်းဝါးက ပြည်နယ်များရဲ့ အခွင့်အရေးကို ဆောင်ရွက်ပေးမယ့်သူဖြစ်ပြီး သူတို့ရဲ့ သမ္မတလောင်းအဖြစ် သားမင်းနဲ့ ရပ်ဆဲလ်တို့က ကြေညာခဲ့တယ်။ အဲဒီအခါမှာ ၁၉၄၈ ခုနှစ် ညီလာခံအတွက် ဟမ်ဖရေထံမှာ အကူအညီတောင်းဖို့ အချိန်ကျပြီလို့ သားဂွဒ် နားလည်ခဲ့တယ်။ ဟမ်ဖရေကလည်း အံ့သြလောက်အောင် အားတက်သရောနဲ့ တုံ့ပြန်မှုပေးခဲ့တယ်။

ဟမ်ဖရေနဲ့ တခြားအဖွဲ့ဝင်တွေဟာ ချက်ချင်းပဲ အဲန်ဒီအေခေါ် ဒီမိုကရေစီလှုပ်ရှားမှုအတွက် အမေရိကန်ပြည်သူများအဖွဲ့သစ် (Americans



မာတိကာသို့

for Democratic Action -- ADA) ကို ထူထောင်လိုက်ကြတယ်။ ကောလိပ်နဲ့ ကျောင်းတွေမှာ လူမျိုးရေးခွဲခြားမှု ပယ်ဖျက်ပြီး စုပေါင်းပညာသင်ကြားရေးအတွက် ပိုမိုရဲရင့်တဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ နဲ့ ဖိအားပေးခဲ့ကြတယ်။ အေဒီအေက ဒီမိုကရက်တစ်ညီလာခံမှာ တောင်ပိုင်းဒေသက လူမည်း ၁၀ သန်းအနက်က လူမည်းကိုယ်စားလှယ် တစ်ယောက်မှ မပါဝင်တာကိုလည်း ဖိအားပေးပြီး ဝေဖန်ပြောဆိုခဲ့တယ်။ လက်နက်ကိုင်တပ်ဖွဲ့တွေအတွင်းမှာ ရှိနေတဲ့ လူဖြူလူမည်းခွဲခြားမှုကိုလည်း ပယ်ဖျက်ပစ်ဖို့ အမိန့်ပေးပါလို့ ထရူးမင်းကိုလည်း ဖိအားပေးတိုက်တွန်းခဲ့တယ်။ မာရှယ်လ်နဲ့ ဝိုက်တို့ရဲ့ ပုဂ္ဂိုလ်ရေး တိုက်တွန်းချက်အရ အထက် ပါအကြောင်းအရာတွေကို ပြည်သူ့အခွင့်အရေး လုပ်ငန်းစဉ်တွေထဲမှာ အကျုံးဝင်စေဖို့ ဟမ်ဖရေက လက်ခံခဲ့တယ်။

၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ မွန်းလွဲပိုင်းမှာ ညီလာခံကြီးမှာ တမ်းနက်ဆီးပြည်နယ်က စက်ဆယ်လ် ဆင်းမ်စ်က ပြည်သူ့အခွင့်အရေးပြဿနာကို အမြင်ကျယ်တဲ့ လစ်ဘရယ်လ်လမ်းစဉ်ထဲ မထည့်သွင်းဖို့ ကိုယ်စားလှယ်တွေကို အောက်ပါအတိုင်း တောင်းပန်ပြောဆိုခဲ့တယ်။

"ဒီညီလာခံကြီးကို လှိုက်လှဲစွာ လက်ကမ်းကြိုဆိုခဲ့တဲ့ ကျွန်တော်တို့ တောင်ပိုင်းသားတွေ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရရင် တောင်ပိုင်းဒေသမှာ ဒီမိုကရက်တစ်ပါတီ ပျက်သုဉ်းခြင်းတိုင်သွားမယ့်အဖြစ်ကို ဒီကနေ့ ညီလာခံက သက်သေခံပါလိမ့်မယ်"

ထရူးမင်းဟာ စက်ဆယ်လ် ဆင်းမ်ရဲ့သတိပေးချက်ကို လိုက်နာချင်တယ်ဆိုတဲ့ တီးတိုးလေသံတွေ ထွက်ပေါ်လာခဲ့တယ်။ မှန်ကန်လောက်တဲ့ အထောက်အထားလည်း ရှိခဲ့တယ်။ တောင်ပိုင်းဒေသတစ်ခုလုံးက အမြင်ကျယ်တဲ့ ပြည်သူ့အခွင့်အရေးကို ထောက်ခံတဲ့ မူဝါဒ ကြေညာချက် ထုတ်ပြန်လိုက်ရင် တောင်ပိုင်းက ပြင်းပြင်းထန်ထန် တုံ့ပြန် ဂယက်ထွက်လာမယ်ဆိုတာ သူနားလည်ထားတယ်။ အဲဒီဂယက်ကြောင့် သူ့ရဲ့ သမ္မတမဲဆွယ်မှုကို ထိခိုက်ပျက်စီးသွားမှာမျိုးကို ထရူးမင်း မလိုလားခဲ့ဘူး။ ပြီးတော့



မာတိကာသို့ ▶▶

ကောလာဟလတွေက ထွက်လာပြန်တယ်။ ဟမ်ဖရေဟာ မီနီဆိုးတား ဆီးနိတ် လွှတ်တော်အမတ်ရွေးပွဲမှာ ရှုံးမှာကြောက်လို့ သားမင်း၊ ရပ်ဆဲလ်နဲ့ တခြားတောင်ပိုင်းသားတွေ နှစ်သိမ့်အောင်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီဆိုတဲ့ သတင်း ဖြစ်တယ်။ အဲဒီကောလာဟလသတင်း မမှန်ကန်ကြောင်း ဟမ်ဖရေက ရှင်းပြခဲ့တယ်။

"မိတ်ဆွေများနဲ့ ကိုယ်စားလှယ်များခင်ဗျား---။ ကျွန်တော်တို့ရဲ့ လူနည်းစုအတွက် အစီရင်ခံစာထဲမှာ ဖော်ပြခဲ့တဲ့ ပြည်သူ့အခွင့်အရေးများ အာမခံချက် ရရှိရေးအတွက် အပေးအယူလုပ်ပြီး လိုက်လျောလို့ရတဲ့ နည်းလမ်းရှိတယ်လို့ ကျွန်တော် မယုံကြည်မိပါဘူး။ ကျွန်တော်တို့ဟာ ပြည်သူ့ အခွင့်အရေးကိစ္စကို အလောတကြီးဆောင်ရွက်နေတယ်လို့ ပြောနေတဲ့ သူတွေကို ကျွန်တော် ပြန်ပြောချင်တာက ကျွန်တော်တို့ဟာ နှစ်ပေါင်း တစ်ရာခုနစ်ဆယ့်နှစ်နှစ် (၁၇၂ နှစ်) တောင် နောက်ကျနေပါပြီ။ ဒီမိုကရက်တစ်ပါတီအနေနဲ့ ပြည်နယ်များရဲ့ အခွင့်အရေးဆိုတဲ့ အရိပ်အောက်က ထွက်ခွာပြီး လူသားတွေအတွက် အခွင့်အရေးဆိုတဲ့ နေရောင်ခြည်အောက်ကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား လျှောက်သွားဖို့ အချိန်ကျရောက်လာပါပြီ" လို့ ပြောချင်ပါတယ်။

ညီလာခံကြီးက ဟျူးဘတ် ဟမ်ဖရေရဲ့ လမ်းစဉ်ကို ၆၅၂ ၁/၂ မဲ-၅၈၂ ၁/၂ မဲနဲ့ အတည်ပြုပေးခဲ့ပါတယ်။ သားမင်းနဲ့ တောင်ပိုင်းဒီမိုကရက်တစ်ကိုယ်စားလှယ်တွေဟာ စိတ်ဆိုးပြီး ညီလာခံထဲက ထွက်သွားခဲ့ကြတယ်။ ထရူးမင်းက မင်နီဆိုးတားက ထွက်လာတဲ့ အခုမှတင်ရွေကြာပင် ကြောင့် သူစိတ်အနှောင့်အယှက် ဖြစ်ခဲ့ရတယ်။ နောက်ပိုင်း သူ့ရဲ့ ရွေးကောက်ပွဲ မဲဆွယ်မှုတွေကိုလည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့တယ်လို့ မိတ်ဆွေများကို ပြောခဲ့တယ်။ ထရူးမင်း ရေးသားခဲ့တာကတော့ သူ့ရဲ့ နှစ်အုပ်တွဲ ဘဝတစ်သက်တာမှတ်တမ်းဖြစ်တဲ့ *စမ်းသပ်မှုနှင့် မျှော်လင့်ချက်နှစ်များ* ထဲမှာ ၁၉၄၈ ခုနှစ်၊ ညီလာခံအကြောင်းကို အရှည်ကြီး ရေးသားခဲ့တယ်။ ဒါပေမဲ့ ဟမ်ဖရေရဲ့နာမည်ကို လုံးဝ ဖော်မပြခဲ့ဘူး။ ရဲရင့်တဲ့ ပြည်သူ့ အခွင့်အရေး လမ်းစဉ် ချမှတ်ဆောင်ရွက်ခဲ့မှုတွေအတွက် ထရူးမင်းက လုံးဝ နာမည်ယူ



မာတိကာသို့

ခဲ့တယ်။ သားမင်းထွက်သွားခဲ့တဲ့ ကိစ္စမှာလည်း သူ့မှာတာဝန်ရှိတယ်လို့ ဖော်ပြခဲ့တယ်။

ဖီလာဒဲလ်ဖီးယားမှာ ကျင်းပခဲ့တဲ့ ဒီမိုကရက်တစ်ပါတီညီလာခံမှာ ဟမ်ဖရေရရှိခဲ့တဲ့ အောင်မြင်မှုတွေကို ထရူးမင်းက တားဆီးဖို့ ကြိုးစားခဲ့တယ်ဆိုတဲ့ အယုံသွင်းစကားတွေကိုတော့ သမိုင်းက လက်မခံခဲ့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ထရူးမင်းဟာ ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှာ ညီလာခံကနေ သမ္မတအိမ်ဖြူတော်ကို ပြန်လာခဲ့တယ်။ ပြန်ရောက်တာနဲ့ သမ္မတအမိန့်အမှတ် (၉၉၈၁) ကို လက်မှတ်ရေးထိုးခဲ့တယ်။ အဲဒီအမိန့်က လက်နက်ကိုင်တပ်ဖွဲ့တွေအတွင်းမှာ လူဖြူလူမည်း ခွဲခြားမှု အဆုံးသတ်စေရမယ်ဆိုတဲ့ အမိန့် ဖြစ်ခဲ့လို့ပါပဲ။

ထူးထူးခြားခြား မှတ်သားစရာတစ်ခုတော့ ဖြစ်ခဲ့တယ်။ ဟမ်ဖရေဟာ ဖီလာဒဲလ်ဖီးယားမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကြောင့် သူ့ဘဝသက်တမ်းတစ်လျှောက်လုံးလိုလိုမှာ တောင်ပိုင်းက ဒီမိုကရက်တစ်နိုင်ငံရေးသမားတွေအတွက် အနှောင့်အယှက်နဲ့ ချဉ်ဖတ်တစ်ဦး ဖြစ်ခဲ့တယ်။ ဒါပေမဲ့ တောင်ပိုင်းသားတွေဟာ ထရူးမင်းကိုတော့ ချူးဝီးကို မနိုင်အောင် ပိတ်ပင်ဟန့်တားမှု မလုပ်ခဲ့ကြဘူး။ အဲဒီလို မလုပ်ခဲ့ခြင်းကြောင့် အမေရိကန်နိုင်ငံကို နောင်အခါမှာ ဆယ်စုနှစ်ပေါင်းများစွာ တည်တံ့မယ့် တရားရေးနဲ့ ကိုယ်ကျင့်တရားလမ်းကြောင်းပေါ်ကို ရောက်သွားအောင် အခြေချပေးသလို ဖြစ်ခဲ့ပါတယ်။

အမေရိကန်နိုင်ငံဟာ လူတွေက အုပ်ချုပ်တဲ့ နိုင်ငံတစ်ခုထက် ဥပဒေများက အုပ်ချုပ်တဲ့နိုင်ငံဖြစ်သလား။ အဓိပ္ပာယ်မရှိပါဘူး။ မာရှယ်လ်ကိုယ်တိုင်လည်း နှစ်ပေါင်းများစွာ အဲဒီလို စွဲစွဲမြဲမြဲ ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ အများသိခဲ့တာရှိတယ်။ ဟျူးဘတ် ဟမ်ဖရေလို ပုဂ္ဂိုလ်ရဲ့ ဦးဆောင်မှုမရှိခဲ့ရင် ၁၉၆၀ ပြည့်လွန်နှစ်တွေက ပြည်သူ့အခွင့်အရေးဥပဒေတွေကို အတည်ပြု ပြဋ္ဌာန်းပေးနိုင်ခဲ့မှာ မဟုတ်ဘူး။ ဟမ်ဖရေဟာ ၁၉၆၄ ခုနှစ် ပြည်သူ့အိုးအိမ်ဥပဒေ၊ ၁၉၆၅ ခုနှစ် မဲပေးခွင့်ဥပဒေ၊ ၁၉၆၈ ခုနှစ် မျှတစွာ



မာတိကာသို့ ▶▶

အိမ်ရာချထားရေးဥပဒေနဲ့ တခြားဥပဒေတွေ အတည်ပြု ပြဋ္ဌာန်းအောင် ဦးဆောင်ဦးရွက် ပြုခဲ့သူ ဖြစ်ပါတယ်။

ဟမ်ဖရေရဲ့ အလွန်ထူးခြားတဲ့ စိတ်ဓါတ်နဲ့ ကျယ်ပြန့်တဲ့ နှလုံးသားတို့ဟာ အမေရိကန်ပြည်သူတွေကို ပြည်သူ့အခွင့်အရေးဥပဒေထက်တောင် ပိုပြီး အကျိုးရှိစေခဲ့ပါတယ်။ သမ္မတ ကနေဒီလက်ထက်က နျူကလီးယား စမ်းသပ်မှု စွန့်လွှတ်ရေး သဘောတူညီမှုရအောင် လုပ်ပေးနိုင်ခဲ့ခြင်းအတွက် ဟမ်ဖရေရဲ့ ခေါင်းဆောင်မှုကို ဂုဏ်ယူအသိအမှတ်ပြုရမယ်။ အဲဒီသဘောတူညီမှုကြောင့် အမေရိကန်နဲ့ ဆိုဗီယက်တို့ရဲ့မြေပေါ် အနုမြူလက်နက် စမ်းသပ်ဖောက်ခွဲမှုများကြောင့် လေထုအတွင်းမှာ အဆိပ်အတောက်များ ပြန့်ပွားမှုအန္တရာယ်ကို ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ ဒီခေတ်လူငယ်တွေထဲမှာ ဟမ်ဖရေရဲ့ကျေးဇူးကြောင့် သူတို့သောက်တဲ့ နွားနို့တွေထဲမှာ စထရွန် တီယမ်–၉၀ နဲ့ အခြားအဆိပ်ဓါတ်တွေ မပါတာကို သိကြသူနည်းလိမ့်မယ်။ ဟမ်ဖရေဟာ သားဂွဒ် မာရှယ်လ် ကြည်ညိုလေးစားတဲ့ အိပ်မက်ကမ္ဘာ တည်ဆောက်သူတစ်ဦး ဖြစ်ခဲ့ပါတယ်။

ဟမ်ဖရေဟာ သူ့ရဲ့ မျိုးချစ်စိတ်ဓါတ်ရှိမှုကြောင့် ၁၉၆၈ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ရှုံးခဲ့ရတာဖြစ်တယ်လို့ သားဂွဒ်က ကျွန်တော် (စာရေးသူ) ပြန်ပြောပြခဲ့ တယ်။ ဟမ်ဖရေမှာ နှစ်ဆင် ဆီးနိတ်အမတ်အဖြစ်နဲ့ ဒုတိယသမ္မတ အဖြစ် အရွေးခံခဲ့တုန်းကလို ကရုဏာမဲ့မှုမျိုး၊ အကြင်နာမဲ့မှုမျိုး မရှိဘူး။ အမေရိကန်နိုင်ငံရေးမှာ သင်ရော်ခံရတဲ့ အမှန်တရားဖြစ်တဲ့ "လူကောင်းတွေဟာ နောက်ဆုံးက ပန်းဝင်တယ်" ဆိုတာကို ဟမ်ဖရေက လက်တွေ့ သက်သေပြခဲ့တယ်။

ဟမ်ဖရေဟာ သမ္မတဂျွန်ဆင်အကြောင်း လူသိရှင်ကြား ဝေဖန်ပြောဆိုဖို့ အမြဲငြင်းဆန်ခဲ့သူဖြစ်တယ်။ သမ္မတဂျွန်ဆင်ဟာ လူမှုရေးဥပဒေအပြောင်းအလဲကိစ္စများမှာ အတော်ဆုံး အမေရိကန်တစ်ဦးဖြစ်တယ်လို့ သူက အသိအမှတ်ပြုခဲ့တယ်။ ဗီယက်နမ်စစ်ပွဲဟာ ဂျွန်ဆင်ကို စိတ်ထောင်းလို့ ကိုယ်ကြေနေစေတယ်၊ သမိုင်းမှာ ဂျွန်ဆင်ရဲ့ နာမည်တစ်လုံးကို ဖျက်



မာတိကာသို့

ဆီးနေစေတယ်ဆိုတာကို ဟမ်ဖရေသိခဲ့တယ်။ သမ္မတ ဂျွန်ဆင်ဟာ နိုင်ငံရဲ့ဂုဏ်ကို ညှိုးနွမ်းစေသူဖြစ်တယ်လို့ ဒီမိုကရက်များအပါအဝင် အမေရိကန်ပြည်သူအများက မြင်ခဲ့ကြတယ်။ ဒါပေမဲ့ ဟမ်ဖရေက ဂျွန်ဆင်ကို အပြစ်အနာအဆာ တစ်ခုမှ မပြောခဲ့ဘူး။

သားဂွဒ်က ပြောခဲ့တယ်။

"နိုင်ငံရေးကံကြမ္မာအလှည့်အပြောင်းတွေနဲ့ ကံကြမ္မာကြောင့် ဟမ်ဖရေ သမ္မတအဖြစ် အရွေးမခံခဲ့ရတာ၊ ကင်ဆာရောဂါဖိစီးမှုကြောင့် သေဆုံးခဲ့ရတာဟာ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုအတွက် ကြေကွဲဝမ်းနည်းစရာတစ်ခု ဖြစ်ခဲ့တယ်"

ကြီးမားတဲ့ အိပ်မက်ကမ္ဘာတည်ဆောက်သူ ဟမ်ဖရေအတွက် ချီးကျူးလွှာများ ဖတ်ကြားခြင်း၊ ကွန်ဂရက်လွှတ်တော်အတွင်းမှာ အထူးချီးမွမ်းပြောဆိုခြင်းတို့ ပြုလုပ်ခဲ့ကြပေမယ့် အဲန်အေအေစီပီခေါင်းဆောင်တွေက တင်းတိမ်ကျေနပ်မှုနဲ့ မပြည့်စုံခဲ့ပါ။

အဲဒီခေတ်က ခေတ်နောက်ကျန် ကော်နံဆားဗတစ်ကြီးလို့ ထင်ရှားခဲ့တဲ့ ဘယ်ရီ ဂိုးလ်ဝါးတားကတောင် ဟမ်ဖရေနဲ့ ပတ်သက်လို့ နူးနူးလှုလှု စကားလုံးတွေနဲ့ ပြောခဲ့တယ်။

"ကောင်းကင်ဘုံဟာ ပိုပြီးသွားစရာကောင်းတဲ့ နေရာတစ်ခု ဖြစ်တော့မယ်။ ဘာ့ကြောင့်လဲဆိုတော့ ဟျူးဘတ်ဟာ ကျွန်တော်တို့ကို ကောင်းကင်ဘုံကနေ စောင့်နေတော့မှာ ဖြစ်လို့ပါပဲ"

ဟာဝေယံကျွန်းက ဆီးနိတ်လွှတ်တော်အမတ် ဒင်နီယဲလ် အီနိုးအီးကတော့ "ကျွန်တော့်ပါတီဟာ ဒီလိုပုဂ္ဂိုလ်မျိုးကို ညှိုးနွမ်းမှု ဆုပေးတာမျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးပါဘူး" လို့ ဝမ်းနည်းစကားပြောခဲ့တယ်။ ၁၉၆၈ ခုနှစ် သမ္မတလောင်းအဖြစ် အရွေးခံခဲ့ရတဲ့ကာလမှာ ဗီယက်နမ်စစ်ပွဲ ဆန့်ကျင်သူများကို မျက်ရည်ယိုဗုံး ခွဲခဲ့ရခြင်းနဲ့ တခြားအခြေအနေများကြောင့် ဟမ်ဖရေကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ဖို့ မဖြစ်နိုင်ခဲ့တဲ့ ဖြစ်ရပ်



မာတိကာသို့

များကို အီနိုးအီး က ရည်ညွှန်းပြီး ပြောဆိုခဲ့တာ ဖြစ်ပါတယ်။

ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုကာလအတွင်းက ကိုယ်ထိလက်ရောက် အပြင်းအထန် တိုက်ခိုက်ခြင်းခံခဲ့ရတဲ့ ဂျော်ဂျီယာပြည်နယ်က လူမည်း ကွန်ဂရက်လွှတ်တော်အမတ် ဂျွန် လူးဝစ္စကလည်း ရိုးရိုးလေး ပြောဆိုခဲ့တာ ရှိပါတယ်။

“လူတစ်ယောက်ဟာ ကမ္ဘာကြီးကို တကယ်တမ်း ပြောင်းလဲအောင် လုပ်နိုင်တယ်ဆိုတာကို ဒေါက်တာ မာတင် လူသာကင်း လုပ်ပြခဲ့တဲ့အတိုင်း ဟမ်ဖရေကလည်း ကျွန်တော်တို့အားလုံးကို လက်တွေ့လုပ်ပြသွားခဲ့ပါတယ်”

ဟျူးဘတ် ဟမ်ဖရေ ကွယ်လွန်ချိန်မှာ သားဂွဒ်ဟာ တရားရုံးချုပ် တရားသူကြီးတစ်ဦးဖြစ်ခဲ့ပါတယ်။ သားဂွဒ်က ဝမ်းနည်းမှုနဲ့ ဆိတ်ငြိမ်စွာ ဟမ်ဖရေရဲ့အလောင်းကို ကြည့်ရှုရင်း သူကလေးဘဝက ကြားခဲ့ရတဲ့စာတစ်ကြောင်းကို ပါးစပ်က ပြန်ရွတ်လိုက်မိတယ်။

“တကယ်တမ်းကောင်းတဲ့ မျက်နှာဖြူတချို့လည်း ရှိပါသည်”

သားဂွဒ်ဟာ ကြောက်စရာကောင်းတဲ့ အိပ်မက်ကမ္ဘာကို ဖျက်ဆီးသူ လူသစ်တချို့ကိုလည်း တွေ့ကြုံခဲ့ရပြန်ပါသေးတယ်။

* * *

၁၉၆၇ ခုနှစ်၊ ရီပတ်ဘလီကင်ပါတီ ညီလာခံမှာ နှစ်ဆင်က သူနဲ့အတူ လက်တွဲပြီး ဒုတိယသမ္မတလောင်းအဖြစ် မယ်ရီလန်းပြည်နယ် အုပ်ချုပ်ရေးမှူး စပီရိုး အဂ်နျူးကို ရွေးချယ်ကြောင်း ကြေညာခဲ့ပါတယ်။ အဲဒီအချိန်မှာ သားဂွဒ်ဟာ တရားရုံးမှာ တရားသူကြီး လူသစ်တစ်ဦး ဖြစ်ခဲ့တယ်။



မာတိကာသို့

အင်္ဂလိပ်ကိုယ်စားလှယ်အများစုက မသိကြပါဘူး။ သူတို့ မသိနိုင်သေးတာကတော့ အနာဂတ်မှာ သူဟာ နစ်ဆင်ရဲ့ ကိုယ်ပွား၊ သန်းပေါင်းများစွာသော အမေရိကန်တို့ရဲ့ မုန်းတီးမှုနဲ့ ထောက်ခံမှုကို ရရှိခဲ့သူတစ်ယောက်ဖြစ်ပြီး နောက်ဆုံး လာဘ်စားမှုနဲ့ ထောင်ကျမှာစိုးလို့ ဒုသမ္မတအဖြစ် အလုပ်မှ ထွက်ခွာသွားရမယ်ဆိုတာပါပဲ။

ဂရိလူမျိုး ဒုတိယမျိုးဆက်ဖြစ်တဲ့ "အင်္ဂလိပ်ဟာ ဝေါလေ့စ်၊ ဖောဘတ်စ်၊ သားမင်းတို့နဲ့ တန်းတူ ကျူပ်စိတ်ကို အနှောင့်အယှက်ပေးခဲ့တယ်။ သူတို့တစ်တွေဟာ တောင်ပိုင်းမဲဆန္ဒနယ်မြေများအတွက် တစ်ယူသန်ဝါဒီတွေ ဖြစ်ကြတယ်ဆိုတာ အမေရိကန်ပြည်သူများက သိကြတယ်။ အင်္ဂလိပ်က အိမ်ဖြူတော်ရဲ့ ဒုတိယသမ္မတ ဂုဏ်သိက္ခာနဲ့ နိုင်ငံကို စကားပြောခဲ့တယ်။ ကျူပ်ကလည်း တရားသူကြီးအသစ် ဖြစ်နေတော့ သူ့အကြောင်းကို လူသိရှင်ကြား မဝေဖန်ဖို့ ပိတ်ပင်တားမြစ်တာ ခံခဲ့ရတယ်" လို့ မာရှယ်လ်က ပြန်ပြောခဲ့တယ်။

စပီရိုဟာ အလယ်အလတ် ရီပတ်ဘလီကင်တစ်ဦးအသွင်နဲ့ ရှားရှားပါးပါး ထွက်ပေါ်လာခဲ့တယ်။ ဒါပေမဲ့ သူ့ရဲ့ ပြုမူလုပ်ဆောင်ချက်နဲ့ ပြောဆိုချက်များက ဖောက်ပြန်ရေးသမားတစ်ဦး ဖြစ်ခဲ့တယ်။ သူ့အတွက် နိုင်ငံရေးအခွင့်အရေးများကို မြင်တဲ့အခါမျိုးမှာတော့ အခိုက်အတန့်အားဖြင့် လေသံပြောင်းသူဖြစ်ခဲ့တယ်။ မှတ်တမ်းများအရ စပီရိုဟာ "လူမည်းတွေ မဲပေးဖို့ အဆင့်သင့် မဖြစ်သေးပါဘူး" လို့ ပြောတဲ့ ရွက်ကြမ်းရေကျိုနဲ့ ဒုတိယတန်းစား နိုင်ငံရေးသမားတစ်ဦး ဖြစ်ပါတယ်။ စာဘက်ကို အာရုံစိုက်တာ နည်းလို့ ကောလိပ်ကျောင်းက ထွက်ခဲ့ရတယ်။ ဒါပေမဲ့ ဘော်လ်တီမောတက္ကသိုလ် ဥပဒေသကျောင်းတက်ပြီး ၁၉၄၇ ခုနှစ်မှာ ဥပဒေဘွဲ့ရခဲ့တယ်။ ၁၉၄၇ ခုနှစ်မှာ ပုဂ္ဂလိက ဥပဒေအကျိုးဆောင်အဖွဲ့တစ်ဖွဲ့ကို ဖွင့်ခဲ့ပေမယ့် ဗုန်းဗုန်းလဲ ပျက်သွားခဲ့တယ်။ သူဟာ ၁၉၄၆ ခုနှစ်အထိ ဒီမိုကရက်တစ်ပါတီဝင်တစ်ဦး ဖြစ်ခဲ့ရာက ရီပတ်ဘလီကင် နိုင်ငံရေးနဲ့ မြေရောင်းမြေဝယ်လုပ်ငန်းတွေကစပြီး မတောက်တစ်ခေါက် ပါဝင်လာခဲ့တယ်။



မာတိကာသို့ ▶▶

အင်န္ဂျူးဟာ ၁၉၆၆ ခုနှစ်မှာ နိုင်ငံရေးကြက်ကန်းဆန်အိုးတိုးတဲ့ အဖြစ်တစ်ခုနဲ့ ကြုံခဲ့ရတယ်။ မယ်ရီလဲန်းပြည်နယ် အုပ်ချုပ်ရေးမှူးရာထူး အတွက် ဒီမိုကရက်တစ်ပါတီက အသားအရောင်ခွဲခြားရေး တစ်ယူသန် ဂျော့ချ် မဟိုနီကို လျာထားခဲ့ရာ ရီပတ်ဘလီကင်ပါတီက စပီရို အင်န္ဂျူးကို ရွေးချယ် ခဲ့တာဖြစ်ပါတယ်။ လူမည်းများနဲ့ တစ်ယူသန်ကို ဆန့်ကျင်တဲ့ ဒီမိုကရက် တွေက အင်န္ဂျူးကို မဲပေးလိုက်လို့ပဲဖြစ်တယ်။ အင်န္ဂျူးက မဟိုနီကို "တစ်ယူ သန်ဝါဒနဲ့ အမုန်းတရား တည်းဟူသော အချွန်နှစ်ခုပါတဲ့ ခရင်းကိုကိုင်ပြီး ထိုင်စောင့်နေတဲ့ မကောင်းဆိုးဝါးမိစ္ဆာကြီး" လို့ တိုက်ခိုက်ပြောဆိုခဲ့တယ်။ ရွေးကောက်ပွဲမှာလည်း အင်န္ဂျူးအလွယ်တကူ အနိုင်ရခဲ့တယ်။

အင်န္ဂျူးဟာ စိန်အခေါ်ခံရမှုကို မကြိုက်ဘူး။ ဘိုဝီပြည်နယ် ကောလိပ်က ကျောင်းသား ၂၀၀ ခန့်က အနက်ပလစ္စမြို့က အင်န္ဂျူးရဲ့ ရုံးအပြင်ဘက်မှာ ကန့်ကွက်ဆန္ဒပြခဲ့ရာမှာ ကျောင်းသားတွေဖမ်းဖို့နဲ့ ဘိုဝီ ကောလိပ်ကျောင်းကို ပိတ်ပစ်ဖို့ အင်န္ဂျူးက အမိန့်ပေးခဲ့တယ်။ မဲန်းဖစ္စ မြို့မှာ ဒေါက်တာ မာတင် လူသာ ကင်း အလုပ်ကြံခံခဲ့ရလို့ ဘော်လ်တီမော မြို့မှာ အကြမ်းဖက်မှုတွေ ပေါက်ကွဲပြီး လူခြောက်ဦးသေပြီး လူ ၇၀၀ ကျော် ဒဏ်ရာရကာ လူ ၅,၀၀၀ အဖမ်းခံခဲ့ရတယ်။ အဲဒီတုန်းကလည်း အင်န္ဂျူး က အမျိုးသားအိမ်စောင့်တပ်တွေကို လွှတ်ပေးခဲ့တယ်။

၁၉၆၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှာ အင်န္ဂျူးဟာ ဘော်လ် တီမောမြို့ပေါ်က အထင်ရှားဆုံး လူမည်းခေါင်းဆောင် ၁၀၀ ကို အစည်း အဝေး ဖိတ်ခေါ်ခဲ့တယ်။ ဒါပေမဲ့ အစည်းအဝေးမှာ အင်န္ဂျူးက သူတို့ကို ပြစ်တင်ကြိမ်းမောင်းပြီး "ခင်ဗျားတို့ဟာ လူမည်းအကြမ်းဖက်မှု လှုံ့ဆော် ရေးသမားတွေ ခိုင်းသမျှကို လိုက်လုပ်နေကြတယ်" လို့ ပြောခဲ့တယ်။ အားလုံးဟာ အံ့အားသင့်သွားခဲ့ကြတယ်။ လူမည်းအားလုံးလိုလိုဟာ စိတ် ဆိုးပြီး အစည်းအဝေးခန်းမထဲက ထွက်လာခဲ့ကြတယ်။

၁၉၆၈ ခုနှစ် ရီပတ်ဘလီကင်ပါတီညီလာခံမှာ နစ်ဆင်ဟာ စိန်ခေါ်မှုကြီးတစ်ခုကို ရင်ဆိုင်ခဲ့ရတယ်။ သူ့ကို ပြည်နယ်အုပ်ချုပ်ရေးမှူး

နယ်လ်ဆင် ရောခ်ဖဲလားကဖြစ်စေ၊ တစ်ယောက်ယောက်ကဖြစ်စေ သမ္မတလောင်းအဖြစ် ပြိုင်လာမယ်ဆိုရင် သူ့လက်ထဲက တောင်ပိုင်းကိုယ်စားလှယ်တွေရဲ့မဲ ဖဲ့ထွက်မသွားအောင် ဆက်ထိန်းထားဖို့က အရေးကြီးတယ်။ နစ်ဆင်ဟာ တောင်ပိုင်းက ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်။ ပြီးတော့ တောင်ပိုင်းကို ထိုးနှက်မယ့် ဒုတိယသမ္မတလောင်းမျိုးကို မရွေးပါဘူးလို့ လျှို့ဝှက်စွာ ကတိကဝတ် ပြုခဲ့တယ်။ အဲဒါကြောင့် နစ်ဆင်ဟာ အဂ်နျူးကို ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်ပြီး နစ်ပါးဂဟေဆက်ခဲ့တာဟာ ငရဲပြည်ရောက်သွားစေဖို့ ဖြစ်ခဲ့တယ်။

နစ်ဆင် အရွေးခံမယ်ဆိုတာ မကောင်းတဲ့သတင်းဖြစ်ပြီး အဂ်နျူးက ဆေးခါးကြီးတစ်လုံး ဖြစ်လိမ့်မယ်ဆိုတာ မာရှယ်လ်နဲ့ အဲန်အေအေစီပီက သိခဲ့တယ်။

အဂ်နျူးကို ဒုတိယသမ္မတလောင်းအဖြစ် လျာထားပြီးတဲ့နောက် ရှစ်ရက်အကြာမှာ သူ့ရဲ့ပြည်သူ့အခွင့်အရေးဆိုင်ရာ အတိုင်ပင်ခံဖြစ်တဲ့ ဂီးလ်ဘတ် ဝဲက နုတ်ထွက်သွားခဲ့တယ်။ သူက "ပြည်နယ်အုပ်ချုပ်ရေးမှူးဟာ အမျိုးသားနိုင်ငံရေးမြင်ကွင်းမှာ ထိုးထွက်လာခြင်းဟာ ကျွန်တော့်အတွက် သည်းမခံနိုင်စရာ အနေအထားကို ပို့ပေးခဲ့ပါတယ်။ စိတ်ပျက်စရာဖြစ်လာတော့ ဒီလိုပိုမိုပြီး စိတ်ရှုပ်စရာကောင်းတဲ့ အခြေအနေက ကျွန်တော် နုတ်ထွက်ဖို့ကလွဲရင် တခြားရွေးချယ်စရာ နည်းလမ်း မရှိပါဘူး" လို့ ပြောဆိုခဲ့ပါတယ်။

၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှာ မဲဆွယ်မှုအစီအစဉ်တစ်ခုအဖြစ် အဂ်နျူးဟာ ရုပ်မြင်သံကြားမှာ သတင်းစာဆရာများနှင့် တွေ့ဆုံခြင်းကဏ္ဍမှာ ဖြေကြားခဲ့တယ်။

သူ့ကိုမေးတဲ့မေးခွန်းတွေထဲမှာ "ဗီယက်နမ်စစ်ပွဲကို ဆန့်ကျင်ကန့်ကွက် ဆန္ဒပြကြသူတွေဟာ အမေရိကန်ကွန်မြူနစ်ပါတီရဲ့ ထိန်းချုပ်ကြိုးကိုင်မှု (သို့မဟုတ်) ညွှန်ကြားမှုအောက်မှာ ရှိခဲ့သလား (သို့မဟုတ်) မော်စကိုရဲ့ ထိန်းချုပ်ကြိုးကိုင်မှုအောက်မှာ ရှိခဲ့သလား" ဆိုတဲ့ မေးခွန်းတစ်ခု



မာတိကာသို့

ပါခဲ့တယ်။ အင်န်ဂျူးက ပြန်ဖြေကြားရာမှာ–––

"အဲဒီကျောင်းသားတွေဟာ သူတို့ (ကွန်မြူနစ်များ) ရဲ့ ဩဇာအောက်မှာ ရှိခဲ့တယ်ဆိုတာ အငြင်းပွားစရာ မလိုဘူးလို့ ကျွန်တော်ထင်ပါတယ်" လို့ ပြန်ဖြေခဲ့ပါတယ်။

နောက်မကြာခင်မှာပဲ အိုးအိမ်နေရာ ခွဲဝေချထားမှုနဲ့ ပတ်သက်လို့ "အိုးအိမ်နေရာချထားမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားတဲ့ တစ်ဦးချင်းရဲ့ လွတ်လပ်မှု အခွင့်အရေးထဲကို ကျူးကျော်မဝင်ရောက်ဘဲ နဲ့ တရားဥပဒေပြဋ္ဌာန်းဖို့ မရနိုင်ပါဘူး" လို့ *ဖီလာဒဲလ်ဖီးယား ဆန်းဒေး ဘူလက်တင်* တနင်္ဂနွေနေ့ထုတ် သတင်းစာကို အင်န်ဂျူးက ထုတ်ပြောခဲ့ ပြန်တယ်။

အိုးအိမ်နေရာချထားမှုမှာ အင်န်ဂျူးက လူမျိုးရေးခွဲခြားမှုကို ထောက်ခံခဲ့တာဟာ သူ့ကို ပုဂ္ဂိုလ်ရေးအရ အစော်ကားခံရသလို ဖြစ်ခဲ့တယ်လို့ မာရှယ်လ်က ပြန်ပြောခဲ့တယ်။

၁၉၆၈ ခုနှစ်၊ အောက်တိုဘာလမှာ အင်န်ဂျူးက ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုဟာ စထွက်တဲ့နေ့ကတည်းက လွန်လွန်းခဲ့တယ်လို့ ပြောဆိုခဲ့တယ်။ အဲဒီလိုပြောတာကို အလွန်စိတ်ဆိုးခဲ့တဲ့ မာရှယ်လ်က "လူမည်းတွေမှာ အခွင့်အရေးတစ်ချက်မှ မျက်နှာသာမရခဲ့တဲ့ ဝီလ်ဆင် ကူးလ်ရစ်ချ်၊ ဟူးဗား စတဲ့ သမ္မတတွေလက်ထက်တုန်းကတောင် ဒုတိယသမ္မတတစ်ယောက်က ဒီလိုပြောတာမျိုး မရှိခဲ့ဘူး" လို့ ပြန်ပြောပြခဲ့ပါတယ်။

၁၉၆၈ ခုနှစ်၊ သမ္မတရွေးကောက်ပွဲကာလဟာ ကြေကွဲစရာတွေဖြစ်ခဲ့ရတယ်။ မဲဆွယ်မှုကာလတစ်လျှောက်လုံးမှာ မာရှယ်လ်နဲ့ သန်းပေါင်းများစွာသော လူမည်းများဟာ ပြင်းပြစွာ စိတ်ထိခိုက်မှုကို ခံစားခဲ့ကြရတယ်။ ဟမ်ဖရေနဲ့ အမေရိကန်သမိုင်းမှာ အကောင်းဆုံးနိုင်ငံရေးသမားတစ်ဦးဖြစ်တဲ့ အက်ဒ်မန် မတ်စကီးတို့နှစ်ဦးဟာ ကမ္ဘာမှာ အညံ့ဆုံး နိုင်ငံရေး သမားနှစ်ဦးဖြစ်တဲ့ နစ်ဆင်နဲ့ အင်န်ဂျူးတို့နဲ့ ရွေးကောက်ပွဲမှာ အကြိတ်အနယ်



မာတိကာသို့

စစ်ပွဲဆင်နွှဲကြရတယ်။ ဒါပေမဲ့ တရားမျှတပြီး သူတင်ကိုယ်တင် ညီမျှတဲ့စစ်ပွဲ မဖြစ်ခဲ့ဘူး။ ဟမ်ဖရေက သမ္မတ ရွှန်ဆင်အပေါ်မှာ သစ္စာ ရှိခဲ့မှု ဝန်ထုပ်ဝန်ပိုးဒဏ်ကို ထမ်းခဲ့ရတယ်။ ရှီကာဂိုမြို့မှာ ဗီယက်နမ်စစ်ပွဲ ဆန့်ကျင်ဆန္ဒပြတဲ့သူတွေကို မျက်ရည်ယိုဗုံးနဲ့ ခွဲခဲ့တဲ့ အနံ့ဒဏ်ကိုလည်း အလူးအလဲခံခဲ့ကြရတယ်။ အဲဒီလို အကွဲကွဲအပြားပြား ဒုက္ခသုက္ခရောက်ခဲ့ ချိန်မှာ မတ်စကီးကလည်း ဘယ်လိုမှ မကယ်တင်နိုင်ခဲ့တော့ဘူး။ လူမည်း မဲဆန္ဒရှင်များကလည်း စိတ်ဆိုးခဲ့ကြပြီး "ဒီအာကျယ်တွေဟာ ဒီပုတ်ထဲက ဒီပဲတွေချည်းပါပဲ" လို့ ပြောခဲ့ကြတယ်။ နစ်ဆင်နဲ့ အင်္ဂလိပ်တို့ကတော့ဖင့်နွှဲရှည်ကြာနေတဲ့ ဗီယက်နမ်စစ်ပွဲအပေါ်မှာ တစ်နေ့တခြား ပိုပြီး စိတ်ပျက်လာကြမှုနဲ့ ဗီယက်နမ်စစ်ပွဲ အဆုံးသတ်ရေးကို တောင်းဆိုနေကြတဲ့ မဲဆန္ဒရှင်များရဲ့ အမျက်ဒေါသတို့ကြောင့် တစ်ပန်းသာမှု ရခဲ့ကြပါတယ်။ အဲဒီအထဲမှာ တတိယပါတီ သမ္မတလောင်းအဖြစ် ဂျော့ချ် ဝေါလေ့စ်ရဲ့ ယှဉ်ပြိုင်မှုကြောင့် မဲဆန္ဒ မတည်ငြိမ်မှုများ ဖြစ်ခဲ့တာက လည်း ပါခဲ့သေးတယ်။

၁၉၆၈ ခုနှစ်၊ သမ္မတရွေးကောက်ပွဲဟာ အမေရိကန်သမိုင်းမှာ လူမည်းတို့ရဲ့ နိုင်ငံရေး ပါဝင်ဆင်နွှဲမှု အစွန်းထင်းကွက်တစ်ခု ဖြစ်လာနိုင်စရာအကြောင်းရှိပုံကိုလည်း မာရှယ်လ်နဲ့ စာရေးသူတို့ ဆွေးနွေးခဲ့မိကြတယ်။ တိုက်ခိုက်လိုစိတ် ပြင်းထန်ပြီး သူတို့ကိုယ်သူတို့ လူမည်းခေါင်းဆောင်များလို့ နာမည်ခံထားကြတဲ့သူများနဲ့ ရက်ပ် ဘရောင်း၊ စတုတ်လီကာမိုက်ကယ်လ်တို့က လူမည်းတွေဟာ နှစ်ပါတီစလုံးက အာကျယ်တွေကို မဲပေးကြမယ့်အစား ငါးသွားမျှားနေကြလို့ အကြံပေးတိုက်တွန်းခဲ့ကြတယ်။ လူမည်းအတော်များများဟာ မဲရုံတွေနဲ့ ဝေးဝေးပဲ နေခဲ့ကြတယ်။ ဒါ့ကြောင့် နစ်ဆင်က ၃၁,၇၈၅,၄၀၀ မဲရပြီး အနိုင်ရသွားခဲ့တယ်။ ဟမ်ဖရေက ၃၁,၂၇၅,၁၆၆ မဲရပြီး ဝေါလေ့စ်က ၉,၉၀၆,၄၇၃ မဲသာ ရရှိခဲ့တယ်။ (နစ်ဆင်က ဟမ်ဖရေကို မဲငါးသိန်းကျော်နဲ့ ကပ်နိုင်ခဲ့တယ်။)

မာရှယ်လ် ၁၉၆၇ ခုနှစ်၊ ဇွန်လက အိုကလာဟိုးမားပြည်နယ်၊ မက်စကိုဂီးမြို့က လူထုပရိသတ်ကို မာရှယ်လ်က စကားပြောကြားခဲ့ရာမှာ "ကျွန်တော်တို့ လူငယ်တွေဟာ မမှန်ကန်တဲ့ လူတွေကို သူတို့ရဲ့ ခေါင်း



မာတိကာသို့

ဆောင်အဖြစ် ရွေးကြမှာကို ကျွန်တော် စိုးရိမ် မိတယ်” လို့ ပြောခဲ့တဲ့ စကားကို ပြန်ပြီး ကိုးကားပြောခဲ့တယ်။ ပြီးတော့မှ “အသက်ကြီးတဲ့ လူမည်းတွေဟာ အသုံးမကျတဲ့ လူမိုက်တချို့ရဲ့ အကြံ ပေးစကားကို နားထောင်ခဲ့ကြပုံကို အဲဒီရွေးကောက်ပွဲ (၁၉၆၈) က ကျုပ်ကို ပြောပြခဲ့တယ်” လို ဖြည့်စွက်မှတ်ချက်ချခဲ့ပါတယ်။

ပြည်သူ့အခွင့်အရေးခေါင်းဆောင်များ၊ ပြည်သူ့လွတ်လပ်ခွင့် ခေါင်းဆောင်များ၊ ပညာရေးလောကမှ ပုဂ္ဂိုလ်များနဲ့လူဖြူလူမည်းတို့ဟာ စပီရို အဂ်နျူးအသုံးတော်ခံမယ့် အခန်းကဏ္ဍကို တွေးပြီး စိတ်ပူခဲ့ကြတယ်။ သူတို့ရဲ့ ပူပင်မှုတွေ မှန်ကန်ကြောင်းကိုလည်း အဂ်နျူးက လက်တွေ့ ပြသခဲ့တယ်။

အဂ်နျူးဟာ သမိုင်းတစ်လျှောက်မှာ ဘယ်ဒုတိယသမ္မတ တစ်ယောက်မှ မလုပ်ဖူးတာတွေကို လုပ်ခဲ့တယ်။ သူဟာ တစ်ယူသန်ဝါဒ၊ ရှမ္မက်လောဘနဲ့ ကြောက်ရွံ့စိတ်တွေအတွက် အကုသိုလ်များအောင် စတင် လုပ်ဆောင်ခဲ့တယ်။ ဗီယက်နမ်စစ် ဆန့်ကျင်ကန့်ကွက်သူများအပေါ်မှာ သူ့ရဲ့ မုန်းတီးစိတ်ဟာ အကန့်အသတ်မရှိ ကြီးမားခဲ့တယ်။ သူက “ကိုယ့် ကလေးတွေကိုပြန်ကြောက်ရတဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ခုဟာ အင်အား ချိနဲ့မှုတစ်ခုဖြစ်တယ်” လို့ ၁၉၆၉ ခုနှစ်က အိုဟိုင်းယိုးတက္ကသိုလ်မှာ ပြောကြားခဲ့တယ်။ ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်၊ ဟဲရစ္စဘတ်မြို့က လူထုပရိသတ်ကို ပြောခဲ့တုန်းကလည်း “လူတစ်စုရဲ့ ခေတ်နောက်ဆုတ်တဲ့ အတွေးအခေါ်ကြောင့် အမေရိကန်နိုင်ငံဟာ မျိုးဆက်ကြီးတစ်ခုလုံးကို ပယ်ဖျက် မပစ်နိုင်ဘူး” လို့ ဆိုခဲ့တယ်။

အဂ်နျူးဟာ စာနယ်ဇင်းလောကက ပုဂ္ဂိုလ်တွေကိုလည်း တိုက်ခိုက်ပြောဆိုခဲ့တယ်။ ဒါ့ကြောင့် သတင်းစာဆရာတွေက အဂ်နယူးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကပြဋ္ဌာန်းတဲ့ အခွင့်အရေးတွေကို နားလည်တဲ့ အမေရိကန်နိုင်ငံသားတစ်ယောက်နဲ့ မတူဘဲ ဆိုဗီယက်အာဏာရှင်တစ်ဦးပုံ ပေါက်နေသူဖြစ် တယ်လို့ ပြောခဲ့ကြတယ်။ အဂ်နျူးက စာနယ်ဇင်းဝေဖန်



မာတိကာသို့

ရေးသမားတွေကို “မကောင်းမြင်ဝါဒရဲ့ လေဘုရင်များ” လို့ ကင်ပွန်းတပ်ခေါ်ဆိုခဲ့ပါတယ်။

ဆင်းရဲတဲ့လူငယ်များ၊ လူမည်းလူငယ်များနဲ့ တခြားလူငယ်တွေက ကောလိပ်ပညာရေးဟာ သူတို့ရဲ့ ဆင်းရဲမှုနဲ့ မျှော်လင့်ချက်မဲ့ဘဝရဲ့ ထွက်ပေါက်လို့ မြင်ခဲ့ကြတယ်။ ဒါပေမယ့် ၁၉၇၀ ခုနှစ်မှာ အဂ်နျူးက ကောလိပ်နဲ့ တက္ကသိုလ်တွေဟာ အဲဒီလိုလူငယ်တွေအတွက် သံသယ၏ အကျိုးခံစားခွင့်ပေးခြင်းကို ရပ်တန့်ဖို့ ပြောဆိုခဲ့တယ်။ အဂ်နျူးက ရီကာဂိုနဲ့ ဒမ္ပိုင်းတက္ကသိုလ်တွေမှာလည်း တက္ကသိုလ်နယ်မြေများမှာ သဘာဝအရ လူမှုအဆင့်အတန်း မြင့်သူများနဲ့ များပြားသင့်တဲ့အကြောင်း၊ ဘဝ အတွက် ပြင်ဆင်ဖို့နဲ့ အစားထိုးပညာရေးဆိုတာ တက္ကသိုလ်များနဲ့ မဆိုင်ကြောင်း ပြောခဲ့တယ်။ ၁၉၆၈ ခုနှစ်က အဂ်နျူးရဲ့ မယ်ရီလဲန်းပြည်နယ် အုပ်ချုပ်ရေးမှူး နောက်ဆုံးသက်တမ်းနှစ်အတွင်းက မယ်ရီလဲန်းတက္ကသိုလ်မှာ ကျောင်းသူကျောင်းသားပေါင်း ၂၄,၂၂၂ ဦးအနက်မှာ လူမည်းကျောင်းသား ၄၈၄ ဦးသာ ပါဝင်ခဲ့တယ်။ ဒီစာရင်းဇယားကို ကြည့်ခြင်းအားဖြင့် အဂ်နျူးဟာ လူမည်းကျောင်းသားများအတွက် ကိုတာစနစ်ကို အဂ်နျူးက ခွင့်မပြုခဲ့ကြောင်း ဖော်ပြနေပါတယ်။

ဒေါ်နယ်လ် မာရေး ကျောင်းဝင်ခွင့်ရရေးအတွက် တရားစွဲဆိုပြီး ရရှိခဲ့တဲ့ သားဂွဒ်ရဲ့ အောင်မြင်မှုအကျိုးကို အဂ်နျူးက မေးမှိန်အားနည်းသွားစေခဲ့ပါတယ်။

“ကျုပ်က လူတစ်ယောက် မသက်မသာဖြစ်နေတာကို ရှုစိမ့်ခဲ့ပါတယ်ဗျာ” လို့ သားဂွဒ်ပြောခဲ့ပေမဲ့ အဂ်နျူးရဲ့ ထိတ်လန့်တုန်လှုပ်ဖွယ်ရာဖြစ်ခဲ့တဲ့ သတင်းပတ်တွေမှာတုန်းကတော့ သားဂွဒ် စောင့်ပြီးကြည့်ခဲ့တယ်။ မယ်ရီလဲန်းပြည်နယ်တရားသူကြီးဂျော့ချ် ဘီးလ်နဲ့ အမေရိကန်ပြည်ထောင်စုရှေ့နေချုပ် အဲလီးယက် ရစ်ချတ်ဆင်တို့က ကိုယ်ကျင့်တရားနဲ့ ပြည့်စုံဟန်ဆောင်တဲ့ ကြောင်သူတော်ဖြစ်ပြီး လူနည်းစုတွေအပေါ် ထိုးနှက်တဲ့ ဒုတိယသမ္မတ အဂ်နျူးကို လိမ်လည်ကောက်ကျစ်မှုနဲ့ တရားစွဲဖို့

ပြင်ဆင်ခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာတော့ *ဝေါရှင်တင် ပို့စ်* သတင်းစာမှာ စာလုံးမဲခေါင်းစီးကြီးနဲ့ သတင်းပါလာခဲ့တယ်။

## "ဒုတိယသမ္မတ အဂ်နျူး နုတ်ထွက်ပြီ အမြတ်ခွန်ရှောင်မှု ဒဏ်ရိုက်ခံရခြင်း"

၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှာ အဂ်နျူးဟာ ပြည်ထောင်စုခရိုင် တရားသူကြီး ဝေါလ်တာ ဟော့ဖ်မင်းရဲ့ ရုံးတော်ရှေ့မှောက်မှာ အမြတ်တော်ခွန် တိမ်းရှောင်မှုကို ရင်ဆိုင်ခဲ့တယ်။ ဒါပေမယ့် ပိုပြီး အရေးပါပြီး တုန်လှုပ်ခြောက်ခြားစရာကောင်းမှုတစ်ခုနဲ့ အဂ်နျူး ကြုံခဲ့ရတယ်။ ဘဲလ်နဲ့ ရစ်ချတ်ဆင်တို့က စာမျက်နှာ ၄၀ ပါတဲ့ သက်သေအထောက်အထား ရှင်းလင်းချက်များကို တရားရုံးတော်မှာ တင်သွင်းခဲ့တာဖြစ်ပါတယ်။ အဲဒီ ရှင်းလင်းတင်ပြချက်ထဲမှာ အဂ်နျူးဟာ အနည်းဆုံး ၁၀ နှစ်အတွင်းမှာ ဒေါ်လာ ၈၇,၀၀၀ လာဘ်စားခဲ့ကြောင်း၊ မယ်ရီလဲန်းပြည်နယ်မှာ လုပ်ငန်းလုပ်ဖို့ စိတ်ဝင်စားကြတဲ့ အင်ဂျင်နီယာများထဲက လည်း ခြိမ်းခြောက်ပြီး ငွေညှစ်ယူခဲ့ကြောင်း ဖော်ပြပါရှိပါတယ်။

အဲဒီအချိန်မှာ သမ္မတနစ်ဆင်ဟာ ဝေါတားဂိတ်ရဲ့ ညစ်ပတ်မှုရေအိုင်ထဲမှာ နစ်မြုပ်နေပြီ။ ရှေ့နေချုပ် ရစ်ချတ်ဆင်ကလည်း အဂ်နျူးကို သမ္မတ တက်ဖြစ်နိုင်တဲ့ အနေအထားတစ်ခုကနေ ဖယ်ရှားပစ်ဖို့ အရေးတကြီးလိုအပ်နေပြီလို့ ယူဆခဲ့တယ်။ အဲဒါကြောင့် အဂ်နျူးကို သူ့အမှုတွေအတွက် ထောင်ချမပစ်ဘဲ ဒုတိယသမ္မတရာထူးမှ နုတ်ထွက်စေဖို့အတွက် အဂ်နျူးရဲ့ အယူခံချက်ကို အစိုးရက သဘောတူအောင် အပေးအယူလုပ်ပြီး ညှိယူခဲ့တယ်။ တရားသူကြီး ဟော့ဖ်မင်းက သူ့အနေနဲ့ အမြတ်တော်ခွန်ကို လိမ်လည်တိမ်းရှောင်တဲ့ မည်သည့်ရှေ့နေမဆို ထောင်ဒဏ် ပေးခဲ့ဖူးပေမဲ့ ဒီအမှုမှာ ရှေ့နေချုပ်ရဲ့ အဆုံးအဖြတ်ကိုသာ နာခံမည်ဖြစ်ကြောင်း တရားရုံးများမှာ လူသိရှင်ကြား ထုတ်ပြောခဲ့တယ်။

ဆယ်နှစ်ကျော် လိမ်လည်ကောက်ကျစ်ခဲ့မှုနဲ့ လာဘ်စားမှုတို့



မာတိကာသို့

ကြောင့် အင်န်ျုးဟာ ဒုတိယသမ္မတရာထူးက နုတ်ထွက်ပေးခဲ့ရပြီး ဒဏ်ငွေဒေါ်လာ ၁၀,၀၀၀ သာအရိုက်ခံခဲ့ရတယ်။ သုံးနှစ်ဝန်ခံစာချုပ်နဲ့ နေဖို့ အမိန့်ချမှတ်ခြင်း ခံခဲ့ရတယ်။ ၁၉၇၄ ခုနှစ် မေလမှာတော့ အင်န်ျုးကို ရှေ့နေလိုက်ခွင့်လိုင်စင် ပိတ်ပင်လိုက်ကြောင်း မယ်ရီလဲန်းပြည်နယ် အယူခံတရားရုံးက အမိန့်ချမှတ်ခဲ့ပါတယ်။ ရုံးတော်က အောက်ပါအတိုင်း မှတ်ချက်ချခဲ့တယ်။

"ကိုယ်ကျင့်တရား လုံးဝမရှိဘဲ အစိုးရထံမှာ ကောင်းမွန်စွာ အမှုထမ်းဆောင်ရန် ကျမ်းသစ္စာကျိန်ဆိုခဲ့သော်လည်း သိလျက်နှင့် သူ၏ ငွေကြေးအကျိုးအမြတ်အတွက် လိမ်ညာခဲ့သော ရှေ့နေတစ်ဦးအား ကရုဏာထားရန် ခက်ခဲပါသည်။ ၎င်းသည် ရှေ့နေအဖြစ် စတင် ဆောင်ရွက်ခွင့်ပြုစဉ်က ကျမ်းကျိန်ဆိုခဲ့မှုကိုလည်း လုံးဝ ဂရုမစိုက်ခဲ့ဘဲ အရာရာတွင် ရိုးသားစွာ တာဝန်ထမ်းဆောင်ရမည့် သူ၏ အသက်မွေးဝမ်းကျောင်းပြုတာဝန်ဝတ္တရားများကို နားလည်ရန် လုံးဝ တာဝန်ပျက်ကွက်ခဲ့ပါသည်"

အင်န်ျုးဟာ အရှက်ကွဲပြီး ရာထူးက နုတ်ထွက်သွားခဲ့ရတယ်။ ဒါပေမယ့် ဇာတ်တူသားချင်းစားတယ်ဆိုတဲ့ ယုတ်ညံ့မှုအမွေအနှစ်ကိုလည်း ပေးသွားခဲ့ပါတယ်။ နိုင်ငံရေးယှဉ်ပြိုင်မှုတွေမှာ တစ်ယူသန်ဝါဒအတွက် အရှက်ကင်းစွာ ပြောဆိုခဲ့တယ်။

မာရှယ်လ်ရဲ့ အောင်မြင်မှုတွေအပေါ်မှာ အထင်သေးရှုတ်ချတဲ့ ကြောင့်ကြမှု၊ မုန်းတီးမှုတွေကို မကောင်းစိတ်နဲ့ ခေါင်းပုံဖြတ် အသုံးချခဲ့တယ်။ အမေရိကန်နိုင်ငံမှာ လူတွေရဲ့ မကောင်းမှုသဘာဝကြောင့် မိုးမှောင်ကျတဲ့ နိုင်ငံရေးစနစ်တစ်ခုကို ကျန်ရှိစေခဲ့တယ်။

"အခုတော့ သူ့အကြောင်း သိပ်မကြားရတော့ပါဘူး။ စပီရိုအင်န်ျုးဆိုတဲ့ နာမည်ကို ကျုပ်ကြားရတိုင်း သောက်စရာ တစ်ခုခုထည့်ထားတဲ့ ဖန်ခွက်ကို မြှောက်ပြီး သူမရှိတော့တာ ကောင်းလေခြင်းလို့ ကျုပ်ပါးစပ်က ရေရွတ်မိတယ်" လို့ သားဂွဒ်က သူ့ခံစားချက်ကို ပြန်ပြီး ရင်ဖွင့်ခဲ့တယ်။

*　　*　　*

အင်န်ျူးဟာ ဘာမှ မသိနားမလည်တဲ့ ဒုသမ္မတသက်သက် မဟုတ်ပါ။ သမ္မတ ရစ်ချတ်နစ်ဆင်ရဲ့ ကိုယ်ပွားဖြစ်ပါတယ်။ သူဟာ မနှစ်မြို့ဖွယ်ရာ စကားတွေကို နစ်ဆင်ကိုယ်စား ပြောပေးခဲ့တယ်။ ညစ်ပတ်တဲ့ အလုပ်တွေကို နစ်ဆင် ကိုယ်စား လုပ်ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ နစ်ဆင်ကတော့ နိုင်ငံခေါင်းဆောင်ကြီးလို မိန့်မိန့်ကြီးနေခဲ့တယ်။ တကယ်တော့ နစ်ဆင်ဟာ အမေရိကန်သမိုင်းမှာ ကောက်ကျစ်ညစ်ပတ်ပြီး မရိုးသားတဲ့ သမ္မတနဲ့ ဒုသမ္မတအတွဲကို ဖော်ဆောင်ခဲ့သူဖြစ်တယ်။ နစ်ဆင်ဟာ အိပ်မက်ကမ္ဘာများကို အကြင်နာတရား အမဲ့ဆုံးနဲ့ ဖျက်ဆီးသူ ဖြစ်ခဲ့တယ်။

၁၉၆၀ ခုနှစ်၊ သမ္မတရွေးကောက်ပွဲမှာ နစ်ဆင် ရှုံးခဲ့ရခြင်းဟာ နစ်ဆင်ရဲ့ ရီပတ်ဘလီကင်ပါတီဟာ လူမည်းတွေရဲ့မဲကိုရအောင် ဂရုမစိုက်ခဲ့လို့ ဖြစ်တယ်။ ရီပတ်ဘလီကင်ညီလာခံကိုယ်စားလှယ် (၁,၃၃၃)ဦး အနက်မှာ လူမည်းကိုယ်စားလှယ် ၂၆ ဦးသာ ပါခဲ့ပုံကိုကြည့်ပါ။ လူမည်းတွေကို ချော့လိုက်လို့ ရီပတ်ဘလီကင်ပါတီမှာ ဒုက္ခတွေ့ခဲ့ရတယ်လို့လည်း ရီပတ်ဘလီကင်ညီလာခံ သဘာပတိ ရေးဘလစ္စက မြင်ခဲ့တယ်။

ဒါပေမဲ့ လူမည်းတွေက ရီပတ်ဘလီကင်ပါတီကို မဲပေးမှု ပြိုပျက်ကျဆင်းခဲ့တဲ့ စာရင်းဇယားကိုကြည့်ပါ။

**ရှီကာဂို**-----၁၉၅၄ ခုနှစ်မှာ အိုက်ဆင် ဟောင်းဝါးဟာ လူမည်းတို့ရဲ့မဲ ၃၃.၄ ရာခိုင်နှုန်းရခဲ့တယ်။

၁၉၆၀ ခုနှစ်မှာ နစ်ဆင်ဟာ ၁၉.၂ ရာခိုင်နှုန်းရခဲ့တယ်။

၁၉၆၄ ခုနှစ်မှာ ဘယ်ရီ ဂိုးလ်ဝေါတားဟာ ၃.၆ ရာခိုင်နှုန်းသာ ရခဲ့တယ်။

**နယူးယောက်**---အိုက်ဆင်ဟောင်းဝါးဟာ ၃၅.၁ ရာခိုင်နှုန်းရခဲ့တယ်။

နစ်ဆင်ဟာ ၂၆.၈ ရာခိုင်နှုန်းရခဲ့တယ်။



မာတိကာသို့

ဂိုးလ်ဝေါတားဟာ ၈.၂ ရာခိုင်နှုန်းသာ ရခဲ့တယ်။

နိုင်ငံတစ်ဝန်းမှာလည်း လူမည်းတွေရဲ့ မဲဆန္ဒပေးမှုဟာ ဒီအတိုင်း ပဲလိုလိုဖြစ်နေတာတွေ့ရတယ်။ ဒါကြောင့် ဘလစ္စက ရီပတ်ဘလီကင်တွေ အနေနဲ့ လူမည်းတွေရဲ့မဲကို မအားကိုးတော့ဖို့ တိုက်တွန်းနေခြင်းဖြစ်တယ်။ ၁၉၆၈ ခုနှစ်မှာ နစ်ဆင် သမ္မတအဖြစ် အရွေးခံခဲ့ရတော့ တစ်နိုင်ငံလုံးရဲ့ မဲဆန္ဒ ၄၃.၄ ရာခိုင်နှုန်း ရခဲ့တယ်။ ဟမ်ဖရေက ၄၂.၇ ရာခိုင်နှုန်းနဲ့ ဂျော့ချ် ဝေါလေ့စ်က ၁၃.၅ ရာခိုင်နှုန်း ရခဲ့တယ်။

၁၉၇၃ ခုနှစ်မှာ မာရှယ်လ်နဲ့ တရားရုံးချုပ်ဟာ နစ်ဆင်အကြောင်း သိလာကြတယ်။ နစ်ဆင်ဟာ အာဏာကို ငမ်းငမ်းတက် မက်မောတယ်။ သူဟာ ကွန်ဂရက်လွှတ်တော်က ဘာပြောပြော ဂရုမစိုက်ခဲ့ဘူး။ တရားရုံး ချုပ်က ဘာပဲ ဆုံးဖြတ်ဆုံးဖြတ် အလေးမထားခဲ့ဘူး။ နစ်ဆင်က သူ့အမြင် အယူအဆတွေဟာ ဥပဒေဖြစ်သင့်တယ်လို့ ထင်လာခဲ့တယ်။ သူနဲ့ သဘော ချင်း မတိုင်ဆိုင်သူ မှန်သမျှကို ရန်သူလို့ သတ်မှတ်ခဲ့တယ်။

သမ္မတ နစ်ဆင်ရဲ့စိတ်မှာ တည်ငြိမ်လုံခြုံမှု မရှိဘူး။ စိတ်လှုပ် ရှားတယ်။ မာတိနီအရက်ကလေးနည်းနည်း ဝင်သွားရင် ဗီယက်နမ်စစ်ပွဲ ကို ဆန့်ကျင်သူများဟာ အမေရိကန်နိုင်ငံရဲ့ ရန်သူတွေလို့ ထအော်တတ် တယ်။ နစ်ဆင်ရဲ့စိတ်ထဲမှာ ကျောင်းသားတွေနဲ့ တခြားသူတွေ၊ ဗီယက် နမ်စစ်ကို ဆန့်ကျင်ကန့်ကွက်နေကြတာဟာ သူတို့ကိုယ်ပိုင် မျိုးချစ်စိတ် ဓါတ်အသိကြောင့် မဖြစ်နိုင်ဘူး။ သူ့စိတ်ထဲမှာ အဲဒီကန့်ကွက်သူတွေဟာ ဆိုဗီယက်တို့ကဖြစ်စေ၊ အာရပ်အကြမ်းဖက်သမားများထဲကဖြစ်စေ၊ တရုတ် ကွန်မြူနစ်များထဲကဖြစ်စေ၊ ဒါမှမဟုတ် အမေရိကန်ပြည်ထောင်စုကို ရန်လို တဲ့ အုပ်စုတချို့ထဲကဖြစ်စေ ငွေပေးထားလို့ ဖြစ်ရမယ်လို့ ထင်ခဲ့တယ်။

အဲဒါကြောင့် နစ်ဆင်ဟာ ဟျူစတင် စီမံချက်ဆိုတာကို ဖွဲ့စည်း ပေးခဲ့တယ်။ အိမ်ဖြူတော်က လက်ထောက်တစ်ဦးဖြစ်သူတောမ် ချားလ် ဟျူစတင်ရဲ့ အမည်ကို ပေးထားခြင်းဖြစ်တယ်။ တောမ် ဟျူစတင်နဲ့ နစ်ဆင်တို့ အမြင်တူခဲ့ကြတာရှိတယ်။ အဲဒါက အမေရိကန်နိုင်ငံမှာ နိုင်ငံခြား



မာတိကာသို့ ▶▶

သူလျှို တွေ အပြည့်ရှိနေတယ်။ ဒီကိစ္စအတွက် အက်ဖ်ဘီအိုင်၊ စီအိုင်အေနဲ့ တခြားရဲ့ထောက်လှမ်းရေးအဖွဲ့အစည်းတွေက လုံလုံလောက်လောက် အလုပ် မလုပ်ကြဘူးလို့ သူတို့က ယုံကြည်ခဲ့ကြတယ်။

ဟျူစတင်စီမံချက်ကို အမေရိကန်ထောက်လှမ်းရေးအေဂျင်စီ အဖွဲ့အစည်းအားလုံးထံ လျှို့ဝှက်စွာ ဖြန့်ဝေပေးခဲ့တယ်။ ဟျူစတင်ရဲ့ နာမည်နဲ့ ပေးပေမဲ့ သမ္မတရဲ့အာဏာကို အသုံးပြုခဲ့တယ်။ လျှို့ဝှက် သင်္ကေတများသုံးပြီး တခြားသူများရဲ့ လျှို့ဝှက်သင်္ကေတတွေကိုလည်း ဖော်ထုတ်ပေးတဲ့ အမျိုးသားလုံခြုံရေးအေဂျင်စီကိုလည်း နိုင်ငံခြားကလာတဲ့ တယ်လီဖုန်းများနဲ့ စာများကို ဖြတ်တောက်စိစစ် နားထောင်ဖတ်ကြားခွင့် အာဏာပေးအပ် ခဲ့တယ်။ အက်ဖ်ဘီအိုင်၊ စီအိုင်အေတို့ကိုရော၊ သူတို့နဲ့ ဆက်နွယ်နေတဲ့ ဒေသန္တရရဲ့အဖွဲ့ကိုရောကြိုက်တဲ့ အမေရိကန်အိမ်တိုင်းကို အိမ်ဖောက်ဝင်ရောက်ခိုးခွင့်၊ ရှာဖွေခွင့် အခွင့်အရေးနဲ့ အာဏာကို အပ်နှင်းခဲ့ တယ်။ တရားဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နေကြတဲ့ တာဝန်ခံတွေကိုလည်း နိုင်ငံသားတိုင်းရဲ့ ပုဂ္ဂလိကစာများကို ဖောက်ဖတ်ခွင့် အာဏာပေး ခဲ့တယ်။

ဒီဆူပါရဲကြီးနဲ့ ဆူပါစပိုင်လုပ်ငန်းအတွက် ဟျူစတင်က ဆရာ ကြီး ဖြစ်ခဲ့ခြင်းကြောင့် ပြည်သူ့အခွင့်အရေးဥပဒေကြမ်းနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အချက်အတော်များများကို ပျက်ပြယ်အောင်လုပ်သလို ဖြစ်ခဲ့ တယ်။ ဟျူစတင်က ထောက်လှမ်းရေးအကြီးအကဲတွေကို ခေါ်ယူတွေ့ ဆုံပြီး ညွှန်ကြားခဲ့တယ်။ အဲဒီလူတွေထဲက အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူး အဂ္ဂါ ဟူးဗား တစ်ဦးကသာ ဟျူစတင်စီမံချက်ဟာ သူ့အတွက် ကြောက် စရာကောင်းတဲ့ ခြောက်လှန့်မှုတစ်ခုလည်းဖြစ်ကြောင်း၊ အမေရိကန်ပြည် ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ယာယီရပ်သိမ်းထားနိုင်စရာရှိပြီး ရက်ဖို့ကောင်းတဲ့ စီမံ ချက်လို့လည်း မြင်ခဲ့ပါတယ်။

"ကျုပ်အနေနဲ့ အင်္ဂချူးကို ဖြေစရာနည်းလမ်းရှိခဲ့သလို နစ် ကဆင်ကိုလည်း ပိုအရေးတကြီး တုံ့ပြန်ဖြေဆိုစရာ ရှိခဲ့တယ်။ သူတို့



မာတိကာသို့ ▶▶

ခြောက်တာကို မကြောက်ကြဖို့ တရားရုံးချုပ်မှာ ကျုပ်အမြဲတိုက်ခဲ့ရတယ်။ တရားသူကြီးတွေက ကျုပ်ဘက် မပါခဲ့တဲ့အခါမှာလည်း ကျုပ်ကတော့ တကယ်စိတ်ဆိုးတဲ့ သဘောထားကွဲလွဲမှု မှတ်ချက်တွေ ရေးချခဲ့တယ်"

မာရှယ်လ်က အဲဒီလို ပြန်ပြောခဲ့ပါတယ်။

၁၉၆၈ ခုနှစ် သမ္မတရွေးကောက်ပွဲ မဲဆွယ်ပွဲကာလအတွင်းမှာ နစ်ဆင်ဟာ ဟမ်ဖရေကို ဆန့်ကျင်ရင်ဆိုင်ခဲ့ရသလောက် တရားရုံးချုပ်ကိုလည်း ဆန့်ကျင်ခဲ့တယ်။ ဝေါရင်ရဲ့ တရားရုံးချုပ်ဟာ တောင်ပိုင်းပြည်နယ်တွေအတွက် မကောင်းဆိုးဝါးကြီးလို ဖြစ်နေတာကို နစ်ဆင် သိခဲ့တယ်။ ရီပတ်ဘလီကင်ညီလာခံမှာ တောင်ပိုင်းဒေသ မဟာဗျူဟာကို နစ်ဆင်က ချမှတ်လိုက်တော့ အမေရိကန်သမ္မတများရဲ့ နိုင်ငံရေးမှာလည်း ပြောင်းလဲမှုအသစ်တစ်ခု ဖန်တီးခဲ့တယ်။ နစ်ဆင်ဟာ အဂ်နျူးကို တောင်ပိုင်းပြည်နယ်တွေအတွက် လက်လွှဲပေးခဲ့တာကို အများကသိခဲ့ကြတယ်။ ဒါပေမဲ့ တောင်ပိုင်းသားတစ်ဦးကို တရားရုံးချုပ်မှာ တရားသူကြီး တစ်နေရာပေးဖို့ နစ်ဆင်ကတိပေးခဲ့တာကိုတော့ သိသူအလွန် နည်းခဲ့တယ်။ တောင်ပိုင်းဒေသ မဟာဗျူဟာကို ချမှတ်ခဲ့ခြင်းဟာ သားဂွဒ် မာရှယ်လ်နဲ့ အဲန်အေအေစီပီတို့ ရရှိခဲ့တဲ့ အောင်မြင်မှုဆောင်ရွက်ချက်တွေကို အမေရိကန်တွေ ကျောပေးအောင် နစ်ဆင်က လုပ်လာမယ့်အထိ ဖြစ်လာခဲ့တယ်။

ဘာတွေဖြစ်နေသလဲဆိုတာကို တရားသူကြီးချုပ် အားလ် ဝေါရင်က သိခဲ့တယ်။ ဒုတိယသမ္မတဟောင်း နစ်ဆင်က ဝေါရင်ကို ပုဂ္ဂိုလ်ရေးမုန်းတီးမှု ရှိခဲ့တာကြောင့် နစ်ဆင်ဟာ တရားရုံးချုပ်ကို မြိန်မြိန်ရှက်ရှက်တိုက်ခိုက်လာနိုင်ပုံကို ဝေါရင်က သိထားခဲ့တယ်။ နစ်ဆင်ကလည်း သိထားမိတာရှိတယ်။ ပြည်သူတွေရဲ့အမြင်မှာ ဝေါရင်ဟာ ဂုဏ်သိက္ခာနဲ့ ဖွဲ့သတ္တိရှိတဲ့ စံနမူနာပြဖြစ်ပြီး သူ့ကိုတော့ မူမရှိသူ၊ အကျင့်သိက္ခာမရှိသူလို့ ပြည်သူတွေက ထင်ပုံကို နစ်ဆင် ရိပ်စားမိခဲ့တယ်။

နစ်ဆင်ဟာ မဲဆန္ဒရှင်တွေရဲ့ မဲရအောင် လူထုရှေ့မှာ အပြောင်းအလဲအမျိုးမျိုးနဲ့ ပြောဆိုခဲ့ပုံတွေကိုလည်း ဝေါရင်က သတင်းထောက်တွေ



မာတိကာသို့ ▶▶

ထက်တောင် ပိုသိခဲ့သေးတယ်။ ၁၉၅၀ ပြည့်လွန် အလယ်ပိုင်းနဲ့ နှောင်းပိုင်း နှစ်တွေက နစ်ဆင်ဟာ သန်းပေါင်းများစွာသော လူမည်းတွေဆီက ရနိုင်တဲ့ မဲကို မျှော်လင့်ချက် အနည်းငယ် ရှိခဲ့တယ်။ အဲဒီတုန်းက နစ်ဆင်ဟာ သူ့ကိုယ်သူ ပြည်သူ့အခွင့်အရေးကို အကြီးအကျယ် ထောက်ခံခဲ့သူအဖြစ် ပုံဖမ်းခဲ့တယ်။

၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှာ နစ်ဆင်က *ဘရောင်းနှင့် ပညာရေးဘုတ်အဖွဲ့အမှု* အတွက် တရားရုံးချုပ်ရဲ့ စီရင်ချက်ကို အောက်ပါအတိုင်း ဝေဖန်ပြောဆိုခဲ့ပါတယ်။

"ဒီဆုံးဖြတ်ချက်ဟာ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီရေးကို အနှစ်သာရနဲ့ အရေးပါမှုကို ဆက်လက်ပေးနေတဲ့ ဖြစ်စဉ်ရဲ့ ခြေလှမ်းတစ်လှမ်းသာ ဖြစ်ပါသေးတယ်။ ဒီကနေ့ ဒီနေရာမှာ ရှိနေသူတွေဟာ အမေရိကန် အသားအရောင် ခွဲခြားမှု မရှိဘဲ ကျောင်းတိုင်းမှာ ယောကျ်ားလေးနဲ့ မိန်းကလေး ဘေးချင်းယှဉ်ထိုင်ပြီး ပညာသင်ကြားတဲ့နေ့ ရောက်လာတာကို မြင်ရတဲ့အထိ အသက်ရှင်နေထိုင်သွားကြရဦးမှာပါ။ လူဖြူလူမည်း လူမျိုးရေးခွဲခြားမှု၊ အဆင့်အတန်းခွဲခြားမှုနဲ့ မျက်နှာသာပေး ဘက်လိုက်မှုတွေ အတွက် အမေရိကန်နိုင်ငံမှာ ပေးစရာနေရာ မရှိပါဘူး"

၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ သမ္မတ မဲဆွယ်ပွဲနီးကပ်လာချိန်မှာတော့ အမေရိကမှာ ရှိနေတဲ့ တစ်ယူသန်ဝါဒရဲ့ အကျိုးသက်ရောက်မှုအပေါ် နစ်ဆင်က အခိပ္ပာယ်ပါပါနဲ့ ဒီလိုပြောခဲ့တယ်။

"အာရှ၊ အာဖရိကနဲ့ အနီးအနား အရှေ့ဖျားဒေသက လူတွေမှာ အမျိုးမျိုးသော ခြားနားမှုတွေ ရှိကြပါတယ်။ ဒါပေမဲ့ သူတို့အားလုံးဟာ တစ်ချက်မှာတော့ သွားတူညီကြတယ်။ သူတို့အားလုံးဟာ မျက်နှာဖြူ မဟုတ်ဘူးဆိုတဲ့ အချက်ပဲ။ နိုင်ငံရပ်ခြားကို ခရီးသွားလာခဲ့ရပြီး အဲဒီကလူတွေနဲ့ စကားပြောဆိုခဲ့ရတယ်။ အမေရိကန်ပြည်ထောင်စုမှာ အခွင့်အရေး တန်းတူညီမျှမှု ရရှိရေးအတွက် အစဉ်အလာ ယုံကြည်ချက်တွေ၊ လူ့ဂုဏ်သိက္ခာအကြောင်းကို အမေရိကန်နိုင်ငံသားတစ်ဦးအနေနဲ့ တစ်မျိုးပြောပြ

ရတာ၊ ပြီးတော့ ကျွန်တော်တို့ ပြည်တွင်းမှာ ဘယ်လိုကျင့်သုံးတယ်ဆိုတာ ပြောပြဖို့ အခက်ဆုံးပါပဲ”

၁၉၆၀ ခုနှစ်၊ စောစောပိုင်းမှာ နစ်ဆင်က အမေရိကန်နိုင်ငံ အားလုံးရဲ့ မဲပေးပိုင်ခွင့်အတွက် အားတက်သရော ပြောဆိုခဲ့တယ်။

“ပြည်သူ့အခွင့်အရေးပြဿနာအကြောင်းကို ကျွန်တော်တို့ တွေးချင်သလို တွေးနိုင်ပါတယ်။ ဒါပေမဲ့ အမေရိကန်လူမျိုးတစ်ဦးရဲ့ မဲပေးခွင့်ကို ငြင်းဆိုခွင့်အတွက် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တရားမျှတမှု တစ်ခုမှ မရှိဘူးဆိုတာ အမေရိကန်ပြည်သူလူထုကြီး အများစုက သဘောတူလိမ့်မယ်လို့ ကျွန်တော်ထင်မိပါတယ်”

ဒါပေမဲ့ ၁၉၆၀ ခုနှစ်ရွေးကောက်ပွဲမှာ ဂျွန် အက်ဖ် ကနေဒီ ကို သူရှုံးခဲ့တဲ့အခါမှာ လူမည်းတွေရဲ့ မဲပေးမှုကို နစ်ဆင်ဟာ ကြောက်ခမန်းလိလိ စိတ်ပျက်သွားခဲ့တယ်။ အဲဒီကတည်းက ရီပတ်ဘလီကင်ပါတီအနေနဲ့ လူမည်းတွေရဲ့မဲကိုရဖို့ ထိထိရောက်ရောက် ချော့မြှူလို့ ရနိုင်မယ်လို့ ယုံကြည်ခြင်းဟာ မိုက်မဲမှုတစ်ခုသာ ဖြစ်လိမ့်မယ်လို့ နစ်ဆင် ဆုံးဖြတ်ခဲ့တာ ရှင်းနေပါတယ်။ ရီပတ်ဘလီကင်ပါတီရဲ့ အနာဂတ်ဟာ မျက်နှာဖြူ ဒီမိုကရက်များနဲ့ အလုပ်သမားထုထဲက မဲဖဲ့ရရေး၊ အထူးသဖြင့် ဒီမိုကရက်တစ်ပါတီအပေါ်မှာ အကြာကြီး သစ္စာရှိခဲ့တဲ့ တောင်ပိုင်းက မျက်နှာဖြူများရဲ့ မဲရရေးအပေါ်မှာ တည်လိမ့်မယ်လို့ နစ်ဆင် စိတ်ပိုင်းဖြတ်ခဲ့တယ်။

၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ နစ်ဆင်နဲ့ တွေ့ဆုံမေးမြန်းခန်းကို *ယူအက်စ်နယူးစ်အင်ဝါးလ်ရီပို့* စာစောင်မှာ ဖော်ပြခဲ့တယ်။ နစ်ကဆင်က သမ္မတ ဂျွန်ဆင်လက်ထက်မှာ ပြဋ္ဌာန်းခဲ့တဲ့ ၁၉၆၄ ခုနှစ် ပြည်သူ့အခွင့်အရေးဥပဒေရဲ့ အရေးပါတဲ့ ကဏ္ဍတစ်ခုကို စောင်းချိတ်ပြီး လိမ္မာပါးနပ်စွာ ဝေဖန်ပြောဆိုခဲ့ပုံကို အောက်ပါအတိုင်း ဖော်ပြခဲ့တယ်။

“၁၉၆၄ ခုနှစ် ပြည်သူ့အခွင့်အရေးဥပဒေကို ဥပဒေတစ်ခုအဖြစ်



မာတိကာသို့ ››

ပြည်သူလူထုက တာဝန်ယူ အသိအမှတ်ပြုခြင်း မရှိခဲ့ဘူးဆိုရင်တော့ အဲဒီ ဥပဒေထဲမှာပါတဲ့ ပြည်သူများအတွက် အိုးအိမ်နေရာချထားရေးကဏ္ဍကို ဒီနိုင်ငံတစ်ခုလုံးမှာရှိတဲ့ ရဲအားလုံးရဲ့အင်အားသုံးပြီးတော့တောင် အကောင် အထည်ဖော်လို့ ရနိုင်မှာ မဟုတ်ပါဘူး။ လူမည်းတွေဟာ သူတို့ကို ထမင်း တစ်နပ် လာချမပေးမချင်း စားသောက်ဆိုင်ပိုင်ရှင်တွေကို တရားရုံးတော်ကို ထပ်တလဲလဲ ဆွဲပို့ပေးနေရမယ်ဆိုရင် တန်းတူညီတူ အိမ်ရာတိုက်ခန်းချထား ရေးအတွက် အာမခံချက် ရရှိရေးဟာ လက်တွေ့ဖြစ်နိုင်ဖို့ ထင်ယောင် ဝိုးဝါး ဖြစ်စရာတစ်ခု ဖြစ်ပါလိမ့်မယ်”

တောင်ပိုင်းဒေသတွေက မျက်နှာဖြူများရဲ့ မဲကို မြှူဆွယ်ဖို့ အတွက် နစ်ဆင်ဟာ သူ့ရဲ့ မဟာဗျူဟာကို စတင်ဖော်ထုတ်ခဲ့တယ်။ နစ်ဆင် ဟာ အင်္ဂလိပ်စကားကို တောင်ပိုင်းဒေသအနံ့ကိုလွှတ်ပြီး မိန့်ခွန်းတွေ ပြောစေ ခဲ့တယ်။ ဒုတိယသမ္မတ အင်္ဂနျူးကလည်း သူတို့ပါတီဟာ လူမျိုးရေး ခွဲခြားရေးဝါဒီများရဲ့ ပါတီဖြစ်တယ်လို့ အရှက်မဲ့စွာ ပြောဆိုခဲ့တယ်။

နစ်ဆင်ဟာ ၁၉၆၈ ခုနှစ် ရွေးကောက်ပွဲအကြိုနေ့က တရား ရုံးချုပ်ကို အစွမ်းကုန် တိုက်စစ်ဆင်ထိုးနှက်ခဲ့တယ်။ သူက “တရားရုံးချုပ်က ချမှတ်လိုက်တဲ့ အချို့ရဲ့ အခန်းကဏ္ဍက လွန်ခဲ့တဲ့ နှစ် အနည်းငယ်အတွင်းမှာ ကျွန်တော်တို့ လူ့ဘောင်အသိုင်းအဝိုင်းက ငြိမ်းချမ်းမှု လိုလားတဲ့ အင်အားစု တွေကို အားနည်းသွားစေခဲ့တယ်။ တရားရုံး ချုပ်က တရားသူကြီးတွေဟာ ကွန်ဂရက်လွှတ်တော်ရဲ့ ဩဇာအာဏာကို အဓမ္မသုံးပြီး သူတို့ရဲ့ လူမှုရေး အမြင်တွေကို တိုင်းပြည်မှာ ဖော်ထုတ်ခဲ့ကြတဲ့ လူမှုရေးအင်ဂျင်နီယာတွေ ဖြစ်ကြတယ်”လို့ ပုတ်ခတ်ပြောဆိုပြီး “ကျွန်တော်ကတော့ တရားရုံးချုပ်ရဲ့ လုပ်ငန်းတွေကို တိတိကျကျ ကြပ်ကြပ်မတ်မတ် ဘောင်ခတ်မှုကိုသာ ယုံ ကြည်တယ်” လို့ မှတ်ချက်ပေးခဲ့တယ်။

နစ်ဆင်ဟာ အမေရိကန်မဲဆန္ဒရှင်တွေကို “ဥပဒေစိုးမိုးရေးနဲ့ ငြိမ်ဝပ်ပိပြားမှု”ဆိုတဲ့ အသုံးအနှုန်းနဲ့ မဲဆွယ်ခဲ့တယ်။ ဒီဥပဒေစိုးမိုးရေးဆို တဲ့အသုံးအနှုန်းကို နှစ် ၂၀ တိုင်အောင် အမေရိကန်နိုင်ငံမှာ ထည်လဲအသုံးပြု



မာတိကာသို့ ▶▶

တတ်ခဲ့တယ်။ နစ်ဆင်ဟာ တရားရုံးချုပ် ကိုသာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ရုံမက ပြည်သူ့အခွင့်အရေး တော်လှန်ရေးအတွက် မာရှယ်လ်နဲ့ တခြားသူများ ဦးဆောင်မှုအပေါ်မှာ စိုးရိမ်ကြောက်ရွံ့ခဲ့ကြတဲ့ မျက်နှာဖြူများရဲ့ ကြောက် စိတ်ကိုလည်း ခေါင်းပုံဖြတ် အသုံးချပြောဆိုခဲ့ပါတယ်။ သူက ၁၉၆၆ ခုနှစ်မှာ ---

"ဒီနေ့ နိုင်ငံတစ်ဝန်းလုံးမှာ ပြည်သူများရဲ့ အမိန့်မနာခံမှုနဲ့ လူမျိုးရေး ကစဉ့်ကလျားဖြစ်မှုများက လူမျိုးတွေအကြားမှာ မုန်းတီးမှု တံတိုင်းကြီးတစ်ခုကို ဆောက်တည်ပေးနေပါတယ်။ ဒီတံတိုင်းဟာ သိသိသာသာ မမြင်သာပေမယ့် လွတ်လပ်မှုနဲ့ ကျွန်စနစ်ကို ခွဲခြားထားတဲ့ ဘာလင်တံတိုင်းထက် မငယ်ပါဘူး" လို့ ပြောခဲ့တယ်။

နစ်ဆင်က ရှီကာဂို၊ ကလိဗ်လင်း၊ နယူးယောက်နဲ့ အိုမဟိုးတို့မှာ ဖြစ်ခဲ့တဲ့ လူမျိုးရေးအဓိကရုဏ်းတွေကိုလည်း ဝေဖန်ခဲ့တယ်။

သားဂွဒ် မာရှယ်လ်ကလည်း သူရယ်၊ အဲန်အေအေစီပီရယ်၊ အစဉ်အလာရှိတဲ့ ပြည်သူ့အခွင့်အရေးအုပ်စုနဲ့ ခေါင်းဆောင်အားလုံးတို့ဟာ အဓိကရုဏ်းဖြစ်မှုတွေကို အမြဲဆန့်ကျင်ခဲ့ကြတာကို နစ်ဆင်သိကြောင်း၊ တကယ်တော့ နစ်ဆင်ဟာ လမ်းမကြီးတွေပေါ်မှာ ငြိမ်းချမ်းမှုရှိအောင် မြှင့်တင်ဆောင်ရွက်ပေးဖို့ မကြိုးစားခဲ့ဘဲ ပေါက်ကွဲမှုအခြေအနေအပေါ်မှာ နိုင်ငံရေးကစားနေကြောင်းဖြစ်တယ်လို့ မာရှယ်လ်က ပြန်ပြောခဲ့တယ်။

မာရှယ်လ်ဟာ ၁၉၆၆ ခုနှစ်မှာ ရှေ့နေချုပ်ဘဝတုန်းက ဟောင်းဝပ်တက္ကသိုလ်မှာ ကျင်းပခဲ့တဲ့ ရှေ့နေများညီလာခံမှာ "လူမည်းအာဏာ"လို့ အော်ပြီး အကြမ်းဖက်မှုစိတ်ဓါတ် ထားကြတာကို တိုက်ခိုက် ပြောဆိုခဲ့ဖူးတယ်။

"စတုတ်လီး ကာမိုက်ကယ်နဲ့ ခဲနဲ့ပေါက်တဲ့ လူငယ်တွေကို တစ်စုထား၊ ကူး ကလပ်စ် ကလန်တွေကို တစ်စုထား။ သူတို့ကို ကျုပ်ကျွန်း တစ်ကျွန်းပေါ်ပို့ပြီး ဆော်ကြစမ်းကွာလို့ ကျုပ်လွှတ်ပေးချင်တယ်။

ပြီးတော့ စိန့်လူးဝစ္စမြို့မှာ ကျင်းပတဲ့ လူမည်းများမိသားစုအစည်းအဝေးတစ်ခုမှာ လည်း ကျောက်ခဲနဲ့ပစ်သူတွေ၊ မိုလိုတော့ဖ် ကောက်တေးလ်ဓါတ်ဆီဗုံးနဲ့ ပစ်သူတွေဟာ လူမည်းတွေရဲ့ တိုးတက်မှုကို ဆုတ်ယုတ်စေပါတယ်။ ကျုပ်တို့ရဲ့ လမ်းကြောင်းပေါ်မှာ တွေ့နေရတဲ့ တရားဥပဒေနဲ့ မညီညွတ်တဲ့ ကန့်ကွက်မှုတွေကို ကျုပ်တို့က တရားဥပဒေနဲ့ ညီညွတ်တဲ့ ကန့်ကွက်မှုနဲ့ တန်ပြန်သွားကြရလိမ့်မယ်" လို့ မာရှယ်လ်က ပြောဆိုခဲ့ပါတယ်။

နောက် နှစ်နှစ်အကြာမှာလည်း နယူးအော်လီးန်စ်မြို့မှာ မာရှယ်လ်က "ဘယ်ကိစ္စကိုမှ သေနတ်တွေ၊ ဗုံးတွေ၊ ကျောက်ခဲတွေနဲ့ ဖြေရှင်းလို့ ရနိုင်မယ် မဟုတ်ပါဘူး" လို့ ပြောခဲ့ပြန်တယ်။ ပြီးတော့ သူက လူမည်းတွေကို အသားမည်းမှ ပတ္တမြားခဲဆိုတဲ့ ကြွေးကြော်သံနဲ့ အမှန်တရားကို တိမ်သလ္လာဖုံးအောင် မလုပ်ကြပါနဲ့။ တခြားအသား အရောင်တွေကလည်း ပတ္တမြားခဲလို လှကြတယ်ဆိုတာ အမှန်တရားပါလို့ မာရှယ်လ်က ထပ်ပြီး မေတ္တာရပ်ခံခဲ့သေးတယ်။

"အမေရိကန်လူမည်းတွေထဲမှာ တခြားလူမျိုးတွေလိုပဲ အသားအရေအရရော၊ စိတ်ရော၊ ကိုယ်ရောလှတဲ့လူတွေ အများကြီးရှိသလို တခြားလူမျိုးတွေမှာ ရှိကြတဲ့ ရွံစရာ၊ မုန်းစရာကောင်းသူတွေလည်း လူမည်းတွေထဲမှာ အများကြီး ရှိပါတယ်" လို့ မာရှယ်လ်က ပြောခဲ့ပါတယ်။

နစ်ဆင်နဲ့ ပတ်သက်လို့တော့---

"နစ်ဆင်ဟာ တာဝန်ရှိတဲ့ လူမည်းခေါင်းဆောင်တွေ ပြောဆိုနေတာကို ဂရုမစိုက်ဘူး။ သူဟာ ဥပဒေနဲ့ ငြိမ်ဝပ်ပိပြားမှုနာမည်သုံးပြီး ပြည်သူ့အခွင့်အရေးဥပဒေနဲ့ ဖွဲ့စည်းပုံပြင်ဆင်ချက် (၁၄) တို့ကို ပယ်ဖျက်ဖို့ပဲ စိတ်ဝင်စားနေတယ်။ ဒါကို တရားရုံးချုပ်က မကြောက်ပါစေနဲ့လို့ ဘုရားသခင်ထံမှာ ကျုပ်ဆုတောင်းနေမိပါတယ်" လို့ပြောခဲ့တယ်။

နစ်ဆင်ကို တုံ့ပြန်ရာမှာ အကူအညီရဖို့အတွက် မာရှယ်လ်ဟာ တရားရုံးချုပ်အတွင်းမှာ ဖွဲ့ကောင်းကောင်းနဲ့ စည်းရုံးခဲ့တယ်။ ၁၉၇၂



မာတိကာသို့

ခုနှစ်မှာတော့ သူ့အတွက် ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်စရာတစ်ခု ဖြစ်ခဲ့ပါတယ်။ တရားသူကြီးလေးဦးက သူနဲ့လက်တွဲပြီး ကျော်ဂျီးယားပြည်နယ်ရဲ့ သေဒဏ်စီရင်မှုဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘူးလို့ ဆုံးဖြတ်ခဲ့ကြလို့ ဖြစ်ပါတယ်။ အဲဒီ *ဖားမဲန်းနှင့် ကျော်ဂျီးယားပြည်နယ်အမှု*ရဲ့ ဆုံးဖြတ်ချက်ကြောင့် ပြည်နယ်အားလုံးက ဥပဒေတွေထဲမှာ ပြဋ္ဌာန်းပါရှိတဲ့ သေဒဏ် ပြစ်မိန့်ကို နှစ်အနည်းငယ်အကြာ ရှင်းလင်းဖယ်ရှားပစ်လိုက်နိုင်တယ်။ ၁၉၇၂ ခုနှစ်က အဲဒီအဖြစ်အပျက်ဟာ သမ္မတနစ်ဆင်အတွက် မျိုချဖို့ ခက်တဲ့ ဆေးခါးကြီးတစ်လုံး ဖြစ်ခဲ့ပါတော့တယ်။

သေဒဏ်အမိန့်ကို ပယ်ဖျက်ခြင်း ဆုံးဖြတ်ချက်ဟာ နစ်ဆင်ခန့်လိုက်တဲ့ တရားသူကြီးချုပ် ဝေါရင် ဘားဂါးရဲ့ သက်တမ်း တစ်နှစ်ကျော်ကာလမှာ ဘားဂါးက နစ်ဆင်နဲ့အင်န်ချူးတို့ကို ဖီဆန်ပြီး ဆုံးဖြတ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

တရားရုံးချုပ်ဟာ ရာဇဝတ်တရားခံတွေဘက်ကို မမျှတတဲ့ တစ်ပန်းသာမှုတွေကို ပေးနေတယ်လို့ နစ်ဆင်က လူသိရှင်ကြား အော်ဟစ်ပြောဆိုခဲ့ချိန်မှာ မာရှယ်လ်ကလည်း ရာဇဝတ်ပြစ်မှုအတွက် အစွပ်စွဲခံရသူတစ်ဦးဟာ ရုံးတော်မှာ အစိုးရနဲ့ အခွင့်အရေး တစ်ပြေးညီစွာ ရှိဖို့ လိုအပ်တယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ လိုလားမှုကိုရအောင် တရားရုံးအတွင်းမှာ အကြောက်အကန်ငြင်းပြီး တိုက်ပွဲဝင်နေခဲ့တယ်။

အမေရိကန်နိုင်ငံမှာ လူတွေရဲ့အခန်းကဏ္ဍဟာ တရားဥပဒေများရဲ့ အခန်းကဏ္ဍထက်ပိုပြီး ပါရှိခဲ့တယ်ဆိုတာကို သမိုင်းက ပြသွားပါလိမ့်မယ်။ နစ်ဆင်လိုလူတွေက မာရှယ်လ် အသက်သွင်းပေးခဲ့တဲ့ တရားဥပဒေများနဲ့ တရားရေးမူဝါဒများထက် ပိုပြီး လွှမ်းကဲခဲ့ပါတယ်။

အချုပ်အားဖြင့်တော့ နစ်ဆင်ရဲ့ တရားရုံးချုပ်ကို သိက္ခာချမှုများဟာ အောင်မြင်မှု ရှိခဲ့သလို ပြည်သူ့အခွင့်အရေးဥပဒေကို မြတ်နိုးလေးစားမှု၊ ထိန်းသိမ်းရေးအတွက် သားဂွဒ် မာရှယ်လ်ရဲ့ ရှေ့ဆောင် လမ်းပြ



မာတိကာသို့ ››

တိုက်ပွဲဝင်ဆောင်ရွက်မှုတွေကို သိက္ခာချမှုဟာလည်း အောင်မြင်ခဲ့တယ်လို့ ဆိုနိုင်ပါတော့တယ်။ တရားရုံးချုပ်ကို လက်ယာဝါဒီများရဲ့ ပိုင်နက်ဖြစ်အောင် နစ်ဆင်က စ၍ ရေဂင်နှင့် ဘုရှ်တို့နဲ့အတူ ဆက်လက် လုပ်ကိုင်ကြသည်။



မာတိကာသို့

# အခန်း (၂၁)

## မာရှယ်လ်၏ တစ်ကိုယ်တော်အတွေးများ

အဲန်အေအေစီပီ၊ တရားဥပဒေခုခံကာကွယ်ရေးနဲ့ ပညာရေး ရန်ပုံငွေရှေ့နေတစ်ဦးအနေနဲ့ ဆောင်ရွက်ခဲ့တဲ့ ပြောင်မြောက်သော မှတ်တမ်းအရ သားဂွဒ် မာရှယ်လ်ကို အခြေခံအားဖြင့် ပြည်သူ့အခွင့်အရေး ခေါင်းဆောင်အဖြစ် သမိုင်းက အသိအမှတ်ပြုမှတ်တမ်းတင်လိမ့်မယ်ဆိုတာ အကျိုးအကြောင်းနဲ့ ညီပါလိမ့်မယ်။ သူဟာ လူမည်းတို့ရဲ့ လွတ်လပ်ရေးအတွက် ဖွဲ့နပဲအကြီးဆုံးနဲ့ အနစ်နာ အခံဆုံး တိုက်ပွဲဝင်ခဲ့သူတစ်ဦးလို့ မှတ်ယူခြင်း ခံရပါလိမ့်မယ်။ အဲဒီလိုလည်း ယူဆသင့်ပါတယ်။ ဒီလိုပြောတဲ့အတွက် ဒုတိယပတ်လည် အယူခံတရားရုံးမှာ သူတာဝန်ထမ်းဆောင်ခဲ့တာကို သမိုင်းဆရာတွေက ဖုံးအုပ်ပစ်လိုက်သင့်တယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ရုံးထိုင်ရှေ့နေချုပ်ဘဝမှာလည်း သူ့ရဲ့စွမ်းဆောင်မှုတွေဟာ ထူးခြားခဲ့ပါတယ်။ တရားရုံးချုပ်မှာ မာရှယ်လ်တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလကိုလည်း "ရှက်ကြမ်းရေကျိုလူမည်းတစ်ယောက်ဟာ စိုင်ကော်လို့



မာတိကာသို့

ချုပေါ်ရောက်ပြီး တံခါးဝမှာ ထိုင်ရတဲ့ နာနာဘာဝကြီး” လိုဖြစ်လာတယ်လို့ ပြောချင်ကြတဲ့ ခေတ်နောက်ကျန် လူတချို့လည်း ရှိခဲ့ပါတယ်။ တရားရုံးချုပ်မှာ ရောက်လာခဲ့ပြီးစက သူကြုံခဲ့ရတဲ့ အမှုတချို့ ရှိခဲ့သေးတယ်။

၁၉၇၁ ခုနှစ်က ကယ်လီဖိုးနီးယားက အမှုတစ်မှုမှာ လူငယ်တစ်ဦးကို ငြိမ်းချမ်းခြင်းကို နှောင့်ယှက်မှုနဲ့ အပြုအမူဆိုးသွမ်းမှုအတွက် ရုံးတော်က အပြစ်ဒဏ် စီရင်ခဲ့တယ်။ အဲဒီလူငယ်လေးက တရားရုံးတော်ရဲ့ စင်္ကြံတစ်လျှောက်မှာ “စစ်မှုထမ်းဥပဒေ သဝေထိုး” ဆိုတဲ့ စာတန်းပါ အပေါ်အင်္ကျီကိုဝတ်ပြီး လျှောက်ခဲ့လို့ ဖြစ်တယ်။ တရားရုံးတော်မှာ အမှုစစ်တုန်း အပြန်အလှန် ပြောကြရင်းနဲ့ မာရှယ်လ်က အစိုးရရှေ့နေကို မေးခဲ့တယ်။

“လမ်းမပေါ်မှာ သဝေထိုးလို့ ပါးစပ်က ပြောတဲ့လူတွေကိုကော ဖမ်းမလား”

“ဖမ်းမယ်”

**အစိုးရရှေ့နေက** ပြန်ဖြေတယ်။

**“ခင်ဗျားတို့ထောင်တွေက လုံလုံလောက်လောက် ကြီးရဲ့လား”** မာရှယ်လ်က **အဲဒီလို** ပြန်ထောက်လိုက်တယ်။

တရားရုံးချုပ်ရဲ့ တရားသူကြီးသက်တမ်းမှာ ဘာရဲန်းနင်းက လွဲရင် မာရှယ်လ်ဟာ လူတစ်ဦးချင်းရဲ့ လွတ်လပ်ခွင့်နဲ့ လွတ်လပ်စွာ ပြောဆိုခွင့် ခံယူချက် ကျယ်ပြန့်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူ ဖြစ်ပါတယ်။ ကိုယ့်အိမ်က ကိုယ့်အခန်းထဲမှာ ညစ်ညမ်းတဲ့ရုပ်ရှင်ကြည့်ခြင်းဟာ ရာဇဝတ်ပြစ်မှု ကျူးလွန်ရေးကို ဦးတည်နိုင်တယ်ဆိုတဲ့ အဆိုပြုချက်ကို မာရှယ်လ်က ကန့်ကွက်ခဲ့တယ်။

**လူမျိုးရေးပြဿနာ** မပါဝင်သမျှ မာရှယ်လ်အကြောင်းကိုတွေးပြီး ပူနေစရာ **မလိုဘူးလို့** နစ်ဆင်ရဲ့ ရှေ့နေတွေက ၁၉၇၄ ခုနှစ်မှာ တွေးတောခဲ့ကြပုံရတယ်။ နစ်ဆင်ဟာ တိပ်ခွေနဲ့ သူ့ပြောဆိုဆွေးနွေးချက်တွေကို **သွင်းထားခဲ့**တယ်။ ဝါတားဂိတ် ဖောက်ထွင်းမှုကြောင့် ပြဿနာ



မာတိကာသို့ ▸▸

တွေရဲ့ တရားစွဲခံရဖို့ ရင်ဆိုင်ခဲ့ရတယ်။ ဒါပေမဲ့ သူ့ရဲ့ တိတ် ခွေတွေနဲ့ ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လုပ်ပိုင်ခွင့်ရှိပြီး သမ္မတတစ်ဦး အနေနဲ့ လည်း အထူးအခွင့်အရေး အပြည့်အဝ လုပ်ပိုင်ခွင့်ရှိတယ်လို့ သူ့ရဲ့ ရှေ့နေတွေက ရုံးတော်မှာ တင်ပြခဲ့ကြတယ်။ ဒါပေမဲ့ မာရှယ်လ်နဲ့ တွေ့ ခဲ့ရတော့ သူတို့ သင်ခန်းစာ ကောင်းကောင်း ရခဲ့ကြတယ်။ သမ္မတနစ်ဆင် က ငွေယူပြီး လူတစ်ယောက်ကို တရားသူကြီးခန့်မယ်လို့ ကမ်းလှမ်းပြော ဆိုချက်ပါတဲ့ တိပ်ခွေတစ်ခုရှိခဲ့ရင်ကော သမ္မတမှာ အထူးအခွင့်အရေး ပေးသင့် သလားဆိုတဲ့ မေးခွန်းကို မာရှယ်လ် ပြန်မေးခဲ့ပါတယ်။

နစ်ဆင်ရဲ့ရှေ့နေက ဒီလိုဆိုရင် သမ္မတတစ်ဦးကို တရားစွဲဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုချက်ရှိပြီးသားပဲလို့ ပြန်ပြောခဲ့တယ်။ အဲဒီအခါမှာ မာရှယ်လ်က အသံကြမ်းကြမ်းကြီးနဲ့ ဖြတ်မေးလိုက်တယ်။

“အဲဒီအကြောင်းကို ဘာမှ မသိရသေးဘဲနဲ့ သူ့ကို (သမ္မတ နစ်ဆင်) ဘယ်လိုလုပ်ပြီး တရားသွားစွဲလို့ ရမလဲ။ သမ္မတလုပ်တာ တစ်ခု ခု မှားနေပြီဆိုတာ သိရမှသာ သူ့ကို တရားစွဲလို့ ရတော့မပေါ့။ တိပ်ခွေ တွေကို နားထောင်မကြည့်ဘဲနဲ့ သူလုပ်တာ မှားနေပြီလို့ ကြားရုံနဲ့ သူ့ကို တရားစွဲလို့ ဖြစ်နိုင်ပါ့မလား။ ရှေ့နေမင်းရဲ့ ငြင်းဆိုတင်ပြချက်က တစ်ခု ခုတော့ မခိုင်လုံဘူးဖြစ်နေပြီ”

သမ္မတ နစ်ဆင်မှာ သမ္မတရဲ့ အထူးအခွင့်လည်းမရှိ၊ ဝေါ်တား ဂိတ်နဲ့ ပတ်သက်တဲ့ လျှို့ဝှက်တိပ်ခွေများကိုလည်း လွတ်လပ်စွာ ထိန်း သိမ်းထားခွင့် မရှိကြောင်း၊ တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့တယ်။ ဆုံးဖြတ် ချက်ပေးခဲ့တဲ့အထဲမှာ တရားသူကြီးချုပ် ဘားဂါးလည်း ပါဝင်ခဲ့တယ်။ သမ္မတ နစ်ဆင်ကို နိုင်ငံခေါင်းဆောင်တစ်ဦးအနေနဲ့ ကြမ္မာဆိုး ဆိုက်သွားစေခဲ့ တော့တယ်။

သတင်းစာလောကနဲ့ တရားရေးလောကရှေ့နေတွေကလည်း သူတို့ မြင်နေကြားနေရတဲ့ မာရှယ်လ်ဟာ ဘယ်လောက်အထိ အရေးပါ သလဲ၊ သူဌားရမ်းခဲ့တဲ့ ရှေ့နေစာရေးတွေရဲ့ ထက်မြက်မှုက ဘယ်လောက်

အထိ ရောင်ပြန်ဟပ်ခဲ့သလဲဆိုတဲ့ မေးခွန်းတွေကို မေးခဲ့ကြတယ်။ တချို့ကလည်း သူ့ကို လူမည်းတစ်ယောက်အနေနဲ့ ဒီလောက်အထိ တော်နိုင်ပါ့မလားလို့ သံသယဖြစ်ခဲ့ကြတယ်။ တရားရုံးချုပ်ရဲ့ လျှို့ဝှက်နက်နဲတဲ့ ယခင်က စီရင်ချက်ဟောင်းများနဲ့ စကားအသုံးအနှုန်းတွေဟာ သူတို့ရဲ့ လက်ရာတွေပါလို့တော့ ဘယ်ရှေ့နေစာရေးတစ်ယောက်ကမှ မပြောဆိုခဲ့ပါဘူး။ လိုရင်းအချုပ်မှာတော့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေဟာ အမြဲတမ်း မာရှယ်လ်ကိုယ်တိုင် လုပ်ဆောင်မှုတွေချည်း ဖြစ်ခဲ့ပါတယ်။

အမှုတွဲနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းများကို ရှေ့နေစာရေးများက သူတို့ရဲ့ တရားသူကြီးများနဲ့ တိုင်ပင်ပြီး ရေးကြရတာဟာ အမြဲတမ်းလုပ်ရိုးလုပ်စဉ်ဖြစ်ပါတယ်။ တရားသူကြီးချုပ် အားလ် ဝေါရင်ဟာ သူ့ရဲ့ အမြင်သဘောထားတွေကို သူကိုယ်တိုင် မရေးဘဲ ရှေ့နေစာရေးများကသာ ရေးပေးခဲ့ကြတယ်လို့ အများက သိထားခဲ့ကြတယ်။ တရားသူကြီး ဟာလဲန်ဆိုရင် မျက်စိက အလွန်ကို မွဲလွန်းတော့ အဝါရောင် စာရေးစက္ကူကတ်ပေါ်မှာ မျက်နှာကပ်ပြီးမှ သူ့ရဲ့ ပဲပင်ပေါက်လက်ရေးနဲ့ သူ့မှတ်ချက်တွေ ရေးတယ်လို့ လက်ခံနားလည်ထားကြတယ်။ တရားသူကြီးချုပ် ဘားဂါးကတော့ သူကိုယ်တိုင် ခဲတံနဲ့ ရေးတဲ့အခါရေး၊ တစ်ခါတစ်ရံမှာလည်း သူ့ရဲ့ရှေ့နေစာရေးတွေရေးဖို့ လွှဲပေးတယ်။ အလွန်အရေးကြီးတဲ့အမှုတွေမှာ ဘားဂါးအတွက် အမှုတွဲစာရွက်စာတမ်းတွေကို သမ္မတ နစ်ဆင်ရဲ့ တရားရေးအကြံပေးပုဂ္ဂိုလ်တွေက ဘယ်လိုရေးရမယ်ဆိုတာကို ညွှန်ကြားပေးတယ်လို့ ရှေ့နေ တွေက တီးတိုးပြောခဲ့ကြတယ်။ ဟုတ်လောက်မယ်တော့ မထင်ပါဘူး။

မာရှယ်လ်ဟာ အလုပ်လုပ်ချိန်မှာ ကြာကြာမထိုင်လို့ အမှုတွဲစာရွက်စာတမ်းတွေကို သူကိုယ်တိုင် ရေးနိုင်စရာ အကြောင်းမမြင်ဘူးလို့ ကဲ့ရဲ့သင်္ကြိုဟ် အတင်းဆိုခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဘော့ဗ် ဝုဒ်ဝပ်နဲ့ စကော့ အမ်းစထရောင်းတို့ ရေးသားတဲ့ *သီနောင်များ* ဆိုတဲ့ စာအုပ်ထဲမှာ တရားသူကြီး စတီးဝပ်ဟာ မနက် ၁၀ နာရီမှာ ရုံးတက်ပြီး ၁၂ နာရီလောက်



မာတိကာသို့ ▶▶

မှာ အိမ်ပြန်ကြောင်း၊ အဲဒီအချိန်ကျမှ မာရှယ်လ် ရုံးလာတာကို တွေ့ရကြောင်း ရေးထားတယ်။ မာရှယ်လ်ဟာ အလုပ်လုပ်ရာမှာ အလွန်ပျင်းတယ်လို့ ကောက်ချက်ချခဲ့တဲ့သဘော ရှိပါတယ်။ ပြည်သူ့အခွင့်အရေးပြဿနာအချို့ ဖြစ်ပေါ်လာရင်သာ မာရှယ်လ်ဟာ သွေးပူတတ်ကြောင်း၊ နို့မဟုတ်ရင် အိမ်မှာပဲ ရုပ်မြင်သံကြားကလာတဲ့ ဇာတ်လမ်းတွဲကို ကြည့်ရင်ကြည့်၊ ဒါမှမဟုတ် အိမ်မှာပဲ နှပ်နေတတ်ကြောင်း ရေးထားတယ်။ ဒါပေမဲ့ မာရှယ်လ်ကို အဲန်အေအေစီပီရဲ့ ဥပဒေအတိုင်ပင်ခံချုပ်အနေနဲ့ အလုပ်လုပ်ခဲ့ပုံကို သိကြသူတွေကတော့ လူမည်းတွေရဲ့ အခွင့်အရေးတွေ၊ အာမခံချက်ရရေးအတွက် ပြည်နယ်တိုင်းလိုလိုကို အင်တိုက်အားတိုက်သွားပြီး တရားဥပဒေရေးရာများ ဆောင်ရွက်ခဲ့တဲ့ မာရှယ်လ်ဟာ အလွန်ပျင်းတယ်ဆိုတဲ့စကားကို လက်မခံကြဘူး။

"မာရှယ်လ်ဟာ ပျင်းတယ်။ သူ့ရဲ့ လျှောက်လွှဲချက် အကျဉ်းချုပ်တွေကို သူ့ရဲ့ ရှေ့နေစာရေးတွေကို စဉ်းစားခိုင်း၊ အရေးခိုင်းတယ်"ဆိုတဲ့ စာသားဝေဖန်ချက်တွေကို သူ့ရဲ့ရှေ့နေစာရေးဟောင်း နှစ်ယောက်က ကဲ့ရဲ့လှောင်ပြောင်ခဲ့ကြပါတယ်။ သူတို့ရေးတာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ထင်မြင်ယူဆချက်တွေက မာရှယ်လ်ရဲ့ ထုတ်ဖော်ပြောကြားချက်တွေ ဖြစ်တယ်လို့ အဲဒီရှေ့နေ နှစ်ယောက်က ပြောခဲ့ပါတယ်။

မာရှယ်လ်ဟာ အမှုတွဲလျှောက်လွှဲချက်တွေ ဘယ်လောက်များများရေးခဲ့သလဲ။ ဒါကိုတော့ ဘယ်တော့မှ သိနိုင်မှာ မဟုတ်ပါဘူး။ မာရှယ်ဟာ သူ့ရဲ့ရှေ့နေစာရေးတွေနဲ့အတူ လက်တွဲလုပ်ခဲ့တာတွေရှိသလို ရှေ့နေစာရေးတွေ မပါဘဲနဲ့ လုပ်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ မာရှယ်လ်တရားဝင် ပြောဆိုခဲ့တဲ့ မှတ်တမ်းစကားတွေကိုတော့ လေ့လာကြည့်လို့ရနိုင်ပါတယ်။

## သေဒဏ်ပြစ်မှု

သေဒဏ်ပြစ်မှုပေးခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ကြောင်း၊ တရားရုံးချုပ်က ဆုံးဖြတ်ချက် ချအောင် *ဖားမဲန်းနှင့် ဂျော်ဂျီးယားပြည်နယ် အမှု* မှာ မာရှယ်လ် သြဇာသက်ရောက်မှုပေးနိုင်ခဲ့တယ်။

မာရှယ်လ်က ပြောခဲ့တယ်။

"*ဖားမဲန်းအမှု* မှာ သေဒဏ်စီရင်ချက်ချခြင်းဟာ အကြောင်းနှစ်ချက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘူးလို့ ကျုပ်နိဂုံးချုပ်မှတ်ချက်ပေးခဲ့တာ ဖြစ်တယ်။ ပထမအချက်အနေနဲ့ သေဒဏ်ပေးတာဟာ ပြင်းထန်လွန်းတယ်။ ဒုတိယအချက်ကတော့ ကျွန်တော့်အမြင်မှာ သေဒဏ်နဲ့ အကျိုးသက်ရောက်မှုတွေဟာ အကျင့်သိက္ခာပိုင်းအရ လက်ခံနိုင်စရာ အကြောင်း မရှိလို့ ဖြစ်ပါတယ်"

"ကျုပ်ကို သေဒဏ်ပေးတာ ထောက်ခံသလား၊ ကန့်ကွက်သလား လို့ မေးခဲ့ကြတယ်။ ဒီလောက်လွယ်တဲ့ကိစ္စ မဟုတ်ဘူး"

"လူတစ်ယောက်ကို မှားယွင်းပြီး ထောင်ထဲကို ထည့်လိုက်နိုင်တယ်။ သူ့ကို မှားယွင်းမှုနဲ့ ပြန်လွှတ်ပေးလို့ ရနိုင်တယ်။ ဒါပေမဲ့ သေဒဏ်ခံရရင် ပြန်ပြင်လို့ မရတော့ဘူး။ လူတစ်ယောက်ကို သေဒဏ်စီရင်ခဲ့တာဟာ တရားဥပဒေနဲ့ မညီညွတ်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘူးလို့ နောက်မှသိရင် ဘာသွားလုပ်မလဲ။ ဘာပြောမလဲ"

"လူတစ်ယောက်ကို သတ်တယ်ဆိုတာ ရက်စက်တယ်၊ လူမဆန်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို စရေးခဲ့ကတည်းက သေဒဏ်ပြစ်မှုပါခဲ့တယ်လို့ပြောကြတယ်။ မှန်ပါတယ်။ အကြွေးတင်နေတဲ့လူကိုတောင် ထောင်ချတာ ပါခဲ့သေးတာပဲ။ အခုအခါမှာ ကျုပ်တို့ မလုပ်ကြတော့တဲ့ အလုပ်တွေကို ကျုပ်တို့ ဟိုတုန်းက လုပ်ခဲ့ကြတယ်"



မာတိကာသို့

"လူတစ်ယောက်နဲ့ မုဆိုးတစ်ယောက်တို့ အပြန်အလှန် ပြောခဲ့ကြတဲ့ ပုံပြင်ဟောင်းတစ်ပုဒ် ရှိတယ်။ လူတစ်ယောက်က မုဆိုးကို ပြောတယ်။

"ဒီသနားစရာကောင်းတဲ့ ယုန်ကလေးကို ခင်ဗျားပစ်လိုက်တာ ဘယ်လောက် ရက်စရာကောင်းသလဲ"

မုဆိုးက ပြန်မေးတယ်။

"ခင်ဗျား ဘာတွေလာပြီး တိုင်ချက်ဖွင့်နေတာလဲ။ ခင်ဗျားကောစနေ၊ တနင်္ဂနွေတိုင်း ငါးမျှား မသွားဘူးလား"

သူက ပြန်ဖြေတယ်။

"သွားတယ်လေ၊ ဒါပေမဲ့ ကျုပ်ငါးမျှားတာက ငါးဘာမှ မနာဘူးလေ"

ဒီအခါမှာ မုဆိုးက --

"ငါး နာမနာကို ခင်ဗျား ငါးတစ်ကောင်ကောင်ကို မေးကြည့်ခဲ့လို့လား" လို့ ပြန်မေးထည့်လိုက်သတဲ့။

"လျှပ်စစ်ကုလားထိုင်နဲ့ အစီရင်ခံရသူတွေ၊ ဓါတ်ငွေ့နဲ့ အစီရင်ခံရသူတွေကလည်း အဲဒီဥပမာအတိုင်းပါပဲ။ သူတို့ မနာဘူးလို့ တချို့က ပြောကြတယ်။ အစီရင်ခံရသူတွေကို တစ်ယောက်ယောက်မေးဖူးလို့လား။ မနာဘူးလို့ ဘယ်လိုလုပ် သိကြသလဲ"

"သေဒဏ်ရှိနေတာကြောင့် ရာဇဝတ်မှုတွေကို တားဆီးပိတ်ပင်နိုင်တယ်လို့ ဆိုကြသေးတယ်။ ဒါပေမယ့် ရာဇဝတ်ပြစ်မှုတစ်ခုကို ကျူးလွန်တဲ့သူ တစ်ယောက်ဟာ သူ့ကို မိလိမ့်မယ်လို့ ထင်တဲ့လူ တစ်ယောက်မှ ကျုပ် မတွေ့ဖူးသေးဘူး။ မိလိုက်ရင် ကြိုးပေးခံရလိမ့် မယ်ဆိုတာကို မတွေးဘူး။ သူ့ကိုယ်သူ တခြားလူထက် ပိုပြီး စမတ်ကျတယ်လို့ပဲ

တွေးတတ်တယ်။ ကျုပ်က အဖမ်းမခံရအောင် လျှင်မှတော့ ကြိုးပေးခံရမှာကို တွေးပြီး ပူစရာ လိုသေးလားလို့ အဲဒီလူက ပြောလိမ့်မယ်”

“အင်္ဂလန်မှာ ခါးပိုက်နှိုက်မှုကို ရာဇဝတ်ပြစ်မှုကြီးအဖြစ် သတ်မှတ်ခဲ့တဲ့အကြောင်း ကြားဖူးတယ် မဟုတ်လား။ ပထမဆုံး ခါးပိုက်နှိုက်ကို ကြိုးမိန့်နဲ့ စီရင်နေချိန်မှာ လာကြည့်ကြတဲ့ပရိသတ်ထဲမှာ ခါးပိုက်နှိုက်တဲ့လူတွေ က နှိုက်နေကြတယ်လေ”

## ပထမပြင်ဆင်ချက်အောက်မှ လွတ်လပ်ခွင့်များ

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် (၁) (လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ လျှောက်ထားခွင့်)သာ မပါခဲ့ရင် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကောင်းမွန်လှတဲ့ မှတ်တမ်း ဖြစ်မှာ မဟုတ်ဘူးလို့ မာရှယ်လ် ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ ပထမပြင်ဆင်ချက်တွေအတွက် သဘောထားအမျိုးမျိုး ကောက်ချက်ချ အဓိပ္ပာယ်ပြန်ဆိုခဲ့ကြတာတွေရှိခဲ့တယ်။

ပထမဆုံးတစ်ခုကတော့ *နယူးယောက်တိုင်းမ်* နဲ့ *ဝေါရှင်တင်ပို့စ်* တို့က သူတို့လက်ထဲ ရခဲ့တဲ့ “ဗီယက်နမ် ပေါ်လစီအတွက် အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်များသမိုင်း”ကို ရရှိကြပြီး “ပင်တာဂွန် စာရွက်စာတမ်းများ” အမည်ဖြင့် ကန့်သတ်ရေးသားဖော်ပြဖို့ ကိစ္စဖြစ်ခဲ့ပါတယ်။ ဒီစာရွက်စာတမ်းတွေဟာ ကန့်သတ်စာရွက်စာတမ်းတွေဖြစ်ပါတယ်။ သတင်းစာတွေက အတိုင်းအတာ ကန့်သတ်ချက်နဲ့ ဖော်ပြမယ်လို့ အဆိုပြုတဲ့အခါ အစိုးရက အမျိုးသားလုံခြုံရေးကိစ္စကို အကြောင်းပြပြီး ပင်တာဂွန်စာရွက်စာတမ်းများကို ထုတ်ဝေခွင့်မပြုဖို့ အမိန့်ချမှတ်ခဲ့တယ်။ အောက်ခြေ တရားရုံးတွေမှာ သဘောထားအယူအဆ ကွဲလွဲမှုတွေ ရှိခဲ့တယ်။ ဒါပေမဲ့ တရားရုံးချုပ်က ၆ မဲ၊ ၃ မဲနဲ့ နစ်ဆင်အစိုးရရဲ့ အမိန့်ကို ကန့်ကွက် ဆုံးဖြတ်ခဲ့တယ်။ သတင်းအချက်အလက်များကို ပုံမနှိပ်မီ ထုတ်ဝေခွင့်ကို တားဆီး



မာတိကာသို့

ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဖို့ အခွင့်အရေး အလွန်များတယ်လို့ ထောက်ပြပါတယ်။ မာရှယ်လ်က ကွန်ဂရက်က အစိုးရကို တားဆီး ပိတ်ပင်ခွင့် အာဏာပေးဖို့ ငြင်းဆန်တဲ့အလုပ်ကို အစိုးရက တရားရုံးချုပ်ကို အတင်းလုပ်ခိုင်းဖို့ ကြိုးစားအားထုတ်ခဲ့တဲ့ အပိုင်းကို ဝေဖန် ထောက်ပြခဲ့တယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပထမပြင်ဆင်ချက်နဲ့ လွတ်လပ်စွာ ပြောဆိုခွင့်ရဲ့ အရေးပါမှုတို့ကို မာရှယ်လ်က အောက်ပါအတိုင်း ပြောဆိုခဲ့ဖူးတယ်။ ထောင်သားတွေရဲ့စာကို ထောင်အရာရှိတွေက ဖောက်ဖတ်ခွင့် ရှိ မရှိပြဿနာနဲ့ပတ်သက်ပြီး အောက်ပါအတိုင်း ရေးသားခဲ့ပါတယ်။

"ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပထမပြင်ဆင်ချက်ဟာ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံတော်အတွက် လိုအပ်ချက်များကို သယ်ပိုးပေးရန်သာမက လူ့ရဲ့ 'လူ သားစိတ်ဓါတ်' ကိုပါ အကျိုးပြုစေဖို့လည်းဖြစ်ပါတယ်။ လူသားစိတ် ဓါတ်ဆိုတာ လွတ်လပ်စွာ ပြောဆိုခွင့်ကို လိုလားတောင်းဆိုပါတယ်။ လွတ် လပ်စွာ ပြောဆိုခွင့်ဟာ အတွေးအခေါ်များ တိုးတက်မှုနဲ့ လူသားတွေကို အသိအမှတ်ပြုတဲ့ တိုးတက်မှုဆိုင်ရာ အပိုင်းတွေရဲ့ အရေးပါတဲ့ အစိတ် အပိုင်းဖြစ်ပါတယ်။ လွတ်လပ်စွာ ပြောဆိုခွင့်ကို ဖိနှိပ်ချုပ်ချယ်ခြင်းဟာ လူသားတို့ရဲ့ အခြေခံဆန္ဒဖြစ်တဲ့ အသိအမှတ်အပြုခံရရေးဆန္ဒကို ကန့်ကွက် ပြီး လူတစ်ဦးချင်းရဲ့ တန်ဖိုးနဲ့ သိက္ခာကို စော်ကားခြင်းပဲဖြစ်တယ်။ လူ တစ်ယောက်ကို ထောင်ထဲက သံတံခါးတွေထဲမှာ အထည့်ခံခဲ့ရပေမယ့်လည်း သူ့ရဲ့ လူ့ဂုဏ်သိက္ခာဟာ ဆုံးရှုံးမသွားပါဘူး။ သူ့ရဲ့ စိတ်ကူးစိတ်သန်း အတွေးအခေါ်တွေ အပိတ်ပင်ခံလိုက်ရတာ မဟုတ်ပါဘူး။

"လွတ်လပ်စွာ အတွေးအခေါ် အမြင်ချင်း ဖလှယ်ရေးကို အားပေးမှုပြုမှာကိုလည်း ရပ်ဆိုင်းမသွားစေပါဘူး။ သူ့ကိုယ်သူ တန်ဖိုးထား လေးစားမှု ပြုလိုတဲ့ စိတ်ဓါတ်ကိုလည်း ကုန်ဆုံးမသွားစေပါဘူး။ သူ့ကိုယ်သူ သိအောင် ကြိုးပမ်းအားထုတ်မှုကိုလည်း နိဂုံးချုပ်မသွားစေပါဘူး။ လူတွေရဲ့ ဂုဏ်သိက္ခာကို နိမ့်ကျအောင်လုပ်နေတဲ့ ထောင်ပတ်ဝန်းကျင်မှာ လူကို



မာတိကာသို့

အသိအမှတ်ပြုရေး၊ မိမိကိုယ်ကို လေးစားတဲ့လူ့စိတ်ဓါတ်ကို အသိအမှတ်ပြုရေးတို့အတွက် မဖြစ်မနေ လုပ်ပေးဖို့ လိုအပ်နေပါတယ်။ စာရေးဆရာကြီး အို ဟဲန်နရီက ထောင်ထဲမှာ သူရဲ့ဝတ္ထုတိုတွေကို ရေးနေတာပဲ။ ရေးခဲ့တဲ့အကြောင်းဖြစ်စေ၊ ထောင်ထဲမှာ ကြောက်လန့်လို့ မိသားစုထံ စာရေးနေတဲ့ လူငယ်အကျဉ်းသမားလေးတစ်ယောက်အကြောင်းဖြစ်စေ အကျဉ်းသားတစ်ဦးဟာ သူ့ရဲ့ကိုယ်ပိုင်ခံစားချက်ကို ဖော်ပြခွင့်အတွက် ဆက်သွယ်မှုလမ်းကြောင်းတစ်ခု လိုအပ်ပါတယ်။ လူသားစိတ်ဓါတ်ကို ကျေနပ်မှုနဲ့ ဖြည့်ဆည်းပေးနိုင်မယ့် လူတစ်ဦးချင်းရဲ့ တန်ဖိုးရှိလှတဲ့ အခွင့် အရေးတွေကို ကာကွယ်ပေးရေးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက် (၁) နဲ့ ဤတရားရုံးချုပ်တို့ရဲ့ ကဏ္ဍဖြစ်ပါတယ်”

## အဝမ္မအကျုပ်ကိုင်ခြင်း

ရာဇဝတ်ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့တယ်လို့ အယုံကြည်ခံနေရတဲ့ တရားခံတစ်ဦးထံက ဖြောင့်ချက်တစ်ခုရရေးအတွက် ညှပ်နဲ့ညှပ်၊ ကပ္ပလီရိုက်တဲ့တုတ်ကိုသုံး၊ ကြက်ပေါင်ရာဘာတုတ်နဲ့ ရိုက်စစ်၊ အင်္ဂါစပ်ကို လျှပ်စစ်ကျင်စက်နဲ့တို့ပြီး နှိပ်စက်တာမျိုးတွေဟာ သားဂွဒ် မာရှယ်လ်အဖို့တော့ အမြဲ ကြောက်မက်စက်ဆုပ်ရွံရှာဖွယ်ရာ လုပ်ရပ်တွေ ဖြစ်ပါတယ်။

၁၉၇၃ ခုနှစ်က *အမေရိကန်ပြည်ထောင်စုနှင့် ဒိုင်အိုနီဆီယိုအမှု*မှာ တရားခံတစ်ဦးဆီက လက်ရေးနဲ့ နုတ်ထွက်ဆိုမှုတွေကို အဝမ္မ ရယူခဲ့တာကို ခုံသမာဓိ တရားသူကြီးအဖွဲ့တစ်ဖွဲ့က အတည်ပြုပေးခဲ့တယ်။ အဲဒီအမှုနဲ့ ပတ်သက်လို့ မာရှယ်လ်က သူ့ရဲ့ သဘောထားကွဲလွဲမှု အတိုချုပ်လျှောက်ထားချက်ကို စာမျက်နှာ ၂၀ ပါ အစီရင်ခံစာကို ရေးသားတင်သွင်းခဲ့တယ်။ အဲဒီလို အတင်းအဓမ္မ လုပ်ခဲ့မှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက် (၄) (ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်းမှ လုံခြုံမှု) ရဲ့ အကျိုးသင့်အကြောင်းသင့် လိုအပ်ချက်ကို ချိုးဖောက်ခြင်းဖြစ်တယ်၊ မိမိကိုယ်ကို



မာတိကာသို့ ▶▶

အမှုမပတ်အောင် ကာကွယ်ရေးအတွက် ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံပြင်ဆင်ချက်(၅)ကိုလည်း ချိုးဖောက်ခြင်းဖြစ်တယ်လို့ မာရှယ်လ်က ငြင်းချက်ထုတ်ပြောဆိုခဲ့တယ်။

"တရားစွဲဆိုခြင်း ခံနေရတဲ့ လူတစ်ဦးရဲ့ ပူးပေါင်းဆောင်ရွက်မှုမပါဘဲနဲ့ အထောက်အထားတစ်ခုကို မရနိုင်တဲ့အခါမှာ ထိုသူကို အမှုပြန်ပတ်စေမယ့် ခိုင်လုံတဲ့ အထောက်အထားတွေရအောင် သူ့ဆီက အတင်းအကျပ် တောင်းယူနိုင်တယ်ဆိုတဲ့ အစိုးရရဲ့ ယူဆချက်ကို ကျွန်တော် လက်မခံနိုင်ပါဘူး"

## အမျိုးသမီးများ၏ အခွင့်အရေးများ

"ကျွန်တော်တို့ဟာ အမျိုးသမီးတွေကို ဖိနှပ်မပါဘဲ ထားပြီး ပဋိသန္ဓေတာဝန်ကိုပဲ ယူစေခဲ့တဲ့ အဆင့်တို့ကို ဖြတ်ကျော် တိုးတက်လာခဲ့ပါပြီ။ အဲဒီအဆင့်က လွတ်မြောက်ခဲ့ပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ ရှေ့ကိုဆက်ပြီး လုပ်သွားစရာတွေ အများကြီးရှိသေးတယ်လို့ ကျွန်တော် တွေးမိပါတယ်"

"အကျဉ်းထောင်တွေမှာ အမျိုးသမီးအစောင့်တွေ ခန့်ထားရေးအတွက် ကျွန်တော် မဲပေးခဲ့တာမျိုးတွေကို ပြောတာပါ။ အမျိုးသမီးတစ်ယောက်ဟာ အကျဉ်းထောင်မှာ ဘာ့ကြောင့် အစောင့်လုပ်ချင်သလဲဆိုတာ ကျွန်တော့်တစ်သက်မှာ တွေးကြည့်လို့ကို မရခဲ့ဘူး။ ကျွန်တော်က ထောင်ထဲမှာ ဘယ်တော့မှ အလုပ်လုပ်မယ့် လူစားမျိုး မဟုတ်ဘူး။ ဒါပေမဲ့ အမျိုးသမီးတွေက လုပ်ချင်တယ်ဆို လုပ်ကြပစေပေါ့"

"ကျွန်တော်ဟာ အမျိုးသမီးများရဲ့ အခွင့်အရေးတွေဘက်က အမြဲလိုက်ပေးခဲ့သူတစ်ဦး ဖြစ်ပါတယ်။ သူတို့အတွက် လုံးဝဥဿုံ အပြည့်အဝ တန်းတူညီမျှမှု ရရှိရေးကို ထောက်ခံခဲ့တယ်။ ကျွန်တော့်ဇနီးကိုတော့ ကျွန်တော်နဲ့ တန်းတူညီတူဖြစ်အောင် ဆွဲချယူရလိမ့်မယ်"



မာတိကာသို့ ▶▶

"ကျွန်တော့်မှာ အလွန်ကိုယ့်ကိုကိုယ် အားကိုးပြီး လွတ်လပ်မှုကို ကြိုက်တဲ့ အမေတစ်ယောက် ရှိခဲ့ဖူး ပါတယ်။ အမေဟာ အမျိုးသမီးတွေ မဲဆန္ဒပေးခွင့်ကို လိုလားထောက်ခံ ခဲ့သူတစ်ဦး ဖြစ်ခဲ့တယ်။ အဲဒီလိုလည်း ယုံကြည်ခဲ့တယ်။ ကျွန်တော့်မှာ အမေ့သွေးပါလာတယ်လို့ ထင်မိပါတယ်"

## အခိုင်အမာအစီအစဉ်

"လူနည်းစုနဲ့ အမျိုးသမီးတွေအတွက် အလုပ်ဝင်တဲ့အခါ ကျောင်းဝင်ခွင့်ပေးတဲ့အခါ သာတူညီမျှ အခွင့်အရေးပေးတဲ့အခိုင်အမာအစီအစဉ် အတွက် ကျွန်တော့်မှာ ဘာမှ ပြဿနာ မရှိပါဘူး။ လူမည်းတွေရဲ့အခြေအနေ ဟာ အရင်တုန်းကနဲ့စာရင် အများကြီး ပိုကောင်းလာပြီလို့ သူတို့တစ်တွေ (တရားရုံးချုပ် လုပ်ဖော်ကိုင်ဖက် တရားသူကြီးများ)က ရိုးရိုးသားသား ယုံကြည်လာကြတယ်လို့ ကျွန်တော်ထင်ပါ တယ်"

"ဟိုအရင်တုန်းက နီးဂရိုးလူမည်းများ ဘာတွေလုပ်ခဲ့ကြသလဲဆို တာ သူတို့ မသိကြပါဘူး။ အရင်တုန်းက လူမည်းတွေဟာ မြေကြီးကျင်း တွေ ပေါက်နေခဲ့ကြရသူတွေလို့ သူတို့ ထင်ခဲ့ကြတယ်။ ကျွန်တော်က လုပ်ဖော်ကိုင်ဖက်တွေကို ပြောပြခဲ့မိတယ်။ ကျွန်တော် ရှေ့နေလောကမှာ ရှိခဲ့တဲ့ ၁၉၃၀ ပြည့်လွန်နှစ်တွေက ရီကာဂိုမြို့မှာ ဆွစ်ဖ်နဲ့ အားမားကုမ္ပဏီ ကြီးတွေရဲ့ ကိုယ်စားလှယ်လုပ်တဲ့ လူမည်းတစ်ဦး ရှိခဲ့ပါပြီလို့။ အနောက် ဗာဂျီးနီးယားပြည်နယ်မှာရှိတဲ့ ချားလ်စ်တင်မြို့က ကျောက်မီးသွေး တွင်းတွေ မှာလည်း လူမည်းကိုယ်စားလှယ်တွေ ထွက်ပေါ်ခဲ့တယ်"

"ကပ္ပလီတွေဟာ အဲဒီအချိန်ကတည်းက အပယ်ခံဘဝမှာ မရှိခဲ့ ကြတော့ဘူးဆိုတာကို ကျွန်တော် ပြောချင်တာပါ။ လူမည်းတွေ ဘယ် လောက်အထိ တိုးတက်လာတယ်ဆိုတာကိုလည်း သူတို့ ပြောခဲ့ကြပါတယ်။ ဘာစံနှုန်းနဲ့တိုင်းပြီး ဘယ်လောက် တိုးတက်လာတာလဲ။ ဟုတ်တယ်လေ။ လူတိုင်းဟာ တိုးတက်လာခဲ့ကြတာပဲ"



မာတိကာသို့ ››

"တရားသူကြီးတစ်ဦးကို ကျွန်တော် ပြောခဲ့မိတယ်။ ခင်ဗျားဟာ ခင်ဗျားအဖေတုန်းကထက် ဝင်ငွေပိုကောင်းလာတယ် မဟုတ်ဘူးလား။ အေး ခင်ဗျားမှာ ခင်ဗျားအဖေထက် ဝင်ငွေပိုဝင်လာရင် လူမည်းတွေလည်း သိပ်ပြီး အများကြီး ပင်ပင်ပန်းပန်းလုပ်နေစရာ ဘယ်လိုတော့မလဲ။ ကျွန်တော်လည်း ကျွန်တော့်အဖေထက် ဝင်ငွေပိုကောင်းနေပြီလေ"

# လူမျိုးခွဲခြားမှု

အမေရိကန်နိုင်ငံဟာ ယဉ်ကျေးမှုပေါင်းစုံရှိတဲ့ လူမျိုးပေါင်းစုံနေထိုင်တဲ့ နိုင်ငံကြီးဖြစ်တယ်။ (အရာမျိုးစုံ ရောမွှေပြီးကျိုတဲ့ အိုးကြီးတစ်ခုနဲ့တူလို့ တင်စားခေါ်ခဲ့ကြတယ်။) အဲဒါကို ဂုဏ်ယူဝင့်ကြွားစွာ ပြောနေကြတယ်။ ဒါပေမဲ့ အခုအခါမှာ ကျွန်တော်ထိုင်ပြီးစဉ်းစားကြည့်မိတော့ "အမေရိကန်ပြည်ထောင်စုဟာ အရာမျိုးစုံကျိုတဲ့ သတ္တုအိုးကြီးလို လူမျိုးစုံပါတဲ့နိုင်ငံဆိုရင် နီးဂရိုးလူမည်းတွေက အဲဒီအိုးကြီးထဲကို မရောက်ကြသေးတာလည်းဖြစ်မယ်၊ ဒါမှမဟုတ် အရည်မပျော်ဝင်သေးတာရင်လည်း ဖြစ်မယ်ဆိုတဲ့ တိကျတဲ့ နိဂုံးချုပ်ကို ကျွန်တော်တွေးလို့ ရခဲ့တယ်"

"မာတင် လူသာ ကင်း ပြောခဲ့တဲ့စကားကို လူတိုင်း ကိုးကားပြောဆိုကြတာ သိမှာပါ။ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ကျွန်တော်တို့နောက်ဆုံးမှာ လွတ်လပ်ရေး ရခဲ့ပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ မလွတ်လပ်ကြသေးပါဘူး။ ကျွန်တော်တို့ဟာ လွတ်လပ်မှုနဲ့ နီးနီးကပ်ကပ်နေရာကို မရောက်ရှိသေးပါဘူး"

"ယေဘုယျအားဖြင့် လူဖြူလူမည်း လူမျိုးရေးခွဲခြားမှုဟာ ကျွန်တော်တို့အတွက် ရှိနေတုန်းဖြစ်ပါတယ်။ တချို့နေရာတွေ ရောက်သွားတာနဲ့ ကျွန်တော် သိရတယ်။ ဒီမြို့ထဲမှာ လူတိုင်းကိုဖိတ်ပြီး ကျွန်တော့်ကိုသာ မဖိတ်တဲ့ ကလပ်ဖ်တွေ ရှိနေတာကို ကျွန်တော် သိပါတယ်။ ကျွန်တော့်မှာ ဘယ်ကလပ်ဖ်တစ်ခုအတွက်မှ ဂုဏ်ထူးဆောင်အသင်းသားလက်



မာတိကာသို့ ▶▶

မှတ် မရှိပါဘူး။ ဘယ်အရပ်ဒေသတစ်ခုအတွက်မှလည်း မရှိပါဘူး။ ဘယ်လိုဖြစ်သလဲ မသိပါဘူး”

“ပြဿနာကတော့ လူတစ်ယောက်ဟာ နီးဂရိုးတစ်ဦး မဖြစ်ခဲ့ဘူးဆိုရင် ဒါတွေကို နားလည်နိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ကို အရေပါးတယ်၊ အာရုံမှာ ခံစားလွယ်ကြတယ်လို့ ပြောကြတာရှိတယ်။ ဘာတွေအပေါ်မှာ ခံစားရလွယ်သလဲဆိုတာ အဖြေ ထုတ်ကြည့်ကြရအောင်။ လူတစ်ယောက်မှာ ထမင်းလည်းမစားရ၊ အိပ်စရာ တစ်နေရာလည်း ရှာမရဘူးဆိုရင် စိတ်အာရုံမှာ ခံစားရမှာ၊ အရေပါးမှာ သေချာတာပေါ့။

“လူမျိုးရေးခွဲခြားမှုဆိုတာ မအီမသာဖြစ်စရာ အသေး အမွှားကိစ္စလေးတစ်ခုပါလို့ ထင်ကြတယ်။ တကယ်တော့ လူဖြူလူမည်း လူမျိုးရေးခွဲခြားမှုဝါဒဟာ ဖြစ်ပေါ်ခဲ့တဲ့ အရာကိစ္စမှန်သမျှတွေထဲမှာ အဆိုးဝါးဆုံးကိစ္စဖြစ်ပါတယ်။ အပါသိုက်လို့ခေါ်တဲ့ လူမျိုးခွဲခြားရေးဝါဒ (တောင်အာဖရိကနိုင်ငံတွင် ကျင့်သုံးတဲ့ဝါဒ) ဟာ ထင်ရှားတဲ့ ဥပမာတစ်ခု ဖြစ်ပါတယ်။

“တရားရုံးချုပ်အဖွဲ့ဝင်တွေက ခင်ဗျား အရေပါးလွန်းတယ်လို့ ထင်ကြသလား” လို့ စာရေးသူကမေးတော့ “ထင်ကြတာပေါ့၊ သူတို့ပါးစပ်က ထွက်လာတာပဲ” ဟု မာရှယ်လ်က ဖြေပါတယ်။ “ဒါဆိုရင် တရားရုံးမှာ လူမည်းကို ခန့်ထားတာကြောင့် အဲဒီမှာရှိတဲ့ လူဖြူတချို့ကို ပိုပြီး နားလည်စာနာမှုဖြစ်ပေါ်စေတာပေါ့နော်” လို့ မေးတဲ့အခါကြတော့ “အဲဒီလိုဖြစ်တယ်လို့ ကျွန်တော်တော့ ထင်တာပဲ။ တရားရုံးချုပ်မှာ လူမည်းတွေကို နှိမ်ပြီးခေါ်ဆိုတဲ့ စကားလုံးတချို့ကို မကြားရဘူးလေ” ဟု ဖြေပါတယ်။

## သမ္မတများနှင့် ပြည်သူ့အခွင့်အရေး

“အဲဒီလူဟာ သမ္မတပဲဖြစ်ဖြစ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူးပဲဖြစ်ဖြစ်၊ မြို့တော်ဝန်ပဲဖြစ်ဖြစ်၊ မြို့နယ်ကျေးလက်မှူး (ရှဲရစ်ဖ်) ပဲဖြစ်ဖြစ် ကျွန်တော်တို့ကို လူဖြူလူမည်း ခွဲခြားစေ၊ လူဖြူလူမည်း ပေါင်းစည်းစေ၊ လူထုဂုဏ်



မာတိကာသို့ ▸▸

သိက္ခာရှိစေ စတဲ့ အဆုံးအဖြတ်အမိန့်ပေးတဲ့သူတစ်ဦးကို ကျွန်တော်ကတော့ တံခါးမှူးလို့ပဲ ခေါ်ပါတယ်”

“သမ္မတကပဲ စရမယ်။ ဘယ်နေရာမှာမဆို နေရာတိုင်းမှာ လူဖြူလူမည်း ခွဲခြားမှုကို အဆုံးသတ်စေရေးအတွက် ဖြောင့်ဖြောင့်မတ်မတ်နဲ့ မှန်မှန်ကန်ကန် ထွက်လာတဲ့ သမ္မတဆိုလို့ ကျွန်တော် တစ်ယောက်မှ မတွေ့ခဲ့မိဖူးသေးပါဘူး။ ကျွန်တော့်အမြင်မှာတော့ သမ္မတတစ်ယောက်က လူတွေဟာ အားလုံးအတူတူလူတွေပဲ၊ အပေါ်ယံ ခွာချလိုက်ရင် ဘာမှ မကွာဘူး၊ အားလုံးအတူတူပဲလို့ ပြောမယ်ဆိုရင် သိပ်ကောင်းမှာပဲ။ အဲဒီ ပြောရမှာဟာ ပြောလို့လည်း ကောင်းတဲ့ကိစ္စပါ”

“ဘော်ဘီ ကနေဒီကို ရှေ့နေချုပ်ဘဝမှာ ကျွန်တော် စတွေ့ခဲ့ဖူးတယ်။ သူက ကျွန်တော့်ကို ‘ခင်ဗျားတို့လူတွေ’ ရဲ့ ပြဿနာကဆိုတဲ့ စကားလုံးကို သိပ်ပြောခဲ့တယ်။ ကျွန်တော်ကလည်း ကျွန်တော့်ကို ‘ခင်ဗျားတို့လူတွေ’ လို့ပြောတဲ့ ခေါ်တဲ့လူဆိုရင် ဘယ်သူ့ကိုမှ မကြိုက်ဘူး။ သူတို့ ဘာပြောနေတယ်ဆိုတာ ကျွန်တော်သိတယ်။ သူက ‘ခင်ဗျားတို့လူတွေ’ မဲ သွားပေးပြီး တစ်ခုခု ဖြစ်မြောက်အောင် လုပ်နေသင့်တယ်လို့ ပြောနေတာ။ ကျွန်တော်ကလည်း ‘ဘယ်လိုလဲဗျာ--ခင်ဗျားအစ်ကို သမ္မတအဖြစ် အရွေးခံရအောင် ကျုပ်တို့ မဲနည်းနည်းပါးပါး ပေးခဲ့တယ်လို့ ကျွန်တော် ထင်ခဲ့မိတယ်’ လို့ ပြန်ပြော လိုက်တယ်။ အဲဒီတော့ သူက ကျွန်တော့်ကို ‘ခင်ဗျားတို့အားလုံးဟာ တစ် ချိန်လုံး တစ်ခုခုအတွက် အသနားခံ တောင်းနေကြတယ် မဟုတ်လား’ လို့ ပြောတယ်။ အဲဒါနဲ့ ကျွန်တော်က ‘နေပါဦး ကျွန်တော် ခင်ဗျားဆီက ဘာများ အသနားခံ တောင်းခဲ့ဖူးသလဲ’ လို့ပြန်မေး လိုက်တယ်။ ဘော့ဗ် ကနေဒီဟာ အမြဲတမ်း အထက်စီးလေသံနဲ့ ပြောခဲ့ သူတစ်ဦး ဖြစ်ခဲ့ပါတယ်။ အမြဲတမ်း ပါပဲ။

“ဒုတိယပတ်လည်တရားရုံးမှာ ကျွန်တော့်ကို ခန့်အပ်ဖို့ကိစ္စ ပေါ်လာခဲ့တော့ ဘော်ဘီက တားမြစ်ပိတ်ဆို့ဖို့ ကြိုးစားခဲ့သေးတယ်။ ဒါပေမယ့် သမ္မတ ကနေဒီက မလုပ်နဲ့ဆိုပြီး ပြောခဲ့တယ်။ သမ္မတကြီးဟာ ကြီးမားတဲ့

ပုဂ္ဂိုလ်ဖြစ်တယ်လို့ ကျွန်တော် ယူဆခဲ့တယ်။ တက်ဒ်ကနေဒီလည်း သမ္မတကြီးနဲ့တူတယ်၊ တော်တယ်၊ ဒါပေမဲ့ ဘော်ဘီကိုတော့ ကျွန်တော် မကြိုက်ဘူး။ ဘော်ဘီကို ကြိုက်ခဲ့သူ ဘယ်သူများ ရှိခဲ့သလဲ ဆိုတာကိုလည်း ကျွန်တော် မသိခဲ့မိဘူး။ ဘော်ဘီဟာ သူ့အဖေကလွဲရင် အကြင်နာကရုဏာ အမဲ့ဆုံးသူဖြစ်တယ်လို့ ပြောခဲ့ကြတယ်။

"လင်ဒင် ဂျွန်ဆင်ရဲ့ စီမံချက်တွေနဲ့ သူဘာတွေလုပ်သွားသလဲ ဆိုတာ မယုံနိုင်လောက်စရာ ဖြစ်ခဲ့ပါတယ်"

## ဖွဲ့စည်းပုံအခြေခံဥပဒေ

"ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ရှိသမျှတွေထဲမှာတော့ အကြီးမားဆုံးလို့ ထင်ပါတယ်။ ကျွန်တော့်အတွက်ရော၊ လူအများအတွက်ရော အလွန်ထူးခြားတဲ့ အချက်ကတော့ အခုအခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အလုပ်လုပ်နေတုန်းပဲဆိုတဲ့ အချက်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို တခြားနိုင်ငံတွေက ဖွဲ့စည်းပုံတွေနဲ့ရော၊ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိတဲ့ အင်္ဂလန်နိုင်ငံနဲ့ရော ကျွန်တော် နှိုင်းယှဉ်လေ့လာကြည့်ခဲ့မိပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အလွန်တရာကောင်းတဲ့ဥပဒေပေါင်းစုံ ပါရှိနေတာကို တွေ့ခဲ့ရပါတယ်"

"ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ မပါတာဆိုမရှိသလောက်ပါပဲ။ မယုံနိုင်စရာကောင်းပုံတစ်ခုကို ကျွန်တော် ပြောပြချင်တာကတော့ မြင်းလှည်း ဆွဲတဲ့ခေတ်က ရေးဆွဲခဲ့တဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုဟာ ပြင်ပအာကာသခေတ် အထိ ခြုံငုံမိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ဖြစ်တယ်ဆိုတာပါပဲ"

"ကျွန်တော်တို့ဟာ ခင်ဗျားတို့ကျွန်တော်တို့ လုပ်စေချင်တာတွေကို မလုပ်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုအတွက် ချီးကျူးဂုဏ်ယူနေကြတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက လူတွေအားလုံးကို လွတ်လပ်ခွင့်



မာတိကာသို့ ››

မပေးခဲ့ဘူး။ လူတွေအားလုံးဟာ လွတ်လပ်တယ်လို့ မပြောခဲ့ဘူး။ လူတွေ အားလုံးဟာ တန်းတူညီမျှ ဖြစ်ကြတယ်လို့ မပြောခဲ့ဘူး။ ကျွန်တွေ အကြောင်းကလွဲရင် အားလုံးကို ဖော်ပြခဲ့တယ်။ ရေးဆွဲခဲ့သူတို့ဟာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကိုကို ရေးဆွဲတဲ့နေရာမှာ ကျွန်တွေ အကြောင်းကို တမင် သက်သက် ချန်လှပ်ထားခဲ့တယ်ဆိုတာကို ကျွန်တော် တို့ အသိအမှတ်ပြု ကြရမယ်။ အဲဒီ အတိုင်းအတာအထိ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကောင်း သင့်သလောက်၊ ကောင်းထိုက်ခဲ့သလောက် ဆက်ပြီး ကောင်းနေထိုက် သလောက် မကောင်းခဲ့တာ အမှန်ပဲ”

“ကျွန်တော်တို့ရဲ့ တရားရုံးချုပ်ကို လွှန်ခဲ့တဲ့ အနှစ် ၂၀ က ဖီလာဒဲလ်ဖီးယားမှာ အစည်းအဝေးထိုင်ခဲ့တုန်းကလို (ဖွဲ့စည်းပုံအခြေခံဥပဒေ စပြီး ရေးဆွဲခဲ့စဉ်ကလို) သွားပြီး ရုံးထိုင်သင့်တယ်လို့ မကြာခင်က တစ်ဦးက အကြံပြုခဲ့ဖူးတယ်။ ဒါနဲ့ ကျွန်တော်က ပြောလိုက်ရတယ်။ “ကောင်းပါ တယ်။ အနှစ် ၂၀၀ လောက်က လုပ်ခဲ့တဲ့အတိုင်းသာ လုပ်ရမယ်ဆိုရင် တော့ ကျုပ်ကို ကော်ဖီစားပွဲထိုးလုပ်ဖို့ ဘောင်းဘီတိုလေးတွေနဲ့ လင်ပန်း တစ်ခုသာပေးလိုက်ဖို့ ရှိပါတော့တယ်”

“ဖွဲ့စည်းပုံအခြေခံဥပဒေကို ဝေဖန်တာနဲ့ ပတ်သက်လို့ ကျွန် တော် လုံးဝ လက်ရှောင်ပြီး ထွက်မသွားချင်ပါဘူး။ ဒီနေ့ ဒီအချိန်မှာတော့ ကျွန်တော် တို့မှာ အလွန်အားကြီးမားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ရှိနေပါပြီ။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကမ္ဘာတစ်ဝန်းမှာ ကျွန်တော် ခုခံကာကွယ်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ခုခံကာကွယ် သွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော် တို့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အခုအနေအထားမျိုးအတိုင်း စထွက်ပေါ်ခဲ့တာတော့ မဟုတ်ဘူး။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ သက်ရှိအထောက်အထား မှတ်တမ်းဖြစ်ရမယ် ဆိုတဲ့ အချက်အပေါ်မှာ စဉ်းစားရင်းနဲ့ အခုလို အကောင်းဆုံးဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်လာခဲ့တာဖြစ်ပါတယ်။ ပြီးတော့ ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့တဲ့ ပြင်ဆင်ချက်တွေ နဲ့ ဒီတရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်တွေရဲ့ အထောက် အကူတွေလည်း ပါခဲ့တယ်။ အဲဒါတွေက ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံ



မာတိကာသို့

ဥပဒေကို အကြီးကျယ်ဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ဖြစ်လာအောင် လုပ်ဆောင်ပေးခဲ့ပါတယ်”

## တရားရုံးချုပ်တရားသူကြီး ရာထူးအတည်ပြုခြင်းများ

“ကန့်ကွက်ခြင်းဟာ အမေရိကန်ပြည်သူတွေရဲ့ ဘဝမှာ တစ်စိတ်တစ်ဒေသ ပါဝင်တဲ့အကြောင်းအရာလို့ ကျွန်တော် ထင်မိပါတယ်။ ကွန်ဂရက်လွှတ်တော်ကို လျှောက်ထားခွင့်နဲ့ အသနားခံခွင့်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြထားပါတယ်။ အဲဒါကြောင့် လူတစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့လိုက်၊ အုပ်စုအလိုက်ဖြစ်စေ ကွန်ဂရက်လွှတ်တော်ကိုရောက်နေတဲ့ ကိစ္စအတွက် သူတို့ရဲ့ အမြင်တွေကို ကွန်ဂရက်ကို တင်ပြဖို့ သတ်သတ်မှတ်မှတ် တာဝန်တစ်ခု ရှိတယ်။ လုပ်ပိုင်ခွင့်မဟုတ်ဘူး။ လုပ်ရမယ့် တာဝန်တစ်ရပ် ဖြစ်တယ်လို့ ကျွန်တော်ထင်မိပါတယ်”

“ကျွန်တော့်ကို ဒုတိယပတ်လည် အယူခံတရားရုံးမှာ ခန့်ထားဖို့ အဆိုပြုတင်ပြချက်ကို ဆီးနိတ်ကော်မတီက အတည်မပြုပေးခင်မှာ ၁၁ လကြာ ကြားနာမေးမြန်းခဲ့ကြတာကို သတိရစေချင်ပါတယ်။ အဲဒီလိုလုပ်ဖို့ သူတို့မှာ တာဝန်ရှိခဲ့တယ်လို့ ဒီနေ့အထိ ကျွန်တော် ထင်နေတုန်းပါပဲ”

“ဘယ်သမ္မတမှ သူ့ကိုဆန့်ကျင်တဲ့ လူတစ်ယောက်ကို ရာထူးခန့်ထားချင်မှာ မဟုတ်ဘူး။ သမ္မတဟာ တရားရုံးချုပ်မှာ တစ်ဦးဦးကို ရာထူးပေးတဲ့အခါမှာ သူတွေးသလိုတွေးပြီး သူလုပ်သလို လုပ်ခဲ့သူကို ခန့်အပ်ချင်မယ်ဆိုတာကို ကျွန်တော် စဉ်းစားခဲ့မိပါတယ်”

“ဒါပေမဲ့ သမ္မတ ထရူးမင်းဟာ သူခန့်ခဲ့တဲ့ တရားသူကြီးက သမ္မတရဲ့ ဆုံးဖြတ်ချက်တွေကို သံမဏိကိစ္စနဲ့ ပတ်သက်လို့ မာမာတင်းတင်း ဆန့်ကျင်ခဲ့တဲ့ အခါမှာ ထရူးမင်းက ကလပ်ခ်အကြောင်း မလေးမခဲ့ ပြောဆိုခဲ့တာ ရှိခဲ့တယ်။ အဲဒီလိုပဲ သမ္မတ အိုက်ဆင်ဟောင်းဝါးလည်း



မာတိကာသို့ ▶▶

သူခန့်ခဲ့တဲ့ တရားသူကြီး ဘရဲန်းနင်းကို မလေးမခန့်စကားတွေ ပြောခဲ့တာ တော့ ရှိခဲ့တယ်။ အဲဒီ တရားသူကြီးတွေက သမ္မတ ဖြစ်စေချင်သလို ဖြစ်မှ မလာခဲ့ကြဘဲကိုး”

## အသက်ကို ခြိမ်းခြောက်စာများ

“ကျုပ်ဆီကို လာတဲ့ စာတွေထဲမှာ တချို့လူတွေ ရေးခဲ့ပုံဟာ သိပ်ကို အံ့ဩစရာကောင်းတယ်။ ကျုပ်ကလည်း မှန်မှန်ကန်ကန် ဂရုစိုက် ပြီး အဲဒီစာတွေကို အမှိုက်ပုံးထဲ ပစ်ထည့်ခဲ့တယ်။ အဲဒီစာတွေ ဖတ်ရတာ ရယ်တော့ ရယ်ရတယ်ဗျ။ အမှန်က သူတို့ ကျုပ်ဆီကို မရေးသင့်ကြဘူး။ စိတ္တဇဆရာဝန်တစ်ဦးဆီကို ရေးသင့်ခဲ့တယ်။ အဲဒါဆို သူတို့အတွက် အကူ အညီ ပိုပြီး ရနိုင်လိမ့်မယ်”

မာရှယ်လ် မွေးကတည်းက ကျန်းမာရေး မကောင်းခဲ့ပါဘူး။ အနာ တရရလိုက်၊ ဆေးရုံတက်ရနဲ့ အခေါက်ခေါက်ပါပဲ။ ဒါ့ကြောင့် ၁၉၈၇ ခုနှစ် တုန်းက စာရေးသူကို သူနှစ်နှစ်ပဲ နေရတော့မယ်လို့ပြောတော့ အလေး အနက်ထားမိတယ်။ စာရေးသူကလည်း ရဲရဲတင်းတင်းနဲ့ သူ့ရဲ့အုတ်ဂူမှာ ဘာကမ္ပည်းထိုးစေချင်လဲလို့ မေးလိုက်ပါတယ်။

မာရှယ်လ်က သေမင်းကိုကြောက်တာ လုံးဝမပြဘဲ ခပ်မာမာ ဖြေလိုက်တာကတော့ –“ ‘သူသည် အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံးလုပ်ခဲ့ သည်။’ ဒါပဲရေးပေတော့ – ဒီထက်သာတာ မရှိတော့ပါဘူး” လို့ ဖြေခဲ့ပါတယ်။



မာတိကာသို့ ▸▸

# အခန်း (၂၂)

## စိတ်ပျက်လို့ နုတ်ထွက်တာလား

၁၉၇၀ ပြည့်လွန်နှစ်တွေ ကုန်ခါနီးကျလာတော့ တရားရုံးချုပ်မှာ သားဂွဒ် မာရှယ်လ်ရဲ့ တရားသူကြီးအာဏာနဲ့ အရှိန်အဝါတွေ စတင်ကျဆင်းပြီး မှေးမှိန်လာခဲ့ပါတယ်။ တရားသူကြီးချုပ် အားလ် ဝေါရင် နုတ်ထွက်သွားတဲ့အတွက် ထိခိုက်မှုကို သူတွေ့ကြုံခဲ့ရတယ်။ ဝေါရင် ဘားဂါးကို တရားသူကြီးချုပ်သစ်အဖြစ် ခန့်ထားတဲ့ အကျိုးသက်ရောက်မှု၊ သမ္မတနစ်ဆင် နဲ့ ရေဂင်တို့က တရားရုံးချုပ် တရားသူကြီးအသစ်တွေ ခန့်အပ်ပုံတို့ရဲ့ အကျိုးသက်ရောက်မှုတွေကိုလည်း မာရှယ်လ် တွေ့မြင်ခဲ့ရတယ်။

မာရှယ်လ်ရဲ့ အမြင်သဘောထား ကွဲလွဲချက်တွေ၊ အမျက်ဒေါသအစွန်းထွက်မှုတွေ ပါလာခဲ့တယ်။ တစ်ခါတစ်ရံမှာ ဒေါသအိုးပေါက်ကွဲမှုတွေ



မာတိကာသို့ ▶▶

ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် သူ့ရဲ့ရင်ထဲမှာ မျိုသိပ်ထားရတဲ့ ဒေါသတွေကို အများပြည်သူရဲ့ရှေ့မှာတော့ ထုတ်မပြောဘဲ အောင့်ထားခဲ့တယ်။ အမေရိကန်နိုင်ငံမှာ ခေတ်နောက်ကျန်တဲ့ဝါဒ လှုပ်ရှားမှုဘက်ဆီကို ဦးတည်တဲ့ နိုင်ငံရေး အပြောင်းအလဲကြောင့် သာမန်အမေရိကန် ပြည်သူလူထုအတွက် အကာအကွယ်ပေးမှုရအောင် ပြည်သူ့အခွင့်အရေးရှေ့နေ တစ်ဦးအနေနဲ့ သူရရှိခဲ့တဲ့ အောင်မြင်မှုတွေမှန်သမျှကို ခြိမ်းခြောက်မှု ဖြစ်နေတယ်ဆိုတဲ့ သူ့ခံစားချက်ကိုတော့ မဖော်ထုတ်ပြခဲ့ပါဘူး။

ဒါပေမဲ့ ၁၉၇၉ ခုနှစ်မှာတော့ မာရှယ်လ်ဟာ သူ့ရဲ့ ပရိဒေဝ သောကမီးကို ဆက်ပြီး ကျိတ်မှိတ်မျိုသိပ်မထားနိုင်ခဲ့တော့ဘူး။ မေလ ၁၇ ရက်နေ့မှာ ကျင်းပတဲ့ ဒုတိယပတ်လည်တရားရုံး (နယူးယောက်၊ ကနက်တိကပ်၊ ဗားမောင့်ပြည်နယ်များ ပါဝင်သည်) တရားသူကြီးများနဲ့ ရှေ့နေများ နှစ်ပတ်လည် အစည်းအဝေးမှာ မာရှယ်လ်ဟာ တရားရုံးချုပ်ကို တိုက်စစ်ဆင် ပြောဆိုခဲ့တော့တယ်။ မာရှယ်လ် ပြောခဲ့ပုံကို *နယူးယောက်တိုင်းမ်* သတင်းစာက အောက်ပါအတိုင်း သတင်းရေးဖော်ပြခဲ့တယ်။

"တရားရုံးချုပ်မှ မိမိ၏ လုပ်ဖော်ကိုင်ဖက်များအပေါ်တွင် ချိတ်တိတ်တိတ် ငေါ့တော့တော့ စကားများဖြင့် ခါးသီးစွာနှင့် ဒေါသအမျက်ဖြင့် ပြောတောင့်ပြောခဲ့လှသော တရားသူကြီး သားဂွဒ်မာရှယ်လ်သည် မကြာမီက ဖြစ်ပွားခဲ့သည့် အမှုနှစ်မှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့်အညီ လုံလောက်သော အကာအကွယ်ပေးမှု မပြုခဲ့သည့်အတွက် ယမန်နေ့က တရားရုံးချုပ်ကို တိုက်ခိုက်အပြစ်တင် ပြောဆိုခဲ့သည်။

"မဲန်ဟက်တင်အကျဉ်းထောင်တွင် အကျဉ်းသားများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ဒုတိယပတ်လည် တရားရုံးတရားသူကြီးချုပ် အာဗင် ကောက်ဖ်မဲန်း၏ စီရင်ချက်ကို တရားရုံးချုပ်က ပယ်ချခဲ့ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမပြင်ဆင်ချက်တွင် ဖော်ပြထားသည့် သတင်းစာဆရာများအား ကာကွယ်ခွင့်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ မာရှယ်လ်က တရားရုံးချုပ်ကို အာဃာတစိတ် အပြည့်နီးပါးထားပြီး ကန့်ကွက်ဝေဖန် ပြောဆိုသွား



မာတိကာသို့

သည်။ ထောင်ထဲရှိ အကျဉ်းစခန်းများတွင် တစ်ခန်းလျှင် အကျဉ်းသား တစ်ဦးသာလျှင် ထားရမည်ဆိုသည့် ပြဋ္ဌာန်းချက် မရှိသဖြင့် တစ်ဦးထက် ပိုထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ဆိုသည်မှာ မမှန်ကန် ကြောင်း တရားရုံးချုပ် တရားသူကြီး အများစုက ဆုံးဖြတ်ခဲ့ကြသည်။

"ထိုဆုံးဖြတ်ချက်သည် ထာဝရ တည်ရှိမည့် ဆုံးမချက် ဖြစ်သည် ဟု မာရှယ်လ်က ပျက်ရယ်ပြုပြီး 'ထောင်ကျနေသည့် အကျဉ်းသမားတစ်ဦး အတွက် ရယ်စရာတစ်ခု မဟုတ်ပါ' ဟု ပြောဆိုသွားသည်။"

အကျဉ်းသမားများထံ ဆွေမျိုးသားချင်း တစ်ဦး သို့မဟုတ် ရှေ့နေ တစ်ဦးလာပြီး ပြန်သွားတိုင်း အကျဉ်းသမားကို တစ်ကိုယ်လုံးရှိ ဒွါရပေါက် တွေကို ရှာဖွေခွင့်ဥပဒေကို တရားရုံးချုပ်က အတည်ပြုပြီး အကာအကွယ် ပေးခဲ့ပါတယ်။ မာရှယ်လ်ကတော့ "ဒီလိုလုပ်တာထက် လူကိုပိုပြီး အဆင့်နိမ့် ကျအောင် လုပ်တာမျိုးကို မတွေ့ခဲ့မိသေးဘူး" လို့ ပြောခဲ့ပါတယ်။

တရားသူကြီး ရိုင်းကွစ်ဇ်က ထောင်ထဲထည့်ထားတဲ့ အမှုအများစု မှာ တရားခံတစ်ဦးကို အမှုမစစ်ဆေးခင်မှာ အပြစ်မရှိဘူးလို့ ထင်မြင်ယူဆ ချက်ကို ကျင့်သုံးလို့ မရနိုင်ကြောင်း မှတ်ချက်ချခဲ့တယ်။ မာရှယ်လ်ကလည်း "ရုံးအတင်မခံရမီမှာ ထိန်းသိမ်းခံထားရသူတွေမှာ အပြစ်မဲ့တယ်လို့ ထင် မြင် ယူဆရတဲ့ ဝတ်ရုံကို လွှမ်းခြုံထားသူတွေဖြစ်တယ်၊ အဲဒီလို ထင်မြင် ယူဆချက်ဆိုတာ လုံးဝ မရှိဘူးလို့ တရားရုံးချုပ်က မဆုံးဖြတ်မချင်း အပြစ်ကင်းမဲ့တယ်လို့ ယူဆနိုင်တယ်" လို့ အငြိုးကြီးစွာနဲ့ ပြန်ချေပခဲ့တယ်။

စောစောပိုင်းက ဖြစ်ခဲ့တဲ့ ပထမပြင်ဆင်ချက်အမှုတစ်ခု (*ဟားဘတ်နှင့် လဲန်ဒိုးအမှု*) မှာ သတင်းထောက် တစ်ယောက်ယောက်က ပုတ်ခတ် ရေးသားထားတယ်လို့ထင်တဲ့ ဆောင်းပါးနဲ့ ပတ်သက်လို့လည်း သတင်း ထောက်တွေဆီက သူတို့ထင်မြင်ချက်ကိုရအောင် အတင်း မမေးသင့် ကြောင်း၊ သတင်းထောက်အချင်းချင်း ဘယ်လိုပြောခဲ့ကြတယ်ဆိုတာကို အတင်းအဓမ္မ မမေးသင့်ကြောင်း မာရှယ်လ်က ပြောခဲ့တယ်။



မာတိကာသို့

မာရှယ်လ်က တရားသူကြီးတစ်ဦးအနေနဲ့ အဲဒီလို လူသိရှင်ကြား ထုတ်ပြောခဲ့တာလို့ တရားရုံးချုပ် လေ့လာရေးသမားတချို့က ဝိုင်းအော်ခဲ့ကြတယ်။ ဒါပေမဲ့ စာရေးသူ၊ သတင်းစာဆရာ၊ ကားလ် ရိုဝင် ကတော့ "မာရှယ်လ်ဟာ တိုင်းပြည်အတွက် အကျိုးရှိအောင် ပြောခဲ့တာ ဖြစ်တယ်" လို့ ယူဆပြီး မာရှယ်လ်ကို ချီးကျူးတဲ့ ဆောင်းပါးတစ်ပုဒ်ကို ရေးခဲ့တယ်။

မာရှယ်လ်ဟာ နောက်ထပ် အခွင့်ထပ်မကြုံခင်ကြားမှာ အေးအေးဆေးဆေး ငြိမ်နေခဲ့တယ်။ ဒါပေမဲ့ ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလမှာ ဟတ်ဖို့မှာ ကျင်းပတဲ့ ဒုတိယပတ်လည်တရားရုံး အစည်းအဝေးမှာတော့ နယူးယောက်ဥပဒေတစ်ခုကို အတည်ပြုပေးခဲ့တဲ့ တရားရုံးချုပ်ကို ထိုးနှက်ဝေဖန်ခဲ့ပြန်တယ်။ နယူးယောက်မှာ ဆိုးသွမ်းလူငယ်တွေကို ထိန်းသိမ်းရေးအတွက်ပြဋ္ဌာန်းတဲ့ ဥပဒေဟာ ကလေးတွေကို ထောင်နဲ့တူတဲ့ အခြေအနေများ၊ အကြမ်းဖက်မှုနဲ့ လိင်ဖောက်ပြန်မှုတွေ ဖြစ်စေနိုင်တဲ့ အခြေအနေတွေမှာ ထားဖို့ ဖြစ်နေတာကို မာရှယ်လ်က ကန့်ကွက်ဝေဖန်ခဲ့တယ်။ ပြီးတော့ သူဟာ သေဒဏ်အမိန့်ကို ဘယ်လို အခြေအနေမှာပဲ ဖြစ်ဖြစ် ဆက်လက် ကန့်ကွက်ခဲ့ကြောင်း၊ ဒါပေမဲ့ သေဒဏ်စီရင်ခြင်းခံရသူ တွေအနေနဲ့ အမှုသေး တရားခံများနည်းတူ တရားရုံးတော်မှာ အကောင်းဆုံး တန်းတူအခွင့်အရေးများပေးဖို့ အာမခံကြရမယ်လို့ မာရှယ်လ်က တိုက်တွန်းနှိုးဆော်ခဲ့တယ်။

ဒါပေမဲ့ မာရှယ်လ်အဖို့ ထပ်ပြီး အခက်ကြုံစရာတွေ့ခဲ့ပြန် တယ်။ ၁၉၈၁ ခုနှစ်မှာ သမ္မတရေဂင် ခန့်အပ်လိုက်တဲ့ တရားသူကြီးမ စန္ဒရာ ဒေး အိုကောန်နာဟာ သေမိန့်အပြစ်ဒဏ်ကို အလွန်နှစ်သက်တဲ့ အမျိုးသမီး ဖြစ်တယ်လို့ မာရှယ်လ် တွေးခဲ့မိလို့ ဖြစ်ပါတယ်။ ဒါပေမဲ့ သေဒဏ်ပေးတဲ့ အမှုတချို့မှာ မာရှယ်လ်ဆက်ပြီး အနိုင်ရခဲ့ပါတယ်။

တရားဥပဒေ စီရင်ရေးနဲ့ ပတ်သက်လို့ အမေရိကန်နိုင်ငံမှာ ခေတ်တစ်ခေတ်ကို ကြုံခဲ့ရသေးတယ်။ အဲဒါက ကြီးလေးတဲ့ ရာဇဝတ်မှု ကျူးလွန်ခဲ့မှုအတွက် ဂျူရီလူကြီးများက ထောင်ဒဏ်၊ သို့မဟုတ် သေဒဏ်



မာတိကာသို့ ▸▸

လို. တစ်ခုခု ဆုံးဖြတ်ခါနီးမှာ သေကျေပျက်စီးအနိုပ်စက်ခံရသူအတွက် အကျိုးသက်ရောက်မှု ဖြစ်စေတဲ့ ပြောဆိုမှုများ ရှိသင့်တယ်လို. အများက ထင်တဲ့ လှိုင်း ဂယက်တစ်ခု ဖြစ်ပေါ်လာတယ်။ ဂျူရီလူကြီးက ပြစ်ဒဏ် သတ်မှတ်ခါနီးမှာ သေကျေပျက်စီးခြင်းခံရသူရဲ. ဆွေမျိုးများ ပြောပြတဲ့ ပရိဒေဝသောကတွေကိုကြည့်ပြီး စိတ်လှုပ်ရှားစွာ အဆုံးအဖြတ်ပေးနိုင်တယ်ဆိုတဲ့ ယူဆချက်ဖြစ်ပါတယ်။

မာရှယ်လ် ရှေ.နေဘဝတုန်းက လူမည်းအတော်များများကို တရားသူကြီးတွေက အသိဉာဏ်ဆင်ခြင်တုံတရားနဲ. တရားဥပဒေအကြောင်း မစဉ်းစားဘဲ လူမည်းဖြစ်တယ်ဆိုတဲ့ လူမျိုးရေးခံစားမှု သက်သက်နဲ. သေဒဏ် ပေးခဲ့တာတွေ တွေ.ခဲ့ရဖူးတယ်။

၁၉၈၇ ခုနှစ်က *ဘုသ်နှင့် မယ်ရီလဲန်းပြည်နယ်အမှု* မှာ အနိုပ်စက်ခံရသူအတွက် အကျိုးသက်ရောက်မှုကိစ္စ ဖြစ်ပေါ်လာတယ်။ မာရှယ်လ်က ၅ မဲ၊ ၄ မဲ နဲ. အနိုင်ရခဲ့တယ်။ ဂျူရီလူကြီးက ပြစ်ဒဏ်မချခင်မှာ တရားခံကို သေဒဏ်ချမှတ်ဖို.အတွက် ထင်မြင်မျှော်မှန်းချက်နဲ့ အနိုပ်စက်ခံရသူရဲ. ဆွေမျိုးတွေ ရုံးတော်မှာ ငိုလားရီလားလုပ်ဖို. ခွင့်မပြုရေး ဖြစ်ခဲ့ပါတယ်။

မာရှယ်လ်ဟာ တရားရုံးချုပ်မှာ ပင်ပင်ပန်းပန်း ဆက်လုပ်ဖို. စိတ်မှာ ဖင့်လေးလာခဲ့တာ မှန်တယ်။ ၁၉၈၉ ခုနှစ်မှာ သူ.အသက်ဟာ ၈၁ နှစ်အရွယ် ရှိခဲ့ပြီ။ ဒါပေမဲ့ *ဘုသ်* နှင့် *ဂဲသားစ်အမှု* များမှာ သူ.ရဲ.မဲက အဆုံးအဖြတ်မဲ ဖြစ်နေခဲ့တယ်။ ဆက်လုပ်ဖို.ပဲ ရှိတော့တယ်။ ဒါပေမဲ့ ညည တွေမှာ အိပ်လို.မဖြောင့်ဘူး။ အိပ်မက်တွေလည်း အဖျက်ဆီးခံခဲ့ရတယ်။ သူဟာ အမေရိကန်နိုင်ငံရဲ. အားနည်းသူများ၊ ဆင်းရဲသူများ၊ အကာအကွယ်မဲ့သူများအတွက် လုံခြုံမှုပိုက်ကွန်ကြီးတစ်ခုကို ကူညီတည်ဆောက် ပေးခဲ့သူဖြစ်တယ်။ အခုတော့ အဲဒီပိုက်ကြီးမှာ အပေါက်တွေဖြစ်အောင် တရားသူကြီးအချို.က ဖောက်နေကြပြီ။ အဲဒီအသိတွေက သူ.အိပ်ရေးနဲ. အိပ်မက်တွေကို နှောင့်ယှက်ဖျက်ဆီးနေပြီ။

နိုင်ငံရေးသမား အများစုနဲ. တရားရုံးချုပ် အကဲခတ်သမားများက



မာတိကာသို့

မာရှယ်လ်ကို ၁၉၉၀ ပြည့်လွန်နှစ်တွေအထိ ဆက်ပြီး တာဝန်ထမ်းဆောင်လိမ့်မယ်လို့ မမျှော်လင့်ကြတော့ဘူး။ အဲဒီလို သိရတာကို မာရှယ်လ်ရဲ့ စိတ်ထဲမှာ နှစ်သိမ့်မှု ရခဲ့တယ်။

၁၉၈၀ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှာ ရော်နာလ်ဒ် ရေဂင် က ဂျင်မီ ကာတာကို သမ္မတရွေးကောက်ပွဲမှာ အနိုင်ရခဲ့တယ်။ အေဘီစီ ရုပ်မြင်သံလွှင့်ဌာနရဲ့ တရားရုံးချုပ် သတင်းထောက် တင်မ် အို ဘရိုင်ရင်က မာရှယ်လ်ဟာ တရားသူကြီးရာထူးက ချက်ချင်း နုတ်ထွက်တော့မယ် ဆိုတဲ့ ကောလာဟလသတင်းဖြစ်ပေါ်ခဲ့ကြောင်းနဲ့ တရားသူကြီးအသစ် တစ်ဦးကို ရေဂင်ကို မရွေးစေဘဲ ကာတာက ရွေးနိုင်အောင် (သမ္မတသက်တမ်း မကုန်ဆုံးမီ) နုတ်ထွက်မှာဖြစ်ကြောင်း ရုပ်မြင်သံကြားဌာနက ကြေညာ ပြောဆိုခဲ့ပါတယ်။

မာရှယ်လ်ဟာ သူ့အကြောင်း ဖျားနေပြီ၊ အသက်ငင်နေပြီလို့ ရုပ်မြင်သံကြားမှာ တစ်ဦးဦးက ကြိုတင်ဟောကိန်းထုတ်ပြောဆိုတာ ကြားရတွေ့ မြင်ရတိုင်း စိတ်ဆိုးဒေါသထွက်တတ်တယ်။ အခုလည်း တင်မ် အို ဘရိုင်ရင်ကို ချက်ချင်း ဖုန်းကောက်ဆက်ပြီး ပြောလိုက်တယ်။

"ကျုပ်ကို ရာသက်ပန် ခန့်အပ်ထားတာဗျ၊ ကျုပ် သက်တမ်းကို အပြည့်ထမ်းဆောင်သွားဖို့ ကျုပ်မှာ ရည်ရွယ်ချက်ရှိတယ်"

၁၉၈၇ ခုနှစ်ကလည်း စာရေးသူက သူ့ကိုမေးခဲ့ဖူးတယ်။

"အဘိုးကြီး ခင်ဗျား၊ သမ္မတရေဂင် မပြုတ်မချင်း တမင် ဆက်လုပ်နေဖို့ ဆုံးဖြတ်ထားသလား"

"အဲဒီထက်တောင် ပိုပြီးကြာလိမ့်ဦးမယ် ကိုယ့်လူရ။

"ကျုပ်က သေတဲ့အထိ လုပ်သွားမှာ၊ ကျုပ် သူငယ်မပြန်မချင်း အထိဆိုပါတော့။ ကျုပ်ဘယ်တော့ သူငယ်ပြန်မလဲဆိုတာ ကျုပ်တွေးပြီး ပူစရာ မလိုဘူး။ ကျုပ်သူငယ်ပြန်ရင် ကျုပ်မိန်းမက ပြောပါမယ်လို့ ကတိ



မာတိကာသို့

ပေးထားတယ်။ ကျုပ်မိန်းမကလည်း အဲဒီလိုပြောတဲ့နေ့ကျမှ ကျုပ်အနားယူမယ်။ အဲဒီလို မဖြစ်ခင်တော့ ဝေလာဝေးသေး”

၁၉၈၇ ခုနှစ်က မာရှယ်လ်မှာ နှလုံးရဲ့ အေအိုတာ သွေးကြောမကြီးရောဂါဖြစ်ခဲ့တယ်။ ဆရာဝန်က သူ့ကို နောက်ထပ် နှစ်နှစ်သာနေရဖို့ ရှိတယ်လို့ ပြောခဲ့တယ်။ ဒါပေမဲ့ မာရှယ်လ်ဟာ အရင်တုန်းက သူ့ရဲ့ ကျန်းမာရေး မကောင်းမှုတွေကို ရှင်းပစ်နိုင်ခဲ့သလို နှလုံးသွေးကြောမကြီးရောဂါကိုလည်း ကျော်လွှားခဲ့တယ်။ မာရှယ်လ်ဟာ ရောဂါ ထူခဲ့တဲ့နေရာမှာတော့ ကလေးဘဝကတည်းက အူကျရောဂါ ရှိခဲ့တယ်။

နှစ်ဆင်ရဲ့ သတင်းပြန်ကြားရေးအရာရှိတွေက မာရှယ်လ် ဆေးရုံတင်ရတိုင်း အရက်သောက်တဲ့ပြဿနာကြောင့် ဆေးရုံတက်ရတယ်လို့ ကောလာဟလ သတင်းလွှင့်ခဲ့ကြတယ်။ အဲဒီသတင်းပေါက်မှုမျိုးကို လူမည်းသတင်းစာတွေကတောင် လိုက်ပြီး သတင်းဖြန့်ရေးသားခဲ့ကြတာရှိတယ်။ တကယ်တော့ မာရှယ်လ်ကို ရုံးထဲမှာ အရက်မူးတာကို တွေ့ရဖို့ ဝေလာဝေး၊ သူ့ကို ဘယ်အခြေအနေမျိုးမှာမှ အရက်မူးတာကို တစ်ယောက်မှ မတွေ့မြင်ခဲ့ကြရဘူး။ မာရှယ်လ်ဟာ ဘော်ဘင် ဝီစကီကို တော်တော်သောက်နိုင်တယ်ဆိုတာ သူနဲ့အတူ အရက်သောက်ဖူးကြသူတွေ သိကြပါတယ်။ အဲဒါကြောင့် နှစ်ဆင်ဘက်က လွှင့်ခဲ့တဲ့ ကောလာဟလဟာ သတင်းစာလောကမှာ ဟုတ်သလိုလို ဖြစ်ခဲ့တော့တယ်။

မာရှယ်လ်ရဲ့ မကြာခဏ မကျန်းမမာ ဖြစ်တတ်တဲ့ မှတ်တမ်းက ရှိတယ်။ ၁၉၄၃ ခုနှစ်က အလုပ်ပင်ပန်းပြီး ပန်းဖျား ဖျားခဲ့လို့ ပဲန်ဆယ်လ်ဗေးနီးယားပြည်နယ်၊ စတီးလ်တင်မြို့မှာ မာရှယ်လ်ကို ဘယ်သူ့မှ အတွေ့မခံဘဲ ပုန်းလျှိုးကွယ်လျှိုးနေဖို့ ဆရာဝန်က ညွှန်ကြားခဲ့ရတယ်။ ၁၉၄၆ ခုနှစ်၊ ဇူလိုင်လမှာလည်း အမည်မသိရောဂါနဲ့ ဆေးရုံတက်ခဲ့ရတယ်။ နှစ်လ တိတိ ရုံးမတက်နိုင်ခဲ့ဘူး။ သူ့ကို ဗားဂျင်းကျွန်းမှာ သွားနားနေပြီး အောက်တိုဘာလကျမှ ပြန်လာဖို့ ဆရာဝန်က အမိန့်ပေးခဲ့တယ်။ ၁၉၄၈ ခုနှစ်က လော့စ်အဲန်ဂျလိစ်မြို့ အစည်းအဝေးတစ်ခုကို သွားအတက်မှာ



မာတိကာသို့ ▶▶

နေမကောင်းခဲ့လို့ အေးအေးဆေးဆေး အနားယူစရာ နေရာတစ်ခု ရှာပေးပါလို့ ထုတ်ဝေသူ လိုရင်း မီလာကို မေတ္တာရပ်ခံခဲ့ရတယ်။ နောက်တစ်နှစ်အကြာမှာလည်း မျက်စိတစ်ဖက် နာခဲ့လို့ ပစ္စဘတ်မြို့ကို သွားစရာတစ်ခုရှိတာ မသွားနိုင်ခဲ့ဘူး။

အဲဒီလောက် မာရှယ်လ် မကျန်းမမာဖြစ်ခဲ့ပေမယ့် တရားရုံးချုပ်တရားသူကြီးတစ်ဦး ဖြစ်လာခဲ့ပြီးတဲ့အချိန်မှာတော့ မာရှယ်လ်ရဲ့ ကျန်းမာရေးအခြေအနေဟာ တစ်နိုင်ငံလုံး စိတ်ဝင်စားစရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ မာရှယ်လ် နှာစေးချောင်းဆိုး ဖြစ်တိုင်း အမေရိကန်တချို့က သူ့ကို သေတော့မှာလားလို့ မျှော်လင့်သူတွေက မျှော်လင့်၊ နာလန်ပြန်ထူပြီး ပြန်နေကောင်းအောင် ဘုရားမှာ အပြင်းအထန် ဆုတောင်းသူတွေက ဆုတောင်းကြ ဖြစ်ခဲ့တယ်။ မာရှယ်လ်ဟာ ၁၉၇၅ ခုနှစ်မှာ အသက်ရှူလမ်းကြောင်းမှာ ပိုးဝင်ပြီး အဆုတ်ရောင်ရောဂါဖြစ်လို့ ဆေးရုံတက် ဆေးစစ်ခံခဲ့ရတယ်။ ၁၉၇၆ ခုနှစ်ကျတော့ နှလုံးရောဂါ အပျော့စားဖြစ်လို့ ဆေးရုံတက်ခဲ့ရပြန်တယ်။

မာရှယ်လ်ဟာ နေ့စဉ် စီးကရက်ဘူး နှစ်ဘူးသောက်လာခဲ့တယ်။ ဆရာဝန်တွေက သူ့ကို ကိုယ်အလေးချိန် ပေါင် ၄၀ လျှော့ဖို့ ညွှန်ကြားချက်ပေးခဲ့ကြတယ်။ ဒါပေမဲ့ မာရှယ်လ်ဟာ သုံးရက်အတွင်း အပျော့စားနှလုံးရောဂါနှစ်ကြိမ်ဖြစ်ခဲ့တယ်။ နောက်ထပ် တစ်လခွဲအတွင်းမှာ နောက်ထပ် နှလုံးရောဂါထပ်ဖြစ်မယ်လို့ ဆရာဝန်တွေက ကြိုတင်ဟောကိန်းထုတ်ခဲ့ကြတာ။ အဲဒီလို မဖြစ်ခဲ့တာနဲ့ မာရှယ်လ်က “ကျုပ် ဘာမှ မဖြစ်ဘူး။ အိုကေမှာ စိုပြည်လို့ပဲ” လို့ ထကြေညာခဲ့တော့တာပါပဲ။

မာရှယ်လ်အတွက် အကြီးမားဆုံးပြဿနာကတော့ လူမည်းတွေက သူ့ကို နေမကောင်းတာတောင် အေးအေးချမ်းချမ်း နေမကောင်းခွင့် မပေးခဲ့ကြတဲ့ကိစ္စ ဖြစ်ပါတယ်။

၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မှာ မြောက်ကယ်ရိုလိုင်းနားပြည်နယ် ဝင်စတင် စေးလမ်မြို့က ဘုန်းတော်ကြီး ဂျယ်ရီ ဒရေတင်



မာတိကာသို့

က မာရှယ်လ်ထံရေးခဲ့တဲ့ စာတစ်စောင်က နမူနာတစ်ခု ဖြစ်ခဲ့ပါတယ်။

ချစ်လှစွာသော မာရှယ်လ်ခင်ဗျား–

ခင်ဗျား နေမကောင်းဘူးဆိုတဲ့ သတင်းကို ကြားရလို့ ကျွန်တော် ဝမ်းနည်းမိပါတယ်။

ဒါပေမဲ့ ခင်ဗျား လေယာဉ်ပျံနဲ့ လိုက်လာနိုင်ပါတယ်။ ကျွန်တော့်အိမ်မှာ စားပါ၊ အစီအစဉ် မစခင်အထိ အိပ်ရာထဲမှာ အနားယူနေလို့ ရပါတယ်။ အစီအစဉ်ကို ကျွန်တော်တို့ ဖြတ်ပေးနိုင်ပါတယ်။ ခုနစ်မိနစ်ပဲ စကားပြောပေးပါ။ အမေးအဖြေ အချိန်ကိုလည်း ဖြတ်မေးနိုင်ပါတယ်......

......လူတွေက ခင်ဗျားကိုပဲ တွေ့ချင်မြင်ချင်နေကြပါတယ်။ ခင်ဗျားဟာ ကျွန်တော်တို့အတွက် ထင်ရှားတဲ့အမှတ်အသားတစ်ခု ဖြစ်ပါတယ်။ ခင်ဗျား လူကိုယ်တိုင်လာခြင်းက ခင်ဗျားရဲ့မိန့်ခွန်းထက် ပိုပြီး အဓိပ္ပာယ်ရှိပါလိမ့်မယ်......

.....သားဂွဒ် မာရှယ်လ်ရဲ့နေရာမှာ ဘယ်သူမှ လူစားဝင်မပြောလိုကြပါဘူး။ အဲဒီလို လူစားထိုးဝင်ပြောလိုက်ရင် ပရိသတ်ဟာ အကြီးအကျယ် စိတ်ပျက်သွားမှာကို သိနေကြလို့ ဖြစ်ပါတယ်။ သင့်တော်တဲ့ လူစားထိုးမှုကို လုပ်ပေးလို့မရတဲ့ အနေအထားမှာ ရှိနေပါတယ်။ ဒါ့အပြင် ရာပေါင်းများစွာသော နာယကတွေထဲက ကျွန်တော်တို့ အလှူငွေတွေ ကောက်ခံထားတော့ ကျွန်တော်တို့ကို လိမ်တယ်လို့ တချို့က ထင်နိုင်ကြပါတယ်။

မစ္စတာ ဝေါလ်တာ ဝိုက်လည်း ၁၉၅၂ ခုနှစ်က စာရေးသူရဲ့ တားမြစ်ရက်ကြားက လာခဲ့ပါတယ်။ သူ့ကို မပင်ပန်းအောင် ကျွန်တော်တို့ အတတ်နိုင်ဆုံး ပြုစုခဲ့ပါတယ်။ ကျွန်တော်တို့ သေသေချာချာ ပြင်ဆင်ခဲ့တာကြောင့် မစ္စတာဝိုက်အခြေအနေ ပိုမဆိုးသွားပါဘူး......

သားဂွဒ် မာရှယ်လ်က အောက်ပါအတိုင်း စာပြန်ရေးခဲ့တယ်။



မာတိကာသို့

ချစ်စွာသော ဘုန်းတော်ကြီး ဒရေတင်ခင်ဗျား–

ကျွန်တော့်မှာ လာမယ့် ဒီဇင်ဘာလ ၆ ရက်နေ့မှာ လူဖြူ လူမည်းခွဲ ကျောင်းတွေ ခွဲခြားထားတဲ့အမှုကို လျှောက်လွှဲဖို့ ရှိတာက လွဲရင် ကျန်တဲ့ကိစ္စအရာရာကို လက်လျှော့ပေးလိုက်ရပါတယ်။ ဒါဟာ ဆရာဝန် သုံးဦးရဲ့ ညွှန်ကြားချက် ဖြစ်ရုံသာ မကဘူး။ ဒီလိုလုပ်ခြင်းဟာ အမှု စစ်စစ်ရင် ကျွန်တော်ဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ တစ်ခု တည်းသော နည်းလမ်းရှိတယ်လို့လည်း ကျွန်တော် ယုံကြည်လို့ ဖြစ်ပါ တယ်။

နောက်တစ်ချက်ကတော့ ကျွန်တော် ဆေးရုံက ဆင်းလာတာနဲ့ မိန်းမက ဆေးရုံတက်ရတာ နောက်ထပ် သုံးပတ်လောက် ကြာဦးမယ်။ ဆရာ ဝန်က ကျွန်တော့်ကို တခြား ဘယ်မှ မသွားရဖူးလို့ ညွှန်ကြားထားပါတယ်။ ဒီအကြောင်းနှစ်ရပ်ကြောင့် ကျွန်တော် မြောက်ကယ်ရိုလိုင်းနားကိုလာဖို့ လုံးဝ မဖြစ်နိုင်တော့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်မှာ တခြား ချိန်းဆိုထားတဲ့ အစီ အစဉ် အားလုံးကိုလည်း ဖျက်သိမ်းလိုက်ရပါတယ်။

ခင်ဗျားက ဝေါလ်တာဂိုက်က ဆရာဝန်ညွှန်ကြားချက်ကို ဖီဆန် ပြီး ဝင်စတင် စေးလဲမ်မြို့ကို လာကြောင်းပြောတာနဲ့ ပတ်သက်လို့ ခင်ဗျား သိအောင် ပြောရဦးမယ်။ မစ္စတာဂိုက် အဲဒီလိုလုပ်တဲ့အတွက် ဆေးရုံသုံးပတ် တက်ရပြီး အောက်စီဂျင်တစ်ပတ်အပေးခံရတယ်။ ကံကောင်းလို့ မသေ တာ။

* * *

မာရှယ်လ်ရဲ့ တရားရေးဘဝသက်တမ်းတစ်လျှောက်လုံးမှာ ၁၉၅၀ နဲ့ ၁၉၅၁ ခုနှစ်တို့ဟာ စိတ်ရှုပ်စရာအကောင်းဆုံး၊ ဒေါသဖြစ်စရာ အကောင်းဆုံးနဲ့ စိတ်ပျက်စရာအကောင်းဆုံး ကာလများ ဖြစ်ခဲ့ပါတယ်။ တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက် တသီတတန်းကြီး ထွက်ပေါ်ခဲ့ပါတယ်။ အဲဒီ



မာတိကာသို့ ▶▶

ဆုံးဖြတ်ချက်တွေက မာရှယ်လ်ရှေ့နေတစ်ဦးနဲ့ တရားသူကြီးတစ်ဦး အနေနဲ့ တိုက်ပွဲဝင်ခဲ့တဲ့ ကိစ္စတွေအားလုံးနဲ့ ထိပ်တိုက်စိန်ခေါ်ခဲ့တာတွေ ဖြစ်ခဲ့ပါတယ်။

ရှေ့နောက်အစီအစဉ်အလိုက် ဖြစ်ပျက်ခဲ့တဲ့ အမှုတချို့ကို နမူနာအဖြစ် လေ့လာကြည့်ပါ။

## ဧပြီ ၁၈၊ ၁၉၉၀ – *နယူးယောက်ပြည်နယ်နှင့် ဟဲရစ္စအမှု*

၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှာ မစ္စသယ်လ်မာ စတေတင်ဆိုတဲ့ အမျိုးသမီးဟာ သူ့ရဲ့နေအိမ်တိုက်ခန်းအတွင်းမှာ အသတ်ခံခဲ့ရတယ်။ သူ့ရဲ့ရည်းစား ဘားနတ်ဟဲရစ္စက သတ်တယ်လို့ ရဲက ယုံကြည်စရာအချက်တွေ ရှိခဲ့တယ်။ အဲဒါကြောင့် ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ရဲက ဟဲရစ္စရဲ့တိုက်ခန်းထဲကို ဝရမ်းမပါဘဲနဲ့ ဝင်ပြီး ဟဲရစ္စကို ဖမ်းဆီးခဲ့ကြတယ်။ ဒီလိုလုပ်တာဟာ ၁၉၈၀ ခုနှစ်က *ဖေတင်နှင့် နယူးယောက်ပြည်နယ်အမှု* မှာ တရားရုံးချုပ်က စီရင်ခဲ့တဲ့ ဆုံးဖြတ်ချက်ကို ချိုးဖောက်ခဲ့တဲ့ သဘောဖြစ်တယ်။ အဲဒီဆုံးဖြတ်ချက်က ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ စတုတ္ထပြင်ဆင်ချက်က ရဲအဖွဲ့ကို ဝရမ်းမပါဘဲနဲ့ သံသယအဖြစ်ခံရတဲ့ ကာယကံရှင်၏ သဘောတူညီချက် မရဘဲ အိမ်ထဲဝင်ပြီး ရာဇဝတ်ပြစ်မှုအတွက် ဖမ်းဆီးခြင်းကို မပြုရဆိုပြီး အကာအကွယ်ပေးထားလို့ ဆုံးဖြတ်ခဲ့တာကို ချိုးဖောက်တဲ့ သဘော ဖြစ်ခဲ့တယ်။

ရဲက ဟဲရစ္စကို ရဲစခန်းတစ်ခုကို ခေါ်သွားပြီး အပြစ်ကျူးလွန်ကြောင်း ဝန်ခံချက်ကို ရအောင်ယူခဲ့တယ်။ ဟဲရစ္စရဲ့ရှေ့နေက မတရားရှာဖွေမှုနဲ့ ဖမ်းဆီးခြင်းတို့ ပြုလုပ်ခဲ့တဲ့အတွက် ဟဲရစ္စက ဝန်ခံချက်ပေးရတာဖြစ်ကြောင်းနဲ့ အဲဒီဝန်ခံချက်ကို ပယ်ဖျက်ပေးသင့်ကြောင်း ရုံးတော်မှာ တင်ပြခဲ့တယ်။

ဒါပေမဲ့ တရားသူကြီးချုပ် ရန်းကွစ်ဇ်အပါအဝင် တရားသူကြီး



မာတိကာသို့ ▶▶

အများစုက ဖေတင်အမှု ကို စီရင်ဆုံးဖြတ်ချက်ကို ချိုးဖောက်ပြီး တရားခံအား အိမ်တွင် ဝင်ရောက်ဖမ်းဆီးခဲ့သည်မှာ မှန်သော်လည်း ရဲအဖွဲ့မှာ သံသယဖြစ်သူကို ဖမ်းဆီးနိုင်ဖို့ ဖြစ်နိုင်စရာ အကြောင်းရင်းများရှိရင် ထိုသူ၏ ယင်း၏ အိမ်အပြင်၌ ထွက်ဆို ချက်များကို အစိုးရက အသုံးပြုခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စတုတ္ထပြင်ဆင်ချက်က တားဆီးခြင်း မပြုနိုင်လို့ ဆုံးဖြတ်ချက် ချခဲ့တယ်။

မာရှယ်လ်၊ ဘရဲန်းနင်း၊ ဘလက်မန်းနဲ့ စတီဗင်းစ်တို့ လေးဦးက သဘောထား မတူကြောင်း ဖော်ပြခဲ့ကြတယ်။

"တရားသူကြီး အများစုရဲ့ နိဂုံးချုပ် ဆုံးဖြတ်မှုဟာ မှားယွင်းတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရဲအမှုထမ်းတွေ ချိုးဖောက်တာကို မျက်စိမှိတ်ပြီး ဆင်ခြေတွေနဲ့ လိုက်လျောခဲ့ပုံဟာ တုန်လှုပ်ဖွယ်ရာကောင်းတယ်" လို့ ရေးသားခဲ့ကြတယ်။

## ဇွန် ၄၊ ၁၉၉၀ ခုနှစ် —— *အီလီနွိုင်းနှင့် ပါးကင်းစ်အမှု*

အကျဉ်းသမား လွိုက် ပါးကင်းစ်ဟာ အီလီနွိုင်းပြည်နယ်၊ အိစ်လူးဝစ္စမြို့က လူတစ်ယောက်ကို သတ်မှုကျူးလွန်ခဲ့တယ်လို့ ရဲက သတင်းရရှိခဲ့တယ်။ အဲဒါကြောင့် ရဲက ဂျွန် ပါရီစီဆိုတဲ့ ရဲသူလျှိုတစ်ဦးကို ပါးကင်းစ်နဲ့အတူအချုပ်ခန်းထဲမှာ အကျဉ်းသမားယောင်ဆောင်ပြီး ထည့်ထားခဲ့တယ်။ ပါးကင်းစ်က သူ့အမှုအတွက် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းပြန်စွပ်ပြီး အမှုပြန်ပတ်မယ့် စကား တွေကို ရအောင်ထောက်လှမ်းဖို့ မျှော်လင့်ချက်နဲ့ အဲဒီလိုလုပ်ခဲ့တာဖြစ် တယ်။ *မီရဲန်ဒါအမှု* မှာ ဆုံးဖြတ်ခဲ့တဲ့အတိုင်း ပါရီစီဟာ ပါးကင်းစ်ကို ကြိုတင် သတိပေး ပြောဆိုခြင်း မပြုဘဲ နှိုက်ယူခဲ့တဲ့ ပါးကင်းစ်ရဲ့ ထွက်ဆိုချက်တွေကို တရားရုံးက ပယ်ချခဲ့တယ်။ ဒီလိုလုပ်ခဲ့တာဟာ ပါးကင်းစ်ရဲ့ အခွင့်အရေးတွေကို ချိုးဖောက်ခဲ့တာဖြစ်တယ်လို့ အီလီနွိုင်း အယူခံတရားရုံးကလည်း သဘောတူခဲ့တယ်။

ဒါပေမဲ့ တရားသူကြီးချုပ် ရဲန်းကွစ်ဇ်အပါအဝင် တရားသူကြီးခြောက်ဦးက "ဥပဒေဘက်တော်သား ထောက်လှမ်းရေးသမားတစ်ဦးက သတင်းထောက်လှမ်းဖို့အတွက် ထောင်ကျနေတဲ့ သံသယတရားခံတစ်ဦးကို ကြိုတင် အသိပေး ပြောကြားစရာ မလိုဘူး" လို့ ဆုံးဖြတ်ခဲ့ကြတယ်။

တရားသူကြီး ဘရဲန်းနင်းကလည်း တရားသူကြီးခြောက်ဦးနဲ့ သဘောတူခဲ့တော့ မာရှယ်လ်တစ်ဦးသာ ထီးတည်းကျန်နေတော့တယ်။ ဒါကြောင့် သူက "ဒီနေ့ဖြစ်ပေါ်ခဲ့တဲ့ ချွင်းချက်ဆုံးဖြတ်မှုက ရဲဌာနတွေက ရဲအရာရှိတွေကို သံသယဖြစ်သူများအပေါ်မှာ လျှို့ဝှက်ထောက်လှမ်းရေးများ သုံးပြီး စစ်ဆေးမေးမြန်းခွင့်အတွက် အားပေးအားမြှောက်မှုကို ပိုမိုကျယ်ပြန့်သွားစေနိုင်ပါတယ်" လို့ မှတ်ချက်ရေး ပေးခဲ့တယ်။

မာရှယ်လ်က ဆက်လက်ပြီး သဘောကွဲလွဲမှုမှတ်ချက်ကို တင်ပြရာတွင် "*မီရဲန်ဒါအမှု* ရဲ့ ဆုံးဖြတ်ချက်ကို ချွင်းချက်ထားပြီး ထောက်လှမ်းရေးကိုယ်စားလှယ်များသုံး ခွင့်ကို တရားရုံးချုပ်က အတည်ပြုချမှတ်ပေးခဲ့ခြင်းဟာ သံသယဖြစ်သူများကို ဖွဲ့စည်းပုံအခြေခံဥပဒေပဉ္စမပြင်ဆင်ချက်က တရားဥပဒေအရ ကာကွယ်စောင့်ရှောက်မှုပေးခြင်းမှာ အကြီးအကျယ်ဟာကွက်တစ်ခုဖြစ်အောင် ချမှတ်ပေးလိုက်ခြင်းဖြစ်တယ်" လို့ ရေးသားခဲ့ပါတယ်။

## ဇွန် ၂၀၊ ၁၉၉၀ ခုနှစ် ——— *အီလီနွိုင်းပြည်နယ်နှင့် ရော်ဒရီဂက်ဇ်အမှု*

ရှီကာဂိုမြို့က အက်ဒွပ် ရော်ဒရီဂက်ဇ်ရဲ့ နေအိမ်တိုက်ခန်းတံခါးကို ရည်းစားဟောင်း ဂေးလ် ဖစ်ရှာက သော့နဲ့ ဖွင့်ဝင်ခဲ့တဲ့နောက်မှာ ရဲက ဝရမ်းမဲ့ဝင်သွားခဲ့တယ်။ ပြီးတော့ အခန်းထဲမှာတွေ့တဲ့ ကုတ်ကင်းကို သိမ်းဆည်းပြီး ရော်ဒရီဂက်ဇ်ကိုလည်း မူးယစ်ဆေးဝါးပိုင်ဆိုင်မှုနဲ့ ဖမ်းဆီးခဲ့တယ်။ ရဲက အဲဒီလို ဝင်ပြီး သိမ်းဆည်းခဲ့တာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ စတုတ္ထပြင်ဆင်ချက်အရ "တရားမဝင်သော ရှာဖွေမှုနှင့် ဖမ်းဆီးမှုဖြစ်တယ်" လို့



မာတိကာသို့ ››

အမှုစစ် တရားရုံးကရော၊ အယူခံတရားရုံးကရော ဆုံးဖြတ်ခဲ့တယ်။ ဖစ်ရှာ အနေနဲ့ ရော်ဒရီဂက်ဇ်ရဲ့ အခန်းကို ရဲက ဝင်ရှာဖို့အတွက် ခွင့်ပြုနိုင်တဲ့ သြဇာမရှိဘူးလို့ တရားရုံးက ယူဆခဲ့ပါတယ်။

ဒါပေမဲ့ တရားသူကြီးချုပ် ရဲန်းကွစ်ဇ်အပါအဝင် တရားသူကြီး ခြောက်ဦးတို့က ရဲအဖွဲ့က ဝင်ရောက်ချိန်မှာ အဆောက်အဦကို အတူပိုင်တယ် လို့ ယူဆရတဲ့ တတိယပုဂ္ဂိုလ်(နောင်တွင် ပိုင်ဆိုင်ခွင့် မရှိဘူးဆိုတာ တော့ သိရတယ်)က သဘောတူခွင့်ပြုခဲ့ခြင်းကြောင့် ရဲက ဝရမ်းမဲ့ ရှာဖွေခဲ့ခြင်းဟာ တရားဝင်တယ်လို့ မှတ်ချက်ချခဲ့တယ်။

မာရှယ်လ်၊ ဘရဲန်းနင်းနဲ့ စတီဗင်စ်တို့ သုံးဦးက ထိုဝရမ်းမပါဘဲ လူတစ်ဦးတစ်ယောက်အိမ်ကို ပိုင်ရှင်ကလည်း အခွင့်မပေးဘဲ ဝင်ရောက် ရှာဖွေတဲ့လုပ်ရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေစတုတ္ထပြင်ဆင်ချက်က အကာ အကွယ်ပေးထားတဲ့ လွတ်လပ်ခွင့်အချို့ကို တရားသူကြီးအများစုက ဥပေက္ခာ ပြုလိုက်တာပဲလို့ မှတ်ချက်ရေးခဲ့ပါတယ်။

အဲဒီအချိန်တွေကျတော့ ရေဂင်နဲ့ ဘုရှ်တို့ ပုံသွင်းခဲ့တဲ့ တရား ရုံးချုပ်က ရဲကို ရုတ်တရက် ထူးထူးခြားခြား မျက်နှာလိုက်လာကြတယ် ဆိုတာ ထင်ရှားသိသာလာခဲ့တယ်။ တရားဥပဒေနဲ့အညီ ဖြစ်ရေး တောင်းဆိုသံတွေ ဟာ ပြည်သူ့ဥပဒေကြမ်းကို မာရှယ်လ်ရဲ့ အဓိပ္ပာယ်ပြန်ဆိုချက်တွေထက် ပိုပြီး ရေပန်းစားလာခဲ့ပါတယ်။

ဒါပေမဲ့ ၁၉၉၁ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှာ ဆုံးဖြတ်ခဲ့တဲ့ အမှုတစ်ခုဟာ မာရှယ်လ်ရဲ့ မျှော်လင့်ချက်ကို ဖျက်ဆီးပစ်ခဲ့ပြီး သူ့ရဲ့စိတ် ဓါတ်နဲ့ နှလုံးသားကိုလည်း ကြေမွစေခဲ့ပါတယ်။ သေကျေပျက်စီး အနိုပ်စက် ခံရသူအတွက် အကျိုးသက်ရောက်မှု အမှုတစ်ခုဖြစ်ခဲ့ပါတယ်။

**ဇွန် ၂၇၊ ၁၉၉၁ ခုနှစ်——— *ပိန်းနှင့် တဲန်းနက်ဆီးပြည်နယ်အမှု***

၁၉၈၇ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့က တဲန်းနက်ဆီးပြည်နယ် မီလင်တင်မြို့မှာ ပါဗစ္စ တိုင်ရင် ပိန်းဆိုသူဟာ အသက် ၂၈ နှစ်အရွယ်ရှိ ချယ်ရစ္စ ခရစ္စတိုဖာနဲ့ သူမရဲ့ နှစ်နှစ်သမီးလေး လေစီတို့ကို သတ်ခဲ့ပါတယ်။ သူမရဲ့ သုံးနှစ်သားလေး နစ်ကလပ်စ်ကိုလည်း သားသတ်ဓားနဲ့ ရက်ရက်စက်စက် ခုတ်ခဲ့တယ်။ နစ်ကလပ်စ်ဟာ ထူးဆန်းအံ့သြဖွယ်ရာကောင်းစွာပဲ သေကံမရောက် သက်မပျောက် ဖြစ်ခဲ့တယ်။ ပိန်းကို လူသတ်မှုနှစ်ခု၊ သေစေရန် အနာတရဖြစ်မှု၊ စုစုပေါင်း သုံးမှုစလုံး ကျူးလွန်တာ ထင်ရှားတယ်လို့ ဂျူရီအဖွဲ့က စီရင်ချက် ချမှတ်လိုက်ပါတယ်။

ပြစ်ဒဏ်စီရင်ချက် ချရမဲ့အချိန်ကျတော့ တရားခံက လုပ်ရိုးလုပ်စဉ်အတိုင်း သူ့ဘက်က ထွက်ဆိုပေးဖို့ သက်သေများကို တင်ပြ လာပါတယ်။ပိန်းဟာ အလွန်အကြင်နာ တရားရှိတဲ့ လူတစ်ယောက်၊ အရက်မသောက်၊ မူးယစ်ဆေးလည်းမသုံး၊ တစ်ခါမှ အဖမ်းအဆီး မခံရဖူးသူ ဖြစ်ကြောင်း၊ ပိန်းရဲ့အဖေ၊ အမေနဲ့ ရည်းစားဖြစ်သူတို့က ရုံးတော်မှာ အစစ်ခံခဲ့ကြတယ်။ လူသတ်မှုများဟာ ပိန်းရဲ့စိတ်အခြေ အနေနဲ့ ဆက်စပ်နေကြောင်း ပြောခဲ့ကြတယ်။ စိတ္တဇဆရာဝန် ဒေါက်တာ ဂျွန် ဟျူစတင်ကလည်း ပိန်းဟာ စိတ်မနှံ့သူတစ်ဦးဖြစ်ကြောင်း ရုံးတော်မှာ ထွက်ဆိုခဲ့တယ်။

တရားသူကြီးက သေဆုံးသူ ခရစ္စတိုဖာရဲ့မိခင် မေရီ ဇမိုလန်နက်ကို ရုံးတော်မှာ ထွက်ဆိုတင်ပြခွင့် ပြုခဲ့တယ်။ မေရီက အမေနဲ့ အစ်မအသတ်ခံရတဲ့အတွက် နစ်ကလပ်စ်မှာ စိတ်ထိခိုက်ခဲ့ရပုံတွေကို တင်ပြခဲ့တယ်။

"ကလေးက အမေကို တမ်းတပြီး ငိုနေပါတယ်။ အမေလုပ်သူ အိမ်ကို ဘာ့ကြောင့် ပြန်မလာသလဲဆိုတာ နားလည်ပုံ မရပါဘူး။ အစ်မ



မာတိကာသို့

လေစီကိုလည်း တမ်းတပြီး ငိုပါတယ်။ မြေးကလေးဟာ ကျွန်မဆီကို ခဏခဏလာပြီး 'ဘွားဘွား--လေစီကို မလွမ်းဘူးလား' လို့ မေးလို့ ကျွန်မကလည်း လွမ်းတာပေါ့လို့ ပြန်ဖြေခဲ့ပါတယ်" လို့ ထွက်ဆိုခဲ့ပါတယ်။

တရားသူကြီးအဖွဲ့က ပိန်းအပေါ် သေဒဏ် စီရင်ချက် ချခဲ့ပါတယ်။ ပိန်းဘက်ကလည်း တရားရုံးတော်မှာ အသနားခံလွှာတင်ခဲ့ရာမှာ ဇဗိုလန်နက်ရဲ့ တရားသူကြီးအဖွဲ့ကို စိတ်လှုပ်ရှားစွာ ထွက်ဆိုသွားချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အဋ္ဌမပြင်ဆင်ချက်ပါ အခွင့်အရေးများ (ရက်ရက်စက်စက် တရားစီရင်ခြင်း မပြုစေရ) ကို ချိုးဖောက်ခဲ့ကြောင်း တင်ပြခဲ့တယ်။ တဲန်းနက်ဆီးပြည်နယ် တရားရုံးချုပ်က အနိုပ်စက်ခံရသူအပေါ် အကျိုးသက်ရောက်မှု ထွက်ဆိုချက်ကို ခွင့်ပြုခဲ့ခြင်းဟာ မှန်ကန်တယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

အဲဒါနဲ့ ပိန်းဘက်က တရားရုံးချုပ်အထိတက်ပြီး အယူခံလွှာတင်ခဲ့တယ်။ အဲဒီအယူခံမှုကြောင့် တရားရုံးချုပ်ရဲ့သမိုင်းမှာ အနိုပ်စက်ခံရသူအပေါ် အကျိုးသက်ရောက်မှု ထွက်ဆိုချက်အတွက် စိတ်ဝမ်းအကွဲဆုံး အပြင်းအထန် စကားများမှုတစ်ခုကို ဖြစ်စေခဲ့ပါတယ်။ ၁၉၉၀-၉၁ ခုနှစ်နောက်ပိုင်းမှာတော့ ရဲန်းကွစ်ဇ်ရဲ့ တရားရုံးချုပ်ဟာ *ပိန်းအမှု* ကို အသုံးပြုပြီး အတည်ဆုံးဖြတ်မှုကို ခြေနဲ့နင်းချေပစ်ဖို့ လုပ်တော့မယ်ဆိုတာကို မာရှယ်လ်နဲ့ သူ့ရှေ့နေစာရေးများ ထင်ရှားစွာ သိလာခဲ့ကြတယ်။ အတည်ဆုံးဖြတ်မှု ဆိုတာကတော့ တရားရုံးချုပ်က အမှုတစ်ခုကို တစ်ခါဆုံးဖြတ်ချက် ချပြီးခဲ့ရင် အဲဒီဆုံးဖြတ်ချက်ဟာ အမေရိကန်ပြည်သူတွေအတွက် ဥပဒေလို ဖြစ်လာခဲ့ခြင်းကို ဆိုလိုတာ ဖြစ်ပါတယ်။

ဇန်နဝါရီလ ၂၇ ရက်နေ့မှာ တရားရုံးချုပ်က တရားသူကြီးချုပ် ရဲန်းကွစ်ဇ်ရဲ့ ဆုံးဖြတ်ချက်တစ်ခုကို ကြေညာခဲ့ပါတယ်။

အဲဒါကတော့ တရားရုံးချုပ်ဟာ *ဘုသ်နှင့် ဂဲသားစ်အမှု* နှစ်ခုရဲ့ ဆုံးဖြတ်ချက်များကို ပြန်လည်ပြင်ဆင်လိုက်ကြောင်းနဲ့ သေကျေပျက်စီးသူ (အနိုပ်စက်ခံရသူ)အတွက် အကျိုးသက်ရောက်မှုအတွက် ထွက်ဆိုချက်



မာတိကာသို့ ▶▶

များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ကြောင်း ဆုံးဖြတ်ကြေညာချက် ဖြစ်ပါတော့တယ်။

ဒါပေမဲ့ အဲဒီဆုံးဖြတ်ကြေညာချက်ဟာ အဲဒီနေ့အတွက် သတင်းထူးကြီး မဖြစ်ခဲ့ဘူး။ သတင်းစာတွေထဲမှာ စာလုံးကြီးတွေနဲ့ ပါလာတဲ့ သတင်းထူးကြီးကတော့ သားဂွဒ် မာရှယ်လ် အနားယူပြီဆိုတဲ့ သတင်း ဖြစ်ခဲ့ပါတယ်။ မာရှယ်လ်က သမ္မတ ဘုရှ်ထံ တင်လိုက်တဲ့ ရိုးရိုးလေးနဲ့ အထင်အမြင်မှား စရာလည်းဖြစ်တဲ့ စာကို သတင်းစာတွေက ဖော်ပြခဲ့ပါတယ်။

ဇွန်လ (၂၇) ရက်၊ ၁၉၉၁

ခင်မင်လှစွာသော သမ္မတကြီးခင်ဗျား–

ပင်ပင်ပန်းပန်းလုပ်ရသည့် ရုံးအလုပ်များနှင့် တရားသူကြီးတစ်ဦး လုပ်ဆောင်ရန် လိုအပ်သော သို့မဟုတ် မျှော်လင့်သော အခြားဆက်စပ်နေသည့် တာဝန်ဝတ္တရားများသည် ယခုအခါတွင် ကျွန်တော်၏ အသက်အရွယ်ကြီးရင့်လာမှုနှင့် ကျန်းမာရေးအခြေအနေတို့နှင့် သဟဇာတမှု ရှိပုံမရတော့ပါ။

သို့ပါ၍ ကျွန်တော်၏နေရာတွင် အရည်အချင်းပြည့်သူတစ်ဦးအား ခန့်အပ်လိုက်သော အချိန်မှစ၍ ကျွန်တော်သည် အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်၏ တရားသူကြီးတစ်ဦးအဖြစ်မှ နုတ်ထွက်လိုက်ပြီ ဖြစ်ပါသည်။

လေးစားစွာဖြင့်

သားဂွဒ် မာရှယ်လ်



မာတိကာသို့ ▸▸

အဲဒီစာဟာ သံတမန်ဆန်ဆန် နုတ်ထွက်သွားမှုနဲ့ သရုပ်ပြ သင်္ကေတ ဖြစ်ပါတယ်။

စာထဲမှာ တရားရုံးချုပ်အစည်းအဝေးခန်းမရဲ့ အဆင့်အတန်းကို ညစ်ညမ်းစေတဲ့ ရန်ငြိုးတွေ၊ အာဃာတတွေ၊ ပုဂ္ဂိုလ်ရေး အစော်ကား ခံခဲ့ရမှုတွေကို တစ်ခုမှ ထည့်ရေးမထားဘူး။ *ပိန်းအမှု*ရဲ့ နောက်ဆုံး ပူးပေါင်း ဆုံးဖြတ်ချက် မတိုင်မီက ရေးခဲ့တဲ့ ညစ်ပတ်တဲ့ လျှို့ဝှက်မှတ်စုကြမ်းတွေ အကြောင်းကို လည်း မီးပြန်မထိုးခဲ့ပါ။

ဒါပေမဲ့ မာရှယ်လ်ဟာ နုတ်ထွက်စာ မတင်မီ နှစ်နာရီအလိုမှာ သူ့ရဲ့ သဘောထားကွဲလွဲမှု ကြေညာချက်ကို အောက်ပါအတိုင်း ထုတ်ပြန် ခဲ့ပါတယ်။

"ဤတရားရုံးချုပ်တွင် စီရင်ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ဆင်ခြင်တုံတရားသည် အဓိက မဟုတ်ဘဲ အာဏာသည် အများလက်ခံထား သည့် ဝါဒသစ်ဖြစ်သည်။ လွန်ခဲ့သော လေးနှစ်ကာလက သေကျေပျက်စီးသူ (အနိုပ်စက်ခံရသူ)အတွက် အကျိုးသက်ရောက်စေမှု အထောက်အထားများ ကို ကြီးလေးသောပြစ်မှု အတွက် စီရင်ချက်ချမည့် အဆင့်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တင်ပြခွင့် မရှိစေရဟု တရားသူကြီးများက ၅ မဲ၊ ၄ မဲ ဖြင့် ဆုံးဖြတ်ခဲ့ပါသည်။ လွန်ခဲ့ သော နှစ်နှစ်ကလည်း ထိုဆုံးဖြတ်ချက်ကို တိုက်ခိုက်ဝေဖန်ခဲ့ခြင်းကို ၅ မဲ၊ ၄ မဲ ဖြင့် ရှုံးနိမ့်အောင် လုပ်ပစ်နိုင်ခဲ့ကြပါ သည်"

"*ဘုသ်* နှင့် *ဂဲသား*စ်*အမှုများ*ကို ထောက်ခံသော အချက်အလက် များနှင့် ဥပဒေသည် လွန်ခဲ့သော လေးနှစ်အတွင်း၌ အပြောင်းအလဲမရှိ ခဲ့ပါ။ တရားရုံးချုပ်မှ တရားရေးဝန်ထမ်းများကသာ ပြောင်းလဲခဲ့ကြပါသည်"

တရားသူကြီးချုပ် ရဲန်းကွစ်ဇ်က မာရှယ်လ်ရဲ့ သဘောမတူ ရေး သားချက်ရဲ့ စူးရှမှုကို ကြိုတင်မှန်းဆနိုင်ရာ *ဘုသ်အမှု* သည် အနိုပ်စက်ခံရ သူကို "မမြင်သာတဲ့လူစိမ်း" သဖွယ် ပြစ်ဒဏ်ချမှတ်လိုက်မှာဖြစ်စေတယ် လို့



မာတိကာသို့ ▸▸

ရေးသားလိုက်ပါတယ်။ သူက ဆက်ပြီးတော့ *ဘုသ်* နှင့် *ဂဲသားစ်အမှုများ* တွင် နှာတစ်ဖျားမဲဖြင့် မှားယွင်းစွာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်လို့ ထိုဆုံးဖြတ်ချက်ကို ပယ်ဖျက်ပစ်ခဲ့ရသည်ဟု ခုခံပြောဆိုခဲ့ပါတယ်။

မာရှယ်လ်က တရားရုံးချုပ်၏ ဖြစ်ပေါ်ခဲ့သော ဆုံးဖြတ်ချက်များဟာ တရားရုံးမှာ ပါနေတဲ့ တရားသူကြီးအများရဲ့ ဉာဉ်တွေကြောင့် ဖြစ်တယ်လို့ နားလည်ရမှာဖြစ်ကြောင်း ပြန်ကလော်ခဲ့တယ်။ ပြီးတော့ ပြည်သူ့အခွင့်အရေး စစ်သည်တော်ကြီး မာရှယ်လ်က တရားရုံးချုပ်က ယခင်ဆုံးဖြတ်ချက်တွေကို ဘုရှ်အစိုးရက ပယ်ပြီး ပြန်ပြင်နိုင်စရာ အန္တရာယ်ရှိသော ဆုံးဖြတ်ချက် ၁၇ ခုကိုလည်း ရေတွက်ပြီး ပြခဲ့တယ်။

*ပိန်းအမှု* နဲ့ ပတ်သက်လို့ မာရှယ်လ်ရဲ့ ပေါက်ကွဲမှုကို ဆောင်းပါးရှင် ဂျိမ်း ကီလ်ပက်ထရစ်က ထောက်ခံရေးသားခဲ့တယ်။

"မာရှယ်လ်သည် ၄င်းနှင့် လုပ်ဖော်ကိုင်ဖက်များ၏ ဝတ်ရုံများကို ထိရောက်စွာ ခွာချပြနိုင်ခဲ့ပါသည်။ တရားသူကြီးများ သမိုင်းအစဉ်အဆက်တစ်လျှောက်လုံး ပိုက်လာခဲ့ကြသည့် လျှို့ဝှက်မှုများကို အရေခွဲခွာပြနိုင်ခဲ့ပါသည်။ တရားသူကြီး မာရှယ်လ်သည် ရိုးသားသည်။ အစဉ်လည်းရိုးသားသူဖြစ်သည်။ မာရှယ်လ်သည် လွန်ခဲ့သော အနှစ် ၈၀ က ချားလ်အီဗင်စ် ဟျူး (အမေရိကန်တရားသူကြီးနှင့် နိုင်ငံရေးခေါင်းဆောင် ၁၈၆၂–၁၉၄၈) အမှတ်တမဲ့ ပြောဆိုခဲ့သည့် 'ကျွန်ုပ်တို့သည် စာဖြင့် ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏အောက်တွင် နေထိုင်ကြသည်။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ တရားသူကြီးများ ပြောဆိုကြသမျှအတိုင်းဖြစ်သည်' ဆိုသောစကားကို ပြန်ပြောနေခြင်း ဖြစ်သည်။

"ကျွန်ုပ်တို့ အစိုးရသည် ဥပဒေများဖြင့် အုပ်ချုပ်သော အစိုးရဖြစ်ပါသလား။ မဟုတ်ပါ။ ကျွန်ုပ်တို့၏ အစိုးရသည် လူများ ပါဝင်အုပ်ချုပ်သော အစိုးရဖြစ်ပါသည်။ ဤစနစ်အတိုင်း အလုပ်လုပ်သွားရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်"



မာတိကာသို့

"သားဂွဒ် မာရှယ်လ်က တိုက်စစ်စကားလုံးဖုံးကြီးများဖြင့် နောက်ဆုံး ပစ်ထည့်သွားခြင်းကို ကျွန်ုပ်တို့ ကျေးဇူးတင်ကြပါစို့။ သူ၏ တရားရေးဘဝသက်တမ်းတွင် ယခုလို နုတ်ထွက်သွားခြင်းထက် ပိုပြီး လိုက်လျောညီထွေတာ ဘာမျှ မရှိခဲ့ပါ"

ဒါပေမဲ့ ခေတ်နောက်ကျန်သော အမေရိကတွင် ကီလ်ပက်ထရစ်လို တွေးခေါ်တတ်သူ၊ အကြင်နာကရုဏာထားသူများများ မရှိခဲ့ပါ။ သားဂွဒ် မာရှယ်လ် အနားယူသွားတာကိုကြည့်ပြီး ဝမ်းသာအားရဖြစ်ကာ ခါးခါးသီးသီး ရက်ရက်စက်စက် ဝေဖန်ခဲ့ကြသူတွေလည်း ရှိခဲ့ကြတယ်။

အမေရိကန် ယူနိုက်တက် ကော်န်ဆားဗတစ်အဖွဲ့ ဥက္ကဋ္ဌ ရစ်ချတ်ဗီဂါရီက "ဒီအချိန်ရောက်အောင် (မာရှယ်လ်နုတ်ထွက်ရန်) ကော်န်ဆားဗတစ်တွေ ဆယ်စုနှစ်တွေနဲ့ချီပြီး အားထုတ်ခဲ့ရတယ်။ တရားရုံးချုပ်မှာ ခေတ်နောက်ကျန်ခဲ့သူ တစ်ဦးရဲ့မဲ တစ်မဲထပ်ရရင် အသက်ဆုံးရှုံးကြရသူတွေအတွက်ထက် ရာဇဝတ်ကောင်တွေရဲ့ အခွင့်အရေးကို အကာအကွယ်ပေးဖို့ မဲဆွယ် တရားဟောမှုတွေ ပျောက်ကွယ်သွားရမှာဖြစ်တယ်" လို့။

ပင်္ဂိုသန္ဓေဖျက်ချခွင့်ဆန့်ကျင်ရေးသမားတစ်ဦးဖြစ်တဲ့ မိသားစုသုတေသနကောင်စီရဲ့ဥက္ကဋ္ဌ ဂယ်ရီ ဘောင်းဝါးကလည်း မာရှယ်လ်ကို "သူဘယ်တော့မှ ရာထူးကို စွန့်ခွာလိမ့်မယ် မထင်ဘူးလို့ ကျွန်တော်တွေးစပြုနေတာ" လို့ ပြောခဲ့ပါတယ်။

အော်ပရေးရှင်း ရက်စ်ကရူးလို့ခေါ်တဲ့ ကယ်တင်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သူ ရဲန်ဒေါလ်တယ်ရီကလည်း "တရားရုံးချုပ်မှာ မာရှယ်လ်ရဲ့ အယူအဆတွေကြောင့် အပြစ်မဲ့တဲ့ ယောကျ်ားလေး၊ မိန်းကလေးတွေ သတ်ဖြတ်မှု (ပင်္ဂိုသန္ဓေဖျက်ချခွင့်) ကို ဦးတည်စေခဲ့ပါတယ်" လို့ ဝေဖန်ခဲ့တယ်။

အပြင်းထန်ဆုံး အကဲဖြတ်ဝေဖန်မှုတစ်ခုကိုတော့ *ဝေါရှင်တင်တိုင်းမ်* သတင်းစာရဲ့ အချုပ်ပိုမဂ္ဂဇင်း *အင်ဆိုက်* ထဲမှာ ရှားလော့အယ်လင်က ရေးခဲ့တာ ဖြစ်ပါတယ်။ သူမက "မာရှယ်လ်ဟာ သူ့အချိန်သက်တမ်းကာလ



မာတိကာသို့ ▶▶

နဲ့ သူ့အားထုတ်မှုကို ဟုတ်တိပတ်တိ ဘာမှ ချန်မထားခဲ့ပါဘူး-- တရားရုံးချုပ်မှာ အရည်အချင်းပြည့်ဝတဲ့ တရားသူကြီး အများစုကြောင့် မာရှယ်လ်ဟာ ရထိုက်တာထက် နာမည်ပိုရခဲ့တာ ဖြစ်ပါတယ်။ မာရှယ်လ်ဟာ သက်တမ်း ၂၃ နှစ်တာဝန်ထမ်းဆောင်ခဲ့ရာမှာ သူ့အလုပ်တာဝန်ဝတ္တရားတွေကို အာရုံစိုက်မှု တစ်နေ့ထက်တစ်နေ့ လျော့နည်းခဲ့ပြီး သူ့အခန်းထဲမှာ ရုပ်မြင်သံကြားပဲ ကြည့်နေခဲ့သူဖြစ်ပါတယ်" လို့ ရေးသားခဲ့ပါတယ်။

ဆောင်းပါးရှင်ပေါလ် ကရိတ် ရောဘတ်စ်ဆိုသူကလည်း မာရှယ်လ်ကို ထိုးနှက်ဝေဖန်ရေးသားခဲ့တယ်။ သူက "အမေရိကန် တရားရေးလောကရဲ့ ဥပဒေရှေ့မှောက်မှာ တန်းတူညီမျှခွင့်ကို ဖျက်ဆီးပစ်အောင် ကူညီခဲ့တဲ့ လူတစ်ယောက်ကို ပြည်သူ့အခွင့်အရေးသူရဲကောင်းတစ်ဦးလို့ အကြွေးကြော်ခံခဲ့ရတာဟာ ဝမ်းနည်းစရာ မှတ်ချက်တစ်ခု ဖြစ်ပါတယ်။ သူ့ရဲ့ သက်တမ်း စောစောပိုင်းကာလမှာ နိုင်ငံသားအားလုံးအတွက် တရားဥပဒေအရ တန်းတူညီမျှမှု တိုးတက်ရေးကို အများကြီး ဆောင်ရွက်ခဲ့သူတစ်ဦးဟာ နောက်ဆုံးတော့ လူမျိုးရေးကွဲပြားတဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို အုတ်မြစ်ချပေးခြင်းနဲ့ အဆုံးသတ်သွားခဲ့ပုံဟာ ကျွန်တော်တို့အတွက် ကြေကွဲဝမ်းနည်းစရာ တစ်ခုဖြစ်ခဲ့ပါတယ်" လို့ ရေးသားခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီဝေဖန်ချက်တွေကို မာရှယ်လ် ဂရုစိုက်ပြီး ကိုယ့်အဖြစ်ကို ပြန်ပြီး ကရုဏာထားနေစရာ မလိုခဲ့ဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူ့ရဲ့ အတ္တစိတ်ကလေးရဲ့ ကျန်းမာရေးကို ကောင်းအောင် ထိန်းပေးနိုင်တဲ့ ချီးကျူးထောမနာပြုမှုတွေကလည်း အများကြီးရှိခဲ့လို့ ဖြစ်ပါတယ်။

ဟားဗတ်တက္ကသိုလ် ပါမောက္ခ အယ်လင် ဒါရှိုဝစ်ဇ်က "မာရှယ်လ်ရဲ့ခေတ်မှာ အနိမ့်ခံနင်းပြားတွေ၊ တစ်ပန်းရှုံးသူတွေနဲ့ လူနည်းစုတို့ရဲ့ အခွင့်အရေးတွေကို ခုခံကာကွယ်ခြင်းများနဲ့ ထူးခြားခဲ့ပါတယ်။ သူဟာ အမေရိကန်နိုင်ငံရဲ့ သမိုင်းမှာ ဒီလိုဆောင်ရွက်ခဲ့တဲ့ တစ်ဦးတည်းသော တရားသူကြီး ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ ထင်ရှားလှတဲ့ ရှေ့နေသက်တမ်းဘဝတစ်လျှောက်လုံးမှာ ဆင်းရဲသားများ၊ မဲဆန္ဒပေးခွင့် မရသူများနဲ့ လူမျိုးရေး



မာတိကာသို့ ▸▸

အဆင့်အတန်း ခွဲခြားခြင်း ခံရသူများအတွက်သာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ သူဟာ မှန်ကန်တဲ့ သဘောတရားကို အမြဲကိုင်တွယ်ထားသူပဲ။ သူ့လိုလူမျိုး လူတိုင်းက သတိရနေမှာပါ"

အမေရိကန်ရှေ့နေများအသင်း ဥက္ကဋ္ဌဖြစ်သူ ဂျွန် ကာတင်က လည်း သူ့အမြင်ကို ပြောပြခဲ့တယ်။

"ရှေ့နေတစ်ဦးအနေနဲ့ မာရှယ်လ်ရဲ့ အပြောအဆိုသွက်လက်မှုက ပြောရေးဆိုခွင့် မရှိသူတို့အတွက် အာဘော်ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့တရားရေးအမြင်တွေကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ယေဘုယျညွှန်ကြားချက်များကို အမေရိကန်ပြည်သူများရဲ့ အခွင့်အရေးအတွက် သတ်သတ်မှတ်မှတ် အကာအကွယ်ပေးမှုများအဖြစ် အသွင်ပြောင်းပေးခဲ့တယ်။ သူဟာ မူဝါဒသဘောတရားအတွက် ဘယ်အခါကမှ မပြတ်သားတဲ့ တွေဝေမှုမျိုး မရှိခဲ့ဘူး။ ကျွန်တော်တို့ဟာ သူ့ကို သတိရ တမ်းတနေမိကြတော့မှာပဲ"

မာရှယ်လ် အနားယူသွားတဲ့အတွက် လူမည်း သန်းပေါင်းများစွာက တုန်လှုပ်ခြောက်ခြားကြပြီး စိတ်နာကျင်မှု ဝေဒနာကို ခံစားခဲ့ကြရတယ်။ ဒါပေမဲ့ အမေရိကန်နိုင်ငံရဲ့ တရားဥပဒေသိပ္ပံပညာအတွက် သူ့ရဲ့အရေးပါမှုကို မျက်နှာဖြူများကလည်း အားပါပါနဲ့ သွက်သွက်လက်လက် အော်ဟစ် ချီးကျူးခဲ့ကြတယ်။

*ဝေါရှင်တင် ပို့စ်* သတင်းစာကြီးက အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့တယ်။

"သူ့ရဲ့ ခိုင်မာအားကောင်းလှတဲ့ သဘောအမြင် ကွဲလွဲချက်တွေက တရားခံတွေအတွက်သာမက ဆင်းရဲနွမ်းပါးသူများနဲ့ လူမျိုးရေးအဆင့်အတန်း ခွဲခြားမှုခံရတဲ့ သားကောင်များအတွက် ကိုယ်စားပြုပြောဆိုခဲ့တာဖြစ်ပါတယ်။ အဲဒီလူတန်းစားတွေဟာ သူ့ဘဝအလုပ်ရဲ့ အာရုံများဖြစ်ခဲ့တယ်။ မာရှယ်လ် မရှိတော့တဲ့အတွက် နောက်တစ်နှစ်ကျရင် တရားရုံးချုပ်မှာ ပိုမိုညီညွတ်တဲ့ စည်းရုံးမှု ဖြစ်ပေါ်လာပါလိမ့်မယ်။ အဲဒီလို ဖြစ်

လာမယ့်ကိစ္စဟာ နှစ်သိမ့်ကျေနပ်ဖွယ်ရာကောင်းမယ့် အလားအလာတစ်ခု တော့ မဟုတ်ပါဘူး"

နယူးယောက် တိုင်းမ် သတင်းစာကြီးကလည်း သူတို့အမြင်ကို ဖော်ပြခဲ့တယ်။

"တရားရုံးချုပ်မှာ မာရှယ်လ်ရှိခဲ့ခြင်းက လူ့အခွင့်အရေးများကို ဥပဒေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ဖြင့် အောင်မြင်မှုရအောင် ဆောင် ရွက်မှုကို သရုပ်ပေါ်စေပြီး ပိုမိုကျယ်ပြန့်စေခဲ့ပါတယ်။ သူ့ရဲ့ အနားယူသွား မှုဟာ ကြွယ်ဝ ထိုက်တန်ပြီး အချိန်အတော်ကြာကတည်းက မျှော်လင့်ထား ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူအနားယူသွားမှုဟာ သူတင်စားခဲ့တဲ့ အကြောင်းရင်းများအတွက်တော့ နာကျင်စေတဲ့ ထိခိုက်မှုတစ်ခု ဖြစ်တယ်။ သူထွက်သွားတာ ဟာ စိတ်ထိခိုက်စရာ ဖြစ်ပါတော့တယ်"

မာရှယ်လ်ဟာ ဇွန်လ ၂၈ ရက်နေ့မှာပါတဲ့ သူ့အကြောင်း သတင်းစာဖြတ်ပိုင်းတွေကို ဖတ်ဖို့ အာရုံမစိုက်နိုင်ခဲ့ဘူး။ သူ့မှာ စိုးရိမ် သောကတွေ ရှိနေတယ်။ သူ့ရာထူးနေရာကို ဘယ်လို ဖြည့်စွက်ရမလဲ ဆိုတာ သူ့မှာ သမ္မတဘုရှ်ကိုပြောဖို့ အာဏာလည်းမရှိ၊ အခွင့်အရေးလည်း မရှိဘူး။ ဒါပေမယ့်တရားရုံးချုပ်မှာ လူနည်းစုကိုယ်စား တစ်ယောက်ယောက် တော့ ထည့်သင့်တယ်ဆိုတဲ့ ပြလုံးနဲ့ ဘုရှ်က လူမည်းကော်န်ဆားဗတစ် တစ်ဦးကို ခန့်မှာမျိုးကို သူကြောက်နေတယ်။ မာရှယ်လ်လုပ်ခဲ့သမျှ အားလုံး ကို ဖျက်ပစ်မယ့်သူ တစ်ယောက်ယောက် ဖြစ်မှာစိုးတယ်။

မာရှယ်လ်ဟာ အနားယူပြီးနောက် နှစ်ရက်အကြာ ဇွန်လ ၂၉ ရက်နေ့မှာ သတင်းစာ ရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့တယ်။ ပြည်သူ့အခွင့်အရေး အတွက် တိုက်ပွဲနွှဲခဲ့တဲ့ စစ်မြင်းအိုကြီး မာရှယ်လ်ရဲ့စိတ်ထဲမှာ ဘာတွေ ရှိတယ်ဆိုတာကို အကဲခတ်နားလည်လို့ ရနိုင်တယ်။

မေး။ ။ လူကြီးမင်းရဲ့နေရာမှာ လူနည်းစုထဲက တရားသူကြီး

တစ်ဦးကို ခန့်ထားဖို့ သမ္မတမှာ အခွင့်အရေးရှိတယ်လို့ ထင်ပါသလား။

ဖြေ။ ။ဒီကိစ္စဟာ ကျိတ်ပြီးကြံရမယ့် ကိစ္စတစ်ခု မဖြစ်သင့်ဘူးလို့ ကျွန်တော်ထင်မိပါတယ်။ တစ်နည်းမဟုတ်တစ်နည်း ဆင်ခြေပေးတာမျိုး တစ်ခုလည်း မဖြစ်သင့်ဘူးလို့ ကျွန်တော်ထင်မိပါတယ်။

မေး။ ။ဘယ်လိုဟာမျိုးအတွက် ဆင်ခြေတစ်ခုပါလဲ။

ဖြေ။ ။အမှားကိုလုပ်တာမျိုးပေါ့။ သမ္မတက လူမှန်မဟုတ်တဲ့ နီးဂရိုးတစ်ဦးကို ကောက်ရွေးလိုက်ပြီး သူဟာ နီးဂရိုးဖြစ်လို့ ကျွန်တော်ကောက်ရွေးခဲ့တာပဲလို့ ပြောမယ့်အမှားမျိုးပါ။ ကျွန်တော်ကတော့ အဲဒါမျိုးကို ဆန့်ကျင်တယ်။ ကြာလှပါပြီ။ တစ်ခါတုန်းက ကျွန်တော့်အဖေက ကျွန်တော့်ကို ပြောခဲ့ဖူးတယ်။ မြွေအဖြူနဲ့မြွေအနက် ဘာမှ ကွဲပြားခြားနားမှု မရှိဘူး။ နှစ်ကောင်စလုံးက ကိုက်ကြမယ့်အကောင်တွေချည်းပဲတဲ့။

သမ္မတဘုရှ်ဟာ အဆိုးဆုံးအားဖြင့် လူမည်းဖောက်ပြန်ရေးသမားတစ်ဦးကိုဖြစ်စေ၊ အကောင်းဆုံးအားဖြင့် ဟစ္စပဲန်းနစ်လူမျိုးစုထဲက ကော်န်ဆားဗတစ်တစ်ဦးကိုဖြစ်စေ ခန့်ထားမှာကို မာရှယ်လ် စိုးရိမ်နေမှန်း ထင်ရှားနေတယ်။ အဲဒီတရားသူကြီးအသစ်ရဲ့ အသားအရောင်ကြောင့် ဆီးနိတ်အတည်ပြုခြင်းကို ငြင်းလို့ မရတော့ဆိုတဲ့ အကာအကွယ် ရလိမ့်မယ်လို့ ဘုရှ် ယူဆမှာကို စိုးရိမ်နေတယ်။

မေး။ ။တရားသူကြီးခင်ဗျာ၊ သမ္မတရဲ့ နိုင်ငံရေးအတွေးအခေါ်အရတော့ သူဟာ ကော်န်ဆားဗတစ်တစ်ဦးကို ရွေးချယ်လိမ့်မယ်ဆိုတာ မလွဲမသွေ ဖြစ်နိုင်ပါလိမ့်မယ်။

ဖြေ။ ။ပထမတစ်ချက်အနေနဲ့တော့ သမ္မတဘုရှ်ရဲ့ အတွေးအခေါ်က ဘယ်လိုလဲဆိုတာ ကျွန်တော် မသိပါဘူး။

မေး။ ။သူ့အတွေးအခေါ်က ဘယ်လိုလဲဆိုတာ သူ့ဟာသူကော သိတယ်လို့ ထင်မိပါသလား။

ဖြေ။ ။ သူသိသလား၊ မသိဘူးလားဆိုတာတွေ ကျွန်တော် မသိဘူး။ အဲဒါ ကျွန်တော့်အလုပ် မဟုတ်ဘူး။

မေး။ ။ လူကြီးမင်းရဲ့နေရာမှာ ကလဲရင့်စ် သောမတ်စ် ဆက်ခံဖို့အကြောင်းကို ဘယ်လိုထင်မိပါသလဲ။

ဖြေ။ ။ သမ္မတဟာ သူဘာလုပ်ဖို့ရှိတယ်ဆိုတာ သိတယ်။ လုပ်လည်း လုပ်သွားမှာပဲလို့ ကျွန်တော်ထင်မိပါတယ်။

သမ္မတ ဘုရှ်ဟာ ကလဲရင့်စ် သောမတ်စ်ကို ရာထားအဆိုပြုလိမ့်မယ်ဆိုတာကို မာရှယ်လ်က စိတ်ထဲက သိပေမဲ့ သူက စမပြောဘဲ သတင်းထောက်တစ်ယောက်ယောက်ကို ကလဲရင့်စ် သောမတ်စ်ရဲ့ နာမည်ကို စ အပြောခိုင်းလိုက်ပါတယ်။ မာရှယ်လ်က ဘုရှ်ကို သိမ်သိမ်မွေ့မွေ့ သတင်းပါးပေမယ့် ဘုရှ်က ဂရုစိုက်မှာ မဟုတ်ဘူးဆိုတာကိုလည်း မာရှယ်လ်သိထားတယ်။

မာရှယ်လ်ရဲ့ ရန်သူတွေရော၊ မိတ်ဆွေတွေကပါ အမှန်တရားလို့ နားလည်ထားတဲ့ ကိစ္စတစ်ခုအတွက် မာရှယ်လ်က သတင်းစာရှင်းလင်းပွဲမှာ ငြင်းဆိုခဲ့တဲ့အတွက် သူ့ရဲ့ ဂုဏ်သိက္ခာတော့ နည်းနည်းကျသွားခဲ့တယ်။

မေး။ ။ တရားသူကြီးမင်းဟာ သဘောထားအမြင် ကွဲလွဲတဲ့ဘက်မှာ ရောက်သွားလို့ ဒေါသဖြစ်၊ စိတ်ရှုပ်ပြီး အနားယူခဲ့တယ်မို့လား။

ဖြေ။ ။ ဘယ်သူက အဲဒီလိုပြောခဲ့သလဲ။

မေး။ ။ ဒီမနက်ထုတ် *နယူးယောက်တိုင်းမ်* သတင်းစာ မျက်နှာဖုံးမှာ ဖော်ပြထားတယ်။

ဖြေ။ ။ ကျွန်တော် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတယ်လို့ *နယူးယောက်တိုင်းမ်* သတင်းစာမျက်နှာဖုံးက ရေးထားသလား။

မေး။ ။ လူကြီးမင်းဟာ သဘောကွဲလွဲမှုနဲ့ ရင်ဆိုင်ရတော့ စိတ်ဆိုးဒေါသဖြစ်ခဲ့တယ်လို့လည်း ရေးထားတယ်။



မာတိကာသို့

မာရှယ်လ်။ ။ အဲဒါ ဝေခွဲမရနိုင်တဲ့ လိမ်ညာမှု နှစ်ခုပဲ။

မာရှယ်လ် ပြန်ဖြေပုံကို ကြားကြရတဲ့ မိတ်ဆွေတွေက အတော် စိတ်ညစ်သွားကြတယ်။ *ပိန်းအမှု* နဲ့ အခြားအမှုတွေမှာ သဘောကွဲလွဲတဲ့ စီရင်ချက် ရေးသားခဲ့တာကို ဖတ်ရသူတိုင်း မာရှယ်လ်ဟာ ဒေါသမီးတောက်ပြီး တရားရုံးချုပ်ကို နောက်ပိုင်း လာရောက်အမှုထမ်းတဲ့ တရားသူကြီးအချို့ အပေါ် လုံးဝ အမြင်မကြည်တာကို သိရပါတယ်။ ဒီလူတွေကို အမြင်ပြောင်း လဲအောင် မလုပ်နိုင်ဘူးဆိုတာလည်း သိပြီး အားမလို အားမရဖြစ်နေတာ၊ သူ့နေရာကို အစားထိုးမဲ့ လူမည်းတရားသူကြီးဟာ ဒီအမြင်ကျဉ်းတဲ့ တရားသူကြီးတွေနဲ့ ပူးပေါင်းမှာကို စိုးရိမ်နေတယ်ဆိုတာကို မာရှယ်လ်ရဲ့ မိတ်ဆွေတွေက သိကြပါတယ်။

မာရှယ်လ်ကို နှစ်ပေါင်းများစွာ သိလာခဲ့ကြ သူတွေကသာ သတင်းစာရှင်းလင်းပွဲမှာ မာရှယ်လ် ပြောဆိုသွားတဲ့ အပြုအမူကို နားလည် နိုင်ခဲ့ကြတယ်။ မာရှယ်လ်ဟာ ဘယ်အရာမှာမဆို အရှုံးကို ဝန်ခံရမှာ ဝန်လေး တယ်။ သူဟာ ငယ်ငယ်က ဘော်လ်တီမောမြို့မှာ သူ့ကို နီးဂရိုးလို့ ခေါ် တဲ့ မျက်နှာဖြူနဲ့ လက်သီးချင်းထိုးခဲ့ရာမှာ နိုင်ခဲ့တယ်။ တောင်ပိုင်းမှာ ကိုယ်ထိ လက်ရောက် ဘေးအန္တရာယ်နဲ့ ကြုံခဲ့ရတုန်းက သူ့ကို လည်ပင်း ကြိုးကွင်း စွပ် သတ်မယ့်လူတွေရဲ့ လက်ကလွတ်အောင် ဉာဏ်နီဉာဏ်နက်နဲ့ ပတ် ထွက်နိုင်ခဲ့တယ်။ ခွဲခြားပြီး တန်းတူညီမျှမှု ရရှိရေးကို အစွမ်းကုန် ဆန့်ကျင် ရေးကိစ္စ အငြင်းအခုံပွားမှုမှာ တခြားလူမည်းတွေအပေါ်မှာ သူအနိုင် ရခဲ့တယ်။ ငွေကြေးအင်အားထောက်ပံ့မှုကောင်းကောင်းရခဲ့တဲ့ ရှေ့နေ တွေနဲ့ ရင်ဆိုင် ခဲ့ရတဲ့အမှု ဒါဇင်ပေါင်းများစွာမှာ သူအနိုင်ရခဲ့တယ်။ ဆီးနိတ် ရဲ့ စိစစ်မှုကို ကျော်လွှားပြီး တရားရုံးချုပ်မှာ အောင်မြင်တဲ့ ပြည်ထောင် စု တရားသူကြီးတစ်ဦး ဖြစ်လာခဲ့တယ်။ အဲဒါကြောင့် မာရှယ်လ်အနေနဲ့ သတင်းထောက်တွေကို "ကျွန်တော်တော့ ရှုံးနေပါပြီ။ ဒါကြောင့် ကျွန်တော် နုတ်ထွက်ပါပြီ" လို့ပြောဖို့လမ်း လုံးဝမရှိခဲ့တာ ဖြစ်ပါတယ်။

သမ္မတရောင်၊ ဘုရှ်နဲ့ သူတို့ရဲ့နိုင်ငံတော်ရှေ့နေချုပ်များ၊ ရုံးထိုင်ရှေ့နေချုပ်များ၊ သူတို့နောက်ခံ့အပ်လိုက်တဲ့ တရားသူကြီးများက မာရှယ်လ် စိတ်ဓါတ်ပျောသွားအောင် ၁၂ နှစ်ကြာလုပ်ခဲ့ကြတယ်။ ဒါပေမဲ့ မာရှယ်လ်က ဘယ်လိုနည်းနဲ့မှ အရှုံးမပေးဘူးဆိုတာဟာ သူ့အတွက် ကြီးကြီးမားမား ဂုဏ်ယူစရာ ဖြစ်ခဲ့တယ်။ အမေရိကန်နိုင်ငံကြီး ဘယ်ဆီကို ဦးတည်သွားနေသလဲဆိုတဲ့ မာရှယ်လ်ရဲ့ စိတ်ပျက်လက်ပျက် ပြောဆိုသံ၊ သောကမအေးတဲ့ ညည်းညူသံတွေကို သူ့ဇနီး စီစီနဲ့ သူ့ရဲ့ရင်းနှီးတဲ့ မိတ်ဆွေတစ်စုလောက်သာ ကြားခဲ့ကြရပါတယ်။

သတင်းစာဆရာတွေ မသိခဲ့ကြဘဲ မာရှယ်လ်ပဲ သိခဲ့တာတစ်ခု ရှိခဲ့တယ်။ အဲဒါကတော့ သူဟာ သူ့ရဲ့ တရားရုံးချုပ် ရုံးကို နေ့တိုင်း တက်ရဦးမယ်။ သောမတ်စ် အပါအဝင် တခြားတရားသူကြီးတွေကို ညီနောင်တွေလို သဘောထားရမယ်ဆိုတာဖြစ်တယ်။ သူ့အနေနဲ့ တရားရုံးချုပ် ရဲ့ အရေးပါတဲ့ အစဉ်အလာသမ္မာ အရှိန်တစ်ခုဖြစ်တဲ့ ညီအစ်ကိုစိတ်ဓါတ် ထားရှိမှုကိုတော့ သူချိုးဖျက်လို့ မဖြစ်နိုင်ဘူး။

မာရှယ်လ်က ထပ်ခါတလဲလဲ ပြောခဲ့တယ်။

"ကျွန်တော့်အနေနဲ့ တရားရုံးချုပ်နဲ့ တရားသူကြီးတွေရဲ့ အပေါ်မှာ ဝေဖန်လိမ့်မယ် မဟုတ်ပါဘူး။ ဝေဖန်မှုတွေဟာ အစည်းအဝေးခန်းမထဲမှာသာ ဖြစ်ခဲ့ပြီး အစည်းအဝေးခန်းမထဲမှာ ကျန်ရစ်နေပါပြီ။ တရားသူကြီးများကိုဖြစ်စေ၊ အမှုများကိုဖြစ်စေ ကျွန်တော် မဝေဖန်တော့ဘူးဆိုတာ ၈၇ ကြိမ်မြောက် ထပ်ပြောပါရစေ။ ကျောင်းတွေမှာ လူဖြူလူမည်း တစ်စုတစ်ပေါင်းတည်း ပညာသင်ကြားရေးရဲ့ အနာဂတ်ကို ကျွန်တော်က ဘယ်လိုလုပ် ဝေဖန်ပြနိုင်ပါ့မလဲ"

မာရှယ်လ်နဲ့ပတ်သက်လို့ စာနယ်ဇင်းလောကနဲ့ ဥပဒေကျောင်းတွေက မေးနေဆဲ မေးခွန်း နှစ် ခုရှိခဲ့ပါတယ်။

"တရားရုံးချုပ်မှာ အမြင်ကျယ်တဲ့ လူမည်းလစ်ဘရယ်လ်တစ်ဦး



မာတိကာသို့

ပါခဲ့တဲ့အတွက် တကယ်ထူးခြားမှုတစ်ခု ဖြစ်စေခဲ့သလား"

"မာရှယ်လ်ဟာ တရားရေးလောကရှုခင်းကို တကယ်ပဲ ပြောင်းလဲစေခဲ့သလား"

တရားသူကြီးချုပ် ဝေါရင် ဘားဂါးက ၁၉၇၉ ခုနှစ်မှာ ကယ်လီဖိုးနီးယားတက္ကသိုလ်၊ လော့စ်အဲန်ဂျလိစ် (ယူစီအယ်လ်အေ) ကထုတ်ဝေတဲ့ *လူမည်းဥပဒေဂျာနယ်* မှာ အောက်ပါအတိုင်း အဖြေပေးရေးသားခဲ့ပါတယ်။

"အမေရိကန်ပြည်ထောင်စုတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ပတ်သက်တဲ့ဥပဒေ တိုးတက်မှုအတွက် သားဂွဒ် မာရှယ်လ် ဩဇာလွှမ်းမိုးခဲ့သော အတိုင်းအတာကို တရားသူကြီး အနည်းငယ်သာ မီခဲ့သည်"

ထိုစဉ်က ကိုလမ်ဘီးယားခရိုင် အယူခံတရားရုံး တရားသူကြီးချုပ် ဒေးဗစ် ဘာဇယ်လွန်ကလည်း "ပြည်သူ့အခွင့်အရေးများ ရရှိရေးနယ်ပယ်တွင် ဆင်းရဲသူများနှင့် အခွင့်အရေး မရှိသူများအား ကာကွယ်ရေးအတွက် မာရှယ်လ်၏ အဓိဋ္ဌာန်ထားရှိမှုသည် သူ၏ခေါင်းဆောင်မှုထက်ပင် သာလွန်ထင်ရှားခဲ့သည်" လို့ ရေးသားခဲ့ပါတယ်။

အမေရိကရဲ့ နာမည်အကျော်ကြားဆုံး တရားသူကြီးများစာရင်းထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ တရားသူကြီး အာဗင် ကော့ဖ်မဲန်းကလည်း မာရှယ်လ်အကြောင်းကို ထောက်ပြခဲ့တယ်။

"သားဂွဒ် မာရှယ်လ်ဟာ မယ်ရီလန်းပြည်နယ်မှာ လူငယ်ဘဝကတည်းက တစ်ဖက်သားကို ထိုးစစ်ပြောဆိုတတ်မှုနဲ့ အမြော်အမြင်တရားရှိခဲ့တယ်။ အဲဒီနှစ်ချက်ဟာ ရှေ့နေကောင်းကြီးတွေ ဖြစ်လာရေးအတွက် အဓိက အခြေခံအချက်တွေ ဖြစ်ပါတယ်"

မာရှယ်လ်ဟာ အမှုတစ်ခုကို လူသားရှုထောင့်က အလေးအနက်ထားကြည့်တယ်။ မှတ်ချက်သဘောထားရေးရင် ပြည်သူတွေအတွက် ရေးခဲ့တယ်။



မာတိကာသို့

၁၉၈၇ ခုနှစ်က အမေရိကန်နိုင်ငံဟာ ဖွဲ့စည်းပုံအနှစ် ၂၀၀ ပြည့် အထိမ်းအမှတ်အတွက် ပျော်ပွဲရွှင်ပွဲ၊ စားပွဲသောက်ပွဲ၊ အပျော်ကျူးပွဲ တွေနဲ့ ကျင်းပခဲ့ကြတယ်။ အဲဒီအချိန်မှာ ဟာဝေယံကျွန်းစုက မောအီကျွန်းမှာ ကျင်းပခဲ့တဲ့ ဆဲန်ဖရဲန်စစ္စကို ကုန်တံဆိပ်အမှတ်အသား မူပိုင်နှင့် ကုန်တံဆိပ် အမှတ်အသားဥပဒေအသင်းရဲ့ ညီလာခံမှာ မာရှယ်လ်ဟာ အောက်ပါအတိုင်း ဆင်ခြင်သုံးသပ်မှုနဲ့ ပြည့်ဝတဲ့ မိန့်ခွန်းကို ပြောကြားခဲ့ပါတယ်။

"ကျွန်တော်ကတော့ အမေရိကန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဖီလာဒဲလ်ဖီးယား အထူးညီလာခံက ထာဝရ ရာသက်ပန် အသေ သတ်မှတ်ပေးလိုက်တယ်လို့ မယုံကြည်မိ ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပေးခဲ့ကြသူတွေရဲ့ ဉာဏ်ပညာ၊ အမြော်အမြင်နဲ့တရားမျှတမှု စိတ်တို့ဟာလည်း အထူးခိုင်မာမှု ရှိခဲ့တယ်လို့ ကျွန်တော် မတွေးခဲ့မိပါဘူး။ တစ်ဖက် မှာ သူတို့ တည်ထွင်ဖွဲ့စည်းပေးခဲ့တဲ့ အစိုးရအဖွဲ့ဟာ စထွက် ကတည်းက အပြစ်အနာအဆာ ချွတ်ယွင်း အားနည်းချက်တွေ ရှိခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ပြုပြင် ပြောင်းလဲမှု တွေ အများကြီး လိုအပ်ခဲ့တယ်။ ပြည်တွင်းစစ်တစ်ခုကို ရင်ဆိုင် ခဲ့ရတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်တဲ့အစိုးရစနစ် ဖြစ်လာရေးအတွက် အခိုက်အတန့် အားဖြင့် လူမှုပြောင်းလဲ ရေးတွေ လုပ်ဖို့ လိုအပ်ခဲ့တယ်။ ဒီကနေ့ကာလ အခြေခံလိုအပ် ချက်တွေလို့ ကျွန်တော်တို့ ခံယူထားတဲ့ လူတစ်ဦးချင်းရဲ့ လွတ် လပ်ခွင့်နှင့် လူ့အခွင့်အရေးများကို လေးစားမှုရအောင် အပြောင်း အလဲတွေလုပ်ဖို့ လိုအပ်မှုတွေ ရှိခဲ့တယ်။

"ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဆင့်ကဲဆင့်ကဲ တိုးတက်ဖြစ်ပေါ်မှု သဘာဝကို ခံစားကြည့်နိုင်ဖို့ဆိုရင် အဲဒီဥပဒေရဲ့ ပဏာမ အချီးမှာ ဖော်ပြထားတဲ့ ပထမဆုံး စကားလုံး သုံးလုံးထက်ပိုပြီး



မာတိကာသို့ ▶▶

ကြည့်နေစရာ မလိုပါဘူး။ ပထမဆုံး စကားလုံးသုံးလုံးကတော့ **We the people** – 'ကျွန်ုပ်တို့ပြည်သူ များသည်' ဆိုတဲ့ စကားလုံးများ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ရေးဆွဲခဲ့ကြသူများဟာ ၁၇၈၇ ခုနှစ်က 'ကျွန်ုပ်တို့ပြည်သူများသည်' ဆိုတဲ့ စကားစုကို ရေးသားခဲ့ကြရာမှာ သူတို့စိတ်ထဲမှာ အမေရိကန်နိုင်ငံသား အများစုကို ထည့်မစဉ်းစားခဲ့ကြပါဘူး။ 'ကျွန်ုပ်တို့ ပြည်သူများသည်' ဆိုတဲ့ အထဲမှာ လွတ်လပ်တဲ့လူတွေအားလုံးကိုသာ ထည့်သွင်း တွက်ခဲ့ကြတာဖြစ်ပါတယ်။ ဥပမာပြောရရင် အလွန် အခြေခံကျတဲ့ မဲပေးခွင့် ကိစ္စမျိုးမှာ နီးဂရိုးကျွန်တွေကို ဘေးထုတ်ထား ခဲ့ကြပါတယ်။ လူဦးရေအချိုးကျကိုယ်စားပြုတဲ့ သတ်မှတ်ချက်တွေကျတော့ သူတို့ စာရင်းတွေကို ထည့်ကောက်ခဲ့ကြတယ်။ မဲပေးခွင့်ကျတော့ ချန်ထားခဲ့တယ်။ အမျိုးသမီးတွေဟာ နှစ်ပေါင်း ၁၃၀ ကျော်ကြာ မဲဆန္ဒပေးခွင့် မရခဲ့ကြဘူး"

"အဲဒီလို ဖြုတ်ထုတ်ချန်လှပ်ထားခဲ့မှုတွေဟာ ရည်ရွယ်ချက်နဲ့လုပ်ခဲ့ကြတာဖြစ်ပါတယ်။ ကျွန်များရဲ့ ပြဿနာနဲ့ ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့သူများရဲ့ အချေအတင် စကားစစ်ထိုးမှု မှတ်တမ်းတွေက ရှင်းရှင်းလေး သာဓကပြခဲ့ပါတယ်။ 'ကွန်ဂရက် လွှတ်တော်အား စီးပွားကုန်သွယ်မှု ထိန်းချုပ်ရေးနှင့် ကျွန်ရောင်းဝယ်မှုတို့ကို ဆက်လက်ပြုလုပ်နိုင်ရေးတို့ အတွက် ကျယ်ကျယ်ပြန့်ပြန့် အာဏာပေးအပ်ရန် တောင်ပိုင်း ပြည်နယ်များက နယူးအင်္ဂလန်ပြည်နယ်၏ တောင်းဆိုချက်များကို လိုက်လျော သဘောတူခဲ့သည်' လို့ မှတ်တမ်းကျန်ခဲ့ပါတယ်"

"အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အထူးအစည်း အဝေး



မာတိကာသို့ ››

ပြီးခဲ့လို့ နှစ်ပေါင်း ၇၀ နီးပါး ကြာခဲ့တော့မှ အမေရိကမှာ နီးဂရိုးတွေရဲ့ အခွင့်အရေးအတွက် ဖွဲ့စည်းပုံရေးဆွဲခဲ့သူများရဲ့ သဘောထားကိုပြန်ပြီး စိစစ်အတည်ပြုဖို့ ပြည်ထောင်စုတရားရုံးချုပ်က လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်စနစ်ပယ်ဖျက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် (၁၃) ကို ချမှတ် အတည်မပြုနိုင်ခင်မှာ သွေးချောင်းစီးတဲ့ပြည်တွင်းစစ်တစ်ခု ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ အနာဂတ် အမေရိကန် နိုင်ငံသားတွေ ကြုံရမယ့် ကျွန်စနစ်ရဲ့ အကျိုးဆက်တွေကိုတော့ ထည့်စဉ်းစားရာမှာ မပါခဲ့ဘူး။

"ဒါကြောင့် လွန်ခဲ့တဲ့ အနှစ် ၂၀၀ က ဖီလာဒဲလ်ဖီးယားမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို အာရုံစူးစိုက်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ မှန်ကန်စွာ ရှုမြင်သုံးသပ်မှု ပျောက်မသွားအောင် သတိထားဖို့ လိုပါတယ်။ အဲဒီလိုသာ မဟုတ်ခဲ့ရင် အမေရိကန်ပြည်သူ အများစုအတွက် အနှစ် ၂၀၀ ပြည့် အထိမ်းအမှတ်ကျင်းပပွဲကြီးဟာ အခုအခါမှာ အမျိုးသားသမိုင်းပြတိုက်ထဲမှာ သိမ်းထားတဲ့ မူလဖွဲ့စည်းပုံအခြေခံဥပဒေရှိရာ ဘုရားစင်ကို ရမ်းသန်းပြီး မျက်ကမ်းတစ္ဆေ ဘုရားဖူးခရီးထွက်တာမျိုးထက် ဘာမှ မပိုဘူးလို့ ဖြစ်သွားပါလိမ့်မယ်။

"အဲဒီလိုဖြစ်မယ့်အစား ကျွန်တော်တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မွေးရာပါ ချွတ်ယွင်းအားနည်းချက်တွေနဲ့ အနှစ် ၂၀၀ အတွင်းအလားအလာကောင်းတဲ့ ဆင့်ကဲဆင့်ကဲတိုးတက် ဖြစ်ပေါ်မှုတွေကို နားလည်အောင် လေ့လာကြည့်မယ်ဆိုရင် ဖီလာဒဲလ်ဖီးယားက အံ့သြ ဖွယ်ဖြစ်ရပ်အတွက် အမှတ်တရကျင်းပမှုဟာ အများကြီး ပိုပြီးအဓိပ္ပာယ်ရှိလိမ့်မယ်၊ ပိုပြီး ရို့ကျိုးတဲ့ အတွေ့အကြုံတစ်ခုလည်း ဖြစ်လိမ့်မယ်လို့ ကျွန်တော်မြင်မိပါတယ်။ အဲဒီကျရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါက်ဖွားလာခြင်းက တကယ့်



မာတိကာသို့

အစစ်အမှန် အံ့သြဖွယ်ရာ မဟုတ်ဘူး။ ဖွံ့ဖြိုးပုံအခြေခံဥပဒေ အသက်ရှင်နေခြင်းက အဓိက အံ့သြဖွယ်ရာ ဖြစ်တယ်ဆိုတာ တွေ့မြင်လာရလိမ့်မယ်၊ မှန်တိုင်းထန်တဲ့ အနှစ် ၂၀၀ လုံးလုံး အသက်ရှင်အောင် ကျွန်တော်တို့တစ်တွေ ပြုစုစောင့်ရှောက်ခဲ့တဲ့ ဖွံ့ဖြိုးပုံအခြေခံဥပဒေအသက်ရှင်မှုဖြစ်တယ်ဆိုတာ တွေ့မြင်လာရပါလိမ့်မယ်။"

"အဲဒါကြောင့် အခုအနှစ် ၂၀၀ အထိမ်းအမှတ်ကျင်းပပွဲမှာ ကျွန်တော်တို့အားလုံးဟာ အလဲတွေ ဇေ့ရမ်းတဲ့ ပွဲတော်မှာ ပါဝင်ဆင်နွှဲချင်မှ ဆင်နွှဲနိုင်ပါလိမ့်မယ်။ တချို့သူများကလည်း မူလဖွံ့ဖြိုးပုံအခြေခံဥပဒေရဲ့ အမှားတွေအပေါ်မှာ အောင်ပွဲခံနိုင်တဲ့ ဒုက္ခသုက္ခ ခံစားရမှု၊ ရှန်းကန်ကြိုးပမ်း တိုက်ပွဲဝင်ခဲ့ရမှုများရဲ့ အနှစ်သာခံမှုတွေကို ပြန်လည် ဆင်ခြင်သုံးသပ်ပြီး အကောင်အထည် မပေါ်သေး၊ မပြည့်စုံသေးတဲ့ မျှော်လင့်ချက်တွေနဲ့အတူ အေးအေးဆေးဆေး အထိမ်းအမှတ် ကျင်းပကောင်း ကျင်းပကြပါလိမ့်မယ်။"

"ကျွန်တော်ကတော့ ဖွံ့ဖြိုးပုံအခြေခံဥပဒေရဲ့အနှစ် ၂၀၀ အထိမ်းအမှတ်ကို ကျင်းပရာမှာ ပြည်သူ့ဥပဒေကြမ်းအပါအဝင် လူတစ်ဦးချင်းရဲ့ လွတ်လပ်ခွင့်နဲ့ လူ့အခွင့်အရေးများကို အကာအကွယ်ပေးတဲ့ တခြား ပြင်ဆင်ချက်တွေအတွက် သက်ရှိအထောက်အထားတစ်ခုအဖြစ် ကျင်းပသွားဖို့ ကြံစည်ထားပါတယ်။"

သမ္မတရေဂင်ရဲ့ လူမည်းဒလန်တစ်ဦးဖြစ်တဲ့ (ကွယ်လွန်သူ) ကလဲရင့်စ် ပင်ဒယ်လ်တင်က မာရှယ်လ်ကို သူငယ်ပြန်နေပြီလို့ ပြောခဲ့တယ်။ အဲဒီအချိန်က အလုပ်အကိုင်အခွင့်အရေး တန်းတူပေးရေးကော်မရှင်ရဲ့



မာတိကာသို့

ဥက္ကဋ္ဌဖြစ်သူ ကလဲရင့်စ် သောမတ်စ်ကလည်း မောအီကျွန်းမှာ ပြောခဲ့တဲ့ မာရှယ်လ်ရဲ့ မိန့်ခွန်းကို တိုက်စစ်ဆင်ခဲ့တယ်။

တကယ်တော့ အဲဒီနှစ်ဦးဟာ မာရှယ်လ်ရဲ့ ထင်ရှားတဲ့ အမှန်တရားတွေကို ပြောခဲ့တာတွေအပေါ်မှာ အကြိမ်များစွာ ထိုးစစ်ဆင်ခဲ့မှုတွေအပြင် ရုပ်မြင်သံကြားမှာ သားဂွဒ် မာရှယ်လ်နဲ့ စာရေးသူ ကားလ် ရိုဝင်တို့ ပြုလုပ်ခဲ့တဲ့ တွေ့ဆုံမေးမြန်းမှုမှာ မာရှယ်လ်ပြောခဲ့တဲ့ စကားတွေကြောင့် အကြီးအကျယ် ပိုပြီး အမျက်ဒေါသ ထွက်ခဲ့ကြတာ ဖြစ်ပါတယ်။

ရိုဝင်။ ။တရားသူကြီးမင်း အနေနဲ့ လူ့အခွင့်အရေးတွေအတွက် အပြင်းအထန် တိုက်ပွဲဝင်နေရတဲ့ နှစ်ကာလတွေမှာ အာဏာရခဲ့တဲ့ သမ္မတ တွေကို ပြန်လည် သုံးသပ်ကြည့်ပေးစေလိုပါတယ်။ ပြီးတော့ သမ္မတ တစ်ဦးချင်းရဲ့အပေါ်မှာ ထင်မြင်ချက်တွေကိုလည်း ကျွန်တော့်ကို ပြောပြ ပေးပါလား။ ကဲ---ကျွန်တော်တို့ သမ္မတ ရုစဗဲ့လ်ထ်က စကြရအောင်။

မာရှယ်။ ။ရုစဗဲ့လ်ထ်ဟာ နီးဂရိုးတွေအတွက် ဘာမှများများစားစား လုပ်ပေးသွားတယ်လို့ ကျွန်တော် မထင်မိဘူး။ ထရူးမင်းက သူလုပ်နိုင်တာတွေ အကုန်လုပ်ပေးသွားတယ်။ တောင်ပိုင်းအုပ်စုက ရုစဗဲ့လ်ထ်ကို ထိန်းချုပ်ခဲ့ကြတော့ ထရူးမင်းက လက်ပြောင်းယူပြီး တောင်ပိုင်းအုပ်စုတွေ ဘယ်မှာနေရမယ်ဆိုတာ ပြောခဲ့တယ်။ ပြီးတော့ တစ်ခုမှတ်ထားဦး။ ထရူးမင်းရဲ့ မိခင်ကြီးက နီးဂရိုးလိုလားမှုကို ဆန့်ကျင်တယ်။ ထရူးမင်းဟာ သူ့အမေကြီးကို သိပ်ကိုချစ်တာ၊ ဒါပေမဲ့ အမေ့ကိုချစ်ခဲ့ပေမယ့် အမေ့ရဲ့ ဆွဲဆောင်စည်းရုံးမှုကို လိုက်လျောမှု မပြုခဲ့ဘူး။

အိုက်ဆင်ဟောင်းဝါးကတော့ ကျောင်းတွေမှာ လူဖြူလူမည်းတွဲသင်ရေး ဆုံးဖြတ်ချက်ကို ပျက်အောင် ကြိုးစားခဲ့တာကလွဲရင် တခြားဘာမှ မလုပ်ခဲ့ဘူးလို့ ကျွန်တော် မထင်မိဘူး။



မာတိကာသို့

ရိုဝင်။ ။ကောင်းပါပြီ။ ကနေဒီကို ဆက်ကြရအောင်။

မာရှယ်လ်။ ။ကောင်းပြီလေ၊ ကနေဒီကို သူ့ညီ နိုင်ငံတော်ရှေ့နေချုပ် ရော ဘတ် ကနေဒီက ဆွဲထားခဲ့တယ်။ သူ့ညီက ဘာပြောခဲ့သလဲဆိုတော့ “ခင်ဗျား နီးဂရိုးတွေအတွက် ဘာတစ်ခုမှ လုပ်မပေးနဲ့နော်။ ခင်ဗျားပြန်ပြီး အရွေးမခံရဘဲ ဖြစ်သွားမယ်။ ခင်ဗျားပြန်အရွေးခံရပြီးတဲ့အထိ စောင့်ဦး။ အဲဒီကျမှ လုပ်ပေး” လို့ ပြောခဲ့တယ်။ အဲဒီနောက်တော့ သူလည်း အလုပ်ကြဲ ခံခဲ့ရတယ်။ ဂျွန်ဆင်မှာ အားလုံး အစီအစဉ်တွေရှိတယ်။ ဒါပေမယ့် ဂျွန်ဆင် ရဲ့အစီအစဉ်တွေက နီးဂရိုးတွေနဲ့ ပြည်သူ့အခွင့်အရေးတွေအတွက် ရွှေပြည်တော် မျှော်လေတိုင်းဝေး ဖြစ်ခဲ့ပါတယ်။

ရိုဝင်။ ။မျှော်လေတိုင်းဝေး၊ ဟုတ်လား။

မာရှယ်လ်။ ။ဂျွန်ဆင်ဟာ ဗီယက်နမ်စစ်ပွဲကြောင့် ကန့်အထုတ်ခံခဲ့ရတာ မဟုတ်ပါဘူး။ သူ့ကို ရှင်းပစ်ဖို့အတွက် ဗီယက်နမ် စစ်ပွဲကို ဆင်ခြေတစ်ခုအဖြစ်နဲ့ အသုံးချခဲ့ကြတာပါ။

ရိုဝင်။ ။ ဂျွန်ဆင်ဟာ ပြည်သူ့အခွင့်အရေးများအတွက် သမ္မတ တွေထဲမှာ အကြီးမားဆုံးသူလို့ ခင်ဗျားထင်ခဲ့တယ် မဟုတ်လား။

မာရှယ်လ်။ ။ကျွန်တော့်အမြင်ထဲမှာတော့ ဟုတ်ခဲ့ တယ်။ ကျွန်တော် သူနဲ့ အများကြီး စကားပြောခဲ့ဖူးတယ်။ အတော်ကောင်း တဲ့လူ တစ်ယောက်ပါ။ အကြောင်းအရာအခြေအနေအားလုံးကို သူသိတယ်။ သူနဲ့ စကားပြောရင် သိသင့်တဲ့ အခြေခံအချက်အလက်တွေကိုလည်း သိရတယ်။

ရိုဝင်။ ။ရစ်ချတ် နစ်ဆင်ကကော ဘယ်လိုပါလဲ။ ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုတွေဟာ နစ်ဆင်လက်ထက်ကစပြီး ကျဆင်းလာခဲ့တာ ဒီနေ့အထိပဲလို့ ထင်ကြသူတွေ ရှိပါတယ်။

မာရှယ်လ်။ ။နစ်ဆင်အကြောင်းနဲ့ ပတ်သက်လို့ ကျွန် တော့်မှာ ကိုယ်တွေ့ဇာတ်လမ်းတစ်ပုဒ် ရှိပါတယ်။ ၁၉၆၈ ခုနှစ်က ကျွန်တော် အဆုတ်

အအေးမိရောဂါနဲ့ ဘက်သက်စ်ဒါရေတပ်အခြေစိုက်စခန်းဆေးရုံမှာ ငါးပတ်၊ ခြောက်ပတ်လောက် တက်ခဲ့ရတယ်။ ကျွန်တော့်အခြေအနေက မကောင်းခဲ့ဘူး။ ကျွန်တော် နည်းနည်း နေကောင်းလာတဲ့အခါကျတော့ ရေတပ်စခန်းမှူးက ကျွန်တော့်ကိုပြောတယ်။ "ခင်ဗျားရဲ့ မကျန်းမာမှု အခြေအနေနဲ့ အလားအလာတွေကို အသေးစိတ် အစီရင်ခံစာတစ်ခု ပေးဖို့ ကျွန်တော့်ဆီမှာ တောင်းလာတာရှိတယ်။ ခင်ဗျားရဲ့ သဘောတူခွင့်ပြုချက် မရဘဲနဲ့တော့ ကျွန်တော် မပေးပါဘူး" တဲ့။ အဲဒါနဲ့ "ဘယ်သူက တောင်းတာလဲဗျ" လို့ ကျွန်တော်က မေးလိုက်တော့ "သမ္မတကြီးက လိုချင်တာပါ" လို့ ပြန်ဖြေပါတယ်။

ကျွန်တော်ကလည်း "ကောင်းပါပြီ ဗိုလ်ချုပ်ရယ်၊ ကျွန်တော့်ရဲ့ သဘောတူခွင့်ပြုချက်ကို ချွင်းချက်တစ်ခုနဲ့ ခင်ဗျားကို ကျွန်တော် ပေးပါမယ်။ အဲဒီချွင်းချက်ကတော့ အစီရင်ခံစာရဲ့ အောက်ဆုံးမှာ 'မသေသေးဘူး' ဆိုတဲ့ မှတ်ချက်တစ်ခုတော့ ထည့်ရေးပေးရမယ်"

သူကလည်း ကျွန်တော်ပြောတဲ့အတိုင်း လုပ်ခဲ့တယ်။

နစ်ဆင်အကြောင်း ကျွန်တော်မှတ်မိသလောက်ကတော့ အဲဒါပဲဗျ။

ရိုဝင်။ ။အဲဒီတော့ နစ်ဆင်က တရားရုံးချုပ်မှာ ခင်ဗျားရဲ့ နေရာကို တစ်ယောက်ယောက်နဲ့ လူစားထိုးဖို့ စိတ်သန်နေခဲ့တယ်ဆိုပါတော့၊ မဟုတ်လား။

မာရှယ်လ်။ ။ဟုတ်တာပေါ့ဗျာ။

ရိုဝင်။ ။(ဂျယ်ရာလ်ဒ်) ဖော့ဒ်ကျတော့ရော ဘယ်လိုပါလဲ။

မာရှယ်လ်။ ။ဘာမှ မရှိပါဘူး။ သူ့မှာ လုပ်ဖို့ကိုင်ဖို့ အခွင့်အရေးမှ မရလိုက်တာပဲ။

ရိုဝင်။ ။ကဲ – ဂျင်မီ ကာတာအကြောင်း ဆိုပါဦး။



မာတိကာသို့

မာရှယ်လ်။ ။ယေဘုယျပြောရရင်တော့ သူဟာ စိတ်နှလုံး ကောင်းတယ်လို့ ကျွန်တော် ထင်မိတယ်။ သူ့အကြောင်းကို ကျွန်တော့်မှာ အကောင်းဆုံး ပြောပြနိုင်တာ အဲဒါပဲ ရှိပါတယ်။

ထရူးမင်းက ထိပ်ဆုံးက ထွက်လာလိမ့်မယ်လို့ ကျွန်တော်ထင်မိပါတယ်။

ရိုဝင်။ ။အဲဒီလို ထင်တာလား။

မာရှယ်လ်။ ။ကျွန်တော် တကယ့်ကို ထင်တာပါ။

ရိုဝင်။ ။ဒါဖြင့် ရော်နာလ်ဒ် ရေဂင်ကို ဘယ်လိုထင်သလဲ။

မာရှယ်လ်။ ။အောက်ဆုံးမှာရှိမယ်။

ရိုဝင်။ ။အောက်ဆုံးမှာ---

မာရှယ်လ်။ ။ရိုးရိုးသားသားပြောတာပါ။ ရေဂင်ဟာ ဟူးဗားတို့ ဝိလ်ဆင်တို့ အုပ်စုနဲ့အတူ အောက်ဆုံးမှာရှိမယ်လို့ ထင်မိတယ်။ သူတို့လက်ထက်မှာ ကျွန်တော်တို့ ဘာမှ အခွင့်အရေး မရခဲ့ကြဘူး။

ရိုဝင်။ ။သူဟာ (ရေဂင်) အမေရိကန်နိုင်ငံရဲ့ သမ္မတတွေအားလုံးထဲမှာ ပေါ်ပြူလာအဖြစ်ဆုံး သမ္မတတစ်ယောက် ဖြစ်ခဲ့တာပဲ။

မာရှယ်လ်။ ။သူက သာမန်ရုပ်ရှင်မင်းသားတွေထက် ပိုပြီး ပေါ်ပြူလာဖြစ်လို့လား။ ရုပ်ရှင်မင်းသားတွေဆိုတာက ရေပန်းစားအောင် ဖက်ရှင်ထွင်ကြတဲ့လူတွေပါ။ ခင်ဗျား ရုပ်ရှင်မင်းသားတစ်ယောက်ကို ကြည့်ချင်သလား။ တစ်ယောက်လောက် သွားခေါ်လေဗျာ။

ရိုဝင်။ ။ဒါဖြင့် ခင်ဗျားပြောချင်တာက သမိုင်းရေးဆရာတွေက ရေဂင်ရဲ့ ရုပ်ရှင်လောကမှာ ထွန်းတောက်ခဲ့တာတွေကို ကျော်ကြည့်ပြီး သူ့ကို အောက်ဆုံးမှာထား ရေးကြလိမ့်မယ်လို့ ပြောချင်တာလား။



မာတိကာသို့ ▸▸

မာရှယ်လ်။။ကျွန်တော့်အမြင်မှာတော့ သူဟာ အဲဒီ အတိုင်းပဲ ဖြစ်ပါတယ်။

*　*　*

တရားရုံးချုပ်မှာ မာရှယ်လ်ရဲ့ ဩဇာလွှမ်းမိုးနိုင်စွမ်းနဲ့ ပတ်သက်လို့ မာရှယ်လ်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေဖြစ်တဲ့ တရားသူကြီး ဝီလျံ ဘရဲန်းနင်းထက် ပိုကောင်းအောင် ပြောပြနိုင်သူ မရှိခဲ့ပါဘူး။

"လူမျိုးရေးပြဿနာတွေက အထင်ရှားဆုံးဖြစ်နေတဲ့ ကျွန်တော်တို့ရဲ့ သမိုင်းရဲ့ ခေတ်တစ်ခေတ်၊ အချိန်တစ်ချိန်မှာ မာရှယ်လ်ဟာ သူ့ရဲ့ လူမျိုးရေး ရှုမြင်သုံးသပ်ချက်ကို သူ့ရဲ့ ကိုယ်တွေ့ အတွေ့အကြုံထဲက ဆွဲထုတ်ယူလာခဲ့တယ်။ သူ့လို အတွေ့အကြုံမျိုး မရှိတဲ့ ကျွန်တော်တို့အတွက် အဖိုးမဖြတ်နိုင်ခဲ့ပါဘူး။ သူဟာ ပုံပြောအလွန်ကောင်းသူလည်း ဖြစ်တယ်။ ဆွေးနွေးပွဲတွေမှာ တင်းမာမှုတွေ ဖြစ်နေရင် တင်းမာမှုကို လျော့သွားအောင် ပုံပြင်တစ်ခုခုနဲ့ ဖြိုခွဲတတ်တယ်။ ပြီးတော့ ပုံပြင်တစ်ခုကို နှစ်ခါထပ်ပြောတာမျိုးကို ကျွန်တော် တစ်ခါမှ မကြားခဲ့ရဖူးဘူး။

"သူ့ကိုယ်တွေ့တွေ့ထဲက အတွေ့အကြုံတွေ သူပြောပြတတ်တယ်။ မိုင်ပေါင်းများစွာ ခရီးကို မြင်းစီးသွားရပြီး လမ်းတစ်လျှောက်က စားသောက်ဆိုင်တစ်ခုထဲမှာ အသားညှပ်ပေါင်မုန့်တစ်ခုတောင် စားခွင့်မရ၊ ညကျတော့လည်း အိပ်စရာတစ်နေရာ ရှာမရ၊ အဲဒီနေရာဒေသကို ရောက်သွားတော့လည်း ရာဇဝတ်ပြစ်မှု တရားခံနဲ့ တခြား အမှုတွေအတွက် ခုခံပြောဆိုရ၊ ပြည်နယ်များများမှာ ကန့်ကွက်မှုတွေသာမက သူ့ကိုထိခိုက်စေမယ့် ကိုယ်ထိလက်ရောက် ဘေးအန္တရာယ်တွေ ရင်ဆိုင်ရတာမျိုးတွေ အကြောင်း ပြောပြတတ်တယ်။ ကျွန်တော်တို့ လိုက်ရမယ့် အမှုတွေမှာ



မာတိကာသို့ ▸▸

အဲဒီလိုဟာမျိုးတွေ ကြုံရတတ်တယ်ဆိုတဲ့ ဗဟုသုတတွေကို ကြားထားရတော့ တရားရုံးချုပ်က ကျွန်တော်တို့အားလုံးအတွက် အဖိုးမဖြတ်နိုင်ခဲ့ဘူး။

"သူကတော့ ဝန်ခံချင်မှ ဝန်ခံမယ်။ ဒါပေမဲ့ တိုးတက်မှုတွေက ပိုမမြန်ခဲ့ဘူး။ ပိုမကျယ်ပြန့်ခဲ့ဘူး။ အဲဒီလို ဖြစ်မလာခဲ့တဲ့အပြင် ရထားခဲ့တဲ့ အောင်မြင်မှုတွေတောင် ဆုတ်ယုတ်သွားမလားဆိုတဲ့ စိုးရိမ်မှုတွေက မာရှယ်လ်ကို စိတ်ပျက်စေခဲ့တယ်လို့ ကျွန်တော်ထင်မိပါတယ်။ သာမန်အားဖြင့်တော့ မာရှယ်လ်ဟာ အလွန်စိတ်ရှည်သူပါ။ ဒီလို ပြဿနာတွေအတွက် စိတ်ရှည်ဖို့ လိုတယ်ဆိုတာ သူသိပါတယ်။ အမြဲလည်း စိတ်ရှည်ခဲ့သူပါ။ ဒါပေမဲ့ အခုအခါမှာတော့ တချို့သူတွေရဲ့ လုပ်ဆောင်မှုကြောင့် ဆုံးရှုံးခဲ့ရတာတွေ သူတို့ဟာ ဆက်ပြီး ဆုံးရှုံးရအောင်လည်း လုပ်နိုင်ကြသူတွေပဲ ဆိုတဲ့အပေါ်မှာ မာရှယ်လ်ဟာ တစ်နေ့တခြား သည်းမခံနိုင်အောင် စိတ်မရှည်သူ ဖြစ်လာခဲ့ပါတယ်"

မာရှယ်လ်ဟာ သမ္မတရေဂင်ရဲ့ တရားရေးဆိုင်ရာ ရာထူး ခန့်အပ်မှုတွေအပေါ်မှာ သောကဖြစ်ခဲ့တယ်။ ရေဂင်ဟာ မျက်နှာဖြူအမျိုးသားတွေကို အများဆုံး ခန့်အပ်တာကိုလည်း မာရှယ်လ်က သိပြီး စိတ်ပျက်ခဲ့ရတယ်လို့ စာရေးသူက မှတ်ချက်ချပါတယ်။

"ဒီတိုင်းပြည်မှာ တရားမျှတမှုအတွက် အာမခံချက် ပေးနိုင်မယ့် နည်းလမ်း တစ်ခုပဲရှိတယ်။ အဲဒါကတော့ တရားရေးစနစ်မှာ လူမည်းများ၊ မိန်းမများနဲ့ လူအများစုကို ကိုယ်စားပြုသူများကို ထည့်သွင်းပေးဖို့ဖြစ်တယ်" မာရှယ်လ်က အဲဒီလို တစ်ခါက ပြောခဲ့ဖူးပါတယ်။

မာရှယ်လ်ရဲ့ ဟာဝိုင်းရီးမိန့်ခွန်းထဲမှာ မူလဖွဲ့စည်းပုံအခြေခံဥပဒေကို ဝေဖန်ခဲ့တဲ့အတွက် ပြင်းထန်တဲ့ ဂယက်ရိုက်မှုတွေ ဖြစ်ခဲ့တယ်။ ရုပ်မြင်သံကြား တွေ့ဆုံဆွေးနွေးခန်းမှာလည်း သမ္မတများရဲ့ အဆင့်အတန်းကို ခွဲခြားသတ်မှတ်ပြခဲ့ပြီး အနားယူသွားတဲ့ သမ္မတဟောင်းတစ်ဦးကိုလည်း ဝေဖန်ပြခဲ့တယ်။



မာတိကာသို့

"မာရှယ်လ်ပြောခဲ့တာတွေဟာ လွန်သွားခဲ့သလား"

အဲဒီမေးခွန်းကို တရားသူကြီး ဝီလျံ ဘရဲန်းနင်းက ပြန်ဖြေခဲ့တယ်။

"ကျွန်တော့်အမြင်မှာတော့ သားဂွဒ် ပြောသမျှ တစ်ခုမှ မလွန်ခဲ့ပါဘူး" တဲ့။



မာတိကာသို့

# အခန်း (၂၃)

## ကလဲရင့်စ် သောမတ်စ်၏ အမယ်ဘုတ်ကဲ့သို့ ချည်ခင်

တရားသူကြီး မာရှယ်လ်က သူ့အနေနဲ့ သူ့နေရာကို ဆက်ခံဖို့ သမ္မတ ဘုရှ်ရာထားလိုက်တဲ့ သူတစ်ဦးအပေါ်မှာ လူသိရှင်ကြား ဝေဖန်ပြောဆိုခွင့် မရှိဘူးဆိုတာ သိခဲ့တယ်။ မာရှယ်လ်အနားယူခဲ့ပြီးတဲ့နောက် လေးရက်အကြာမှာ မိန်းပြည်နယ် ကင်နီဘန့်ဖော့ထ်ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းက ဘုရှ်ရဲ့ဘေးမှာ ကလဲရင့်စ် သောမတ်စ်ကို တွေ့လိုက်ရတယ်။ အဲဒီမြင်ကွင်းကို မာရှယ်လ်ကလွဲလို့ ဘယ်အမေရိကန်တစ်ဦးမှ စိတ်ဝင်စားမှုနဲ့ရော၊ ပူပင်စိတ်နဲ့ရော မကြည့်ရှုခဲ့မိကြဘူး။

ဘုရှ်က နှစ်ယောက်တည်း စကားပြောဆို ဆွေးနွေးအပြီးမှာ ကလဲရင့်စ် သောမတ်စ်ကို အဆိုပြုလျာထားဖို့ ဆုံးဖြတ်ခဲ့တယ်လို့ ကြေညာလိုက်တယ်။ ကလဲရင့်စ်ကို ရုံးတော်မှာ အငြင်းပွားနေတဲ့ ပဋိသန္ဓေ ဖျက်ချခွင့်



မာတိကာသို့

အကြောင်းတို့၊ တခြားအကြောင်းတို့ကို စိစစ်မေးမြန်းမှု မလုပ်တော့ဘူးလို့ ဘုရှ်က ထုတ် ဖော်ပြောခဲ့တယ်။ ကလဲရင့်စ် သောမတ်စ်ဟာ တရားရုံးချုပ်ရဲ့ ၁၀၆ ယောက်မြောက် တရားသူကြီးနဲ့ ဒုတိယမြောက်လူမည်းတရားသူကြီး ဖြစ်လာမယ့်သူ ဖြစ်ပါတယ်။ ဘုရှ်က ကလဲရင့်စ် သောမတ်စ်ကို အောက်ပါ အတိုင်း မှတ်ချက်ချ ပြောဆိုခဲ့တယ်။

"သူဟာ ကြီးမားတဲ့ တရားသူကြီးတစ်ဦး ဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်တော် ယုံကြည်တယ်။ ဒီပုဂ္ဂိုလ်ရဲ့အလုပ်ကို အချိန်အတော်ကြာကတည်း က ကျွန်တော်စောင့်ပြီး လေ့လာကြည့်ခဲ့မိပါတယ်။ သူကြိုးစားအားထုတ်ပြီး လုပ်ခဲ့တဲ့ အရာမှန်သမျှမှာ ထူးချွန်သူ ဖြစ်ပါတယ်။ သူဟာ နှစ်မြို့ဖွယ် ကောင်းသူ၊ အသိဉာဏ်ထက်မြက်သူ၊ ခင်မင်ဖော်ရွေသူ၊ ကိုယ်ချင်းစာတရား အလွန်ရှိသူ၊ ပြီးတော့ အံ့သြဖွယ်ကောင်းအောင် ဟာသဉာဏ်ရွှင်သူတစ်ဦး ဖြစ်ပါတယ်။ သူ့မှာ အကောင်းဆုံးသော တရားဥပဒေအသိစိတ် ရှိတယ်။ အမေရိကန်ပြည်သူအားလုံးအတွက် တန်းတူညီမျှတဲ့ အခွင့်အရေး ရရှိရေး အတွက် ခံစားချက်အပြည့်နဲ့ ယုံကြည်မှုရှိပြီး ပြင်းပြင်းထန်ထန် လွတ်လပ် စွာ တွေးခေါ်သူဖြစ်တယ်။ တရားသူကြီး သောမတ်စ်ဟာ အမေရိကန် ပြည်သူအားလုံးအတွက် စံနမူနာတစ်ခုဖြစ်တယ်။ ဒါကြောင့် သူဟာ တရား ရုံးချုပ်ရဲ့ တရားသူကြီးကုလားထိုင်ပေါ်မှာ ထိုင်နိုင်ခွင့်ကို ထိုက်ထိုက်တန်တန် ရရှိခဲ့တာ ဖြစ်ပါတယ်"

သောမတ်စ်က အောက်ပါအတိုင်း မျက်ရည်စို့စွာနဲ့ ပြန်လည် တုံ့ပြန်ပြောဆိုခဲ့ပါတယ်။

"ကလေးဘဝတုန်းက တရားရုံးချုပ်ကို မြင်ဖူးလိမ့်မယ်လို့တောင် ကျွန်တော့်စိတ်ကူးထဲမှာ အိပ်မက် မမက်ရဲခဲ့ပါဘူး။ အခုလို ရာထူးလျာထား ခြင်းခံရဖို့ဆိုတာ ထည့်မပြောပါနဲ့တော့။ ကျွန်တော့်အမြင်မှာတော့ ဒါမျိုး ဟာ အမေရိကန်နိုင်ငံ တစ်ခုတည်းမှာသာ ဖြစ်နိုင်ခဲ့လိမ့်မယ်လို့ ထင်ပါ တယ်"

"အမေရိကန်နိုင်ငံ တစ်ခုတည်းမှာသာ---" တဲ့။ အဲဒီစကားလုံး



မာတိကာသို့

ကို လူမည်းတစ်ယောက်ရဲ့ ပါးစပ်က ထွက်လာခဲ့တော့ မျိုးချစ်စိတ်ဓါတ် မရှိတဲ့ မျက်နှာဖြူများရဲ့ ဆန့်ကျင်မှုသာ ရှိနိုင်စရာအကြောင်း ဆိုက်ခဲ့ပါတယ်။ ဘုရှ်ကတော့ ကလဲရင့်စ် သောမတ်စ်ကို လွတ်လပ်တဲ့ လူမည်းဒီမိုကရက်တစ်တွေနဲ့ ကော်န်ဆားဗတစ် မျက်နှာဖြူများရဲ့ ချီးကျူးသြဘာပေးမှုကို ရလိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်။

ဒါပေမဲ့ အမေရိကန်အမြောက်အမြားက ကန့်ကွက်ခဲ့ကြတယ်။ "အမေရိကန်လမ်းစဉ်အတွက် ပြည်သူများအဖွဲ့" ရဲ့ ဥက္ကဋ္ဌဖြစ်သူ အာသာ ကရောပ်က "သောမတ်စ်ကို အဆိုပြုလျာထားခြင်းဟာ ဒုက္ခရောက်ဖို့ပဲ။ သောမတ်စ်ဟာ ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုအားလုံးကို မလိုမုန်းတီးသူ၊ ရန်လိုသူဖြစ်တယ်" လို့ ပြောခဲ့တယ်။ အမျိုးသားမြို့ပြအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌဖြစ်သူ ဂျွန် ဂျက်ကော့ပ်ကလည်း သောမတ်စ်အပေါ် အကြီးအကျယ် သံသယရှိမှုကို ထုတ်ပြောခဲ့တယ်။ သောမတ်စ်ဟာ လူနည်းစုနဲ့ အခွင့်အရေးနိမ့်သူတွေကို ကာကွယ်မှု မပေးဘူးလို့ မာရှယ်လ်ရဲ့ ရုံးနံ့ရုံတွေထဲက ပဲ့တင်ထွက်လာမယ့် စွပ်စွဲချက်တွေကို နားကြားမယ့်သူ မဟုတ်ဘူးလို့ထင်ကြောင်း ပြောခဲ့တယ်။ အဲန်အေအေစီပီခေါင်းဆောင် ဘန်ဂျမင် ဟွတ်စ်ကလည်း သမ္မတ ဘုရှ်ကို သတိပေးစကား ပြောခဲ့တယ်။ ဘုရှ်အနေနဲ့ ပြည်သူ့အခွင့်အရေး အသိုင်းအဝိုင်းက လက်မခံနိုင်တဲ့ သူတစ်ဦးကို အဆိုပြုခဲ့မယ်ဆိုရင် ဘုရှ်ဟာ သောမတ်စ်ကို အတည်ပြုရေးအတွက် စစ်ပွဲတကာရဲ့ စစ်ပွဲကို ရင်ဆိုင်ရလိမ့်မယ်လို့ သတိပေးခဲ့ပါတယ်။

အဲဒီတစ်ချိန်တည်းမှာပဲ သတင်းစာတွေကလည်း ကလဲရင့်စ်ရဲ့ နိုင်ငံရေးနဲ့ လူမှုရေးအမြင်များထက် သူ့ရဲ့အတိတ်က ဆင်းရဲခဲ့မှုကို ဦးစားပေးဖော်ပြခဲ့ကြတယ်။ *နယူးယောက်တိုင်းမ်* သတင်းစာက မျက်နှာဖုံးစာမျက်နှာမှာ "ဆင်းရဲခြင်းဘဝမှ အမေရိကန်တရားသူကြီးဘဝသို့" လို့ ဖော်ပြခဲ့တယ်။ *ဝေါရှင်တင်ပို့စ်* သတင်းစာကလည်း "ကိုယ့်ဒူးကိုယ်ချွန် ကော်န်ဆားဗတစ် " လို့ ခေါင်းစီးပေးဖော်ပြခဲ့တယ်။

အဲဒီအချိန်က မာရှယ်လ်ကို အနားယူပြီးတဲ့အချိန်အထိ အရေးပါ



မာတိကာသို့ ▶▶

တဲ့ ပြည်ထောင်စုတရားရုံးအမှုတွေမှာ ပါဝင်ဆွေးနွေးဆောင်ရွက်ခွင့် ပေးထားခဲ့တယ်။ ဒါပေမဲ့ ကလဲရင့်စ် သောမတ်စ်ကိစ္စမှာတော့ မာရှယ်လ်ဟာ နှုတ်အပိတ်ခံခဲ့ရတယ်။ အဲဒီအချိန်မှာ ထောင်ပေါင်းများစွာသော လူမည်းခေါင်းဆောင်တွေဟာလည်း အကျဉ်းအကျပ် ဒုက္ခနဲ့ တွေ့ခဲ့ကြတယ်။ လူမည်းလက်ယာယိမ်းဝါဒီတစ်ဦးကို ဆန့်ကျင်ကန့်ကွက်ဖို့အတွက် အခက်ကြုံခဲ့ရတယ်။ သူ့ကို ကန့်ကွက်လိုက်ရင် ဘုရှ်က အမေရိကန် လူနည်းစုတွေအပေါ်မှာ ပိုပြီး ရန်လိုမယ့် သဘောထားရှိတဲ့ မျက်နှာဖြူ လက်ယာယိမ်းဝါဒီတစ်ယောက်ကို ခန့်အပ်လိုက်မှာကိုလည်း တွေးပြီး စိုးရိမ်ခဲ့မိကြတယ်။

မာရှယ်လ်က သောမတ်စ်နဲ့ပတ်သက်လို့ ပြဿနာရေးရာရော၊ သူ့ဘဝကို လွှမ်းမိုးစေခဲ့တဲ့ အကြောင်းရင်းတွေကိုရော မြင်ခဲ့သူဖြစ်တယ်။ သောမတ်စ်ဟာ လူမည်းတွေအတွက် အခွင့်အရေးရဖို့ "အခိုင်အမာအစီအစဉ်" ကို "သူများအပေါ် မှီခိုအားထားမှု မူးယစ်ဆေးဝါးတစ်ခု" လို့ လှောင်ပြောင် ပျက်ရယ်ပြုခဲ့ဖူးတယ်။ သောမတ်စ်အနေနဲ့ လူမည်းနဲ့ လူနည်းစုအတွက် အခွင့်အရေးရဖို့ အခိုင်အမာအစီအစဉ်ထောင်ပေါင်းများစွာရဲ့ ရလဒ်တွေကို ရရှိခဲ့သည့်အပြင် ယေးလ်တက္ကသိုလ်ဥပဒေကျောင်းဝင်တဲ့အခါမှာလည်း လူနည်းစုကိုတာအရ တက်ရောက်ခွင့်ရခဲ့သူဖြစ်မှန်း မာရှယ်လ်သိပြီး ဖြစ်သည်။ အခုလို အောင်မြင်တဲ့အချိန်ကျမှသာ သောမတ်စ်က လူမည်းများအတွက် အခွင့်အရေးရဖို့ အခိုင်အမာအစီအစဉ်ကို ပစ်ပစ်ပယ်ပယ် ဝေဖန်တာကို မာရှယ်လ်က အံ့သြမဆုံးဖြစ်နေပါတယ်။ အဲဒီလိုလူတွေနဲ့ ပတ်သက်လို့ "ကိုယ့်ကိုယ်ကိုယ် ရောင်းစားတဲ့ ခွေးမသားလူမည်းတွေ" လို့ မာရှယ်လ်က နည်းမျိုးစုံနဲ့ ကျိန်ဆဲ ပြောခဲ့တာ အနှစ် ၄၀ ကျော်ခဲ့ပါပြီ။

မာရှယ်လ် အငြိမ်းစားယူပြီး ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ သမ္မတ ဘုရှ်က အမှားတစ်ခုကို လုပ်ဖို့ အကာအကွယ်တစ်ခုကို အသုံးချနိုင်တယ်လို့ မာရှယ်လ်က ပြောခဲ့ပါတယ်။ အမှန်တော့ သူ့နေရာမှာ သောမတ်စ်လို ကော်န်ဆားဗတစ်လူမည်းတစ်ဦးကို လျာထားခြင်းဟာ လူမည်းတွေကို လစ်ဘရယ်လ်တွေနဲ့ အလယ်အလတ် လမ်းစဉ်သမားတွေကို ကွဲသွားအောင်၊ အားလျော့သွားအောင် ဘုရှ်က သွေးခွဲမှာ ဖြစ်တယ်လို့



မာတိကာသို့

မာရှယ်လ်က ဆိုလိုခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုလုပ်တာ ဟာ သမ္မတ ဘုရှ်ရဲ့ ကျင်လည်ပါးနပ်တဲ့ နိုင်ငံရေးကျားကွက်တစ်ခု ဖြစ်တယ် ဆိုတာ မာရှယ်လ်သိခဲ့တယ်။

ကလဲရင့်စ် သောမတ်စ်ရဲ့ အသားအရောင်က အမေရိကန်လူမည်းအားလုံးကို အယုံမသွင်းနိုင်ခဲ့ဘူး။ ဟားဗတ်တက္ကသိုလ်က ပါမောက္ခ ဒဲရစ် ဘဲလ်က သောမတ်စ်ကို လျာထားလိုက်မှုကြောင့် သူဟာ အထိတ်တလန့် ဖြစ်ခဲ့ရပြီး အစော်ကားခံလိုက်ရတယ်လို့ ထုတ်ပြောခဲ့ပါတယ်။ တခြား လူမည်းခေါင်းဆောင်တွေကလည်း သောမတ်စ်ဟာ လူမည်းတွေရဲ့ မျှော် လင့်ချက်များနဲ့ အိပ်မက်များကို ပျက်စီးအောင် လုပ်မယ့်နေရာမှာ ဘုရှ်ခန့် လို့ရနိုင်တဲ့ တခြားမျက်နှာဖြူကော်န်ဆာဗတစ် တစ်ဦးဦးထက် ပိုဆိုးလိမ့်မယ်၊ သောမတ်စ်ဟာ တရားရုံးချုပ်ရဲ့ မျက်နှာဖြူလိုလားမှု အသိစိတ်ခါတ်ကို ကာကွယ်ပေးမှာဖြစ်လို့ပဲလို့ ပြောခဲ့ကြတယ်။ တစ်ဖက်မှာလည်း ဝေါ်ရှင်တင်မြို့တော်ရဲ့လူမည်းဟောပြောပွဲတစ်ခုမှာ အိမ်ခံလူမည်းတစ်ယောက်က ပြောသွားတဲ့ စကားတစ်ခွန်းက လူမည်း သန်းပေါင်းများစွာရဲ့ အမြင်ကို ဖော်ပြခဲ့ပြန်တယ်။ "တရားရုံးချုပ်မှာ လူမည်းတစ်ဦးဦး ပါဝင်နေတာက တခြား မျက်နှာဖြူတစ်ဦးပါနေတာထက် ကျွန်တော်တို့အတွက် ပိုပြီးကောင်းပါလိမ့် မယ်" လို့ ပြောသွားခဲ့တာ ဖြစ်ပါတယ်။

လူမည်းတွေက မာရှယ်လ်ကို ဒီကိစ္စ ဝင်ပါစေချင်ပါတယ်။ ဒါပေမယ့် သူ့ခမျာ ပါးစပ်ပိတ်ထားရတဲ့ အနေအထားမှာ ရှိနေပါတယ်။ ဒီကြားထဲ အဲန်အေအေစီပီရဲ့ အမှုဆောင်ဒါရိုက်တာ ဘဲန်ဂျမင် ဟွတ်ခ်စ်က သောမတ်စ်ကို ထောက် ခံလိုက်ပြန်ရော။ သူပြောတာကတော့ အဲန်အေအေစီပီအဖွဲ့ရဲ့ အဖွဲ့ခွဲတွေ တချို့က "ဘယ်လူမည်းမဆို တရားရုံးချုပ်မှာ တာဝန်ထမ်းဆောင်ရင် ကောင်းတာပဲ" လို့ဆိုပြီး ထောက်ခံမှုတွေပြုနေတာကြောင့် သူလည်းပဲ ထောက်ခံရ တာပါပဲတဲ့။

၁၉၉၂ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှာတော့ *ဘော်လ်တီမော ဆန်း* သတင်းစာထဲမှာ အံ့ဩစရာကောင်းတဲ့ ဆောင်းပါးတစ်ပုဒ် ပါလာခဲ့တယ်။



မာတိကာသို့ ▶▶

ဆောင်းပါးထဲမှာ ဘုရှ်က သောမတ်စ်ကို လျှာထားနိုင်အောင်နဲ့ အဲန်အေအေ စီပီက ဘဲန်ဂျမင် ဟွတ်ခ်စ်က ထ,မကန့်ကွက်နိုင်အောင် အာ့ချ် ပါဆင်စ် ဆိုသူ ဟာ ဟွတ်ခ်စ်ကို မလှုပ်နိုင်အောင် လှုပ်ရှားကိုင်တွယ်ခဲ့ကြောင်းနဲ့ ပြီးတော့မှ ဘုရှ်ထံ သတင်းစကားပါးခဲ့ကြောင်း ရေးသားထားပါတယ်။ ပါဆင်စ်ဟာ အသက် ၆၆ နှစ်ရှိပြီး သတင်းစာက အနားယူခဲ့ပြီဖြစ်တယ်။

ပါဆင်စ်က သူဟာ သောမတ်စ်ရဲ့ မိတ်ဆွေတစ်ဦးဖြစ်ကြောင်း၊ မာရှယ်လ်ရဲ့နေရာမှာ သောမတ်စ်ကို အစားထိုးစေချင်တဲ့ဆန္ဒရှိခဲ့ကြောင်း၊ ဟွတ်ခ်စ်က သူနဲ့ အဲန် အေအေစီပီတို့ဟာ သောမတ်စ်ကို လည်ပင်းကြိုး ကွင်းစွပ်သတ်မယ့် လူအုပ် ထဲမှာ မပါဘူးလို့ ကတိပေးခဲ့ပုံကို အိမ်ဖြူတော် ကို စကားလက်ဆင့်ကမ်းခဲ့ကြောင်းတွေကို ဝန်ခံခဲ့တယ်။

ဘော်လ်တီမော ဆန်းသတင်းစာကလည်း ပါဆင်စ်ဟာ သော မတ်စ်ကို အတည်ပြုခန့်ထားရေးအတွက် လျှို့ဝှက်စွာကြိုးစားရင်း သောမတ်စ် အကြောင်းတွေကို ရေးခဲ့တယ်ဆိုတာ သိခဲ့ရင် သူ့ကို အလုပ်ဖြုတ်ပစ်ခဲ့မှာ ပါလို့ ပြောဆိုခဲ့တယ်။ အဲဒီအချိန်မှာ အငြိမ်းစားယူခါနီးဖြစ်တဲ့ ဘဲန်ဂျမင် ဟွတ်ခ်စ်ကလည်း သူ့အနေနဲ့ ဘာမှ အမှားအယွင်း မလုပ်ခဲ့မိဘူးလို့ ဒေါသ ဖြစ်စွာနဲ့ ကန့်ကွက်ပြောဆိုခဲ့ပါတယ်။

ဒီကိစ္စဟာ အဲန်အေအေစီပီရဲ့ သမိုင်းမှာ အညစ်ပတ်ဆုံးအချိန် တစ်ချိန် ဖြစ်ခဲ့ပါတယ်။ ဟွတ်ခ်စ်ရဲ့ ဘဝမှတ်တမ်းမှာလည်း ဖျက်လို့ မရနိုင် တဲ့ အမည်းစက်တစ်ခု ဖြစ်ခဲ့တယ်။ နောက်မျိုးဆက်တစ်ခေတ် ရောက်လာ တဲ့အခါမှာတော့ ဟွတ်ခ်စ်ဟာ သားဂွဒ် မာရှယ်လ်ရဲ့ အိပ်မက်များကို လုပ်ကြံ ဖျက်ဆီးတဲ့အဖွဲ့မှာ တမင် ရည်ရွယ်ချက်နဲ့ ပါဝင်ခဲ့တာလား၊ ဒါမှမဟုတ် လူနုံတစ်ဦးအဖြစ် အနုပ်ခံခဲ့ရတာလားဆိုတဲ့ မေးခွန်းကို လူမည်း၊ လူညို၊ လူဝါ၊ အသက်ကြီးသူများနဲ့ ဆင်းရဲသူများက မေးစရာမေးခွန်း ဖြစ်လာခဲ့ပါ တယ်။

မာရှယ်လ်ကတော့ သောမတ်စ်ကို ဆန့်ကျင်ပြီး ထုတ်ပြောခွင့် မရှိခဲ့ဘူး။ ဒါပေမဲ့ စာရေးသူ ကားလ် ရိုဝင်ကတော့ ရုပ်မြင်သံကြားအစီ



မာတိကာသို့

အစဉ်မှာ "သောမတ်စ်ရဲ့ မျက်နှာပေါ်မှာ ဂျုံမှုန့်နည်းနည်း ဖြူးပေးလိုက်ပါလား။ ကူး ကလပ်စ် ကလန်ခေါင်းဆောင်ဟောင်း ဒေးဗစ် ဂျူခ်ပြောနေတာကို နားထောင်နေရတယ်လို့ ထင်ကောင်းထင်မိကြလိမ့်မယ်"လို့ ဝေဖန်ပြောဆိုခဲ့ပါတယ်။

သောမတ်စ်ကတော့ အတည်ပြုချက်ရရေးဘက်ကို ညင်သာစွာ ရှေးရှုနေခဲ့တယ်။ သြဂုတ်လ ၂၈ ရက်နေ့မှာတော့ အမေရိကန်ရှေ့နေများ အသင်းက သူ့ကို တရားရုံးချုပ်အတွက် အရည်အချင်းမီသည်လို့ အဆင့်သတ်မှတ် ထောက်ခံချက်ပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်းမှာ အများစုဟာ "ကောင်းမွန်စွာ အရည်အချင်းမီသည်" လို့ ထောက်ခံချက် ရခဲ့ကြပါတယ်။ အမေရိကန်ရှေ့နေများအသင်းရဲ့ ပြည်ထောင်စု တရားရေးရာ အမြဲတမ်းကော်မတီဝင် ၁၅ ဦးအနက် နှစ်ဦးကတော့ သောမတ်စ်ကို "အရည်အချင်း မမီပါ" လို့ သတ်မှတ်ခဲ့တယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်းမှာ အရည်အချင်း မမီပါဆိုသူတွေထဲက တစ်ဦးမှ တရားရုံးချုပ်မှာ ခန့်ထားခြင်း မခံခဲ့ရဖူးပါဘူး။

သောမတ်စ်ကို ခန့်ထားရေး အတည်ပြုချက်အတွက် ဆီးနိတ် တရားရေးကော်မတီမှာ ကြားနာစစ်ဆေးမှုကို စက်တင်ဘာလ ၁၀ ရက်နေ့မှာ စတင်ပြုလုပ်ခဲ့ပါတယ်။ သောမတ်စ်အနေနဲ့ အရေးကြီးတဲ့ အမှုတွေအပေါ်မှာ ဘာထင်မြင်ချက်မှ မရှိပါဘူးလို့ ပြောခဲ့တာကြောင့် တစ်နိုင်ငံလုံးက အံ့အားသင့်သွားကြပါတယ်။ စက်တင်ဘာလ ၂၀ ရက်နေ့မှ ပြီးဆုံးခဲ့တယ်။ သောမတ်စ်ဟာ စစ်ဆေးရေးကော်မတီနဲ့ နိုင်ငံအတွက် ပြဿနာတစ်ခု ဖြစ်ဆဲပဲ။ ဒါပေမဲ့ သူ့ကို ခန့်ထားမှုကို ပိတ်ဆို့တားမြစ်ဖို့ နည်းလမ်း တစ်ခုမှ ရှိမယ့်ပုံမပေါ်ဘူးလို့ပဲ သူ့ရဲ့ အတိုက်အခံတွေက ယူဆခဲ့ကြတယ်။

အဲဒီအချိန်မှာပဲ *ကွန်ဂရက်ရှင်းနဲလ် ကွာတားလီး* မဂ္ဂဇင်းမှာ လျှို့ဝှက်မှုဇာတ်လမ်းတစ်ပုဒ်က ပေါ်ထွက်လာခဲ့တယ်။ မဂ္ဂဇင်းထဲမှာ တရားမျှတမှု မဟာမိတ်အဖွဲ့က သြဂုတ်လအတွင်းက ရရှိခဲ့တဲ့ သတင်းပေးချက်တစ်ခုကို ဖော်ပြလိုက်တယ်။



မာတိကာသို့

သတင်းကတော့ သောမတ်စ်ရဲ့ ရုံးဝန်ထမ်းဟောင်း အမျိုးသမီး တစ်ဦးက သောမတ်စ်ဟာ သူမကို လိင်ကိစ္စအတွက် အနှောင့်အယှက်ပေးခဲ့ဖူးတယ်လို့ စွပ်စွဲခဲ့တဲ့ သတင်းဖြစ်ပါတယ်။ အဲဒီသတင်းဟာ ဆီးနိတ်ရုံးအဖွဲ့တွေဆီတစ်ဆင့် ရောက်သွားခဲ့လို့ အဲဒီအချိန်မှာ အိုကလာဟိုးမားတက္ကသိုလ်မှာ ဥပဒေပါမောက္ခဖြစ်နေတဲ့ အနှောင့်အယှက်ပေးခံရခဲ့ရတယ်လို့ အပြောခံရသူအဲန်နီတာ ဟီးလ်ကို အဆက်အသွယ်လုပ်ခဲ့ကြတယ်။ အိုဟိုင်းယိုးပြည်နယ်က ဆီးနိတ်လွှတ်တော်အမတ် ဟောင်းဝပ်မက်ဇင်းဘောင်းရဲ့ လက်ထောက်ဖြစ်တဲ့ ဂျိမ်းစ် ဘရဒ်နီဆိုသူက အဲန်နီတာ ပြောပြချက်တွေကို နားထောင်ပြီး ဆီးနိတ်ရုံးအဖွဲ့ကို ထပ်ဆင့်တင်ပြခဲ့တယ်။

တင်ပြချက်နဲ့ ပတ်သက်လို့ ဆီးနိတ်လွှတ်တော် တရားရေးကော်မတီအတွင်းမှာ အပြင်းအထန် စကားစစ်ထိုးခဲ့ကြရတယ်။ နောက်ဆုံးတော့ အဲန်နီတာ ဟီးလ်ရဲ့ စွပ်စွဲချက်တွေကို ကြားနာကြည့်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ မာရှယ်လ်ရဲ့ ရန်သူဖြစ်တဲ့ သားမင်းအပါအဝင် ရီပတ်ဘလီကင်တချို့က သောမတ်စ်ကို ကာကွယ်ပေးဖို့ အစွမ်းကုန်ကြိုးစားခဲ့ကြတယ်။ ဒီစစ်ဆေးမှုမျိုးကို အမေရိကန်ရုပ်မြင်သံကြားမှာ တစ်ခါကမှ မတွေ့မမြင်ခဲ့ရဖူးသေးဘူး။

ဟီးလ်က ထွက်ဆိုရာမှာ သောမတ်စ်က သူ့ရုံးခန်းထဲက ကိုကာကိုလာသံဘူးတစ်ခုမှာအမွေးအမှင်အစများ တွေ့ခဲ့တာကို အကြောင်းပြပြီး သူဟာ လိင်ကိစ္စမှာ အလွန်ကျွမ်းကြောင်း၊ လိင်ခွန်အားကောင်းကြောင်းတွေပြောခဲ့ကြောင်း၊ ပြီးတော့ သူမကို လုံးတီးရုပ်ရှင်များ ကြည့်သင့်ကြောင်း၊ အထူးသဖြင့် “လောင်း ဒေါင် ဆီးလ်ဗာ” ပါဝင်တဲ့ အပြာရုပ်ရှင်ကားကိုကြည့်ဖို့ တိုက် တွန်းခဲ့ကြောင်း၊ အဲဒါအပြင် သောမတ်စ်က သားမြတ်ကြီးတဲ့ အမျိုးသမီး များရဲ့ မျိုးစုံ ရာဂသောင်းကျန်းမှုတွေကို ပြောဆိုခဲ့ကြောင်း၊ ဒါတွေဟာ သူမထံက လိင်ကိစ္စ ရယူဖို့ ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း အဲန်နီတာ ဟီးလ်က ထွက်ဆိုခဲ့ပါတယ်။

အဲန်နီတာ ဟီးလ်ကို မေးမြန်းခဲ့တဲ့ ဆီးနိတ်ရီပတ်ဘလီကင်အမတ်

အာလင် စပက်တာက ထွက်ဆိုချက်တွေကို မမှန်ကန်တဲ့ အဓိပ္ပာယ်အမျိုးမျိုး ရောက်အောင် အကြံနဲ့ မေးမြန်းခဲ့တယ်။ အဲန်နီတာ ဟီးလ်က သတ္တိပြောင် မြောက်စွာနဲ့ ရင်ဆိုင် ပြောဆိုခဲ့ပုံတွေကို ရုပ်မြင်သံကြားကြည့်ရှုတဲ့ ပရိသတ် ဟာ သူတို့မျက်နှာတွေနဲ့ တီဗွီမှန်သားပြင် ထပ်သွားမတတ် ကပ်ကြည့်ခဲ့ကြ တယ်။ သောမတ်စ်သာ သူ့ကိုယ်သူ ပြန်ကယ်နိုင်တော့မယ်လို့လည်း နားလည်ခဲ့ကြတယ်။

သောမတ်စ်က သူ့အပေါ်မှာ ပြောခဲ့တဲ့ စွပ်စွဲချက်အားလုံးဟာ အခြေအမြစ်မရှိ၊ မဟုတ်မမှန်ကြောင်း အပြတ်ငြင်းဆိုခဲ့တယ်။ သူ့ရဲ့ကိုယ် ရေးကိုယ်တာဘဝအကြောင်းကို ဆွေးနွေးလိမ့်မယ် မဟုတ်ဘူးလို့ ကြေညာ ပြီး ကော်မတီကို ခြောက်လှန့်ခဲ့တယ်။ အောက်တိုဘာလ ၁၁ ရက်နေ့ ညနေမှာ သောမတ်စ်က အောက်ပါအတိုင်း ထိုးစစ်ဆင် ပြောဆိုခဲ့ပါတယ်။

"ဒီနေ့ ကြားနာစစ်ဆေးမှုဟာ တရားဥပဒေကို လှောင်ပြောင် သရော်တာမျိုးတစ်ခု ဖြစ်တယ်လို့ပဲ ကျွန်တော် ထင်မိပါတယ်။ စက်ဆုပ် စရာကောင်းတယ်လို့လည်း ထင်မိပါတယ်။ ဒီလို စစ်ဆေးမှုမျိုးဟာ အမေ ရိကန်နိုင်ငံမှာ မဖြစ်သင့်ဘူးလို့ ကျွန်တော်ထင်မိပါတယ်။ ဒီအမှုဟာ ကော် မတီဝင်တွေက ယုတ်ညံ့ညစ်ပတ်မှုတွေကို ရှာထုတ်ပြီး အခုလို တစ်နိုင်ငံ လုံးမှာ လူကြည့်အများဆုံးအချိန်မှာ ရုပ်မြင်သံကြားပေါ်မှာ လွှင့်ဖို့ကို လက် ဆင့်ကမ်းပေးခဲ့တဲ့ အမှုတစ်ခုဖြစ်တယ်။

"ဒီကော်မတီဝင်တွေထဲက တစ်ဦးဦးကဖြစ်စေ၊ ဒီအခန်းထဲမှာရှိတဲ့ တစ်ဦးဦးကဖြစ်စေ၊ ဒီတိုင်းပြည်ထဲက လူတစ်ဦးဦးကဖြစ်စေ လူတစ်ယောက် အကြောင်းကို ညစ်ပတ်တဲ့ပုံစံနဲ့ ပြောတာမျိုးကို ဘာ့ကြောင့် ကြိုက်နိုင်ကြ မလား။

"တရားရုံးချုပ်ဟာ အလုပ်ရဖို့အတွက် ဒီလိုခံရတာ မတန်ပါဘူး။ ဘယ်အလုပ်ကမှ မတန်ပါဘူး။ အဲဒီအတွက် ကျွန်တော် ဒီနေရာမှာ ရောက် နေတာ မဟုတ်ဘူး။ ကျွန်တော့်နာမည်တစ်လုံး၊ ကျွန်တော့်မိသားစုနဲ့ ကျွန်တော့်ဂုဏ်သိက္ခာအတွက် ကျွန်တော် ဒီနေရာကို ရောက်နေတာ။ ဒီ



မာတိကာသို့

တိုင်းပြည်က ဘယ်သူတစ်ဦးတစ်ယောက်ပဲဖြစ်ဖြစ် ဒီအမှုမျိုးအောက်ရောက်ပြီး အနိမ့်ခံရတော့ ဒီတိုင်းပြည်မှာ တစ်ခုခုတော့ မှားနေပြီ။ ကြောက်ခမန်းလိလိ မှားနေပြီလို့ ကျွန်တော် ထင်မိတယ်"

"အမေရိကန်လူမည်းတစ်ဦးအနေနဲ့ ကျွန်တော့်ရဲ့အမြင်ကို ပြောရရင် ဒီအမှုဟာ အတွေးအခေါ်ခြားနားတဲ့ အထက်တန်းလွှာလူမည်းတွေကို လည်ပင်းကြိုးကွင်းစွပ်သတ်တဲ့ ခေတ်မီနည်းတစ်ခု ဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ သစ်ပင်ပေါ်မှာ ကြိုးနဲ့ ကွင်းစွပ်မသတ်ဘဲ ဆီးနိုတ်အထက်လွှတ်တော်က သတ်ပါလိမ့်မယ်"

သမ္မတဘုရှ်နဲ့ အမေရိကကိုလွှမ်းမိုးနေမဲ့ လက်ယာသမားတွေရဲ့ အထောက်အကူရခဲ့တဲ့သောမတ်စ်ဟာ သားဂွဒ် မာရှယ်လ်၊ ဝေါလ်တာ ဝှိုက်၊ ရှိုင်း ဝီးလ်ကင်းစ် စတဲ့ လူမည်းခေါင်းဆောင်များကို သရော်ခဲ့၊ အထင်အမြင်သေးစွာဝေဖန်ခဲ့ပါသည်။ တကယ်တော့ ဒီလူမည်းခေါင်းဆောင်တွေက "လည်ပင်းကြိုးကွင်းစွပ်သတ်ခြင်း" ကို ပျောက်ပျက်အောင် ဆောင်ရွက်ခဲ့သူများဖြစ်ပါတယ်။ ခုမှ သောမတ်စ်က "လည်ပင်းကြိုးကွင်းစွပ်အသတ်" ခံရတယ်၊ ဘာညာနဲ့ ပြောနေပါရော။ သောမတ်စ်က အခြားလူမည်းတွေကို "လူမျိုးရေးခွဲခြားမှု" ရှိကြောင်း ဆင်ခြေမပေးပါနဲ့လို့ အမြဲပြောဆိုခဲ့ပေမယ့် သူ့အလှည့်ကျတော့ သူက "လူမျိုးရေးခွဲခြားရေး" ဆိုတဲ့စကားကို သုံးပြန်တယ်။

ဒါပေမယ့် တရားရေးကော်မတီမှာ အဓိကသော့ချက် ဆီးနိတ်အမတ်တွေဖြစ်ကြတဲ့ ဒဲန်နစ္စ ဒီ ကွန် ချီးနီးနဲ့ စပက်တာတို့က သူတို့ကို ခေတ်မီ အဆင့်မြင့်လည်ပင်းကြိုးကွင်းစွပ်သတ်သူများလို့ အခေါ်ခံရမှာကို အတော်စက်ဆုပ်ခဲ့ကြတယ်။

စက်တင်ဘာလ ၂၇ ရက်နေ့မှာ ပါတီအလိုက် မဲပေးတော့ သောမတ်စ်ကို အတည်ပြုပေးရေးအတွက် ၇ မဲ၊ ၇ မဲ တူညီနေခဲ့တယ်။ (ဒီမိုကရက်တစ်အမတ် ဒီ ကွန် ချီးနီးကတော့ သောမတ်စ်ကို ထောက်ခံမဲ



မာတိကာသို့

ပေးလေရဲ.။) သောမတ်စ် အတွက် အတည်ပြုချက်ကို တရားရေးကော်မတီ ထောက်ခံမပေးနိုင်ဘူး ဖြစ်ခဲ့ရတယ်။ ပုံမှန်အား ဖြင့်ဆိုရင်တော့ ဒီမှာပဲ ဇာတ်လမ်းဆုံးသွားရမှာ ဖြစ်တယ်။ တရားရေးကော်မတီရဲ. ထောက်ခံမှု အများစု မရဘဲ အခုလို မဲချင်း ညီနေခဲ့ရင် ၁၉၅၀ ခုနှစ် နောက်ပိုင်းကစပြီး ရာထူးခန့်အပ်မှု မပြုလုပ်ခဲ့ဘူး။ ဒါပေမဲ့ ဆီးနိတ်ဒီမိုကရက်တစ်အမတ် ဂျိုးဇက် ဘီဒင်က သောမတ်စ် အတွက် အတည်ပြုချက်ပေးရေးကို ဆီးနိတ် လွှတ်တော်ကို တင်ပြဖို. ခွင့်ပြုခဲ့တယ်။ ဆီးနိတ်မှာဆိုတော့ ပါတီလိုင်း အတိုင်း မဲပေးဖို. မလိုတော့ဘူး။ ကိုယ့်ဒေသခံကောင်လေးကို ထောက် ပံ့ပေးရေးက ရှိနေသေးတယ် မဟုတ်လား။ တောင်ပိုင်းဒီမိုကရက်တစ် ဆီးနိတ်အမတ်များ ဟာ လူမည်းတွေရဲ.မဲကြောင့် အမတ်ဖြစ်လာကြတယ်။ သူတို.က လူမည်း မဲဆန္ဒရှင်တွေဟာ သောမတ်စ်ကို တရားရုံးချုပ် တရားသူကြီးအဖြစ် အတည် ပြု စေချင်မယ်လို. ယုံကြည်ကြတယ်။

၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ.မှာ ဆီးနိတ်လွှတ် တော်က ၅၂ မဲ၊ ၄၈ မဲနဲ. သောမတ်စ်ကို အတည်ပြုပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့ အနှစ်တစ်ရာကျော်အတွင်း တရားရုံးချုပ် တရားသူကြီးတစ်ဦး ခန့်ထား ရေးအတွက် မဲပြတ်မှု အနည်းဆုံးနဲ. သမိုင်းတစ်လျှောက်မှာ ဒုတိယ မဲ အကပ်ဆုံး အတည်ပြုချက် ဖြစ်ခဲ့ပါတယ်။ ရုပ်မြင်သံကြားမှာ မက်မောစွာ ကြည့်ရှုခဲ့ကြရတယ်။

သောမတ်စ်ကို အတည်ပြုပေးခဲ့မှုကြောင့် ဆီးနိတ်လွှတ်တော် ထဲ မှာ မဲကွဲခဲ့သလိုပဲ သဘောထားအမြင်ကွဲမှုတွေ ဖြစ်စေခဲ့ပါတယ်။

သမ္မတ ဘုရှ်က သောမတ်စ်ကို “သူဟာ ဖွဲ.စည်းပုံအခြေခံဥပဒေ နဲ. တရားဥပဒေ စိုးမိုးရေးတို.အတွက် ရိုးသားသူ၊ အစွမ်းအစရှိသူ၊ အာမခံနှံ ခံထားသူတစ်ဦး ဖြစ်တယ်” လို. ပြောဆိုခဲ့တယ်။

သောမတ်စ်ကို ကမကထ မြေတောင်မြှောက်ပေးခဲ့သူ မစ်ဇူးရီး ပြည်နယ်က ရီပတ်ဘလီကင်ဆီးနိတ်အမတ် ဂျွန် ဒန်ဖော့ဒ်ကတော့ “ကလဲ ရင့်စ် သောမတ်စ်ဟာ လူအများကို အံ့အားသင့်သွားစေပါလိမ့်မယ်။ သူဟာ

ပြည်သူ တို့ချစ်တဲ့ တရားသူကြီးတစ်ဦး ဖြစ်လာပါလိမ့်မယ်” လို့ ပြောခဲ့ပါတယ်။

တစ်ဖက်မှာတော့ သောမတ်စ်ကို မဲပေးမယ်လို့ ဝန်ခံပြီးမှ နောက်ဆုံးမှာ ဆုံးဖြတ်ချက်ကို ပြောင်းခဲ့တဲ့ နီဗားဒါးပြည်နယ်က ဒီမိုကရက်တစ် ဆီးနိတ်အမတ် ဟယ်ရီ ရိဒ်က “နိုင်ငံရေးရှုထောင့်ကကြည့်ရင် ကျွန်တော် သောမတ်စ်ကို အသေအလဲ မဲပေးချင်ခဲ့တာပေါ့။ ဒါပေမဲ့ ကျွန်တော့် လိပ်ပြာက ကျွန်တော့်ကို အဲဒီလိုလုပ်ခွင့် မပြုခဲ့တော့ဘူး။ အဲန်နီတာ ဟီးလ် ပြောသွားတာတွေဟာ အမှန်တွေချည်းပဲလို့ ကျွန်တော် ထင်ခဲ့တယ်” လို့ ပြောခဲ့ပါတယ်။

အနောက်ဗာဂျီးနီးယားက ဒီမိုကရက်တစ်ဆီးနိတ်အမတ် ရောဘတ် ဘဒ်ကတော့ “အဲန်နီတာ ဟီးလ်ကို တွေ့မြင်အပြီးမှာ စိတ်ပြောင်းသွားခဲ့တယ်။ သူမဟာ တွန့်တွန့်ဆုတ်ဆုတ် မရှိခဲ့ဘူး။ တုန်တုန်ရီရီလည်း မရှိခဲ့ဘူး။ အစအဆုံး တစ်လျှောက်လုံး အေးအေးဆေးဆေး တည်တည်ငြိမ် ငြိမ် ပြောသွားခဲ့လို့ ဖြစ်ပါတယ်” လို့ ပြောခဲ့ပါတယ်။

သောမတ်စ်ကို ထောက်ခံမဲ ပေးခဲ့ပေမယ့် အမျိုးသမီး ဆီးနိတ် အမတ် နန်စီ ကပ်ဆဲလ်ဘောင်းကတော့ “သောမတ်စ်ဟာ သံသယတိမ်တိုက် တွေရဲ့ ဖုံးလွှမ်းမှုအောက်က ဘယ်တော့မှ လွတ်မြောက်နိုင်မှာ မဟုတ်တော့ ဘူး” လို့ မှတ်ချက်ချခဲ့ပါတယ်။

သောမတ်စ်အကြောင်း ပြည်သူလူထုအမြင်နဲ့ တရားရေး ကော်မတီတို့ရဲ့အမြင်တွေ ကွဲပြားခဲ့ပေမယ့် တညီတညွတ်တည်း မြင်ခဲ့တဲ့ အချက် နှစ်ချက် ရှိခဲ့တယ်။ ပထမအချက်အနေနဲ့ အမျိုးသမီးများရဲ့ အခွင့် အရေးဟာ အောင်နိုင်သူ အဖြစ်ကို တက်ခဲ့တယ်။ ဒုတိယအချက်ကတော့ သောမတ်စ်အတွက် အတည်ပြုချက်အစီအစဉ်ဟာ ရှုံးနိမ့်သူ ဖြစ်ခဲ့ ရတယ်။

နယူးယောက်တိုင်းမ်သတင်းစာရဲ့ အယ်ဒီတာအာဘော်မှာ အဲန်နီ တာထံသို့ အိတ်ဖွင့်ရေးစာကို ဖော်ပြခဲ့တယ်။ အဲဒီစာထဲမှာ အဲန်နီတာကို

"ခင်ဗျားဟာ တွေ့မြင်ခဲ့ရတဲ့ အမှန်တရားကို ရိုးရိုးလေး ပြောပြခဲ့ပါတယ်။ အဲဒီလိုပြောခဲ့ရာမှာ မိန်းမတွေ သိကြပြီး ယောကျ်ားတွေကတော့ အခုမှ နားလည်စပြုခဲ့ကြတဲ့ ဖုံးအုပ်ထားတဲ့ ဘာသာရပ်မည်းကြီးတစ်ခုကို ခင်ဗျားဖွင့်ချခဲ့တယ်။ အလွန်အင်အားကြီးထွားတဲ့ အဲဒီဘာသာရပ်အတွက် ခင်ဗျားက သက်သေအဖြစ် ဆောင်ရွက်ခဲ့ခြင်းကြောင့် အားလုံးရဲ့ ကျေးဇူးတင်မှုကို ခင်ဗျားထိုက် တန်စွာ ရရှိခဲ့တာဖြစ်ပါတယ်" လို့ ရေးသားဖော်ပြခဲ့တယ်။

သမ္မတ ဘုရှ်ကတော့ အဲဒီကြားနာမှုကို ရုပ်ထွေးတဲ့ အခြေအနေလို့ ခေါ်ဆိုခဲ့တယ်။ တိတိကျကျ လိင်ကိစ္စ စွပ်စွဲမှုတွေအချို့ကို သူ့မြေးကလေးတွေကြားမှာကို တွေးရင်း စိတ်ဒုက္ခရောက်ခဲ့မိတယ်လို့ ဘုရှ်က ပြောခဲ့ပါတယ်။ ဆီးနိတ်လွှတ်တော်အမတ် အတော်များများကတော့ အမှုကြားနာမှုအစီအစဉ်မှာ ချွတ်ယွင်းခဲ့ပြီး အဓိပ္ပာယ်တစ်လွဲကောက်ခဲ့တယ်လို့ မြင်ခဲ့ကြလို့ ကြားနာမှုအစီအစဉ်ကို ပြောင်းလဲပစ်ဖို့ တိုက်တွန်းခဲ့ကြပါတယ်။

ဆီးနိတ်လွှတ်တော်အထိ ရောက်ခဲ့ရတဲ့ ညစ်ညမ်းတဲ့ အမှုဟာ မာရှယ်လ် ဆွေးနွေးခဲ့တဲ့ ငြင်းခုံချက်တွေထက်ပိုပြီး အမျိုးသမီးများရဲ့ အခွင့်အရေးကို နှိုးဆွပေးခဲ့တယ်လို့ မာရှယ်လ်က သေချာမြင်ခဲ့မိမှာပါ။ သောမတ်စ်ကို ကြားနာစစ်ဆေးမှုဟာ အမေရိကန်အမျိုးသမီးတွေကို တပ်လှန့်နှိုးကြားစေခဲ့တယ်။ မာရှယ်လ် အနှစ်အစိတ်လုံးလုံး တရားဥပဒေကြောင်းအရ ခုခံကာကွယ်ပြောဆိုခဲ့တဲ့ အမျိုးသမီးများအခွင့်အရေးများအတွက် အမျိုးသမီးများမားမားမတ်မတ် ရပ်တည်လာအောင်လည်း လုပ်ပေးနိုင်ခဲ့တယ်။ မာရှယ်လ်အတွက် အရေးကြီးတယ်လို့ သတ်မှတ်ထားတဲ့ ကိစ္စများနဲ့ပတ်သက်ပြီး အမေရိကန်နိုင်ငံရဲ့ ထင်မြင်ယူဆချက်တွေ ပြောင်းလဲစေရေးအတွက် အဲန်နီတာ ဟီးလ်ဟာ ဓါတ်ကူပစ္စည်းတစ်ခု ဖြစ်ခဲ့ပါတော့တယ်။

သောမတ်စ်ကို တရားသူကြီးရာထူးနေရာမှာ ထည့်ရေးအတွက် ဘုရှ်ရဲ့ တိုက်တွန်းမှုက အမျိုးသမီးများရဲ့နှစ်ဖြစ်အောင်လည်း ဖန်တီးပေးခဲ့တယ်။ မြန်းဒိုင်းဆိုသလိုပါပဲ။ ဆီးနိတ်လွှတ်တော်အမတ် ရွေးကောက်ပွဲဝင်စေဖို့ ဒီမိုကရက်တစ်အမျိုးသမီး ၁၀ ဦးနဲ့ ရီပတ်ဘလီကင်အမျိုးသမီး



မာတိကာသို့ ▶▶

တစ်ဦးကို အမတ်လောင်းအဖြစ် လျာထားတာ ခံခဲ့ရတယ်။ အဲဒီအချိန်အထိ ဆီးနိတ်လွှတ်တော်အမတ် ၁၀၀ အနက်မှာ အမျိုးသမီးအမတ် နှစ်ဦးသာ ပါခဲ့တယ်။ ပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲတွေမှာ အမျိုးသမီး ၁၀၆ ဦး ပါဝင်ပြီး အရွေးခံခဲ့ကြတယ်။ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလမှာ အီလီနွိုင်းပြည်နယ်က ကယ်ရားလ် မော့စလေ ဘရောင်းဟာ အမေရိကန် ဆီးနိတ်လွှတ်တော်ရဲ့ ပထမဆုံး လူမည်းအမျိုးသမီးအမတ်အဖြစ် အရွေးခံခဲ့ရတယ်။ ကယ်လီဖိုးနီးယားပြည်နယ်က ဒီယန်း ဖိန်စတိုင်းနဲ့ ဘာဘရာ ဘောက်ဇာတို့ဟာ ဆီးနိတ်အမတ်များအဖြစ် အရွေးခံရလို့ ပြည်နယ်ရဲ့ သမိုင်းသစ် ရေးနိုင်ခဲ့တယ်။

အဲဒါကြောင့် ဆီးနိတ်လွှတ်တော်မှာ စုစုပေါင်းအမျိုးသမီးအမတ် ခြောက်ဦးအထိ အရွေးခံခဲ့ရတယ်။ အရင်ကထက် ဦးရေ သုံးဆ စံချိန်တိုးလာခဲ့တယ်။ ဗာဂျီးနီးယားပြည်နယ်မှာလည်း ပထမဆုံးအမျိုးသမီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး အရွေးခံခဲ့ရတယ်။ အဲန်နီတာ ဟီးလ်ကြောင့် အမျိုးသမီးအာဏာ ဖြစ်ပေါ်လာခဲ့ပြီး အမေရိကန်နိုင်ငံရေးလောကရဲ့ အရေးအပါဆုံး၊ အကျယ်ပြန့်ဆုံးပြောင်းလဲမှုကို ဖြစ်လာစေခဲ့တယ်။

မာရှယ်လ်ဟာ သောမတ်စ်ကို အတည်ပြုပေးရေး ထွက်ပေါ်လာမယ့် ရလဒ်နဲ့ သဘောထားကွဲလွဲမှုတွေကို အမေရိကန်သမိုင်းရဲ့ ကြေကွဲဖွယ်ရာ ကဏ္ဍတစ်စိတ်တစ်ဒေသ ဖြစ်တယ်လို့ ယူဆလိမ့်မယ် ထင်ခဲ့ရတယ်။ သောမတ်စ်ကို နောက်ဆုံး အတည်ပြုခန့်ထားပြီးတဲ့အခါမှာတော့ မာရှယ်လ်ရဲ့ ပွင့်ပွင့်လင်းလင်း အမြင်စကားတစ်ခွန်း ထွက်ပေါ်လာခဲ့တယ်။

"တို့တော့ ကြက်သားဆလတ်ရှက်သုပ်စားနေရရာက ကြက်ချေးစားရဖို့ဖြစ်တော့မယ်ဟေ့"

တရားရုံးချုပ်မှာ သောမတ်စ်လို မသာမယာနဲ့ သိက္ခာကျခဲ့တဲ့ အခြေအနေကြားက တရားသူကြီးရာထူးကို ယူခဲ့သူတစ်ဦးမှ မရှိခဲ့ပါ။ ကာတွန်းဆရာတွေက ရာနဲ့ချီပြီး သောမတ်စ်ကို နှာဘူးတစ်ယောက်အဖြစ် တင်စားရေးဆွဲခဲ့ကြတယ်။ ဒီလောက်သိက္ခာကျခဲ့တဲ့ လူမည်းတရားသူကြီး



မာတိကာသို့

တစ်ဦးဟာ တရားရုံးချုပ်အပေါ်မှာ ဩဇာလွှမ်းနိုင်ပါ့မလားလို့ မေးစရာ ဖြစ်ခဲ့တယ်။ အဖြေကလည်း ရှင်းရှင်းလေးပါ။ ဒီထူးဆန်းတဲ့ လူမည်းတရားသူကြီးသောမတ်စ်ဆိုသူဟာ တရားရုံးချုပ်မှာ သားဂွဒ် မာရှယ်လ်လို ဩဇာရှိဖို့ စိတ်ကူးနဲ့ဆန္ဒမရှိကြောင်း ထင်ရှားခဲ့ပါတယ်။

တရားရေးလောကမှာ အာဏာရှိသူများအပါအဝင် အမေရိကန်သန်းပေါင်းများစွာကို မျှော်လင့်ပြီး ဆုတောင်းခဲ့ကြတာရှိတယ်။ သောမတ်စ်ဟာ တရားရုံးချုပ် တရားသူကြီးရာထူးအတွက် ရာသက်ပန်အာမခံချက်ရသွားခဲ့ရင် သောမတ်စ်ဟာ ဂျော်ဂျီးယားပြည်နယ်မှာ ငယ်ငယ်တုန်းက ဘဝကို ပြန်သတိရလိမ့်မယ်။ လူမျိုးရေးအရ အစော်ကားခံခဲ့ရတာတွေ၊ အခွင့်အရေးတွေ အရှုပ်သိမ်းခံခဲ့ရတာတွေ၊ သူ့ညီမဖြစ်သူနဲ့ တခြားလူမည်းတွေဟာ ဆင်းရဲသားလစာနဲ့ အလုပ်လုပ်ခဲ့ကြရပုံတွေ၊ သူ့ရဲ့ ညီအစ်ကိုတော်လူမည်းတွေကို ဘာ့ကြောင့် မမှုမတ ဖမ်းဆီးပြီး ထောင်ချခံခဲ့ရသလဲဆိုတာတွေကို မေးခွန်းထုတ်လိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။

၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာတော့ လူသိများတဲ့ ဖီလာဒဲလ်ဖီးယား၊ တတိယပတ်လည်အယူခံခုံရုံးက လူမည်း ဝါရင့် ပြည်ထောင်စုတရားသူကြီးဖြစ်သူ အေ လီယွန် ဟစ်ဂင်ဘိုသမ်က "လုပ်ဖော်ကိုင်ဖက် ပြည်ထောင်စုတရားသူကြီးတစ်ဦးထံမှ အိတ်ဖွင့်ပေးစာတစ်စောင်" ကို ကလဲရင့်စ် သောမတ်စ်ထံ ပေးပို့ခဲ့ပါတယ်။ အသက် ၆၄ နှစ်ရှိတဲ့ ဟစ်ဂင်ဘိုသမ်က အသက် ၄၄ နှစ်အရွယ်ရှိတဲ့ကလဲရင့်စ် သောမတ်စ်ထံ ရေးခဲ့တဲ့စာထဲမှာ စိတ်လှုပ်ရှားတဲ့ ခံစားမှု၊ တစ်ခါတစ်ရံ ဒေါသထွက်မှု၊ အထက်စီးအသံနဲ့ ရေးသားမှုတွေ စုံအောင်ပါခဲ့ပါတယ်။

ခင်မင်စွာသော တရားသူကြီး သောမတ်စ်ခင်ဗျာ–

အစပထမမှာတော့ ကျွန်တော့်အနေနဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦး သို့မဟုတ် မိတ်ဆွေတစ်ဦးထံကို ပုံမှန်ရေးလေ့ရေးထရှိတဲ့အတိုင်း



မာတိကာသို့ ▶▶

နှစ်ယောက်ချင်း ရေးသားသင့်တယ်လို့ တွေးခဲ့မိပါတယ်။ ဒီစာကို အခုလို ရေးလိုက်ရတဲ့အတွက် ကျွန်တော့်မှာ ယခုတိုင် စိတ်ဒွိဟဖြစ်နေမိပါတယ်။ ဒါပေမယ့် ခင်ဗျားကို ရာထူးခန့်အပ်လိုက်ခြင်းဟာ ဒီတိုင်းပြည်နဲ့ ကမ္ဘာကြီး အတွက် ထိရောက်စွာ အရေးပါတာကတစ်ကြောင်း၊ ခင်ဗျားရင်ဆိုင်ရမယ့် ပြဿနာတွေကို အမေရိကန်ပြည်သူအားလုံး နားလည်ဖို့ လိုအပ်လာတဲ့ အတွက်တစ်ကြောင်း ဒီစာကို အိတ်ဖွင့်ရေးလိုက်ရတာဖြစ်ပါတယ်။

"ခင်ဗျားအနေနဲ့ တရားမျှတစွာ ဆောင်ရွက်မှုနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆင်ခြင်တုံတရားရှိရှိနဲ့ အဓိပ္ပာယ်ပြန်ဆိုမှုအတွက် စံနမူနာ တစ်ခု ဖြစ်လာ နိုင်ပါမယ်။ သို့မဟုတ်ရင်လည်း တန်းတူညီမျှမှု မရှိခြင်းနဲ့ ပြည်သူ့အခွင့်အရေးများကို ဆုတ်ယုတ်စွာ အကဲဖြတ်မှုအတွက် စံနမူနာပြ တစ်ဦးလည်း ဖြစ်လာနိုင်ပါတယ်။ ခင်ဗျားအနေနဲ့ အမှန်တရားအတွက် နာမည်တစ်လုံး မှတ်တမ်းကျန်ရစ်အောင်လုပ်မလား၊ ဒါမှမဟုတ် သာမန် ရွက်ကြမ်းရေကျို အဖြစ်နဲ့ပဲ ကျေနပ်မလား၊ ကြိုက်ရာလမ်းကို ရွေးချယ်ဖို့ ကတော့ ခင်ဗျား သဘောအတိုင်း ဖြစ်ပါတယ်"

"ခင်ဗျားအနေနဲ့ တရားရေးသမိုင်းကိုတော့ ယခင်တုန်းကထက် ပိုပြီး နက်နက်ရှိုင်းရှိုင်း ဆင်ခြင်သုံးသပ်ရလိမ့်မယ်။ ခင်ဗျားအနေနဲ့ ကော်န် ဆားဗတစ်တွေ ဝမ်းမြောက်ကျေနပ်အောင်၊ ပေါပင်စကားတွေ ပြောဆိုခွင့် အခွင့်အရေး အရင်ကလို မရှိတော့ပါဘူး"

"ပြည်သူ့အခွင့်အရေးအဖွဲ့အစည်းတွေက ရေဂင်အစိုးရကို စိန် ခေါ်ခဲ့ကြစဉ်အချိန်က ခင်ဗျားရဲ့ တုံ့ပြန်မှုတချို့နဲ့ အဲဒီအဖွဲ့အစည်းတွေ အပေါ်မှာ ခင်ဗျားရဲ့ သိက္ခာချ ပြောဆိုခဲ့မှုတွေကို ကျွန်တော် ပွင့်လင်းစွာ စိတ်ပျက်ခဲ့ရပါတယ်။ တရားသူကြီး သောမတ်စ်ခင်ဗျား---အဲဒီပြည်သူ့ အခွင့်အရေး အဖွဲ့အစည်းတွေအပေါ်မှာ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်တွေက အခုထိလည်း ယခင်ကအတိုင်းပဲ ဖြစ်နေတုန်းဆိုရင်တော့ ခင်ဗျားကိုယ် ခင်ဗျား နေ့တိုင်း ပြန်မေးသင့်တာတွေရှိတယ်။ တကယ်လို့သာ ချားလ် ဟင်မီလ်တင် ဟျူစတင်၊ ဝီလျံ ဟဲန်နရီ ဟေးစတီးနဲ့ သားဂွဒ် မာရှယ်လ်



မာတိကာသို့

ဆိုသူတွေ တစ်ယောက်မှ မရှိခဲ့ဘူးဆိုရင် ပြီးတော့ အဲဒီပုဂ္ဂိုလ်တွေနဲ့ တွဲဖက်လုပ်ကိုင်ကြပြီး ၂၀ ရာစုနှစ်ရဲ့ လူမျိုးရေးပြည်သူ့အခွင့်အရေးအမှုတွေမှာ အောင်မြင်မှုရအောင် အုတ်မြစ်ချပေးခဲ့ကြတဲ့ တခြားရှေ့နေကေဒါ လူတစ်စုသာ မရှိခဲ့ရင် ခင်ဗျားဘယ်လိုဖြစ်လာမလဲဆိုတာ ကိုယ့်ကိုကိုယ် ပြန်မေးကြည့်ပါ။ အကျိုးသက်ရောက်မှုရှိအောင် ဆောင်ရွက်နိုင်တဲ့ အဲန်အေအေစီပီအဖွဲ့သာ မရှိခဲ့ဘူးဆိုရင် ခင်ဗျားဟာ ဂျော်ဂျီးယားပြည်နယ်က ပင်ပွိုင့်မြို့မှာ ခင်ဗျားရဲ့ ဆွေမျိုးတချို့ ဆယ်စုနှစ်တွေနဲ့ချီပြီး လုပ်နေကြရသလို ခင်ဗျားလည်း သာမန်အလုပ်သမားဘဝနဲ့ လုပ်နေရဖို့ အများကြီး မဖြစ်နိုင်ပေဘူးလား"

"ကျွန်တော့်ရဲ့ ဘဝသက်တမ်းမှာ အမေရိကန်လူမည်းတွေ မဲပေးခွင့် အငြင်းဆိုခံခဲ့ကြရတာတွေ၊ သင့်တင့်လျောက်ပတ်တဲ့ ပညာသင်ကြားခွင့် မရခဲ့ကြတာတွေ၊ သူတို့စိတ်ကြိုက်နေရာတွေမှာ ရွေးချယ်အလုပ်လုပ်ပြီး နေထိုင်ခွင့် မရခဲ့ကြတာတွေကို တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ လူဖြူလူမည်း အသားအရောင်ခွဲခြားမှုနဲ့ လူ့အဆင့်အတန်းခွဲခြားမှုတွေကိုလည်း မြင်ခဲ့ပြီးပြီ။ သိခဲ့ပြီးပြီ။ *ဘရောင်းအမှု* ရဲ့ ဆုံးဖြတ်ချက်ကိုလည်း တွေ့မြင်ခဲ့ရပြီးပြီ။ တရားရုံးချုပ်က တရားသူကြီးကုလားထိုင်မှာ ပထမ ဆုံး လူမည်းတက်ထိုင်တာကိုလည်း ကျွန်တော် မြင်ခဲ့ရပြီးပြီ။ ပြည်သူ့အခွင့်အရေးတိုက်ပွဲအတွက် အသက်စတေးသွားကြတဲ့ ရဲရင့်ပြီး သတ္တိရှိတဲ့ လူဖြူလူမည်းတွေကိုလည်း ကျွန်တော် တွေ့မြင်ခဲ့ရပြီးပြီ။ သူတို့အားလုံးရဲ့ ကြီးကျယ်ထည်ဝါလှတဲ့ အောင်မြင်မှုတွေဟာ စိတ်မချရတဲ့ အခြေအနေကို ရောက်နေပြီလားလို့လည်း ကျွန်တော် တွေးတောမိတယ်"

"တရားရုံးချုပ်က တရားသူကြီးအများစုဟာ ဆင်းရဲသားတွေ၊ အမျိုးသမီးတွေ၊ အခွင့်အရေးရှုံးနိမ့်သူတွေ၊ လူနည်းစုတွေနဲ့ အာဏာမဲ့သူတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးမှုက ဆက်လက်ပြီးဆုတ်ခွာသွားကြလိမ့်မလား၊ ဘယ်အတိုင်းအတာအထိ ဆုတ်ကြမလဲဆိုတာတွေကိုလည်း ကျွန်တော်စဉ်းစားကြည့်နေမိပါတယ်။ တကယ်လို့များ ဝမ်းနည်းကြေကွဲဖွယ်ရာကောင်းအောင် တရားရုံးချုပ်ရဲ့ အများစုက နောက်ဆုတ်သွားကြ



မာတိကာသို့

မယ်ဆိုရင်လည်း အမေရိကန်လူမည်းတရားသူကြီး သောမတ်စ်ဟာ အဲဒီအများစုထဲမှာ ပါသွားမလားဆိုတာကိုလည်း ကျွန်တော် တွေးကြည့်နေမိပါတယ်”

“ကျွန်တော့်ရဲ့ စိုးရိမ်စိတ်စောမှုတွေဟာ အခြေအမြစ် မရှိပါဘူးလို့ လာမယ့်နှစ်ကာလများအတွင်း တရားရုံးချုပ်မှာ ခင်ဗျားအနေနဲ့ မှတ်တမ်းတင် သက်သေပြနိုင်ခဲ့ရင် ကျွန်တော့်ထက်ပိုပြီး ဝမ်းသာမယ့်သူ ဘယ်သူမှ ရှိလိမ့်မယ် မဟုတ်ပါဘူး။ ခင်ဗျားဟာ တရားမျှတမှု မရှိတဲ့ကာလမှာ မွေးဖွားခဲ့သူပါ။ အမေရိကမှာ ဆင်းရဲသားနဲ့ လူမည်းဖြစ်ရတာ ဘယ်လောက် ခက်ခဲသလဲဆိုတဲ့ အခြေအနေမှန်ရဲ့အောက်မှာ မွေးဖွားခဲ့သူပါ။ အထူးသဖြင့် လူမည်းဖြစ်တဲ့အတွက် ဆင်းရဲခဲ့ရသူဖြစ်ပါတယ်။ ဒါပေမဲ့ ခင်ဗျားမှာ တံခါးပေါက်တစ်ပေါက် ရုတ်တရက် ကျိုးပဲ့ထွက်သွားခဲ့တာနဲ့ ကြုံခဲ့လို့ ခင်ဗျားလွတ်မြောက်လာခဲ့တာ ဖြစ်ပါတယ်။ ခင်ဗျားမေ့သွားလိမ့်မယ်လို့ မထင်ဘူးလို့ ကျွန်တော် ယုံကြည်တာတစ်ခုရှိတယ်။ ခင်ဗျားရှေ့ကလူတွေရော၊ ခင်ဗျားနောက်ကို ပါခဲ့သူတွေရော သူတို့အပြစ် မဟုတ်ဘဲနဲ့ တန်းတူညီမျှမှု အခွင့်အရေးတံခါးဟာ သူတို့မျက်နှာရှေ့မှာ ဆောင့်ပိတ်တာကို ခံကြရလိမ့်မယ်ဆိုတာ ဖြစ်ပါတယ်။ သူတို့မှာရှိကြတဲ့ အရည်အချင်းတွေကို မသိကြတဲ့သူတွေကိုလည်း သမိုင်းရဲ့ အချိန်အခါနဲ့ ရေစီးကြောင်းက ခေါ်ထုတ်လိမ့်မယ်ဆိုတာကိုလည်း ကျွန်တော် သိနေပါတယ်”

“အဲဒါကြောင့် ကျွန်တော့်ရဲ့ စိုးရိမ်စိတ်စောမှုတွေကို ချိန်ခွင်လျှာညီမျှစေချင်တဲ့ မျှော်လင့်ချက်များနဲ့အတူ မိတ်ဆွေကြီး ကျန်းမာပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ တရားဥပဒေအောက်မှာ လူတိုင်းအတွက် တန်းတူညီမျှတဲ့ တရားစီရင်မှု အာမခံချက် ရရှိရေးအတွက် ခင်ဗျားဟာ အတွေးအခေါ်ရှိပြီး သားဂွဒ် မာရှယ်လ်ရဲ့ အရိုက်အရာကို ထိုက်တန်စွာ ဆက်ခံသူဖြစ်ပါစေလို့လည်း ကျွန်တော် ဆန္ဒပြုလိုက်ပါတယ်”

လိုက်လှဲစွာဖြင့်

အေ လီယွန် ဟစ်ဂင်ဘိုသမ်

အဲဒီ အိတ်ဖွင့်ပေးစာကို ရတာနဲ့ သောမတ်စ်ဟာ ဟစ်ဂင်ဘိုသမ်ကို တယ်လီဖုန်းဆက်ခဲ့ပါတယ်။ နှစ်ယောက်စလုံးက မိတ်ဆွေလို စကားပြောဆိုဆွေးနွေးမှုတစ်ခုဖြစ်တယ်လို့ ပြောခဲ့ကြပါတယ်။ ဒါပေမဲ့ လူမည်းကော်နဆားဗတစ်တွေကတော့ ဟစ်ဂင်ဘိုသမ်ကို စိတ်ထားဘဝင်မြင့်ပြီး ရှည်လျားအရှပ်ဆိုးပြီး အပေါစားတိုက်ခိုက်မှုကို လုပ်ခဲ့တယ်လို့ အပြစ်တင်တိုက်စစ်ဆင်ခဲ့ကြပါတယ်။ သတင်းထောက် အာချီပါကင်စ်ကို သမ္မတဘုရှ်နဲ့ ဆက်ပေးခဲ့တဲ့ ကော်နဆားဗတစ် တရားသူကြီး ကလင့် ဘိုလစ်ခ်ကတော့ ဟစ်ဂင်ဘိုသမ်ရဲ့စာဟာ အပေါစီးနဲ့ ဆရာကြီးလုပ်တယ်လို့ တွေ့ရကြောင်း *ဝေါရှင်တင် ပို့စ်* သတင်းစာကို ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

အမြင်သဘောထား ကွဲလွဲမှုတွေရဲ့ အဓိကလိုရင်းကတော့ ဟစ်ဂင် ဘိုသမ်ရဲ့ အိတ်ဖွင့်ပေးစာဟာ သောမတ်စ်အပေါ်မှာ ဩဇာမသက်ရောက်ခဲ့ဘူးဆိုတဲ့ အချက်ဖြစ်ခဲ့ပါတယ်။ တရားရုံးချုပ် တရားသူကြီးဖြစ်လာပြီး ပထမဆုံးမဲပေးခဲ့တာကို လေ့လာကြည့်ရင်တော့ သောမတ်စ်ဟာ မာရှယ်လ်၊ ဟစ်ဂင်ဘိုသမ်နဲ့ တခြားအမေရိကန်တွေ စိုးရွံ့သလို ဖြစ်ခဲ့ပြီး ပိုတောင်ဆိုးခဲ့ပါ သေးတယ် ဆိုတာပါပဲ။

သောမတ်စ် တရားသူကြီးဖြစ်လာအပြီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အဋ္ဌမပြင် ဆင်ချက် (ရက်စက်ကြမ်းကြုတ်သော အပြစ်ဒဏ်ကို တားမြစ်ခြင်း)ကို ကိုးကားဆုံးဖြတ်ရမယ့် လူဝီစီရဲနားပြည်နယ်က အကျဉ်းသား ကိသ် ဟဒ်ဆင်အမှုနဲ့ တိုးခဲ့ပါတယ်။ ကိသ် ဟဒ်ဆင်ဟာ ထောင်အစောင့်နှစ်ဦးရဲ့ လက်ထိတ်ခတ်ပြီး အရိုက်ခံခဲ့ရတာ၊ နှုတ်ခမ်းကွဲ၊ သွားတွေနဲ့ အံကပ်သွားတွေ ကျိုးထွက်သွားခဲ့တယ်။ ဒီလိုလုပ်ခဲ့တာဟာ ရက်စက်ပြီး သဘာဝမကျတဲ့ အပြစ်ဒဏ်ပေးခြင်းဖြစ်တယ်။ အဋ္ဌမပြင်ဆင်ချက်က တားမြစ်မှုကို ချိုးဖောက်ခြင်းဖြစ်တယ်လို့ တရားသူကြီး စန္ဒရာ အိုကောနားနဲ့ တခြားတရားသူကြီး ခြောက်ဦးတို့က ဆုံးဖြတ်ခဲ့ကြပါတယ်။

သောမတ်စ်က သဘောထားကွဲလွဲတဲ့ မှတ်ချက်ကို ရေးခဲ့ရာမှာ



မာတိကာသို့ ▶▶

အကျဉ်းသား ဟဒ်ဆင်ရဲ့ တိုင်တန်းချက်ဟာ ထောင်ထမင်းဟင်းမကောင်းလို့ မိုက်နာတယ်ဆိုတာမျိုးနဲ့ တူနေတယ်။ တရားသူကြီးအများစုကလည်း ပြည်သူ့အခွင့်အရေး ဥပဒေကြမ်းရဲ့ အတိုင်းအတာကို ဆန့်ထုတ်ခဲ့ကြတယ်လို့ ရေးသားခဲ့တယ်။

သောမတ်စ်ကို အတည်ပြုရေးအတွက် မဲပေးခဲ့ကြသူတစ်စုဟာ သူတို့လုပ်ခဲ့တာ ငါးပါးမှောက်ပြီး ပျက်စီးခြင်းတိုင်ခဲ့ပြီလို့ စမြင်လာခဲ့ကြတယ်။ ဒါပေမဲ့ သူတို့ပေးခဲ့ကြတဲ့ အဆုံးအဖြတ်တွေဟာ လက်တွေ့အားဖြင့် ပြန်ပြီး ပြုပြင်လို့ မရနိုင်တော့ဘူးဆိုတာ သိကြတော့လည်း လက်ပိုက်ပြီး ကြည့်နေခဲ့ကြရတော့တယ်။

အကျဉ်းသား ကိသ် ဟဒ်ဆင်ကို ရိုက်နှက်မှုမှာ သောမတ်စ်ရဲ့ ဆုံးဖြတ်ခဲ့ပုံက *နယူးယောက် တိုင်းမ်* သတင်းစာကို ဒေါပွစေခဲ့တယ်။ ဒါကြောင့် သတင်းစာကြီးက ခေါင်းကြီးပိုင်းကနေပြီး “အသက်အငယ်ဆုံးနှင့် အရက်စက်ဆုံး တရားသူကြီး” လို့ ခေါင်းတပ်ပြီး သောမတ်စ်ကို ဆော်ထည့်ခဲ့တယ်။ ဆက်လက်ပြီးလည်း “သောမတ်စ်ရဲ့ သဘောထားအမြင်ကွဲလွဲမှုဟာ အကြီးအကျယ်စိတ်ပျက်စဖွယ်ကောင်းမှု ဖြစ်ခဲ့ရပြီ။ အဘယ့်ကြောင့်ဆိုသော် သူသည် သက္ကရာဇ် ၂၀၃၀ တိုင်အောင် အမှုထမ်းဖွယ်ရာရှိသောကြောင့်ဖြစ်တယ်။ သူဟာ နောက်ထပ်ဖြစ်လာမယ့် တရားသူကြီးတွေရဲ့ ထောက်ခံချက်ရအောင်လည်း ဆွဲဆောင်စည်းရုံးပြီး တရားရုံးချုပ်ကို လက်ယာဘက် ပိုယိမ်းသွားအောင် လုပ်နိုင်စရာရှိသောကြောင့်ဖြစ်ပါတယ်” လို့ ဖော်ပြခဲ့တယ်။

နိုင်ငံရေးသူရဲဘောကြောင်မှု၊ အပြစ်မြင်ဝါဒနဲ့ မှားယွင်းတဲ့အဆုံးအဖြတ်တို့နဲ့ သောမတ်စ်ကို ထောက်ခံမဲပေးခဲ့ကြတဲ့ ဒီမိုကရက်တစ် ၁၀ ဦးအပြင် အာလင် စပက်တာ၊ နန်စီ ကပ်ဆဲလ်ဘောင်းနဲ့ တခြားသူတွေလည်း သိလာကြပြီ။ အမေရိကန်နိုင်ငံသားအားလုံးအတွက် သားဂွဒ် ကြက်သား ဆလတ်ရွက်သုပ်စားခဲ့ရတဲ့ မာရှယ်လ်ရဲ့ခေတ် ကုန်သွားပြီ။ ကြက်ချေးအိမ်ပေါ်ရောက်လာပါပကောလား---လို့။

# အခန်း (၂၄)

## မာရှယ်လ်ကို ဓမ္မဝိဉာဉ်ကျကျ ရှုမြင်ခြင်း

မိုးဇစ်ဇ်ဟာ ပညတ်တော်ဆယ်ပါးကို အသုံးပြုခဲ့သလို သားဂွဒ် မာရှယ်လ်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို အသုံးပြုခဲ့တယ်လို့ သားဂွဒ် မာရှယ်လ်ကို ကြည်ညိုလေးစားသူတစ်ဦးက အဲဒီလို ရေးသားခဲ့ဖူးပါတယ်။

မာရှယ်လ်ကို သွားပုတ်လေလွင့်ပြောကြသူများကတော့ သူ့ကို "ကလေးများသတ်သူ"၊ "ရာဇဝတ်ကောင်များကို မျက်နှာသာပေးသူ"၊ "တိုင်းပြည်ကို ပျက်မတတ်နီးပါး ဖျက်ဆီးသူ"လို့ ခေါ်ဆိုခဲ့ကြပါတယ်။ တချို့က သူ့ကို စံနမူနာထားကြပြီး တချို့က သူ့ကို အထင်သေးကြတယ်။ ဒါပေမဲ့ သဘောထားမကွဲတဲ့ အချက်တစ်ခုတော့ရှိတယ်။ အဲဒါကတော့ မာရှယ်လ်ဟာ အမေရိကန်ပြည်သူများနဲ့ ကမ္ဘာကြီးရဲ့ တရားရေးနဲ့ လူမှုရေးလွတ်လပ်ရေးတို့ကို နက်ရှိုင်းတဲ့ ပြောင်းလဲမှုဖြစ်အောင် စွမ်းဆောင်ပေးခဲ့တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။



မာတိကာသို့ ››

သချိုင်းကုန်းက လူတွေသာ ထပြီး စကားပြောခိုင်းလို့ရရင် မာရှယ်လ်ဟာ လုပ်ပုံကိုင်ပုံ ဟန်မှာရော၊ အောင်မြင်မှုရတဲ့နေရာမှာရော၊ သူမတူတဲ့ ရှေ့နေတစ်ဦးဖြစ်ပြီး မေ့လို့မရနိုင်အောင် အားကောင်းသူဖြစ်တယ်လို့ ပြောကြမယ့်သူတွေရှိတယ်။ သူတို့အထဲမှာ နာမည်ကြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရှေ့နေကြီး ဂျွန် ဒေးဗစ်၊ မယ်ရီလဲန်းတက္ကသိုလ်က ကာလီ ဘဒ်၊ ၁၉၅၁ ခုနှစ်က *ဘရုစ္စနှင့် အဲလီးရှစ်အမှု* ရဲ့ တရားသူကြီးများဖြစ်ခဲ့ကြတဲ့ ပတ်ကား၊ တင်းမာမဲန်းနဲ့ ဝေါရင်တို့ ပါဝင်ကြပါလိမ့်မယ်။ သက်ရှိထင်ရှား ရှိနေ ကြသူတွေထဲက အမှန်စကားကို ပြောကြမယ်ဆိုရင် သားမင်း၊ ဝေါလေ့စ်၊ နစ်ဆင်နဲ့ အဂ်နျူး၊ ရေဂင်နဲ့ ဘုရှ်တို့က မာရှယ်လ်ဟာ အမေရိကမှာ လူတိုင်းအတွက် အကန့်အသတ်မရှိ ပိုမိုကောင်းမွန်အောင် လုပ်ပေးခဲ့တဲ့ ရှေ့နေ၊ တရားသူကြီးနဲ့ လူသားတစ်ယောက် ဖြစ်တယ်လို့ ပြောကြ ရလိမ့်မယ်။

မာရှယ်လ်ဟာ အမေရိကမှာရှိတဲ့ ဆင်းရဲသားများ၊ တခြားအပယ်ခံလူများနဲ့ အသားအရောင်နဲ့ ဇာတိဇစ်မြစ်မျိုးစုံတိုင်းအတွက် အကာအကွယ်ပေးသူအဖြစ် ချီးမွမ်းထောမနာပြုထားခဲ့တဲ့ သြဘာစာတွေ ထောင်နဲ့ချီပြီး ရှိပါတယ်။ တချို့ကို ရှေ့ပိုင်းမှာ ရေးခဲ့ပြီးပါပြီ။ ဒါပေမဲ့ အရေးကြီးတဲ့ပြဿနာတွေ တစ်ခုချင်းမှာ မာရှယ်လ်ရဲ့ တရားစီရင်မှု ဆုံးဖြတ်ချက်များနဲ့ လက်ရှိတရားစွဲဆိုမှုအခြေအနေများကို ခမ္မိဌာန်ကျကျ အကဲဖြတ်ကြည့်ကြဦးစို့လား။

## လူဖြူမဟုတ်သူများအတွက် နိုင်ငံရေးအာဏာ

မာရှယ်လ်နဲ့ စကားပြောကြည့်လို့ သူ့စိတ်က ကြည်နေတဲ့နေ့မျိုးမှာ ပြောပြလိမ့်မယ်။ သူဆောင်ရွက်ခဲ့တဲ့ အရေးအကြီးဆုံးအလုပ်က တောင်ကယ်ရိုလိုင်းနားပြည်နယ်မှာ လူဖြူများရဲ့ အခြေခံရွေးကောက်ပွဲများကို ဖြိုခွဲပစ်ခြင်းနဲ့ လူမည်းတွေကို မဲပေးခွင့်ရရေးအတွက်ဖြစ်တဲ့ တက္ကဆတ်စ်ပြည်နယ်က *စမစ်သ်နှင့်အောရိုက်အမှု* ကို အနိုင်ရရှိရေးပဲဖြစ်

တယ်လို့ မာရှယ်လ်က ပြောပြမှာဖြစ်တယ်။ သူဟာ မဲပြားအာဏာကို ပြင်းပြင်းပြပြ ယုံကြည်ခဲ့သူဖြစ်တယ်။

၁၉၆၀ ပြည့်လွန်နှစ်များက တိုက်ခိုက်လိုစိတ် ပြင်းထန်ကြတဲ့ စတုတ်လီ ကာမိုက်ကယ်လ်နဲ့ ရက်ပ် ဘရောင်းတို့က လူမည်းအာဏာ အတွက် အော်ဟစ်တောင်းဆိုခဲ့ပုံတွေကို မာရှယ်လ်စောင့်ကြည့်ခဲ့တယ်။ ဒါပေမဲ့ မာရှယ်လ်ကတော့ လူမည်းတစ်ဦးပိုင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို မီးရှို့ဖျက်ဆီးနိုင်တဲ့ လူပေလူတေတစ်ဦးရဲ့ အရည်အချင်းထက် လူမည်း တွေရဲ့မဲတွေက ပိုပြီးသြဇာရှိမယ်ဆိုတာ သိထားခဲ့တယ်။ ၁၉၆၉ ခုနှစ်က နယူးအော်လီန်းစ်မြို့က ဒစ်လ်လတ်တက္ကသိုလ်မှာ လူမည်းတွေများတဲ့ ပရိ သတ်ထုကြီးကို မာရှယ်လ်က အောက်ပါအတိုင်း ပြောခဲ့တယ်။

"မင်းမဲ့ဝါဒဟာ မင်းမဲ့ဝါဒပဲ။ ဘယ်သူလုပ်လုပ် ခြားနားမှု မရှိဘူး။ မင်းမဲ့ဝါဒဟာ ဆိုးတယ်။ အပြစ်ဒဏ်ပေးရမယ်။ အပြစ်ဒဏ်လည်း ပေးထိုက် တယ်"

"ကိုယ်လုပ်သင့်တာတစ်ခုကို မလုပ်မိတဲ့အတွက် အသားအရောင် ကြောင့်လို့ ဆင်ခြေပေးလို့ မဖြစ်ဘူး။ ကိုယ့်အိမ်မှာ သပ်သပ်ရပ်ရပ် မရှိတာ ကို လူမျိုးရေးကြောင့်လို့ ဆင်ခြေပေးလို့ မရဘူး။ လူဖြူလူမည်း ခွဲခြားမှု ရှိနေဦးတောင်မှ ကိုယ့်ကလေးတွေ ကျောင်းဆက်မထားနိုင်တာကိုလည်း လူမျိုးရေးကြောင့်လို့ ဆင်ခြေတက်နေလို့ မရဘူး"

လူမည်းပရိသတ်ကြီးက မာရှယ်လ်ရဲ့စကားတွေကို သောင်း သောင်းဖျဖျ လက်ခုပ်သြဘာပေးခဲ့ကြတယ်။

လူမည်းကလေးတွေရဲ့စိတ်ဟာ "အာဖရိကယဉ်ကျေးမှု" တစ်ခု တည်းအပေါ်မှာပဲ အာရုံစူးစိုက်သွားစေမဲ့ အသိဉာဏ်ပညာခွဲခြားမှုကို လိုလား ထောက်ခံကြတဲ့ လူမည်းခွဲခြားရေးသမားတွေကိုလည်း မာရှယ်လ်က ထိုးနှက် ပြောဆိုခဲ့သေးတယ်။

"ခင်ဗျားတို့ဟာ တခြားလူတိုင်းလို တိကျတဲ့လေ့ကျင့်မှုကို မလုပ်



မာတိကာသို့

ဘဲနဲ့ သူများထက် ကိုယ်ကသာအောင် ကမ္ဘာကြီးထဲမှာ သွားပြီး ပြိုင်လို့ရမှာ မဟုတ်ဘူး။ နီးဂရိုးတစ်ယောက်ဖြစ်ရင် သူများထက် ပိုသာဖို့ လိုပါတယ်"

"မီးတုတ်--မီးတုတ်--ရှို့--ရှို့--" လို့ အော်ဟစ်နေတဲ့ အသံတွေထက် မဲတစ်ပြားက "လူမည်းတွေရဲ့အာဏာ"ကို ပိုပြီးထူထောင်ပေးနိုင်ပါလိမ့် မယ်လို့ ဆိုပါတယ်။

မာရှယ်လ်က သူ့အနေနဲ့ အများပြည်သူရဲ့ ကန့်ကွက်မှုတွေကို မဆန့်ကျင်သေးဘူး။ ဒါပေမဲ့ အဆုံးမှာ တရားဥပဒေစိုးမိုးမှုက အောင်မြင်မှုရဖို့ လိုအပ်ကြောင်းကိုလည်း တိုက်တွန်းပြောဆိုခဲ့တယ်။ ဆန္ဒပြသူများနဲ့ အကြမ်းဖက်သူများဟာ မာရှယ်လ်နဲ့ သူ့ရဲ့တရားရေးအဖွဲ့လုပ်ဆောင်တာထက်ပိုပြီး စာနယ်ဇင်းတွေရဲ့ စိတ်ဝင်စားမှု ပိုရရှိခဲ့ပုံကိုလည်း မာရှယ်လ်ရဲ့စိတ်ထဲမှာ ဘဝင်မကျခဲ့ဘူး။

ဒေါက်တာမာတင် လူသာ ကင်းကို ဂျော်ဂျီးယားပြည်နယ်ရှိ အယ်လ်ဘာနီထောင်က လွှတ်ပေးလိုက်တဲ့အတွက် ဂျွန် အက်ဖ် ကနေဒီနဲ့ သူ့ညီ ရောဘတ် ကနေဒီတို့ မဲတွေတသီကြီး ပိုရခဲ့ကြတယ်။ သတင်းစာတွေရဲ့ ချီးကျူးဂုဏ်ပြုခြင်းကိုလည်း ခံခဲ့ရတယ်။ မာရှယ်လ်ကတော့ "မာတင် လူသာ ကင်းကို ရှေ့နေတွေကလွဲရင် သူတို့အားလုံးက လွှတ်အောင်လုပ်ပေးနိုင်တယ်လို့ ထင်ခဲ့ကြပုံရသဗျာ" လို့ ဝေဖန်ပြောဆိုခဲ့တယ်။

မောင့်ဂိုမာရီမြို့မှာ ဘတ်စ်ကားသပိတ်မှောက်မှုတွေ ဖြစ်ခဲ့တော့ သတင်းစာတွေက အမှန်းတင်ရေးခဲ့ကြတယ်။ တကယ်တော့ လူမည်းတွေကို ဘတ်စ်ကားရှေ့ပိုင်းမှာ စီးခွင့်ရအောင် တရားရုံးချုပ်က ဆုံးဖြတ်ပေးလိုက်တာပါလို့လည်း မာရှယ်လ်က ပြန်ပြောပြခဲ့တယ်။

"အဲဒီလို သျှောက်ဆန္ဒပြတာ ဘာမှ မဖြစ်ခဲ့ဘူး။ သူတို့ဟာ တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်ကို စောင့်ပြီး နေနိုင်ခဲ့ပါတယ်" လို့ မာရှယ်လ်က ထင်မြင်ချက်ပေးခဲ့တယ်။

ဒေါက်တာ မာတင် လူသာ ကင်းဟာ ရတ်တရက်ချက်ချင်း အလွန်



မာတိကာသို့

ကျော်ကြားတဲ့ လူမည်းဆူပါခေါင်းဆောင်တစ်ဦး အနေအထားကို ရောက်သွားခဲ့ပါတယ်။ မာရှယ်လ်ဟာ မာတင်လူသာကင်းအပေါ်မှာ မနာလိုမှုနဲ့ ဒေါသတွေဖြစ်ခဲ့တယ်။ သူ့ရဲ့အမြင်မှန်တွေကို တိမ်သလ္လာဖုံးသွားစေခဲ့တယ်။ တကယ်တော့ မောင်ဂိုမာရီမှာ အနစ်နာခံလမ်းလျှောက်ဆန္ဒပြမှုတွေက အမေရိကန်မှာ လူမည်းတွေ ကားစီးခွင့်အတွက် အများပြည်သူရဲ့အမြင်ကို အများကြီးပြောင်းလဲသွားစေခဲ့ပါတယ်။ သပိတ်မှောက်ဆန္ဒပြမှုနဲ့ သတင်းစာများရဲ့ ရေးသားချက်တွေက တရားရုံးချုပ်ကို လွှမ်းမိုးနိုင်ခဲ့ပုံရတယ်။ မောင်ဂိုမာရီက လူဖြူလူမည်းခွဲခြားရေးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘူးလို့ တရားရုံးချုပ်က ဆုံးဖြတ်ကြေညာပေးခဲ့ရပါတယ်။ ဒေါက်တာကင်းရဲ့ မိန့်ခွန်းများနဲ့ ထိုင်သပိတ်တိုက်ပွဲဆင်နွှဲမှုနဲ့ ကန့်ကွက်ဆန္ဒပြတဲ့ သပိတ်မှောက်မှုတို့က ၁၉၆၄ ခုနှစ် ပြည်သူ့နေရာထိုင်ခင်းဥပဒေကို တရားရုံးချုပ်က ပြဋ္ဌာန်းအောင် ဩဇာသက်ရောက်ခဲ့ပုံရှိတယ်ဆိုတာကို မာရှယ်လ်က လက်ခံချင်ပုံ မရှိခဲ့ဘူး။

ဒါပေမဲ့ မာရှယ်လ်ရဲ့ တရားစွဲဆိုမှုများက အရေးပါခဲ့ပါတယ်။ ၁၉၆၅ ခုနှစ် မဲပေးခွင့်ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်အောင် ကွန်ဂရက်လွှတ်တော်အတွက် နိုင်ငံရေးအာဏာတံခါးကို ရှင်းရှင်းလေး ဖွင့်ပေးစေခဲ့တယ်။ လူမည်း ၈,၀၀၀ ခန့်ဟာ ပြည်သူ့ဝန်ထမ်းများအဖြစ် အရွေးခံခဲ့ရတယ်။ သူတို့အထဲက ဗာဂျီးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး၊ နယူးယောက်လော့စ်အဲန်ဂျလိစ်၊ ဒီးထရွိုက်၊ နယူးအော်လိန်းစ်၊ အတ္တလန္တာနဲ့ တခြားမြို့တော်ကြီးတွေမှာ မြို့တော်ဝန်တွေ ဖြစ်လာကြတယ်။ ကျောင်းအုပ်ချုပ်မှု ဘုတ်အဖွဲ့တွေ၊ မြို့ကောင်စီတွေမှာ လူမည်းတွေ ပါဝင်လာခဲ့ကြတယ်။ ကျေးလက်မြို့သူကြီး ရှဲရစ်ဖ်တံဆိပ်တွေတပ်နိုင်သူတွေ ပါလာကြတယ်။ *စမစ်သ်နှင့် အောရိုက်အမှု* မတိုင်ခင်က လူမည်းတွေ မရရှိခဲ့ကြတဲ့ အာဏာကို နေရာတကာမှာ ရလာခဲ့ကြတာ ဖြစ်ပါတယ်။

ဒါပေမဲ့ မာရှယ်လ်ရဲ့ အောင်ပွဲက မပြည့်စုံသေးဘူး။ ဆုံးခန်းတိုင်ဖို့ အဝေးကြီးလိုခဲ့သေးတယ်။ နစ်ဆင်၊ ရေဂင်နဲ့ ဘုရှ်တို့က လူမည်းနိုင်ငံရေးအာဏာကို နည်းနည်းအရာမထင်ဖြစ်သွားအောင် လုပ်ခဲ့ကြတယ်။



မာတိကာသို့ ▶▶

သူတို့ဟာ လူမျိုးရေးဖဲချပ်ကို ကစားပြီး မျက်နှာဖြူတွေကို လှုံ့ဆော်သွေးထိုးမှုပြုလုပ်ခဲ့ကြတယ်။ အထူးသဖြင့် တောင်ပိုင်းပြည်နယ်က မျက်နှာဖြူအမျိုးသားတွေကို မဲရုံသွားပြီး လူမည်းတွေရဲ့မဲတွေကို သမသွားအောင် လုပ်နိုင်ရေးအတွက် တွန်းပို့ခဲ့လို့ ဖြစ်ပါတယ်။

## ပညာရေး

မာရှယ်လ်ဟာ စိတ်ပါလက်ပါရှိတဲ့နေ့မျိုးမှာ သူ့ဘဝရဲ့ အကြီးဆုံးအောင်မြင်မှုတွေအကြောင်းကို ပြောပြနိုင်တယ်။ အဲဒီအခါမှာ လူဖြူလူမည်းကျောင်းတွေ ခွဲခြားတဲ့ သမိုင်းဝင် *ဘရောင်းအမှု* နဲ့ ကောလိပ်တွေ ဝင်ခွင့်ရအောင် လုပ်ခဲ့ရတဲ့ *မာရေး*၊ *ဂိန်းစ်*၊ *ဆီပူးဝဲလ်*၊ *မက်လောရင်း*၊ *ဆွက်* နဲ့ အော်သရင်း လူစီတို့အမှုတွေဟာ အကြီးမားဆုံး အောင်မြင်မှုတွေ ဖြစ်ခဲ့ပုံကို သူပြောပြလိမ့်မယ်။

မယ်ရီလဲန်းတက္ကသိုလ်မှာ ဒေါ်နယ်လ် မာရေး ကျောင်းဝင်ခွင့်ရခဲ့တဲ့အမှု၊ အိုကလာဟိုးမားတက္ကသိုလ်မှာ အေဒါဆီပူးဝဲလ် ဖစ်ရှာ ကျောင်းဝင်ခွင့်ရခဲ့တဲ့အမှုတွေဟာ ဥပဒေရှုထောင့်ကကြည့်ရင် အဆုံးမရှိတန်ဖိုးကြီးမားလှတဲ့ တရားရေးအောင်မြင်မှုတွေ ဖြစ်ခဲ့ပါတယ်။ လူမည်းတွေကို သူတို့ပြည်နယ်များအတွင်းက ကောလိပ်နဲ့ တက္ကသိုလ်တွေမှာ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်ရအောင် လုပ်ပေးခဲ့တာတွေကို ပြောရရင်လည်း လိုတာထက်ပိုပြီး ချီးကျူးမှု မဖြစ်နိုင်ပါဘူး။ တစ်ယူသန်၊ တဖောက်ကန်းတွေက တံခါးတွေကို ပိတ်နိုင်ခဲ့ကြတာထက် မာရှယ်လ်က တံခါးတွေကို ပိုပြီးဖွင့်ပေးနိုင်ခဲ့ပါတယ်။

ပညာရေးကိစ္စများအတွက် မာရှယ်လ်ဟာ အာဏာရှိတဲ့ မဟာမိတ်တစ်ဦးကို တွေ့ခဲ့ရတယ်။ သူကတော့ သမ္မတ ဂျွန်ဆင်ဖြစ်ခဲ့တယ်။ ဂျွန်ဆင်ဟာ ၁၉၆၅ ခုနှစ် အဆင့်မြင့်ပညာရေးဥပဒေအတွက် ပြည်ထောင်စုထောက်ပံ့ကြေးပေးဖို့ ကွန်ဂရက်လွှတ်တော်ကို တွန်းအားပေးခဲ့တယ်။ အဲဒီဥပဒေ



မာတိကာသို့ ▶▶

ဟာ ကောလိပ်ဘွဲ့များနဲ့ အဆင့်မြင့် သင်ကြားမှုများအတွက် အမေရိကန်မှာရှိတဲ့ သန်းပေါင်းများစွာသော လူဖြူလူမည်း ဘယ်သူဖြစ်ဖြစ် ပညာသင်ကြားခွင့်ရရေးအတွက် ဖြစ်ပါတယ်။ ဒါပေမယ့် သမ္မတရေဂင်လက်ထက်ကျတော့ စာတော်တဲ့ ဆင်းရဲသားလူငယ်ကလေးများကို ပေးတဲ့ ထောက်ပံ့ငွေတွေကို ဖြတ်တောက်ပစ်ခဲ့တယ်။ ဥပဒေကို အားနည်းသွားစေအောင် ကြိုးစားလုပ်ခဲ့တာပဲဖြစ်တယ်။

ရေဂင်နဲ့ ဘုရှ်တို့ဟာ လူမျိုးရေးဝါဒကို ကောလိပ်ကျောင်း ရှုမြင်ကွင်းထဲ ပြန်သွင်းခဲ့ကြတယ်။ လူမည်းကျောင်းသားများအတွက် တရားမျှတမှု မရှိခြင်းကို ကုသပေးမှုတစ်ခုအဖြစ် လူမည်းများကို သီးသန့် စကောလားရှစ်ထောက်ပံ့မှုပေးတဲ့ အစီအစဉ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘဲ မျက်နှာဖြူများကို အဆင့်အတန်း ခွဲခြားခြင်းဖြစ်တယ်လို့ ရေဂင်နဲ့ ဘုရှ် တို့က ကြေညာပြီး ပြည်သူ့အခွင့်အရေးဥပဒေများကို ထက်အောက်ပြောင်းပြန်လှန်ပစ်ခဲ့ကြတယ်။

ဘုရှ်လက်ထက်မှာ ပညာရေးဝန်ကြီး လာမာ အလက်ဇန္ဒားဟာ ဘုရှ်နဲ့ နိုင်ငံရေးအကြံပေးပုဂ္ဂိုလ်များနဲ့ ပညာရေးဌာနက လူမျိုးရေးခွဲခြားစိတ်ရှိသူများအကြားမှာ ညှပ်ပါသွားခဲ့တာ အံ့သြစရာဖြစ်ခဲ့ရတယ်။ သူတို့အားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ အမေရိကန်နိုင်ငံသားအားလုံးကို ပညာသင်ကြားပေးရေးအတွက် မဟုတ်တော့ဘဲ ဘုရှ်သမ္မတအဖြစ် ပြန်လည်အရွေးခံရဖို့ သေချာရေးအတွက်သာ ဦးတည်ခဲ့ကြသူတွေ ဖြစ်ခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့ လူမည်း၊ လူညိုနဲ့ အလွန်ဆင်းရဲတဲ့ မျက်နှာဖြူလူငယ်တွေအားလုံးရဲ့ သုံးပုံတစ်ပုံဟာ ကောင်းမွန်စွာ ပညာသင်ကြားခွင့်မရခဲ့ကြဘူး။ ဒါ့ကြောင့် အမေရိကဟာ ဂျပန်၊ ဂျာမနီ၊ ထိုင်ဝမ်တို့နဲ့ စီးပွားရေး ယှဉ်ပြိုင်မှုမှာ ရှုံးနိမ့်ခဲ့တာဖြစ်တယ်။ ဒါပေမဲ့ သမ္မတဘုရှ်ဟာ ပြည်သူ့(အစိုးရ)ကျောင်းများ တိုးတက်ရေးအတွက် ငွေကြေးထောက်ပံ့မှု ဦးစားပေးရေးကို ငြင်းဆန်ခဲ့တယ်။



မာတိကာသို့ ▶▶

## သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူများအတွက် နေရာထိုင်ခင်း

ဒီကဏ္ဍဟာ တရားမျှတမှုနဲ့ တည်ငြိမ်မှုအတွက် မာရှယ်လ်အနေနဲ့ ပါဝင်ကူညီဆောင်ရွက်ခဲ့ပြီး အစွန့်ရှည်တဲ့ ကဏ္ဍတစ်ခု ဖြစ်လာခဲ့ပါတယ်။ ပြည်သူ့အခွင့်အရေးအတွက် ရရှိခဲ့တဲ့ အကျိုးအမြတ်တွေကို တချို့ကဏ္ဍတွေမှာ နောက်ပြန်လှည့်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြတာတွေ ရှိတယ်။ ဒါပေမဲ့ ရထားများနဲ့ ဘတ်စ်ကားများပေါ်မှာဖြစ်စေ၊ နားနေခန်းများနဲ့ အိမ်သာများမှာဖြစ်စေ၊ စားသောက်ဆိုင်များမှာ၊ သောက်ရေသောက်တဲ့နေရာများမှာဖြစ်စေ လူဖြူလူမည်းပြန်လည်ခွဲခြားမှုတွေလုပ်ဖို့ လှုပ်ရှားမှုတွေ မရှိခဲ့တော့ဘူး။

ဟိုတယ်များ၊ ကဇာတ်ရုံများနဲ့ တခြား အများနဲ့ဆိုင်တဲ့အဆောက်အဦတွေမှာ လူမည်းတွေကို ပြန်ပြီးခွဲခြားမှုကို ထောက်ခံသူရှယ်လို့ အသိုင်းအဝိုင်း အများစုမှာ မတွေ့ခဲ့ရတော့ဘူး။ အများပြည်သူတို့ရဲ့ နေရာထိုင်ခင်း လွတ်လပ်မှုရရှိရေးကိစ္စမှာ မာရှယ်လ်ဟာ လူမည်းတွေကို သိက္ခာချ အနိုမ်ခံရတဲ့ဘဝက လွတ်မြောက်အောင် လုပ်ပေးခဲ့တယ်။ မျက်နှာဖြူတွေကိုလည်း ရှက်စိတ်ရသွားအောင် လုပ်နိုင်ခဲ့တယ်။

ဒီလို လူမှုရေးပြောင်းလဲမှုအခြေအနေများဟာ အာမခံချက်ရသွားပြီဆိုတာကို လူဖြူလူမည်း အမေရိကန်လူမျိုးတွေ လက်ခံခဲ့ကြတယ်။ ဒါပေမဲ့ လူမည်းတွေကို အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေမှာ မျိုးဆက်ပေါင်းများစွာ သိက္ခာအချခံခဲ့ရတယ်။ အဲဒီလိုဖြစ်ခဲ့ရာက လူမည်းတွေ အနိုမ်မခံရတော့ ဂုဏ်သိက္ခာရှိလာအောင် မာရှယ်လ်နဲ့ သူ့မိတ်ဆွေများက ရဲရဲရင့်ရင့်ဆောင်ရွက်ပြီး ထိန်းသိမ်းပေးခဲ့တာကိုတော့ အများက နားမလည်ခဲ့ကြဘူး။

အခုခေတ် မျိုးဆက်ရဲ့ လူမည်းအများစု မသိတာလည်း **ရှိသေး**တယ်။ သန်းပေါင်းများစွာသော အမေရိကန်လူဖြူလူမည်းတို့ဟာ **အသား**အရောင်ခွဲခြားမှု မုန်တိုင်းဝဲသြဃအတွင်းမှာ ကျော်ကျီးယားပြည်နယ်က

လက်စတာ မက်ဒေါက်စ် သို့မဟုတ် အော်ဗားလ် ဖောဘတ်စ်၊ ဂျော့ချ် ဝေါလေ့စ်နဲ့ လူမည်းခွဲခြားရေးကို တရားဝင်ဆောင်ရွက်ခဲ့ကြသူများရဲ့ ခါးမိုး ခြိမ်းခြောက်မှုကို တစ်ခါက မားမားမတ်မတ်ရပ်ပြီး ဆန့်ကျင်ခဲ့တာကို အခု ခေတ် လူမည်းအများစု မသိကြတာဖြစ်ပါတယ်။

## အိုးအိမ်နေရာကိစ္စ

အမေရိကန်ကလေးသူငယ်များ ပညာသင်ကြားပြီး တစ်ဦးနဲ့တစ်ဦး လက်တွဲတည်ဆောက်သွားရေးစတဲ့ အစစ်အမှန်တိုးတက်ရေးအိပ်မက်ကို အကောင်အထည်ဖော်လို့ မရစေလောက်အောင် ဖန်တီးခဲ့တဲ့ အချက်တစ်ခု ရှိခဲ့ပါတယ်။ အဲဒါကတော့ *ရှယ်လီနှင့် ကရေမာအမှု* နဲ့ အခြားအမှုများက ထွက်ပေါ်လာခဲ့တဲ့ ကိုယ်ကျင့်တရားပဋိညာဉ်ကို တစ်နိုင်ငံလုံးက လိုက်နာဖို့ လက်မခံခဲ့မှုကြောင့် ဖြစ်ပါတယ်။ *ရှယ်လီနှင့် ကရေမာအမှု* က မျက်နှာဖြူ အချင်းချင်း အိုးအိမ်၊ တိုက်ခန်းများ အရောင်းအဝယ်ပြုလုပ်ရင်း လူမည်း တစ်ဦးဖြစ်စေ၊ ဂျူးလူမျိုးတစ်ဦးကိုဖြစ်စေ လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း မပြုလုပ်ပါဆိုတဲ့ သဘောတူညီမှုများ ပြုလုပ်ကြပုံကို ဖော်ပြပေးခဲ့တယ်။ အဲဒီလို သဘောတူညီမှု ပဋိညာဉ်စာချုပ်ကို ဘယ်အမေရိကန်တရားရုံးကမှ ဝင်ပြီး ထိရောက်အောင် ဆောင်ရွက်ပေးမှာ မဟုတ်ဘူးဆိုတာကို အမေရိကန် နိုင်ငံက လက်မခံခဲ့ပါဘူး။

မာရှယ်လ်ဟာ အခုအခါမှာ လူဖြူလူမည်းတွေ စုပေါင်းနေတဲ့ ဗာဂျီးနီးယားက ဘားကရော့ဖ်ရေကန်နားမှာ နေလျက်ရှိပါတယ်။ ဒါပေမဲ့ အမေရိကန်မျက်နှာ သန်းပေါင်းများစွာက သူတို့ရပ်ကွက်မှာ လူမည်းတွေ ဘယ်တော့မှ လာနေလို့ မရဘူးဆိုတဲ့ ကန့်သတ်ဟန့်တားလိုမှုစိတ်တွေ ရှင်သန်နေမှန်း သိခဲ့တဲ့အတွက် မာရှယ်လ်ဟာ အဲဒီအရပ်မှာ ရအောင် အိမ် ဝယ်ခဲ့တာ ဖြစ်ပါတယ်။ မျက်နှာဖြူအသိုင်းအဝိုင်းကြားက အိမ်ကို မာ ရှယ်လ်ဝယ်လိုက်တော့ မျက်နှာဖြူတွေရော၊ လူမျိုးခွဲခြားနေလိုသူ၊ လူမည်း တွေရော၊ အားလုံးမျက်လုံးပြူးသွားခဲ့ကြတယ်။ ဒါပေမယ့် အိုင်အိုးဝါးပြည်



မာတိကာသို့ ▶▶

နယ်က ဘင်ဆန်ဟတ်စ်၊ အီလီနွိုင်းက ဘာရာမင်း ဘော်စတင် အရပ် ဒေသတွေမှာတော့ လူမည်းတွေ အိမ်ယာခွင့် အဟန့်အတားကြီးဟာ ဒီနေ့အထိ အားကောင်းနေဆဲဖြစ်ပြီး ဘာလင်အုတ်တံတိုင်းကြီးထက်တောင် ခိုင်မာနေပါတယ်။

ဒီးထရွိုက်မြို့မှာ ဖြစ်ခဲ့တဲ့ ကြောက်မက်ဖွယ်ရာ အဓိကရုဏ်းအမှုကို မာရှယ်လ် စစ်ဆေးမေးမြန်းခဲ့တာ အနှစ် ၅၀ ရှိသွားခဲ့ပါပြီ။ ဒါပေမဲ့ ဒီးထရွိုက်မြို့ဟာ ဒီနေ့အထိ လူမည်းမုန်းတီးရေး စိတ်အားကောင်းနေတုန်းဖြစ်တယ်။ အိုးအိမ်ကိစ္စများမှာလည်း ဒီနိုင်ငံမှာ လူဖြူလူမည်း အခွဲခြားဆုံးမြို့ကြီးတစ်မြို့ဖြစ်နေတုန်းပါပဲ။

မာရှယ်လ် စိတ်ပျက်ခဲ့ရတဲ့အထဲမှာ မျက်နှာဖြူတွေရဲ့ တောင့်ခံမှုကြောင့် မဟုတ်ဘူး။ တက္ကဆတ်စ်ပြည်နယ် ဒင်နီဆင်မြို့မှာ ကျင်းပခဲ့တဲ့ ပြည်နယ် အဲန်အေအေစီပီညီလာခံမှာ လူဖြူလူမည်း အတူပူးပေါင်းနေထိုင်ရေးအတွက် စကားစစ်ထိုးပွဲမှာ မာရှယ်လ် အနိုင်ရခဲ့တယ်။ ဝေါလ်တာ ဝှိုက်က စကားနိုင်ပြောပြီး နိုင်ခဲ့တယ်။ ဒူဘွိုက်စ်ကလည်း လူမျိုးပေါင်းစည်းရေးကို ထောက်ခံခဲ့တယ်။ ဒါပေမဲ့ အဲဒီအဖြစ်အပျက်က ၁၉၆၀ ပြည့်လွန်နှစ်တွေမှာ ပေါက်ထွက်လာတဲ့ လူမည်းများ သီးခြားခွဲဝါဒကို မဟန့်တားနိုင်ခဲ့တာကို မာရှယ်လ် စိတ်ပျက်ခဲ့ရတယ်။ ရီပတ်ဘလီကင် အသစ်များဖြစ်ကြတဲ့ လူမည်းတချို့က အတူပူးပေါင်းနေထိုင်ရေးကို ၁၉၉၁ ခုနှစ်က တိုက်စစ်ဆင်ခဲ့ကြပြန်တယ်။ သူတို့ထဲမှာ လူမည်းသတင်းစာဆရာ တိုနီ ဘရောင်းလိုလူ ပါဝင်ခဲ့တယ်။

မာရှယ်လ်ဟာ လူမည်းတွေရဲ့ ကစဉ့်ကလျားစိတ်နဲ့အတူ နေထိုင်လာခဲ့ရတာ ကြာပါပြီ။ အဲဒီလူမည်းတွေရဲ့ ကစဉ့်ကလျားစိတ်ဆိုတာကလည်း သူ့အနားယူလိုက်တဲ့အခါ စိတ်ပျက်ခဲ့ရသလို လူမည်းတွေရဲ့ စိတ်ပျက်မှုက ပေါက်ဖွားကြီးပြင်းလာခဲ့တာဖြစ်တယ်။ အဲဒီစိတ်ပျက်မှုဆိုတာကတော့ "သန်းပေါင်းများစွာသော မျက်နှာဖြူလူမျိုးများသည် လူမည်းများအား ၎င်းတို့၏ အိမ်နီးနားချင်းများအဖြစ် ဘယ်တော့မှ လက်ခံကြလိမ့်မည်မဟုတ်၊



မာတိကာသို့

သို့မဟုတ် လူမှုရေးအရ တန်းတူစိတ်ထားကြလိမ့်မည် မဟုတ်” ဆိုတဲ့ သဘောပေါက်မှုကြောင့် ဖြစ်ပါတယ်။

## တန်းတူအခွင့်အရေး ရရှိရန် အခိုင်အမာအစီအစဉ်

ကျောင်းများမှာ လူဖြူလူမည်း ခွဲခြားမှု၊ ကောလိပ်နဲ့ အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှုနဲ့ လူမည်းများ မဲပေးခွင့်ရရှိမှုကိစ္စတွေဟာ မာရှယ်လ်အတွက် သေရေးရှင်ရေးကိစ္စတွေ ဖြစ်ခဲ့ပါတယ်။ တန်းတူအခွင့်ရေးရရှိရန် အခိုင်အမာအစီအစဉ်ဟာ လူမည်းကျောင်းသားများ၊ သိပ္ပံပညာရှင်များ၊ ကျောင်းဆရာ များ၊ ပန်းရန်သမားများ၊ လက်သမားများ ဖြစ်ပေါ်လာဖို့ မြေတောင်မြှောက် ပေးတဲ့ အစီအစဉ်ဖြစ်တယ်။ ဒါဟာလည်း အမေရိကန်နိုင်ငံသားတို့ရဲ့ ဘဝမှာ ပုံမှန် အစိတ်အပိုင်းတစ်ခုဖြစ်တယ်လို့ မာရှယ်လ်ယူဆခဲ့တယ်။ ဒါပေမယ့် မာရှယ်လ်သိထားခဲ့တယ်။ လူမျိုးရေးခွဲခြားမှုဟာ ရဲဌာနနဲ့ မီးသတ်ဌာနများ၊ အလုပ်သမားသမဂ္ဂများ၊ ကျောင်းကောင်စီများ၊ ကော်ပိုရေးရှင်းအမှုဆောင် အစည်းအဝေးခန်းများ၊ ခရိုင်တိုင်းလိုလိုက ကျောင်းတိုင်းလိုလိုမှာ ထကြွနေခဲ့တုန်း၊ ခုခံအားကောင်းနေတုန်းပဲဆိုတာ မာရှယ်လ်သိခဲ့တယ်။ အာဏာလက်ရှိ မျက်နှာဖြူအချို့ကလည်း တောင်ကယ်ရိုလိုင်းနားပြည်နယ်က ဆီးနိတ် လွှတ်တော်အမတ် ဟဲမ်မင်းရဲ့ အယူအဆကိုချိုးဖောက်ရင် သူတို့မှာ ဆုံးရှုံးမှုအန္တရာယ်နဲ့ရင်ဆိုင်ရမှာကို ကြောက်ကြတယ်။ ဟဲမ်မင်းက “လူ့အဖွဲ့ အစည်းအားလုံးရဲ့ အောက်ဆုံးအခြေမှာ ညစ်ပတ်တဲ့ အလုပ်တွေ၊ သန့်ရှင်းရေးလုပ်ဖို့ မနှစ်မြို့စရာအလုပ်တွေ လုပ်ဖို့၊ အကျိုးအမြတ် မရှိတဲ့ အလုပ်တွေလုပ်ပေးဖို့ လူတွေလိုအပ်တယ်” လို့ ပြောခဲ့ကြတယ်။ ဟဲမ်မင်းရဲ့ လက်သုံးစကားဖြစ်တဲ့ “သူတို့ကို ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကိစ္စတွေ အတွက် အသုံးပြုပြီး သူတို့ကို ကျွန်များလို့ ကျွန်တော်တို့က ခေါ်နေကြတယ်” ကို ရောင်ပြန်ဟပ်ပြီး လူသိအောင် သံယောင်လိုက်ဟစ်ခဲ့တဲ့ မျက်နှာဖြူတွေ ဘယ်လောက်ရှိမတုံးဆိုတာတော့ မာရှယ်လ် မသိခဲ့ဘူး။ ဒါပေမဲ့ အဲဒီလိုလူတွေရှိပြီး အာဏာအတွက်



မာတိကာသို့ ▶▶

ခြေစကြောကိုရတဲ့နည်းနဲ့ နင်းကြသူတွေ ဖြစ်မှန်းတော့ မာရှယ်လ် သိခဲ့တယ်။

ကျွမ်းကျင်မှုနဲ့ ပညာတတ်တဲ့ လူမည်းတွေအကြောင်းကို အမေရိကန်နိုင်ငံမှာ အတော်များများ ပြောဆိုလာကြတာရှိတယ်။ "သူတို့ဟာ ကျွန်တွေတော့ မဟုတ်ကြဘူး။ ဒါပေမဲ့ သူတို့အစွမ်းအစရှိသမျှကို ကျွန်တော်တို့ အသုံးပြုရေးအတွက် ကျွန်တော်တို့မှာ ဘာရည်ရွယ်ချက်တွေမှ မရှိဘူး" ဆိုတဲ့ အပြောမျိုးပါ။

တန်းတူအခွင့်အရေး အခိုင်အမာရရှိမှုအစီအစဉ်မှာ မာရှယ်လ်ဟာ ရေဂင်နဲ့ဘုရှ်ကို ရှုံးခဲ့ရတာ ကို သူပြန်စဉ်းစားကြည့်ခဲ့မိတယ်။ အဲဒီတော့ ဒေါက်တာ မာတင် လူသာ ကင်းပြောခဲ့တဲ့ "ကျွန်ုပ်တို့မှာ အိပ်မက်တစ်ခု ရှိတယ်" လို့ ပြောခဲ့တဲ့အချိန်ကနေ အိပ်မက်ဖျက်ဆီးသူများဖြစ်ကြတဲ့ ရေဂင်နဲ့ ဘုရှ်တို့က "ခင်ဗျားတို့အိပ်မက်က ကိုတာစနစ်ပေါ်မှာ အခြေခံနေတာပါ" လို့ ပြောလာတဲ့အချိန်ကို ရောက်လာတဲ့အထိ အမေရိကန်နိုင်ငံဟာ ပြောင်းလဲခဲ့ပြီဆိုတာ သူနားလည်ခဲ့ပါတယ်။

ရေဂင်နဲ့ သူ့ရဲ့ တရားရေးဌာန လက်ထောက်တွေနဲ့ ဘုရှ်တို့ဟာ တန်းတူအခွင့်အရေး အခိုင်အမာရရှိမှု အစီအစဉ်ကို ဆန့်ကျင်ရာမှာ ၁၉၆၀ ပြည့်လွန်နှစ်တွေက ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့အခွင့်အရေးဥပဒေတွေကို ထက်အောက် ပြောင်းပြန်လှန်ပစ်ကြတာကိုလည်း မာရှယ်လ်က တွေ့မြင်ခဲ့ရတယ်။ အမေရိကန် လူမည်းတွေ၊ ဟစ်စပဲန်းနစ်လူမျိုးတွေ (စပိန်၊ ပေါ်တူဂီ၊ လက်တင်အမေရိကအနွယ်များ)၊ အာရှတိုက်သားတွေ၊ အမေရိကန်အိန္ဒိယတိုင်းရင်းသားတွေနဲ့ အမျိုးသမီးတွေအပေါ်မှာ ထားရှိတဲ့ ယုတ်မာရက်စက်စွာ အဆင့်အတန်း ခွဲခြားမှုအမျိုးမျိုးကို ဟန့်တားနိုင်ရေး၊ ပြောင်းပြန်လှန်ရေး၊ ကုစားနိုင်ရေးတို့အတွက် ကွန်ဂရက်လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ ဥပဒေတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ရေဂင်နဲ့ ဘုရှ်တို့ဟာ ပြည်သူ့အခွင့်အရေးဥပဒေတွေကို အဓိပ္ပာယ်လွဲမှားပြီး ပုံပျက်အောင်၊ ပျက်စီးအောင် လုပ်ပစ်ခဲ့ကြတယ်။ အဲဒီဥပဒေတွေဟာ ကာလရှည်ကြာကတည်းက အခွင့်ထူးရခဲ့တဲ့ မျက်နှာဖြူများ အလုပ်ရှာဖွေမှု၊



မာတိကာသို့

ပညာသင်စရိတ် ထောက်ပံ့မှုရအောင် ကြိုးပမ်းမှုနဲ့ ရာထူးတိုးတက်မှုတို့ အတွက် အဆင့်အတန်း ခွဲခြားပြီး တားမြစ်မှု ဖြစ်စေခဲ့ပါတယ်လို့ ရေဂင်နဲ့ ဘုရှ်တို့က ပြောဆိုခဲ့ကြတယ်။

"မြွေနက်တစ်ကောင်က မြွေဖြူတစ်ကောင်လိုပဲ မြန်မြန်ကိုက်လိမ့်မယ်" လို့ မာရှယ်လ် သတိပေးပြောခဲ့တဲ့ စကားတစ်ခွန်း ရှိခဲ့တယ်။ အဲဒီစကားမှန်ကန်ကြောင်းကို တန်းတူအခွင့်အရေး အခိုင်အမာရရှိမှုအစီအစဉ်ကို ဆန့်ကျင်ပြောဆို ရေးသားခဲ့ကြတဲ့ လူမည်းတချို့က သက်သေခံခဲ့ပါတယ်။ ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဟိုဆေးတက္ကသိုလ်က အင်္ဂလိပ်စာပါမောက္ခဖြစ်တဲ့ ရှယ်လ်ဘီ စတီးလ်က "လူမျိုးရေးနဲ့ ပတ်သက်ပြီး လူမည်းတွေကို အများဆုံး ဒုက္ခပေးနေတဲ့ အချက်တစ်ခုကတော့ စိတ်ဓါတ်ကျခြင်းနဲ့မိမိကိုယ်ကို စိတ်မချတဲ့သံသယကို ပုံကြီးချဲ့မှုဖြစ်ပါတယ်။ တန်းတူအခွင့်အရေး အခိုင်အမာရရှိမှုအစီအစဉ်အရ ကျွန်တော်တို့ မျက်နှာလိုက်ပြီး လူမည်းတွေရခဲ့တဲ့ အခွင့်အရေးဟာ ကျွန်တော်တို့ရဲ့ အရည်အချင်းညံ့ဖျင်းမှုကြောင့်လို့ အဓိပ္ပာယ်ရောက်စေခဲ့ပါတယ်" လို့ ရေးသားခဲ့ပါတယ်။

ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုတွေမှာ တစ်ခန်းတစ်ကဏ္ဍအနေနဲ့ ပါဝင်ခဲ့ကြတဲ့ မာရှယ်လ်နဲ့ စာရေးသူအပါအဝင် တခြားသူတွေအဖို့ စတီးလ်နဲ့ တချို့ကိုကြည့်ပြီး ဘယ်လောက်အထိ အော့နှလုံးနာစရာကောင်းခဲ့သလဲ။ အဲန်အေအေစီပီရဲ့ တရားစွဲဆိုမှုတွေသာ မရှိရင် ဒီလူတွေဟာ ကျွန်တစ်ပိုင်းဘဝမှာပဲ ရှိခဲ့ကြလိမ့်မယ်။ ဒါပေမယ့် သူတို့ကိုယ်သူတို့ ကိုယ့်အရည်အချင်းနဲ့ကိုယ် ပထမဆုံး လူမည်းလူစွမ်းကောင်းတွေ ဖြစ်သလို ဟန်လုပ်နေကြတယ်။ "ကျုပ်ဘာသာကျုပ် လုပ်ယူခဲ့တဲ့ ဆူပါလူမည်းတွေ" လို့ ထင်ခဲ့ကြတယ်။ ကိုယ့်ကိုယ်ကိုယ် ရောင်းစားတဲ့ လူမည်းတွေအကြောင်း စာအုပ်တွေက ရုတ်တရက်ပဲ မျက်နှာဖြူစာအုပ်ဆိုင်တွေမှာ အရောင်းကောင်းနေကြတယ်။

ဘုရှ်က ဖက်လှဲတကင်းလုပ်ခဲ့ပေမယ့် စတီးလ်ဟာ အမေရိကန်မျက်နှာဖြူတွေကြားမှာ မှောလိုက်ဖို့ အစဉ်မချောခဲ့ပါဘူး။ လူမည်းတို့ရဲ့



မာတိကာသို့

သီးခြားကမ္ဘာရဲ့ လေးစားမှုကိုလည်း မရခဲ့ဘူး။ လူမည်းတွေကို တန်းတူညီမျှ ရရှိရေးအခိုင်အမာအစီအစဉ်ကြောင့် အလုပ်ပေးတာဟာ အရည်အချင်း နိမ့်တာကို ထောက်ပြတယ်လို့ သူရေးသားချက်ကို ဂျိမ်းစ် မေဆင် တက္ကသိုလ်က ပါမောက္ခ ရော်ဂျာ ဝီလ်ကင်စ် (အဲန်အေအေစီပီ ရှိုင် ဝီလ်ကင်စ် ၏ တူ) က စိတ်ခိုးလိုးခုလုဖြစ်ပြီး ပြန်ချေပခဲ့တယ်။

"အမေရိကန်လူမည်းများရဲ့ မိမိဂုဏ်သိက္ခာမိမိ လေးစားမှုနည်းပါးခြင်းဟာ မျက်နှာလိုက် အရေးပေးမှုကြောင့် မဟုတ်ဘူး။ နှစ်ရာစုနဲ့ချီရပြီး ရှိခဲ့တဲ့ လူမျိုးရေးခွဲခြားမှုနဲ့ လူ့အဆင့်အတန်းခွဲခြားမှုတို့ကြောင့်သာ ဖြစ်တယ်" လို့ ရော်ဂျာ ဝီလ်ကင်စ်က ပြောခဲ့တယ်။

အမေရိကန်နိုင်ငံမှာ ကျွန်စနစ်ရဲ့ အသရေပျက်စေမှုဒဏ်ကို မခံစားခဲ့ရတဲ့ လူမည်းတစ်ဦးတစ်ယောက်မှ မရှိခဲ့ဘူး။ ပြည်နယ်တွေရဲ့ လူမည်းဥပဒေနဲ့ ပြဋ္ဌာန်းပြီး လူမည်းခွဲခြားမှုစနစ် သို့မဟုတ် နှစ်ဆင်-ရေဂင်-ဘုရှ်တို့ရဲ့ လူမျိုးရေးစော်ကားမှုအမြင်နဲ့ အခွင့်အရေး ရုပ်သိမ်းမှုဒဏ်တွေကို မခံခဲ့ရတဲ့ လူမည်း တစ်ယောက်မှ မရှိဘူးလို့ပဲ မာရှယ်လ် နားလည်ခဲ့ပါတယ်။

## ကိုယ်ပိုင်လွတ်လပ်ခွင့်

၁၉၆၅ ခုနှစ်က *ဂရစ္စဝါးလ်ဒ်နှင့် ကနက်တီးကပ်ပြည်နယ်အမှု*မှာ အိမ်ထောင်သည်များ ပဋိသန္ဓေတားနည်းများ သုံးစွဲခြင်းကို ပြည်နယ်က ပိတ်ပင်တားမြစ်မှု မပြုလုပ်နိုင်ဘူးလို့ တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မာရှယ်လ်ဟာ ရုံးထိုင်ရှေ့နေချုပ်သာ ဖြစ်ခဲ့သေးတယ်။ ဒီအမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် အတော်များများက ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်းကို ပြောဆိုသွားကြတယ်။ အဲဒါကြောင့် ပြည်သူတွေရဲ့ အိပ်ခန်းထဲအထိ ပြည်နယ်က ကျူးကျော်ဝင်ရောက်မှုကို အကာအကွယ်ပေးထားတာဖြစ်တယ်လို့ ပြောခဲ့ကြတယ်။



မာတိကာသို့ ▶▶

မာရှယ်လ်ကို ကိုယ်ပိုင်လွတ်လပ်ခွင့်အတွက် အပြင်းအထန် ကာကွယ်ရမယ်လို့ သူ့ကို သူ့ဖခင်က သင်ပေးခဲ့တယ်။ ဒါကြောင့် အဲဒီအမှုမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်အတွက် တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်ဟာ မှန်ကန်တယ်လို့ မာရှယ်လ်ထင်ခဲ့မိတယ်။ အမေရိကန်ပြည်သူလူထုဟာ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လိုလားခဲ့ကြတယ်။ အမျိုးသမီးတစ်ဦးအနေနဲ့ ပဋိသန္ဓေဖျက်ချခွင့်နည်းလမ်းအထိ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လိုလားကြတယ်။ ဒီဆန္ဒတွေက မာရှယ်လ်ကို အနှောင့်အယှက် မဖြစ်စေခဲ့ဘူး။ မာရှယ်လ်ဟာ တရားရုံးချုပ် တရားသူကြီးဖြစ်လာတဲ့အခါမှာ တရားသူကြီး ဘလက်ခ်မန်းနဲ့ လက်တွဲပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်အတွက် အကြောက်အကန် ပြောဆိုခဲ့တယ်။ ပြည်သူ့အခွင့်အရေးဥပဒေကြမ်းက အကာအကွယ်ပေးထားတဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့် နယ်ပယ်တွေရှိပုံကို မာရှယ်လ်က တင်ပြခဲ့တယ်။ *ရိုးနှင့်ဝိတ်အမှု* မှာ အမျိုးသမီးတစ်ဦးဟာ ပဋိသန္ဓေ ဖျက်ချခွင့်ကို ရွေးချယ်နိုင်တဲ့ အခွင့်အရေးရှိတယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို မာရှယ်လ်ဟာ အများစုနဲ့အတူ မဲပေးခဲ့တယ်။

ဒါပေမဲ့ လိင်တူဆက်ဆံမှုဂယက်နဲ့ အေအိုင်ဒီအက်စ် (ကိုယ်ခန္ဓာခုခံစွမ်းအားကျဆင်းမှု) ရောဂါ ပျံ့နှံ့လာတာကို ကြောက်ရွံ့မှုတွေကြောင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ဟာ ပျောက်ကွယ်သွားနိုင်ပုံကို မာရှယ်လ်သိလာခဲ့ရတယ်။ အေအိုင်ဒီအက်စ်ရောဂါရဲ့ သေမင်းအန္တရာယ်ကိုလည်း တစ်ကမ္ဘာလုံးမှာ အများစုက သိလာခါစအချိန် ဖြစ်ခဲ့တယ်။ ၁၉၈၂ ခုနှစ်မှာ လိင်တူဆက်ဆံရေးသမား မိုက်ကယ်လ် ဟာဒ်ဝစ်ဆိုသူကို သူ့အိမ်ရဲ့ အိပ်ခန်းထဲမှာ ယောက်ျားချင်း သံဝါသပြုမှုကြောင့် အဖမ်းခံခဲ့ရတယ်။ ဂျော်ဂျီယားပြည်နယ်မှာ ယောက်ျားချင်း သံဝါသပြုမှုကို ဥပဒေအရ အပြစ်ရှိတယ်လို့ ဖွင့်ဆိုချက် ပါရှိခဲ့တယ်။

အဲဒီဥပဒေကို ဟာဒ်ဝစ်က စိန်ခေါ်ခဲ့တယ်။ ပြည်ထောင်စု တရားသူကြီးတစ်ဦးက ဒီဥပဒေဟာ သူ့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ချိုးဖောက်မှု မပြုခဲ့ကြောင်း ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ ၁၉၈၃ ခုနှစ်မှာ နံပါတ် (၁၁)

ပတ်လည် တရားရုံးရဲ့ အယူခံတရားရုံးက ဂျော်ဂျီးယားဥပဒေကို ပယ်ချခဲ့တယ်။ ယောကျ်ားချင်း လိင်တူဆက်ဆံမှုဟာ ကိုယ်ပိုင်လွတ်လပ်မှုနဲ့ ကိုယ့်ရဲ့အတွင်းရေးအကျဆုံးကိစ္စ ဖြစ်တဲ့အတွက် ပြည်နယ်ဥပဒေဘောင်ရဲ့ အပြင်ဘက်မှာရှိတယ် လို့ ဆုံးဖြတ် ကြေညာခဲ့ပါတယ်။

ဒါပေမဲ့ တရားရုံးချုပ်က စိတ်လှုပ်ရှားဖွယ်ရာ လျှောက်တင်ချက်များကို ကြားနာပြီးတဲ့အခါ လူတစ်ဦးရဲ့ ကိုယ်ပိုင်ဆက်ဆံမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်အစိုးရရဲ့ တားမြစ်မှုမှ အကာအကွယ်မပေးနိုင်ဟု အများစုမဲနဲ့ ဆုံးဖြတ်လိုက်ပါတယ်။

မာရှယ်လ်က ဒီအမှုမှ ကန့်ကွက်မဲပေးခဲ့ပါတယ်။

## ခြိမ်းခြောက်၍ ဝန်ခံဖြောင့်ချက်ပေးခိုင်းမှု

မာရှယ်လ်ရဲ့စိတ်ထဲမှာ အမဲစက်ကလေးတစ်ခုအဖြစ် ကျန်နေပြီး ရင်နာခဲ့ရတဲ့ အမှုတစ်ခုရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၅၀ နီးပါးက အိုကလာဟိုးမားပြည်နယ်၊ ဟျူဂိုမြို့မှာ လူသတ်မှု သုံးထပ်ကွမ်းနဲ့ အစွပ်စွဲခံခဲ့ရတဲ့ လိုင်းရင်းစ်ရဲ့ လွတ်မြောက်မှုကို ရအောင် ဆောင်ရွက်မပေးနိုင်ခဲ့တဲ့အမှု ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အစွပ်စွဲခံထားရတဲ့ တရားခံတွေကို အဓမ္မနည်းနဲ့ ဝန်ခံမှု ဖြောင့်ချက်ပေးစေမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် (၁၄) က တားမြစ်တဲ့ အမှုများစွာကို မာရှယ်လ် အနိုင်ရခဲ့တာတွေလည်း ရှိခဲ့တယ်။

၁၉၆၃ ခုနှစ်မှာ မာရှယ်လ်ဟာ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှု ခေါင်းဆောင်တစ်ဦး မဟုတ်တော့ဘူး။ အယူခံတရားသူကြီး ဖြစ်နေခဲ့ပြီ။ အဲဒီတုန်းက *ဂီဒီရင်နှင့် ဝိန်းရိုက်အမှု* မှာ ကြီးလေးတဲ့ ရာဇဝတ်ပြစ်မှုနဲ့ တရားစွဲခံရသူတိုင်းအတွက် ဆဋ္ဌမပြင်ဆင်ချက်အရ ရှေ့နေတစ်ဦး ရရှိခွင့်ရှိရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို တရားရုံးချုပ်က ဆုံးဖြတ်ခဲ့တော့ မာရှယ်လ်က တစ်ကိုယ်တော် အောင်ပွဲခံ ဝမ်းသာပီတိ ဖြစ်ခဲ့တယ်။



မာတိကာသို့ ▶▶

နောက်တစ်နှစ်ကြာတဲ့အခါမှာ *အက်စ်ကိုဘီဒိုနှင့် အီလီနွိုင်းပြည်နယ်အမှု*မှာ သံသယဖြစ်ပြီး အဖမ်းခံရသူတစ်ဦးဟာ ရှေ့နေတစ်ဦးနဲ့ နှီးနှော ခွင့် မပေးဘဲ သူ့ဘာသာ ဝန်ခံချက်ပေးခဲ့ရင် အဲဒီဝန်ခံချက်ကို ရုံးတော်က လက်မခံရဘူးလို့ ဝေါရင်ရဲ့ တရားရုံးချုပ်က ဆုံးဖြတ်ခဲ့တယ်။

၁၉၆၆ ခုနှစ်၊ ဇွန်လမှာ *မီရဲန်ဒါနှင့် အယ်ရီဇိုးနားပြည်နယ်အမှု*က တရားဥပဒေအာဏာပိုင်တွေဟာ အပြစ်စီရင်ဖို့အတွက် သက်သေ အထောက်အထားရဖို့ ကြိုးစားရာမှာ ဘာတွေလုပ်နိုင်တယ်၊ ဘာတွေမလုပ် ရဘူးဆိုတဲ့ လမ်းညွှန်မှုများကို သတ်သတ်ချမှတ်ပေးနိုင်ခဲ့တယ်။ အဓိက လမ်းညွှန်ချက်များကတော့ သံသယရှိတဲ့ လူတစ်ယောက်ကို ရဲအဖွဲ့က စစ် ဆေးမေးမြန်းတဲ့အခါ ထိုသူက ရှေ့နေနဲ့ တိုင်ပင်ချင်တယ်လို့ပြောတာနဲ့ ဆက်ပြီး စစ်ဆေးခွင့်မရှိတော့ပါဘူး။ ထို့အပြင် သံသယရှိတဲ့လူတစ်ဦးတည်း ရှိနေစဉ် သူက ဆက်လက်မေးမြန်းတာ မခံချင်တော့ဘူးဆိုရင် ရဲအဖွဲ့က ဆက်လက်စစ်ဆေးခွင့် မရှိတော့ပါဘူး။ *မီရဲန်ဒါအမှု* ဆုံးဖြတ်ချက်က တရား ရေးလောကမှ ပုဂ္ဂိုလ်သန်းပေါင်းများစွာကို ဒေါသထွက်စေခဲ့ပါတယ်။ အဲဒီ ဆုံးဖြတ်ချက်ဟာ နိုင်ငံရေးတရားပွဲတိုင်းမှာ အဓိက အသုံးချစရာတစ်ခု ဖြစ် လာခဲ့တယ်။ သမ္မတ နစ်ဆင်ကလည်း တရားရုံးချုပ်ဟာ တရားရေးအရာရှိ တွေထက် ရာဇဝတ်ကောင်များကို အခွင့်အရေး တစ်ပန်းသာမှု ပေးခဲ့တယ် လို့ တိုက်ခိုက်ပြောဆိုခဲ့ပါတယ်။ *မီရဲန်ဒါအမှု*ဟာ "ယုတ်ညံ့တဲ့ စီရင်မှုတစ်ခု ဖြစ်ခဲ့တယ်" လို့ သမ္မတရေဂင်ရဲ့ နိုင်ငံတော်ရှေ့နေချုပ် အက်ဒွင် မီးစ် ကလည်း ဝေဖန်တိုက်ခိုက်ခဲ့တယ်။

တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်တွေဟာ လက်တွေ့မှာ အဖမ်းခံခဲ့ ရသူတွေကို အပြည့်အဝ အထောက်အကူမပြုခဲ့ကြောင်း အခုအခါမှာ အနား ယူပြီဖြစ်တဲ့ မာရှယ်လ်က ပြန်ပြီး သုံးသပ်ပြခဲ့တယ်။ အဖမ်းခံရတဲ့သူ အများ စုဟာ လူဖြူရပ်ကွက်ထဲ ဝင်သွားမိတဲ့ လူမည်းများဖြစ်ကြခြင်း၊ ဈေးဆိုင် ကြီးတွေထဲမှာ စုတ်စုတ်ပြတ်ပြတ် ဝတ်စားထားတာတွေ့လို့ ပုဂ္ဂလိက လုံခြုံ ရေးမှူးတွေက အလိုအလျောက် ဖမ်းဆီး ခဲ့သူများဖြစ်ခြင်း၊ သို့မဟုတ် ပထမ တန်းစား ရှေ့နေတစ်ဦးကို မငှားရမ်းနိုင် ကြခြင်းစတာတွေကြောင့်ဖြစ်တယ်

လို့ မာရှယ်လ်က ပြန်ပြောပြခဲ့ပါတယ်။

မာရှယ်လ်အနေနဲ့ ဆင်းရဲပြီး အများရဲ့ မုန်းတီးမှုကို ခံခဲ့ကြရသူတွေကို အကာအကွယ်ပေးဖို့ ကြိုးစားခဲ့သလောက် နစ်ဆင်၊ ဂျွန် မစ်ချယ်လ်၊ ရေဂင်၊ မီးစ်၊ ဘုရှ်နဲ့ သူ့လူတွေကတော့ အကျဉ်းထောင်တွေထဲကို လူတွေထပ်ပို့ခဲ့ကြတုန်း ဖြစ်တယ်။ ထောင်ထဲအပို့ခံခဲ့ရသူတွေက လူမည်း၊ ဟစ္စပဲန်းနစ်များ၊ ဆင်းရဲသူများနဲ့ လူ့အသိုင်းအဝိုင်းရဲ့အပယ်ခံ မျှော်လင့်ချက်မဲ့သူတွေ ဖြစ်ခဲ့ကြပါတယ်။

အမေရိကန်နိုင်ငံဟာ တခြားနိုင်ငံတွေနဲ့ ယှဉ်လိုက်ရင် ကျန်းမာရေး ပြုစုမှု အစီအစဉ်ဆောင်ရွက်မှု၊ ကလေးအသေနှုန်းနည်းမှု၊ စက်မှုထုတ်လုပ်မှု၊ သချာနဲ့ သိပ္ပံပညာစမ်းသပ်မှုအမှတ်နဲ့ တခြားဟာတွေမှာ နောက်ကျန်နေတယ်လို့ အမေရိကန်တွေ ကြားဖူးနားဝ ရှိထားခဲ့ကြပါတယ်။

ဒါပေမဲ့ အမေရိကက ထိပ်တန်း နေရာယူထားတဲ့ နယ်ပယ်တစ်ခုရှိတယ်။ အဲဒါကတော့ အမေရိကန်ပြည်ထောင်စုဟာ သူများတွေကို အပြတ်အသတ်သာတဲ့ ကမ္ဘာ့နံပါတ်တစ် ထောင်ချတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါဟာ အခုမှရတဲ့ ဘွဲ့ထူးအသစ် မဟုတ်ပါဘူး။ မနှစ်ကလည်း ထိပ်ဆုံးက ရှိခဲ့တယ်။ ဒီနှစ်မှာ ပိုပြီးတော့တောင် ပြတ်ပြတ်သတ်သတ် ဦးဆောင်ခဲ့ပြန်တယ်။

၁၉၉၀ ခုနှစ်က အမေရိကန်အကျဉ်းထောင်နဲ့ အကျဉ်းစခန်းတွေအားလုံးမှာ အကျဉ်းသမား ၁.၁ သန်းကျော် ရှိခဲ့တယ်လို့ အပြစ်စီရင်မှု စီမံချက်ဆိုတဲ့ တစ်သီးပုဂ္ဂလသုတေသနပြုအဖွဲ့တစ်ခုက စာရင်းဖော်ပြခဲ့တယ်။ အဲဒီအရေအတွက်ဟာ ၁၉၈၀ ခုနှစ်ကထက် နှစ်ဆနဲ့ ၁၉၇၀ ခုနှစ်ကထက် သုံးဆ ပိုများလာခဲ့တာဖြစ်တယ်။ ဒီစာရင်းအရ ထောင်ချခံရမှုနှုန်းဟာ လူ ၁၀၀,၀၀၀ မှာ ၄၅၅ ဦး ထောင်အချခံရတဲ့သဘောဖြစ်တယ်။

အဲဒါကြောင့် အမေရိကဟာ ဒုတိယထောင်ချမှုနှုန်း အများဆုံးနိုင်ငံဖြစ်တဲ့ တောင်အာဖရိကနိုင်ငံထက် အများကြီး ပိုများခဲ့တယ်။ တောင်



မာတိကာသို့

အာဖရိကမှာ လူ ၁၀၀,၀၀၀ မှာ ၃၁၁ ဦးပဲ ထောင်အချခံရတဲ့နှုန်း ရှိပါတယ်။ အမေရိကဟာ ဂျပန်၊ ဆွီဒင်၊ အိုင်ယာလန်နဲ့ နယ်သာလင်နိုင်ငံတွေရဲ့ ထောင်ချမှုနှုန်းထက် ၁၀ ဆ ပိုများတယ်လို့ အဲဒီအဖွဲ့က အစီရင်ခံခဲ့တယ်။

အမေရိကန်နိုင်ငံရဲ့ အကျဉ်းသမားဦးရေ တစ်ဝက်ဟာ လူမည်းယောက်ျား ၅၀၀,၀၀၀ ခန့်ဖြစ်တယ်။ ဒီအရေအတွက်ဟာ တောင်အာဖရိကနိုင်ငံက လူမည်းအကျဉ်းသမားဦးရေထက် ငါးဆနီးပါးရှိတယ်။ တောင်အာဖရိကမှာ လူဖြူလူမည်းခွဲခြားမှု "အပါးသိုက်ဝါဒ" ကြောင့် လူမည်းအကျဉ်းသမားတွေ များခဲ့တာဖြစ်တယ်။ အမေရိကန်နိုင်ငံမှာ နေ့စဉ်အသက် ၂၀ နဲ့ ၂၉ နှစ်အကြား လူမည်း လေးဦးမှာ တစ်ဦးဟာ ထောင်အချခံရတယ်၊ သို့မဟုတ် အာမခံချက်ပေးရတယ်၊ သို့မဟုတ် ကောင်းမွန်စွာ နေပါ့မယ်လို့ ခြေချုပ်ဝန်ခံပေးခြင်းခံနေကြရတယ်။

အမေရိကန်ပြည်ထောင်စုမှာ ထောင်ကျတဲ့နှုန်း ဘာ့ကြောင့် ဒီလိုထိုးတက်လာခဲ့သလဲ။ ဒါကိုတော့ ရာဇဝတ်ပြစ်မှု တရားစီရင်ရေး ပါရဂူတွေအပြင် ဘယ်သူမှ သေချာပေါက် ပြောမပြနိုင်ကြဘူး။ အများကပြောနေကြတဲ့ ထင်မြင်ချက်တစ်ခုကတော့ ရာဇဝတ်ပြစ်မှုတွေ တအားများပြားလာလို့ပဲလို့ ပြောကြတယ်။ အမေရိကမှာ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ လူသတ်မှုပေါင်း ၅၀,၀၀၀ လောက် ဖြစ်ခဲ့တယ်။ အဲဒီအထဲမှာ ၆၄ ရာခိုင်နှုန်းဟာ သေနတ်နဲ့ ပစ်သတ်မှုဖြစ်ခဲ့တယ်။ မြို့ကြီးပေါင်းများစွာမှာ လူသတ်မှုနှုန်း စံချိန်တင်ခဲ့ကြတယ်။

ထောင်ထဲမှာ အကျဉ်းသားဦးရေ တိုးလာစေတဲ့ တခြားအကြောင်းတစ်ခုလည်း ရှိတယ်။ အမေရိကန်ပြည်သူတွေဟာ ရာဇဝတ်ပြစ်မှုတွေကို စိတ်ကုန်လာခဲ့ကြလို့ ရာဇဝတ်ပြစ်မှုတွေအပေါ်မှာ ပိုမိုတင်းမာတဲ့ သဘောထားကို ထားခဲ့ကြတယ်။ အဲဒါကြောင့် တရားသူကြီးများရဲ့ ပြစ်မှုစီရင်ချက်နှုန်း ပိုများလာတာကို တွေ့ခဲ့ရတယ်။ တရားသူကြီးတွေက ပိုမိုပြင်းထန်တဲ့ စီရင်ချက်တွေ ချခဲ့ကြတယ်။ အမိန့်အရ အပြစ်မပေးမနေရ ဥပဒေတွေ တိုးလာခဲ့တယ်။ တူညီတဲ့ ပြစ်မှုတစ်ခု ကျူးလွန်တာချင်း တူပေမယ့် လူမည်း



မာတိကာသို့ ▶▶

လူငယ်တစ်ဦးဟာ လူဖြူလူငယ်တစ်ဦးထက် ပိုပြီး အဖမ်းခံရဖို့ လမ်းများလာတယ်။ ပိုပြီး စီရင်ချက် အချခံရတာ၊ ပိုပြီး ထောင်အချခံရတာ၊ ခြေချုပ်မပေးတာမျိုး ပိုဖြစ်စရာအကြောင်း ရှိလာခဲ့တယ်။

ဒီအခြေအနေတွေက ပြင်းပြင်းထန်ထန် အရေးယူရင် မှုခင်းတွေကျဆင်းသွားလိမ့်မယ်လို့ မျှော်လင့်သူတွေရဲ့ ရည်မှန်းချက်အတိုင်း မှုခင်းတွေ လျော့မသွားခဲ့ဘူး။ လွန်ခဲ့တဲ့နှစ်က ထောင်တွေမှာ အကျဉ်းသားတွေပိုတိုးလာချိန်မှာ ပြင်းထန်တဲ့ ပြစ်မှုတွေကလည်း ပိုတက်လာခဲ့တယ်။ လော့စ်အဲန်ဂျလိစ်နဲ့ တခြားမြို့ကြီးတွေမှာ အကြမ်းဖက် ပြင်းထန်တဲ့ သွေးကွဲမှုတွေ ဖြစ်ခဲ့တယ်။

ထောင်ခန်းတွေမှာ လူတွေပိုများလာတာနဲ့အမျှ ငွေကြေးကုန်ကျမှု ဝန်ထုပ်ကိုလည်း ပိုကြီးအောင် ဖန်တီးပေးခဲ့တယ်။ အကျဉ်းသားတစ်ဦးအတွက် တစ်နှစ်အပြည့် ထိန်းသိမ်းစရိတ်ဟာ ဒေါ်လာ ၂၀,၀၀၀ လောက်ရှိတယ်။ အဲဒီတော့ တစ်နိုင်ငံလုံးက အကျဉ်းသမားအားလုံးအတွက် နှစ်စဉ်ထိန်းသိမ်းမှုကုန်ကျစရိတ်ဟာ ဒေါ်လာ ၂၀ ဘီလျံကျော် ရှိခဲ့တယ်။

လူတစ်ဦးချင်းကို လူ့အသိုင်းအဝိုင်း အဖွဲ့အစည်းအတွင်းမှာ အကျိုးပြုသူတွေ ဖြစ်လာစေရေးအတွက် ပညာပေးလုပ်ငန်းအတွက် လေ့ကျင့်ပေးရေးနဲ့ တခြား အကျိုးပြုအစီအစဉ်တွေအတွက် ဒေါ်လာ ၂၀,၀၀၀ အသုံးပြုဖို့တော့ စိတ်မကူးဘူး။ ဒါပေမယ့် ဒေါသအမျက်နဲ့ စိုးရိမ်ကြောက်လန့်မှုတွန်းအားကြောင့် လူ့အသိုင်းအဝိုင်းရဲ့ အပယ်ခံ၊ အဆဲခံ၊ ကျက်သရေညှိုးနွမ်းသူတစ်ဦးကို ထောင်ချဖို့အတွက်ကျတော့ ဒေါ်လာ ၂၀,၀၀၀ သုံးနေပုံကို စဉ်းစားကြည့်ပါဦး။

လူတွေအဖမ်းခံရတဲ့ကိစ္စတိုက်ပွဲမှာတော့ မာရှယ်လ် အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ လူအများက ပြစ်မှုဖြစ်တာတွေကို လိုတာထက်ပိုပြီး ကြောက်ရွံ့မှုကြောင့် လူတွေအဖမ်းခံရတာကို သည်းခံကြည့်နေကြတယ်။ အဖမ်းခံရသူတွေဟာ သာမန်လူတွေနဲ့ ခြားနားတယ်၊ အပြစ်တစ်ခုခု ရှိနေတဲ့ပုံပေါက်နေတယ်လို့ ထင်ခဲ့ကြတယ်။ လူတွေကလည်း “ဖမ်းသာဖမ်းသွား၊ သူတို့



မာတိကာသို့ ▶▶

အတွက် ထမင်းစရိတ်တော့ တို့ဆီက လာမတောင်းနဲ့၊ ကိစ္စတုံးသာ စီရင် ပစ်လိုက်" လို့ ပြောခဲ့ကြသူတွေ ရှိနေခဲ့ပါတယ်။

## သေဒဏ်ပြစ်မိန့်

တရားရုံးချုပ်ရဲ့ အတည်ပြုချက်အရ တစ်နိုင်ငံလုံးမှာ ပိုဆင်းရဲ တဲ့ လူနည်းစုတွေကို သောင်းနဲ့ချီပြီး ထောင်ချနေတဲ့ကိစ္စမှာ မာရှယ်လ် အရေးနိမ့်ခဲ့တယ်လို့ သူခံစားခဲ့ရတယ်။ အဲဒီအချိန်မှာ နှစ်ဆတိုးခံစားစရာက ရှိနေခဲ့ပြန်တယ်။ အကြမ်းဖက်တဲ့ ပြစ်မှုများ၊ မုဒိမ်းမှုများ၊ မြို့ကြီးတွေမှာ စံချိန်တင်တဲ့ လူသတ်မှုများစတဲ့ ပြဿနာတွေကို ပပျောက်အောင် ကုစား ရေးအတွက် လျှပ်စစ်ကုလားထိုင်၊ ဓါတ်ငွေ့ခန်းနဲ့ အဆိပ်ဆေးထိုးမှုများစတဲ့ အသက်ကို အဆုံးစီရင်မှုများကို အမေရိကန်နိုင်ငံမှာ အသုံးချခဲ့တာဖြစ် တယ်။

မာရှယ်လ်နဲ့ တရားသူကြီး ဘရဲန်းနင်းတို့ကတော့ သေဒဏ် အပြစ်ပေးခြင်းကို ခေါင်းမာစွာနဲ့ ကန့်ကွက်ခဲ့ကြတယ်။ "သေဒဏ်စီရင် ချက်ချမှတ်ခြင်းဟာ ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက် (၈) နဲ့ (၁၄) တို့က တားမြစ်ထားတဲ့ ရက်စက်ပြီး သာမန်နဲ့ မတူတဲ့ အပြစ် ပေးမှုမျိုး ဖြစ်တယ်" လို့ သူတို့နှစ်ယောက်က အမြဲပြောခဲ့ ကြတယ်။ တချို့ကလည်း "ဒီလူနှစ်ယောက်ကတော့ အမှုသွားအမှုလာ အာဘော်ကိုတောင် အကဲမခတ်ကြတော့ဘူး၊ ဘာပဲဖြစ်ဖြစ် သေဒဏ်ဆို တာနဲ့ ကန့်ကွက်မဲ ပေးကြတော့တာပဲ၊ သူတို့ဟာ သေဒဏ်ဆိုရင် သူတို့ရဲ့ တရားသူကြီး တာဝန်ဝတ္တရားတွေကို စွန့်ခွာပြီး ကန့်ကွက်တယ်ဆိုတဲ့ တံဆိပ် တုံးနဲ့ ပုံသေပုံနှိပ်ခဲ့ကြတယ်" လို့ ဝေါ်ရှင်တင် တရားရေးဖောင်ဒေးရှင်းက တရားစွဲမှု ညွှန်ကြားရေးမှူး ဂျော့ချ် စမစ်က ထုတ်ပြီး ဝေဖန်ခဲ့ပါတယ်။

အမေရိကန်ပြည်သူ့သဘောထားက သေဒဏ်စီရင်မှုကို ဘယ် တော့မှ ထောက်ခံမှာ မဟုတ်ဘူးလို့ တစ်ခါက မာရှယ်လ် ဆွေးနွေးခဲ့ဖူး



မာတိကာသို့ ▸▸

တယ်။ အမေရိကန်တွေက လျှပ်စစ်ကုလားထိုင်နဲ့ ဓါတ်ငွေ့ခန်းနဲ့ အဆုံးစီရင်မှုတွေဟာ အလယ်ပိုင်းခေတ်တုန်းက တချို့နိုင်ငံတွေမှာ ခါးပိုက်နှိုက်ကို လက်ဖြတ်ပစ်တာမျိုး၊ လက်မထပ်ခင် လိင်ဆက်ဆံမှုပြုသူများကို သင်းပစ်ခြင်း သို့မဟုတ် သတ်ပစ်ခြင်း ပြုလုပ်တာမျိုးတွေနဲ့ အတူတူပဲ မြင်လိမ့်မယ်လို့ မာရှယ်လ် တွေးခဲ့မိတယ်။ ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် သေဒဏ်ပေးခြင်းကြောင့် ရာဇဝတ်မှုတွေကို မဟန့်တားနိုင်တဲ့အပြင် အမေရိကန်နိုင်ငံတစ်ဝန်းလုံးမှာ ပြင်းထန်ကြမ်းတမ်းတဲ့ စိတ်ဓါတ်တွေ ကြီးထွားလာအောင် ဖြစ်စေလိမ့်မယ်လို့ တရားသူကြီးတွေ ယုံကြည်ထားခဲ့ကြမှန်းကိုလည်း မာရှယ်လ် သိခဲ့တယ်။

အမေရိကန်ပြည်ထောင်စုမှာ ပြင်းထန်တဲ့ ရာဇဝတ်ပြစ်မှုတွေ ပိုများလာခဲ့တယ်။ ၁၉၆၀ ခုနှစ်နဲ့ ၁၉၇၀ ခုနှစ်အကြားမှာ ပြင်းထန်တဲ့ ရာဇဝတ်ပြစ်မှုနှုန်းဟာ ၁၂၆ ရာခိုင်နှုန်း တက်ခဲ့တယ်။ ဂဲလ်လပ် သဘောထားကောက်ခံမှုအရ အမေရိကန်ပြည်သူလူထုဟာ သေဒဏ်ပေးမှုကို ၁၉၆၆ ခုနှစ်က ၄၇ ရာခိုင်နှုန်းက ဆန့်ကျင်ပြီး ၄၂ ရာခိုင်နှုန်းကသာ ထောက်ခံခဲ့ကြတယ်။ ဒါပေမဲ့ ၁၉၇၅ ခုနှစ် ကောက်ခံချက်မှာတော့ သေဒဏ်ပေးမှုကို ၆၅ ရာခိုင်နှုန်းက ထောက်ခံခဲ့ကြပြီး ၂၈ ရာခိုင်နှုန်းကသာ ကန့်ကွက်ခဲ့ကြတယ်။

မာရှယ်လ်ကတော့ အငြိမ်းစားယူတဲ့အထိ အောက်ပါဖြစ်ရပ် နှစ်ခုအပေါ်မှာ မူတည်ပြီး သေဒဏ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့တယ်။

(၁) လူလူချင်း သတ်ဖြတ်မှုတွေဟာ စက်ဆုပ်ဖွယ်ရာကောင်းအောင် ဆက်လက်စံချိန်တင်နေပြီး တခြားပြင်းထန်တဲ့ ရာဇဝတ်ပြစ်မှုတွေက အကျဉ်းထောင်တွေနဲ့ အကျဉ်းခန်းတွေကို တိုးချဲ့ဆောက်လုပ်အောင် အတင်းတွန်းပို့ခဲ့ တယ်။

(၂) သေဒဏ်အမိန့်များ တိုးလာတဲ့အတွက် တချို့ဒေသတွေမှာ သွေးဆာနေတဲ့ လူအုပ်တွေကို လှုံ့ဆွပေးခဲ့တယ်။ သေဒဏ်ပေးမှုတွေ



မာတိကာသို့ ▶▶

ကြောင့် လူတွေကို ရာဇဝတ်ပြစ်မှုကြီးတွေ မကျူးလွန်အောင် မဟန့်တား နိုင်ခဲ့ဘူး။

*  *  *

၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာ နယူးဂျာစီပြည်နယ်က ဒီမိုကရက်တစ် ဆီးနိတ်လွှတ်တော်အမတ် ဘီလ် ဘရဒ်လေက သမ္မတ ဂျော့ချ် ဘုရှ်ထံ အိတ်ဖွင့်စာတစ်စောင်ကို ရေးသားပေးပို့ခဲ့တယ်။ အဲဒီစာကို အငြိမ်းစားယူခါစ တရားသူကြီး မာရှယ်လ်လို ခံစားချက်ပြင်းပြင်းနဲ့ ဖတ်ခဲ့သူ အမေရိကမှာ တစ်ယောက်မှ ရှိခဲ့မှာ မဟုတ်တာတော့ သေချာတယ်။ အဲဒီ စာကိုဖတ်ပြီး မာရှယ်လ်က "သြော် --- တို့ဆီမှာ မျက်နှာဖြူလူကောင်း တွေလည်း အများကြီးရှိနေတာပဲ" လို့ ရေရွတ်ခဲ့ပြန်တယ်။ ဘရဒ်လေက သူဟာ အဲဒီစာကို ရေးရာမှာ ဒီမိုကရက်တစ်တစ်ဦးအနေနဲ့သော်လည်း ကောင်း၊ နိုင်ငံရေးသမား သမ္မတလောင်းတစ်ဦး ဖြစ်ချင်သူတစ်ဦးအနေနဲ့ သော်လည်းကောင်း ရေးတာမဟုတ်ဘဲ သောကရောက်နေတဲ့ ပြည်သူတစ်ဦး အနေနဲ့သာ ရေးသားခြင်းဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ ဘရဒ်လေရဲ့ စကား လုံးတွေဟာ တရားမျှတမှုရှိပြီး တည်ငြိမ်တဲ့ လူ့အဖွဲ့အစည်းတစ်ခုကို အမှန်တကယ် လိုလားတဲ့ ပြည်သူတွေအတွက် အခုရော၊ နောင်ထာဝရ အတွက်ပါ ကြီးမားတဲ့တန်ဖိုး ရှိလိမ့်မှာ ဖြစ်ပါတယ်။

## သမ္မတကြီးဘုရှ်ထံ အိတ်ဖွင့်ပေးစာ

"ခင်မင်စွာသော သမ္မတကြီးခင်ဗျား–

"သမ္မတကြီးအနေနဲ့ ၁၉၈၈ ခုနှစ်က ဝီလီဟော်တင်ကြော်ငြာကို အသုံးပြုပြီး လူဖြူနဲ့လူမည်း မဲဆန္ဒရှင်တွေကို သွေးခွဲခဲ့ပါတယ်။ လူတွေရဲ့ စိုးရိမ်ကြောက်ရွံ့မှုကိုလည်း အသုံးချခဲ့ပါတယ်။ အခုလည်းပဲ ၁၉၉၁ ခုနှစ် ပြည်သူ့အခွင့်အရေးဥပဒေအပေါ်မှာ သမ္မတကြီးပြောကြားခဲ့တဲ့ မှတ်ချက် များအရ အလားတူကိစ္စမျိုးကို နောက်ထပ်ပြန်ပြီး စလုပ်ခဲ့ပြန်ပါတယ်။



မာတိကာသို့

သမ္မတကြီးခင်ဗျား–––အဲဒီလမ်းကြောင်းကို ပြန်မလိုက်ဖို့ ကျွန်တော်တို့ တောင်းပန်လိုပါတယ်။"

"အမေရိကန်နိုင်ငံမှာ လူမည်းတွေရဲ့ဘဝနဲ့ မျက်နှာဖြူတွေရဲ့ ဘဝ ကွာခြားမှုရှိတယ်ဆိုတာကို သမ္မတကြီး ဘယ်တော့မှ အမြင်မှန်ရပြီး သဘောပေါက်ပါ့မလဲ။ လူ့အဆင့်အတန်း ခွဲခြားမှုကို မြင်သာအောင် သမ္မတကြီးအနေနဲ့ ဘယ်မှာ အတွေ့အကြုံ ရှိခဲ့သလဲ။ သမ္မတကြီး ဘယ်လို ခံစားခဲ့ရသလဲ။ သမ္မတကြီး ဘာတွေ လုပ်ခဲ့ပါသလဲ"

"သမ္မတကြီးခင်ဗျား––သမ္မတကြီးဟာ လူ့အဆင့်အတန်းခွဲခြားမှုကို ဆန့်ကျင်တယ်လို့ ပြောနေပါတယ်။ ကိုယ်ကျင့်သိက္ခာတရားအရ သံသယရှိစရာ မလိုဘဲ တိတိကျကျ ဖော်ပြပါရှိတဲ့ ကြေညာချက်တစ်စောင်ကို ဘာ့ကြောင့် မထုတ်ပြန်ပါသလဲ။ ဘာ့ကြောင့် လက်တွေ့ ထောက်ခံကျင့်သုံးမပြပါသလဲ။"

"၁၉၆၄ ခုနှစ်မှာ သမ္မတကြီး ဆီးနိတ်လွှတ်တော်အမတ် ဝင်ပြိုင်ခဲ့တုန်းက သမ္မတကြီးဟာ ၁၉၆၄ ခုနှစ် ပြည်သူ့အခွင့်အရေးဥပဒေကို ဆန့်ကျင်ခဲ့ပါတယ်။"

"အဲဒီဥပဒေကို သမ္မတကြီးက ဘာ့ကြောင့် ဆန့်ကျင်ခဲ့ရပါသလဲ။ သမ္မတကြီးစကားအရ '၁၉၆၄ ခုနှစ်၊ ပြည်သူ့အခွင့်အရေးဥပဒေဟာ ပြည်သူများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးတွေကို ချိုးဖောက်တယ်' လို့ ဘာ့ကြောင့် ပြောခဲ့ပါသလဲ။ အဲဒီဥပဒေ အတည်မပြုခင်က ကျွန်တော်တို့ အမေရိကန် နိုင်ငံရဲ့ ဒေသအတော်များများမှာ ဘယ်လိုဆောင်ရွက်ခဲ့ကြသလဲဆိုတာကို ပြန်သတိရစေချင်ပါတယ်။ လူဖြူနဲ့လူမည်းတွေအတွက် သီးခြားအိမ်သာများနဲ့ သီးခြားသောက်ရေတိုင်များ ခွဲခြားထားခဲ့တယ်။ လူမည်းတွေကို ဟိုတယ်များ၊ စားသောက်ဆိုင်များနဲ့ ရုပ်ရှင်ရုံများက လက်မခံဘဲ မောင်းထုတ်ခံခဲ့ကြရတယ်။ အမေရိကန်လူမည်းတွေဟာ ထမင်းစားခန်းမထဲမှာ ထမင်းမစားကြရဘဲ စားသောက်ဆိုင်တွေက မီးဖိုချောင် လှေကားထစ်တွေမှာ စားသင့်ကြတယ်လို့ သမ္မတကြီး ယုံကြည်လေရော့



မာတိကာသို့

သလား။ အဲဒီမှာ ဘယ်သူတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးတွေ အချိုးဖောက်ခံခဲ့ရတာပါလဲ။"

"သမ္မတကြီးဟာ နိုင်ငံရေးရည်ရွယ်ချက်တွေအတွက် ပြည်သူ့ အခွင့်အရေးဥပဒေကို သက်သက်ဆန့်ကျင်ခဲ့တာလား။ ရွေးကောက်ပွဲတွေမှာ မဲတွေရအောင် အသုံးချခဲ့တာလား။"

"သမ္မတကြီးခင်ဗျား--ရီပတ်ဘလီကင်ပါတီ အာဏာရကြီးစိုးခဲ့တဲ့ လွန်ခဲ့သော ၁၁ နှစ်ကာလသက်တမ်းအတွင်းမှာ အမေရိကမှာရှိတဲ့ ဆင်းရဲသားတွေနဲ့ လူလတ်တန်းစားတွေဟာ ကောင်းစွာ အကျိုးမခံစားခဲ့ကြရပါဘူး။ ၁၉၇၇ ခုနှစ်က သာမန်လူလတ်တန်းစား မိသားစုတစ်စုရဲ့ တစ်နှစ်ဝင်ငွေဟာ ၃၁,၀၀၀ ဒေါ်လာ ရှိခဲ့ရာက ၁၉၉၀ ခုနှစ်မှာလည်း ၃၁,၀၀၀ ဒေါ်လာပဲ ရှိခဲ့ပါတယ်။ အဲဒီကာလအတွင်းမှာ အမေရိကမှာ မိသားစုတွေရဲ့ တစ်ရာခိုင်နှုန်း အချမ်းသာဆုံး မိသားစုတွေဟာ ၁၉၇၇ ခုနှစ်မှာ ဝင်ငွေ ဒေါ်လာ ၂၈၀,၀၀၀ ရခဲ့ရာက ၁၉၉၀ ခုနှစ်မှာ ဝင်ငွေဒေါ်လာ ၉၄၉,၀၀၀ အထိရရှိခဲ့ကြပါတယ်။ ဘယ်လိုကြောင့် အဲဒီလို ဖြစ်ခဲ့ရပါသလဲ။ လူချမ်းသာတွေကို ချမ်းသာသည်ထက် ချမ်းသာအောင် လုပ်ပေးရေးကို အခြေခံ အောင်မြင်မှုအနေနဲ့ လုပ်ဆောင်ကြတဲ့ အစိုးရတွေကို မဲဆန္ဒရှင်အများစုက ဘယ်လိုကြောင့် ထောက်ခံခဲ့ကြသလဲ။ အဖြေကတော့ မကြာမီက လုပ်ခဲ့တဲ့ နိုင်ငံရေးစည်းရုံးမှုမှာ အသုံးပြုခဲ့တဲ့ မဟာဗျူဟာနဲ့ နည်းဗျူဟာတွေအပေါ်မှာ မူတည်ပြီး ဖြစ်ခဲ့တာ ဖြစ်ပါတယ်။"

"မျက်နှာဖြူလုပ်သားပြည်သူတွေဟာ သူတို့နဲ့အတူ ဘေးချင်းကပ်ပြီး လခလည်းအတူတူ၊ အန္တရာယ်နဲ့စွန့်လုပ်ရပုံချင်းလည်း အတူတူဖြစ်တဲ့ လုပ်ဖော်ကိုင်ဖက် လူမည်းအလုပ်သမားတွေနဲ့ထက် ငွေကြေးရှိသူတွေနဲ့က ပိုပြီး စိတ်တူသဘောတူ ရှိတယ်လို့ အဲဒီ မျက်နှာဖြူလုပ်သားတွေကို အသိပေးခြင်းဟာ မကောင်းမြင်ဝါဒတစ်ခုကို ပရိယာယ်ပြု ပြောဆိုခြင်း ဖြစ်ပါတယ်။"

"သမ္မတကြီးခင်ဗျား---အဲဒီလို ပရိယာယ်နည်းဗျူဟာကို သုံးတဲ့



မာတိကာသို့

လူဆိုရင် ဂျော့ချ် ဝေါလေ့စ်လို ဒီမိုကရက်တစ်တစ်ဦးပဲဖြစ်ဖြစ်၊ ဒေးဗစ် ဒျူခ်လို ရီပတ်ဘလီကင်တစ်ဦးပဲဖြစ်ဖြစ်၊ ဘယ်သူတစ်ဦးပဲဖြစ်ဖြစ် ကျွန်တော် စက်ဆုပ်မိပါတယ်။ သံဝေဂရစရာကောင်းတာကတော့ လူမျိုးရေးဝါဒကြောင့် ဂျော့ချ် ဝေါလေ့စ်ကိုဖြစ်စေ၊ ဒေးဗစ် ဒျူခ်ကိုဖြစ်စေ မဲပေးခဲ့ကြတဲ့ လူအများစုဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ် အတွင်းမှာ စီးပွားရေးအရ အကျိုးအမြတ် မခံစားခဲ့ကြရပါဘူး။ သူတို့အများစုမှာ ပိုတောင် ဆိုးဝါးသွားခဲ့ကြပါတယ်။ အများစုဟာ အလုပ်အကိုင်တွေ ဆုံးရှုံးခဲ့ကြပါတယ်။ ကျန်းမာရေးအာမခံနဲ့ ပင်စင်အကျိုးခံစားခွင့်တွေ ဆုံးရှုံးခဲ့ကြပါတယ်။ လူအများစုဟာ အိမ်တစ်လုံးတောင် မဝယ်နိုင်ခဲ့ကြပါဘူး။ ပစ္စည်းခွန် မဆောင်နိုင်ခဲ့ကြပါဘူး။ သူတို့ ကလေးကို ကောလိပ်ကျောင်းပို့ဖို့ မျှော်လင့်ချက် ပျက်ခဲ့ကြရပါတယ်။”

“သမ္မတကြီးခင်ဗျား---သမ္မတကြီးဟာ ဘယ်အနေအထားမှာ ရပ်တည်နေတယ်၊ ဘာကို ယုံကြည်ချက်ရှိတယ်၊ သမ္မတကြီးရဲ့ ယုံကြည်ချက်တွေကို အကောင်အထည်ပေါ်လာရေးအတွက် ဘယ်လိုအဆိုပြုတယ် ဆိုတာတွေကို ပြည်သူလူထု အလွှာအားလုံးက နားလည်နိုင်ကြရေးအတွက် သမ္မတကြီးအနေနဲ့ ပိုပြီး ရှင်းရှင်းလင်းလင်းပြောပြဖို့ လိုအပ်ပါတယ်။ အဲဒီလို ဖြစ်မလာမချင်းကတော့ လူမျိုးရေးနဲ့ လူ့အဆင့်အတန်း ခွဲခြားမှု ပြဿနာတွေမှာ သမ္မတကြီးရဲ့ ယုံကြည်ချက်သဘောထားတွေဟာ ရေပင့် ကူတစ်ကောင်ရဲ့ ခြေရာထက် ပိုမနက်ဘူးလို့ အမေရိကန်ပြည်သူအများစု က ယူဆကြလိမ့်မယ်ဆိုတာကို သမ္မတကြီး နားလည်ထားရပါလိမ့်မယ်။”

“သမ္မတကြီးခင်ဗျား---သမ္မတကြီးနဲ့ သမ္မတကြီးရဲ့လူတွေဟာ လူမျိုးရေးနိုင်ငံရေးမှာ အချိန်ဖြုန်းနေချိန်မှာ ဒီအချက်တွေကို စဉ်းစားစေ လိုပါတယ်။”

“ကျွန်တော်တို့မှာ တစ်နေ့တခြား ကြီးထွားများပြားလာတဲ့ လုပ်ငန်းမကျွမ်းကျင်တဲ့လူ ဦးရေရဲ့ ဝန်ထုပ်ဝန်ပိုးကို သယ်ပိုးနေရသမျှ ကျွန်တော်ဟာ ကမ္ဘာ့စီးပွားရေး ယှဉ်ပြိုင်မှုမှာ ဘယ်တော့မှ နိုင်လိမ့်မယ် မဟုတ်ပါဘူး။”



မာတိကာသို့

"သမ္မတကြီးအပေါ်မှာ ကျွန်တော်တို့ထားရှိတဲ့ အကြီးမားဆုံး သံသယရှိပါတယ်။ အဲဒါက ကျွန်တော်တို့ကို ဝိုင်းရံနေတဲ့ ဆင်းရဲမွဲတေမှုနဲ့ လူမျိုးရေးပြဿနာတွေကို ပြန်ပြီး ကောင်းအောင် ပြုပြင်နိုင်ဖို့ တိုင်းပြည်ကို ညီညွတ်အောင် လုပ်ရေးထက် သမ္မတကြီး ရွေးကောက်ပွဲ အနိုင်ရရှိရေးက သမ္မတကြီးအတွက် ပိုအရေးကြီးတယ်လို့ ခံယူထားတယ်ထင်ပါတယ်။"

"သမ္မတကြီးခင်ဗျား---ဒါတွေဟာ ကျွန်တော့်နှလုံးသားထဲက ပွင့်ထွက်လာတဲ့ ခံစားချက်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ကို နိုင်ငံရေးကစားတယ်လို့ မစွပ်စွဲစေချင်ပါဘူး။ သမ္မတကြီးအနေနဲ့ လူမျိုးရေးပြဿနာကို ပါတီနိုင်ငံရေးထဲက ဆွဲထုတ်ပြီး ကုစားလို့ရနိုင်မယ့် ကိုယ်ကျင့်တရားလွှင်ပြင်ပေါ်ကို အရောက်ပို့ပေးရေးအတွက် သမ္မတကြီးကို ကျွန်တော်မေတ္တာရပ်ခံရခြင်း ဖြစ်ပါတယ်ခင်ဗျား"

ဘရက်ဒ်လေရဲ့ နှလုံးသားပဲ့တင်သံဟာ သမ္မတဘုရှ်အပေါ် ထိရောက်မှု ရှိမရှိကိုတော့ ဘယ်တော့မှ သိနိုင်ကြမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဘုရှ်ဟာ စူးစူးဝါးဝါးနဲ့ 'ကိုတာစနစ်' လို့ အော်ဟစ်ခဲ့တာကို ရပ်ပြီး ၁၉၉၁ ခုနှစ် ပြည်သူ့အခွင့်အရေးဥပဒေကို လက်မှတ်ရေးထိုးခဲ့တယ်။

* * *

၁၉၉၂ ခုနှစ်၊ နှစ်လယ်ပိုင်းလောက် ရောက်လာတဲ့အခါမှာ သေဒဏ်စီရင်မှုနဲ့ ပတ်သက်လို့ အမေရိကန်ပြည်သူလူထုရဲ့ သဘောထားဟာ မာရှယ်လ်ရဲ့ အမြင်ဘက်ကို ပြန်ပြီး ချဉ်းကပ်လာခဲ့တာကို တွေ့ခဲ့ရတယ်။ ကယ်လီဖိုးနီးယားပြည်နယ်၊ ဆဲန် ကွင်းတင်းမြို့မှာ ရာဇဝတ်သားတစ်ဦးကို ဓါတ်ငွေ့ခန်းထဲထည့်ပြီး သတ်ခဲ့မှုအတွက် ကန့်ကွက်မှုဂယက်လှိုင်းထခဲ့



မာတိကာသို့

တယ်။ ဂလဲ့စားတုံ့ပြန်တဲ့ ရက်စက်တဲ့ ပေါ်လစီဆိုပြီး ဆောင်းပါးတွေ ထပ်ခါထပ်ခါရေးသားဝေဖန်ခဲ့ကြတယ်။ ဒါပေမဲ့ မီလ်ဝေါကီးမြို့က ဂျက်ဖရီ ဒါမားလို လူသားစား လူသတ်သမားအတွက်ကတော့ ဘယ်လိုအပြစ်မျိုးရ လိမ့်မယ်ဆိုပြီး ပူပင်သောက ရှိခဲ့ပုံ မပေါ်ပါဘူး။ သေဒဏ်ပေးတဲ့ပြည်နယ် တွေ မှာရော၊ သေဒဏ် မရှိတဲ့ ပြည်နယ်တွေမှာကော လူတွေအစုလိုက် အပြုံ လိုက် သတ်မှုတွေ၊ တစ်ယောက်တည်းက လူတစ်ဦးပြီးတစ်ဦး အစဉ်လိုက် သတ်တာ တွေ၊ လူသတ် သမားငှားပြီး အချစ်ရေးမှာ ပြိုင်ဘက်ကို ဖြောင်ခိုင်း တာတွေ၊ လမ်းမကြီး ပေါ်မှာ ကားမောင်းရင်း လှမ်းပစ်သတ်တာတွေကတော့ အမေရိကန်ရဲ့ဘဝ မှာ ကျောချမ်းစရာကောင်းတဲ့ ကဏ္ဍတစ်ခုဖြစ်လာပါပြီ။ စက်မှုထွန်းကားတဲ့ အနောက်နိုင်ငံတွေထဲမှာ သေဒဏ်ပေးမှုမျိုးကို အမေ ရိကန် တစ် နိုင်ငံတည်းမှာပဲ ဖြစ်နေတာကို အမေရိကန်တွေက ပိုပြီး စူးစမ်း လေ့လာ ခဲ့ကြတာကို မာရှယ်လ်ကြားခဲ့ရတယ်။ တစ်ချိန်တည်းမှာပဲ တခြား နိုင်ငံတွေ အားလုံးထက် လူသတ်မှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းဝင်မှု စသည့် ရာဇဝတ်မှုများ က အမေရိကန်နိုင်ငံမှာ ပိုများနေတာကို တွေ့ရပြန်တယ်။

* * *

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှာ မာရှယ်လ်က ဖီလာဒဲလ် ဖီးယား လွတ်လပ်ရေးဆုတံဆိပ်နဲ့ ငွေသားဒေါ်လာ ၁၀၀,၀၀၀ ကို လွတ် လပ်ရေးခန်းမကြီးထဲမှာ ချီးမြှင့်ခြင်းခံခဲ့ရတယ်။ သူ့ကို နိုင်ငံတကာက ပုဂ္ဂိုလ် တွေပါတဲ့ ရွေးချယ်ရေးကော်မတီတစ်ခုက ရွေးချယ်ပေးခဲ့တယ်။ တစ်ကမ္ဘာ လုံးက လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ရွေးချယ်ချီးမြှင့် တဲ့ဆုဖြစ်တယ်။ တစ်ကမ္ဘာလုံးမှာ လွတ်လပ်သော တာဝန်ကျေပွန်မှုအသိ စိတ်ဖြင့် ကြိုးပမ်းမှု၊ အသိဉာဏ်ကင်းမှု၊ အခွင့်အရေးမရှိမှုမှ လွတ်မြောက်ရေး ရရှိရေးအတွက် အတွေးအမြင်နဲ့ ခေါင်းဆောင်မှုကို လက်တွေ့ပြသခဲ့သူတစ် ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ချီးမြှင့်တဲ့ဆု ဖြစ်ပါတယ်။ အဲဒီ သတ်မှတ်ဖော်ပြချက် စည်းကမ်းတွေနဲ့ ပတ်သက်လို့ "တရားသူကြီး



မာတိကာသို့

မာရှယ်လ်ဟာ ဖော်ပြသတ်မှတ်ချက်အားလုံးကို အကြိမ်ပေါင်းများစွာ ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့ပြီးပါပြီ” လို့ *ဗီလာဒဲလ်ဖီးယား အင်ကွိုင်းယား* သတင်းစာခေါင်းကြီးပိုင်းမှာ ချီးကျူးရေးသားခဲ့ပါတယ်။

“မာရှယ်လ်ရဲ့ ရာစုနှစ်ဝက်ကျော် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့မှုကြောင့် အမေရိကဟာ အထက်တန်းကျတဲ့နိုင်ငံတစ်ခု ဖြစ်နေပါတယ်” လို့လည်း ပဲန်ဆယ်လ်ဗေးနီးယားတက္ကသိုလ်ရဲ့ ဂုဏ်ထူးဆောင်အုပ်ချုပ်ရေးမှူး မာတင် မေယာဆင်က ပြောဆိုခဲ့ပါတယ်။

မာရှယ်လ်နဲ့ မကြာခဏ သဘောထားကွဲလွဲခဲ့သူဖြစ်တဲ့ တရားသူကြီး စန္ဒရာ အို ကောနားရဲ့ *စတဲန်းဖို့ဒ်ဥပဒေရီဗြူးဂျာနယ်* မှာ ဂုဏ်ပြုရေးသားချက်ကလည်း ရွေးချယ်ရေးကော်မတီအပေါ်မှာ ဩဇာသက်ရောက်စေခဲ့ပါတယ်။ စန္ဒရာက သူမအပေါ် ဘယ်လိုမာရှယ်လ်က ဩဇာ သက်ရောက်မှုရှိတဲ့အကြောင်းကို အောက်ပါအတိုင်း ရေးပြခဲ့ပါတယ်။

“မာရှယ်လ်သည် တရားသူကြီးတစ်ဦး၏ မျက်စိဖြစ်ခဲ့သည်။ လူမှုအဖွဲ့အစည်းအတွင်းမှ အနက်ဆုံးဒဏ်ရာဒဏ်ချက်များကို မြင်စွမ်းနိုင်လျက် ဥပဒေကို အသုံးပြု၍ ကုစားတတ်ခဲ့သူဖြစ်သည်။ သူသည် အတိုင်ပင်ခံ၊ အကြံပေးပုဂ္ဂိုလ်တစ်ဦး၏ နားဖြစ်ခဲ့သည်။ သူသည် တရားစွဲဆိုခြင်းခံရသော သူများ၏ မလုံခြုံမှုကို နားလည်ပြီး သူတို့အတွက် ကာကွယ်စောင့်ရှောက်ပေးသူဖြစ်သည်။ သူသည် အခြားသူတစ်ဦး၏ ပါးစပ်လည်း ဖြစ်ခဲ့သည်။ သူသည် တိတ်ဆိတ်ငြိမ်သက်နေသူများ၏ ပရိဒေဝ သောကမီးကို နားလည်ပြီး ထိုသူများကိုယ်စား ပါးစပ်ဟပေးခဲ့သူဖြစ်သည်”

“သူသည်နှုတ်အားဖြင့် အပြန်အလှန် ငြင်းဆိုကြရာ၌ဖြစ်စေ၊ အစည်းအဝေးများ၌ဖြစ်စေ သဘောထားနဲ့ အယူအဆကွဲလွဲမှုတို့ကို ပြောဆိုရာတွင် သူ၏ တရားရေးအမြင်ဉာဏ်စွမ်းထက်မြက်မှုကို ခွဲဝေပေးရုံသာမက သူ၏ ဘဝအတွေ့အကြုံများကိုလည်း မျှဝေပေးခဲ့သည်။ ထိုနည်းဖြင့် ကျွန်မတို့အား တရားဥပဒေကြောင်းအရ ငြင်းခုံမှုနောက်ကိုသာ လိုက်ပါရုံသာမက ကိုယ်ကျင့်တရားသစ္စာ အားကောင်းမှုကို ဂရုပြုအောင် တွန်းပို့



မာတိကာသို့ ▶▶

ပေးခဲ့သည်။ ကြိမ်ဖြင့် တို့ပေးခဲ့သူဖြစ်သည်”

“သူ၏ အောင်မြင်မှုများက ကျွန်မအား ဆက်ခါဆက်ခါ အားကျစေခဲ့သည်။ သို့သော်လည်း သူသည် ပုံပြောကောင်းသူတစ်ဦးအနေဖြင့် ကျွန်မအပေါ်တွင် အများဆုံး ဩဇာသက်ရောက်မှု ရှိစေနိုင်ခဲ့သည်။ ကျွန်မ တရားသူကြီးဖြစ်စ စောစောပိုင်းက မာရှယ်လ်၏ ပုံပြင်များကို နားထောင်ရန် တမ်းတခဲ့မိသည်။ သူ၏ ပုံပြင်များသည် ကျွန်မတို့ရှေ့တွင် ရောက်နေသော ရှုပ်ထွေးလှသည့် အမှုများကို ဆုံးဖြတ်ရန် မကြာခဏ ဖိစီးမှု ခံရပြီး ဒုက္ခပေးခဲ့သော အလေးအနက်အခြေအနေများနှင့် ကွာခြားလှသည်။ နောက်ပိုင်း အချိန်ကြာလာသည့်အခါ၌ သူပြောပြသည့် ပုံတိုပတ်စ အများစု၏ နောက်ကွယ်တွင် တရားရေးဥပဒေနှင့် ဆီလျော်သည့် အချက်တစ်ခုတော့ ပါကြောင်း ကျွန်မ သဘောပေါက်နားလည်လာခဲ့သည်”

“တရားသူကြီး မာရှယ်လ်၏ အတွေ့အကြုံများသည် အားကျစရာကောင်းလှတော့သည်။ သူ၏ အတွေ့အကြုံများက သူ့အကြောင်းကို ပြောပြခဲ့ရုံသာမက ကျွန်မအတွက် အားတက်ပြီး ဉာဏ်ကွန့်မြူးစေခဲ့ပါသည်။ ကျွန်မသည် အဆင့်အတန်း ခွဲခြားမှု ခံရသော အဖြစ်ကို တွေ့ကြုံခဲ့ဖူးသည်။ ကုမ္ပဏီများသည် ကျွန်မအား အမျိုးသမီးရှေ့နေတစ်ဦးအနေဖြင့် ငှားရမ်းခဲ့သည်မဟုတ်၊ ဥပဒေရေးရာ အတိုင်ပင်ခံ အတွင်းရေးမှူးမတစ်ဦး အဖြစ်သာ ငှားရမ်းခဲ့ကြသည်။ တရားသူကြီး မာရှယ်လ်သည် ထိုကဲ့သို့သော မျက်နှာရွေးမှုမျိုးကို မည်သည့်အခါမှ ဖုံးကွယ်ကင်းကွာမှု အနေအထားတွင် မနေခဲ့။ သူကိုယ်တိုင် တည့်တည့် ပစ်ဝင်တတ်ပုံမှာ ကျွန်မအတွက် အားပေးမှုတစ်ခု ဖြစ်ခဲ့သလို စိန်ခေါ်မှုတစ်ခုလည်း ဖြစ်စေခဲ့သည်”

“သူ၏ ပုံပြင်ဇာတ်လမ်းများက သူ၏ ပင်ကိုကျယ်ပြန့်သော ကိုယ်ရည်ကိုယ်သွေးကို ရောင်ပြန်ဟပ်ပြခဲ့သည်။ လူများ၏ ခံစားနေရမှု အတွင်းသို့ ၄င်းကိုယ်တိုင် နှစ်မြုပ်ဝင်ရောက်ကြည့်ပြီး ထိုခံစားချက်ကို အခြားသူများ သည်းခံနိုင်ပြီး နားလည်စေရန် ဘာသာပြန်ဆောင်ရွက်ပေးနိုင်သူဖြစ်သည်။ သူသည် ကမ္ဘာကြီးကို အရှိကိုအရှိအတိုင်း တိတိကျကျ မြင်တတ်သူဖြစ်ပြီး ကမ္ဘာကြီးမှာ ဖြစ်လာနိုင်သော အကြောင်းတို့ကို လုပ်ဆောင်



မာတိကာသို့

ရန် တိုက်တွန်းသူတစ်ဦးလည်းဖြစ်သည်။ သူ၏ နှလုံးသား၏ ရိုက်ခတ်မှုကို မထိတွေ့မခံစားဘဲ ရှောင်သွားနိုင်မည့်သူ တစ်ဦးမျှ ရှိလိမ့်မည် မဟုတ်ချေ"

*　　*　　*

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့ဟာ မာရှယ်လ်ရဲ့ ၈၄ နှစ်မြောက်မွေးနေ့တစ်ရက်လွန်ဖြစ်ခဲ့တယ်။ ဘီးတပ်လက်တွန်းလှည်းပေါ်မှာ ထိုင်ရင်းနဲ့ ၁၉၉၂ ခုနှစ်မှာ အမေရိကန်နိုင်ငံရဲ့ အခြေအနေကို အောက်ပါအတိုင်း ပြောပြခဲ့ပါတယ်။

"လူမျိုးရေးတိုက်ပွဲနဲ့ စီးပွားရေးမျှတမှု တိုက်ပွဲတို့မှာ အခုအထိ အနိုင်မရသေးပါဘူး။ အမှန်တော့ တိုက်ပွဲ စတောင် မစခဲ့သေးဘူးလို့ ဆိုရမယ်။ လူမျိုးရေးနဲ့ စီးပွားရေး ညီမျှမှု ရရှိရေးအတွက် အထိရောက်ဆုံးဖြစ်မယ့် ဆက်စပ်မှုဟာ တရားဥပဒေနယ်ပယ်အတွင်းမှာ ရှိနေပါတယ်။ ကွန်ဂရက်လွှတ်တော်က ပြုပြင်ပြောင်းလဲမှု ဥပဒေကို ပြဋ္ဌာန်းပေးလိုက်ရုံနဲ့ ကွန်ဂရက်လွှတ်တော်ဟာ ပြည်သူ့အခွင့်အရေးအတွက် တန်ဖိုးရှိတဲ့ ခြေကုတ်ကို ပြန်ရသွားနိုင်ပါတယ်။ အာဖရိက–အမေရိကန် အနွယ်တွေနဲ့ ပိုမိုတိုးတက်တဲ့ ကွန်ဂရက်အမတ်များ၊ မြို့တော်ဝန်များနဲ့. မြို့ပြကောင်စီခေါင်းဆောင်များ ဖြစ်လာမယ်ဆိုရင် --- ဟုတ်တယ်--သမ္မတအသစ်တစ်ယောက်တောင် ဖြစ်ကောင်းဖြစ်လာမယ်ဆိုရင် အစိုးရတွေကို အရေးပါတဲ့ လူမှုရေးအစီအစဉ်တွေအတွက် ရန်ပုံငွေ ထုတ်ပေးဖို့ ကျွန်တော်တို့ ဖိအားပေးပြောလို့ ရနိုင်တယ်။ အလုပ်အကိုင်အတွက် လေ့ကျင့်ပေးရေး၊ သင့်လျော်တဲ့ အိုးအိမ်နေရာ ချထားပေးရေး၊ ကလေးသူငယ် စောင့်ရှောက်ရေး၊ သင့်လျော်တဲ့ ပညာရေး ပြဋ္ဌာန်းမှု၊ ကျန်းမာရေးဂရုစိုက်မှုအစီအစဉ် စတဲ့ စစ်မှန်တဲ့ လွတ်လပ်ခွင့်အတွက် အရေးပါတဲ့ အစီအစဉ်တွေကို လုပ်ပေးဖို့ တိုက်တွန်းနိုင်လိမ့်မယ်"

လွတ်လပ်မှုကို ရှာဖွေသူများဟာ သမ္မတဘုရှ်ရဲ့နေရာ လူစား



မာတိကာသို့

မထိုးနိုင်မချင်း တရားရုံးချုပ် သို့မဟုတ် အိမ်ဖြူတော်တို့အပေါ်မှာ ဆက်လက်ပြီး မှီခိုအားထားလို့ မရတော့ဘူးလို့ မာရှယ်လ်က ဇူလိုင်လ ၄ ရက်နေ့မှာ အောက်ပါအတိုင်း စိန်ခေါ်ပြောဆိုခဲ့ပြန်ပါတယ်။

"လူမျိုးရေးနဲ့ မျက်နှာလိုက်မှုဆိုတာတွေဟာ အတိတ်က သတိရစရာတွေထဲမှာ ကျန်ရစ်ပြီ၊ လွတ်လပ်မှုနဲ့ တန်းတူညီမျှမှုက ကပ်လာနေပြီလို့ ကျွန်တော် ပြောချင်တဲ့ဆန္ဒရှိပါတယ်... အမေရိကန်ပြည်သူတွေဟာ ကွဲပြား ခြားနားမှုတွေကို နားလည်လာကြပြီး...တူညီမှုတွေကို ကြည့်တတ်မြင်တတ်ပြီး လက်ခံလာကြပြီလို့လည်း ကျွန်တော် ပြောလိုက်နိုင်ချင်ပါတယ်"

"ဒါပေမဲ့ ကျွန်တော် ပြန်ကြည့်လိုက်တဲ့အခါမှာ ညီညီညွတ်ညွတ် စုပေါင်းနေကြတဲ့ နိုင်ငံကြီးတစ်ခု မဟုတ်ဘဲ ကွဲပြားမှုပြည့်နေတဲ့ နိုင်ငံကိုသာ တွေ့နေရတယ်။ အာဖရိကလူမျိုးတွေနဲ့ ပြည်ပက ဝင်လာကြသူတွေ၊ ချမ်းသာသူတွေနဲ့ ဆင်းရဲသူတွေ၊ ပညာတတ်သူတွေနဲ့ စာမတတ်သူတွေ စသဖြင့် အကွဲကွဲ အပြားပြား ဖြစ်နေပါတယ်။ ပညာတတ်တဲ့ မျက်နှာဖြူတွေနဲ့ အောင်မြင်နေတဲ့ လူမည်းတွေကတောင် အသားအရောင် မခွဲခြားဘဲ အတူတကွ စုပေါင်းနေထိုင်ရေးကို လက်မြှောက်ခဲ့ကြပါတယ်။ သာတူညီမျှဖြစ်ရေးမျှော်လင့်ချက်ကိုလည်း လက်လျှော့လိုက်ကြပါတယ်။ သူတို့မှာ တူညီတဲ့ ဘုံအမြင်ဆိုလို့ ဘာမှ မရှိကြတော့ဘူး။ ချွင်းချက်တစ်ခုပဲရှိတယ်။ သူတို့ဟာ မတိုးတက်တဲ့ အတွင်းပိုင်းမြို့တွေက မြန်နိုင်သလောက်မြန်မြန် ဝေးရာကို ပြေးကြဖို့ လိုအပ်တယ်ဆိုတဲ့ အမြင်တစ်ခုပဲ သွားတူကြတော့တယ်"

"ဒါပေမဲ့ ကွဲပြားမှုနဲ့ သီးခြားဖြစ်မှုတို့အတွက် ကျွန်တော်တို့ တန်ရာတန်ကြေး ပေးခဲ့ရတာရှိတယ်။ မကြာခင်က ကယ်လီဖိုးနီးယားမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်များက ညွှန်ပြနေပါတယ်။ လှည့်ကြည့်လိုက်ကြစမ်းပါ။ (လော့စ်အိန်ဂျလိစ်မြို့)ဝတ်စ် (လူမည်းရပ်ကွက်)က တင်းမာမှုတွေကို မမြင်နိုင်ကြဘူးလား။ စကားလ်စ်ဒေးလ်က ကြောက်စရာကောင်းမှုအဖြစ်ကို မခံစားတတ်ကြဘူးလား။ ဆီမီးချိုင့်ဝှမ်းမှာ ဖြစ်ခဲ့တဲ့ သွေးကွဲမှုကို မတွေး



မာတိကာသို့ ▶▶

တောမိကြဘူးလား။ (နယူးယောက်မြို့)တောင်ပိုင်း ဘရွန့်ဇ်က စိတ်ပျက်စရာကောင်းတဲ့အဖြစ်က ဘယ်လိုလဲ၊ ဘရွတ်ကလင်းက ဒေါသပေါက်ကွဲမှုကကော ဘယ်လိုလဲ”

“ကျွန်တော်တို့ဟာ ငှက်ကုလားအုပ်လို သဲထဲမှာ ခေါင်းထိုးထားလို့ မရနိုင်တော့ဘူး။ ဒီမိုကရေစီဆိုတာ အထိတ်တလန့် ကြောက်ရွံ့မှုကြားကနေပြီး ရှင်သန်မလာနိုင်ဘူး။ အမုန်းတရားတွေကြားက လွတ်လပ်မှုဆိုတာ ဖူးပွင့်မလာနိုင်ဘူး။ အမျက်ဒေါသတွေကြားမှာ တရားမျှတမှုဟာ အမြစ်မတည်နိုင်ဘူး။ ကျွန်တော်တို့ဟာ လက်ရှိ တိုက် ခတ်နေတဲ့ လေကို ဆန်ကြမှဖြစ်မယ်။ ကျွန်တော်တို့ဟာ စိတ်လက်မပါမှုနဲ့ ဘာသိဘာသာနေတတ်မှုတွေက ခွဲထွက်ကြရလိမ့်မယ်။ ကျွန်တော်တို့ဟာ ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်းနဲ့ မယုံသင်္ကာဖြစ်ခြင်းတို့က ခွဲထွက်ကြရမယ်။ ကျွန်တော်တို့ဟာ နိုင်ငံရဲ့ လူငယ်တွေကို အလုပ်အကိုင်မဲ့၊ ပညာမဲ့၊ မျှော် လင့်ချက်မဲ့များအဖြစ် ပစ်ထားတဲ့ အစိုးရနဲ့ သဘောထားကွဲကြရမယ်။ ကျွန်တော်တို့ဟာ အမြင်ညံ့ဖျင်းမှုနဲ့ ကိုယ်ကျင့်တရား မပြည့်ဝတဲ့ ခေါင်းဆောင်မဲ့မှုတို့က ခွဲထွက်ကြရမယ်။ အမေရိကန်နိုင်ငံမှာ အခုထိ ပိုကောင်းအောင် လုပ်နိုင်စွမ်းရှိတယ်။ အခုထက် ပိုကောင်းအောင်လုပ်ဖို့ နည်းလမ်းကလွဲရင် ရွေးချယ်စရာ မရှိတော့တဲ့အတွက် ကျွန်တော်တို့ဟာ ခွဲထွက်ရမယ်”

“တရားဥပဒေစနစ်က တခါးတွေကို ဖိအားပေးပြီး ဖွင့်လို့ရနိုင်မယ်။ တစ်ခါတစ်ရံမှာ နံရံတွေကိုတောင် ဖြိုချလို့ ရနိုင်မယ်။ ဒါပေမဲ့ ပေါင်းကူးတံတားကိုတော့ ဆောက်မပေးနိုင်ဘူး။ အဲဒီအလုပ်ကတော့ ခင်ဗျားတို့ကျွန်တော်တို့နဲ့ ဆိုင်တယ်။ ကျွန်တော်တို့ဟာ တစ်ယောက်ဆီက တစ်ယောက် ထွက်ပြေးလို့တော့ ရနိုင်တယ်။ တစ်ယောက်နဲ့တစ်ယောက် လွတ်မြောက်သွားအောင်တော့ လုပ်လို့ မရနိုင်ဘူး။ ကျွန်တော်တို့ဟာ ကွဲပြား ခြားနားမှုတွေကို နားလည်အောင် သင်ယူကြရမယ်။ အခြေခံအားဖြင့် တူညီချက်တွေကို ရှာဖွေတွေ့ရှိအောင် သတ္တိမွေးကြရမယ်။ ဒါမှသာ ကျွန် တော်တို့ လွတ်လပ်မှုကို ရရှိနိုင်ကြမှာ ဖြစ်ပါတယ်။ အရဲစွန့် လုပ်လိုက် ကြစမ်းပါ။ ကျွန်တော်တို့ကို ပိုင်းခြားထားတဲ့ ဝင်းထရံ



မာတိကာသို့ ››

အတားအဆီးတွေကို ဖြိုလှဲပစ်လိုက်စမ်းပါ။ ကျွန်တော်တို့ကို အနှောင်အဖွဲ့အကျဉ်းချထားတဲ့ နံရံတွေကို ဖြိုခွဲဖျက်ဆီးပစ်လိုက်စမ်းပါ။ မီးအောင်လက်တွေ ဆန့်ထုတ် ကြည့်လိုက်ကြစမ်းပါ။ လွတ်လပ်ခြင်းဆိုတာ ဟိုတစ်ဖက်ခြမ်းမှာပဲ ရှိနေပါတယ်။”

*  *  *

၁၉၉၂ ခုနှစ်မှာတော့ အမေရိကန်ပြည်သူတွေဟာ သူတို့ကို ပိုင်းခြားထားတဲ့ နံရံတွေကို ဖြိုလှဲပစ်ရေးအတွက် မဲပေးခွင့် ရရှိခဲ့ကြပါတယ်။ တစ်နည်းအားဖြင့် အမေရိကန်ပြည်သူတွေကို အချိန်ကြာမြင့်စွာ အကျဉ်းချထားတဲ့ အမေရိကန်ဘာလင်တံတိုင်းများကို ဖြိုချနိုင်ရေးအတွက် မဲပေးခွင့် ရခဲ့ကြတာဖြစ်ပါတယ်။ ဖီလာဒဲလ်ဖီးယားမှာ မာရှယ်လ်ပြောခဲ့တဲ့ မိန့်ခွန်းထဲမှာပါတဲ့ “သမ္မတသစ်” အတွက် မဲပေးခဲ့ကြတယ်။ အမေရိကန်ပြည်သူတွေဟာ အိပ်မက်ကမ္ဘာ ဖျက်ဆီးသူဖြစ်ခဲ့တဲ့ အော်ဗားလ် ဖောဘတ်စ်ရဲ့ အာကန်ဆောပြည်နယ်က ဘီလ် ကလင်တင်ကို အာဏာပေးအပ်ခဲ့ကြပါတယ်။ ပြီးတော့ တစ်ခါက သားဂွဒ် မာရှယ်လ် လည်ပင်းကြိုးကွင်းစွပ်အသတ်ခံရလုနီးပါး ဖြစ်ခဲ့တဲ့ တဲန်းနက်ဆီးပြည်နယ်က အယ်လ် ဂေါ်ကို အာဏာပေးအပ်ခဲ့ကြပါတယ်။ တစ်ခါက လူမည်းတွေအတွက် အသရေပျက်ခဲ့ရတဲ့ တောင်ပိုင်းဒေသက သားကောင်နှစ်ဦးဟာ အခုအခါမှာ သားဂွဒ် မာရှယ်လ်ရဲ့ အိပ်မက်တွေ ဆက်လက်ရှင်သန်အောင် ထိန်းပေးရေး တာဝန်ကို ယုံကြည်စိတ်ချစွာ လွှဲအပ်ပေးခြင်း ခံခဲ့ရပါတယ်။

ဝမ်းမြောက်ပျော်ရွှင်နေတဲ့ ကျောင်းဆရာမတစ်ဦးက မာရှယ်လ်ဟာ အသက် ၈၄ နှစ်အရွယ်အထိ တိုက်ပွဲဝင်နေတုန်းပဲလို့ မှတ်ချက်ချခဲ့ပါတယ်။ ပြီးတော့ သူမက အင်္ဂလိပ်ကဗျာဆရာကြီး အလက်ဇန္ဒား ပုတ် ပြောခဲ့တဲ့ စာတစ်ကြောင်းကို ကိုးကားရွတ်ဆိုပြခဲ့တယ်။

“ရိုးသားဖြောင့်မတ်သော လူတစ်ယောက်သည် ဘုရားသခင်၏ အမွန်မြတ်ဆုံး ဖန်တီးပေးမှု လက်ရာဖြစ်သည်” **(An honest man's the noblest work of God.)**



မာတိကာသို့